ဝိပဿနာရှုနည်းကျမ်းကြီး

၅၃၈၂

မြန်မာနိုင်ငံတော် မူလမင်းကွန်း

ဇေတဝန် ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

ဝိပဿနာ

ဉာဏ်စဉ်ကျမ်းကြီး

အင်းစိန်မြို့-မင်းကွန်းဆရာတော်ဘုရား

ကိုယ်တိုင်ပြင်ဆင်၍

ပါဠိဆရာကြီး-ဆရာဥခင်

ကြီးကြပ်ပုံနှိပ်သည်

ရန်ကုန်မြို့

ငြိမ်ပတ္တိသာသနာနုဂ္ဂဟအသင်းကြီးမှ

တာဝန်ခံရိုက်နှိပ်သည်

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၃၁၁-ခု

ပုံနှိပ်နိဒါန်း

ကျေးဇူးရှင်မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးသည်၊ ဤ **ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး** ကို၊ ရေးသားတော်မူခြင်း၏အကြောင်းရင်းမှာ—

ပျဉ်းမနားမြို့မှ-ဆရာကျယ်က (၈) ရပ်သော ပုစ္ဆာ၊ မေးလျှောက်လာသဖြင့်၊ထိုပုစ္ဆာ (၈) ရပ်လုံး၏ အဖြေကို၊ **(သစ္စေတာဝိဓိဝိဿဇ္ဇနာ)**ကျမ်းဟူသောအမည်ဖြင့်၊ ၁၂၈၁-ခုနှစ်က ရေးသားဖြေဆိုတော်မူခဲ့ပြီးနောက်၊ထို (၈) ရပ်သောပုစ္ဆာတို့တွင်၊ ဒုတိယ ပုစ္ဆာ၏ အဖြေဖြစ်သော၊ ဝိပဿနာဉာဏ်စဉ်ကို၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ၊ အဘိဓမ္မာဝတာရဋီကာ နာမရူပပရိစ္ဆေဒဉာဏ်အစ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ်,ဝိမုတ္တိဉာဏ်စသည်တိုင်အောင်၊ ပါဠိနိဿျရေး၍၊ **(အာရမ္ဘာဝိဓိဝိဿဇ္ဇနာ)** ကျမ်းဟူသော အမည်ဖြင့်၊ ၁၂၈၂-ခုနှစ်က ရေးသားဖြေဆိုတော်မူခဲ့လေပြီ။

၎င်းနောက်၊ဆရာတော်ဘုရားကြီးသည်၊ မိမိမူလကရည်ရွယ်ရင်းရှိသော ဆန္ဒတော် အတိုင်း၊ ပိဋကတ်သုံးပုံတွင်— အဘွင့် သံဝဏ္ဏနာ အဋ္ဌကထာမရှိသေးသော၊ ပေဋကောပဒေသပါဠိတော်ကို၊အဋ္ဌကထာ ရေးသားတော်မူခြင်း။ မိလိန္ဒပဉှာပါဠိတော်ကို၊ အဋ္ဌကထာ ရေးသားတော်မူခြင်း။မိမိရေးသားတော်မူခဲ့သော၊ပေဋကောပဒေသအဋ္ဌကထာကျမ်းကြီး၏-မြန်မာပြန်နိဿျ ပထမတွဲ,ဒုတိယတွဲ,တတိယတွဲ,၃-တွဲကို ရေးသားတော်မူခြင်း။ နိဗ္ဗာန် အဆုံးအဖြတ် ဖြစ်သော၊ နိဗ္ဗာနကထာကျမ်း၊ ဝိနည်းအဆုံးအဖြတ်ဖြစ်သော၊ ကထိနဝိနိစ္ဆယကျမ်း၊ ဒါဒါပါဒရဟာဝိနိစ္ဆယကျမ်း၊ အစရှိသောသုတ် ဝိနည်း အဘိဓမ္မာဆိုင်ရာ ကျမ်းပေါင်းများစွာတို့ကို ရေးသားတော်မူပြီး၍၊ နောက်က ဆ ရာ ကျယ်မေးသော၊ အမေး (၈) ရပ်အနက် .... **(ဤတရားတို့တွင်၊ အဘယ်တရားကို ရှေးဦးစွာအားထုတ်၍-သိမြင်နိုင်ပါသနည်း။)** ဟူသော ဒုတိယပုစ္ဆာ၏အဖြေဖြစ်သော—ဝိပဿနာဉာဏ်စဉ်ကို၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊

ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့ကို–ကိုယ်ထည်ပြု၍။ အခြားသော ပါဠိတော်, အဋ္ဌကထာ, ဋီကာ, တို့နှင့် ညှိပြီးလျှင်၊ နာမရူပပရိစ္ဆေဒဉာဏ်အစ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကျသည့်တိုင်အောင်၊ ဉာဏ်ဖြစ်ပုံ, ဉာဏ်တည်ပုံ, ဉာဏ်အာရုံ-ဘာဝနာချိန်ကိုက်ပုံ,အလုံးစုံတို့ကို၊ အကျယ်ရေးသားထားတော်မူသော၊ (ဇိပဿနာဉာဏ်စဉ်ကျမ်းကြီး)သည်၊ ၁၃၀၄–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄–ရက်နေ့၊ ၃-နာရီ အချိန်က ပြီးစီးခဲ့သော်လည်း၊ ခေတ်ကာလမကောင်းလှသဖြင့်၊ရိုက်နှိပ်ထုတ်ဝေခြင်း မပြုခဲ့ရပါကြောင်း။

ယခုအခါ-ဇိပဿနာဉာဏ်စဉ်ကျမ်းကြီးကို၊ အင်းစိန်မြို့**မင်းကွန်းဆရာတော်**ကိုယ်တိုင် ပြင်ဆင်၍၊**ပါဠိဆရာကြီး–ဆရာဥာဏ်**ကြီးကြပ်ပြီးလျှင်၊ ကျွန်ုပ်တို့**ပဋိပတ္တိသာသနာနုဂ္ဂဟအသင်းကြီး**က၊တာဝန်ယူ၍ ရိုက်နှိပ်ထုတ်ဝေလိုက်ပါသည်။ အများပြည်သူတို့၊သဒ္ဓါကြည်ဖြူစွာနှင့်၊ ကြည့်ရှုမှတ်သား၊ ပွါးများအားထုတ်၊ ကျင့်ကြံနိုင်ကြပါစေသော်။

— •—•—• —

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ဝိပဿနာညာဏ်စဉ်ကျမ်းကြီးနိဒါန်း	၁

ဝိသုဒ္ဓိစခန်း

ပါဠိပဟာရိယပညာ	၄၀
ခန္ဓာ	၄၂
အာယတန	၄၄
ဓာတ်	၄၅
ဣန္ဒြေ	၄၆
သစ္စာ	၄၇
မဂ္ဂသစ္စာ၌ပါသောမဂ်	၄၈
ပဋိစ္စသမုပ္ပါဒ်	၅၀

သီလဝိသုဒ္ဓိ

ပါတိမောက္ခသံဝရသီလ	၅၂
ဣန္ဒြိယသံဝရသီလ	၅၂
အာဇီဝပါရိသုဒ္ဓိသီလ	၅၃
ပစ္စယသန္နိဿိတသီလ	၅၄

စိတ္တဝိသုဒ္ဓိ

ဥပစာ ၈-ပါး	၅၆
သမာပတ် ၈-ပါး	၅၆

ဒိဋ္ဌိဝိသုဒ္ဓိ

နာမရူပ ပရိစ္ဆေဒညာဏ်	၅၈
ယောဂီ၄မျိုး	၈၁
ဥစ္ဆေဒဒိဋ္ဌိ ၅-ပါး	၉၇
သဿတဒိဋ္ဌိ ၁၅-ပါး	၉၇

မာတိကာ

အကြောင်းအရာ	စာမျက်နှာ

ကင်္ခါဝိတရဏဝိသုဒ္ဓိ

ပစ္စယအကြောင်း	၁၁၀
နာမ်အကြောင်း	၁၁၀
ရုပ်အကြောင်း	၁၁၂
ဟေတုအကြောင်း	၁၁၆
အတိတ်အကြောင်း ၅-ပါး	၁၂၃
ပစ္စုပ္ပန်အကျိုး ၅-ပါး	၁၂၄
ပစ္စုပ္ပန်အကြောင်း ၅-ပါး	၁၂၆
အနာဂတ်အကျိုး ၅-ပါး	၁၂၇
၁၆-ပါးသောယုံမှားခြင်းကင်းပျောက်ပုံ	၁၂၈
ရှေးအတ္တအာရုံပြု၍ဖြစ်သောယုံမှားခြင်း ၅-ပါး	၁၃၀
နောက်အတ္တအာရုံပြု၍ဖြစ်သောယုံမှားခြင်း ၅-ပါး	၁၃၁
ယခုအတ္တအာရုံပြု၍ဖြစ်သောယုံမှားခြင်း ၆-ပါး	၁၃၂
ကင်္ခါဝိတရဏ ဝိသုဒ္ဓိပြည့်ပုံ	၁၃၇
၄-ပါးသော ဘာဝနာ	၁၄၇

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ရုပ်၌ထင်အောင်သုံးသပ်ပုံ ၅-ပါး	၁၆၁
ဝေဒနာ၌ထင်အောင်သုံးသပ်ပုံ ၅-ပါး	၁၆၃
သညာ၌ ထင်အောင်သုံးသပ်ပုံ ၅-ပါး	၁၆၅
သင်္ခါရ၌ထင်အောင်သုံးသပ်ပုံ ၅-ပါး	၁၆၇
ဝိညာဏ်၌ ထင်အောင်သုံးသပ်ပုံ ၅-ပါး	၁၆၈
ကလာပသမ္မသနဉာဏ်သုံးသပ်ပုံ	၁၈၄
နယဝိပဿနာ အပြား-၄၀	၂၀၇
ဒိဋ္ဌိကွာအောင်သုံးသပ်ပုံ	၂၀၈
မာန ကွာအောင်သုံးသပ်ပုံ	၂၀၈
နိကန္တိကွာအောင်သုံးသပ်ပုံ	၂၀၈
အဋ္ဌာရသမဟာဝိပဿနာထင်ပုံ	၂၁၀

အကြောင်းအရာ	စာမျက်နှာ
အကျဉ်းအားဖြင့် အားထုတ်ပုံ ၅-ပါး	၂၀၃
အကျယ်အားဖြင့် အားထုတ်ပုံ ၅၀	၂၀၉
ရူပက္ခန္ဓာ၏ ဥဒယလက္ခဏာ ၅-ပါး	၂၂၀
ရူပက္ခန္ဓာ၏ ဝယလက္ခဏာ ၅-ပါး	၂၂၃
ဝေဒနက္ခန္ဓာ၏ ဥဒယ လက္ခဏာ ၅-ပါး	၂၂၅
ဝေဒနက္ခန္ဓာ၏ ဝယ လက္ခဏာ ၅-ပါး	၂၂၇
သညာက္ခန္ဓာ၏ ဥဒယ လက္ခဏာ ၅-ပါး	၂၂၉
သညာက္ခန္ဓာ၏ ဝယ လက္ခဏာ ၅-ပါး	၂၃၁
သင်္ခါရက္ခန္ဓာ၏ ဥဒယ လက္ခဏာ ၅-ပါး	၂၃၃
သင်္ခါရက္ခန္ဓာ၏ ဝယ လက္ခဏာ ၅-ပါး	၂၃၅
ဝိညာဏက္ခန္ဓာ၏ ဥဒယ လက္ခဏာ ၅-ပါး	၂၃၇
ဝိညာဏက္ခန္ဓာ၏ ဝယ လက္ခဏာ ၅-ပါး	၂၃၉
ဝိပဿနာ အညစ်အကြေး ၁၀-ပါး	၂၅၀
ဩဘာသ	၂၅၀
ဉာဏ်	၂၅၆
ပီတိ	၂၅၉
ပဿဒ္ဓိ	၂၆၁
သုခ	၂၆၃
အဓိမောက္ခ	၂၆၅
ပဂ္ဂဟ	၂၆၇
ဥပဋ္ဌာန	၂၆၉
ဥပေက္ခာ	၂၇၁
နိကန္တိ	၂၇၄
မဂ်မှားဖြစ်ပုံ	၂၇၇

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဥဒယဗ္ဗယဉာဏ်	၂၈၁
အနိစ္စ, အနိစ္စ လက္ခဏာ မှတ်ပုံ	၂၈၉

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ဒုက္ခ, ဒုက္ခ လက္ခဏာ မှတ်ပုံ	၃၀၀
အနတ္တ, အနတ္တလက္ခဏာ မှတ်ပုံ	၃၀၀
ဘင်္ဂဉာဏ်	၃၀၃
အနုပဿနာ ၃-ပါး	၃၁၉
ဝိပဿနာ ၄-ပါး	၃၁၉
ဘယဉာဏ်	၃၄၁
ခန္ဓာငါးပါးတို့သူသတ်ယောက်ျား ၅-ယောက်နှင့်တူပုံ	၃၅၇
အဇ္ဈတ္တိကာယတန ၆-ပါးတို့ဆိတ်သောရွာနှင့်တူပုံ	၃၆၅
ဗာဟိရာယတန ၆-ပါးတို့ခိုးသူယောက်ျားနှင့်တူပုံ	၃၆၆
အာဒီနဝဉာဏ်	၃၇၁
ဘဝစက်ကိုသိအပ်သည်ကား ၆-ပါး	၃၇၂
ပဋိစ္စသမုပ္ပါဒ် ဂမ္ဘီရ ၄-ပါး	၃၇၄
အတ္ထဂမ္ဘီရ	၃၇၄
ဓမ္မဂမ္ဘီရ	၃၇၇
ဒေသနာဂမ္ဘီရ	၃၇၉
ပဋိဝေဓဂမ္ဘီရ	၃၇၉
ဥပမာ ၁၂-ပါး	၃၈၀
ဝါရဏ ၁၆-ပါး	၃၈၁
ကိစ္စ ၁၂-ပါး	၃၈၂
ပဘဝ ၁၁-ပါး	၃၈၂
နိဗ္ဗိဒါဉာဏ်	၄၅၂
မုဉ္စိတုကမျတာဉာဏ်	၄၅၆
ပဋိသင်္ခါဉာဏ်	၄၅၇
ဒုက္ခဟုရှု၍သုခကိုလွှန်ပုံ	၄၆၅
အသုဘဟုရှု၍သုဘကိုလွှန်ပုံ	၄၈၀
အနတ္တဟုရှု၍အတ္တကိုလွှန်ပုံ	၄၈၄
သင်္ခါရုပေက္ခာဉာဏ်	၅၀၅
ဝုဋ္ဌာနဂါမိနီဝိပဿနာ ၃-ပါး	၅၂၃
ဝုဋ္ဌာနဂါမိနီဝိပဿနာ ၃-ပါးအစဉ်အတိုင်းဖြစ်ပုံ	၅၂၇

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ဉာဏဒဿနဝိသုဒ္ဓိ	
ဂေါတြဘုဉာဏ်	၅၅၀
မဂ်ဉာဏ်	၅၅၁
နိမိတ္တပဝတ္တ ၂-ပါးစုံမှမဂ်ထပုံ	၅၅၃
ကိလေသာအပြား	၅၅၆
ခန္ဓာအပြား	၅၅၆
ခန္ဓာမှလွတ်ပုံ	၅၅၇
သောတာပတ္တိမဂ်ဉာဏ်	၅၅၈
သောတာပတ္တိဖိုလ်ဉာဏ်	၅၆၇
နိဂုံး	၅၇၁

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး
နိဒါန်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အထခေါ ဘဂဝါ အစိရပက္ကန္တေသု ပါဝေယျကေသု မလ္လေသု တုဏှိဘူတံ ဘိက္ခုသံဃံ အနုဝိလောကေတွာ အာယသ္မန္တံ သာရိပုတ္တံ အာမန္တေသိ။ ဝိဂတထိနမိဒ္ဓေါခေါ သာရိပုတ္တ ဘိက္ခုသံဃော ပဋိဘာတု တံ သာရိပုတ္တ ဘိက္ခူနံ ဓမ္မိကထာ၊ ပိဋ္ဌိ မေ အာဂိလာယတိ၊ တမဟံ အာယမိဿာမီတိ။ ဧဝံ ဘန္တေတိ ခေါ အာယသ္မာ သာရိပုတ္တော ဘဂဝတော ပစ္စဿောသိ။ (**သင်္ဂီတိသုတ်**)

အထခေါ၊ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ပါဝေယျကေသု၊ ပါဝါတိုင်းသား ဖြစ်ကုန်သော။ မလ္လေသု၊ မလ္လာမင်းတို့သည်။ အစိရပက္ကန္တေသု၊ ဖဲ၍မကြာမြင့်ကုန်မီ။ တုဏှိဘူတံ၊ ဆိတ်ဆိတ်နေသော။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ အနုဝိလောကေတွာ၊ ကြည့်တော်မူ၍။ အာယသ္မန္တံ သာရိပုတ္တံ၊ အရှင်သာရိပုတြာကို။ အာမန္တေသိ၊ မိန့်တော်မူ၏။ ကထံအာမန္တေသိ၊ အဘယ်သို့ မိန့်တော်မူသနည်း။ သာရိပုတ္တ၊ ချစ်သား သာရိပုတြာ။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ ခေါ၊ စင်စစ်။ ဝိဂတထိနမိဒ္ဓေါ၊ ကင်းသော ငိုက်မျည်းချင်း*ရှိ၏။ ။ သာရိပုတ္တ၊ချစ်သား သာရိပုတြာ။ ဘိက္ခူနံ၊ ရဟန်းတို့အား။ဓမ္မိကထာ၊ တရားစကားသည်။ တံ၊ သင့်ကို။ ပဋိဘာတု၊ ထင်စေသတည်း။ မေ၊ ငါဘုရားအား။ ပိဋ္ဌိ၊ ခါးသည်။ အာဂိလာယတိ၊ နာ၏။ တံ၊ ထိုခါးကို။ အဟံ၊ ငါဘုရားသည်။ အာယမိဿာမိ၊ ဆန့်ပေအံ့။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံသာဓု၊ ကြော်

* ဘောချင်းကို ယပင်းရေးသည်။ အာကာရခြင်းကို ယရစ်။

ကောင်းပါပြီ။ ဣတိခေါ၊ ဤသို့လျှင်။ အာယသ္မာ သာရိပုတ္တော၊ အရှင်
သာရိပုတြာသည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသိ၊
ဝန်ခံ၏။ (**အနက်**)

ဤစကားရပ်၌၊ **အာမန္တေသိ** ဟူသောပုဒ်၏ အဓိပ္ပါယ်သော်ကား။ ငြင်းခုန်ချင်း၊ ခိုက်ရန်ဖြစ်ချင်း၊ ဆန့်ကျင်ဘက်အယူဝါဒဖြစ်ချင်း၊ နှုခ်*လှန်ထိုးချင်းတို့၌၊ ဖြစ်ချင်းငှါထိုက်သော၊ ငြင်းခုန်ချင်း၏အကြောင်းဖြစ်သော ဝိဝါဒမူလကိုငြိမ်းစေ၍၊ ညီညွတ်သော ကိစ္စသာမဂ္ဂီရသကို ကောင်းစွာပြောဆို၍၊ တရားကိုဟောစေတော်မူလိုသော မြတ်စွာဘုရားသည်။ ချစ်သား သာရိပုတြာ၊ ရဟန်းတို့ကို တရားစကားသည် သင့်ကို ထင်စေသတည်းဟု—မိန့်တော်မူ၏။

သိလိုရင်းအဓိပ္ပါယ်သော်ကား။ နိဂဏ္ဌ သေသော ကာလ၊ ဝဋ္ဋဒုက္ခဘုံဘဝမှ ထွက်မြောက်၍၊ မဂ်ဖိုလ်နိဗ္ဗာန်ကို၊ ငါတို့ဆရာ ရ၏-မရဟု၊ တိတ္ထိတို့ငြင်းခုန်ဖြစ်ပွါးသော စကားကိုစွဲ၍၊ ချစ်သား သာရိပုတြာ၊ သံဃာ၌ငြင်းခုန်ချင်းကိုဖြစ်စေတတ်သော၊ ငြင်းခုန်ချင်း၏အကြောင်းဖြစ်သော ဝိဝါဒမူလကိုငြိမ်းစေ၍၊ သံဃာညီညွတ်သောကိစ္စ သာမဂ္ဂီရသကို၊ ကောင်းစွာပြောဆို၍၊ တရားဟောအောင် သံဃာ့ဘောင်၌၊ ယခု ချစ်သားတိုက်တွန်းသောအားဖြင့်၊ တရားဟောလော ဟု-မိန့်တော်မူလိုရင်း ဖြစ်သည်။

အာမန္တေသီတိ ဘဏ္ဍနာဒိသု ဥပသမာကာရံ သွာချာတံ ဓမ္မံ
ဒေသေတုကာမော အာမန္တေသိ။ (**အဋ္ဌကထာ**)

အာမန္တေသီတိ၊ အာမန္တေသိဟူသည်ကား။ ဘဏ္ဍနာဒိသု၊ ငြင်းခုန်ချင်းအစရှိသည်တို့၌။ ဥပသမာကာရံ၊ ငြိမ်းသော အခြင်းအရာကို။ ကတွာ၊ ပြု၍။ သွာချာတံ၊ ကောင်းစွာဟောအပ်သည်ကို။ ကတွာ၊ ပြု၍။ ဓမ္မံ၊ တရားကို။ ဒေသေတုကာမော၊ ဟောစေတော်မူလိုသော မြတ်စွာဘုရားသည်။ အာမန္တေသိ၊ မိန့်တော်မူ၏။ (**အနက်**)

သွာခါတံ ဓမ္မံ ဒေသေတုကာမောတိ သွာခါတံ ကတွာ ဓမ္မံ
ကထေတုကာမော၊ သတ္ထာရာဝါ သွာခါတံ ဓမ္မံ သယံ ဘိက္ခူနံ

---

* မုခ-ပုဒ်က ခ-ဖြင့်၊ နှုခ်ကို ခ-သတ်ရေးသည်။

ကထေတုကာမော။ သဗ္ဗာရာ ဒေသိတဓမ္မမေဝ ဟိ တတော
တတော ဂဟေတွာ သာဝကာ သဗြဟ္မစာရီနံ ကထေန္တိ။
(ဋီကာ)

သွာခါတံဓမ္မံဒေသေတုကာမောတိ၊သွာခါတံဓမ္မံဒေသေတုကာမော ဟူသည်ကား။သွာခါတံ၊ ကောင်းစွာဟောအပ်သည်ကို။ကတွာ၊ ပြု၍။ ဓမ္မံ၊တရားကို။ ကထေတုကာမော၊ ဟောစေတော်မူလိုသော မြတ်စွာဘုရားသည်။အာမန္တေသိ၊ မိန့်တော်မူ၏။ ဝါ၊တနည်း။သဗ္ဗာရာ၊မြတ်စွာဘုရားသည်။ ဓမ္မော၊တရားကို၊ သွာခါတော၊ ကောင်းစွာဟောတော်မူအပ်ပြီ။ သယံ၊ကိုယ်တော်မြတ်သည်။သွာခါတံ၊ ကောင်းစွာဟောတော်မူအပ်သော။ဓမ္မံ၊တရားကို။ ဘိက္ခူနံ၊ရဟန်းတို့ကို။ ကထေတုကာမော၊ ဟောစေလို၍။ ဟိသဒ္ဒါ၊မှန်၏။ သဗ္ဗာရာ၊မြတ်စွာဘုရားသည်။ ဒေသိတဓမ္မမေဝ၊ဟောတော်မူအပ်သောတရားကိုသာလျှင်။ တတော တတော၊ ထိုထိုအရပ်မှ။ ဂဟေတွာ၊ ယူ၍။ သာဝကာ၊တပည့်သား သာဝကတို့သည်။ သဗြဟ္မစာရီနံ၊ သီတင်းသုံးဘော်တို့အား။ ကထေန္တိ၊ပြောဟောကြကုန်၏။ (အနက်)

နိဂဏ္ဌ သေသော ကာလ၊ ဝဋ္ဋဒုက္ခဘုံဘဝမှ ထွက်မြောက်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို၊ ငါတို့ဆရာရ၏–မရဟု၊ တိတ္ထိတို့ ငြင်းခုန်ဖြစ်ပွါးသောစကားကိုပွဲ၍။ ချစ်သား သာရိပုတြာ၊သံဃာ၌ ငြင်းခုန်ချင်းကိုဖြစ်စေတတ်သော၊ ငြင်းခုန်ချင်း၏ အကြောင်းဖြစ်သော၊ ဝိဝါဒမူလကို ငြိမ်းစေ၍၊ သံဃာညီညွတ်သောကိစ္စ သာမဂ္ဂီရသကို၊ ကောင်းစွာပြောဆို၍၊ တရားဟောအောင် သံဃာ့ဘောင်၌၊ ယခု ချစ်သား တိုက်တွန်းသောအားဖြင့်၊တရားဟောလောဟု၊ဘုရားမိန့်တော်မူချင်းကြောင့်၊ တိုက်တွန်းသောအားဖြင့် တရားဟောပုံကား–

အယံ ခေါ ပနာဝုသော အမှာကံ ဘဂဝတာ ဓမ္မော သွာခါ
တော၊ သုပဝေဒိတော နိယျာနိကော ဥပသမသံဝတ္တနိကော
သမ္မာသမ္ဗုဒ္ဓ ပဝေဒိတော၊ တတ္ထ သဗ္ဗေဟေဝ သင်္ဂါယိတဗ္ဗံ
နဝိဝဒိတဗ္ဗံ၊ (သင်္ဂီတိသုတ်)

အာဝုသော၊ ငါ့ရှင်တို့။ အမှာကံ၊ငါတို့၏။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားကို။ သွာခါတော၊ ကောင်းစွာဟောတော်မူအပ်

ပြီ။ သုပဝေဒိတော၊ ကောင်းစွာ သိစေတော်မူအပ်ပြီ။ သမ္မာသမ္ဗုဒ္ဓပဝေဒိတော၊ မြတ်စွာဘုရားသည်ကောင်းစွာ ဟောတော်မူအပ်သော။ အယံခေါပနဓမ္မော၊ ဤတရားသည်ကား။ နိယျာနိကော၊ ထွက်မြောက်၏။ ဥပသမသံဝတ္တနိကော၊ ငြိမ်းချောင်းကိုဖြစ်စေတတ်၏။ တ္တ္တ၊ ထိုတရား၌။ သဗ္ဗေပော၀၊အလုံးစုံသာလျှင်ဖြစ်ကုန်သော။ တုမှေဟိ၊သင်တို့သည်။ သင်္ဂါယိတဗ္ဗံ၊အညီအညွတ်ပြောဆိုအပ်၏၊ နဝိဝဒိတဗ္ဗံ၊ မငြင်းခုန်အပ်။(**အနက်**)

ဤစကားရပ်၌၊ **သွာခါတော** ဟူသောပုဒ်၏ အဓိပ္ပါယ်သော်ကား။ မြတ်စွာဘုရား ဟောတော်မူအပ်သော တရားသည်ကား၊ သင်အပ်–ကြားအပ်–နာယူ၍ ကျင့်အပ်သောကြောင့်၊ ပရိယတ္တိတရားမည်၏။ ပရိယတ္တိတရားသည်ကား၊အနက်မှားသော ဖောက်ပြန်သည်၏မရှိချင်းကြောင့်၊သွာခါတမည်၏။

အတ္တဝိပ္ပလ္လာသာဘာဝတော ဝါ . သုဋ္ဌု အက္ခာတောတိ သွာခါတော။ယထာဟိ တိတ္ထိယာနံ ဓမ္မဿ အတ္တော ဝိပ္ပလ္လာသမာပဇ္ဇတိ။ အန္တရာယိကာတိ ဝုတ္တ ဓမ္မာန မနန္တရာယိကတ္တာဘာဝတော၊ နိယျာနိကာတိ ဝုတ္တ ဓမ္မာနံ အနိယျာနိကတ္တာဘာဝတော၊ တေန တေ ဒုရက္ခာတ ဓမ္မာယေဝ ဟောန္တိ။ န တထာ ဘဂဝတော ဓမ္မဿ အတ္တော ဝိပ္ပလ္လာသမာပဇ္ဇတိ။ ဣမေ ဓမ္မာ အန္တရာယိကာ ဣမေ ဓမ္မာ နိယျာနိကာတိ ဧဝံ ဝုတ္တ ဓမ္မာနံ တထာဘာဝါနတိက္ကမနတောတိ ဧဝံ တာဝ ပရိယတ္တိဓမ္မော သွာခါတော။ (**ဝိသုဒ္ဓိမဂ်**)

ဝါ၊ တနည်း။ ယောဓမ္မော၊ အကြင်တရားကို။ အတ္တ ဝိပ္ပလ္လာသာဘာဝတော၊အနက်မှားသောဖောက်ပြန်သည်၏မရှိချင်းကြောင့်။သုဋ္ဌု၊ ကောင်းစွာ။အက္ခာတော၊ဟောအပ်၏။ဣတိ၊ထို့ကြောင့်။သော ဓမ္မော၊ ထိုတရားသည်။ သွာခါတော၊ သွာခါတမည်၏။ ယထာဟိ၊ ဥပမာမည်သည်ကား။ တိတ္ထိယာနံ၊တိတ္ထိတို့၏၊ ဓမ္မဿ၊တရား၏။ အတ္တော၊ အနက်သည်။ ဝိပ္ပလ္လာသံ၊ မှားသော ဖောက်ပြန်ချင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ အာပဇ္ဇတိ၊ရောက်သနည်း။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။အန္တရာယိကာ၊မဂ်ဖိုလ်နိဗ္ဗာန်၏ အန္တရာယ်ကို

ပြုတတ်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တဓမ္မာနံ၊ ဟောအပ်သောတရားတို့၏။ အနန္တရာယိကတ္တာ ဘာဝတော၊ မဂ်ဖိုလ်နိဗ္ဗာန်၏ အန္တရာယ်ကိုပြုသော သဘောမရှိသည်၏အဖြစ်ကြောင့်။ တိတ္ထိယာနံ၊ တိတ္ထိတို့၏။ ဓမ္မဿ။ တရား၏။ အတ္ထော၊အနက်သည်။ဝိပ္ပလ္လာသံ၊ များသော ဖောက်ပြန်ချင်းသို့။အာပဇ္ဇတိ၊ ရောက်၏။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ နိယျာနိကာ၊ ဝဋ္ဋဒုက္ခဘုံဘဝမှထွက်မြောက်ကုန်၏။ ဣတိ၊ဤသို့။ ဝုတ္တဓမ္မာနံ၊ ဟောအပ်သောတရားတို့၏။အနိယျာနိကတ္တာဘာဝတော၊ ဝဋ္ဋဒုက္ခဘုံဘဝမှ ထွက်မြောက်သော သဘောမရှိသည်၏ အဖြစ်ကြောင့်။ တိတ္ထိယာနံ၊ တိတ္ထိတို့၏။ ဓမ္မဿ၊တရား၏။အတ္ထော၊ အနက်သည်။ ဝိပ္ပလ္လာသံ၊များသော ဖောက်ပြန်ချင်းသို့။အာပဇ္ဇတိ၊ရောက်၏။ တေဓမ္မာ၊ထိုတိတ္ထိတို့ဟောသောတရားတို့သည်။ဒုရက္ခာတဓမ္မာယေဝ၊မကောင်းသဖြင့်ဟောအပ်သော တရားတို့သည်သာလျှင်။ ယေန၊ အကြင့်ကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။တေန၊ထို့ကြောင့်။ဘိတ္ထိယာနံ၊တိတ္ထိတို့၏။ဓမ္မဿ၊တရား၏။ အတ္ထော၊အနက်သည်။ဝိပ္ပလ္လာသံ၊များသောဖောက်ပြန်ချင်းသို့။ အာပဇ္ဇတိယထာ၊ ရောက်သံကဲ့သို့။ တထာ၊ထို့အတူ။ ဘဂဝတော၊မြတ်စွာဘုရား၏။ဓမ္မဿ၊တရား၏။အတ္ထော၊အနက်သည်၊ ဝိပ္ပလ္လာသံ၊ များသော ဖောက်ပြန်ချင်းသို့။ နအာပဇ္ဇတိ၊ မရောက်။ ကသ္မာ၊ အဘယ့်ကြောင့်။ နအာပဇ္ဇတိ၊မရောက်သနည်း။ ဣမေဓမ္မာ၊ဤတရားတို့သည်။အနန္တရာယိကာ၊ မဂ်ဖိုလ်နိဗ္ဗာန်၏ အန္တရာယ်ကိုပြုတတ်ကုန်၏။ ဣတိဧဝံ၊ ဤသို့။ ဝုတ္တဓမ္မာနံ၊ဟောအပ်သောတရားတို့၏။ တထာဘာဝါနတိက္ကမနတော၊ ထိုသို့ဟောတော်မူတိုင်း မဂ်ဖိုလ်နိဗ္ဗာန်၏ အန္တရာယ်ကို ပြုသောသဘောမှ မလွန်သည်၏အဖြစ်ကြောင့်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မဿ၊တရား၏။ အတ္ထော၊အနက်သည်။ဝိပ္ပလ္လာသံ၊ များသောဖောက်ပြန်ချင်းသို့။ နအာပဇ္ဇတိ၊ မရောက်။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ နိယျာနိကာ၊ ဝဋ္ဋဒုက္ခဘုံဘဝမှထွက်မြောက်ကုန်၏။ ဣတိဧဝံ၊ ဤသို့။ ဝုတ္တဓမ္မာနံ၊ ဟောအပ်သောတရားတို့၏။တထာဘာဝါနတိက္ကမနတော၊ ထိုသို့ဟောတော်မူတိုင်း၊ ဝဋ္ဋဒုက္ခ ဘုံဘဝမှ ထွက်မြောက်သော သဘောကိုမလွန်သည်၏ အဖြစ်ကြောင့်။ဘဂဝတော၊မြတ်စွာဘုရား၏။ ဓမ္မဿ၊တရား၏၊ အတ္ထော၊ အနက်သည်။ဝိပ္ပလ္လာသံ၊ များသောဖောက်ပြန်ချင်းသို့။ နအာပဇ္ဇတိ၊ မရောက်။ ဧဝံ၊ဤသို့။ တာဝ၊ ရှေးဦးစွာ၊ ပရိ

ယတ္တိဓမ္မော၊ ပရိယတ္တိတရားသည်၊ သွာခါတော၊ သွာခါတမည်၏။ (အနက်)

ဤစကားရပ်၌၊ **တတ္ထ သဗ္ဗေဟေဝ သင်္ဂါယိတဗ္ဗံ နဝိဝဒိတဗ္ဗံ** ဟူသောအဓိပ္ပါယ်သော်ကား၊မြတ်စွာဘုရား ကောင်းစွာဟောတော်မူအပ်သော တရားသည်ကား၊ သင်အပ်-ကြားအပ်-နာယူ၍ ကျင့်အပ်သောကြောင့်၊ ပရိယတ္တိတရားမည်၏။ ပရိယတ္တိတရားသည်ကား၊ ဒေသနာနည်းမည်၏။ ဒေသနာနည်းဖြစ်သော တရား၌၊ အမှားကို အမှားဟု—ဟောသောတရားကို၊ အမှားကို အမှား ဟောသောတရားဟု။ အမှန်ကို အမှန်ဟု-ဟောသောတရားကို၊ အမှန်ကို အမှန်ဟောသော တရားဟု၊ အလုံးစုံအညီအညွတ် သင်တို့ပြောဆိုအပ်၏။ အမှားကိုအမှန်ဟု၊ အမှန်ကိုအမှားဟု အနက်ပုဒ်-သဒ္ဒါပုဒ်ထုတ်၍မငြင်းခုန်အပ်။

> တတ္ထာတိ တသ္မိံ ဓမ္မေ။ သင်္ဂါယိတဗ္ဗန္တိ သမဂ္ဂေဟိ ဘာသိတဗ္ဗံ။ ဧကဝစနေဟိ အဝိရုဒ္ဓဝစနေဟိ ဘာသိတဗ္ဗံ။ နဝိဝဒိတဗ္ဗန္တိ အတ္ထေဝါ ဗျဉ္ဇနေဝါ ဝိဝါဒေါ နကာတဗ္ဗော။ (အဋ္ဌကထာ)

တတ္ထာတိ၊ တတ္ထဟူသည်ကား၊ တသ္မိံ ဓမ္မေ၊ ထိုတရား၌။ သင်္ဂါယိတဗ္ဗန္တိ၊ သင်္ဂါယိတဗ္ဗံဟူသည်ကား။ သမဂ္ဂေဟိ၊ အညီအညွတ်။ ဘာသိတဗ္ဗံ၊ ပြောဆိုအပ်၏။ ဧကဝစနေဟိ၊ တူသောပြောဆိုချင်းတို့ဖြင့်။ အဝိရုဒ္ဓဝစနေဟိ၊ ဆန့်ကျင်ချင်းမရှိသော ပြောဆိုချင်းတို့ဖြင့်၊ ဘာသိတဗ္ဗံ၊ ပြောဆိုအပ်၏။ နဝိဝဒိတဗ္ဗန္တိ၊ နဝိဝဒိတဗ္ဗံဟူသည်ကား၊ အတ္ထေဝါ၊ အနက်၌သော်၎င်း။ ဗျဉ္ဇနေဝါ၊ သဒ္ဒါ၌သော်၎င်း။ ဝိဝါဒေါ၊ ငြင်းခုန်ချင်းကို၊ နကာတဗ္ဗော၊မပြုအပ်။ (အနက်)

> သမဂ္ဂေဟိ ဘာသိတဗ္ဗန္တိ အညမညံ သမဂ္ဂေဟိ ဟုတွာ ဘာသိတဗ္ဗံ။ သဇ္ဈာယိတဗ္ဗန္တေဝ ဝဏ္ဏေတဗ္ဗဉ္စာတိ အတ္ထော။ ယထာ ပန သမဂ္ဂေဟိ သင်္ဂါယနံ ဟောတိ၊ တမ္ပိ ဒဿေတုံ ဧကဝစနေဟီတိ အာဒိ ဝုတ္တံ၊ ဧကဝစနေဟီတိ အဝိရောဓဘာဝေန သမာနဝစနေဟိ။ တေနာဟ အဝိရုဒ္ဓဝစနေဟီတိအာဒိ။ (ဋီကာ)

သမဂ္ဂေဟိ ဘာသိတဗ္ဗန္တိ၊ သမဂ္ဂေဟိ ဘာသိတဗ္ဗံ ဟူသည်ကား။ အညမညံ၊ အချင်းချင်း။ သမဂ္ဂေဟိ၊ အညီအညွတ်။ ဟုတွဲ၍၊ ဖြစ်၍။ ဘာသိတဗ္ဗံ၊ ပြောဆိုအပ်၏။ သဇ္ဈာယိတဗ္ဗဉ္စေဝ၊ သရဇ္ဈာယ် လည်း သရဇ္ဈာယ် အပ်၏။ ဝဏ္ဏေတဗ္ဗဉ္စ၊ ဖွင့်လည်းဖွင့်ဆိုအပ်၏။ ဣတိအယံ အတ္ထော၊ ဤကားအနက်။ ယထာပန ယေနပနအာကာရေန၊ အကြင်အခြင်းအရာအားဖြင့်သော်ကား။ သမဂ္ဂေဟိ၊ အညီအညွတ်။ သင်္ဂါယနံ၊ ပြောဆိုချင်းသည်။ ဟောတိ၊ ဖြစ်၏။ တမ္ပိအာကာရံ၊ ထိုအခြင်းအရာကိုလည်း။ ဒဿေတုံ၊ ပြခြင်းငှါ။ ဧကဝစနေဟိတိအာဒိဝစနံ၊ ဧကဝစနေ ဟိ ဤသို့အစရှိသော စကားကို။ ဝုတ္တံ၊ ဆိုအပ်ပြီ၊ ဧကဝစနေဟိတိ၊ ဧကဝစနေဟိ ဟူသည်ကား။ အဝိရောဓဘာဝေန၊ ဆန့်ကျင်သည့်၏ မရှိချင်းကြောင့်။ သမာနဝစနေဟိ၊ တူသော ပြောဆိုချင်းတို့ဖြင့်။ တေန၊ ထို့ကြောင့်။ အဝိရုဒ္ဓဝစနေဟိ၊ တူသော ပြောဆိုချင်းတို့ဖြင့်။ ဣတိအာဒိ ဝစနံ၊ ဤသို့အစရှိသောစကားကို။ အာဟ၊ ဆိုပြီ။ (**အနက်**)

ဤစကားရပ်၌၊ **ဝိဝါဒ** ဟူသောပုဒ်၏ အဓိပ္ပါယ်သော်ကား၊ ငြင်းခုန်ချင်းသည် ဝိဝါဒမည်၏။ ငြင်းခုန်ချင်း၏အကြောင်းသည် ဝိဝါဒမူလ မည်၏။ ဝိဝါဒမူလကားခြောက်ပါး။

ခြောက်ပါးဟူသော်ကား—

ဆဝိဝါဒမူလာနိ။ ဣဓာဝုသော ဘိက္ခု ကောဓနော ဟောတိ ဥပနာဟီ၊ ယောသော အာဝုသော ဘိက္ခု ကောဓနော ဟောတိ ဥပနာဟီ၊ သော သတ္ထရိပိ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော။ ဓမ္မေပိ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ သံဃေပိ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ သိက္ခာယပိ န ပရိပူရကာရီ ဟောတိ။ ယောသော အာဝုသော ဘိက္ခု သတ္ထရိပိ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ ဓမ္မေ၊ သံဃေပေ၊ သိက္ခာယပိ န ပရိပူရကာရီ၊ သော သံဃေ ဝိဝါဒံ ဇနေတိ၊ ယော ဟောတိ ဝိဝါဒေါ ဗဟုဇနအဟိတာယ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ ဧဝရူပံ စေ တုမှေ အာဝုသော ဝိဝါဒမူလံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သမနုပဿေယျာထ၊ တတြ တုမှေ အာဝုသော တဿေဝ

ပါပကဿ ဝိဝါဒမူလဿ ပဟာနာယ ဝါယမေယျာထ၊ ဧဝရူပံ တေ တုမှေ အာဝုသော ဝိဝါဒမူလံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ န သမနုပဿေယျာထ၊ တတြ တုမှေ အာဝုသော တဿေဝ ပါပကဿ ဝိဝါဒမူလဿ အာယတိံ အနဝဿဝါယ ပဋိပဇ္ဇေယျာထ။ ဧဝမေတဿ ပါပကဿ ဝိဝါဒမူလဿ ပဟာနံ ဟောတိ။ ဧဝမေတဿ ပါပကဿ ဝိဝါဒမူလဿ အာယတိံ အနဝဿဝေါ ဟောတိ။

ပုန စပရံ အာဝုသော ဘိက္ခု မက္ခီ ဟောတိ ပလာသီ။ ဣဿုကီ ဟောတိ မစ္ဆရီ၊ သဌော ဟောတိ မာယာဝီ၊ ပါပိစ္ဆော ဟောတိ မိစ္ဆာဒိဋ္ဌိ၊ သန္ဒိဋ္ဌိပရာမာသီ ဟောတိ အာဓာနဂ္ဂါဟီ ဒုပ္ပဋိနိဿဂ္ဂီ။ ယော သော အာဝုသော ဘိက္ခု သန္ဒိဋ္ဌိပရာမာသီ ဟောတိ အာဓာနဂ္ဂါဟီ ဒုပ္ပဋိနိဿဂ္ဂီ၊ သော သတ္ထရိပိ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ ဓမ္မေပိ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ သံဃေပိ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ သိက္ခာယပိ န ပရိပူရကာရီ ဟောတိ။ ယော သော အာဝုသော ဘိက္ခု သတ္ထရိပိ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ ဓမ္မေ၊ သံဃေပိ၊ သိက္ခာယပိ န ပရိပူရကာရီ၊ သော သံဃေ ဝိဝါဒံ ဇနေတိ။ ယော ဟောတိ ဝိဝါဒေါ ဗဟုဇနအဟိတာယ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ ဧဝရူပံ တေ တုမှေ အာဝုသော ဝိဝါဒမူလံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သမနုပဿေယျာထ၊ တတြ တုမှေ အာဝုသော တဿေဝ ပါပကဿ ဝိဝါဒမူလဿ ပဟာနာယ ဝါယမေယျာထ၊ ဧဝရူပံ တေ တုမှေ အာဝုသော ဝိဝါဒမူလံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ န သမနုပဿေယျာထ၊ တတြ တုမှေ အာဝုသော တဿေဝ ပါပကဿ ဝိဝါဒမူလဿ အာယတိံ အနဝဿဝါယ ပဋိပဇ္ဇေယျာထ၊ ဧဝမေတဿ ပါပကဿ ဝိဝါဒမူလဿ ပဟာနံ ဟောတိ၊ ဧဝမေတဿ ပါပကဿ ဝိဝါဒမူလဿ အာယတိံ အနဝဿဝေါ ဟောတိ(**သင်္ဂီတိသုတ် ဆက္က**)

အမှာ။ ။ဆဝိဝါဒမူလာနိမှစ၍ ပါပိစ္ဆော ဟောတိ မိစ္ဆာဒိဋ္ဌိ တိုင်အောင် အနက်မပေး၊ ပုနစပရံ အာဝုသော ဘိက္ခု၊လ။

အာဝုသော၊ ငါ့ရှင်တို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သန္ဒိဋ္ဌိပရာမာသီ၊ မိမိအယူကိုသာလျှင် သုံးသပ်သောအလေ့သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ အာဓာနဂ္ဂါဟီ၊ မြဲမြံစွာယူသော အလေ့ သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒုပ္ပဋိနိဿဂ္ဂီ၊ စွန့်နိုင်ခဲသော အလေ့သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ အာဝုသော၊ ငါ့ရှင်တို့။ ယောသောဘိက္ခု၊ အကြင်ရဟန်းသည်။ သန္ဒိဋ္ဌိပရာမာသီ၊ မိမိအယူကိုသာလျှင်သုံးသင်သော အလေ့သဘောရှိသည်။ ဟောတိ၊ဖြစ်၏။အာဓာနဂ္ဂါဟီ၊ မြဲမြံစွာယူသောအလေ့သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒုပ္ပဋိနိဿဂ္ဂီ၊ စွန့်နိုင်ခဲသော အလေ့သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ သတ္ထရိပိ၊ ဘုရား၌လည်း။ အဂါရဝေါ၊ ရိုသေချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အပ္ပတိဿော၊တုပ်ဝပ်ချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ ဓမ္မေပိ၊ တရား၌လည်း။ အဂါရဝေါ၊ ရိုသေချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အပ္ပတိဿော၊ တုပ်ဝပ်ချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သံဃေပိ၊ သံဃာ၌လည်း၊ အဂါရဝေါ၊ ရိုသေချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အပ္ပတိဿော၊ တုပ်ဝပ်ချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သိက္ခာယပိ၊ သိက္ခာ၌လည်း။ ပရိပူရကာရီ၊ ဖြည့်ကျင့်သော အလေ့သဘောရှိသည်။ နဟောတိ၊ မဖြစ်။ အာဝုသော၊ ငါ့ရှင်တို့။ ယောသော ဘိက္ခု၊ အကြင်ရဟန်းသည်။ သတ္ထရိပိ၊ ဘုရား၌လည်း။ အဂါရဝေါ၊ ရိုသေချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အပ္ပတိဿော၊ တုပ်ဝပ်ချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဓမ္မေပိ၊ တရား၌လည်း။ အဂါရဝေါ၊ ရိုသေချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အပ္ပတိဿော၊ တုပ်ဝပ်ချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သံဃေပိ၊ သံဃာ၌လည်း။ အဂါရဝေါ၊ ရိုသေချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အပ္ပတိဿော၊ တုပ်ဝပ်ချင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ သိက္ခာယပိ၊ သိက္ခာ၌လည်း။ ပရိပူရကာရီ၊ ဖြည့်ကျင့်သော အလေ့သဘောရှိသည်။ နဟောတိ၊မဖြစ်။ သောဘိက္ခု၊ ထိုရဟန်းသည်။ သံဃေ၊ သံဃာ၌။ ဝိဝါဒံ၊ ငြင်းခုန်ချင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ ယောဝိဝါဒေါ၊ အကြင်ငြင်း

ခန်ချင်းသည်။ ဟောတိ၊ ဖြစ်၏။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ဗဟုဇနအဟိတာယ၊ များစွာသောသူတို့၏ မစီးပွါးချင်းငှါ။ ဟောတိ၊ ဖြစ်၏။ ဗဟုဇနအသုခါယ၊ များစွာသောသူတို့၏ မချမ်းသာချင်းငှါ။ ဟောတိ၊ ဖြစ်၏။ ဗဟုနောဇနဿ၊ များစွာသောသူအပေါင်း၏။ အနတ္ထာယ၊ အကျိုးမဲ့ချင်းငှါ။ ဟောတိ၊ ဖြစ်၏။ ဗဟုနောဇနဿ၊ များစွာသောသူအပေါင်း၏။ အဟိတာယ၊ မစီးပွါးချင်းငှါ။ ဟောတိ၊ ဖြစ်၏။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ဒုက္ခာယ၊ ဆင်းရဲချင်းငှါ၊ ဟောတိ၊ ဖြစ်၏။ အာဝုသော၊ ငါ့ရှင်တို့။ တုမှေ၊ သင်တို့သည်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဝိဝါဒမူလံ၊ ငြင်းခုန်ချင်း၏ အကြောင်းကို။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌သော်၎င်း။ ဗဟိဒ္ဓါဝါ၊ သူ့သန္တာန်၌သော်၎င်း။ စေသမနုပဿေယျာထ၊ အကယ်၍ ရှုမြင်ကုန်သည်ဖြစ်အံ့။ အာဝုသော၊ ငါ့ရှင်တို့။ တုမှေ၊ သင်တို့သည်။ တတြ၊ ထိုသို့ရှုမြင်ရာ၌။ ပါပကဿ၊ ယုတ်မာသော။ တဿေဝဝိဝါဒမူလဿ၊ ထိုငြင်းခုန်ချင်း၏အကြောင်းကိုသာလျှင်။ ပဟာနာယ၊ ပယ်ချင်းငှါ။ ဝါယမေယျာထ၊ အားထုတ်ကြကုန်လော။ အာဝုသော၊ ငါ့ရှင်တို့။ တုမှေ၊ သင်တို့သည်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဝိဝါဒမူလံ၊ ငြင်းခုန်ချင်း၏ အကြောင်းကို။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌သော်၎င်း။ ဗဟိဒ္ဓါဝါ၊ သူ့သန္တာန်၌သော်၎င်း။ စေနသမနုပဿေယျာထ၊ အကယ်၍ မရှုမြင်ကြကုန်သည်ဖြစ်အံ့။ အာဝုသော၊ ငါ့ရှင်တို့။ တုမှေ၊ သင်တို့သည်။ တတြ၊ ထိုသို့မရှုမြင်ရာ၌။ ပါပကဿ၊ ယုတ်မာသော။ တဿေဝဝိဝါဒမူလဿ၊ ထိုငြင်းခုန်ချင်း၏ အကြောင်း၏သာလျှင်။ အာယတိံ၊ နောင်ခါ။ အနဝဿဝါယ၊ မနှိပ်စက်ချင်းငှါ။ ပဋိပဇ္ဇေယျာထ၊ ကျင့်ကြကုန်လော့။ ဧဝံ၊ ဤသို့ အားထုတ်သည်ရှိသော်။ ပါပကဿ၊ ယုတ်မာသော။ ဧတဿဝိဝါဒမူလဿ၊ ထိုငြင်းခုန်ချင်း၏အကြောင်းကို။ ပဟာနံ၊ ပယ်ချင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့ ကျင့်သည်ရှိသော်။ ပါပကဿ၊ ယုတ်မာသော။ ဧတဿဝိပါဒမူလဿ၊ ထိုငြင်းခုန်ချင်း၏အကြောင်း၏။ အာယတိံ၊ နောင်ခါ။ အနဝဿဝေါ၊ နှိပ်စက်ချင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ (**အနက်**)

ဤစကားရပ်၌။ **သန္ဒိဋ္ဌိပရာမာသီ ဟောတိ အာဓာနဂ္ဂါဟီ ဒုပ္ပဋိနိဿဂ္ဂီ** ဟူသောပုဒ်၏အဓိပ္ပါယ်သော်ကား။ မြတ်စွာဘုရား ကောင်းစွာဟောအပ်သော တရားသည်ကား၊ သင်အပ်-ကြားအပ်-နာယူ၍ ကျင့်အပ်သောကြောင့်၊ ပရိယတ္တိတရားမည်၏။ ပရိယတ္တိ တရားသည်ကား၊

ဒေသနာနည်းမည်၏။ ဒေသနာနည်းအားဖြင့်၊ ဝိပဿနာ ဉာဏ်စဉ်မပျက်၊ပရိကံ-ဥပစာ-အနုလုံ-ဂေါ္တြဘူတိုင်အောင်ဉာဏ်အဆက်ဆက်အစဉ်အတိုင်းဖြစ်၍တက်၏။တက်သောကာလ၊ မဂ်ကိုရ၏ ဟုထင်မြင်ချက်မရှိ။ ဝိပဿနာဉာဏ်စဉ်အားဖြင့်လည်း၊အစဉ်အတိုင်း မသွား။ ဤကားမဂ်မှား၊ ဤကားမဂ်မှန်ဟူ၍ မှုလည်း အသိဉာဏ်က မဖြစ်သေး။ တွေးတွေးဆဆ၊တခုခုသော ဝိပဿနာဉာဏ်ဟုန် ကျသောကာလ၊ ဂါဟာအတွက်မဂ်ကို ရ၏ဟု ထင်မြင်သော မိမိအယူကိုသာလျှင် သုံးသပ်၏။ မြဲမြံစွာယူ၏။မစွန့်။

သန္ဒိဋ္ဌိပရာမာသီတိ သယံ ဒိဋ္ဌိမေဝ ပရာမသတိ။ အာဓာနဂ္ဂါဟီတိ ဒဠှဂ္ဂါဟီ၊ ဒုပ္ပဋိနိဿဂ္ဂီတိ နသက္ကာ ဟောတိ ဂဟိတံ ဝိဿဇ္ဇေတုံ။ (အဋ္ဌကထာ)

သန္ဒိဋ္ဌိပရာမာသီတိ၊ သန္ဒိဋ္ဌိပရာမာသီဟူသည်ကား။သယံဒိဋ္ဌိမေဝ၊မိမိအယူကိုသာလျှင်။ပရာမသတိ၊ သုံးသပ်၏၊ အာဓာနဂ္ဂါဟီတိ၊အာဓာနဂ္ဂါဟီဟူသည်ကား။ဒဠှဂ္ဂါဟီ၊မြဲမြံစွာယူ၏။ ဒုပ္ပဋိနိဿဂ္ဂီတိ၊ ဒုပ္ပဋိနိဿဂ္ဂီဟူသည်ကား။ ဂဟိတံ၊အယူကို။ဝိဿဇ္ဇေတုံ၊စွန့်ခြင်းငှါ။သက္ကာ၊တတ်ကောင်းသည်။နဟောတိ၊မဖြစ်။ (အနက်)

သီလိုရင်းအဓိပ္ပါယ်သော်ကား၊ မြတ်စွာဘုရားကောင်းစွာဟောတော်မူသောတရားသည်ကား၊ သင်အပ်-ကြားအပ်-နာယူ၍ ကျင့်အပ်သောကြောင့် ပရိယတ္တိတရားမည်၏။ ပရိယတ္တိတရားသည်ကား၊ ဒေသနာနည်းမည်၏။ ဒေသနာနည်းအားဖြင့်ဝိပဿနာဉာဏ်စဉ်မပျက်၊ပရိကံ-ဥပစာ-အနုလုံ-ဂေါ္တြဘူတိုင်အောင်ဉာဏ်အဆက်ဆက် အစဉ်အတိုင်းဖြစ်၍ တက်၏။ တက်သောကာလ၊ မဂ်ကိုရ၏ဟု ထင်မြင်ချက်မရှိ။ ဝိပဿနာဉာဏ်စဉ်အားဖြင့်လည်းအစဉ်အတိုင်းမသွား။ဤကားမဂ်မှား၊ ဤကားမဂ်မှန်ဟူ၍မှုလည်းအသိဉာဏ်ကမဖြစ်သေး။ တွေးတွေးဆဆ၊ တခုခုသော ဝိပဿနာဉာဏ်ဟုန်ကျသောကာလ၊ ဂါဟာအတွက်၊ မဂ်ကိုရ၏ဟု ထင်မြင်သော မိမိအယူကိုသာလျှင် သုံးသပ်၍၊ မြဲမြံစွာယူ၍၊မစွန့်သော ပုဂ္ဂိုလ်သည်၊ အမှားကို အမှန်ဟု၊ အနက်ပုန်,သဒ္ဒါပုန်ထုတ်၍၊ငြင်းခုန်သည်မည်၏။ ငြင်းခုန်သောပုဂ္ဂိုလ်သည် အမှားကိုအမှန်ဟု ညီ ညွှတ်ပြောဆိုသဖြင့်၊ ပြောဆိုခြင်း၌ မလိမ္မာသည်၏ အဖြစ်ကြောင့် ညီညွှတ်သောကိစ္စ သာမဂ္ဂီရသအကျိုးဆက်ကိုမရ။

မရုပ်ံကား—

ဧကော ခန္ဓောတိ ဧကက-ဒုက-တိကာဒိဝသေန ဗဟုဓာ သာမဂ္ဂိရသံ ဒဿေတုကာမော ပဌမံ တာဝ ဧကော ခန္ဓောတိ အာဟ။ (**အဋ္ဌကထာ**)

ဧကောခန္ဓောတိ၊ ဧကော ခန္ဓောဟူသည်ကား။ ဧကက-ဒုက-တိကာဒိဝသေန၊ ဧကက-ဒုက-တိက စသည်အလိုအားဖြင့်။ ဗဟုဓာ၊ များသောအပြားအားဖြင့်။ သာမဂ္ဂိရသံ၊ ညီညွတ်သောကိစ္စ သာမဂ္ဂိရသကို။ ဒဿေတုကာမော၊ ပြတော်မူလိုသည်ဖြစ်၍။ ပဌမံတာဝ၊ ရှေးဦးစွာ။ ဧကောခန္ဓောတိဣဒံဝစနံ၊ ဧကောခန္ဓောဟူသော ဤစကားကို။ အာဟ၊ဆိုပြီ။ (**အနက်**)

သာမဂ္ဂိရသံ ဒဿေတုကာမောတိ ယသ္မိံ ခန္ဓေ သင်္ဂါယနေန သာမဂ္ဂိရသာနုဘာဝနံ ဣစ္ဆိတံ ဒေသနာကုသလတာယ တတ္ထ ဧကက-ဒုက-တိကာဒိဝသေန ဗဟုဓာ သာမဂ္ဂိရသံ ဒဿေတုကာမော။ (**ဋီကာ**)

သာမဂ္ဂိရသံ ဒဿေတုကာမောတိ၊သာမဂ္ဂိရသံဒဿေတုကာမော ဟူသည်ကား။ယံသ္မိံခန္ဓေ၊အကြင်တရား၌။ဧကက-ဒုက-တိကာဒိဝသေန၊ ဧကက-ဒုက-တိကစသည်အလိုအားဖြင့်။ ဗဟုဓာ၊ များသောအပြားအားဖြင့်။သာမဂ္ဂိရသံ၊ ညီညွတ်သောကိစ္စ သာမဂ္ဂိရသကို။ ဒဿေတုကာမော၊ ပြတော်မူလိုသည်ဖြစ်၍၊ပဌမံတာဝ၊ ရှေးဦးစွာ၊ဧကောခန္ဓောတိ ဣဒံဝစနံ၊ ဧကော ခန္ဓောဟူသောဤစကားကို။ အာဟ၊ဆို၏။တတ္ထ တသ္မိံခန္ဓေ၊ ထိုတရား၌။ သင်္ဂါယနေန၊ အညီအညွတ်ပြောဆိုသဖြင့်။ ဒေသနာကုသလတာယ၊ ပြောဆိုချင်း၌ လိမ္မာသည်၏အဖြစ်ကြောင့်။ သာမဂ္ဂိရသာနုဘာဝနံ၊ညီညွတ်သောကိစ္စ သာမဂ္ဂိရသအကျိုးဆက်ကို။ ဣစ္ဆိတံ၊ အလိုရှိအပ်၏။ (**အနက်**)

ဤစကားရပ်၌၊ **သာမဂ္ဂိရသာနုဘာဝနံ ဣစ္ဆိတံ** ဟူသောပုဒ်၏ အဓိပ္ပါယ်သော်ကား။အကြင်တရား၌၊ ဧကက-ဒုက-တိကစသည်အလိုအားဖြင့်၊ များသောအပြားအားဖြင့်၊ ညီညွတ်သောကိစ္စ သာမဂ္ဂိရသကိုပြတော်မူလိုသည် ဖြစ်၍၊ ရှေးဦးစွာ၊ ဧကော ခန္ဓော ဟူသော ဤ

စကားကိုဆို၏။ထိုတရား၌၊ အများကို အများဟု ဟောသော တရားကို၊ အများကို အများဟောသောတရားဟု။ အမှန်ကိုအမှန်ဟု ဟောသော တရားကို၊ အမှန်ကိုအမှန်ဟောသောတရားဟု၊အညီ အညွတ် ပြောဆိုသဖြင့်၊ ပြောဆိုခြင်း၌ လိမ္မာသည်၏ အဖြစ်ကြောင့်၊ညီညွတ်သောကိစ္စသာမဂ္ဂိရသအကျိုးဆက်ကိုရ၏။

သိလိုရင်းအဓိပ္ပါယ်သော်ကား၊ အများကို အမှန်ဟု အမှန်ကို အများဟု၊ အနက်ပုဒ်- သဒ္ဒါပုဒ်ထုတ်၍ ငြင်းခုန်သော ပုဂ္ဂိုလ်သည်၊ အများကိုအမှန်ဟု၊ အမှန်ကိုအများဟု၊ မညီမညွတ် ပြောဆိုသဖြင့်၊ ပြောဆိုချင်း၌ မလိမ္မာသည်၏ အဖြစ်ကြောင့်။ ညီညွတ်သော ကိစ္စသာမဂ္ဂိရသအကျိုးဆက်ကိုမရ။

ရပုံ-မရပုံကို သင်္ဂီတိသုတ် ဒုကနဲ့ပြ၏။

ပြပုံကား—

ဒေါဝစဿတာစ ပါပမိတ္တတာစ၊ သောဝစဿတာစ ကလျာဏမိတ္တတာစ။ **(သင်္ဂီတိသုတ်ဒုက)**

ဒေါဝစဿတာစ၊ ခက်သော ပြောဆိုချင်း ရှိသော ပုဂ္ဂိုလ်၏ အမှု၏ အဖြစ်လည်းတပါး။ ပါပမိတ္တတာစ၊ မကောင်းသော မိတ်ရှိသောပုဂ္ဂိုလ်၏အဖြစ်လည်းတပါး။ သောဝစဿတာစ၊ လွယ်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏အမှု၏အဖြစ်လည်းတပါး။ ကလျာဏမိတ္တတာစ၊ ကောင်းသောမိတ်ရှိသော၊ ပုဂ္ဂိုလ်၏ အဖြစ်သည်းတပါး။ **(အနက်)**

ဒေါဝစဿတာတိ ဒုက္ခံဝစော ဧတသ္မိံ ဝိပ္ပဋိကူလဂ္ဂါဟိမှိ ဝိပစ္စနီကသာတေ အနာဒရေ ပုဂ္ဂလေတိ ဒုဗ္ဗစော၊ တဿ ကမ္မံ ဒေါဝစဿံ၊ တဿ ဘာဝေါ ဒေါဝစဿတာ၊ သာ ပနေသာ ဧဝံ ပဝတ္တဿ ပုဂ္ဂလဿ ဩဝါဒံ အနာဒိယိတွာ သဝိရောဓ ဟောတိ၊ ... ဧကေနာကာရေန အဓိကာရ် ဧတံ အဓိဝစနန္တိ ... ပါပမိတ္တတာတိ ပါပါ အဿဒ္ဓါဒယော ပုဂ္ဂလာ ဧတဿ မိတ္တာတိ ပါပ

မိစ္ဆတ္တာ။တဿ ဘာဝေါ ပါပမိစ္ဆတာ။ ဝိတ္ထာရတော ပနေသာ တတ္ထ ကတမာ ပါပမိစ္ဆတာ၊ ယေ တေ ပုဂ္ဂလာ အဿဒ္ဓါ, ဒုဿီလာ, အပ္ပဿုတာ, မစ္ဆရိနော, ဒုပ္ပညာ၊ယာ တေသံ သေဝနာ, နိသေဝနာ,သံသေဝနာ, ဘဇနာ,သံဘဇနာ, ဘတ္တိ, သမ္ဘတ္တိ, သံပဝင်္ကတာတိဧဝံ အာဂတာ၊ သာပိ အတ္ထတော ဒေါဝစဿတာ ဝိယ ဒဋ္ဌဗ္ဗာ။ သောဝစဿတာစ ကလျာဏ မိတ္တတာစ ဝုတ္တပဋိပက္ခနယေန ဝေဒိတဗ္ဗာ။ ဥဘောပိ ပနေ တာ ဣဓ လောကိယလောကုတ္တရ မိဿကာ ကထိတာ။

(အဋ္ဌကထာ)

ဒေါဝစဿတာတိ၊ ဒေါဝစဿတာဟူသည်ကား။ ဝိပ္ပဋိကူလဂ္ဂါ ဟိမှိ၊ မလျော်သောအယူရှိသော။ ဝိပစ္စနီကသာတေ၊ ဆန့်ကျင်ဘက် ဖြစ်သောမကောင်းသောအကျင့်ကိုသာယာနှစ်သက်ချင်းရှိသော။ အနာ ဒရေ၊ ရိုသေချင်းမရှိသော။ ဧတသ္မိံ ပုဂ္ဂလေ၊ ဤပုဂ္ဂိုလ်၌။ ဒုက္ခံ ဒုက္ကရော၊ ခက်သော။ ဝစော၊ ပြောဆိုချင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဒုဗ္ဗစော၊ ဒုဗ္ဗစပုဂ္ဂိုလ် မည်၏။ ဒုဗ္ဗစော၊ ခက်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်။ တဿ၊ ထိုခက်သော ပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏။ ကမ္မံ၊ အမှုတည်း။ ဒေါဝ စဿံ၊ ခက်သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏အမှု။ တဿ၊ ထိုခက် သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏အမှု၏။ ဘာဝေါ၊ အဖြစ်တည်း။ ဒေါဝစဿတာ၊ ခက်သောပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏အမှု၏အဖြစ်။ သောပနဒေါဝစဿတာ၊ ထိုခက်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏ အမှု၏အဖြစ်သည်ကား။ဝိတ္ထာရတော၊အကျယ်အားဖြင့်။တတ္ထကတမာ ဒေါဝစဿတာ သဟဓမ္မိကေ ဝုစ္စမာနေ ဒေါဝစဿာယန္တိ၊ ဒေါဝ စဿာယံဟူ၍။ အဘိဓမ္မေ၊ အဘိဓမ္မာ၌။ အာဂတာ၊လာ၏။ သာဒေါဝ စဿတာ၊ ထိုခက်သော ပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏ အမှု၏ အဖြစ် သည်။အတ္ထတော၊ အနက်အားဖြင့်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာ သည်။ ဟောတိ၊ ဖြစ်၏။ ဧတံဒေါဝစဿာတိနာမံ၊ ခက်သောပြောဆို ချင်းရှိသော ပုဂ္ဂိုလ်၏အမှု၏အဖြစ်ဟူသော ဤအမည်သည်။ စတုန္နမ္ပိ ခန္ဓာနံ၊ လေးပါးသော နာမက္ခန္ဓာ တို့၏လည်း။ ဧကေနာကာရေန၊ တစ်ပါးတည်းသော အခြင်းအရာဖြင့်၊ အဓိကာရံ၊ အစဉ်တစိုက်လိုက်

သော။ အဓိပ္ပါယ်အမည်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ ပါပမိတ္တတာတိ၊ ပါပမိတ္တတာ ဟူသည်ကား။ ယေသံပုဂ္ဂလာနံ၊ ဤပုဂ္ဂိုလ်အား။ ပါပါ၊ မကောင်းကုန်သော။ အသဒ္ဓါဒယော၊ သဒ္ဓါတရား မရှိသောသူအစ ရှိကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ မိတ္တာ၊ မိတ်တို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်သည်။ ပါပမိတ္တော၊ ပါပမိတ္တ ပုဂ္ဂိုလ်မည်၏။ ပါပမိတ္တော၊ မကောင်းသောမိတ်ရှိသော ပုဂ္ဂိုလ်။ တဿ၊ ထိုမကောင်းသောမိတ်ရှိသော ပုဂ္ဂိုလ်၏။ ဘာဝေါ၊ အဖြစ်တည်း။ ပါပမိတ္တတာ၊ မကောင်းသော မိတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်။ သောပန ပါပမိတ္တတာ၊ ထိုမကောင်းသော မိတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်သည်ကား။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ တတ္ထကတမာ ပါပမိတ္တတာ၊ ယေတေ ပုဂ္ဂလာ အသဒ္ဓါ, ဒုဿီလာ, အပ္ပဿုတာ, မစ္ဆရိနော, ဒုပ္ပညာ, ယာ တေသံ သေဝနာ, နိသေဝနာ, သံသေဝနာ, ဘဇနာ, သံဘဇနာ, ဘတ္တိ, သမ္ဘတ္တိ, သံပဝင်္ကတာတိ၊ သံပဝင်္ကတာ ဟူ၍။ ဧဝံ၊ ဤသို့။ အာဂတာ၊ လာ၏။ သာပိ ပါပမိတ္တတာ၊ ထိုမကောင်းသော မိတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်ကိုလည်း။ အတ္ထတော၊ အနက်အားဖြင့်။ ဒေါဝစဿတာ ဝိယ၊ ခက်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏ အမှု၏အဖြစ်ကိုကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ သောဝစဿတာစ၊ လွယ်သောပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏ အမှု၏ အဖြစ်ကိုရင်း။ ကလျာဏမိတ္တတာစ၊ ကောင်းသောမိတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်ကိုရင်း။ ဝုတ္တပဋိပက္ခနယေန၊ ဆိုအပ်ပြီးသောနည်း၏ ဆန့်ကျင်ဘက် ဖြစ်သောနည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဣမ၊ ဤသို့သိရာ၌။ တောပန ဥဘောပိ၊ ထို နှစ်ပါးစုံတို့ကိုလည်း။ လောကိယ လောကုတ္တရမိဿကာ၊ လောကီ လောကုတ္တရာ ရောယှက်သော ကုန်၏ဟူ၍။ ကထိတာ၊ ဆိုအပ်ကုန်၏။ (အနက်)

ဒုဗ္ဗစတ္တံ ကိဉ္စ၊ အနိဋ္ဌတ္တံ ဝါ အဗ္ဘော။ ဝိပ္ပဋိကူလဂ္ဂါဟိ မိတ္တံ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဝိလောမဂါဟကော၊ တဿ ဘာဝေါ ဝိပစ္စနီကတံ ဒုပ္ပဋိပတ္တော သာတံ ဘုဉ္ဇ ဘောဿာတိ ဝိပစ္စနီကသာတော။ တဿ ဝိပစ္စနီကသာတေ ဧဝံဘူတော စ ဩဝါဒဘူတော သာသနဿ မေ ဩဝါဒကော စ အာဒရဘာဝရဟိတော ဟောတီတိ အာဟ အနာဒရေတိ။ တဿ ကမ္မန္တိ တဿ ဒုဗ္ဗစဿ ပုဂ္ဂလဿ အနာ ဒရိယဝသေန ပဝတ္တစေတနာ ဒေါဝစဿံ။ တဿ ဘာဝေါတိ

တဿ ယထာဝုတ္တဿ ဒေါဝစဿဿ အတ္ထိဘာဝေါ ဒေါဝစဿတာ။ အတ္ထတော ဒေါဝစဿမေဝ၊ တေနေဝါဟ-သာ အတ္ထတော သင်္ခါရက္ခန္ဓော ဟောတီတိ။

ဧကေနာကာရေနာတိ အပဒက္ခိဏဂ္ဂါဟိတာကာရေန၊ အသဒ္ဓိယဒုဿီလျာဒိပါပဓမ္မယောဂတော ပုဂ္ဂလာ ပါပါနာမ ဟောန္တီတိ ဒဿေတုံ ယေတေပုဂ္ဂလာ အသဒ္ဓါတိအာဒိဝုတ္တံ။ ယာယစေတနာယ ပုဂ္ဂလော ပါပသမ္ပဝင်္ကော နာမ ဟောတိ သာစေတနာ ပါပမိတ္တတာ၊ စတ္တာရောပိဝါ အရူပိနော ခန္ဓာ တဒါကာရပ္ပဝတ္တာ ပါပမိတ္တတာတိ ဒဿေန္တော သာပိအတ္ထတော ဒေါဝစဿတာဝိယ ဒဋ္ဌဗ္ဗာတိ အာဟ။

သုခံဝစော ဧတသ္မိံ ပဒက္ခိဏဂ္ဂါဟိမှိ အနုလောမသာတေ သာဒရေပုဂ္ဂလေတိ သုဗ္ဗစောတိအာဒိနာ။ ကလျာဏာ သဒ္ဓါဒယော ပုဂ္ဂလာ ဧတဿ မိတ္တာတိ ကလျာဏမိတ္တောတိအာဒိနာ စ အနန္တရဒုကဿ အတ္ထော ဉာတဗ္ဗောတိ အာဟ သောဝစဿတာစ ကလျာဏမိတ္တတာစ ဝုတ္တပဋိပက္ခနယေန ဝေဒိတဗ္ဗာတိ။ ဥဘောတိ သောဝစဿတာစ ကလျာဏမိတ္တတာစ။ တေသံ ခန္ဓာနံ ပဝတ္တိအာကာရဝိသေသာ သောဝစဿတာ ကလျာဏ မိတ္တတာတိစ ဝုစ္စန္တိ။ တေ လောကိယာပိ ဟောန္တိ လော ကုတ္တရာပီတိ အာဟ-လောကိယာ လောကုတ္တရမိဿကာ ကထိ တာတိ။

သဟ သိက္ခိတဗ္ဗော ဓမ္မော သဟဓမ္မော။ တတ္ထ ဘဝံ သဟ ဓမ္မိကံ၊ တသ္မိံ သဟဓမ္မိကေ၊ ဒေါဝစဿသဒ္ဒတော အယာသဒ္ဒိ အနညထံ ကတွာ ဒေါဝစဿာယန္တိ ဝုတ္တံ။ ဒေါဝစဿဿဝါ အယနံ ပဝတ္တိ ဒေါဝစဿာယံ။ အာသေဝန္တဿာပိ အနုသိက္ခနေ အဇ္ဈာသယေန ဘဇနာတိ အာဟ-သေဝနာ။ ပ။ ဘဇနာ တိ။ သဗ္ဗတော ဘာဂေန ဘတ္တိ သမ္ဘတ္တိ။ (ဋီကာ)

ဒုက္ခန္တိ၊ ဒုက္ခံဟူသည်ကား။ ကိစ္ဆံ၊ ပြုပြင်ဖွာ။ ဝါ၊ တနည်း။ အနိဋ္ဌံ၊ အလိုမရှိဘဲ။ ဆုတ်အယံအညစ်၊ ဤကားအနက်။ ဝိပ္ပဋိကူလဂ္ဂါဟိမှိတိ၊ ဝိပ္ပဋိကူလဂ္ဂါဟိမှိဟူသည်ကား။ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာ

တရားကိုးပါး အားလျော်သော အကျင့်အား။ ဝိလောမဂါဟကော၊ မလျော်သောအယူရှိသော။ ဧတဿပုဂ္ဂလဿ၊ဤပုဂ္ဂိုလ်အား။ တဿာဧဝ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ထိုလောကုတ္တရာတရားကိုးပါး အားလျော်သောအကျင့်၏သာလျှင်။ ဝိပစ္စနီကံ၊ ဆန့်ကျင်ဘက်ဖြစ်သော။ ဒုပ္ပဋိပတ္တိံ၊ မကောင်းသောအကျင့်ကို။ သာတံ ဇာနန္တံ၊ သာယာနှစ်သက်ချင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ထို့ကြောင့်၊ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဝိပစ္စနီကသာတော၊ဝိပစ္စနီကသာတပုဂ္ဂိုလ်မည်၏။ဝိပစ္စနီကသာတော၊ ဆန့်ကျင်ဘက်ဖြစ်သော မကောင်းသော အကျင့်ကို သာယာနှစ်သက်ချင်းရှိသောပုဂ္ဂိုလ်။ တသ္မိံဝိပစ္စနီကသာတော၊ ထိုဆန့်ကျင်ဘက် ဖြစ်သော မကောင်းသော အကျင့်ကို သာယာနှစ်သက်ချင်းရှိသော။ ဧဝံဘူတော၊ဤသို့ယူသည့် ကျင့်သည်ဖြစ်၍ ဖြစ်သော။ ဒုဗ္ဗစော၊ ခက်သောပြောဆိုချင်းရှိသော။ ပုဂ္ဂလော စ၊ ပုဂ္ဂိုလ်သည်၎င်း။ ဧဝံဩဝါဒဘူတော၊ ဤသို့သောအယူအကျင့်ဖြင့်ပြောဆိုဆုံးမသည်ဖြစ်၍ဖြစ်သော။ဒုဗ္ဗစော၊ ခက်သောပြောဆိုချင်းရှိသော။ပုဂ္ဂလောစ၊ပုဂ္ဂိုလ်သည်၎င်း။သာသနက္ကမေ၊ သာသနာ့အစဉ်အဆက်ဖြစ်သော။ ဓမ္မေစ၊ တရား၌၎င်း။ ဩဝါဒကေ၊ ဆုံးမတတ်သော။သဟာဓမ္မိကေစ၊ သိတင်းသုံးဘော်၌၎င်း။အာဒရဘာဝရဟိတော၊ ရိုသေသည့်၏အဖြစ်မှ ကင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ထို့ကြောင့်။ အနာဒရေတိ ဣဒံဝစနံ၊အနာဒရေဟူသောဤစကားကို။ အာဟ၊ဆိုပြီ။ တဿကမ္မန္တိ၊ တဿကမ္မံဟူသည်ကား။ဒုဗ္ဗစဿ၊ ခက်သောပြောဆိုချင်းရှိသော။တဿပုဂ္ဂလဿ၊ထိုပုဂ္ဂိုလ်၏။ အနာဒရိယဝသေန၊ ရိုသေချင်းမရှိသော အလိုအားဖြင့်။ ပဝတ္တစေတနာ၊ ဖြစ်သောစေတနာသည်၊ ဒေါဝစဿံ၊ ဒေါဝစဿ မည်၏။ ဒေါဝစဿံ၊ ခက်သောပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏အမှု။ တဿဘာဝေါတိ၊တဿဘာဝေါဟူသည်ကား။ယထာဝုတ္တဿ၊အကြင်အကြင် ဆိုအပ်ပြီးသော။ တဿ ဒေါဝစဿဿ၊ ထိုခက်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏အမှု၏။ အတ္ထိဘာဝေါ၊ ရှိသည့်၏အဖြစ်သည်။ ဒေါဝစဿတာ၊ ဒေါဝစဿတာ မည်၏။ ဒေါဝစဿတာ၊ ခက်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏ အမှု၏အဖြစ်။အတ္ထတော၊အနက်အားဖြင့်။ ဒေါဝစဿမေဝ၊ ခက်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏ အမှုသည်သာလျှင်တည်း။

တေနေဝ၊ ထို့ကြောင့်သာလျှင်။ သာ အဋ္ဌတော သန္ဒိရက္ခန္ဓော ဟောတီတိ ဋ္ဌဒိဝစနံ၊ ဟောတိဟူသော ဤစကားကို။ အာဟ၊ ဆိုပြီ။

ဇေကေနာကာရေနာတိ၊ ဇေကေနာကာရေနဟူသည်ကား။ အပဒက္ခိဏဂ္ဂါဟိတာကာရေန၊ နာယူလွယ်သောအယူမရှိသော ပုဂ္ဂိုလ်၏အဖြစ် တည်းဟူသော အခြင်းအရာအားဖြင့်။ အသန္တိယဒုသီလျာဒိပါပဓမ္မယောဂတော၊ အသန္တိယဒုသီလျ အစရှိသောမကောင်းသောတရားနှင့် ယှဉ်ချင်းကြောင့်။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ပါပါနာမ၊ မကောင်း သည်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဿေတုံ၊ ပြချင်း ငှါ။ ယေတေပုဂ္ဂလာ အသဒ္ဓါတိအာဒိဝစနံ၊ ယေတေပုဂ္ဂလာ အသဒ္ဓါ ဤသို့အစရှိသော စကားကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ယာယစေတနာယ၊ အကြင် စေတနာဖြင့်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ပါပသံပဝင်္ကော နာမ၊ မကောင်း သော ညွတ်ချင်းရှိသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ သာစေတနာ၊ ထိုစေတနာသည်။ ပါပမိတ္တတာ၊ ပါပမိတ္တတာမည်၏။ ပါပမိတ္တတာ၊ မကောင်းသောမိတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်။ ဝါ၊တနည်း။ တဒါကာရ ပဝတ္တာ၊ထိုအခြင်းအရာအားဖြင့်ဖြစ်ကုန်သော။ စတ္တာရောပိ အရူပိနော ခန္ဓာ၊ လေးပါးသောနာမက္ခန္ဓာတို့သည်လည်း။ ပါပမိတ္တတာ၊ပါပမိတ္တ တာမည်၏။ပါပမိတ္တတာ၊ မကောင်းသောမိတ်ရှိသောပုဂ္ဂိုလ်၏ အဖြစ်။ ဣတိ၊ ဤသို့။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ သာပိ အဋ္ဌတော ဒေါဝစဿတာဝိယ ဒဋ္ဌဗ္ဗာတိဍာဒ်ဝစနံ၊ ဒဋ္ဌဗ္ဗာ ဟူသောဤစကားကို။ အာဟ၊ ဆိုပြီ။

ပဒက္ခိဏဂ္ဂါဟိမှိ၊ နာယူလွယ်သောအယူရှိသော။ အနုလောမသာ တော၊ လျော်သော သာယာနှစ်သက်ချင်းရှိသော။ သာဒရေ၊ ရိုသေချင်း ရှိသော။ ဧတသ္မိံ ပုဂ္ဂလေ၊ ဤပုဂ္ဂိုလ်၌။ သုခံသုကရော၊ လွယ်သော။ ဝစော၊ ပြောဆိုချင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သုဗ္ဗစော၊ သုဗ္ဗစပုဂ္ဂိုလ်မည်၏။ သုဗ္ဗစော၊ လွယ်သော ပြောဆိုချင်းရှိသောပုဂ္ဂိုလ်။ ဣတိအာဒိနာစ၊ ဤသို့အစရှိသည်ဖြင့်ရင်း။ ဧတေသ ပုဂ္ဂလဿ၊ ဤပုဂ္ဂိုလ်အား။ ကလျာဏာ၊ ကောင်းကုန်သော။ သဒ္ဓါ ဒယော၊ သဒ္ဓါတရားရှိသောသူအစရှိကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ မိတ္တာ၊ မိတ်တို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ထို့ကြောင့်။ သော ပုဂ္ဂ လော၊ ထိုပုဂ္ဂိုလ်သည်။ ကလျာဏမိတ္တော၊ ကလျာဏမိတ္တပုဂ္ဂိုလ်မည်

၏။ကလျာဏမိတ္တော၊ကောင်းသောမိတ်ရှိသောပုဂ္ဂိုလ်။ဣတိအာဒိနာစ၊ ဤသို့ အစရှိသည်ဖြင့်ရင်း။အနန္တရဒုကဿ၊ အခြားမဲ့ဖြစ်သော ဒုက်၏။ အတ္ထော၊အနက်ကို။ ဉာတဗ္ဗော၊အလိုရှိအပ်၏။ဣတိ၊ထို့ကြောင့်။ သောဝစဿတာစ ကလျာဏမိတ္တတာစ ဝုတ္တပဋိပက္ခနယေန ဝေဒိတဗ္ဗာတိ ဣဒံဝစနံ၊ဝေဒိတဗ္ဗာဟူသောဤစကားကို။အာဟ၊ဆိုပြီ။ဥဘောတိ၊ ဥဘောဟူသည်ကား။သောဝစဿတာစ၊ လွယ်သော ပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏အမှု၏အဖြစ်ကိုရင်း။ကလျာဏမိတ္တတာစ၊ကောင်းသောမိတ်ရှိသောပုဂ္ဂိုလ်၏အဖြစ်ကိုရင်း။ဥဘောတိ၊နှစ်ပါးစုံတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။တေသံခန္ဓာနံ၊ ထိုခန္ဓာတို့၏။ ပဝတ္တိအာကာရဝိသေသာ၊ ဖြစ်သောအခြင်းအရာအားဖြင့် ထူးသော။ သောဝစဿတာစ၊ လွယ်သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏ အမှု၏အဖြစ်ကိုရင်း။ ကလျာဏမိတ္တတာစ၊ ကောင်းသောမိတ်ရှိသောပုဂ္ဂိုလ်၏ အဖြစ်ကိုရင်း။ ဥဘောတိစ၊ နှစ်ပါးစုံတို့ဟူ၍လည်း။ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။တေဥဘော၊ထိုနှစ်ပါးစုံတို့သည်။လောကိယာပိ၊ လောကီတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ လောကုတ္တရာပိ၊ လောကုတ္တရာတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ လောကိယလောကုတ္တရမိဿကာ ကထိတာတိ ဣဒံဝစနံ၊ကထိတာဟူသော ဤစကားကို။ အာဟ၊ဆိုပြီ။

သဟ၊တကွ။ သိက္ခိတဗ္ဗော၊ကျင့်အပ်သော။ဓမ္မော၊တရားတည်း။ သဟဓမ္မော၊တကွကျင့်အပ်သောတရား၊ တဿ၊ ထိုတကွကျင့်အပ်သောတရား၌။ ဘာဝံ၊ ဖြစ်သည်တည်း။ သဟဓမ္မိကံ၊ တကွကျင့်အပ်သောတရား၌ဖြစ်သည်။တသ္မိံ သဟဓမ္မိကေ၊ ထိုတကွကျင့်အပ်သောတရား၌အတူတကွဖြစ်ကြသည်ကို။ ဝုစ္စမာနေ၊ပြောဆိုအပ်သည်ရှိသော်။ ဒေါဝစဿသဒ္ဒတော၊ ဒေါဝစဿသဒ္ဒါနောင်မှ။ အယသဒ္ဒါ၊ အယသဒ္ဒါကို။ အနညထံ၊ တပါးသောအနက်မဟုတ်သည်ကို။ ကတွာ၊ ပြု၍။ ဒေါဝစဿာယန္တိ ဣဒံဝစနံ၊ ဒေါဝစဿာယံဟူသော ဤစကားကို။ဝုတ္တံ၊ဆိုအပ်ပြီ။ ဝါ။ တနည်း။ ဒေါဝစဿဿ၊ ခက်သော ပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏ အမှု၏။ အယနံပဝတ္တိ၊ ဖြစ်ချင်းတည်း။ ဒေါဝစဿာယံ၊ ခက်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏ အမှု၏ဖြစ်ချင်း။ အာသေဝန္တဿာပိ၊ မှီဝဲသောပုဂ္ဂိုလ်၏လည်း။ အနုသိက္ခနာ၊ ဆရာပြောဟောသောစကား၊လျော်သောအားဖြင့် ကျင့်ချင်းသည်။ အဇ္ဈာသယေန၊အ

သိအားဖြင့်။ ဘဇနာ၊ဆည်းကပ်သည်မည်၏။ ဇာတိ၊ထို့ကြောင့်။ သေဝနာ(ပ)ဘဇနာတိ ဇာဒိဝစနံ၊ ဘဇနာဟူသော ဤစကားကို။အာဟ၊ ဆိုပြီ၊ သဗ္ဗတောဘာဂေန၊ အလုံးစုံသောအဘို့အားဖြင့်။ ဘတ္တိ၊ဆည်းကပ်ချင်းသည်။သမ္ဘတ္တိ၊ သမ္ဘတ္တိမည်၏။ **(အနက်)**

ပါပမိတ္တဒုက်၊ ကလျာဏမိတ္တဒုက်အကျယ်ကို ပုဂ္ဂလပညတ်၌ပြ၏။ **ပြပုံကား**—

ကတမော စ ပုဂ္ဂလော ဒုဗ္ဗစော၊တတ္ထ ကတမော ဒေါဝစဿတာ၊ သဟာဓမ္မိကေ ဝုစ္စမာနေ ဒေါဝစဿာယံ, ဒေါဝစဿိယံ, ဒေါဝစဿတာ, ဝိပ္ပဋိကူလဂ္ဂါဟိတာ, ဝိပစ္စနီကသာတတာ,အနာဒရိယံ,အနာဒရိယတာ, အဂါရဝတာ, အပ္ပတိဿဝတာ, အယံ ဝုစ္စတိ ဒေါဝစဿတာ။ ဣမာယ ဒေါဝစဿတာယ သမန္နာဂတော ပုဂ္ဂလော ဒုဗ္ဗစော။

ကတမော စ ပုဂ္ဂလော ပါပမိတ္တော၊တတ္ထ ကတမာ ပါပမိတ္တတာ၊ယေတေပုဂ္ဂလာ အဿဒ္ဓါ, ဒုဿီလာ, အပ္ပဿုတာ,မစ္ဆရိနော,ဒုပ္ပညာ, ယာ တေသံ သေဝနာ,နိသေဝနာ,သံသေဝနာ, ဘဇနာ,သံဘဇနာ,ဘတ္တိ,သမ္ဘတ္တိ,သံပဝင်္ကတာ။အယံ ဝုစ္စတိ ပါပမိတ္တတာ။ဣမာယပါပမိတ္တတာယ သမန္နာဂတော ပုဂ္ဂလော ပါပမိတ္တော။ **(ပါပမိတ္တဒုက်၊ပုဂ္ဂလပညတ်)**

ကတမော စ ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်သည်လည်း။ ဒုဗ္ဗစော၊ ဒုဗ္ဗစ ပုဂ္ဂိုလ်မည်သနည်း။ ဒုဗ္ဗစော၊ ခက်သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်။ တတ္ထ၊ထိုခက်သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်၌။ ဒေါဝစဿတာ၊ ခက်သောပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏ အမှု၏အဖြစ်သည်။ကတမာ၊ အဘယ်နည်း။ သဟာဓမ္မိကေ၊ တကွကျင့်အပ်သော တရား၌ အတူတကွ ဖြစ်ကြသည်ကို။ဝုစ္စမာနေ၊ ပြောဆိုအပ်သည်ရှိသော်။ ဒေါဝစဿာယံ၊ ခက်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏အမှု။ ဒေါဝစဿိယံ၊ ခက်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏အမှု။ ဒေါဝစဿတာ၊ ခက်သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏ အမှု၏အဖြစ်။ ဝိပ္ပဋိကူလဂ္ဂါဟိတာ၊ မလျော်သောအယူရှိသော ပုဂ္ဂိုလ်၏အဖြစ်။ဝိပစ္စနီကသာတတာ၊ ဆန့်ကျင်ဘက်ဖြစ်သော မကောင်းသောအကျင့်ကို သာယာ နှစ်သက်ချင်း

ရှိသော ပုဂ္ဂိုလ်၏အဖြစ်။ အနာဒရိယံ၊ ရိုသေချင်းမရှိ။ အနာဒရိယဘာ၊ ရိုသေချင်းမရှိသည်၏အဖြစ်။အဂါရဝတာ၊ရိုသေချင်းမရှိသည်၏အဖြစ်။ အပ္ပတိဿဝတာ၊ နာယူဝန်ခံချင်းမရှိသည်၏အဖြစ်။အသံ၊ဤနာယူဝန်ခံချင်းမရှိသည်၏အဖြစ်ကို။ဒေါဝစဿတာ၊ခက်သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏ အမှု၏ အဖြစ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣမာယဒေါဝစဿတာယ၊ ဤခက်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏ အမှု၏ အဖြစ်နှင့်။ သမန္နာဂတော၊ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဒုဗ္ဗစော၊ ဒုဗ္ဗစပုဂ္ဂိုလ်မည်၏။ ဒုဗ္ဗစော၊ ခက်သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်။

ကတမောစ ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်သည်လည်း။ ပါပမိတ္တော၊ ပါပမိတ္တပုဂ္ဂိုလ်မည်သနည်း။ပါပမိတ္တော၊ မကောင်းသောမိတ်ရှိသော ပုဂ္ဂိုလ်။ တတ္ထ၊ ထိုမကောင်းသော မိတ်ရှိသောပုဂ္ဂိုလ်၌။ ပါပမိတ္တတာ၊ မကောင်းသော မိတ်ရှိသောပုဂ္ဂိုလ်၏ အဖြစ်သည်။ ကတမာ၊ အဘယ်နည်း။ယေတေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အသဒ္ဓါ၊ သဒ္ဓါတရားမရှိကုန်။ ဒုဿီလာ၊ သီလမရှိကုန်။ အပ္ပဿုတာ၊ နည်းသော အကြားအမြင်ရှိကုန်၏။မစ္ဆရိနော၊ဝန်တိုကုန်၏။ ဒုပ္ပညာ၊ ပညာမရှိကုန်။ တေသံ ဒုပ္ပညဝတံပုဂ္ဂလာနံ၊ ထိုပညာမရှိသော ပုဂ္ဂိုလ်တို့ကို။ ယာသေဝနာ၊ အကြင်မှီဝဲချင်း။ ယာနိသေဝနာ၊ အကြင်မှီဝဲချင်း။ ယာသံသေဝနာ၊ အကြင်မှီဝဲချင်း။ ယာဘဇနာ၊ အကြင်ဆည်းကပ်ချင်း။ ယာသံဘဇနာ၊ အကြင်ဆည်းကပ်ချင်း။ယာဘတ္တိ၊အကြင်ဆည်းကပ်ချင်း။ ယာသမ္ဘတ္တိ၊ အကြင်ဆည်းကပ်ချင်း။ ယာသံပဝင်္ကတာ၊ အကြင်ညွတ်သောစိတ်စေတနာရှိသည်၏အဖြစ်။ အယံ၊ ဤညွတ်သော စိတ်စေတနာရှိသည်၏အဖြစ်ကို။ ပါပမိတ္တတာ၊ မကောင်းသောမိတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဣမာယပါပမိတ္တတာယ၊ ဤမကောင်းသောမိတ်ရှိသောပုဂ္ဂိုလ်၏အဖြစ်နှင့်။သမန္နာဂတော၊ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ပါပမိတ္တော၊ ပါပမိတ္တ ပုဂ္ဂိုလ်မည်၏။ ပါပမိတ္တော၊ မကောင်းသော မိတ်ရှိသော ပုဂ္ဂိုလ်။ **(ပါပမိတ္တဒုက်၊ ပုဂ္ဂလပညတ် အနက်)**

ကတမောစ ပုဂ္ဂလော သုဗ္ဗစော၊ တတ္ထ ကတမာ သောဝစဿတာ၊သဟဓမ္မိကေ ဝုစ္စမာနေ သောဝစဿာယံ သောဝ

၉၃၈၂

စသီယံ,သောဝစဿတာ, အဝိပ္ပဋိကူလဂ္ဂါဟိတာ, အဝိပစ္စနီ
ကသာတတာ,သာဒရိယံ,သာဒရိယတာ, သဂါရဝတာ, သပ
တိဿဝတာ၊အယံ ဝုစ္စတိ သောဝစဿတာ။ ဣမာယ သောဝ
စဿတာယ သမန္နာဂတော ပုဂ္ဂလော သုဗ္ဗစော။

ကတမော စ ပုဂ္ဂလော ကလျာဏမိတ္တော၊ တတ္ထ ကတမာ
ကလျာဏမိတ္တတာ၊ယေတေ ပုဂ္ဂလာ သဒ္ဓါ,သီလဝန္တော,ဗဟု
သုတာ, စာဂဝန္တော, ပညာဝန္တော။ ယာ တေသံ သေဝနာ,
နိသေဝနာ, သံသေဝနာ,ဘဇနာ,သံဘဇနာ, ဘတ္တိ,သမ္ဘတ္တိ,
သံပဝင်္ကတာ၊အယံ ဝုစ္စတိ ကလျာဏမိတ္တတာ။ဣမာယ ကလျာ
ဏမိတ္တတာယ သမန္နာဂတော ပုဂ္ဂလော ကလျာဏ မိတ္တော။
(ကလျာဏမိတ္တဒုက်၊ပုဂ္ဂလပညတ်)

ကတမောစပုဂ္ဂလော၊အဘယ်ပုဂ္ဂိုလ်သည်လည်း။သုဗ္ဗစော၊သုဗ္ဗစ
ပုဂ္ဂိုလ်မည်သနည်း။သုဗ္ဗစော၊ လွယ်သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်။
တတ္ထ၊ထိုလွယ်သောပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၌။ သောဝစဿတာ၊
လွယ်သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏အမှု၏ အဖြစ်သည် ကတမာ၊
အဘယ်နည်း။ သဟာဓမ္မိကေ၊ တကွကျင့်အပ်သောတရား၌ အတူတကွ
ဖြစ်ကြသည်ကို။ဝုစ္စမာနေ၊ပြောဆိုအပ်သည်ရှိသော်။သောဝစဿာယံ၊
လွယ်သောပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏အမှု။သောဝစသီယံ၊ လွယ်
သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏အမှု။ သောဝစဿတာ၊လွယ်သော
ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်၏ အမှု၏ အဖြစ်။ ဝိပ္ပဋိကူလဂ္ဂါဟိတာ၊
ဖြောင့်သောအယူမရှိသော ပုဂ္ဂိုလ်၏အဖြစ်။ အဝိပစ္စနီကသာတတာ။
ဆန့်ကျင်ဘက်ဖြစ်သော မကောင်းသောအကျင့်ကို သာယာနှစ်သက်
ချင်းမရှိသော ပုဂ္ဂိုလ်၏အဖြစ်။ သာဒရိယံ၊ ရိုသေချင်းရှိ၏။ သာဒရိယ
တာ၊ ရိုသေချင်းရှိသည်၏အဖြစ်။ သဂါရဝတာ၊ ရိုသေချင်းရှိသည်၏
အဖြစ်၊ သပတိဿဝတာ၊ နာယူဝန်ခံချင်းရှိသည်၏အဖြစ်၊ အယံ၊ ဤ
နာယူဝန်ခံချင်းရှိသည်၏အဖြစ်ကို၊သောဝစဿတာ၊ လွယ်သောပြော
ဆိုချင်းရှိသော ပုဂ္ဂိုလ်၏အမှု၏အဖြစ်ဟူ၍၊ဝုစ္စတိ၊ ဆိုအပ်၏။ ဣမာယ
သောဝစဿတာယ၊ ဤလွယ်သောပြောဆိုချင်းရှိသောပုဂ္ဂိုလ်၏ အမှု
၏အဖြစ်နှင့်၊ သမန္နာဂတော၊ ပြည့်စုံသော၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်၊

သုဗ္ဗစော၊သုဗ္ဗစပုဂ္ဂိုလ်မည်၏။ သုဗ္ဗစော၊ လွယ်သော ပြောဆိုချင်းရှိသော ပုဂ္ဂိုလ်။

ကတမောစပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်သည်လည်း။ ကလျာဏမိတ္တော၊ ကလျာဏမိတ္တ ပုဂ္ဂိုလ်မည်သနည်း။ ကလျာဏမိတ္တော၊ ကောင်းသော မိတ်ရှိသော ပုဂ္ဂိုလ်။ တတ္ထ၊ ထိုကောင်းသော မိတ်ရှိသောပုဂ္ဂိုလ်၌။ ကလျာဏမိတ္တတာ၊ ကောင်းသော မိတ်ရှိသော ပုဂ္ဂိုလ်၏ အဖြစ်သည်။ ကတမာ၊ အဘယ်နည်း။ ယေတေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။သဒ္ဓါ၊ သဒ္ဓါတရားရှိကုန်၏။သီလဝန္တော၊ သီလရှိကုန်၏။ ဗဟုသုတာ၊ များသောအကြားအမြင်ရှိကုန်၏။ စာဂဝန္တော၊ စာဂရှိကုန်၏။ပညဝန္တော၊ ပညာရှိကုန်၏။ တေသံပညဝတံပုဂ္ဂလာနံ၊ ထိုပညာရှိသော ပုဂ္ဂိုလ်တို့ကို။ ယာသေဝနာ၊ အကြင်မှီဝဲချင်း။ ယာနိသေဝနာ၊ အကြင်မှီဝဲချင်း။ ယာသံသေဝနာ၊ အကြင်မှီဝဲချင်း။ ယာဘဇနာ၊ အကြင်ဆည်းကပ်ချင်း။ယာသံဘဇနာ၊ အကြင်ဆည်းကပ်ချင်း။ ယာဘတ္တိ၊အကြင်ဆည်းကပ်ချင်း။ယာသမ္ဘတ္တိ၊အကြင်ဆည်းကပ်ချင်း။ ယာသံပဝင်္ကတာ၊အကြင်ညွတ်သော စိတ်စေတနာရှိသည်၏အဖြစ်။ အယံ၊ ဤညွတ်သော စိတ်စေတနာရှိသည်၏ အဖြစ်ကို။ ကလျာဏမိတ္တတာ၊ ကောင်းသော မိတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣမာယ ကလျာဏမိတ္တတာယ၊ ဤကောင်းသော မိတ်ရှိသောပုဂ္ဂိုလ်၏အဖြစ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကလျာဏမိတ္တော၊ ကလျာဏမိတ္တ ပုဂ္ဂိုလ်မည်၏။ ကလျာဏမိတ္တော၊ ကောင်းသောမိတ်ရှိသော ပုဂ္ဂိုလ်။ **(ကလျာဏမိတ္တဒုက်၊ ပုဂ္ဂလပညတ်အနက်)**

ကလျာဏမိတ္တ, ပါပမိတ္တ ကမ္မဋ္ဌာန်းပေးသောဌာန၊ ကလျာဏမိတ္တကိုခွင့်ပြု၏။ ပါပမိတ္တကို ခွင့်မပြု။ ခွင့်ပြုပုံ- ခွင့်မပြုပုံကို ကောသလသံယုတ်၊အဋ္ဌမသုတ်၌ပြ၏။

ပြပုံကား—

သာဝတ္ထိယံ ဝိဟရတိ။ ဧကမန္တံ နိသိဒိ။ ဧကမန္တံ နိသိန္နော ခေါ ရာဇာ ပသေနဒိကောသလော ဘဂဝန္တံ ဧတဒဝေါစ။ ဣဓ မယှံ ဘန္တေ ရဟောဂတဿ ပဋိသလ္လီနဿ

ဇဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ။သွာချာတော ဘဂဝတာ ဓမ္မော၊ သောစ ခေါ ကလျာဏမိတ္တဿ, ကလျာဏသဟာယဿ, ကလျာဏသံပဝင်္ကဿ။ နောပါပမိတ္တဿ၊ နောပါပသဟာယဿ၊ နောပါပသံပဝင်္ကဿာတိ။ ဧဝမေတံ မဟာရာဇ၊ ဧဝမေတံ မဟာရာဇ၊ သွာချာတော မဟာရာဇ မယာ ဓမ္မော၊ သောစ ခေါ ကလျာဏမိတ္တဿ, ကလျာဏသဟာယဿ, ကလျာဏသံပဝင်္ကဿ။ နော ပါပမိတ္တဿ, နော ပါပသဟာယဿ, နော ပါပသံပဝင်္ကဿ။ (**ကောသလသံယုတ်–အဋ္ဌမသုတ်**)

သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟာရတိ၊ နေတော်မူ၏။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ နိသိဒိ၊ နေ၏။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ နိသိန္နောခေါ၊ နေပြီးသော။ ရာဇာပသေနဒိကောသလော၊ ပသေနဒိကောသလမင်းသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ လျှောက်၏။ ကထံ အဝေါစ၊ အဘယ်သို့လျှောက်သနည်း။ ဘန္တေ၊ မြတ်စွာဘုရား။ ဣဓ၊ ယခု။ မယှံ၊ အကျွန်ုပ်အား။ ရဟောဂတဿ၊ ဆိတ်ကွယ်ရာအရပ်သို့ကပ်သည်ဖြစ်၍။ ပဋိသလ္လီနဿ၊ တယောက်ထီးတည်း ကိန်းသည်ဖြစ်၍။ ဧဝံ၊ ဤသို့။ စေတသော၊ စိတ်၏။ ပရိဝိတက္ကော၊ အကြံ*သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ကထံ ဥဒပါဒိ၊ အဘယ်သို့ထင်ရှားဖြစ်သနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားကို။ သွာချာတော၊ ကောင်းစွာဟောတော်မူအပ်ပြီ။ သောစခေါဓမ္မော၊ ထိုတရားသည်လည်း။ ကလျာဏမိတ္တဿ၊ ကလျာဏမိတ္တ၏ သာလျှင်။ သွာခါတော၊ ကောင်းစွာဟောအပ်သော၊ ဓမ္မောနာမ၊ တရားမည်သည်။ ဟောတိ၊ ဖြစ်၏။ ပါပမိတ္တဿ၊ ပါပမိတ္တ၏။ သွာခါတော၊ ကောင်းစွာဟောအပ်သော။ ဓမ္မောနာမ၊ တရားမည်သည်။ နောဟောတိ၊ မဖြစ်။ ကလျာဏသဟာယဿ၊ ကောင်းသော အဖော်ရှိသော ပုဂ္ဂိုလ်၏သာလျှင်။ သွာခါတော၊ ကောင်းစွာ ဟောအပ်သော။ ဓမ္မော နာမ၊ တရားမည်သည်။ ဟောတိ၊ ဖြစ်၏။ ပါပသဟာယဿ၊ မကောင်းသော အဖော်ရှိသော

---

* စိန္တပုဒ်က-နှ,ဖြင့်၊ ကြန်-ကို နှ-သတ်ရေးသည်။

ပုဂ္ဂိုလ်၏။ သွာခါတော၊ ကောင်းစွာ ဟောအပ်သော။ ဓမ္မောနာမ၊
တရားမည်သည်။ နောဟောတိ။ မဖြစ်။ ကလျာဏသံပဝင်္ကဿ၊
ကောင်းသော အပေါင်းရှိသော ပုဂ္ဂိုလ်၏သာလျှင်။ သွာခါတော၊
ကောင်းစွာဟောအပ်သော။ဓမ္မောနာမ၊ တရားမည်သည်။ ဟောတိ၊
ဖြစ်၏။ ပါပသံပဝင်္ကဿ၊ မကောင်းသောအပေါင်းရှိသော ပုဂ္ဂိုလ်
၏။ သွာခါတော၊ ကောင်းစွာဟောအပ်သော။ဓမ္မောနာမ၊ တရားမည်
သည်။ နောဟောတိ၊ မဖြစ်၊ ဣတိဗေဝံ၊ ဤသို့။ စေတသော၊ စိတ်၏။
ပရိဝိတက္ကော၊ အကြံသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဣတိဗေဝံ၊ ဤသို့။
ဧတံဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ လျှောက်၏။ မဟာရာဇ၊
မင်းမြတ်။ ဧတံဝစနံ၊ ဤစကားသည်။ဧဝံ အာမ၊ ဟုတ်၏။ မဟာရာဇ၊
မင်းမြတ်။ ဧတံဝစနံ၊ ဤစကားသည်။ ဧဝံ အာမ၊ ဟုတ်၏။ မဟာရာဇ၊
မင်းမြတ်။ မယာ၊ ငါဘုရားသည်။ ဓမ္မော၊ တရားကို။ သွာချာတော၊
ကောင်းစွာ ဟောတော်မူအပ်ပြီ။ သောစခေါဓမ္မော၊ ထိုတရားသည်
လည်း။ ကလျာဏမိတ္တဿ၊ ကလျာဏမိတ္တ၏သာလျှင်။ သွာခါတော၊
ကောင်းစွာဟောအပ်သော။ ဓမ္မောနာမ၊ တရားမည်သည်။ ဟောတိ၊
ဖြစ်၏။ ပါပမိတ္တဿ၊ ပါပမိတ္တ၏။ သွာခါတော၊ ကောင်းစွာဟောအပ်
သော။ ဓမ္မောနာမ၊ တရားမည်သည်။ နောဟောတိ၊ မဖြစ်။ ကလျာဏ
သဟာယဿ၊ ကောင်းသော အဘော်ရှိသော ပုဂ္ဂိုလ်၏ သာလျှင်။
သွာခါတော၊ ကောင်းစွာဟောအပ်သော။ ဓမ္မောနာမ၊ တရားမည်
သည်။ ဟောတိ၊ ဖြစ်၏။ ပါပသဟာယဿ၊ မကောင်းသော အဘော်ရှိ
သော ပုဂ္ဂိုလ်၏။ သွာခါတော၊ကောင်းစွာဟောအပ်သော။ဓမ္မော နာမ၊
တရားမည်သည်။ နောဟောတိ၊ မဖြစ်။ ကလျာဏ သံပဝင်္ကဿ၊
ကောင်းသော အပေါင်းရှိသော ပုဂ္ဂိုလ်၏သာလျှင်။ သွာခါတော၊
ကောင်းစွာဟောအပ်သော။ ဓမ္မောနာမ၊ တရားမည်သည်။ ဟောတိ၊
ဖြစ်၏။ ပါပသံပဝင်္ကဿ၊ မကောင်းသောအပေါင်းရှိသောပုဂ္ဂိုလ်၏။
သွာခါတော၊ကောင်းစွာဟောအပ်သော။ ဓမ္မောနာမ၊တရားမည်သည်။
နောဟောတိ၊မဖြစ်။ **(အနက်)**

သောစခေါ ကလျာဏမိတ္တဿာတိ သောစာယံဓမ္မော က
လျာဏမိတ္တဿေဝ သွာခါတောနာမ ဟောတိ၊နပါပမိတ္တဿာ

တိ။ကိစ္စာပိ ဟိ ဓမ္မာ သဗ္ဗေသမ္ပိ သွာခါတော၀၊ ကလျာဏ
မိတ္တဿ ပနသုဿူသန္တဿ သဒ္ဒဟန္တဿ အတ္တံ ပူရေတိ။ဘေ
သဇ္ဇံဝိယ ဝဋ္ဋဒုက္ခံဿ၊ နဇ္ဇတရဿာတိ။တေနေတံ ဝုတ္တံ။

(အဋ္ဌကထာစကား၊ ကဏှပက္ခ-သုက္ကပက္ခ-၂-ပါး။ ကဏှပက္ခ၌ဆိုသောစကား သုက္ကပက္ခ၌မဆို။သုက္ကပက္ခ၌ဆိုသောစကား ကဏှပက္ခ၌မဆို။ လိုက်ရမည်ကိုသိ။)

သောစခေါ ကလျာဏမိတ္တဿာတိ၊သောစခေါကလျာဏမိတ္တဿ ဟူသည်ကား။သောစာယံ သောစအယံဓမ္မော၊ ထိုတရားသည်လည်း။ ကလျာဏမိတ္တဿ၀၊ကလျာဏမိတ္တ၏သာလျှင်။သွာခါတော၊ကောင်းစွာဟောအပ်သော။ ဓမ္မောနာမ၊တရားမည်သည်။ဟောတိ၊ ဖြစ်၏။ပါပ မိတ္တဿ၊ပါပမိတ္တ၏။ သွာခါတော၊ ကောင်းစွာဟောအပ်သော။ဓမ္မော နာမ၊တရားမည်သည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ဟိသစ္စံ၊ မှန်၏။ ဓမ္မော၊ တရားသည်။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်းဖြစ်ကုန် သော။ ကလျာဏမိတ္တပါပမိတ္တာနံ၊ ကလျာဏမိတ္တ, ပါပမိတ္တ တို့အား။ သွာခါတော၊ ကောင်းစွာဟောအပ်သော။ ဓမ္မော၀၊ တရားသည် သာလျှင်။ ကိဉ္စာပိ ဟောတိ၊ အကယ်၍ကားဖြစ်၏ရှဉ့်။ ပနတထာပိ၊ ထိုသို့ပင်ဖြစ်သော်လည်း။ ဘေသဇ္ဇံ၊ ဆေးသည်။ ဝဋ္ဋဒုက္ခံဿ၊ သုံး ဆောင်သောသူ၏။ အတ္တံ၊ အနက်ကို။ ပူရေတိဝိယ၊ ပြည့်စေသကဲ့သို့။ ဧဝမေဝံ တထာ၊ ထို့အတူ။ ဓမ္မော၊ တရားသည်။ သုဿူသန္တဿ၊ ကောင်းစွာ သင်ကြားနာယူသော။ သဒ္ဒဟန္တဿ၊ ယုံကြည်သော။ ကလျာဏမိတ္တဿ၊ ကလျာဏမိတ္တ၏။ အတ္တံ၊ အနက်ကို။ ပူရေတိ၊ ပြည့်စေ၏။ ဘေသဇ္ဇံ၊ ဆေးသည်။ ဇဇ္ဇတရဿ၊ မသုံးဆောင်သော သူ၏။ အတ္တံ၊ အနက်ကို၊ နပူရေတိ ဝိယ၊မပြည့်စေသကဲ့သို့။ ဧဝမေဝံတ ထာ၊ ထို့အတူ။ဓမ္မော၊ တရားသည်။အသုဿူသန္တဿ၊ ကောင်းစွာ မသင်, မကြား, မနာမယူသော။ အသဒ္ဒဟန္တဿ၊ မယုံကြည်သော။ ပါပမိတ္တဿ၊ ပါပမိတ္တ၏။အတ္တံ၊အနက်ကို။ နပူရေတိ၊မပြည့်စေ။တေန၊ ထို့ကြောင့်။တေံ'သောစခေါကလျာဏမိတ္တဿာ'တိဝစနံ။သောစခေါ ကလျာဏမိတ္တဿ ဟူသော ဤစကားကို။ ဝုတ္တံ၊ဆိုအပ်ပြီ။ **(အနက်)**

ဤစကားရပ်၌၊ **အတ္တံ ပူရေတိ၊ အတ္တံ နပူရေတိ** ဟူသောဤပုဒ်၏ အဓိပ္ပါယ်သော်ကား။မြတ်စွာဘုရား ကောင်းစွာ ဟောတော်မူအပ်သော

ကမ္မဋ္ဌာန်းပေးနည်း၊ ဒေသနာနည်းတရားကို။ ကောင်းစွာသင်ကြားနာယူ ယုံကြည်သော၊ ကမ္မဋ္ဌာန်းပေးဆရာ ကလျာဏမိတ္တ၊ ကမ္မဋ္ဌာန်းပေးနည်းကျ၏။ ဒေသနာနည်းပြ၏။ သုဒ္ဓဝိပဿနာယာနိကကို၊ သီလဝိသုဒ္ဓိပြ၏။ သမထဝိပဿနာယာနိကကို သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ ပြ၏။ ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ– လေးပါးတို့ဖြင့်၊ ဝိပဿနာဉာဏ်–၁၀– ပါးကိုပြ၏။ ဉာဏဒဿနဝိသုဒ္ဓိဖြင့်၊ မဂ်ဉာဏ်ကိုပြ၏။ တရုဏဝိပဿနာဉာဏ်ဖြင့်၊ မဂ်မှားပုံ,မဂ်မှန်ပုံကိုသာပြ၏။ မဂ်ကိုမရ။ တရုဏဝိပဿနာဉာဏ်ဖြင့် မဂ်မှားပုံ, မဂ်မှန်ပုံကိုသာပြ၏။ မဂ်ကိုမရချင်းကြောင့်၊ ဝိပဿနာဉာဏ်ဆယ်ပါး အစဉ်အတိုင်းဖြစ်၏။ ချန်ကျော်၍မသွား။ ဝိပဿနာဉာဏ်ဆယ်ပါးအစဉ်အတိုင်းဖြစ်၏။ချန်ကျော်၍မသွားချင်းကြောင့်၊ အနုလောမဉာဏ်ပြီးဆုံးသည့်တိုင်အောင်၊ ဉာဏ်အဆက်ဆက်အစဉ်အတိုင်းဖြစ်၍တက်၏။ အနုလောမဉာဏ်ပြီးဆုံးသည့်တိုင်အောင်၊ ဉာဏ်အဆက်ဆက်အစဉ်အတိုင်းဖြစ်၍တက်ချင်းကြောင့်၊ နာမရူပပရိစ္ဆေဒဉာဏ်မှ၊ ပစ္စယပရိဂ္ဂဟဉာဏ် လာ၏။ ပစ္စယ ပရိဂ္ဂဟဉာဏ်မှ၊ သမ္မသနဉာဏ် လာ၏။ သမ္မသနဉာဏ်မှ၊ ဥဒယဗ္ဗယဉာဏ်နု လာ၏၊ ဥဒယဗ္ဗယဉာဏ်နုမှ၊ ဥဒယဗ္ဗယဉာဏ်ရင့် လာ၏။ ဥဒယဗ္ဗယဉာဏ်ရင့်မှ၊ ဘင်ဉာဏ် လာ၏။ ဘင်ဉာဏ်မှ၊ ဘယဉာဏ်လာ၏။ဘယဉာဏ်မှ၊ အာဒီနဝဉာဏ် လာ၏။ အာဒီနဝဉာဏ်မှ၊ နိဗ္ဗိဒါဉာဏ် လာ၏။ နိဗ္ဗိဒါဉာဏ်မှ၊မုဉ္စိတုကမျတာဉာဏ် လာ၏။ မုဉ္စိတုကမျတာဉာဏ်မှ၊ ပဋိသင်္ခါဉာဏ် လာ၏။ ပဋိသင်္ခါဉာဏ်မှ၊ သင်္ခါရုပေက္ခာဉာဏ်လာ၏။သင်္ခါရုပေက္ခာဉာဏ်မှ၊ ပရိကံ လာ၏။ပရိကံမှ၊ဥပစာ လာ၏။ ဥပစာမှ၊အနုလုံ လာ၏။ အနုလုံမှ၊ဂေါတြဘူ လာ၏။ဂေါတြဘူမှ၊ မဂ် လာ၏။ဂေါတြဘူမှ၊ မဂ်လာချင်းကြောင့်၊ ဝိပဿနာဂမနမဂ် ကို ရ၏။ ဝိပဿနာဂမနမဂ် ကို ရချင်းကြောင့်၊ကလျာဏမိတ္တ အတိတ်မဂ်ကိုပွါးစေ၏ဟုပြ၏။ပြသော်လည်းအသင့်၊ခွင့်ပြု၏။ခွင့်ပြုချင်းကြောင့်၊ဆေးသည် သုံးဆောင်သောသူနာ၏ရောဂါပျောက်သောအနက်ကိုပြည့်စေသကဲ့သို့၊ ထို့အတူ၊တရားသည်မြတ်စွာဘုရားကောင်းစွာ ဟောတော်မူအပ်သော၊ကမ္မဋ္ဌာန်းပေးနည်း၊ ဒေသနာနည်းတရားကို ကောင်းစွာသင်ကြား,နာယူ, ယုံကြည်သော

ကမ္မဋ္ဌာန်းပေးဆရာ ကလျာဏမိတ္တ၏ တပည့် မဂ်ရသော အနက်ကို ပြည့်စေ၏။

မြတ်စွာဘုရား ကောင်းစွာ ဟောတော်မူအပ်သော ကမ္မဋ္ဌာန်းပေးနည်း ဒေသနာနည်းကို ကောင်းစွာမသင်မကြား၊မနာမယူ၊မယုံမကြည်သော၊ ကမ္မဋ္ဌာန်းပေးဆရာ ပါပမိတ္တ၊ ကမ္မဋ္ဌာန်းပေးနည်းမကျ၊ ဒေသနာနည်းမပြ။ သုဒ္ဓဝိပဿနာယာနိကကို၊ သီလဝိသုဒ္ဓိမပြ။ သမထဝိပဿနာ ယာနိကကို၊ သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိ မပြ။ဒိဋ္ဌိဝိသုဒ္ဓိ၊ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ လေးပါးတို့ဖြင့်၊ ဝိပဿနာဉာဏ်ဆယ်ပါးကိုမပြ။ဉာဏဒဿနဝိသုဒ္ဓိဖြင့်၊ မဂ်ဉာဏ်ကိုမပြ။ တရုဏဝိပဿနာဉာဏ်ဖြင့်၊ မဂ်မှားပုံ၊ မဂ်မှန်ပုံကိုမပြ။ မဂ်ကိုသာရ၏။ တရုဏဝိပဿနာဉာဏ်ဖြင့်၊မဂ်မှားပုံ၊ မဂ်မှန်ပုံကိုမပြ၊ မဂ်ကိုသာရချင်းကြောင့်၊ ဝိပဿနာဉာဏ်ဆယ်ပါးအစဉ်အတိုင်းမဖြစ်၊ချန်ကျော်၍သွား၏။ဝိပဿနာဉာဏ်ဆယ်ပါးအစဉ်အတိုင်းမဖြစ်၊ ချန်ကျော်၍သွားချင်းကြောင့်၊ အနုလောမဉာဏ် ပြီးဆုံးသည့်တိုင်အောင် ဉာဏ်အဆက်ဆက် အစဉ်အတိုင်းဖြစ်၍ မတက်။ အနုလောမဉာဏ် ပြီးဆုံးသည့်တိုင်အောင် ဉာဏ်အဆက်ဆက် အစဉ်အတိုင်းဖြစ်၍ မတက်ချင်းကြောင့်၊ နာမရူပပရိစ္ဆေဒဉာဏ်မှ၊ ပစ္စယပရိဂ္ဂဟဉာဏ်မလာ။ပစ္စယပရိဂ္ဂဟဉာဏ်မှ၊ သမ္မသနဉာဏ်မလာ။ သမ္မသနဉာဏ်မှ၊ ဥဒယဗ္ဗယဉာဏ်နုမလာ။ ဥဒယဗ္ဗယဉာဏ်နုမှ၊ ဥဒယဗ္ဗယဉာဏ်ရင့်မလာ။ ဥဒယဗ္ဗယဉာဏ်ရင့်မှ၊ ဘင်ဉာဏ်မလာ။ ဘင်ဉာဏ်မှ၊ဘယဉာဏ်မလာ၊ ဘယဉာဏ်မှ၊ အာဒီနဝဉာဏ်မလာ။ အာဒီနဝဉာဏ်မှ၊နိဗ္ဗိဒါဉာဏ်မလာ။ နိဗ္ဗိဒါဉာဏ်မှ၊ မုဉ္စိတုကမျတာဉာဏ်မလာ။ မုဉ္စိတုကမျတာဉာဏ်မှ၊ပဋိသင်္ခါဉာဏ်မလာ။ ပဋိသင်္ခါဉာဏ်မှ၊သင်္ခါရုပေက္ခာဉာဏ်မလာ။ သင်္ခါရုပေက္ခာဉာဏ်မှ၊ ပရိကံမလာ။ ပရိကံမှ ဥပစာမလာ။ ဥပစာမှ၊ အနုလုံမလာ။ အနုလုံမှ၊ ဂေါတြဘူမလာ။ ဂေါတြဘူမှ၊ မဂ်မလာ။ဂေါတြဘူမှ၊ မဂ်မလာချင်းကြောင့်၊ ဝိပဿနာဂမနမဂ်ကိုမရ။ ဝိပဿနာဂမနမဂ်ကိုမရချင်းကြောင့်၊ ကလျာဏမိတ္တအတိတ်မဂ်ကိုပွါးစေ၏ဟု မပြ။ ပြသော်လည်းမသင့်၊ ခွင့်မပြု။ ခွင့်မပြုချင်းကြောင့်၊ ဆေးသည် မသုံးဆောင်သော သူနာ၏ ရောဂါပျောက်သော အနက်ကို မပြည့်စေသကဲ့သို့။ ထို့အတူ၊ တရားသည် မြတ်စွာ

ဘုရား ကောင်းစွာဟောတော်မူအပ်သော၊ ကမ္မဋ္ဌာန်းပေးနည်း၊ ဒေသနာနည်းတရားကို ကောင်းစွာမသင်မကြား, မနာမယူ, မယုံမကြည်သော၊ ကမ္မဋ္ဌာန်းပေးဆရာ ပါပမိတ္တ၏ တပည့် မဂ်ရသောအနက်ကို မပြည့်စေ။

ထိုကြောင့်၊မြတ်စွာဘုရား ကောင်းစွာဟောအပ်သော တရားသည်လည်း၊ ကလျာဏမိတ္တ၏သာလျှင်၊ ကောင်းစွာဟောအပ်သောတရားမည်၏။ ပါပမိတ္တ၏ကောင်းစွာဟောအပ်သောတရားမမည်ဟု၊ ရှေးက ဆိုခဲ့လေပြီ။

ကလျာဏမိတ္တ,ပါပမိတ္တ ကမ္မဋ္ဌာန်းပေးသောဌာန၊မဂ်ရသော အရိယာပင်ဖြစ်သော်လည်း၊ အပ္ပဿုတဖြစ်မူကား၊ အရိယာတို့၏ အပ္ပဿုတတစိပ်နှင့်တကွ၊ အပ္ပဿုတကမ္မဋ္ဌာန်းပေးဆရာ ပါပမိတ္တကိုပယ်ချ၍၊ဗဟုဿုတကမ္မဋ္ဌာန်းပေးဆရာ ကလျာဏမိတ္တသို့ကပ်၍ ကမ္မဋ္ဌာန်းယူရပုံကို၊ ဝိသုဒ္ဓိမဂ်၌ပြ၏။

ပြပုံကား—

ယဿ ဧကသင်္ဂီတိပိ အဋ္ဌကထာယ သဒ္ဓိံ ပဂုဏာ၊ အယမ္ပိ လဇ္ဇီ ဟောတိ။ တဿ သန္တိကေ ဂဟေတဗ္ဗံ၊ ဧဝရူပေါ ဟိ တန္တိဓရော, ဝံသာနုရက္ခကော, ပဝေဏီပါလကော, အာစရိယော,အာစရိယမတိကောဝ ဟောတိ၊ န အတ္တနောမတိကော ဟောတိ။ တေနေဝ ပေါရာဏကတ္ထေရာ,, **လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတီ**တိ တိက္ခတ္တုံ အာဟံသု။ ပုဗ္ဗေ ဝုတ္တခီဏာသဝါဒယော စေတ္ထ အတ္တနာ အဓိဂတမဂ္ဂမေဝ အာစိက္ခန္တိ။ ဗဟုဿုတော ပန တံတံအာစရိယံ ဥပသင်္ကမိတွာ။ ဥဂ္ဂဟပရိပုစ္ဆာနံ ဝိသောဓိတတ္တာ ဣတော စိတော စ သုတ္တဉ္စ ကာရဏဉ္စ သလ္လက္ခေတွာ သပ္ပါယာသပ္ပါယံ ယောဇေတွာ ဂဟနဋ္ဌာနေ ဂစ္ဆန္တော မဟာဟတ္ထီ ဝိယ မဟာမဂ္ဂံ ဒဿေန္တော ကမ္မဋ္ဌာနံ ကထေဿတိ။ တသ္မာ ဧဝရူပံ ကမ္မဋ္ဌာနဒါယကံ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ တဿ ဝတ္တပဋိပတ္တိံ ကတွာ ကမ္မဋ္ဌာနံ ဂဟေတဗ္ဗံ။ **(ဝိသုဒ္ဓိမဂ်)**

ယဿအာစရိယဿ၊ အကြင်ဆရာအား။ ဧကသင်္ဂီတိပိ၊ တခုသော သင်္ဂီတိသုတ်သည်လည်း။ အဋ္ဌကထာယ၊ အဋ္ဌကထာနှင့်။သဒ္ဓိံ၊ တကွ။

ပဂုဏာ၊ အလေ့အလာသည်။ ဟောတိ၊ ဖြစ်၏။ အယဉ္စအာစရိယော၊
ဤဆရာသည်လည်း။ လဒ္ဓိ၊လဒ္ဓိသည်။ ဟောတိ၊ဖြစ်၏။ တဿလဒ္ဓိနော
အာစရိယဿ၊ထိုလဒ္ဓိဖြစ်သောဆရာ၏။သန္တိကေ၊ အထံ၌။ ကမ္မဋ္ဌာနံ၊
ကမ္မဋ္ဌာန်းကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဟိသစ္စံ၊မှန်၏။ ဧဝရူပေ၊ ဤသို့
သဘောရှိသော။ အာစရိယေ၊ ဆရာသည်။ တန္တိဓရေ၊ အရိယာတို့
အစဉ်ကိုဆောင်သော။ ဝံသာနုရက္ခကေ၊ အရိယာတို့၏ အနွယ်ကို
စောင့်ရှောက်သော။ ပဝေဏိပါလကေ၊ အရိယာတို့၏ အဆက်ကို
စောင့်ရှောက်သော၊ အာစရိယမတိကောဝ၊ ဆရာမြတ်တို့၏အလိုသည်
သာလျှင်။ ဟောတိ၊ ဖြစ်၏။ အတ္တနောမတိကော၊ မိမိ၏အလိုသည်။
နဟောတိ၊မဖြစ်။တေနေဝ၊ ထို့ကြောင့်သာလျှင်။ ပေါရာဏကာ၊ ရှေး၌
ဖြစ်ကုန်သော။ ထေရာ၊မထေရ်တို့သည်။ လဒ္ဓိ၊ လဒ္ဓိသည်။ ရက္ခိဿတိ၊
စောင့်ရှောက်လတံ့။လဒ္ဓိ၊လဒ္ဓိသည်။ရက္ခိဿတိ၊ စောင့်ရှောက်လတံ့။
လဒ္ဓိ၊လဒ္ဓိသည်။ရက္ခိဿတိ၊စောင့်ရှောက်လတံ့။ဣတိ၊ဤသို့။တိက္ခတ္တုံ၊
သုံးကြိမ်။ အာဟံသု၊ ဆိုကြကုန်၏။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တခီဏာသဝါ
ဒယောစ၊ ဆိုအပ်ပြီးသော သောတာပန်, သကဒါဂါမ်, အနာဂါမ်,
ရဟန္တာတို့သည်လည်း။ ဌပေတွာ၊ ဤကမ္မဋ္ဌာန်းပေးသော အရာဌာန၌။
အတ္တနာအဓိဂတမဂ္ဂမေဝ၊ မိမိရသော မဂ်ကိုသာလျှင်။ အာစိက္ခန္တိ၊
ပြောကြားကြကုန်၏။ ဗဟုသုတော ပန အာစရိယော၊ ဗဟုသုတဆရာ
သည်ကား။တံတံအာစရိယံ၊ထိုထိုဆရာသို့။ဥပသင်္ကမိတွာ၊ ကပ်၍။ ဥဂ္ဂ
ဟ ပရိပုစ္ဆာနံ၊ ပါဠိအဋ္ဌကထာတို့ကို။ဝိသောဓိတတ္တာ၊သုတ်သင်အပ်
သည်၏အဖြစ်ကြောင့်။ ဣတောစိတောစ၊ ထိုမှဤမှလည်း။ သုတ္တဉ္စ၊
သုတ်ကိုရင်း။ကာရဏဉ္စ၊အကြောင်းကိုရင်း။သလ္လက္ခေတွာ၊ ကောင်းစွာ
မှတ်၍။ သပ္ပါယာသပ္ပါယံ၊ လျောက်ပတ်သည်မလျောက်ပတ်သည်ကို။
ယောဇေတွာ၊ယှဉ်၍။ ဂဟဏဋ္ဌာနေ၊ တောကြီးအရပ်၌။ ဂစ္ဆန္တော၊
သွားသော။ မဟာဟတ္ထိ၊ ဆင်ကြီးသည်။ မဟာမဂ္ဂံ၊ လမ်းကြီးကို။
ဒဿေန္တောဝိယ၊ပြသကဲ့သို့။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ကထေဿတိ၊
ပြောဟောလတံ့။တသ္မာ၊ ထို့ကြောင့်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။
ကမ္မဋ္ဌာနဒါယကံ၊ ကမ္မဋ္ဌာန်းပေးသော။ ကလျာဏမိတ္တံ၊ ကလျာဏ
မိတ္တသို့။ ဥပသင်္ကမိတွာ၊ကပ်၍။ တဿ၊ လိုကလျာဏမိတ္တအား။ဝတ္တ

ပဋိပတ္တိံ၊ ဝတ်ကြီးဝတ်ငယ်ကို။ ကတွာ၊ ပြု၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို၊ ဂေဟတွာ၊ ယူအပ်၏။ **(အနက်)**

သာဓကမရှိ၊ အသိအမှတ် မပြုနိုင်၊ မယုံကြည်နိုင်သောစကား၊ အတိတ်မင်္ဂကို ပွါးစေ၏ဟူသောဤစကား၏သာဓက၊ နေတ္တိကိုပြ။

ပြပုံကား—

> သစိတ္တပရိယောဒပနန္တိ အတီတဿ မဂ္ဂဿ ဘာဝနာ ကိရိယာ သာ။ သတိ စိတ္တေ ပရိယောဒါပိတေ၊ ပဉ္စက္ခန္ဓာ ပရိယောဒါပိတာ ဘဝန္တိ။ ဧဝံဟိ ဘဂဝါ အာဟ,,, စေတော ဝိသုဒ္ဓတ္တံ ဘိက္ခဝေ တထာဂတေ ဗြဟ္မစရိယံ ဝုသတီတိ။ **(နေတ္တိ)**

သစိတ္တပရိယောဒပနန္တိ၊ သစိတ္တပရိယောဒပနံ ဟူသည်ကား။ အတီတဿ မဂ္ဂဿ၊ အတိတ်မင်္ဂကို။ ယာဘာဝနာ၊ အကြင်ပွါးချင်း။ ယာ ကိရိယာ၊ အကြင်ပြုချင်း။ သာ၊ ထိုအတိတ်မင်္ဂကို ပွါးချင်းပြုချင်းသည်။ သစိတ္တ ပရိယောဒပနာ၊ မိမိစိတ်ကို ဖြူစင်စေသည်မည်၏။ စိတ္တေ၊ စိတ်သည်။ ပရိယောဒါပိတေ၊ ဖြူစင်စေအပ်သည်။ သတိ၊ ရှိသော်။ ပဉ္စက္ခန္ဓာ၊ ငါးပါးသောခန္ဓာတို့သည်။ ပရိယောဒါပိတာ၊ ဖြူစင်စေအပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧဝံ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။ ကထံအာဟ၊ အဘယ်သို့ ဟောတော်မူသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စေတောဝိသုဒ္ဓတ္တံ၊ စိတ်ကို ဖြူစင်စေချင်းအကျိုးငှါ။ တထာဂတေ၊ ငါဘုရား၌။ ဗြဟ္မစရိယံ၊ မင်္ဂသိတင်းကို။ ဝုသတိ၊ သုံး၏။ ဣတိဧဝံ၊ ဤသို့၊ အာဟ၊ ဟောတော်မူ၏။ **(အနက်)**

သာဓကမရှိ၊ အသိအမှတ်မပြုနိုင်၊ မယုံကြည်နိုင်သောစကား၊ ကလျာဏမိတ္တအတိတ်မင်္ဂကိုပွါးစေ၏ ဟုပြ၏ ဟူသောဤစကား၏ သာဓက၊ ကောသလသံယုတ်-အဋ္ဌမသုတ်ကိုပြ။

ပြပုံကား—

> ကလျာဏ မိတ္တဿေတံ အာနန္ဒ ဘိက္ခုနော ပါဋိကင်္ခံ ကလျာဏသဟာယဿ, ကလျာဏသံပဝင်္ကဿ၊ ဘိက္ခု

အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေဿတိ၊ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဗဟုလီကရိဿတိ။ **(ကောသလသံယုတ်–အဋ္ဌမသုတ်)**

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ကလျာဏမိတ္တော, ကလျာဏသဟာယော, ကလျာဏသံပဝင်္ကော၊ ကောင်းသောအပေါင်း, ကောင်းသော အဘော်ကလျာဏမိတ္တဖြစ်သော။ဘိက္ခု၊ရဟန်းသည်။ အရိယံအဋ္ဌင်္ဂိကံ မဂ္ဂံ၊ အရိယာအဋ္ဌင်္ဂိကမဂ်ကို။ ဘာဝေဿတိ၊ ပွါးစေလတံ့။ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ အရိယာအဋ္ဌင်္ဂိကမဂ်ကို။ ဗဟုလီကရိဿတိ၊အကြိမ်များစွာ ပြုလတံ့။အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ကလျာဏမိတ္တဿ, ကလျာဏ သဟာယဿ, ကလျာဏသံပဝင်္ကဿ၊ ကောင်းသောအပေါင်း, ကောင်းသော အဘော်, ကလျာဏမိတ္တဖြစ်သော။ ဘိက္ခုနော၊ ရဟန်း၏။ ဧတံ အရိယံအဋ္ဌင်္ဂိကံမဂ္ဂံ၊ထိုအရိယာအဋ္ဌင်္ဂိကမဂ်ကို။ပါဒိုကင်္ခံ၊အလိုရှိအပ်၏။ **(အနက်)**

သာဓကမရှိ၊အသိအမှတ်မပြုနိုင်၊ မယုံကြည်နိုင်သောစကား၊ ကလျာဏမိတ္တ, ပါပမိတ္တ၊ ကမ္မဋ္ဌာန်းပေးသောဌာန၊ ကလျာဏမိတ္တကိုခွင့်ပြု၏။ ပါပမိတ္တကို ခွင့်မပြုဟူသော ဤစကား၏သာဓက၊ ကောသလသံယုတ်–အဋ္ဌမသုတ်ကိုပြ။

ပြပုံကား–

တသ္မာတိဟ မဟာရာဇ ဧဝံ တေ သိက္ခိတဗ္ဗံ။ ကလျာဏမိတ္တော ဘဝိဿာမိ ကလျာဏ သဟာယော, ကလျာဏ သံပဝင်္ကောတိ။ **(ကောသလသံယုတ်–အဋ္ဌမသုတ်)**

တသ္မာတိ ယသ္မာ၊ သကလော အရိယ မဂ္ဂေါပိ ကလျာဏ မိတ္တံ နိဿာယ လဗ္ဘတိ၊ တသ္မာ။ **(အဋ္ဌကထာ)**

တသ္မာတိ၊ တသ္မာဟူသည်ကား။ ယသ္မာ၊ အကြင့်ကြောင့်။ သကလော၊ အလုံးစုံသော။ အရိယမဂ္ဂေါပိ၊အရိယာမဂ်ကိုလည်း။ ကလျာဏမိတ္တံ၊ကလျာဏမိတ္တကို၊ နိဿာယ၊ မှီ၍။ လဗ္ဘတိ၊ ရအပ်၏။ တသ္မာ၊ ထို့ကြောင့်။ မဟာရာဇ၊ မင်းမြတ်။ ဣဓ၊ ဤငါဘုရားသာသနာတော်မြတ်၌။ တေ၊ သင်မင်းမြတ်သည်၊ ဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ကထံသိက္ခိတဗ္ဗံ၊ အဘယ်သို့ကျင့်အပ်သနည်း။ အဟံ၊ ငါသည်။ကလျာဏမိတ္တော,ကလျာဏ သဟာယော, ကလျာဏသံပဝင်္ကော၊ ကောင်း

သော အပေါင်း, ကောင်းသော အဘော်, ကလျာဏမိတ္တသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ **(အနက်)**

ကလျာဏမိတ္တ, ပါပမိတ္တ ကမ္မဋ္ဌာန်းပေးသောဌာန၊ ကလျာဏမိတ္တကိုခွင့်ပြု၏။ ပါပမိတ္တကို ခွင့်မပြု။ အဘယ့်ကြောင့်ကလျာဏမိတ္တကို ခွင့်ပြုသနည်း။

ကလျာဏမိတ္တကို၊ ဟုတ်သော အရာဌာနလည်းရှိ၊ မဟုတ်သော အရာဌာနလည်းရှိ၊ သိသောကြောင့် ခွင့်ပြု၏။

အဘယ့်ကြောင့် ပါပမိတ္တကို ခွင့်မပြုသနည်း။

ပါပမိတ္တကို၊ ဟုတ်သော အရာဌာနလည်းမရှိ၊ မဟုတ်သောအရာဌာနလည်းမရှိ၊ မသိသောကြောင့် ခွင့်မပြု။

ဟုတ်သော အရာဌာနလည်းရှိ၊ မဟုတ်သော အရာဌာနလည်းရှိ၊ သိမသိ၏ သာဓက၊ အတက္ကာဝစရကိုပြ။

ပြပုံကား—

အဓိဂတောခေါ မျာယံဓမ္မော။ ဂမ္ဘီရော၊ ဒုဒ္ဒသော၊ ဒုရနုဗောဓော၊ သန္တော၊ ပဏီတော၊ အတက္ကာဝစရော၊ နိပုဏော၊ ပဏ္ဍိတဝေဒနီယော။ **(ဓမ္မာဘိယာစကသုတ်)**

မေ၊ ငါဘုရားသည်။ အယံဓမ္မော၊ ဤတရားကို။ အဓိဂတောခေါ၊ ရတော်မူအပ်ပြီ။ သောအယံဓမ္မော၊ ထိုတရားသည်။ (ကြိယာရှစ်ပုဒ်ပြည့်အောင်လိုက်)။ ဂမ္ဘီရော၊ နက်နဲ၏။ ဒုဒ္ဒသော၊ မြင်နိုင်ခဲ၏။ ဒုရနုဗောဓော၊ သိအံ့သည်မှဝေး၏။ သန္တော၊ အေး၏။ ပဏီတော၊ မြတ်၏။ အတက္ကာဝစရော၊ ကြံဆ၍မဖြစ်။ နိပုဏော၊ သိမ်မွေ့၏။ ပဏ္ဍိတဝေဒနီယော၊ အရိယာပညာရှိ၊ သိအပ်သောသဘောရှိ၏။ **(အနက်)**

ဤပါဠိတော်ဌာန၊ ရှစ်ဝါကျတွင်၊ အဓိဂတောခေါ မျာယံဓမ္မော, အတက္ကာဝစရော ဟူသော ဤဝါကျ၌၊ အတက္ကာဝစရော ဟူသောဤပုဒ်ကို ဝိဂြိုဟ်ဆိုသော်,,,န တက္ကေတွာ အဝစရတီတိ အတက္ကာဝစရော,,, အဓိဂတောခေါ မျာယံ ဓမ္မော ကား၊ ယော သော၏ အစွဲ။

ယောဓမ္မော၊ အကြွင် ငါဘုရား ရတော်မူအပ်သော တရားသည်။ တဗ္ဗေတွာ၊ကြွန်သ၍။ န အဝစရတိ၊ မဖြစ်။ ဣတိ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုငါဘုရားရတော်မူအပ်သော တရားသည်။ အတက္ကာဝစရော၊ အတက္ကာဝစရမည်၏။

အတက္ကာဝစရ၊ကြွန်သ၍မဖြစ်သော မြတ်စွာဘုရား တရားတော်ကို အဓိပ္ပါယ်ဆိုသော်၊ ဟုတ်သောအရာဌာနသို့ ရောက်သော အဓိပ္ပါယ် လည်းရှိမည်။ မဟုတ်သောအရာဌာနသို့ရောက်သော အဓိပ္ပါယ်လည်း ရှိမည်။ဟုတ်သော အရာဌာနသို့ ရောက်သော အဓိပ္ပါယ်သည်ကား၊ သုခေတ္တမည်၏။ ဟုတ်သောအရာဌာနသို့ ရောက်သော အဓိပ္ပါယ်ကို သင်ကြားနာယူ၍ ကျင့်သောတပည့်သည်ကား၊ သုဗီဇမည်၏။ မဟုတ်သော အရာဌာနသို့ရောက်သော အဓိပ္ပါယ်သည်ကား၊ ဒုက္ခေတ္တမည်၏။ မဟုတ်သော အရာဌာနသို့ရောက်သော အဓိပ္ပါယ်ကို သင်ကြားနာယူ၍ ကျင့်သော တပည့်သည်ကား၊ဒုဗ္ဗီဇမည်၏။

ဒုက္ခေတ္တ-ဒုဗ္ဗီဇ,,, သုခေတ္တ-သုဗီဇ,,,မည်၏ဟူသော သာဓက၊ မဟာဝဂ္ဂသံယုတ် သရဏာဏိသုတ်ကိုပြ။

ပြပုံကား—

သေယျထာပိ မဟာနာမ ဒုက္ခေတ္တံ ဒုဗ္ဘူမိ အဝိဟတခါဏုကံ ဗီဇာနိစဿု ခဏ္ဍာနိ, ပူတီနိ, ဝါတာတပဟတာနိ, အသာရာနိ, အသုခါပသယိတာနိ၊ ဒေဝေါစဿ န သမာဓာရံ အနုပဝေစ္ဆေယျ။အပိနု တာနိဗီဇာနိ ဝုဍ္ဎိံ,ဝိရူဠှိံ,ဝေပုလ္လံ အာပဇ္ဇေယျုံ ။နော ဟေတံ ဘန္တေ။ဧဝမေဝ ခေါ မဟာနာမ ဓမ္မော ဒုရက္ခာတော ဟောတိ ဒုပ္ပဝေဒိတော, အနိယျာနိကော, အနုပသမသံဝတ္တနိကော, အသမ္မာသမ္ဗုဒ္ဓပ္ပဝေဒိတော၊ ဣဒမဟံ ဒုခေတ္တသ္မိံ ဝဒါမိ။တသ္မိံစ ဓမ္မေ သာဝကော ဝိဟရတိ ဓမ္မာနုဓမ္မ ပဋိပန္နော,သာမိစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ဣဒမဟံ ဒုဗီဇသ္မိံ ဝဒါမိ။

သေယျထာပိ မဟာနာမ သုခေတ္တံ, သုဘူမိ, သုဝိဟတခါဏုကံ, ဗီဇာနိစဿု အခဏ္ဍာနိ, အပူတီနိ, အဝါတာတပဟတာနိ,သာရာနိ, သုခါပသယိတာနိ၊ ဒေဝေါစဿ သမာဓာရံ အနုပဝေစ္ဆေယျ။ အပိနု တာနိဗီဇာနိ ဝုဍ္ဎိံ, ဝိရူဠှိံ, ဝေပုလ္လံ

အာပဇ္ဇေယျုန္တိ။ ဧဝံဘန္တေ။ ဧဝမေဝ ခေါ မဟာနာမ ဣဓ
ဓမ္မော သွာက္ခာတော ဟောတိ သုပဝေဒိတော, နိယျာနိကော,
ဥပသမသံဝတ္တနိကော, သမ္မာသမ္ဗုဒ္ဓပဝေဒိတော၊ ဣဒမဟံ
သုခေတ္တူပမံ ဝဒါမိ။တသ္မိံ စဓမ္မေ သာဝကော ဝိဟရတိ ဓမ္မာနု
ဓမ္မပဋိပ္ပန္နော,သာမီစိပဋိပ္ပန္နော အနုဓမ္မစာရီ၊ဣဒမဟံ သုဗီဇူပမံ
ဝဒါမိ။**(မဟာဝဂ္ဂသံယုတ်-သရဏာနိသုတ်)**

မဟာနာမ၊ မဟာနာမ်။ သေယျထာပိ၊ ဥပမာမည်သည်ကား။ အဝိဟတခါဏုကံ၊မသုတ်သင်, မရှင်းလင်း, မကောင်းသောမြက်ငုတ်ရှိသော။ ဒုဘူမိံ၊ မကောင်းသောမြေရှိသော။ဒုက္ခေတ္တံ၊ မကောင်းသောလယ်၌။ ဗီဇာနိစ၊ မျိုးစေ့တို့သည်လည်း။ အသုဘာဝေယျုံ၊ ဖြစ်ကုန်ရာ၏။ ယာနိဗီဇာနိ၊ အကြင်မျိုးစေ့တို့သည်။ ခဏ္ဍာနိ၊ ကျိုးကုန်၏။ ပူတီနိ၊ ပုတ်ကုန်၏။ ဝါတာတပဟတာနိ၊ လေနေပူတို့ဖြင့် သွေ့ခြောက်ကုန်၏။ အသာရာနိ၊ အနှစ်မရှိကုန်။ အသုခါပဿယိတာနိ၊ မှီရာ မလွယ်ကုန်။ ဒေဝေါစ၊ မိုးသည်လည်း။ အဿခေတ္တဿ၊ ထိုလယ်အား။ သမ္မာ ဓာရံ၊ ကောင်းမြတ်သောမိုးရေအလျဉ်ကို။ နအနုပဝေစ္ဆေယျ၊ မသွတ်ဖြန်းရာ။ အပိနု၊ စင်စစ်။ တာနိဗီဇာနိ၊ ထိုမျိုးစေ့တို့သည်။ ဝုဒ္ဓိံ၊ ကြီးပွါးချင်းသို့။ ဝိရူဠှိံ၊ စည်ပင်ချင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောများမြတ်ချင်းသို့။ အာပဇ္ဇေယျုံ၊ ရောက်ကုန်ရာသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ ဧတာနိ ဗီဇာနိ၊ထိုမျိုးစေ့တို့သည်။အပိနု၊ စင်စစ်။ ဝုဒ္ဓိံ၊ ကြီးပွါးချင်းသို့။ ဝိရူဠှိံ၊ စည်ပင်ချင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောများမြတ်ချင်းသို့။ နောဟိအာပဇ္ဇေယျုံ၊ မရောက်ကုန်ရာ။ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ မဟာနာမ၊ မဟာနာမ်။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ဣဓ၊ ဤငါဘုရား၏ သာသနာတော်မြတ်၌။ ဓမ္မော၊ တရားသည်။ ဒွါက္ခာတော၊ မကောင်းသဖြင့် ဟောအပ်သည်။ ဟောတိ၊ ဖြစ်၏။ဒုပဝေဒိတော၊မကောင်းသဖြင့်သိစေအပ်သည်။ဟောတိ၊ဖြစ်၏။ အနိယျာနိကော၊ ဝဋ္ဋဒုက္ခဘုံဘဝမှ မထွက်မြောက်သည်။ ဟောတိ၊ ဖြစ်၏။ အနုပသမသံဝတ္တနိကော၊ ကိလေသာ ငြိမ်းချင်းကို မဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ အသမ္မာသမ္ဗုဒ္ဓပဝေဒိတော၊ ဘုရားမဟောသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံဓမ္မဇာတံ၊ ဤတရားသဘောကို။

အဟံ၊ ငါဘုရားသည်။ ဒုခေတ္တသ္မိံ၊ မကောင်းသောလယ်ဟူ၍၊ ဝဒါမိ၊ ဟော၏။ တသ္မိံစဓမ္မေ၊ ထိုဘုရားမဟောသောတရား၌လည်း။ သာဝကော၊ တပည့်သည်။ ဓမ္မာနုဓမ္မပဋိပန္နော၊ ဘုရားမဟောသော တရားအားလျော်သော တရားကိုကျင့်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သာမိစိပဋိပန္နော၊ အရိုအသေကျင့်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။အနုဓမ္မစာရီ၊ ဆရာပြောဟောသောစကား၊ လျော်သောအားဖြင့်၊ တရားကိုကျင့်သောအလေ့သဘောရှိသည်ဖြစ်၍။ဝိဟရတိ၊နေ၏။ ဣဒံသာဝကဇာတံ၊ ဤတပည့်သဘောကို။အဟံ၊ငါဘုရားသည်။ ဒုဗီဇသ္မိံ၊ မကောင်းသောမျိုးစေ့ဟူ၍။ ဝဒါမိ၊ ဟော၏။ မဟာနာမ၊ မဟာနာမ်။ သေယျထာပိ၊ ဥပမာမည်သည်ကား။ သုဝိဟာတခါဏုကံ၊ ကောင်းစွာ သုတ်သင်, ရှင်းလင်း,ကင်းသောမြက်ငုတ်ရှိသော။ သုဘူမိံ၊ ကောင်းသော မြေရှိသော။သုခေတ္တံ၊ကောင်းသောလယ်၌။ ဗီဇာနိစ၊ မျိုးစေ့တို့သည်လည်း။ အသုဘာဝေယျုံ၊ ဖြစ်ကုန်ရာ၏။ ယာနိဗီဇာနိ၊အကြင်မျိုးစေ့တို့သည်။ အခဏ္ဍာနိ၊ မကျိုးကုန်။ အပူတီနိ၊ မပုတ်ကုန်။ အဝါတာတပဟတာနိ၊ လေနေပူတို့ဖြင့်မသွေ့ခြောက်ကုန်။သာရာနိ၊အနှစ်ရှိကုန်၏။ သုခါပသယိတာနိ၊ မှီရာ လွယ်ကုန်၏။ ဒေဝေါစ၊ မိုးသည်လည်း။ အဿခေတ္တဿ၊ ထိုလယ်အား။ သမာဓာရံ၊ကောင်းမြတ်သောမိုးရေအလျဉ်ကို။ အနုပဝစ္ဆေယျ၊ ဆွတ်ဖြန်းရာ၏။ တာနိဗီဇာနိ၊ထိုမျိုးစေ့တို့သည်။ အပိနု၊စင်စစ်။ဝုဍ္ဎိံ၊ကြီးပွါးချင်းသို့။ ဝိရူဠှိံ၊ စည်ပင်ချင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောများမြတ်ချင်းသို့။ အာပဇ္ဇေယျုံ၊ ရောက်ကုန်ရာသလော။ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊မြတ်စွာဘုရား။ ဧဝံဧတာနိဗီဇာနိ၊ထိုမျိုးစေ့တို့သည်။ ဝုဍ္ဎိံ၊ ကြီးပွါးချင်းသို့။ ဝိရူဠှိံ၊ စည်ပင်ချင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောများမြတ်ချင်းသို့။ အာပဇ္ဇေယျုံ၊ ရောက်ကုန်ရာ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ မဟာနာမ၊ မဟာနာမ်။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ဣဓ၊ ဤငါဘုရား၏သာသနာတော်မြတ်၌။ ဓမ္မော၊ တရားသည်။ သွာချာတော၊ ကောင်းစွာဟောအပ်သည်။ ဟောတိ၊ ဖြစ်၏။ သုပဝေဒိတော၊ကောင်းစွာသိစေအပ်သည်။ ဟောတိ၊ဖြစ်၏။ နိယျာနိကော၊ဝဋ္ဋဒုက္ခဘုံဘဝမှထွက်မြောက်သည်။ဟောတိ၊ဖြစ်၏။ဥပသမသံဝတ္တနိကော၊ ကိလေသာငြိမ်းအေးချင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ သမ္မာသမ္ဗုဒ္ဓပဝေဒိတော၊ဘုရားဟောသည်။ ဟောတိ၊ ဖြစ်၏။

ဣဒံဓမ္မဇာတံ၊ ဤတရားသဘောကို။အဟံ၊ ငါဘုရားသည်။ သုခေတ္တသို့၊ ကောင်းသောလယ်ဟူ၍၊ ဝဒါမိ။ ဟော၏။ တသ္မိံစဓမ္မေ၊ ထိုဘုရားဟောသော တရား၌လည်း။ သာဝကော၊ တပည့်သည်။ ဓမ္မာနုဓမ္မ—ပဋိပန္နော၊ ဘုရားဟောသော တရားအားလျော်သော တရားကို ကျင့်သည်ဖြစ်၍။ဝိဟာရတိ၊ နေ၏။ သာမိစိပဋိပန္နော၊ အရိုအသေကျင့်သည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏။ အနုဓမ္မစာရီ၊ ဆရာပြောဟောသောစကား၊ လျော်သောအားဖြင့် တရားကိုကျင့်သော အလေ့သဘောရှိသည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏။ ဣဒံသာဝကဇာတံ၊ ဤတပည့်သဘောကို။ အဟံ၊ ငါဘုရားသည်။ သုဗီဇသို့၊ ကောင်းသောမျိုးစေ့ဟူ၍။ ဝဒါမိ၊ ဟော၏။

(အနက်)

ဤကားဆရာ၏အတွက်၊ တပည့်၏အတွက်၊ သက်သက်ဆိုသော စကားတည်း။ သင်အပ်,ကြားအပ်,နာယူ၍ ကျင့်အပ်သော မြတ်စွာဘုရား ကောင်းစွာ ဟောတော်မူအပ်သော ကမ္မဋ္ဌာန်းပေးနည်း,ဒေသနာနည်းတရားကို၊နောက်၌ဆိုလတံ့။

ဝိပဿနာ

ဉာဏ်စဉ်ကျမ်း

ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝိသုဒ္ဓိ စခန်း

ဣဒါနိ ယာဣမေသု ဘူမိဘူတေသု ဓမ္မေသု ဥဂ္ဂဟပရိပုစ္ဆာ
ဝသေန ဉာဏပရိစယံ ကတွာ သီလဝိသုဒ္ဓိစေဝ စိတ္တဝိသုဒ္ဓိ
စာတိ ဒွေမူလဘူတာ ဝိသုဒ္ဓိယော သမ္ပာဒေတဗ္ဗာတိ ဝုတ္တာ။

ဣဒါနိ၊ ယခု။ ဘူမိဘူတေသု၊ ပါဒိုဟာရိယ ပညာဖြစ်ရာ—ဘုံဖြစ်၍ ဖြစ်ကုန်သော။ ဣမေသုဓမ္မေသု၊ ဤတရားတို့၌။ ဥဂ္ဂဟပရိပုစ္ဆာဝသေန၊ နှုတ်တက်ရအောင် သင်သောအလို၊ သဘောကို သိအောင် မေးသော အလိုအားဖြင့်။ ဉာဏပရိစယံ၊ ဉာဏ်အလေ့အလာကို။ ကတွာ၊ ပြု၍။ သီလဝိသုဒ္ဓိစေဝ၊ သီလဝိသုဒ္ဓိလည်း တပါး။ စိတ္တဝိသုဒ္ဓိစ၊ စိတ္တဝိသုဒ္ဓိ လည်းတပါး။ ဣတိ၊ ဤသို့။ ဒွေမူလဘူတာ၊ မူလဘူတအပြား နှစ်ပါး ဖြစ်၍ ဖြစ်ကုန်သော။ ယာဝိသုဒ္ဓိယော၊ အကြင် ဝိသုဒ္ဓိတို့ကို။ သမ္ပာဒေတဗ္ဗာ၊ ပြီးစေအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တာ၊ ဆိုအပ်ကုန်ပြီ။

ဤစကားရပ်၌၊ **ပါဠိဟာရိယပညာ** မည်သည်ကား။

ပါဠိမုခံ ပဋိပထံ ဉာဏကိစ္စံ ဟာရေတိ ဟာရိတွာ ပကာသေတီတိ ပါဠိဟာရိယာ။

ယာပညာ၊ အကြင်ပညာသည်။ ပါဠိမုခံ၊ ဈေးရှု။ ပဋိပထံ၊ ရင်ဆိုင်။ ဉာဏကိစ္စံ၊ ဉာဏ်၏ကိစ္စကို။ ဟာရေတိဟာရိတွာပကာသေတိ၊ ဆောင်၍ ပြတတ်၏။ ဣတိ၊ ထို့ကြောင့်။ သာပညာ၊ ထိုပညာသည်။ ပါဠိဟာရိယာ၊ ပါဠိဟာရိယ မည်၏။

အဘယ်သို့လျှင် ဆောင်၍ ပြတတ် သောကြောင့် ပါဠိဟာရိယ ပညာမည်သနည်း။

ဝိပဿနာဉာဏ်အား ဈေးရှု ထင်အောင်–ရင်ဆိုင်– ဝိပဿနာ ဉာဏ်၏ကိစ္စကို ဆောင်၍ ပြတတ်သောကြောင့် ပါဠိဟာရိယ ပညာ မည်၏။

ပြပုံကား–

မြင်သော ခဏ၊ မျက်စိကလည်းကြည်၊ အဆင်းကလည်း ထင်၊ စက္ခုဝိညာဏ်ကလည်း မြင်၊ ဖဿကလည်း တွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတာကို၊ မြင်တယ်ဆိုရ။ ။မြင်သောခဏ၊ မျက်စိကြည်တာ, အဆင်းထင်တာက, ရုပ်၊ မြင်တာ, တွေ့တာ, ခံစား တာက,နာမ်၊ ဤကား ရုပ်၊ ဤကား နာမ်၊ မဆိုသော်လည်း ဆိုသလို၊ ရုပ် အပိုင်းအခြား၊ နာမ် အပိုင်းအခြား၊ ဝိပဿနာ ဉာဏ်အား ဈေးရှု ထင်အောင်၊ ရင်ဆိုင်–ဝိပဿနာဉာဏ်၏ကိစ္စကို၊ မြင်သောခဏ၊ မြင်– မြင်တယ်မှတ်ဟု၊ ဆောင်၍ ပြတတ်သောကြောင့်၊ပါဠိဟာရိယပညာ။

"စက္ခုံပန နိဿာယ ရူပံ အာရဗ္ဘ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"။

ကြားသောခဏ၊ နားကလည်းကြည်၊ အသံကလည်းထင်၊ သောတ ဝိညာဏ်ကလည်းကြား၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတာကို၊ ကြားတယ် ဆိုရ။ ။ကြားသောခဏ၊ နားကြည်တာ, အသံထင်တာက, ရုပ်၊ ကြားတာ, တွေ့တာ, ခံစား တာက, နာမ်၊ ဤကားရုပ်၊ ဤကားနာမ်၊ မဆိုသော်လည်း ဆိုသလို၊ ရုပ် အပိုင်းအခြား၊ နာမ် အပိုင်းအခြား၊ ဝိပဿနာ ဉာဏ်အား ဈေးရှု ထင်အောင်၊ ရင်ဆိုင်- ဝိပဿနာဉာဏ်၏ ကိစ္စကို၊ ကြားသောခဏ၊

ကြား–ကြားတယ်မှတ်ဟု၊ဆောင်၍ပြတတ်သောကြောင့်၊ ပါဠိဟာရိယ ပညာ။

"သောတံ ပန နိဿာယ သဒ္ဒံ အာရဗ္ဘ ဥပ္ပဇ္ဇတိ သောတ ဝိညာဏံ"။

နံသောခဏ၊နှာကလည်းကြည်၊ အနံ့ကလည်းထင်၊ ဃာနဝိညာဏ် ကလည်းနံ၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတာကို၊ နံတယ်ဆိုရ။ ။နံသောခဏ၊ နှာကြည်တာ,အနံ့ ထင်တာက,ရုပ်၊ နံတာ, တွေ့တာ, ခံစားတာက, နာမ်၊ ဤကား ရုပ်၊ ဤကား နာမ်၊ မဆိုသော်လည်း ဆိုသလို၊ ရုပ် အပိုင်းအခြား၊ နာမ် အပိုင်းအခြား၊ဝိပဿနာဉာဏ်အား ရှေးရှုထင်အောင်၊ ရင်ဆိုင်-ဝိပဿ နာဉာဏ်၏ကိစ္စကို၊ နံသောခဏ၊ နံ–နံတယ်မှတ်ဟု၊ဆောင်၍ ပြတတ် သောကြောင့်၊ ပါဠိဟာရိယပညာ။

"ဃာနံ ပန နိဿာယ ဂန္ဓံ အာရဗ္ဘ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ"။

စားသောခဏ၊ လျှာကလည်းကြည်၊ အရသာကလည်းထင်၊ ဇိဝှါ ဝိညာဏ်ကလည်းစား၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတာကို၊ စားတယ်ဆိုရ။ ။စားသောခဏ၊ လျှာ ကြည်တာ, အရသာထင်တာက,ရုပ်၊စားတာ, တွေ့တာ, ခံစားတာက, နာမ်၊ ဤကားရုပ်၊ ဤကားနာမ်၊ မဆိုသော်လည်း ဆိုသလို၊ရုပ်အပိုင်း အခြား၊ နာမ်အပိုင်း အခြား၊ ဝိပဿနာဉာဏ်အား ရှေးရှု ထင်အောင်၊ ရင်ဆိုင်-ဝိပဿနာဉာဏ်၏ ကိစ္စကို၊ စားသောခဏ၊ စား–စားတယ် မှတ်ဟု၊ ဆောင်၍ပြတတ်သောကြောင့်၊ ပါဠိဟာရိယပညာ။

"ဇိဝှံ ပန နိဿာယ ရသံ အာရဗ္ဘ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ"။

ထိသောခဏ၊ ကိုယ်ကလည်းကြည်၊အတွေ့ကလည်းထင်၊ကာယ ဝိညာဏ်ကလည်းထိ၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတာကို၊ ထိတယ်ဆိုရ။ ။ထိသောခဏ၊ ကိုယ် ကြည်တာ, အတွေ့ထင်တာက, ရုပ်၊ ထိတာ, တွေ့တာ, ခံစားတာက, နာမ်၊ ဤကား ရုပ်၊ ဤကား နာမ်၊ မဆိုသော်လည်း ဆိုသလို၊ ရုပ် အပိုင်းအခြား၊ နာမ် အပိုင်းအခြား၊ ဝိပဿနာ ဉာဏ်အား ရှေးရှု ထင် အောင်၊ ရင်ဆိုင်–ဝိပဿနာဉာဏ်၏ ကိစ္စကို၊ ထိသော ခဏ၊ ထိ–ထိ တယ်မှတ်ဟု၊ ဆောင်၍ပြတတ်သောကြောင့်၊ ပါဠိဟာရိယပညာ။

"ကာယံပန နိဿာယ ဖောဋ္ဌဗ္ဗံ အာရဗ္ဘ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ"။

(သိသောခဏ၊ ဆိုသောစကား၊ အများနှင့်ဆက်ဆန်၏။ အများနှင့် မဆက်ဆန် အောင်၊ ကွေးသောခဏ၊ စသည်ဆိုမည်။ မနောကြည်ဆိုးသောစကား၊ ဒွါရရုပ်ဒွာန ဖြစ်၍၊ ဟဒယဝတ္ထုမှတ်။ ။အမှာစကား။)

ကွေးသောခဏ၊ မနောကလည်းကြည်၊ ကွေးသော သဘောက လည်းထင်၊ မနောဝိညာဏ်ကလည်းသိ၊ ဖဿကလည်းတွေ့၊ ဝေဒနာ ကလည်းခံစား၊ ငါးပါးစုံပေါင်းဆုံမိတာကို၊ ကွေးတယ်ဆိုရ။ ။ကွေး သောခဏ၊ မနောကြည်တာ, ကွေးသော သဘောထင်တာက,ရုပ်၊ သိတာ,တွေ့တာ,ခံစားတာက,နာမ်၊ဤကားရုပ်၊ဤကားနာမ်၊မဆိုသော် လည်း ဆိုသလို၊ ရုပ်အပိုင်းအခြား၊ နာမ်အပိုင်းအခြား၊ ဝိပဿနာဉာဏ် အား ရှေးရှုထင်အောင်၊ရင်ဆိုင်-ဝိပဿနာဉာဏ်၏ကိစ္စကို၊ ကွေးသော ခဏ၊ ကွေး—ကွေးတယ်မှတ်ဟု၊ ဆောင်၍ပြတတ်သောကြောင့်၊ ပါဠိ ဟာရိယပညာ။

"မနံ ပန နိဿာယ ဓမ္မံ အာရဗ္ဘ ဥပ္ပဇ္ဇတိ မနောဝိညာဏံ"။

ဤသို့ဝိပဿနာဉာဏ်အားရှေးရှုထင်အောင်၊ရင်ဆိုင်ဝိပဿနာဉာဏ် ၏ ကိစ္စကိုဆောင်၍ ပြတတ်သောကြောင့်၊ပါဠိဟာရိယ ပညာမည်၏။

ဤပါဠိဟာရိယ ပညာဖြစ်ရာ-- ဘုံဖြစ်၍ဖြစ်သော၊ ဟူသည်ကား၊ ခန္ဓာ, အာယတန,ဓာတ်,ဣန္ဒြေ,သစ္စာ,ပဋိစ္စသမုပ္ပါဒ်,အားဖြင့်၊ ၆-ပါး။

ထို ၆—ပါးတို့တွင်၊**ခန္ဓာကား—**

ခါဒတီတိခန္ဓာ။ ။ခါဒတိ၊ ကိုက်တတ်ခဲတတ်ကုန်၏။ ဣတိ၊ ထို့ ကြောင့်။ခန္ဓာ၊ခန္ဓာမည်ကုန်၏။ဤကားသဒ္ဒါ၏အလို။ ။အနက်၏အလို သော်ကား။ ။ရာသဋ္ဌေန ခန္ဓာ။ ။ရာသဋ္ဌေန၊ အပေါင်းအစုဟူသော အနက်ကြောင့်။ခန္ဓာ၊ခန္ဓမည်ကုန်၏။ ။အပေါင်းအစုကိုခန္ဓာဆို။

ခန္ဓာကားငါးပါး။ငါးပါးဟူသော်ကား။
ရုပ်အပေါင်းအစုကို ရူပက္ခန္ဓာဆို။
ဝေဒနာအပေါင်းအစုကို ဝေဒနက္ခန္ဓာဆို။
သညာအပေါင်းအစုကို သညက္ခန္ဓာဆို။
သင်္ခါရအပေါင်းအစုကို သင်္ခါရက္ခန္ဓာဆို။
ဝိညာဏ်အပေါင်းအစုကို ဝိညာဏက္ခန္ဓာဆို။

ရုပ်အပေါင်းအစုကို၊ ရူပက္ခန္ဓာဆိုသော်ကား။ တပါးတပါးသောရုပ်၊ အတိတ်ဖြစ်သောရုပ်၊ အနာဂတ်ဖြစ်သောရုပ်၊ ပစ္စုပ္ပန်ဖြစ်သောရုပ်၊ မိမိသန္တာန်ဖြစ်သောရုပ်၊ သူ့သန္တာန်ဖြစ်သောရုပ်၊ ရုန်းရင်းကြမ်းတမ်းသောရုပ်၊ သိမ်မွေ့နူးညံ့သောရုပ်၊ ယုတ်နိမ့်သောရုပ်၊ မြင့်မြတ်သောရုပ်၊ ဝေးသောရုပ်၊ နီးသောရုပ်၊ ဤ၁၁-ရပ်ဌာနဌ ဖြစ်သော၊ တပါးတပါးသောရုပ်အပေါင်းအစုကို၊ ရူပက္ခန္ဓာဆို။

ဝေဒနာအပေါင်းအစုကို၊ ဝေဒနက္ခန္ဓာ ဆိုသော်ကား။ တပါးတပါးသောဝေဒနာ၊ အတိတ်ဖြစ်သောဝေဒနာ၊ အနာဂတ်ဖြစ်သောဝေဒနာ၊ ပစ္စုပ္ပန်ဖြစ်သော ဝေဒနာ၊ မိမိသန္တာန်ဖြစ်သောဝေဒနာ၊ သူ့သန္တာန်ဖြစ်သောဝေဒနာ၊ ရုန်းရင်းကြမ်းတမ်းသော ဝေဒနာ၊ သိမ်မွေ့နူးညံ့သောဝေဒနာ၊ ယုတ်နိမ့်သောဝေဒနာ၊ မြင့်မြတ်သော ဝေဒနာ၊ ဝေးသောဝေဒနာ၊ နီးသောဝေဒနာ၊ ဤ ၁၁-ရပ်ဌာနဌ ဖြစ်သော၊ တပါးတပါးသော ဝေဒနာအပေါင်းအစုကို၊ ဝေဒနက္ခန္ဓာဆို။

သညာအပေါင်းအစုကို၊ သညက္ခန္ဓာဆိုသော်ကား။ တပါးတပါးသောသညာ၊ အတိတ်ဖြစ်သောသညာ၊ အနာဂတ်ဖြစ်သောသညာ၊ ပစ္စုပ္ပန်ဖြစ်သောသညာ၊ မိမိသန္တာန်ဖြစ်သော သညာ၊ သူ့သန္တာန်ဖြစ်သော သညာ၊ ရုန်းရင်းကြမ်းတမ်းသောသညာ၊ သိမ်မွေ့နူးညံ့သော သညာ၊ ယုတ်နိမ့်သောသညာ၊ မြင့်မြတ်သောသညာ၊ ဝေးသောသညာ၊ နီးသော သညာ၊ ဤ ၁၁-ရပ်ဌာနဌဖြစ်သော၊ တပါးတပါးသောသညာအပေါင်း အစုကို၊ သညက္ခန္ဓာဆို။

သင်္ခါရအပေါင်းအစုကို၊ သင်္ခါရက္ခန္ဓာဆိုသော်ကား။ တပါးတပါးသောသင်္ခါရ၊ အတိတ်ဖြစ်သောသင်္ခါရ၊ အနာဂတ်ဖြစ်သောသင်္ခါရ၊ ပစ္စုပ္ပန်ဖြစ်သောသင်္ခါရ၊ မိမိသန္တာန်ဖြစ်သောသင်္ခါရ၊ သူ့သန္တာန်ဖြစ်သော သင်္ခါရ၊ ရုန်းရင်းကြမ်းတမ်းသောသင်္ခါရ၊ သိမ်မွေ့ နူးညံ့သော သင်္ခါရ၊ ယုတ်နိမ့်သော သင်္ခါရ၊ မြင့်မြတ်သော သင်္ခါရ၊ ဝေးသော သင်္ခါရ၊ နီးသောသင်္ခါရ၊ ဤ ၁၁-ရပ်ဌာနဌဖြစ်သော တပါးတပါးသော သင်္ခါရ အပေါင်းအစုကို၊ သင်္ခါရက္ခန္ဓာဆို။

ဝိညာဏ်အပေါင်းအစုကို၊ ဝိညာဏက္ခန္ဓာဆိုသော်ကား။ တပါးတပါးသော ဝိညာဏ်၊ အတိတ်ဖြစ်သော ဝိညာဏ်၊ အနာဂတ်ဖြစ်သော

ဝိညာဏ်၊ ပစ္စုပ္ပန်ဖြစ်သောဝိညာဏ်၊ မိမိသန္တာန်ဖြစ်သော ဝိညာဏ်၊ သူ့သန္တာန်ဖြစ်သောဝိညာဏ်၊ ရုန်းရင်းကြမ်းတမ်းသော ဝိညာဏ်၊ သိမ်မွေ့နူးညံ့သော ဝိညာဏ်၊ ယုတ်နိမ့်သောဝိညာဏ်၊ မြင့်မြတ်သောဝိညာဏ်၊ ဝေးသောဝိညာဏ်၊ နီးသောဝိညာဏ်။ ဤ ၁၁-ရပ်ဌာနဌ်ဖြစ်သော တပါးတပါးသော ဝိညာဏ် အပေါင်းအစုကို၊ဝိညာဏက္ခန္ဓာဆို။

(ဤကားခန္ဓာ ငါးပါး)

အာယတနဟူသော်ကား။

အာယံတနောတိ ဝိတ္ထာရေတီတိ အာယတနံ။ ။အာယံ၊ သံသရာ၏ အစီးအပွါးတိုးပွါးအောင်။ တနောတိ ဝိတ္ထာရေတိ၊ ချဲ့ထွင်တတ်၏။ ဣတိ၊ ထို့ကြောင့်။အာယတနံ၊အာယတနမည်၏။

[သံသရာ၏အစီးအပွါး၊တိုးပွါးအောင်၊ချဲ့ထွင်တတ်သောကြောင့်၊အာယတန။]

အာယတနကား ၁၂-ပါး။ ၁၂-ပါးဟူသော်ကား၊ မျက်စိက၊ သံသရာ၏အစီးအပွါး၊တိုးပွါးအောင် ချဲ့ထွင်တတ်သောကြောင့်၊ စက္ခာယတန။ ။နားက၊ သံသရာ၏ အစီးအပွါး တိုးပွါးအောင်၊ချဲ့ထွင်တတ်သောကြောင့်၊ သောတာယတန။ ။နှာက၊ သံသရာ၏အစီးအပွါး၊ တိုးပွါးအောင်ချဲ့ထွင်တတ်သောကြောင့်၊ ဃာနာယတန။ ။လျှာက၊ သံသရာ၏ အစီးအပွါး၊ တိုးပွါးအောင် ချဲ့ထွင်တတ်သောကြောင့်၊ ဇိဝှါယတန။ ။ကိုယ်က၊ သံသရာ၏ အစီးအပွါး၊ တိုးပွါးအောင် ချဲ့ထွင်တတ်သောကြောင့်၊ကာယာယတန။ ။စိတ်က၊သံသရာ၏အစီးအပွါး၊ တိုးပွါးအောင် ချဲ့ထွင်တတ်သောကြောင့်၊ မနာယတန။ ။အဆင်းက၊ သံသရာ၏ အစီးအပွါး၊ တိုးပွါးအောင် ချဲ့ထွင်တတ်သောကြောင့်၊ ရူပါယတန။ ။အသံက၊သံသရာ၏ အစီးအပွါး၊တိုးပွါးအောင် ချဲ့ထွင်တတ်သောကြောင့်၊ သဒ္ဒါယတန။ ။အနံ့က၊ သံသရာ၏ အစီးအပွါး တိုးပွါးအောင် ချဲ့ထွင်တတ်သောကြောင့်၊ ဂန္ဓာယတန။ ။အရသာက၊ သံသရာ၏ အစီးအပွါး၊ တိုးပွါးအောင်ချဲ့ထွင်တတ်သောကြောင့်၊ ရသာယတန။ ။အတွေ့က၊ သံသရာ၏အစီးအပွါး၊ တိုးပွါးအောင်ချဲ့ထွင်တတ်သောကြောင့်၊ ဖောဋ္ဌဗ္ဗာယတန။ ။သဘောက၊ သံသရာ၏ အစီးအပွါး၊တိုးပွါးအောင်၊ ချဲ့ထွင်တတ်သောကြောင့်၊ ဓမ္မာယတန။

(ဤကား အာယတန ၁၂-ပါး)

ဓာတ်ဟူသော်ကား—

သုညတဋ္ဌေန ဓာတု။ ။သုညတဋ္ဌေန၊ သတ္တဇီဝမှ ဆိတ်သောအနက်ကြောင့်၊ ဓာတု၊ ဓာတ်မည်၏။ ဤကား သဒ္ဒါ၏အလို။ ။အနက်၏အလိုသော်ကား။ ။အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။ ။အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို။ဓာရေတိ၊ဆောင်တတ်၏။ဣတိ၊ ထို့ကြောင့်။ဓာတု၊ဓာတ်မည်၏။

[မိမိသဘောကို ဆောင်တတ်သောကြောင့်၊ဓာတ်၊]

ဓာတ်ကား ၁၈-ပါး။ ၁၈—ပါးဟူသော်ကား။

မျက်စိက၊ မျက်စိသဘောကိုဆောင်တတ်သောကြောင့်၊ စက္ခုဓာတ်။ ။အဆင်းက၊အဆင်းသဘောကို ဆောင်တတ်သောကြောင့်၊ ရူပဓာတ်။ ။မြင်တာက၊ မြင်သောသဘောကို ဆောင်တတ်သောကြောင့်၊ စက္ခုဝိညာဏဓာတ်။ ။နားက၊နားသဘောကို ဆောင်တတ်သောကြောင့်၊ သောတဓာတ်။ ။အသံက၊အသံသဘောကိုဆောင်တတ်သောကြောင့်၊ သဒ္ဒဓာတ်။ ။ကြားတာက၊ ကြားသောသဘောကိုဆောင်တတ်သောကြောင့်၊ သောတဝိညာဏဓာတ်။ ။နှာက၊နှာသဘောကိုဆောင်တတ်သောကြောင့်၊ ဃာနဓာတ်။ ။အနံ့က၊ အနံ့သဘောကို ဆောင်တတ်သောကြောင့်၊ ဂန္ဓဓာတ်။ ။နံတာက၊ နံသောသဘောကိုဆောင်တတ်သောကြောင့်၊ဃာနဝိညာဏဓာတ်။ ။လျှာက၊ လျှာသဘောကိုဆောင်တတ်သောကြောင့်၊ ဇိဝှါဓာတ်။ ။အရသာက၊ အရသာသဘောကို ဆောင်တတ်သောကြောင့်၊ ရသဓာတ်။ ။စားတာက၊ စားသောသဘောကိုဆောင်တတ်သောကြောင့်၊ ဇိဝှါဝိညာဏဓာတ်။ ။ကိုယ်က၊ ကိုယ်သဘောကို ဆောင်တတ်သောကြောင့်၊ ကာယဓာတ်။ ။အတွေ့က၊ အတွေ့သဘောကို ဆောင်တတ်သောကြောင့်၊ ဖောဋ္ဌဗ္ဗဓာတ်။ ။ထိတာက၊ထိသောသဘောကိုဆောင်တတ်သောကြောင့်၊ကာယဝိညာဏဓာတ်။ ။မနောက၊ မနောသဘောကို ဆောင်တတ်သောကြောင့်၊ မနောဓာတ်။ ။သဘောက၊ သဘောကို ဆောင်တတ်သောကြောင့်၊ ဓမ္မဓာတ်။ ။သိတာက၊ သိသော သဘောကို ဆောင်တတ်သောကြောင့်၊ မနောဝိညာဏဓာတ်။ **(ဤကား ဓာတ် ၁၈-ပါး)**

ဣန္ဒြေကား—

ဣန္ဒတိ ဣန္ဒသဒိယံ ကရောတီတိ ဣန္ဒြိယံ။ ။ဣန္ဒတိဣန္ဒသဒိယံက ရောတိ၊ အစိုးတရပြုတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဣန္ဒြိယံ၊ ဣန္ဒြေမည်၏။

[အစိုးတရပြုတတ်သောကြောင့်၊ ဣန္ဒြေ။]

ဣန္ဒြေကား ၂၂-ပါး။ ၂၂–ပါးဟူသော်ကား။

မျက်စိက၊ မြင်သော အရာဌာနဟူသမျှ၊ အစိုးတရ ပြုတတ်သော ကြောင့်၊ စက္ခုန္ဒြေ။ ။နားက၊ ကြားသောအရာဌာနဟူသမျှ၊ အစိုး တရပြုတတ်သောကြောင့်၊ သောတိန္ဒြေ။ ။နှာက၊ နံသောအရာဌာန ဟူသမျှ၊ အစိုးတရပြုတတ်သောကြောင့်၊ ဃာနိန္ဒြေ။ ။လျှာက၊ စား သောအရာဌာနဟူသမျှ၊ အစိုးတရပြုတတ်သောကြောင့်၊ ဇိဝှိန္ဒြေ။ ။ ကိုယ်က၊ ထိသောအရာဌာန ဟူသမျှ၊ အစိုးတရပြုတတ်သောကြောင့်၊ ကာယိန္ဒြေ။ ။စိတ်က၊ သိသောအရာဌာနဟူသမျှ၊ အစိုးတရပြုတတ် သောကြောင့်၊ မနိန္ဒြေ။ ။မိန်းမက၊ မိန်းမအရာဌာနဟူသမျှ၊အစိုးတရ ပြုတတ်သောကြောင့်၊ ဣတ္ထိန္ဒြေ။ ။ယောကျ်ားက၊ ယောကျ်ားအရာ ဌာနဟူသမျှ၊ အစိုးတရပြုတတ်သောကြောင့်၊ ပုရိသိန္ဒြေ။ ။အသက် က၊ အသက်အရာဌာနဟူသမျှ၊ အစိုးတရပြုတတ်သောကြောင့်၊ ဇီဝိ တိန္ဒြေ။ ။သုခက၊ချမ်းသာသော အရာဌာနဟူသမျှ၊ အစိုးတရပြုတတ် သောကြောင့်၊သုခိန္ဒြေ။ ။ဒုက္ခက၊ ဆင်းရဲသော အရာဌာန ဟူသမျှ၊ အစိုးတရပြုတတ်သောကြောင့်၊ ဒုက္ခိန္ဒြေ။ ။သောမနဿက၊နှစ်သက် သော အရာဌာနဟူသမျှ၊ အစိုးတရ ပြုတတ်သောကြောင့်၊ သောမန ဿိန္ဒြေ။ ။ဒေါမနဿက၊ မနှစ်သက်သော အရာဌာနဟူသမျှ၊ အစိုး တရပြုတတ်ကြောင့်၊ ဒေါမနဿိန္ဒြေ။ ။ဥပေက္ခာက၊ လျစ်လျူရှု သောအရာဌာနဟူသမျှ၊အစိုးတရပြုတတ်သောကြောင့်၊ဥပေက္ခိန္ဒြေ။ ။ သဒ္ဓါက၊ ယုံကြည်သော အရာဌာနဟူသမျှ၊ အစိုးတရပြုတတ်သော ကြောင့်၊ သဒ္ဓိန္ဒြေ။ ။ဝီရိယက၊ အားထုတ်သော အရာဌာနဟူသမျှ၊ အစိုးတရ ပြုတတ်သောကြောင့်၊ ဝီရိယိန္ဒြေ။ ။သတိက၊ ထင်သော အရာဌာန ဟူသမျှ၊ အစိုးတရ ပြုတတ်သောကြောင့်၊ သတိန္ဒြေ။ ။ သမာဓိက၊ တည်သော အရာဌာန ဟူသမျှ၊ အစိုးတရ ပြုတတ်သော ကြောင့်၊ သမာဓိန္ဒြေ။ ။ပညာက၊ အပြားအားဖြင့်သိသောအရာဌာန

ဟူသမျှ၊ အစိုးတရပြုတတ်သောကြောင့်၊ ပညိန္ဒြေ။ ။သောတာပတ္တိမဂ်ဉာဏ်က၊ ဘယ်အခါကာလမှ မသိဘူးသော သစ္စာလေးပါးတရားကို၊ ယခု ငါသိအံ့ဟု၊ အစိုးတရပြုတတ်သောကြောင့်၊ အနညာတညဿာမီတိန္ဒြေ။ ။[အနညာတံ အညဿာမီတိ ဣန္ဒ္ဒြိယံ ကရောတီတိ အနညာတညဿာမီတိန္ဒြိယံ။ ။ယံဉာဏံ၊ အကြင်သောတာပတ္တိမဂ်ဉာဏ်သည်။ အနညာတံ၊ အဘယ်အခါကာလမှ မသိဘူးသော သစ္စာလေးပါးတရားကို။ အညဿာမိ၊ ယခုငါသိအံ့။ ဣတိ၊ ဤသို့။ ဣန္ဒတိဣန္ဒ္ဒိယံကရောတိ၊ အစိုးတရပြုတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံဉာဏံ၊ ထိုသောတာပတ္တိမဂ်ဉာဏ်သည်။အနညာတညဿာမီတိန္ဒြိယံ၊ အနညာတညဿာမီတိန္ဒြေ မည်၏။]

သောတာပတ္တိဖိုလ်ဉာဏ်၊ သကဒါဂါမိ မဂ်ဉာဏ်၊ သကဒါဂါမိဖိုလ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အနာဂါမိဖိုလ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ဤ ၆-ပါးက၊ သောတာပတ္တိမဂ်ဖြင့် သိပြီးသော သစ္စာလေးပါးတရားကို၊ သိအောင် အစိုးတရ ပြုတတ်သောကြောင့်၊ အညိန္ဒြေ။ ။အရဟတ္တ ဖိုလ်ဉာဏ်က၊ အောက်မဂ်, အောက်ဖိုလ်ဖြင့် သိပြီးသော သစ္စာလေးပါး တရားကို၊ သိအောင် အစိုးတရ ပြုတတ်သောကြောင့်၊ အညာတာဝိန္ဒြေ။ (**ဤကား ဣန္ဒြေ ၂၂–ပါး**)

သစ္စာကား ၄–ပါး။ ၄-ပါးဟူသော်ကား–

ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ,။ ။ဤသို့ သစ္စာလေးပါး။

ထိုလေးပါးတို့တွင်၊ လောကီစိတ် ၈၁ကောသိတ်၊ တဏှာ ကြဉ်သော စေတသိက်၅၀ပညာသ၊ရုပ်အဋ္ဌဝီသ-က၊ ဒုက္ခသစ္စာ။ ။တဏှာက၊ သမုဒယသစ္စာ။ ။ယခုလက်ရှိ မိမိအတ္တဘော၌၊ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ ၂-ပါးတို့၏ မဖြစ်သော *ချုပ်ခြင်းက၊ နိရောဓသစ္စာ။ ။မဂ်စိတ္တုပ္ပါဒ်၌ပါသော၊သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ,

* နိရောဓ-ပုဒ်ဖြင့် ချုပ်-ကို ဆောက်ရေးသည်။

သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, မဂ္ဂင် ၈-ပါး
က၊ မဂ္ဂသစ္စာ။

မဂ္ဂသစ္စာ၌ ပါသော မဂ်ဟူသည်ကား။

ဒုက္ခသစ္စာကို ပိုင်းခြားချင်း ကိစ္စ၊ သမုဒယသစ္စာကို ပယ်ချင်း ကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မဂ္ဂသစ္စာကိုပွါးချင်းကိစ္စ။ ။ ဤကိစ္စ ၄-ချက်၊ တပြိုင်နက်ဖြစ်ချင်းသည်၊ မဂ်မည်၏။

အဘယ်သို့ သစ္စာ ၄-ချက်၊ တပြိုင်နက် ဖြစ်ချင်းသည်၊ မဂ်မည်သနည်း။

သမ္မာဒိဋ္ဌိ က၊ ပိုင်းခြား အပ်သောရုပ်၌၊ သမုဒယသစ္စာကို ပယ်ချင်း ကိစ္စ၊ ပယ်ချင်း၌၊ ရုပ်ကိုစွဲ၍ ဖြစ်သော၊ သုခသညာ,သောမနဿသညာကား၊ ရုပ်၏သာယာချင်းတည်းဟု၊ ရှုသော ဒဿနဘာဝနာကိစ္စ။ ။ သမ္မာဒိဋ္ဌိက၊ ပိုင်းခြားအပ်သော ရုပ်၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ရုပ်၏အနိစ္စ, ဒုက္ခ, ဝိပရိဏာမကား,ရုပ်၏အပြစ်တည်းဟု၊ ရှုသောဒဿနဘာဝနာကိစ္စ။ ။သမ္မာဒိဋ္ဌိက၊ ပိုင်းခြားအပ်သောရုပ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်း ကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ် မဖြစ်၊ ရုပ်၌ ပျောက်ချင်းသည်ကား၊ အသစ် အသစ် ဖြစ်ချင်း၌ ထိုက်သော၊ ရုပ်၏ ယခု အသစ်အသစ် မဖြစ်၊ လွတ်ချင်းတည်းဟု၊ ရှုသော ဒဿနဘာဝနာကိစ္စ။

သမ္မာသင်္ကပ္ပ က၊ ပိုင်းခြားအပ်သောရုပ်၌၊ သမုဒယ သစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ရုပ်ကိုစွဲ၍ ဖြစ်သော၊ သုခသညာ, သောမနဿသညာ,ကား၊ ရုပ်၏ သာယာချင်းတည်းဟု၊ ကြံသော သင်္ကပ္ပဘာဝနာကိစ္စ။ ။သမ္မာသင်္ကပ္ပက၊ ပိုင်းခြားအပ်သော ရုပ်၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်း ကိစ္စ၊ ပိုင်းခြားချင်း၌၊ ရုပ်၏အနိစ္စ, ဒုက္ခ, ဝိပရိဏာမ,ကား၊ ရုပ်၏အပြစ်တည်းဟု၊ကြံသော သင်္ကပ္ပဘာဝနာကိစ္စ။ ။သမ္မာသင်္ကပ္ပက၊ ပိုင်းခြားအပ်သောရုပ်၌ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ်မဖြစ်၊ ရုပ်၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်

ဖြစ်ချင်း၄ါထိုက်သော ရုပ်၏ ယခု အသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်း ဟု၊ကြွန်သော သင်္ကပ္ပဘာဝနာကိစ္စ။

သမ္မာဝါစာ က၊ပိုင်းခြားအပ်သော ရုပ်၌၊ သမုဒယ သစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၄ါ၊ ရုပ်ကိုစွဲ၍ဖြစ်သော၊ သုခသညာ, သောမနဿသညာ,ကား၊ ရုပ်၏ သာယာချင်းတည်းဟု၊ နှုတ်ကို သိမ်းဆည်းသော-ပရိဂ္ဂဟဘာဝနာ ကိစ္စ။ ။သမ္မာဝါစာ က၊ ပိုင်းခြား အပ်သော ရုပ်၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၄ါ၊ ရုပ်၏ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ,ကား၊ ရုပ်၏အဖြစ်တည်းဟု နှုတ်ကိုသိမ်းဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါစာ က၊ပိုင်းခြား အပ်သော ရုပ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်း ကိစ္စ၊ မျက်မှောက် ပြုချင်း၄ါ၊ အသစ်အသစ်ဖြစ်ချင်း၄ါ ထိုက်သော ဆန္ဒရာဂ၊ယခု အသစ်အသစ်မဖြစ်၊ရုပ်၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၄ါထိုက်သောရုပ်၏ ယခု အသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊နှုတ်ကိုသိမ်းဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။

သမ္မာကမ္မန္တ က၊ ပိုင်းခြားအပ်သောရုပ်၌၊ သမုဒယ သစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၄ါ၊ ရုပ်ကိုစွဲ၍ ဖြစ်သော၊ သုခသညာ, သောမနဿသညာ,ကား၊ ရုပ်၏ သာယာချင်းတည်းဟု၊ မကောင်းမှု ပြုရာမှ ထသော သမုဋ္ဌာန ဘာဝနာကိစ္စ။ ။သမ္မာကမ္မန္တ က၊ ပိုင်းခြားအပ်သောရုပ်၌၊ဒုက္ခသစ္စာကို၊ပိုင်းခြားချင်းကိစ္စ၊ပိုင်းခြားချင်း၄ါ၊ရုပ်၏အနိစ္စ, ဒုက္ခ, ဝိပရိဏာမ,ကား၊ ရုပ်၏ အဖြစ်တည်းဟု၊ မကောင်းမှုပြုရာမှ ထသော သမုဋ္ဌာန ဘာဝနာကိစ္စ။ ။သမ္မာကမ္မန္တ က၊ ပိုင်းခြားအပ်သောရုပ်၌၊ နိရောဓသစ္စာကို၊ မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၄ါ၊ အသစ်အသစ် ဖြစ်ချင်း၄ါ ထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ်မဖြစ်၊ ရုပ်၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ် ဖြစ်ချင်း၄ါ ထိုက်သော ရုပ်၏ ယခု အသစ်အသစ် မဖြစ်၊ လွတ်ခြင်းတည်းဟု၊ မကောင်းမှုပြုရာမှထသော သမုဋ္ဌာနဘာဝနာကိစ္စ။

သမ္မာအာဇီဝ က၊ ပိုင်းခြားအပ်သောရုပ်၌၊သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၄ါ၊ ရုပ်ကိုစွဲ၍ဖြစ်သော၊ သုခသညာ, သောမနဿသညာ,ကား၊ရုပ်၏သာယာချင်းတည်းဟု၊ ဖြူစင်သော ဝေါဒါနဘာဝနာ

ကိစ္စ။ ။သမ္မာအာဇီဝ က၊ပိုင်းခြားအပ်သောရုပ်၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ရုပ်၏ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ,ကား၊ ရုပ်၏အပြစ်တည်းဟု၊ဖြူစင်သော ဝေါဒါနဘာဝနာကိစ္စ။ ။သမ္မာအာဇီဝ က ပိုင်းခြားအပ်သော ရုပ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်း ကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ်မဖြစ်၊ ရုပ်၌ပျောက်ချင်းသည်ကား၊ အသစ်အသစ်၊ ဖြစ်ချင်း၌ထိုက်သောရုပ်၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ ဖြူစင်သော ဝေါဒါနဘာဝနာကိစ္စ။

သမ္မာဝါယာမ က၊ ပိုင်းခြားအပ်သောရုပ်၌၊သမုဒယသစ္စာကိုပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ရုပ်ကိုစွဲ၍ဖြစ်သော၊ သုခသညာ, သောမနဿသညာ,ကား၊ရုပ်၏သာယာချင်းတည်းဟု၊ အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါယာမ က၊ ပိုင်းခြားအပ်သောရုပ်၌၊ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ရုပ်၏ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ,ကား၊ ရုပ်၏အပြစ်တည်းဟု၊ အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါယာမ က၊ပိုင်းခြားအပ်သော ရုပ်၌၊နိရောဓသစ္စာကိုမျက်မှောက်ပြုချင်း ကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ ရုပ်၌ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သောရုပ်၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်တည်းဟု၊အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။

သမ္မာသတိ က၊ပိုင်းခြားအပ်သောရုပ်၌၊ သမုဒယသစ္စာကိုပယ်ချင်း ကိစ္စ၊ ပယ်ချင်း၌၊ ရုပ်ကိုစွဲ၍ဖြစ်သော၊သုခသညာ,သောမနဿသညာ, ကား၊ရုပ်၏သာယာချင်းတည်းဟု၊ထင်သော ဥပဋ္ဌာနဘာဝနာကိစ္စ။ ။ သမ္မာသတိ က၊ပိုင်းခြားအပ်သောရုပ်၌၊ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ရုပ်၏ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ,ကား၊ရုပ်၏ အပြစ်တည်းဟု၊ထင်သော ဥပဋ္ဌာနဘာဝနာကိစ္စ။ ။သမ္မာသတိ က၊ ပိုင်းခြားအပ်သောရုပ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဆန္ဒရာဂ၊ ယခုအသစ် အသစ်မဖြစ်၊ရုပ်၌ပျောက်ချင်းသည်ကား၊ အသစ်အသစ် ဖြစ်ချင်း၌ထိုက်သော ရုပ်၏ ယခု အသစ်အသစ် မဖြစ် လွတ်ချင်းတည်းဟု၊ထင်သော ဥပဋ္ဌာနဘာဝနာကိစ္စ။

သမ္မာသမာဓိ က၊ ပိုင်းခြားအပ်သောရုပ်၌၊ သမုဒယသစ္စာကိုပယ်ချင်းကိစ္စ၊ပယ်ချင်းငှါ၊ ရုပ်ကိုစွဲ၍ဖြစ်သော၊ သုခသညာ, သောမနဿသညာ,ကား၊ ရုပ်၏သာယာချင်းတည်းဟု၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။ ။သမ္မာသမာဓိ က၊ ပိုင်းခြားအပ်သောရုပ်၌၊ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်းငှါ၊ ရုပ်၏ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ, ကား၊ရုပ်၏အပြစ်တည်းဟု၊မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။ ။ သမ္မာသမာဓိ က၊ ပိုင်းခြားအပ်သောရုပ်၌၊ နိရောဓသစ္စာကိုမျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်းငှါ၊ အသစ်အသစ်ဖြစ်ချင်းငှါထိုက်သော၊ ဆန္ဒရာဂ၊ယခုအသစ်အသစ်မဖြစ်၊ ရုပ်၌ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်းငှါထိုက်သောရုပ်၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။

ဤသို့၊ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ နိရောဓသစ္စာကိုမျက်မှောက်ပြုချင်းကိစ္စ၊မဂ္ဂသစ္စာကိုပွါးချင်းကိစ္စ၊ဤကိစ္စ ၄-ချက်၊ တပြိုင်နက် ဖြစ်ချင်းသည်၊မဂ်မည်၏။

> ယံရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ရူပဿ အဿာဒေါတိ ပဟာနပဋိဝေဓော သမုဒယသစ္စံ။ယံရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါတိ ပရိညာပဋိဝေဓော ဒုက္ခသစ္စံ။ ယော ရူပသ္မိံ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ ရူပဿ နိဿရဏန္တိ သစ္ဆိကိရိယာပဋိဝေဓော နိရောဓသစ္စံ။ယာ ဣမေသု တီသုဌာနေသု ဒိဋ္ဌိ,သင်္ကပ္ပေါ, ဝါစာ,ကမ္မန္တော,အာဇီဝေါ,ဝါယာမော,သတိ, သမာဓိ, ဘာဝနာပဋိဝေဓော မဂ္ဂသစ္စံ။

ရူပံ၊ရုပ်ကို။ ပဋိစ္စ၊ စွဲ၍။ ယံသုခံသောမနဿံ၊ အကြင်သုခသညာ သောမနဿသညာ,သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသုခသညာ, သောမနဿသညာ,သည်ကား။ ရူပဿ၊ ရုပ်၏။ အဿာဒေါ၊ အဿာဒသညာတဏှာတည်း။ဣတိအယံရူပဿအဿာဒေါ၊ ဤရုပ်၏ အဿာဒသညာတဏှာသည်ကား။ ပဟာနပဋိဝေဓော၊ ပယ်အပ်သောသဘောရှိသည်ဖြစ်၍။ သမုဒယသစ္စံ၊သမုဒယသစ္စာမည်၏၊ ယံရူပံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ။ ဝိပရိဏာမဓမ္မံ၊ဖောက်ပြန်သောသ

ဘော။အယံ၊ဤရုပ်၏မြဲ,ဆင်းရဲ,ဘောက်ပြန်သောသဘောသည်ကား။ ရူပဿ၊ရုပ်၏။အာဒီနဝေါ၊အပြစ်တည်း။ဣတိ အယံရူပဿအာဒီနဝေါ၊ ဤရုပ်၏ အပြစ်သည်ကား။ ပရိညာပဋိဝေဓော၊ ပိုင်းခြားအပ်သောသဘောရှိသည်ဖြစ်၍။ဒုက္ခသစ္စံ၊ဒုက္ခသစ္စာမည်၏။ရူပသ္မိံ၊ရုပ်၌။ယောဆန္ဒရာဂဝိနယော၊ အကြင် ဆန္ဒရာဂကို ဖျောက်၏။ ယံဆန္ဒရာဂပဟာနံ၊ အကြင်ဆန္ဒရာဂပျောက်၏။ဣဒံ၊ ဤသို့ ဆန္ဒရာဂပျောက်ချင်းသည်ကား။ ရူပဿ၊ ရုပ်၏။ နိဿရဏံ၊ လွတ်ချင်းတည်း။ ဣတိဣဒံရူပဿနိဿရဏံ၊ ဤရုပ်၏ လွတ်ချင်းသည်ကား။ သစ္ဆိကိရိယာပဋိဝေဓော၊မျက်မှောက်ပြုအပ်သော သဘောရှိသည်ဖြစ်၍။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ ဣမေသုတီသုဌာနေသု၊ ဒုက္ခ, သမုဒယ, နိရောဓ, ဤသုံးဌာနတို့၌။ ယာဒိဋ္ဌိ၊ အကြင်မြင်ချင်း။ ယောသင်္ကပ္ပေါ၊ အကြင်ကြံချင်း၊ ယာဝါစာ၊ အကြင်ဆိုချင်း။ ယောကမ္မန္တော၊ အကြင်ပြုချင်း။ ယော အာဇီဝေါ၊ အကြင်အသက်မွေးချင်း။ ယောဝါယာမော၊ အကြင်အားထုတ်ချင်း။ ယာသတိ၊ အကြင်ထင်ချင်း။ ယောသမာဓိ၊ အကြင်တည်ချင်း။ အယံ၊ ဤသို့, မြင်ချင်း, ကြံချင်း, ဆိုချင်း, ပြုချင်း, အသက်မွေးချင်း, အားထုတ်ချင်း, ထင်ချင်း, တည်ချင်း သည်ကား။ ဘာဝနာပဋိဝေဓော၊ ပွါးသော သဘောရှိသည်ဖြစ်၍။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာမည်၏။

သမ္မာဒိဋ္ဌိ က၊ပိုင်းခြားအပ်သော ဝေဒနာ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ဝေဒနာကိုစွဲ၍ ဖြစ်သော၊ သုခသညာ, သော မနဿသညာကား၊ ဝေဒနာ၏သာယာချင်းတည်းဟု၊ ရှုသော ဒဿန ဘာဝနာကိစ္စ။ ။သမ္မာဒိဋ္ဌိ က၊ ပိုင်းခြား အပ်သော ဝေဒနာ၌၊ ဒုက္ခ သစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝေဒနာ၏ အနိစ္စ, ဒုက္ခ, ဝိပရိဏာမကား၊ ဝေဒနာ၏အပြစ်တည်းဟု၊ ရှုသော ဒဿနဘာဝနာ ကိစ္စ။ ။သမ္မာဒိဋ္ဌိ က၊ပိုင်းခြားအပ်သော ဝေဒနာ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊အသစ်အသစ် ဖြစ်ချင်း ၌ ထိုက်သောဆန္ဒရာဂ၊ ယခု အသစ်အသစ် မဖြစ်၊ ဝေဒနာ၌ ပျောက် ချင်းသည်ကား၊ အသစ် အသစ် ဖြစ်ချင်း၌ထိုက်သော ဝေဒနာ၏ ယခု အသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ရှုသော ဒဿနဘာဝနာကိစ္စ။

သမ္မာသင်္ကပ္ပ က၊ ပိုင်းခြားအပ်သော ဝေဒနာ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ဝေဒနာကို စွဲ၍ ဖြစ်သော၊ သုခသညာ,

သောမနဿသညာကား၊ ဝေဒနာ၏ သာယာချင်းတည်းဟု၊ ကြွန်သော သက်ပ္ပဘာဝနာကိစ္စ။ ။သမ္မာသက်ပ္ပ ကာ၊ပိုင်းခြားအပ်သော ဝေဒနာ၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝေဒနာ၏ အနိစ္စ, ဒုက္ခ, ဝိပရိဏာမကား၊ ဝေဒနာ၏ အပြစ်တည်းဟု၊ကြွန်သော သက်ပ္ပဘာဝနာကိစ္စ။ ။သမ္မာသက်ပ္ပ ကာ၊ပိုင်းခြားအပ်သောဝေဒနာ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်း ကိစ္စ၊ မျက်မှောက် ပြုချင်း၌၊အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သောဆန္ဒရာဂ၊ယခု အသစ်အသစ်မဖြစ်၊ ဝေဒနာ၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ခြင်း၌ထိုက်သော ဝေဒနာ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ ကြွန်သော သက်ပ္ပဘာဝနာကိစ္စ။

သမ္မာဝါစာ ကာ၊ပိုင်းခြားအပ်သောဝေဒနာ၌ သမုဒယသစ္စာကိုပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ဝေဒနာကိုစွဲ၍ ဖြစ်သော၊ သုခသညာ,သောမနဿသညာကား၊ ဝေဒနာ၏ သာယာချင်းတည်းဟု၊ နှုတ်ကိုသိမ်းဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါစာ ကာ၊ပိုင်းခြားအပ်သော ဝေဒနာ၌ ဒုက္ခသစ္စာကို ပိုင်းခြားချင်း ကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝေဒနာ၏ အနိစ္စ, ဒုက္ခ, ဝိပရိဏာမကား၊ဝေဒနာ၏အပြစ်တည်းဟု၊ နှုတ်ကို သိမ်းဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါစာ ကာ၊ ပိုင်းခြားအပ်သောဝေဒနာ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ်မဖြစ်၊ ဝေဒနာ၌ပျောက်ချင်းသည်ကား၊ အသစ် အသစ် ဖြစ်ချင်း၌ထိုက်သော ဝေဒနာ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ နှုတ်ကိုသိမ်းဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။

သမ္မာကမ္မန္တ ကာ၊ ပိုင်းခြားအပ်သော ဝေဒနာ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌ ဝေဒနာကိုစွဲ၍ ဖြစ်သော၊ သုခသညာ,သောမနဿသညာကား၊ ဝေဒနာ၏ သာယာချင်းတည်းဟု၊ မကောင်းမှု ပြုရာမှ ထသော သမုဋ္ဌာနဘာဝနာ ကိစ္စ။ ။သမ္မာကမ္မန္တ ကာ၊ပိုင်းခြားအပ်သောဝေဒနာ၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝေဒနာ၏အနိစ္စ, ဒုက္ခ, ဝိပရိဏာမကား၊ ဝေဒနာ၏ အပြစ်တည်းဟု၊ မကောင်းမှုပြုရာမှ ထသော သမုဋ္ဌာနဘာဝနာကိစ္စ။ ။သမ္မာကမ္မန္တ ကာ၊ ပိုင်းခြားအပ်သောဝေဒနာ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊

မျက်မှောက်ပြုချင်း၌၊ အသစ်အသစ် ဖြစ်ခြင်း၌ ထိုက်သောဆန္ဒရာဂ၊ ယခု အသစ်အသစ်မဖြစ်၊ ဝေဒနာ၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဝေဒနာ၏ ယခု အသစ်အသစ် မဖြစ်၊ လွတ်ချင်းတည်းဟု၊မကောင်းမှုပြုရာမှထသော သမုဋ္ဌာနဘာဝနာကိစ္စ။

သမ္မာအာဇီဝ က၊ပိုင်းခြားအပ်သော ဝေဒနာ၌၊သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ဝေဒနာကိုစွဲ၍ ဖြစ်သော၊ သုခသညာ, သောမနဿသညာကား၊ဝေဒနာ၏သာယာချင်းတည်းဟု၊ ဖြူစင်သော ဝေါဒါနဘာဝနာကိစ္စ။ ။သမ္မာအာဇီဝ က၊ပိုင်းခြားအပ်သော ဝေဒနာ၌၊ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝေဒနာ၏ အနိစ္စ, ဒုက္ခ, ဝိပရိဏာမကား၊ ဝေဒနာ၏အပြစ်တည်းဟု၊ဖြူစင်သော ဝေါဒါနဘာဝနာကိစ္စ။ ။သမ္မာအာဇီဝ က၊ ပိုင်းခြား အပ်သော ဝေဒနာ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ်မဖြစ်၊ ဝေဒနာ၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော ဝေဒနာ၏ ယခု အသစ်အသစ် မဖြစ်၊ လွတ်ချင်းတည်းဟု၊ ဖြူစင်သော ဝေါဒါနဘာဝနာကိစ္စ။

သမ္မာဝါယာမ က၊ပိုင်းခြားအပ်သော ဝေဒနာ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ဝေဒနာကိုစွဲ၍ ဖြစ်သော၊ သုခသညာ, သောမနဿသညာကား၊ ဝေဒနာ၏ သာယာချင်းတည်းဟု၊ အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါယာမ က၊ ပိုင်းခြား အပ်သော ဝေဒနာ၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝေဒနာ၏ အနိစ္စ,ဒုက္ခ,ဝိပရိဏာမကား၊ ဝေဒနာ၏အပြစ်တည်းဟု၊ အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါယာမ က၊ ပိုင်းခြားအပ်သော ဝေဒနာ၌၊ နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်းကိစ္စ၊ မျက်မှောက်ပြုခြင်း၌ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သောဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ ဝေဒနာ၌ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော ဝေဒနာ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။

သမ္မာသတိ က၊ပိုင်းခြားအပ်သောဝေဒနာ၌၊သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ဝေဒနာကိုစွဲ၍ဖြစ်သော၊ သုခသညာ, သော

မနသာသညာကား၊ ဝေဒနာ၏သာယာချင်းတည်းဟု၊ ထင်သော ဥပဋ္ဌာနဘာဝနာကိစ္စ။ ။သမ္ပာသတိ က၊ ပိုင်းခြားအပ်သော ဝေဒနာ၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝေဒနာ၏ အနိစ္စ,ဒုက္ခ, ဝိပရိဏာမကား၊ ဝေဒနာ၏အပြစ်တည်းဟု၊ ထင်သောဥပဋ္ဌာနဘာဝနာကိစ္စ။ ။သမ္ပာသတိ က၊ ပိုင်းခြားအပ်သောဝေဒနာ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ် ဖြစ်ချင်း၌ ထိုက်သောဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ ဝေဒနာ၌ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သောဝေဒနာ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ထင်သော ဥပဋ္ဌာနဘာဝနာကိစ္စ။

သမ္ပာသမာဓိ က၊ ပိုင်းခြားအပ်သောဝေဒနာ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ဝေဒနာကို စွဲ၍ဖြစ်သော၊ သုခသညာ သောမနသာသညာ ကား၊ ဝေဒနာ၏သာယာချင်းတည်းဟု၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။ ။သမ္ပာသမာဓိ က ပိုင်းခြားအပ်သော ဝေဒနာ၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝေဒနာ၏ အနိစ္စ,ဒုက္ခ,ဝိပရိဏာမကား၊ ဝေဒနာ၏အပြစ်တည်းဟု၊မပျံ့လွင့်သော အဝိက္ခေပ ဘာဝနာ ကိစ္စ။ ။သမ္ပာသမာဓိ က၊ ပိုင်းခြား အပ်သော ဝေဒနာ၌၊ နိရောဓသစ္စာကိုမျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သောဆန္ဒရာဂ၊ ယခုအသစ်အသစ် မဖြစ်၊ဝေဒနာ၏ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော ဝေဒနာ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။

ဤသို့၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ သမုဒယသစ္စာကိုပယ်ချင်းကိစ္စ၊ နိရောဓသစ္စာကိုမျက်မှောက်ပြုချင်းကိစ္စ၊ မဂ္ဂသစ္စာကိုပွါးချင်းကိစ္စ၊ ဤကိစ္စ-၄-ချက်၊ တပြိုင်နက် ဖြစ်ချင်းသည်၊မဂ်မည်၏။

ယံ ဝေဒနံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ဝေဒနာယ အဿာဒေါတိ ပဟာနပဋိဝေဓော သမုဒယသစ္စံ။ ယာ ဝေဒနာ အနိစ္စာ, ဒုက္ခာဝိပရိဏာမဓမ္မာ၊အယံ ဝေဒနာယ အာဒီနဝေါတိ ပရိညာ ပဋိဝေဓော ဒုက္ခသစ္စံ။ ယော ဝေဒနာယ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ။ ဣဒံ ဝေဒနာယ နိဿရဏန္တိ သစ္ဆိကိရိယာ ပဋိဝေဓော နိရောဓသစ္စံ။ ယာ ဣမေသု တီသု

ဌာနေသု ဒိဋ္ဌိ, သင်္ကပ္ပေါ, ဝါစာ, ကမ္မန္တော, အာဇီဝေါ, ဝါယာမော, သတိ, သမာဓိ, ဘာဝနာ ပဋိဝေဓော မဂ္ဂသစ္စံ။

ဝေဒနံ၊ ဝေဒနာကို။ ပဋိစ္စ၊ စွဲ၍။ ယံသုခံသောမနဿံ၊ အကြင်သုခသညာ, သောမနဿသညာသည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။အယံ၊ ဤသုခသညာ, သောမနဿသညာသည်ကား။ ဝေဒနာယ၊ ဝေဒနာ၏။ အဿာဒေါ၊ အဿာဒသညာတဏှာတည်း။ ဣတိ အယံ ဝေဒနာယ အဿာဒေါ၊ ဤဝေဒနာ၏ အဿာဒ သညာ တဏှာသည်ကား။ ပဟာနပဋိဝေဓော၊ ပယ်အပ်သော သဘောရှိသည်ဖြစ်၍။ သမုဒယသစ္စံ၊ သမုဒယ သစ္စာ မည်၏။ ယာ ဝေဒနာ၊ အကြင်ဝေဒနာသည်။ အနိစ္စာ၊ မမြဲ။ ဒုက္ခာ၊ ဆင်းရဲ။ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်သောသဘော။အယံ၊ ဤဝေဒနာ၏ မမြဲ,ဆင်းရဲ,ဖောက်ပြန်သောသဘောသည်ကား။ ဝေဒနာယ၊ ဝေဒနာ၏။ အာဒီနဝေါ၊ အပြစ်တည်း။ ဣတိအယံ ဝေဒနာယ အာဒီနဝေါ၊ ဤဝေဒနာ၏အပြစ်သည်ကား။ ပရိညာပဋိဝေဓော၊ ပိုင်းခြားအပ်သော သဘောရှိသည်ဖြစ်၍။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ ဝေဒနာယ၊ ဝေဒနာ၌။ ယော ဆန္ဒရာဂ ဝိနယော၊ အကြင်ဆန္ဒရာဂကိုဖျောက်၏။ ယံ ဆန္ဒရာဂပဟာနံ၊ အကြင်ဆန္ဒရာဂပျောက်၏။ ဣဒံ၊ ဤဆန္ဒရာဂပျောက်ချင်းသည်ကား။ ဝေဒနာယ၊ ဝေဒနာ၏။ နိဿရဏံ၊ လွတ်ချင်းတည်း။ ဣတိဣဒံဝေဒနာယ နိဿရဏံ၊ ဤဝေဒနာ၏လွတ်ချင်းသည်ကား။သစ္ဆိကိရိယာပဋိဝေဓော၊ မျက်မှောက်ပြုအပ်သော သဘောရှိသည်ဖြစ်၍။ နိရောဓသစ္စံ၊နိရောဓသစ္စာမည်၏။ ဣမေသုတီသုဌာနေသု၊ ဒုက္ခ, သမုဒယ, နိရောဓ,ဤသုံးဌာနတို့၌။ယာ ဒိဋ္ဌိ၊အကြင်မြင်ချင်း။ယောသင်္ကပ္ပေါ၊ အကြင်ကြံချင်း။ ယာဝါစာ၊ အကြင်ဆိုချင်း။ ယောကမ္မန္တော၊ အကြင်ပြုချင်း။ ယောအာဇီဝေါ၊ အကြင်အသက်မွေးချင်း။ ယောဝါယာမော၊ အကြင်အားထုတ်ချင်း။ ယာသတိ၊ အကြင်ထင်ချင်း။ ယောသမာဓိ၊ အကြင်တည်ချင်း။ အယံ၊ဤသို့,မြင်ချင်း,ကြံချင်း,ဆိုချင်း,ပြုချင်း,အသက်မွေးချင်း,အားထုတ်ချင်း, ထင်ချင်း, တည်ချင်းသည်ကား။ ဘာဝနာပဋိဝေဓော၊ပွါးသော သဘောရှိသည်ဖြစ်၍။ မဂ္ဂသစ္စံ၊မဂ္ဂသစ္စာမည်၏။

သမ္မာဒိဋ္ဌိ က၊ ပိုင်းခြားအပ်သောသညာ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊သညာကိုစွဲ၍ဖြစ်သော၊သုခသညာ,သောမနဿ

သညာကား၊ သညာ၏သာယာချင်းတည်းဟု၊ ရှုသောဒဿနဘာဝနာကိစ္စ။ ။သမ္မာဒိဋ္ဌိ ကာ၊ပိုင်းခြားအပ်သောသညာ၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ပိုင်းခြားချင်း၌၊ သညာ၏အနိစ္စ, ဒုက္ခ,ဝိပရိဏာမကား၊ သညာ၏အပြစ်တည်းဟု၊ရှုသောဒဿနဘာဝနာကိစ္စ။ ။သမ္မာဒိဋ္ဌိ ကာ၊ ပိုင်းခြားအပ်သောသညာ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်း ကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ် ဖြစ်ချင်း၌ထိုက်သော ဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊သညာ၌ပျောက်ချင်းသည်ကား၊ အသစ်အသစ် ဖြစ်ချင်း၌ ထိုက်သော သညာ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်း တည်းဟု၊ရှုသော ဒဿနဘာဝနာကိစ္စ။

သမ္မာသင်္ကပ္ပ ကာ၊ပိုင်းခြားအပ်သော သညာ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ သညာကိုစွဲ၍ဖြစ်သော၊သုခသညာ,သော မနဿသညာကား၊ သညာ၏သာယာချင်းတည်းဟု၊ကြံသော သင်္ကပ္ပ ဘာဝနာကိစ္စ။ ။သမ္မာသင်္ကပ္ပ ကာ၊ ပိုင်းခြားအပ်သောသညာ၌၊ ဒုက္ခ သစ္စာကိုပိုင်းခြားချင်းကိစ္စ၊ပိုင်းခြားချင်း၌၊ သညာ၏ အနိစ္စ, ဒုက္ခ, ဝိပရိ ဏာမကား၊သညာ၏အပြစ်တည်းဟု၊ကြံသော သင်္ကပ္ပဘာဝနာကိစ္စ။ ။ သမ္မာသင်္ကပ္ပ ကာ၊ ပိုင်းခြားအပ်သော သညာ၌၊ နိရောဓသစ္စာကို မျက် မှောက်ပြုချင်းကိစ္စ၊မျက်မှောက်ပြုချင်း၌၊အသစ်အသစ်ဖြစ်ချင်း၌ထိုက် သော ဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ သညာ၌ ပျောက်ချင်းသည် ကား၊အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော သညာ၏ ယခုအသစ်အသစ် မဖြစ်၊လွတ်ချင်းတည်းဟု၊ကြံသော သင်္ကပ္ပဘာဝနာကိစ္စ။

သမ္မာဝါစာ ကာ၊ ပိုင်းခြားအပ်သော သညာ၌၊ သမုဒယ သစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ သညာ ကိုစွဲ၍ ဖြစ်သော၊ သုခသညာ, သောမနဿသညာကား၊ သညာ၏သာယာချင်းတည်းဟု၊ နှုတ်ကိုသိမ်း ဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။ သမ္မာဝါစာကာ၊ ပိုင်းခြားအပ်သော သညာ၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ သညာ၏ အနိစ္စ,ဒုက္ခ, ဝိပရိဏာမကား၊ သညာ၏အပြစ်တည်းဟု၊ နှုတ်ကိုသိမ်း ဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါစာ ကာ၊ ပိုင်းခြားအပ် သောသညာ၌၊ နိရောဓသစ္စာကိုမျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြု

ချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ်မဖြစ်။ သညာ၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သောသညာ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ နှလုံး ကိုသိမ်းဆည်းသော ပရိဂ္ဂဟာဘာဝနာကိစ္စ။

သမ္မာကမ္မန္တ က၊ပိုင်းခြားအပ်သောသညာ၌၊သမုဒယသစ္စာကိုပယ်ချင်းကိစ္စ၊ ပယ်ချင်း၌ သညာကိုစွဲ၍ဖြစ်သော၊ သုခသညာ, သောမနဿသညာကား၊သညာ၏သာယာချင်းတည်းဟု၊မကောင်းမှုပြုရာမှထသော သမုဋ္ဌာနဘာဝနာကိစ္စ။ ။သမ္မာကမ္မန္တ က၊ ပိုင်းခြားအပ်သောသညာ၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ သညာ၏အနိစ္စ, ဒုက္ခ, ဝိပရိဏာမကား၊ သညာ၏အပြစ်တည်းဟု၊ မကောင်းမှုပြုရာမှ ထသော သမုဋ္ဌာနဘာဝနာကိစ္စ။ ။သမ္မာကမ္မန္တ က၊ပိုင်းခြားအပ်သော သညာ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ သညာ၌ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော သညာ၏ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု မကောင်းမှုပြုရာမှ ထသော သမုဋ္ဌာနဘာဝနာကိစ္စ။

သမ္မာအာဇီဝ က၊ ပိုင်းခြားအပ်သောသညာ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ သညာကိုစွဲ၍ဖြစ်သော၊သုခသညာ,သောမနဿသညာကား၊ သညာ၏သာယာချင်းတည်းဟု၊ ဖြူစင်သောဝေါဒါနဘာဝနာကိစ္စ။ ။သမ္မာအာဇီဝ က၊ ပိုင်းခြားအပ်သောသညာ၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ပိုင်းခြားချင်း၌၊ သညာ၏ အနိစ္စ, ဒုက္ခ,ဝိပရိဏာမကား၊ သညာ၏ အပြစ်တည်းဟု၊ ဖြူစင်သော ဝေါဒါနဘာဝနာကိစ္စ။ ။သမ္မာအာဇီဝ က၊ပိုင်းခြားအပ်သောသညာ၌၊နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော ဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ သညာ၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော သညာ၏ ယခုအသစ်အသစ်မဖြစ်၊လွတ်ချင်းတည်းဟု၊ဖြူစင်သော ဝေါဒါနဘာဝနာကိစ္စ။

သမ္မာဝါယာမ က၊ပိုင်းခြားအပ်သော သညာ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ သညာကိုစွဲ၍ဖြစ်သော၊သုခသညာ,သောမ

နဿသညာကား၊ သညာ၏ သာယာချင်းတည်းဟု၊ အားထုတ်သော ပဂ္ဂဟာဘာဝနာကိစ္စ။ ။သမ္မာဝါယာမ က၊ပိုင်းခြားအပ်သောသညာ၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ သညာ၏ အနိစ္စ,ဒုက္ခ, ဝိပရိဏာမကား၊ သညာ၏ အပြစ်တည်းဟု၊ အားထုတ်သော ပဂ္ဂဟာဘာဝနာကိစ္စ။ ။သမ္မာဝါယာမ က၊ပိုင်းခြားအပ်သောသညာ၌၊နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ်မဖြစ်၊ သညာ၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော သညာ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု။ အားထုတ်သော ပဂ္ဂဟာဘာဝနာကိစ္စ။

သမ္မာသတိက၊ ပိုင်းခြားအပ်သောသညာ၌၊ သမုဒယသစ္စာကိုပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊သညာကိုစွဲ၍ဖြစ်သော၊ သုခသညာ,သောမနဿသညာကား၊သညာ၏သာယာချင်းတည်းဟု၊ထင်သော ဥပဋ္ဌာနဘာဝနာကိစ္စ။ ။သမ္မာသတိ က၊ ပိုင်းခြားအပ်သော သညာ၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ သညာ၏ အနိစ္စ, ဒုက္ခ, ဝိပရိဏာမကား၊ သညာ၏ အပြစ်တည်းဟု၊ ထင်သော ဥပဋ္ဌာနဘာဝနာ ကိစ္စ။ သမ္မာသတိက၊ ပိုင်းခြားအပ်သော သညာ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ် ဖြစ်ချင်း၌ထိုက်သောဆန္ဒရာဂ၊ ယခု အသစ်အသစ် မဖြစ်၊ သညာ၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သောသညာ၏ ယခု အသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ ထင်သော ဥပဋ္ဌာနဘာဝနာကိစ္စ။

သမ္မာသမာဓိ က၊ပိုင်းခြား အပ်သော သညာ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌သညာကိုစွဲ၍ ဖြစ်သော သုခသညာ,သောမနဿသညာကား၊ သညာ၏ သာယာချင်းတည်းဟု၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာ ကိစ္စ။ ။သမ္မာသမာဓိ က၊ ပိုင်းခြား အပ်သော သညာ၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ သညာ၏ အနိစ္စ, ဒုက္ခ, ဝိပရိဏာမကား၊သညာ၏အပြစ်တည်းဟု၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။ ။သမ္မာသမာဓိ က၊ ပိုင်းခြား အပ်သော သညာ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်း ကိစ္စ၊ မျက်မှောက်ပြု

ချင်းငှါ၊ အသစ်အသစ် ဖြစ်ချင်းငှါထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ် မဖြစ်၊သညာ၌ ပျောက်ချင်းသည့်ကား၊အသစ်အသစ် ဖြစ်ချင်းငှါထိုက်သောသညာ၏ ယခု အသစ်အသစ် မဖြစ်၊ လွတ်ချင်းတည်းဟူ၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။

ဤသို့၊ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊မဂ္ဂသစ္စာကို ပွါးချင်းကိစ္စ၊ ဤကိစ္စ ၄-ချက်၊ တပြိုင်နက် ဖြစ်ချင်းသည်၊ မဂ်မည်၏။

ယံ သညံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ သညာယ အဿာဒေါတိ ပဟာနပဋိဝေဓော သမုဒယသစ္စံ။ ယာ သညာ အနိစ္စာ,ဒုက္ခာ,ဝိပရိဏာမဓမ္မာ၊အယံ သညာယ အာဒီနဝေါတိ ပရိညာပဋိဝေဓော ဒုက္ခသစ္စံ။ ယော သညာယ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ သညာယ နိဿရဏန္တိ သစ္ဆိကိရိယာ ပဋိဝေဓော နိရောဓသစ္စံ။ ယာ ဣမေသု တီသု ဌာနေသု ဒိဋ္ဌိ, သင်္ကပ္ပေါ, ဝါစာ, ကမ္မန္တော, အာဇီဝေါ, ဝါယာမော, သတိ, သမာဓိ, ဘာဝနာပဋိဝေဓော မဂ္ဂသစ္စံ။

သညံ၊ သညာကို။ ပဋိစ္စ၊ စွဲ၍။ ယံသုခံသောမနဿံ၊ အကြင် သုခ သညာ, သောမနဿသညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤ သုခ သညာ, သောမနဿ သညာသည်ကား။သညာယ၊ သညာ၏။ အဿာဒေါ၊ အဿာဒသညာတဏှာတည်း။ ဣတိအယံသညာယအဿာဒေါ၊ ဤသညာ၏ အဿာဒသညာ တဏှာသည်ကား။ ပဟာနပဋိဝေဓော၊ ပယ်အပ်သော သဘောရှိသည်ဖြစ်၍။ သမုဒယသစ္စံ၊ သမုဒယသစ္စာ မည်၏။ ယာသညာ၊အကြင်သညာသည်။ အနိစ္စာ၊ မမြဲ။ ဒုက္ခာ၊ဆင်းရဲ။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်သောသဘော။ အယံ၊ ဤသညာ၏မမြဲ, ဆင်းရဲ, ဖောက်ပြန်သော သဘောသည်ကား။ သညာယ၊ သညာ၏။ အာဒီနဝေါ၊ အပြစ်တည်း။ ဣတိအယံသညာယအာဒီနဝေါ၊ ဤသညာ၏ အပြစ်သည်ကား။ ပရိညာပဋိဝေဓော၊ ပိုင်းခြားအပ်သော သဘောရှိသည်ဖြစ်၍။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ သညာယ၊သညာ၌။ ယော ဆန္ဒရာဂဝိနယော၊အကြင်ဆန္ဒရာဂကို ဖျောက်၏။ ယံဆန္ဒရာဂပဟာနံ၊

အကြောင်းဆန္ဒရာဂ ပျောက်၏။ ဣဒံ၊ ဤဆန္ဒရာဂ ပျောက်ချင်းသည်ကား။ သညာယ၊ သညာ၏။ နိဿရဏံ၊ လွတ်ချင်းတည်း။ ဣတိဣဒံသညာယ နိဿရဏံ၊ ဤသညာ၏ လွတ်ချင်းသည်ကား။ သစ္ဆိကိရိယာ ပဋိဝေဓော၊ မျက်မှောက်ပြုအပ်သော သဘောရှိသည် ဖြစ်၍။ နိရောဓသစ္စံ နိရောဓသစ္စာ မည်၏။ ဣမေသု တီသု ဌာနေသု၊ ဒုက္ခ, သမုဒယ, နိရောဓ, ဤသုံးဌာနတို့၌။ ယာဒိဋ္ဌိ၊ အကြောင်းမြင်ချင်း။ ယောသင်္ကပ္ပေါ၊ အကြောင်းကြံချင်း၊ ယာဝါစာ၊အကြောင်းဆိုချင်း။ ယောကမ္မန္တော၊ အကြောင်းပြုချင်း။ ယောအာဇီဝေါ၊ အကြောင်းအသက်မွေးချင်း။ ယောဝါယာမော၊ အကြောင်းအားထုတ်ချင်း။ ယာသတိ၊ အကြောင်းထင်ချင်း။ ယောသမာဓိ၊ အကြောင်းတည်ချင်း။ ဣဒံ၊ ဤသို့—မြင်ချင်း,ကြံချင်း, ဆိုချင်း, ပြုချင်း, အသက်မွေးချင်း, အားထုတ်ချင်း, ထင်ချင်း, တည်ချင်းသည်ကား။ ဘာဝနာပဋိဝေဓော၊ ပွါးသောသဘောရှိသည်ဖြစ်၍။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာမည်၏။

သမ္မာဒိဋ္ဌိ က၊ ပိုင်းခြား အပ်သော **သင်္ခါရ**၌၊ သမုဒယ သစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ သင်္ခါရကို စွဲ၍ ဖြစ်သော သုခသညာ, သောမနဿသညာကား၊ သင်္ခါရ၏ သာယာချင်းတည်းဟု၊ ရှုသော ဒဿနဘာဝနာ ကိစ္စ။ ။သမ္မာဒိဋ္ဌိ က၊ ပိုင်းခြားအပ်သော သင်္ခါရ၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ သင်္ခါရ၏အနိစ္စ,ဒုက္ခ, ဝိပရိဏာမကား၊ သင်္ခါရ၏အပြစ်တည်းဟု၊ ရှုသော ဒဿန ဘာဝနာ ကိစ္စ။ ။သမ္မာဒိဋ္ဌိ က၊ပိုင်းခြားအပ်သောသင်္ခါရ၌၊ နိရောဓ သစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ် ဖြစ်ချင်း၌ထိုက်သောဆန္ဒရာဂ၊ယခု အသစ်အသစ်မဖြစ်၊သင်္ခါရ၌ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သောသင်္ခါရ၏ ယခု အသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ ရှုသော ဒဿနဘာဝနာကိစ္စ။

သမ္မာသင်္ကပ္ပ က၊ ပိုင်းခြား အပ်သော သင်္ခါရ၌၊သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊သင်္ခါရကိုစွဲ၍ဖြစ်သော၊ သုခသညာ,သောမနဿသညာကား၊ သင်္ခါရ၏ သာယာချင်းတည်းဟု၊ ကြံသော သင်္ကပ္ပဘာဝနာကိစ္စ။ ။သမ္မာသင်္ကပ္ပ က၊ ပိုင်းခြားအပ်သော သင်္ခါရ၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ သင်္ခါရ၏အနိစ္စ,

ဒုက္ခ, ဝိပရိဏာမကား၊ သင်္ခါရ၏အပြစ်တည်းဟု၊ ကြန်သော သင်္ကပ္ပဘာဝနာကိစ္စ။ ။သမ္မာသင်္ကပ္ပ က၊ပိုင်းခြားအပ်သောသင်္ခါရ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်း ကိစ္စ၊ မျက်မှောက် ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ် မဖြစ်၊ သင်္ခါရ၌ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော သင်္ခါရ၏ ယခု အသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ ကြန်သော သင်္ကပ္ပဘာဝနာကိစ္စ။

သမ္မာဝါစာ က၊ပိုင်းခြားအပ်သော သင်္ခါရ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ပယ်ချင်း၌၊သင်္ခါရကိုစွဲ၍ဖြစ်သော၊ သုခသညာ,သောမနဿသညာကား၊ သင်္ခါရ၏သာယာချင်းတည်းဟု၊ နှုတ်ကိုသိမ်းဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါစာ က၊ ပိုင်းခြားအပ်သော သင်္ခါရ၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ။ ပိုင်းခြားချင်း၌၊ သင်္ခါရ၏ အနိစ္စ,ဒုက္ခ, ဝိပရိဏာမကား၊ သင်္ခါရ၏အပြစ်တည်းဟု၊ နှုတ်ကိုသိမ်းဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါစာ က၊ ပိုင်းခြားအပ်သောသင်္ခါရ၌၊ နိရောဓသစ္စာကိုမျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သောဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊သင်္ခါရ၌ပျောက်ချင်းသည်ကား၊ အသစ်အသစ် ဖြစ်ချင်း၌ ထိုက်သော သင်္ခါရ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု နှုတ်ကိုသိမ်းဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။

သမ္မာကမ္မန္တ က၊ ပိုင်းခြားအပ်သော သင်္ခါရ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ သင်္ခါရကိုစွဲ၍ဖြစ်သော၊ သုခသညာ,သောမနဿသညာကား၊ သင်္ခါရ၏သာယာချင်းတည်းဟု၊ မကောင်းမှုပြုရာမှထသောသမုဋ္ဌာနဘာဝနာကိစ္စ။ ။သမ္မာကမ္မန္တ က၊ပိုင်းခြားအပ်သော သင်္ခါရ၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ သင်္ခါရ၏ အနိစ္စ,ဒုက္ခ, ဝိပရိဏာမကား၊ သင်္ခါရ၏အပြစ်တည်းဟု၊ မကောင်းမှုပြုရာမှထသော သမုဋ္ဌာနဘာဝနာကိစ္စ။ ။သမ္မာကမ္မန္တ က၊ပိုင်းခြားအပ်သောသင်္ခါရ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်း ကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဆန္ဒရာဂ၊ ယခု အသစ်အသစ်မဖြစ်၊ သင်္ခါရ၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်

ဖြစ်ချင်း၌ထိုက်သော သင်္ခါရ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟူ၊ မကောင်းမှုပြုရာမှထသော သမုဋ္ဌာနဘာဝနာကိစ္စ။

သမ္မာအာဇီဝ က၊ပိုင်းခြားအပ်သော သင်္ခါရ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ သင်္ခါရကိုစွဲ၍ ဖြစ်သော၊ သုခသညာ, သောမနဿသညာကား၊ သင်္ခါရ၏သာယာချင်းတည်းဟူ၊ ဖြူစင်သော ဝေါဒါနဘာဝနာကိစ္စ။ ။သမ္မာအာဇီဝ က၊ပိုင်းခြားအင်သော သင်္ခါရ၌၊ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ပိုင်းခြားချင်း၌၊သင်္ခါရ၏အနိစ္စ,ဒုက္ခ, ဝိပရိဏာမကား၊ သင်္ခါရ၏အပြစ်တည်းဟူ၊ ဖြူစင်သော ဝေါဒါနဘာဝနာကိစ္စ။ ။သမ္မာအာဇီဝ က၊ပိုင်းခြားအပ်သောသင်္ခါရ၌၊နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သောဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ သင်္ခါရ၌ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သောသင်္ခါရ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟူ၊ ဖြူစင်သော ဝေါဒါနဘာဝနာကိစ္စ။

သမ္မာဝါယာမ က၊ပိုင်းခြားအပ်သောသင်္ခါရ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ပယ်ချင်း၌၊ သင်္ခါရကိုစွဲ၍ဖြစ်သော၊သုခသညာ, သောမနဿသညာကား၊ သင်္ခါရ၏ သာယာချင်းတည်းဟူ၊ အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါယာမ က၊ပိုင်းခြားအပ်သောသင်္ခါရ၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ သင်္ခါရ၏အနိစ္စ,ဒုက္ခ, ဝိပရိဏာမကား၊ သင်္ခါရ၏အပြစ်တည်းဟူ၊ အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါယာမ က၊ ပိုင်းခြားအပ်သော သင်္ခါရ၌၊ နိရောဓသစ္စာကိုမျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ထိုက်သောဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ သင်္ခါရ၌ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော သင်္ခါရ၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟူ၊အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။

သမ္မာသတိ က၊ပိုင်းခြားအပ်သောသင်္ခါရ၌၊ သမုဒယသစ္စာကိုပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ သင်္ခါရကိုစွဲ၍ဖြစ်သော၊ သုခသညာ, သောမနဿသညာကား၊ သင်္ခါရ၏ သာယာချင်းတည်းဟူ၊ ထင်သောဥပဋ္ဌာန

ဘာဝနာကိစ္စ။ ။သမ္မာသတိ က၊ ပိုင်းခြားအပ်သောသင်္ခါရ၌၊ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၄၊ သင်္ခါရ၏အနိစ္စ,ဒုက္ခ, ဝိပရိဏာမကား၊ သင်္ခါရ၏ အပြစ်တည်းဟူ၊ ထင်သော ဥပဋ္ဌာနဘာဝနာကိစ္စ။ ။သမ္မာသတိ က၊ပိုင်းခြားအပ်သောသင်္ခါရ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊မျက်မှောက်ပြုချင်း၄၊အသစ်အသစ်ဖြစ်ချင်း၄ ထိုက်သောဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ သင်္ခါရ၌ ပျောက်ချင်းသည်ကား၊အသစ်အသစ်ဖြစ်ချင်း၄ထိုက်သော သင်္ခါရ၏ ယခုအသစ်အသစ်မဖြစ်၊လွတ်ချင်းတည်းဟူ၊ထင်သော ဥပဋ္ဌာနဘာဝနာကိစ္စ။

သမ္မာသမာဓိ က၊ ပိုင်းခြားအပ်သောသင်္ခါရ၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ပယ်ချင်း၄၊ သင်္ခါရကိုစွဲ၍ဖြစ်သောသုခသညာ, သောမနဿသညာကား၊ သင်္ခါရ၏ သာယာချင်းတည်းဟူ၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။ ။သမ္မာသမာဓိ က၊ပိုင်းခြားအပ်သောသင်္ခါရ၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၄၊ သင်္ခါရ၏အနိစ္စ, ဒုက္ခ, ဝိပရိဏာမကား၊ သင်္ခါရ၏ အပြစ်တည်းဟူ၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။ ။သမ္မာသမာဓိ က၊ပိုင်းခြားအပ်သောသင်္ခါရ၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၄ အသစ်အသစ်ဖြစ်ချင်း၄ထိုက်သောဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ သင်္ခါရ၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၄ ထိုက်သော သင်္ခါရ၏ယခု အသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟူ၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။

ဤသို့၊ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ သမုဒယသစ္စာကိုပယ်ချင်းကိစ္စ၊ နိရောဓသစ္စာကိုမျက်မှောက်ပြုချင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွါးချင်းကိစ္စ၊ ဤကိစ္စ-၄-ချက်၊တပြိုင်နက်ဖြစ်ချင်းသည်၊မဂ်မည်၏။

ယံ သင်္ခါရေ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ သင်္ခါရာနံ အဿာဒေါတိ ပဟာနပဋိဝေဓော သမုဒယသစ္စံ။ ယေသင်္ခါရာ အနိစ္စာ,ဒုက္ခာ, ဝိပရိဏာမ ဓမ္မာ၊ အယံ သင်္ခါရာနံ အာဒီနဝေါတိ ပရိညာ ပဋိဝေဓော ဒုက္ခသစ္စံ။ ယော သင်္ခါရေသု ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ သင်္ခါရာနံ နိဿရဏန္တိ သစ္ဆိကိရိယာ ပဋိဝေဓော နိရောဓသစ္စံ။ ယာ ဣမေသု

တိသု ဌာနေသု ဒိဋ္ဌိ, သက်ပ္ပေါ, ဝါစာ, ကမ္မန္တော, အာဇီဝေါ,
ဝါယာမော, သတိ, သမာဓိ, ဘာဝနာပဋိဝေဓော မဂ္ဂသစ္စံ။

သင်္ခါရေ၊ သင်္ခါရတို့ကို။ ပဋိစ္စ၊ စွဲ၍။ ယံသုခံသောမနဿံ၊ အကြင်သုခ
သညာ, သောမနဿသညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသုခသညာ,
သောမနဿသညာသည်ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ အဿာဒေါ၊
အဿာဒသညာတဏှာတည်း။ ဣတိ အယံသင်္ခါရာနံအဿာဒေါ၊ ဤ
သင်္ခါရတို့၏ အဿာဒ သညာတဏှာသည်ကား။ ပဟာနပဋိဝေဓော၊
ပယ်အပ်သောသဘောရှိသည်ဖြစ်၍။ သမုဒယသစ္စံ၊ သမုဒယသစ္စာ
မည်၏။ ယေသင်္ခါရာ၊ အကြင်သင်္ခါရတို့သည်။ အနိစ္စာ၊ မမြဲကုန်။ ဒုက္ခာ၊
ဆင်းရဲကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်သော သဘောရှိကုန်၏။
အယံ၊ ဤသင်္ခါရတို့၏ မမြဲ, ဆင်းရဲ, ဖောက်ပြန်သော သဘောသည်
ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ အာဒီနဝေါ၊ အပြစ်တည်း။ ဣတိ အယံ
သင်္ခါရာနံအာဒီနဝေါ၊ ဤသင်္ခါရတို့၏အပြစ်သည်ကား။ ပရိညာပဋိဝေ
ဓော၊ ပိုင်းခြားအပ်သောသဘောရှိသည်ဖြစ်၍။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာ
မည်၏။ သင်္ခါရေသု၊ သင်္ခါရတို့၌။ ယောဆန္ဒရာဂဝိနယော၊ အကြင်
ဆန္ဒရာဂကိုဖျောက်၏။ ယံ ဆန္ဒရာဂပဟာနံ၊ အကြင်ဆန္ဒရာဂပျောက်
၏။ ဣဒံ၊ ဤဆန္ဒရာဂ ပျောက်ချင်းသည်ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။
နိဿရဏံ၊ လွတ်ချင်းတည်း။ ဣတိဣဒံသင်္ခါရာနံ နိဿရဏံ၊ ဤသင်္ခါရ
တို့၏လွတ်ချင်းသည်ကား။ သစ္ဆိကိရိယာပဋိဝေဓော၊ မျက်မှောက်ပြု
အပ်သော သဘောရှိသည်ဖြစ်၍။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ ဣမေ
သုတိသုဌာနေသု၊ ဒုက္ခ, သမုဒယ, နိရောဓ, ဤသုံးဌာနတို့၌။ ယာဒိဋ္ဌိ။
အကြင်မြင်ချင်း။ ယောသက်ပ္ပေါ၊ အကြင်ကြံချင်း။ ယာဝါစာ၊ အကြင်
ဆိုချင်း။ ယောကမ္မန္တော၊ အကြင်ပြုချင်း။ ယောအာဇီဝေါ၊ အကြင် အ
သက်မွေးချင်း။ ယောဝါယာမော၊ အကြင်အားထုတ်ချင်း။ ယာသတိ၊
အကြင်ထင်ချင်း။ ယောသမာဓိ၊ အကြင်တည်ချင်း။ အယံ၊ ဤသို့ မြင်ချင်း,
ကြံချင်း, ဆိုချင်း, ပြုချင်း, အသက်မွေးချင်း, အားထုတ်ချင်း, ထင်ချင်း,
တည်ချင်း, သည်ကား။ ဘာဝနာပဋိဝေဓော၊ ပွါးသောသဘောရှိသည်
ဖြစ်၍။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာမည်၏။

သမ္မာဒိဋ္ဌိ က၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ သမုဒယ သစ္စာကို
ပယ်ချင်းကိစ္စ ပယ်ချင်း၌၊ ဝိညာဏ်ကိုစွဲ၍ဖြစ်သော၊ သုခသညာ, သော

မနသိကာရသညာကား၊ ဝိညာဏ်၏သာယာချင်းတည်းဟု၊ ရှုသော ဒဿန ဘာဝနာကိစ္စ။ ။သမ္မာဒိဋ္ဌိ က၊ပိုင်းခြားအပ်သောဝိညာဏ်၌၊ဒုက္ခသစ္စာ ကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝိညာဏ်၏အနိစ္စ,ဒုက္ခ, ဝိပရိ ဏာမကား၊ ဝိညာဏ်၏ အပြစ်တည်းဟု၊ ရှုသော ဒဿနဘာဝနာ ကိစ္စ။ ။သမ္မာဒိဋ္ဌိ က၊ ပိုင်းခြားအပ်သောဝိညာဏ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း ၌ထိုက်သောဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ဝိညာဏ်၌ပျောက်ချင်း သည်ကား၊အသစ်အသစ်ဖြစ်ချင်း၌ထိုက်သောဝိညာဏ်၏ ယခုအသစ် အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ ရှုသော ဒဿနဘာဝနာကိစ္စ။

သမ္မာသင်္ကပ္ပ က၊ပိုင်းခြားအပ်သော ဝိညာဏ်၌၊ သမုဒယ သစ္စာ ကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ဝိညာဏ်ကိုစွဲ၍ဖြစ်သော၊သုခသညာ, သောမနဿ သညာကား၊ ဝိညာဏ်၏ သာယာချင်း တည်းဟု၊ ကြံသော သင်္ကပ္ပဘာဝနာကိစ္စ။ ။သမ္မာသင်္ကပ္ပ က။ ပိုင်းခြားအပ် သော ဝိညာဏ်၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝိညာဏ်၏အနိစ္စ,ဒုက္ခ, ဝိပရိဏာမကား၊ ဝိညာဏ်၏အပြစ်တည်းဟု၊ ကြံသော သင်္ကပ္ပဘာဝနာကိစ္စ။ ။သမ္မာသင်္ကပ္ပ က၊ပိုင်းခြားအပ်သော ဝိညာဏ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြု ချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌၊ ထိုက်သော ဆန္ဒရာဂ၊ ယခုအသစ် အသစ်မဖြစ်၊ ဝိညာဏ်၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ် ချင်း၌ ထိုက်သော ဝိညာဏ်၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်း တည်းဟု၊ ကြံသော သင်္ကပ္ပဘာဝနာကိစ္စ။

သမ္မာဝါစာက၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ သမုဒယသစ္စာ ကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ဝိညာဏ်ကို စွဲ၍ဖြစ်သော သုခသညာ, သောမနဿသညာကား၊ဝိညာဏ်၏သာယာချင်းတည်းဟု၊ နှုတ်ကိုသိမ်း ဆည်းသော ပရိဂ္ဂဟ ဘာဝနာကိစ္စ။ ။သမ္မာဝါစာက၊ ပိုင်းခြားအပ် သော ဝိညာဏ်၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝိညာဏ်၏အနိစ္စ,ဒုက္ခ,ဝိပရိဏာမကား၊ ဝိညာဏ်၏ အပြစ်တည်းဟု၊ နှုတ်ကို သိမ်းဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါစာက၊ပိုင်း ခြားအပ်သော ဝိညာဏ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊

မျက်မှောက်ပြုချင်းငှါ၊ အသစ် အသစ်ဖြစ်ချင်းငှါထိုက်သော ဆန္ဒရာဂ၊ ယာခ အသစ်အသစ်မဖြစ်၊ ဝိညာဏ်၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်းငှါ ထိုက်သော ဝိညာဏ်၏ ယာခအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ နှလုံးကိုသိမ်းဆည်းသော ပရိဂ္ဂဟဘာဝနာကိစ္စ။

သမ္မာကမ္မန္တက၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်းငှါ၊ ဝိညာဏ်ကိုစွဲ၍ ဖြစ်သော သုခသညာ, သောမနဿသညာကား၊ ဝိညာဏ်၏ သာယာချင်းတည်းဟု မကောင်းမှုပြုရာမှ ထသော သမုဋ္ဌာနဘာဝနာကိစ္စ။ ။သမ္မာကမ္မန္တ က၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်းငှါ၊ ဝိညာဏ်၏ အနိစ္စ,ဒုက္ခ,ဝိပရိဏာမကား၊ ဝိညာဏ်၏ အပြစ်တည်းဟု၊ မကောင်းမှုပြုရာမှထသော သမုဋ္ဌာန ဘာဝနာကိစ္စ။ ။သမ္မာကမ္မန္တ က၊ပိုင်းခြားအပ်သော ဝိညာဏ်၌၊နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်းငှါ၊ အသစ်အသစ်ဖြစ်ချင်းငှါ ထိုက်သော ဆန္ဒရာဂ၊ယာခ အသစ်အသစ်မဖြစ်၊ ဝိညာဏ်၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်းငှါ ထိုက်သောဝိညာဏ်၏ ယာခ အသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ မကောင်းမှုပြုရာမှ ထသော သမုဋ္ဌာနဘာဝနာကိစ္စ။

သမ္မာအာဇီဝက၊ ပိုင်းခြားအပ်သောဝိညာဏ်၌၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်းငှါ၊ ဝိညာဏ်ကိုစွဲ၍ဖြစ်သော၊ သုခသညာ, သောမနဿသညာကား၊ဝိညာဏ်၏ သာယာချင်းတည်းဟု၊ဖြူစင်သော ဝေါဒါန ဘာဝနာကိစ္စ။ ။သမ္မာအာဇီဝ က၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်းငှါ၊ ဝိညာဏ်၏ အနိစ္စ,ဒုက္ခ,ဝိပရိဏာမကား၊ ဝိညာဏ်၏ အပြစ်တည်းဟု၊ ဖြူစင်သော ဝေါဒါန ဘာဝနာကိစ္စ။ ။သမ္မာအာဇီဝ က၊ပိုင်းခြားအပ်သော ဝိညာဏ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်းငှါ၊ အသစ်အသစ်ဖြစ်ချင်းငှါ ထိုက်သော ဆန္ဒရာဂ၊ယာခ အသစ်အသစ်မဖြစ်၊ ဝိညာဏ်၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ် ဖြစ်ချင်းငှါ ထိုက်သော ဝိညာဏ်၏ ယာခ အသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ ဖြူစင်သော ဝေါဒါန ဘာဝနာကိစ္စ။

သမ္မာဝါယာမက၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ သမုဒယ သစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ဝိညာဏ်ကိုစွဲ၍ ဖြစ်သော သုခသညာ, သောမနဿ သညာကား၊ ဝိညာဏ်၏ သာယာချင်းတည်းဟု အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါယာမ က၊ ပိုင်းခြား အပ်သော ဝိညာဏ်၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌၊ ဝိညာဏ်၏ အနိစ္စ,ဒုက္ခ,ဝိပရိဏာမကား၊ဝိညာဏ်၏ အပြစ်တည်းဟု၊ အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။ ။သမ္မာဝါယာမ က၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော ဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ ဝိညာဏ်၌ပျောက်ချင်းသည်ကား အသစ်အသစ်ဖြစ်ချင်း၌ထိုက်သော ဝိညာဏ်၏ ယခု အသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ အားထုတ်သော ပဂ္ဂဟဘာဝနာကိစ္စ။

သမ္မာသတိက၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ သမုဒယ သစ္စာကို ပယ်ချင်းကိစ္စ၊ ပယ်ချင်း၌၊ ဝိညာဏ်ကို စွဲ၍ဖြစ်သော၊ သုခသညာ, သောမနဿ သညာကား၊ ဝိညာဏ်၏ သာယာချင်းတည်းဟု၊ ထင်သော ဥပဋ္ဌာန ဘာဝနာကိစ္စ။ ။သမ္မာသတိ က၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ပိုင်းခြားချင်း၌၊ ဝိညာဏ်၏ အနိစ္စ,ဒုက္ခ,ဝိပရိဏာမကား၊ ဝိညာဏ်၏ အပြစ်တည်းဟု၊ ထင်သော ဥပဋ္ဌာန ဘာဝနာကိစ္စ။ ။သမ္မာသတိက၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက် ပြုချင်း၌၊ အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော ဆန္ဒရာဂ၊ ယခုအသစ် အသစ်မဖြစ်၊ ဝိညာဏ်၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၌၊ ထိုက်သော ဝိညာဏ်၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ ထင်သော ဥပဋ္ဌာနဘာဝနာကိစ္စ။

သမ္မာသမာဓိက၊ ပိုင်းခြားအပ်သော ဝိညာဏ်၌ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ပယ်ချင်း၌၊ဝိညာဏ်ကိုစွဲ၍ဖြစ်သော၊သုခသညာ, သောမနဿသညာကား၊ ဝိညာဏ်၏သာယာချင်းတည်းဟု၊ မပျံ့လွင့်သော အဝိက္ခေပ ဘာဝနာကိစ္စ။ ။သမ္မာ သမာဓိ က၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ ပိုင်းခြားချင်း၌ ဝိညာဏ်

၏ အနိစ္စ,ဒုက္ခ,ဝိပရိဏာမကား၊ ဝိညာဏ်၏ အပြစ်တည်းဟု၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။ ။သမ္မာသမာဓိ က၊ ပိုင်းခြားအပ်သော ဝိညာဏ်၌၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မျက်မှောက်ပြုချင်း၄ါ အသစ်အသစ်ဖြစ်ချင်း၄ါ ထိုက်သော ဆန္ဒရာဂ၊ ယခုအသစ်အသစ်မဖြစ်၊ ဝိညာဏ်၌ ပျောက်ချင်းသည်ကား၊ အသစ်အသစ်ဖြစ်ချင်း၄ါထိုက်သော ဝိညာဏ်၏ ယခုအသစ်အသစ်မဖြစ်၊ လွတ်ချင်းတည်းဟု၊ မပျံ့လွင့်သော အဝိက္ခေပဘာဝနာကိစ္စ။

ဤသို့၊ ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွါးချင်းကိစ္စ။ ဤကိစ္စ-၄-ချက် တပြိုင်နက်ဖြစ်ချင်းသည်၊ မဂ်ခည်၏။

> ယံ ဝိညာဏံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ဝိညာဏဿ အဿာဒေါတိ ပဟာနပဋိဝေဓေ သမုဒယသစ္စံ။ ယံ ဝိညာဏံ အနိစ္စံ, ဒုက္ခံ,ဝိပရိဏာမဓမ္မံ၊ အယံ ဝိညာဏဿ အာဒီနဝေါတိ ပရိညာ ပဋိဝေဓေ ဒုက္ခသစ္စံ။ ယော ဝိညာဏသ္မိံ ဆန္ဒရာဂဝိနယော ဆန္ဒရာဂ ပဟာနံ၊ ဣဒံ ဝိညာဏဿ နိဿရဏန္တိ သစ္ဆိကိရိယာ ပဋိဝေဓေ နိရောဓသစ္စံ။ ယာ ဣမေသု တီသု ဌာနေသု ဒိဋ္ဌိ, သင်္ကပ္ပေါ, ဝါစာ, ကမ္မန္တော, အာဇီဝေါ, ဝါယာမော, သတိ, သမာဓိ,ဘာဝနာပဋိဝေဓေ မဂ္ဂသစ္စံ။

ဝိညာဏံ၊ ဝိညာဏ်ကို။ ပဋိစ္စ၊ စွဲ၍။ ယံသုခံသောမနဿံ၊ အကြင်သုခသညာ,သောမနဿသညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ဤသုခသညာ, သောမနဿသညာသည်ကား။ ဝိညာဏဿ၊ ဝိညာဏ်၏။ အဿာဒေါ၊ အဿာဒသညာတဏှာတည်း။ ဣတိ အယံ ဝိညာဏဿ အဿာဒေါ၊ ဤဝိညာဏ်၏ အဿာဒသညာတဏှာသည်ကား။ ပဟာနပဋိဝေဓေ၊ ပယ်အပ်သော သဘောရှိသည် ဖြစ်၍။ သမုဒယသစ္စံ၊ သမုဒယသစ္စာမည်၏။ ယံဝိညာဏံ၊ အကြင်ဝိညာဏ်သည်။ အနိစ္စံ၊ မမြဲ။ဒုက္ခံ၊ ဆင်းရဲ။ ဝိပရိဏာမဓမ္မံ၊ ဘောက်ပြန်သောသဘော။ အယံ၊ ဤဝိညာဏ်၏မမြဲ,ဆင်းရဲ,ဘောက်ပြန်သောသဘောသည်ကား။ ဝိညာဏဿ၊ ဝိညာဏ်၏။အာဒီနဝေါ၊ အပြစ်တည်း။ ဣတိအယံဝိညာဏဿ

အာဒီနဝေါ၊ ဤဝိညာဏ်၏အပြစ်သည်ကား၊ ပရိညာပဋိဝေဓော၊ ပိုင်းခြားအပ်သော သဘောရှိသည်ဖြစ်၍။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ ဝိညာဏသ္မိံ၊ ဝိညာဏ်၌၊ ယောဆန္ဒရာဂဝိနယော၊ အကြင်ဆန္ဒရာဂကိုဖျောက်၏။ ယံဆန္ဒရာဂပဟာနံ၊ အကြင်ဆန္ဒရာဂပျောက်၏။ ဣဒံ၊ ဤဆန္ဒရာဂပျောက်ချင်းသည်ကား။ ဝိညာဏဿ၊ဝိညာဏ်၏။နိဿရဏံ၊လွတ်ချင်းတည်း။ ဣတိဣဒံဝိညာဏဿနိဿရဏံ၊ ဤဝိညာဏ်၏လွတ်ချင်းသည်ကား။ သစ္ဆိကိရိယာပဋိဝေဓော၊ မျက်မှောက်ပြုအပ်သော သဘောရှိသည်ဖြစ်၍။ နိရောဓသစ္စံ၊နိရောဓသစ္စာမည်၏။ ဣမေသုတိသုဌာနေသု၊ ဒုက္ခ, သမုဒယ, နိရောဓ, ဤသုံးဌာနတို့၌။ ယာဒိဋ္ဌိ၊ အကြင်မြင်ချင်း၊ ယောသင်္ကပ္ပေါ၊ အကြင်ကြံချင်း။ ယာဝါစာ၊ အကြင်ဆိုချင်း။ ယောကမ္မန္တော၊ အကြင်ပြုချင်း။ ယောအာဇီဝေါ၊ အကြင်အသက်မွေးချင်း၊ ယောဝါယာမော၊ အကြင်အားထုတ်ချင်း။ ယာသတိ၊ အကြင်ထင်ချင်း ယောသမာဓိ၊အကြင်တည်ချင်း။အယံ၊ ဤသို့၊မြင်ချင်း,ကြံချင်း,ဆိုချင်း ပြုချင်း, အသက်မွေးချင်း, အားထုတ်ချင်း, ထင်ချင်း, တည်ချင်းသည်ကား။ ဘာဝနာပဋိဝေဓော၊ ပွါးသောသဘောရှိသည်ဖြစ်၍။ မဂ္ဂသစ္စံ မဂ္ဂသစ္စာမည်၏။(**ဤကားသစ္စာ ၄-ပါး**)

ပဋိစ္စ သမုပ္ပါဒ်ကား၊အင်္ဂါအားဖြင့် ၁၂-ပါး၊ ၁၂-ပါးဟူသော်ကား၊အဝိဇ္ဇာလည်း တပါး၊သင်္ခါရလည်းတပါး၊ ဝိညာဏ်လည်းတပါး နာမ်ရုပ်လည်းတပါး၊ သဠာယတနလည်းတပါး၊ ဖဿလည်းတပါး ဝေဒနာလည်းတပါး၊ တဏှာလည်းတပါး၊ ဥပါဒါန်လည်းတပါး၊ဘဝလည်းတပါး၊ ဇာတိလည်းတပါး၊ ဇရာမရဏလည်းတပါး၊ ဤသို့ အင်္ဂါအားဖြင့် ၁၂-ပါး။

ထို ၁၂-ပါးတို့တွင်၊

အဝိဇ္ဇာကားအကြောင်း၊သင်္ခါရကားအကျိုး၊အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်၏။ထို့ကြောင့်၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ, ဟုဆို၏။ ။သင်္ခါရကား အကြောင်း၊ ဝိညာဏ်ကားအကျိုး၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏။ထို့ကြောင့်၊ သင်္ခါရပစ္စယာ ဝိညာဏံ, ဟုဆို၏။ ။ဝိညာဏ်ကား အကြောင်း၊ နာမ်ရုပ် ကား အကျိုး၊ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။ ထို့ကြောင့်၊ ဝိညာဏပစ္စယာနာမရူပံ, ဟုဆို၏။ ။နာမ်ရုပ်ကား အ

ကြောင်း၊ သဠာယတနကားအကျိုး၊ နာမ်ရုပ်ကြောင့်သဠာယတနဖြစ်၏။ ထို့ကြောင့်၊ နာမရူပပစ္စယာသဠာယတနံ, ဟုဆို၏။ သဠာယတန ကားအကြောင်း၊ ဖဿကားအကျိုး၊ သဠာယတနကြောင့် ဖဿဖြစ်၏။ ထို့ကြောင့်၊ သဠာယတနပစ္စယာဖဿော, ဟုဆို၏။ ။ဖဿကား အကြောင်း။ ဝေဒနာကားအကျိုး၊ ဖဿကြောင့် ဝေဒနာဖြစ်၏။ ထို့ကြောင့်၊ ဖဿပစ္စယာဝေဒနာ,ဟုဆို၏။ ။ဝေဒနာကားအကြောင်း၊ တဏှာကားအကျိုး၊ ဝေဒနာကြောင့်တဏှာဖြစ်၏။ ထို့ကြောင့်၊ဝေဒနာ ပစ္စယာတဏှာ, ဟုဆို၏။ ။တဏှာကား ဒီ့ကြောင်း၊ ဥပါဒါန်ကား အကျိုး၊ တဏှာကြောင့်ဥပါဒါန်ဖြစ်၏။ ထို့ကြောင့်၊ တဏှာပစ္စယာဥပါ ဒါနံ,ဟုဆို၏။ ။ဥပါဒါန်ကားအကြောင်း၊ ဘဝကားအကျိုး၊ ဥပါဒါန် ကြောင့်ဘဝဖြစ်၏။ ထို့ကြောင့်၊ ဥပါဒါနပစ္စယာဘဝေါ, ဟုဆို၏။ ။ ဘဝကားအကြောင်း၊ ဇာတိကားအကျိုး၊ဘဝကြောင့်ဇာတိဖြစ်၏။ ထို့ ကြောင့်၊ ဘဝပစ္စယာဇာတိ,ဟုဆို၏။ ။ဇာတိကားအကြောင်း၊ ဇရာ မရဏကားအကျိုး၊ဇာတိကြောင့်ဇရာမရဏဖြစ်၏။ထို့ကြောင့်၊ ဇာတိ ပစ္စယာဇရာမရဏံ,ဟုဆို၏။ ။ဇရာမရဏကားအကျိုးစစ်၊ သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿ,ဥပါယာသ,ကား၊အကျိုးဆက်။ထို့ကြောင့်၊ ဇာတိပစ္စယာဇရာမရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ပါယာ သာသမ္ဘဝန္တိ,ဟုဆို၏။ ။ဤသို့၊ချမ်းသာနှင့် မရောမယှက် သက်သက် ဆင်းရဲအစု၏ အစည်းအဝေး၊ အတွေ့အကြုံ၊ အပေါင်းအဆုံဖြစ်၏။ ထို့ကြောင့်၊ဧဝမေတဿကေဝလဿဒုက္ခက္ခန္ဓဿသမုဒယော ဟော တိ,ဟုဆို၏။**(ဤကား ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး)**

ဤသို့၊ ဝိပဿနာဉာဏ်အား ရှေ့ရှုထင်အောင် ရင်ဆိုင်-ဝိပဿနာ ဉာဏ်၏ ကိစ္စကိုဆောင်၍ပြတတ်သော ပါဠိဟာရိယပညာဖြစ်ရာ—ဘုံ ဖြစ်၍ ဖြစ်သော၊ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ဣန္ဒြေ ၂၂-ပါး၊သစ္စာ ၄-ပါး၊ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး၊ တရားတို့၌ နှံ့တက်ရအောင် သင်သော အလို၊ သဘောကို သိအောင်မေးသော အလိုအားဖြင့်၊ ဉာဏ်အလေ့အလာကိုပြု၍၊ မူလဘူတအပြား ၂-ပါး ဖြစ်၍ဖြစ်သော၊ သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိကို၊ ဝိပဿနာကိုအားမထုတ်မီ ရှေးအဘို့ကာလက၊ပြီးစေရမည်ဟူလို။

သီလဝိသုဒ္ဓိ

ထိုသီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ၂-ပါးတို့တွင်၊ သီလဝိသုဒ္ဓိမည်သည်ကား။ ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ၊ အားဖြင့်ပြားသော၊ ၄-ပါးအပြားရှိသော စတုပါရိသုဒ္ဓိသီလသည်၊ သီလဝိသုဒ္ဓိမည်၏။

ထို ၄-ပါးတို့တွင်၊

ပါတိမောက္ခသံဝရသီလ ဟူသော်ကား။ ၂၂၇-သွယ်သော သိက္ခာပုဒ်ကို၊ မကျိုးမပေါက်၊ မပြောက်မကျားအောင်၊ ထိန်းသိမ်းစောင့်ရှောက်ချင်းသည်၊ ပါတိမောက္ခသံဝရသီလမည်၏။

ဣန္ဒြိယသံဝရသီလ ဟူသော်ကား။ ၆-ပါး၊ ၆-ပါး၊ ဟူသော်ကား၊ စက္ခုန္ဒြိယသံဝရသီလ၊ သောတိန္ဒြိယသံဝရသီလ၊ ဃာနိန္ဒြိယသံဝရသီလ၊ ဇိဝှိန္ဒြိယသံဝရသီလ၊ ကာယိန္ဒြိယသံဝရသီလ၊ မနိန္ဒြိယသံဝရသီလ၊ အားဖြင့် ၆-ပါး၊

ထို ၆-ပါးတို့တွင်၊

စက္ခုန္ဒြိယသံဝရသီလ ဟူသော်ကား။ မျက်စိဖြင့် အဆင်းကိုမြင်သောကာလ၊ မိန်းမဟူသောအမှတ်၊ ယောကျ်ားဟူသော အမှတ်မပြုဘဲ၊ လက်ခြေအင်္ဂါ၊ မျက်နှာရင်ဝမ်း၊ နှုတ်ခမ်းသွားမေး၊ အမှတ်မပြုဘဲ၊ မြင်-မြင်ကာမျှ၊ မျက်စိကို ထိန်းသိမ်းစောင့်ရှောက်ချင်းသည်၊ စက္ခုန္ဒြိယသံဝရသီလမည်၏။

သောတိန္ဒြိယသံဝရသီလ ဟူသော်ကား၊ နားဖြင့်အသံကို ကြားသောကာလ၊ မိန်းမဟူသောအမှတ်၊ ယောကျ်ားဟူသော အမှတ်မပြုဘဲ၊ လက်ခြေအင်္ဂါ၊ မျက်နှာရင်ဝမ်း၊ နှုတ်ခမ်းသွားမေး၊ အမှတ်မပြုဘဲ၊ ကြား-ကြားကာမျှ၊ နားကို ထိန်းသိမ်း စောင့်ရှောက် ချင်းသည်၊ သောတိန္ဒြိယ သံဝရသီလမည်၏။

ဃာနိန္ဒြိယသံဝရသီလ ဟူသော်ကား။ နှာဖြင့် အနံ့ကို, နံသောကာလ၊ မိန်းမဟူသောအမှတ်၊ ယောကျ်ားဟူသောအမှတ် မပြုဘဲ၊

လက်ခြေအင်္ဂါ၊ မျက်နှာရင်ဝမ်း၊ နှုတ်ခမ်းသွားမေး။အမှတ်မပြုဘဲ၊ နံ-နံကာမျှ၊ နှာကို ထိန်းသိမ်း စောင့်ရှောက်ချင်းသည်၊ ဃာနိန္ဒြိယသံဝရသီလမည်၏။

ဇိဝှိန္ဒြိယသံဝရသီလ ဟူသော်ကား။ လျှာဖြင့်အရသာကို စားသောကာလ၊ မိန်းမဟူသောအမှတ်၊ ယောကျ်ားဟူသော အမှတ်မပြုဘဲ၊ လက်ခြေအင်္ဂါ၊ မျက်နှာရင်ဝမ်း၊ နှုတ်ခမ်းသွားမေး၊ အမှတ်မပြုဘဲ၊ စား-စားကာမျှ၊ လျှာကို ထိန်းသိမ်းစောင့်ရှောက်ချင်းသည်၊ ဇိဝှိန္ဒြိယသံဝရသီလမည်၏။

ကာယိန္ဒြိယသံဝရသီလ ဟူသော်ကား။ ကိုယ်ဖြင့် အတွေ့ကို ထိသော ကာလ၊ မိန်းမဟူသောအမှတ်၊ ယောကျ်ားဟူသော အမှတ်မပြုဘဲ၊ လက်ခြေအင်္ဂါ၊ မျက်နှာရင်ဝမ်း၊ နှုတ်ခမ်းသွားမေး၊ အမှတ်မပြုဘဲ၊ ထိ-ထိကာမျှ၊ ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ချင်းသည်၊ ကာယိန္ဒြိယသံဝရသီလမည်၏။

မနိန္ဒြိယသံဝရသီလ ဟူသော်ကား။ စိတ်ဖြင့်သဘောကို သိသောကာလ၊ မိန်းမဟူသောအမှတ်၊ ယောကျ်ားဟူသော အမှတ်မပြုဘဲ၊ လက်ခြေအင်္ဂါ၊ မျက်နှာရင်ဝမ်း၊ နှုတ်ခမ်းသွားမေး၊ အမှတ်မပြုဘဲ၊ သိ-သိကာမျှ၊ စိတ်ကိုထိန်းသိမ်း စောင့်ရှောက်ချင်းသည်၊ မနိန္ဒြိယသံဝရသီလမည်၏။ ။ဤကား ဣန္ဒြိယသံဝရသီလ ၆-ပါး။

အာဇီဝပါရိသုဒ္ဓိသီလ ဟူသော်ကား။

ဣဓဒမတ္တိ အလမေတံ သဗ္ဗန္တိ ဥပပရိက္ခာ ဘောဇနေ မတ္တညုတာ၊ အယံ အာဇီဝပါရိသုဒ္ဓိ သီလံနာမ။

ဣဓ၊ ဤသုံးဆောင်ဘွယ်သည်။ မေ၊ ငါ့အား။ အတ္တိ၊ ရှိပြီ။ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံအပိုအမိ သုံးဆောင်ဘွယ်သည်။ မေ၊ ငါ့အား။ အလံ၊ တန်ပြီ။ ဣတိ၊ ဤသို့။ဥပပရိက္ခာ၊ဆင်ခြင်ချင်းသည်။ ဘောဇနေမတ္တညုတာ၊ ဘောဇနေမတ္တညုတာမည်၏။ အယံ၊ ဤသို့ သုံးဆောင်ဘွယ် မသင့်သော ပစ္စည်းကိုပယ်၍၊ သုံးဆောင်ဘွယ်သင့်သော ပစ္စည်းကို သုံးဆောင်ချင်း၌ လိမ္မာသည်၏အဖြစ်သည်။ အာဇီဝပါရိသုဒ္ဓိသီလံနာမ၊ အာဇီဝပါရိသုဒ္ဓိသီလမည်၏။

ပစ္စယသန္နိဿိတသီလဟူသော်ကား။ ၄-ပါး၊ ၄-ပါးဟူသော်ကား၊ စီဝရပစ္စယသန္နိဿိတသီလ၊ ပိဏ္ဍပါတပစ္စယသန္နိဿိတသီလ၊ သေနာသနပစ္စယသန္နိဿိတသီလ၊ ဘေသဇ္ဇပစ္စယသန္နိဿိတသီလ၊ အားဖြင့် ၄-ပါး။

ထို ၄-ပါးတို့တွင်၊

စီဝရပစ္စယသန္နိဿိတသီလ ဟူသော်ကား။ သင်္ကန်းကိုမှီဝဲဝတ်ရုံ သုံးဆောင်သော ကာလ၊ ပညာဖြင့် ဆင်ခြင်၍၊ သင်္ကန်းကိုမှီဝဲဝတ်ရုံ သုံးဆောင်ပါ၏။ အကြင်မျှလောက်၊ အချမ်းအပူကို ပယ်ဖျောက်ချင်း အကျိုးငှါ၊ မှက်,ခြင်,ယင်,ရဲ,လေ,နေပူ, မြွေ,ကင်း,သန်း, အတွေ့အထိကို ပယ်ဖျောက်ချင်းအကျိုးငှါ၊ သင်္ကန်းကို မှီဝဲဝတ်ရုံ သုံးဆောင်ပါ၏။ အကြင်မျှလောက်၊ အရှက်အကြောက်ကိုပိတ်ပင်ဖုံးလွှမ်းချင်းအကျိုးငှါ၊ သင်္ကန်းကို မှီဝဲဝတ်ရုံသုံးဆောင်ပါ၏။ ဤသို့ပညာဖြင့် ဆင်ခြင်၍၊ သင်္ကန်းကို မှီဝဲဝတ်ရုံ သုံးဆောင်ချင်းသည်၊ စီဝရပစ္စယသန္နိဿိတသီလမည်၏။

ပိဏ္ဍပါတပစ္စယသန္နိဿိတသီလ ဟူသော်ကား။ ဆွမ်းကိုမှီဝဲဘုဉ်းပေးသုံးဆောင်သောကာလ၊ပညာဖြင့်ဆင်ခြင်၍၊ ဆွမ်းကိုမှီဝဲဘုဉ်းပေးသုံးဆောင်ပါ၏။ မြူးတူးပျော်ပါး၊ ကစားချင်းအကျိုးငှါလည်း၊ ဆွမ်းကို ငါမစား၊ မာန်ယစ်ချင်းအကျိုးငှါလည်း၊ ဆွမ်းကို ငါမစား၊ တန်ဆာဆင်ချင်းအကျိုးငှါလည်း၊ ဆွမ်းကို ငါမစား၊ အထူးသဖြင့်တန်ဆာဆင်ချင်းအကျိုးငှါလည်း၊ ဆွမ်းကိုငါမစား၊ အကြင်မျှလောက် ဤကိုယ်၏ အရှည်သဖြင့် တည်ချင်းအကျိုးငှါ၊ မျှချင်းအကျိုးငှါ၊ ဆွမ်းကိုမှီဝဲဘုဉ်းပေးသုံးဆောင်ပါ၏၊ မွတ်သိပ်ဆာလောင်သဖြင့်၊ ပင်ပန်းနွမ်းနယ်သော ဆင်းရဲကို ပယ်ဖျောက်ချင်းအကျိုးငှါ၊ မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်ထောက်ပင့်ချင်းအကျိုးငှါ၊ သင်ကြားအပ်သော ပရိယတ္တိသာသနာတော်ကိုသင်ကြားသဖြင့် ချီးမြှောက်ထောက်ပင့်ချင်းအကျိုးငှါ၊ ကျင့်အပ်သော ပဋိပတ္တိသာသနာတော်ကို ကျင့်သဖြင့်၊ ချီးမြှောက်ထောက်ပင့်ချင်းအကျိုးငှါ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ဟု၊ ထိုးထွင်း၍သိသော၊ပဋိဝေဓသာသနာတော်ကို၊ မဂ်, ဖိုလ်, နိဗ္ဗာန်ဟု၊ ထိုးထွင်း၍သိသဖြင့်၊ချီးမြှောက်ထောက်ပင့်ချင်းအကျိုးငှါ၊ ဆွမ်းကိုမှီဝဲ

ဘဉ်းပေး သုံးဆောင်ပါ၏။ဤသို့၊ ပညာဖြင့်ဆင်ခြင်၍၊ဆွမ်းကိုမှီဝဲဘဉ်း ပေးသုံးဆောင်သောငါသည်၊ ယခုအဟောင်းဖြစ်သော ဒုက္ခဝေဒနာ ကိုလည်းပယ်ဖျောက်၏။ အသစ်အသစ်ဖြစ်ချင်း၌ါ ထိုက်သောဒုက္ခဝေ ဒနာကိုလည်းမဖြစ်စေ။ မွတ်သိပ်ဆာလောင်ချင်း ကင်းသဖြင့်၊ မျှသည် ၏အဖြစ်သည်လည်း၊ ငါ့အားဖြစ်လတံ့။ အပြစ်မရှိသည်၏အဖြစ်သည် လည်း၊ ငါ့အားဖြစ်လတံ့။ချမ်းသာစွာ နေရသည်၏အဖြစ်သည်လည်း၊ ငါ့အားဖြစ်လတံ့။ ။ဤသို့ ပညာဖြင့်ဆင်ခြင်၍ ဆွမ်းကို မှီဝဲဘဉ်း ပေး သုံးဆောင်ချင်းသည်၊ ပိဏ္ဍပါတပစ္စယ သန္နိဿိတသီလမည်၏။

သေနာသနပစ္စယသန္နိဿိတသီလ ဟူသော်ကား။ ကျောင်းကို မှီဝဲ သုံးဆောင်နေထိုင်သောကာလ၊ ပညာဖြင့်ဆင်ခြင်၍၊ ကျောင်းကိုမှီဝဲသုံး ဆောင်နေထိုင်ပါ၏။ အကြင်မျှလောက်၊ အချမ်းအပူကိုပယ်ဖျောက်ချင်း အကျိုးငှါ၊ မှက်,ခြင်,ယင်,ရဲ,လေ,နေပူ, မြွေ,ကင်း,သန်း, အတွေ့အထိ ကို ပယ်ဖျောက်ချင်းအကျိုးငှါ၊ကျောင်းကို မှီဝဲသုံးဆောင်နေထိုင်ပါ၏။ အကြင်မျှလောက်၊ သမထ, ဝိပဿနာ ဘာဝနာကို အားထုတ်သော ကာလ၊ ကိန်းအောင်းချင်းအကျိုးငှါ၊ကျောင်းကို မှီဝဲသုံးဆောင် နေထိုင် ပါ၏။ ။ဤသို့၊ ပညာဖြင့်ဆင်ခြင်၍၊ ကျောင်းကို မှီဝဲသုံးဆောင်နေ ထိုင်ချင်းသည်၊ သေနာသနပစ္စယသန္နိဿိတသီလမည်၏။

ဘေသဇ္ဇပစ္စယသန္နိဿိတသီလ ဟူသော်ကား။ ဆေးကို မှီဝဲဘဉ်း ပေးသုံးဆောင်သောကာလ၊ ပညာဖြင့်ဆင်ခြင်၍၊ ဆေးကိုမှီဝဲဘဉ်းပေး သုံးဆောင်ပါ၏။ အကြင်မျှလောက်၊ ဖြစ်တိုင်းဖြစ်တိုင်းကုန်သော အနာ ရောဂါ ဒုက္ခဝေဒနာတို့ကို ပယ်ဖျောက်ချင်းအကျိုးငှါ၊ဆေးကိုမှီဝဲဘဉ်း ပေးသုံးဆောင်ပါ၏။ အကြင်မျှလောက်၊ အနာရောဂါ ဒုက္ခဝေဒနာမရှိ သဖြင့်၊ ချမ်းသာစွာနေရချင်းအတိုင်းအရှည်အကျိုးငှါ၊ ဆေးကိုမှီဝဲဘဉ်း ပေးသုံးဆောင်ပါ၏။ ။ဤသို့၊ ပညာဖြင့်ဆင်ခြင်၍၊ ဆေးကိုမှီဝဲဘဉ်း ပေး သုံးဆောင်ချင်းသည်၊ ဘေသဇ္ဇပစ္စယသန္နိဿိတသီလမည်၏။ ဤကား၊ ပစ္စယသန္နိဿိတသီလ ၄-ပါး။**(ဤကား ရဟန်းတို့၏ သီလ ဝိသုဒ္ဓိ)**

လူတို့၏သီလဝိသုဒ္ဓိ ဟူသော်ကား။ ပါဏာတိပါတာ ဝေရမဏီ၊ သူ့အသက်ကိုမသတ်၊ ရှောင်ကြဉ်ပါ၏။ အဒိန္နာဒါနာ ဝေရမဏီ၊ သူ့

ဥစ္စာကိုမခိုး၊ ရှောင်ကြဉ်ပါ၏။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိ၊ သူ့သားအိမ်ရာကိုမပြစ်မှား၊ ရှောင်ကြဉ်ပါ၏။ မုသာဝါဒါ ဝေရမဏိ၊ မဟုတ်မတရား၊ မုသားမဆို၊ ရှောင်ကြဉ်ပါ၏။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ၊ သေရည်သေရက်ကို မသောက်မစား၊ ရှောင်ကြဉ်ပါ၏။ ။ဤသို့၊ ငါးပါးသီလကို၊ မကျိုးမပေါက်၊ မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်ချင်းသည်၊လူတို့၏သီလဝိသုဒ္ဓိမည်၏။

> တတ္ထ သီလဝိသုဒ္ဓိ နာမ ပါတိမောက္ခသံဝရာဒိ စတုဗ္ဗိဓံ သီလံ၊တဉ္စ သီလနိဒ္ဒေသေ ဝိတ္ထာရိတမေဝ။

တတ္ထ၊ ထိုသီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ၂-ပါးတို့တွင်။ ပါတိမောက္ခသံဝရာဒိစတုဗ္ဗိဓံ၊ ပါတိမောက္ခသံဝရအစရှိသောအားဖြင့် ပြားသော ၄-ပါးအပြားရှိသော။သီလံ၊ စတုပါရိသုဒ္ဓိသီလသည်။ သီလဝိသုဒ္ဓိနာမ၊ သီလဝိသုဒ္ဓိမည်၏။တဉ္စ၊ထိုသီလကိုလည်း။ သီလနိဒ္ဒေသေ၊သီလနိဒ္ဒေသ၌။ဝိတ္ထာရိတမေဝ၊ချဲ့အပ်ပြီးသည်သာလျှင်တည်း။

စိတ္တဝိသုဒ္ဓိ

စိတ္တဝိသုဒ္ဓိ ဟူသော်ကား။ ။ဥပစာ ၈-ပါး။သမာပတ် ၈-ပါးသည်၊ စိတ္တဝိသုဒ္ဓိမည်၏။

ဥပစာ ၈-ပါးဟူသော်ကား။ ပဌမဈာန်၏ဥပစာ၊ ဒုတိယဈာန်၏ ဥပစာ၊တတိယဈာန်၏ ဥပစာ၊စတုတ္ထဈာန်၏ ဥပစာ၊ အာကာသာနဉ္စာယတနသမာပတ်၏ ဥပစာ၊ ဝိညာဏဉ္စာယတနသမာပတ်၏ ဥပစာ၊ အာကိဉ္စညာယတနသမာပတ်၏ ဥပစာ၊ နေဝသညာနာသညာယတနသမာပတ်၏ဥပစာ။ ။ဥပစာအားဖြင့် ၈-ပါး။

သမာပတ် ၈ပါး—ဟူသော်ကား။ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊စတုတ္ထဈာန်၊အာကာသာနဉ္စာယတနသမာပတ်၊ ဝိညာဏဉ္စာယတနသမာပတ်၊အာကိဉ္စညာယတနသမာပတ်၊နေဝသညာနာသညာယတနသမာပတ်။ ။သမာပတ်အားဖြင့် ၈-ပါး။

> စိတ္တဝိသုဒ္ဓိနာမ သဉပစာရာ အဋ္ဌသမာပတ္တိယော၊ တာပိ စိတ္တသီသေန ဝုတ္တသမာဓိနိဒ္ဒေသေ သဗ္ဗာကာရေန ဝိတ္ထာရိတာ ဧဝ၊တသ္မာ တာ တတ္ထ ဝိတ္ထာရိတနယေနေဝ ဝေဒိတဗ္ဗာ။

စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိမည်သည်ကား။ သဥပစာရာ၊ ဥပစာ ၈–ပါးနှင့်တကွဖြစ်ကုန်သော။အဋ္ဌသမာပတ္တိယော၊ ၈–ပါးသောသမာပတ်တို့တည်း။တာပိ၊ ထိုဥပစာသမာပတ်တို့ကိုလည်း။ စိတ္တသီသေန၊စိတ်ကိုဦးပြုသဖြင့်။ ဝုတ္တာသမာဓိနိဒ္ဒေသေ၊ ဆိုအပ်ပြီးသော သမာဓိနိဒ္ဒေသ၌။ သဗ္ဗာကာရေန၊ကုန်အောင်စုံသောအခြင်းအရာအားဖြင့်။ဝိတ္ထာရိတာဧဝ၊ ချဲ့အပ်ကုန်ပြီးသည်သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ တာ၊ထိုဥပစာ ၈-ပါး၊သမာပတ် ၈–ပါးတို့ကို။တတ္ထ၊ထိုသမာဓိနိဒ္ဒေသ၌။ ဝိတ္ထာရိတနယေနေဝ၊ချဲ့အပ်ပြီးသောနည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

ဒိဋ္ဌိဝိသုဒ္ဓိ

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိသည်ကား၊ ဝိပဿနာ၏ အခြေ ၂–ပါးဟူ၏။

ဝိပဿနာကား၊ ကိုယ်အားဖြင့် ငါးပါး။ ငါးပါးဟူသော်ကား။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ၊ အားဖြင့်ငါးပါး။

ထိုငါးပါးတို့တွင်၊

နာမ်ရုပ်ကိုဟုတ်သောအတိုင်း သိမြင်ချင်းသည်၊ ဒိဋ္ဌိစင်ကြယ်ချင်းကြောင့်၊ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

အကျိုးဖြစ်သော နာမ်ရုပ်၏ အကြောင်းပစ္စည်းကို သိမ်းဆည်းချင်းသည်၊ ယုံမှားကိုလွန်မြောက်သဖြင့် စင်ကြယ်ချင်းကြောင့်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။

မဂ်ဟုတ်သည်၊ မဂ်မဟုတ်သည်ကို သိမြင်ဆုံးဖြတ်သော ဉာဏ်အမြင် စင်ကြယ်ချင်းကြောင့်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

ကျင့်သော ဉာဏ်အမြင်စင်ကြယ်ချင်းကြောင့်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

သိသော ဉာဏ်အမြင် စင်ကြယ်ချင်းကြောင့်၊ ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ယံ ပန ဝုတ္တံ ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ

တိ ဣမာ ပဉ္စဝိသုဒ္ဓိယော သရီရန္တိ၊ တတ္ထ နာမရူပါနံ ယာထာ ဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။

ဒိဋ္ဌိဝိသုဒ္ဓိ(ပ)သရီရန္တိ၊သရီရံဟူ၍။ ယံပန ဝစနံ၊ အကြင်စကားကို၊ ဝုတ္တံ၊ ဆိုအပ်ပြီ။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိလည်းတပါး၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိလည်းတပါး။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိလည်း တပါး။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိလည်းတပါး။ ဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏ ဒဿနဝိသုဒ္ဓိလည်းတပါး။ ဣတိ၊ဤသို့။ ဣမာ ပဉ္စ ဝိသုဒ္ဓိယော၊ဤဝိသုဒ္ဓိ ငါးပါးတို့သည်။ ဝိပဿနာယ၊ ဝိပဿနာ၏။ သရီရံ၊ ကိုယ်တည်း။ တတ္ထ၊ ထိုငါးပါးတို့တွင်။ နာမရူပါနံ၊ နာမ်ရုပ်တို့ကို။ ယာထာဝဒဿနံ၊ ဟုတ်သော အတိုင်းသိမြင်ချင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ထိုဒိဋ္ဌိဝိသုဒ္ဓိမည်သော နာမရူပပရိစ္ဆေဒဉာဏ်ကို ပြီးစေလိုသော၊ သမထယာနိက ယောဂီပုဂ္ဂိုလ်သည်၊ ရှေးဦးစွာ နေဝသညာ နာသညာ ယတနစျာန်ကိုထား၍၊ ကြွင်းသော ရူပါဝစရစျာန်၊ အရူပါဝစရစျာန်တို့ တွင်၊တပါးတပါးသောစျာန်မှထ၍၊ပထဝီကသိုဏ်းစျာန်ဖြစ်အံ့၊ ဝိတက် အစရှိသောစျာန်အင်္ဂါ၊စျာန်အင်္ဂါနှင့်ယှဉ်သော စျာနသမ္ပယုတ်စိတ္တုပ္ပါဒ်၊ ပထဝီကသိုဏ်းစျာန်ကို၊လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်, အားဖြင့်၊- ၄-ပါးတို့တွင်၊ ပထဝီဟု ရှုတာက၊ ပထဝီ ကသိုဏ်းစျာန်ဟု၊ ပစ္စု ပဋ္ဌာန်အားဖြင့် သိမ်းဆည်း ရေတွက်အပ်၏။ သိမ်းဆည်းရေတွက် ပြီး၍၊ ထိုအလုံးစုံသော ပထဝီကသိုဏ်းစျာန်ကို၊ ပထဝီဟု၊ ပထဝီ ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံသို့ ရှေးရှုညွတ်သောအားဖြင့်၊ ညွတ် သော အနက်ကြောင့်၊ နာမ်ဟု ပိုင်းခြားအပ်၏။ဤသို့ပိုင်းခြားချင်းသည် ကား၊ ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားသည် မဟုတ်သေး။ ပါဠိဟာရိယ ပညာဖြင့်၊ ဝိပဿနာ ဉာဏ်အား ရှေးရှုထင်အောင်၊ နာမ်ပိုင်းခြားပုံကို ပြရုံမျှသာတည်း။

တံ သမ္ပာဒေတုကာမေန သမထယာနိကေန တာဝ ထပေ တွာ နေဝသညာနာသညာယတနံ အဝသေသရူပါရူပါဝစရ ဇ္ဈာနာနံ အညတရတော ဝုဋ္ဌာယ ဝိတက္ကာဒီနိ ဈာနင်္ဂါနိ တံ သမ္ပယုတ္တာ စ ဓမ္မာ လက္ခဏ ရသာဒိဝသေန ပရိဂ္ဂဟေတဗ္ဗာ၊

ပရိဂ္ဂဟေတွာ သဗ္ဗမ္ပေတံ အာရမ္မဏာဘိမုခ နမနတော နမနဋ္ဌေန နာမန္တိ ဝဝတ္ထပေတဗ္ဗံ။

တံ၊ ထိုနာမရူပပရိစ္ဆေဒဉာဏ်ကို။ သမ္ပာဒေတုကာမေန၊ ပြီးစေလိုသော။ သမထယာနိကေန၊ သမထယာနိက ယောဂီပုဂ္ဂိုလ်သည်။ တာဝ၊ ရှေးဦးစွာ။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတန ဈာန်ကို။ ထပေတွာ၊ ထား၍။ အဝသေသ ရူပါရူပါဝစရ ဈာနာနံ၊ ကြွင်းသော ရူပါဝစရဈာန်၊ အရူပါဝစရဈာန်တို့တွင်။ အညတရတော၊ တပါးပါးသောဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ ဝိတက္ကာဒီနိ၊ ဝိတက် အစရှိကုန်သော။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့ကို။ တံသမ္ပယုတ္တာစ ဓမ္မာ၊ ထိုဈာန် အင်္ဂါနှင့်ယှဉ်သော ဈာနသမ္ပယုတ်စိတ္တုပ္ပါဒ်၊ ပထဝီကသိုဏ်းဈာန်တရား တို့ကို။ လက္ခဏရသာဒိဝသေန၊ လက္ခဏာ, ရသ,အစရှိသော အလိုအားဖြင့်။ ပရိဂ္ဂဟေတဗ္ဗာ၊ သိမ်းဆည်းရေတွက်အပ်ကုန်၏။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းရေတွက်ပြီး၍။ သဗ္ဗံပိ၊ အလုံးစုံလည်းဖြစ်သော။ ဧတံ ဈာနံ၊ ထိုပထဝီကသိုဏ်းဈာန်ကို။ အာရမ္မဏာဘိ မုခ နမနတော၊ အာရုံသို့ရှေးရှုညွတ်သောအားဖြင့်။ နမနဋ္ဌေန၊ ညွတ်သောအနက်ကြောင့်။ နာမန္တိ၊ နာမ်ဟူ၍။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားအပ်၏။

ထိုသို့ နာမ်ကို ပိုင်းခြားပုံကို ပြပြီးသည်၏နောက်မှ။ ဥပမာမည် သည်ကား၊ ယောကျ်ားသည်၊ အိမ်တွင်း၌ မြွေကိုမြင်၍။ ထိုမြွေ၏နောက် သို့ အစဉ်လိုက်သည်ရှိသော်၊ ထိုမြွေ၏နေရာကို မြင်သလို၊ ထိုအတူ၊ ဤယောဂီသည်လည်း၊ ထိုပထဝီကသိုဏ်းဈာန် နာမ်ကို ဆင်ခြင်သည်ရှိ သော်၊ ထိုပထဝီကသိုဏ်းဈာန်နာမ်သည်၊ အဘယ်ကိုမှီ၍ဖြစ်လေသနည်း ဟု၊ ရှာသည်ရှိသော်၊ ထိုပထဝီကသိုဏ်းဈာန်နာမ်၏ မှီရာ ဖြစ်သော ဟဒ ယရုပ်ကို မြင်၏။ မြင်ချင်းကြောင့်၊ ဟဒယရုပ်လည်းတပါး၊ ထိုဟဒယ ရုပ်၏မှီရာဖြစ်သော မဟာဘုတ်က ၄-ပါး၊ မဟာဘုတ်ကို မှီသော ကြွင်းသော ဥပါဒါ ရုပ်က ၅-ပါး၊ ဤသို့၊ ဟဒယ ဒသကရုပ်ကို၊ လက္ခ ဏာ, ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်အားဖြင့် ၄-ပါးတို့တွင်၊ မနောကြည်တာ က၊ ဟဒယရုပ်ဟု၊ ပစ္စုပဋ္ဌာန်အားဖြင့်၊ သိမ်းဆည်းရေတွက်၏။ ရေ တွက်ပြီး၍၊ ထိုယောဂီသည်၊ ထိုအလုံးစုံသော ရုပ်ကို၊ ကြည်သဖြင့် ဖောက်ပြန်ချင်းကြောင့် ရုပ်ဟုပိုင်းခြား၏။ ဤသို့ ပိုင်းခြားချင်းသည်

လည်း၊ ဝိပဿနာဉာဏ်ဖြင့်ပိုင်းခြားသည် မဟုတ်သေး၊ ပါဋိဟာရိယ ပညာဖြင့် ဝိပဿနာဉာဏ်အား ရှေးရှုထင်အောင်၊ ရုပ်ပိုင်းခြားပုံကို ပြရုံမျှသာတည်း။

တတော ယထာ နာမ ပုရိသော အန္ဓကာရေဂေဟေ သပ္ပံ ဒိသွာ တံ အနုဗန္ဓမာနော တဿ အာသယံ ပဿတိ၊ ဧဝမေဝါယံ ယောဂါဝစရောပိ တံ နာမံ ဥပပရိက္ခန္တော ဣဒံ နာမံ ကိံ နိဿာယ ပဝတ္တတီတိ ပရိယေသမာနော တဿ နိဿယံ ဟဒယရူပံ ပဿတိ၊ တတော ဟဒယရူပဿ နိဿယဘူတာနိ ဘူတနိဿိတာနိစ သေသုပါဒါယရူပါနီတိ ရူပံ ပရိဂ္ဂဏှာတိ။ သော သဗ္ဗမေတံ ရုပ္ပနတော ရူပန္တိ ဝဝတ္ထပေတိ။

တတော၊ ထိုနောင်မှ။ ယထာနာမ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်ားသည်။ အန္ဓကာရေဂေဟေ၊ အိမ်တွင်း၌။ သပ္ပံ၊ မြွေကို။ ဒိသွာ၊ မြင်၍။ တံ၊ ထိုမြွေနောက်သို့။ အနုဗန္ဓမာနော၊ အစဉ်လိုက်သည်ရှိသော်။ တဿ၊ ထိုမြွေ၏။ အာသယံ၊ နေရာကို။ ပဿတိယထာ၊ မြင်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အယမ္ပိယောဂါဝစရော၊ ဤယောဂီသည်လည်း။ တံနာမံ၊ ထိုပထဝီကသိုဏ်းဈာန် နာမ်ကို။ ဥပပရိက္ခန္တော၊ ဆင်ခြင်သည် ရှိသော်။ ဣဒံနာမံ၊ ဤပထဝီ ကသိုဏ်းဈာန်နာမ်သည်။ ကိံ၊ အဘယ်ကို။ နိဿာယ၊ မှီ၍။ ပဝတ္တတိ၊ ဖြစ်လေသနည်း။ ဣတိ၊ ဤသို့။ ပရိယေသမာနော၊ ရှာသည်ရှိသော်။ တဿ၊ ထိုပထဝီကသိုဏ်းဈာန်နာမ်၏။ နိဿယံ၊ မှီရာဖြစ်သော။ ဟဒယရူပံ၊ ဟဒယရုပ်ကို။ ပဿတိ၊ မြင်၏။ တတော၊ ထိုသို့မြင်ချင်းကြောင့်။ ဟဒယရူပံ၊ ဟဒယရုပ်ကလည်းတပါး။ အဿ၊ ထိုဟဒယရုပ်၏။ နိဿယဘူတာနိ၊ မှီရာမဟာဘုတ်က ၄-ပါး။ ဘူတနိဿိတာနိစ သေသုပါဒါယရူပါနိ၊ မဟာဘုတ်ကိုမှီသောကြွင်းသော ဥပါဒါရုပ်က ၅-ပါး။ ဣတိ၊ ဤသို့။ ဟဒယဒသကံ၊ ဟဒယဒသက ဖြစ်သော။ ရူပံ၊ ရုပ်ကို။ လက္ခဏရသာဒိဝသေန၊ လက္ခဏာ,ရသ,အစရှိသောအလိအားဖြင့်။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်းရေတွက်၏။ သော၊ ထိုယောဂီသည်။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဧတံရူပံ၊ ထိုရုပ်ကို။ ရုပ္ပနတော၊ ကြည်သဖြင့် ဖောက်ပြန်ချင်းကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။

ထိုသို့ပါဠိုဟာရိယပညာဖြင့်၊ဝိပဿနာဉာဏ်အားရှေးရှုထင်အောင် နာမ်ပိုင်းခြားပုံ၊ ရုပ်ပိုင်းခြားပုံ၊ အစုံကိုဆောင်၍ပြပြီးသည်၏ နောက်မှ၊ ယောဂီက၊နာမ် ရုပ်ကိုပိုင်းခြား၏၊ ပိုင်းခြားပုံကား၊ပထဝီဟုရှုသောခဏ၊ မနောကလည်းကြည်၊ ပထဝီ ကသိုဏ်း ပဋိဘာဂနိမိတ်ကလည်းထင်၊ ပထဝီဟု- မနောဝိညာဏ်ကလည်းရှု၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ငါးပါးစုံပေါင်းဆုံမိတာကို၊ ပထဝီဟုရှုတယ်ဆိုရ၊ရှုသောခဏ၊ မနောကြည်တာက,ရုပ်၊ ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ထင်တာက,ပညတ်၊မရေတွက်အပ်၊ပထဝီဟုရှုတာ,တွေ့တာ,ခံစားတာက,နာမ်၊ဤကားရုပ်၊ ဤကားနာမ်၊မဆိုသော်လည်းဆိုသလို၊ ပထဝီဟုရှုသောခဏ၊ မနောကြည်တာက, ရုပ်၏အပိုင်းအခြား၊ ပထဝီဟုရှုတာက,နာမ်၏အပိုင်းအခြား၊ ဤသို့ ယောဂီ၏ဉာဏ်အား၊ ရုပ်အပိုင်းအခြား၊ နာမ်အပိုင်းအခြား၊ထင်ချင်းသည်၊နာမ် ရုပ်ကိုပိုင်းခြားသည်မည်၏။

တတော နမနလက္ခဏံ နာမံ ရုပ္ပနလက္ခဏံ ရူပန္တိ သင်္ခေပတော နာမရူပံ ဝဝတ္ထပေတိ။

တတော၊ ထိုနောင်မှ။ နမနလက္ခဏံ၊ ညွှတ်သောသဘောလက္ခဏာက။နာမံ၊နာမ်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်သော သဘောလက္ခဏာက။ ရူပံ၊ရုပ်။ဣတိ၊ ဤသို့။သင်္ခေပတော၊ အကျဉ်းအားဖြင့်။နာမရူပံ၊နာမ် ရုပ်ကို။ဝဝတ္ထပေတိ၊ပိုင်းခြား၏။

ယောဂီကားနှစ်ယောက်၊ သမထယာနိကယောဂီတယောက်၊ သုဒ္ဓဝိပဿနာယာနိက ယောဂီတယောက်၊ ထိုနှစ်ယောက်တို့တွင်၊ သမထယာနိကယောဂီသည်၊ စိတ္တဝိသုဒ္ဓိမှဝိပဿနာသို့ကူး၍၊ ရှေးဦးအစပဌမ နာမ် ရုပ်ကိုပိုင်းခြား၏။ရှေးဦးအစ ပဌမ နာမ်ရုပ်ကို တကြိမ်ပိုင်းခြားပြီးသည်မှနောက်၊ သုဒ္ဓဝိပဿနာ ယာနိကယောဂီနှင့် သာတူ၏။ အထူးမရှိ။ ။သုဒ္ဓဝိပဿနာယာနိကယောဂီ သည်လည်း၊ သီလဝိသုဒ္ဓိမှ ဝိပဿနာသို့ကူး၍၊ နာမ်ရုပ်ကိုပိုင်းခြား၏။ ထိုသုဒ္ဓဝိပဿနာယာနိကယောဂီသည်လည်းနှစ်ယောက်၊ တိက္ခိန္ဒြေယောဂီတယောက်၊ မုဒိန္ဒြေယောဂီတယောက်၊ ထိုနှစ်ယောက်တို့တွင်၊ တိက္ခိန္ဒြေယောဂီသည်၊ ရုပ်ကိုပေါင်း၍၊ နာမ်ကိုပေါင်း၍၊နာမ် ရုပ်ကိုပိုင်းခြား၏။

ပိုင်းခြားပုံကား။

မြင်သောခဏ၊ မျက်စိကလည်းကြည်၊အဆင်းကလည်းထင်၊ စက္ခု ဝိညာဏ်ကလည်းမြင်၊ ဖဿကလည်း တွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံပေါင်းဆုံမိတာကို မြင်တယ်ဆိုရ။ ။မြင်သောခဏ၊ မျက်စိ ကြည်တာက စက္ခုဒသက၊ ၄-ပါးသောမဟာဘုတ်၊ ဥပါဒါရုပ်တစုံ၊ အဆင်းထင်တာက ရူပအဋ္ဌက၊ ၄-ပါးသောမဟာဘုတ်၊ ဥပါဒါရုပ် တစုံ၊မြင်တာက စိတ်၊တွေ့တာ,ခံစားတာက, စေတသိက်၊ စိတ်,စေတ သိက်က တစုံ။

ကြားသောခဏ၊ နားကလည်းကြည်၊ အသံကလည်းထင်၊ သောတ ဝိညာဏ်ကလည်းကြား၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ငါးပါးစုံပေါင်းဆုံမိတာကို ကြားတယ်ဆိုရ။ ။ကြားသောခဏ၊ နား ကြည်တာက–သောတဒသက၊ ၄–ပါးသော မဟာဘုတ် ဥပါဒါရုပ် တစုံ၊ အသံထင်တာက-သဒ္ဒနဝက၊ ၄-ပါးသော မဟာဘုတ်ဥပါဒါရုပ် တစုံ၊ကြားတာကစိတ်၊ တွေ့တာ, ခံစားတာက, စေတသိက်၊ စိတ်,စေတ သိက်က တစုံ။

နံသောခဏ၊နှာကလည်းကြည်၊ အနံ့ကလည်းထင်၊ ဃာနဝိညာဏ် ကလည်းနံ၊ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ငါးပါးစုံပေါင်း ဆုံမိတာကို နံတယ်ဆိုရ။ ။နံသောခဏ၊ နှာကြည်တာက–ဃာန ဒသက၊ ၄-ပါးသော မဟာဘုတ် ဥပါဒါရုပ် တစုံ၊ အနံ့ထင်တာက- ဂန္ဓအဋ္ဌက၊ ၄-ပါးသော မဟာဘုတ် ဥပါဒါရုပ် တစုံ၊ နံတာက–စိတ်၊ တွေ့တာ, ခံစားတာက, စေတသိက်၊ စိတ်, စေတသိက်က တစုံ။

စားသောခဏ၊လျှာကလည်းကြည်၊ အရသာကလည်းထင်၊ ဇိဝှါ ဝိညာဏ်ကလည်းစား၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတာကို စားတယ်ဆိုရ။ ။စားသော ခဏ၊ လျှာ ကြည်တာက–ဇိဝှါဒသက၊ ၄-ပါးသော မဟာဘုတ် ဥပါဒါရုပ်တစုံ၊ အရသာထင်တာက-ရသအဋ္ဌက၊ ၄–ပါးသော မဟာဘုတ် ဥပါဒါရုပ် တစုံ၊ စားတာကစိတ်၊ တွေ့တာ, ခံစားတာက, စေတသိက်၊ စိတ်, စေ တသိက်က တစုံ။

ထိသောခဏာ၊ ကိုယ်ကလည်းကြည်၊ အတွေ့ကလည်းထင်၊ ကာယ ဝိညာဏ်ကလည်းထိ။ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတာကို ထိတယ်ဆိုရ။ ။ထိသောခဏာ ကိုယ်ကြည်တာက ကာယဒသက၊ ၄-ပါးသော မဟာဘုတ်ဥပါဒါ ရုပ်တစုံ၊ အတွေ့ထင်တာက-ဖောဋ္ဌဗ္ဗအဋ္ဌက၊ ၄-ပါးသော မဟာဘုတ်ဥပါဒါရုပ်တစုံ၊ ထိတာက—စိတ်၊ တွေ့တာ,ခံစားတာက,စေတသိက်၊စိတ်, စေတသိက်က တစုံ။

ကြွေးသောခဏာ၊ မနောကလည်းကြည်၊ ကြွေးသော သဘောက လည်း ထင်၊ မနောဝိညာဏ်ကလည်းသိ၊ ဖဿကလည်းတွေ့၊ ဝေဒနာ ကလည်း ခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတာကို ကြွေးတယ် ဆိုရ။ ။ ကြွေးသော ခဏာ၊ မနောကြည်တာက—ဟဒယဒသက၊ ၄-ပါးသော မဟာဘုတ် ဥပါဒါရုပ်တစုံ၊ ကြွေးသော သဘောထင်တာက—ကာယ ဝိညတ္တိနဝက၊ ၄—ပါးသောမဟာဘုတ် ဥပါဒါရုပ်တစုံ၊ သိတာက— စိတ်။ တွေ့တာ,ခံစားတာက,စေတသိက်။ စိတ်,စေတသိက်က တစုံ။

ဤသို့သော နည်းဖြင့် ရေတွက်၍ မကုန်နိုင်သော၊ ၄—ပါးသော မ ဟာဘုတ် ဥပါဒါရုပ်အစုံစုံကို၊ ရုပ်တခုတည်းသို့ပေါင်း၍၊အလုံးစုံသော ရုပ်သည်၊ အကျဉ်းအားဖြင့်၊ ဤအတ္တဘော၌ ရုပ်မည်၏။ ဤသို့ သိမ်း ဆည်း ရေတွက်၍၊ ထိုအတူ ရေတွက်၍ မကုန်နိုင်သော-စိတ်,စေတ သိက် အစုံစုံကို၊ နာမ် တခုတည်းသို့ ပေါင်း၍၊ အလုံးစုံသော စိတ်, စေတသိက်သည်၊ အကျဉ်းအားဖြင့်၊ ဤအတ္တဘော၌ နာမ်မည်၏။ဤသို့ သိမ်းဆည်းရေတွက်၍၊ ဤအတ္တဘော၌ ညွှတ်သောသဘောလက္ခဏာ က-နာမ်၊ ဖောက်ပြန်သော သဘောလက္ခဏာက- ရုပ်ဟု၊ အကျဉ်း အားဖြင့် နာမ်ရုပ်ကိုပိုင်းခြား၏။

အပရော ယံကိဉ္စိ ရူပံ သဗ္ဗံ စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပန္တိ ဧဝံ သံခိတ္တေနေဝ ရူပမဿ အတ္တဘာဝေ ရူပံ ပရိဂ္ဂဟေတွာ တထာ မနာယတနဉ္စေဝ ဓမ္မာယတနေကဒေသဉ္စ နာမန္တိ ပရိဂ္ဂဟေတွာ ဣတိဣဒဉ္စနာမံ ဣဒဉ္စရူပံ ဣဒံ ဝုစ္စတိ နာမရူပန္တိ သင်္ခေပတော နာမရူပံ ဝဝတ္ထပေတိ။

အပရော၊ တယောက်သော တိက္ခိန္ဒြေယောဂီသည်။ သဗ္ဗံ၊ အလုံးစုံ။ စတ္တာရိမဟာဘူတာနိ၊ ၄-ပါးသော မဟာဘုတ်။ စတုန္နဉ္စမဟာဘူတာနံ၊ ၄-ပါးသောမဟာဘုတ်တို့၏။ သဗ္ဗံ၊ အလုံးစုံ။ ဥပါဒါယရူပံ၊ ဥပါဒါရုပ်။ ဣတိဧဝံ၊ ဤသို့။ ယံကိဉ္စိရူပံ၊ အလုံးစုံသော ရုပ်သည်။ သံခိတ္တေနေဝ၊ အကျဉ်းအားဖြင့်သာလျှင်။ ဣမသ္မိံ အတ္တဘာဝေ၊ ဤအတ္တဘော၌။ ရူပံ၊ ရုပ်မည်၏။ ဣတိ၊ ဤသို့။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း ရေတွက်၍။ တထာ၊ ထိုအတူ။ သဗ္ဗံ၊အလုံးစုံ။ မနာယတနဉ္စေဝ၊မနာယတနကလည်း စိတ်။သဗ္ဗံ၊အလုံးစုံ။ဓမ္မာယတနေကဒေသဉ္စ၊ဓမ္မာယတနတစိတ်ကလည်း စေတသိက်။ ဣတိဧဝံ၊ ဤသို့။ ယံကိဉ္စိစိတ္တစေတသိကံ၊ အလုံးစုံသော စိတ်, စေတသိက်သည်။ သံခိတ္တေနေဝ၊ အကျဉ်းအားဖြင့် သာလျှင်။ ဣမသ္မိံ အတ္တဘာဝေ၊ ဤအတ္တဘော၌။ နာမံ၊ နာမ်မည်၏။ ဣတိ၊ ဤသို့။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းရေတွက်၍။ ဣတိဣမသ္မိံ အတ္တဘာဝေ၊ ဤ အတ္တဘော၌။ ဣဒဉ္စနမနလက္ခဏံ၊ ဤညွတ်သော သဘောလက္ခဏာက။ နာမံ၊ နာမ်။ဣဒဉ္စရုပ္ပနလက္ခဏံ၊ ဤဖောက်ပြန်သောသဘောလက္ခဏာက။ ရူပံ၊ ရုပ်။ ဣဒံ၊ ဤသို့ညွတ်သော သဘောလက္ခဏာ, ဖောက်ပြန်သော သဘောလက္ခဏာအစုံကို။နာမရူပန္တိ၊ နာမ်ရုပ် အစုံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ နာမရူပံ၊ နာမ်ရုပ်ကို။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။

ဤသို့၊ ရုပ်ကိုပေါင်း၍၊ နာမ်ကိုပေါင်း၍၊ နာမ်ရုပ်ကို ပိုင်းခြားချင်းသည်၊ တိက္ခိန္ဒြေယောဂီအားသာ၊ နာမ်ရုပ် ထင်၏။ မုဒိန္ဒြေ ယောဂီအားကား၊ ရုပ်သာထင်၏၊ နာမ်မထင်။

မထင်ပုံကား။

ထိုထိုသိမ်းဆည်းသော အကြောင်းဖြင့်၊ ကွေးသောခဏ၊ ကွေး-ကွေးတယ်ဟု အမှတ်ပြုသဖြင့်၊ ကွေးသောသဘောရုပ်သာထင်၏။နာမ်မထင်။ အဘယ့်ကြောင့် မထင်သနည်း၊ ကွေးတာ တခုတည်း၌၊ အစအဆုံး ကောင်းစွာ ပြောင်းရွေ့သဖြင့်လည်း၊ တရွေ့ရွေ့မထင်၊ အလေ့အလာ မတွင်၊ ဉာဏ်အမြင် စင်ကြယ်အောင်၊ ရုပ်ကိုသုမ်သင် ရှင်းလင်းသဖြင့်လည်း၊ တရှုရှု၊ တလှုပ်လှုပ်၊ တဆွဲ့ဆွဲ့၊ တချန်ချန်၊ အာရုံပြုသော နာမ်အစဉ် သိမ်မွေ့သောကြောင့်၊ အလိုလိုနာမ်မထင်။

သစေ ပနဿ တေန တေန မုခေန ရူပံ ပရိဂ္ဂဟေတွာ အရူပံ ပရိဂ္ဂဏှတော သုခုမတ္တာ အရူပံ န ဥပဋ္ဌာတိ။

တေနတေနမုခေန၊ ထိုထို သိမ်းဆည်းသော အကြောင်းဖြင့်။ ရူပံ၊ ရုပ်ကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း ရေတွက်၍။ အရူပံ၊ နာမ်ကို။ ပရိဂ္ဂဏှတော၊သိမ်းဆည်းသော။အဿဏ္ဍမဿယောဂိနော၊ ဤ မုဒိန္ဒြေ ယောဂီအား။သုခုမတ္တာ၊ သိမ်မွေ့သည်၏ အဖြစ်ကြောင့်။ အရူပံ၊ နာမ် သည်။ သစေပနနဥပဋ္ဌာတိ၊ အကယ်၍ မထင်သည်ဖြစ်အံ့။

ဤသို့ ရုပ်သာထင်၍ နာမ်မထင်သည်ရှိသော်၊ ယခုဘဝ မဂ်ရမည် မဟုတ်၊ အားထုတ် သော်လည်း မဖြစ်။ တော်ပြီ တန်ပြီဟု-ဝန်မချ မူ၍၊ ထင်သောရုပ်ကိုပင်လျှင်၊ အဖန်တလဲလဲ သုံးသပ် နှလုံးသွင်း သိမ်း ဆည်း ပိုင်းခြား အလေ့အလာများသဖြင့်၊ ပိုင်းခြားသောနာမ်အစဉ်၊အ လိုလို ထင်၏။

ထင်ပုံကား။

အကြင်အကြင် ပြောင်းလွှဲသော အခြင်းအရာအားဖြင့်၊ကွေးသောခ ဏ၊ကွေး-ကွေးတယ်ဟု အမှတ်ပြုသဖြင့်၊ကွေးသောသဘောရုပ်လည်း ထင်၏။ ကွေးတာတခုတည်း၌၊ အစအဆုံး ကောင်းစွာ ပြောင်းရွှေ့သ ဖြင့်၊တရွေ့ရွေ့လည်းထင်၏။အလေ့အလာလည်းတွင်၏။ဉာဏ်အမြင်စင် ကြယ်အောင် ရုပ်ကိုသုမ်သင်ရှင်းလင်းသဖြင့်၊ မိုးရွက်ဆိတ်သွားသလို၊ တရွရွ၊တလှုပ်လှုပ်၊ချသွားသလို၊ တရွရွ၊တလှုပ်လှုပ်၊ ပရွက်အုံလို၊တဆွေ့ ဆွေ့၊ တချန်ချန်၊ ပျားအုံလို၊ တဆွေ့ဆွေ့၊ တချန်ချန်၊ ဤသို့ တရွရွ၊ တလှုပ်လှုပ်၊ တဆွေ့ဆွေ့၊ တချန်ချန်၊ အာရုံပြုသောနာမ်အစဉ်အလိုလို ထင်၏။

တေန ဓုရနိက္ခေပံ အကတွာ ရူပမေဝ ပုနပ္ပုနံ သမ္မသိတဗ္ဗံ၊ မနသိကာတဗ္ဗံ၊ပရိဂ္ဂဟေတဗ္ဗံ၊ ဝဝတ္ထပေတဗ္ဗံ၊ ယထာ ယထာ ဟိဿ ရူပံ သုဝိက္ခာလိတံ ဟောတိ၊နိဇ္ဇဋံ သုပရိသုဒ္ဓံ၊တထာ တထာ တဒါရမ္မဏာ အရူပဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ။

တေနယောဂိနာ၊ ထိုယောဂီသည်။ ဓုရနိက္ခေပံ၊ ဝန်ချချင်းကို။အက တွာ၊ မပြုမူ၍။ရူပမေဝ၊ ရုပ်ကိုသာလျှင်။ပုနပ္ပုနံ၊ အဖန်တလဲလဲ။သမ္မသိ

တဖွံ၊သုံးသပ်အပ်၏။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ပရိဂ္ဂဟေတဗ္ဗံ၊ သိမ်းဆည်းအပ်၏။ဝဝတ္ထပေတဗ္ဗံ၊ပိုင်းခြားအပ်၏။ယထာ ယထာ ယေန ယေန အာကာရေန၊အကြင်အကြင်ပြောင်းလွဲသောအခြင်းအရာအားဖြင့်။ အဿ ဗုဒ္ဓမဿယောဂိနော၊ဤယောဂီအား။ ရူပံ၊ ရုပ်သည်။ သုဝိဘူတံ၊ကောင်းစွာပြောင်းလွဲအပ်သည်။ဟောတိ၊ဖြစ်၏။နိဗ္ဗုဓံ၊ ရှုပ်ထွေးချင်းမရှိ။သုပရိသုဒ္ဓံ၊ ကောင်းစွာစင်ကြယ်၏။ တထာ တထာ တေန တေန အာကာရေန၊ ထိုထိုပြောင်းလွဲသောအခြင်းအရာအားဖြင့်။ တဒါရမ္မဏာ၊ ထိုပြောင်းလွဲသော အခြင်းအရာကို အာရုံပြုကုန်သော။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ သယမေဝ၊ အလိုလိုသာလျှင်။ ပါကဋာ၊ထင်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ဥပမာကား၊ မျက်စိအမြင်ရှိသောယောကျ်ား၊ မစင်ကြယ်သော မှန်၌ မျက်နှာရိပ်ကိုကြည့်သည်ရှိသော်၊မျက်နှာရိပ်မထင်၊ထိုယောကျ်ားသည်၊ မျက်နှာရိပ်မထင်ဟုမှန်ကို မစွန့်မပစ်၊ စင်စစ်သော်ကား၊ မှန်ကို အဖန်တလဲလဲပွတ်တိုက်၏။ ပွတ်တိုက်သောယောကျ်ားအား၊ မှန်စင်ကြယ်သည်ရှိသော်၊မျက်နှာရိပ်အလိုလိုထင်သကဲ့သို့။

> ယထာဟိ စက္ခုမတော ပုရိသဿ အပရိသုဒ္ဓေ အာဒါသေ မုခနိမိတ္တံ ဩလောကေန္တဿ နိမိတ္တံ န ပညာယတိ သော နိမိတ္တံ န ပညာယတီတိ န အာဒါသံ ဆဍ္ဍေတိ။ အထခေါ နံ ပုနပ္ပုနံ ပရိမဇ္ဇတိ၊ တဿ ပရိသုဒ္ဓေ အာဒါသေ နိမိတ္တံ သယမေဝ ပါကဋံ ဟောတိ။

စက္ခုမတော၊ မျက်စိအမြင်ရှိသော။ ပုရိသဿ၊ ယောကျ်ား၏။ အပရိသုဒ္ဓေ၊မစင်ကြယ်သော။အာဒါသေ၊မှန်၌။မုခနိမိတ္တံ၊ မျက်နှာရိပ်ကို။ ဩလောကေန္တဿ၊ကြည့်စဉ်။ နိမိတ္တံ၊မျက်နှာရိပ်သည်။န ပညာယတိ၊မထင်။ သော၊ထိုယောကျ်ားသည်။ နိမိတ္တံနပညာယတီတိ၊ မျက်နှာရိပ်မထင်ဟု၊အာဒါသံ၊မှန်ကို။ နဆဍ္ဍေတိ၊ မစွန့်မပစ်၊ အထခေါ၊ စင်စစ်သော်ကား။နံ၊ထိုမှန်ကို။ပုနပ္ပုနံ၊ အဖန်တလဲလဲ။ပရိမဇ္ဇတိ၊ ပွတ်တိုက်၏။ တဿ၊ ထိုပွတ်တိုက်သောယောကျ်ားအား။ အာဒါသေ၊ မှန်သည်။ ပရိသုဒ္ဓေ၊စင်ကြယ်သည်ရှိသော်။ နိမိတ္တံ၊ မျက်နှာရိပ်သည်။သယမေဝ၊ အလိုလိုသာလျှင်။ပါကဋံ၊ထင်သည်။ဟောတိယထာ၊ဖြစ်သကဲ့သို့။

ထိုအတူ ရုပ်သာထင်၍ နာမ်မထင်သော ထိုယောဂီသည်၊ယခုဘဝ မဂ်ရမည်မဟုတ်၊အားထုတ်သော်လည်းမဖြစ်၊တော်ပြီတန်ပြီဟု ဝန်မချမူ၍၊ ထင်သောရုပ်ကိုသာလျှင်၊ အဖန်တလဲလဲသုံးသပ်နှလုံးသွင်း သိမ်းဆည်း ပိုင်းခြား အလေ့အလာ များသဖြင့်၊ ပိုင်းခြားသောနာမ်အစဉ် အလိုလိုထင်၏။

ထင်ပုံကား။

အကြင်အကြင် ပြောင်းလွဲသော အခြင်းအရာကို အာရုံပြုသောအား ဖြင့်၊ကွေးသောခဏ၊ ကွေး-ကွေးတယ်ဟု အမှတ်ပြုသဖြင့်၊ကွေးသော သဘောရုပ်လည်းထင်၏၊ကွေးတာတခုတည်း၌၊ အစအဆုံးကောင်းစွာ ပြောင်းရွေ့သဖြင့်၊ တရွေ့ရွေ့လည်းထင်၏၊ အလေ့အလာလည်းတွင် ၏။ ညာလက်အမြင့် စဉ်ကြယ်အောင်၊ ရုပ်ကို သုတ်သင် ရှင်းလင်းသဖြင့်၊ ပိုးရွက်ဆိတ် သွားသလို၊ တရွရွ တလှုပ်လှုပ်၊ ချသွားသလို၊ တရွရွ တလှုပ်လှုပ်၊ပရုအုံလို၊တဆွေ့ဆွေ့ တခုန်ခုန်၊ ပျားအုံလို၊ တဆွေ့ဆွေ့ တခုန်ခုန်၊ ဤသို့၊ တရွရွတလှုပ်လှုပ်၊ တဆွေ့ဆွေ့ တခုန်ခုန်၊ ထိုထို ပြောင်းလွဲသောအခြင်းအရာကို အာရုံပြုသောအားဖြင့်၊ အာရုံပြုခြင်း၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော၊ ကိလေသာအညစ်အကြေးတို့သည်၊ စင်ကြယ်ကုန်၏၊ ပွတ်တိုက်သဖြင့်စင်ကြယ်သော မှန်၏အထက်၌၊ မျက်နှာ ရိပ်အလိုလိုထင်သကဲ့သို့၊ထို့အတူ၊ ကောင်းစွာပြောင်းရွေ့သဖြင့်၊ စင်ကြယ်သောရုပ်၏အထက်၌၊ တရွရွတလှုပ်လှုပ်တဆွေ့ဆွေ့ တခုန်ခုန်၊ အာရုံပြုသောစိတ်အစဉ်အလိုလိုထင်၏။

ဧဝမေဝ တေန ဘိက္ခုနာ ဓုရနိက္ခေပံ အကတွာ ရူပမေဝ ပုနပ္ပုနံ သမ္မသိတဗ္ဗံ၊ မနသိကာတဗ္ဗံ၊ ပရိဂ္ဂဟေတဗ္ဗံ၊ ဝဝတ္ထပေတဗ္ဗံ၊ ယထာ ယထာဟိဿ ရူပံ သုဝိက္ခာလိတံ ဟောတိ၊ နိဇ္ဇဋံ သုပရိသုဒ္ဓံ၊ တထာတထာ တပ္ပစ္စနိကကိလေသာ ပရိသုဿန္တိ၊အာဒါသုပရိ မုခနိမိတ္တံဝိယ စိတ္တံ ရူပုပရိ သယမေဝ ပါကဋံ ဟောတိ။

ဧဝမေဝ၊ ဤအတူသာလျှင်။ တေနဘိက္ခုနာ၊ ထိုယောဂီရဟန်းသည်။ ဓုရနိက္ခေပံ၊ ဝန်ချချင်းကို။ အကတွာ၊ မပြုမူ၍။ ရူပမေဝ၊ ရုပ်ကို

သာလျှင်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သမ္မသိတဗ္ဗံ၊ သုံးသပ်အပ်၏။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏၊ ပရိဂ္ဂဟေတဗ္ဗံ၊ သိမ်းဆည်းအပ်၏။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားအပ်၏။ သထာ ယထာ ယေန ယေန အာကာရေန၊ အကြင်အကြင်ပြောင်းလွဲသော အခြင်းအရာကို အာရုံပြုသော အားဖြင့်။ အသမ္ဗုဓသယောဂိနော၊ ဤယောဂီအား။ ရူပံ၊ ရုပ်သည်။ သုဝိက္ခာလိတံ၊ ကောင်းစွာပြောင်းလွဲအပ်သည်။ ဟောတိ၊ ဖြစ်၏။ နိဇ္ဇဋံ၊ ရုပ်ထွေးချင်းမရှိ၊ သုပရိသုဒ္ဓံ၊ ကောင်းစွာစင်ကြယ်၏။ တထာ တထာ တေန တေန အာကာရေန၊ ထိုထို ပြောင်းလွဲသော အခြင်းအရာကို အာရုံပြုသောအားဖြင့်။ တပ္ပစ္စနိက ကိလေသာ၊ ထိုအာရုံပြုချင်း၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာ အညစ်အကြေးတို့သည်။ ပရိသုဒ္ဓန္တိ၊ စင်ကြယ်ကုန်၏။ အာဒါသပရိ၊ မှန်၏ အထက်၌။ မုခနိမိတ္တံဝိယ၊ မျက်နှာရိပ်အလိုလိုထင်သကဲ့သို့။ စိတ္တံ၊ စိတ်သည်။ ရူပုပရိ၊ ရုပ်၏အထက်၌။ သယမေဝ၊ အလိုလိုသာလျှင်။ ပါကဋံ၊ ထင်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့၊ ကောင်းစွာရှင်းလင်းသုတ်သင် စင်ကြယ်သောရုပ်ကို သိမ်းဆည်းသော၊ ဤမုဒိန္ဒြေယောဂီအား၊ နာမ်တရားတို့သည်၊ ၃-ပါးသော အခြင်းအရာတို့ဖြင့် ထင်ကုန်၏၊ ဖဿအလိုအားဖြင့်လည်း ထင်ကုန်၏၊ ဝေဒနာအလိုအားဖြင့်လည်း ထင်ကုန်၏၊ ဝိညာဏ်အလိုအားဖြင့်လည်း ထင်ကုန်၏၊ ထင်ပုံကား၊ ကွေးသောခဏ၊ ကွေး-ကွေးတယ်ဟုအမှတ်ပြုသဖြင့်၊ ကွေးသောသဘောရုပ်လည်းထင်၏၊ ကွေးတာတခုတည်း၌၊ အစအဆုံးကောင်းစွာပြောင်းရွေ့သဖြင့်၊ တရွေ့ရွေ့လည်းထင်၏၊ အလေ့အလာလည်းတွင်၏၊ ဉာဏ်အမြင်စင်ကြယ်အောင် ရုပ်ကို သုတ်သင်ရှင်းလင်းသဖြင့်၊ တရွရွ တလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံနှင့်တွေ့သော ဖဿအလိုအားဖြင့်လည်း နာမ်ထင်ကုန်၏။ တရွရွတလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံကိုခံစားသော ဝေဒနာအလိုအားဖြင့်လည်း နာမ်ထင်ကုန်၏။ တရွရွတလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံပြုသော ဝိညာဏ်အလိုအားဖြင့်လည်းနာမ်ထင်ကုန်၏။

ဧဝံ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿ ပနဿ အရူပဓမ္မာ တီဟာကာရေဟိ ဥပဋ္ဌဟန္တိ ဖဿဝသေန ဝါ ဝေဒနာဝသေန ဝါ ဝိညာဏဝသေန ဝါ။

ဧဝံ၊ ဤသို့။ သုဝိသုဒ္ဓရူပ ပရိဂ္ဂဟဿ၊ ကောင်းစွာရှင်းလင်းသုဓ်သင် စင်ကြယ်သော ရုပ်ကိုသိမ်းဆည်းသော။ အဿဇ္ဇမဿပနယောဂိနော၊ ဤမုဒိန္ဓေယောဂီအားကား။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ တိဟာ ကာရေဟိ၊ သုံးပါးသော အခြင်းအရာတို့ဖြင့်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန် ၏။ ဖဿဝသေန ဝါ၊ ဖဿအလိုအားဖြင့်လည်း။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဝေဒနာ ဝသေန ဝါ၊ ဝေဒနာအလိုအားဖြင့်လည်း။ ဥပဋ္ဌဟန္တိ၊ ထင်ကုန် ၏။ ဝိညာဏ ဝသေန ဝါ၊ ဝိညာဏ်အလိုအားဖြင့်လည်း။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

ဤသို့ ကောင်းစွာ ရှင်းလင်း သုဓ်သင်၊ စင်ကြယ်သောရုပ်ကို သိမ်း ဆည်းသော၊ မုဒိန္ဓေယောဂီအားသာလျှင်၊ နာမ်တရားတို့သည်၊ ၃-ပါး သော အခြင်းအရာတို့ဖြင့်၊ အကြင့်ကြောင့် ထင်ကုန်၏၊ ထို့ကြောင့်၊ ကောင်းစွာ ရှင်းလင်း သုဓ်သင်၊ စင်ကြယ်သောရုပ်ကို သိမ်းဆည်း သော နည်းဖြင့်သာလျှင်၊ တရှုရှု တလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံနှင့်တွေ့သော ဖဿအလိုအားဖြင့်လည်းအလိုလိုထင်သော။ တရှုရှု တလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံကိုခံစားသော ဝေဒနာအလို အားဖြင့်လည်း အလိုလိုထင်သော။ တရှုရှု တလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံပြုသော ဝိညာဏ်အလိုအားဖြင့်လည်း အလိုလိုထင် သော။ နာမ်ကိုသိမ်းဆည်းချင်းငှါ အားထုတ်အပ်၏။ ရုပ်မဘက်၊ နာမ် သက်သက်သိမ်းဆည်းသော နည်းဖြင့်၊ အလိုလိုမထင်သော နာမ်ကို၊ သိမ်းဆည်းချင်းငှါ အားမထုတ်အပ်။

ယသ္မာ စ ဧဝံ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿေဝ တဿ အရူပ ဓမ္မာ တိဟာကာရေဟိ ပါကဋာ ဟောန္တိ၊ တသ္မာ သုဝိသုဒ္ဓရူ ပပရိဂ္ဂဟေနေဝ အရူပပရိဂ္ဂဟာယ ယောဂေါ ကာတဗ္ဗော၊ န ဣတရေန။

ယသ္မာ စ၊ အကြင့်ကြောင့်လည်း။ ဧဝံ၊ ဤသို့။ သုဝိသုဒ္ဓရူပပရိဂ္ဂ ဟဿ၊ ကောင်းစွာရှင်းလင်းသုဓ်သင်၊ စင်ကြယ်သောရုပ်ကိုသိမ်းဆည်း သော။ တဿ တဿေဝယောဂိနော၊ ထိုမုဒိန္ဓေယောဂီအားသာလျှင်။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ တိဟာကာရေဟိ၊ ၃-ပါးသော အခြင်း အရာတို့ဖြင့်။ ပါကဋာ၊ ထင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊

ထို့ကြောင့်။သုဝိသုဒ္ဓရူပပရိဂ္ဂဟောနေဝ၊ ကောင်းစွာရှင်းလင်းသုဓ်သင်၊ စင်ကြယ်သောရုပ်ကို သိမ်းဆည်းသောနည်းဖြင့်သာလျှင်။ အရူပပရိဂ္ဂဟာယ၊ နာမ်ကိုသိမ်းဆည်းချင်း၌။ ယောဂေါ၊အားထုတ်ချင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဣတရေန၊ ရုပ်မဘက်၊ နာမ်သက်သက်သိမ်းဆည်းသောနည်းဖြင့်။ အရူပပရိဂ္ဂဟာယ၊ နာမ်ကိုသိမ်းဆည်းချင်း၌။ ယောဂေါ၊ အားထုတ်ချင်းကို။ နကာတဗ္ဗော၊ မပြုအပ်။

အကယ်၍ တကြိမ်ထင်သောရုပ်၊ နှစ်ကြိမ်ထင်သောရုပ်ကိုပယ်၍၊ ရုပ်မဘက်၊ နာမ်သက်သက်၊ သိမ်းဆည်းသောနည်းဖြင့်၊ နာမ်ကိုသိမ်းဆည်းချင်း၌၊ အားထုတ်သည်ဖြစ်အံ့၊ ကမ္မဋ္ဌာန်းကျ၏။

ကျပုံကား။ ။ကွေးသော ခဏ၊ ကွေး-ကွေးတယ်ဟု အမှတ်မပြုသဖြင့်၊ကွေးသောသဘောရုပ်လည်းမထင်ဘဲ၊ ကွေးတာ တခုတည်း၌၊ အစအဆုံး ကောင်းစွာမပြောင်းရွှေ့သဖြင့်၊ တရွေ့ရွေ့လည်းမထင်ဘဲ၊ အလေ့အလာလည်း မတွင်ဘဲ၊ ဉာဏ်အမြင် စင်ကြယ်အောင်၊ ရုပ်ကို မသုဓ်သင် မရှင်းလင်းသဖြင့်၊၊တရွရွ တလှုပ်လှုပ်၊တဆွေ့ဆွေ့ တချန်ချန် အာရုံပြုသော နာမ်အစဉ်၊ အလိုလိုလည်းမထင်ဘဲ၊ မျှော်,ရောင်,ရမ်း, ဆ,၊ ကြန်တွေး၍ရသောနာမ်ကို၊ သိမ်းဆည်းချင်း၌ အားထုတ်သောကြောင့်၊ကမ္မဋ္ဌာန်းကျ၏။ ။ထိုသူ၏ကမ္မဋ္ဌာန်း၊တိုးပွါးချင်း၊စည်ပင်ချင်း၊ ပြန့်ပြောများမြတ်ချင်းသို့ မရောက်။ ။ကောင်းစွာ ရှင်းလင်းသုဓ်သင် စင်ကြယ်သောရုပ်ကို၊ သိမ်းဆည်းသော အလိုအားဖြင့်ကား၊ တရွရွ တလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံနှင့် တွေ့သောဖဿအလိုအားဖြင့်လည်း အလိုလိုထင်သော၊တရွရွတလှုပ်လှုပ်၊ တဆွေ့ဆွေ့တချန်ချန်၊ အာရုံကိုခံစားသောဝေဒနာ အလိုအားဖြင့်လည်း အလိုလိုထင်သော၊ တရွရွ တလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံပြုသော ဝိညာဏ် အလို အားဖြင့်လည်း အလိုလို ထင်သော၊နာမ်ကို သိမ်းဆည်းချင်း၌ အားထုတ်သောယောဂီ၏ ကမ္မဋ္ဌာန်း တိုးပွါးချင်း၊ စည်ပင်ချင်း၊ ပြန့်ပြောများမြတ်ချင်းသို့ ရောက်၏။

သစေဟိ ဧကေသံ ဝါ ရူပဓမ္မေ ဥပဋ္ဌိတေ ဒွိသု ဝါ ရူပံ ပဟာယ အရူပပရိဂ္ဂဟံ အာရဘတိ၊ ကမ္မဋ္ဌာနတော ပရိဟာယတိ၊ သုဝိသုဒ္ဓရူပပရိဂ္ဂဟာဝသေန ပန အရူပပရိဂ္ဂဟာယ ယောဂံ ကရောတော ကမ္မဋ္ဌာနံ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ ပါပုဏာတိ။

သာစေ၊ အကာယ်၍။ ကောသို့ ရူပဓမ္မေ၊ တကြိမ်သောရုပ်တရားသည်။ ဥပဋ္ဌိတေဝ၊ ထင်သော်ရင်း။ ဒွိသုရူပဓမ္မေသု၊ နှစ်ကြိမ်သောရုပ်တရားတို့သည်။ ဥပဋ္ဌိတေသုဝ၊ ထင်ကုန်သော်ရင်း။ ရူပံ၊ ထင်သောရုပ်ကို။ ပဟာယ၊ပယ်၍။ အရူပပရိဂ္ဂဟံ၊နာမ်ကိုသိမ်းဆည်းချင်း၄ါ။အာရဘတိ၊ အားထုတ်သည်ဖြစ်အံ့။ ကမ္မဋ္ဌာနတော၊ ကမ္မဋ္ဌာန်းမှ။ ·ပရိဟာယတိ၊ ဆုတ်ယုတ်လျှောကျ၏။ သုဝိသုဒ္ဓရူပပရိဂ္ဂဟာဝသေန ပန၊ ကောင်းစွာ ရှင်းလင်း သုင်သင်၊စင်ကြယ်သောရုပ်ကို သိမ်းဆည်းသောအလိုအား ဖြင့်ကား။ အရူပပရိဂ္ဂဟာယ၊ နာမ်ကိုသိမ်းဆည်းချင်း၄ါ။ ယောဂံ၊အား ထုတ်ချင်းကို။ကရောတော၊ပြုသောယောဂီ၏။ ကမ္မဋ္ဌာနံ၊ ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်းသည်။ ဝုဒ္ဓိံ၊ တိုးပွါးချင်းသို့။ ဝိရူဠှိံ။ စည်ပင်ချင်းသို့။ ဝေပုလ္လံ၊ပြန့်ပြောများမြတ်ချင်းသို့။ ပါပုဏာတိ၊ ရောက်၏။

ဤသို့တိုးပွါးချင်း၊စည်ပင်ချင်း၊ပြန့်ပြောများမြတ်ချင်းသို့ရောက်သော ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်းနှင့် ပြည့်စုံသော ထိုယောဂီသည်၊ တရှုရှု တလှုပ်လှုပ်၊ တဆွေ့ဆွေ့တချန်ချန်၊အာရုံနှင့် တွေ့သော ဖဿအလိုအား ဖြင့်လည်း အလိုလိုထင်သော၊ တရှုရှုတလှုပ်လှုပ်၊တဆွေ့ဆွေ့တချန်ချန်၊ အာရုံကို ခံစားသော ဝေဒနာ အလိုအားဖြင့်လည်း အလိုလိုထင်သော၊ တရှုရှုတလှုပ်လှုပ်၊ တဆွေ့ဆွေ့တချန်ချန်၊ အာရုံပြုသော ဝိညာဏ်အလို အားဖြင့်လည်းအလိုလိုထင်သော။ ။ဤသို့တရှုရှုတလှုပ်လှုပ်၊ တဆွေ့ ဆွေ့တချန်ချန်၊ အာရုံပြုသောနာမက္ခန္ဓာ ၄-ပါးက နာမ်။ ထိုနာမက္ခန္ဓာ ၄-ပါးတို့၏ တရှုရှုတလှုပ်လှုပ်၊ တဆွေ့ဆွေ့တချန်ချန်၊ အာရုံဖြစ်၍ ဖြစ်သော၊ ၄-ပါးသောမဟာဘုတ် ဥပါဒါရုပ်က ရုပ်ဟု၊နာမ်ရုပ်ကိုပိုင်း ခြား၏။ ။ထိုအတူ၊ ဓာတ် ၁၈-ပါးတို့တွင်၊တရှုရှုတလှုပ်လှုပ်၊ တဆွေ့ ဆွေ့ တချန်ချန်၊အာရုံပြုသော အခွဲနှင့်တကွ ၈-ပါးသော နာမ်ဓာတ်က နာမ်။တရှုရှုတလှုပ်လှုပ်၊ တဆွေ့ဆွေ့တချန်ချန်၊အာရုံဖြစ်သော အခွဲနှင့် တကွ ၁၁-ပါးသောရုပ်ဓာတ်က ရုပ်ဟု၊ နာမ်ရုပ်ကိုပိုင်းခြား၏။ ။ ထိုအတူ၊ ၁၂-ပါးသော အာယတနတို့တွင်၊ တရှုရှုတလှုပ်လှုပ်၊ တဆွေ့ ဆွေ့တချန်ချန်၊အာရုံပြုသော အခွဲနှင့်တကွ ၂-ပါးသောနာမ်အာယတန က နာမ်၊တရှုရှုတလှုပ်လှုပ်၊ တဆွေ့ဆွေ့တချန်ချန်၊ အာရုံဖြစ်သောအခွဲ နှင့်တကွ ၁၁-ပါးသော ရုပ်အာယတနက ရုပ်ဟု၊ နာမ်ရုပ်ကိုပိုင်းခြား

၏။ ။ထိုအတူ၊ ခန္ဓာငါးပါးတို့တွင်၊ တရွရွတလှုပ်လှုပ်၊ တဆွေ့ဆွေ့တချန်ချန်၊ အာရုံပြုသော နာမက္ခန္ဓာ ၄-ပါးကနာမ်။ တရွရွတလှုပ်လှုပ်၊ တဆွေ့ဆွေ့တချန်ချန်၊ အာရုံဖြစ်သော ရူပက္ခန္ဓာက ရုပ်ဟု၊ နာမ်ရုပ်ကို ပိုင်းခြား၏။ ။ဤသို့အလုံးစုံဘုံသုံးပါး၌ဖြစ်သော၊ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ တရားအပေါင်းကို၊ ဤကားအချုပ်ဖုံး၊ ဤကားအချုပ်မ၊ မဆိုသော်လဲ ဆိုသလို။ သံလျှက်ဦးဖြင့် အချုပ်ကို ဖွင့်လှစ်သကဲ့သို့။ ။ဤကားထန်းဘူး၊ဤကားထန်းဘူး။ မဆိုသော်လဲဆိုသလို၊ ထန်းဘူးအစုံကိုခွဲသကဲ့သို့။ဤကားနာမ်၊ဤကားရုပ်ဟု၊နှစ်ပါးပိုင်းခြား၏။

> သော ဧဝံ ဖဿာဒီနံ ဝသေန ဥပဋ္ဌိတေ စတ္တာရော အရူပိနော ခန္ဓေ နာမန္တိ တေသံ အာရမ္မဏဘူတာနိ စတ္တာရိ မဟာဘူတာနိ စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယရူပံ ရူပန္တိ ဝဝတ္ထပေတိ။ဣတိ အဋ္ဌာရသဓာတုယော ဒွါဒသာယတနာနိ ပဉ္စက္ခန္ဓာတိ သဗ္ဗေပိ တေဘူမကေ ဓမ္မေ ခဂ္ဂေန သမုဂ္ဂံ ဝိဝရမာနော ဝိယ၊ ယမကတာလကန္ဒံ ဖာလယမာနောဝိယစ နာမဉ္စ ရူပဉ္စာတိ ဒွေဓာ ဝဝတ္ထပေတိ။

သော၊ ထိုယောဂီသည်။ ဧဝံ၊ ဤသို့။ ဖဿာဒီနံ၊ ဖဿ ဝေဒနာ ဝိညာဏ်တို့၏။ ဝသေန၊ အလိုအားဖြင့်။ဥပဋ္ဌိတေ၊ထင်ကုန်သော။စတ္တာရောအရူပိနောခန္ဓေ၊နာမက္ခန္ဓာ ၄-ပါးတို့ကို။ နာမန္တိ၊ နာမ်ဟု။ တေသံ၊ ထိုနာမက္ခန္ဓာ ၄-ပါးတို့၏။ အာရမ္မဏဘူတာနိ၊ အာရုံဖြစ်၍ ဖြစ်ကုန်သော။ စတ္တာရိမဟာဘူတာနိ၊ ၄-ပါးသောမဟာဘုတ်တို့ကို။ စတုန္နဥ္စ မဟာဘူတာနံ၊ ၄-ပါးသောမဟာဘုတ်တို့၏။ ဥပါဒါယရူပံ၊ ဥပါဒါရုပ်ကို။ ရူပန္တိ၊ရုပ်ဟု။ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ ဣတိဧဝံတထာ၊ ထိုအတူ။ အဋ္ဌာရသဓာတုယော၊ ၁၈-ပါးသောဓာတ်။ဒွါဒသာယတနာနိ၊ ၁၂-ပါးသောအာယတန။ ပဉ္စက္ခန္ဓာ၊ ၅-ပါးသောခန္ဓာ။ ဣတိ၊ ဤသို့။ သဗ္ဗေပိ၊ ကုန်အောင်လည်းစုံကုန်သော။တေဘူမကေ၊ ဘုံသုံးပါး၌ ဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ခဂ္ဂေန၊ သံလျှက်ဦးဖြင့်။ သမုဂ္ဂံ၊ အချုပ်ကို။ ဝိဝရမာနောဝိယ၊ ဖွင့်လှစ်သကဲ့သို့။ယမကတာလကန္ဒံ၊ ထန်းဘူးအစုံကို။ဖာလယမာနောဝိယစ၊ခွဲသကဲ့သို့။နာမဉ္စ၊ နာမ်။ရူပဉ္စ၊ ရုပ်။ဣတိ၊ဤသို့။ဒွေဓာ၊ ၂-ပါး။ဝဝတ္ထပေတိ၊ပိုင်းခြား၏။

ဤသို့ နာမ်လည်းတပါး၊ ရုပ်လည်းတပါး၊ နာမ်ရုပ်နှစ်ပါးကို ပိုင်းခြားသော ဤယောဂီသည်၊ နာမရူပပရိစ္ဆေဒဉာဏ်တဘက်ကမ်းသို့ ရောက်၍၊ ရောက်ချင်းကြောင့်၊ နာမ်ရုပ်မှတပါး၊ သတ္တဝါမည်သည်လည်းမရှိ၊ ပုဂ္ဂိုလ်မည်သည်လည်းမရှိ၊ နတ်မည်သည်လည်းမရှိ၊ ဗြဟ္မာမည်သည်လည်းမရှိဟု၊ဆုံးဖြတ်ချင်းသို့ရောက်၍။ပရမတ်အားဖြင့်ကား၊ နာမ် ရုပ်နှစ်ပါးမျှသာရှိ၏ဟု၊ ဤသို့ရှုသောယောဂီ၏ ဉာဏ်အမြင်– အကြင့်ကြောင့် ယထာဘူတဉာဏ် အမြင်မည်၏။

> နာမရူပမတ္တတော ဥဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထီတိ နိဋ္ဌံ ဂစ္ဆတိ။ပရမတ္ထတော ပန နာမရူပမတ္တမေဝ အတ္ထီတိ။ ဧဝံ ပဿတော ဟိ ဒဿနံ ယထာဘူတဒဿနံ နာမ ဟောတိ။

နာမရူပမတ္တတော၊နာမ်ရုပ်မျှထက်။ ဥဒ္ဓံ၊အပိုအလွန်။အညော၊တပါးသော။ သတ္တော ဝါ၊ သတ္တဝါသည်လည်း။ နတ္ထိ၊မရှိချေ။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်လည်း။နတ္ထိ၊မရှိချေ။ဒေဝေါ ဝါ၊ နတ်သည်လည်း။ နတ္ထိ၊ မရှိချေ။ဗြဟ္မာ ဝါ၊ဗြဟ္မာသည်လည်း။နတ္ထိ၊မရှိချေ။ဣတိ၊ဤသို့။နိဋ္ဌံ၊ ဆုံးဖြတ်ချင်းသို့။ဂစ္ဆတိ၊ရောက်၏။ပရမတ္ထတော ပန၊ပရမတ္ထအားဖြင့်ကား။နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသည်သာလျှင်။ အတ္ထိ၊ရှိ၏။ ဣတိဧဝံ၊ဤသို့။ ပဿတော၊ရှုသောယောဂီ၏။ ဒဿနံ၊ဉာဏ်အမြင်သည်။ ယထာဘူတဒဿနံ နာမ၊ ဟုတ်သောအတိုင်းသိမြင်သည်မည်သည်။ ဟိယသ္မာ၊ အကြင့်ကြောင့်။ဟောတိ၊ဖြစ်၏။

ထိုကြောင့်၊ ဥပမာမည်သည်ကား။ ။သစ်သားရုပ်၊ သတ္တ ဇီဝမှ ဆိတ်၍၊သတ္တလည်းမဟုတ်၊ ဇီဝလည်းမဟုတ်၊ အားထုတ်ချင်းလည်မရှိ၊ ထိုသို့ပင်ဖြစ်လျက်၊ သစ်သားရုပ်၊ ကြိုးနှင့်ပေါင်းဆုံ သောအလိုအားဖြင့်၊ သွားလည်းသွားသလို၊ ရပ်လည်းရပ်သလို၊အားထုတ်ချင်းရှိလည်းရှိသလို၊ကြောင့်ကြခြင်းရှိလည်းရှိသလို၊မှတ်ထင်ရသကဲ့သို့။ ။ထိုအတူ၊ဤ နာမ်ရုပ်သည်လည်း၊သတ္တဇီဝမှဆိတ်၍။ သတ္တလည်းမဟုတ်၊ ဇီဝလည်း မဟုတ်၊အားထုတ်ချင်းလည်းမရှိ။ထိုသို့ပင်ဖြစ်လျက်၊ အချင်းချင်းပေါင်း ဆုံသောအလိုအားဖြင့်၊သွားလည်းသွားသလို၊ ရပ်လည်းရပ်သလို၊အား ထုတ်ချင်းရှိလည်းရှိသလို၊ကြောင့်ကြချင်းရှိလည်းရှိသလို၊မှတ်ထင်ရ၏။

တသ္မာ ယထာနာမ ဒါရုယန္တံ သုညံ နိဇ္ဇီဝံ နိရီဟကံ၊ အထ စ ပန ဒါရုရဇ္ဇုကသမာယောဂဝသေန ဂစ္ဆတိပိ တိဋ္ဌတိပိ သဤဟကံ သဗျာပါရံ ဝိယ ခါယတိ။ ဧဝမိဒံ နာမရူပံပိ သုညံ နိဇ္ဇီဝံ နိရီဟကံ၊ အထ စ ပန အညမညသမာယောဂဝသေန ဂစ္ဆတိပိ တိဋ္ဌတိပိ သဤဟကံ သဗျာပါရံ ဝိယ ခါယတိ။

တသ္မာ၊ ထို့ကြောင့်။ ယထာနာမ၊ ဥပမာမည်သည်ကား။ ဒါရုယန္တံ၊ သစ်သားရုပ်သည်။ သုညံ၊ သတ္တဇီဝမှဆိတ်၏။ နိဇ္ဇီဝံ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်။ နိရီဟကံ၊ အားထုတ်ချင်းမရှိ။ အထ စ ပန၊ ထိုသို့ပင်ဖြစ်လျက်။ ဒါရုရဇ္ဇုကသမာယောဂဝသေန၊ သစ်သားရုပ်-ကြိုးနှင့်ပေါင်းဆုံသောအလိအားဖြင့်။ ဂစ္ဆတိပိဝိယ၊ သွားလည်းသွားသလို။ တိဋ္ဌတိပိ ဝိယ၊ ရပ်လည်းရပ်သလို။ သဤဟကံပိဝိယ၊ အားထုတ်ချင်းရှိလည်းရှိသလို။ သဗျာပါရံပိဝိယ၊ ကြောင့်ကြချင်းရှိလည်းရှိသလို။ ခါယတိယထာ၊ မှတ်ထင်ရသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ဣဒံနာမရူပမ္ပိ၊ ဤနာမ်ရုပ်သည်လည်း။ သုညံ၊ သတ္တဇီဝမှဆိတ်၏။ နိဇ္ဇီဝံ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်။ နိရီဟကံ၊ အားထုတ်ချင်းလည်းမရှိ။ အထ စ ပန၊ ထိုသို့ပင်ဖြစ်လျက်။ အညမညသမာယောဂဝသေန၊ အချင်းချင်း နာမ်ရုပ်ပေါင်းဆုံသော အလိအားဖြင့်။ ဂစ္ဆတိပိဝိယ၊ သွားလည်းသွားသလို။ တိဋ္ဌတိပိဝိယ၊ ရပ်လည်းရပ်သလို။ သဤဟကံပိဝိယ၊ အားထုတ်ချင်းရှိလည်းရှိသလို။ သဗျာပါရံပိဝိယ၊ ကြောင့်ကြချင်းရှိလည်းရှိသလို။ ခါယတိ၊ မှတ်ထင်ရ၏။

စင်စစ်သော်ကား၊ နာမ်ကိုမှီ၍ရုပ်ဖြစ်၏။ ရုပ်ကိုမှီ၍နာမ်ဖြစ်၏။ နာမ်က—ခဲလိုဝါးလိုသည်ရှိသော်။ ရုပ်က—ခဲ၏ဝါး၏။ နာမ်က—သောက်လိုမျိုလိုသည်ရှိသော်၊ ရုပ်က—သောက်၏မျို၏။ နာမ်က—ပြောလိုဆိုလိုသည်ရှိသော်၊ ရုပ်က—ပြော၏ဆို၏။ နာမ်က—ဣရိယာပုထ်ကိုပြုလိုသည်ရှိသော်၊ ရုပ်က—ဣရိယာပုထ်ကိုပြု၏။

အထဝါ နာမံ နိဿာယ ရူပံ ပဝတ္တတိ၊ ရူပံ နိဿာယ နာမံ ပဝတ္တတိ၊ နာမဿ ခါဒိတုကာမတာယ ပိဝိတုကာမတာယ ဗျာဟရိတုကာမတာယ ဣရိယာပထံ ကပ္ပေတုကာမတာယ သတိ ရူပံ ခါဒတိ ပိဝတိ ဗျာဟရတိ ဣရိယာပထံ ကပ္ပေတိ။

အထခေါ၊ စင်စစ်သော်ကား။နာမံ၊ နာမ်ကို။ နိဿာယ၊ မှီ၍။ ရူပံ၊ ရုပ်က။ပဝတ္တတိ၊ ဖြစ်ရ၏။ ရူပံ၊ ရုပ်ကို။ နိဿာယ၊ မှီ၍။နာမံ၊ နာမ်က။ ပဝတ္တတိ၊ ဖြစ်ရ၏။ နာမဿ၊နာမ်၏။ ခါဒိတုကာမတာယ၊ ခဲလိုဝါးလိုသည့်။သတိ၊ရှိသော်။ရူပံ၊ ရုပ်က၊ ခါဒတိ၊ ခဲ၏ဝါး၏။ နာမဿ၊ နာမ်၏။ ပိဝိတုကာမတာယ၊ သောက်လိုမျိုလိုသည့်။သတိ၊ရှိသော်။ ရူပံ၊ရုပ်က။ ပိဝတိ၊ သောက်၏မျို၏။ နာမဿ၊ နာမ်၏။ ဗျာဟရိတုကာမတာယ၊ ပြောလိုဆိုလိုသည့်။သတိ၊ရှိသော်။ရူပံ၊ရုပ်က။ဗျာဟရတိ၊ပြော၏ဆို၏။ နာမဿ၊နာမ်၏။ ဣရိယာပထံကပ္ပေတုကာမတာယ၊ ဣရိယာပုထ်ကိုပြုလိုသည့်။သတိ၊ ရှိသော်။ရူပံ၊ရုပ်က။ဣရိယာပထံကပ္ပေတိ၊ဣရိယာပုထ်ကိုပြု၏။

ဤသို့ပြုလိုသောသဘောကနာမ်၊ပြုသောသဘောကရုပ်ဟု၊အကျဉ်းချုပ်သိမ်းအုပ်၍၊ နာမ်ရုပ်ကို ပိုင်းခြား ချင်းကြောင့်၊ နာမ်ရုပ်မှ တပါး ပုဂ္ဂိုလ်- သတ္တဝါ- ငါ- သူတပါး- ယောကျ်ား- မိန်းမ-မရှိ ဟု၊ သေသေချာချာ၊ ဂဂ-နန၊ ယယ မိမိ၊ ရက္ချ ကြေန်၊ အမှန်သိ၍၊ ထင်မိထင်မိရာ၊ သတ္တသညာ၊ တွေဝေသောသမ္မောဟကိလေသာကို၊ လွှမ်းမိုးနှိပ်စက်ဖျက်ဆီး၍၊ သတ္တသညာရှင်းလင်း၊ တွေဝေချင်းကင်းသော၊အသမ္မောဟဘုံ၌တည်သော၊နာမ်ရုပ်တို့ကို ဟုတ်သောအတိုင်း သိမြင်သော ယောဂီ၏ညာဏ်ကို ဒိဋ္ဌိဝိသုဒ္ဓိဟုဆို။

ဧဝံ နာနာနယေဟိ နာမရူပံ ဝဝတ္ထာပယတော သတ္တသညံ အဘိဘဝိတ္ဝာ အသမ္မောဟဘူမိယံ ဌိတံ နာမရူပါနံ ယာထာဝ ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ။

ဧဝံ၊ဤသို့။ နာနာနယေဟိ၊ အထူးထူးသောနည်းတို့ဖြင့်။နာမရူပံ၊နာမ်ရုပ်ကို။ ဝဝတ္ထာပယတော၊ ပိုင်းခြားသောယောဂီ၏။သတ္တသညံ၊ သတ္တသညာကိလေသာကို၊ အဘိဘဝိတ္ဝာ၊ လွှမ်းမိုးနှိပ်စက်ဖျက်ဆီး၍။ အသမ္မောဟဘူမိယံ၊ အသမ္မောဟဘုံ၌။ ဌိတံ၊ တည်သော။ နာမရူပါနံ၊ နာမ်ရုပ်တို့ကို။ ယာထာဝဒဿနံ၊ ဟုတ်သောအတိုင်းသိမြင်ချင်းကို။ ဒိဋ္ဌိဝိသုဒ္ဓီတိ၊ဒိဋ္ဌိဝိသုဒ္ဓိဟု။ဝေဒိတဗ္ဗံ၊သိအပ်၏။

ဒိဋ္ဌိဝိသုဒ္ဓိမည်သည်ကား၊ဒိဋ္ဌိမှစင်ကြယ်ချင်းကြောင့်၊ဒိဋ္ဌိဝိသုဒ္ဓိမည်သောဟူ၏။ အဘယ်ဒိဋ္ဌိမှစင်ကြယ်သနည်း။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိမှ

စင်ကြယ်၏။ အဘယ့်ကြောင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိမှ စင်ကြယ်သနည်း။ နာမ်ရုပ်ကိုသိချင်းကြောင့်—သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိမှစင်ကြယ်၏၊နာမ်ရုပ်ကိုသိချင်းကြောင့်-သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိမှစင်ကြယ်၏ဟူသောစကားဖြင့်၊နာမ်ရုပ်ကိုမသိချင်းကြောင့်၊သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိဖြစ်၏ဟူသော အနက်အဓိပ္ပါယ်ရောက်၏။အဘယ်သို့လျှင်နာမ်ရုပ်ကိုမသိချင်းကြောင့် သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိဖြစ်သနည်း။ အကြင်သူသည်ကား၊ ဤလောက၌နာမ်ရုပ်သာရှိ၏၊ အာရုံပြုသော သဘောကားနာမ်၊ အာရုံဖြစ်သောသဘောကားရုပ်ဟု၊ နာမ်ရုပ်ကို မသိချင်းကြောင့်၊ နာမ်ရုပ်ကိုပယ်၍ဤလောက၌၊ ပုဂ္ဂိုလ်-သတ္တဝါ-ငါ-သူတပါး-ယောက်ျား-မိန်းမ-ဟူသည်ကား၊ ခေါ်ဝေါ်ပြောဆိုရုံမျှ-ဝေါဟာရပညတ်သာဖြစ်၍၊ ဘာမျှမရှိဘဲလျက်၊ ပုဂ္ဂိုလ်- သတ္တဝါ- ငါ- သူတပါး- ယောက်ျား-မိန်းမ-ရှိ၏ဟု-ယူမှား၏။ ထိုသူသည်ကား။ ပုဂ္ဂိုလ်-သတ္တဝါ—ငါ-သူတပါး-ယောက်ျား-မိန်းမ-မကျိုးမပဲ့၊မရွဲ့မကန်း၊မသန်းမဝေ၊မအိုမသေဟု၊ ယူမှားသောအားဖြင့်၊ရှိသောသတ္တဝါမသေလျှင်၊သတ္တဝါအစဉ်အဆက်မပြတ်၏ဟု-ယူမှားချင်းကြောင့် သဿတဒိဋ္ဌိဖြစ်၏။ ။ပုဂ္ဂိုလ်-သတ္တဝါ-ငါ-သူတပါး-ယောက်ျား-မိန်းမ-ကျိုးကျိုးပဲ့ပဲ့၊ ရွဲ့ရွဲ့ကန်းကန်း၊ သန်းသန်းဝေဝေ၊သေလည်းသေ၏ဟု- ယူမှားသောအားဖြင့်၊ ရှိသောသတ္တဝါသေလျှင်၊သတ္တဝါအစဉ်အဆက် ပြတ်၏ဟု— ယူမှားချင်းကြောင့်၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

> ယောပနေတံ ယထာဘူတဒဿနံ ပဟာယ သတ္တော အတ္ထီတိ ဂဏှာတိ၊ သော တဿ ဝိနာသံ အနုဇာနေယျ အဝိနာသံဝါ၊ အဝိနာသံ အနုဇာနန္တော သဿတေ ပတတိ၊ ဝိနာသံ အနုဇာနန္တော ဥစ္ဆေဒေ ပတတိ။

ယောပန၊အကြင်သူသည်ကား။ဧတံယထာဘူတဒဿနံ၊ထိုသို့ဟုတ်သောအတိုင်း သိအပ်-မြင်အပ်-ရှုမြင်အပ်သော-နာမ်ရုပ်ကို။ ပဟာယ၊ ပယ်၍။သတ္တော၊သတ္တဝါသည်။အတ္ထိ၊ရှိ၏။ဣတိ၊ ဤသို့။ဂဏှာတိ၊ယူမှား၏။သော၊ထိုယူမှားသောသူသည်။တဿ၊ထိုသတ္တဝါ၏။ဝိနာသံဝါ၊ပျက်စီးချင်းကိုလည်း။ အနုဇာနေယျ၊ခွင့်ပြုရာကျ၏။ အဝိနာသံဝါ၊ မပျက်စီးချင်းကိုလည်း။အနုဇာနေယျ၊ခွင့်ပြုရာကျ၏။အဝိနာသံ၊မပျက်စီးချင်းကို။

အနုဇာနန္တော၊ ခွင့်ပြုသည်ရှိသော်။ သဿတော၊သဿတဒိဋ္ဌိ၌။ ပတတိ၊ ကျ၏။ ဝိနာသံ၊ ပျက်စီးချင်းကို။ အနုဇာနန္တော၊ခွင့်ပြုသည်ရှိသော်။ဥစ္ဆေဒေ၊ဥစ္ဆေဒဒိဋ္ဌိ၌။ပတတိ၊ကျ၏။

ဥစ္ဆေဒဒိဋ္ဌိကား ၅-ပါး။ ၅-ပါးဟူသော်ကား။ ရူပံ အတ္တတော သမနုပဿတိ၊ ဝေဒနံ အတ္တတော သမနုပဿတိ၊ သညံ အတ္တတော သမနုပဿတိ၊ သင်္ခါရေ အတ္တတော သမနုပဿတိ၊ ဝိညာဏံ အတ္တတော သမနုပဿတိ။

ရူပံ၊ ရုပ်ကို။ အတ္တတော၊ ငါဟု။ သမနုပဿတိ၊ ယူမှား၏။ ဝေဒနံ၊ ဝေဒနာကို။ အတ္တတော၊ ငါဟု။ သမနုပဿတိ၊ ယူမှား၏။ သညံ၊ သညာကို။အတ္တတော၊ငါဟု။သမနုပဿတိ၊ယူမှား၏။သင်္ခါရေ၊သင်္ခါရတို့ကို။ အတ္တတော၊ ငါဟု။သမနုပဿတိ၊ယူမှား၏။ ဝိညာဏံ၊ဝိညာဏ်ကို။ အတ္တတော၊ ငါဟု။ သမနုပဿတိ၊ ယူမှား၏။**(ဤကားဥစ္ဆေဒဒိဋ္ဌိ ၅-ပါး)**

သဿတဒိဋ္ဌိကား ၁၅-ပါး။ ၁၅-ပါးဟူသော်ကား၊ ရုပ်၌ သဿတဒိဋ္ဌိ ၃-ပါး၊ ဝေဒနာ၌ သဿတဒိဋ္ဌိ ၃-ပါး၊ သညာ၌ သဿတဒိဋ္ဌိ ၃-ပါး၊သင်္ခါရ၌ သဿတဒိဋ္ဌိ ၃-ပါး၊ ဝိညာဏ်၌ သဿတဒိဋ္ဌိ ၃-ပါး။

ရုပ်၌ သဿတဒိဋ္ဌိ ၃-ပါးဟူသော်ကား။ ရူပဝန္တံဝါ အတ္တာနံ သမနုပဿတိ၊အတ္တနိဝါ ရူပံ၊ ရူပသ္မိံဝါ အတ္တာနံ။

ရူပဝန္တံဝါ၊ရုပ်ရှိသော ခန္ဓာကိုလည်း။အတ္တာနံ၊ငါဟု။သမနုပဿတိ၊ ယူမှား၏။ အတ္တနိဝါ၊ငါ၌လည်း။ ရူပံ၊ ရုပ်ဟု။ သမနုပဿတိ၊ ယူမှား၏။ ရူပသ္မိံဝါ၊ ရုပ်၌လည်း။ အတ္တာနံ၊ငါဟု။သမနုပဿတိ၊ ယူမှား၏။

ဝေဒနာ၌ သဿတဒိဋ္ဌိ ၃-ပါးဟူသော်ကား။ ဝေဒနာဝန္တံဝါ အတ္တာနံ သမနုပဿတိ၊ အတ္တနိဝါ ဝေဒနံ၊ ဝေဒနာယဝါ အတ္တာနံ။

ဝေဒနာဝန္တံဝါ၊ဝေဒနာရှိသောခန္ဓာကိုလည်း။ အတ္တာနံ၊ငါဟု။ သမနုပဿတိ၊ ယူမှား၏။ အတ္တနိဝါ၊ ငါ၌လည်း။ ဝေဒနံ၊ ဝေဒနာဟု။ သမနုပဿတိ၊ယူမှား၏။ဝေဒနာယဝါ၊ဝေဒနာ၌လည်း။ အတ္တာနံ၊ငါဟု။သမနုပဿတိ၊ယူမှား၏။

သညာ၌ သဿတဒိဋ္ဌိ ၃-ပါးဟူသော်ကား။ သညာဝန္တံဝါ အတ္တာနံ သမနုပဿတိ၊ အတ္တနိဝါ သညံ၊ သညာယဝါ အတ္တာနံ။

သညာဝန္တံဝါ၊ သညာရှိသော ခန္ဓာကိုလည်း။ အတ္တာနံ၊ ငါဟု။ သမနုပဿတိ၊ ယူမှား၏။ အတ္တနိဝါ၊ ငါ၌လည်း။ သညံ၊ သညာဟု။ သမနုပဿတိ၊ ယူမှား၏။ သညာယဝါ၊ သညာ၌လည်း။အတ္တာနံ၊ငါဟု။ သမနုပဿတိ၊ယူမှား၏။

သင်္ခါရ၌ သဿတဒိဋ္ဌိ ၃- ပါးဟူသော်ကား။ သင်္ခါရဝန္တံဝါ အတ္တာနံ သမနုပဿတိ၊ အတ္တနိဝါ သင်္ခါရေ၊ သင်္ခါရေသု ဝါ အတ္တာနံ။

သင်္ခါရဝန္တံဝါ၊သင်္ခါရရှိသောခန္ဓာကိုလည်း။ အတ္တာနံ၊ငါဟု။သမနုပဿတိ၊ ယူမှား၏။ အတ္တနိဝါ၊ ငါ၌လည်း။ သင်္ခါရေ၊သင်္ခါရတို့ဟု။ သမနုပဿတိ၊ယူမှား၏။ သင်္ခါရေသုဝါ၊သင်္ခါရတို့၌လည်း။ အတ္တာနံ၊ ငါဟု။သမနုပဿတိ၊ယူမှား၏။

ဝိညာဏ်၌ သဿတဒိဋ္ဌိ ၃-ပါးဟူသော်ကား။ ဝိညာဏဝန္တံဝါ အတ္တာနံ သမနုပဿတိ၊ အတ္တနိဝါ ဝိညာဏံ၊ ဝိညာဏသ္မိံဝါ အတ္တာနံ။

ဝိညာဏဝန္တံဝါ၊ ဝိညာဏ်ရှိသောခန္ဓာကိုလည်း။ အတ္တာနံ၊ငါဟု။ သမနုပဿတိ၊ယူမှား၏။ အတ္တနိဝါ၊ငါ၌လည်း။ ဝိညာဏံ၊ဝိညာဏ်ဟု။ သမနုပဿတိ၊ ယူမှား၏။ ဝိညာဏသ္မိံဝါ၊ ဝိညာဏ်၌လည်း။ အတ္တာနံ၊ ငါဟု။ သမနုပဿတိ၊ ယူမှား၏။ **(ဤကား သဿတဒိဋ္ဌိ ၁၅-ပါး)**

သဿတဒိဋ္ဌိကား၊ အပြားအားဖြင့် ၁၅-ပါး၊ တရားကိုယ်အားဖြင့်၊ သဿတဒိဋ္ဌိ တပါးသာ ဖြစ်၏။ ။ဉစ္ဆေဒဒိဋ္ဌိကား၊ အပြားအားဖြင့် ၅-ပါး၊ တရားကိုယ်အားဖြင့်၊ ဉစ္ဆေဒဒိဋ္ဌိတပါးသာဖြစ်၏။ ဤသို့နာမ်ရုပ်ကိုမသိချင်းကြောင့်၊ သဿတဒိဋ္ဌိ၊ဉစ္ဆေဒဒိဋ္ဌိဖြစ်၏။

အကြင်သူသည်ကား၊ ဤလောက၌နာမ်ရုပ်သာရှိ၏၊ အာရုံပြုသော သဘောကားနာမ်၊အာရုံဖြစ်သောသဘောကားရုပ်ဟု၊နာမ်ရုပ်ကိုသိ၏။

ထိုသူကား နာမ်ရုပ်ကိုသိချင်းကြောင့်၊နာမ်ရုပ်မှတပါး၊ပုဂ္ဂိုလ်-သတ္တဝါ ငါ-သူတပါး-ယောက်ျား—မိန်းမ—မကျိုးမပဲ့၊မရွဲ့ မကန်း၊ မသန်းမဝေ မအိုမသေဟု၊ မယူမှားသောအားဖြင့်၊ ရှိသောသတ္တဝါ မသေလျှင်၊ သတ္တဝါ အစဉ်အဆက်မြဲ၏ဟု၊ မယူမှားချင်းကြောင့် သဿတဒိဋ္ဌိ မဖြစ်။ ။ပုဂ္ဂိုလ်-သတ္တဝါ-ငါ-သူတပါး—ယောက်ျား-မိန်းမ-ကျိုးကျိုး ပဲ့ပဲ့၊ ရွဲ့ရွဲ့ကန်းကန်း၊ သန်းသန်းဝေဝေ၊ သေလည်းသေ၏ဟု၊ မယူမှား သောအားဖြင့်၊ ရှိသောသတ္တဝါသေလျှင်၊ သတ္တဝါအစဉ်အဆက်ပြတ်၏ ဟု-မယူမှားချင်းကြောင့်၊ ဥစ္ဆေဒဒိဋ္ဌိမဖြစ်။ ။အကယ်၍နာမ်ရုပ်ကို သိချင်းကြောင့်၊သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိမဖြစ်သည်ရှိသော်၊နာမ်ရုပ်ကို သိချင်းကြောင့်၊ နာမ်ရုပ်မှတပါး၊ ပုဂ္ဂိုလ်- သတ္တဝါ- ငါ-သူတပါး- ယောက်ျား-မိန်းမ-မရှိဟု၊ ယူသောအယူနှင့်၊လောကဒ္ဓ-အမိမရှိ၊အဘ မရှိ၊သားမရှိ၊သမီးမရှိ၊မောင်မရှိ၊နှမမရှိ၊မယားမရှိ၊လင်မရှိဟု၊ယူသော အယူတူသည်ပင် မဟုတ်လောဟု မသိအပ်။

မသိအပ်ပုံကား။လောကဒ္ဓ၊ မိမိဥာဏ်၊သူတပါးဥာဏ် အားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊မိမိဥာဏ်၊ဤလောကဒ္ဓအကြောင်းသူသည်နာမ်ရုပ်ကိုသိ၏။ ထိုသူအားကား၊ နာမ်ရုပ်မှတပါး၊ ပုဂ္ဂိုလ်—သတ္တဝါ—ငါ—သူတပါး- ယောက်ျား-မိန်းမ-မရှိဟု၊ ဆုံးဖြတ်သောအယူသည်၊ ပရမတ္ထသစ္စာ- ဝိပဿနာသာဖြစ်၏။ ။သူတပါးဥာဏ်၊ ဤလောကဒ္ဓ အကြောင်းသူသည် ကား၊အမိမရှိ၊အဘမရှိ၊သားမရှိ၊သမီးမရှိ၊ မောင်မရှိ၊နှမ မရှိ၊မယားမရှိ၊ လင်မရှိဟု၊ ယူမှားသည်ဖြစ်အံ့။ ထိုသူအားကား၊ လောကပညတ်အမှန်၊ သမုတိသစ္စာကိုပယ်ဖျက်ချင်းကြောင့်၊ မိစ္ဆာဒိဋ္ဌိဖြစ်၏။ မိစ္ဆာဒိဋ္ဌိဖြစ် ချင်းကြောင့်၊ ထိုသူ—အမိ၌ပြုအပ်သောဝတ်ကိုမကျင့်။ အဘ၌ပြုအပ် သောဝတ်ကိုမကျင့်။ သား၌ပြုအပ်သော ဝတ်ကိုမကျင့်။ သမီး၌ပြုအပ် သောဝတ်ကိုမကျင့်။ မောင်၌ပြုအပ်သော ဝတ်ကိုမကျင့်။ နှမ၌ပြုအပ် သောဝတ်ကိုမကျင့်။ မယား၌ပြုအပ်သော ဝတ်ကိုမကျင့်။ လင်၌ပြုအပ် သော ဝတ်ကို မကျင့်။ မကျင့်ချင်းကြောင့် စာရိတ္တ သီလနှင့် မပြည့်စုံ။ ။သူ့အသက်ကိုသတ်၏၊ မရှောင်ကြဉ်။သူ့ ဥစ္စာကိုခိုး၏၊ မရှောင်ကြဉ်။ သူ့ သားအိမ်ရာကို ပြစ်မှား၏၊ မရှောင်ကြဉ်။ မဟုတ် မတရားရသားဆို၏၊ မရှောင်ကြဉ်။ သေရည်သေရက်ကို သောက်စား ၏၊မရှောင်ကြဉ်။ မရှောင်ကြဉ်ချင်းကြောင့် ဝါရိတ္တသီလနှင့် မပြည့်စုံ။

စာရိတ္တသီလ၊ ဝါရိတ္တသီလနှင့်မပြည့်စုံချင်းကြောင့်၊ မိမိကိုယ်က မိစ္ဆာဒိဋ္ဌိဖြစ်ချင်းကြောင့်၊ အားထုတ်သော်လည်းနာမ်ရုပ်ကိုမသိ။နာမ်ရုပ်ကိုမသိခြင်းကြောင့်၊ ထိုသူအား၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏။

သူတပါးဌာန၊ ဤလောက၌ အကြင်သူသည်ကား၊ အမိရှိ၏၊ အဘရှိ၏၊ သားရှိ၏၊ သမီးရှိ၏၊ မောင်ရှိ၏၊ နှမရှိ၏၊ မယားရှိ၏၊ လင်ရှိ၏ဟု၊ ယူသည်ဖြစ်အံ့။ ထိုသူအားကား၊ လောကပညတ်အမှန်၊ သမုတိသစ္စာ မပယ် မဖျက်ချင်းကြောင့်၊ သမ္မာဒိဋ္ဌိဖြစ်၏။ သမ္မာဒိဋ္ဌိဖြစ်ချင်းကြောင့်၊ ထိုသူ-အမိ၌ ပြုအပ်သော ဝတ်ကိုကျင့်၏။ အဘ၌ပြုအပ်သောဝတ်ကို ကျင့်၏။ သား၌ပြုအပ်သောဝတ်ကိုကျင့်၏။သမီး၌ ပြုအပ်သော ဝတ်ကို ကျင့်၏။ မောင်၌ပြုအပ်သော ဝတ်ကိုကျင့်၏။ နှမ၌ပြုအပ်သော ဝတ်ကို ကျင့်၏။ မယား၌ပြုအပ်သောဝတ်ကိုကျင့်၏။ လင်၌ ပြုအပ်သောဝတ်ကို ကျင့်၏။ ကျင့်ချင်းကြောင့်၊စာရိတ္တသီလနှင့် ပြည့်စုံ၏။

သူ့အသက်ကိုမသတ်၊ ရှောင်ကြဉ်၏။ သူ့ဥစ္စာကိုမခိုး၊ရှောင်ကြဉ်၏။ သူ့သားအိမ်ရာကိုမပြစ်မှား၊ ရှောင်ကြဉ်၏။မဟုတ်မတရား မုသားမဆို၊ ရှောင်ကြဉ်၏။ သေရည် သေရက်ကို မသောက်မစား၊ ရှောင်ကြဉ်၏။ ရှောင်ကြဉ်ချင်းကြောင့်၊ ဝါရိတ္တသီလနှင့်ပြည့်စုံ၏။

စာရိတ္တသီလ၊ ဝါရိတ္တသီလနှင့် ပြည့်စုံချင်းကြောင့်၊ မိမိကိုယ် က သမ္မာဒိဋ္ဌိဖြစ်ချင်းကြောင့်၊ အားထုတ်သည်ရှိသော် နာမ်ရုပ်ကိုသိ၏။ နာမ်ရုပ်ကိုသိချင်းကြောင့်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိမဖြစ်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိမဖြစ်ချင်းကြောင့်၊သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိမှစင်ကြယ်၏။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိမှစင်ကြယ်ချင်းကြောင့်၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။

ဤသို့ ဒိဋ္ဌိဝိသုဒ္ဓိမည်သော နာမရူပပရိစ္ဆေဒ ဉာဏ်တဘက်ကမ်းရောက်သော ယောဂီ၏ နာမရူပပရိစ္ဆေဒဉာဏ် ထင်ပုံ၊ မြင်ပုံ၊ သိပုံ၊ မှတ်ပုံ၊ ရှုပုံ၊ ကိလေသာကိုပယ်ပုံ၊ ကိလေသာကိုပယ်သောကိစ္စပြီးဆုံးပုံ၊ ဘာဝနာနှင့်ပြည့်စုံပုံ၊ ဘာဝနာပြီးဆုံးပုံ၊ အလုံးစုံကို အသေအချာမှတ်ဘို့ရာကား။

ဒိဋ္ဌိဝိသုဒ္ဓိမည်သော နာမရူပပရိစ္ဆေဒဉာဏ် တဘက်ကမ်းရောက်သောယောဂီဟူသည်ကား၊ယုတ်လည်းမယုတ်၊ လွန်လည်းမလွန်၊အညီ

အမျှ၀ိရိယထောက်ပံ့သော ဝိပဿနာ စိတ်ကို၊ဥပေက္ခာအလိုအားဖြင့်၊ ကောင်းစွာအညီအညွတ်ရှု၍သာနေ၏။

အညီအညွတ်ရှု၍နေပုံကား။ ခဏတိုင်းခဏ၊ ဥပလက္ခဏာအားဖြင့်၊ ကွေးသော ခဏ၊ ကွေး-ကွေးတယ်ဟု အမှတ်ပြုသဖြင့်၊ကွေးသော သဘောရုပ်လည်းထင်၏။ ကွေးတာတခုတည်း၌၊ အစအဆုံး ကောင်းစွာ ပြောင်းရွှေ့သဖြင့်၊ တရွေ့ရွေ့လည်းထင်၏။ အလေ့အလာလည်းတွင်၏။ ဉာဏ်အမြင်စင်ကြယ်အောင်၊ ရုပ်ကိုသုမ်သင်ရှင်းလင်းသဖြင့်၊ တရွရွတလှုပ်လှုပ်၊တရွေ့ရွေ့တချုန်ချုန်၊အာရုံပြုသောနာမ်အစဉ်။တရွရွ တလှုပ်လှုပ်၊ တရွေ့ရွေ့တချုန်ချုန်၊ အာရုံဖြစ်သောရုပ်အစဉ်။ အလိုလို ထင်အောင်၊ ထိုထိုအာရုံ၊ တပြုန်တည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ် ရှု၍သာနေ၏။ ။အညီအညွတ်ရှု၍နေသော ကာလ၊ ကိလေသာကိုပယ်သောကိစ္စ၊ ဝိပဿနာ ပညိန္ဒြေဘာဝနာချိန် ကျပြီဟု၊ ဝိပဿနာဉာဏ်အား ရှေ့ရှုထင်အောင်၊ ဆောင်၍ပြုသော ပါဠိဟာရိယပညာ။ကိလေသာကိုပယ်သော ကိစ္စမရှိသောအလို၊ဝိပဿနာ ပညာနှင့် အသိလက္ခဏာ တူသောအလို အားဖြင့်၊ ဝိပဿနာ ပညာက ကိလေသာကိုပယ်သော ကိစ္စလွန်လည်းလွန်၏။ ကိလေသာ ကိုပယ်လည်းပယ်၏၊ ဝိပဿနာပညိန္ဒြေဘာဝနာချိန် ကျလည်းကျ၏။

တထာ ပဂ္ဂဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခတိ ဥပေက္ခာ
ဝသေန ပညာဝသေန ပညိန္ဒ္ရိယံ အဓိမတ္တံ ဟောတိ။

တထာ ပဂ္ဂဟိတံ၊ ယုတ်လည်းမယုတ်၊လွန်လည်းမလွန်၊ အညီအမျှ၊ ဝိရိယထောက်ပံ့သော အတိုင်းဖြစ်သော။ စိတ္တံ၊ ဝိပဿနာစိတ်ကို။ ဥပေက္ခာဝသေန၊ဥပေက္ခာအလိုအားဖြင့်။ သာဓုကံ၊ကောင်းစွာ။ အဇ္ဈုပေက္ခတိ၊ အညီအညွတ်ရှု၏။ ပညာဝသေန၊ ပါဠိဟာရိယပညာအလိုအားဖြင့်။ ပညိန္ဒ္ရိယံ၊ ဝိပဿနာပညိန္ဒြေသည်။ အဓိမတ္တံ၊ ကိလေသာကိုပယ်သော ကိစ္စလွန်သည်။ဟောတိ၊ ဖြစ်၏။

ကိလေသာကို ပယ်သောကိစ္စ၊**ဝိပဿနာပညိန္ဒြေဘာဝနာချိန် ကျပုံကား။** ခဏတိုင်းခဏ၊ ဥပလက္ခဏာအားဖြင့်၊ ကွေးသောခဏ၊ကွေး-

ကွေးတယ်ဟု အမှတ်ပြုသဖြင့်၊ ကွေးသော သဘောရုပ်လည်းထင်၏။ ကွေးတာတခုတည်း၌၊ အစအဆုံးကောင်းစွာပြောင်းရွေ့သဖြင့်၊ တရွေ့ရွေ့လည်း ထင်၏။အလေ့ အလာလည်းတွင်၏၊ ဉာဏ်အမြင် စင်ကြယ်အောင်၊ ရုပ်ကိုသုမ်သင်ရှင်းလင်းသဖြင့်၊ တရွရွတလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံပြုသောနာမ်အစဉ်၊ တရွရွ တလှုပ်လှုပ်၊ တဆွေ့ဆွေ့တချန်ချန်၊ အာရုံဖြစ်သောရုပ်အစဉ်၊ အလိုလိုထင်အောင်၊ ယိုယိုအာရုံ၊ တပြုန်တည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှုသော ကာလ၊ ဝိပဿနာစိတ် ကိလေသာမှလွတ်၏။ ဝိပဿနာစိတ်ကိလေသာမှ လွတ်သော ကာလ၊ ဝိပဿနာ ပညိန္ဒြေဘာဝနာ ချိန်ကျ၏။ ဝိပဿနာပညိန္ဒြေဘာဝနာချိန်ကျမှု၊ ခဏတိုင်းခဏ၊ ဥပလက္ခဏာအားဖြင့်၊ကွေးသောခဏ၊ ကွေး-ကွေးတယ်ဟု အမှတ်ပြုသဖြင့်၊ ကွေးသော သဘောရုပ်လည်းထင်၏၊ ကွေးတာတခုတည်း၌အစအဆုံးကောင်းစွာ ပြောင်းရွေ့သဖြင့်၊ တရွေ့ရွေ့လည်းထင်၏။ အလေ့အလာလည်းတွင်၏။ ဉာဏ်အမြင်စင်ကြယ်အောင်၊ ရုပ်ကို သုမ်သင် ရှင်းလင်းသဖြင့်၊ တရွရွတလှုပ်လှုပ်၊တဆွေ့ဆွေ့တချန်ချန်၊ အာရုံပြုသောနာမ်အစဉ်။ တရွရွတလှုပ်လှုပ်၊တဆွေ့ဆွေ့တချန်ချန်၊ အာရုံဖြစ်သော ရုပ်အစဉ်။အလိုလိုထင်အောင်၊ ယိုယိုအာရုံ၊ တပြုန်တည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှုသောကာလ၊ ကိလေသာကိုပယ်သောကိစ္စ၊ ဝိပဿနာ ပညိန္ဒြေဘာဝနာချိန် ကျပြီဟု၊ ဝိပဿနာ ဉာဏ်အားရှေ့ရှုထင်အောင်၊ ဆောင်၍ပြသော ပါဠိပါဒါရိယပညာ၊ ကိလေသာကိုပယ်သော ကိစ္စ မရှိသောအလို၊ ဝိပဿနာပညာနှင့် အသိလက္ခဏာတူသော အလိုအားဖြင့်၊ဝိပဿနာပညာက ကိလေသာကို ပယ်သောကိစ္စ လွန်လည်း လွန်၏၊ ကိလေသာကို ပယ်လည်းပယ်၏၊ ဝိပဿနာ ပညိန္ဒြေ ဘာဝနာချိန် ကျလည်းကျ၏။

ဥပေက္ခာဝသေန နာနတ္တကိလေသေဟိ စိတ္တံ ဝိမုစ္စတိ၊
ဝိမောက္ခ ဝသေန၊ ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

ဥပေက္ခာဝသေန၊ ဥပေက္ခာအလိုအားဖြင့်။ နာနတ္တကိလေသေဟိ၊ အထူးထူးသောကိလေသာတို့မှ။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဝိမုစ္စတိ၊ လွတ်၏။ဝိမောက္ခဝသေန၊ လွတ်သောအလိုအားဖြင့်။ပညာဝသေန၊ပါဋိဟာရိယပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာပညိန္ဒြေသည်။အဓိမတ္တံ၊ကိလေသာကိုပယ်သောကိစ္စလွန်သည်။ဟောတိ၊ဖြစ်၏။

ကိလေသာကို ပယ်သောကိစ္စ၊ ဝိပဿနာ ပညိန္ဒြေဘာဝနာ ချိန်ကျ၍၊ **ဘာဝနာနှင့်ပြည့်စုံပုံကား။** ခဏတိုင်းခဏ၊ဥပလက္ခဏာအားဖြင့်ကွေးသောခဏ၊ ကွေး-ကွေးတယ်ဟုအမှတ်ပြုသဖြင့်၊ကွေးသောသဘောရုပ်လည်းထင်၏၊ ကွေးတာတခုတည်း၌ အစအဆုံးကောင်းစွာပြောင်းရွှေ့သဖြင့် တရွေ့ရွေ့လည်းထင်၏။ အလေ့အလာလည်းတွင်၏၊ ဉာဏ်အမြင်စင်ကြယ်အောင်၊ ရုပ်ကိုသုတ်သင်ရှင်းလင်းသဖြင့်၊ တရွရွတလှုပ်လှုပ်၊ တခွေ့ခွေ့တခုန်ခုန်၊ အာရုံပြုသောနာမ်အစဉ်။ တရွရွတလှုပ်လှုပ်၊ တခွေ့ခွေ့တခုန်ခုန်၊အာရုံဖြစ်သောရုပ်အစဉ်။အလိုလိုထင်အောင်၊ထိုထိုအာရုံ၊တပြုန်တည်းမလွတ်၊ သိမှတ်ဝတ်ပြုသောဝိပဿနာစိတ်ကို၊တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ကောင်းစွာအညီအညွတ်ရှုသောကာလ၊ ဝိပဿနာစိတ်-ကိလေသာမှလွတ်သည်၏အဖြစ်ကြောင့်၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော သမာဓိ-ပညာအားဖြင့် ၂-ပါး။ဈာနင်္ဂအားဖြင့် ၅-ပါး၊ ထို ၇-ပါးသောတရားတို့သည်၊ ကိလေသာမှလွတ်သော ကိစ္စတူကြကုန်၏။ ကိလေသာမှ လွတ်သော ကိစ္စတူကြသော အနက်ကြောင့်၊ ယောဂီ၏ဉာဏ်အား၊ ၄-ပါးသော ဘာဝနာတို့သည်၊ ပြည့်စုံချင်းသို့ရောက်ကြကုန်၏။

ဝိမုတ္တတ္တာ တေဓမ္မာ ဧကရသာ ဟောန္တိ ဧကရသဋ္ဌေန ဘာဝနာ။

ဝိမုတ္တတ္တာ၊ ကိလေသာမှ လွတ်သည်၏ အဖြစ်ကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ဧကရသာ၊ ကိလေသာမှ လွတ်သော ကိစ္စတူကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ ဧကရသဋ္ဌေန၊ ကိလေသာမှ လွတ်သောကိစ္စတူကြသောအနက်ကြောင့်။ယောဂိနော၊ယောဂီ၏။ဉာဏဿ၊ ဉာဏ်အား။ ဘာဝနာ၊ ၄-ပါးသော ဘာဝနာတို့သည်။ ပါရိပူရိံ၊ပြည့်စုံချင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏၊

၄-ပါးသော ဘာဝနာဟူသော်ကား။ ဝိပဿနာ မဂ္ဂင်ပါဠိ၌ ပါသော သမာဓိ-ပညာ ၂-ပါးတို့တွင်၊ သမာဓိ က ပရိယုဋ္ဌာန်ကိလေသာကို ငြိမ်းသောကိစ္စ-သမထ။ ပညာက အနုသယ ကိလေသာကို ပယ်သော ကိစ္စ-ဝိပဿနာ။ ။ဤသမထ၊ ဤဝိပဿနာ ၂-ပါးတို့၏ တပါးသည် တပါးကိုမလွန်ကြသောအနက်သဘောကား ဘာဝနာတပါး။ ။ ဝိပဿနာမဂ္ဂင်ပါဠိ၌ ပါသော ဣန္ဒြေ ၅-ပါးတို့တွင်၊ သဒ္ဓိန္ဒြေက အသဒ္ဓိယ ကိလေသာမှ လွတ်သောကိစ္စ။ ဝီရိယိန္ဒြေက ကောသဇ္ဇကိလေသာမှ လွတ်သောကိစ္စ။ သတိန္ဒြေက ပမာဒကိလေသာမှ လွတ်သောကိစ္စ။ သမာဓိန္ဒြေက ဝိက္ခေပကိလေသာမှ လွတ်သောကိစ္စ။ ပညိန္ဒြေက မောဟကိလေသာမှ လွတ်သောကိစ္စ။ဤသို့ ဣန္ဒြေ ၅-ပါးတို့၏ကိလေသာမှ လွတ်သော ကိစ္စတူကြသော အနက်သဘောကား၊ ဘာဝနာ တပါး။ ။ဝိပဿနာမဂ္ဂင်ပါဠိ၌ပါသော သမာဓိ ပညာအားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့် ၅-ပါး။ ထို ၇-ပါး သောတရားတို့ကို၊ ကိုယ်စီကိုယ်င၊ ကိလေသာမှ လွတ်သောကိစ္စတူမျှအောင်၊ ဝီရိယက-ရွက်ဆောင်သော အနက် သဘောသည်ကား ဘာဝနာတပါး။ ။ဝိပဿနာ မဂ္ဂင်ပါဠိ၌ ပါသော သမာဓိ-ပညာအားဖြင့် ၂-ပါး။ ဣန္ဒြေအားဖြင့် ၅-ပါး။ ထို ၇-ပါးသောတရားတို့၏ ဥပါဒ်ခဏကို-ဌီခဏက၊ ဌီခဏကို-ဘင်ခဏ က၊ အလေ့အလာတွင်သောအားဖြင့်၊ အစဉ်မပြတ်မှီဝဲသော သဘော သည်ကား ဘာဝနာတပါး။ ။**(ဤကား ဘာဝနာ ၄-ပါး)**

> သမာဓိပညာနံ အနတိဝတ္တနဋ္ဌေန ဘာဝနာ၊ ဣန္ဒြိယာနံ ဧကရသဋ္ဌေန ဘာဝနာ၊ တဒုပဂဝီရိယဝါဟနဋ္ဌေန ဘာဝနာ၊ အာသေဝနဋ္ဌေန ဘာဝနာ၊ ဣမာစတဿော ဘာဝနာ။

သမာဓိပညာနံ၊ သမာဓိပညာတို့၏။ အနတိဝတ္တနဋ္ဌေန၊ တပါးသည် တပါးကို မလွန်သောအနက်ကြောင့်။ ဘာဝနာ၊ ဘာဝနာလည်းတပါး။ ဣန္ဒြိယာနံ၊ ဣန္ဒြေ ၅-ပါးတို့၏။ ဧကရသဋ္ဌေန၊ ကိလေသာမှ လွတ်သော ကိစ္စတူကြသော အနက်ကြောင့်။ ဘာဝနာ၊ ဘာဝနာလည်းတပါး။ တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထို ၇-ပါးသောတရားတို့ကို ကိုယ်စီကိုယ်င ကိလေသာမှလွတ်သော ကိစ္စတူမျှအောင် ဝီရိယက-ရွက်ဆောင်သော အနက်ကြောင့်။ ဘာဝနာ၊ ဘာဝနာလည်းတပါး။ အာသေဝနဋ္ဌေန၊

မှိဝဲသောအနက်ကြောင့်။ ဘာဝနာ၊ ဘာဝနာလည်းတပါး။ ဧဝံ၊ ဤသို့။ ဘာဝနာ၊ဘာဝနာတို့သည်။ဈာနမာစတသော၊ ဤ ၄–ပါးတို့တည်း။

ထို ၄-ပါးသောဘာဝနာတို့တွင်၊ တပါးတပါးသောဘာဝနာသည်၊ သံကိလေသဘာဝနာ၊ ဝေါဒါနဘာဝနာ အားဖြင့် ၂–ပါး။ ထို ၂–ပါး တို့တွင်၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော သမာဓိ-ပညာ ၂–ပါးတို့၏ ကိလေသာမှ လွတ်သောကိစ္စ၊တူမျှသည်၏အဖြစ်ကိုမပြုသော ဘာဝနာ သည်၊ သံကိလေသဘာဝနာမည်၏။ ။ထိုသမာဓိ-ပညာ ၂–ပါးတို့၏ ကိလေသာမှလွတ်သော ကိစ္စ တူမျှသည်၏အဖြစ်ကို ပြုသောဘာဝနာ သည်၊ဝေါဒါနဘာဝနာမည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော ဈာန်ငြ ၅- ပါးတို့၏ ကိလေသာမှ လွတ်သောကိစ္စတူမျှသည်၏ အဖြစ်ကို မပြု သော ဘာဝနာသည်၊ သံကိလေသဘာဝနာမည်၏။ ။ဈာန်ငြ ၅–ပါး တို့၏ ကိလေသာမှ လွတ်သော ကိစ္စတူမျှသည်၏အဖြစ်ကို ပြုသော ဘာဝနာသည်၊ ဝေါဒါနဘာဝနာမည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါ သော ဣန္ဒြိယ ၇–ပါးတို့၏ ကိလေသာမှလွတ်သော ကိစ္စတူမျှသည်၏ အဖြစ်ကို မပြုသောဘာဝနာသည်၊သံကိလေသဘာဝနာ မည်၏။ ။ဣန္ဒြိ ယ ၇- ပါးတို့၏ ကိလေသာမှ လွတ်သော ကိစ္စတူမျှသည်၏ အဖြစ်ကို ပြုသောဘာဝနာသည်၊ဝေါဒါနဘာဝနာမည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ် ၌ပါသော အာသေဝနာ ၇-ပါးတို့၏ ကိလေသာမှလွတ်သော ကိစ္စတူမျှ သည်၏ အဖြစ်ကို မပြုသောဘာဝနာသည်၊သံကိလေသ ဘာဝနာမည် ၏။ ။အာသေဝနာ ၇-ပါးတို့၏ ကိလေသာမှ လွတ်သော ကိစ္စတူမျှ သည်၏ အဖြစ်ကိုပြုသောဘာဝနာသည်၊ ဝေါဒါနဘာဝနာ မည်၏။

> သံကိလေသဝေါဒါနေသုတိ သမာဓိပညာနံ သမရသတာ ယ အကရဏံ ဘာဝနာယ သံကိလေသော၊ ကရဏံ ဝေါဒါနံ၊ တထာ သေသေသုပိ။

သံကိလေသဝေါဒါနေသုတိ၊ သံကိလေသဝေါဒါနေသု ဟူသည် ကား။သမာဓိ ပညာနံ၊ သမာဓိ ပညာ ၂–ပါးတို့၏။ သမရသတာယ၊ ကိလေသာမှ လွတ်သောကိစ္စတူမျှသည်၏ အဖြစ်ကို။ အကရဏံ၊ မပြု ချင်းသည်။ ဘာဝနာယ၊ ဘာဝနာ၏။ သံကိလေသော၊ ညစ်ညူးချင်း

တည်း။ သမာဓိပညာနှံ၊ သမာဓိပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှလွတ်သောကိစ္စ တူမျှသည့်၏ အဖြစ်ကို။ ကရဏံ၊ ပြုချင်းသည်။ ဘာဝနာယ၊ ဘာဝနာ၏။ ဝေါဒါနံ၊ ဖြူစင်ချင်းတည်း။ သေသေ သုပိ၊ အကြွင်းတို့၌လည်း။ တထာ၊ ထိုအတူတည်း။

ဤသို့ ထိုသံကိလေသဘာဝနာ၊ ဝေါဒါနဘာဝနာ ၂-ပါး တို့တွင်၊ ညစ်ညူးချင်းကြောင့် ပြီးဆုံးချင်းသို့မရောက်သော သံကိလေသ ဘာဝ နာ၏ ထိုထိုအပြစ်ကို ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ ရောက်သော ဝေါဒါနဘာဝနာ၏ ထိုထို အကျိုးဂုဏ်အင်၊ အာနိသင်ကို ဝိပဿနာ ကို မရှုမိ ရှေ့အတို့ ကာလ၊ပါဠိဟာရိယ ဉာဏ်ဖြင့်၊ ခဏတိုင်း ခဏ၊ ဥပလက္ခဏာအားဖြင့်၊ ကွေးသောခဏ၊ ကွေး-ကွေးတယ်ဟု အမှတ်ပြု သဖြင့်၊ ကွေးသော သဘောရုပ်သာ ထင်၏။ ကွေးတာ တခုတည်း၌ အစအဆုံး ကောင်းစွာ ပြောင်းရွှေ့သဖြင့်လည်း၊ တရွေ့ရွေ့ မထင်၊ အလေ့အလာလည်းမတွင်၊ ဉာဏ်အမြင်စင်ကြယ်အောင်၊ ရုပ်ကို သုမ် သင်ရှင်းလင်းသဖြင့်လည်း၊ တရွရွတလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံပြုသော နာမ်အစဉ်။ တရွရွ တလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံပြုသော ရုပ်အစဉ်။ အလိုလို မထင်ချင်းသည်ကား၊ သံကိလေသ ဘာဝနာမည်၏။ ဘာဝနာပြီးဆုံးချင်းသို့မရောက်။

ခဏတိုင်း ခဏ၊ ဥပလက္ခဏာအားဖြင့်၊ ကွေးသော ခဏ၊ ကွေး-ကွေးတယ်ဟု အမှတ်ပြုသဖြင့်၊ ကွေးသော သဘောရုပ်လည်း ထင်၏၊ ကွေးတာ တခုတည်း၌ အစ အဆုံး ကောင်းစွာ ပြောင်းရွှေ့ သဖြင့်၊ တရွေ့ရွေ့လည်း ထင်၏။ အလေ့အလာလည်း တွင်၏။ ဉာဏ်အမြင် စင်ကြယ်အောင်၊ ရုပ်ကိုသုမ်သင်ရှင်းလင်းသဖြင့်၊ တရွရွ တလှုပ်လှုပ်၊ တဆွေ့ဆွေ့တချန်ချန်၊ အာရုံပြုသောနာမ် အစဉ်။ တရွရွ တလှုပ်လှုပ်၊ တဆွေ့ဆွေ့ တချန်ချန်၊ အာရုံဖြစ်သော ရုပ်အစဉ်။ အလိုလို ထင်ချင်း သည်ကား၊ ဝေါဒါနဘာဝနာမည်၏၊ ဘာဝနာပြီးဆုံးချင်းသို့ ရောက်၏ ဟု-ရှုကြည့်၍။ ။ညစ်ညူးချင်းကြောင့် ပြီးဆုံးချင်းသို့ မရောက်သော သံကိလေသဘာဝနာကို ပယ်ထား၍၊ ဖြူစင်ချင်းကြောင့် ပြီးဆုံးချင်းသို့ ရောက်သော ဝေါဒါနဘာဝနာကိုသာ ပြီးစေတတ်သော ဝိပဿနာ စိတ္တုပ္ပါဒ်၌ ပါသော သမာဓိ-ပညာအားဖြင့် ၂-ပါး။ ဇုန္ဓေအားဖြင့်

၅-ပါး၊ ထို--၇-ပါးသော တရားတို့၏ ကိလေသာမှ လွတ်သောကိစ္စ တူသော အကြောင်းအခြင်းအရာအားဖြင့်၊ အချင်းချင်းတပါးသည် တပါးကို မလွန်ချင်းအစရှိသော အကြောင်း ၄-ပါးသောအခြင်းအရာ ဘာဝနာ တို့သည်ဖြစ်ကြကုန်၏။

ညစ်ညူးချင်းကြောင့် ပြီးဆုံးချင်းသို့ မရောက်သော သံကိလေသ ဘာဝနာကို ပယ်ထား၍၊ ဖြူစင်ချင်းကြောင့် ပြီးဆုံးချင်းသို့ရောက်သော ဝေါဒါနဘာဝနာကိုသာ ပြီးစေတတ်သော ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါ သော သမာဓိ-ပညာ အားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့် ၅-ပါး၊ ထို ၇-ပါးသော တရားတို့၏ ကိလေသာမှ လွတ်သော ကိစ္စတူသော ထိုအခြင်းအရာအားဖြင့်၊ ဘာဝနာ၏ပြီးဆုံးချင်းသို့ရောက်သည်၏ အဖြစ် ကြောင့်၊ ဘာဝနာပြီးဆုံးချင်းသို့ရောက်၏ဟူသည်လည်း၊ ထိုပါဋိဟာရိ ယဉာဏ်ဖြင့်သာလျှင်၊ ဝိပဿနာမရှုမှီရှေးကာလက-- သုတ်သင်၍ ပြီး ဆုံးသည်၏ အဖြစ်ကြောင့်၊ ဤသို့ပြီးဆုံးသောဘာဝနာ၏ အရာဌာန၌ သုတ်သင်၍ပြီးဆုံးချင်းသည်၊ ဘာဝနာ၏ပြီးဆုံးချင်းပင်တည်း။ ဤသို့ မဆိုသော်လည်းဆိုသလို၊ ထို၄-ပါးသော အခြင်းအရာဘာဝနာတို့သည် အကြောင့်ကြောင့်ပြီးဆုံးချင်းသို့ရောက်၏။ ထိုကြောင့်ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့် ၅-ပါး၊ ထို ၇-ပါးသောတရားတို့၏ တပါးသည် တပါးကို မလွန်ချင်း အစရှိသော ဘာဝနာပြီးဆုံးသောအားဖြင့်၊ ကိလေသာအညစ်အကြေးမတင်၊ ဖြူစင် သောဝိပဿနာဉာဏ်၏ကိလေသာကို ပယ်သောကိစ္စ ပြီးဆုံးသော အ လိုအားဖြင့်၊ ဘာဝနာ၏ပြီးဆုံးချင်းကို သိအပ်၏ဟုဆို။

ဧဝမေတာသု သံကိလေသဝေါဒါနေသု တံတံ အာဒီနဝံ ဒေါသံ အာနိသံသံ ဂုဏံ ပုရေတရံ ပါဋိဟာရိယဉာဏေန ဒိသွာ ယထာ အညမညာနတိဝတ္တနာဒယော ဟောန္တိ၊ တထာ ဘာဝနာယ သမ္ပဟံသိတတ္တာ တေနေဝ ဉာဏေန ဝိသောဓိတတ္တာ၊ ဝိသောဓနေဋ္ဌတ္တ သံပဟံသနံ၊ တေ အာကာရာ ယသ္မာ နိပ္ဖန္နာ၊ တသ္မာ ဓမ္မာနံ အနတိဝတ္တနာဒိဘာဝသာဓနေန ပရိယောဒါ ပကဿ ဉာဏဿ ကိစ္စနိပ္ဖတ္တိဝသေန သံပဟံသနာ ဝေဒိ တဗ္ဗာ။

ဧဝံ၊ ဤသို့။ ဧတေသုသံကိလေသဝေါဒါနေသု၊ ထိုသံကိလေသဘာဝနာ၊ ဝေါဒါနဘာဝနာ ၂-ပါးတို့၌။ တံတံအာဒီနဝံဒေါသံ၊ ထိုထိုအပြစ်ကို။ တံတံအာနိသံသံဂုဏံ၊ ထိုထိုအကျိုးဂုဏ်အင် အာနိသင်ကို။ ပုရေတရံ၊ ရှေးဦးစွာ။ ပါဋိဟာရိယဉာဏေန၊ ပါဋိဟာရိယဉာဏ်ဖြင့်။ ဒိသွာ၊ ရှုကြည့်၍။ ယံထာ၊ အကြင်အခြင်းဖြင့်။ အညမညာနတိဝတ္တနာဒယော၊ အချင်းချင်းတပါးသည်တပါးကို မလွန်ချင်းအစရှိကုန်သော။ ယေအာကာရာ၊ အကြင် ၄-ပါးသော အခြင်းအရာ ဘာဝနာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။တထာ၊ ထိုအခြင်းဖြင့်။ ဘာဝနာယ၊ ဘာဝနာ၏။ သံပဟံသိတတ္တာ၊ ပြီးဆုံးသည်၏အဖြစ်ကြောင့်။ တေနေဝ ဉာဏေန၊ ထိုပါဋိဟာရိယဉာဏ်ဖြင့်သာလျှင်။ ဝိသောဓိတတ္တာ၊ သုတ်သင်၍ပြီးဆုံးသည်၏အဖြစ်ကြောင့်။ ဟိသစ္စံ၊ မှန်၏။ဧတ္တ၊ ဤသို့ပြီးဆုံးသော ဘာဝနာ၏အရာဌာန၌။ ဝိသောဓနံ၊ သုတ်သင်၍ပြီးဆုံးချင်းသည်။ သံပဟံသနံ၊ ဘာဝနာ၏ပြီးဆုံးချင်းပင်တည်း။ ဣတိဧဝံ၊ ဤသို့။ အဝုတ္တံပိ၊ မဆိုသော်လည်း။ ဝုတ္တံဝိယ၊ ဆိုသလို။ တေအာကာရာ၊ ထို ၄-ပါးသော အခြင်းအရာဘာဝနာတို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။ နိပ္ဖန္နာ၊ ပြီးဆုံးကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဓမ္မာနံ၊ ၇-ပါးသောတရားတို့၏။ အနတိဝတ္တနာဒိဘာဝသာဓနေန၊ တပါးသည်တပါးကို မလွန်ချင်းအစရှိသော ဘာဝနာပြီးဆုံးသောအားဖြင့်။ ပရိယောဒါပကဿ၊ ကိလေသာအညစ်အကြေးမတင် ဖြူစင်သော။ ဉာဏဿ၊ ဉာဏ်၏၊ ကိစ္စနိပ္ဖတ္တိဝသေန၊ ကိလေသာကို ပယ်သော ကိစ္စပြီးဆုံးသော အလိုအားဖြင့်။ သံပဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤသို့၊ ၄-ပါးသောဘာဝနာ၏ ပြီးဆုံးချင်းသို့လည်း ရောက်သော ဝိပဿနာဉာဏ်၏ ကိလေသာကိုပယ်သောကိစ္စ ပြီးဆုံးချင်းသို့လည်း ရောက်သော၊ ဒိဋ္ဌိဝိသုဒ္ဓိမည်သော နာမရူပပရိစ္ဆေဒဉာဏ် တဘက်ကမ်းရောက်သော ယောဂီ၏ နာမရူပပရိစ္ဆေဒဉာဏ်၊ ထင်ပုံ၊မြင်ပုံ၊ သိပုံ၊ မှတ်ပုံ၊ ရှုပုံ၊ ကိလေသာကိုပယ်ပုံ၊ ကိလေသာကို ပယ်သော ကိစ္စပြီးဆုံးပုံ၊ ဘာဝနာနှင့်ပြည့်စုံပုံ၊ ဘာဝနာပြီးဆုံးပုံ၊ အလုံးစုံကို အသေအချာမှတ်ဘို့ရာစကားရပ်၊ ဤတွင်ရွှေ့အပြီးသတ်။

ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်ရုပ် ဟူသည်ကား၊ အကျိုးတည်း၊ ထိုအကျိုးဖြစ်သော နာမ်ရုပ်၏ သာလျှင်၊ အကြောင်း ပစ္စည်းကို သိမ်းဆည်းချင်းကြောင့်၊ အတိတ်၊အနာဂတ်၊ ပစ္စုပ္ပန်၊ ကာလ ၃-ပါးတို့၌၊ ၁၆-ပါးသော ယုံမှားချင်းကို ချန်ကျော်လွန်မြောက်၍၊ တည်သောဉာဏ်သည်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။

> ဧတဿေဝ ပန နာမရူပဿ ပစ္စယပရိဂ္ဂဟဏေန တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဌိတံ ဉာဏံ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနာမ။

ဧတဿေဝပန နာမရူပဿ၊ ထိုအကျိုးဖြစ်သော နာမ်ရုပ်၏ သာလျှင်၊ ပစ္စယပရိဂ္ဂဟဏေန၊ အကြောင်း ပစ္စည်းကို သိမ်းဆည်းချင်းကြောင့်။ တီသုအဒ္ဓါသု၊ ၃-ပါးသောကာလတို့၌။ ကင်္ခံ၊ယုံမှားချင်းကို။ ဝိတရိတွာ၊ ချန်ကျော်လွန်မြောက်၍။ဌိတံ၊ တည်သော။ ဉာဏံ၊ ဉာဏ်သည်။ ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

ထိုကင်္ခါဝိတရဏဝိသုဒ္ဓိမည်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြီးစေလိုသော ယောဂီသည်၊ ဥပမာမည်သည်ကား။ လိမ္မာသော ဆေးသမားသည်၊ အနာရောဂါကိုမြင်၍၊ဘယ်အကြောင်းကြောင့် ဤအနာရောဂါဖြစ်လေသနည်းဟု– ထိုအနာရောဂါ၏ အကြောင်းကို ရှာသကဲ့သို့၊ ထို့အတူ၊ အကျိုးဖြစ်သောနာမ်ရုပ်ကိုမြင်၍၊ ဘယ်အကြောင်းကြောင့် ဤနာမ်ရုပ် ဖြစ်လေသနည်းဟု၊ ထိုနာမ်ရုပ်၏ အကြောင်းပစ္စည်းကို ရှာချင်းသို့ ရောက်၏။

> တံ သမ္ပာဒေတုကာမော ဘိက္ခု ယထာနာမ ကုသလော ဘိသက္ကော ရောဂံ ဒိသွာ တဿ သမုဋ္ဌာနံ ပရိယေသတိ။ ဧဝမေဝ တဿ နာမရူပဿ ဟေတုပစ္စယပရိယေသနံ အာပဇ္ဇတိ။

တံ၊ ထိုပစ္စယပရိဂ္ဂဟဉာဏ်ကို။ သမ္ပာဒေတုကာမော၊ ပြီးစေလိုသော။ ဘိက္ခု၊ရဟန်းသည်။ယထာနာမ၊ ဥပမာမည်သည်ကား။ကုသလော၊ လိမ္မာသော။ ဘိသက္ကော၊ ဆေးသမားသည်။ ရောဂံ၊ အနာရောဂါကို။ ဒိသွာ၊ မြင်၍။ တဿ၊ ထိုအနာရောဂါ၏။ သမုဋ္ဌာနံ၊

အကြောင်းကို။ ပရိယေသတိယထာ၊ ရှာသကဲ့သို့။ ဧဝမေဝ၊ ဤအတူ သာလျှင်။ တဿ နာမရူပဿ၊ ထိုနာမ်ရုပ်၏။ ဟေတုပစ္စယပရိယေသနံ၊အကြောင်းပစ္စည်းကိုရှာချင်းသို့။အာပဇ္ဇတိ၊ရောက်၏။

ဟေတု–ပစ္စယ ၂-ပါးတို့တွင်၊ အကျိုးကိုဖြစ်စေတတ်သော ဇနက အကြောင်းသည်၊ ဟေတု အကြောင်းမည်၏။ အကျိုးကို ထောက်ပံ့ တတ်သော ဥပထမ္ဘက အကြောင်းသည်၊ ပစ္စယ အကြောင်းမည်၏။ ထို ၂-ပါးတို့တွင်၊ ပစ္စယအကြောင်းသည်လည်း ၂-ပါး၊ နာမ်၏အ ကြောင်းလည်းတပါး၊ ရုပ်၏အကြောင်းလည်းတပါး။ ထို ၂-ပါးတို့တွင် နာမ်၏ အကြောင်းသည်လည်း ၂-ပါး၊ဒွါရလည်းတပါး၊ အာရုံလည်း တပါး၊ ထို ၂-ပါးတို့တွင်၊ ဒွါရသည်ကား ၆-ပါး၊ ၆-ပါးဟူသော် ကား။ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရအားဖြင့် ၆-ပါး။ ။အာရုံသည်လည်း ၆-ပါး၊ ၆-ပါးဟူ သော်ကား၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ အားဖြင့် ၆-ပါး။

ထိုဒွါရ ၆–ပါး၊အာရုံ ၆-ပါးတို့တွင်၊ မြင်သောခဏ၊ မျက်စိက လည်း ကြည်၊ အဆင်းကလည်း ထင်၊ စက္ခုဝိညာဏ်ကလည်း မြင်၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ၅-ပါးစုံပေါင်းဆုံမိတာ ကို မြင်တယ်ဆိုရ။ ။မြင်သောခဏ၊မျက်စိကြည်တာက-စက္ခုဒွါရ၊ အဆင်းထင်တာက-ရူပါရုံ။ ဤစက္ခုဒွါရ၊ ဤရူပါရုံ၊ ၂-ပါးစုံက အကြောင်း၊ မြင်တာ-တွေ့တာ ခံစားတာက အကျိုး၊ ဤသို့မြင်သော ခဏ၊အကြောင်းနှင့် အကျိုးပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ မြင်သောခဏ၊ မြင်-မြင်တယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကားရုပ်၊အကျိုးကားနာမ်။

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

ကြားသောခဏ၊နားကလည်းကြည်၊ အသံကလည်းထင်၊ သောတ ဝိညာဏ်ကလည်းကြား၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ၅-ပါးစုံ ပေါင်းဆုံမိတာကို၊ ကြားတယ်ဆိုရ။ ။ကြားသော ခဏ၊နား ကြည်တာက-သောတဒွါရ၊ အသံထင်တာက-သဒ္ဒါရုံ။ ဤသောတဒွါရ၊

ဤသဒ္ဒါရုံ ၂-ပါးစုံကအကြောင်း၊ ကြားတာ-တွေ့တာ-ခံစားတာက-အကျိုး။ ဤသို့ကြားသောခဏ၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသဟု၊ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ ကြားသောခဏ၊ ကြား-ကြားတယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်း အကျိုးထင်၏၊ အကြောင်းကားရုပ်၊အကျိုးကားနာမ်။

သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။

နံသောခဏ၊ နှာကလည်းကြည်၊အနံ့ကလည်းထင်၊ ဃာနဝိညာဏ်ကလည်းနံ၊ဖဿကလည်းတွေ့၊ဝေဒနာကလည်းခံစား၊ ၅-ပါးစုံပေါင်းဆုံမိတာကို နံတယ်ဆိုရ။ ။နံသောခဏ၊ နှာကြည်တာက-ဃာနဒွါရ၊ အနံ့ထင်တာက-ဂန္ဓာရုံ၊ ဤဃာနဒွါရ၊ဤဂန္ဓာရုံ၊ ၂-ပါးစုံကအကြောင်း၊ နံတာ-တွေ့တာ-ခံစားတာက-အကျိုး။ ဤသို့နံသောခဏ။ အကြောင်းနှင့် အကျိုးပေါင်းဆုံကြသဟု ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊နံသောခဏ၊ နံ-နံတယ်ဟုအမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်၏။ အကြောင်းကားရုပ်၊ အကျိုးကားနာမ်။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။

စားသောခဏ၊ လျှာကလည်းကြည်၊ အရသာကလည်းထင်၊ ဇိဝှါဝိညာဏ်ကလည်းစား၊ ဖဿလည်းတွေ့၊ဝေဒနာကလည်းခံစား၊ ၅-ပါးစုံပေါင်းဆုံမိတာကို စားတယ်ဆိုရ။ ။စားသောခဏ၊ လျှာကြည်တာက-ဇိဝှါဒွါရ၊အရသာထင်တာက-ရသာရုံ၊ ဤဇိဝှါဒွါရ၊ ဤရသာရုံ၊ ၂-ပါးစုံကအကြောင်း၊ စားတာ-တွေ့တာ-ခံစားတာက-အကျိုး၊ ဤသို့စားသောခဏ၊ အကြောင်းနှင့် အကျိုးပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင်ရှေးကာလကရှု၍၊စားသောခဏ၊စား-စားတယ်ဟု အမှတ်ပြုသဖြင့်အကြောင်းအကျိုးထင်၏။အကြောင်းကားရုပ်၊အကျိုးကားနာမ်။

ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။

ထိသောခဏ၊ ကိုယ်ကလည်းကြည်၊ အတွေ့ကလည်းထင်၊ ကာယဝိညာဏ်ကလည်းထိ၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ၅-ပါးစုံပေါင်းဆုံမိတာကို ထိတယ်ဆိုရ။ ။ထိသောခဏ၊ ကိုယ်ကြည်တာက ကာယဒွါရ၊ အတွေ့ထင်တာက ဖောဋ္ဌဗ္ဗာရုံ ၊ဤကာယဒွါရ၊ ဤဖောဋ္ဌဗ္ဗာရုံ၊ ၂-ပါးစုံကအကြောင်း၊ ထိတာ-တွေ့တာ-ခံစားတာက

အကျိုး။ ဤသို့ထိသောခဏ၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသဟု၊ ဉာဏ်အား ထင်အောင်ရှုးကာလကရှု၍၊ ထိသောခဏ၊ ထိ–ထိတယ် ဟု အမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်၏။ အကြောင်းကားရုပ်၊ အကျိုးကားနာမ်။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

ကွေးသောခဏ၊မနောကလည်းကြည်၊ကွေးသောသဘောကလည်း ထင်၊ မနောဝိညာဏ်ကလည်းသိ၊ ဖဿကလည်းတွေ့၊ဝေဒနာကလည်း ခံစား၊၅–ပါးစုံပေါင်းဆုံမိတာကို ကွေးတယ်ဆိုရ။ ။ကွေးသောခဏ၊ မနောကြည်တာက– မနောဒွါရ၊ကွေးသောသဘောထင်တာက ဓမ္မာရုံ၊ ဤမနောဒွါရ၊ဤဓမ္မာရုံ၊ ၂-ပါးစုံကအကြောင်း၊သိတာ–တွေ့တာ ခံစား တာက–အကျိုး။ ဤသို့ကွေးသောခဏ၊ အကြောင်းနှင့်အကျိုးပေါင်းဆုံ ကြသဟု၊ ဉာဏ်အားထင်အောင်၊ ရှုးကာလကရှု၍၊ ကွေးသောခဏ၊ ကွေး– ကွေးတယ်ဟု အမှတ်ပြုသဖြင့် အကြောင်း အကျိုးထင်၏။ အကြောင်းကားရုပ်၊အကျိုးကားနာမ်။

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

(ဤကားနာမ်၏အကြောင်း)

ရုပ်၏အကြောင်း ဟူသော်ကား။ ကံ–စိတ်–ဥတု–အာဟာရ အားဖြင့် ၄–ပါး၊ ထို ၄–တို့တွင်၊ စိတ်သည် ဝိညတ်နှင့်တကွ စိတ္တဇရုပ် ၏အကြောင်း၊ ဝိညတ်သည်လည်း၊ ကာယဝိညတ်၊ ဝစီဝိညတ်အားဖြင့် ၂-ပါး၊ထို ၂-ပါးတို့တွင်၊ကာယဝိညတ်နှင့်တကွ စိတ္တဇရုပ်၏အကြောင်း ကား။

သွားသောခဏ၊ သွားလိုသော သဘောစိတ်က အကြောင်း၊ သွား သောသဘောရုပ်က အကျိုး။ဤသို့သွားသောခဏ၊အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသဟု ဉာဏ်အားထင်အောင် ရှုးကာလကရှု၍၊ သွား သောခဏ၊ သွား– သွားတယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုး ထင်၏။အကြောင်းကားနာမ်၊အကျိုးကားရုပ်။

ပြန်သောခဏ၊ ပြန်လိုသောသဘောစိတ်က အကြောင်း၊ပြန်သောသ ဘောရုပ်က အကျိုး။ဤသို့ပြန်သောခဏ-အကြောင်းနှင့် အကျိုးပေါင်းဆုံ

ကြသဟု၊ ဉာဏ်အားထင်အောင် ဈေးကာလကရှု၍၊ ပြန့်သောခဏ၊ ပြန့်-ပြန့်တယ်ဟု အမှတ်ပြုသဖြင့် အကြောင်း အကျိုးထင်၏။အကြောင်း ကားနာမ်၊ အကျိုးကားရုပ်။

ဘယ်လှမ်းသော ခဏ၊ ဘယ်လှမ်းလိုသော သဘော စိတ်က အကြောင်း၊ ဘယ်လှမ်းသော သဘောရုပ်က အကျိုး။ ဤသို့ဘယ်လှမ်းသောခဏ၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင်ဈေးကာလကရှု၍၊ ဘယ်လှမ်းသောခဏ၊ ဘယ်လှမ်း– လှမ်းတယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊အကျိုးကားရုပ်။

ညာလှမ်းသောခဏ၊ညာလှမ်းလိုသော သဘောစိတ်ကအကြောင်း၊ ညာလှမ်းသော သဘောရုပ်ကအကျိုး။ ဤသို့ညာလှမ်းသောခဏ၊ အကြောင်းနှင့် အကျိုးပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင်ဈေးကာလကရှု၍၊ ညာလှမ်းသောခဏ၊ ညာလှမ်း- လှမ်းတယ်ဟုအမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားရုပ်။

အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။

တူရူကြည့်သောခဏ၊ တူရူကြည့်လိုသော သဘောစိတ်က အကြောင်း၊ တူရူကြည့်သော သဘောရုပ်ကအကျိုး။ ဤသို့တူရူကြည့်သောခဏ၊ အကြောင်းနှင့် အကျိုးပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ဈေးကာလကရှု၍၊ တူရူကြည့်သောခဏ၊ တူရူကြည့်- ကြည့်တယ်ဟု အမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊အကျိုးကားရုပ်။

တစောင်း ကြည့်သောခဏ၊ တစောင်းကြည့်လိုသော သဘောစိတ်က အကြောင်း၊ တစောင်းကြည့်သော သဘောရုပ်က အကျိုး။ ဤသို့တစောင်းကြည့်သောခဏ၊ အကြောင်းနှင့် အကျိုး ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင်ဈေးကာလကရှု၍၊ တစောင်းကြည့်သောခဏ၊ တစောင်းကြည့်–ကြည့်တယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။အကြောင်းကားနာမ်၊အကျိုးကားရုပ်။

အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။

ကွေးသောခဏ၊ ကွေးလိုသော သဘောစိတ်က အကြောင်း၊ ကွေးသော သဘောရုပ်ကအကျိုး။ ဤသို့ ကွေးသောခဏ၊ အကြောင်းနှင့် အကျိုးပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ ကွေးသောခဏ။ ကွေး-ကွေးတယ်ဟု အမှတ်ပြုသဖြင့် အကြောင်း အကျိုးထင်၏။ အကြောင်းကား နာမ်၊အကျိုးကားရုပ်။

ဆန့်သောခဏ၊ ဆန့်လိုသောသဘောစိတ်က အကြောင်း၊ ဆန့်သော သဘောရုပ်က အကျိုး။ဤသို့ဆန့်သောခဏ၊ အကြောင်းနှင့် အကျိုးပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင်ရှေးကာလကရှု၍၊ ဆန့်သောခဏ၊ ဆန့်–ဆန့်တယ်ဟုအမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊အကျိုးကားရုပ်။

သမဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ။

ဒုကုဋ်- သပိတ်- သင်္ကန်း- အဝတ်-အာရုံ-တစုံတခု ကိုင်ယူသောခဏ၊ ကိုင်ယူလိုသောသဘောစိတ်က အကြောင်း၊ ကိုင်ယူသော သဘောရုပ်က အကျိုး။ ဤသို့ကိုင်ယူသောခဏ၊ အကြောင်းနှင့်အကျိုးပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင်ရှေးကာလကရှု၍၊ ကိုင်ယူသောခဏ၊ ကိုင်ယူ-ယူတယ်ဟု အမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊အကျိုးကားရုပ်။

သင်္ဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ။

အသိတေ-ပီတေ-ခါယိတေ-သာယိတေ၊ ၄-ဌာန၌ ဇိဝှါဝိညာဏ။ သာယနကိစ္စ မမှတ်လင့်။ စားတာ-သောက်တာ-ခဲတာ-လျက်တာကို၊ ကာယဝိညာဉ်နှင့်တကွ ဇိဝှာ ဇရုပ်မှတ်။(အမှာစကား၊)

စားသောခဏ၊ စားလိုသောသဘောစိတ်က အကြောင်း၊စားသော သဘောရုပ်က အကျိုး။ ဤသို့စားသောခဏ၊ အကြောင်းနှင့် အကျိုးပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင်ရှေးကာလကရှု၍၊ စားသောခဏ၊ စား-စားတယ်ဟုအမှတ်ပြုသဖြင့်၊ အကြောင်း အကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားရုပ်။

သောက်သော ခဏ၊ သောက်လိုသော သဘောစိတ်က အကြောင်း၊ သောက်သော သဘောရုပ်က အကျိုး။ ဤသို့ သောက်သော ခဏ၊

အကြောင်းနှင့် အကျိုး ပေါင်းဆုံကြသဟု၊ဉာဏ်အား ထင်အောင်ရှေး ကာလကရှု၍၊ သောက်သောခဏ၊ သောက်–သောက်တယ်ဟုအမှတ် ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုး ကားရုပ်။

ခဲသောခဏ၊ခဲလိုသောသဘောစိတ်ကအကြောင်း၊ ခဲသောသဘော ရုပ်ကအကျိုး။ ဤသို့ ခဲသောခဏ၊ အကြောင်းနှင့် အကျိုးပေါင်းဆုံကြ သဟု၊ ဉာဏ်အား ထင်အောင် ရှေးကာလကရှု၍၊ ခဲသောခဏ၊ ခဲ-ခဲတယ်ဟုအမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်း ကားနာမ်၊ အကျိုးကားရုပ်။

လျက်သောခဏ၊ လျက်လိုသော သဘောစိတ်က အကြောင်း၊ လျက်သောသဘောရုပ်က အကျိုး။ ဤသို့ လျက်သောခဏ၊အကြောင်း နှင့် အကျိုး ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလ ကရှု၍၊ လျက်သောခဏ၊ လျက်-လျက်တယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊အကျိုးကားရုပ်။

အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။

ကျင်ကြီး စွန့်သောခဏ၊ ကျင်ကြီးစွန့်လိုသော သဘောစိတ်က အကြောင်း၊ ကျင်ကြီးစွန့်သော သဘော ရုပ်က အကျိုး။ ဤသို့ကျင်ကြီး စွန့်သောခဏ၊ အကြောင်းနှင့် အကျိုးပေါင်းဆုံကြသဟု၊ ဉာဏ်အား ထင်အောင် ရှေးကာလကရှု၍၊ ကျင်ကြီးစွန့်သော ခဏ၊ ကျင်ကြီး စွန့်-စွန့်တယ်ဟုအမှတ်ပြုသဖြင့်၊ အကြောင်း အကျိုးထင်၏။ အကြောင်း ကားနာမ်၊ အကျိုးကားရုပ်။

ကျင်ငယ်စွန့်သောခဏ၊ ကျင်ငယ်စွန့်လိုသော သဘော စိတ်က အကြောင်း၊ ကျင်ငယ်စွန့်သော သဘောရုပ်ကအကျိုး။ ဤသို့ကျင်ငယ် စွန့်သောခဏ၊ အကြောင်းနှင့် အကျိုးပေါင်းဆုံကြသဟု၊ ဉာဏ်အား ထင်အောင်ရှေးကာ လကရှု၍၊ ကျင်ငယ်စွန့်သောခဏ၊ ကျင်ငယ်စွန့်– စွန့်တယ်ဟုအမှတ်ပြုသဖြင့်အကြောင်း အကျိုးထင်၏။ အကြောင်းကား နာမ်၊အကျိုးကားရုပ်။

ဥဒ္ဒါရပသာဝကမ္မေ သမ္ဗန္ဓာနကာရိ ဟောတိ။ ။(ဤကား ကာယဝိညာဏ်နှင့်တကွ ဝိတ္တဇရုပ်၏အကြောင်း။)

ဝစီဝိညာဏ်နှင့်တကွစိတ္တဇရုပ်၏အကြောင်းကား။ ပြောဆိုသော ခဏ၊ ပြောဆိုလိုသော သဘောစိတ်ကအကြောင်း၊ ပြောဆိုသော သဘော ရုပ်ကအကျိုး။ ဤသို့ ပြောဆိုသော ခဏ၊ အကြောင်းနှင့် အကျိုး ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍ ပြောဆိုသော ခဏ၊ ပြောဆို- ပြောဆိုတယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။အကြောင်းကားနာမ်၊အကျိုးကားရုပ်။

ဘာသိတေ သမ္ဗန္ဓာနကာရိ ဟောတိ။ ။(ဤကား ဝစီဝိညာဏ်နှင့်တကွ စိတ္တဇရုပ်၏အကြောင်း။)

(ပစ္စယအကြောင်းပြီး၏။)

ဟေတုအကြောင်းဟူသော်ကား။ နာမ်ရုပ် ၂-ပါး၏အကြောင်း ပင်တည်း။ နာမ်ရုပ် ၂-ပါး၏အကြောင်း ဟူသော်လည်း၊ အကျိုး၏ အကြောင်းပင်တည်း။ ။အကျိုး၏ အကြောင်းဟူသော်ကား၊ ၂-ပါး။ ၂-ပါးဟူသော်ကား၊ အတိတ်အကြောင်း ၅-ပါးနှင့်၊ ပစ္စုပ္ပန်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသောကာလ၊ အကျိုး၏အကြောင်းလည်း တပါး။ ပစ္စုပ္ပန်အကြောင်း ၅-ပါးနှင့်၊ အနာဂတ်အကျိုး ၅-ပါး၊ပေါင်းဆုံကြသောကာလ၊ အကျိုး၏ အကြောင်းလည်းတပါး။ ဤသို့အကျိုး၏ အကြောင်းအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့၌၊ အတိတ်က အကြောင်း ၅-ပါး။ ပစ္စုပ္ပန်ကအကျိုး ၅-ပါး။ ပစ္စုပ္ပန်ကအကြောင်း ၅-ပါး။ အနာဂတ်ကအကျိုး ၅-ပါး။

အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ။ ။

အတီတေဟေတဝေါပဉ္စ၊ အတိတ်ကအကြောင်း ၅-ပါး။ ဣဒါနိ ဖလပဉ္စကံ၊ပစ္စုပ္ပန်ကအကျိုး ၅-ပါး။ ဣဒါနိဟေတဝေါ ပဉ္စ၊ ပစ္စုပ္ပန် က အကြောင်း ၅-ပါး။ အာယတိံ ဖလပဉ္စကံ၊ အနာဂတ်က အကျိုး ၅-ပါး။

အကျိုး၏အကြောင်း၌၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသဟု ရှုပုံ၊အမှတ်ပြုသဖြင့်အကြောင်းအကျိုးထင်ပုံကား။

မြင်သောခဏ၊ စက္ခုဒွါရိကဝီထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ ဒွါရ- အာရုံ- ဝိညာဏ်-ဖဿ- ဝေဒနာ- ပေါင်းဆုံကြသော ကာလ—ကာလ၊ ရှေးအကြောင်း ၅-ပါးနှင့်၊ ယခုအကျိုး ၅-ပါး ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်းတပါး။ ယခုအကြောင်း ၅—ပါးနှင့်၊ နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ ဤသို့မြင်သောခဏ၊ အကျိုးနှင့်အကြောင်း ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ မြင်သောခဏ၊ မြင်—မြင်တယ်ဟုအမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

ကြားသောခဏ၊ သောတဒွါရိကဝီထိကျသော စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၊ ဒွါရ-အာရုံ-ဝိညာဏ်-ဖဿ-ဝေဒနာ- ပေါင်းဆုံကြသော ကာလ—ကာလ ရှေးအကြောင်း ၅—ပါးနှင့် ယခုအကျိုး ၅—ပါး၊ ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ ယခုအကြောင်း ၅—ပါးနှင့်၊ နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသောအကျိုး၏အကြောင်းလည်းတပါး။ ဤသို့ကြားသောခဏ၊ အကျိုးနှင့်အကြောင်းပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ ကြားသောခဏ၊ ကြား—ကြားတယ်ဟု၊ အမှတ် ပြုသဖြင့် အကြောင်း အကျိုး ထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

နံသောခဏ၊ ဃာနဒွါရိကဝီထိကျသောစိတ္တက္ခဏတိုင်း၊စိတ္တက္ခဏတိုင်း၊ဒွါရ—အာရုံ—ဝိညာဏ်-ဖဿ-ဝေဒနာ- ပေါင်းဆုံကြသောကာလ-ကာလ၊ရှေးအကြောင်း၅-ပါးနှင့်၊ယခုအကျိုး ၅—ပါး၊ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ ယခုအကြောင်း ၅—ပါးနှင့်၊ နောင်အကျိုး ၅—ပါး၊ ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ ဤသို့နံသောခဏ၊ အကျိုးနှင့် အကြောင်းပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ နံသောခဏ၊ နံ-နံတယ်ဟု အမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

စားသောခဏ၊ ဓိဌါန်ဒွါရိကဝိထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ ဒွါရ–အာရုံ–ဝိညာဏ်–ဖဿ–ဝေဒနာ–ပေါင်းဆုံကြသော ကာလ–ကာလ၊ ရှေးအကြောင်း ၅–ပါးနှင့်၊ ယခုအကျိုး ၅–ပါး၊ ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်းတပါး။ ယခုအကြောင်း ၅–ပါးနှင့်၊ နောင်အကျိုး ၅–ပါး၊ ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်းတပါး။ ဤသို့စားသောခဏ၊ အကျိုးနှင့် အကြောင်းပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ စားသောခဏ၊ စား-စားတယ်ဟုအမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

ထိသောခဏ၊ ကာယဒွါရိကဝိထိကျသော စိတ္တက္ခဏတိုင်း၊စိတ္တက္ခဏတိုင်း၊ ဒွါရ–အာရုံ–ဝိညာဏ်–ဖဿ–ဝေဒနာ–ပေါင်းဆုံ ကြသော ကာလ–ကာလ၊ရှေးအကြောင်း ၅-ပါးနှင့်၊ ယခုအကျိုး ၅-ပါး၊ ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ ယခုအကြောင်း ၅-ပါးနှင့်၊ နောင်အကျိုး ၅–ပါး၊ ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ ဤသို့ထိသောခဏ၊ အကျိုးနှင့်အကြောင်း ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ ထိသောခဏ၊ ထိ-ထိတယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။အကြောင်းကားနာမ်၊အကျိုးကားနာမ်ရုပ်။

သိသောခဏ၊မနောဒွါရိကဝိထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ ဒွါရ–အာရုံ–ဝိညာဏ်–ဖဿ–ဝေဒနာ–ပေါင်းဆုံကြသော ကာလ–ကာလ၊ ရှေးအကြောင်း ၅-ပါးနှင့်၊ ယခုအကျိုး ၅-ပါး၊ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်းတပါး။ ယခုအကြောင်း ၅-ပါးနှင့်၊နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသောအကျိုး၏အကြောင်းလည်းတပါး။ ဤသို့သိသောခဏ၊ အကျိုးနှင့်အကြောင်း ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ သိသောခဏ၊ သိ-သိတယ်ဟု အမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

သွားသောခဏ၊မနောဒွါရိကဝိထိကျသောစိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ ဒွါရ-အာရုံ-ဝိညာဏ်- ဖဿ-ဝေဒနာ-ပေါင်းဆုံ ကြသော ကာလ-ကာလ၊ရှေးအကြောင်း ၅-ပါးနှင့်၊ ယခုအကျိုး ၅-ပါး၊ပေါင်းဆုံ

ကြသော အကျိုး၏အကြောင်းလည်း တပါး၊ ယခုအကြောင်း ၅-ပါး
နှင့်၊နောင်အကျိုး ၅-ပါး၊ပေါင်းဆုံကြသောအကျိုး၏ အကြောင်းလည်း
တပါး။ ဤသို့သွားသောခဏ၊ အကျိုးနှင့်၊ အကြောင်း ပေါင်းဆုံကြ
သဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ သွားသောခဏ
သွား—သွားတယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အ
ကြောင်းကားနာမ်၊အကျိုးကားနာမ် ရုပ်။

ပြန်သောခဏ၊ မနောဒွါရိကဝိထိကျသောစိတ္တက္ခဏာတိုင်း၊ စိတ္တက္ခ
ဏာတိုင်း၊ ဒွါရ- အာရုံ-ဝိညာဏ်- ဖဿ-ဝေဒနာ- ပေါင်းဆုံကြသော
ကာလ—ကာလ၊ရှေးအကြောင်း ၅-ပါးနှင့်၊ ယခုအကျိုး ၅-ပါး၊ ပေါင်း
ဆုံကြသော အကျိုး၏အကြောင်းလည်းတပါး၊ ယခုအကြောင်း ၅-ပါး
နှင့်၊နောင်အကျိုး ၅—ပါး၊ ပေါင်းဆုံကြသောအကျိုး၏အကြောင်းလည်း
တပါး။ ဤသို့ပြန်သောခဏ၊ အကျိုးနှင့် အကြောင်း ပေါင်းဆုံကြသ
ဟု၊ ဉာဏ်အားထင်အောင်ရှေးကာလကရှု၍၊ ပြန်သောခဏ၊ ပြန်-ပြန်
တယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကား
နာမ်၊အကျိုးကားနာမ် ရုပ်။

ဘယ်လှမ်းသောခဏ၊ မနောဒွါရိကဝိထိကျသော စိတ္တက္ခဏာတိုင်း၊
စိတ္တက္ခဏာတိုင်း၊ ဒွါရ-အာရုံ-ဝိညာဏ်- ဖဿ-ဝေဒနာ- ပေါင်းဆုံကြ
သော ကာလ—ကာလ၊ ရှေးအကြောင်း ၅—ပါးနှင့်၊ယခုအကျိုး ၅—ပါး
ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်းတပါး၊ ယခုအကြောင်း
၅-ပါးနှင့်၊နောင်အကျိုး ၅—ပါး၊ပေါင်းဆုံကြသောအကျိုး၏ အကြောင်း
လည်းတပါး။ ဤသို့ဘယ်လှမ်းသောခဏ၊အကျိုးနှင့် အကြောင်း ပေါင်း
ဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ ဘယ်လှမ်း
သောခဏ၊ ဘယ်လှမ်း—လှမ်းတယ်ဟုအမှတ်ပြုသဖြင့်၊ အကြောင်း အ
ကျိုးထင်၏။အကြောင်းကားနာမ်၊အကျိုးကားနာမ် ရုပ်။

ညာလှမ်းသောခဏ၊ မနောဒွါရိကဝိထိကျသော စိတ္တက္ခဏာတိုင်း၊
စိတ္တက္ခဏာတိုင်း၊ဒွါရ—အာရုံ—ဝိညာဏ်—ဖဿ—ဝေဒနာ—ပေါင်းဆုံကြ
သော ကာလ-ကာလ၊ရှေးအကြောင်း ၅-ပါးနှင့်၊ ယခုအကျိုး ၅-ပါး၊
ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်းတပါး။ ယခုအကြောင်း
၅-ပါးနှင့်၊နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသော အကျိုး၏အကြောင်း
လည်းတပါး။ဤသို့ ညာလှမ်းသောခဏ၊အကျိုးနှင့် အကြောင်း ပေါင်းဆုံ

ကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ ညာလှမ်းသော ခဏ၊ညာလှမ်း-လှမ်းတယ်ဟုအမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

တူရူကြည့်သောခဏ၊မနောဒွါရိကဝိထိ ကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ ဒွါရ-အာရုံ- ဝိညာဏ်-ဖဿ-ဝေဒနာ— ပေါင်းဆုံကြသောကာလ—ကာလ၊ ရှေးအကြောင်း ၅—ပါးနှင့်၊ ယခုအကျိုး ၅—ပါး၊ ပေါင်းဆုံကြသောအကျိုး၏ အကြောင်းလည်းတပါး။ ယခုအကြောင်း ၅-ပါးနှင့်၊ နောင်အကျိုး၅-ပါး၊ ပေါင်းဆုံကြသောအကျိုး၏ အကြောင်းလည်းတပါး။ ဤသို့ တူရူကြည့်သောခဏ၊ အကျိုးနှင့် အကြောင်း ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလက ရှု၍၊ တူရူကြည့်သောခဏ၊ တူရူကြည့်—ကြည့်တယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊အကျိုးကားနာမ်ရုပ်။

တစောင်းကြည့်သောခဏ၊မနောဒွါရိက ဝိထိကျသော စိတ္တက္ခဏတိုင်း၊စိတ္တက္ခဏတိုင်း၊ဒွါရ-အာရုံ-ဝိညာဏ်-ဖဿ- ဝေဒနာ—ပေါင်းဆုံကြသော ကာလ-ကာလ၊ ရှေးအကြောင်း ၅-ပါးနှင့်၊ယခုအကျိုး ၅-ပါး၊ ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်းတပါး။ ယခုအကြောင်း ၅—ပါးနှင့်၊ နောင်အကျိုး ၅-ပါး၊ပေါင်းဆုံကြသော အကျိုး၏အကြောင်း လည်းတပါး။ ဤသို့ တစောင်းကြည့်သော ခဏ၊ အကျိုးနှင့်အကြောင်း ပေါင်းဆုံကြသဟု၊ ဉာဏ်အား ထင်အောင် ရှေးကာလက ရှု၍၊ တစောင်းကြည့်သောခဏ၊ တစောင်းကြည့်—ကြည့်တယ်ဟု အမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

ကွေးသောခဏ၊ မနောဒွါရိကဝိထိကျသောစိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ ဒွါရ—အာရုံ—ဝိညာဏ်-ဖဿ-ဝေဒနာ-ပေါင်းဆုံကြသော ကာလ—ကာလ၊ရှေးအကြောင်း ၅-ပါးနှင့်၊ ယခုအကျိုး ၅—ပါး၊ ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ ယခုအကြောင်း၅-ပါးနှင့်၊နောင်အကျိုး ၅-ပါး၊ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်း တပါး။ ဤသို့ ကွေးသောခဏ၊ အကျိုးနှင့် အကြောင်း ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ ကွေးသောခဏ၊

ကွေး-ကွေးတယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကား နာမ်၊ အကျိုးကား နာမ်ရုပ်။

ဆန့်သောခဏ၊ မနေသခွါရိက ဝိထိကျသော စိတ္တက္ခဏာတိုင်း၊ စိတ္တက္ခဏာတိုင်း၊ ဒွါရ–အာရုံ–ဝိညာဏ်–ဖဿ–ဝေဒနာ- ပေါင်းဆုံကြသော ကာလ ကာလ၊ ရှေးအကြောင်း ၅–ပါးနှင့်၊ယခုအကျိုး ၅–ပါး၊ ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်းတပါး။ ယခု အကြောင်း ၅-ပါးနှင့်၊နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသောအကျိုး၏ အကြောင်းလည်းတပါး။ ဤသို့ဆန့်သောခဏ၊ အကျိုးနှင့် အကြောင်းပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင်ရှေးကာလကရှု၍၊ ဆန့်သောခဏ၊ဆန့်-ဆန့်တယ်ဟုအမှတ်ပြုသဖြင့်၊အကြောင်းအကျိုးထင်၏။ အကြောင်းကား နာမ်၊ အကျိုးကား နာမ်ရုပ်။

ဒုကုဋ်-သပိတ်-သင်္ကန်း- အဝတ်-အရုံ- တစုံတခုကိုင်ယူသောခဏ၊ မနေသခွါရိကဝိထိကျသောစိတ္တက္ခဏာတိုင်း၊ စိတ္တက္ခဏာတိုင်း၊ ဒွါရ-အာရုံ-ဝိညာဏ်-ဖဿ-ဝေဒနာ-ပေါင်းဆုံကြသော ကာလ-ကာလ၊ ရှေးအကြောင်း ၅–ပါးနှင့်၊ ယခုအကျိုး ၅–ပါး၊ ပေါင်းဆုံကြသောအကျိုး၏ အကြောင်းလည်းတပါး။ယခုအကြောင်း ၅-ပါးနှင့်၊နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်း တပါး။ ဤသို့ဒုကုဋ်–သပိတ်–သင်္ကန်း–အဝတ်-အရုံ-တစုံတခု ကိုင်ယူသောခဏ၊အကျိုးနှင့် အကြောင်းပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလက ရှု၍၊ ကိုင်ယူသော ခဏ၊ ကိုင်ယူ-ယူတယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုး ထင်၏။ အကြောင်းကား နာမ်၊ အကျိုးကား နာမ်ရုပ်။

စားသောခဏ၊မနေသခွါရိကဝိထိကျသောစိတ္တက္ခဏာတိုင်း၊ စိတ္တက္ခဏာတိုင်း၊ ဒွါရ–အာရုံ–ဝိညာဏ်–ဖဿ–ဝေဒနာ– ပေါင်းဆုံကြသော ကာလ-ကာလ၊ ရှေးအကြောင်း ၅-ပါးနှင့်၊ယခုအကျိုး ၅-ပါး၊ ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်းတပါး။ ယခုအကြောင်း ၅-ပါးနှင့်၊နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်းတပါး။ ဤသို့စားသောခဏ၊ အကျိုးနှင့် အကြောင်း ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊စားသောခဏ၊ စား-စားတယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကား နာမ်၊ အကျိုးကား နာမ်ရုပ်။

သောက်သောခဏ၊ မနောဒွါရိကဝီထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ဒွါရ–အာရုံ–ဝိညာဏ်–ဖဿ–ဝေဒနာ–ပေါင်းဆုံကြသော ကာလ–ကာလ၊ရှေးအကြောင်း ၅–ပါးနှင့်၊ ယခုအကျိုး ၅–ပါး၊ ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ ယခုအကြောင်း ၅–ပါးနှင့်၊ နောင်အကျိုး ၅–ပါး၊ ပေါင်းဆုံကြသောအကျိုး၏အကြောင်းလည်းတပါး။ ဤသို့သောက်သောခဏ၊ အကျိုးနှင့် အကြောင်းပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ သောက်သောခဏ၊သောက်–သောက်တယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်းအကျိုးထင်၏။ အကြောင်းကားနာမ်၊အကျိုးကားနာမ်ရုပ်။

ခဲသောခဏ၊မနောဒွါရိကဝီထိကျသော စိတ္တက္ခဏတိုင်း၊စိတ္တက္ခဏတိုင်း၊ဒွါရ–အာရုံ-ဝိညာဏ်-ဖဿ-ဝေဒနာ-ပေါင်းဆုံကြသောကာလ-ကာလ၊ ရှေးအကြောင်း ၅–ပါးနှင့်၊ ယခုအကျိုး ၅–ပါး၊ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ ယခုအကြောင်း ၅–ပါးနှင့်၊ နောင်အကျိုး ၅–ပါး၊ ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ဤသို့ခဲသောခဏ၊ အကျိုးနှင့် အကြောင်း ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ ခဲသောခဏ၊ ခဲ-ခဲတယ်ဟု အမှတ်ပြုသဖြင့်၊အကြောင်းအကျိုးထင်၏။အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

လျက်သောခဏ၊ မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ ဒွါရ-အာရုံ-ဝိညာဏ်- ဖဿ- ဝေဒနာ–ပေါင်းဆုံကြသော ကာလ-ကာလ၊ ရှေးအကြောင်း ၅ - ပါးနှင့်၊ ယခုအကျိုး ၅–ပါး၊ ပေါင်းဆုံကြသော အကျိုး၏ အကြောင်းလည်းတပါး။ ယခုအကြောင်း ၅-ပါးနှင့်၊နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသောအကျိုး၏ အကြောင်းလည်းတပါး၊ဤသို့လျက်သောခဏ၊အကျိုးနှင့်အကြောင်း ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ လျက်သောခဏ၊ လျက်–လျက်တယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်း အကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

ကျင်ကြီးစွန့်သောခဏ၊မနောဒွါရိကဝီထိကျသောစိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ ဒွါရ–အာရုံ–ဝိညာဏ်-ဖဿ-ဝေဒနာ–ပေါင်းဆုံကြ

သော ကာလ-ကာလ၊ ရှေးအကြောင်း ၅-ပါးနှင့်၊ ယခုအကျိုး ၅-ပါး၊ ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်း တပါး။ ယခုအကြောင်း ၅-ပါးနှင့်၊ နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသောအကျိုး၏အကြောင်း လည်းတပါး။ ဤသို့ ကျင်ကြီးစွန့်သောခဏ၊ အကျိုးနှင့် အကြောင်းပေါင်း ဆုံကြသဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ ကျင်ကြီးစွန့် သောခဏ၊ ကျင်ကြီး စွန့်-စွန့်တယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်း အကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

ကျင်ငယ်စွန့်သောခဏ၊ မနောဒွါရိကဝိထိကျသောစိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ ဒွါရ-အာရုံ-ဝိညာဏ်-ဖဿ-ဝေဒနာ- ပေါင်းဆုံကြ သော ကာလ-ကာလ၊ ရှေးအကြောင်း ၅-ပါးနှင့်၊ ယခုအကျိုး ၅-ပါး၊ ပေါင်းဆုံကြသောအကျိုး၏ အကြောင်းလည်းတပါး။ ယခုအကြောင်း ၅-ပါးနှင့်၊ နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသောအကျိုး၏အကြောင်း လည်းတပါး။ ဤသို့ကျင်ငယ်စွန့်သောခဏ၊ အကျိုးနှင့် အကြောင်း ပေါင်းဆုံကြသဟု၊ ဉာဏ်အားထင်အောင်ရှေးကာလကရှု၍၊ ကျင်ငယ် စွန့်သောခဏ၊ ကျင်ငယ်စွန့်-စွန့်တယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်း အကျိုးထင်၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

ပြောဆိုသောခဏ၊ မနောဒွါရိကဝိထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၊ ဒွါရ-အာရုံ-ဝိညာဏ်-ဖဿ-ဝေဒနာ- ပေါင်းဆုံကြ သော ကာလ-ကာလ၊ ရှေးအကြောင်း ၅-ပါးနှင့်၊ ယခုအကျိုး ၅-ပါး၊ ပေါင်းဆုံကြသော အကျိုး၏အကြောင်းလည်း တပါး။ ယခုအကြောင်း ၅-ပါးနှင့်၊ နောင်အကျိုး ၅-ပါး၊ ပေါင်းဆုံကြသောအကျိုး၏အကြောင်း လည်း တပါး။ ဤသို့ ပြောဆိုသောခဏ၊ အကျိုးနှင့် အကြောင်းပေါင်းဆုံ ကြသဟု၊ ဉာဏ်အားထင်အောင်ရှေးကာလကရှု၍၊ ပြောဆိုသောခဏ၊ ပြောဆို-ပြောဆိုတယ်ဟု အမှတ်ပြုသဖြင့်၊ အကြောင်း အကျိုးထင် ၏။ အကြောင်းကားနာမ်၊ အကျိုးကားနာမ်ရုပ်။

ဤကား-အကျိုး၏ အကြောင်း၌၊ အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသဟု၊ ရှုပုံ၊ အမှတ်ပြုသဖြင့် အကြောင်းအကျိုးထင်ပုံ။

အတိတ်အကြောင်း ၅-ပါး ဟူသော်ကား။ အဝိဇ္ဇာ-သင်္ခါရ- တဏှာ၊ ဥပါဒါန်- ဘဝ- အားဖြင့် ၅-ပါး။ ထို ၅-ပါးတို့တွင်၊ ရှေးရှေး

ဘဝကံကို အားထုတ်သော ကာလ–ကာလ၊အကျိုးကိုဒုက္ခ၊အကြောင်းကို သမုဒယဟု- မသိချင်းသည် အဝိဇ္ဇာ မည်၏။ ။မသိချင်းကြောင့်၊ အကျိုးကိုရအောင် အားထုတ်ချင်းသည်၊သင်္ခါရမည်၏။ ။အားထုတ်ချင်းကြောင့်၊ ရသောအကျိုးကို တပ်မက်ချင်းသည်၊ တဏှာမည်၏။ ။ တပ်မက်ချင်းကြောင့်၊ရသော အကျိုးကို စွဲလမ်းချင်းသည်၊ ဥပါဒါန်မည်၏။ ။စွဲလမ်းချင်းကြောင့်၊ ရသော အကျိုးကို-ခဏ တခု တခု၊ အကျိုး ၅–ခု၊ ၅–ခု၊ အစုအစုဖြစ်အောင် ပြုချင်းသည်၊ ဘဝမည်၏။

ဤသို့–ရှေးရှေးဘဝ၊ကံကို အားထုတ်သော ကာလ-ကာလ၌၊ဤအကြောင်းတရား ၅-ပါးကိုသည်၊ယခုယခုဘဝ၊ပဋိသန္ဓေအကျိုးကို ရခြင်း၏အကြောင်းဖြစ်ကုန်၏။

> ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါတိ ဣမေ ပဉ္စဓမ္မာ ပုရိမကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။

ပုရိမကမ္မဘဝသ္မိံ၊ ရှေးရှေးဘဝ–ကံကို အားထုတ်သော ကာလ-ကာလ၌။ မောဟော၊ မသိချင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ အာယူဟနာ၊ အားထုတ်ချင်းသည်။သင်္ခါရာ၊ သင်္ခါရမည်၏။နိကန္တိ၊ တပ်မက်ချင်းသည်။ တဏှာ၊ တဏှာမည်၏။ ဥပဂမနံ၊ စွဲလမ်းချင်းသည်။ ဥပါဒါနံ၊ဥပါဒါန် မည်၏။စေတနာ၊ခဏ တခု - တခု၊ အကျိုး၅–ခု၊ ၅–ခု၊ အစုအစုဖြစ်အောင်ပြုချင်းသည်။ ဘဝေါ၊ဘဝမည်၏။ ဣတိ၊ဤသို့။ပုရိမကမ္မဘဝသ္မိံ၊ရှေးရှေးဘဝ–ကံကို အားထုတ်သော ကာလ–ကာလ၌။ ဣမေ ပဉ္စဓမ္မာ၊ ဤအကြောင်းတရား ၅-ပါးတို့သည်။ ဣဓပဋိသန္ဓိယာ၊ ယခု–ယခုဘဝ-ပဋိသန္ဓေအကျိုးကိုရချင်း၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ပစ္စုပ္ပန်အကျိုး ၅-ပါး ဟူသော်ကား။ ဝိညာဏ်–နာမ်ရုပ်–သဠာယတန–ဖဿ–ဝေဒနာ-အားဖြင့် ၅-ပါး။ထို ၅-ပါးတို့တွင်၊ ယခုယခုဘဝ၊အကျိုးနှင့် ပြည့်စုံသော ကာလ -ကာလ၊ရှေးရှေးဘဝ၏အဆုံးအဆုံး စုတိနှင့်၊ ယခုယခု ဘဝ၏ အစ အစ ပဋိသန္ဓေ၊အကြား အလပ်မရှိ၊ တသားတည်း စပ်မိချင်းသည်၊ ဝိညာဏ် မည်၏။ ။ဝိညာဏ်စပ်မိသောခဏ၊ ပြေးဝင်သကဲ့သို့သက်ချင်းသည်၊ နာမ်ရုပ်မည်၏။ ။ နာမ်ရုပ်သက်သောခဏ၊၆–ဒွါရကြည်ချင်းသည်၊အာယတနမည်၏။ ။

၆-ဒွါရ ကြည့်သောခဏ၊ ဒွါရ-အာရုံ-ဝိညာဏ် ၃-ပါးတို့၏ တွေ့ချင်းသည် ဖဿ မည်၏။ ။တွေ့သောခဏ၊ ခံစားချင်းသည်၊ ဝေဒနာ မည်၏။

ဤသို့-ယခု ယခုဘဝ၊ အကျိုးနှင့် ပြည့်စုံသော ကာလ-ကာလ၊ဤအကျိုးတရား ၅-ပါးတို့သည်၊ရှေးရှေးအမှု၊ခဏ တခု-တခု၊အကျိုး ၅-ခု၊၅-ခု၊အစုံအစုဖြစ်အောင် ပြုသောကံ၏ အကြောင်းကြောင့်ဖြစ်ကုန်၏။

ဣဓ ပဋိသန္ဓိဝိညာဏံ ဩက္ကန္တိ နာမရူပံ ပသာဒေါ အာယ
တနံ ဖုဋ္ဌော ဖဿော ဝေဒယိတံ ဝေဒနာတိ ဣမေပဉ္စဓမ္မာ
ဣဓူပပတ္တိဘဝသ္မိံ ပုရေကတဿ ကမ္မဿ ပစ္စယာ။

ဣဓဥပပတ္တိဘဝသ္မိံ၊ယခု ယခုဘဝ-အကျိုးနှင့် ပြည့်စုံသော ကာလ-ကာလ၌။ ပဋိသန္ဓိ၊စပ်ချင်းသည်။ ဝိညာဏံ၊ ဝိညာဏ်မည်၏။ဩက္ကန္တိ၊ သက်ချင်းသည်။ နာမရူပံ၊နာမ်ရုပ်မည်၏။ ပသာဒေါ၊ ကြည်ချင်းသည်။ အာယတနံ၊ အာယတနမည်၏။ ဖုဋ္ဌော၊တွေ့ချင်းသည်။ ဖဿော၊ ဖဿ မည်၏။ ဝေဒယိတံ၊ ခံစားချင်းသည်။ ဝေဒနာ၊ ဝေဒနာမည်၏။ ဣတိ၊ ဤသို့။ဣဓူပပတ္တိဘဝသ္မိံ၊ယခု ယခုဘဝ၊အကျိုးနှင့်ပြည့်စုံသောကာလ-ကာလ၌။ ဣမေပဉ္စဓမ္မာ။ ဤအကျိုးတရား၅—ပါးတို့သည်။ ပုရေကတဿ၊ရှေးရှေးအမှု၊ခဏတခု—တခု၊ အကျိုး၅—ခု၊ ၅—ခု၊အစု အစုဖြစ်အောင်ပြုသော။ ကမ္မဿ၊ကံ၏။ပစ္စယာ၊ အကြောင်းကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အမှာစကား။ (ယခု ယခုဘဝ၊ကံကိုအားထုတ်သော ကာလ—ကာလ၊ ခဏ ခဏ၊ရွေ့သောအားဖြင့် ရင့်တိုင်း ရင့်တိုင်း၊ဒွါရ—အာရုံ—ဝိညာဏ်-ဖဿ-ဝေဒနာ-ပေါင်းဆုံကြသော ကာလ--ကာလ ၄—ပါး၊ ၄—ပါးသောအာယတနတို့၌၊ အကျိုးပေးခွင့်မရ။ ယခု ယခုခဏ၌ ကိန်းသော ရှေးရှေးအကြောင်း၊ နောင်နောင်အကျိုးနှင့်သာ စပ်သောကြောင့် အဟောင်း၊ ယခု ယခုအကြောင်း၊နောင်နောင်အကျိုးနှင့်သာ စပ်သော ကြောင့်အသစ်။ဤသို့ အဟောင်းအသစ်နှစ်ရပ်၊အကြောင်းအကျိုးစပ်၍၊ အထပ်ထပ်ကိန်းဝပ်သော အဝိဇ္ဇာ—သင်္ခါရ—တဏှာ—ဥပါဒါန်—ဘဝ-က အကြောင်း ၅-ပါး၊ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာ

က အကျိုး၅-ပါး။ ဤသို့-အဟောင်း အသစ်နှစ်ရပ်၊ အကြောင်းအကျိုး စပ်၍၊ အထပ်ထပ်ဆိုသည်မှတ်။)

ပစ္စုပ္ပန်အကြောင်း ၅-ပါးဟူသော်ကား။ အဝိဇ္ဇာ—သင်္ခါရ—တဏှာ-ဥပါဒါန်-ဘဝ—အားဖြင့် ၅-ပါး။ ထို၅-ပါးတို့တွင်၊ယခု ယခုဘဝ၊ ကံကိုအားထုတ်သော ကာလ—ကာလ၊ ခဏခဏ၊ ရွေ့သောအားဖြင့် ရင့်တိုင်း ရင့်တိုင်း၊ အဟောင်းအသစ်နှစ်ရပ်၊ အကြောင်းအကျိုးစပ်၍ အထပ်ထပ်ကိန်းဝပ်သော ၄—ပါး၊၄—ပါးသော အာယတနတို့၏ အကျိုးကိုဒုက္ခ၊ အကြောင်းကိုသမုဒယဟု—မသိချင်းသည်၊ အဝိဇ္ဇာ မည်၏။ ။မသိချင်းကြောင့်၊ ခဏခဏ—ရွေ့သောအားဖြင့် ရင့်တိုင်း ရင့်တိုင်း၊ အဟောင်းအသစ်နှစ်ရပ်၊ အကြောင်းအကျိုးစပ်၍၊ အထပ်ထပ်ကိန်းဝပ်သော ၄—ပါး၊ ၄—ပါးသော အာယတနတို့၏ အကျိုးကို ရအောင် အားထုတ်ချင်းသည်၊ သင်္ခါရ မည်၏။ ။အားထုတ်ချင်းကြောင့်၊ ခဏခဏရွေ့သောအားဖြင့် ရင့်တိုင်း ရင့်တိုင်း၊ အဟောင်းအသစ်နှစ်ရပ်၊ အကြောင်းအကျိုးစပ်၍၊ အထပ်ထပ် ကိန်းဝပ်သော ၄—ပါး၊ ၄—ပါးသော အာယတနတို့၏ ရသောအကျိုးကို တပ်မက်ချင်းသည်၊ တဏှာမည်၏။ ။တပ်မက်ချင်းကြောင့်၊ ခဏ ခဏရွေ့သောအားဖြင့် ရင့်တိုင်းရင့်တိုင်း၊ အဟောင်းအသစ်နှစ်ရပ်၊ အကြောင်းအကျိုးစပ်၍၊ အထပ်ထပ်ကိန်းဝပ်သော ၄—ပါး၊ ၄—ပါးသော အာယတနတို့၏ရသောအကျိုးကိုစွဲလမ်းချင်းသည်၊ ဥပါဒါန်မည်၏။ ။စွဲလမ်းချင်းကြောင့်၊ခဏခဏရွေ့သောအားဖြင့် ရင့်တိုင်းရင့်တိုင်း၊ အဟောင်းအသစ်နှစ်ရပ်၊ အကြောင်း အကျိုးစပ်၍၊ အထပ်ထပ်ကိန်းဝပ်သော ၄—ပါး ၄—ပါးသော အာယတနတို့၏၊ရသောအကျိုးကို၊ခဏတခု-တခု အကျိုး၅—ခု၊ ၅—ခု၊အစုအစု ဖြစ်အောင်ပြုချင်းသည်၊ ဘဝမည်၏။

ဤသို့-ယခုယခုဘဝ၊ကံကိုအားထုတ်သော ကာလ-ကာလ၊ ဤအကြောင်း တရား ၅ ပါးတို့သည်၊နောင်နောင်ဘဝ၊ပဋိသန္ဓေအကျိုးကိုရခြင်း၏ အကြောင်းဖြစ်ကုန်၏။

ဣဓ ပရိပက္ကတ္တာ အာယတနာနံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါတိ ဣမေ ပဉ္စဓမ္မာ ဣဓ ကမ္မဘဝသ္မိံ အာယတိံ ပဋိသန္ဓိယာ ပစ္စယာ။

ပုရိမကမ္မဘဝသ္မိံ၊ ယခုယခုဘဝ၊ ကံကို အားထုတ်သော ကာလ-ကာလ၌။ပရိပက္ကတ္တာ-ပရိပက္ကာနံ၊ရင့်ကျက်တိုင်းရင့်ကျက်တိုင်း။အာယတနာနံ၊ အာယတနတို့၏။ မောဟော၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ပရိပက္ကတ္တာ-ပရိပက္ကာနံ၊ ရင့်ကျက်တိုင်းရင့်ကျက်တိုင်း။အာယတနာနံ၊ အာယတနတို့၏၊ အာယူဟနာ၊အားထုတ်ခြင်းသည်။ သင်္ခါရာ၊ သင်္ခါရမည်၏။ ပရိပက္ကတ္တာ—ပရိပက္ကာနံ၊ ရင့်ကျက်တိုင်း ရင့်ကျက်တိုင်း။ အာယတနာနံ၊ အာယတနတို့၏။ နိကန္တိ၊ တပ်မက်ခြင်းသည်။ တဏှာ၊ တဏှာ မည်၏။ ပရိပက္ကတ္တာ—ပရိပက္ကာနံ၊ ရင့်ကျက်တိုင်း ရင့်ကျက်တိုင်း။ အာယတနာနံ၊ အာယတနတို့၏။ ဥပဂမနံ၊ စွဲလမ်းခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန်မည်၏။ ပရိပက္ကတ္တာ- ပရိပက္ကာနံ၊ ရင့်ကျက်တိုင်း ရင့်ကျက်တိုင်း။အာယတနာနံ၊အာယတနတို့၏။စေတနာ၊ခဏတခ တခ၊ အကျိုး ၅-ခု၊ ၅-ခု၊ အစုအစုဖြစ်အောင်ပြုခြင်းသည်။ ဘဝေါ၊ဘဝမည်၏။ဣတိ၊ ဤသို့။ ပုရိမကမ္မဘဝသ္မိံ၊ယခုယခု ဘဝ၊ ကံကိုအားထုတ်သော ကာလ—ကာလ၌။ပုရိမေ ပဉ္စဓမ္မာ၊ဤအကြောင်းတရား ၅-ပါးတို့သည်။ အာယတိံ ပဋိသန္ဓိယာ၊ နောင်နောင်ဘဝ ပဋိသန္ဓေအကျိုးကို ရခြင်း၏။ ပစ္စယာ၊အကြောင်းတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

အနာဂတ် အကျိုး ၅-ပါး ဟူသော်ကား။ ဝိညာဏ်-နာမ်ရုပ်-သဠာယတန—ဖဿ-ဝေဒနာ—အားဖြင့် ၅-ပါး။ ထို၅-ပါးတို့တွင်၊နောင်နောင်ဘဝ၊အကျိုးနှင့် ပြည့်စုံသောကာလ—ကာလ၊ ယခု ယခု ဘဝ၏ အဆုံး အဆုံးစုတိနှင့်၊ နောင်နောင်ဘဝ၏ အစအစပဋိသန္ဓေ၊ အကြားအလပ်မရှိ၊ တသားတည်း စပ်မိခြင်းသည်၊ဝိညာဏ်မည်၏။

ဝိညာဏ်စပ်မိသောခဏ၊ ပြေးဝင်သကဲ့သို့သက်ခြင်းသည်၊နာမ်ရုပ်မည်၏။ ။နာမ်ရုပ်သက်သောခဏ၊ ၆-ဒွါရကြည်ခြင်းသည်၊ အာယတနမည်၏။ ။၆-ဒွါရကြည်သောခဏ၊ ဒွါရ- အာရုံ-ဝိညာဏ်-၃-ပါးတို့၏တွေ့ခြင်းသည်၊ ဖဿမည်၏။ ။တွေ့သောခဏ၊ ခံစားခြင်းသည်၊ ဝေဒနာမည်၏။

ဤသို့-နောင်နောင်ဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ ကာလ၊ ဤအကျိုးတရား ၅-ပါးတို့သည်၊ ယခု ယခုအမှု၊ခဏ တခု-တခု၊အကျိုး ၅-ခု၊၅-ခု၊ အစုအစု ဖြစ်အောင် ပြုသောကံ၏ အကြောင်းကြောင့် ဖြစ်ကြကုန်၏။

အာယတိံ ပဋိသန္ဓိဝိညာဏံ သြကြန္တိ နာမရူပံ ပဿာဒေါ အာယတနံ ဖုဿော ဖဿော ဝေဒယိတံ ဝေဒနာတိ ဣမေပဉ္စ ဓမ္မာ အာယတိံ ဥပပတ္တိဘဝသ္မိံ ဣဓ ကတဿ ကမ္မဿ ပစ္စယာ။

အာယတိံဥပပတ္တိဘဝသ္မိံ၊ နောင်နောင်ဘဝ၊အကျိုးနှင့်ပြည့်စုံသော ကာလ–ကာလ၌။ ပဋိသန္ဓိ၊ စပ်ချင်းသည်။ဝိညာဏံ၊ ဝိညာဏ်မည်၏။ သြကြန္တိ၊ သက်ချင်းသည်။နာမရူပံ၊နာမ်ရုပ်မည်၏။ ပဿာဒေါ၊ ကြည်ချင်းသည်။ အာယတနံ၊ အာယတနမည်၏။ ဖုဿော၊ တွေ့ချင်းသည်။ ဖဿော၊ဖဿမည်၏။ ဝေဒယိတံ၊ ခံစားချင်းသည်။ ဝေဒနာ၊ ဝေဒနာမည်၏။ဣတိ၊ဤသို့။အာယတိံဥပပတ္တိဘဝသ္မိံ၊နောင်နောင်ဘဝ၊အကျိုးပြည့်စုံသော ကာလ-ကာလ၌။ဣမေပဉ္စဓမ္မာ၊ဤအကျိုးတရား ၅–ပါးတို့သည်။ ဣဓ ကတဿ၊ ယခုယခုအမှု၊ခဏတခုတခု၊အကျိုး၅–ခု၊ ၅–ခု၊ အစုအစုဖြစ်အောင်ပြုသော။ ကမ္မဿ၊ ကံ၏။ ပစ္စယာ၊ အကြောင်းကြောင့်။ဟောန္တိ၊ဖြစ်ကုန်၏။

ဤသို့-ကမ္မဝဋ်၊ ဝိပါကဝဋ်အလိုအားဖြင့်၊ နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းချင်းကို ပြု၏။

ဧဝံ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန နာမရူပဿ ပစ္စယပရိဂ္ဂဟံ ကရောတိ။

ဧဝံ၊ ဤသို့။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန၊ ကမ္မဝဋ်-ဝိပါကဝဋ်အလိုအားဖြင့်။ နာမရူပဿ၊နာမ်ရုပ်၏။ ပစ္စယပရိဂ္ဂဟံ၊ အကြောင်းကို သိမ်းဆည်းချင်းကို။ ကရောတိ၊ပြု၏။

ဤသို့ ကမ္မဝဋ်-ဝိပါကဝဋ်အလိုအားဖြင့်၊ နာမ်ရုပ်၏ အကြောင်းကို၊ သိမ်းဆည်းချင်းကို ပြုသော–ထိုယောဂီသည်၊ အကြောင်းကား ကမ္မဝဋ်၊ အကျိုးကား ဝိပါကဝဋ်-ဟု နှလုံးပြု၍၊ ဤသို့ ကမ္မဝဋ်-ဝိပါကဝဋ်အလိုအားဖြင့်၊ အကြောင်းကြောင့်နာမ်ရုပ်ဖြစ်သည်ကို မြင်၍၊ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ–ကာလ၌၊ ဤနာမ်ရုပ်သည်၊ ကမ္မဝဋ်–ဝိပါကဝဋ်အလိုအားဖြင့်၊ အကြောင်းကြောင့် ဖြစ်လည်းဖြစ်သကဲ့သို့၊ထိုအတူ၊ ရှေးရှေးဘဝ၊အကျိုးနှင့် ပြည့်စုံသောကာလ–ကာလ၌လည်း၊ ဤနာမ် ရုပ်သည်၊ ကမ္မဝဋ် ဝိပါကဝဋ်–အလိုအားဖြင့်၊

အကြောင်းကြောင့် ဖြစ်လည်းဖြစ်ဘူးလေပြီ။ နှောင်နှောင်ဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ–ကာလ၌လည်း၊ ဤနာမ်ရုပ်သည်၊ ကမ္မဝဋ်–ဝိပါကဝဋ်အလိုအားဖြင့်သာလျှင်၊ အကြောင်းကြောင့်ဖြစ်လည်း ဖြစ်လတံ့ဟုရှု၏။

> သော ဧဝံ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန ပစ္စယတော နာမရူပဿ ပဝတ္တိံ ဒိသွာ ယထာ ဣဒံ ဧတရဟိ ဧဝံ အတီတေပိ အဒ္ဓါနေ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန ပစ္စယတော ပဝတ္တိတ္ထ။ အနာဂတေပိ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေနေဝ ပစ္စယတော ပဝတ္တိဿတီတိ သမနုပဿတိ။

သော၊ ထိုယောဂီသည်။ ဧဝံ၊ ဤသို့။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန၊ ကမ္မဝဋ်-ဝိပါကဝဋ်အလိုအားဖြင့်။ ပစ္စယတော၊ အကြောင်းကြောင့်။ နာမရူပဿ၊နာမ်ရုပ်၏။ ပဝတ္တိံ၊ဖြစ်သည်ကို။ ဒိသွာ၊မြင်၍။ ဧတရဟိ၊ ယခု ယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ–ကာလ၌။ ဣဒံနာမရူပံ၊ ဤနာမ်ရုပ်သည်။ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဝသေန၊ ကမ္မဝဋ်-ဝိပါကဝဋ်အလိုအားဖြင့်။ပစ္စယတော၊ အကြောင်းကြောင့်။ ပဝတ္တတိယထာ၊ဖြစ်လည်းဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ၊ အတီတေပိအဒ္ဓါနေ၊ ရှေးရှေးဘဝ၊ အကျိုးနှင့် ပြည့်စုံသောကာလ–ကာလ၌လည်း။ ဣဒံနာမရူပံ၊ဤနာမ်ရုပ်သည်။ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဝသေန၊ ကမ္မဝဋ်-ဝိပါကဝဋ်အလိုအားဖြင့်။ ပစ္စယတော၊ အကြောင်းကြောင့်။ပဝတ္တိတ္ထ၊ ဖြစ်လည်း ဖြစ်ဘူးလေပြီ။ အနာဂတေပိ အဒ္ဓါနေ၊နှောင်နှောင်ဘဝ၊အကျိုးနှင့်ပြည့်စုံသော ကာလ–ကာလ၌လည်း။ ဣဒံနာမရူပံ၊ ဤနာမ်ရုပ်သည်။ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဝသေနေဝ၊ ကမ္မဝဋ်-ဝိပါကဝဋ် အလိုအားဖြင့်သာလျှင်။ ပစ္စယတော၊ အကြောင်းကြောင့်။ ပဝတ္တိဿတိ၊ ဖြစ်လည်းဖြစ်လတံ့။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ရှု၏။

ဤသို့ ရှုသောယောဂီအား၊ ၁၆-ပါးသောယုံမှားခြင်းကင်းပျောက်၏။

ကင်းပျောက်ပုံကား။

ရှေးရှေးဘဝ၊ အကျိုးနှင့်ပြည့်စုံသောကာလ-ကာလ၌၊ ငါဖြစ်ဘူးလေသလော။ ရှေးရှေးဘဝ၊အကျိုးနှင့်ပြည့်စုံသော ကာလ–ကာလ၌၊ ငါမဖြစ်ဘူးလေသလော။ ရှေးရှေးဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ-ကာလ၌၊

ဘယ်အမျိုး၊ ဘယ်အနွယ် ငါဖြစ်ဘူးလေသနည်း။ ရှေးရှေးဘဝ၊အကျိုးနှင့် ပြည့်စုံသော ကာလ–ကာလ၊ ဘယ်အခြင်း အရာ ငါဖြစ်ဘူးလေသနည်း။ ။(**အခြင်းအရာဟူသည်ကား။**) ဖြူသောအခြင်းအရာ၊ မည်းသော အခြင်းအရာ၊ ဆူသော အခြင်းအရာ၊ ကျုံ့သောအခြင်းအရာ၊ နိမ့်သော အခြင်းအရာ၊ မြင့်သော အခြင်းအရာတည်း။ ။မြင့်သော အခြင်း အရာဟူသည်လည်း၊ ရှည်သော အခြင်းအရာပင်တည်း။ နိမ့်သော အခြင်းအရာ ဟူသည်လည်း၊ ပုသော အခြင်းအရာပင်တည်း။ ကျုံ့သော အခြင်းအရာဟူသည်လည်း၊ ပိန်သောအခြင်းအရာပင်တည်း။ ဆူသော အခြင်းအရာဟူသည်လည်း၊ ဝသောအခြင်းအရာ ပင်တည်း။ မည်းသော အခြင်းအရာဟူသည်လည်း၊ နက်သော အခြင်းအရာ ပင်တည်း။ ဖြူသောအခြင်းအရာ၊ ဖြူသောအခြင်းအရာပင်တည်း။ ဤနည်းဖြင့် သဏ္ဌာန်အခြင်းအရာဟူသမျှကိုယူလေ။)

ရှေးရှေးဘဝ၊ အကျိုးနှင့်ပြည့်စုံသောကာလ–ကာလ၊ ဘယ်အမျိုး ဘယ်အနွယ် အဆက်ဆက် ငါဖြစ်၍၊ ဘယ်အမျိုး ဘယ်အနွယ်အဆက်ဆက်ငါဖြစ်ဘူးလေသနည်း။ ။(**ဤသို့ ရှေးအဘိုကို အာရုံပြု၍ဖြစ်သော ယုံမှားခြင်း ငါးပါး**)

> ယာ သာ ပုဗ္ဗန္တံ အာရဗ္ဘ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ၊ နနု ခေါ အဟောသိံ အတီတမဒ္ဓါနံ၊ ကိံ နုခေါ အဟောသိံ အတီတမဒ္ဓါနံ၊ ကထံနုခေါ အဟောသိံ အတီတမဒ္ဓါနံ၊ ကိံ ဟုတွာ ကိံအဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနန္တိ ပဉ္စဝိဓာ ဝိစိကိစ္ဆာ ဝုတ္တာ။

အတီတမဒ္ဓါနံ၊ရှေးရှေးဘဝ၊အကျိုးနှင့်ပြည့်စုံသောကာလ-ကာလ၌။ အဟံ၊ ငါသည်။ အဟောသိံနုခေါ၊ ဖြစ်ဘူးလေသလော။ အတီတမဒ္ဓါနံ၊ရှေးရှေးဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ–ကာလ၌။အဟံ၊ငါသည်၊ နနုခေါအဟောသိံ၊ မဖြစ်ဘူးလေသလော။ အတီတမဒ္ဓါနံ၊ရှေးရှေးဘဝ၊ အကျိုးနှင့်ပြည့်စုံသောကာလ–ကာလ၌။ အဟံ၊ငါသည်။ကိံ၊ ဘယ်အမျိုး ဘယ်အနွယ်သည်။အဟောသိံနုခေါ၊ဖြစ်ဘူး လေသနည်း။ အတီတမဒ္ဓါနံ၊ ရှေးရှေးဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ-ကာလ၌။ အဟံ၊ငါသည်။ ကထံ၊ ဘယ်အခြင်းအရာသည်။ အဟောသိံနုခေါ၊ ဖြစ်

ဘူးလေသနည်း။ အတိတ်ခန္ဓါနံ၊ ရှေးရှေးဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ-ကာလ၌။အဟံ၊ ငါသည်။ ကိံ၊ ဘယ်အမျိုး ဘယ်အနွယ်သည်။ ဟုတွာ၊ အဆက်ဆက်ဖြစ်၍။ ကိံ၊ ဘယ်အမျိုး ဘယ်အနွယ်သည်။ အဟောသိံနုခေါ၊ အဆက်ဆက် ဖြစ်ဘူးလေသနည်း။ ဣတိ၊ ဤသို့။ ပုဗ္ဗန္တံ၊ရှေးအဘို့ကို။အာရဗ္ဘ၊ အာရုံပြု၍။ပဉ္စဝိဓာ၊ငါးပါးအပြားရှိသော။ ယာသာဝိစိကိစ္ဆာ၊ အကြင်ယုံမှားချင်းကို။ ဝုတ္တာ၊ ဆိုအပ်၏။

နောင်နောင်ဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ-ကာလ၊ ငါဖြစ်လတံ့လေလော။ နောင်နောင်ဘဝ၊ အကျိုးနှင့်ပြည့်စုံသောကာလ-ကာလ၊ ငါမဖြစ်လတံ့ လေလော။ နောင်နောင်ဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ—ကာလ၊ ဘယ်အမျိုး ဘယ်အနွယ် ငါဖြစ်လတံ့ လေနည်း။ နောင်နောင်ဘဝ၊ အကျိုးနှင့် ပြည့်စုံသောကာလ—ကာလ၊ဘယ်အခြင်းအရာ ငါဖြစ်လတံ့ လေနည်း။ နောင်နောင်ဘဝ၊ အကျိုးနှင့် ပြည့်စုံသော ကာလ-ကာလ၊ဘယ်အမျိုးဘယ်အနွယ် အဆက်ဆက် ငါဖြစ်၍၊ ဘယ်အမျိုးဘယ်အနွယ်အဆက်ဆက်ငါဖြစ်လတံ့လေနည်း။ ။**(ဤသို့ နောက်အဘို့ကို အာရုံပြု၍ဖြစ်သော ယုံမှားခြင်း ငါးပါး)**

> ယာဝိ အပရန္တံ အာရဗ္ဘ ဘဝိဿာမိနုခေါ အဟံ အနာဂတမဒ္ဓါနံ၊ နနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ၊ ကိံနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ၊ ကထံနုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ၊ ကိံ ဟုတွာ ကိံ ဘဝိဿာမိနုခေါ အဟံ အနာဂတမဒ္ဓါနန္တိ ပဉ္စဝိဓာ ဝိစိကိစ္ဆာ ဝုတ္တာ။

အနာဂတမဒ္ဓါနံ၊ နောင်နောင်ဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ-ကာလ၌။ အဟံ၊ ငါသည်။ ဘဝိဿာမိနုခေါ၊ ဖြစ်လတံ့ လေလော။ အနာဂတမဒ္ဓါနံ၊ နောင်နောင်ဘဝ၊ အကျိုးနှင့် ပြည့်စုံသော ကာလ—ကာလ၌။ အဟံ၊ ငါသည်။ နနုခေါဘဝိဿာမိ၊ မဖြစ်လတံ့လေလော။ အနာဂတမဒ္ဓါနံ၊ နောင်နောင် ဘဝ၊ အကျိုးနှင့် ပြည့်စုံသော ကာလ—ကာလ၌။ အဟံ၊ ငါသည်။ ကိံ၊ ဘယ်အမျိုး ဘယ်အနွယ်သည်။ ဘဝိဿာမိနုခေါ၊ ဖြစ်လတံ့လေနည်း။ အနာဂတမဒ္ဓါနံ၊ နောင်နောင်ဘဝ၊အကျိုးနှင့် ပြည့်စုံသော ကာလ-ကာလ၌။ အဟံ၊ ငါသည်။ ကထံ၊ ဘယ်အခြင်းအရာသည်။ ဘဝိဿာမိနုခေါ၊ ဖြစ်လတံ့လေနည်း။ အနာ

ဂတမဍ္ဍါနံ၊ နောင်နောင်ဘဝ၊အကျိုးနှင့် ပြည့်စုံသော ကာလ-ကာလ၌။ အဟံ၊ ငါသည်။ ကိံ၊ ဘယ်အမျိုး ဘယ်အနွယ်သည်။ ဟုတွာ၊အဆက်ဆက်ဖြစ်၍။ ကိံ၊ဘယ်အမျိုးဘယ်အနွယ်သည်။ ဘဝိဿာမိနုခေါ၊ အဆက်ဆက် ဖြစ်လတံ့လေနည်း။ ဣတိ၊ ဤသို့။ အပရန္တံ၊ နောက်အဘို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဉ္စဝိဓာ၊ ငါးပါးအပြားရှိသော။ ယာဝိ ဝိစိကိစ္ဆာ၊ အကြောင်းယုံမှားချင်းကိုလည်း။ဝုတ္တာ၊ ဆိုအပ်၏။

ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ—ကာလ၊ ငါဖြစ်လေသလော။ ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသောကာလ-ကာလ၊ငါမဖြစ်လေသလော။ ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ-ကာလ၊ ဘယ်အမျိုးဘယ်အနွယ်ငါဖြစ်လေသနည်း။ ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ-ကာလ၊ဘယ်အခြင်းအရာ ငါဖြစ်လေသနည်း။ ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသောကာလ-ကာလ၊ငါဟူသော ဤသတ္တဝါသည်၊ဘယ်ဘုံ-ဘယ်ဘဝ-ဘယ်ဌာနမှလာခဲ့လေသနည်း။ ယခု ယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသောကာလ—ကာလ၊ ငါဟူသောထိုသတ္တဝါသည်၊ ဘယ်ဘုံ-ဘယ်ဘဝ-ဘယ်ဌာနသို့ သွားရမည်ဖြစ်လတံ့လေနည်း။ ။

(ဤသို့ ယခုအဘို့ကို အာရုံပြု၍ဖြစ်သော ယုံမှားခြင်း ၆-ပါး)

ယာဝိ ပစ္စုပ္ပန္နံ အာရဗ္ဘ ဧတရဟိ ဝါပန ပစ္စုပ္ပန္နံ အဒ္ဓါနံ အာရဗ္ဘ ကထံကထီ ဟောတိ၊ အဟံနုခေါသ္မိ၊နနုခေါသ္မိ၊ ကိံနု ခေါသ္မိ၊ ကထံနုခေါသ္မိ၊ အယံနုခေါ သတ္တော ကုတော အာဂတော၊ သော ကုဟိံ ဂါမီ ဘဝိဿတီတိ ဆဗ္ဗိဓာ ဝိစိကိစ္ဆာ ဝုတ္တာ။

ပစ္စုပ္ပန္နံ အဒ္ဓါနံ၊ပစ္စုပ္ပန်ကာလကို။အာရဗ္ဘ၊ အာရုံပြု၍၊ ကထံကထီ၊ ယုံမှားသည်။ဟောတိ၊ ဖြစ်၏။ ကထံဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ဧတရဟိ၊ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ-ကာလ၌။ အဟံ ငါသည်။ အသ္မိနုခေါ၊ဖြစ်လေသလော။ ဧတရဟိ၊ ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသောကာလ—ကာလ၌။ အဟံ၊ငါသည်။ နအသ္မိနုခေါ၊ မဖြစ်လေသလော။ ဧတရဟိ၊ ယခု ယခုဘဝ၊ အကျိုးနှင့် ပြည့်စုံသောကာလ ကာလ၌။ အဟံ၊ ငါသည်။ ကိံ၊ ဘယ်အမျိုးဘယ်အနွယ်သည်။ အသ္မိနုခေါ၊ ဖြစ်လေသနည်း။ ဧတရဟိ၊ ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသော

ကာလ—ကာလ၌။ အဟံ၊ ငါသည်။ ကထံ၊ ဘယ်အခြင်း အရာသည်။ အသို့နည်းခေါ်၊ ဖြစ်လေသနည်း။ ဧတရဟိ၊ ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလ—ကာလ၌။ အယံသတ္တော၊ဤငါဟူသော သတ္တဝါသည်။ ကုတော၊ ဘယ်ဘုံ-ဘယ်ဘဝ-ဘယ်ဌာနမှ။ အာဂတော နည်းခေါ်၊ လာခဲ့လေသနည်း။ ဧတရဟိ၊ ယခုယခုဘဝ၊ အကျိုးနှင့် ပြည့်စုံသော ကာလ-ကာလ၌။ သော၊ ထိုငါဟူသော သတ္တဝါသည်။ ကုဟိံ၊ ဘယ်ဘုံ-ဘယ်ဘဝ—ဘယ်ဌာနသို့။ ဂါမီ၊ သွားရမည်။ ဘဝိဿတိနည်းခေါ်၊ ဖြစ်လတံ့လေနည်း။ ဣတိ၊ ဤသို့။ ပစ္စုပ္ပန္နံ၊ ယခုအဘို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဆဗ္ဗိဓာ၊ ၆—ပါး အပြားရှိသော။ ယာဝိစိကိစ္ဆာ၊ အကြင် ယုံမှားချင်းကိုလည်း။ ဝုတ္တာ၊ ဆိုအပ်၏။

ဤသို့ဆိုအပ်ပြီးသော ၁၆-ပါးသော ယုံမှားချင်းကင်းပျောက်၏။

> တဿေဝံ သမနုပဿတော ယာ သာ ပုဗ္ဗန္တာဒယော
> အာရဗ္ဘ အဟောသိံ နုခေါ် အဟန္တိအာဒိနာ နယေန ဝုတ္တာ
> သောဠသဝိဓာ ဝိစိကိစ္ဆာ သာ သဗ္ဗာပိ ပဟီယတိ။

ဧဝံ၊ ဤသို့။ သမနုပဿတော၊ ရှုသော။ တဿ ယောဂိနော၊ ထိုယောဂီအား။ ပုဗ္ဗန္တာဒယော၊ ပုဗ္ဗန္တအစရှိသည်တို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ အဟောသိံ နုခေါ် အဟန္တိအာဒိနာ နယေန၊ အဟောသိံ နုခေါ် အဟံ ဤသို့အစရှိသော နည်းဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်သော။ သောဠသဝိဓာ၊ ၁၆-ပါးအပြားရှိသော။ ယာသာဝိစိကိစ္ဆာ၊ အကြင် ယုံမှားချင်း။ သာ သဗ္ဗာပိ ဝိစိကိစ္ဆာ၊ ထိုအလုံးစုံသော ၁၆—ပါးသော ယုံမှားချင်းသည်လည်း။ ပဟီယတိ၊ ကင်းပျောက်၏။

ဘဝ-ယောနိ-ဂတိ-ဌိတိ-နိဝါသ-ငါးပါးတို့တွင်။ ဘဝဟူသော်ကား။ ၃—ပါး၊ အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ။ ။ယောနိဟူသော်ကား၊ ၄—ပါး၊ အဏ္ဍဇယောနိ၊ ဇလာဗုဇယောနိ၊ သံသေဒဇယောနိ၊ ဩပပါတိကယောနိ။ ။ဂတိဟူသော်ကား၊ ၅-ပါး၊ နိရယဂတိ၊ တိရစ္ဆာနဂတိ၊ ပေတဂတိ၊ မနုဿဂတိ၊ ဒေဝဂတိ။ ။ဌိတိဟူသော်ကား၊ ၇-ပါး၊ ဧကတ္တကာယ နာနတ္တသညီ တပါး၊ နာနတ္တကာယ ဧကတ္တသညီ တပါး၊ဧကတ္တကာယ ဧကတ္တသညီ တပါး၊

နာနတ္တကာယနာနတ္တသညီ တပါး၊ အာကာသာနဉ္စာယတန တပါး၊ ဝိညာဏဉ္စာယတန တပါး၊ အာကိဉ္စညာယတန တပါး။ ။နိဝါသ ပဂူသော်ကား၊ ၉—ပါး။ ဌိတိ ၇—ပါး၌၊ အသညသတ်ကိုထည့်။ နေဝ သညာ နာသညာယတနကိုထည့်။

ဤသို့အတိတ်၊အနာဂတ်၊ ပစ္စုပ္ပန်၊ ကာလ ၃-ပါးတို့၌၊ ၁၆-ပါးသော ယုံမှားချင်းကင်းပျောက်သည့်ရှိသော်၊ ၃—ပါးသောဘဝ၊ ၄—ပါးသော ယောနိ၊ ၅—ပါးသောဂတိ၊၇—ပါးသောဌိတိ၊ ၉—ပါးသောနိဝါသတို့၌၊ အကြောင်း၏အကျိုးနှင့်စပ်သောအလိုအားဖြင့်ဖြစ်ချင်းသည့်၊ နာမ်ရုပ်မျှ သာထင်၏။ ထင်ချင်းကြောင့်၊ အကြောင်းမှတပါး ပြုတတ်သော သူကို မမြင်၊ အကျိုးမှတပါး ခံစားတတ်သော သူကိုမမြင်၊ မမြင်သော်လည်း အကြောင်းရှိက၊ အကြောင်းကိုပြုတတ်သောသူဟု အမည်မျှဖြင့်၊ အကျိုးရှိက အကျိုးကိုခံစားတတ်သောသူဟု အမည်မျှဖြင့်၊ ပညာရှိတို့ ခေါ်ဝေါ်ပြောဆိုကြကုန်၏ ဟူ၍သာလျှင်၊ ၁၆-ပါးသောယုံမှားချင်း ကင်းပျောက်သော ဤယောဂီ မဘောက်မပြန် အမှန်သိမြင်သော ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့်၊ ပြုသောအပေါင်းအကြောင်းဟု၊ ခံစားသောအမျိုး အကျိုးဟု၊ မုချဧကန်၊ အမှန်သိ၏။

ဘဝ ယောနိ ဂတိ ဌိတိ နိဝါသေသု ဟေတု ဖလသမ္ဗန္ဓ ဝသေန ပဝတ္တမာနံ နာမရူပမတ္တမေဝ ခါယတိ၊ သော နေဝ ကာရဏတော ဥဒ္ဓံ ကာရကံ ပဿတိ၊ နဝိပါကပဝတ္တိတော ဥဒ္ဓံ ပဋိသံဝေဒကံ၊ကာရဏေပန သတိ ကာရကောတိ ဝိပါက ပဝတ္တိယာ သတိ ပဋိသံဝေဒကောတိ သမညာမတ္တေန ပဏ္ဍိ တာ ဝေါဟရန္တိစ္စေဝဿ သမ္မပ္ပညာယ သုဒိဋ္ဌံ ဟောတိ။

ဘဝယောနိဂတိဋ္ဌိတိနိဝါသေသု၊ ၃—ပါးသောဘဝ၊ ၄—ပါးသော ယောနိ၊ ၅—ပါးသောဂတိ၊ ၇-ပါးသောဌိတိ၊ ၉—ပါးသောနိဝါသတို့၌။ ဟေတုဖလသမ္ဗန္ဓဝသေန၊ အကျိုး၏အကြောင်းနှင့်စပ်သော အလိုအား ဖြင့်။ပဝတ္တမာနံ၊ ဖြစ်ချင်းသည်။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသာလျှင်။ ခါယတိ၊ ထင်၏။ သော၊ ထိုယောဂီသည်။ကာရဏတော၊ အကြောင်းမှ။ ဥဒ္ဓံ၊ အထက်၌။ ကာရကံ၊ ပြုတတ်သောသူကို။ နေဝပဿတိ၊ မမြင်။ ဝိပါကပဝတ္တိတော၊ အကျိုးဖြစ်သည်မှ။ ဥဒ္ဓံ၊ အထက်၌။ ပဋိသံဝေဒကံ၊

ခံစားတတ်သောသူကို။နပဿတိ၊မမြင်။ကာရဏောပန၊အကြောင်းသည်ကား။ သတိ၊ ရှိသော်။ ကာရကောတိ၊ ပြုတတ်သောသူဟူ။ ဝိပါကပဝတ္တိယာ၊ အကျိုး၏ ဖြစ်ချင်းသည်။ သတိ၊ ရှိသော်။ ပဋိသံဝေဒကောတိ၊ အကျိုးကိုခံစားတတ်သောသူဟူ။ သမညာမတ္တေန၊ အမည်မျှဖြင့်၊ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဝေါဟာရန္တိစ္စေဝ၊ ခေါ်ဝေါ်ပြောဆိုကြကုန်၏ ဟူ၍သာလျှင်။ သမ္မပ္ပညာယ၊ အမှန်သိမြင်သော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်။ သုဒိဋ္ဌံ၊ ကောင်းစွာမြင်အပ်သည်။ ဟောတိ၊ ဖြစ်၏။

ပြုသောအပေါင်းအကြောင်းဟူ၊ ခံစားသောအမျိုးအကျိုးဟူ၊ မုချဧကန်၊ အမှန်သိမြင်ချင်းကြောင့်၊ အကြောင်းကားကမ္မဝဋ်၊ အကျိုးကားဝိပါကဝဋ်ဟူ—၂လုံးပြု၍၊ဤသို့ ကမ္မဝဋ်-ဝိပါကဝဋ် အလိုအားဖြင့်၊ နာမ်ရုပ်၏အကြောင်းကို၊ သိမ်းဆည်းချင်းကိုပြု၍၊ ၃—ပါးသောကာလတို့၌၊ ၁၆-ပါးသောယုံမှားချင်း ကင်းပျောက်သော ထိုယောဂီအား၊ အလုံးစုံသော အတိတ်တရား၊ အနာဂတ်တရား၊ ပစ္စုပ္ပန်တရား၊ စုတိပဋိသန္ဓေအလိုအားဖြင့်ထင်ရှား၏။

ထင်ရှားပုံကား။

ရှေးရှေးဘဝ၏အဆုံးအဆုံးစုတိနှင့်၊ ယခုယခုဘဝ၏အစအစ ပဋိသန္ဓေ၊ အကြားအလပ်မရှိ၊ တသားတည်းစပ်မိသောကာလ၊ ရှေးရှေးဘဝ၏အဆုံးအဆုံးစုတိအလိုအားဖြင့်၊ အတိတ်တရားထင်ရှား၏။ ယခုယခုဘဝ၏ အစအစပဋိသန္ဓေအလိုအားဖြင့်၊ ပစ္စုပ္ပန်တရားထင်ရှား၏။ ယခုယခုဘဝ၏ အဆုံးအဆုံးစုတိနှင့်၊ နောင်နောင်ဘဝ၏ အစအစ ပဋိသန္ဓေ၊ အကြားအလပ်မရှိ၊ တသားတည်းစပ်မိသောကာလ၊ ယခုယခုဘဝ၏ အဆုံးအဆုံးစုတိ အလိုအားဖြင့်၊ ပစ္စုပ္ပန်တရား ထင်ရှား၏။ နောင်နောင်ဘဝ၏အစအစ ပဋိသန္ဓေအလိုအားဖြင့်၊ အနာဂတ်တရားထင်ရှား၏။ ဤသို့အလုံးစုံသော အတိတ်တရား၊ အနာဂတ်တရား ပစ္စုပ္ပန်တရား၊ စုတိပဋိသန္ဓေအလိုအားဖြင့်ထင်ရှား၏။

တဿေဝံ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန နာမရူပဿ ပစ္စယပရိဂ္ဂဟံ ကတွာ တီသု အဒ္ဓါသု ပဟီနဝိစိကိစ္ဆဿ သဗ္ဗေ အတီတာနာဂတပစ္စုပ္ပန္နဓမ္မာ စုတိပဋိသန္ဓိဝသေန ပဋိဝိဒိတာ ဟောန္တိ။

ဧဝံ၊ ဤသို့။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန၊ ကမ္မဝဋ်–ဝိပါကဝဋ်အလို အားဖြင့်။ နာမရူပဿ၊ နာမ်ရုပ်၏။ ပစ္စယပရိဂ္ဂဟံ၊ အကြောင်းကိုသိမ်း ဆည်းချင်းကို။ ကတွာ၊ ပြု၍။ တီသုအဒ္ဓါသု၊ ၃–ပါးသောကာလတို့၌။ ပဟီနဝိစိကိစ္ဆဿ၊ ၁၆–ပါးသော ယုံမှားချင်း ကင်းပျောက်သော။ တဿယောဂိနော၊ ထိုယောဂီအား။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အတီတာနာဂတပစ္စုပ္ပန္နဓမ္မာ၊ အတိတ်တရား၊ အနာဂတ်တရား၊ ပစ္စုပ္ပန် တရားတို့သည်။ စုတိပဋိသန္ဓိဝသေန၊ စုတိပဋိသန္ဓေအလိုအားဖြင့်။ ပဋိဝိဒိတာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ စုတိပဋိသန္ဓေ အလိုအားဖြင့်၊ အလုံးစုံသောအတိတ် တရား အနာဂတ်တရား ပစ္စုပ္ပန်တရားထင်ရှားသော ယောဂီ၏ အလုံးစုံသော အခြင်း အရာအားဖြင့်၊ နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းသော ပစ္စယပရိဂ္ဂဟဉာဏ်၊ တဘက်ကမ်းရောက်သည်၏ အဖြစ်ဖြင့် အစွမ်း ရောက်၏။ ၁၆–ပါးသော ယုံမှားချင်းလည်း အတိုင်းထက် အလွန်ကင်း ပျောက်၏။ ထို ၁၆–ပါးသော ယုံမှားချင်းအတိုင်းထက်အလွန် သက် သက်ကင်းပျောက် သည်သာ မဟုတ်သေး၊ ၈–ပါးသော ယုံမှားချင်း လည်း ကင်းပျောက်သေး၏။ ၆၂–ပါးသော ဒိဋ္ဌိလည်းကွာ၏။

ဤသို့ အထူးထူးသော နည်းတို့ဖြင့်၊ နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းချင်း ကြောင့်၊ ၃–ပါးသောကာလတို့၌၊ယုံမှားကိုခုန်ကျော်လွန်မြောက်၍တည်သောဉာဏ် ကို၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဟုဆို။

> ဧဝံ စုတိပဋိသန္ဓိဝသေန ဝိဒိတသဗ္ဗဓမ္မဿ သဗ္ဗာကာရေန နာမရူပဿ ပစ္စယပရိဂ္ဂဟဉာဏံ ထာမဂတံ ဟောတိ၊ သောဠသဝိဓာကင်္ခါ သုဋ္ဌုတရံ ပဟီယတိ၊ နကေဝလဉ္စ သာဧဝ၊ သတ္ထရိ ကင်္ခတိတိအာဒိနယပ္ပဝတ္တာ အဋ္ဌဝိဓာပိ ကင်္ခါ ပဟီယတိယေဝ၊ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဝိက္ခမ္ဘန္တိ၊ ဧဝံ နာနာနယေဟိ နာမရူပပစ္စယပရိဂ္ဂဟဏေန တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဌိတံ ဉာဏံ ကင်္ခါဝိတရဏဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ။

ဧဝံ၊ ဤသို့။ စုတိပဋိသန္ဓိဝသေန၊ စုတိပဋိသန္ဓေအလိုအားဖြင့်။ ဝိဒိ တသဗ္ဗဓမ္မဿ၊ အလုံးစုံသောအတိတ်တရား၊ အနာဂတ်တရား၊ ပစ္စုပ္ပန် တရား၊ ထင်ရှားသောယောဂီ၏။ သဗ္ဗာကာရေန၊ စုံအောင်ကုန်သော

အခြင်းအရာအားဖြင့်။ နာမရူပသဿ၊ နာမ်ရုပ်၏။ ပစ္စယပရိဂ္ဂဟာဉာဏံ၊ အကြောင်းကိုသိမ်းဆည်းသောပစ္စယပရိဂ္ဂဟာဉာဏ်သည်။ ထာမဂတံ၊ အစွမ်းရောက်သည်။ ဟောတိ၊ ဖြစ်၏။ သောဠသဝိဓာ၊ ၁၆–ပါး အပြားရှိသော။ ကင်္ခါ၊ ယုံမှားချင်းသည်။ သဗ္ဗုတောရံ၊ အတိုင်းထက် အလွန်။ ပဟီယတိ၊ ကင်းပျောက်၏။ ကေဝလဥ္စ၊ သက်သက်လည်း။ သာဠသ၊ ထို ၁၆–ပါးသော ယုံမှားချင်းသည်သာလျှင်။ သဗ္ဗုတောရံ၊ အတိုင်းထက်အလွန်။ နပဟီယတိ၊ ကင်းပျောက်သည် မဟုတ်သေး။ သတ္ထုရိကင်္ခါတိတိအာဒိ နယပ္ပဝတ္တာ၊ သတ္ထုရိ ကင်္ခတိ- ဤသို့အစရှိသောနည်းဖြင့် ဖြစ်သော။ အဋ္ဌဝိဓာပိ ကင်္ခါ၊ ၈–ပါး အပြားရှိသော ယုံမှားချင်းသည်လည်း။ ပဟီယတိယေဝ၊ ကင်းပျောက်သေးသလျှင် ကတည်း။ ဒွါသဋ္ဌိဒိဋ္ဌိဂတာနိ၊ ၆၂–ပါးသောဒိဋ္ဌိတို့သည်။ ဝိက္ခမ္ဘန္တိ၊ ကွာရှဲပဲကုန်သေး၏။ ဧဝံ၊ ဤသို့။ နာနာနယေဟိ၊ အထူးထူးသောနည်းတို့ဖြင့်။ နာမရူပပစ္စယပရိဂ္ဂဟာဏေန၊ နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းချင်းကြောင့်။ တီသုအဒ္ဓါသု၊ ၃–ပါးသောကာလတို့၌။ ကင်္ခံ၊ ယုံမှားချင်းကို။ ဝိတရိတွာ၊ လွန်၍။ ဌိတံဉာဏံ၊ တည်သောဉာဏ်ကို။ ကင်္ခါဝိတရဏဝိသုဒ္ဓိတိ။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဟု။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်သည်ကား။ ယုံမှားကို လွန်သဖြင့် စင်ကြယ်ချင်းကြောင့်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်သော ဟူ၏။အဘယ်၌ ယုံမှားကို လွန်သဖြင့် စင်ကြယ်သနည်း။နိမိတ္တ၌ ယုံမှားကိုလွန်သဖြင့် စင်ကြယ်၏။ ပဝတ္တ၌ ယုံမှားကို လွန်သဖြင့်စင်ကြယ်၏။ နိမိတ္တ-ပဝတ္တ၌ ယုံမှားကိုလွန်သဖြင့် စင်ကြယ်၏။ ထို၃–ပါးတို့တွင်။

နိမိတ္တ၌ယုံမှားကိုလွန်သဖြင့် စင်ကြယ်ပုံကား။ အနိစ္စဟုရှုသည်ရှိသော်။ ယခုယခုကိုယ်မှ အပြုအပြင် အစီအရင်၊ ယခုယခု နှုတ်မှ အပြုအပြင် အစီအရင်၊ ယခုယခုစိတ်မှ အပြုအပြင် အစီအရင်၊ အကြောင်းနှင့် တကွဖြစ်သော နာမ်ရုပ်အစဉ်ကို၊ သန္တတိဃန အရ၊ သမူဟဃနအရ၊ ကိစ္စဃနအရ၊ အာရမ္မဏဃနအရ၊ တခု တခု၏ အပိုင်း အခြား အပိုင်းအခြား၊ မိမိကိုယ်နှင့် အလား တူအောင်၊ ယူဆောင်၍ပြသော ဉာဏ်ဖြင့်၊ သုမ်သင်ရှင်းလင်း ပြီးဖြစ်၍၊ မတွေး

မခေါ်၊ မမြွှော်မဆ၊ အကြောင်းနှင့်တကွ နာမ်ရုပ်အစဉ်ဖြစ်သော၊ ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်ကို၊ဟုတ်သော အတိုင်းသိမြင်ချင်းသည်၊ သင်္ခါရနိမိတ် ထင်သည်မည်၏။ ဤသို့ထင် သော ယခုဉာဏ်၏ နောက်သို့ အစဉ်လိုက်သောအားဖြင့်၊ အနိစ္စဟု ရှုသည်ရှိသော်၊ ရှေးရှေးကိုယ်မှု အပြုအပြင် အစီအရင်၊ ရှေးရှေးနှုတ်မှု အပြုအပြင်အစီအရင်၊ရှေးရှေးစိတ်မှုအပြုအပြင်အစီအရင်၊ နောင်နောင် ကိုယ်မှုအပြုအပြင်အစီအရင်၊ နောင်နောင်နှုတ်မှု အပြုအပြင်အစီအရင်၊ နောင်နောင်စိတ်မှုအပြုအပြင်အစီအရင်၊ အကြောင်းနှင့် တကွဖြစ်သော နာမ်ရုပ်အစဉ်ကို၊ သန္တတိဃနအရ၊ သမူဟဃနအရ၊ ကိစ္စဃနအရ၊ အာရမ္မဏဃနအရ၊တခုတခု၏အပိုင်းအခြား အပိုင်းအခြား၊မိမိကိုယ်နှင့် အလားတူအောင်၊ ယူဆောင်၍ပြသောဉာဏ်ဖြင့်၊ သုမ်သင်ရှင်းလင်းပြီး ဖြစ်၍၊ မတွေးမခေါ်၊မမြွှော်မဆ၊ အကြောင်းနှင့်တကွ နာမ်ရုပ်အစဉ်ဖြစ် သော၊ ရှေးရှေးကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်အစီအရင်၊နောင်နောင် ကိုယ်မှု–နှုတ်မှု-စိတ်မှု- အပြုအပြင် အစီအရင်ကို၊ ဟုတ်သောအတိုင်း သိမြင်ချင်းသည်၊ သင်္ခါရနိမိတ်ထင်သည်မည်၏။ ဤသို့ထင်သော ယခု ယခုကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်အစီအရင်၊သင်္ခါရနိမိတ္တ။ရှေးရှေး ကိုယ်မှု-နှုတ်မှု-စိတ်မှု–အပြုအပြင်အစီအရင်၊ သင်္ခါရနိမိတ္တ။နောင်နောင် ကိုယ်မှု–နှုတ်မှု–စိတ်မှု-အပြုအပြင်အစီအရင်၊သင်္ခါရနိမိတ္တဒွ၊ ၁၄-ပါး သော ယိုမှားချင်း ကင်းပျောက်ချင်းသည်၊နိမိတ္တဒွယိုမှားကို လွှန်သဖြင့် စင်ကြယ်သည်မည်၏။

အနိစ္စတော မနသိကရောန္တော နိမိတ္တံ ယထာဘူတံ ဇာနာတိ
ပဿတိ၊တေန ဝုစ္စတိ သမ္မာဒဿနံ၊ ဧဝံ တဒန္ဝယေန သဗ္ဗေ
သင်္ခါရာ အနိစ္စတော သုဒိဋ္ဌာ ဟောန္တိ၊ဧတ္ထ ကင်္ခါ ပဟီယတိ။

အနိစ္စတော၊အနိစ္စဟု။ မနသိကရောန္တော၊ နှလုံးသွင်းသည်ရှိသော်။ နိမိတ္တံ၊နိမိတ်ကို။ယထာဘူတံ၊ ဟုတ်တိုင်း။ ဇာနာတိ-ပဿတိ၊သိမြင်၏။ တေန၊ ထိုသို့ဟုတ်သော အတိုင်း သိမြင်ချင်းကြောင့်။ သမ္မာဒဿနံ၊ မဖောက်မပြန်အမှန်မြင်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။ တဒန္ဝယေန၊ထိုသို့ မဖောက် မပြန် အမှန်မြင်သော ယခုဉာဏ်၏ နောက်သို့

အစဉ်လိုက်သော အားဖြင့်။ သဗ္ဗေသင်္ခါရာ၊အလုံးစုံသော အတိတ်–အနာဂတ်-သင်္ခါရတရားတို့သည်။အနိစ္စတော၊အနိစ္စဟု။ သုဒိဋ္ဌာ၊ အမှန်ထင်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဧတ္ထ၊ ဤသို့ထင်သော နိမိတ္တ၌။ ကင်္ခါ၊ ၁၆-ပါးသော ယုံမှားချင်းသည်။ ပဟီယတိ၊ ကင်းပျောက်၏။

ဤသို့ပြောဆို၊ အဓိပ္ပါယ်အလို၌၊ သန္တတိဃနအစု၊ သမူဟဃနအစု၊ကိစ္စဃနအစု၊အာရမ္မဏဃနအစု၊တစုတစု၏အပိုင်း အခြား၊အပိုင်းအခြား၊ မိမိကိုယ်နှင့်အလားတူအောင်၊ ယူဆောင်၍ ပြသော **သာဓကကား**။

နိမိတ္တန္တိ သင်္ခါရနိမိတ္တံ၊ယံ သင်္ခါရာနံ သမူဟာဒိ ဃနဝသေန ကိစ္စပရိစ္ဆေဒတာယစ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ၊တံ သင်္ခါရနိမိတ္တံ။

နိမိတ္တန္တိ၊ နိမိတ္တံဟူသည်ကား။ သင်္ခါရနိမိတ္တံ၊ သင်္ခါရနိမိတ်တည်း။ ကိစ္စပရိစ္ဆေဒတာယစဝေ၊ ကိစ္စကို ပိုင်းခြားသောအခြင်းအရာ၏ သာလျှင်။ သဝိဂ္ဂဟာနံဝိယ-သဝိဂ္ဂဟဂတိကာနံ၊ မိမိကိုယ်နှင့်အလား တူကုန်သော။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ သမူဟာဒိဃနဝသေန၊ သန္တတိဃနအစု၊ သမူဟဃနအစု၊ ကိစ္စဃနအစု၊ အာရမ္မဏဃနအစု၊ တစုတစု အလိုအားဖြင့်။ယံဥပဋ္ဌာနံ၊ အကြင်ထင်ချင်း။တံ၊ထိုသို့ထင်ချင်းသည်။ သင်္ခါရနိမိတ္တံ၊သင်္ခါရနိမိတ္တမည်၏။

သင်္ခါရနိမိတ်၊အနိစ္စထင်သော **သာဓကကား**။

ယသ္မာ အနိစ္စတာနာမ သင်္ခါရာနံ အဝိပရိတာကာရော၊တတ္ထ နိစ္စတာယ လေသသာပိ အဘာဝတော အနိစ္စတော ပဿန္တော ယထာဘူတံ ဇာနာတိ၊တဉ္စ ဉာဏံ အဝိပရိတဂ္ဂဟဏတာယ သမ္မာ ဒဿနံ။

ယသ္မာ၊ အကြင့်ကြောင့်၊ အနိစ္စတာ နာမ၊ အနိစ္စထင်သော အခြင်းအရာမည်သည်ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ အဝိပရိတာကာရော၊ မဖောက်မပြန် မှန်သောအခြင်းအရာတည်း။တသ္မာ၊ထိုကြောင့်။ တတ္ထ၊ ထိုသင်္ခါရတို့၌။ နိစ္စတာယ၊ မြဲသော အခြင်းအရာ၏။ လေသသာပိ၊ အမြွက်မျှလည်း။ အဘာဝတော၊ မရှိချင်းကြောင့်။ အနိစ္စတော၊ မမြဲဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ ယထာဘူတံ၊ ဟုတ်တိုင်း။ဇာနာတိ၊သိ၏။

တဥ္စဉာဏံ၊ ထိုဉာဏ်သည်လည်း။ အဝိပရီတဂ္ဂဟဏတာယ၊ မဖောက်မပြန် အမှန်ယူသည်၏အဖြစ်ကြောင့်။ သမ္မာဒဿနံ၊ သမ္မာဒဿနမည်၏။

အကြောင်းနှင့်တကွနာမ်ရုပ်အစဉ်ဖြစ်သော ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ ထင်သောသင်္ခါရနိမိတ္တ၌၊ ယုံမှားကိုပယ်သော

သာဓကကား။

> အနိစ္စတာစနာမ ဥပ္ပတ္တိမတော၊ ဥပ္ပါဒေါစ ပစ္စယဝသေနာ
> ဟိ အနိစ္စတာ သိဒ္ဓါမာနာ သင်္ခါရာနံ သပ္ပစ္စယတံ သာဓေန္တီ
> ယထာဝုတ္တကင်္ခါဟာနာယ သံဝတ္တတိ။

အနိစ္စတာစနာမ၊ အနိစ္စထင်သော အခြင်းအရာ မည်သည်ကား။ ဥပ္ပတ္တိမတော၊ ဖြစ်၍ ပျက်ချင်းသည်။ အနိစ္စတာစနာမ၊ အနိစ္စထင်သော အခြင်းအရာပင်မည်၏။ ဥပ္ပါဒေါစ၊ ဖြစ်ချင်းသည်လည်း။ ပစ္စယဝသေန၊ အကြောင်း၏အလိုအားဖြင့်။ အနိစ္စတာစနာမ၊ အနိစ္စထင်သော အခြင်းအရာပင်မည်၏။ ဇာတိ၊ ဤသို့။ အနိစ္စတာ၊ အကြောင်း၏အလိုအားဖြင့်၊ အနိစ္စထင်သော အခြင်းအရာသည်။ သိဒ္ဓါမာနာ၊ ပြီးသည်ရှိသော်။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ သပ္ပစ္စယတံ၊ ယုံမှားချင်း အကြောင်းရင်းရှိသည်၏အဖြစ်ကို။ သာဓေန္တီ၊ ပြီးစေသည်ဖြစ်၍။ ယထာဝုတ္တကင်္ခါဟာနာယ၊ ဆိုပြီးသောအတိုင်း ယုံမှားကိုပယ်ချင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဒုက္ခဟု ရှုသည်ရှိသော်။ ယခုယခုကိုယ်မှု အပြုအပြင် အစီအရင်၊ ယခုယခုနှုတ်မှု အပြုအပြင် အစီအရင်၊ ယခုယခုစိတ်မှု အပြု အပြင် အစီရင်၊ အကြောင်းနှင့်တကွဖြစ်သော နာမ်ရုပ်အစဉ်ကို၊ သန္တတိဃနအရ၊ သမူဟဃနအရ၊ ကိစ္စဃနအရ၊ အာရမ္မဏ ဃနအရ၊ တခုတခု၏အပိုင်းအခြား အပိုင်းအခြား၊ မိမိကိုယ်နှင့်အလားတူအောင်၊ ယူဆောင်၍ပြသော ဉာဏ်ဖြင့်၊ သုဝ်သင်ရှင်းလင်းပြီးဖြစ်၍၊ မတွေးမခေါ်၊ မမြွှော်မဆ၊ အကြောင်းနှင့်တကွ နာမ်ရုပ် အစဉ်ဖြစ်သော၊ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်တို့၏ အကြားအကြား၊ ကိုယ်မှုလည်းအား၊ နှုတ်မှုလည်းအား၊ စိတ်မှုလည်း အား၍နေသောကာလ၊

အကြောင်းနှင့်တကွ၊ ယခုယခုဘဝအလျဉ် ဘဝင်အစဉ်ကို၊ ဟုတ်သော အတိုင်းသိမြင်ချင်းသည်၊ ပဝတ္တထင်သည်မည်၏။

ဤသို့ထင်သော ယခုဉာဏ်၏နောက်သို့ အစဉ်လိုက်သောအားဖြင့်၊ ဒုက္ခဟုရှုသည်ရှိသော်၊ ရှေးရှေးကိုယ်မှု အပြုအပြင်အစီအရင်၊ ရှေးရှေးနှုတ်မှု အပြုအပြင် အစီအရင်၊ ရှေးရှေးစိတ်မှု အပြုအပြင် အစီအရင်၊ နောင်နောင်ကိုယ်မှု အပြုအပြင် အစီအရင်၊ နောင်နောင် နှုတ်မှု အပြုအပြင်အစီအရင်၊ နောင်နောင်စိတ်မှု အပြုအပြင် အစီအရင်၊ အကြောင်းနှင့်တကွ ဖြစ်သောနာမ်ရုပ် အစဉ်ကို၊ သင်္ခတိဿနအစု၊ သမုဟဿနအစု၊ ကိစ္စဿနအစု၊ အာရမ္မဏဿနအစု၊ တခုတခု၏ အပိုင်းအခြား အပိုင်းအခြား၊ မိမိကိုယ်နှင့်အလားတူအောင်၊ ယူဆောင်၍ ပြသောဉာဏ်ဖြင့်၊ သုတ်သင်ရှင်းလင်းပြီးဖြစ်၍၊ မတွေးမခေါ်၊ မမြွှာမဆ၊ အကြောင်းနှင့် တကွနာမ်ရုပ်အစဉ်ဖြစ်သော၊ ရှေးရှေး ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ နောင်နောင်ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်တို့၏ အကြား အကြား၊ ကိုယ်မှုလည်းအား၊ နှုတ်မှုလည်းအား၊ စိတ်မှုလည်း အား၍နေသောကာလ၊ အကြောင်းနှင့်တကွ ရှေးရှေးဘဝ အလျဉ် ဘဝင်အစဉ်၊ နောင်နောင် ဘဝအလျဉ် ဘဝင်အစဉ်ကို၊ ဟုတ်သော အတိုင်း သိမြင်ချင်းသည်၊ ပဝတ္တထင်သည်မည်၏။

ဤသို့ထင်သော၊ ယခုယခု ဘဝအလျဉ် ဘဝင်အစဉ် ပဝတ္တ၊ ရှေးရှေးဘဝအလျဉ် ဘဝင်အစဉ်ပဝတ္တ၊ နောင်နောင်ဘဝအလျဉ် ဘဝင်အစဉ်ပဝတ္တ၌၊ ၁၆—ပါးသောယုံမှားချင်းကင်းပျောက်ချင်းသည်၊ ပဝတ္တ၌ ယုံမှားကိုလွှန်သဖြင့် စင်ကြယ်သည်မည်၏။

> ဒုက္ခတော မနသိကရောန္တော ပဝတ္တံ ယထာဘူတံ ဇာနာတိ ပဿတိ၊ တေန ဝုစ္စတိ သမ္မာ ဒဿနံ၊ ဧဝံ တဒန္ဝယေန သဗ္ဗေ သင်္ခါရာ ဒုက္ခတော သုဒိဋ္ဌာ ဟောန္တိ၊ ဧတ္ထ ကင်္ခါပဟီယတိ။

ဒုက္ခတော၊ ဒုက္ခဟု။ မနသိကရောန္တော၊ နှလုံးသွင်းသည်ရှိသော်။ ပဝတ္တံ၊ ပဝတ္တကို။ ယထာဘူတံ၊ ဟုတ်တိုင်း။ ဇာနာတိ-ပဿတိ၊ သိမြင်၏။ တေန၊ ထိုသို့ ဟုတ်သော အတိုင်းသိမြင်ချင်းကြောင့်။ သမ္မာဒဿနံ၊ မဖောက်မပြန် အမှန်မြင်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။

တဒန္တယေန၊ ထိုသို့ မဘောက်မပြန် အမှန်မြင်သော ယခုဉာဏ်၏ နောက်သို့ အစဉ်လိုက်သောအားဖြင့်။ သဗ္ဗေသင်္ခါရာ၊ အလုံးစုံသော အတိတ်- အနာဂတ်- သင်္ခါရ တရားတို့သည်။ ဒုက္ခတော၊ ဒုက္ခဟု။ သုဒိဋ္ဌာ၊ အမှန်ထင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတ္တ၊ ဤသို့ထင်သော ပဝတ္တ၌။ ကာဠီ၊ ၁၆-ပါးသော ယုံမှားချင်းသည်။ ပဟီယတိ၊ ကင်းပျောက်၏။

အနဂ္ဂဟု ရှုသည်ရှိသော်။ ယခုယခုကိုယ်မှု အပြုအပြင်အစီအရင်၊ ယခုယခု နှုတ်မှု အပြုအပြင်အစီအရင်၊ ယခုယခုစိတ်မှု အပြုအပြင်အစီအရင်၊ အကြောင်းနှင့်တကွဖြစ်သော နာမ်ရုပ်အစဉ်ကို၊ သန္တတိဃနအစု၊ သမူဟဃနအစု၊ ကိစ္စဃနအစု၊ အာရမ္မဏဃနအစု၊ တခုတခု၏ အပိုင်းအခြား အပိုင်းအခြား၊မိမိကိုယ်နှင့် အလားတူအောင်၊ ယူဆောင်၍ပြသော ဉာဏ်ဖြင့် သုဝ်သင်ရှင်းလင်းပြီးဖြစ်၍၊ မတွေးမခေါ်၊ မမြော်မဆ၊ အကြောင်းနှင့်တကွ နာမ်ရုပ်အစဉ်ဖြစ်သော၊ ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်ကို ဟုတ်သောအတိုင်း သိမြင်ချင်းသည်၊သင်္ခါရနိမိတ်ထင်သည် မည်၏။ ။ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်တို့၏ အကြား အကြား၊ ကိုယ်မှုလည်းအား၊ နှုတ်မှုလည်းအား၊စိတ်မှုလည်းအား၍ နေသော ကာလ၊အကြောင်းနှင့်တကွ ယခု ယခု ဘဝအလျဉ် ဘဝင်အစဉ်ကို ဟုတ်သောအတိုင်း သိမြင်ချင်းသည် ပဝတ္တထင်သည် မည်၏။ ။ဤသို့ ထင်သော ယခုဉာဏ်၏ နောက်သို့ အစဉ်လိုက်သောအားဖြင့်၊ အနဂ္ဂဟု ရှုသည်ရှိသော်၊ရှေးရှေးကိုယ်မှု အပြုအပြင် အစီအရင်၊ရှေးရှေးနှုတ်မှု အပြုအပြင် အစီအရင်၊ရှေးရှေးစိတ်မှု အပြုအပြင် အစီအရင်၊ နောင်နောင်ကိုယ်မှု-အပြုအပြင်အစီအရင်၊ နောင်နောင်နှုတ်မှု အပြုအပြင်အစီအရင်၊ နောင်နောင်စိတ်မှု အပြုအပြင် အစီအရင်၊ အကြောင်းနှင့်တကွ ဖြစ်သောနာမ်ရုပ်အစဉ်ကို၊ သန္တတိဃနအစု၊ သမူဟဃနအစု၊ ကိစ္စဃနအစု၊ အာရမ္မဏဃနအစု၊ တခုတခု၏အပိုင်းအခြား အပိုင်းအခြား၊ မိမိကိုယ်နှင့် အလားတူအောင်၊ ယူဆောင်၍ပြသောဉာဏ်ဖြင့် သုဝ်သင်ရှင်းလင်းပြီး ဖြစ်၍၊ မတွေး မခေါ်၊မမြော်မဆ၊ အကြောင်းနှင့်တကွ နာမ်ရုပ်အစဉ် ဖြစ်သော၊ ရှေးရှေးကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ နောင်နောင်ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်အစီအရင်ကို၊ဟုတ်သောအတိုင်း

သိမြင်ချင်းသည်၊ သင်္ခါရနိမိတ် ထင်သည်မည်၏။ ရှေးရှေးကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ နောင်နောင်ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်အစီအရင်တို့၏ အကြားအကြား၊ ကိုယ်မှုလည်းအား၊ နှုတ်မှုလည်းအား၊ စိတ်မှုလည်းအား၍နေသောကာလ၊ အကြောင်းနှင့်တကွ၊ ရှေးရှေးဘဝအလျဉ်ဘဝင်အစဉ်၊ နောင်နောင်ဘဝ အလျဉ်ဘဝင်အစဉ်ကို၊ ဟုတ်သောအတိုင်းသိမြင်ချင်းသည်၊ ပဝတ္တထင်သည်မည်၏။ ။ ဤသို့ထင်သော ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင် သင်္ခါရနိမိတ္တ။ ရှေးရှေးကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင် သင်္ခါရနိမိတ္တ။ နောင်နောင်ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင် သင်္ခါရနိမိတ္တ။ ယခုယခု ဘဝအလျဉ် ဘဝင်အစဉ် ပဝတ္တ။ ရှေးရှေး ဘဝ အလျဉ် ဘဝင်အစဉ် ပဝတ္တ။ နောင်နောင်ဘဝအလျဉ် ဘဝင်အစဉ် ပဝတ္တ။

ဤနိမိတ္တ၊ ဤပဝတ္တ၌၊ ၁၆-ပါးသော ယုံမှားချင်းကင်းပျောက်ချင်းသည်၊ နိမိတ္တ-ပဝတ္တ၌ ယုံမှားကို လွန်သဖြင့် စင်ကြယ်သည်မည်၏။

> အနတ္တတော မနသိကရောန္တော နိမိတ္တဉ္စ ပဝတ္တဉ္စ ယထာဘူတံ ဇာနာတိ ပဿတိ၊ တေန ဝုစ္စတိ သမ္မာ ဒဿနံ၊ ဧဝံ တဒန္ဝယေန သဗ္ဗေ ဓမ္မာ အနတ္တတော သုဒိဋ္ဌာ ဟောန္တိ၊ ဧတ္ထ ကင်္ခါ ပဟီယတိ။

အနတ္တတော၊ အနတ္တဟု။ မနသိကရောန္တော၊ နှလုံးသွင်းသည် ရှိသော်။ နိမိတ္တဉ္စ၊ နိမိတ္တကိုရင်း။ ပဝတ္တဉ္စ၊ ပဝတ္တကိုရင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ ဇာနာတိ-ပဿတိ၊ သိမြင်၏။ တေန၊ ထိုသို့ဟုတ်သောအတိုင်း သိမြင်ချင်းကြောင့်။ သမ္မာဒဿနံ၊ မဖောက်မပြန် အမှန်မြင်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။ တဒန္ဝယေန၊ ထိုသို့မဖောက် မပြန် အမှန်မြင်သော ယခုဉာဏ်၏ နောက်သို့အစဉ်လိုက်သော အားဖြင့်။ သဗ္ဗေဓမ္မာ၊ အလုံးစုံသော အတိတ်-အနာဂတ်တရားတို့သည်။ အနတ္တတော၊ အနတ္တဟု။ သုဒိဋ္ဌာ၊ အမှန်ထင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတ္ထ၊ ဤသို့ ထင်သော နိမိတ္တ-ပဝတ္တ၌။ ကင်္ခါ၊ ၁၆-ပါးသောယုံမှားချင်းသည်။ ပဟီယတိ၊ ကင်းပျောက်၏။

ဤသို့ နိမိတ္တဥ္ဆယံများကိုလွန်သဖြင့် စင်ကြယ်ချင်းကြောင့်၊ ပဝတ္တဥ္ဆယံများကို လွန်သဖြင့် စင်ကြယ်ချင်းကြောင့်၊ နိမိတ္တ-ပဝတ္တဥ္ဆယံများကို လွန်သဖြင့်စင်ကြယ်ချင်းကြောင့်။ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

ဤသို့ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်သော ပစ္စယပရိဂ္ဂဟဉာဏ်တဘက်ကမ်းရောက်သော ယောဂီ၏ ပစ္စယပရိဂ္ဂဟဉာဏ် ထင်ပုံ၊ မြင်ပုံ၊ သိပုံ၊ မှတ်ပုံ၊ ရှုပုံ၊ ကိလေသာကိုပယ်ပုံ၊ ကိလေသာကို ပယ်သော ကိစ္စပြီးဆုံးပုံ၊ဘာဝနာနှင့်ပြည့်စုံပုံ၊ ဘာဝနာပြီးဆုံးပုံ၊ အလုံးစုံကိုအသေအချာမှတ်ဘို့ရာကား။

ကင်္ခါဝိတရဏဝိသုဒ္ဓိမည်သော ပစ္စယပရိဂ္ဂဟဉာဏ်တဘက်ကမ်းရောက်သော ယောဂီပုဂ္ဂိုလ် ဟူသည်ကား။ ယုတ်လည်း မယုတ်၊ လွန်လည်းမလွန်၊ အညီအမျှ ဝီရိယထောက်ပံ့သော ဝိပဿနာစိတ်ကို ဥပေက္ခာအလိုအားဖြင့်၊ကောင်းစွာအညီအညွတ်ရှု၍သာနေ၏။

အညီအညွတ်ရှု၍နေပုံကား။

ခဏတိုင်းခဏ၊ဥပလက္ခဏာအားဖြင့်၊အနိစ္စ-ဒုက္ခ-အနတ္တဟု ရှုသော ကာလ၊သန္တတိဃနအရ၊ သမူဟဃနအရ၊ ကိစ္စဃနအရ၊ အာရမ္မဏဃနအရ၊တရုတရ၊ ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ရှေးရှေးကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်အစီအရင်၊နောင်နောင် ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်အစီအရင်၊ယခုယခုဘာဝအလျဉ်ဘဝင် အစဉ်၊ရှေးရှေးဘာဝအလျဉ်ဘဝင်အစဉ်၊ နောင်နောင်ဘာဝအလျဉ်ဘဝင် အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံတပြန်တည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍သာနေ၏။ အညီအညွတ်ရှု၍ နေသော ကာလ၊ကိလေသာကိုပယ်သောကိစ္စ၊ ဝိပဿနာပညိန္ဒြေ ဘာဝနာချိန် ကျပြီဟု၊ ဝိပဿနာဉာဏ်အား ရှေးရှုထင်အောင်၊ ဆောင်၍ပြသော ပါဋိဟာရိယပညာ၊ ကိလေသာကို ပယ်သော ကိစ္စမရှိသော အလို၊ ဝိပဿနာပညာနှင့် အသိလက္ခဏာဘူသောအလိုအားဖြင့်၊ ဝိပဿနာပညာက ကိလေသာကိုပယ်သောကိစ္စလွန်လည်းလွန်၏။ကိလေသာကို ပယ်လည်းပယ်၏၊ဝိပဿနာပညိန္ဒြေဘာဝနာချိန် ကျလည်းကျ၏။

တထာ ပဂ္ဂဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခတိ ဥပေက္ခာ ဝသေန၊ ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

တထာပဂ္ဂဟိတံ၊ ယုတ်လည်းမယုတ်၊ လွန်လည်းမလွန်၊ အညီအမျှ ဝီရိယထောက်ပံ့သောအတိုင်းဖြစ်သော၊ စိတ္တံ၊ ဝိပဿနာစိတ်ကို။ ဥပေက္ခာဝသေန၊ ဥပေက္ခာအလိုအားဖြင့်။ သာဓုကံ၊ ကောင်းစွာ။ အဇ္ဈုပေက္ခတိ၊ အညီအညွတ်ရှု၏။ ပညာဝသေန၊ ပါဋိဟာရိယပညာအလိုအားဖြင့်၊ ပညိန္ဒြိယံ။ ပညိန္ဒြေသည်။ အဓိမတ္တံ၊ ကိလေသာကိုပယ်သောကိစ္စလွန်သည်။ ဟောတိ၊ ဖြစ်၏။

ကိလေသာကိုပယ်သောကိစ္စ **ဝိပဿနာ ပညိန္ဒြေ ဘာဝနာချိန် ကျပုံကား။** ခဏတိုင်းခဏ၊ ဥပလက္ခဏာအားဖြင့်၊ အနိစ္စ–ဒုက္ခ–အနတ္တဟု ရှုသောကာလ၊ သန္တတိဃနအစ၊ သမူဟဃနအစ၊ ကိစ္စဃနအစ၊ အာရမ္မဏဃနအစ၊ တခုတခု၊ ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ ရှေးရှေးကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်အစီအရင်၊ နောင်နောင်ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ ယခုယခုဘာဝအလျဉ်ဘဝင်အစဉ်၊ ရှေးရှေးဘာဝအလျဉ်ဘဝင်အစဉ်၊ နောင်နောင် ဘာဝအလျဉ် ဘဝင်အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ တပြုန်တည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို တဖြဲ မဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ အညီ အညွတ် ရှုသောကာလ၊ ဝိပဿနာစိတ် ကိလေသာမှ လွတ်၏။ ဝိပဿနာစိတ် ကိလေသာမှ လွတ်သောကာလ၊ ကိလေသာကိုပယ်သောကိစ္စ၊ ဝိပဿနာပညိန္ဒြေ ဘာဝနာချိန်ကျ၏။ ကိလေသာကို ပယ်သောကိစ္စ၊ ဝိပဿနာပညိန္ဒြေ ဘာဝနာချိန် ကျမှ၊ ခဏတိုင်း ခဏ၊ ဥပလက္ခဏာအားဖြင့်၊ အနိစ္စ-ဒုက္ခ-အနတ္တဟု ရှုသောကာလ၊ သန္တတိဃနအစ၊ သမူဟဃနအစ၊ ကိစ္စဃနအစ၊ အာရမ္မဏဃနအစ၊ တခုတခု၊ ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်အစီအရင်၊ ရှေးရှေးကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ နောင်နောင်ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ ယခုယခုဘာဝအလျဉ် ဘဝင်အစဉ်၊ ရှေးရှေးဘာဝအလျဉ် ဘဝင်အစဉ်၊ နောင်နောင်ဘာဝအလျဉ်ဘဝင်အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ တပြုန်တည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တဖြဲ မဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ အညီအညွတ်ရှုသောကာလ၊ ကိလေသာကို ပယ်သောကိစ္စဝိပဿနာပညိန္ဒြေဘာဝနာချိန်ကျပြီဟုဝိပဿနာ

ဉာဏ်အား ဈေးရှုထင်အောင်၊ ဆောင်၍ပြသော ပါဠိဟာရိယပညာ၊ ကိလေသာကိုပယ်သောကိစ္စမရှိသောအလို၊ ဝိပဿနာပညာနှင့် အသိလက္ခဏာတူသော အလိုအားဖြင့်၊ ဝိပဿနာပညာက ကိလေသာကို ပယ်သောကိစ္စ လွန်လည်းလွန်၏။ ကိလေသာကို ပယ်လည်းပယ်၏။ ဝိပဿနာပညိန္ဒြေဘာဝနာချိန် ကျလည်းကျ၏။

ဥပေက္ခာဝသေန နာနတ္တကိလေသေဟိ စိတ္တံ ဝိမုစ္စတိ၊
ဝိမောက္ခဝသေန ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

ဥပေက္ခာဝသေန၊ ဥပေက္ခာအလိုအားဖြင့်။ နာနတ္တကိလေသေဟိ၊ အထူးထူးသောကိလေသာတို့မှ။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဝိမုစ္စတိ၊ လွတ်၏။ ဝိမောက္ခဝသေန၊ လွတ်သောအလိုအားဖြင့်။ ပညာဝသေန၊ ပါဠိဟာရိယပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာပညိန္ဒြေသည်။ အဓိမတ္တံ၊ကိလေသာကိုပယ်သောကိစ္စလွန်သည်။ဟောတိ၊ဖြစ်၏။

ကိလေသာကို ပယ်သောကိစ္စ ဝိပဿနာ ပညိန္ဒြေဘာဝနာချိန်ကျ၍ **ဘာဝနာနှင့်ပြည့်စုံပုံကား။** ခဏတိုင်းခဏ၊ ဥပလက္ခဏာအားဖြင့်၊အနိစ္စ-ဒုက္ခ-အနတ္တဟု ရှုသောကာလ၊ သန္တတိဃနအရ၊ သမူဟဃနအရ၊ ကိစ္စဃနအရ၊ အာရမ္မဏဃန အရ၊ တခုတခု၊ ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ ရှေးရှေး ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ နောင်နောင် ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင် အစီအရင်၊ ယခု ယခုဘာဝအလျဉ် ဘဝင်အစဉ်၊ ရှေးရှေးဘာဝအလျဉ် ဘဝင်အစဉ်၊ နောင်နောင်ဘာဝအလျဉ် ဘဝင်အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ တပြုန်တည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ အညီအညွတ်ရှုသောကာလ၊ ဝိပဿနာစိတ် ကိလေသာမှ လွတ်သည်၏ အဖြစ်ကြောင့်၊ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော သမာဓိ-ပညာအားဖြင့်၂-ပါး။ ဈာန်ဒြေအားဖြင့် ၅-ပါး။ ထို ၇-ပါးသောတရားတို့သည်၊ ကိလေသာမှ လွတ်သော ကိစ္စတူကြကုန်၏။ ကိလေသာမှ လွတ်သောကိစ္စတူကြသောအနက်ကြောင့် ယောဂီ၏ဉာဏ်အား၊၄-ပါးသော ဘာဝနာတို့သည် ပြည့်စုံချင်းသို့ရောက်ကြကုန်၏။

ဝိမုတ္တတ္တာ တေ ဓမ္မာ ကေရလာ ဟောန္တိ၊ ကေရလဒ္ဓေန ဘာဝနာ။

ဝိမုတ္တတ္တာ၊ ကိလေသာမှ လွတ်သည်၏အဖြစ်ကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ ကေရလာ၊ ကိလေသာမှ လွတ်သောကိစ္စတို့ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကေရလဒ္ဓေန၊ ကိလေသာမှ လွတ်သောကိစ္စတို့ကြသောအနက်ကြောင့်။ ယောဂိနော၊ ယောဂီ၏။ ဉာဏာသ၊ ဉာဏ်အား။ ဘာဝနာ၊ ၄-ပါးသော ဘာဝနာတို့သည်။ ပါရိပူရိံ၊ ပြည့်စုံချင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

၄-ပါးသော ဘာဝနာဟူသော်ကား။ ဝိပဿနာ စိတ္တုပ္ပါဒ်၌ ပါသော သမာဓိ-ပညာ ၂-ပါးတို့တွင်၊သမာဓိက- ပရိယုဋ္ဌာန်ကိလေသာကို ငြိမ်းသော ကိစ္စ-သမထ။ ပညာက-အနုသယ ကိလေသာကို ပယ်သော ကိစ္စ-ဝိပဿနာ။ ဤသမထ၊ဤဝိပဿနာ၊ ၂-ပါးတို့၏ တပါးသည် တပါးကို မလွန်ကြသော အနက်သဘောသည်ကား၊ ဘာဝနာ တပါး။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော ဣန္ဒြေ ၅-ပါးတို့တွင်၊သဒ္ဓိန္ဒြေက-အသဒ္ဓိယ ကိလေသာမှ လွတ်သောကိစ္စ။ ဝိရိယိန္ဒြေက-ကောသဇ္ဇ ကိလေသာမှ လွတ်သောကိစ္စ။သတိန္ဒြေက-ပမာဒ ကိလေသာမှ လွတ်သောကိစ္စ။ သမာဓိန္ဒြေက-ဝိက္ခေပ ကိလေသာမှ လွတ်သောကိစ္စ။ ပညိန္ဒြေက-မောဟ ကိလေသာမှ လွတ်သောကိစ္စ။ ဤသို့ ဣန္ဒြေ ၅-ပါးတို့၏ ကိလေသာမှ လွတ်သော ကိစ္စ တူကြသောအနက် သဘောသည်ကား၊ ဘာဝနာတပါး။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့် ၅-ပါး၊ ထို ၇-ပါးသော တရားတို့ကို၊ ကိုယ်စီကိုယ်င၊ ကိလေသာမှ လွတ်သောကိစ္စ တူမျှအောင် ဝိရိယက- ရွက်ဆောင်သော အနက် သဘောသည်ကား၊ ဘာဝနာတပါး။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့် ၅-ပါး၊ ထို ၇-ပါးသော တရားတို့၏ ဥပါဒ်ခဏကို ဌီခဏက၊ ဌီခဏကို ဘင်ခဏက၊ အလေ့အလာတွင်သောအားဖြင့် အစဉ်မပြတ်မှီဝဲသော အနက်သဘောသည်ကား၊ ဘာဝနာတပါး။ ။**(ဤသို့ ဘာဝနာအားဖြင့် ၄-ပါး)**

သမာဓိပညာနံ့ အနတိဝတ္တနဋ္ဌေန ဘာဝနာ၊ ဣန္ဒြိယာနံ့ ဧကရသဋ္ဌေန ဘာဝနာ၊ တဒုပဂဝီရိယဝါဟနဋ္ဌေန ဘာဝနာ၊ အာသေဝနဋ္ဌေန ဘာဝနာ၊ ဣမာ စတဿော ဘာဝနာ။

သမာဓိပညာနံ၊ သမာဓိ–ပညာ ၂-ပါးတို့၏။ အနတိဝတ္တနဋ္ဌေန၊ တပါးသည်တပါးကို မလွန်သောအနက်ကြောင့်။ ဘာဝနာ၊ ဘာဝနာလည်းတပါး။ ဣန္ဒြိယာနံ၊ ဣန္ဒြေ ၅–ပါးတို့၏။ဧကရသဋ္ဌေန၊ကိလေသာမှ လွတ်သော ကိစ္စတူကြသောအနက်ကြောင့်။ ဘာဝနာ၊ ဘာဝနာလည်းတပါး။တဒုပဂဝီရိယဝါဟနဋ္ဌေန၊ထို ၇–ပါးသော တရားတို့ကို၊ ကိုယ်စီကိုယ်င၊ ကိလေသာမှလွတ်သောကိစ္စ တူမျှအောင် ဝီရိယကရွက်ဆောင်သော အနက်ကြောင့်။ ဘာဝနာ၊ ဘာဝနာလည်းတပါး။ အာသေဝနဋ္ဌေန၊ မှီဝဲသောအနက်ကြောင့်။ ဘာဝနာ၊ ဘာဝနာလည်းတပါး။ ဝေံ၊ ဤသို့။ ဘာဝနာ၊ ဘာဝနာတို့သည်။ ဣမာစတဿော၊ ဤ ၄-ပါးတို့တည်း။

ထို ၄–ပါးသောဘာဝနာတို့တွင်၊ တပါးတပါးသောဘာဝနာသည်၊ သံကိလေသဘာဝနာ၊ဝေါဒါန ဘာဝနာ အားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော သမာဓိ-ပညာ ၂-ပါးတို့၏ ကိလေသာမှ လွတ်သော ကိစ္စတူမျှသည်၏အဖြစ်ကို မပြုသော ဘာဝနာသည်၊ သံကိလေသဘာဝနာမည်၏။သမာဓိ-ပညာ ၂–ပါးတို့၏ ကိလေသာမှ လွတ်သော ကိစ္စတူမျှသည်၏အဖြစ်ကို ပြုသောဘာဝနာသည်၊ ဝေါဒါနဘာဝနာမည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော ဣန္ဒြေ ၅–ပါးတို့၏ ကိလေသာမှ လွတ်သောကိစ္စ တူမျှသည်၏အဖြစ်ကို မပြုသော ဘာဝနာသည်၊ သံကိလေသဘာဝနာမည်၏။ ဣန္ဒြေ ၅–ပါးတို့၏ ကိလေသာမှ လွတ်သော ကိစ္စတူမျှသည်၏အဖြစ်ကို ပြုသော ဘာဝနာသည်၊ ဝေါဒါနဘာဝနာမည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော ဝီရိယ ၇–ပါးတို့၏ ကိလေသာမှလွတ်သော ကိစ္စတူမျှသည်၏ အဖြစ်ကို မပြုသော ဘာဝနာသည်၊ သံကိလေသဘာဝနာမည်၏။ဝီရိယ ၇-ပါးတို့၏ ကိလေသာမှလွတ်သော ကိစ္စတူမျှသည်၏အဖြစ်ကို ပြုသောဘာဝနာသည်၊ ဝေါဒါနဘာဝနာမည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊အာသေဝနာ ၇–ပါးတို့၏ကိလေသာမှ လွတ်သော ကိစ္စတူမျှသည်၏အဖြစ်ကို မပြု

သော ဘာဝနာသည်၊သံကိလေသဘာဝနာမည်၏။အာသေဝနာ ၇-ပါး တို့၏ ကိလေသာမှ လွတ်သော ကိစ္စတူမျှသည်၏အဖြစ်ကို ပြုသော ဘာဝနာသည်၊ဝေါဒါနဘာဝနာမည်၏။

> သံကိလေသဝေါဒါနေသူတိ သမာဓိပညာနံ သမရသတာ ယ အကရဏံ ဘာဝနာယ သံကိလေသော၊ ကရဏံ ဝေါဒါနံ၊ တထာ သေသေသုပိ။

သံကိလေသဝေါဒါနေသူတိ၊ သံကိလေသဝေါဒါနေသု-ဟူသည် ကား။သမာဓိပညာနံ၊သမာဓိ-ပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှ လွတ်သော ကိစ္စတူမှုသည်၏ အဖြစ်ကို။အကရဏံ၊ မပြုချင်း သည်။ ဘာဝနာယ၊ ဘာဝနာ၏။ သံကိလေသော၊ ညစ်ညူးချင်းတည်း။ သမာဓိပညာနံ၊သမာဓိ-ပညာ ၂-ပါးတို့၏။သမရသတာယ၊ကိလေသာ မှလွတ်သော ကိစ္စတူမျှသည်၏အဖြစ်ကို။ ကရဏံ၊ ပြုချင်းသည်။ ဘာ ဝနာယ၊ ဘာဝနာ၏။ ဝေါဒါနံ၊ ဖြူစင်ချင်းတည်း။ သေသေသုပိ၊ အကြွင်း တို့၌လည်း။ တထာ၊ ထိုအတူတည်း။

ဤသို့ သံကိလေသဘာဝနာ၊ ဝေါဒါနဘာဝနာ ၂-ပါးတို့တွင်၊ ညစ် ညူးချင်းကြောင့် ပြီးဆုံးချင်းသို့မရောက်သော သံကိလေသ ဘာဝနာ၏ ထိုထိုအပြစ်ကို၊ ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သော ဝေါဒါန ဘာဝနာ၏ ထိုထိုအကျိုးဂုဏ်အင်၊ အာနိသင်ကို၊ ဝိပဿနာမရှုမီ ရှေးအတို့ကာလ၊ ပါဠိဟာရိယဉာဏ်ဖြင့်၊ ခဏတိုင်းခဏ၊ ဥပလက္ခဏာ အားဖြင့်၊ အနိစ္စ—ဒုက္ခ—အနတ္တ-ဟု၊ ရှုသောကာလ၊ သန္တတိဃနအရ၊ သမူဟဃနအရ၊ ကိစ္စဃနအရ၊ အာရမ္မဏဃနအရ၊ တခုတခု၊ ယခု ယခု ကိုယ်မှု—နှုတ်မှု-စိတ်မှု - အပြုအပြင် အစီအရင်၊ ရှေးရှေးကိုယ်မှု နှုတ်မှု - စိတ်မှု-အပြုအပြင် အစီအရင်၊ နောင်နောင် ကိုယ်မှု-နှုတ်မှု-စိတ် မှု—အပြုအပြင် အစီအရင်၊ ယခုယခုဘဝအလျဉ် ဘဝင်အစဉ်၊ ရှေးရှေး ဘဝအလျဉ် ဘဝင်အစဉ်၊ နောင်နောင်ဘဝအလျဉ် ဘဝင်အစဉ်၊ အလို လို မထင်ချင်းသည်၊ သံကိလေသ ဘာဝနာမည်၏။ ပြီးဆုံးချင်းသို့ မရောက်။ ။ခဏတိုင်းခဏ၊ ဥပလက္ခဏာအားဖြင့်၊ အနိစ္စ—ဒုက္ခ— အနတ္တ-ဟု ရှုသောကာလ၊ သန္တတိဃနအရ၊ သမူဟဃနအရ၊ ကိစ္စဃန

အစု၊ အာရမ္မဏာစသနအစု၊ တခုတခု၊ ယခုယခု၊ ကိုယ်မှု-နှုတ်မှု-စိတ်မှု အပြုအပြင်အစီအရင်၊ ရှေးရှေးကိုယ်မှု-နှုတ်မှု—စိတ်မှု—အပြုအပြင်အစီအရင်၊ နောင်နောင်ကိုယ်မှု—နှုတ်မှု—စိတ်မှု—အပြုအပြင်အစီအရင်၊ ယခုယခု ဘာဝအလျဉ်ဘဝင်အစဉ်၊ ရှေးရှေးဘာဝအလျဉ် ဘဝင်အစဉ်၊နောင်နောင်ဘာဝအလျဉ် ဘဝင်အစဉ်၊အလိုလိုထင်ချင်းသည်၊ ဝေါဒါနဘာဝနာမည်၏။ ပြီးဆုံးချင်းသို့ရောက်၏ဟု ရှုကြည့်၍၊ ညစ်ညူးချင်းကြောင့် ပြီးဆုံးချင်းသို့မရောက်သော သံကိလေသဘာဝနာကိုပယ်ထား၍၊ဖြူစင်ချင်းကြောင့် ပြီးဆုံးချင်းသို့ရောက်သော၊ ဝေါဒါနဘာဝနာကိုသာ ပြီးစေတတ်သော၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊သမာဓိ–ပညာအားဖြင့် ၂-ပါး၊ဈာန်အားဖြင့် ၅-ပါး၊ ထို ၇–ပါးသောတရားတို့၏ ကိလေသာမှလွတ်သော ကိစ္စတူကြသော၊အကြင်အခြင်းအရာအားဖြင့်၊ အချင်းချင်း တပါးသည်တပါးကို မလွန်ချင်းအစရှိကုန်သော၊ အကြင် ၄–ပါးသော အခြင်းအရာဘာဝနာတို့သည်၊ဖြစ်ကြကုန်၏။ညစ်ညူးချင်းကြောင့်ပြီးဆုံးချင်းသို့မရောက်သော၊သံကိလေသ ဘာဝနာကို ပယ်ထား၍၊ ဖြူစင်ချင်းကြောင့် ပြီးဆုံးချင်းသို့ ရောက်သော၊ ဝေါဒါနဘာဝနာကိုသာ ပြီးစေတတ်သော၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော၊ သမာဓိ-ပညာအားဖြင့် ၂–ပါး၊ဈာန်အားဖြင့် ၅–ပါး၊ထို ၇-ပါးသောတရားတို့၏ကိလေသာမှလွတ်သောကိစ္စ တူကြသော၊ ထိုအခြင်းအရာအားဖြင့်၊ ဘာဝနာ၏ ပြီးဆုံးချင်းသို့ ရောက်သည့်၏အဖြစ်ကြောင့်၊ ဘာဝနာ၏ ပြီးဆုံးချင်းသို့ ရောက်၏ဟူသည်လည်း၊ ထိုပါဠိုဟာရိယဉာဏ်ဖြင့်သာလျှင်၊ ဝိပဿနာ မရှုမီ ရှေးအဘို့ကာလက၊ သုမ်သင်၍ ပြီးဆုံးသည့်၏ အဖြစ်ကြောင့်၊ ဤသို့ပြီးဆုံးသော ဘာဝနာ၏ အရာဌာန၌၊ သုမ်သင်၍ပြီးဆုံးချင်းသည်၊ ဘာဝနာ၏ ပြီးဆုံးချင်းပင်တည်း။ ဤသို့ မဆိုသော်လည်း၊ ဆိုသလို၊ ထို ၄–ပါးသောအခြင်းအရာ ဘာဝနာတို့သည်၊ အကြင့်ကြောင့်ပြီးဆုံးကြကုန်၏။ ထိုကြောင့်၊ ၇–ပါးသောတရားတို့၏ တပါးသည် တပါးကို မလွန်ချင်း အစရှိသော ဘာဝနာ ပြီးဆုံးသောအားဖြင့်၊ ကိလေသာ အညစ်အကြေးမတင်၊ ဖြူစင်သောဝိပဿနာဉာဏ်၏ ကိလေသာကို ပယ်သောကိစ္စ၊ပြီးဆုံးသော အလိုအားဖြင့်၊ ဘာဝနာ၏ ပြီးဆုံးချင်းကို သိအပ်၏ဟုဆို။

ဧဝမေတေသု သံကိလေသဝေါဒါနေသု၊ တံတံ အာဒီနဝံ ဒေါသံ အာနိသံသံ ဂုဏံ ပုရေတရံ ပါဠိဟာရိယညာဏေန ဒိသွာ ယထာ အညမညာ နတိဝတ္တနာဒယော ဟောန္တိ တထာ ဘာဝနာယ သမ္ပဟံသိတတ္တာ၊ တေနေဝ ညာဏေန ဝိသောဓိတတ္တာ၊ ဝိသောဓနဉ္စေတ္ထ သမ္ပဟံသနံ၊ တေ အာကာရာ ယသ္မာ နိပ္ဖန္နာ တသ္မာ ဓမ္မာနံ အနတိဝတ္တနာဒိဘာဝသာဓနေန ပရိယောဒါပကဿ ညာဏဿ ကိစ္စနိပ္ဖတ္တိဝသေန သမ္ပဟံသနာ ဝေဒိတဗ္ဗာ။

ဧဝံ၊ ဤသို့။ ဧတေသုသံကိလေသဝေါဒါနေသု၊ ထိုသံကိလေသဘာဝနာ၊ ဝေါဒါနဘာဝနာ ၂—ပါးတို့၌။ တံတံအာဒီနဝံဒေါသံ၊ ထိုထိုအပြစ်ကို။ တံတံအာနိသံသံဂုဏံ၊ ထိုထိုအကျိုးဂုဏ်အင် အာနိသင်ကို။ ပုရေတရံ၊ ရှေးဦးစွာ။ ပါဠိဟာရိယညာဏေန၊ ပါဠိဟာရိယညာဏ်ဖြင့်။ ဒိသွာ၊ ရှုကြည့်၍။ ယထာ၊ အကြင်အခြင်းဖြင့်၊ အညမညာနတိဝတ္တနာဒယော၊ အချင်းချင်းတပါးသည် တပါးကို မလွန်ချင်းအစရှိကုန်သော။ ယေအာကာရာ၊ အကြင် ၄—ပါးသောအခြင်းအရာဘာဝနာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဘာဝနာယ၊ ဘာဝနာ၏။ သမ္ပဟံသိတတ္တာ၊ ပြီးဆုံးသည်၏ အဖြစ်ကြောင့်။ တေနေဝညာဏေန၊ ထိုပါဠိဟာရိယညာဏ်ဖြင့်သာလျှင်။ ဝိသောဓိတတ္တာ၊ သုဒ်သင်၍ ပြီးဆုံးသည်၏ အဖြစ်ကြောင့်။ ဟိသစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤသို့ပြီးဆုံးသောဘာဝနာ၏အရာ၌။ ဝိသောဓနံ၊ သုဒ်သင်၍ပြီးဆုံးချင်းသည်။ သမ္ပဟံသနံ၊ ဘာဝနာ၏ ပြီးဆုံးချင်းပင်တည်း။ ဧဝံ၊ ဤသို့။ အဝုတ္တမ္ပိ၊ မဆိုသော်လည်း။ ဝုတ္တံဝိယ၊ ဆိုသလို။ တေအာကာရာ၊ ထို ၄-ပါးသောအခြင်းအရာ ဘာဝနာတို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။ နိပ္ဖန္နာ၊ ပြီးဆုံးကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဓမ္မာနံ၊ ၇-ပါးသောတရားတို့၏။ အနတိဝတ္တနာဒိဘာဝသာဓနေန၊ တပါးသည်တပါးကို မလွန်ချင်းအစရှိသော ဘာဝနာပြီးဆုံးသော အားဖြင့်။ ပရိယောဒါပကဿ၊ ကိလေသာအညစ်အကြေးမတင်၊ ဖြူစင်သော။ ညာဏဿ၊ ညာဏ်၏။ ကိစ္စနိပ္ဖတ္တိဝသေန၊ ကိလေသာကိုပယ်သောကိစ္စ၊ ပြီးဆုံးသောအလိုအားဖြင့်။ သမ္ပဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤသို့ ၄-ပါးသောဘာဝနာ၏ ပြီးဆုံးချင်းသို့လည်း ရောက်သော၊ ဝိပဿနာဉာဏ်၏ ကိလေသာကိုပယ်သောကိစ္စ ပြီးဆုံးချင်းသို့လည်း ရောက်သော၊ ကင်္ခါဝိတရဏာဝိသုဒ္ဓိလည်းမည်သော ပစ္စယပရိဂ္ဂဟ ဉာဏ် တဘက်ကမ်းသို့လည်း ရောက်သော၊ ယောဂီ၏ ပစ္စယပရိဂ္ဂဟ ဉာဏ် ထင်ပုံ၊မြင်ပုံ၊သိပုံ၊မှတ်ပုံ၊ ရှုပုံ၊ကိလေသာကိုပယ်ပုံ။ ကိလေသာ ကိုပယ်သော ကိစ္စပြီးဆုံးပုံ၊ ဘာဝနာနှင့်ပြည့်စုံပုံ၊ ဘာဝနာပြီးဆုံးပုံ၊ အလုံးစုံကို အသေအချာမှတ်ဘို့ရာစကားရပ်၊ ဤတွင်ရွေ့အပြီးသတ်။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ဤကားမဂ်၊ဤကားမဂ်မဟုတ်၊ ဤသို့မဂ်ဟုတ်သည်၊မဂ်မဟုတ်သည် ကိုသိ၍၊ တည်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ထိုမဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်သော ဉာဏ်ကို ပြီးစေလိုသော ယောဂီသည်၊ တဘက်ကမ်းရောက်သော ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့်၊ အနိစ္စ–ဒုက္ခ–အနတ္တဟု ရှုသောကာလ၊ သန္တတိဃနအရ၊ သမူဟ ဃနအရ၊ ကိစ္စဃနအရ၊ အာရမ္မဏဃနအရ၊ တခုတခု၊ ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု- အပြုအပြင် အစီအရင်၊ ရှေးရှေးကိုယ်မှု-နှုတ်မှု- စိတ်မှု- အပြုအပြင် အစီအရင်၊ နောင်နောင်ကိုယ်မှု-နှုတ်မှု-စိတ်မှု- အပြုအပြင်အစီအရင်၊ ယခုယခုဘဝအလျဉ်ဘဝင်အစဉ်၊ ရှေးရှေးဘဝ အလျဉ်ဘဝင်အစဉ်၊ နောင်နောင်ဘဝအလျဉ် ဘဝင်အစဉ်၊အကြောင်း နှင့်တကွဖြစ်သော နာမ်ရုပ်အစဉ်ကို၊ တဘက်ကမ်းရောက်သော နာမ ရူပ ပရိစ္ဆေဒဉာဏ်ဖြင့်၊ ဤကားနာမ်၊ ဤကားရုပ်ဟု အမှတ်ပြုသော အလိုအားဖြင့်၊အစုလိုက်၊ အခဲလိုက်၊အပေါင်းလိုက်သာဖြစ်၍၊ ဥပါဒ်– ဌီ-ဘင်-အားဖြင့်၊သင်္ခတလက္ခဏာထင်တယ်မဆိုရ။သဘာဝလက္ခဏာ မျှသာထင်သော၊ တခုတခု၊ အစုအစုဖြစ်သောရုပ်ကို၊ တခုတခု၊ အစု အစုဖြစ်သောဝေဒနာကို၊ တခုတခု၊ အစုအစုဖြစ်သော သညာကို၊တခု တခု၊အစုအစုဖြစ်သောသင်္ခါရကို၊တခုတခု၊အစုအစုဖြစ်သောဝိညာဏ် ကို၊သာမညလက္ခဏာသို့တင်၍၊ ဥပါဒ်-ဌီ-ဘင်၊ယခုခဏအားဖြင့်မထင် သော်လည်း၊ နောင်ထင်ရန်၊ ခန္ဓာ- နာမ်- ရုပ်သို့ သွင်းသော်လည်း၊ အတွင်းဝင်မည်လည်းမဟုတ်တတ်။ ခန္ဓာ-နာမ်-ရုပ်မှ ထွက်သော်လည်း

မချုတ်လွတ်မည်လည်း မဟုတ်တတ်။ တဇ္ဈာပညတ်၊ ပရမတ် အစစ် မဟုတ်။ မဟုတ်သော်လည်း၊ ပရမတ်သဘော ထင်အောင်ပြောလျှင် ဟောလျှင်၊ ဝေါဟာရတွင်သော အခြင်းအရာကိုယူဆောင်၍၊ ဖြစ်သော အခြင်းအရာ၊ ပျက်သောအခြင်းအရာကို၊ အနိစ္စဟု၊ ဖြစ်ချင်း-ပျက်ချင်းဖြင့် နှိပ်စက်သော အခြင်းအရာကို ဒုက္ခဟု၊ မဖြစ်မီက မဖြစ်ပါစေလင့်ဟု၊ တောင့်တ-မရ။ ဖြစ်သာဖြစ်ရ၊ ဖြစ်ရသော်လည်း၊ မပျက်ပါစေလင့်ဟု၊ တောင့်တ မရ။ ပျက်သာပျက်ရ၊ အလိုသို့ မလိုက်သောအခြင်းအရာကို အနတ္တ ဟု၊ ရှုနည်းကိုပြသော နယဝိပဿနာဖြင့်၊ အစုအစုပြု၍ သုံးသပ်သော ကလာပသမ္မသနဉာဏ်ကို၊ ရှေးဦးစွာအားထုတ်အပ်၏ဟုဆို။

အယံ မဂ္ဂေါ အယံ န မဂ္ဂေါတိ ဧဝံ မဂ္ဂဉ္စ အမဂ္ဂဉ္စ ဉတွာ ဌိတံ ဉာဏံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနာမ၊ တံ သမ္ပာဒေတုကာမေန ကလာပသမ္မသနသင်္ခါတာယ နယဝိပဿနာယ တာဝ ယောဂေါ ကရဏီယော။

အယံ၊ ဤသည်ကား။ မဂ္ဂေါ၊ မဂ်တည်း။ အယံ၊ ဤသည်ကား။ နမဂ္ဂေါ၊ မဂ်မဟုတ်။ ဣတိဧဝံ၊ ဤသို့။ မဂ္ဂဉ္စ၊ မဂ်ဟုတ်သည်ကိုလည်းကောင်း။ အမဂ္ဂဉ္စ၊ မဂ်မဟုတ်သည်ကိုလည်းကောင်း။ ဉတွာ၊ သိ၍။ ဌိတံဉာဏံ၊ တည်သောဉာဏ်သည်။ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိနာမ၊ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိမည်၏။ တံဉာဏံ၊ ထိုမဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိမည်သော ဉာဏ်ကို။ သမ္ပာဒေတုကာမေန၊ ပြီးစေလိုသော။ ယောဂိနာ၊ ယောဂီသည်။ ကလာပသမ္မသနသင်္ခါတာယ၊ အစုအစုပြု၍သုံးသပ်ချင်းကြောင့် ကလာပသမ္မသနဟုဆိုအပ်သော။ နယဝိပဿနာယ၊ နယဝိပဿနာဖြင့်။ တာဝ၊ ရှေးဦးစွာ၊ ယောဂေါ၊ အားထုတ်ချင်းကို။ ကရဏီယော၊ ပြုအပ်၏။

ဤသို့ပြောဆို၊ အဓိပ္ပါယ်အလို၌၊ သာမညလက္ခဏာကို၊ ခန္ဓာ-နာမ်-ရုပ် သို့သွင်းသော်လည်း၊ အတွင်းဝင်မည်လည်း မဟုတ်တတ်။ ခန္ဓာ-နာမ်-ရုပ်မှ လွတ်သော်လည်း၊ မချုတ် လွတ်မည်လည်း မဟုတ်တတ်။ တဇ္ဈာပညတ်ဟု၊ ဆိုးဖြတ်သော **သာဓကကား**။

တယိမေ တယောပိ အာကာရာ အသဘာဝဓမ္မတ္တာ ခန္ဓ ပရိယာပန္နာ န ဟောန္တိ၊ ခန္ဓေဟိ ဝိနာ အနုပလဗ္ဘနီယတော ခန္ဓဝိနိမုတ္တာပိ န ဟောန္တိ၊ ခန္ဓေ ပန ဥပါဒါယ ဝေါဟာရ

ဝသေန လဗ္ဘမာနာ တဒါဒိနဝဝိဘာဝနာယ ဝိသေသကာရ
ဏဘူတာ တဇ္ဇာပညတ္တိဝိသေသာတိ ဝေဒိတဗ္ဗာ။

တယိမေ- တယောဣမေ၊ တယောပိ၊ အဘာဂါကာရ- အဘိဏှပဋိပီဠနာကာရ-အဝသဝတ္တနာကာရ သုံးပါးလည်းဖြစ်ကုန်သော။ ဣမေ အာကာရာ၊ ဤအခြင်း အရာ အာကာရတို့သည်။ အသဘာဝ ဓမ္မတ္တာ၊ သဘောတရားမဟုတ်သည်၏ အဖြစ်ကြောင့်။ ခန္ဓပရိယာပန္နာ၊ ခန္ဓာ၌ အကြုံးဝင်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ခန္ဓေဟိ၊ ခန္ဓာတို့နှင့်။ ဝိနာ၊ ကင်း၍။ အနုပလဗ္ဘနီယတော၊ မရအပ်သောကြောင့်။ ခန္ဓဝိနိမုတ္တာပိ၊ ခန္ဓာမှလွတ်ကုန်သည်လည်း။ နဟောန္တိ၊ မဖြစ်ကုန်။ ခန္ဓေ ပန၊ ခန္ဓာတို့ကို ကား။ ဥပါဒါယ၊ စွဲ၍။ ဝေါဟာရဝသေန၊ ခေါ်ဝေါ် ပြောဆိုသော အလို အားဖြင့်။ လဗ္ဘမာနာ၊ ရအပ်ကုန်သော။ တဒါဒိနဝဝိဘာဝနာယ၊ အဘာဂါ ကာရ-အဘိဏှပဋိပီဠနာကာရ-အဝသဝတ္တနာကာရ ထို ၃-ပါးသော အခြင်းအရာအာကာရတို့၏ အဖြစ်ကို ထင်စွာပြချင်း၏။ ဝိသေသ ကာရဏဘူတာ၊ ထူးသောအကြောင်းဖြစ်၍ ဖြစ်ကုန်သော။ တဇ္ဇာပညတ္တိ ဝိသေသာ၊ တဇ္ဇာပညတ်အထူးတို့တည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဤသို့ နောက်ဥဒယဗ္ဗယညာဏ်ဖွင့်ရာ၌၊ သာမညလက္ခဏာကို၊ တဇ္ဇာပညတ်ဟုဆုံးဖြတ်သောကြောင့်၊ ယခု သမ္မသနညာဏ်ဖွင့်ရာ၌၊ သာမညလက္ခဏာကို၊ တဇ္ဇာပညတ်ဟု၊ ဆုံးဖြတ်သောအရာဌာန၊ ဘင်္ဂ ဒယဗ္ဗယဟု၊ ပျက်သောပုဒ်ကို မပျက်အောင်၊ တဇ္ဇုဒယဗ္ဗယဟုပြင်၍။

တာနိ ပန တဇ္ဇုဒယဗ္ဗယ ပီဠာဝသ ဝတ္တနာကာရ မုခေန
ဂဟေတဗ္ဗတော သမာရောပိတရူပါနိ ဝိယ ဂယှန္တီတိ ဝုတ္တံ
သာမညလက္ခဏာနံ အာရောပေတွာတိ-ဟု ရွတ်။

တာနိပန၊ ထိုအနိစ္စတာ၊ ဒုက္ခတာ၊ အနတ္တတာ၊ သာမညလက္ခဏာ တို့ကိုကား။ တဇ္ဇုဒယဗ္ဗယ ပီဠာဝသဝတ္တနာကာရ မုခေန၊ တဇ္ဇာ ပညတ်၊ ဖြစ်သောအခြင်းအရာ၊ ပျက်သောအခြင်းအရာကိုရှု၊ တဇ္ဇာ ပညတ်၊ နှိပ်စက်သောအခြင်းအရာကိုရှု၊ တဇ္ဇာပညတ်၊ အလိုသို့မလိုက် သော အခြင်းအရာကိုရှုသောအားဖြင့်။ ဂဟေတဗ္ဗတော၊ ယူအပ်သော ကြောင့်။ သမာရောပိတရူပါနိဝိယ၊ အဆင်းအရောင် မရှိသောဝတ္ထု

တခုခု၌၊ တင်အပ်သော အဆင်းအရောင်တို့ကိုကဲ့သို့။ ဂယှန္တိ၊ ယူအပ်ကုန်၏။ ဇာတိ၊ ထိုကြောင့်။ သာမညလက္ခဏာံ အာရောပေတွာတိ ဇာ္ဗဒ်ဝစန်၊ သာမည လက္ခဏာံအာရောပေတွာ-ဟူသော ဤစကားကို။ ဝုတ္တံ၊ မိန့်အပ်ပြီ၊ ဟုအနက်ပေး။

အားသုတ်ပုံကား။ ခန္ဓာ၅-ပါး။ ဒွါရ ၆-ပါး။ အာရုံ၆-ပါး။ ဝိညာဏ် ၆-ပါး။ ဖဿ ၆-ပါး။ ဝေဒနာ ၆-ပါး။ သညာ ၆-ပါး။ စေတနာ ၆-ပါး။ တဏှာ ၆-ပါး။ ဝိတက် ၆-ပါး။ ဝိစာရ ၆-ပါး။ ဓာတ် ၆-ပါး။ ကသိုဏ်း ၁၀-ပါး။ ကောဋ္ဌာသ ၃၂-ပါး။ အာယတန ၁၂-ပါး။ ဓာတ် ၁၈-ပါး။ ဣန္ဒြေ ၂၂-ပါး။ ဓာတ် ၃-ပါး။ ဘဝ ၉-ပါး။ ဈာန် ၄-ပါး။ အပ္ပမညာ ၄-ပါး။ သမာပတ် ၄-ပါး။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး။ ။ဤသို့ ကောဋ္ဌာသအားဖြင့် ၂၃-ပါး။ ။ထို ၂၃-ပါးသောကောဋ္ဌာသတို့တွင်၊ ခန္ဓာကောဋ္ဌာသ၌။

မြင်သောခဏ၊ မြင်-မြင်တယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ စက္ခုဒွါရိက ဝိထိကျသော ဓိတ္တက္ခဏတိုင်း၊ ဓိတ္တက္ခဏတိုင်း။ ။ကြားသောခဏ၊ ကြား-ကြားတယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ သောတဒွါရိက ဝိထိကျသော ဓိတ္တက္ခဏတိုင်း၊ ဓိတ္တက္ခဏတိုင်း။ ။နံသောခဏ၊ နံ-နံတယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ ဃာနဒွါရိက ဝိထိကျသော ဓိတ္တက္ခဏတိုင်း၊ ဓိတ္တက္ခဏတိုင်း။ ။စားသောခဏ၊ စား-စားတယ်ဟုအမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ ဇိဝှါဒွါရိကဝိထိကျသော ဓိတ္တက္ခဏတိုင်း၊ဓိတ္တက္ခဏတိုင်း။ ။ထိသောခဏ၊ထိ-ထိတယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ ကာယဒွါရိကဝိထိကျသော ဓိတ္တက္ခဏတိုင်း၊ ဓိတ္တက္ခဏတိုင်း။ ။သိသောခဏ၊ သိ-သိတယ်ဟုအမှတ်ပြုသဖြင့်၊ထင်ချက်ရမှ မနောဒွါရိကဝိထိကျသောဓိတ္တက္ခဏတိုင်း၊ဓိတ္တက္ခဏတိုင်း။ ။သွားသောခဏ၊ သွား-သွားတယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝိထိကျသော ဓိတ္တက္ခဏတိုင်း၊ ဓိတ္တက္ခဏတိုင်း။ ။ပြန်သောခဏ၊ ပြန်-ပြန်တယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝိထိကျသော ဓိတ္တက္ခဏတိုင်း၊ ဓိတ္တက္ခဏတိုင်း။ ။ဘယ်လှမ်းသော ခဏ၊ဘယ်လှမ်း-လှမ်းတယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝိထိကျသော ဓိတ္တက္ခဏတိုင်း၊

စိတ္တက္ခဏတိုင်း။ ။ညာလှမ်းသောခဏ၊ ညာလှမ်း–လှမ်းတယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊စိတ္တက္ခဏတိုင်း။ ။တူရူကြည့်သောခဏ၊တူရူကြည့်–ကြည့်တယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း။ ။တစောင်းကြည့်သောခဏ၊ တစောင်းကြည့်–ကြည့်တယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း။ ။ကွေးသောခဏ၊ ကွေး-ကွေးတယ်ဟုအမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊စိတ္တက္ခဏတိုင်း။ ။ဆန့်သောခဏ၊ဆန့်–ဆန့်တယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊စိတ္တက္ခဏတိုင်း။ ။ဒုကုဋ်-သပိတ်-သင်္ကန်း-အဝတ်-အရုံ-တစုံတခု၊ ကိုင်ယူသောခဏ၊ ကိုင်ယူ-ယူတယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း။ ။စားသောခဏ၊ စား–စားတယ်ဟုအမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း။ ။သောက်သောခဏ၊ သောက်–သောက်တယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း။ ။ခဲသောခဏ၊ခဲ–ခဲတယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း။ ။လျက်သောခဏ၊ လျက်–လျက်တယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း။ ။ကျင်ကြီးစွန့်သောခဏ၊ ကျင်ကြီးစွန့်–စွန့်တယ်ဟုအမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝီထိကျသော စိတ္တက္ခဏတိုင်း၊စိတ္တက္ခဏတိုင်း။ ။ကျင်ငယ်စွန့်သောခဏ၊ ကျင်ငယ်စွန့်–စွန့်တယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိက ဝီထိကျသောစိတ္တက္ခဏတိုင်း၊စိတ္တက္ခဏတိုင်း။ ။ပြောဆိုသောခဏ၊ ပြောဆို–ပြောဆိုတယ်ဟု အမှတ်ပြုသဖြင့်၊ ထင်ချက်ရမှ၊ မနောဒွါရိကဝီထိကျသော စိတ္တက္ခဏတိုင်း၊စိတ္တက္ခဏတိုင်း။

ဝတ္ထု-ဒွါရ–အာရုံနှင့် တကွ၊ ဖဿ-ဝေဒနာ-သညာ–စေတနာ–ဝိညာဏ်–ဒွါရပဝတ္တ၊ ပေါင်းဆုံကြသော ကာလ-ကာလ။ ဖောက်ပြန်

သော သဘောလက္ခဏာ တခုတခု၊အစုအစုဖြစ်သောရုပ်။ ခံစားသော သဘောလက္ခဏာ တခုတခု၊အစုအစုဖြစ်သော ဝေဒနာ။အမှတ်ပြုသော သဘောလက္ခဏာတခုတခု၊အစုအစုဖြစ်သော သညာ။ အားထုတ်သော သဘောလက္ခဏာတခုတခု၊ အစုအစုဖြစ်သော သင်္ခါရ။ အာရုံပြုသော သဘောလက္ခဏာတခုတခု၊အစုအစုဖြစ်သော ဝိညာဏ်။ ။ဤသို့ တခုတခု၊အစုအစု ဖြစ်သော ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ် ၅-ပါးတို့တွင်၊ တခုတခု၊ အစုအစုဖြစ်သောရုပ်၊ အတိတ်ဖြစ်သောရုပ်၊ အနာဂတ်ဖြစ်သောရုပ်၊ ပစ္စုပ္ပန်ဖြစ်သောရုပ်၊ မိမိသန္တာန်ဖြစ်သောရုပ်၊ သူ့သန္တာန်ဖြစ်သောရုပ်၊ ရုန်းရင်းကြမ်းတမ်းသောရုပ်၊ သိမ်မွေ့နူးညံ့သောရုပ်၊ ယုတ်နိမ့်သောရုပ်၊ မြင့်မြတ်သောရုပ်၊ ဝေးသောရုပ်၊ နီးသောရုပ်၊ ဤ ၁၁—ရပ် ဌာနဋ္ဌဖြစ်သော၊တခုတခု၊အစုအစုဖြစ်သောရုပ်ကို အနိစ္စဟု ပိုင်းခြား၍ သမ္မသနဉာဏ် ၁—ခု။ဒုက္ခဟု ပိုင်းခြား၍၊ သမ္မသနဉာဏ်တခု။ အနတ္တဟု ပိုင်းခြား၍၊သမ္မသနဉာဏ်တခု။

> ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ၊ သဗ္ဗံ ရူပံ အနိစ္စတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ၊ ဒုက္ခတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ၊ အနတ္တတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ။

ယံကိဉ္စိ၊ အလုံးစုံသော။ ယံရူပံ၊အကြင်ရုပ်သည်။အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်—အနာဂတ်-ပစ္စုပ္ပန်ဖြစ်၍။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်လည်းဖြစ်၍။ ဗဟိဒ္ဓါဝါ၊ သူ့သန္တာန်လည်း ဖြစ်၍။ ဩဠာရိကံဝါ၊ ရုန်းရင်း ကြမ်းတမ်းသည်လည်း ဖြစ်၍။ သုခုမံဝါ၊ သိမ်မွေ့ နူးညံ့သည်လည်းဖြစ်၍။ ဟီနံဝါ၊ ယုတ်နိမ့်သည်လည်း ဖြစ်၍။ ပဏီတံဝါ၊ မြင့်မြတ်သည်လည်းဖြစ်၍။ဒူရေဝါ၊ဝေးသည်လည်းဖြစ်၍။သန္တိကေဝါ၊ နီးသည်လည်းဖြစ်၍။ တံသဗ္ဗံရူပံ၊ ထိုအလုံးစုံသောရုပ်ကို။ အနိစ္စတော၊ မမြဲဟု။ ဝဝတ္ထပေတိ၊ပိုင်းခြား၍။သမ္မသနံ၊ သုံးသပ်သော ဉာဏ်သည်။ ဧကံ၊တခု။ဒုက္ခတော၊ ဆင်းရဲဟု။ဝဝတ္ထပေတိ၊ ပိုင်းခြား၍။ သမ္မသနံ၊ သုံးသပ်သောဉာဏ်သည်။ ဧကံ၊တခု။ အနတ္တတော၊အစိုးမရဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၍။သမ္မသနံ၊ သုံးသပ်သောဉာဏ်သည်။ ဧကံ၊တခု။

တခုတခု အစုအစုဖြစ်သော ဝေဒနာ၊ အတိတ်ဖြစ်သောဝေဒနာ၊ အနာဂတ်ဖြစ်သော ဝေဒနာ၊ ပစ္စုပ္ပန်ဖြစ်သော ဝေဒနာ၊ မိမိသန္တာန်ဖြစ်သော ဝေဒနာ၊ သူ့ သန္တာန် ဖြစ်သော ဝေဒနာ၊ ရုန်းရင်းကြမ်းတမ်းသောဝေဒနာ၊ သိမ်မွေ့နူးညံ့သော ဝေဒနာ၊ ယုတ်နိမ့်သောဝေဒနာ၊ မြင့်မြတ်သောဝေဒနာ၊ ဝေးသောဝေဒနာ၊ နီးသောဝေဒနာ၊ ဤ၁၁–ရပ်ဌာနဋ္ဌဖြစ်သော၊ တခုတခု၊ အစုအစုဖြစ်သော ဝေဒနာကို အနိစ္စဟု ပိုင်းခြား၍၊ သမ္မသနဉာဏ်တခု။ ဒုက္ခဟု ပိုင်းခြား၍၊ သမ္မသနဉာဏ်တခု။ အနတ္တဟု ပိုင်းခြား၍၊ သမ္မသနဉာဏ်တခု။

ယာကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝေဒနံ အနိစ္စတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ၊ ဒုက္ခတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ၊ အနတ္တတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ။

ယာကာစိ၊ အလုံးစုံသော။ ယာဝေဒနာ၊ အကြင်ဝေဒနာသည်။ အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ်-အနာဂတ်-ပစ္စုပ္ပန်ဖြစ်၏။ အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန်လည်းဖြစ်၏။ ဗဟိဒ္ဓါ ဝါ၊ သူ့သန္တာန်လည်း ဖြစ်၏။ ဩဠာရိကာ ဝါ၊ ရုန်းရင်းကြမ်းတမ်းသည်လည်းဖြစ်၏။ သုခုမာ ဝါ၊ သိမ်မွေ့နူးညံ့သည်လည်းဖြစ်၏။ ဟီနာ ဝါ၊ ယုတ်နိမ့်သည်လည်းဖြစ်၏။ ပဏီတာ ဝါ၊ မြင့်မြတ်သည်လည်းဖြစ်၏။ ဒူရေ ဝါ၊ ဝေးသည်လည်းဖြစ်၏။ သန္တိကေ ဝါ၊ နီးသည်လည်းဖြစ်၏။ တံသဗ္ဗံ ဝေဒနံ၊ ထိုအလုံးစုံသောဝေဒနာကို။ အနိစ္စတော၊ မမြဲဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ။ သုံးသပ်သောဉာဏ်သည်။ ဧကံ၊ တခု။ ဒုက္ခတော၊ ဆင်းရဲဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သုံးသပ်သောဉာဏ်သည်။ ဧကံ၊ တခု။ အနတ္တတော၊ အစိုးမရဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သုံးသပ်သောဉာဏ်သည်။ ဧကံ၊ တခု။

တခုတခု၊ အစုအစုဖြစ်သော သညာ၊ အတိတ်ဖြစ်သော သညာ၊ အနာဂတ်ဖြစ်သော သညာ၊ ပစ္စုပ္ပန်ဖြစ်သော သညာ၊ မိမိသန္တာန်ဖြစ်သောသညာ၊ သူ့သန္တာန်ဖြစ်သောသညာ၊ ရုန်းရင်းကြမ်းတမ်းသောသညာ၊ သိမ်မွေ့နူးညံ့သောသညာ၊ ယုတ်နိမ့်သောသညာ၊ မြင့်မြတ်

သောသညာ၊ ဝေးသောသညာ၊ နီးသောသညာ၊ ဤ ၁၁–ရပ်ဌာနဌ် ဖြစ်သော၊ တခုတခု၊ အစုအစုဖြစ်သောသညာကို၊ အနိစ္စဟုပိုင်းခြား၍၊ သမ္မသနဉာဏ်တခု။ ဒုက္ခဟုပိုင်းခြား၍၊ သမ္မသနဉာဏ်တခု။ အနတ္တဟု ပိုင်းခြား၍၊သမ္မသနဉာဏ်တခု။

> ယာကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာဒူရေသန္တိကေဝါ၊ သဗ္ဗံ သညံ အနိစ္စတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ၊ ဒုက္ခတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ၊ အနတ္တတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ။

ယာကာစိ၊ အလုံးစုံသော။ ယာသညာ။ အကြင် သညာသည်။ အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ်-အနာဂတ်- ပစ္စုပ္ပန်ဖြစ်၍။အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန်လည်းဖြစ်၍။ ဗဟိဒ္ဓါဝါ၊ သူ့သန္တာန်လည်းဖြစ်၍။ ဩဠာရိကာဝါ၊ ရုန်းရင်း ကြမ်းတမ်းသည်လည်း ဖြစ်၍။ သုခုမာဝါ၊ သိမ်မွေ့နူးညံ့သည်လည်းဖြစ်၍။ ဟီနာဝါ၊ ယုတ်နိမ့်သည်လည်းဖြစ်၍။ ပဏီတာဝါ၊ မြင့်မြတ်သည်လည်း ဖြစ်၍။ ဒူရေဝါ၊ ဝေးသည်လည်း ဖြစ်၍။သန္တိကေဝါ၊နီးသည်လည်းဖြစ်၍။တံသဗ္ဗံသညံ၊ ထိုအလုံးစုံသော သညာကို။ အနိစ္စတော၊ မမြဲဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၍။ သမ္မသနံ၊ သုံးသပ်သောဉာဏ်သည်။ဧကံ၊တခု။ဒုက္ခတော၊ဆင်းရဲဟု။ဝဝတ္ထပေတိ၊ ပိုင်းခြား၍။သမ္မသနံ၊ သုံးသပ်သောဉာဏ်သည်။ဧကံ၊တခု။အနတ္တတော၊ အစိုးမရဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၍။သမ္မသနံ၊ သုံးသပ်သောဉာဏ် သည်။ဧကံ၊တခု။

တခုတခု၊ အစုအစုဖြစ်သော သင်္ခါရ၊ အတိတ်ဖြစ်သောသင်္ခါရ၊ အနာဂတ်ဖြစ်သောသင်္ခါရ၊ ပစ္စုပ္ပန်ဖြစ်သော သင်္ခါရ၊ မိမိသန္တာန်ဖြစ် သော သင်္ခါရ၊သူ့သန္တာန်ဖြစ်သောသင်္ခါရ၊ ရုန်းရင်းကြမ်းတမ်းသော သင်္ခါရ၊ သိမ်မွေ့နူးညံ့သောသင်္ခါရ၊ ယုတ်နိမ့်သောသင်္ခါရ၊ မြင့်မြတ် သောသင်္ခါရ၊ဝေးသောသင်္ခါရ။ နီးသောသင်္ခါရ။ ဤ ၁၁-ရပ်ဌာနဌ် ဖြစ်သော၊ တခုတခု၊ အစုအစုဖြစ်သောသင်္ခါရကို၊အနိစ္စဟုပိုင်းခြား၍၊ သမ္မသနဉာဏ်တခု။ ဒုက္ခဟုပိုင်းခြား၍၊ သမ္မသနဉာဏ်တခု။ အနတ္တဟု ပိုင်းခြား၍၊သမ္မသနဉာဏ်တခု။

ယေကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယေ ဒူရေ သန္တိကေ ဝါ၊ တေ သဗ္ဗေ သင်္ခါရေ အနိစ္စတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ၊ ဒုက္ခတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ၊ အနတ္တတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ။

ယေကေစိ၊ အလုံးစုံကုန်သော။ ယေသင်္ခါရာ၊ အကြင်သင်္ခါရတို့သည်။ အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ်–အနာဂတ်–ပစ္စုပ္ပန်ဖြစ်ကြကုန်၏။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်လည်း ဖြစ်ကြကုန်၏။ ဗဟိဒ္ဓါဝါ၊ သူ့သန္တာန်လည်းဖြစ်ကြကုန်၏။ ဩဠာရိကာဝါ၊ ရုန်းရင်းကြမ်းတမ်းသည်လည်းဖြစ်ကြကုန်၏။ သုခုမာဝါ၊ သိမ်မွေ့နူးညံ့သည်လည်း ဖြစ်ကြကုန်၏။ ဟီနာဝါ၊ ယုတ်နိမ့်သည်လည်းဖြစ်ကြကုန်၏။ ပဏီတာဝါ၊ မြင့်မြတ်သည်လည်းဖြစ်ကြကုန်၏။ ဒူရေဝါ၊ ဝေးသည်လည်းဖြစ်ကြကုန်၏။ သန္တိကေဝါ၊ နီးသည်လည်းဖြစ်ကြကုန်၏။ တေသဗ္ဗေသင်္ခါရေ၊ ထိုအလုံးစုံသောသင်္ခါရတို့ကို။ အနိစ္စတော၊ မမြဲဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သုံးသပ်သောဉာဏ်သည်။ ဧကံ၊ တခု။ ဒုက္ခတော၊ ဆင်းရဲဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သုံးသပ်သောဉာဏ်သည်။ ဧကံ၊ တခု။ အနတ္တတော၊ အစိုးမရဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သုံးသပ်သောဉာဏ်သည်။ ဧကံ။ တခု။

တခုတခု၊ အစုအစုဖြစ်သောဝိညာဏ်၊ အတိတ်ဖြစ်သောဝိညာဏ်၊ အနာဂတ်ဖြစ်သော ဝိညာဏ်၊ ပစ္စုပ္ပန်ဖြစ်သော ဝိညာဏ်၊ မိမိသန္တာန်ဖြစ်သော ဝိညာဏ်၊ သူ့သန္တာန်ဖြစ်သောဝိညာဏ်၊ ရုန်းရင်းကြမ်းတမ်းသော ဝိညာဏ်၊ သိမ်မွေ့နူးညံ့သောဝိညာဏ်၊ ယုတ်နိမ့်သောဝိညာဏ်၊ မြင့်မြတ်သော ဝိညာဏ်၊ ဝေးသော ဝိညာဏ်၊ နီးသော ဝိညာဏ်၊ ဤ ၁၁-ရပ်ဌာန၌ဖြစ်သော တခုတခု၊ အစုအစု ဖြစ်သောဝိညာဏ်ကို၊ အနိစ္စဟု ပိုင်းခြား၏၊ သမ္မသနဉာဏ်တခု။ ဒုက္ခဟု ပိုင်းခြား၏၊ သမ္မသနဉာဏ်တခု။ အနတ္တဟုပိုင်းခြား၏၊ သမ္မသနဉာဏ်တခု။

ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ အနိစ္စတော ဝဝတ္ထပေတိ ဧကံ

သမ္မသနံ၊ဒုက္ခတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ၊အနတ္တတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ။

ယံကိဉ္စိ၊အလုံးစုံသော။ ယံဝိညာဏံ၊ အကြင်ဝိညာဏ်သည်။အတီတာနာဂတပစ္စုပ္ပန္နံ၊အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်၏။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်လည်းဖြစ်၏။ဗဟိဒ္ဓါဝါ၊သူ့သန္တာန်လည်းဖြစ်၏။ ဩဠာရိကံဝါ၊ ရုန်းရင်းကြမ်းတမ်းသည်လည်း ဖြစ်၏။ သုခုမံဝါ၊ သိမ်မွေ့နူးညံ့သည်လည်း ဖြစ်၏။ ဟီနံဝါ၊ ယုတ်နိမ့်သည်လည်းဖြစ်၏။ ပဏီတံဝါ မြင့်မြတ်သည်လည်းဖြစ်၏။ ဒူရေဝါ၊ ဝေးသည်လည်းဖြစ်၏။ သန္တိကေဝါ၊ နီးသည်လည်းဖြစ်၏။ တံသဗ္ဗံဝိညာဏံ၊ ထိုအလုံးစုံသော ဝိညာဏ်ကို။ အနိစ္စတော၊ မမြဲဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊သုံးသပ်သောဉာဏ်သည်။ ဧကံ၊ တခု။ ဒုက္ခတော၊ ဆင်းရဲဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သုံးသပ်သောဉာဏ်သည်။ ဧကံ၊ တခု။ အနတ္တတော၊ အစိုးမရဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သုံးသပ်သော ဉာဏ်သည်။ ဧကံ၊ တခု။ ။(ဤကား အားထုတ်ပုံ)

သုံးသပ်ပုံကား။

ရုပ်၌ထင်အောင် သုံးသပ်ပုံ ၅–ပါး၊ ဝေဒနာ၌ထင်အောင် သုံးသပ်ပုံ ၅–ပါး။ သညာ၌ထင်အောင်သုံးသပ်ပုံ ၅–ပါး။ သင်္ခါရ၌ထင်အောင် သုံးသပ်ပုံ ၅–ပါး။ ဝိညာဏ်၌ထင်အောင်သုံးသပ်ပုံ ၅–ပါး။

ထို ၅–ပါး၊ ၅–ပါးတို့တွင်၊ ရုပ်၌ထင်အောင်သုံးသပ်ပုံ ၅–ပါးဟူသော်ကား။ အတီတတိက်အားဖြင့် ထင်အောင်သုံးသပ်ပုံ ၁-ပါး။ အဇ္ဈတ္တဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံ၁-ပါး။ ဩဠာရိကဒုက်အားဖြင့်ထင်အောင်သုံးသပ်ပုံ၁-ပါး။ ဟီနဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံ ၁-ပါး။ ဒူရေဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံ၁-ပါး။

ထို ၅–ပါးတို့တွင်၊

အတီတတိက်အားဖြင့်ထင်အောင်သုံးသပ်ပုံကား။

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။

အဇ္ဈတ္တဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

ရူပံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။

ဩဠာရိကဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

ရူပံ ဩဠာရိကံဝါ သုခုမံဝါ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။

ဟီနဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

ရူပံ ဟီနံဝါ ပဏီတံဝါ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။

ဒူရေဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

ရူပံ ဒူရေဝါ သန္တိကေဝါ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ်ပစ္စုပ္ပန်ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စံ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သော အနက်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသောအနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။ ဣတိ၊ ဤသို့။ သံခိပိတွာ၊ ပေါင်းချုံးရုံးရ၍။ ဝဝတ္ထာနေပညာ၊ ပိုင်းခြားသော ပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။

အဇ္ဈတ္တံဝါ၊ မိမိသန္တာန်လည်းဖြစ်သော။ ဗဟိဒ္ဓါဝါ၊ သူ့သန္တာန်လည်း ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စံ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သော အနက်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသော အနက်ကြောင့်။ အနတ္တာ၊ အစိုး မရ။(ပ)။

သြဠာရိကံဝါ၊ ရုန်းရင်းကြမ်းတမ်းသည်လည်းဖြစ်သော။ သုခုမံဝါ၊ သိမ်မွေ့နူးညံ့သည်လည်းဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ကုန်သော အနက်ကြောင့်။ အနိစ္စံ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သော အနက်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲ။အသာရကဋ္ဌေန၊ အလိုမကျသောအနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။(ပ)။

ဟီနံဝါ၊ ယုတ်နိမ့်သည်လည်းဖြစ်သော။ ပဏီတံဝါ၊ မြင့်မြတ်သည်လည်းဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စံ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သော အနက်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲ။အသာရကဋ္ဌေန၊ အလိုမကျသော အနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။(ပ)။

ဒူရေဝါ၊ ဝေးသည်လည်းဖြစ်သော။ သန္တိကေဝါ၊ နီးသည်လည်းဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန ကုန်သောအနက်ကြောင့်။ အနိစ္စံ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သော အနက်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသော အနက်ကြောင့်။ အနတ္တာ၊အစိုးမရ။ ဣတိ၊ ဤသို့။ သံခိပိတွာ၊ပေါင်းချုံးရုံးစု၍။ ဝဝတ္ထာနေပညာ၊ ပိုင်းခြားသောပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။

ဝေဒနာ၌ ထင်အောင် သုံးသပ်ပုံ ၅-ပါးဟူသော်ကား။ အတိတတိက်အားဖြင့် ထင်အောင် သုံးသပ်ပုံ ၁-ပါး။ အဇ္ဈတ္တဒုက်အားဖြင့် ထင်အောင် သုံးသပ်ပုံ ၁--ပါး။ သြဠာရိကဒုက်အားဖြင့် ထင်အောင် သုံးသပ်ပုံ ၁--ပါး။ ဟီနဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံ ၁--ပါး။ ဒူရေဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံ ၁--ပါး။

ထို ၅--ပါးတို့တွင်၊

အတီတတိက်အားဖြင့် ထင်အောင် သုံးသပ်ပုံကား။

ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။

အဇ္ဈတ္တဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

ဝေဒနာ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေပညာ သမ္မသနေ ဉာဏံ။

ဩဠာရိကဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

ဝေဒနာ ဩဠာရိကာဝါ သုခုမာဝါ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။

ဟီနဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

ဝေဒနာဟီနာဝါ ပဏီတာဝါ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေဉာဏံ။

ဒူရေဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

ဝေဒနာ ဒူရေဝါ သန္တိကေဝါ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။

အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ်–အနာဂတ်–ပစ္စုပ္ပန် ဖြစ်သော။ ဝေဒနာ၊ဝေဒနာသည်။ခယဋ္ဌေန၊ကုန်သောအနက်ကြောင့်။အနိစ္စာ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သောအနက်ကြောင့်။ ဒုက္ခာ၊ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသောအနက်ကြောင့်။ အနတ္တာ၊အစိုးမရ။ ဣတိ၊ဤသို့။ သံခိပိတွာ၊ ပေါင်းချုံးရုံးရ၍။ ဝဝတ္ထာနေပညာ၊ ပိုင်းခြားသော ပညာသည်။ သမ္မသနေဉာဏံ၊သမ္မသနဉာဏ်မည်၏။

အဇ္ဈတ္တံဝါ၊မိမိသန္တာန်လည်းဖြစ်သော။ ဗဟိဒ္ဓါဝါ၊သူ့သန္တာန်လည်း ဖြစ်သော။ ဝေဒနာ၊ ဝေဒနာသည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စာ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သော အနက်ကြောင့်။

ဒုက္ခာ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသောအနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။ (ပ)။

ဩဒါတာရိကာဝါ၊ ရှန်းရင်းကြမ်းတမ်း သည်လည်းဖြစ်သော။ သုခုမာဝါ၊ သိမ်မွေ့နူးညံ့သည်လည်းဖြစ်သော။ ဝေဒနာ၊ ဝေဒနာသည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စာ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သောအနက်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသောအနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။ (ပ)။

ဟီနာဝါ၊ ယုတ်နိမ့်သည်လည်းဖြစ်သော။ ပဏီတာဝါ၊ မြင့်မြတ်သည်လည်းဖြစ်သော။ ဝေဒနာ၊ ဝေဒနာသည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စာ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သောအနက်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသော အနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။ (ပ)။

ဒူရေဝါ၊ ဝေးသည်လည်းဖြစ်သော။ သန္တိကေဝါ၊ နီးသည်လည်းဖြစ်သော။ ဝေဒနာ၊ ဝေဒနာသည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စာ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သောအနက်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲ၊ အသာရကဋ္ဌေန၊ အလိုမကျသောအနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။ ဣတိ၊ ဤသို့။ သံခိပိတွာ၊ ပေါင်းချုပ်ရုံးရ၍။ ဝဝတ္ထာနေပညာ၊ ပိုင်းခြားသောပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။

သညာ၌ ထင်အောင်သုံးသပ်ပုံ ၅-ပါးဟူသော်ကား။

အတီတတိက်အားဖြင့် ထင်အောင်သုံးသပ်ပုံ ၁-ပါး။ အဇ္ဈတ္တဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံ ၁-ပါး။ ဩဠာရိကဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံ ၁-ပါး။ ဟီနဒုက်အားဖြင့် ထင်အောင် သုံးသပ်ပုံ ၁-ပါး။ ဒူရေဒုက်အားဖြင့်ထင်အောင်သုံးသပ်ပုံ ၁-ပါး။

ထို ၅-ပါးတို့တွင်၊

အတီတတိက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

သညာ အတီတာနာဂတပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေဉာဏံ။

အဇ္ဈတ္တဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

သညာ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာ နေ ပညာ သမ္မသနေ ဉာဏံ။

ဩဠာရိကဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

သညာဩဠာရိကာဝါ သုခုမာဝါ အနိစ္စာခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာအသာရကဋ္ဌေနာတိ သံခိပိတွာဝဝတ္ထာ နေပညာ သမ္မသနေဉာဏံ။

ဟီနဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

သညာ ဟီနာဝါ ပဏီတာဝါ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာ နေ ပညာ သမ္မသနေ ဉာဏံ။

ဒူရေဒုက်အားဖြင့် ထင်အောင်သုံးသပ်ပုံကား။

သညာဒူရေဝါ သန္တိကေဝါ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာ နေ ပညာ သမ္မသနေ ဉာဏံ။

အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ်-အနာဂတ်-ပစ္စုပ္ပန်ဖြစ်သော။ သညာ၊ သညာသည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စာ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သောအနက်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသောအနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။ ဣတိ၊ ဤသို့။ သံခိပိတွာ၊ ပေါင်းချုံးရုံးစု၍။ ဝဝတ္ထာနေပညာ၊ ပိုင်းခြားသောပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။

အဇ္ဈတ္တံဝါ၊ မိမိသန္တာန်လည်းဖြစ်သော။ ဗဟိဒ္ဓါဝါ၊ သူ့သန္တာန်လည်းဖြစ်သော။ သညာ၊ သညာသည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စာ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သော အနက်ကြောင့်။

ဒုက္ခာ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသော အနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။ (ပ)။

ဩဠာရိကာဝါ၊ ရုန်းရင်းကြမ်းတမ်းသည်လည်းဖြစ်သော။ သုခုမာဝါ၊ သိမ်မွေ့နူးညံ့သည်လည်းဖြစ်သော။ သညာ၊ သညာသည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စာ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သောအနက်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသောအနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။ (ပ)။

ဟီနာဝါ၊ ယုတ်နိမ့်သည်လည်းဖြစ်သော။ ပဏီတာဝါ၊ မြင့်မြတ်သည်လည်းဖြစ်သော။ သညာ၊ သညာသည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။အနိစ္စာ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သောအနက်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသောအနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။ (ပ)။

ဒူရေဝါ၊ ဝေးသည်လည်းဖြစ်သော။ သန္တိကေဝါ၊ နီးသည်လည်းဖြစ်သော။ သညာ၊ သညာသည်။ ခယဋ္ဌေန၊ ကုန်သောအနက်ကြောင့်။ အနိစ္စာ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်အပ်သောအနက်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲ။ အသာရကဋ္ဌေန၊ အလိုမကျသော အနက်ကြောင့်။ အနတ္တာ၊ အစိုးမရ။ ဣတိ၊ ဤသို့။ သံခိပိတွာ၊ ပေါင်းချုပ်ရုံးရ၍။ ဝဝတ္ထာနေ ပညာ၊ ပိုင်းခြားသောပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ် မည်၏။

သညါရ၌ ထင်အောင်သုံးသပ်ပုံ ၅-ပါးဟူသော်ကား။

သင်္ခါရပျက်သော ခဏခဏ၊ ယခု အသစ်အသစ် ဖြစ်ချင်း၌ ထိုက်သော ကံ၏ မဖြစ်ချင်းကြောင့်၊ နောင်အသစ်အသစ် ဖြစ်ချင်း၌ ထိုက်သော သင်္ခါရ၏ နောင်အသစ်အသစ် မဖြစ်။ ဤသို့ မရှိသော အကြောင်း၏ မရှိသော အကျိုးကိုပြ၍၊ သင်္ခါရပျက်သော ခဏခဏ၊ ယခုအသစ်အသစ်ဖြစ်ချင်း၌ မထိုက်သော ကံ၏ ယခုအကြောင်းမဖြစ်ချင်းကြောင့်၊ နောင်အသစ်အသစ် အကျိုးမဖြစ်သော သင်္ခါရက္ခန္ဓာ၏ အကျိုးပျက်သောသဘောကို ဝယ-ဟု ရှု၏။

သင်္ခါရပျက်သော ခဏခဏ၊ ယခုအသစ်အသစ် တွေ့ချင်း၌ ထိုက်သော ဖဿ၏ မဖြစ်ချင်းကြောင့်၊ သင်္ခါရမဖြစ်။ ဤသို့ မရှိသော အကြောင်း၏ မရှိသောအကျိုးကိုပြ၍၊သင်္ခါရပျက်သော ခဏခဏ၊ယခု အသစ်အသစ် ဖြစ်ချင်း၌မထိုက်သော ဖဿ၏ ယခု အကြောင်းမဖြစ်ချင်းကြောင့်၊ ယခု အသစ်အသစ် အကျိုးမဖြစ်သော သင်္ခါရက္ခန္ဓာ၏ အကျိုးပျက်သော သဘောကို ဝယ-ဟု ရှု၏။

သင်္ခါရ ပျက်သော ခဏခဏ၊ သဘာဝလက္ခဏာ၊ သာမည လက္ခဏာ၊ သင်္ခတလက္ခဏာ၊ ၃-ပါးတို့တွင်၊ သင်္ခတလက္ခဏာ၌သာ၊ ခဏအားဖြင့်၊ ပျက်သော သဘောလက္ခဏာကို မြင်သော်လည်း၊ သင်္ခါရက္ခန္ဓာ၏ ခဏပျက်သော သဘောကို ဝယ-ဟုရှု၏။

သင်္ခါရက္ခန္ဓာ၏ပျက်သောသဘောကို၊ဝယ-ဟု ရှုသည်ရှိသော်၊ ဤဝယလက္ခဏာ ၅-ပါးတို့ကိုရှု၏။

အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သင်္ခါရက္ခန္ဓဿ ဝယံ ပဿတိ။ တဏှာနိရောဓာ သင်္ခါရ နိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သင်္ခါရက္ခန္ဓဿ ဝယံ

ပဿတိ။ ကမ္မနိရောဓာ သင်္ခါရနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သင်္ခါရက္ခန္ဓဿ ဝယံ ပဿတိ။ ဖဿနိရောဓာ သင်္ခါရနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သင်္ခါရက္ခန္ဓဿ ဝယံ ပဿတိ။ ဝိပရိဏာမလက္ခဏံ ပဿန္တောပိ သင်္ခါရက္ခန္ဓဿ ဝယံ ပဿတိ။ ။သင်္ခါရက္ခန္ဓဿ ဝယံ ပဿန္တော ဣမာနိ ပဉ္စလက္ခဏာနိ ပဿတိ။

အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာ၏ချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော၊ သင်္ခါရ၏ချုပ်ခြင်း။ ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ ချုပ်သော အနက်ကြောင့်။ သင်္ခါရက္ခန္ဓဿ၊ သင်္ခါရက္ခန္ဓာ၏။ ဝယံ ပျက်ခြင်းကို။ ပဿတိ၊ ရှု၏။ တဏှာနိရောဓာ၊ တဏှာ၏ ချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော၊ သင်္ခါရ၏ ချုပ်ခြင်း။ ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ ချုပ်သော အနက်ကြောင့်။ သင်္ခါရက္ခန္ဓဿ၊ သင်္ခါရက္ခန္ဓာ၏။ ဝယံ၊ ပျက်ခြင်းကို။ ပဿတိ၊ ရှု၏။ ကမ္မနိရောဓာ၊ ကံ၏ ချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော၊ သင်္ခါရ၏ ချုပ်ခြင်း။ ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ချုပ်သော အနက်ကြောင့်။ သင်္ခါရက္ခန္ဓဿ၊ သင်္ခါရက္ခန္ဓာ၏။ ဝယံ၊ ပျက်ခြင်းကို။ ပဿတိ၊ ရှု၏။ ဖဿနိရောဓာ၊ ဖဿ၏ ချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော၊ သင်္ခါရ၏ချုပ်ခြင်း။ ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ ချုပ်သော အနက်ကြောင့်။ သင်္ခါရက္ခန္ဓဿ၊ သင်္ခါရက္ခန္ဓာ၏။ ဝယံ၊ ပျက်ခြင်းကို။ ပဿတိ၊ ရှု၏။ ဝိပရိဏာမလက္ခဏံ၊ ပျက်သော သဘောလက္ခဏာကို။ ပဿန္တောပိ၊ မြင်သော်လည်း။ သင်္ခါရက္ခန္ဓဿ၊ သင်္ခါရက္ခန္ဓာ၏။ ဝယံ၊ ပျက်ခြင်းကို။ ပဿတိ၊ ရှု၏။ ။သင်္ခါရက္ခန္ဓဿ၊ သင်္ခါရက္ခန္ဓာ၏။ ဝယံ၊ ပျက်ခြင်းကို။ ပဿန္တော၊ ရှုသည်ရှိသော်။ ဣမာနိ ပဉ္စလက္ခဏာနိ၊ ဤဝယလက္ခဏာ ၅-ပါးတို့ကို။ ပဿတိ၊ ရှု၏။

ဝိညာဏက္ခန္ဓာ၏ဖြစ်သောသဘောကို၊ ဥဒယ-ဟုရှုသည်ရှိသော်၊ အဘယ်ဥဒယလက္ခဏာ ၅-ပါးတို့ကို ရှုသနည်း။

ရှေးရှေးဘဝ၊ ကံကိုအားထုတ်သော ကာလကာလ၊ တစုံတခု မသိသောခဏခဏ၊ အဝိဇ္ဇာ၏ဖြစ်ခြင်းကြောင့်၊ ယခုယခုဘဝ၊ အကျိုးနှင့် ပြည့်စုံသော ကာလကာလ၊ ဝိညာဏ်ဖြစ်၏။ ဤသို့ရှိသော အကြောင်း၏

ရှိသောအကျိုးကိုပြ၍၊ ဝိညာဏ်ဖြစ်သော ခဏခဏ၊ ဇရာဘဝဖြင့်ပြီး သောအဝိဇ္ဇာ၏ အကြောင်းရှိသော အားဖြင့် ဖြစ်ချင်းကြောင့်၊ ဝိညာဏက္ခန္ဓာ၏ အကျိုးဖြစ်သောသဘောကို ဉဒယ-ဟု ရှု၏။

ဇရာဇရာဘဝ၊ ကံကိုအားထုတ်သော ကာလ ကာလ၊ တစုံတခု တပ်မက်သော ခဏ ခဏ၊ တဏှာ၏ ဖြစ်ချင်းကြောင့်၊ ယခုယခုဘဝ၊ အကျိုးနှင့် ပြည့်စုံသော ကာလ ကာလ၊ ဝိညာဏ်ဖြစ်၏။ ဤသို့ရှိသော အကြောင်း၏ရှိသော အကျိုးကို ပြ၍၊ ဝိညာဏ်ဖြစ်သော ခဏခဏ၊ ဇရာဘဝဖြင့် ပြီးသော တဏှာ၏ အကြောင်းရှိသောအားဖြင့် ဖြစ်ချင်း ကြောင့်၊ ဝိညာဏက္ခန္ဓာ၏အကျိုးဖြစ်သော သဘောကို ဉဒယ-ဟုရှု၏။

ဇရာဇရာဘဝ၊ကံကိုအားထုတ်သောကာလကာလ၊တစုံတခု ပြုသော ခဏခဏ၊ ကံ၏ဖြစ်ချင်းကြောင့်၊ ယခုယခုဘဝ၊ အကျိုးနှင့်ပြည့်စုံသော ကာလကာလ၊ဝိညာဏ်ဖြစ်၏။ ဤသို့ရှိသောအကြောင်း၏ရှိသောအကျိုး ကိုပြ၍၊ ဝိညာဏ်ဖြစ်သော ခဏ ခဏ၊ ဇရာဘဝဖြင့် ပြီးသောကံ၏ အကြောင်းရှိသော အားဖြင့်ဖြစ်ချင်းကြောင့်၊ ဝိညာဏက္ခန္ဓာ၏အကျိုး ဖြစ်သောသဘောကို ဉဒယ-ဟု ရှု၏။

ယခုယခုဘဝ၊ ပဝတ္တိကာလ သက်သောခဏခဏ၊ နာမ်ရုပ်၏ ဖြစ်ချင်းကြောင့်၊ ဝိညာဏ်ဖြစ်၏။ ဤသို့ရှိသော အကြောင်း၏ရှိသော အကျိုးကိုပြ၍၊ ဝိညာဏ် ဖြစ်သော ခဏခဏ၊ သက်သော ခဏဖြင့်ပြီး သော နာမ်ရုပ်၏ အကြောင်းရှိသော အားဖြင့် ဖြစ်ချင်းကြောင့်၊ ဝိညာ ဏက္ခန္ဓာ၏အကျိုးဖြစ်သောသဘောကို ဉဒယ-ဟု ရှု၏။

ဝိညာဏ်ဖြစ်သော ခဏခဏ၊ သဘာဝလက္ခဏာ၊ သာမညလက္ခ ဏာ၊ သင်္ခတလက္ခဏာ၊ ၃-ပါးတို့တွင်၊ သင်္ခတလက္ခဏာဌာန၊ ခဏ အားဖြင့် ဖြစ်သော သဘောလက္ခဏာကို မြင်သော်လည်း၊ ဝိညာ ဏက္ခန္ဓာ၏ခဏဖြစ်သောသဘောကို ဉဒယ-ဟု ရှု၏။

ဝိညာဏက္ခန္ဓာ၏ ဖြစ်သော သဘောကို၊ ဉဒယ-ဟု ရှုသည်ရှိသော်၊ ဤဉဒယ လက္ခဏာ ၅-ပါးတို့ကိုရှု၏။

အဝိဇ္ဇာသမုဒယာ ဝိညာဏသမုဒယောတိ ပစ္စယသမုဒယ
ဋ္ဌေန ဝိညာဏက္ခန္ဓဿ ဉဒယံ ပဿတိ။ တဏှာသမုဒယာ
ဝိညာဏသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝိညာဏက္ခန္ဓဿ

ဥဒယံ ပဿတိ။ ကမ္မသမုဒယာ ဝိညာဏသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝိညာဏက္ခန္ဓဿ ဥဒယံ ပဿတိ။ နာမရူပသမုဒယာ ဝိညာဏသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝိညာဏက္ခန္ဓဿ ဥဒယံ ပဿတိ။ နိဗ္ဗတ္တိ လက္ခဏံ ပဿန္တောပိ ဝိညာဏက္ခန္ဓဿ ဥဒယံ ပဿတိ။ ။ဝိညာဏက္ခန္ဓဿဥဒယံ ပဿန္တော ဣမာနိ ပဉ္စလက္ခဏာနိ ပဿတိ။

အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာ၏ဖြစ်ချင်းကြောင့်။ဝိညာဏသမုဒယော၊ ဝိညာဏ်၏ဖြစ်ချင်း။ ဣတိ၊ ဤသို့။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း၏ ဖြစ်သောအနက်ကြောင့်။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ချင်းကို။ ပဿတိ၊ ရှု၏။တဏှာသမုဒယာ၊တဏှာ၏ဖြစ်ချင်းကြောင့်။ ဝိညာဏသမုဒယော၊ ဝိညာဏ်၏ဖြစ်ချင်း။ဣတိ၊ ဤသို့၊ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း၏ ဖြစ်သော အနက်ကြောင့်။ ဝိညာဏက္ခန္ဓဿ၊ဝိညာဏက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ချင်းကို။ ပဿတိ၊ ရှု၏။ ကမ္မသမုဒယာ၊ကံ၏ဖြစ်ချင်းကြောင့်။ဝိညာဏသမုဒယော၊ဝိညာဏ်၏ဖြစ်ချင်း။ ဣတိ၊ ဤသို့။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း၏ ဖြစ်သော အနက်ကြောင့်။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ချင်းကို။ ပဿတိ၊ ရှု၏။ နာမရူပသမုဒယာ၊ နာမ်ရုပ်၏ ဖြစ်ချင်းကြောင့်။ ဝိညာဏသမုဒယော၊ ဝိညာဏ်၏ဖြစ်ချင်း။ဣတိ၊ ဤသို့။ ပစ္စယသမုဒယဋ္ဌေန၊အကြောင်း၏ဖြစ်သော အနက်ကြောင့်။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ချင်းကို။ပဿတိ၊ရှု၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်သောသဘောလက္ခဏာကို။ပဿန္တောပိ၊မြင်သော်လည်း။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဥဒယံ၊ဖြစ်ချင်းကို။ပဿတိ၊ ရှု၏။ ။ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ဥဒယံ၊ဖြစ်ချင်းကို။ပဿန္တော၊ရှုသည်ရှိသော်။ဣမာနိပဉ္စလက္ခဏာနိ၊ ဤဥဒယလက္ခဏာ ၅-ပါးတို့ကို။ ပဿတိ၊ရှု၏။

ဝိညာဏက္ခန္ဓာ၏ပျက်သောသဘောကို၊ဝယ-ဟုရှုသည်ရှိသော်၊ အဘယ်ဝယလက္ခဏာ ၅-ပါးတို့ကို ရှုသနည်း။

ဝိညာဏ်ပျက်သောခဏခဏ၊ ယခုအသစ်အသစ်ဖြစ်ချင်း၌ ထိုက်သောအဝိဇ္ဇာ၏ မဖြစ်ချင်းကြောင့်၊ နောင်အသစ်အသစ်ဖြစ်ချင်း၌ထိုက်

သောဝိညာဏ်၏ နောင်အသစ်အသစ်မဖြစ်။ ဤသို့မရှိသော အကြောင်း၏ မရှိသောအကျိုးကိုပြ၍၊ဝိညာဏ်ပျက်သော ခဏခဏ၊ ယခုအသစ်အသစ်ဖြစ်ချင်းငှါ မထိုက်သော အဝိဇ္ဇာ၏ ယခုအကြောင်း မဖြစ်ချင်းကြောင့်၊နောင်အသစ်အသစ် အကျိုးမဖြစ်သော ဝိညာဏက္ခန္ဓာ၏အကျိုးပျက်သောသဘောကို ဝယ–ဟုရှု၏။

ဝိညာဏ်ပျက်သော ခဏ ခဏ၊ ယခု အသစ် အသစ် ဖြစ်ချင်းငှါ ထိုက်သော တဏှာ၏ မဖြစ်ချင်းကြောင့်၊ နောင် အသစ် အသစ် ဖြစ်ချင်းငှါထိုက်သော ဝိညာဏ်၏ နောင် အသစ်အသစ်မဖြစ်။ဤသို့မရှိသောအကြောင်း၏ မရှိသောအကျိုးကိုပြ၍၊ ဝိညာဏ်ပျက်သော ခဏခဏယခုအသစ်အသစ် ဖြစ်ချင်းငှါ မထိုက်သော တဏှာ၏ ယခုအကြောင်း မဖြစ်ချင်းကြောင့်၊ နောင် အသစ်အသစ် အကျိုးမဖြစ်သော ဝိညာဏက္ခန္ဓာ၏ အကျိုးပျက်သောသဘောကို ဝယ–ဟု ရှု၏။

ဝိညာဏ်ပျက်သောခဏခဏ၊ ယခုအသစ်အသစ် ဖြစ်ချင်းငှါ ထိုက်သော ကံ၏မဖြစ်ချင်းကြောင့်၊ နောင်အသစ်အသစ် ဖြစ်ချင်းငှါ ထိုက်သော ဝိညာဏ်၏နောင်အသစ်အသစ်မဖြစ်။ ဤသို့မရှိသော အကြောင်း၏ မရှိသောအကျိုးကိုပြ၍၊ ဝိညာဏ်ပျက်သောခဏခဏ၊ ယခုအသစ်အသစ် ဖြစ်ချင်းငှါမထိုက်သော ကံ၏ ယခုအကြောင်း မဖြစ်ချင်းကြောင့်၊ နောင် အသစ်အသစ်အကျိုးမဖြစ်သော ဝိညာဏက္ခန္ဓာ၏ အကျိုးပျက်သော သဘောကို ဝယ–ဟု ရှု၏။

ဝိညာဏ်ပျက်သော ခဏခဏ၊ ယခုအသစ်အသစ် သက်ချင်းငှါ ထိုက်သော နာမ်ရုပ်၏ မဖြစ်ချင်းကြောင့်၊ ဝိညာဏ်မဖြစ်။ ဤသို့ မရှိသောအကြောင်း၏ မရှိသော အကျိုးကို ပြ၍၊ ဝိညာဏ်ပျက်သော ခဏခဏ၊ ယခုအသစ်အသစ် သက်ချင်းငှါ မထိုက်သော နာမ်ရုပ်၏ ယခု အကြောင်းမဖြစ်ချင်းကြောင့်၊ ယခု အသစ်အသစ် အကျိုးမဖြစ်သောဝိညာဏက္ခန္ဓာ၏ အကျိုးပျက်သောသဘောကို ဝယ–ဟုရှု၏။

ဝိညာဏ်ပျက်သော ခဏခဏ၊ သဘာဝ လက္ခဏာ၊ သာမညလက္ခဏာ၊ သင်္ခတလက္ခဏာ၊ ၃-ပါးတို့တွင်၊ သင်္ခတလက္ခဏာဌာန၊ ခဏအားဖြင့် ပျက်သော သဘောလက္ခဏာကို မြင်သော်လည်း၊ ဝိညာဏက္ခန္ဓာ၏ ခဏပျက်သော သဘောကို ဝယ–ရှု၏။

ဝိညာဏက္ခန္ဓာ၏ ပျက်သော သဘောကို၊ ဝယ-ဟု ရှုသည်ရှိသော်၊ ဤဝယ လက္ခဏာ ၅-ပါးတို့ကိုရှု၏။

> အဝိဇ္ဇာနိရောဓာ ဝိညာဏနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ဝိညာဏက္ခန္ဓဿ ဝယံ ပဿတိ။ တဏှာနိရောဓာ ဝိညာဏနိရောဓောတိ ပစ္စယ နိရောဓဋ္ဌေန ဝိညာဏက္ခန္ဓဿ ဝယံ ပဿတိ။ ကမ္မနိရောဓာ ဝိညာဏနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ဝိညာဏက္ခန္ဓဿ ဝယံ ပဿတိ။ နာမရူပနိရောဓာ ဝိညာဏနိရောဓောတိပစ္စယနိရောဓဋ္ဌေန ဝိညာဏက္ခန္ဓဿဝယံ ပဿတိ။ ဝိပရိဏာမလက္ခဏံ ပဿန္တောပိ ဝိညာဏက္ခန္ဓဿ ဝယံ ပဿတိ။ ။ဝိညာဏက္ခန္ဓဿ ဝယံ ပဿန္တော ဣမာနိ ပဉ္စလက္ခဏာနိ ပဿတိ။

အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာ၏ ချုပ်ချင်းကြောင့်။ ဝိညာဏနိရောဓော၊ ဝိညာဏ်၏ ချုပ်ခြင်း။ ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ ချုပ်သော အနက်ကြောင့်။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဝယံ၊ ပျက်ချင်းကို။ ပဿတိ၊ ရှု၏။တဏှာနိရောဓာ၊ တဏှာ၏ချုပ်ချင်းကြောင့်။ ဝိညာဏ နိရောဓော၊ ဝိညာဏ်၏ ချုပ်ချင်း။ ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ ချုပ်သော အနက်ကြောင့်။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ဝယံ၊ ပျက်ချင်းကို။ ပဿတိ၊ ရှု၏။ ကမ္မနိရောဓာ၊ ကံ၏ချုပ်ချင်းကြောင့်။ ဝိညာဏနိရောဓော၊ ဝိညာဏ်၏ချုပ်ချင်း။ ဣတိ၊ ဤသို့။ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ချုပ်သော အနက်ကြောင့်။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဝယံ၊ ပျက်ချင်းကို။ ပဿတိ၊ ရှု၏။ နာမရူပနိရောဓာ၊ နာမ်ရုပ်၏ချုပ်ချင်းကြောင့်။ ဝိညာဏနိရောဓော၊ ဝိညာဏ်၏ချုပ်ချင်း။ ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ ချုပ်သော အနက်ကြောင့်။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဝယံ၊ ပျက်ချင်းကို။ ပဿတိ၊ ရှု၏။ ဝိပရိဏာမလက္ခဏံ၊ ပျက်သောသဘောလက္ခဏာကို။ ပဿန္တောပိ၊ မြင်သော်လည်း။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဝယံ၊ ပျက်ချင်းကို။ ပဿတိ၊ ရှု၏။ ။ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဝယံ၊ ပျက်ချင်း

ကို၊ ပဿန္တော၊ ရှုသည်ရှိသော်။ ဣမာနိပဉ္စလက္ခဏာနိ၊ ဤဝယလက္ခဏာ ၅-ပါးတို့ကို။ ပဿတိ၊ ရှု၏။

> ပစ္စုပ္ပန္နံ ခန္ဓာနံ ဥဒယံ ပဿန္တော ဣမာနိ ပဉ္စဝိသတိ လက္ခဏာနိ ပဿတိ။ ဝယံ ပဿန္တော ဣမာနိ ပဉ္စဝိသတိ လက္ခဏာနိ ပဿတိ။ ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ပညာသ လက္ခဏာနိ ပဿတိ။

ပစ္စုပ္ပန္နံခန္ဓာနံ၊ ၅-ပါးသောခန္ဓာတို့၏။ ဥဒယံ၊ ဖြစ်ချင်းကို။ ပဿန္တော၊ ရှုသည်ရှိသော်။ ဣမာနိပဉ္စဝိသတိလက္ခဏာနိ၊ ဤ ၂၅-ပါးသော ဥဒယ လက္ခဏာတို့ကို။ ပဿတိ၊ ရှု၏။ ဝယံ၊ ပျက်ချင်းကို၊ ပဿန္တော၊ ရှုသည်ရှိသော်။ ဣမာနိ ပဉ္စဝိသတိလက္ခဏာနိ၊ ဤ ၂၅-ပါးသော ဝယ လက္ခဏာတို့ကို။ ပဿတိ၊ ရှု၏။ ဥဒယဗ္ဗယံ၊ ဖြစ်ချင်းပျက်ချင်းကို။ ပဿန္တော၊ ရှုသည်ရှိသော်။ ဣမာနိပညာသလက္ခဏာနိ၊ ဤ ၅၀-သောဥဒယ-ဝယလက္ခဏာတို့ကို။ ပဿတိ၊ ရှု၏။

ဤသို့မြင်သောခဏ၊ မြင်-မြင်တယ်ဟု အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု ရှုသောဌာန၊ စက္ခုဒွါရိက ဝိထိကျသော စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၊ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ဖောက်ပြန်သော သဘောလက္ခဏာ တခုတခု၊ အစုအစုဖြစ်သော ရုပ်။ ခံစားသော သဘောလက္ခဏာ တခုတခု၊ အစုအစု ဖြစ်သော ဝေဒနာ။ အမှတ်ပြုသော သဘော လက္ခဏာ တခုတခု၊ အစုအစုဖြစ်သောသညာ။ အားထုတ်သောသဘော လက္ခဏာ တခုတခု၊ အစုအစုဖြစ်သောသင်္ခါရ။ အာရုံပြုသော သဘောလက္ခဏာ တခုတခု၊ အစုအစုဖြစ်သော ဝိညာဏ်။ ဤသို့တခုတခု၊ အစုအစုဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ခန္ဓာ ၅-ပါးတို့၏ ဖြစ်ပျက်သော သဘောကို၊ ဖြစ်ပျက်သဟုရှုသည်ရှိသော်၊ ဖြစ်သောသဘောကို ဥဒယ-ဟု ရှုသောဌာန ၂၅-ပါးတို့တွင်၊ အကြောင်း ဥဒယ—၂၀၊ ခဏ ဥဒယ ၅-ပါး၊ အကျယ်အားဖြင့် ထင်ရှားသတည်း။

အကြောင်းဥဒယ ခဏဥဒယ ၂-ပါးတို့တွင်၊ အဘယ်သို့ အကြောင်းဥဒယ ၂၀၊အကျယ်အားဖြင့်ထင်ရှားသနည်း။

အဝိဇ္ဇာဖြစ်ချင်းကြောင့်၊ ရုပ်ဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ တဏှာ ဖြစ်ချင်းကြောင့်၊ ရုပ်ဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ ကံဖြစ်ချင်းကြောင့်၊ ရုပ်ဖြစ်သဟု ရှုသောဌာန အကြောင်း ဥဒယတပါး။ အာဟာရဖြစ်ချင်းကြောင့်၊ ရုပ်ဖြစ်သဟု ရှုသောဌာန၊ အကြောင်း ဥဒယတပါး။ ဤသို့ ရုပ်၏အကြောင်းဥဒယ ၄-ပါး။

အဝိဇ္ဇာဖြစ်ချင်းကြောင့်၊ ဝေဒနာဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ တဏှာဖြစ်ချင်းကြောင့်၊ ဝေဒနာဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ ကံဖြစ်ချင်းကြောင့်၊ ဝေဒနာဖြစ်သဟု ရှုသောဌာန၊ အကြောင်း ဥဒယတပါး။ ဖဿဖြစ်ချင်းကြောင့်၊ ဝေဒနာဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ ဤသို့ ဝေဒနာ၏ အကြောင်း ဥဒယ ၄-ပါး။

အဝိဇ္ဇာဖြစ်ချင်းကြောင့်၊ သညာဖြစ်သဟု ရှုသောဌာန၊ အကြောင်း ဥဒယတပါး။ တဏှာဖြစ်ချင်းကြောင့်၊ သညာဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ ကံဖြစ်ချင်းကြောင့်၊ သညာဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ ဖဿဖြစ်ချင်းကြောင့်၊ သညာဖြစ်သဟု ရှုသောဌာန၊ အကြောင်း ဥဒယတပါး။ ဤသို့သညာ၏ အကြောင်း ဥဒယ ၄-ပါး။

အဝိဇ္ဇာဖြစ်ချင်းကြောင့်၊ သင်္ခါရဖြစ်သဟု ရှုသောဌာန၊ အကြောင်း ဥဒယတပါး။ တဏှာဖြစ်ချင်းကြောင့်၊ သင်္ခါရဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ ကံဖြစ်ချင်းကြောင့်၊ သင်္ခါရဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ ဖဿဖြစ်ချင်းကြောင့်၊သင်္ခါရဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ ဤသို့သင်္ခါရ၏ အကြောင်း ဥဒယ ၄-ပါး။

အဝိဇ္ဇာဖြစ်ချင်းကြောင့်၊ဝိညာဏ်ဖြစ်သဟု ရှုသောဌာန၊ အကြောင်း ဥဒယတပါး။ တဏှာဖြစ်ချင်းကြောင့်၊ ဝိညာဏ်ဖြစ်သဟု ရှုသော

ဌာန၊ အကြောင်းဥဒယတပါး။ ကံဖြစ်ချင်းကြောင့်၊ ဝိညာဏ်ဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။နာမ်ရုပ်ဖြစ်ချင်းကြောင့်၊ဝိညာဏ် ဖြစ်သဟု ရှုသောဌာန၊ အကြောင်းဥဒယတပါး။ ဤသို့ ဝိညာဏ်၏ အကြောင်းဥဒယ ၄-ပါး။

ဤသို့အကြောင်းဥဒယ-၂၀၊ အကျယ်အားဖြင့်ထင်ရှားသတည်း။

အဘယ်သို့ ခဏဥဒယ ၅-ပါး၊ အကျယ်အားဖြင့် ထင်ရှား သနည်း။

အကြောင်းတစုံတခုမရှိ၊ ရုပ်၏အစ ဖြစ်သောကာလကို၊ ရုပ်၏အစ ဖြစ်သောကာလဟု ရှုသောဌာန၊ခဏဥဒယတပါး။ အကြောင်းတစုံတခု မရှိ၊ ဝေဒနာ၏အစ ဖြစ်သောကာလကို၊ ဝေဒနာ၏အစ ဖြစ်သောကာလ ဟု ရှုသောဌာန၊ခဏဥဒယတပါး။အကြောင်းတစုံတခုမရှိ၊သညာ၏အစ ဖြစ်သောကာလကို၊ သညာ၏အစ ဖြစ်သောကာလဟု ရှုသောဌာန၊ ခဏဥဒယတပါး။ အကြောင်းတစုံတခုမရှိ၊ သင်္ခါရ၏အစ ဖြစ်သော ကာလကို၊ သင်္ခါရ၏အစ ဖြစ်သောကာလဟု ရှုသောဌာန၊ ခဏဥဒယ တပါး။ အကြောင်းတစုံတခုမရှိ၊ ဝိညာဏ်၏အစ ဖြစ်သောကာလကို၊ ဝိညာဏ်၏အစ ဖြစ်သောကာလဟု ရှုသောဌာန၊ ခဏဥဒယတပါး။

ဤသို့ခဏ ဥဒယ ၅-ပါး၊ အကျယ်အားဖြင့် ထင်ရှားသတည်း။

ခန္ဓာ ၅-ပါးတို့၏ဖြစ်ပျက်သောသဘောကို၊ ဖြစ်ပျက်သဟု ရှုသည် ရှိသော်၊ ပျက်သောသဘောကို ဝယ-ဟု၊ရှုသောဌာန၊ ၂၅-ပါးတို့တွင်၊ အကြောင်း ဝယ-၂၀၊ ခဏ ဝယ ၅-ပါး၊ အကျယ်အားဖြင့် ထင်ရှား သတည်း။

အကြောင်းဝယ ခဏဝယ ၂-ပါးတို့တွင်၊ အဘယ်သို့အ ကြောင်းဝယ-၂၀၊အကျယ်အားဖြင့် ထင်ရှားသနည်း။

အဝိဇ္ဇာချုပ်ချင်းကြောင့်၊ ရုပ်ပျက်သဟု ရှုသောဌာန၊ အကြောင်း ဝယတပါး။ တဏှာချုပ်ချင်းကြောင့်၊ ရုပ်ပျက်သဟု ရှုသောဌာန၊ အကြောင်းဝယတပါး။ ကံချုပ်ချင်းကြောင့်၊ ရုပ်ပျက်သဟု ရှုသောဌာန၊ အကြောင်း ဝယဘပါး။ အာဟာရ ချုပ်ချင်းကြောင့်၊ ရုပ်ပျက်သဟု

ရှုသောဉာဏ်၊ အကြောင်းဝယတပါး။ ဤသို့ ရုပ်၏အကြောင်းဝယ ၄-ပါး။

အဝိဇ္ဇာခြုပ်ချင်းကြောင့်၊ဝေဒနာပျက်သဟု ရှုသောဉာဏ်၊အကြောင်း ဝယတပါး။ တဏှာခြုပ်ချင်းကြောင့်၊ ဝေဒနာပျက်သဟု ရှုသောဉာဏ်၊ အကြောင်းဝယတပါး။ ကံခြုပ်ချင်းကြောင့်၊ ဝေဒနာပျက်သဟု ရှုသော ဉာဏ်၊အကြောင်းဝယတပါး၊ဖဿခြုပ်ချင်းကြောင့်၊ ဝေဒနာပျက်သဟု ရှုသောဉာဏ်၊ အကြောင်းဝယတပါး။ ဤသို့ဝေဒနာ၏အကြောင်းဝယ ၄-ပါး။

အဝိဇ္ဇာ ခြုပ်ချင်းကြောင့်၊ သညာ ပျက်သဟု ရှုသော ဉာဏ်၊ အကြောင်းဝယတပါး။ တဏှာခြုပ်ချင်းကြောင့်၊ သညာပျက်သဟု ရှုသောဉာဏ်၊အကြောင်း ဝယတပါး။ ကံခြုပ်ချင်းကြောင့်၊သညာ ပျက် သဟု ရှုသောဉာဏ်၊ အကြောင်း ဝယတပါး။ ဖဿခြုပ်ချင်းကြောင့်၊ သညာပျက်သည်ဟု ရှုသောဉာဏ်၊အကြောင်းဝယတပါး။ဤသို့သညာ ၏ အကြောင်းဝယ ၄-ပါး။

အဝိဇ္ဇာ ခြုပ်ချင်းကြောင့်၊ သင်္ခါရ ပျက်သဟု ရှုသောဉာဏ်၊ အကြောင်း ဝယတပါး။ တဏှာခြုပ်ချင်းကြောင့်၊ သင်္ခါရ ပျက်သ ဟု ရှုသောဉာဏ်၊အကြောင်း ဝယတပါး။ ကံခြုပ်ချင်းကြောင့်၊သင်္ခါရ ပျက်သဟု ရှုသောဉာဏ်၊အကြောင်းဝယတပါး။ ဖဿခြုပ်ချင်းကြောင့်၊ သင်္ခါရပျက်သဟု ရှုသောဉာဏ်၊ အကြောင်းဝယတပါး။ ဤသို့သင်္ခါရ ၏အကြောင်းဝယ ၄-ပါး။

အဝိဇ္ဇာ ခြုပ်ချင်းကြောင့်၊ ဝိညာဏ် ပျက်သဟု ရှုသောဉာဏ်၊ အကြောင်းဝယတပါး။ တဏှာခြုပ်ချင်းကြောင့်၊ ဝိညာဏ်ပျက်သဟု ရှုသောဉာဏ်၊ အကြောင်း ဝယ တပါး။ ကံခြုပ်ချင်းကြောင့်၊ ဝိညာဏ် ပျက်သဟု ရှုသောဉာဏ်၊ အကြောင်း ဝယ တပါး။ နာမ်ရုပ် ခြုပ်ချင်း ကြောင့်၊ ဝိညာဏ်ပျက်သဟု-ရှုသောဉာဏ်၊ အကြောင်း ဝယတပါး။ ဤသို့ ဝိညာဏ်၏ အကြောင်းဝယ ၄-ပါး။

ဤသို့အကြောင်းဝယ-၂၀၊ အကျယ်အားဖြင့် ထင်ရှားသတည်း။

အဘယ်သို့ ခဏဝယ ၅–ပါး၊ အကျယ် အားဖြင့် ထင်ရှားသနည်း။

အကြောင်းတစုံတခုမရှိ၊ ရုပ်၏အဆုံး ပျက်သောကာလကို၊ ရုပ်၏အဆုံး ပျက်သောကာလဟု၊ ရှုသောဌာန၊ ခဏဝယတပါး။ အကြောင်းတစုံတခုမရှိ၊ ဝေဒနာ၏အဆုံး-ပျက်သောကာလကို၊ ဝေဒနာ၏အဆုံး-ပျက်သောကာလဟု ရှုသောဌာန၊ ခဏဝယတပါး။ အကြောင်းတစုံတခုမရှိ၊ သညာ၏အဆုံး ပျက်သောကာလကို၊ သညာ၏အဆုံး ပျက်သောကာလဟု၊ ရှုသောဌာန၊ ခဏဝယတပါး။ အကြောင်းတစုံတခုမရှိ၊ သင်္ခါရ၏အဆုံး ပျက်သော ကာလကို၊ သင်္ခါရ၏အဆုံး ပျက်သော ကာလဟု ရှုသောဌာန၊ ခဏဝယတပါး။ အကြောင်းတစုံတခုမရှိ၊ ဝိညာဏ်၏အဆုံး ပျက်သောကာလကို၊ ဝိညာဏ်၏ အဆုံး ပျက်သော ကာလဟု၊ ရှုသောဌာန၊ ခဏဝယတပါး။ ဤသို့ခဏဝယ ၅-ပါး၊ အကျယ်အားဖြင့်ထင်ရှားသတည်း။

ဤသို့ ၅-ပါး၊ ၅-ပါးသော ခန္ဓာတို့၏ဖြစ်ပျက်သော သဘောကို၊ တပြိုင်နက်-တချက်တည်း၊ ဖြစ်ပျက်သဟု- ဉာဏ်တဉာဏ်တည်းဖြင့် ရှုသော ယောဂီအား၊ အကြောင်းဥဒယ–၂၀၊ ခဏဥဒယ ၅–ပါး၊ အကြောင်းဝယ–၂၀၊ခဏဝယ ၅–ပါး၊ အကြင်အခါကာလ၊အကျယ်အားဖြင့်ထင်ရှား၏၊ ထိုအခါကာလ၊သစ္စာ၏အပြား ၄-ပါး၊ပဋိစ္စသမုပ္ပါဒ်၏အပြား ၃-ပါး၊ နည်း၏အပြား ၄-ပါး၊ လက္ခဏာ၏အပြား ၃-ပါး၊ ထင်ရှားသတည်း။

အဘယ်သို့သစ္စာ၏ အပြား ၄–ပါး၊ထင်ရှားသနည်း။

အကြောင်းဖြစ်သဟု- ရှုသောယောဂီအား၊ သမုဒယသစ္စာထင်ရှား၏။အဘယ်ကြောင့်နည်း၊ အကြောင်းကား-အကျိုးကိုဖြစ်စေတတ်၏ဟု သိသောကြောင့်တည်း။ ။ခဏဖြစ်သဟု ရှုသောယောဂီအား၊ ဒုက္ခသစ္စာထင်ရှား၏။ အဘယ်ကြောင့်နည်း။ ဖြစ်-ဆင်းရဲဟု သိသောကြောင့်တည်း။ အကြောင်း ပျက်သဟု ရှုသောယောဂီအား၊ နိရောဓသစ္စာထင်ရှား၏။ အဘယ်ကြောင့်နည်း။ အကြောင်း မဖြစ်သော်ကား၊ အကျိုးမဖြစ်ဟု သိသောကြောင့်တည်း။ ။ခဏပျက်သဟု ရှုသောယောဂီအား၊ဒုက္ခသစ္စာထင်ရှား၏။ အဘယ်ကြောင့်နည်း။ ပျက်-ဆင်းရဲဟု သိသောကြောင့်တည်း။

ဖြစ်ပျက်သဟု- ရှုသော ယောဂီ၏ဉာဏ်အား၊ လောကီမဂ်သစ္စာထင်ရှား၏။ အဘယ်ကြောင့်နည်း။ ပုဗ္ဗဘာဂ၊ မင်္ဂနှင့်ကျသော-အနိစ္စ အသမ္မောဟ၊ ဒုက္ခအသမ္မောဟ၊ အနတ္တအသမ္မောဟ-ဖြင့်၊ ဒိဋ္ဌိဂါဟ၊ မာနဂါဟ၊ တဏှာဂါဟ၊ မင်္ဂများကျသော– နိစ္စသမ္မောဟ၊ သုခသမ္မောဟ၊ အတ္တသမ္မောဟကိုပယ်သောကြောင့်တည်း။

ဤသို့သစ္စာ၏ အပြား ၄-ပါး၊ ထင်ရှားသတည်း။

အဘယ်သို့ပဋိစ္စသမုပ္ပါဒ်၏အပြား ၃–ပါးထင်ရှားသနည်း။

အကြောင်းဖြစ်သဟု ရှုသော ယောဂီအား၊ အနုလောမပဋိစ္စသမုပ္ပါဒ်ထင်ရှား၏။ အဘယ်ကြောင့်နည်း။ ဤအကြောင်းရှိသော်ကား၊ ဤအကျိုး ဖြစ်သဟု သိသော ကြောင့်တည်း။ ။အကြောင်းပျက်သဟု- ရှုသော ယောဂီအား၊ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ထင်ရှား၏။ အဘယ်ကြောင့်နည်း။ ဤအကြောင်းမရှိသော်ကား၊ ဤအကျိုးမဖြစ်ဟု၊ ဤအကြောင်းချုပ်သော်ကား၊ ဤအကျိုးချုပ်သဟု သိသောကြောင့်တည်း။ ။ခဏဖြစ်ပျက်သဟု ရှုသော ယောဂီအား၊ ပဋိစ္စသမုပ္ပါဒ်အကျိုးတရားထင်ရှား၏။ အဘယ်ကြောင့်နည်း။ ဥပါဒ်၊ ဌီ၊ ဘင်၊သင်္ခတလက္ခဏာဟု သိသော ကြောင့်တည်း။ ။ဥပါဒ်၊ ဌီ၊ ဘင်၊ သင်္ခတလက္ခဏာမည်သည်ကား ဖြစ်သောသဘော၊ ပျက်သောသဘောတည်း၊ ဖြစ်သောသဘော–ပျက်သော သဘောမည်သည်ကား၊ပဋိစ္စ သမုပ္ပါဒ်၏ အကျိုးတရားတည်း။

ဤသို့ ပဋိစ္စသမုပ္ပါဒ်၏ အပြား၊ ၃-ပါး၊ထင်ရှားသတည်း။

အဘယ်သို့ နည်း၏အပြား ၄–ပါးထင်ရှားသနည်း။

အကြောင်းဖြစ်သဟု ရှုသော ယောဂီအား၊ ဧကတ္တနည်းထင်ရှား၏။ အဘယ်ကြောင့်နည်း။ အကြောင်း အကျိုးစပ်သောအားဖြင့်၊ ဘဝ အလျဉ်-အစဉ်မပြတ်ဟု၊ သိသောကြောင့်တည်း။ ထိုသို့သိသောကာလ၊ ဥစ္ဆေဒဒိဋ္ဌိကို ပယ်၏။ ။ခဏ ဖြစ်သဟု ရှုသော ယောဂီအား၊ နာနတ္တနည်းထင်ရှား၏။ အဘယ်ကြောင့်နည်း။ အသစ်အသစ်ဖြစ်သဟု သိသောကြောင့်တည်း။ ထိုသို့သိသောကာလ၊ သဿတဒိဋ္ဌိကိုပယ်၏။အကြောင်းဖြစ်ပျက်သဟု ရှုသောယောဂီအား၊ အဗျာပါရနည်းထင်

ရှား၏။အဘယ်ကြောင့်နည်း။ အကြောင်းတရားတို့၏ အလိုသို့-အကျိုးတရားတို့ကမလိုက်။အကျိုးတရားတို့၏အလိုသို့-အကြောင်းတရားတို့က မလိုက်ဟု၊သိသောကြောင့်တည်း။ ထိုသို့သိသောကာလ၊ အဗျာပါရဣန္ဒြေကို ပယ်၏။ ။အကြောင်းဖြစ်သဟု ရှုသောယောဂီအား၊ဧဝံ ဓမ္မတာနည်း ထင်ရှား၏။ အဘယ်ကြောင့်နည်း။ ကုသိုလ်အကြောင်းအားလျော်စွာ၊ ကုသိုလ် အကျိုးဖြစ်သဟု၊ အကုသိုလ် အကြောင်းအား လျော်စွာ၊ အကုသိုလ်အကျိုးဖြစ်သဟု၊ သိသောကြောင့်တည်း။ ထိုသို့သိသော ကာလ အကိရိယဒိဋ္ဌိကိုပယ်၏။

ဤသို့ နည်း၏အပြား၊၄-ပါးထင်ရှားသတည်း။

အဘယ်သို့ လက္ခဏာ၏အပြား၊၃- ပါးထင်ရှားသနည်း။

အကြောင်း ဖြစ်သဟု ရှုသော ယောဂီအား၊ အနတ္တ လက္ခဏာ ထင်ရှား၏။ အဘယ်ကြောင့်နည်း၊ သဘောတရားတို့၏ မိမိအလိုလို-ဖြစ်အောင် အားထုတ်သည်မရှိ၊ အကြောင်းတပါးနှင့်စပ်၍ ဖြစ်သဟု၊ သိသောကြောင့်တည်း။ ။ခဏဖြစ်ပျက်သဟု ရှုသော ယောဂီအား၊ အနိစ္စလက္ခဏာထင်ရှား၏။ အဘယ်ကြောင့်နည်း။ ဖြစ်ပြီး၍ မရှိဟု-သိသောကြောင့်တည်း။ ဖြစ်ပြီးသော်လည်း၊ ဖြစ်သောအစ- ရှေ့အစွန်းဗိတ်ပိတ်၊ပျက်ပြီးသော်လည်း၊ပျက်သောအဆုံး-နောက်အစွန်းဗိတ်ပိတ်၊ ဆိတ်သဟု- သိသောကြောင့်တည်း။ ။ခဏ ဖြစ်ပျက်သဟု ရှုသော ယောဂီအား၊ ဒုက္ခလက္ခဏာထင်ရှား၏၊ အဘယ်ကြောင့်နည်း။ ဖြစ်ချင်း ပျက်ချင်းဖြင့် နှိပ်စက်သဟု-သိသောကြောင့်တည်း။ ။ခဏဖြစ်ပျက် သဟု ရှုသောယောဂီအား၊ သဘာဝလက္ခဏာ ထင်ရှား၏။ အဘယ် ကြောင့်နည်း။ တခုတခုသောသဘောတရားတို့၏ ရှေ့အစွန်းကိုဖြစ်ချင်း ဖြင့်၊ နောက်အစွန်းကို ပျက်ချင်းဖြင့်၊ ပိုင်းခြားသဟု သိသောကြောင့် တည်း။ ။ခဏဖြစ်ပျက်သဟု ရှုသောယောဂီအား၊သဘာဝလက္ခဏာ၌၊သင်္ခတလက္ခဏာ၏ အခိုက်အတန့်ထင်ရှား၏။ အဘယ်ကြောင့်နည်း။ ဖြစ်သော ခဏ၌ပျက်သော သဘောမရှိ၊ ပျက်သောခဏ၌ဖြစ်သော သဘောမရှိဟု သိသောကြောင့်တည်း။

ဤသို့လက္ခဏာ၏အပြား၊ ၃-ပါးထင်ရှားသတည်း။

ဤမျှသောဝိပဿနာ၊ ဘာဝနာအစီအရင်၊ ယခု အားထုတ်သော အစဉ်ဖြင့်၊ ၅-ပါး ၅-ပါးသောခန္ဓာတို့၏ဖြစ်ပျက်သောသဘောကို၊ဖြစ်ပျက်သဟု၊ ရှုသောဤယောဂီသည်၊ ပျက်သောခဏကို အာရုံမပြုသော်လည်း၊ ပျက်သောသဘောသည်သာလျှင်ဖြစ်သဟု၊ ဖြစ်သောသဘောကို။ ဖြစ်သောခဏကို အာရုံမပြုသော်လည်း၊ ဖြစ်သောသဘောသည်သာလျှင် ပျက်သဟု၊ ပျက်သောသဘောကို။ ယခုလက်ရှိ မိမိအတ္တဘော၌ ဖြစ်ပျက်သဟု၊ ရှုသောစိတ်၏ မျက်မှောက်ပြုသော အခြင်းအရာအားဖြင့်၊ ၂၅-ပါးသော ဥဒယ၊ ၂၅-ပါးသော ဝယ၊အမျှ ၅၀-သောလက္ခဏာတို့ကို၊ ဖြစ်ပျက်သဟု ရှုသောဉာဏ် တဉာဏ်တည်းဖြင့်၊ ထိုးထွင်းသိမြင်၍တည်သော၊ ဥဒယဗ္ဗယာနုပဿနာမည်သော တရုဏ ဝိပဿနာဉာဏ်ကို၊ အကြင်အခါကာလ ရ၏။ ထိုအခါကာလ၊ ဥဒယဗ္ဗယာနုပဿနာမည်သော အကြင် တရုဏဝိပဿနာဉာဏ်ကို ရချင်း၌ အားထုတ်သော ယောဂီပုဂ္ဂိုလ်ဟူသော အရေအတွက်သို့ရောက်၏။

> ဧတ္တာဝတာနေန ဝယဓမ္မမေဝ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နဉ္စ ဝယံ ဥပေတီတိ ဣမိနာ အာကာရေန သမပညာသ လက္ခဏာနိ ပဋိဝိဇ္ဈိတွာ ဌိတံ ဥဒယဗ္ဗယာနုပဿနံ နာမ တရုဏဝိပဿနာဉာဏံ အဓိဂတံ ဟောတိ၊ယဿာဓိဂမာ အာရဒ္ဓ ဝိပဿကောတိ သင်္ခံ ဂစ္ဆတိ။

ဧတ္တာဝတာ၊ ဤမျှဖြင့်။ အနေန၊ ဤယောဂီသည်။ ဝယဓမ္မမေဝ၊ ပျက်သောသဘောသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ဥပ္ပန္နဉ္စ၊ ဖြစ်သောသဘောသည်လည်း။ ဝယံ၊ ပျက်ချင်းသို့။ ဥပေတိ၊ ရောက်၏။ ဣတိဣမိနာ အာကာရေန၊ ဤအခြင်းအရာအားဖြင့်။ သမပညာသလက္ခဏာနိ၊ အမျှ ၅၀-သောလက္ခဏာတို့ကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်းသိမြင်၍။ ဌိတံ၊ တည်သော။ ဥဒယဗ္ဗယာနုပဿနံ နာမ၊ ဥဒယဗ္ဗယာနုပဿနာမည်သော။ တရုဏဝိပဿနာဉာဏံ၊ တရုဏဝိပဿနာဉာဏ်ကို။ အဓိဂတံ၊ရအပ်သည်။ ဟောတိ၊ ဖြစ်၏။ ယဿ၊ ဥဒယဗ္ဗယာ နုပဿနာမည်သော အကြင်တရုဏဝိပဿနာဉာဏ်ကို။ အဓိဂမာ-အဓိဂမာယ၊ ရချင်း၌။ အာရဒ္ဓဝိပဿကောတိသင်္ခံ၊ အားထုတ်သောယောဂီပုဂ္ဂိုလ်ဟူသော အရေအတွက်သို့။ ဂစ္ဆတိ၊ရောက်၏။

ထိုသို့ရောက်သောကာလ၊ တရုဏဝိပဿနာကို အားထုတ်သော ဤယောဂီအား၊ ၁၀-ပါးသောဝိပဿနာ၏ အညစ်အကြေးတို့သည်၊ ဂါဟ၏အကြောင်း၊ တပေါင်းတည်းဖြစ်ကြကုန်၏။

ဆယ်ပါးဟူသော်ကား။ ။ဩဘာသတပါး၊ ဉာဏ်တပါး၊ ပီတိတပါး၊ ပဿဒ္ဓိတပါး၊ သုခတပါး၊ အဓိမောက္ခတပါး၊ ပဂ္ဂဟတပါး၊ ဥပဋ္ဌာနတပါး၊ဥပေက္ခာတပါး၊ နိကန္တိတပါး။ ။ဤဆယ်ပါးတို့တည်း။

ထိုဆယ်ပါးတို့တွင်၊

ဩဘာသကား၊ ဝိပဿနာ၏အရောင်အလင်းတည်း။ ထိုအရောင်အလင်းသည်လည်း၊ဝိပဿနာစိတ်ကြောင့် ဖြစ်သော အရောင်အလင်း တပါး။ အလင်းနှင့်တကွ ဖြစ်စဉ်ကျသော ကလာပ်ရုပ်အစု၊ ဥတုကြောင့် ဖြစ်သော အရောင်အလင်းတပါး။ ထို ၂-ပါးတို့တွင်၊ ဝိပဿနာစိတ်ကြောင့်ဖြစ်သော အရောင်အလင်းသည်ကား၊ ယောဂီ၏ကိုယ်၌သာလျှင် ထွန်းလင်းတောက်ပ၏။ ဥတုကြောင့်ဖြစ်သော အရောင်အလင်းသည်ကား၊ဝိပဿနာဉာဏ်အာနုဘော်ရှိသည်အားလျော်စွာ၊ထက်ဝန်းကျင်မှ ထွန်းလင်းတောက်ပ၏။ ထက်ဝန်းကျင်မှ ထွန်းလင်း တောက်ပသော ထိုအရောင်အလင်းသည်လည်း၊ ထိုယောဂီအားသာလျှင် ထင်၏၊ သူတပါးအား မထင်။ ထိုအရောင်အလင်းနှင့် တွေ့သော အရုပ်ဟူသမျှ၌ တည်ရှိသော အဆင်းဟူသမျှကိုလည်း၊ ထိုယောဂီ သာလျှင် မြင်၏။ သူတပါးမမြင်။ မြင်သော်လည်း၊ စက္ခုဝိညာဏ်ဖြင့်တည်းမြင်သလော။ ထိုသို့မဟုတ်၊ မနောဝိညာဏ်ဖြင့်တည်း မြင်သလော။ ဤသို့စောကြောစစ်ဆေး မေးသည်ရှိသော်၊ စက္ခုဝိညာဏ်ဖြင့် မမြင်၊ မနောဝိညာဏ်ဖြင့် သာလျှင်မြင်၏။မနောဝိညာဏ်ဖြင့် သာလျှင် မြင်ကောင်းသော၊ ထိုအရောင်အလင်းသည်လည်း၊ ဖြစ်သည်ရှိသော်၊ ၅-ပါး ၅-ပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ အနိစ္စ ဟု ရှုသော ယောဂီအား ဖြစ်၏။ ဖြစ်သောကာလ၊ဤသို့သဘောရှိသောအရောင်အလင်းကို လွတ်ချင်းသည်လည်း၊ ငါ၏မဂ်ပင်တည်းဟု၊ ဝိပဿနာ၏ အရောင်အလင်းကို၊ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုယူမှားသောဒိဋ္ဌိဂါဟဖြင့်လည်းဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုမြတ်နိုးမှားသော မာနဂါဟဖြင့်လည်း ဆင်ခြင်မိ၏။မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုသာယာမှားသောတဏှာဂါဟ

ဖြင့်လည်း ဆင်ခြင်မိ၏။ ထိုဝိပဿနာ၏ အရောင်အလင်းကို ဆင်ခြင်ချင်းကြောင့်၊ ပျံ့လွင့်ချင်းသည်၊ ဥဒ္ဒစ္စမည်၏။ ထိုဥဒ္ဒစ္စဖြင့်၊ ငါသည်မဂ်ကို ရပြီတကားဟု ယူမှားသောစိတ်၊ တိက်ဖြစ်၏။ ယူမှားသောစိတ်၊ တိက် ဖြစ်သောကာလ၊ ၅-ပါး ၅-ပါးသောခန္ဓာတို့၏ ဖြစ်ပျက်သောသဘော ကို အနိစ္စဟု- ထင်တိုင်း ဟုတ်တိုင်းမသိ၊ ဒုက္ခဟု-ထင်တိုင်းဟုတ်တိုင်း မသိ၊ အနတ္တဟု-ထင်တိုင်းဟုတ်တိုင်းမသိ၊ ငါသည်မဂ်ကိုရပြီတကားဟု၊ အားရဝမ်းသာ၊ သမ္မောဟ အရာသာဖြစ်၍၊ ဝိပဿနာကို လွှတ်၏။ ဝိပဿနာ၏ အရောင်အလင်းကိုသာလျှင်၊ သာယာစုံမက်၊ တငဲ့ကွက် ကွက်၊ မက်၍သာနေ၏။

> အနိစ္စတော မနသိကရောတော ဩဘာသော ဥပ္ပဇ္ဇတိ၊ ဩဘာသော ဝမ္မောတိ ဩဘာသံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဒစ္စံ၊ တေန ဥဒ္ဒစ္စေန ဝိဂ္ဂဟိတ မာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ၊ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။

အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီ အား။ ဩဘာသော၊ အရောင်အလင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဩဘာသော၊ အရောင်အလင်းသည်။ ဓမ္မော၊ မဂ်တည်း။ ဣတိ၊ ဤသို့။ ဩဘာသံ၊ အရောင်အလင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ တတော၊ ထိုကြောင့်။ ဝိက္ခေပေါ၊ ပျံ့လွင့်ချင်းသည်။ ဥဒ္ဒစ္စံ၊ ဥဒ္ဒစ္စမည်၏။ တေန ဥဒ္ဒစ္စေန၊ ထိုဥဒ္ဒစ္စဖြင့်။ ဝိဂ္ဂဟိတမာနသော၊ မဂ်ဟုယူမှားသော စိတ်သည်။ အနိစ္စ တော၊ အနိစ္စဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပ္ပဇာ နာတိ၊ မသိ။ ဒုက္ခတော၊ ဒုက္ခဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပ္ပဇာနာတိ၊ မသိ။ အနတ္တတော၊ အနတ္တဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပ္ပဇာနာတိ၊ မသိ။

> ဩဘာသောတိ ဝိပဿနောဘာသော။ တသ္မိံ ဥပ္ပန္နေ ယောဂါဝစရော န ဝတ မေ ဣတော ပုဗ္ဗေ ဧဝ ရူပေါ ဩဘာသော ဥပ္ပန္နပုဗ္ဗော။ အဒ္ဓါ မဂ္ဂ ပတ္တောသ္မိ ဖလပတ္တောသ္မီတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလမေဝစ ဖလန္တိ ဂဏှာတိ။ တဿ ဧဝံ အမဂ္ဂံ မဂ္ဂေါတိ အဖလံ ဖလန္တိ ဂဏှတော ဝိပဿနာဝီထိ

ဥက္ကဋ္ဌာ နာမ ဟောတိ။ သော အတ္တနော မူလကမ္မဋ္ဌာနံ၊
ဝိဿဇ္ဇေတွာ ဩဘာသမေဝ အဿာဒေန္တော နိသီဒတိ။

ဩဘာသောတိ၊ ဩဘာသောဟူသည်ကား။ ဝိပဿနောဘာသော၊ ဝိပဿနာ၏ အရောင်အလင်းတည်း။ တသ္မိံ၊ ထိုအရောင်အလင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ယောဂါဝစရော၊ ယောဂီသည်။ ဣတော၊ ယခုအခါကာလမှ။ ပုဗ္ဗေ၊ ရှေးအခါကာလ၌။ ဝတ၊ စင်စစ်။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ဩဘာသော၊ အရောင်အလင်းသည်။ မေ၊ ငါ့အား။ နဥပ္ပန္နပုဗ္ဗော၊ မဖြစ်စဘူး။ အဒ္ဓါ၊ စင်စစ်။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဖလပတ္တော၊ ဖိုလ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်ဘဲသာလျှင်။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလမေဝ၊ ဖိုလ်မဟုတ်ဘဲသာလျှင်လည်း။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှာတိ၊ ယူမှား၏။ ဧဝံ၊ ဤသို့။ အမဂ္ဂံ၊ မဂ်မဟုတ်ဘဲ။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလံ၊ ဖိုလ်မဟုတ်ဘဲ။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှတော၊ ယူမှားသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာဝီထိ၊ ဝိပဿနာအစဉ်သည်။ ဥက္ကဋ္ဌာနာမ၊ ချန်ကျော်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောဂီသည်။ အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ ဩဘာသမေဝ၊ ဝိပဿနာ၏ အရောင်အလင်းကိုသာလျှင်။ အဿာဒေန္တော၊ သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်သည်ဖြစ်၍။ နိသီဒတိ၊ နေ၏။

မမ ဩဘာသော ဥပ္ပန္နောတိ ဂဏှတော ဟိ ဒိဋ္ဌိဂါဟော ဟောတိ။ မနာပေါ ဝတ ဩဘာသော ဥပ္ပန္နောတိ ဂဏှတော မာနဂါဟော။ ဩဘာသံ အဿာဒယတော တဏှာဂါဟော။ ဣတိ ဩဘာသေ ဒိဋ္ဌိမာန တဏှာဂါဟဝသေန တယောဂါဟာ၊ တေသံ ဝသေန အကုသလော အဗျတ္တော ယောဂါဝစရော ဩဘာသေ ကမ္ပတိ ဝိက္ခိပတိ၊ ဩဘာသံ ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသောမေအတ္တာတိ သမနုပဿတိ။

မမ၊ ငါ၏။ ဩဘာသော၊ အရောင် အလင်းသည်။ ဥပ္ပန္နော၊ ဖြစ်သည်တကား။ ဣတိ၊ ဤသို့။ ဂဏှတော၊ ယူမှားသောယောဂီအား။ ဒိဋ္ဌိဂါဟော၊ ဒိဋ္ဌိဂါဟသည်။ ဟောတိ၊ ဖြစ်၏။ ဥပ္ပန္နော၊ ဖြစ်သော။ ဩဘာသော၊ အရောင်အလင်းသည်။ မနာပေါ ဝတ၊ မြတ်နိုးဘွယ်တကား။ ဣတိ၊

ဤသို့။ဂဏှတော၊ ယူမှားသောယောဂီအား။ မာနဂါဟော၊ မာနဂါဟ
သည်။ဟောတိ၊ဖြစ်၏။ဩဘာသံ၊အရောင်အလင်းကို။အဿာဒယတော၊
သာယာသော ယောဂီအား။ တဏှာဂါဟော၊ တဏှာဂါဟသည်။
ဟောတိ၊ဖြစ်၏။ ဣတိ၊ဤသို့။ဩဘာသေ၊ အရောင်အလင်း၌။ ဒိဋ္ဌိမာန
တဏှာဂါဟဝသေန၊ ဒိဋ္ဌိဂါဟ၊မာနဂါဟ၊ တဏှာဂါဟ၊ တိုက်အလို
အားဖြင့်။တယောဂါဟာ၊သုံးပါးသောဂါဟတို့သည်။ ဟောန္တိ၊ဖြစ်ကုန်
၏။ တေသံ၊ထိုသုံးပါးသောဂါဟတို့၏။ ဝသေန၊ တိုက်အလိုအားဖြင့်။
အကုသလော၊မလိမ္မာသော။ အဗျတ္တော၊ ပယ်ချင်း၌ မစွမ်းနိုင်သော။
ယောဂါဝစရော၊ယောဂီသည်။ဩဘာသေ၊ အရောင်အလင်း၌။ ကမ္ပတိ၊
စိတ်တုန်လှုပ်၏။ဝိက္ခိပတိ၊စိတ်ပျံ့လွင့်၏။ ဩဘာသံ၊အရောင်အလင်းကို။
ဧတံ၊ဤအရောင်အလင်းကား။ မမ၊ ငါ့ဥစ္စာမဟုတ်လော။ ဧသော၊ ဤ
အရောင်အလင်းကား။ အဟမသ္မိ၊ ငါဖြစ်သည်မဟုတ်လော။ ဧသော၊
ဤအရောင်အလင်းကား။မေအတ္တာ၊ငါ၏အလိုမဟုတ်လော။ဣတိ၊ ဤသို့။
သမနုပဿတိ၊ရှုမှား၏။

(အမှာ။ ။ဤတွင်ရှေ့ကား၊ မဂ်မှား၊ မဂ်မှားကိုမစွန့်၊ မဂ်ဟုတ်သည် မဟုတ်
သည်ကို မဆင်ခြင်၊ ဉာဏ်အမြင် မစင်ကြယ်သည်ဖြစ်၍၊မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
ဉာဏ်၊တဘက်ကမ်းသို့မရောက်၊ အောက်သို့သာသက်၏၊အထက်သို့မတက်။)

လိမ္မာသောယောဂီသည်ကား၊ဤသို့ဆင်ခြင်၏။အဘယ်သို့ဆင်ခြင်
သနည်း၊ ကမ္မဋ္ဌာန်းစစ်ဆေး မေးမြန်းသောကာလ၊ ငါ့ဆရာပြောဘူး
သည်ကား၊ဥဒယဗ္ဗယဉာဏ်နုဖြစ်သောကာလ၊အရောင်အလင်းဖြစ်ပေါ်
တတ်၏။ အရောင်အလင်းဖြစ်ပေါ်သည်ရှိသော်၊ ထိုအရောင်အလင်းကို၊
ပိုင်းလည်းပိုင်းခြားရ၏၊ ဆင်လည်းဆင်ခြင်ရ၏၊ဤသို့ ငါ့ဆရာပြောဘူး
ပေသည်တကားဟု ဆင်ခြင်၏။

ဆင်ခြင်ပြီး၍ပိုင်းခြားပုံကား။

ကုသလော ပန ပဏ္ဍိတော ဗျတ္တော ဗုဒ္ဓိသမ္ပန္နော ယောဂါ
ဝစရော ဩဘာသေ ဥပ္ပန္နေ အယံ ခေါ မေ ဩဘာသော
ဥပ္ပန္နော၊ သော ခေါပနာယံ အနိစ္စော သင်္ခတော ပဋိစ္စ
သမုပ္ပန္နော ခယဓမ္မော ဝယဓမ္မော ဝိရာဂဓမ္မော နိရောဓ ဓမ္မော
တိ ဣတိဝါ တံ ပညာယ ပရိစ္ဆိန္ဒတိ ဥပပရိက္ခတိ။

တေသံ၊ ထိုသုံးပါးသော ဂါဟတို့၏။ ဝသေန၊ တိက်အလိုအားဖြင့်။ ကုသလော၊ လိမ္မာသော။ ပဏ္ဍိတော၊ ပညာရှိသော။ ဗျတ္တော၊ ပယ်ခြင်းငှါစွမ်းနိုင်သော။ ဗုဒ္ဓိသမ္ပန္နော၊ ပညာနှင့်ပြည့်စုံသော။ ယောဂါဝစရော၊ ယောဂီသည်။ ဩဘာသေ၊ အရောင်အလင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ အယံခေါ ဩဘာသော၊ ဤအရောင်အလင်းသည်ကား။ မေ၊ ငါ့အား။ ဥပ္ပန္နော၊ ဖြစ်ပြီ။ သောခေါပနာယံ ဩဘာသော၊ ထိုအရောင်အလင်းသည်ကား။ အနိစ္စော၊ မမြဲသောသဘောမရှိ။ ဇာတိဝါ၊ ဤသို့ရင်း။ သင်္ခတော၊ ပြုပြင်စီရင်အပ်သော သဘောရှိ၏။ ဇာတိဝါ၊ ဤသို့ရင်း။ ပဋိစ္စသမုပ္ပန္နော၊ အကြောင်းကိုစွဲ၍ ဖြစ်သောသဘောရှိ၏။ ဇာတိဝါ၊ ဤသို့ရင်း။ ခယဓမ္မော၊ ကုန်သောသဘောရှိ၏။ ဇာတိဝါ၊ ဤသို့ရင်း။ ဝယဓမ္မော၊ ပျက်သောသဘောရှိ၏။ ဇာတိဝါ၊ ဤသို့ရင်း။ ဝိရာဂဓမ္မော၊ ကင်းသောသဘောရှိ၏။ ဇာတိဝါ၊ ဤသို့ရင်း။ နိရောဓ ဓမ္မော၊ ချုပ်ပျက်သောသဘောရှိ၏။ ဇာတိဝါ၊ ဤသို့ရင်း။ တံ၊ ထိုအရောင်အလင်းကို။ ပညာယ၊ ပညာဖြင့်။ ပရိစ္ဆိန္ဒတိ၊ ပိုင်းခြား၏။ ဥပပရိက္ခတိ၊ ဆင်ခြင်၏။

ဒိဋ္ဌိကွာအောင် ဆင်ခြင်ပုံကား။

> သစေ ဩဘာသော အတ္တာ ဘဝေယျ အတ္တာတိ ဂဟေတုံ ဝဋ္ဋေယျ၊ အနတ္တာ စ ပနာယံ အတ္တာတိ ဂဟိတော၊ တသ္မာ သော အဝသဝတ္တနဋ္ဌေန အနတ္တာတိ ဩဘာသံ အနတ္တတော ပဿန္တော ဒိဋ္ဌိသမုဂ္ဃါဋနံ နာမ ဟောတိ။

သစေ၊ အကယ်၍။ ဩဘာသော၊ အရောင်အလင်းသည်။ အတ္တာ၊ ငါ၏အလိုသည်။ ဘဝေယျ၊ ဖြစ်ငြားအံ့။ အတ္တာတိ၊ ငါ၏အလိုဟု။ ဂဟေတုံ၊ ယူချင်းငှါ။ ဝဋ္ဋေယျ၊ သင့်ရာ၏။ အနတ္တာစပန၊ ငါ၏အလိုမဟုတ်ဘဲလျက်။ အယံ၊ ဤအရောင်အလင်းကို။ အတ္တာတိ၊ ငါ၏အလိုဟု။ ဂဟိတော၊ ယူများ၏။ တသ္မာ၊ ထိုကြောင့်။ သော၊ ထိုအရောင်အလင်းသည်။ အဝသဝတ္တနဋ္ဌေန၊ ငါ၏အလိုသို့မလိုက်သော အနက်ကြောင့်။ အနတ္တာ၊ ငါ၏အလိုမဟုတ်။ ဇာတိ၊ ဤသို့။ ဩဘာသံ၊ အရောင်အလင်းကို။ အနတ္တတော၊ ငါ၏အလိုမဟုတ်ဟု။ ပဿန္တဿ၊ ရှုသောယောဂီအား။ ဒိဋ္ဌိသမုဂ္ဃါဋနံနာမ၊ ဒိဋ္ဌိကွာသောမည်သည်။ ဟောတိ၊ ဖြစ်၏၊

မာနကွာအောင် ဆင်ခြင်ပုံကား။

သစေ ဩဘာသော နိစ္စော ဘဝေယျ၊နိစ္စောတိ ဂဟေတုံ ဝဋ္ဋေယျ၊အနိစ္စော စ ပနာယံ နိစ္စောတိ ဂဟိတော၊ တသ္မာ သော ဟုတွာ အဘာဝဋ္ဌေန အနိစ္စောတိ ဩဘာသံ အနိစ္စတော ပဿန္တဿ မာနသမုဂ္ဃါဋနံ နာမ ဟောတိ။

သစေ၊ အကယ်၍။ ဩဘာသော၊ အရောင်အလင်းသည်။နိစ္စော၊မြဲသည်။ ဘဝေယျ၊ ဖြစ်ငြားအံ့။ နိစ္စောတိ၊မြဲ၏ဟု။ ဂဟေတုံ၊ ယူချင်း၄ါ။ ဝဋ္ဋေယျ၊ သင့်ရာ၏။ အနိစ္စောစပန၊ မမြဲဘဲလျက်။ အယံ၊ ဤအရောင်အလင်းကို။ နိစ္စောတိ၊ မြဲ၏ဟု။ဂဟိတော၊ယူမှား၏။ တသ္မာ၊ ထိုကြောင့်။ သော၊ ထိုအရောင်အလင်းသည်။ ဟုတွာ၊ ဖြစ်ပြီး၍။ အဘာဝဋ္ဌေန၊ မရှိသောအနက်ကြောင့်။ အနိစ္စော၊ မမြဲ။ဣတိ၊ ဤသို့။ဩဘာသံ၊ အရောင်အလင်းကို။ အနိစ္စတော၊ မမြဲဟု။ ပဿန္တဿ၊ ရှုသောယောဂီအား။ မာနသမုဂ္ဃါဋနံ နာမ၊ မာနကွာသောမည်သည်။ ဟောတိ၊ ဖြစ်၏။

နိကန္တိကွာအောင် ဆင်ခြင်ပုံကား။

သစေ ဩဘာသော သုခေါ ဘဝေယျ၊ သုခေါတိ ဂဟေတုံ ဝဋ္ဋေယျ၊ဒုက္ခော စ ပနာယံ သုခေါတိ ဂဟိတော၊ တသ္မာ သော ဥပ္ပါဒဝယပဋိပီဠနဋ္ဌေန ဒုက္ခောတိ ဩဘာသံ ဒုက္ခတော ပဿန္တဿ နိကန္တိ ပရိယာဒိန္နံ နာမ ဟောတိ။

သစေ၊ အကယ်၍။ ဩဘာသော၊ အရောင်အလင်းသည်။ သုခေါ၊ ချမ်းသာသည်။ ဘဝေယျ၊ ဖြစ်ငြားအံ့။ သုခေါတိ၊ချမ်းသာ၏ဟု။ ဂဟေတုံ၊ ယူချင်း၄ါ။ ဝဋ္ဋေယျ၊ သင့်ရာ၏။ဒုက္ခောစပန၊ မချမ်းသာဘဲလျက်။ အယံ၊ ဤအရောင်အလင်းကို။ သုခေါတိ၊ ချမ်းသာ၏ဟု။ ဂဟိတော၊ ယူမှား၏။ တသ္မာ၊ ထိုကြောင့်။ သော၊ ထိုအရောင်အလင်းသည်။ ဥပ္ပါဒဝယ ပဋိပီဠနဋ္ဌေန၊ ဖြစ်ချင်းပျက်ချင်းဖြင့် နှိပ်စက်သော အနက်သဘောကြောင့်။ ဒုက္ခော၊ ဆင်းရဲ။ ဣတိ၊ဤသို့။ ဩဘာသံ၊ အရောင်အလင်းကို။ ဒုက္ခတော၊ ဆင်းရဲဟု။ ပဿန္တဿ၊ ရှုသောယောဂီအား။ နိကန္တိပရိယာဒိန္နံနာမ၊ နိကန္တိကွာသောမည်သည်။ ဟောတိ၊ဖြစ်၏။

(ဤကားဒိဋ္ဌိဂါဟ၊မာနဂါဟ၊တဏှာဂါဟ-ကွာအောင်ဆင်ခြင်ပုံ။)

ဧဝံ ဥပပရိက္ခတော ဩဘာသံ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ သမနုပဿတိ။ ဧဝံ သမနုပဿန္တော ဩဘာသေ န ကမ္ပတိ န ဝေဓတိ န စ ဝိက္ခေပံ ဂစ္ဆတိ။

ဧဝံ၊ ဤသို့။ ဥပပရိက္ခတော၊ ဆင်ခြင်၍။ ဩဘာသံ၊ အရောင်အလင်းကို။ ဧတံ၊ ဤအရောင်အလင်းကား။ န မမ၊ ငါ့ဉစ္စာမဟုတ်။ ဧသော၊ ဤအရောင်အလင်းကား။ န အဟမသ္မိ၊ ငါမဖြစ်။ ဧသော၊ ဤအရောင်အလင်းကား။ န မေ အတ္တာ၊ ငါ၏အလိုမဟုတ်။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ ရှု၏။ ဧဝံ၊ ဤသို့။ သမနုပဿန္တော၊ ရှုသည်ရှိသော်။ ဩဘာသေ၊ အရောင်အလင်း၌။ န ကမ္ပတိ၊ စိတ်မတုန်။ န ဝေဓတိ၊ စိတ်မလှုပ်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ န စ ဂစ္ဆတိ၊ ရောက်လည်းမရောက်။

သော ဧဝံ ဝိက္ခေပံ အဂစ္ဆန္တော ဥပက္ကိလေသဇဋံ ဝိဇဋေတွာ ဩဘာသော ဓမ္မော န မဂ္ဂေါ ဥပက္ကိလေသ ဝိမုတ္တံ ပန ဝီထိပဋိပန္နံ ဝိပဿနာဉာဏံ မဂ္ဂေါတိ မဂ္ဂဉ္စ အမဂ္ဂဉ္စ ဝဝတ္ထပေတိ။

သော၊ ထိုယောဂီသည်။ ဧဝံ၊ ဤသို့။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ အဂစ္ဆန္တော၊ မရောက်သည်ရှိသော်။ ဥပက္ကိလေသဇဋံ၊ ဝိပဿနာ အညစ်အကြေး အရှုပ်အထွေးကို။ ဝိဇဋေတွာ၊ ဖြေရှင်း၍။ ဩဘာသော ဓမ္မော၊ အရောင်အလင်းသည်ကား။ န မဂ္ဂေါ၊ မဂ်မဟုတ်။ ဥပက္ကိလေသ ဝိမုတ္တံ၊ ဝိပဿနာအညစ်အကြေး အရှုပ်အထွေးမှလွတ်သော။ ဝီထိပဋိပန္နံ၊ အစဉ်သဖြင့်ကျင့်သော။ ဝိပဿနာဉာဏံ ပန၊ ဝိပဿနာ ဉာဏ်သည်ကား။ မဂ္ဂေါ၊ မဂ်တည်း။ ဣတိ၊ ဤသို့။ မဂ္ဂဉ္စ၊ မဂ်ဟုတ်သည် ကိုလည်း။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ အမဂ္ဂဉ္စ၊ မဂ်မဟုတ် သည်ကို လည်း။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။

(ဤတွင်ရွေကား မဂ်မှန်၊ မဂ်မှားကိုခွဲနိုင်၊ မဂ်ဟုတ်သည် မဟုတ်သည်ကိုဆင်ခြင်၊ ဉာဏ်အမြင်စင်ကြယ်သည်ဖြစ်၍၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဉာဏ်၊ တဘက်ကမ်းသို့ရောက်၏။ အောက်သို့ကားမသက်၊ အထက်သို့သာတက်၏။)

ဉာဏ်ကား၊ ဝိပဿနာဉာဏ်၏ သိချင်းတည်း။ ထိုသိချင်းသည် လည်း၊ ဖြစ်သည်ရှိသော်၊ ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ အနိစ္စဟု ရှုသော ယောဂီအားဖြစ်၏။ ဖြစ်သောကာလ၊

အာရုံကျတိုင်း၊အာရုံကျတိုင်း၊ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသော ကာလ၊ ငါးပါးငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ ဖြစ်ပျက်သဟု ရှုသော ဉာဏ် တဉာဏ်တည်းဖြင့်၊ ပိုင်းခြားနှိုင်းချိန်၊ သိကြားမင်း၏ ဝရဇိန်စဉ်းသွားကဲ့သို့၊ ဆီးတားပိတ်ပင်မရ၊ ထက်မျက်စူးရှ၊ ခဏချင်းလည်းမထပ်၊ အကြောင်းအကျိုးစပ်ချင်းလည်းမကင်း၊ ရှေ့နောက်ချင်းလည်း မလွဲမချော်၊ မတွေးမခေါ်မမျှော်မဆ၊ သိချင်းသည်လည်း၊ ငါ၏မဂ်ပင် တည်းဟု၊ ဝိပဿနာဉာဏ်၏သိချင်းကို မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုယူမှားသော ဒိဋ္ဌိဂါဟဖြင့်လည်းဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုမြတ်နိုးမှားသော မာနဂါဟဖြင့်လည်း ဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟု သာယာမှားသော တဏှာဂါဟဖြင့်လည်းဆင်ခြင်မိ၏။ ထိုဝိပဿနာဉာဏ်၏သိချင်းကို ဆင်ခြင်မျှင်းကြောင့်၊ ပျံ့လွင့်ချင်းသည် ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စဖြင့်၊ ငါသည်မဂ်ကိုရပြီတကားဟု၊ ယူမှားသောစိတ်၊တိက်ဖြစ်၏။ ယူမှားသောစိတ်၊တိက်ဖြစ်သောကာလ၊ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ အနိစ္စဟု ထင်တိုင်းဟုတ်တိုင်းမသိ၊ဒုက္ခဟု ထင်တိုင်းဟုတ်တိုင်းမသိ၊ အနတ္တဟု ထင်တိုင်းဟုတ်တိုင်းမသိ။ ။ငါသည် မဂ်ကိုရပြီတကားဟု၊အားရဝမ်းသာ၊သမ္မောဟအရာသာ ဖြစ်၍၊ ဝိပဿနာကိုလွှတ်၏။ ဝိပဿနာဉာဏ်၏ သိချင်းကိုသာလျှင်၊ သာယာ စုံမက်၊ တငဲ့ကွက်ကွက်၊ မက်၍သာနေ၏။

> အနိစ္စတော မနသိကရောတော ဉာဏံ ဥပ္ပဇ္ဇတိ၊ ဉာဏံ ဓမ္မောတိ ဉာဏံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ၊ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ၊ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ။

အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ ဉာဏံ၊ သိချင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဉာဏံ၊သိချင်းသည်။ ဓမ္မော၊ မဂ်တည်း။ ဣတိ၊ ဤသို့။ ဉာဏံ၊ သိချင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ တတော၊ ထိုကြောင့်။ ဝိက္ခေပေါ၊ ပျံ့လွင့်ချင်းသည်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စမည်၏။ တေနဥဒ္ဓစ္စေန၊ ထိုဥဒ္ဓစ္စဖြင့်။ ဝိဂ္ဂဟိတမာနသော၊ မဂ်ဟု

ယူမှားသောစိတ်သည်။ အနိစ္စတော၊ အနိစ္စဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ ဒုက္ခတော၊ ဒုက္ခဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ အနတ္တတော၊ အနတ္တဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။

ဉာဏန္တိ ဝိပဿနာဉာဏံ၊ တသ္မိံ ဥပ္ပန္နေ ယောဂါဝစရော နဝတ မေ ဣတော ပုဗ္ဗေ ဧဝရူပံ ဉာဏံ ဥပ္ပန္နပုဗ္ဗံ အဒ္ဓါ မဂ္ဂပတ္တောသ္မိ ဖလပတ္တောသ္မီတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလမေဝစ ဖလန္တိ ဂဏှာတိ၊ တဿ ဧဝံ အမဂ္ဂံ မဂ္ဂေါတိ အဖလံ ဖလန္တိ ဂဏှတော ဝိပဿနာဝီထိ ဥက္ကန္တာ နာမ ဟောတိ၊ သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ ဉာဏမေဝ အဿာဒေန္တော နိသီဒတိ။

ဉာဏန္တိ၊ ဉာဏံဟူသည်ကား။ ဝိပဿနာဉာဏံ၊ဝိပဿနာဉာဏ်၏ သိချင်းတည်း။ တသ္မိံ၊ ထိုသိချင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ယောဂါဝစရော၊ ယောဂီသည်။ ဣတော၊ ယခုအခါကာလမှ။ ပုဗ္ဗေ၊ ရှေးအခါကာလ၌။ ဝတ၊ စင်စစ်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ဉာဏံ၊ သိချင်းသည်။ မေ၊ ငါ့အား။ နဥပ္ပန္နပုဗ္ဗံ၊ မဖြစ်စဖူး။ အဒ္ဓါ၊ စင်စစ်။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည်။ အသ္မိ၊ဖြစ်ပြီ။ ဖလပတ္တော၊ ဖိုလ်သို့ ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်ဘဲ သာလျှင်။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလမေဝစ၊ ဖိုလ်မဟုတ်ဘဲသာလျှင် လည်း။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှာတိ၊ ယူမှား၏။ ဧဝံ၊ ဤသို့။ အမဂ္ဂံ၊ မဂ်မဟုတ်ဘဲ။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလံ၊ဖိုလ်မဟုတ်ဘဲ။ ဖလန္တိ၊ဖိုလ်ဟု။ ဂဏှတော၊ ယူမှားသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာ ဝီထိ၊ ဝိပဿနာအစဉ်သည်။ ဥက္ကန္တာနာမ၊ ချန်ကျော်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောဂီသည်။ အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ ဉာဏမေဝ၊ ဝိပဿနာ ဉာဏ်၏သိချင်းကိုသာလျှင်။ အဿာဒေန္တော၊သာယာစုံမက်၊ တငဲ့ကွက် ကွက်၊မက်သည်ဖြစ်၍။ နိသီဒတိ၊နေ၏။

(နောက်ဆိုမည့်စကား၊ နည်းတူသွား။)

ပီတိကား၊ ဝိပဿနာ ပီတိ၏ နှစ်သက်ချင်းတည်း။ ထိုနှစ်သက်ချင်းသည်လည်း၊ ဖြစ်သည်ရှိသော်၊ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သောသဘောကို၊အနိစ္စဟု ရှုသော ယောဂီအားဖြစ်၏။ဖြစ်သောကာလ၊ ခုဒ္ဒကာပီတိ၊ ခဏိကာပီတိ၊ ဩက္ကန္တိကာပီတိ၊ဥဗ္ဗေဂါပီတိ၊ဖရဏာပီတိ၊ တကိုယ်လုံးပြည့်၍၊မီးထိသော်လည်းမလောင်၊စိတ်နှလုံးချမ်းသာအောင် နှစ်သက်ချင်းသည်လည်း၊ ငါ၏ မဂ်ပင်တည်းဟု၊ ဝိပဿနာ ပီတိ၏ နှစ်သက်ချင်းကို၊ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုယူမှားသော ဒိဋ္ဌိဂါဟဖြင့်လည်းဆင်ခြင်မိ၏။မဂ်မဟုတ်ဘဲလျက်၊မဂ်ဟုမြတ်နိုးမှားသောမာနဂါဟဖြင့်လည်းဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုသာယာမှားသော တဏှာဂါဟဖြင့်လည်းဆင်ခြင်မိ၏။ ထိုဝိပဿနာပီတိ၏နှစ်သက်ချင်းကို ဆင်ခြင်ချင်းကြောင့်၊ပျံ့လွင့်ချင်းသည် ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စဖြင့်၊ငါသည် မဂ်ကိုရပြီတကားဟု၊ ယူမှားသောစိတ်၊ တိက်ဖြစ်၏။ ယူမှားသောစိတ်၊ တိက်ဖြစ်သောကာလ၊ ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သောသဘောကို၊ အနိစ္စဟု ထင်တိုင်း ဟုတ်တိုင်းမသိ၊ ဒုက္ခဟု ထင်တိုင်း ဟုတ်တိုင်းမသိ၊ အနတ္တဟု ထင်တိုင်းဟုတ်တိုင်းမသိ။ ။ငါသည်မဂ်ကို ရပြီတကားဟု၊ အားရဝမ်းသာ၊ သမ္မောဟအာရာသာဖြစ်၍၊ဝိပဿနာကို လွှတ်၏။ ဝိပဿနာပီတိ၏ နှစ်သက်ချင်းကို သာလျှင်၊ သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်၍သာနေ၏။

> အနိစ္စတော မနသိကရောတော ပီတိ ဥပ္ပဇ္ဇတိ၊ ပီတိဓမ္မောတိ ပီတိံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ၊ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ၊ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ။

အနိစ္စတော၊ အနိစ္စဟု။မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ ပီတိ၊နှစ်သက်ချင်းသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ပီတိ၊ နှစ်သက်ချင်းသည်။ ဓမ္မော၊ မဂ်တည်း။ ဣတိ၊ ဤသို့။ ပီတိံ၊ နှစ်သက်ချင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ တတော၊ ထိုကြောင့်။ ဝိက္ခေပေါ၊ ပျံ့လွင့်ချင်းသည်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စမည်၏။ တေနဥဒ္ဓစ္စေန၊ ထိုဥဒ္ဓစ္စဖြင့်။ ဝိဂ္ဂဟိတမာနသော၊ မဂ်ဟု ယူမှားသောစိတ်သည်။ အနိစ္စတော၊ အနိစ္စဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။

ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ ဒုက္ခတော၊ ဒုက္ခဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ အနတ္တတော၊အနတ္တဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ယထာဘူတံ၊ ဟုတ်တိုင်း။ နပ်ဇာနာတိ၊ မသိ။

ပီတီတိ ဝိပဿနာပီတိ၊ တသ္မိံ ဥပ္ပန္နေ ယောဂါဝစရော န ဝတ မေ ဣတော ပုဗ္ဗေ ဧဝရူပါ ပီတိ ဥပ္ပန္နပုဗ္ဗာ အဒ္ဓါ မဂ္ဂပဋိပန္နာသ္မိ ဖလပဋိပန္နာသ္မီတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလမေဝ ဖလန္တိ ဂဏှာတိ၊ တဿ ဧဝံ အမဂ္ဂံ မဂ္ဂေါတိ အဖလံ ဖလန္တိ ဂဏှတော ဝိပဿနာဝိထိ ဥက္ကန္တာနာမ ဟောတိ၊ သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ ပီတိမေဝ အဿာဒေန္တော နိသီဒတိ။

ပီတီတိ၊ ပီတိဟူသည်ကား။ ဝိပဿနာပီတိ၊ ဝိပဿနာပီတိ၏ နှစ်သက်ချင်းတည်း။ တသ္မိံ၊ ထိုနှစ်သက်ချင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည် ရှိသော်။ ယောဂါဝစရော၊ ယောဂီသည်။ ဣတော၊ ယခုအခါကာလမှ။ ပုဗ္ဗေ၊ ရှေးအခါကာလ၌။ ဝတ၊ စင်စစ်။ ဧဝရူပါ၊ ဤသို့ သဘောရှိသော။ ပီတိ၊ နှစ်သက်ချင်းသည်။ မေ၊ ငါ့အား။ နဥပ္ပန္နပုဗ္ဗာ၊မဖြစ်စဘူး။ အဒ္ဓါ၊ စင်စစ်။ မဂ္ဂပဋိပန္နာ၊ မဂ်သို့ ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဖလပဋိပန္နာ၊ ဖိုလ်သို့ ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်ဘဲသာလျှင်။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလမေဝ၊ ဖိုလ်မဟုတ်ဘဲသာလျှင်လည်း။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှာတိ၊ ယူမှား၏။ ဧဝံ၊ ဤသို့။ အမဂ္ဂံ၊ မဂ်မဟုတ်ဘဲ။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလံ၊ ဖိုလ်မဟုတ်ဘဲ။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှတော၊ ယူမှားသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာဝိထိ၊ ဝိပဿနာအစဉ်သည်။ ဥက္ကန္တာနာမ၊ ချန်ကျော်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောဂီသည်။အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ ပီတိမေဝ၊ ဝိပဿနာပီတိ၏ နှစ်သက်ချင်းကိုသာလျှင်။ အဿာဒေန္တော၊ သာယာ စုံမက်၊ တငဲ့ကွက်ကွက်၊ မက်သည်ဖြစ်၍၊ နိသီဒတိ၊နေ၏။

(နောက်ဆိုမည့်စကား၊နည်းတူသွား။)

ပဿဒ္ဓိကား၊ ဝိပဿနာပဿဒ္ဓိ၏ ငြိမ်းအေးချင်းတည်း။ ထိုငြိမ်းအေးချင်းသည်လည်း၊ ဖြစ်သည်ရှိသော် ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ အနိစ္စဟု ရှုသောယောဂီအားဖြစ်၏။ ဖြစ်သောကာလ၊ ညဉ့်နေရာဌာန၊ နေ့နေရာဌာန၊ နေရာကျ ရွေးချယ်ရသည်မရှိ၊ ကိုယ်စိတ်၏ပူလောင်သည်မရှိ၊ ကိုယ်စိတ်၏ လေးလံသည်မရှိ၊ ကိုယ်စိတ်၏ကြမ်းတမ်းသည်မရှိ၊ကိုယ်စိတ်၏ မခန့် တွန့်တံ့သည်မရှိ၊ ကိုယ်စိတ်၏ အရှုပ်အထွေး ညစ်ကြေးသည်မရှိ၊ ကိုယ်စိတ်၏ နစ်နောက်-ကောက်ကျစ်သည်မရှိ၊ စစ်စစ် ဆေးဆေး၊ ကိုယ်စိတ်အေး၊ ကိုယ်စိတ်ပေါ့၊ ကိုယ်စိတ်နူး၊ ကိုယ်စိတ်ခန့်၊ ကိုယ်စိတ်ရှင်း၊ ကိုယ်စိတ်ဖြောင့်၊ နှောင့်ရှက်ချင်းကင်း၊ ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ချင်းပျက်ချင်းကိုသာ သုံးသပ်။ ငြိမ်းအေးသော နိဗ္ဗာန်ကိုမြင်သော အရိယာသခင် အရှင်မြတ်တို့၏ ဖလသမာပတ်ကဲ့သို့၊ ပီတိသုခ ပါမောဇ္ဇဖြင့်၊ တအေးအေး တမြမြ၊ သက်သာရာတကာတို့ထက်၊သက်သာရာရ၊စိတ်ချလက်ချ၊ ကာယဝိဝေက၊စိတ္တဝိဝေက၊ မွေ့လျော်ရာရသော ငြိမ်းအေးချင်းသည်လည်း၊ ငါ၏မဂ်ပင်တည်းဟု၊ ဝိပဿနာပဿဒ္ဓိ၏ ငြိမ်းအေးချင်းကို၊ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုယူမှားသော ဒိဋ္ဌိဂါဟဖြင့်လည်း ဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုမြတ်နိုးမှားသော မာနဂါဟဖြင့်လည်း ဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟု သာယာမှားသော တဏှာဂါဟဖြင့်လည်း ဆင်ခြင်မိ၏။ ထိုဝိပဿနာပဿဒ္ဓိ၏ ငြိမ်းအေးချင်းကို ဆင်ခြင်ချင်းကြောင့်၊ ပျံ့လွင့်ချင်းသည်ဥဒ္ဓစ္စမည်၏။ထိုဥဒ္ဓစ္စဖြင့်၊ ငါသည်မဂ်ကိုရပြီတကားဟုယူမှားသောစိတ်၊တိက်ဖြစ်၏။ယူမှားသောစိတ်၊တိက်ဖြစ်သော ကာလ၊ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သောသဘောကို၊အနိစ္စဟု-ထင်တိုင်းဟုတ်တိုင်းမသိ။ဒုက္ခဟု-ထင်တိုင်းဟုတ်တိုင်းမသိ။အနတ္တဟု-ထင်တိုင်းဟုတ်တိုင်းမသိ။ ငါသည်မဂ်ကိုရပြီတကားဟု၊ အားရဝမ်းသာ၊ သမ္မောဟ အရောသာဖြစ်၍၊ ဝိပဿနာကိုလွှတ်၏။ဝိပဿနာ ပဿဒ္ဓိ၏ငြိမ်းအေးချင်းကိုသာလျှင်၊သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်၍သာနေ၏။

အနိစ္စတော မနသိကရောတော ပဿဒ္ဓိ ဥပ္ပဇ္ဇတိ၊ ပဿဒ္ဓိ ဓမ္မောတိ ပဿဒ္ဓိံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ၊ တေန

ဥဒ္ဒိစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ၊ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။

အနိစ္စတော၊ အနိစ္စဟု။မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ပဿဒ္ဓိ၊ငြိမ်းအေးချင်းသည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ပဿဒ္ဓိ၊ငြိမ်းအေးချင်းသည်။ ဝမ္ဗော၊ မဂ်တည်း။ ဣတိ၊ ဤသို့။ ပဿဒ္ဓိံ၊ ငြိမ်းအေးချင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ တတော၊ ထိုကြောင့်။ ဝိက္ခေပေါ၊ပျံ့လွင့်ချင်းသည်။ဥဒ္ဒိစ္စံ၊ဥဒ္ဒိစ္စမည်၏။တေနဥဒ္ဒိစ္စေန၊ထိုဥဒ္ဒိစ္စဖြင့်။ဝိဂ္ဂဟိတမာနသော၊ မဂ်ဟုယူမှားသောစိတ်သည်။အနိစ္စတော၊အနိစ္စဟု။ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ ဒုက္ခတော၊ ဒုက္ခဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ အနတ္တတော၊အနတ္တဟု။ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊မသိ။

ပဿဒ္ဓိတိ ဝိပဿနာပဿဒ္ဓိ၊တဿံ ဥပ္ပန္နေ ယောဂါဝစရော နဝတမေ ဣတော ပုဗ္ဗေ ဧဝရူပါ ပဿဒ္ဓိ ဥပ္ပန္နပုဗ္ဗာ အဒ္ဓါမဂ္ဂပတ္တောသ္မိ ဖလပတ္တောသ္မီတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလမေဝ ဖလန္တိ ဂဏှာတိ၊ တဿ ဧဝံ အမဂ္ဂံ မဂ္ဂေါတိ အဖလံဖလန္တိ ဂဏှတော ဝိပဿနာဝီထိ ဥက္ကန္တာ နာမ ဟောတိ၊ သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ ပဿဒ္ဓိမေဝ အဿာဒေန္တော နိသီဒတိ။

ပဿဒ္ဓိတိ၊ ပဿဒ္ဓိဟူသည်ကား။ ဝိပဿနာပဿဒ္ဓိ၊ ဝိပဿနာပဿဒ္ဓိ၏ ငြိမ်းအေးချင်းတည်း။ တဿံ၊ ထိုငြိမ်းအေးချင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်၊ ယောဂါဝစရော၊ ယောဂီသည်။ ဣတော၊ ယခုအခါကာလမှ။ပုဗ္ဗေ၊ ရှေးအခါကာလ၌။ဝတ၊စင်စစ်။ဧဝရူပါ၊ဤသို့သဘောရှိသော။ပဿဒ္ဓိ၊ ငြိမ်းအေးချင်းသည်။မေ၊ငါ့အား။နဥပ္ပန္နပုဗ္ဗာ၊မဖြစ်စဖူး။ အဒ္ဓါ၊စင်စစ်။မဂ္ဂပတ္တော၊မဂ်သို့ရောက်သည်။ အသ္မိ၊ဖြစ်ပြီ။ ဖလပတ္တော၊ ဖိုလ်သို့ရောက်သည်။အသ္မိ၊ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်ဘဲသာလျှင်။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလမေဝ၊ ဖိုလ်မဟုတ်ဘဲသာလျှင်လည်း။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှာတိ၊ ယူမှား၏။ ဧဝံ၊ ဤသို့။ အမဂ္ဂံ၊

မဂ်ဓဟုတ်ဘဲ။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလံ၊ဖိုလ်မဟုတ်ဘဲ။ဖလန္တိ၊ဖိုလ်ဟု။ ဂဏှာတော၊ ယူမှားသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနုပက္ကိလေသာ ဝိပဿနာအစဥ်သည်။ဥက္ကဋ္ဌာနမ၊ခုန်ကျော်သည်မည်သည်။ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောဂီသည်။ အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို။ ဝိဿဇ္ဇေတွာ။ စွန့်လွှတ်၍။ ပဿဒ္ဓိမေဝ၊ ဝိပဿနာ ပဿဒ္ဓိ၏ ငြိမ်းအေးချင်းကိုသာ လျှင်။ အဿာဒေန္တော၊ သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်သည်ဖြစ်၍။ နိသီဒတိ၊ နေ၏။

(နောက်ဆိုမည့်စကား၊ နည်းတူသွား။)

သုခကား၊ ဝိပဿနာသုခ၏ ချမ်းသာချင်းတည်း။ ထိုချမ်းသာချင်း သည်လည်း၊ ဖြစ်သည်ရှိသော်၊ ငါးပါး ငါးပါးသောခန္ဓာတို့၏ ဖြစ်ပျက် သော သဘောကို၊ အနိစ္စဟု ရှုသောယောဂီအား ဖြစ်၏။ဖြစ်သောကာလ ယောဂီ၏ တကိုယ်လုံး၊ ငိတ်ဖုံးသော်လည်းမလွတ်၊ စွတ်စွတ်ရွှဲရွှဲ၊ဖိတ် ယိုစီးကျ၊ စိတ်အလိုပြည့်ဝသောဟု၊ ရှုတရေးရေး၊ တွေမင်မင်၊ ခင်တ မှုမှု၊ ယုတယယ၊ ပိယရူပံ ချစ်အပ်သောသဘောရှိသော သုခ၏ ချမ်း သာဟန်ကို၊ သာတရူပံ၊ သာယာအပ်သောသဘောရှိသော သုခ၏ သာ ယာဟန်ကို၊ ကြံတမိမိ၊ သိတစမ်းစမ်း၊ ချမ်းသာချင်းသည်လည်း၊ ငါ၏ မဂ်ပင်တည်းဟု၊ ဝိပဿနာသုခ၏ ချမ်းသာချင်းကို၊ မဂ်မ ဟုတ်ဘဲလျက်၊ မဂ်ဟု ယူမှားသော ဒိဋ္ဌိဂါဟဖြင့်လည်း ဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုမြတ်နိုးမှားသော မာနဂါဟဖြင့်လည်း ဆင် ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟု သာယာမှားသော တဏှာဂါဟ ဖြင့်လည်းဆင်ခြင်မိ၏။ ထိုဝိပဿနာ သုခ၏ချမ်းသာချင်းကို ဆင်ခြင်ချင်း ကြောင့်၊ ပျံ့လွင့်ချင်းသည် ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စဖြင့်၊ ငါသည် မဂ်ကို ရပြီတကားဟု၊ ယူမှားသောစိတ်၊ တိက်ဖြစ်၏။ ယူမှားသောစိတ်၊ တိက် ဖြစ်သောကာလ၊ ငါးပါးငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သောသဘော ကို၊ အနိစ္စဟု ထင်တိုင်း ဟုတ်တိုင်းမသိ။ ဒုက္ခဟု ထင်တိုင်းဟုတ်တိုင်း မသိ။ အနတ္တဟု ထင်တိုင်း ဟုတ်တိုင်းမသိ။ ငါသည်မဂ်ကို ရပြီတကား ဟု၊ အားရဝမ်းသာ၊ သမ္မောဟအရောသာဖြစ်၍၊ ဝိပဿနာကို လွှတ်၏။ ဝိပဿနာသုခ၏ ချမ်းသာချင်းကိုသာလျှင်၊ သာယာစုံမက်၊ တငဲ့ကွက် ကွက်၊မက်၍သာနေ၏။

အနိစ္စတော မနသိကရောတော သုခံ ဥပ္ပဇ္ဇတိ၊ သုခံ ဓမ္မောတိ သုခံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ၊ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ၊ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ။

အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ သုခံ၊ ချမ်းသာချင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သုခံ၊ ချမ်းသာချင်းသည်။ ဓမ္မော၊ မဂ်တည်း။ ဣတိ၊ ဤသို့။ သုခံ၊ ချမ်းသာချင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ တတော၊ ထိုကြောင့်။ ဝိက္ခေပေါ၊ ပျံ့လွင့်ချင်းသည်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စမည်၏။ တေန ဥဒ္ဓစ္စေန၊ ထိုဥဒ္ဓစ္စဖြင့်။ ဝိဂ္ဂဟိတမာနသော၊ မဂ်ဟုယူမှားသောစိတ်သည်။ အနိစ္စတော၊ အနိစ္စဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ ဒုက္ခတော၊ ဒုက္ခဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ အနတ္တတော၊ အနတ္တဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။

သုခန္တိ ဝိပဿနာသုခံ၊ တသ္မိံ ဥပ္ပန္နေ ယောဂါဝစရော န ဝတမေ ဣတော ပုဗ္ဗေ ဧဝရူပံ သုခံ ဥပ္ပန္နပုဗ္ဗံ အဒ္ဓါမဂ္ဂပတ္တောသ္မိ ဖလပတ္တောသ္မီတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလမေဝစ ဖလန္တိ ဂဏှာတိ၊ တဿ ဧဝံ အမဂ္ဂံ မဂ္ဂေါတိ အဖလံ ဖလန္တိ ဂဏှတော ဝိပဿနာဝီထိ ဥက္ကန္တာ နာမ ဟောတိ၊ သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ သုခမေဝ အဿာဒေန္တော နိသီဒတိ။

သုခန္တိ၊ သုခံဟူသည်ကား။ ဝိပဿနာသုခံ၊ ဝိပဿနာသုခ၏ ချမ်းသာချင်းတည်း။ တသ္မိံ၊ ထိုချမ်းသာချင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ယောဂါဝစရော၊ ယောဂီသည်။ ဣတော၊ ယခုအခါကာလမှ။ ပုဗ္ဗေ၊ ရှေးအခါကာလ၌။ ဝတ၊ စင်စစ်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ သုခံ၊ ချမ်းသာချင်းသည်။ မေ၊ ငါ့အား။ နဥပ္ပန္နပုဗ္ဗံ၊ မဖြစ်စဘူး။ အဒ္ဓါ၊ စင်စစ်။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဖလပတ္တော၊ ဖိုလ်သို့

ရောက်သည်။အသ္မိ၊ဖြစ်ပြီ။ ဥာတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်ဘဲသာလျှင်။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလမေဝစ၊ ဖိုလ်မဟုတ်ဘဲသာလျှင်လည်း။ ဖလန္တိ၊ ဖိုလ်ဟု။ဂဏှာတိ၊ ယူမှား၏။ ဧဝံ၊ ဤသို့။ အမဂ္ဂံ၊ မဂ်မဟုတ်ဘဲ။ မဂ္ဂေါတိ၊ မဂ်ဟု။အဖလံ၊ ဖိုလ်မဟုတ်ဘဲ။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှတော၊ ယူမှားသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာဝီထိ၊ ဝိပဿနာအစဉ်သည်။ ဥက္ကန္တာနာမ၊ ချန်ကျော်သည်မည်သည်။ ဟောတိ၊ဖြစ်၏။ သော၊ ထိုယောဂီသည်။ အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို။ ဝိဿဇ္ဇေတွာ၊စွန့်လွှတ်၍။ သုခမေဝ၊ဝိပဿနာသုခ၏ ချမ်းသာချင်းကိုသာလျှင်။အဿာဒေန္တော၊ သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်သည်ဖြစ်၍။ နိသီဒတိ။နေ၏။

(နောက်ဆိုမည့်စကားနည်းတူသွား။)

အဓိမောက္ခကား၊ သဒ္ဓါတည်း။ ထိုသဒ္ဓါသည်လည်း၊ ကံ-ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါလည်းမဟုတ်၊ ဘုရား တရား သံဃာ၊ ရတနာသုံးပါးကို ယုံကြည်သော သဒ္ဓါလည်းမဟုတ်၊ စင်စစ်သော်ကား၊ ဝိပဿနာနှင့်ယှဉ်သော သဒ္ဓါ၏ကြည်လင်ချင်းတည်း။ ထိုကြည်လင်ချင်းသည်လည်း၊ ဖြစ်သည်ရှိသော်၊ ငါးပါး ငါးပါးသောခန္ဓာတို့၏ ဖြစ်ပျက်သောသဘောကို၊ အနိစ္စဟု ရှုသောယောဂီအားဖြစ်၏။ ဖြစ်သောကာလဇိပ်လိုသည်မရှိ၊ငိုက်မျည်းသည်မရှိ၊ ထိုင်းမှိုင်းသည်မရှိ၊ တွေဝေသည်မရှိဘဲ၊ အလွန်အကဲစိတ်ကြည်လင်ချင်းသည်လည်း၊ ငါ၏ မဂ်ပင်တည်းဟု၊ ဝိပဿနာနှင့် ယှဉ်သောသဒ္ဓါ၏ ကြည်လင်ချင်းကို၊ မဂ်မဟုတ်ဘဲလျက်၊မဂ်ဟု ယူမှားသောဒိဋ္ဌိဂါဟဖြင့်လည်းဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟု မြတ်နိုးမှားသော မာနဂါဟဖြင့်လည်း ဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုသာယာမှားသော တဏှာဂါဟဖြင့်လည်းဆင်ခြင်မိ၏။ ထိုဝိပဿနာနှင့် ယှဉ်သော သဒ္ဓါ၏ကြည်လင်ချင်းကိုဆင်ခြင်ချင်းကြောင့်၊ ပျံ့လွင့်ချင်းသည်ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စဖြင့်၊ ငါသည် မဂ်ကိုရပြီတကားဟု ယူမှားသောစိတ်၊တိက်ဖြစ်၏၊ ယူမှားသောစိတ်၊တိက်ဖြစ်သောကာလ၊ငါးပါးငါးပါးသောခန္ဓာတို့၏ဖြစ်ပျက်သောသဘောကို၊ အနိစ္စဟု ထင်တိုင်း ဟုတ်တိုင်းမသိ။ ဒုက္ခဟု ထင်တိုင်းဟုတ်တိုင်းမသိ။ အနတ္တဟုထင်တိုင်းဟုတ်တိုင်းမသိ။ ငါသည်မဂ်

ကိုရပြီတကားဟု အားရဝမ်းသာ သမ္မောဟအရာသာဖြစ်၍၊ ဝိပဿနာကိုလွှတ်၏။ ဝိပဿနာနှင့်ယှဉ်သော သဒ္ဓါ၏ကြည်လင်ချင်းကိုသာလျှင်၊ သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်၍သာနေ၏။

> အနိစ္စတော မနသိကရောတော အဓိမောက္ခော ဥပ္ပဇ္ဇတိ၊ အဓိမောက္ခော ဓမ္မောတိ အဓိမောက္ခံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ၊ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ၊ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။

အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသောယောဂီအား။ အဓိမောက္ခော၊ ကြည်လင်ချင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အဓိမောက္ခော၊ ကြည်လင်ချင်းသည်။ ဓမ္မော၊ မဂ်တည်း။ ဣတိ၊ ဤသို့။ အဓိမောက္ခံ၊ ကြည်လင်ချင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်မိ၏။ တတော၊ ထိုကြောင့်။ ဝိက္ခေပေါ၊ ပျံ့လွင့်ချင်းသည်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စမည်၏။ တေန ဥဒ္ဓစ္စေန၊ ထိုဥဒ္ဓစ္စဖြင့်။ ဝိဂ္ဂဟိတမာနသော၊ မဂ်ဟုယူမှားသောစိတ်သည်။ အနိစ္စတော၊ အနိစ္စဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပ္ပဇာနာတိ၊ မသိ။ ဒုက္ခတော၊ ဒုက္ခဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပ္ပဇာနာတိ၊ မသိ။ အနတ္တတော၊ အနတ္တဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပ္ပဇာနာတိ၊ မသိ။

> အဓိမောက္ခောတိသဒ္ဓါ၊ တဿ္မိံ ဥပ္ပန္နေ ယောဂါဝစရော ဝတ မေ ဣတော ပုဗ္ဗေ ဧဝရူပေါ အဓိမောက္ခော ဥပ္ပန္နပုဗ္ဗော အဒ္ဓါ မဂ္ဂပတ္တောသ္မိ ဖလပတ္တောသ္မီတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလမေဝ ဖလန္တိ ဂဏှာတိ၊ တဿ ဧဝံ အမဂ္ဂံ မဂ္ဂေါတိ အဖလံ ဖလန္တိ ဂဏှတော ဝိပဿနာဝီထိ ဥက္ကန္တာနာမ ဟောတိ၊ သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ အဓိမောက္ခမေဝ အဿာဒေန္တော နိသီဒတိ။

အဓိမောက္ခောတိ၊ အဓိမောက္ခောဟူသည်ကား။ သဒ္ဓါ၊ ဝိပဿနာနှင့်ယှဉ်သောသဒ္ဓါ၏ ကြည်လင်ချင်းတည်း။ တဿ္မိံ၊ ထိုကြည်လင်ချင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ယောဂါဝစရော၊ ယောဂီသည်။

ဣတော၊ ယခုအခါကာလမှ။ ပုဗ္ဗေ၊ ရှေးအခါကာလ၌။ ဝတ၊ စင်စစ်။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ အဓိမောက္ခော၊ ကြည်လင်ချင်းသည်။ မေ၊ ငါ့အား။ နဥပ္ပန္နပုဗ္ဗော၊ မဖြစ်စဘူး။ အဒ္ဓါ၊ စင်စစ်။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည်။ အဒ္ဓါ၊ ဖြစ်ပြီ။ ဖလပတ္တော၊. ဖိုလ်သို့ရောက်သည်။ အဒ္ဓါ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်ဘဲသာလျှင်။ မဂ္ဂေါတိ၊ မဂ်ဟူ၍။ အဖလမေဝစ၊ ဖိုလ်မဟုတ်ဘဲသာလျှင်လည်း။ ဖလန္တိ၊ ဖိုလ်ဟူ၍။ ဂဏှာတိ၊ ယူမှား၏။ ဧဝံ၊ ဤသို့။ အမဂ္ဂံ၊ မဂ်မဟုတ်ဘဲ။ မဂ္ဂေါတိ၊ မဂ်ဟူ၍။ အဖလံ၊ ဖိုလ်မဟုတ်ဘဲ။ ဖလန္တိ၊ ဖိုလ်ဟူ၍။ ဂဏှတော၊ ယူမှားသော။ တဿ၊ ထိုယောဂီ၏။ဝိပဿနာဝီထိ၊ဝိပဿနာအစဉ်သည်။ ဥက္ကန္တာနာမ၊ ချန်ကျော်သည်မည်သည်။ ဟောတိ၊ဖြစ်၏။ သော၊ ထိုယောဂီသည်။ အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ အဓိမောက္ခမေဝ၊ ဝိပဿနာနှင့်ယှဉ်သော သဒ္ဓါ၏ကြည်လင်ချင်းကိုသာလျှင်။ အဿာဒေန္တော၊ သာယာစုံမက်၊တငွဲ့ကွက်ကွက်၊ မက်သည်ဖြစ်၍။ နိသီဒတိ၊ နေ၏။

(နောက်ဆိုမည့်ပကား၊ နည်းတူသွား။)

ပဂ္ဂဟကား၊ ဝီရိယတည်း။ ထိုဝီရိယသည်လည်း၊ ယုတ်လည်း မယုတ်၊ လွန်လည်းမလွန်၊ အညီအမျှ ဝိပဿနာနှင့်ယှဉ်သော ဝီရိယ၏အားထုတ်ချင်းတည်း။ထိုအားထုတ်ချင်းသည်လည်း၊ဖြစ်သည်ရှိသော်၊ ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သောသဘောကို၊ အနိစ္စဟု ရှုသောယောဂီအားဖြစ်၏။ ဖြစ်သောကာလ၊ ဤသို့သဘော ရှိသော အားထုတ်ချင်းသည်လည်း၊ ငါ၏မဂ်ပင်တည်းဟု၊ ဝိပဿနာနှင့်ယှဉ်သောဝီရိယ၏ အားထုတ်ချင်းကို၊ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုယူမှားသောဒိဋ္ဌိဂါဟဖြင့်လည်း ဆင်ခြင်မိ၏။မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုမြတ်နိုးမှားသော မာနဂါဟဖြင့်လည်း ဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုသာယာမှားသော တဏှာဂါဟဖြင့်လည်းဆင်ခြင်မိ၏။ ထို ဝိပဿနာနှင့်ယှဉ်သောဝီရိယ၏ အားထုတ်ချင်းကို ဆင်ခြင်ချင်းကြောင့်၊ ပျံ့လွင့်ချင်းသည် ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စဖြင့်၊ ငါသည် မဂ်ကိုရပြီတကားဟု၊ ယူမှားသောစိတ်၊တိက်ဖြစ်၏။ ယူမှားသောစိတ်၊ တိက်ဖြစ်သောကာလ၊ ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ အနိစ္စ

ဟု ထင်တိုင်း ဟုတ်တိုင်းမသိ။ ဒုက္ခဟု ထင်တိုင်း ဟုတ်တိုင်းမသိ။ အနတ္တဟု ထင်တိုင်းဟုတ်တိုင်းမသိ။ ငါသည်မဂ်ကို ရပြီတကားဟု၊ အားရဝမ်းသာ၊ သမ္မောဟ အရာသာဖြစ်၍၊ ဝိပဿနာကို လွှတ်၏။ ဝိပဿနာနှင့် ယှဉ်သောဝီရိယ၏ အားထုတ်ချင်းကိုသာလျှင်၊ သာယာ စုံမက်၊တင့်ကွက်ကွက်၊ မက်၍သာနေ၏။

အနိစ္စတော မနသိကရောတော ပဂ္ဂဟော ဥပ္ပန္နောတိ၊ပဂ္ဂဟော ဓမ္မောတိ ပဂ္ဂဟံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ၊ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ၊ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။

အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသောယောဂီအား။ ပဂ္ဂဟော၊ အားထုတ်ချင်းသည်။ ဥပ္ပန္နောတိ၊ ဖြစ်၏။ ပဂ္ဂဟော၊ အားထုတ်ချင်းသည်။ဓမ္မော၊ မဂ်တည်း။ ဣတိ၊ဤသို့။ပဂ္ဂဟံ၊ အားထုတ်ချင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ တတော၊ ထိုကြောင့်။ ဝိက္ခေပေါ၊ ပျံ့လွင့်ချင်းသည်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စမည်၏။ တေနဥဒ္ဓစ္စေန၊ ထိုဥဒ္ဓစ္စဖြင့်။ ဝိဂ္ဂဟိတမာနသော၊မဂ်ဟုယူမှားသောစိတ်သည်။ အနိစ္စတော၊အနိစ္စဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ ဒုက္ခတော၊ ဒုက္ခဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ အနတ္တတော၊ အနတ္တဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။

ပဂ္ဂဟောတိ ဝီရိယံ၊ တသ္မိံ ဥပ္ပန္နေ ယောဂါဝစရော န ဝတ မေ ဣတော ပုဗ္ဗေ ဧဝရူပေါ ပဂ္ဂဟော ဥပ္ပန္နပုဗ္ဗော အဒ္ဓါ မဂ္ဂပတ္တောသ္မိ ဖလပတ္တောသ္မီတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလမေဝစ ဖလန္တိ ဂဏှာတိ၊ တဿ ဧဝံ အမဂ္ဂံ မဂ္ဂေါတိ အဖလံ ဖလန္တိ ဂဏှတော ဝိပဿနာ ဝီထိဥက္ကန္တာနာမ ဟောတိ၊ သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ ပဂ္ဂဟမေဝ အဿာဒေန္တော နိသီဒတိ။

ပဂ္ဂဟောတိ၊ ပဂ္ဂဟောဟူသည်ကား။ ဝီရိယံ၊ ဝိပဿနာနှင့်ယှဉ်သော ဝီရိယ၏အားထုတ်ချင်းတည်း။ တသ္မိံ၊ ထိုအားထုတ်ချင်းသည်၊

ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ယောဂါဝစရော၊ ယောဂီသည်။ ဇာတော၊ ယခုအခါကာလမှ။ ပုဗ္ဗေ၊ ရှေးအခါကာလ၌။ ဝတ၊ စင်စစ်။ ဧဝ ရူပေါ၊ ဤသို့ သဘောရှိသော။ ပဂ္ဂဟော၊ အားထုတ်ချင်းသည်။ မေ၊ ငါ့အား။ နုဥပ္ပန္နပုဗ္ဗော၊ မဖြစ်စဘူး။ အဒ္ဓါ၊ စင်စစ်။မဂ္ဂပဋ္ဌော၊ မဂ်သို့ရောက်သည်။ အသို့၊ ဖြစ်ပြီ။ ဖလပဋ္ဌော၊ ဖိုလ်သို့ရောက်သည်။ အသို့၊ ဖြစ်ပြီ။ ဇာတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်သဲသာလျှင်။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလမေဝစ၊ဖိုလ်မဟုတ်သဲသာလျှင်လည်း။ဖလန္တိ၊ဖိုလ်ဟု။ဂဏှာတိ၊ ယူမှား၏။ ဧဝံ၊ ဤသို့။ အမဂ္ဂံ၊ မဂ်မဟုတ်သဲ။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလံ၊ ဖိုလ်မဟုတ်သဲ။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှတော၊ ယူမှားသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာဝီထိ၊ ဝိပဿနာအစဉ်သည်။ ဥက္ကန္တာ နာမ၊ ချန်ကျော်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောဂီသည်။ အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ ပဂ္ဂဟမေဝ၊ ဝိပဿနာနှင့်ယှဉ်သော ဝီရိယ၏ အားထုတ်ချင်းကိုသာလျှင်။ အဿာဒေန္တော၊ သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်သည်ဖြစ်၍။ နိသီဒတိ၊ နေ၏။

(နောက်ဆိုမည့်စကား၊ နည်းတူသွား။)

ဥပဋ္ဌာနကား၊ သတိတည်း။ ထိုသတိသည်လည်း၊ ဝိပဿနာနှင့် ယှဉ်သောသတိတည်း။ ထိုသတိနှင့် ပြည့်စုံသော အကြင်ယောဂီသည်၊ ရုပ်နာမ်ခန္ဓာ ဖြစ်ပျက်ရာဌာန ဟူသမျှကို၊ ဖြစ်ပျက်သဟု ဆင်ခြင်၏။ မှတ်၏။ နှလုံးသွင်း၏။ ရှု၏။ ရှုသောကာလ၊ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရသော ယောဂီအား၊ ယခုဘဝမှ စုတိမနေသေး၍၊ တပါးသော လောက နောက်ဘဝ၌၊ ပဋိသန္ဓေနေသော သတ္တဝါဟူသမျှသည်ပင်၊ ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် ပြေးဝင်၍ထင်သကဲ့သို့။ ထိုအတူ၊ ဖြစ်ပျက်သဟု ရှုသော ထိုယောဂီအား၊ရုပ်နာမ်ခန္ဓာ၊ဖြစ်ပျက်ရာဌာန၊ဟူသမျှသည်ပင် သတိဖြင့် ပြေးဝင်၍ထင်ချင်းတည်း။ ထိုထင်ချင်းသည်လည်း၊ ဖြစ်သည် ရှိသော်၊ငါးပါး ငါးပါးသောခန္ဓာတို့၏ ဖြစ်ပျက်သောသဘောကို၊ အနိစ္စ ဟု ရှုသော ယောဂီအားဖြစ်၏။ ဖြစ်သောကာလ၊ ဤသို့သဘောရှိသော ထင်ချင်းသည်လည်း၊ ငါ၏မဂ်ပင်တည်းဟု၊ ဝိပဿနာနှင့် ယှဉ်သော သတိ၏ ထင်ချင်းကို၊ မဂ်ဓမဟုတ်သဲလျက်၊ မဂ်ဟုယူမှားသော ဒိဋ္ဌိ

ဂါဟာဖြင့်လည်း ဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုဖြစ်နိုး များသော မာနဂါဟာဖြင့်လည်းဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟု သာယာများသောတဏှာဂါဟာဖြင့်လည်း ဆင်ခြင်မိ၏။ ထိုဝိပဿနာနှင့် ယှဉ်သောသတိ၏ ထင်ချင်းကို ဆင်ခြင်ချင်းကြောင့်၊ ပျံ့လွင့်ချင်းသည် ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စဖြင့်၊ ငါသည်မဂ်ကို ရပြီတကားဟု၊ ယူများသော စိတ်၊တိက်ဖြစ်၏။ယူများသောစိတ်၊တိက်ဖြစ်သောကာလ၊ငါးပါး ငါးပါး သော ခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ အနိစ္စဟု ထင်တိုင်း ဟုတ်တိုင်းမသိ။ ဒုက္ခဟု ထင်တိုင်းဟုတ်တိုင်း မသိ၊အနတ္တဟုထင်တိုင်း ဟုတ်တိုင်း မသိ။ ငါသည် မဂ်ကိုရပြီတကားဟု၊ အားရဝမ်းသာ၊ သမ္မောဟအရာသာဖြစ်၍၊ ဝိပဿနာကို လွှတ်၏။ ဝိပဿနာနှင့် ယှဉ်သော သတိ၏ထင်ချင်းကို သာလျှင်၊သာယာစုံမက်၊ တင့်ကွက်ကွက်၊ မက်၍သာနေ၏။

အနိစ္စတော မနသိကရောတော ဥပဋ္ဌာနံ ဥပ္ပဇ္ဇတိ၊ဥပဋ္ဌာနံ ဓမ္မောတိ ဥပဋ္ဌာနံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ၊ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ၊ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ။

အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ ဥပဋ္ဌာနံ၊ ထင်ချင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပဋ္ဌာနံ၊ ထင်ချင်းသည်။ ဓမ္မော၊ မဂ်တည်း။ ဣတိ၊ဤသို့။ ဥပဋ္ဌာနံ၊ ထင်ချင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ တတော၊ ထိုကြောင့်။ ဝိက္ခေပေါ၊ ပျံ့လွင့်ချင်းသည်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စမည်၏။ တေနဥဒ္ဓစ္စေန၊ ထိုဥဒ္ဓစ္စဖြင့်။ ဝိဂ္ဂဟိတမာနသော၊ မဂ်ဟုယူများသောစိတ်သည်။ အနိစ္စတော၊ အနိစ္စဟု။ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ ဒုက္ခတော၊ ဒုက္ခဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။အနတ္တတော၊ အနတ္တဟု။ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊မသိ။

ဥပဋ္ဌာနန္တိ သတိ၊တဿိံ ဥပ္ပန္နေ ယောဂါဝစရော န ဝတ မေ ဣတော ပုဗ္ဗေ ဧဝရူပံ ဥပဋ္ဌာနံ ဥပ္ပန္နပုဗ္ဗံ အဒ္ဓါ မဂ္ဂပတ္တောသ္မိ ဖလပတ္တောသ္မိတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလ

မေဝစ ဖလန္တိ ဂဏှာတိ၊ တဿ ဇဝံ အမဂ္ဂံ မဂ္ဂေါတိ အဖလံ ဖလန္တိ ဂဏှတော ဝိပဿနုပဝိထိ ဥက္ကန္တာနာမ ဟောတိ၊ သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ ဥပက္ကိလေသမေဝ အဿာဒေန္တော နိသီဒတိ။

ဥပက္ကိလေသန္တိ၊ဥပက္ကိလေသံဟူသည်ကား။ သတိ၊ ဝိပဿနာနှင့် ယှဉ်သော သတိ၏ ထင်ချင်းတည်း။ တသ္မိံ၊ထိုထင်ချင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ယောဂါဝစရော၊ ယောဂီသည်။ ဋ္ဌတော၊ ယခုအခါကာလမှ။ ပုဗ္ဗေ၊ရှေးအခါကာလ၌။ ဝတ၊ စင်စစ်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဥပက္ကိလေသံ၊ ထင်ချင်းသည်။ မေ၊ ငါ့အား။ နဥပ္ပန္နပုဗ္ဗံ၊ မဖြစ်စဘူး။ အဒ္ဓါ၊ စင်စစ်။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဖလပတ္တော၊ ဖိုလ်သို့ရောက်သည်။ အသ္မိ၊ဖြစ်ပြီ။ဋ္ဌတိ၊ဤသို့။အမဂ္ဂမေဝ၊မဂ်မဟုတ်ဘဲ သာလျှင်။မဂ္ဂေါတိ၊မဂ်ဟု။အဖလမေဝ၊ ဖိုလ်မဟုတ်ဘဲသာလျှင်လည်း။ ဖလန္တိ၊ဖိုလ်ဟု။ ဂဏှာတိ၊ ယူမှား၏။ ဇဝံ၊ ဤသို့။ အမဂ္ဂံ၊ မဂ်မဟုတ်ဘဲ။ မဂ္ဂေါတိ၊ မဂ်ဟု။အဖလံ၊ ဖိုလ်မဟုတ်ဘဲ။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှတော၊ ယူမှားသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာဝိထိ၊ ဝိပဿနာအစဉ် သည်။ ဥက္ကန္တာနာမ၊ ချန်ကျော်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောဂီသည်။ အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ ဥပက္ကိလေသမေဝ၊ ဝိပဿနာနှင့်ယှဉ်သောသတိ၏ထင်ချင်းကိုသာလျှင်။ အဿာဒေန္တော၊ သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်သည်ဖြစ်၍။ နိသီဒတိ၊ နေ၏။

(နောက်ဆိုမည့်စကားနည်းတူသွား။)

ဥပေက္ခာကား၊ ဝိပဿနာ၏ အညီ အညွတ် ရှုသောဝိပဿနုပေက္ခာလည်းတပါး။ အာဝဇ္ဇနာန်း၏ အညီ အညွတ်ရှုသော အာဝဇ္ဇနုပေက္ခာလည်းတပါး။ ထို ၂–ပါးတို့တွင်၊ ဝိပဿနုပေက္ခာသည်လည်း ဥပေက္ခာပင်တည်း။ အာဝဇ္ဇနုပေက္ခာသည်လည်း၊ ဥပေက္ခာပင်တည်း။ ထိုဥပေက္ခာသည်လည်း၊ပစ်လွှတ်သောသံကြားမင်း၏ဝရဇိန်စဉ်းသွား၊ မြှားကဲ့သို့၊ မြမြထက်ထက်၊ ရွက်ဆောင်သည်လည်းတဂုဏ်။ ခါချင်အုံ ရတ်၊ ဖက်ထုတ်ချောက်ချောက်၊ရဲရဲတောက် သံမြှား၊ ပြေးဝင်၍သွား သကဲ့သို့၊ ရဲရဲရင့်ရင့်၊ ရွက်ဆောင်လင့်သည်လည်းအတန်တန်၊ရုပ်နာမ်

ခန္ဓာ၊ ဖြစ်ပျက်ရေး၌သာ ဟူသမျှကို ဖြစ်ပျက်သဟု ဆင်ခြင်သော ယောဂီ၏ အညီအညွတ် ရှုချင်းတည်း။ ထိုအညီအညွတ် ရှုချင်းသည် လည်း၊ ဖြစ်သည့်ရှိသော်၊ ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက် သောသဘောကို၊အနိစ္စဟု ရှုသောယောဂီအားဖြစ်၏။ဖြစ်သောကာလ၊ ဤသို့သဘောရှိသော အညီအညွတ် ရှုချင်းသည်လည်း၊ ငါ၏မဂ်ပင် တည်းဟု၊ ဝိပဿနူပေက္ခာ၊အာဝဇ္ဇနူပေက္ခာ ၂-ပါးတို့၏အညီအညွတ် ရှုချင်းကို၊ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုယူမှားသော ဒိဋ္ဌိဂါဟဖြင့်လည်း ဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟု မြတ်နိုးမှားသော မာနဂါဟ ဖြင့်လည်းဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုသာယာမှားသော တဏှာဂါဟဖြင့်လည်း ဆင်ခြင်မိ၏။ ထိုဝိပဿနူပေက္ခာ၊ အာဝဇ္ဇနူ ပေက္ခာ ၂-ပါးတို့၏အညီအညွတ်ရှုချင်းကို၊ဆင်ခြင်ချင်းကြောင့်၊ပျံ့လွင့် ချင်းသည်ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စဖြင့်ငါသည်မဂ်ကိုရပြီတကားဟု၊ယူမှား သော စိတ်၊ တိက်ဖြစ်၏။ ယူမှားသောစိတ်၊ တိက်ဖြစ်သော ကာလ၊ ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ အနိစ္စဟု ထင်တိုင်းဟုတ်တိုင်းမသိ။ ဒုက္ခဟု ထင်တိုင်းဟုတ်တိုင်းမသိ။ အနတ္တ ဟု ထင်တိုင်းဟုတ်တိုင်းမသိ။ ငါသည်မဂ်ကိုရပြီတကားဟု၊ အားရ ဝမ်းသာ၊ သမ္မောဟအရောသာဖြစ်၍၊ ဝိပဿနာကိုလွှတ်၏။ ဝိပဿနူ ပေက္ခာ၊ အာဝဇ္ဇနူပေက္ခာ၊ ၂-ပါးတို့၏ အညီ အညွတ်ရှုချင်းကိုသာ လျှင်၊ သာယာစုံမက်၊ တင့်ကွက်ကွက်၊ မက်၍သာနေ၏။

> အနိစ္စတော မနသိကရောတော ဥပေက္ခာ ဥပ္ပဇ္ဇတိ၊ ဥပေက္ခာ ဓမ္မောတိ ဥပေက္ခံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ၊ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ၊ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ။

အနိစ္စတော၊အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီ အား။ ဥပေက္ခာ၊ အညီအညွတ်ရှုချင်းသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဥပေက္ခာ၊ အညီအညွတ်ရှုချင်းသည်။ ဓမ္မော၊ မဂ်တည်း။ ဣတိ၊ ဤသို့။ ဥပေက္ခံ၊ အညီအညွတ်ရှုချင်းကို။ အာဝဇ္ဇတိ၊ဆင်ခြင်၏။ တတော၊ ထိုကြောင့်။ ဝိက္ခေပေါ၊ ပျံ့လွင့်ချင်းသည်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စမည်၏။ တေနဥဒ္ဓစ္စေန၊ ထို

ဥဒ္ဒိဋ္ဌဖြင့်။ ဝိဂ္ဂဟိတမာနသော၊ မင်္ဂလာမယူမှားသော စိတ်သည်။ အနိဋ္ဌ တော၊ အနိဋ္ဌဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နုပဇာ နာတိ၊ မသိ။ ဒုက္ခတော၊ ဒုက္ခဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နုပဇာနာတိ၊ မသိ။ အနတ္တတော၊ အနတ္တဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နုပဇာနာတိ၊ မသိ။

ဥပေက္ခာတိ ဝိပဿနုပေက္ခာစေဝ အာဝဇ္ဇနုပေက္ခာစ၊ တသ္မိံ ဥပ္ပန္နေ ယောဂါဝစရော နေ ဝတ မေ ဇာတော ပုဗ္ဗေ စေဝ ရူပါ ဥပေက္ခာ ဥပ္ပန္နပုဗ္ဗာ၊ အဒ္ဓါ မဂ္ဂပတ္တောသ္မိ ဖလပတ္တောသ္မီတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလမေဝစ ဖလန္တိ ဂဏှာတိ၊ တဿ ဇေဝံ အမဂ္ဂံမဂ္ဂေါတိ အဖလံဖလန္တိ ဂဏှတော ဝိပဿနာဝီထိ ဥက္ကန္တာ နာမ ဟောတိ၊ သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ ဥပေက္ခမေဝ အဿာဒေန္တော နိသီဒတိ။

ဥပေက္ခာတိ၊ ဥပေက္ခာဟူသည်ကား။ ဝိပဿနုပေက္ခာစေဝ အာဝဇ္ဇနုပေက္ခာစ၊ ဝိပဿနုပေက္ခာ၊ အာဝဇ္ဇနုပေက္ခာ ၂-ပါးတို့၏ အညီအညွတ် ရှုချင်းတည်း။ တသ္မိံ၊ ထိုအညီအညွတ်ရှုချင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည် ရှိသော်။ ယောဂါဝစရော၊ ယောဂီသည်။ ဇာတော၊ ယခုအခါကာလမှ။ ပုဗ္ဗေ၊ ရှေးအခါကာလ၌။ ဝတ၊ စင်စစ်။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ ဥပေက္ခာ၊ အညီအညွတ်ရှုချင်းသည်။ မေ၊ ငါ့အား။ နုဥပ္ပန္နပုဗ္ဗာ၊ မဖြစ်စဘူး။ အဒ္ဓါ၊ စင်စစ်။ မဂ္ဂပတ္တော၊ မင်္ဂသို့ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဖလပတ္တော၊ ဖိုလ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မင်္ဂမဟုတ်ဘဲ သာလျှင်။ မဂ္ဂေါတိ၊ မင်္ဂဟု။ အဖလမေဝစ၊ ဖိုလ်မဟုတ်ဘဲသာလျှင်လည်း။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှာတိ၊ ယူမှား၏။ ဧဝံ၊ ဤသို့။ အမဂ္ဂံ၊ မင်္ဂမဟုတ်ဘဲ။ မဂ္ဂေါတိ၊ မင်္ဂဟု။ အဖလံ၊ ဖိုလ်မဟုတ်ဘဲ။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှတော၊ ယူမှားသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာဝီထိ၊ ဝိပဿနာအစဉ်သည်။ ဥက္ကန္တာ နာမ၊ ချန်ကျော်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောဂီသည်။ အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ ဥပေက္ခမေဝ၊ ဝိပဿနုပေက္ခာ၊ အာဝဇ္ဇနုပေက္ခာ ၂-ပါးတို့၏ အညီအညွတ်

ရှုချင်းကိုသာလျှင်။ အဿာဒေန္တော၊ သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်သည်ဖြစ်၍။ နိသီဒတိ၊ နေ၏။

(နောက်ဆိုမည့်စကား၊ နည်းတူသွား။)

နိကန္တိကား၊ ဝိပဿနာနိကန္တိတည်း။ ထိုနိကန္တိသည်လည်း၊ ကိလေသာတည်းဟု၊ သိမ်းဆည်းချင်းငှါ မတတ်ကောင်းသည် ဖြစ်၍၊ သိမ်မွေ့အေးမြသော အခြင်းအရာအာကာရ၊ ဩဘာသ၊ ဉာဏ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ အဓိမောက္ခ၊ ပဂ္ဂဟ၊ ဥပဋ္ဌာန၊ ဥပေက္ခာ၊ ကိုးပါးသော ဝိပဿနူပက္ကိလေသာတို့ဖြင့်၊ တန်ဆာဆင်အပ်သော-ဝိပဿနာ ဘာဝနာ၌မွေ့လျော်ချင်းတည်း။ ထိုဝိပဿနာဘာဝနာ၌ မွေ့လျော်ချင်းသည်လည်း၊ ဖြစ်သည်ရှိသော်၊ ငါးပါး ငါးပါးသောခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ အနိစ္စဟု- ရှုသောယောဂီအားဖြစ်၏၊ ဖြစ်သောကာလ၊ ဤသို့သဘောရှိသော ဝိပဿနာဘာဝနာ၌၊ မွေ့လျော်ချင်းသည်လည်း၊ ငါ၏ မဂ်ပင်တည်းဟု၊ ဝိပဿနာ ဘာဝနာ၌ မွေ့လျော်ချင်းကို၊ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုယူမှားသော ဒိဋ္ဌိဂါဟဖြင့်လည်း ဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟု မြတ်နိုးမှားသော မာနဂါဟဖြင့်လည်းဆင်ခြင်မိ၏။ မဂ်မဟုတ်ဘဲလျက်၊ မဂ်ဟုသာယာမှားသောတဏှာဂါဟဖြင့်လည်းဆင်ခြင်မိ၏။ ထိုဝိပဿနာဘာဝနာ၌ မွေ့လျော်ချင်းကို ဆင်ခြင်ချင်းကြောင့်၊ ပျံ့လွင့်ချင်းသည်၊ ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စဖြင့်၊ ငါသည်မဂ်ကိုရပြီတကားဟု ယူမှားသောစိတ်၊ တိက်ဖြစ်၏။ ယူမှားသောစိတ်၊ တိက်ဖြစ်သောကာလ၊ ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ အနိစ္စဟု-ထင်တိုင်း ဟုတ်တိုင်း မသိ။ ဒုက္ခဟု—ထင်တိုင်း ဟုတ်တိုင်းမသိ။ အနတ္တဟု- ထင်တိုင်း ဟုတ်တိုင်းမသိ။ ငါသည်မဂ်ကို ရပြီတကားဟု၊ အားရဝမ်းသာ၊ သမ္မောဟအရောသာဖြစ်၍၊ ဝိပဿနာကိုလွှတ်၏။ ဝိပဿနာဘာဝနာ၌ မွေ့လျော်ချင်းကိုသာလျှင်၊ သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်၍သာနေ၏။

အနိစ္စတော မနသိကရောတော နိကန္တိ ဥပ္ပဇ္ဇတိ၊ နိကန္တိဝမ္မောတိ နိကန္တိံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ၊ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ၊ ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ န ပဇာနာတိ။

အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသောယောဂီအား။ နိကန္တိ-ဘာဝနာရတိ၊ ဘာဝနာ၌မွေ့လျော်ချင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နိကန္တိ-ဘာဝနာရတိ၊ ဘာဝနာ၌မွေ့လျော်ချင်းသည်။ ဓမ္မော၊ မဂ်တည်း။ ဣတိ၊ ဤသို့။ နိကန္တိံ-ဘာဝနာရတိံ၊ ဘာဝနာ၌ မွေ့လျော်ချင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ တတော၊ ထိုကြောင့်။ ဝိက္ခေပေါ၊ ပျံ့လွင့်ချင်းသည်။ ဥဒ္ဒစ္စံ၊ ဥဒ္ဒစ္စမည်၏။ တေနဥဒ္ဓစ္စေန၊ ထိုဥဒ္ဒစ္စဖြင့်။ ဝိဂ္ဂဟိတမာနသော၊ မဂ်ဟုယူမှားသောစိတ်သည်။ အနိစ္စတော၊ အနိစ္စဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ ဒုက္ခတော၊ ဒုက္ခဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း။ နပဇာနာတိ၊ မသိ။ အနတ္တတော၊ အနတ္တဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း၊ နပဇာနာတိ၊ မသိ။

နိကန္တိတိ ဝိပဿနာနိကန္တိ၊ တဿံ ဥပ္ပန္နေ ယောဂါဝစရော န ဝတ မေ ဣတော ပုဗ္ဗေ ဧဝရူပါ နိကန္တိ ဥပ္ပန္နပုဗ္ဗာ၊ အဒ္ဓါ မဂ္ဂပတ္တောသ္မိ ဖလပတ္တောသ္မိတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလမေဝစ ဖလန္တိ ဂဏှာတိ၊ တဿ ဧဝံ အမဂ္ဂံ မဂ္ဂေါတိ အဖလံ ဖလန္တိ ဂဏှတော ဝိပဿနာဝီထိ ဥက္ကန္တာ နာမ ဟောတိ၊ သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ နိကန္တိမေဝ အဿာဒေန္တော နိသီဒတိ။

နိကန္တိတိ၊ နိကန္တိဟူသည်ကား။ ဝိပဿနာနိကန္တိ-ဘာဝနာရတိ၊ ဘာဝနာ၌မွေ့လျော်ချင်းတည်း။ တဿံ၊ ထိုဘာဝနာ၌၊ မွေ့လျော်ချင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ယောဂါဝစရော၊ ယောဂီသည်။ ဣတော၊ ယခုအခါကာလမှ။ ပုဗ္ဗေ၊ ရှေးအခါကာလ၌။ ဝတ၊ စင်စစ်။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ နိကန္တိ-ဘာဝနာရတိ၊ ဘာဝနာ၌မွေ့လျော်ချင်းသည်။ မေ၊ ငါ့အား။ နဥပ္ပန္နပုဗ္ဗာ၊ မဖြစ်စဘူး။ အဒ္ဓါ၊ စင်စစ်။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဖလပတ္တော၊ ဖိုလ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်ဘဲသာလျှင်။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလမေဝစ၊ ဖိုလ်မဟုတ်ဘဲသာလျှင်လည်း။ ဖလန္တိ၊ ဖိုလ်ဟု။ ဂဏှာတိ၊ ယူမှား၏။ ဧဝံ၊ ဤသို့၊ အမဂ္ဂံ၊ မဂ်မဟုတ်ဘဲ။ မဂ္ဂေါတိ၊ မဂ်ဟု။ အဖလံ၊ ဖိုလ်မဟုတ်ဘဲ။ ဖလန္တိ၊ ဖိုလ်ဟု။

ဂဏှေတော၊ ယူမှားသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာဝီထိ၊ ဝိပဿနာအစဉ်သည်။ ဥဏ္ဏာနုဿာနာမ၊ ခုန်ကျော်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောဂီသည်။ အဍ္ဍနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းရင်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ နိကန္တိမေဝ- ဘာဝနာရတိမေဝ၊ ဘာဝနာ၌ မွေ့လျော်ချင်းကိုသာလျှင်။ အဿာဒေန္တော၊ သာယာစုံမက်၊ တငဲ့ကွက်ကွက်၊ မက်သည်ဖြစ်၍။ နိသိဒတိ၊နေ၏။

နိကန္တိကို၊ဘာဝနာရတိဟု၊ ပြင်ချက်သဘောအနက်၊ သက်သော

သာဓက-ဋီကာသည်ကား။

နဝတာ မေ ဣတော ပုဗ္ဗေ ဧဝရူပါ နိကန္တိ ဥပ္ပန္နပုဗ္ဗာတိ ဣဒံ ဓမ္မသဘာဝ ဒဿနဝသေန ဝုတ္တံ၊ နစပန တဒါ ယောဂိနော တထာ စိတ္တပဝတ္တိဝသေန၊ န ဟိ သော တဒါ တံ နိကန္တိတိ ဇာနာတိ၊ တထာ သတိ တမ္ဗိသယာဿ မဂ္ဂ ပဋ္ဌောမှိတိ ဂဟဏဿ အသမ္ဘဝေါဧဝ၊ တသ္မာ ဧဝမဿ သိယာ န ဝတာ မေ ဧဝရူပါ ဘာဝနာရတိ ဥပ္ပန္နပုဗ္ဗာ အဒ္ဓါ မဂ္ဂပဋ္ဌောမှိတိ။

နဝတာ မေ ဣတော ပုဗ္ဗေ ဧဝရူပါ နိကန္တိ ဥပ္ပန္နပုဗ္ဗာတိ ဣဒံဝစနံ၊ နဝတာ(ပ)ဥပ္ပန္နပုဗ္ဗာဟူသော ဤစကားကို။ဓမ္မသဘာဝဒဿနဝသေန၊ နိကန္တိတရားသဘောကိုပြသော အလိုအားဖြင့်။ ဝုတ္တံ၊ဆိုအပ်၏။ တဒါ၊ ထိုနိကန္တိဖြစ်သောအခါ၌။ ယောဂိနော၊ ယောဂီအား။ တထာစိတ္တပဝတ္တိဝသေန၊ ဤသို့သဘောရှိသော နိကန္တိ၊ ငါ့အားမဖြစ်စဘူးဟူသောထိုစိတ်ဖြစ်သောအလိုအားဖြင့်။ နစပနဝုတ္တံ၊ မဆိုအပ်။ ဟိသစ္စံ၊ မှန်၏။ သော၊ ထိုယောဂီသည်။ တဒါ၊ ထိုနိကန္တိဖြစ်သော ကာလ၌။ တံ၊ ထိုနိကန္တိကို။ နိကန္တိတိ၊ နိကန္တိဟု။ နဇာနာတိ၊ မသိ။ တထာ တသ္မိံနိကန္တိဇာနနေ၊ ထိုနိကန္တိကိုသိချင်းသည်။ သတိ၊ရှိသော်ကား။ တမ္ဗိသယဿ၊ ထိုနိကန္တိ၏ အရာဖြစ်သော။ မဂ္ဂပဋ္ဌောမှိတိဂဟဏဿ၊ မဂ်သို့ရောက်ပြီဟူသော ယူမှားချင်း၏။ အသမ္ဘဝေါဧဝ၊ ဖြစ်ချင်းငှါမသင့်တော့သည်သာလျှင်။ ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ဧဝံ၊ ဤသို့။ အဿ၊ ဤယောဂီအား။ သိယာ၊ ဖြစ်သင့်ရာ၏။ ကထံသိယာ၊ အဘယ်သို့ဖြစ်သင့်ရာသနည်း။ ဝတ၊ စင်စစ်။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ ဘာဝနာရတိ၊ ဘာ

ဝနာ၌ မွေ့လျော်ချင်းသည်။ မေ၊ ငါ့အား။ နဥပ္ပန္နပုဗ္ဗာ၊ မဖြစ်စဘူး။ အဒ္ဓါ၊ စင်စစ်။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည်။ အမှိ၊ ဖြစ်ပြီ။ ဣတိဟေဝံ၊ ဤသို့။ အဿ၊ ဤယောဂီအား။ သိယာ၊ ဖြစ်သင့်ရာ၏။

(ဩဘာသဝတ္ထုအစ၊ ဥပေက္ခာဝတ္ထုအဆုံး ရှိသော-ကိုးပါးသော ဝတ္ထုတို့၌၊ ဝတ္ထုတပါးတပါး၊ ဂါဟသုံးပါးသုံးပါး၊ မဂ်မှန်မဂ်မှားဖြစ်၏၊ ဤနိကန္တိအရာဌာန၌သော်ကား၊ ဝတ္ထုအပြားဆယ်ပါး၊ ဂါဟအပြားသုံးဆယ်၊ အကျယ်အားဖြင့်၊ မဂ်မှန်မဂ်မှားဖြစ်၏။)

မဂ်မှားဖြစ်ပုံကား။

ဣတ္ထ စ ဝတ္ထုဝသေနေဝ စေတေဒသ၊ ဂါဟဝသေနပန သမတိံသ ဟောန္တိ။ မမ နိကန္တိ ဥပ္ပန္နာတိ ဂဏှတော ဟိ ဒိဋ္ဌိဂါဟော ဟောတိ၊ မနာပေါ ဝတ နိကန္တိ ဥပ္ပန္နာတိ ဂဏှတော မာနဂါဟော၊ နိကန္တိံ အဿာဒယတော တဏှာဂါဟော။ ဣတိ နိကန္တိမှိ ဒိဋ္ဌိမာနတဏှာဂါဟဝသေန တယော ဂါဟာ၊ တထာ သေသေသုပီတိ၊ ဧဝံ ဝသေန အကုသလော အဗျတ္တော ယောဂါဝစရော ဩဘာသေ၊ ဉာဏေ၊ ပီတိယာ၊ ပဿဒ္ဓိယာ၊ သုခေ၊ အဓိမောက္ခေ၊ ပဂ္ဂဟေ၊ ဥပဋ္ဌာနေ၊ ဥပေက္ခာယ၊ နိကန္တိယာ ကမ္ပတိ ဝိက္ခိပတိ ဩဘာသံ၊ ဉာဏံ၊ ပီတိံ၊ ပဿဒ္ဓိံ၊ သုခံ၊ အဓိမောက္ခံ၊ ပဂ္ဂဟံ၊ ဥပဋ္ဌာနံ၊ ဥပေက္ခံ၊ နိကန္တိံ၊ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ သမနုပဿတိ။

ဣတ္ထ စ နိကန္တိဌာနေ၊ ဤနိကန္တိအရာဌာန၌သော်ကား။ ဝတ္ထုဝသေနေဝ၊ ဝတ္ထုအလိုအားဖြင့်သာလျှင်။ ဧတေ ဒသ၊ ထိုဝတ္ထု ဆယ်ပါးတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဂါဟဝသေနပန၊ ဂါဟအလိုအားဖြင့်သော်ကား။ သမတိံသ၊ အများသုံးဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကထံ ဟောန္တိ၊ အဘယ်သို့ဖြစ်ကုန်သနည်း။ မမ၊ ငါ၏။ နိကန္တိ-ဘာဝနာရတိ၊ ဘာဝနာ၌မွေ့လျော်ချင်းသည်။ ဥပ္ပန္နာ၊ ဖြစ်သည်တကား။ ဣတိ၊ ဤသို့။ ဂဏှတော၊ ယူမှားသောယောဂီအား။ ဒိဋ္ဌိဂါဟော၊ ဒိဋ္ဌိဂါဟသည်။ ဟောတိ၊ ဖြစ်၏။ ဥပ္ပန္နာ၊ ဖြစ်သော။ နိကန္တိ-ဘာဝနာရတိ၊ ဘာဝနာ၌ မွေ့လျော်ချင်းသည်။ မနာပေါ ဝတ၊ မြတ်နိုးဘွယ်တကား။ ဣတိ၊ ဤသို့။ ဂဏှတော၊ ယူမှားသောယောဂီအား။ မာနဂါဟော၊

မာနဂါဟာသည်။ ဟောတိ၊ ဖြစ်၏။ နိကန္တိံ-ဘာဝနာရတိံ၊ ဘာဝနာ၌ မွေ့
လျော်ချင်းကို။ အဿာဒယတော၊ သာယာသောယောဂီအား။ တဏှာ
ဂါဟော၊ တဏှာဂါဟာသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ နိကန္တိမှိ–
ဘာဝနာရတိမှိ၊ ဘာဝနာ၌ မွေ့လျော်ချင်း၌။ ဒိဋ္ဌိမာနတဏှာဂါဟ
ဝသေန၊ ဒိဋ္ဌိဂါဟ-မာနဂါဟ–တဏှာဂါဟ–သုံးပါးတို့၏ တိုက်အလို
အားဖြင့်။ တယောဂါဟာ၊ သုံးပါးသော ဂါဟာတို့သည်။ ဟောန္တိ၊
ဖြစ်ကုန်၏။ သေသေသုပိ၊ အကြွင်းကိုးပါးတို့၌လည်း။ တထာ၊ ထိုအတူ။
တယောတယောဂါဟာ၊ သုံးပါးသုံးပါးသော ဂါဟာတို့သည်။ ဟောန္တိ၊
ဖြစ်ကုန်၏။ ဣတိဧဝံ၊ ဤသို့။ ဂါဟဝသေန ပန၊ ဂါဟာအလိုအားဖြင့်သော်
ကား။ သမတိံသ၊ အများသုံးဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသံ၊
ထိုအများသုံးဆယ်သောဂါဟာတို့၏။ ဝသေန၊ အလိုအားဖြင့်။ အကုသလော၊
မလိမ္မာသော။ အဗျတ္တော၊ ပယ်ခြင်းငှါ မစွမ်းနိုင်သော။ ယောဂါ
ဝစရော၊ ယောဂီသည်။ ဩဘာသေ၊ အရောင်အလင်း၌။ ဉာဏေ၊ သိချင်း၌။
ပီတိယာ၊ နှစ်သက်ချင်း၌။ ပဿဒ္ဓိယာ၊ ငြိမ်းအေးချင်း၌။ သုခေ၊ ချမ်းသာ
ချင်း၌။ အဓိမောက္ခေ၊ ကြည်လင်ချင်း၌။ ပဂ္ဂဟေ၊ အားထုတ်ချင်း၌။
ဥပဋ္ဌာနေ၊ ထင်ချင်း၌။ ဥပေက္ခာယ၊ အညီအညွတ်ရှုချင်း၌။ နိကန္တိယာ–
ဘာဝနာရတိယာ၊ ဘာဝနာ၌မွေ့လျော်ချင်း၌။ ကမ္ပတိ၊ စိတ်တုန်လှုပ်၏။
ဝိက္ခိပတိ၊ စိတ်ပျံ့လွင့်၏။ ဩဘာသံ၊ အရောင်အလင်းကို။ ဉာဏံ၊ သိချင်း
ကို။ ပီတိံ၊ နှစ်သက်ချင်းကို။ ပဿဒ္ဓိံ၊ ငြိမ်းအေးချင်းကို။ သုခံ၊ ချမ်းသာချင်း
ကို။ အဓိမောက္ခံ၊ ကြည်လင်ချင်းကို။ ပဂ္ဂဟံ၊ အားထုတ်ချင်းကို။ ဥပဋ္ဌာနံ၊
ထင်ချင်းကို။ ဥပေက္ခံ၊ အညီအညွတ်ရှုချင်းကို။ နိကန္တိံ-ဘာဝနာရတိံ၊
ဘာဝနာ၌မွေ့လျော်ချင်းကို။ ဧတံ၊ ဤမွေ့လျော်ချင်းသည်ကား။ မမ၊
ငါ့ဥစ္စာမဟုတ်လော။ ဧသော၊ ဤမွေ့လျော်ချင်းသည်ကား။ အဟမသ္မိ၊
ငါဖြစ်သည်မဟုတ်လော။ ဧသော၊ ဤမွေ့လျော်ချင်းသည်ကား။ မေ
အတ္တာ၊ ငါ၏အလိုမဟုတ်လော။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ ရှုများ၏။

(ဤတွင်ရွေ့ကားမဂ်မှား၊ မဂ်မှားကိုမစွန့်၊ မဂ်ဟုတ်သည်၊ မဟုတ်သည်ကိုမဆင်ခြင်၊
ဉာဏ်အမြင် မစင်ကြယ်သည်ဖြစ်၍၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်၊ တဘက်ကမ်း
သို့မရောက်၊ အောက်သို့သာသက်၏၊ အထက်သို့မတက်။)

လိမ္မာသောယောဂီသည်ကား၊ ဤသို့ဆင်ခြင်၏၊ အဘယ်သို့ဆင်
ခြင်သနည်း။ ကမ္မဋ္ဌာန်းစစ်ဆေးမေးမြန်းသော ကာလ၊ ငါ့ဆရာပြောဘူး

သည်ကား၊ဥဒယဗ္ဗယဉာဏ်နှင့်ဖြစ်သောကာလ၊ဘာဝနာ၌မွေ့လျော်ချင်း ဖြစ်ပေါ်တတ်၏၊ဘာဝနာ၌မွေ့လျော်ချင်း ဖြစ်ပေါ်သည်ရှိသော်၊ ထိုမွေ့ လျော်ချင်းကို ပိုင်းလည်းပိုင်းခြားရ၏။ ဆင်လည်းဆင်ခြင်ရ၏။ ဤသို့ငါ့ ဆရာပြောဘူးပေသည်တကားဟု-ဆင်ခြင်၏။

ဆင်ခြင်ပြီး၍ပိုင်းခြားပုံကား။

> ကုသလော ပန ပဏ္ဍိတော ဗျတ္တော ဗုဒ္ဓိသမ္ပန္နော ယောဂါ ဝစရော နိကန္တိယာ ဥပ္ပန္နာယ အယံခေါ မေ နိကန္တိ ဥပ္ပန္နာ၊ သာခေါပနာယံ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယ ဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာတိ ဣတိဝါ တံ ပညာယ ပရိစ္ဆိန္ဒ တိ ဥပပရိက္ခတိ။

တေသံ၊ ထိုအမျိုးသုံးဆယ်သောဂါထာတို့၏။ ဝသေန၊ အလိုအားဖြင့်။ ကုသလော၊ လိမ်မာသော။ ပဏ္ဍိတော၊ ပညာရှိသော။ ဗျတ္တော၊ ပယ် ချင်း၌စွမ်းနိုင်သော။ ဗုဒ္ဓိသမ္ပန္နော၊ ပညာနှင့်ပြည့်စုံသော။ ယောဂါဝ စရော၊ ယောဂီသည်။ နိကန္တိယာ-ဘာဝနာရတိယာ၊ ဘာဝနာ၌မွေ့ လျော်ချင်းသည်။ ဥပ္ပန္နာယ၊ဖြစ်သည်ရှိသော်။ အယံခေါနိကန္တိ-ဘာဝနာ ရတိ၊ဤဘာဝနာ၌မွေ့လျော်ချင်းသည်ကား။ မေ၊ ငါ့အား။ဥပ္ပန္နာ၊ ဖြစ်ပြီ။ သာခေါပနာယံနိကန္တိ-ဘာဝနာရတိ၊ထိုဘာဝနာ၌ မွေ့လျော်ချင်းသည် ကား။ အနိစ္စာ၊ မြဲသောသဘောမရှိ။ ဣတိဝါ၊ ဤသို့ရင်း။ သင်္ခတာ၊ ပြုပြင် စီရင်အပ်သော သဘောရှိ၏။ ဣတိဝါ၊ ဤသို့ရင်း။ ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းကိုစွဲ၍ဖြစ်သောသဘောရှိ၏။ ဣတိဝါ၊ ဤသို့ရင်း။ ခယဓမ္မာ၊ ကုန်သောသဘောရှိ၏။ဣတိဝါ၊ဤသို့ရင်း။ ဝယဓမ္မာ၊ ပျက်သောသဘော ရှိ၏။ ဣတိဝါ၊ဤသို့ရင်း။ ဝိရာဂဓမ္မာ၊ ကင်းသောသဘောရှိ၏။ ဣတိဝါ၊ ဤသို့ရင်း။ နိရောဓဓမ္မာ၊ ချုပ်ပျက်သောသဘောရှိ၏။ ဣတိဝါ၊ ဤသို့ရင်း။ တံ၊ ထိုဘာဝနာ၌မွေ့လျော်ချင်းကို။ ပညာယ၊ ပညာဖြင့်။ ပရိစ္ဆိန္ဒတိ၊ ပိုင်းခြား၏။ ဥပပရိက္ခတိ၊ ဆင်ခြင်၏။

ဒိဋ္ဌိကွာအောင်ဆင်ခြင်ပုံကား။

> သစေ နိကန္တိအတ္တာဘဝေယျ၊ အတ္တာတိဂဟေတုံဝဋ္ဋေယျ၊ အနတ္တာစ ပနာယံ အတ္တာတိဂဟိတာ၊ တသ္မာ သာ အဝသဝတ္တ

နဋ္ဌေန အနတ္တာတိ နိကန္တိံ အနတ္တတော ပဿန္တဿ ဒိဋ္ဌိ
သမုဂ္ဃါဋနံ နာမ ဟောတိ။

သစေ၊ အကယ်၍။ နိကန္တိ-ဘာဝနာရတိ၊ ဘာဝနာ၌ မွေ့လျော်ခြင်းသည်။ အတ္တာ၊ ငါ၏အလိုသည်။ ဘဝေယျ၊ ဖြစ်ငြားအံ့။ အတ္တာတိ၊ ငါ၏အလိုဟု။ ဂဟေတုံ၊ ယူချင်း၄ါ။ ဝဋ္ဋေယျ၊ သင့်ရာ၏။ အနတ္တာ စ ပန၊ ငါ၏အလိုမဟုတ်ဘဲလျက်။ အယံ၊ ဤဘာဝနာ၌မွေ့လျော်ချင်းကို။ အတ္တာတိ၊ ငါ၏အလိုဟု။ ဂဟိတာ၊ ယူများ၏။ တသ္မာ၊ ထိုကြောင့်။ သာ၊ ထိုဘာဝနာ၌ မွေ့လျော်ချင်းသည်။ အဝသဝတ္တနေန၊ ငါ၏အလိုသို့ မလိုက်သော အနက်ကြောင့်။ အနတ္တာ၊ ငါ၏အလိုမဟုတ်။ ဣတိ၊ ဤသို့။ နိကန္တိံ-ဘာဝနာရတိံ၊ ဘာဝနာ၌မွေ့လျော်ချင်းကို။ အနတ္တတော၊ ငါ၏အလိုမဟုတ်ဟု။ ပဿန္တဿ၊ ရှုသောယောဂီအား။ ဒိဋ္ဌိသမုဂ္ဃါဋနံ၊ ဒိဋ္ဌိကွာသော မည်သည်။ ဟောတိ၊ ဖြစ်၏။

မာနကွာအောင် ဆင်ခြင်ပုံကား။

သစေ နိကန္တိ နိစ္စာ ဘဝေယျ၊ နိစ္စာတိ ဂဟေတုံ ဝဋ္ဋေယျ၊
အနိစ္စာ စ ပနာယံ နိစ္စာတိ ဂဟိတာ၊ တသ္မာ သာ ဟုတွာ
အဘာဝဋ္ဌေန အနိစ္စာတိ နိကန္တိံ အနိစ္စတော ပဿန္တဿ
မာနသမုဂ္ဃါဋနံ နာမ ဟောတိ။

သစေ၊ အကယ်၍။ နိကန္တိ-ဘာဝနာရတိ၊ ဘာဝနာ၌ မွေ့လျော်ချင်းသည်။ နိစ္စာ၊ မြဲသည်။ ဘဝေယျ၊ ဖြစ်ငြားအံ့။ နိစ္စာတိ၊ မြဲ၏ဟု။ ဂဟေတုံ၊ ယူချင်း၄ါ။ ဝဋ္ဋေယျ၊ သင့်ရာ၏။ အနိစ္စာ စ ပန၊ မမြဲဘဲလျက်။ အယံ၊ ဤဘာဝနာ၌မွေ့လျော်ချင်းကို။ နိစ္စာတိ၊ မြဲ၏ဟု။ ဂဟိတာ၊ ယူများ၏။ တသ္မာ၊ ထိုကြောင့်။ သာ၊ ထိုဘာဝနာ၌ မွေ့လျော်ချင်းသည်။ ဟုတွာ၊ ဖြစ်ပြီး၍။ အဘာဝဋ္ဌေန၊ မရှိသော အနက်ကြောင့်။ အနိစ္စာ၊ မမြဲ။ ဣတိ၊ ဤသို့။ နိကန္တိံ-ဘာဝနာရတိံ၊ ဘာဝနာ၌ မွေ့လျော်ချင်းကို။ အနိစ္စတော၊ မမြဲဟု။ ပဿန္တဿ၊ ရှုသောယောဂီအား။ မာနသမုဂ္ဃါဋနံ၊ မာနကွာသောမည်သည်။ ဟောတိ၊ ဖြစ်၏။

နိကန္တိကွာအောင် ဆင်ခြင်ပုံကား။

သစေ နိကန္တိ သုခါ ဘဝေယျ၊ သုခါတိ ဂဟေတုံ ဝဋ္ဋေယျ၊
ဒုက္ခာ စ ပနာယံ သုခါတိ ဂဟိတာ၊ တသ္မာ သာ ဥပ္ပါဒဝယ

ပဋိပီဠနဋ္ဌေန ဒုက္ခာတိ နိကန္တိံ ဒုက္ခတော ပဿန္တဿ နိကန္တိ
ပရိယာဒိဏ္ဏံ နာမ ဟောတိ။

သစေ၊ အကယ်၍။ နိကန္တိ-ဘာဝနာရတိ၊ ဘာဝနာ၌ မွေ့လျော်ချင်း
သည်။ သုခါ၊ ချမ်းသာသည်။ဘဝေယျ၊ ဖြစ်ငြားအံ့။ သုခါတိ၊ ချမ်းသာ
၏ဟု။ဂဟေတုံ၊ ယူချင်းငှါ။ ဝဋ္ဋေယျ၊သင့်ရာ၏။ ဒုက္ခာစပန၊မချမ်းသာ
ဘဲလျက်။ အယံ၊ ဤဘာဝနာ၌မွေ့လျော်ချင်းကို။ သုခါတိ၊ ချမ်းသာ၏
ဟု။ ဂဟိတာ၊ ယူမှား၏။ တသ္မာ၊ ထိုကြောင့်။ သာ၊ ထိုဘာဝနာ၌
မွေ့လျော်ချင်းသည်။ ဥပ္ပါဒဝယပဋိပီဠနဋ္ဌေန၊ ဖြစ်ချင်း ပျက်ချင်းဖြင့်
နှိပ်စက်သော အနက်သဘောကြောင့်။ ဒုက္ခာ၊ ဆင်းရဲ။ ဣတိ၊ ဤသို့။
နိကန္တိံ-ဘာဝနာရတိံ၊ ဘာဝနာ၌မွေ့လျော်ချင်းကို။ဒုက္ခတော၊ဆင်းရဲ
ဟု။ ပဿန္တဿ၊ ရှုသောယောဂီအား။ နိကန္တိပရိယာဒိဏ္ဏံ နာမ၊
နိကန္တိကုန်သောမည်သည်။ ဟောတိ၊ ဖြစ်၏။

ဧဝံ ဥပပရိက္ခိတွာ ဩဘာသံ၊ ဉာဏံ၊ ပီတိံ၊ ပဿဒ္ဓိံ၊ သုခံ၊
အဓိမောက္ခံ၊ ပဂ္ဂဟံ၊ ဥပဋ္ဌာနံ၊ ဥပေက္ခံ၊ နိကန္တိံ နေတံ မမ၊
နေသောဟမသ္မိ၊ န မေသော အတ္တာတိ သမနုပဿတိ၊ ဧဝံ
သမနုပဿန္တော ဩဘာသေ၊ ဉာဏေ၊ ပီတိယာ၊ ပဿဒ္ဓိယာ၊
သုခေ၊ အဓိမောက္ခေ၊ ပဂ္ဂဟေ၊ ဥပဋ္ဌာနေ၊ ဥပေက္ခာယ၊
နိကန္တိယာ နကမ္ပတိ နဝေဓတိ နစဝိက္ခေပံ ဂစ္ဆတိ။

ဧဝံ၊ ဤသို့၊ ဥပပရိက္ခိတွာ၊ဆင်ခြင်၍။ ဩဘာသံ၊ အရောင်အလင်း
ကို။ ဉာဏံ၊ သိချင်းကို။ ပီတိံ၊ နှစ်သက်ချင်းကို။ ပဿဒ္ဓိံ၊ ငြိမ်းအေး
ချင်းကို။ သုခံ၊ ချမ်းသာချင်းကို။အဓိမောက္ခံ၊ ကြည်လင်ချင်းကို။ပဂ္ဂဟံ၊
အားထုတ်ချင်းကို။ ဥပဋ္ဌာနံ၊ ထင်ချင်းကို။ ဥပေက္ခံ၊ အညီအညွတ်
ရှုချင်းကို။ နိကန္တိံ-ဘာဝနာရတိံ၊ ဘာဝနာ၌ မွေ့လျော်ချင်းကို။ ဧတံ၊
ဤမွေ့လျော်ချင်းသည်ကား။ နမမ၊ ငါ့ဉစ္စာမဟုတ်။ ဧသော၊ဤမွေ့လျော်
ချင်းသည်ကား။ နအဟမသ္မိ၊ ငါဖြစ်သည်မဟုတ်။ ဧသော၊ ဤမွေ့လျော်
ချင်းသည်ကား။ နမေအတ္တာ၊ ငါ၏အလိုမဟုတ်။ ဣတိ၊ ဤသို့။ သမနု
ပဿတိ၊ ရှု၏။ ဧဝံ၊ ဤသို့။ သမနုပဿန္တော၊ ရှုသည်ရှိသော်။
ဩဘာသေ၊ အရောင်အလင်း၌။ ဉာဏေ၊ သိချင်း၌။ ပီတိယာ၊ နှစ်သက်
ချင်း၌။ပဿဒ္ဓိယာ၊ငြိမ်းအေးချင်း၌။သုခေ၊ချမ်းသာချင်း၌။အဓိမောက္ခေ၊
ကြည်လင်ချင်း၌။ ပဂ္ဂဟေ၊ အားထုတ်ချင်း၌။ ဥပဋ္ဌာနေ၊ ထင်ချင်း၌။

ဥပေက္ခာယ၊ အညီအညွတ်ရှုချင်း၌။ နိကန္တိယာ-ဘာဝနာရတိယာ၊ ဘာဝနာ၌မွေ့လျော်ချင်း၌။ နကမ္ပတိ၊ စိတ်မတုန်။ နဝေဝတိ၊စိတ်မလှုပ်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ နဝဂစ္ဆတိ၊ ရောက်လည်းမရောက်။

> သော ဇဝံ ဝိက္ခေပံ အဂစ္ဆန္တော သမတိံသ ဝိဓံ ဥပက္ကိလေသ ဇဋံ ဝိဇဋေတွာ ဩဘာသာဒယော ဓမ္မာ န မဂ္ဂေါ ဥပက္ကိလေသ ဝိမုတ္တံ ပန ဝီထိပဋိပန္နံ ဝိပဿနာဉာဏံ မဂ္ဂေါတိ မဂ္ဂဉ္စ အမဂ္ဂဉ္စ ဝဝတ္ထပေတိ။

သော၊ ထိုယောဂီသည်။ ဇဝံ၊ ဤသို့။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ အဂစ္ဆန္တော၊ မရောက်သည်ရှိသော်။ သမတိံသ ဝိဓံ၊ အမျှသုံးဆယ် အပြားရှိသော။ ဥပက္ကိလေသဇဋံ၊ ဝိပဿနာအညစ်အကြေး၊ အရှုပ် အထွေးကို။ ဝိဇဋေတွာ၊ ဖြည်ရှင်း၍။ ဩဘာသာဒယော၊ ဩဘာသ အစရှိကုန်သော။ ဓမ္မာ-ဒသဓမ္မာ၊ ဝတ္ထုဆယ်ပါး၊ တရားတို့သည်။ နမဂ္ဂေါ၊ မဂ်မဟုတ်။ ဥပက္ကိလေသဝိမုတ္တံ၊ ဝိပဿနာ အညစ်အကြေးမှ လွတ်သော။ ဝီထိပဋိပန္နံ၊အစဉ်သဖြင့် ကျင့်သော။ ဝိပဿနာဉာဏံပန၊ ဝိပဿနာဉာဏ်သည်ကား။ မဂ္ဂေါ၊ မဂ်တည်း။ ဣတိ၊ဤသို့။ မဂ္ဂဉ္စ၊ မဂ် ဟုတ်သည်ကိုလည်း။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ အမဂ္ဂဉ္စ၊ မဂ်မဟုတ် သည်ကိုလည်း။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။

တဘက်ကမ်းရောက်ပုံကား။

> အယံ မဂ္ဂေါ အယံ န မဂ္ဂေါတိ ဇဝံ မဂ္ဂဉ္စ အမဂ္ဂဉ္စ ဉတွာ ဌိတံ ဉာဏံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ။

အယံ၊ ဤသည်ကား။ မဂ္ဂေါ၊ မဂ်တည်း။ အယံ၊ ဤသည်ကား။ နမဂ္ဂေါ၊ မဂ်မဟုတ်။ ဣတိဇဝံ၊ ဤသို့။ မဂ္ဂဉ္စ၊ မဂ်ဟုတ်သည်ကိုလည်း။ ဉတွာ၊ သိ၍။ အမဂ္ဂဉ္စ၊ မဂ်မဟုတ်သည်ကိုလည်း။ ဉတွာ၊ သိ၍။ ဌိတံ ဉာဏံ၊ တည်သောဉာဏ်ကို။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓီတိ၊ မဂ္ဂါမဂ္ဂ ဉာဏ ဒဿနဝိသုဒ္ဓိဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

(ဤတွင်ရွေ့ကား မဂ်မှန်၊မဂ်မှားကိုခွဲ၊မဂ်ဟုတ်သည် မဟုတ်သည်ကို ဆင်ခြင်၊ ဉာဏ်အမြင်စင်ကြယ်သည်ဖြစ်၍၊မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်၊ တဘက်ကမ်းသို့ ရောက်၏။အောက်သို့ကား မသက်၊အထက်သို့သာ တက်၏။)

ဤသို့ တဘက်ကမ်း ရောက်သော မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဉာဏ်နှင့် ပြည့်စုံသော ယောဂီ၏ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိဉာဏ်-ထင်ပုံ၊မြင်ပုံ၊သိပုံ၊မှတ်ပုံ၊ ရှုပုံ၊ ကိလေသာကိုပယ်ပုံ၊ကိလေသာကိုပယ်သော ကိစ္စနှင့်ပြည့်စုံပုံ၊ဘာဝနာကိုပွါးပုံ၊ ဘာဝနာနှင့် ပြည့်စုံပုံ၊ အလုံးစုံကို **အသေအချာမှတ်ဘိုရာကား။**

တဘက်ကမ်း ရောက်သော မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိဉာဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်ဟူသည်ကား။ ယုတ်လည်းမယုတ်၊ လွန်လည်းမလွန်၊ အညီအမျှ-ဝီရိယထောက်ပင့်သော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍သာ နေ၏။

(အမှာ။ ။ခဏတောဉဒယဗ္ဗယဒဿနေန(ပ) သဘာဝလက္ခဏော သန္တတ လက္ခဏဿ တာဝ ကာလိကတ္တံပိ ပါကဋံ ဟောတိ၊ဉဒယက္ခဏော ဝယဿ ဝယက္ခဏောစ ဉဒယဿ အဘာဝါ ဝဝဿာမ တော၊ ဟူသော ပါဠိဖြင့်၊ သန္တတိ ပစ္စုပ္ပန်က အလွန်၊ ခဏပစ္စုပ္ပန်ကအစ၊ တဘက်ကမ်းရောက်သော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်ကို ပြ၏။)

အညီအညွတ်ရှု၍နေပုံကား။ ဉပလက္ခဏာ၊ မြင်သောခဏ၊ မြင်-မြင်တယ်ဟု၊ အမှတ်ပြုသဖြင့်၊ဖြစ်ပျက်သဟု၊ ရှုသောဌာန၊ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ဖဿ၊ဝေဒနာ၊ပေါင်းဆုံကြသောကာလ၊ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သောသဘောကို၊ ဖြစ်ပျက်သဟု၊ ရှုသောဝိပဿနာဉာဏ်အစဉ်၊ ဉပါဒ်-ဌီ-ဘင်၊ သင်္ခတလက္ခဏာကို မြင်၍၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်းမလွတ်၊ သိမှတ် တော်ပြုသော ဝိပဿနာစိတ်ကို၊ တတြ မဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ် ရှု၍သာနေ၏။ အညီအညွတ် ရှု၍ နေသောကာလ၊ကိလေသာကိုပယ်သောကိစ္စ၊ ဝိပဿနာ ပညိန္ဒြေဘာဝနာချိန် ကျပြီဟု၊ ဝိပဿနာဉာဏ်အား ဓေးရှုထင်အောင်၊ ဆောင်၍ပြသော ပါဠိဟာရိယ ပညာ၊ ကိလေသာကိုပယ်သောကိစ္စ မရှိသောအလို၊ ဝိပဿနာပညာနှင့် အသိလက္ခဏာတူသော အလိုအားဖြင့်၊ဝိပဿနာပညာက-ကိလေသာကိုပယ်သောကိစ္စ၊ လွန်လည်းလွန်၏၊ ကိလေသာကို ပယ်လည်း ပယ်၏၊ ဝိပဿနာပညိန္ဒြေ ဘာဝနာချိန်ကျလည်းကျ၏။

တထာ ပဂ္ဂဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခတိ ဥပေက္ခာ ဝသေန ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ၊

တထာပဂ္ဂဟိတံ၊ ယုတ်လည်းမယုတ်၊ လွန်လည်းမလွန်၊ အညီအမျှ ဝီရိယထောက်ပင့်သော အတိုင်းဖြစ်သော။ စိတ္တံ၊ ဝိပဿနာစိတ်ကို။ ဥပေက္ခာ ဝသေန၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်။ သာဓုကံ၊ ကောင်းစွာ။ အဇ္ဈုပေက္ခတိ၊ အညီအညွတ်ရှု၏။ ပညာဝသေန၊ ပါဠိ ဟာရိယပညာအလိုအားဖြင့်။ပညိန္ဒြိယံ၊ ဝိပဿနာပညိန္ဒြေသည်။ အဓိ မတ္တံ၊ ကိလေသာကို ပယ်သောကိစ္စလွန်သည်။ ဟောတိ၊ဖြစ်၏။

ကိလေသာကိုပယ်သောကိစ္စ၊ **ဝိပဿနာပညိန္ဒြေ ဘာဝနာချိန် ကျပုံကား။** ဥပလက္ခဏာ၊ မြင်သောခဏာ၊ မြင်-မြင်တယ်ဟု အမှတ်ပြု သဖြင့်၊ ဖြစ်ပျက်သဟု ရှုသောဌာန်၊ ဒွါရ၊ အာရုံ၊ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသော ကာလ၊ ငါးပါးငါးပါးသော ခန္ဓာတို့၏ဖြစ် ပျက်သောသဘောကို၊ ဖြစ်ပျက်သဟု ရှုသောဝိပဿနာ ဉာဏ်အစဉ်၊ ဥပါဒ်-ဌီ-ဘင်၊ သင်္ခတလက္ခဏာကိုမြင်၍၊ အလိုလိုထင်အောင်၊ ထိုထို အာရုံ၊ တပြိုတည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြ မဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ အညီအညွတ်ရှုသော ကာလ၊ ဝိပဿနာစိတ်-ကိလေသာမှ လွတ်၏။ ဝိပဿနာစိတ်– ကိလေသာမှ လွတ်သော ကာလ၊ ဝိပဿနာပညိန္ဒြေဘာဝနာချိန်ကျ၏။ ဝိပဿနာ ပညိန္ဒြေဘာဝနာချိန်ကျမှ၊ ဥပလက္ခဏာ၊ မြင်သောခဏာ၊ မြင်-မြင်တယ် ဟုအမှတ် ပြုသဖြင့်၊ဖြစ်ပျက်သဟု ရှုသောဌာန်၊ ဒွါရ၊အာရုံ၊ ဝိညာဏ်၊ ဖဿ၊ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ငါးပါးငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သော သဘောကို၊ ဖြစ်ပျက်သဟု ရှုသော ဝိပဿနာဉာဏ် အစဉ်၊ ဥပါဒ်-ဌီ-ဘင်၊ သင်္ခတလက္ခဏာကိုမြင်၍၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာ စိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ အညီအညွတ် ရှုသော ကာလ၊ ကိလေသာကို ပယ်သောကိစ္စ၊ ဝိပဿနာပညိန္ဒြေဘာဝနာချိန် ကျပြီဟု-ဝိပဿနာဉာဏ်အား ရှေးရှုထင်အောင်၊ ဆောင်၍ ပြသော ပါဠိဟာရိယပညာ၊ ကိလေသာကိုပယ်သော ကိစ္စမရှိသောအလို၊ ဝိပဿနာပညာနှင့် အသိလက္ခဏာတူသော အလိုအားဖြင့်၊ ဝိပဿနာ

ပညာက-ကိလေသာကိုပယ်သောကိစ္စ လွန်လည်းလွန်၏၊ ကိလေသာကိုပယ်လည်းပယ်၏၊ ဝိပဿနာ ပညိန္ဒြေဘာဝနာချိန် ကျလည်းကျ၏။

ဥပေက္ခာဝသေန နာနတ္တကိလေသေဟိ စိတ္တံ ဝိမုစ္စတိ၊
ဝိမောက္ခဝသေန ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

ဥပေက္ခာဝသေန၊ အညီအညွတ်ရှုသောအလိုအားဖြင့်။ နာနတ္တကိလေသေဟိ၊ အထူးထူးသောကိလေသာတို့မှ။စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဝိမုစ္စတိ၊ လွတ်၏။ဝိမောက္ခ ဝသေန၊ ဝိပဿနာစိတ်-ကိလေသာမှလွတ်သောအလိုအားဖြင့်။ ပညာဝသေန၊ ပါဠိဟာရိယ ပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာ ပညိန္ဒြေသည်။ အဓိမတ္တံ၊ ကိလေသာကိုပယ်သော ကိစ္စလွန်သည်။ ဟောတိ၊ ဖြစ်၏။

ဝိပဿနာပညိန္ဒြေဘာဝနာချိန်ကျပုံ၊ဘာဝနာနှင့်ပြည့်စုံပုံ၊ **လေးပါးသောဘာဝနာကိုပွါးပုံကား။** ဥပလက္ခဏာ၊မြင်သောခဏ၊ မြင်-မြင်တယ်ဟု အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု-ရှုသောဌာန၊ ဒွါရ၊အာရုံ၊ ဝိညာဏ်၊ဖဿ၊ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ငါးပါး ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သောသဘောကို၊ ဖြစ်ပျက်သဟု-ရှုသော ဝိပဿနာဉာဏ်အစဉ်၊ ဥပါဒ်-ဋ္ဌီ-ဘင်၊ သင်္ခတလက္ခဏာကိုမြင်၍၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပြုံတည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ အညီအညွတ်ရှုသောကာလ၊ ဝိပဿနာစိတ်-ကိလေသာမှလွတ်သည်၏ အဖြစ်ကြောင့်၊ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော သမာဓိ—ပညာအားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့် ၅-ပါး၊ ထို ၇-ပါးသော တရားတို့သည်၊ ကိလေသာမှလွတ်သော ကိစ္စတူကြကုန်၏၊ ကိလေသာမှလွတ်သော ကိစ္စ တူကြသော အနက်ကြောင့်၊ ယောဂီ၏ဉာဏ်အား၊ ၄—ပါးသော ဘာဝနာတို့သည်၊ ပြည့်စုံချင်းသို့ရောက်ကြကုန်၏။

ဝိမုတ္တတ္တာ တေ ဓမ္မာ ဧကရသာ ဟောန္တိ၊ဧကရသဋ္ဌေန
ဘာဝနာ။

ဝိမုတ္တတ္တာ၊ ကိလေသာမှလွတ်သည်၏အဖြစ်ကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ ဧကရသာ၊ ကိလေသာမှလွတ်သော ကိစ္စတူကြ

ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကေရလသဒ္ဒေန၊ ကိလေသာမှလွတ်သော ကိစ္စတို့ကြသော အနက်ကြောင့်။ ယောဂိနော၊ ယောဂီ၏။ ဉာဏာသ၊ ဉာဏ်အား။ ဘာဝနာ၊ ၄-ပါးသော ဘာဝနာတို့သည်။ ပါရိပူရိံ၊ ပြည့်စုံချင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

ဘာဝနာ ၄-ပါးဟူသော်ကား။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော သမာဓိ-ပညာ ၂-ပါးတို့တွင်၊သမာဓိက-ပရိယုဋ္ဌာန်ကိလေသာကို ငြိမ်းသောကိစ္စ သမထ။ ပညာက-အနုသယ ကိလေသာကို ပယ်သော ကိစ္စ- ဝိပဿနာ။ ဤသမထ၊ ဤဝိပဿနာ ၂-ပါးတို့၏ တပါးသည် တပါးကို မလွန်သော အနက်သဘောက-ဘာဝနာတပါး။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော ဣန္ဒြေ ၅-ပါးတို့တွင်၊ သဒ္ဓိန္ဒြေက-အသဒ္ဓိယ ကိလေသာမှ လွတ်သောကိစ္စ၊ ဝီရိယိန္ဒြေက-ကောသဇ္ဇကိလေသာမှ လွတ်သောကိစ္စ၊ သတိန္ဒြေက-ပမာဒကိလေသာမှ လွတ်သောကိစ္စ၊ သမာဓိန္ဒြေက-ဝိက္ခေပ ကိလေသာမှ လွတ်သောကိစ္စ၊ ပညိန္ဒြေက-မောဟကိလေသာမှ လွတ်သောကိစ္စ၊ဤသို့ဣန္ဒြေ၅-ပါးတို့၏ကိလေသာမှလွတ်သောကိစ္စ- တူကြသော အနက်သဘောက- ဘာဝနာတပါး။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့် ၅-ပါး၊ ထို ၇-ပါးသော တရားတို့ကို၊ကိုယ်စီကိုယ်ငှ၊ ကိလေသာမှလွတ်သောကိစ္စတူမှုအောင်၊ ဝီရိယက-ရွက်ဆောင်သော အနက်သဘောက- ဘာဝနာတပါး။ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော သမာဓိ ပညာအားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့် ၅-ပါး၊ ထို ၇-ပါးသော တရားတို့၏ ဥပါဒ်ခဏကို ဌီခဏက၊ ဌီခဏကို ဘင်ခဏက၊ အလေ့အလာ တွင်သောအားဖြင့်၊ မှီဝဲသောအနက်သဘောက- ဘာဝနာတပါး။ ။

(ဤသို့ဘာဝနာ-၄-ပါး။)

> သမာဓိပညာနံ အနတိဝတ္တနဋ္ဌေန ဘာဝနာ၊ ဣန္ဒြိယာနံ ဧကရသဋ္ဌေန ဘာဝနာ၊ တဒုပဂဝီရိယဝါဟနဋ္ဌေန ဘာဝနာ၊ အာသေဝနဋ္ဌေန ဘာဝနာ၊ ဣမာစတဿော ဘာဝနာ။

သမာဓိပညာနံ၊ သမာဓိပညာ-သမထ ဝိပဿနာ-ယုဂနဒ္ဓ ၂-ပါးတို့၏။ အနတိဝတ္တနဋ္ဌေန၊ တပါးသည်တပါးကို မလွန်သောအနက်၊ အစုံဖွဲ့သောအနက်ကြောင့်။ ဘာဝနာ၊ ဘာဝနာတပါး။ ဣန္ဒြိယာနံ၊

ဇ္ဈာန် ၅-ပါးတို့၏။ ဧကရသဋ္ဌေန၊ ကိလေသာမှလွတ်သော ကိစ္စ၊ တူကြသောအနက်ကြောင့်။ ဘာဝနာ၊ဘာဝနာတပါး။ တဒုပဂဝီရိယ ဝါဟနဋ္ဌေန၊ ထို ၇-ပါးသောတရားတို့၏ ကိုယ်စိကိုယ်င၊ ကိလေသာ မှလွတ်သောကိစ္စ၊ တူမျှအောင်-ဝီရိယက ရွက်ဆောင်သော အနက် ကြောင့်။ ဘာဝနာ၊ ဘာဝနာတပါး။ အာသေဝနဋ္ဌေန၊ မှီဝဲသောအနက် ကြောင့်။ ဘာဝနာ၊ဘာဝနာတပါး။ ဝေံ၊ဤသို့။ ဘာဝနာ၊ ဘာဝနာတို့ သည်။ ဇ္ဈာစတသော၊ ဤ ၄-ပါးတို့တည်း။

ထို ၄-ပါးသော ဘာဝနာတို့တွင်၊ တပါးတပါးသော ဘာဝနာ သည်၊ သံကိလေသဘာဝနာ၊ ဝေါဒါနဘာဝနာအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော သမာဓိ-ပညာ ၂-ပါး တို့၏ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို၊ မပြုချင်း သည်၊ သံကိလေသဘာဝနာမည်၏။ သမာဓိ-ပညာ ၂-ပါးတို့၏ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို ပြုခြင်းသည်၊ ဝေါ ဒါနဘာဝနာမည်၏။ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော ဇ္ဈာန် ၅-ပါးတို့၏ ကိလေသာမှ လွတ်သော ကိစ္စ၊တူမျှသည့်၏အဖြစ်ကို မပြုချင်းသည်၊ သံကိလေသဘာဝနာမည်၏။ ဇ္ဈာန် ၅-ပါးတို့၏ ကိလေသာမှလွတ် သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို ပြုချင်းသည်၊ ဝေါဒါနဘာဝနာမည် ၏။ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော ဝီရိယ ၇-ပါးတို့၏ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို မပြုချင်းသည်၊ သံကိလေသ ဘာဝနာမည်၏။ ဝီရိယ ၇-ပါးတို့၏ ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည့်၏အဖြစ်ကို ပြုချင်းသည်၊ ဝေါဒါနဘာဝနာမည်၏။ဝိပဿနာ စိတ္တုပ္ပါဒ်၌ ပါသောအာသေဝနာ ၇-ပါးတို့၏ ကိလေသာမှ လွတ်သော ကိစ္စ၊တူမျှသည့်၏အဖြစ်ကို မပြုချင်းသည်၊ သံကိလေသဘာဝနာမည်၏။ အာသေဝနာ ၇-ပါးတို့၏ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည့်၏ အဖြစ်ကို ပြုချင်းသည်၊ ဝေါဒါနဘာဝနာမည်၏။

သံကိလေသဝေါဒါနေသူတိ သမာဓိပညာနံ သမရသတာ
ယ အကရဏံ ဘာဝနာယ သံကိလေသော ကရဏံ ဝေါဒါနံ၊
ဣတိ သေသေသုပိ။

သံကိလေသ ဝေါဒါနေသုတိ၊ သံကိလေသ ဝေါဒါနေသုဟူသည် ကား။ သမာဓိပညာနံ၊ သမာဓိ-ပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို။ အကရဏံ၊ မပြု ချင်းသည်။ ဘာဝနာယ၊ ဘာဝနာ၏။ သံကိလေသော၊ ညစ်ညူးချင်း တည်း။ သမာဓိပညာနံ၊ သမာဓိ-ပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို။ ကရဏံ၊ ပြုချင်း သည်။ ဘာဝနာယ၊ ဘာဝနာ၏။ ဝေါဒါနံ၊ ဖြူစင်ချင်းတည်း။ သေသေ သုပိ၊ အကြွင်းတို့၌လည်း။ တထာ၊ ထိုအတူတည်း။

ထိုသံကိလေသဘာဝနာ၊ ဝေါဒါနဘာဝနာ ၂-ပါးတို့တွင်၊ ညစ် ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့မရောက်သော—သံကိလေသဘာဝနာ ၏။ ထိုထိုအပြစ်ကိုဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သောဝေါဒါ နဘာဝနာ၏။ ထိုထိုအကျိုးဂုဏ်အင်၊ အာနိသင်ကို၊ ဝိပဿနာမရှုမှီ မရှုမှီ၊ ရှေးအဘို့ကာလ ကာလကာပါဠိဟာရိယဉာဏ်ဖြင့်။ (၁) ။ဥပ လက္ခဏာ၊ မြင်သောခဏ၊ မြင်-မြင်တယ်ဟု၊ အမှတ်ပြုသဖြင့်၊ ဖြစ်ပျက် သဟု-ရှုသောဌာန၊ ဒွါရ၊အာရုံ၊ဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြ သောကာလ၊ ငါးပါး၊ ငါးပါးသော ခန္ဓာတို့၏ ဖြစ်ပျက်သောသဘော ကို၊ ဖြစ်ပျက်သဟု၊ ရှုသော ဝိပဿနာဉာဏ်အစဉ်၊ ဥပါဒ်-ဌီ-ဘင်၊ သင်္ခတလက္ခဏာကိုမမြင်၊ အလိုလိုမထင်ချင်းသည်၊ သံကိလေသဘာ ဝနာမည်၏၊ ပြီးဆုံးချင်းသို့မရောက်။ ။(၂)ဥပလက္ခဏာ။ မြင်သော ခဏ၊ မြင်-မြင်တယ်ဟု၊ အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု-ရှုသောဌာန၊ ဒွါရ၊အာရုံ၊ဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ငါးပါး၊ ငါးပါးသောခန္ဓာတို့၏ဖြစ်ပျက်သောသဘောကို၊ဖြစ်ပျက်သဟု-ရှုသော ဝိပဿနာဉာဏ်အစဉ်၊ ဥပါဒ်—ဌီ—ဘင်၊ သင်္ခတလက္ခဏာကို မြင်၍၊ အလိုလိုထင်ခြင်းသည်၊ ဝေါဒါနဘာဝနာမည်၏။ ပြီးဆုံးချင်းသို့ရောက် ၏ဟု၊ ရှုကြည့်၍။ ။ညစ်ညူးချင်းကြောင့်၊ပြီးဆုံးချင်းသို့မရောက်သော၊ သံကိလေသဘာဝနာကိုပယ်ထား၍၊ ဖြူစင်ချင်းကြောင့် ပြီးဆုံးချင်းသို့ ရောက်သော ဝေါဒါနဘာဝနာကိုသာ ပြီးစေတတ်သော--ဝိပဿနာ မိတ္တူ ပွါးမ္ဗိပါသော၊သမာဓိ-ပညာအားဖြင့် ၂-ပါး၊ဈာန်ဓြေအားဖြင့် ၅-ပါး၊ ထို ၇-ပါးသောတရားတို့၏ ကိလေသာမှလွတ်သောကိစ္စ၊ တူကြသော

အကြင်အခြင်းအရာအားဖြင့်၊ အချင်းချင်းတပါးသည်တပါးကိုမလွန်ချင်း အစရှိကုန်သော၊ အကြင် ၄-ပါးသော အခြင်းအရာ ဘာဝနာတို့သည် ဖြစ်ကြကုန်၏။ ။ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့ မရောက်သော သံကိလေသဘာဝနာကိုပယ်ထား၍၊ ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ ရောက်သော၊ ဝေါဒါနဘာဝနာကိုသာ ပြီးစေတတ်သော ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော-သမာဓိပညာအားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့်၅-ပါး၊ ထို ၇-ပါးသောတရားတို့၏ ကိလေသာမှ လွတ်သောကိစ္စ၊ တူကြသော ထိုအခြင်းအရာအားဖြင့်၊ ဘာဝနာ၏ ပြီးဆုံးချင်းသို့ ရောက်သည်၏ အဖြစ်ကြောင့်၊ဘာဝနာပြီးဆုံးချင်းသို့ ရောက်၏ဟူသည်လည်း၊ ထိုပါဠိ ဟာရိယညာဏ်ဖြင့်သာလျှင်၊ ဝိပဿနာမဂ္ဂမှီ မဂ္ဂမှီ၊ ရှေးအတို့ ကာလ ကာလက၊ သုမ်သင်၍ပြီးဆုံးသည်၏ အဖြစ်ကြောင့်၊ဤသို့ဘာဝနာပြီးဆုံး သောအရာ၌ာန၌၊ သုမ်သင်၍ပြီးဆုံးချင်းသည်၊ ဘာဝနာ၏ ပြီးဆုံးချင်း ပင်တည်းဟု၊ မဆိုသော်လည်းဆိုသလို၊ ထို ၄–ပါးသော အခြင်းအရေ ဘာဝနာတို့သည်၊ အကြင့်ကြောင့် ပြီးဆုံးကြကုန်၏။ ထိုကြောင့် ထို ၇-ပါးသောတရားတို့၏ တပါးသည် တပါးကို မလွန်ချင်း အစရှိသော ဘာဝနာ ပြီးဆုံးသောအားဖြင့်၊ ကိလေသာအညစ်အကြေးမတင် ဖြူစင် ချင်းကိုပြုတတ်သော ဝိပဿနာဉာဏ်၏ ကိလေသာကိုပယ်သောကိစ္စ၊ ပြီးဆုံးသောအလိုအားဖြင့်၊ ဘာဝနာ၏ပြီးဆုံးချင်းကိုသိအပ်၏ဟုဆို။

ဧဝမေတေသု သံကိလေသဝေါဒါနေသု တံတံ အာဒီနဝံ ဒေါသံ အာနိသံသံ ဂုဏံ ပုရေတရံ ပါဠိဟာရိယညာဏေန ဒိသွာ ယထာ အညမညာနတိဝတ္တနာဒယော ဟောန္တိ၊ တထာ ဘာဝနာယ သံပဟံသိတဗ္ဗာ တေနေဝ ဉာဏေန ဝိသောဓိ တဗ္ဗာ ဝိသောဓနေဥ္စတ္တ သမ္ပဟံသနံ တေအာကာရာ ယသ္မာ နိပ္ဖန္နာ တသ္မာ ဓမ္မာနံ အနတိဝတ္တနာဒိဘာဝသာဓနေန ပရိယောဒါပကဿ ဉာဏဿ ကိစ္စနိပ္ဖတ္တိဝသေန သမ္ပဟံသနာ ဝေဒိ တဗ္ဗာ။

ဧဝံ၊ ဤသို့။ ဧတေသု သံကိလေသဝေါဒါနေသု၊ ထိုသံကိလေသ ဘာဝနာ၊ ဝေါဒါနဘာဝနာ ၂-ပါးတို့၌။ တံတံအာဒီနဝံဒေါသံ၊ ထိုထို

အပြစ်ကို။ တံတံအာနိသံသံဂုဏံ၊ ထိုထိုအကျိုးဂုဏ်အင်၊ အာနိသင်ကို။ ပုရေတရံ၊ ရှေးဦးစွာ။ ပါဋိဟာရိယဉာဏေန၊ ပါဋိဟာရိယဉာဏ်ဖြင့်။ ဒိသွာ၊ ရှုကြည့်၍။ ယထာ၊ အကြင်အခြင်းဖြင့်။ အညမညာနုတိဝတ္တနာဒယော၊ အချင်းချင်းတပါးသည် တပါးကို မလွန်ချင်း အစရှိကုန်သော။ ယေအာကာရာ၊ အကြင် ၄-ပါးသော အခြင်းအရာ ဘာဝနာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏၊ တထာ၊ ထိုအခြင်းဖြင့်။ ဘာဝနာယ၊ ဘာဝနာ၏။ သမ္ပဟံသိတတ္တာ၊ ပြီးဆုံးသည်၏အဖြစ်ကြောင့်။ တေနေဝဉာဏေန၊ ထိုပါဋိဟာရိယဉာဏ်ဖြင့်သာလျှင်။ ဝိသောဓိတတ္တာ၊ သုဓ်သင်၍ ပြီးဆုံးသည်၏အဖြစ်ကြောင့်။ ဧတ္ထ၊ ဤဘာဝနာ၏ ပြီးဆုံးသော အရာဌာန၌။ ဝိသောဓနံ၊ သုဓ်သင်၍ပြီးဆုံးချင်းသည်။ သမ္ပဟံသနံ၊ ဘာဝနာ၏ပြီးဆုံးချင်းပင်တည်း။ ဣတိ ဧဝံ၊ ဤသို့။ အဝုတ္တမ္ပိ၊ မဆိုသော်လည်း။ ဝုတ္တံ ဝိယ၊ ဆိုသလို။ တေအာကာရာ၊ ထို၄-ပါးသောအခြင်းအရာဘာဝနာတို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။ နိပ္ဖန္နာ၊ ပြီးဆုံးကြကုန်၏၊ တသ္မာ၊ ထိုကြောင့်။ ဓမ္မာနံ၊ ၇-ပါးသောတရားတို့၏။ အနတိဝတ္တနာဒိဘာဝသာဓနေန၊ တပါးသည်တပါးကိုမလွန်ချင်းအစရှိသော ဘာဝနာပြီးဆုံးသော အားဖြင့်။ ပရိယောဒါပကဿ၊ ကိလေသာအညစ်အကြေးမတင်၊ ဖြူစင်ချင်းကိုပြုတတ်သော။ ဉာဏဿ၊ ဉာဏ်၏။ ကိစ္စနိပ္ဖတ္တိဝသေန၊ ကိလေသာကို ပယ်သော ကိစ္စပြီးဆုံးသောအလိုအားဖြင့်။ သမ္ပဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤသည်ကား၊ တဘက်ကမ်းသို့ရောက်သော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်နှင့်ပြည့်စုံသော ယောဂီ၏ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်ထင်ပုံ၊ မြင်ပုံ၊ သိပုံ၊ မှတ်ပုံ၊ ရှုပုံ၊ ကိလေသာကိုပယ်ပုံ၊ ကိလေသာကို ပယ်သော ကိစ္စနှင့်ပြည့်စုံပုံ၊ ဘာဝနာကိုပွါးပုံ၊ ဘာဝနာနှင့် ပြည့်စုံပုံ၊ အလုံးစုံကို အသေအချာမှတ်တို့ရာစကားရပ်၊ ဤတွင်ရွေ့အပြီးသတ်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဉာဏ်၊ တဘက်ကမ်းသို့ ရောက်သော ယောဂီသည်၊ ပျက်သောခဏကို အာရုံမပြုသော်လည်း၊ ပျက်သော သဘောသည်သာလျှင် ဖြစ်သဟု၊ဖြစ်သောသဘောကို။ ဖြစ်သောခဏ ကို အာရုံမပြုသော်လည်း၊ ဖြစ်သောသဘောသည်သာလျှင် ပျက်သဟု ပျက်သော သဘောကို။ ယခုလက်ရှိ မိမိအတ္တဘော၌ ဖြစ်ပျက်သဟု၊ ရှုသော စိတ်၏ မျက်မှောက်ပြုသော အခြင်းအရာအားဖြင့်၊ ဖြစ်ပျက် သဟု၊ ရှုသောဥဒယဗ္ဗယဉာဏ်နု၏အဆုံးသန္တတိပစ္စုပ္ပန်ကိုလွန်၍ ဖြစ် သောခဏကိုအာရုံပြု၍ ဖြစ်သော သဘောကို။ ပျက်သောခဏကိုအာရုံ ပြု၍ ပျက်သောသဘောကို။ ဖြစ်ပျက်သဟုရှုသောစိတ်၏ အာရုံပြုသော အခြင်းအရာအားဖြင့်၊ ဖြစ်ပျက်သဟု၊ ရှုသော ဥဒယဗ္ဗယဉာဏ်ရင့်၏ အစ၊ ခဏပစ္စုပ္ပန်၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဉာဏ်သို့ ကျရောက်၏။ ထိုပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဉာဏ်ကို၊ ပြီးစေလိုသော ယောဂီသည်၊ ဒိဋ္ဌိဂါဟ အမဂ္ဂေမဂ္ဂသညာဉာဏ်၊ မာနဂါဟ အမဂ္ဂေမဂ္ဂသညာဉာဏ်၊ တဏှာဂါဟ အမဂ္ဂေမဂ္ဂသညာဉာဏ်၊ ဝိပဿနူပက္ကိလေသ၊ အညစ်အ ကြေးမှ လွတ်သော၊ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ဘယဉာဏ်၊အာဒီနဝ ဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊သင်္ခါရု ပေက္ခာဉာဏ်၊ အနုလောမဉာဏ် ကိုးပါးတို့၌၊ အစဉ်သဖြင့်ကျင့်၍၊ အဆင့်ဆင့် ရောက်ချင်းအကျိုးငှါ၊ ဥဒယဗ္ဗယဉာဏ်ကိုသာ- အစပြု၍ အားထုတ်အပ်၏။

> အဋ္ဌန္နံ ပန ဉာဏာနံ ဝသေန သိခါပတ္တာ ဝိပဿနာ—နဝ မဉ္စ သစ္စာနုလောမိကဉာဏဉ္စ အယံ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိနာမ။ တံ သမ္ပာဒေတုကာမေန ဥပက္ကိလေသဝိမုတ္တံ ဥဒယဗ္ဗယဉာဏံ အာဒိံ ကတွာ ဧတေသု ဉာဏေသု ယောဂေါ ကရဏီယော။

အဋ္ဌန္နံပနဉာဏာနံ၊ ရှစ်ပါးသောဉာဏ်တို့၏။ ဝသေန၊အလိုအားဖြင့်။ သိခါပတ္တာ၊ အထွဋ်အထိပ်သို့ရောက်သော။ ဝိပဿနာ၊ ဝိပဿနာ ရှစ်ပါး။ နဝမဉ္စ၊ ကိုးခုမြောက်လည်း။ သစ္စာနုလောမိကဉာဏံ၊ သစ္စာ နုလောမိကဉာဏ်တပါး။ ဣတိ အယံ၊ ဤကိုးပါးသောဉာဏ်သည်ကား။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနာမ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။တံ၊
ထိုပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဉာဏ်ကို။ သမ္ပာဒေတုကာမေန၊ ပြီးစေလို
သော။ တေနယောဂိနာ၊ ထိုယောဂီသည်။ ဥပက္ကိလေသဝိမုတ္တံ၊ ဝိပဿနာ
အညစ်အကြေးမှ လွတ်သော။ ဥဒယဗ္ဗယဉာဏံ၊ ဥဒယဗ္ဗယဉာဏ်ကို။
အာဒိံ ကတွာ၊ အစပြု၍။ ဧတေသုဉာဏေသု၊ ထိုကိုးပါးသောဉာဏ်တို့
၌။ ယောဂေါ၊ အားထုတ်ချင်းကို။ ကရဏီယော၊ ပြုအပ်၏။

အားထုတ်ပုံကား။ ယခုယခုကိုယ်မှ-အပြုအပြင်အစီအရင်၊ ယခု
ယခု နှုတ်မှ-အပြုအပြင်အစီအရင်၊ယခုယခုစိတ်မှ-အပြုအပြင်အစီအရင်၊
တခုတခု၊ အစုအစုဖြစ်သောရုပ်အစဉ်၊ တခုတခု၊ အစုအစုဖြစ်သော
နာမ်အစဉ်၊ ပိတ်ပင် ဖုံးကွယ်သောကြောင့်၊ အနိစ္စလက္ခဏာ မထင်၊
ထိုအစဉ်သည်လည်း၊ ဖြစ်သောသဘော ပျက်သောသဘောဟု၊ နှလုံး
မသွင်းသော ယောဂီအားသာလျှင်၊ ပိတ်ပင်ဖုံးကွယ်၏ဟု၊ ဉာဏ်အား
ထင်အောင်၊ ရှေးကာလကရှု၍၊ ဥပလက္ခဏာ၊ နည်းဖြင့်ပြသော ဘယ်လှမ်း
သောခဏ၊ ဘယ်လှမ်း-လှမ်းတယ်ဟု၊ အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု
ရှုသောဌာန၊ ဘယ်လှမ်းပမာဏကား တတောင်၊ တတောင် ပမာဏ
ကား ၂၄-သစ်၊ တသစ်ပမာဏကား ၇-မုယော၊ တမုယောပမာဏကား
၇-သန်း၊ တသန်းပမာဏကား ၇-လိက္ခာ၊ တလိက္ခာပမာဏကား-ရထ
ရေဏုမြူ ၃၆-လုံး၊ ရထရေဏုမြူတလုံးပမာဏကား-တဇ္ဇာရီမြူ ၃၆-လုံး၊
တဇ္ဇာရီမြူတလုံးပမာဏကား-အဏုမြူ ၃၆-လုံး၊ အဏုမြူတလုံးပမာဏ
ကား-ပရမာဏုမြူ ၃၆-လုံး၊ ပရမာဏုမြူ တလုံးပမာဏကား- ရွေ့ရှား
သည်ကို အာရုံပြုသော စိတ္တက္ခဏအားဖြင့် ၁၇-ချက်၊ ခဏငယ်
၅၁-ချက်၊ အသက်ရှိသော အဝိနိဗ္ဘောဂ ရုပ်ကလာပ်တခုတခု၊ အစု
အစု ဖြစ်သောရုပ်အစဉ်၊ အာရုံပြုသော စိတ္တက္ခဏ တခုတခု၊ အစု
အစုဖြစ်သောနာမ်အစဉ်၊ ဖြစ်သောအခိုက်အတန့်က-ပျက်သောအခိုက်
အတန့်သို့ မရောက်။ပျက်သော အခိုက်အတန့်က— ဖြစ်သော အခိုက်
အတန့်သို့ မရောက်။ဘောက်ပြန်သော သဘောလက္ခဏာတခုတည်း။
အာရုံသို့ညွတ်သောသဘောလက္ခဏာ တခုတည်းပင် ဖြစ်သော်လည်း၊
ဖြစ်သောအခိုက်အတန့်နှင့်၊ ပျက်သော အခိုက်အတန့်မစပ်၊ ရှေ့နောက်
အစဉ်၊ ပြတ်သော အပိုင်းအခြားကို၊ ဟုတ်သောအတိုင်း သိမြင်ချင်း
သည်၊ အနိစ္စလက္ခဏာထင်သည်မည်၏။

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ၊ ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာဝထာဝ သရသတော ဥပဋ္ဌာတိ။

အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ တာဝ၊ ရှေးဦးစွာ။ ဥဒယဗ္ဗယာနံ၊ ဖြစ်ချင်း ပျက်ချင်း တို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းချင်းကြောင့်။ သန္တတိယာ၊ အစဉ်ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးကွယ်သည်၏ အဖြစ်ကြောင့်။ နဥပဋ္ဌာတိ၊ မထင်။ ဥဒယဗ္ဗယံပန၊ ဖြစ်ချင်းပျက်ချင်းကိုကား။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းဆင်ခြင်၍။ သန္တတိယာ၊ အစဉ်သည်။ ဝိကောပိတာယ၊ ပြတ်သည်ရှိသော်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ ယာဝထာဝသရသတော၊ ဟုတ်သောအတိုင်း၊ ဖြစ်ပျက်သဟုရှုသော မိမိသဘောကိစ္စအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။

ယခုယခုကိုယ်မှ- အပြုအပြင် အစီအရင်၊ တခုတခု၊ အစုအစုဖြစ်သော ရုပ်အစဉ်၊ ဃနရိယာပုထ်ပိတ်ပင် ဖုံးကွယ်သောကြောင့်၊ ဒုက္ခလက္ခဏာမထင်၊ ထိုဃနရိယာပုထ်သည်လည်း၊ ဖြစ်ချင်း ပျက်ချင်းဖြင့် မပြတ်နှိပ်စက်သောသဘောဟု၊ နှလုံးမသွင်းသောယောဂီအားသာလျှင် ပိတ်ပင် ဖုံးကွယ်၏ဟု၊ ညဏ်အားထင်အောင် ရှေးကာလကရှု၍၊ ဥပလက္ခဏာ၊ နည်းဖြင့်ပြသော၊ ဘယ်လှမ်းသောခဏ၊ ဘယ်လှမ်း-လှမ်းတယ်ဟု၊ အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု၊ ရှုသောဌာန၊ ဘယ်လှမ်းပမာဏကား- တတောင်၊ တတောင်ပမာဏကား ၂၄-သစ်၊ တသစ်ပမာဏကား ၇-မုယော၊ တမုယောပမာဏကား ၇-သန်း၊ တသန်းပမာဏကား ၇-လိက္ခာ၊ တလိက္ခာပမာဏကား-ရထရေဏုမြူ ၃၆-လုံး၊ ရထရေဏုမြူ တလုံးပမာဏကား-တဇ္ဇာရီမြူ ၃၆-လုံး၊ တဇ္ဇာရီမြူတလုံး ပမာဏကား-အဏုမြူ ၃၆-လုံး၊ အဏုမြူတလုံးပမာဏကား-ပရမာဏုမြူ ၃၆-လုံး၊ ပရမာဏုမြူ တလုံးပမာဏကား-ရွှေရှားသည်ကို အာရုံပြုသော စိတ္တက္ခဏာအားဖြင့် ၁၇-ချက်၊ ခဏငယ် ၅၁-ချက်၊ အသက်ရှိသော အဝိနိဗ္ဘောဂ ရုပ်ကလာပ်တခုတခု၊ အစုအစုဖြစ်သောရုပ်အစဉ်၊ အာရုံပြုသော စိတ္တက္ခဏာတခုတခု၊အစုအစုဖြစ်သော နာမ်အစဉ်၊ ဖြစ်သော အခိုက်အတန့်က-ပျက်သော အခိုက်အတန့်သို့

မရောက်။ ပျက်သော အခိုက်အတန့်က- ဖြစ်သော အခိုက်အတန့်သို့ မရောက်။ ဘောက်ပြန်သော သဘောလက္ခဏာတခုတည်း။ အာရုံသို့ ညွတ်သောသဘောလက္ခဏာ တခုတည်းပင် ဖြစ်သော်လည်း၊ဖြစ်သော အခိုက်အတန့်နှင့်၊ ပျက်သော အခိုက်အတန့်မစပ်၊ ရှေ့နောက်အစဉ်၊ ပြတ်သော အပိုင်းအခြားကိုမြင်၍၊ ဖြစ်ချင်းပျက်ချင်းဖြင့် မပြတ်နှိပ်စက်သော သဘောဟု၊မဆိုသော်လည်း ဆိုသလို၊ ဖြစ်ချင်း ပျက်ချင်းဖြင့် ဆင်းရဲသော ဓာရိယာပုထ် တခုတခုကို၊ ဟုတ်သော အတိုင်းသိမြင်ချင်းသည်၊ ဒုက္ခလက္ခဏာ ထင်သည်မည်၏။

> ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ၊ အဘိဏှသမ္ပဋိပီဠနံ မနသိကရိတွာ ဣရိယာပထေ ဥဃ္ဃာဋိတေ ဒုက္ခလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။အဘိဏှသမ္ပဋိပီဠနဿ၊မပြတ်နှိပ်စက်သောသဘောကို။ အမနသိကာရာ၊ နှလုံးမသွင်းချင်းကြောင့်။ ဣရိယာပထေဟိ၊ ဣရိယာပုထ်တို့ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးကွယ်သည်၏ အဖြစ်ကြောင့်။ နဥပဋ္ဌာတိ၊မထင်။ အဘိဏှသမ္ပဋိပီဠနံ၊ မပြတ်နှိပ်စက်သော သဘောကို။ မနသိကရိတွာ၊ နှလုံးသွင်း၍။ ဣရိယာပထေ၊ ဣရိယာပုထ်သည်။ ဥဃ္ဃာဋိတေ၊ ကွာသည်ရှိသော်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်သောအတိုင်း၊ ဖြစ်ပျက်သဟု၊ ရှုသော မိမိသဘောကိစ္စအားဖြင့်။ ဥပဋ္ဌာတိ၊ထင်၏။

ဃနမကြေက၊အနတ္တလက္ခဏာမထင်ရာ၌၊နာနာဓာတုအဝိနိဗ္ဘောဂ၊ အထူးထူးသော သဘောမကွဲ၊ တပေါင်းတည်း အခဲမကြေဟူသည် ကား။ အဘယ်နည်း။ ။အခဲမကြေဟူသည်ကား၊ ၃-ပါးတည်း။၃-ပါး ဟူသော်ကား။သမူဟဃနမကွဲ၊တပေါင်းတည်း အခဲမကြေသည်လည်း တပါး။ ကိစ္စဃနမကွဲ၊ တပေါင်းတည်း အခဲမကြေသည်လည်းတပါး။ အာရမ္မဏဃနမကွဲ၊ တပေါင်းတည်း အခဲမကြေသည်လည်းတပါး။ ဤ ၃-ပါးတည်း။ ထို ၃-ပါးသော အခဲမကြေချင်းသည်လည်း၊ ခဏ အားဖြင့် ၄-ပါး။

၆-ပါးဟူသော်ကား။ မြင်သောခဏ၊ ကြားသောခဏ၊ နံသောခဏ၊ စားသောခဏ၊ ထိသောခဏ၊ သိသောခဏ၊ အားဖြင့် ၆-ပါး။ ထို၆-ပါးတို့တွင်၊ဥပလက္ခဏာ၊နည်းဖြင့်ပြသော၊ မြင်သောခဏ၊ မြင်–မြင်တယ်ဟုအမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု၊ မရှုသောယောဂီအား၊ စက္ခုဒသက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုပသာဒ တခုတည်းမထင်၊ ရုပ်ကလာပ်အပေါင်းသာထင်၏။သဘောအားဖြင့်၊သမူဟဃနမကွဲ၊တပေါင်းတည်းအခဲမကြေ။ ။စက္ခုဒသက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍ စက္ခုဒွါရတခုတည်းမထင်၊ ရုပ်ကလာပ်အပေါင်းသာထင်၏။ ဒွါရအားဖြင့်၊ ကိစ္စဃနမကွဲ၊ တပေါင်းတည်းအခဲမကြေ။ ။ရူပအဋ္ဌက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ အဆင်းတခုဘည်းမထင်၊ရုပ်ကလာပ်အပေါင်းသာထင်၏။ သဘောအားဖြင့်၊ သမူဟဃနမကွဲ၊ တပေါင်းတည်း အခဲမကြေ။ ။ရူပအဋ္ဌက၊ ရုပ်ကလာပ်အပေါင်းမှ ခွဲ၍၊ ရူပါရုံတခုတည်းမထင်၊ ရုပ်ကလာပ်အပေါင်းသာ ထင်၏။ အာရုံအားဖြင့်၊ အာရမ္မဏဃနမကွဲ၊ တပေါင်းတည်း အခဲမကြေ။ ။စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်၊ နာမ်ကလာပ်အပေါင်းမှ ခွဲ၍၊ စက္ခုဝိညာဏ်တခုတည်းမထင်၊ နာမ်ကလာပ်အပေါင်းသာ ထင်၏။ သဘောအားဖြင့်၊ သမူဟ ဃနမကွဲ၊ တပေါင်းတည်း အခဲမကြေ။ ။စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်၊ နာမ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုဝိညာဏ်၏အမြင်တခုတည်းမထင်၊နာမ်ကလာပ်အပေါင်းသာထင်၏။ အာရုံပြုအားဖြင့်၊ အာရမ္မဏဃနမကွဲ၊ တပေါင်းတည်းအခဲမကြေ။ ။ဤသို့ ဃနမကြေက၊ အနတ္တလက္ခဏာမထင်ရာ၌၊ နာနာဓာတုအဝိနိဗ္ဘောဂ၊ အထူးထူးသောသဘောမကွဲ၊ တပေါင်းတည်း အခဲမကြေ-ဟူသတည်း။

ဃနကြေက၊ အနတ္တလက္ခဏာ ထင်ရာ၌၊ နာနာဓာတု ဝိနိဗ္ဘောဂ၊ အထူးထူးသော သဘောကွဲ၊ ခဲ၍မနေ၊ ဃနကြေ ဟူသည်ကား၊ အဘယ်နည်း။ ။ဃနကြေ ဟူသည်ကား ၃–ပါး။၃-ပါးဟူသော်ကား။ သမူဟဃနကွဲ၊ ခဲ၍မနေ ၊ဃနကြေသည်လည်းတပါး။ ကိစ္စဃနကွဲ၊ခဲ၍မနေ၊ ဃနကြေသည်လည်းတပါး။ အာရမ္မဏဃနကွဲ၊ ခဲ၍မနေ၊ ဃနကြေသည်လည်းတပါး။ ။ဤ၃-ပါးတည်း။ ထို၃-ပါးသော ဃနကြေချင်းသည်လည်း၊ ခဏအားဖြင့် ၆-ပါး၊၆-ပါးဟူသော်ကား။မြင်သော

ခဏ၊ ကြားသောခဏ၊ နံသောခဏ၊ စားသောခဏ၊ ထိသောခဏ၊ သိသောခဏအားဖြင့် ၆–ပါး၊ထို၆-ပါးတို့တွင်၊

ဥပလက္ခဏာ၊နည်းဖြင့်ပြသော၊ မြင်သောခဏ၊ မြင်–မြင်တယ်ဟု၊ အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု၊ ရှုသောယောဂီအား၊ စက္ခုဒသက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုပသာဒ၊ တခုတည်းသာထင်၍၊ ပထဝီစသည်မထင်။ သဘောအားဖြင့်၊ သမုဟဃနကွဲ၊ ခဲ၍မနေ၊ ဃနကြေ။ ။စက္ခုဒသက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုဒွါရတခုတည်းသာထင်၍၊ ပထဝီစသည်မထင်။ ဒွါရအားဖြင့်၊ ကိစ္စဃနကွဲ၊ ခဲ၍မနေ၊ ဃနကြေ။ ။ရူပအဋ္ဌက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ အဆင်းတခုတည်းသာထင်၍၊ ပထဝီစသည်မထင်။ သဘောအားဖြင့်၊သမုဟဃနကွဲ၊ ခဲ၍မနေ၊ ဃနကြေ။ ။ရူပအဋ္ဌက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ ရူပါရုံတခုတည်းသာထင်၍၊ ပထဝီစသည်မထင်။ အာရုံအားဖြင့်၊ အာရမ္မဏဃနကွဲ၊ ခဲ၍မနေ၊ ဃနကြေ။ ။စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်၊ နာမ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုဝိညာဏ် တခုတည်းသာထင်၍၊ ဖဿစသည်မထင်။ သဘောအားဖြင့်၊ သမုဟဃနကွဲ၊ ခဲ၍မနေ၊ ဃနကြေ။ ။စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်၊ နာမ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုဝိညာဏ်၏အမြင်တခုတည်းသာထင်၍၊ ဖဿ၏ အတွေ့စသည်မထင်။အာရုံပြုအားဖြင့်၊အာရမ္မဏဃနကွဲ၊ခဲ၍မနေ၊ဃနကြေ။ ။ဤသို့ဃနကြေက၊ အနတ္တလက္ခဏာထင်ရာ၍၊ နာနာဓာတုဝိနိဗ္ဘောဂ၊အထူးထူးသောသဘောကွဲ၊ ခဲ၍မနေ၊ဃနကြေ-ဟူသတည်း။

> ယာဟေသာ အညမညုပတ္ထမ္ဘေသု သမုဒိတေသု ရူပါရူပဓမ္မေသု ဧကတ္တာဘိနိဝေသဝသေန အပရိမဋ္ဌိတသင်္ခါရေဟိ ဂယှမာနာ သမူဟဃနတာ။တထာ တေသံ တေသံ ဓမ္မာနံ ကိစ္စဘေဒဿ သတိပိ ပဋိနိယတဘာဝေ ဧကတော ဂယှမာနာ ကိစ္စဃနတာ။ တထာ သာရမ္မဏဓမ္မာနံ သတိပိ အာရမ္မဏကရဏဘေဒေ ဧကတော ဂယှမာနာ အာရမ္မဏဃနတာစ၊ တာသု ဓာတုသု ဉာဏေန ဝိနိဗ္ဘုဇ္ဇိတွာ ဝိနိဗ္ဘုဇ္ဇိတွာ ဒိဿမာနာ ဟတ္ထေန ပရိမဇ္ဇိယမာနော ဖေဏပိဏ္ဍောဝိယ ဝိလယံ ဂစ္ဆန္တိ ယထာပစ္စယံ ပဝတ္တမာနာ သုညာ ဧတေ ဓမ္မမတ္တာတိ အနတ္တလက္ခဏံ ပါကဋတရံ ဟောတိ။

အညမညပစ္စယဒွေသု၊ အချင်းချင်း ထောက်ပင့်ကုန်သော။ သမုဒ္ဒိတေသု၊ အတူတကွဖြစ်ကြကုန်သော။ ရူပါရူပခန္ဓေသု၊ ရုပ်တရား နာမ်တရားတို့၌။ အပရိမဒ္ဒိတသန္ဓိါရေဟိ၊ မသုံးမသပ်၊ မမှတ်ဗိတ်ပိတ်၊ မကျိတ်မချေ၊ မကြေသော ဓောသန္ဓိါရတို့သည်။ ဧကတ္တာဘိနိဝေသဝသေန၊ တပေါင်းတည်းယူသောအလိုအားဖြင့်။ ဂယှမာနာ၊ ယူအပ်သော။ ယာဟောသာ သမူဟဃနတာ၊ အကြင်အပေါင်းခဲသည်၏အဖြစ်။ တထာ၊ ထိုအတူ။ အညမညပစ္စဒွါနံ၊ အချင်းချင်းထောက်ပင့်ကုန်သော။ သမုဒိတာနံ၊ အတူတကွ ဖြစ်ကြကုန်သော။ တေသံ တေသံ ခန္ဓာနံ၊ ထိုထိုရုပ်တရား နာမ်တရားတို့၏။ ကိစ္စဘေဒသာ၊ ကိစ္စအပြားကို။ ပဋိနိယတဘာဝေ၊ အသီးအသီး မှတ်အပ်သည်၏ အဖြစ်သည်။ သတိပိ၊ ရှိလျက်လည်း။ အပရိမဒ္ဒိတ သန္ဓိါရေဟိ၊ မသုံး မသပ်၊ မမှတ်ဗိတ်ပိတ်၊ မကျိတ်မချေ၊ မကြေသော ဓောသန္ဓိါရတို့သည်။ ဧကတောဂယှမာနာ၊ တပေါင်းတည်း ယူအပ်သော။ ယာဟောသာ ကိစ္စဃနတာ၊ အကြင်ကိစ္စခဲသည်၏အဖြစ်။ တထာ၊ ထိုအတူ။ အညမညပစ္စဒွါနံ၊ အချင်းချင်း ထောက်ပင့်ကုန်သော။ သမုဒိတာနံ၊ အတူတကွဖြစ်ကြကုန်သော။ တေသံတေသံသာရမ္မဏာဓမ္မာနံ၊ ထိုထိုနာမ်တရားတို့၏။ အာရမ္မဏကရဏဘေဒေ၊ အာရုံပြုသောအပြားသည်။ သတိပိ၊ ရှိလျက်လည်း။ အပရိမဒ္ဒိတသန္ဓိါရေဟိ၊ မသုံးမသပ်၊ မမှတ်ဗိတ်ပိတ်၊ မကျိတ်မချေ၊ မကြေသောဓောသန္ဓိါရတို့သည်။ ဧကတောဂယှမာနာ၊ တပေါင်းတည်းယူအပ်သော။ ယာဟောသာ အာရမ္မဏဃနတာစ၊ အကြင်အာရုံခဲသည်၏အဖြစ်။ တာသုခေတူသု၊ ထိုထိုမကြေသော အခဲသဘောတို့၌။ ဉာဏေန၊ သိသဖြင့် သိသဖြင့်။ ဝိနိဗ္ဘုဇ္ဇိတွာ ဝိနိဗ္ဘုဇ္ဇိတွာ၊ တခုတည်းတခုတည်း၊ ကွဲ၍ကွဲ၍။ ဒိဿမာနာ၊ ထင်သောသဘောတို့သည်။ ဟတ္ထေန၊ လက်ဖြင့်။ ပရိမဇ္ဇိယမာနော၊ ကျိတ်ချေသော။ ဖေဏပိဏ္ဍော ဝိယ၊ ရေမြှုပ်စိုင်ကဲ့သို့။ ဝိလယံ၊ ကြေချင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဝတ္တမာနာ၊ ဖြစ်ကုန်သော။ အဒိဿမာနာ၊ မထင်သောသဘောတို့သည်။ သုညာ၊ ဆိတ်ကြကုန်၏။ ဧတေ၊ ထိုမထင်ဗိတ်ပိတ်၊ ဆိတ်သော သဘောတို့သည်။ ဓမ္မမတ္တာ၊ အကြောင်းမျှသာဖြစ်ကြကုန်၏။ ဣတိ၊ ဤသို့။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ ပါကဋတရံ၊ အထူးသဖြင့် ထင်သည်။ ဟောတိ၊ ဖြစ်၏။

ယခုယခုကိုယ်မှ-အပြုအပြင်အစီအရင်၊ ယခုယခုနှစ်မှ-အပြုအပြင် အစီအရင်၊ယခုယခုစိတ်မှ—အပြုအပြင်အစီအရင်၊ တခုတခု၊ အစုအစု ဖြစ်သောရုပ်အစဉ်၊ တခုတခု၊ အစုအစုဖြစ်သောနာမ်အစဉ်၊ တပေါင်း တည်း—အခဲဝိတ်ပင်ဖုံးကွယ်သောကြောင့်၊ အနတ္တလက္ခဏာမထင်၊ ထို အခဲသည်လည်း၊အထူးထူးသောသဘော၊ကွဲပြားသောဟု၊ နှလုံးမသွင်း သော ယောဂီအားသာလျှင်၊ ဝိတ်ပင် ဖုံးကွယ်၍ဟု၊ ဥာဏ်အားထင် အောင်၊ရှေးကာလကရှု၍။ ဥပလက္ခဏာ၊ နည်းဖြင့်ပြသော၊ ဘယ်လှမ်း သောခဏာ၊ဘယ်လှမ်း-လှမ်းတယ်ဟု၊ အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု၊ ရှုသောဌာန၊ ဘယ်လှမ်းပမာဏကား—တတောင်၊ တတောင်ပမာဏ ကား ၂၄-သစ်၊တသစ်ပမာဏကား ၇-မုယော၊တမုယောပမာဏကား ၇-သန်း၊ တသန်းပမာဏကား ၇-လိက္ခာ၊ တလိက္ခာပမာဏကား ရထရေဏုမြူ ၃၆—လုံး၊ ရထရေဏုမြူ တလုံးပမာဏကား—တဇ္ဇာရီ မြူ ၃၆-လုံး၊ တဇ္ဇာရီမြူ တလုံးပမာဏကား-အဏုမြူ ၃၆-လုံး၊ အဏု မြူ တလုံးပမာဏကား—ပရမာဏုမြူ ၃၆—လုံး၊ ပရမာဏုမြူ တလုံး ပမာဏကား-ဈေ့ရှားသည်ကို အာရုံပြုသော စိတ္တက္ခဏာအားဖြင့် ၁၇- ချက်၊ ခဏငယ် ၅၁-ချက်၊ အသက်ရှိသော၊ အဝိနိဗ္ဘောဂရုပ်ကလာပ်၊ တခုတခု၊ အစုအစုဖြစ်သော ရုပ်အစဉ်။ အာရုံပြုသော စိတ္တက္ခဏာ၊ တခုတခု၊ အစုအစုဖြစ်သောနာမ်အစဉ်။ ဖြစ်သော အခိုက်အတန့်က- ပျက်သော အခိုက်အတန့်သို့ မရောက်။ ပျက်သော အခိုက် အတန့်က- ဖြစ်သောအခိုက်အတန့်သို့မရောက်။ဘောက်ပြန်သောသဘောလက္ခဏာ တခုတည်း၊ အာရုံသို့ညွတ်သော သဘောလက္ခဏာ တခုတည်းပင်ဖြစ် သော်လည်း၊ ဖြစ်သောအခိုက်အတန့်နှင့်၊ ပျက်သောအခိုက်အတန့်မစပ်၊ ရှေ့နောက်အစဉ်၊ ပြတ်သော အပိုင်းအခြားကို မြင်၍၊ အထူးထူးသော သဘောကွဲ၊ခဲ၍မနေ၊ ဟနကြေဟု၊ မဆိုသော်လည်း ဆိုသလို၊ ထိုထို သဘော၊မရောမရှုပ်၊ရွှေ-တလှုပ်လှုပ်၊ ရှား-တလှုပ်လှုပ်ကို၊ ဟုတ်သော အတိုင်းသိမြင်ချင်းသည်၊ အနတ္တလက္ခဏာထင်သည်မည်၏။

အနတ္တလက္ခဏံ နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝ သရ သတော ဥပဋ္ဌာတိ။

အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ နာနာဓာတုဝိနိဗ္ဘောဂဿ၊ အထူးထူးသောသဘောကွဲသည်ကို။ အမနသိကာရာ၊ နှလုံးမသွင်းချင်းကြောင့်။ ဃနေန၊အခဲဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးကွယ်သည်၏အဖြစ်ကြောင့်။ နုပဋ္ဌာတိ၊မထင်။နာနာဓာတုယော၊ အထူးထူးသောသဘောတို့သည်။ ဝိနိဗ္ဘုဇ္ဇိတွာ၊ တခုတည်းတခုတည်းကွဲ၍။ ဃနဝိနိဗ္ဘောဂေ၊ အခဲကြေချင်းသည်။ကတေ၊ ပြီးသည်ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်သောအတိုင်း၊ ဖြစ်ပျက်သဟုရှိသော မိမိသဘောကိစ္စအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။

ဤသို့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ၊ ထင်သည်ရှိသော်၊ အနိစ္စ လက္ခဏာထင်ရာ၌၊အနိစ္စ၊အနိစ္စ လက္ခဏာကို၊ ကောင်းစွာမှတ်၏။ ဒုက္ခလက္ခဏာထင်ရာ၌၊ ဒုက္ခ၊ ဒုက္ခလက္ခဏာကို ကောင်းစွာမှတ်၏။အနတ္တလက္ခဏာထင်ရာ၌၊ အနတ္တ၊ အနတ္တလက္ခဏာကိုကောင်းစွာမှတ်၏။

အဘယ်သို့ အနိစ္စလက္ခဏာထင်ရာ၌ အနိစ္စ၊ အနိစ္စလက္ခဏာကို ကောင်းစွာမှတ်သနည်း။

ဖောက်ပြန်သော သဘောလက္ခဏာကား၊ ရူပက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ ခံစားသောသဘော လက္ခဏာကား၊ ဝေဒနက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အမှတ်ပြုသော သဘောလက္ခဏာကား သညာက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အားထုတ်သော သဘောလက္ခဏာကား၊ သင်္ခါရက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အာရုံပြုသောသဘောလက္ခဏာကား၊ ဝိညာဏက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ ဤသို့ သဘာဝလက္ခဏာ ငါးပါး ငါးပါးသော ခန္ဓာတို့သည် သဘာဝလက္ခဏာတခုတချ၌၊ အစဥပါဒ်၊ အလယ်ဌီ၊အဆုံးဘင်၊ ဥပါဒ် ဌီ-ဘင်၊သင်္ခတ လက္ခဏာရှိချင်းကြောင့်၊ အနိစ္စမည်၏။ ဥပါဒ်–ဌီ–ဘင် သင်္ခတလက္ခဏာ၊ ဖြစ်ပျက်သော အခြင်းအရာသည်၊ အနိစ္စလက္ခဏာမည်၏။

ဤသို့ အနိစ္စလက္ခဏာထင်ရာ၌၊ အနိစ္စ၊ အနိစ္စလက္ခဏာကို၊ ကောင်းစွာမှတ်၏။

အဘယ်သို့ ဒုက္ခ လက္ခဏာ ထင်ရာ၌၊ ဒုက္ခ၊ ဒုက္ခ လက္ခဏာကို ကောင်းစွာမှတ်သနည်း။

ဘောက်ပြန်သော သဘောလက္ခဏာကား၊ ရူပက္ခန္ဓာ၏ သဘာဝ လက္ခဏာတည်း။ ခံစားသောသဘောလက္ခဏာကား၊ ဝေဒနက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အမှတ်ပြုသောသဘော လက္ခဏာကား၊ သညက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အားထုတ်သော သဘော လက္ခဏာကား၊ သင်္ခါရက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အာရုံပြုသော သဘောလက္ခဏာကား၊ ဝိညာဏက္ခန္ဓာ၏ သဘာဝ လက္ခဏာ တည်း။ ။ဤသို့သဘာဝလက္ခဏာ၊ငါးပါး၊ငါးပါးသော ခန္ဓာတို့သည်၊ သဘာဝ လက္ခဏာ တခုတခု၌၊ ဖြစ်ချင်းပျက်ချင်းဖြင့်၊ မပြတ်နှိပ်စက် ချင်းကြောင့်၊ ဒုက္ခမည်၏။ မပြတ်နှိပ်စက်သော ဖြစ်သော အခြင်းအရာ ပျက်သော အခြင်းအရာသည်၊ ဒုက္ခလက္ခဏာမည်၏။

ဤသို့၊ဒုက္ခလက္ခဏာထင်ရာ၌၊ဒုက္ခ၊ဒုက္ခလက္ခဏာကို၊ ကောင်းစွာမှတ်၏။

အဘယ်သို့ အနတ္တလက္ခဏာထင်ရာ၌၊အနတ္တ၊အနတ္တလက္ခဏာကို၊ ကောင်းစွာမှတ်သနည်း။

ဘောက်ပြန်သော သဘောလက္ခဏာကား၊ ရူပက္ခန္ဓာ၏ သဘာဝ လက္ခဏာတည်း။ ခံစားသော သဘောလက္ခဏာကား၊ ဝေဒနက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အမှတ်ပြုသော သဘောလက္ခဏာကား၊ သညက္ခန္ဓာ၏သဘာဝလက္ခဏာတည်း။ အားထုတ်သောသဘောလက္ခ ဏာကား၊ သင်္ခါရက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အာရုံပြုသော သဘော လက္ခဏာကား၊ ဝိညာဏက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ ဤသို့သဘာဝလက္ခဏာ၊ ငါးပါး၊ ငါးပါးသော ခန္ဓာတို့သည်၊ သဘာဝ လက္ခဏာ တခုတခု၌၊ မဖြစ်မီက-မဖြစ်ပါစေလင့်ဟု၊ တောင့်တမရ၊ ဖြစ်သာဖြစ်ရ။ ဖြစ်ရသော်လည်း မပျက်ပါစေလင့်ဟု၊ တောင့်တမရ၊ ပျက်သာပျက်ရ။ အလိုသို့မလိုက်ချင်းကြောင့်၊ အနတ္တမည်၏။ အလိုသို့ မလိုက်သော ဖြစ်သောအခြင်းအရာ၊ ပျက်သော အခြင်းအရာသည်၊ အနတ္တလက္ခဏာမည်၏။

ဤသို့၊ အနတ္တလက္ခဏာထင်ရာ၌၊အနတ္တ၊အနတ္တလက္ခဏာကို၊ ကောင်းစွာမှတ်၏။

ဤသို့ထိုထိုအနိစ္စ၊ အနိစ္စလက္ခဏာအသုံးစုံကို။ ထိုထိုဒုက္ခ၊ ဒုက္ခလက္ခဏာအသုံးစုံကို။ ထိုထိုအနတ္တ၊ အနတ္တလက္ခဏာအသုံးစုံကို၊ ဤယောဂီသည်၊ ဒိဋ္ဌိဂါဟ–အမင်္ဂမဂ္ဂသညာဥာဏ်၊ မာနဂါဟ-အမင်္ဂမဂ္ဂသညာဥာဏ်၊ တဏှာဂါဟ-အမင်္ဂမဂ္ဂသညာဥာဏ်၊ ဝိပဿနူပက္ကိလေသ-အညစ်အကြေးမှ လွတ်သော၊အစဉ်သဖြင့်ကျင့်သော၊ဝိပဿနာဟု ဆိုအပ်သော-ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့်၊ဟုတ်သော အတိုင်း၊ ဖြစ်ပျက်သဟု ရှုသော မိမိသဘောကိစ္စအားဖြင့်၊ ကောင်းစွာမှတ်၏။

တယိဒံ သဗ္ဗမ္ပိ အယံ ယောဂါဝစရော ဥပက္ကိလေသဝိမုတ္တေန ဝီထိပဋိပန္နဝိပဿနာသင်္ခါတေန ဥဒယဗ္ဗယာနုပဿနာ ဉာဏေန ယာထာဝသရသတော သလ္လက္ခေတိ။

တယိဒံ သဗ္ဗမ္ပိ၊ ထိုအသုံးစုံကိုလည်း။ အယံ ယောဂါဝစရော၊ ဤယောဂီသည်။ ဥပက္ကိလေသဝိမုတ္တေန၊ ဝိပဿနာ အညစ်အကြေးမှ လွတ်သော။ ဝီထိ ပဋိပန္န ဝိပဿနာ သင်္ခါတေန၊ အစဉ်သဖြင့် ကျင့်သော-ဝိပဿနာဟု ဆိုအပ်သော။ ဥဒယဗ္ဗယာနုပဿနာ ဉာဏေန၊ ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့်။ ယာထာဝသရသတော၊ ဟုတ်သော အတိုင်း၊ ဖြစ်ပျက်သဟုရှုသော မိမိသဘော ကိစ္စအားဖြင့်။ သလ္လက္ခေတိ၊ ကောင်းစွာမှတ်၏။

ဤသို့ကောင်းစွာမှတ်၍၊အဖန်တလဲလဲ၊ဤကားအနိစ္စတည်း၊ဤကား၊ ဒုက္ခတည်း၊ ဤကားအနတ္တတည်းဟု၊ ရုပ်တရား နာမ်တရားတို့ကို၊ နှိုင်းချိန်ပိုင်းခြားသော ထိုယောဂီအား၊ဖြစ်ပျက်သဟု ရှုသော ထိုဉာဏ်သည်၊ ထက်သည်ဖြစ်၍ ရှုက်ဆောင်၏။ ရုပ်နာမ်ခန္ဓာသင်္ခါရတို့သည်၊ လျင်စွာထင်ကြကုန်၏။ ဉာဏ်သည်ထက်စွာ ရှုက်ဆောင်သည် ရှိသော်၊ ရုပ်နာမ်ခန္ဓာသင်္ခါရတို့သည်၊ လျင်စွာထင်ကြကုန်သည်ရှိသော်၊သဘာဝလက္ခဏာ တခုတခု၌၊အစဥပါဒ်ကိုလည်း မမှီနိုင်၊ အလယ်ဋ္ဌီကိုလည်း မမှီနိုင်၊ ယခုယခုကိုယ်မှ-အပြုအပြင်အစီအရင်၊ ယခုယခုနှုတ်မှ–အပြုအပြင်အစီအရင်၊ ယခုယခုစိတ်မှ–အပြုအပြင်အစီအရင်တို့၏ အကြားအကြား၊ ကိုယ်မှလည်းအား၊ နှုတ်မှလည်းအား၊ စိတ်မှလည်းအား၍ နေသောကာလ၊ တခုတခု၊အစုအစုဖြစ်သော ဘဝအလျဉ်-ဘဝင်အစဉ်ကို၊ ဟုတ်သော အတိုင်းသိမြင်ချင်းသည်၊ ပဝတ္တ ထင်သည်မည်၏။

ထိုပဝတ္တကိုလည်း မမှီနိုင်၊ယခုယခုကိုယ်မှု-အပြုအပြင်အစီအရင်၊ယခုယခုနှုတ်မှု-အပြုအပြင်အစီအရင်၊ယခုယခုစိတ်မှု-အပြုအပြင်အစီအရင်၊ တခုတခု၊ အစုအစုဖြစ်သော ရုပ်အစဉ်၊ တခုတခု၊ အစုအစုဖြစ်သော နာမ်အစဉ်ကို၊ သန္တတိဃနအစု၊ သမူဟဃနအစု၊ ကိစ္စဃနအစု၊ အာရမ္မဏဃနအစု၊ တခုတခု၏ အပိုင်းအခြား၊ အပိုင်းအခြား၊ မိမိကိုယ်နှင့်အလားတူအောင်၊ ယူဆောင်၍ ပြသော ဉာဏ်ဖြင့်၊သုမ်သင်ရှင်းလင်းပြီးဖြစ်၍၊ မတွေးမခေါ်၊မမျှော်မဆ၊ အကြောင်းနှင့် တကွဖြစ်သောရုပ်အစဉ်၊ နာမ်အစဉ်၊ ယခုယခုကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်အစီအရင်ကို'ဟုတ်သောအတိုင်း သိမြင်ချင်းသည်၊သင်္ခါရနိမိတ် ထင်သည်မည်၏၊ ထိုနိမိတ်ကိုလည်းမမှီနိုင်၊သဘာဝလက္ခဏာ တခုတခု၏ အဆုံး အဆုံး၊ကုန်သော သဘောကို-ကုန်သဟု၊ကင်းသော သဘောကို-ကင်းသဟု၊ ပျက်သော သဘောကို-ပျက်သဟု၊ ချုပ်သော သဘောကို-ချုပ်သဟု၊ ရှုထင်သော သတိတရသာ၊ ကောင်းစွာကည်၏။

တသေဝံ သလ္လက္ခေတွာ ပုနပ္ပုနံ အနိစ္စံ ဒုက္ခမနတ္တာတိ ရူပါရူပဓမ္မေ တုလယတော တီရယတော တံ ဉာဏံ တိက္ခံ ဟုတွာ ဝဟတိ၊ သင်္ခါရာ လဟုံ ဥပဋ္ဌဟန္တိ။ ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံဝါ ဌိတိံဝါ ပဝတ္တံဝါ နိမိတ္တံဝါ န သမ္ပာပုဏာတိ ခယဝယဘေဒနိရောဓေ ယေဝ သတိ သန္တိဋ္ဌတိ။

ဧဝံ၊ဤသို့။သလ္လက္ခေတွာ၊ကောင်းစွာမှတ်၍။ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အနိစ္စံ၊အနိစ္စတည်း။ဒုက္ခံ၊ဒုက္ခတည်း။ အနတ္တာ၊အနတ္တတည်း။ဣတိ၊ဤသို့။ ရူပါရူပဓမ္မေ၊ ရုပ်တရားနာမ်တရားတို့ကို။ တုလယတော၊နှိုင်းချိန်သော။ တီရယတော၊ ပိုင်းခြားသော။ တဿယောဂိနော၊ ထိုယောဂီအား။ တံဉာဏံ၊ထိုဉာဏ်သည်။ တိက္ခံ၊ထက်သည်။ ဟုတွာ၊ ဖြစ်၍။ ဝဟတိ၊ ရွက်ဆောင်၏။ သင်္ခါရာ၊ ရုပ်နာမ်ခန္ဓာသင်္ခါရတို့သည်။လဟုံ၊ လျင်စွာ။ ဥပဋ္ဌဟန္တိ၊ ထင်ကြကုန်၏။ ဉာဏေ၊ ဉာဏ်သည်။ တိက္ခေ၊ ထက်စွာ။ ဝဟန္တေ၊ ရွက်ဆောင်သည်ရှိသော်။ သင်္ခါရေသု၊ရုပ်နာမ်ခန္ဓာသင်္ခါရတို့သည်။ လဟုံ၊ လျင်စွာ။ဥပဋ္ဌဟန္တေသု၊ ထင်ကုန်သည်ရှိသော်။ဥပ္ပါဒံဝါ၊ ဥပါဒ်ကိုလည်း။ နသမ္ပာပုဏာတိ၊ မမှီနိုင်။ ဌိတိံဝါ၊ ဌီကိုလည်း။

နသမ္မာပဇာနာတိ၊ မသိနိုင်။ ပဝတ္တံ ဝါ၊ ပဝတ္တကိုလည်း။ နသမ္မာပဇာနာတိ၊ မသိနိုင်။ နိမိတ္တံ ဝါ၊ နိမိတ်ကိုလည်း။ နသမ္မာပဇာနာတိ၊ မသိနိုင်။ ခယဝယဘေဒနိရောဓေယေဝ၊ ကုန်သောသဘောတချ၊ ကင်းသောသဘောတချ၊ ပျက်သောသဘောတချ၊ ချုပ်သောသဘောတချ၌သာလျှင်။ သတိ၊ ရှုထင်သောသတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာတည်၏။

ဤသို့ရုပ်နာမ်ခန္ဓာသင်္ခါရအပေါင်း၊ သဘာဝလက္ခဏာ တချတချ၏ အဆုံးအဆုံး၊ ကုန်သောသဘောကို-ကုန်သဟု၊ ကင်းသောသဘောကို-ကင်းသဟု၊ ပျက်သောသဘောကို- ပျက်သဟု၊ ချုပ်သောသဘောကို-ချုပ်သဟု၊ ရှုထင်သောသတိနှင့်၊ အတူတကွ-သဟဇာတ်သမ္ပယုတ်၊ စိတ္တုပ္ပါဒ်ဖြင့်၊ ကုန်သောသဘော၊ ကင်းသောသဘော၊ ပျက်သောသဘော၊ ချုပ်သောသဘောမည်သည်ကား။ ဖြစ်ပြီး၍၊ ဤမည်သောရုပ်နာမ်ခန္ဓာသင်္ခါရအပေါင်း၊ ပျက်သည်တကားဟု၊ ရှုသော ထိုယောဂီ၏ ဉာဏ်သည်၊ သဘာဝလက္ခဏာတချတချကို၊ ဖြစ်ပျက်သဟု--ရှုသော ဥဒယဗ္ဗယဉာဏ်၏ အာရုံဖြစ်သောဌာနမှ ကူးတက်၍၊ ပျက်သောဌာနတချတချ၌၊ ပျက်သဟုပျက်သဟု—ရှုချင်းသည်၊ ဘင်ဉာဏ်မည်၏။

တသေဝံ ဥပ္ပန္နိတ္တွာ ဧဝံနာမသင်္ခါရဂတံ နိရုဇ္ဈတီတိ ပဿတော ဧကေသွိ ဌာနေ ဘင်္ဂါနုပဿနံ နာမ ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။

ဧဝံ၊ ဤသို့။ ဥပ္ပန္နိတ္တွာ၊ ဖြစ်၍။ ဧဝံနာမသင်္ခါရဂတံ၊ ဤမည်သောရုပ်နာမ်ခန္ဓာသင်္ခါရအပေါင်းသည်။ နိရုဇ္ဈတိ၊ ချုပ်ပျက်၏။ ဣတိ၊ ဤသို့။ ပဿတော၊ ရှုသော။ တဿယောဂိနော၊ ထိုယောဂီအား။ ဧကေသွိ ဌာနေ၊ ပျက်သောဌာနတချတချ၌။ ဘင်္ဂါနုပဿနံနာမ၊ ပျက်သဟု ပျက်သဟု—ရှုသည်မည်သော။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဘင်ဉာဏ်၏လက္ခဏာကား နှစ်ပါး။ အာရုံကို ပျက်သဟု ရှုသော ဉာဏ်လည်းတပါး။ ရှုသော စိတ်ကို ပျက်သဟု-တဖန် ရှုသောဉာဏ်လည်းတပါး။ ထို နှစ်ပါးတို့တွင်၊ အာရုံကို၊ ကုန်သောသဘော-ပျက်သောသဘောဟု-ရှုချင်းသည်၊ ဘင်ဉာဏ်မည်၏၊ ရှုသောစိတ်ကို-ကုန်

သောသဘော၊ ပျက်သော သဘောဟု-တဖန်ရှုချင်းသည်၊ ဝိပဿနာ ဉာဏ်မည်၏။

ကာထံ အာရမ္မဏပဋိသင်္ခါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿ နေဉာဏံ။

အာရမ္မဏပဋိသင်္ခါ- အာရမ္မဏံ ပဋိသင်္ခါယ ဓာနိတွာခယတော ဝယတောဒိသွာ၊ အာရုံကို-ကုန်သောသဘော ပျက်သောသဘောဟု-ရှု၍။ ဘင်္ဂါနုပဿနေပညာ၊ ရှုသောစိတ်ကို-ကုန်သော သဘော ပျက်သောသဘောဟု- တဖန်ရှုသောပညာသည်။ ဝိပဿနေဉာဏံ၊ဝိပဿနာ ဉာဏ်မည်၏။ တံဉာဏံ၊ ထိုဉာဏ်သည်။ ကထံဟောတိ၊အဘယ်သို့ဖြစ် သနည်း။

ဘင်ဂ်ဉာဏ်နှင့် ပြည့်စုံသော ယောဂီသည်၊ မြင်သောခဏ၊ ဓော မကျ၊ ကာမဂုဏ်အားနည်း၊ ဝိပဿနာဘုံအားကြီးသည်ဖြစ်၍၊ ဝဋ္ဋော ၏အဆုံး ဘဝင်ကျ၏၊ ဘဝင်မှထ၍၊ သိသောခဏ၊ မျက်စိဖြင့် အဆင်း ကိုမြင်သဟု၊ ဓောကျသော်လည်း၊ နှစ်သက်သော စိတ်ရှိ သည်လည်း မဖြစ်၊ မနှစ်သက်သော စိတ်ရှိသည်လည်းမဖြစ်၊ ပျက်သဟု-ရှုထင် သောသတိနှင့် ပြည့်စုံသည်ဖြစ်၍၊ ပျက်သဟု-ရှုမြင်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်းမဟုတ်၊ အရိ ယူပေက္ခာ၊ လျစ်လျူသာဖြစ်၍နေ၏။

သော စက္ခုနာ ရူပံ ဒိသွာ နေဝ သုမနော ဟောတိ န ဒုမနော ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

သော၊ ထိုယောဂီသည်။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်၍။ သုမနော၊ နှစ်သက်သောစိတ်ရှိသည်။ နေဝဟောတိ၊ မဖြစ်။ ဒုမနော၊ မနှစ်သက်သောစိတ်ရှိသည်။ နဟောတိ၊ မဖြစ်။ သတော၊ ရှုထင်သောသတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ရှုမြင်သောပညာ နှင့်ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊နေ၏။

ဘင်ဂ်ဉာဏ်နှင့်ပြည့်စုံသော ယောဂီသည်၊ ကြားသောခဏ-ဓောမ ကျ၊ ကာမဂုဏ်အားနည်း၊ ဝိပဿနာဘုံအားကြီးသည်ဖြစ်၍၊ ဝဋ္ဋော၏ အဆုံးဘဝင်ကျ၏၊ ဘဝင်မှထ၍၊ သိသောခဏ၊ နားဖြင့် အသံကိုကြား သဟု၊ ဓောကျသော်လည်း၊ နှစ်သက်သော စိတ်ရှိသည်လည်းမဖြစ်၊

မနှစ်သက်သော စိတ်ရှိသည်လည်းမဖြစ်။ ပျက်သဟု-ရှုထင်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ ပျက်သဟု-ရှုမြင်သော ပညာနှင့်ပြည့်စုံသည်ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်းမဟုတ်၊ အရိယူပေက္ခာ၊ လျစ်လျူသာဖြစ်၍နေ၏။

သောတေန သဒ္ဒံ သုတွာ နေဝ သုမနော ဟောတိ န
ဒုမနော ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

သော၊ ထိုယောဂီသည်။ သောတေန၊ နားဖြင့်။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ သုမနော၊ နှစ်သက်သော စိတ်ရှိသည်။ နေဝဟောတိ၊ မဖြစ်။ ဒုမနော၊ မနှစ်သက်သောစိတ်ရှိသည်။ နဟောတိ၊ မဖြစ်။ သတော၊ ရှုထင်သောသတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ရှုမြင်သောပညာနှင့်ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊ နေ၏။

ဘင်္ဂဉာဏ်နှင့်ပြည့်စုံသော ယောဂီသည်၊ နံသောခဏ၊ ဓောမကျ၊ ကာမဂုဏ်အားနည်း၊ ဝိပဿနာဘုံ အားကြီးသည်ဖြစ်၍၊ ဝဋ္ဋဒွာ၏ အဆုံးဘဝင်ကျ၏၊ ဘဝင်မှထ၍ သိသောခဏ၊ နှာဖြင့်အနံ့ကို နံသဟု ဓောကျသော်လည်း၊ နှစ်သက်သောစိတ်ရှိသည်လည်းမဖြစ်၊ မနှစ်သက်သောစိတ်ရှိသည်လည်းမဖြစ်။ ပျက်သဟု-ရှုထင်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ ပျက်သဟု—ရှုမြင်သော ပညာနှင့်ပြည့်စုံသည်ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်းမဟုတ်၊ အရိယူပေက္ခာ၊ လျစ်လျူသာဖြစ်၍နေ၏။

ဃာနေန ဂန္ဓံ ဃာယိတွာ နေဝ သုမနော ဟောတိ၊ န
ဒုမနော ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

သော၊ ထိုယောဂီသည်။ ဃာနေန၊ နှာဖြင့်။ ဂန္ဓံ၊ အနံ့ကို။ ဃာယိတွာ၊ နံ၍။ သုမနော၊ နှစ်သက်သော စိတ်ရှိသည်။ နေဝဟောတိ၊ မဖြစ်။ ဒုမနော၊ မနှစ်သက်သော စိတ်ရှိသည်။ နဟောတိ၊ မဖြစ်။ သတော၊ ရှုထင်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ရှုမြင်သောပညာနှင့်ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊ နေ၏။

ဘင်္ဂဉာဏ်နှင့်ပြည့်စုံသော ယောဂီသည်၊ စားသောခဏ၊ ဓော မကျ၊ ကာမဂုဏ်အားနည်း၊ ဝိပဿနာဘုံအားကြီးသည်ဖြစ်၍၊ ဂုဏ္ဌော၏ အဆုံးဘဝင်ကျ၍၊ ဘဝင်မှထ၍၊ သိသောခဏ၊ လျှာဖြင့်အရသာကို စားသဟု၊ ဓောကျသော်လည်း၊ နှစ်သက်သော စိတ်ရှိသည်လည်းမဖြစ်၊ မနှစ်သက်သော စိတ်ရှိသည်လည်း မဖြစ်။ ပျက်သဟု- ရှုထင်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍၊ ပျက်သဟု-ရှုမြင်သော ပညာနှင့် ပြည့် စုံသည်ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်းမဟူ၊ အရိယူ ပေက္ခာ၊ လျစ်လျူသာဖြစ်၍နေ၏။

ဇိဝှါယ ရသံ သာယိတွာ နေဝ သုမနော ဟောတိ၊ န ဒုမနော ဥပေက္ခကော ဝိဟာရတိ သတော သမ္ပဇာနော။

သော၊ ထိုယောဂီသည်။ ဇိဝှါယ၊ လျှာဖြင့်။ ရသံ၊ အရသာကို။ သာ ယိတွာ၊ စား၍။ သုမနော၊ နှစ်သက်သောစိတ်ရှိသည်။ နေဝဟောတိ၊ မဖြစ်။ ဒုမနော၊ မနှစ်သက်သော စိတ်ရှိသည်။ နဟောတိ၊ မဖြစ်။ သတော၊ ရှုထင်သောသတိနှင့် ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ရှုမြင် သောပညာနှင့်ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟာရတိ၊ နေ၏။

ဘင်္ဂဉာဏ်နှင့်ပြည့်စုံသော ယောဂီသည်၊ ထိသောခဏ၊ ဓောမကျ၊ ကာမဂုဏ်အားနည်း၊ ဝိပဿနာ ဘုံအားကြီးသည် ဖြစ်၍၊ ဂုဏ္ဌော၏ အဆုံးဘဝင်ကျ၍၊ ဘဝင်မှထ၍၊ သိသောခဏ၊ ကိုယ်ဖြင့် အတွေ့ကို ထိသဟု၊ ဓောကျသော်လည်း၊ နှစ်သက်သောစိတ်ရှိသည်လည်းမဖြစ်၊ မနှစ်သက်သော စိတ်ရှိသည်လည်းမဖြစ်။ပျက်သဟု-ရှုထင်သော သတိ နှင့် ပြည့်စုံသည်ဖြစ်၍၊ပျက်သဟု-ရှုမြင်သောပညာနှင့် ပြည့်စုံသည်ဖြစ် ၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်း မဟူ၊ အရိယူပေက္ခာ၊ လျစ် လျူသာဖြစ်၍နေ၏။

ကာယေန ဖေါဋ္ဌဗ္ဗံ ဖုသိတွာ နေဝ သုမနော ဟောတိ၊ န ဒုမနော ဥပေက္ခကော ဝိဟာရတိ သတော သမ္ပဇာနော။

သော၊ ထိုယောဂီသည်။ ကာယေန၊ ကိုယ်ဖြင့်။ ဖေါဋ္ဌဗ္ဗံ၊ အတွေ့ ကို။ ဖုသိတွာ၊ ထိ၍။ သုမနော၊ နှစ်သက်သောစိတ်ရှိသည်။ နေဝဟောတိ၊

မဖြစ်။ဒုမနော၊ မနှစ်သက်သောစိတ်ရှိသည်။နဟောတိ၊ မဖြစ်။သတော၊ ရှုထင်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍။သမ္ပဇာနော၊ ရှုမြင်သောပညာနှင့်ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊ နေ၏။

ဘဂ်ဉာဏ်နှင့်ပြည့်စုံသော ယောဂီသည်၊ သိသောခဏ၊ဓောမကျ၊ ကာမဂုဏ်အားနည်း၊ ဝိပဿနာဘုံ အားကြီးသည်ဖြစ်၍၊ ဝဋ္ဋော၏ အဆုံးဘဝင်ကျ၏၊ ဘဝင်မှထ၍၊ သိသောခဏ၊ မနောဖြင့်သဘောကို သိသဟု၊ဓောကျသော်လည်း၊နှစ်သက်သော စိတ်ရှိသည်လည်း မဖြစ်၊ မနှစ်သက်သောစိတ်ရှိသည်လည်းမဖြစ်။ ပျက်သဟု-ရှုထင်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍၊ ပျက်သဟု-ရှုမြင်သော ပညာနှင့် ပြည့်စုံသည် ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်းမဟု၊ အရိယူပေက္ခာ၊ လျစ်လျူသာ ဖြစ်၍နေ၏။

မနသာ ဓမ္မံ ဝိညာယ နေဝ သုမနော ဟောတိ၊ န ဒုမနော
ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

သော၊ ထိုယောဂီသည်။ မနသာ၊ စိတ်ဖြင့်။ ဓမ္မံ၊ သဘောကို။ ဝိညာယ၊ သိ၍။ သုမနော၊ နှစ်သက်သောစိတ်ရှိသည်။ နေဝဟောတိ၊ မဖြစ်။ ဒုမနော၊ မနှစ်သက်သော စိတ်ရှိသည်။ နဟောတိ၊ မဖြစ်။ သတော၊ ရှုထင်သောသတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ရှုမြင်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊ နေ၏။

မြင်သောခဏ၊ ဍွါရ၊ အာရုံ၊ ဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာငါးပါးရ၏။ ။ကြားသောခဏ၊ ဍွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသော ကာလ၊ ခန္ဓာ ငါးပါး ရ၏။ ။နံသောခဏ၊ဍွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာ ငါးပါးရ၏။ ။စားသော ခဏ၊ ဍွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသော ကာလ၊ ခန္ဓာ ငါးပါး ရ၏။ ။ထိသောခဏ၊ ဍွါရ၊ အာရုံ၊ ဝိညာဏ်၊ဖဿ၊ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာ ငါးပါးရ၏။ ။သိသောခဏ၊ ဍွါရ၊ အာရုံ၊ ဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ပေါင်းဆုံကြသောကာလ၊ခန္ဓာ ငါးပါးရ၏။ ။

ကိုယ်မှ-အပြုအပြင် အစီအရင်ခဏ၊ ဋ္ဌိရ၊အာရုံ၊ဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာ ငါးပါးရ၏။ ။နှလုံးမှ-အပြုအပြင် အစီအရင် ခဏ၊ ဋ္ဌိရ၊ အာရုံ၊ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာ ငါးပါးရ၏။ ။စိတ်မှ-အပြုအပြင် အစီအရင်ခဏ၊ ဋ္ဌိရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာ ငါးပါးရ၏။

ထိုခန္ဓာ ငါးပါးတို့တွင်၊ ရုပ်ကိုအာရုံပြုသော ဝိပဿနာစိတ်၊ ဖြစ်၍ ပျက်၏၊ ထိုဝိပဿနာစိတ်ဖြင့်၊အာရုံဖြစ်သောရုပ်ကို၊ကုန်သောသဘော ပျက်သောသဘောဟု ရှု၏၊ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာစိတ်ဖြင့်၊ကုန်သောသဘောပျက်သောသဘောဟု တဖန်ရှု၏၊ တဖန်ရှုချင်းကြောင့်၊ အာရုံလည်း အထူးသဖြင့်ထင်၏၊ ဉာဏ်လည်း အလေ့အလာတွင်၏။

> ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

ရူပါရမ္မဏတာ-ရူပါရမ္မဏံ၊ ရုပ်ကိုအာရုံပြုသော။ စိတ္တံ၊ ဝိပဿနာ စိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံအာရမ္မဏံ၊ထိုအာရုံ ဖြစ်သောရုပ်ကို။ ပဋိသင်္ခါ-ပဋိသင်္ခါယဇာနိတွာခယတော ဝယတော ဒိသွာ၊ ကုန်သောသဘော ပျက်သော သဘောဟု ရှု၍။ တဿစိတ္တဿ၊ ထိုရှုသော ဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ပျက်သည်ကို။ အပရေနစိတ္တေန၊ တပါးသော ဝိပဿနာစိတ်ဖြင့်။ အနုပဿတိ၊ တဖန်ရှု၏။

ဝေဒနာကိုအာရုံပြုသောဝိပဿနာစိတ်၊ ဖြစ်၍ပျက်၏။ထိုဝိပဿနာ စိတ်ဖြင့်၊ အာရုံဖြစ်သောဝေဒနာကို၊ ကုန်သောသဘော ပျက်သော သဘောဟုရှု၏၊ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာ စိတ်ဖြင့်၊ ကုန်သော သဘော ပျက်သော သဘောဟု၊ တဖန်ရှု၏။ တဖန်ရှုချင်းကြောင့်၊ အာရုံလည်း အထူးသဖြင့်ထင်၏။ ဉာဏ်လည်း အလေ့အလာတွင်၏။

> ဝေဒနာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

ဝေဒနာရမ္မဏတာ-ဝေဒနာရမ္မဏံ၊ ဝေဒနာကိုအာရုံပြုသော။ စိတ္တံ၊
ဝိပဿနာစိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံ အာရမ္မဏံ၊
ထိုအာရုံဖြစ်သောဝေဒနာကို။ ပဋိသင်္ခါ-ပဋိသင်္ခါယ ဇာနိတွာ ခယ
တောဝယတောဒိသွာ၊ ကုန်သော သဘော ပျက်သော သဘောဟုရှု၍။
တဿစိတ္တဿ၊ ထိုရှုသော ဝိပဿနာ စိတ်၏။ ဘင်္ဂံ၊ ပျက်သည်ကို။
အပရေနစိတ္တေန၊ တပါးသော ဝိပဿနာစိတ်ဖြင့်။ အနုပဿတိ၊
တဖန်ရှု၏။

သညာကိုအာရုံပြုသော ဝိပဿနာစိတ်၊ဖြစ်၍ပျက်၏။ ထိုဝိပဿနာ
စိတ်ဖြင့်၊ အာရုံဖြစ်သောသညာကို၊ ကုန်သော သဘော ပျက်သော
သဘောဟု ရှု၏၊ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာ
စိတ်ဖြင့်၊ ကုန်သော သဘော ပျက်သော သဘောဟု၊ တဖန်ရှု၏၊ တဖန်
ရှုချင်းကြောင့်၊ အာရုံလည်းအထူးသဖြင့်ထင်၏၊ ဉာဏ်လည်း အလေ့
အလာတွင်၏။

သညာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ တံ အာရမ္မဏံ
ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

သညာရမ္မဏတာ-သညာရမ္မဏံ၊ သညာကို အာရုံပြုသော။ စိတ္တံ၊
ဝိပဿနာစိတ်သည်။ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံအာရမ္မဏံ၊
ထိုအာရုံဖြစ်သောသညာကို။ ပဋိသင်္ခါ-ပဋိသင်္ခါယဇာနိတွာခယတော
ဝယတောဒိသွာ၊ကုန်သောသဘော—ပျက်သောသဘောဟုရှု၍။ တဿ
စိတ္တဿ၊ ထိုရှုသောဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ပျက်သည်ကို။ အပရေန
စိတ္တေန၊တပါးသော ဝိပဿနာစိတ်ဖြင့်။ အနုပဿတိ၊ တဖန်ရှု၏။

သင်္ခါရကိုအာရုံပြုသော ဝိပဿနာစိတ်၊ဖြစ်၍ပျက်၏။ ထိုဝိပဿနာ
စိတ်ဖြင့်၊အာရုံဖြစ်သော သင်္ခါရကို၊ ကုန်သော သဘော ပျက်သော
သဘောဟုရှု၏၊ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာ
စိတ်ဖြင့်၊ ကုန်သောသဘောပျက်သောသဘောဟု၊တဖန်ရှု၏၊ တဖန်ရှု
ချင်းကြောင့်၊အာရုံလည်းအထူးသဖြင့်ထင်၏၊ဉာဏ်လည်းအလေ့အလာ
တွင်၏။

သင်္ခါရာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ တံ အာရမ္မဏံ
ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

သင်္ခါရာရမ္မဏတာ-သင်္ခါရာရမ္မဏံ၊သင်္ခါရကိုအာရုံပြုသော။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။ဘိဇ္ဇတိ၊ ပျက်၏။ တံအာရမ္မဏံ၊ ထိုအာရုံဖြစ်သောသင်္ခါရကို။ပဋိသင်္ခါ-ပဋိသင်္ခါယဇာနိတွာခယတော ဝယတောဒိသွာ၊ကုန်သောသဘော ပျက်သောသဘောဟုရှု၍။ တဿ စိတ္တဿ၊ ထိုရှုသောဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ပျက်သည်ကို။ အပရေန စိတ္တေန၊တပါးသောဝိပဿနာစိတ်ဖြင့်။အနုပဿတိ၊တဖန်ရှု၏။

ဝိညာဏ်ကိုအာရုံပြုသောဝိပဿနာစိတ်၊ဖြစ်၍ပျက်၏။ထိုဝိပဿနာ စိတ်ဖြင့်၊ အာရုံဖြစ်သော ဝိညာဏ်ကို၊ ကုန်သောသဘော ပျက်သော သဘောဟု ရှု၏၊ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာ စိတ်ဖြင့်၊ ကုန်သောသဘော ပျက်သောသဘောဟု၊ တဖန်ရှု၏၊ တဖန် ရှုချင်းကြောင့်၊ အာရုံလည်း အထူးသဖြင့်ထင်၏၊ ဉာဏ်လည်း အလေ့ အလာတွင်၏။

ဝိညာဏာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

ဝိညာဏာရမ္မဏတာ—ဝိညာဏာရမ္မဏံ၊ဝိညာဏ်ကိုအာရုံပြုသော။ စိတ္တံ၊ဝိပဿနာစိတ်သည်။ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။ဘိဇ္ဇတိ၊ ပျက်၏။ တံအာရမ္မဏံ၊ ထိုအာရုံဖြစ်သော ဝိညာဏ်ကို။ ပဋိသင်္ခါ-ပဋိသင်္ခါယ ဇာနိတွာ ခယတော ဝယတောဒိသွာ၊ ကုန်သောသဘော ပျက်သောသဘောဟု ရှု၍။ တဿစိတ္တဿ၊ထိုရှုသောဝိပဿနာစိတ်၏။ဘင်္ဂံ၊ ပျက်သည်ကို။ အပရေန စိတ္တေန၊ တပါးသော ဝိပဿနာစိတ်ဖြင့်။ အနုပဿတိ၊ တဖန်ရှု၏။

ဘင်ဉာဏ်နှင့် ပြည့်စုံသော ယောဂီသည်၊ ကိုယ်မှ—အပြုအပြင်အစီ အရင်၊ဣရိယာပုထ်ထင်သောကာလ၊ပရမာဏုမြူတလုံး တလုံးပမာဏ၊ တရွရွ၊တလှုပ်လှုပ်၊ အဆုပ်အဆုပ်၊အစပ်အစပ်၊အပြတ်အပြတ်၊ အပိုင်း အပိုင်း၊ လှုပ်ရှားတိုင်းကို အာရုံပြုသော ဝိပဿနာစိတ်၊ ဖြစ်၍ ပျက်၏၊ ထိုဝိပဿနာစိတ်ဖြင့်၊ အာရုံဖြစ်သော လှုပ်ရှားတိုင်းကို၊ ကုန်သောသ ဘော ပျက်သောသဘောဟုရှု၏။ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါး သောဝိပဿနာစိတ်ဖြင့်၊ ကုန်သော သဘော ပျက်သော သဘောဟု၊

တဖန်ရှု၏။တဖန်ရှုချင်းကြောင့်၊ အာရုံလည်းအထူးသဖြင့်ထင်၏၊ ဉာဏ်လည်း အလေ့အလာတွင်၏။

ဘင်္ဂဉာဏ်နှင့် ပြည့်စုံသော ယောဂီသည်၊ နှုတ်မှ-အပြု အပြင် အစီအရင်၊ အပြော အဆိုထင်သော ကာလ၊ အက္ခရာတလုံးကျ–တလုံးကျ၊ နှုတ်ကထွက်သောအသံကိုအာရုံပြုသော ဝိပဿနာစိတ်၊ ဖြစ်၍ပျက်၏၊ ထိုဝိပဿနာစိတ်ဖြင့်၊ အာရုံဖြစ်သောအသံကို၊ ကုန်သောသဘောပျက်သောသဘောဟုရှု၏၊ထိုရှုသောဝိပဿနာစိတ်ကို၊တပါးသော ဝိပဿနာစိတ်ဖြင့်၊ကုန်သော သဘောပျက်သောသဘောဟု၊တဖန်ရှု၏၊တဖန်ရှုချင်းကြောင့်၊ အာရုံလည်း အထူးသဖြင့် ထင်၏၊ ဉာဏ်လည်း အလေ့အလာတွင်၏။

ဘင်္ဂဉာဏ်နှင့် ပြည့်စုံသော ယောဂီသည်၊ စိတ်မှ–အပြုအပြင်အစီအရင်၊ မြင်သောခဏ၊ ဖောကျသည်ဖြစ်အံ့။ စက္ခုသမ္ဖဿကြောင့်၊ သုခသောမနဿထင်သော၊ သုခကိုအာရုံပြုသော။ ။စက္ခုသမ္ဖဿကြောင့်၊ ဒုက္ခဒေါမနဿထင်သော–ဒုက္ခကိုအာရုံပြုသော။ ။စက္ခုသမ္ဖဿကြောင့်၊အဒုက္ခမသုခထင်သော-ဥပေက္ခာကိုအာရုံပြုသော။ ။စက္ခုသမ္ဖဿကြောင့်၊သညာထင်သော- သညာကို အာရုံပြုသော။ ။စက္ခုသမ္ဖဿကြောင့်၊စေတနာထင်သော-သင်္ခါရကိုအာရုံပြုသော၊ ။မျက်စိ-အဆင်းကြောင့် မြင်ချင်းထင်သော- စက္ခုဝိညာဏ်ကို အာရုံပြုသော။ ။ဝိပဿနာစိတ်၊ ဖြစ်၍ပျက်၏၊ ထိုဝိပဿနာစိတ်ဖြင့်၊ အာရုံဖြစ်သော စက္ခုဝိညာဏ်ကို၊ ကုန်သောသဘော ပျက်သောသဘောဟုရှု၏၊ ထိုရှုသောဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာစိတ်ဖြင့်၊ ကုန်သော သဘော ပျက်သော သဘောဟု၊ တဖန်ရှု၏၊ တဖန်ရှုချင်းကြောင့်၊ အာရုံလည်း အထူးသဖြင့်ထင်၏၊ ဉာဏ်လည်း အလေ့အလာတွင်၏။

အာရုံအထူးသဖြင့် ထင်ချင်းကြောင့်၊ ဒိဋ္ဌဉာဏ်ဖြင့်လည်း၊ တဖန်တဖန်ရှု၏။ဉာဏ်အလေ့အလာတွင်ချင်းကြောင့်၊ အန္ဝယဉာဏ်ဖြင့်လည်း တဖန်တဖန်ရှု၏။ ။အဘယ်သို့ဒိဋ္ဌဉာဏ်ဖြင့်လည်း တဖန်တဖန် ရှုသနည်း။အဘယ်သို့အန္ဝယဉာဏ်ဖြင့်လည်းတဖန်တဖန်ရှုသနည်း။ ။ပျက်သောခဏ၊ သင်္ခါရ၏ပျက်သောသဘောကို၊ အနိစ္စဟု၊ ဒိဋ္ဌဉာဏ်ဖြင့် တဖန်ရှု၏၊ နိစ္စဟု၊ တဖန်မရှု။ အနိစ္စကိုဒုက္ခဟု၊ အန္ဝယဉာဏ်ဖြင့် တ

ဖန်ရှု၏၊ သုခဟု-တဖန်မရှု။ ဒုက္ခကိုအနတ္တဟု၊ အနုပဿနာဉာဏ်ဖြင့် တဖန်ရှု၏၊ အတ္တဟု-တဖန်မရှု။ ။အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု၊ ဝိပဿနာဉာဏ်ဖြင့် ငြီးငွေ့၏၊ မနှစ်သက်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု၊ အနုပဿနာဉာဏ်ဖြင့် တပ်မက်ကင်း၏၊ မတပ်မက်။အနိစ္စ၊ဒုက္ခ၊အနတ္တဟု၊ ယခုအသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော အနုသယ-ပရိယုဋ္ဌာန်-သမုဒယကို၊ ဝိပဿနာဉာဏ်ဖြင့် ချုပ်စေ၏၊ မဖြစ်စေ။ အနိစ္စ၊ ဒုက္ခ၊အနတ္တဟု၊ နောင်အသစ်အသစ် ဖြစ်ချင်း၌ ထိုက်သော အနုသယ-ပရိယုဋ္ဌာန်-ကိလေသာ အာဒါနကို၊ အနုပဿနာဉာဏ်ဖြင့် တဖန်တဖန်စွန့်၏၊ အသစ်အသစ်လျှ၊ဘဝမယူ။

အနုပဿတီတိ ကထံ အနုပဿတိ။ ။အနိစ္စတော အနုပဿတိ နော နိစ္စတော ဒုက္ခတော အနုပဿတိ နော သုခတော အနတ္တတော အနုပဿတိ နော အတ္တတော၊ နိဗ္ဗိန္ဒတိ နော နန္ဒတိ၊ ဝိရဇ္ဇတိ နော ရဇ္ဇတိ နိရောဓေတိ နော သမုဒေတိ၊ပဋိနိဿဇ္ဇတိ နော အာဒိယတိ။

အနုပဿတီတိ၊ တဖန်ရှု၏ဟူသည်။ ကထံ၊ အဘယ်သို့လျှင်။ အနုပဿတိ၊ တဖန်ရှုသနည်း။ အနိစ္စတော၊ မမြဲဟု။ အနုပဿတိ၊ တဖန်ရှု၏။ နိစ္စတော၊ မြဲသဟု။ နောအနုပဿတိ၊ တဖန်မရှု။ ဒုက္ခတော၊ ဆင်းရဲဟု။ အနုပဿတိ၊ တဖန်ရှု၏။ သုခတော၊ ချမ်းသာသဟု။ နောအနုပဿတိ၊ တဖန်မရှု။ အနတ္တတော၊ အစိုးမရဟု။ အနုပဿတိ၊ တဖန်ရှု၏။ အတ္တတော၊ အစိုးရသဟု။နောအနုပဿတိ၊ တဖန်မရှု။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နောနန္ဒတိ၊ မနှစ်သက်။ ဝိရဇ္ဇတိ၊ တပ်မက်ကင်း၏။ နောရဇ္ဇတိ၊ မတပ်မက်။ နိရောဓေတိ၊ ချုပ်စေ၏။ နောသမုဒေတိ၊ မဖြစ်စေ။ ပဋိနိဿဇ္ဇတိ၊ တဖန်တဖန်စွန့်၏။ နောအာဒိယတိ၊ အသစ်အသစ်လျှ၊ ဘဝမယူ။

ရုပ်နာမ်ခန္ဓာ-သင်္ခါရအပေါင်းမည်သည်ကား။ ဖြစ်သော သဘောလည်းရှိ၏၊ ပျက်သော သဘောလည်းရှိ၏၊ ထိုဖြစ်သောသဘော ပျက်သော သဘောသည်လည်း၊ အနိစ္စလက္ခဏာပင် မည်သော်လည်း၊ ဖြစ်သောခဏ၊ ရှေးအကြောင်းနှင့် ယခုအကျိုးပေါင်းဆုံကြ၏။ ယခုအကြောင်းနှင့် နောင်အကျိုးပေါင်းဆုံကြ၏။

ပျက်သောခဏ၊ ရှေး အကြောင်းနှင့် ယခုအကျိုး မပေါင်းဆုံကြ။ ယခုအကြောင်းနှင့် နောင်အကျိုးမပေါင်းဆုံကြ၊ အကြောင်းလည်း ခြုတ်၊ အကျိုးလည်းခြုတ်၊ အနုပ္ပါဒနိရောဓ။ ။ဖြစ်သောခဏ၊ ဖြစ်သောသဘောကို အနိစ္စဟုရှု၍၊ ရှုသော်လည်း၊ ဖြစ်သောသဘော အကျိုး၏ ရှေးကအကြောင်းနှင့်လည်း မကင်း၊ နောင်အကျိုးကလည်း အကြွင်းရှိချင်းကြောင့်၊ အနိစ္စာနုပဿနာ၊ ဘာဝနာ-ပြီးဆုံးချင်းသို့ မရောက်။ ဘင်္ဂဉာဏ်အလို၊ ဝိပဿနာစိတ်၊ ကိလေသာမှမလွတ်၊ ဝဋ်နှင့်စပ်၏။ ။ပျက်သောခဏ၊ ပျက်သော သဘောကို အနိစ္စဟုရှု၍၊ ရှုသော်ကား၊ ပျက်သောသဘောအကျိုး၏ ရှေးကအကြောင်းနှင့်လည်း ကင်း၊ နောင်အကျိုးကလည်း အကြွင်းမရှိ ချင်းကြောင့်၊ အနိစ္စာနုပဿနာ-ဘာဝနာပြီးဆုံးချင်းသို့ရောက်၏။ ။ဘင်္ဂဉာဏ်အလို၊ဝိပဿနာစိတ် ကိလေသာမှလွတ်၏၊ဝဋ်နှင့်မစပ်။ ။ဤနိဗ္ဗာန်ရုပ် အာနိသင်ကို၊ ထင်မြင်ချက်ပြ၊ ရုပ်နာမ်ခန္ဓာသင်္ခါရတို့၏၊ ဘင်္ဂက္ခဏအပေါင်း၊ အကြောင်းလည်းခြုတ်၊ အကျိုးလည်းခြုတ်၊ အနုပ္ပါဒနိရောဓဟု၊ ဉာဏ်အား ထင်အောင် ရှေးကာလကရှု၍၊ တခုတခု၊ အစုအစုဖြစ်သော ရုပ်အစဉ် နာမ်အစဉ်၊ သင်္ခါရ၏ ပျက်သော သဘောကို၊ ပျက်သဟု-ပျက်သဟု၊ရှုလေ့ တွင်တွင်၊ ဘင်ကိုမြင်သော ယောဂီသည်၊သင်္ခါရ အပေါင်းကို အနိစ္စဟု၊ဒိဋ္ဌဉာဏ်ဖြင့်တဖန်ရှု၏၊နိစ္စဟု-တဖန်မရှု။ အနိစ္စ၏ ဒုက္ခစင်စစ်၊ မှန်သည်၏အဖြစ်ကြောင့်၊ အနိစ္စကို-ဒုက္ခဟု၊ အနွယဉာဏ် ဖြင့် တဖန်ရှု၏၊ သုခဟု-တဖန်မရှု။ ဒုက္ခ၏-အနတ္တစင်စစ်၊ မှန်သည်၏ အဖြစ်ကြောင့်၊ ဒုက္ခကို-အနတ္တဟု၊ အနွယဉာဏ်ဖြင့် တဖန်ရှု၏၊ အတ္တဟု-တဖန်မရှု။

တဿ ယသ္မာ ဘင်္ဂေါ နာမ အနိစ္စတာယ ပရမာ ကောဋိ။
တသ္မာ သော ဘင်္ဂါနုပဿကော ယောဂါဝစရော သဗ္ဗံ သင်္ခါရ
ဂတံ အနိစ္စတော အနုပဿတိ နော နိစ္စတော၊ တတော အနိစ္စဿ
ဒုက္ခတ္တာ ဒုက္ခဿ အနတ္တတာ တဒေဝ ဒုက္ခတော အနုပဿတိ
နော သုခတော၊ အနတ္တတော အနုပဿတိ နော အတ္တတော။

တဿဝစနေ၊ ထိုစကားရပ်၌။ ယသ္မာ၊ အကြင့်ကြောင့်။ ဘင်္ဂေါ နာမ၊ ဘင် မည်သည်ကား။ အနိစ္စတာယ၊ အနိစ္စ၏အဖြစ်ကြောင့်။ ပရမာ

ကောဋိ၊ နောက်အစွန်းတည်း။ တသ္မာ၊ ထိုကြောင့်။ ဘင်္ဂါနုပဿကော၊ ပျက်သဟုရှုသော။ ယောယောဂါဝစရော၊ ထိုယောဂီသည်။ သဗ္ဗံ၊ အလုံးစုံသော။ သင်္ခါရဂတံ၊ သင်္ခါရအပေါင်းကို။ အနိစ္စတော၊ အနိစ္စဟု။ အနုပဿတိ၊ တဖန်ရှု၏။ နိစ္စတော၊ နိစ္စဟု။ နောအနုပဿတိ၊ တဖန်မရှု။ အနိစ္စဿ၊ အနိစ္စ၏။ တတောဒုက္ခတ္တာ၊ ထိုဒုက္ခ၏အဖြစ်ကြောင့်။ တဒေဝအနိစ္စံ၊ ထိုအနိစ္စကို သာလျှင်။ ဒုက္ခတော၊ ဒုက္ခဟု။ အနုပဿတိ၊ တဖန်ရှု၏။ သုခတော၊ သုခဟု။ နောအနုပဿတိ၊ တဖန်မရှု။ ဒုက္ခဿ၊ ဒုက္ခ၏။ တတောအနတ္တတာ၊ ထိုအနတ္တ၏အဖြစ်ကြောင့်။ တဒေဝဒုက္ခံ၊ ထိုဒုက္ခကို သာလျှင်။ အနတ္တတော၊ အနတ္တ ဟု။ အနုပဿတိ၊ တဖန်ရှု၏။ အတ္တတော၊ အတ္တဟု။ နောအနုပဿတိ၊ တဖန်မရှု။

သင်္ခါရအပေါင်းမည်သည်ကား၊ အနိစ္စသာတည်း၊ ဒုက္ခသာတည်း၊ အနတ္တသာတည်း။ ထိုအနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော သင်္ခါရအပေါင်းကို မနှစ်သက်အပ်။ အကြင်အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော သင်္ခါရအပေါင်းကို မနှစ်သက်အပ်။ ထိုမနှစ်သက်အပ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တ သင်္ခါရအပေါင်း၌ မတပ်မက်အပ်။ ထိုကြောင့်၊ ပျက်သဟု-ပျက်သဟု၊ ရှုလေ့တွင်တွင်၊ ဘင်ကိုမြင်သော ဉာဏ်နောက်သို့ အစဉ်လိုက်သဖြင့်၊ ထင်သော ထိုသင်္ခါရအပေါင်း၌၊ နိဗ္ဗဉာဏ်ဖြင့် ငြီးငွေ့၏၊ မနှစ်သက်။ အနွယဉာဏ်ဖြင့် တပ်မက်ကင်း၏၊ မတပ်မက်။

> ယသ္မာ ပန ယံ အနိစ္စံ ဒုက္ခမနတ္တာ၊ န တံ အဘိနန္ဒိတဗ္ဗံ၊ ယဉ္စ အနဘိနန္ဒိတဗ္ဗံ၊ န တတ္ထ ရဇ္ဇိတဗ္ဗံ၊တသ္မာ ဧတသ္မိံ ဘင်္ဂါနုပဿနာနုသာရေန ဝိဒိတ္တေ သင်္ခါရဂတေ နိဗ္ဗိန္ဒတိ နော နန္ဒတိ ဝိရဇ္ဇတိ နော ရဇ္ဇတိ။

ယသ္မာပန၊ အကြင့်ကြောင့်ကား။ ယံသင်္ခါရဂတံ၊ အကြင်သင်္ခါရအပေါင်းသည်။ အနိစ္စံ၊ အနိစ္စတည်း။ ဒုက္ခံ၊ ဒုက္ခတည်း။ အနတ္တာ၊ အနတ္တတည်း။ တံသင်္ခါရဂတံ၊ ထိုအနိစ္စ ဒုက္ခ အနတ္တဖြစ်သော သင်္ခါရအပေါင်းကို။ နအဘိနန္ဒိတဗ္ဗံ၊ မနှစ်သက်အပ်။ ယဉ္စသင်္ခါရဂတံ၊အကြင်အနိစ္စ ဒုက္ခ အနတ္တဖြစ်သော သင်္ခါရအပေါင်းကို။အနဘိနန္ဒိတဗ္ဗံ၊ မနှစ်သက်အပ်။ တတ္ထသင်္ခါရဂတေ၊ ထိုမနှစ်သက်အပ်သော အနိစ္စ ဒုက္ခ

အနတ္တ သင်္ခါရ အပေါင်း၌။ နုရဇ္ဇိတဗ္ဗံ၊ မတပ်မက်အပ်။ တသ္မာ၊ ထိုကြောင့်။ ဘင်္ဂါနုပဿနာနုသာရေန၊ ဘင်ဉာဏ်နောက်သို့ အစဉ်လိုက်သဖြင့်။ ဒိဋ္ဌေ၊ ထင်သော။ ဧတသ္မိံ သင်္ခါရဂတေ၊ ထိုသင်္ခါရ အပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နာဘိနန္ဒတိ၊ မနှစ်သက်။ ဝိရဇ္ဇတိ၊ တပ်မက်ကင်း၏။ နာရဇ္ဇတိ၊ မတပ်မက်။

ဤသို့ နှစ်သက်ခြင်းလည်း ကင်းသော၊ ဤသို့ တပ်မက်ခြင်းလည်း ကင်းသော ထိုယောဂီသည်၊ ပျက်သောခဏ၊ ပျက်သဟု ရှုသဖြင့်၊ ထင်သော ဘင်္ဂက္ခဏာ သင်္ခါရအပေါင်း၌၊ ယခု အသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော အနုသယ-ပရိယုဋ္ဌာန်ရာဂကို၊ ဒိဋ္ဌ ဉာဏ်ဖြင့် ခြုပ်စေ၏၊ မဖြစ်စေ၊ ဖြစ်အောင်မပြု။ ။(တနည်း)

ဤသို့ တပ်မက်ခြင်းလည်း ကင်းသော၊ ဤသို့ နှစ်သက်ခြင်းလည်း ကင်းသော ထိုယောဂီသည်၊ အကြင်အခြင်းဖြင့်၊ သင်္ခါရ အပေါင်းကို ဒိဋ္ဌဉာဏ်ဖြင့်မြင်၏၊ ထိုဒိဋ္ဌဉာဏ်မြင်သောအခြင်းဖြင့်မမြင်သော်လည်း၊ ပျက်သောခဏ၊ ပျက်သဟု-ရှုသဖြင့်၊ထင်သောဘင်္ဂက္ခဏာ၊ ထိုသင်္ခါရ အပေါင်း၌၊ ယခုအသစ်အသစ်ဖြစ်ချင်း၌ ထိုက်သော အနုသယ-ပရိယုဋ္ဌာန်ရာဂကို၊ အနွယဉာဏ်ဖြင့် ခြုပ်စေ၏၊မဖြစ်စေ။ ထိုရာဂ၏ ခြုပ်သောသဘောကိုသာလျှင် မြင်၏၊ ဖြစ်သော သဘောကို မမြင်။ ဤသို့ အစဉ်သဖြင့် ကျင့်သော ထိုယောဂီသည်၊ ပျက်သောခဏ၊ ပျက်သဟု-ရှုသဖြင့် ထင်သော ဘင်္ဂက္ခဏာ၊ သင်္ခါရအပေါင်း၌၊ နောင် အသစ်အသစ် ဖြစ်ချင်း၌ ထိုက်သော အနုသယ-ပရိယုဋ္ဌာန် ကိလေသာ အာဒါနကို၊ အနွယဉာဏ်ဖြင့်၊ တဖန်တဖန်စွန့်၏၊ အသစ်အသစ်လူ၊ ဘဝ မယူ။

သော ဧဝံ အရဇ္ဇန္တော လောကိကေနေဝ တာဝ ဉာဏေန ရာဂံ နိရောဓေတိ နော သမုဒေတိ သမုဒယံ န ကရောတီတိ အတ္ထော၊ အထဝါ သော ဧဝံ ဝိရတ္တော ယထာ ဒိဋ္ဌံ သင်္ခါရဂတံ တထာ အဒိဋ္ဌံပိ အနွယဉာဏဝသေန နိရောဓေတိ နော သမုဒေတိ နိရောဓမေဝ မနသိကရောတိ နိရောဓမေဝဿ ပဿတိ နော သမုဒယန္တိ အတ္ထော၊ သော ဧဝံ ပဋိပန္နော ပဋိနိဿဇ္ဇတိ နော အာဒိယတိ။

သော၊ ထိုယောဂီသည်။ ဧဝံ၊ ဤသို့။ အရဇ္ဇန္တော၊ တပ်မက်ချင်းကင်းသည်ဖြစ်၍။ လောကိကေနေဝ ဉာဏေန၊ လောကီဉာဏ်ဖြင့်သာလျှင်။ ရာဂံ၊ ရာဂကို။ နိရောဓေတိ၊ ချုပ်စေ၏။ နော သမုဒေတိ၊ မဖြစ်စေ။သမုဒယံ၊ ဖြစ်အောင်။ နကရောတိ၊မပြု။ ဇာတိ အယံ အတ္ထော၊ ဤကားသိအပ်သော သဘော။ အထဝါ၊ တနည်း။ သော၊ ထိုယောဂီသည်။ ဧဝံ၊ ဤသို့။ ဝိရဇ္ဇန္တော၊ တပ်မက်ချင်းကင်းသည်ဖြစ်၍။ ယထာ၊ အကြင်အခြင်းဖြင့်။ သင်္ခါရဂတံ၊ သင်္ခါရအပေါင်းကို။ ဒိဋ္ဌံ၊ မြင်အပ်၏။ တထာ၊ ထိုမြင်သောအခြင်းဖြင့်။ အဒိဋ္ဌမ္ပိ၊ မမြင်သော်လည်း။ အန္ဝယဉာဏဝသေန၊ အန္ဝယဉာဏ်ဖြင့်။ ရာဂံ၊ရာဂကို။နိရောဓေတိ၊ ချုပ်စေ၏။ နော သမုဒေတိ၊ မဖြစ်စေ။ နိရောဓမေဝ၊ ချုပ်သည်ကိုသာလျှင်။ မနသိကရောတိ၊ နှလုံးသွင်း၏။ အသာရာဂဿ၊ ထိုရာဂ၏။ နိရောဓမေဝ၊ ချုပ်သည်ကိုသာလျှင်။ ပဿတိ၊ မြင်၏။ သမုဒယံ၊ ဖြစ်သည်ကို။ နောပဿတိ၊ မမြင်။ဇာတိအယံ အတ္ထော၊ ဤကားသိအပ်သောသဘော။ သော၊ ထိုယောဂီသည်။ ဧဝံ၊ ဤသို့။ပဋိပန္နော၊ အစဉ်သဖြင့် ကျင့်သည်ရှိသော်။ ပဋိနိဿဇ္ဇတိ၊တဖန်တဖန်စွန့်၏။ နောအာဒိယတိ၊အသစ်အသစ်လျှ၊ ဘဝမယူ။

အဘယ်သို့ အန္ဝယဉာဏ်ဖြင့်လည်း၊ တဖန်တဖန် စွန့်သနည်း။ အဘယ်သို့ အန္ဝယဉာဏ်ဖြင့်လည်း၊ အသစ်အသစ်လျှ၊ ဘဝမယူသနည်း။ ။ပဋိနိဿဂ္ဂ မည်သည်ကား၊ နှစ်ပါး။ ပရိစ္စာဂ-ပဋိနိဿဂ္ဂလည်းတပါး၊ ပက္ခန္ဒန-ပဋိနိဿဂ္ဂလည်းတပါး၊ ထို နှစ်ပါး တို့တွင်၊ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာ နုပဿနာ၊ နိဗ္ဗိဒါနုပဿနာ၊ဝိရာဂါနုပဿနာ၊နိရောဓာနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာ၊ ၇-ပါးသည်၊ပျက်သောခဏ၊ပျက်သဟု-ရှုသဖြင့်၊ ထင်သောဘင်္ဂက္ခဏ၊ သင်္ခါရအပေါင်း၌၊နောင်အသစ်အသစ်ဖြစ်ချင်း၄ါထိုက်သောအနုသယ-ပရိယုဋ္ဌာန်ကိလေသာကို၊ဖောဝိညာဏ်ယှဉ်သောခန္ဓာနှင့်တကွစွန့်ချင်းကြောင့်၊ ပရိစ္စာဂ—ပဋိနိဿဂ္ဂလည်းမည်၏။ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ နိဗ္ဗိဒါနုပဿနာ၊ ဝိရာဂါနုပဿနာ၊ နိရောဓာနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာ၊ ၇—ပါးသည်၊ ပျက်သောခဏ၊ပျက်သဟု—ရှုသဖြင့်၊ ထင်သောဘင်္ဂက္ခဏ၊ သင်္ခါရအပေါင်း၌၊ ရှေးအကြောင်းနှင့် ယခုအကျိုးလည်း၊ပေါင်းဆုံခွင့်မရ။ ယခုအကြောင်း

နှင့်နောင်အကျိုးလည်းပေါင်းဆုံခွင့်မရ။ အကြောင်းလည်းခြမ်း၊အကျိုး လည်းခြမ်း၊အနုပ္ပါဒနိရောဓ၊ ။ပျက်သောခဏ၊ ပျက်သဟု–ရှုသဖြင့်၊ ထင်သော ဘင်္ဂဉာဏ်၊ သင်္ခါရအပေါင်း၌၊ နောင်အသစ်အသစ်ဖြစ်ချင်း ငှါထိုက်သောအကျိုး၏ နောင်အသစ်အသစ်အကျိုးမဖြစ်က၊ဘဝနိရောဓ ဟု၊ ထိုအနုပဿနာ ၇–ပါးတို့၏ညွတ်ချင်း၊ကိုင်းချင်း၊ ရှိုင်းချင်း၊ ရှုလုံး သွင်းချင်းဖြင့်၊နိဗ္ဗာန်သို့ပြေးဝင်ချင်းကြောင့်၊ပက္ခန္ဒန–ပဋိနိဿဂ္ဂလည်း မည်၏။ ။ထိုကြောင့်၊ နောင်အသစ်အသစ် ဖြစ်သော အလို အားဖြင့်၊ အနုသယ-ပရိယုဋ္ဌာန် ကိလေသာကိုလည်းမယူ၊ နောင်အသစ်အသစ် ဖြစ်ခြင်းငှါ ထိုက်သောအကျိုးဘဝ၊ သင်္ခတအာရုံကို၊ အဖြစ်ဟု–မရှု သောအလိုအားဖြင့်၊ နောင်အသစ်အသစ်ဖြစ်သောအကျိုးဘဝ၊ သင်္ခတ အာရုံကိုလည်းမယူ။ ဤသို့ အနွယဉာဏ်ဖြင့်လည်း၊ တဖန်တဖန်စွန့်၏။ ဤသို့အနွယဉာဏ်ဖြင့်လည်း၊ အသစ်အသစ်လူ၊ ဘဝမယူ။

ကိံ ဝုတ္တံ ဟောတိ။ ။အယဉှိ အနိစ္စာဒိ အနုပဿနာ သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ ကိလေသာနံ ပရိစ္စဇနတော သင်္ခတ ဒေါသဒဿနေနစ တဗ္ဗိပရီတေ နိဗ္ဗာနေစ တံ နိန္နတာယ ပက္ခန္ဒ နတော ပရိစ္စာဂပဋိနိဿဂ္ဂေါစေဝ ပက္ခန္ဒနပဋိနိဿဂ္ဂေါစာတိ ဝုစ္စတိ။ တသ္မာ တာယ သမန္နာဂတော ဘိက္ခု ယထာဝုတ္တေန နယေန နိဗ္ဗတ္တနဝသေန ကိလေသေ န အာဒိယတိ န အဒေါသ ဒဿိတာဝသေန သင်္ခတာရမ္မဏံ၊တေန ဝုစ္စတိ ပဋိနိဿဇ္ဇတိ နော အာဒိယတီတိ။

ကိံ၊အဘယ်ကို။ ဝုတ္တံ၊ဆိုအပ်သည်။ ဟောတိ၊ ဖြစ်သနည်း။အယဉှိ အနိစ္စာဒိအနုပဿနာ၊ အနိစ္စအစရှိသော ဤအနုပဿနာ ၇-ပါးကို။ ခန္ဓာဘိသင်္ခါရေဟိ၊ ဖောဝိညာဏ်ယှဉ်သောခန္ဓာတို့နှင့်။သဒ္ဓိံ၊ တကွ။ ကိလေသာနံ၊ကိလေသာတို့ကို။ပရိစ္စဇနတော၊စွန့်ချင်းကြောင့်။ပရိစ္စာဂ ပဋိနိဿဂ္ဂေါစေဝါတိ၊ ပရိစ္စာဂပဋိနိဿဂ္ဂဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ် ၏။ အယဉှိအနိစ္စာဒိအနုပဿနာ၊ အနိစ္စအစရှိသော ဤအနုပဿနာ ၇–ပါးကို။ သင်္ခတဒေါသဒဿနေနစ၊ဥပါဒ်–ဌီ–ဘင်၊သင်္ခတ၏အပြစ် ကိုမြင်သဖြင့်လည်းကောင်း။တဗ္ဗိပရီတေ၊ ထိုဥပါဒ်–ဌီ–ဘင်၊ သင်္ခတ ၏အပြစ်မှကင်းသော၊နိဗ္ဗာနေ၊နိဗ္ဗာန်၌။တံနိန္နတာယစ၊ ထိုအနုပဿနာ

၇-ပါးတို့၏ ညွတ်သည်၏ အဖြစ်ဖြင့်လည်းကောင်း။ ပက္ခန္ဒနတော၊ ပြေးဝင်ချင်းကြောင့်။ပက္ခန္ဒနပဋိနိဿဂ္ဂေါစာတိ၊ ပက္ခန္ဒနပဋိနိဿဂ္ဂဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။ တသ္မာ၊ ထိုကြောင့်။တာယ၊ထိုအနုပဿနာ ၇-ပါးနှင့်။သမန္နာဂတော၊ ပြည့်စုံသော။ဘိက္ခု၊ သံသရာရေး၊ ဘေးဟုရှုလေ့ရှိသော။ သော၊ထိုယောဂီသည်။ ယထာဝုတ္တေနနယေန၊ အကြင်အကြင်ဆိုအပ်ပြီးသောနည်းဖြင့်။ နိဗ္ဗတ္တနဝသေန၊ အသစ် အသစ် ဖြစ်သော အလိုအားဖြင့်။ကိလေသေ၊ကိလေသာတို့ကို။နအာဒိယတိ၊ မယူ။ အဒေါသ ဒဿိတာဝသေန၊ အပြစ်ဟုမရှုသော အလိုအားဖြင့်။သင်္ခတာရမ္မဏံ၊ သင်္ခတအာရုံကို။နအာဒိယတိ၊မယူ။တေန၊ထိုကြောင့်။ပဋိနိဿဇ္ဇတိ။တဖန်တဖန်စွန့်၏။နောအာဒိယတိ၊အသစ်အသစ်လျှု၊ ဘဝမယူ။ဇဟတိဇဟုဒံဝစနံ၊ဤစကားကို။ဝုစ္စတိ၊ဆိုအပ်၏။

ပယ်ပုံ၊စွန့်ပုံကား။

> အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ၊ဒုက္ခတော
> အနုပဿန္တော သုခသညံ၊အနတ္တတော အနုပဿန္တော အတ္တ
> သညံ၊နိဗ္ဗိန္ဒန္တော နန္ဒိံ၊ ဝိရဇ္ဇန္တော ရာဂံ၊ နိရောဓေန္တော သမု
> ဒယံ၊ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ။

အနိစ္စတော၊ အနိစ္စဟု။ အနုပဿန္တော၊ ရှုသည်ရှိသော်။ နိစ္စသညံ၊ နိစ္စသညာကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဒုက္ခတော၊ ဒုက္ခဟု။ အနုပဿန္တော၊ ရှုသည်ရှိသော်။ သုခသညံ၊ သုခသညာကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ အနတ္တတော၊ အနတ္တဟု။ အနုပဿန္တော၊ ရှုသည်ရှိသော်။ အတ္တသညံ၊ အတ္တသညာ ကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့သည်ရှိသော်။ နန္ဒိံ၊ နန္ဒိရာဂတဏှာကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဝိရဇ္ဇန္တော၊ တပ်မက်ကင်းသည်ရှိသော်။ ရာဂံ၊ ရာဂကို။ ပဇဟတိ၊ ပယ်စွန့်၏။ နိရောဓေန္တော၊ ချုပ်စေသည်ရှိသော်။သမုဒယံ၊ ဖြစ်ချင်းကို။ ပဇဟတိ၊ပယ်စွန့်၏။ ပဋိနိဿဇ္ဇန္တော၊ တဖန်တဖန်စွန့်သည်ရှိသော်။ အာဒါနံ၊ အသစ်အသစ်လျှု၊ ဘဝယူကို။ ပဇဟတိ၊ ပယ်စွန့်၏။

ဤအနုပဿနာ ၇-ပါးနှင့်ပြည့်စုံသော ဘင်္ဂဉာဏ်၏ လက္ခဏာကား ၂-ပါး။ အာရုံကိုပျက်သဟု-ရှုသော ဉာဏ်လည်းတပါး။ ရှုသောစိတ်ကို

ပျက်သဟု-တဖန်ရှုသော ဉာဏ်လည်းတပါး။ ထို ၂-ပါးတို့တွင်၊အာရုံကိုကုန်သောသဘော ပျက်သောသဘောဟု-ရှုချင်းသည်၊ ဘင်္ဂဉာဏ်မည်၏။ ရှုသောစိတ်ကို-ကုန်သောသဘော ပျက်သောသဘောဟု-တဖန်ရှုချင်းသည်၊ ဝိပဿနာဉာဏ်မည်၏။

တေန ဝုတ္တံ အာရမ္မဏပဋိသင်္ခါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏန္တိ။

တေန၊ ထိုကြောင့်။ အာရမ္မဏပဋိသင်္ခါ-အာရမ္မဏံပဋိသင်္ခါယဇာနိတွာ ခယတော ဝယတော ဒိသွာ၊ အာရုံကိုကုန်သော သဘော ပျက်သောသဘောဟု-ရှု၍။ ဘင်္ဂါနုပဿနေပညာ၊ ရှုသောစိတ်ကို ကုန်သောသဘော ပျက်သော သဘောဟု-တဖန်ရှုသော ပညာသည်။ ဝိပဿနေဉာဏံ၊ဝိပဿနာဉာဏ်မည်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ဆိုအပ်၏။

ကထံ တီသု အနုပဿနာသု၊ စတဿော စ ဝိပဿနာသု။ တယော ဥပဋ္ဌာနေ ကုသလတာ၊နာနာဒိဋ္ဌိသု န ကမ္ပတိ။

တီသုအနုပဿနာသု၊ အနုပဿနာ ၃-ပါးတို့၌။ ကထံ၊ ကုသလော၊ လိမ္မာသော။ စတဿောစဝိပဿနာသု၊ ဝိပဿနာ ၄-ပါးတို့၌။ ကုသလော၊ လိမ္မာသော။ သော၊ ထိုယောဂီသည်။ တယော ဥပဋ္ဌာနေ၊ ဥပဋ္ဌာန် ၃-ပါး၌။ ကုသလတာ၊လိမ္မာသည်၏ အဖြစ်ကြောင့်။ နာနာဒိဋ္ဌိသု၊ အထူးထူးသောဒိဋ္ဌိတို့၌။ နကမ္ပတိ၊မတုန်လှုပ်။

အဘယ်သူသည်၊ အနုပဿနာ ၃-ပါးတို့၌ လိမ္မာသောသူမည်သနည်း။ ။**အနုပဿနာ ၃-ပါးဟူသော်ကား**၊ အနိစ္စာနုပဿနာတပါး၊ ဒုက္ခာနုပဿနာတပါး၊ အနတ္တာနုပဿနာတပါး။ ထို ၃-ပါးတို့တွင်၊ ပျက်သောခဏ၊ သင်္ခါရ၏ပျက်သောသဘောကို၊ အနိစ္စဟု ရှုချင်းသည်၊ အနိစ္စာနုပဿနာမည်၏။ ပျက်သောခဏ၊ သင်္ခါရ၏ပျက်သောသဘောကို၊ ဒုက္ခ-ဟုရှုချင်းသည်၊ ဒုက္ခာနုပဿနာမည်၏။ ပျက်သောခဏ၊သင်္ခါရ၏ပျက်သောသဘောကို၊အနတ္တဟုရှုချင်းသည်၊ အနတ္တာနုပဿနာမည်၏။ ဤအနုပဿနာ ၃-ပါးတို့ဖြင့်၊ ရှုသောသူသည်၊ အနုပဿနာ ၃-ပါးတို့၌လိမ္မာသောသူမည်၏။

အဘယ်သူသည်၊ ဝိပဿနာ ၄-ပါးတို့၌ လိမ္မာသော သူမည်သနည်း။ ။**ဝိပဿနာ-၄ပါ ဟူသော်ကား**၊ နိဗ္ဗိဒါနုပဿနာတပါး၊ဝိရာ

ဂါနုပဿနာတပါး၊ နိရောဓာနုပဿနာတပါး၊ ပဋိနိဿဂ္ဂါနုပဿနာတပါး၊ ဤ၄-ပါးသော အနုပဿနာသည်၊ အနိစ္စဟု-ရှုသည်ကို၊ တဖန်ရှုသော ဝိပဿနာ ၄-ပါး။ဒုက္ခဟု-ရှုသည်ကို၊ တဖန်ရှုသော ဝိပဿနာ ၄-ပါး။အနတ္တဟု-ရှုသည်ကို၊တဖန်ရှုသော ဝိပဿနာ ၄-ပါး။ထို ၄-ပါးတို့တွင်၊

အနိစ္စဟု-ရှုသည်ကို၊ တဖန်ရှုသော ဝိပဿနာ ၄-ပါးဟူသော်ကား။ ။ပျက်သောခဏ၊သင်္ခါရ၏ပျက်သောသဘောကို၊အနိစ္စဟုရှု၏၊အနိစ္စဟုရှုချင်းသည်၊ ငြီးငွေ့၏၊ မနှစ်သက်။ဤသို့အနိစ္စဟု-ရှုသည်ကို ငြီးငွေ့သဟု၊ တဖန် ရှုချင်းကြောင့်၊နိဗ္ဗိဒါ နုပဿနာသည်၊ ဝိပဿနာမည်၏။ ။ပျက်သောခဏ၊ သင်္ခါရ၏ ပျက်သောသဘောကို၊ အနိစ္စဟု-ရှု၏၊အနိစ္စဟု-ရှုချင်းသည်၊ တပ်မက်ကင်း၏၊ မတပ်မက်။ ဤသို့ အနိစ္စဟု-ရှုသည်ကို၊ တပ်မက်ကင်းသဟု၊ တဖန်ရှုချင်းကြောင့်၊ ဝိရာဂါနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ပျက်သောခဏ၊သင်္ခါရ၏ပျက်သောသဘောကို၊ အနိစ္စဟုရှု၏။အနိစ္စဟု ရှုချင်းသည်၊ ရာဂကိုချုပ်စေ၏။ မဖြစ်စေ။ ဤသို့ အနိစ္စဟုရှုသည်ကို၊ ရာဂကို ချုပ်စေသဟု၊ တဖန်ရှုချင်းကြောင့်၊ နိရောဓာနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ပျက်သောခဏသင်္ခါရ၏ ပျက်သောသဘောကို၊ အနိစ္စဟုရှု၏။ အနိစ္စဟုရှုချင်းသည်၊ ကိလေသာကို-တဖန်တဖန်စွန့်၏။ အသစ်အသစ်လှူ၊တဝမယူ။ ဤသို့အနိစ္စဟုရှုသည်ကို၊ ကိလေသာကိုတဖန်တဖန်စွန့်သဟု-တဖန် ရှုချင်းကြောင့်၊ ပဋိနိဿဂ္ဂါနုပဿနာသည်၊ ဝိပဿနာမည်၏။ ဤသို့၊အနိစ္စဟုရှုသည်ကို၊ တဖန်ရှုသောဝိပဿနာ ၄-ပါး။

ဒုက္ခဟု-ရှုသည်ကို၊ တဖန်ရှုသော ဝိပဿနာ ၄-ပါးဟူသော်ကား။ ။ပျက်သောခဏ၊ သင်္ခါရ၏ပျက်သောသဘောကို၊ဒုက္ခဟု- ရှု၏။ ဒုက္ခဟု ရှုချင်းသည်ငြီးငွေ့၏၊ မနှစ်သက်။ ဤသို့ဒုက္ခဟုရှုသည်ကို၊ ငြီးငွေ့သဟု၊ တဖန်ရှုချင်းကြောင့်၊ နိဗ္ဗိဒါနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ပျက်သောခဏ၊ သင်္ခါရ၏ပျက်သောသဘောကို ဒုက္ခဟုရှု၏။ ဒုက္ခဟု-ရှုချင်းသည်တပ်မက်ကင်း၏။ မတပ်မက်။ ဤသို့ဒုက္ခဟုရှုသည်ကို၊ တပ်မက်ကင်းသဟု၊ တဖန်ရှုချင်းကြောင့်၊ ဝိရာဂါနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ပျက်သောခဏ၊ သင်္ခါရ၏ ပျက်သောသဘောကို၊ ဒုက္ခဟုရှု၏။ ဒုက္ခဟုရှုချင်းသည်၊ ရာဂကိုချုပ်စေ၏၊

မဖြစ်စေ။ ဤသို့ဒုက္ခဟု-ရှုသည်ကို၊ ရာဂကိုဖြစ်စေသယ်ဟု၊တဖန်ရှုချင်း ကြောင့်၊ နိရောဓနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ပျက်သော ခဏ၊ သင်္ခါရ၏ပျက်သောသဘောကို၊ ဒုက္ခဟုရှု၏။ ဒုက္ခဟုရှုချင်း သည်၊ ကိလေသာကိုတဖန်တဖန်စွန့်၏။ အသစ်အသစ်လျှ၊ ဘဝမယူ။ ဤသို့ဒုက္ခဟုရှုသည်ကို၊ ကိလေသာကိုတဖန်တဖန်စွန့်သယ်ဟု၊ တဖန်ရှု ချင်းကြောင့်၊ ပဋိနိဿဂ္ဂါနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ဤသို့ ဒုက္ခဟုရှုသည်ကို၊တဖန်ရှုသောဝိပဿနာ ၄-ပါး။

အနတ္တဟုရှုသည်ကို၊ တဖန်ရှုသော ဝိပဿနာ ၄-ပါးဟူသော် ကား။ ။ပျက်သောခဏ၊ သင်္ခါရ၏ပျက်သော သဘောကို၊ အနတ္တ ဟု ရှု၏၊ အနတ္တဟုရှုချင်းသည်၊ ငြီးငွေ့၏၊ မနှစ်သက်။ ဤသို့ အနတ္တဟု ရှုသည်ကို၊ ငြီးငွေ့သယ်ဟု တဖန်ရှုချင်းကြောင့်၊ နိဗ္ဗိဒါနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ပျက်သောခဏ၊ သင်္ခါရ၏ပျက်သောသဘောကို၊ အနတ္တဟုရှု၏။ အနတ္တဟုရှုချင်းသည်၊ တပ်မက်ကင်း၏၊ မတပ်မက်။ ဤသို့အနတ္တဟုရှုချင်းကို၊ တပ်မက်ကင်းသယ်ဟု၊ တဖန်ရှုချင်းကြောင့်၊ ဝိရာဂါနုပဿနာသည်၊ဝိပဿနာမည်၏။ ။ပျက်သောခဏ၊သင်္ခါရ၏ ပျက်သောသဘောကို၊ အနတ္တဟုရှု၏။ အနတ္တဟုရှုချင်းသည်၊ ရာဂကို ဖြစ်စေ၏၊မဖြစ်စေ။ဤသို့ အနတ္တဟု ရှုသည်ကို၊ ရာဂကိုဖြစ်စေသယ်ဟု၊ တဖန်ရှုချင်းကြောင့်၊ နိရောဓနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ ပျက်သောခဏ၊ သင်္ခါရ၏ပျက်သောသဘောကို၊အနတ္တဟုရှု၏။အနတ္တ ဟုရှုချင်းသည်၊ ကိလေသာကို၊ တဖန်တဖန်စွန့်၏၊အသစ်အသစ်လျှ၊ဘဝ မယူ။ ဤသို့ အနတ္တဟုရှုသည်ကို၊ ကိလေသာကို တဖန်တဖန်စွန့်သယ်ဟု၊ တဖန်ရှုချင်းကြောင့်၊ပဋိနိဿဂ္ဂါနုပဿနာသည်၊ဝိပဿနာမည်၏။ဤသို့ အနတ္တဟု ရှုသည်ကိုတဖန်ရှုသောဝိပဿနာ ၄-ပါး။

ဤဝိပဿနာ ၄-ပါးတို့ဖြင့် ရှုသောသူသည်၊ဝိပဿနာ ၄- ပါးတို့၌လိမ်မာသော သူမည်၏။

အဘယ်သူသည်၊ ဥပဋ္ဌာန် ၃-ပါးတို့၌၊ လိမ်မာသော သူမည် သနည်း။ ။အနိစ္စဟုရှုသော ယောဂီအား၊ သင်္ခါရတို့၏ ကုန်သော သဘော၊ ခယထင်၏။ ။ဒုက္ခဟုရှုသော ယောဂီအား၊ သင်္ခါရတို့၏ ပျက်သောသဘော၊ ဘေးထင်၏။ ။အနတ္တဟုရှုသော ယောဂီအား၊ သင်္ခါရတို့၏ ဆိတ်သော သဘော၊ သုညတ ထင်၏။

အနိစ္စတော မနသိကရောတော ခယတော သင်္ခါရာ ဥပဋ္ဌ–
ဟန္တိ။ဒုက္ခတော မနသိကရောတော ဘယတော သင်္ခါရာ ဥပဋ္ဌ
ဟန္တိ။ အနတ္တတော မနသိကရောတော သုညတော သင်္ခါရာ
ဥပဋ္ဌဟန္တိ။

အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ခယတော၊ ကုန်သဟု။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိ ကရောတော၊ နှလုံးသွင်းသောယောဂီအား။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ အနတ္တတော၊ အနတ္တဟု။ မနသိ ကရောတော၊ နှလုံးသွင်းသောယောဂီအား။ သင်္ခါရာ၊ သင်္ခါရတို့ သည်။သုညတော၊ ဆိတ်သဟု။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

ဤသို့ ခယ- ဝယ- သုညတ- ထင်သောယောဂီသည်၊ ဥပဋ္ဌာန် ၃-ပါး၌၊ လိမ်မာသောသူမည်၏။ လိမ်မာချင်းကြောင့်၊ အထူးထူး သောဒိဋ္ဌိ၊ အထူးထူးသော အယူဝါဒ တို့၌၊ အယူ ကင်းပြတ်၊ မတုန်လှုပ်။ ။ဤသို့ အထူးထူးသော အယူဝါဒတို့၌၊ အယူ မရှိချင်း ကြောင့်၊ မတွန့်မဆုတ်၊ တုန်လှုပ်ချင်း ကင်းသည်ဖြစ်၍၊ ဘင်္ဂဉာဏ် တဘက်ကမ်းသို့ရောက်သော ထိုယောဂီသည်၊ မခြုမ်ဘဲကိုသာလျှင်၊ ခြုမ်သဟု၊ မပျက်ဘဲကိုသာလျှင်၊ ပျက်သဟု၊ ဖြစ်သောနှလုံးသွင်းချင်း ဘင်္ဂဉာဏ် အခရင်းရှိသည်ဖြစ်၍၊ ကွဲလုနီးသော အိုးခွက်၏ မကွဲသေး သော်လည်း၊ ကွဲသလို၊ ကွဲပြီ-ကွဲပြီဟု၊ ရှုသကဲ့သို့။ ဗလစိတ်- ဗလမွှာ၊ ဖရိဖရဲ၊ ပြိုလုနီးသော မြူသဲကမ်းပါး၏ မပြို သေးသော်လည်း၊ ပြိုသလို၊ ပြိုပြီ-ပြိုပြီဟု၊ ရှုသကဲ့သို့။ ကြွတ်ခွဲလုနီးသော နှမ်းတို့၏၊ မကြွတ်ခွဲသေးသော်လည်း၊ ကြွတ်ခွဲသလို၊ ကြွတ်ခွဲပြီ- ကြွတ်ခွဲပြီဟု၊ ရှုသကဲ့သို့။ ထိုအတူ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံ၊ ရုပ်နာမ်ခန္ဓာသင်္ခါရ တို့၏ ဖြစ်သောသဘောဥပါဒ်ကို၊ တည်သောသဘောဌီကို၊ ကိုယ်မှု အပြုအပြင် အစီအရင်၊ နှုတ်မှု အပြုအပြင် အစီအရင်၊ စိတ်မှုအပြုအပြင် အစီအရင်တို့၏ အကြားအကြား၊ ကိုယ်မှုလည်းအား၊ နှုတ်မှုလည်းအား၊ စိတ်မှုလည်းအား၍နေသောကာလ၊ တခုတခု၊ အစုအစုဖြစ်သော ဘဝ အလျဉ်၊ ဘဝင်အစဉ် ပဝတ္တကို၊ကိုယ်မှုအပြုအပြင် အစီအရင်၊ နှုတ်မှု

အပြုအပြင်အစီအရင်၊ စိတ်မှုအပြုအပြင်အစီအရင်၊ သင်္ခါရနိမိတ်ကို- စွန့်လွှတ်၍၊ မပျက်သေးသော်လည်း၊ ပျက်သလို၊ ပျက်ပြီ-ပျက်ပြီဟု၊ ရှု၏။

> သော ဧဝံ အဝေဝမာနော အနိရုဒ္ဓမေဝ နိရုဇ္ဈတိ၊ အဘိန္န မေဝ ဘိဇ္ဇတီတိ ပဝတ္တမနသိကာရော ဒုဗ္ဗလဘာဇနဿ ဝိယ ဘိဇ္ဇမာနဿ သုခုမရဇဿေဝ ဝိပ္ပကိရိယမာနဿ တိလာနံ ဝိယ ဘဇ္ဇမာနာနံ သဗ္ဗသင်္ခါရာနံ ဥပ္ပါဒ ဋ္ဌိတိ ပဝတ္တနိမိတ္တံ ဝိဿဇ္ဇိတွာ ဘေဒမေဝ ပဿတိ။

သော၊ ထိုယောဂီသည်။ ဧဝံ၊ ဤသို့။ အဝေဝမာနော၊ တုန်လှုပ်ချင်း ကင်းသည်ဖြစ်၍။ အနိရုဒ္ဓမေဝ၊ မချုပ်ဘဲကိုသာလျှင်။ နိရုဇ္ဈတိ၊ ချုပ်၏။ အဘိန္နမေဝ၊ မပျက်ဘဲကိုသာလျှင်။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ဤသို့။ ပဝတ္တ မနသိကာရော၊ ဖြစ်သော နှလုံးသွင်းချင်း၊ ဘာဂ်ဉာဏ် အရင်းရှိသည်ဖြစ်၍။ ဘိဇ္ဇမာနဿ၊ ကွဲလုနီးသော။ ဒုဗ္ဗလဘာဇနဿ၊ အိုးခွက်၏။ ဘေဒမေဝ၊ ကွဲသည်ကိုသာလျှင်။ ပဿတိဝိယ၊ ရှုသကဲ့သို့။ ဝိပ္ပကိရိယမာနဿ၊ ဖရိုဖရဲ ပြိုလုနီးသော။ သုခုမရဇဿ၊ သိမ်မွေ့သော မြူသဲကမ်းပါး၏။ ဘေဒမေဝ၊ ပြိုသည်ကိုသာလျှင်။ ပဿတိ ဣဝ၊ ရှုသကဲ့သို့။ ဘဇ္ဇမာနာနံ၊ ကြိတ်ခွဲ လုနီးကုန်သော။ တိလာနံ၊ နှမ်းတို့၏။ ဘေဒမေဝ၊ ကြိတ်ခွဲသည်ကိုသာလျှင်။ ပဿတိ ဝိယ၊ ရှုသကဲ့သို့။ တထာ၊ ထိုအတူ။ သဗ္ဗသင်္ခါရာနံ၊ အလုံးစုံသောသင်္ခါရ တို့၏။ ဥပ္ပါဒ ဋ္ဌိတိ ပဝတ္တ နိမိတ္တံ၊ ဥပ္ပါဒ ဋ္ဌိတိ ပဝတ္တ နိမိတ္တကို။ ဝိဿဇ္ဇိတွာ၊ စွန့်လွှတ်၍။ ဘေဒမေဝ၊ ပျက်သည်ကိုသာလျှင်။ ပဿတိ၊ ရှု၏။

ဥပမာမည်သည်ကား။ မျက်စိအမြင် ရှိသော ယောကျ်ား၊ ကံရိုး၌ သော်လည်းကောင်း၊ မြစ်ကမ်း၌ သော်လည်းကောင်း၊ ရပ်သည်ရှိသော်၊ သူထဲသော ့မိုးစက်သေးမိုးစက်မွှား၊ မိုးစက်ပေါက် အားကြီးသော၊ မိုးရွာ သည်ရှိသော်၊ ရေအပြင်၌၊ များစွာ များစွာသော၊ ရေသေး ရေမွှား၊ ရေတဖွားဖွား၊ ရေတဖွက်ဖွက်၊ လျင်စွာလျင်စွာ၊ ဖြစ်၍ပျက်သည်ကို၊ မြင်ရာသကဲ့သို့၊ ထိုအတူ၊ ဘာဂ်ဉာဏ် တဘက်ကမ်း ရောက်သော

ထိုယောဂီသည်၊ခပ်သိမ်းဥဿုံ အလုံးစုံ၊ ရုပ်နာမ်ခန္ဓာသင်္ခါရတို့သည်၊ ပျက်ကုန်ပြီ-ပျက်ကုန်ပြီဟု ရှု၏။

သော ယထာနာမ စက္ခုမာ ပုရိသော ပေါက္ခရဏီ တီရေ ဝါ နဒီတီရေဝါ ဌိတော ထူလဖုသိတကေ ဒေဝေ ဝဿန္တေ ဥဒကပိဋ္ဌေ မဟန္တမဟန္တာနိ ဥဒကပုပ္ဖုဠကာနိ ဥပ္ပဇ္ဇိတွာ ဥပ္ပဇ္ဇိတွာ သီဃံ သီဃံ ဘိဇ္ဇမာနာနိ ပဿေယျ။ ဧဝမေဝ သဗ္ဗေ သင်္ခါရာ ဘိဇ္ဇန္တိ ဘိဇ္ဇန္တီတိ ပဿတိ။

ယထာနာမ၊ ဥပမာမည်သည်ကား။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျာ်းသည်။ ပေါက္ခရဏီတီရေဝါ၊ ကံရိုး၌သော်လည်းကောင်း။ နဒီတီရေဝါ၊ မြစ်ကမ်း၌သော်လည်းကောင်း။ ဌိတော၊ရပ်သည်ရှိသော်။ ထူလဖုသိတကေ၊ ထူထဲသော၊ မိုဃ်းသေး မိုဃ်းမွှား၊ မိုဃ်းပေါက်အားကြီးသော။ ဒေဝေ၊ မိုဃ်းသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ ဥဒကပိဋ္ဌေ၊ ရေအပြင်၌။ မဟန္တမဟန္တာနိ၊ များစွာများစွာကုန်သော။ ဥဒကပုပ္ဖုဠကာနိ၊ ရေပွက်တို့သည်။ ဥပ္ပဇ္ဇိတွာဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ဖြစ်ကုန်၍။ သီဃံသီဃံ၊လျင်စွာလျင်စွာ။ဘိဇ္ဇမာနာနိ၊ပျက်သည်တို့ကို။ပဿေယျယထာ၊ မြင်ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ သော၊ ထိုယောဂီသည်။သဗ္ဗေသင်္ခါရာ၊ အလုံးစုံသောသင်္ခါရတို့သည်။ ဘိဇ္ဇန္တိ ဘိဇ္ဇန္တီတိ၊ပျက်ကုန်၏-ပျက်ကုန်၏ဟု။ ပဿတိ၊ ရှု၏။

ဧဝရူပဉ္စ ယောဂါဝစရံ သန္ဓာယ ဝုတ္တံ ဘဂဝတာ။ "ယထာ ပုပ္ဖုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။ ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတီ"တိ။

ဧဝရူပံ၊ ဤသို့-ပျက်ကုန်ပြီ-ပျက်ကုန်ပြီဟု၊ရှုသောအလေ့သဘောရှိသော။ ယောဂါဝစရံ၊ ယောဂီကို။ သန္ဓာယ၊ ရည်တော်မူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ "ယထာပုပ္ဖုဠကံပဿေ၊ ယထာ ပဿေမရီစိကံ။ ဧဝံလောကံအဝေက္ခန္တံ၊ မစ္စုရာဇာနပဿတီ"တိဆုံး ဝစနံ၊ နပဿတိဟူသောဤစကားကို။ ဝုတ္တံ၊ ဟောအပ်ပြီ။

ပုပ္ဖုဠကံ၊ ရေပွက်ကို။ ပဿေယထာ၊ ရှုရာသကဲ့သို့။ မရီစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ ရှုရာသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ လော

ကာံ၊ ရုပ်နာမ်ခန္ဓာသင်္ခါရလောကကို၊ အဝေကွန္တံ၊ ပျက်သဟုပျက်သဟု-ရှုသောယောဂီကို။မစ္စုရာဇာ၊ သေမင်းသည်။နပဿတိ၊မမြင်နိုင်။

ဤသို့ ခပ်သိမ်းဥဿုံအလုံးစုံ၊ ရုပ် နာမ် ခန္ဓာသင်္ခါရတို့သည်၊ ပျက်ကုန်ပြီ-ပျက်ကုန်ပြီဟု၊ နေ့ရောညဉ့်ပါ၊ အခါမစဲ၊ အမြဲမပြတ်၊ နာဂရိဗိဇနာ၊ ပြန်ခရာမျှလေပ်အောင်၊မပြတ်ရှုသောထိုယောဂီအား၊ အာနိသင် ၈-ပါးအခြံအရံရှိသော၊ ဘင်္ဂါနုပဿနာဉာဏ်၊ စွမ်းအားရောက်၏။

တဿ ဧဝံ သဗ္ဗသင်္ခါရာ ဘိဇ္ဇန္တိ ဘိဇ္ဇန္တီတိ အဘိဏှံ ပဿတော အဋ္ဌာနိသံသပရိဝါရံ ဘင်္ဂါနုပဿနာဉာဏံ ဗလပ္ပတ္တံ ဟောတိ။

ဧဝံ၊ ဤသို့။ သဗ္ဗသင်္ခါရာ၊ အလုံးစုံသောသင်္ခါရတို့သည်။ ဘိဇ္ဇန္တိ ဘိဇ္ဇန္တီတိ၊ ပျက်ကုန်ပြီ-ပျက်ကုန်ပြီဟု။ အဘိဏှံ၊ မပြတ်။ ပဿတော၊ ရှုသော။ တဿယောဂိနော၊ ထိုယောဂီအား။ အဋ္ဌာနိသံသပရိဝါရံ၊ ၈-ပါးသောအာနိသင်အခြံအရံရှိသော။ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်္ဂါနုပဿနာဉာဏ်သည်။ဗလပ္ပတ္တံ၊ စွမ်းအားရောက်သည်။ဟောတိ၊ ဖြစ်၏။

တတြိမေ အဋ္ဌာနိသံသာ။ ဘဝဒိဋ္ဌိပ္ပဟာနံ၊ ဇီဝိတနိကန္တိပရိစ္စာဂေါ၊ သဒါယုတ္တပယုတ္တတာ၊ ဝိသုဒ္ဓါဇီဝိတာ၊ ဥဿုက္ကပ္ပဟာနံ၊ ဝိဂတ ဘယတာ၊ ခန္တိသောရစ္စပဋိလာဘော၊ အရတိရတိသဟနတာတိ။

တတြဝစနေ၊ ထိုစကားရပ်၌။ အာနိသံသာ၊ ဘင်ဉာဏ်၏အာနိသင်တို့သည်။ဣမေအဋ္ဌ၊ဤ ၈-ပါးတို့တည်း။ ကတမေအဋ္ဌ၊ အဘယ် ၈-ပါးတို့နည်း။ ဘဝဒိဋ္ဌိပ္ပဟာနံ၊ ဘဝဒိဋ္ဌိကို ပယ်ချင်းတပါး။ ဇီဝိတနိကန္တိပရိစ္စာဂေါ၊ အသက်ကို ငဲ့သောနိကန္တိကို စွန့်ချင်းတပါး။ သဒါယုတ္တပယုတ္တတာ၊ အခါခပ်သိမ်း ဝိပဿနာကို အားထုတ်ချင်းတပါး။ ဝိသုဒ္ဓါဇီဝိတာ၊အသက်မွေးစင်ကြယ်ချင်းတပါး။ ဥဿုက္ကပ္ပဟာနံ၊ ကြောင့်ကြကိုပယ်ချင်းတပါး။ ဝိဂတဘယတာ၊ အကြောက်ကင်းချင်းတပါး။ ခန္တိသောရစ္စပဋိလာဘော၊ သည်းခံသော စိတ်နှလုံး၌ မွေ့လျော်သည်ကို ရချင်းတပါး။ အရတိရတိသဟနတာ၊ မမွေ့လျော်သည်-မွေ့လျော်သည်ကိုခံနိုင်ချင်းတပါး။ ဣတိ၊ ဤသို့။ အာနိသံသာ၊ ဘင်ဉာဏ်၏အာနိသင်တို့သည်။ဣမေအဋ္ဌ၊ဤ ၈-ပါးတို့တည်း။

အကြွင်အခါကာလ၊ ဘင်္ဂဉာဏ်တဘက်ကမ်းသို့ရောက်၏။ ထိုအခါကာလ၊ သေမင်းမမြင်သောယောဂီပုဂ္ဂိုလ်၏ ဘင်္ဂဉာဏ်တဘက်ကမ်းသို့ရောက်၏။ ဒိဋ္ဌဉာဏ်အနုပဿနာသုံးပါး၊ အနွယဉာဏ်ဝိပဿနာလေးပါးတို့၌၊ လိမ္မာသော ယောဂီပုဂ္ဂိုလ်သည်၊ ဥပဋ္ဌာနဉာဏ်သုံးပါးတို့၌၊ လိမ္မာသည်၏အဖြစ်ကြောင့်၊နာနာဝါဒ၊ လောကရေးယူ၊အလေးမူသော်လည်း အယူမရှိ။

အယူရှိပုံကား။

အကြွင်အခါကာလ၊ ငါဖြစ်၏ သူဖြစ်၏အယူရှိ၊ ဘဝဒိဋ္ဌိအယူမရှိ။ ငါပျက်၏ သူပျက်၏အယူရှိ၊ဝိဘဝဒိဋ္ဌိအယူမရှိ။ ငါသူမဆို၊မအိုမသေ၊ အမြဲနေ၏ အယူရှိ၊ သဿတဒိဋ္ဌိအယူမရှိ။ သေ၍တဖန်၊ နောက်ပြန်ဖြစ်သည်မရှိ အယူရှိ၊ဥစ္ဆေဒဒိဋ္ဌိအယူမရှိ။ထိုအခါကာလ၊ ရေပွက်ကိုရှုသကဲ့သို့၊တံလျှပ်ကိုရှုသကဲ့သို့၊ ထို့အတူ၊ပျက်သဟုရှုသောဌာန၊ဒွါရ၊ အာရုံ၊ဝိညာဏ်၊ဖဿ၊ဝေဒနာပေါင်းဆုံကြသောကာလ၊ခန္ဓာက၅-ပါး။ တပါးပါးက အာရုံထင်၊ ပျက်သဟုရှုမြင်ပုံကစိတ်၊ အာရုံတချက်၊ စိတ်တချက်၊ခဏချင်းစက်အောင်၊ပျက်သဟု-ပျက်သဟု၊ အမှတ်ပြုသဖြင့်၊ မပြတ်ရှုချင်းကြောင့်၊ အနုသယ-ပရိယုဋ္ဌာန်၊ဘဝတဖန်၊ခန္ဓာနာမ်ရုပ်၊ ခြုပ်သောနိဗ္ဗာန်သို့ပြေးဝင်ချင်း၊ သေမင်းမမြင်သော ယောဂီပုဂ္ဂိုလ်၏ ဘင်္ဂဉာဏ်၊တဘက်ကမ်းရောက်၏။ ဘင်္ဂဉာဏ် တဘက်ကမ်းသို့ရောက်သော ယောဂီပုဂ္ဂိုလ်၏စိတ်၊ဧကတ္တသို့ရောက်၏။

ရောက်ပုံကား။

အတီတာနုဓာဝနံ စိတ္တံ၊ဝိက္ခေပါနုပတိတံ၊တံ ဝိဝဇ္ဇယိတွာ ဧကဋ္ဌာနေ သမာဒဟတိ။ ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။ အနာဂတပဋိကင်္ခနံ စိတ္တံ ဝိကမ္ပိတံ၊ တံ ဝိဝဇ္ဇယိတွာ တတ္ထေဝ အဓိမောစေတိ။ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။လီနံ စိတ္တံ ကောသဇ္ဇာနုပတိတံ တံ ပဂ္ဂဏှိတွာ ကောသဇ္ဇံ ပဇဟတိ။ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ၊ အတိပဂ္ဂဟိတံ စိတ္တံ ဥဒ္ဓစ္စာနုပတိတံ၊ တံ ဝိနိဂ္ဂဏှိတွာ ဥဒ္ဓစ္စံ ပဇဟတိ။ ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။ အဘိဏတံ စိတ္တံ ရာဂါနုပတိတံ၊ တံ သမ္ပဇာနော ဟုတွာ ရာဂံ ပဇဟတိ။ ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။ အပဏတံ စိတ္တံ

ဗျာပါဒါနုပတိတံ၊ တံသမ္ပဇာနော ဟုတွာ ဗျာပါဒံ ပဇဟာတိ၊
ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။ ဣမေဟိ ဆဟိ ဌာနေဟိ ပရိသုဒ္ဓံ
စိတ္တံ ပရိယောဒါတံ ဧကတ္တဂတံ ဟောတိ။

အတီတာနုဓာဝနံ၊အတိတ်သို့ပြေးသွားသော။စိတ္တံ၊စိတ်သည်၊ ဝိက္ခေ
ပါနုပတိတံ၊ ပျံ့လွင့်ရာကျ၏။ တံ၊ထိုအတိတ်ကို။ဝိဝဇ္ဇယိတွာ၊ကြဉ်ချင်း
ကြောင့်။ ဧကဋ္ဌာနေ၊ ပစ္စုပ္ပန်ကာလ၊ ပျက်သဟုရှု၊ တခုသောဌာန၌။
သမာဒဟာတိ၊ တည်၏။ ဧဝမ္ပိ၊ ဤသို့လည်း။စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊
ပျံ့လွင့်ချင်းသို့။ န ဂစ္ဆတိ၊ မရောက်။အနာဂတပဋိကင်္ခနံ၊ အနာဂတ်ကို
အလိုရှိသော။စိတ္တံ၊စိတ်သည်။ဝိကမ္ပိတံ၊တုန်လှုပ်၏။တံ၊ထိုအနာဂတ်ကို။
ဝိဝဇ္ဇယိတွာ၊ ကြဉ်ချင်းကြောင့်။တတ္ထေဝ၊ထိုပစ္စုပ္ပန်ကာလ၊ပျက်သဟု
ရှု၊တခုသောဌာန၌သာလျှင်။ အဓိမောစေတိ၊ နှလုံးသွင်း၏။ဧဝမ္ပိ၊ဤသို့
လည်း။စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ န ဂစ္ဆတိ၊ မရောက်။
လီနံ၊ တွန့်သော။ စိတ္တံ၊ စိတ်သည်။ ကောသဇ္ဇာနုပတိတံ၊ပျင်းရာကျ၏။
တံ၊ ထိုတွန့်သည်ကို။ပဂ္ဂဏှိတွာ၊ အားပေးချီးမြှောက်၊ ထောက်ပင့်ချင်း
ကြောင့်။ ကောသဇ္ဇံ၊ ကောသဇ္ဇကို။ ပဇဟာတိ၊ပယ်စွန့်၏။ဧဝမ္ပိ၊ ဤသို့
လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ န ဂစ္ဆတိ၊ မရောက်။
အတိပဂ္ဂဟိတံ၊အားတက်လွန်းသော။စိတ္တံ၊ စိတ်သည်။ ဥဒ္ဓစ္စာနုပတိတံ၊
ပျံ့လွင့်ရာကျ၏။ တံ၊ထိုအားတက်လွန်းသည်ကို။ ဝိနိဂ္ဂဏှိတွာ၊ နှိပ်ချင်း
ကြောင့်။ ဥဒ္ဓစ္စံ၊ဥဒ္ဓစ္စကို။ ပဇဟာတိ၊ ပယ်စွန့်၏။ဧဝမ္ပိ၊ဤသို့လည်း။ စိတ္တံ၊
စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ န ဂစ္ဆတိ၊ မရောက်။အဘိနတံ၊
ညွတ်လွန်းသော။ စိတ္တံ၊ စိတ်သည်။ ရာဂါနုပတိတံ၊ ရာဂဖြစ်ရာကျ၏။
တံ၊ထိုညွတ်လွန်းသည်ကို။ သမ္ပဇာနော၊ ဆင်ခြင်သည်။ဟုတွာ၊ဖြစ်ချင်း
ကြောင့်။ ရာဂံ၊ ရာဂကို။ ပဇဟာတိ၊ ပယ်စွန့်၏။ ဧဝမ္ပိ၊ ဤသို့လည်း။စိတ္တံ၊
စိတ်သည်။ ဝိက္ခေပံ။ ပျံ့လွင့်ချင်းသို့။ န ဂစ္ဆတိ၊ မရောက်။ အပနတံ၊
မညွတ်လွန်းသော။ စိတ္တံ၊ စိတ်သည်။ ဗျာပါဒါနုပတိတံ၊ ဒေါသဖြစ်ရာ
ကျ၏။တံ၊ထိုမညွတ်လွန်းသည်ကို။သမ္ပဇာနော၊ဆင်ခြင်သည်။ ဟုတွာ၊
ဖြစ်ချင်းကြောင့်။ ဗျာပါဒံ၊ ဒေါသကို။ ပဇဟာတိ၊ ပယ်စွန့်၏။ ဧဝမ္ပိ၊
ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ န ဂစ္ဆတိ၊
မရောက်။ဣမေဟိဆဟိဌာနေဟိ၊ ဤ ၆-ပါးသောဌာနတို့ဖြင့်။ ပရိသုဒ္ဓံ၊
စင်ကြယ်သော။ စိတ္တံ၊စိတ်သည်။ ပရိယောဒါတံ၊ ဖြူးဖြူးဖြက်၊ တသက်

လက်ဖြူစင်သည်ဖြစ်၍။ ကေဝဋ္ဋဂတံ၊ ကိလေသာအဖော်ကင်း၊တကိုယ်တည်းချင်းသို့ရောက်သည်။ဟောတိ၊ဖြစ်၏။

ကတမံ တံ ကေဝဋ္ဋံ၊ ဝယလက္ခဏုပဋ္ဌာနေကတ္တံ၊ ဝယလက္ခဏုပဋ္ဌာနေကတ္တဉ္စ ဝိပဿကာနံ။

တံကေဝဋ္ဋံ၊ ထိုကေဝဋ္ဋသည်။ ကတမံ၊ အဘယ်နည်း။ ဝယလက္ခဏုပဋ္ဌာနံ၊ အပျက်လက္ခဏာထင်ချင်းသည်ကား။ ကေဝဋ္ဋံ၊ ကေဝဋ္ဋတည်း။ ဝယလက္ခဏုပဋ္ဌာနံ၊ အပျက်လက္ခဏာ ထင်ချင်းသည်ကား။ ကတမေသာနံ၊အဘယ်ပုဂ္ဂိုလ်တို့၏။ ကေဝဋ္ဋံ၊ ကေဝဋ္ဋနည်း။ ဝယလက္ခဏုပဋ္ဌာနံ၊ အပျက်လက္ခဏာ ထင်ချင်းသည်ကား။ ဝိပဿကာနံ၊ ဝိပဿနာကို အားထုတ်ကုန်သော ယောဂီပုဂ္ဂိုလ်တို့၏။ ကေဝဋ္ဋံ၊ ကေဝဋ္ဋတည်း။

ဝယလက္ခဏုပဋ္ဌာနေကတ္တံ၊ တခုသော ဈါဋ္ဌာနဖြင့်၊ ကိလေသာ အဖော်ကင်း၊ တကိုယ်တည်းချင်းသို့ရောက်သော၊ ပျက်သဘော ရှုသော နောက်စိတ်သည်ကား၊ နှောက်ရှက်ပိတ်ပင်သောနီဝရဏာ၊ ကိလေသာ အညစ်အကြေး၄၊ မစင်ကြယ်သေးသော်လည်း၊ အခြားမဲ့ပြု၊ ပျက်သဘော ဆင်ခြင်သော ရှေ့စိတ်၏၊ ပရိကံလာသော အလိုအားဖြင့်၊ ပျက်သဘော ရှုသောနောက်စိတ်၏ ဥပ္ပါဒက္ခဏာ၊ အကျင့်၏ စင်ကြယ်ချင်းသို့ပြေးဝင် သည်လည်း ဖြစ်၏။ တတြမဇ္ဈတ္တုပေက္ခာ၏ ကိစ္စ အလိုအားဖြင့်၊ ပျက်သဘော ရှုသော နောက်စိတ်၏ ဋ္ဌိတိက္ခဏာ၊ ဥပေက္ခာကိုပွါးသည် လည်းဖြစ်၏။ ဉာဏ်၏ ကိစ္စပြီးဆုံးသော အလိုအားဖြင့်၊ ပျက်သဘော ရှုသော နောက်စိတ်၏ဘင်္ဂက္ခဏာ၊ ဘာဝနာပြီးဆုံးသည်လည်းဖြစ်၏။

ဈာမိနာ ဧကောန ဋ္ဌာနေန ကေဝဋ္ဋဂတံ စိတ္တံ ပဋိပဒါဝိသုဒ္ဓိ ပက္ခန္ဒဉ္စေဝ ဟောတိ၊ ဥပေက္ခာနုဗြူဟိတဉ္စ၊ ဉာဏေန စ သမ္ပဟံသိတံ။

ဈာမိနာဧကောနဋ္ဌာနေန၊ ဝယလက္ခဏုပဋ္ဌာနေကတ္တ၊ တခုသော ဈါဋ္ဌာနဖြင့်။ ကေဝဋ္ဋဂတံ၊ ကိလေသာအဖော်ကင်း၊ တကိုယ်တည်း ချင်းသို့ရောက်သော။ စိတ္တံ၊ စိတ်သည်။ ပဋိပဒါဝိသုဒ္ဓိပက္ခန္ဒဉ္စေဝ၊ အကျင့်၏ စင်ကြယ်ချင်းသို့ ပြေးဝင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပေက္ခာနုဗြူဟိတဉ္စ၊ ဥပေက္ခာကိုပွါးသည်လည်း။ ဟောတိ၊ ဖြစ်၏။

ဉာဏေန-ဉာဏဿကိစ္စနိပ္ဖတ္တိဝသေန၊ဉာဏ်၏ကိစ္စပြီးဆုံးသော အလိုအားဖြင့်။ သမ္ပဟံသိတဗ္ဗ၊ ဘာဝနာပြီးဆုံးသည်လည်း။ဟောတိ၊ဖြစ်၏။

ဘင်္ဂါနုပဿနာဉာဏဿ ကော အာဒိ။ ကိံ မဇ္ဈေ။ ကိံ ပရိ
ယောသာနံ။ ဘင်္ဂါနုပဿနာဉာဏဿ၊ ပဋိပဒါဝိသုဒ္ဓိ အာဒိ။
ဥပေက္ခာနုဗြူဟနာ မဇ္ဈေ။ သမ္ပဟံသနာ ပရိယောသာနံ။

ဘင်္ဂါနုပဿနာ ဉာဏဿ၊ဘင်ဂ်ဉာဏ်၏။ ကော၊ အဘယ်သည်ကား။ အာဒိ၊ အစနည်း။ ကိံ၊အဘယ်သည်ကား။ မဇ္ဈေ၊ အလယ်နည်း။ ကိံ၊ အဘယ်သည်ကား။ ပရိယောသာနံ၊ အဆုံးနည်း။ဘင်္ဂါနုပဿနာဉာဏဿ၊ ဘင်ဂ်ဉာဏ်၏။ ပဋိပဒါ ဝိသုဒ္ဓိ၊ အကျင့်၏စင်ကြယ်ချင်းသည်ကား။အာဒိ၊ အစတည်း။ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာကိုပွါးချင်းသည်ကား။ မဇ္ဈေ၊အလယ်တည်း။ သမ္ပဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။

ဘင်္ဂါနုပဿနာ ဉာဏဿ ပဋိပဒါဝိသုဒ္ဓိ အာဒိ။ အာဒိဿ
ကတိလက္ခဏာနိ။ အာဒိဿ တီဏိလက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏဿ၊ ဘင်ဂ်ဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊အကျင့်၏စင်ကြယ်ချင်းသည်ကား။အာဒိ၊အစတည်း။ အာဒိဿ၊ အစ၏။လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ကတိ၊အဘယ်မျှတို့နည်း။ အာဒိဿ၊အစ၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ တီဏိ၊ သုံးပါးတို့တည်း။

စိတ်ညစ်ကြေးတာက၊ ကိလေသာ။ အာရုံမထင်၊ မြွေးရှက်ပိတ်ပင်တာက၊နီဝရဏ။ နီဝရဏဟု ဆိုအပ်သော၊အကြင်ကိလေသာအပေါင်းက၊ ပျက်သဟု ရှုသောနောက်စိတ်၏၊ ရှုခွင့်ပျက်ကွက်၊အနှောက်အရှက်အပိတ်အပင်၊ ထိုနှောက်ရှက်ပိတ်ပင်သော နီဝရဏကိလေသာ အညစ်အကြေးမှ၊ အခြားမဲ့ပြု၊ ပျက်သဟု ဆင်ခြင်သောရှေ့စိတ်၊ စင်ကြယ်တာကလည်းလက္ခဏာတပါး။စင်ကြယ်သည်၏အဖြစ်ကြောင့်၊ အခြားမဲ့ပြု၊ ပျက်သဟု ဆင်ခြင်သောရှေ့စိတ်မဇ္ဈိမသမထနိမိတ်သို့၊ရောက်ထာကလည်း လက္ခဏာတပါး။ ယုတ်သောအတ္တိအစု၊ လွန်သောအတ္တိအစု၊ နှစ်ခုတို့သို့၊ မရောက်ချင်းကြောင့်၊ မဇ္ဈိမ။ အနုသယ-ပရိယုဋ္ဌာန်၊ ဘဝတဖန်၊ ခန္ဓာနာမ်ရုပ်ခြုမ်သော၊ နိဗ္ဗာန်အထူးနှင့်တကွ၊ ဆန့်ကျင်ဘက်ဖြစ်သောနီဝရဏကိလေသာ၊ အကုသိုလ်တရားတို့၏ငြိမ်းချင်းကြောင့်၊

သမထ။ ယောဂီပုဂ္ဂိုလ်၏မဂ်-ဖိုလ်-နိဗ္ဗာန်၊ သုံးတန်သောသုခ၊ရသော အထူးတို့၏၊ အကြောင်း ဖြစ်ချင်းကြောင့်၊ နိမိတ္တ။ ဤမဇ္ဈိမ သမထ နိမိတ် မည်သည်ကား၊ ယုတ်သောအတ္တအစ၊ လွန်သောအတ္တအစ၊ နှစ်ခုတို့သို့၊ မရောက်စေရ၊ အညီ အမျှဖြစ်သော၊ ပျက်သဟုရှုသော နောက် စိတ်၏၊ သံဋ္ဌိတိ အင်္ဂါ၊ ဝိပဿနာ သမာဓိ သာတည်း။ ဤဝိပဿနာသမာဓိဖြင့်၊ တည်သည်၏ အဖြစ်သို့ ရောက်ကာတည်းက၊ နှိချို နှိချဉ်၊ အစဉ်သဖြင့်၊ တဆင့်ထက် တဆင့်၊ ရင့်ကျက်သော နှိချဉ်ကို၊ ထိုနှိချိုကိုပင်၊ နှိချဉ်ဆိုရသော၊ တစဉ်တည်း၊ ရင့်ကျက် သော နည်းဖြင့်၊ ထိုပျက်သဟု ရှုသော နောက်စိတ်၏ အခြားမဲ့ပြု၊ ပျက်သဟု ဆင်ခြင်သောရှေ့စိတ်၊ မဇ္ဈိမသမထနိမိတ်သို့ရောက်သည် မည်၏။ ရောက်သည်၏ အဖြစ်ကြောင့်၊ ထိုမဇ္ဈိမ သမထ နိမိတ်သို့ ပြေးဝင်သည် မည်၏။ ဤသို့၊ ပျက်သဟု ရှုသော နောက်စိတ်၏၊ အခြားမဲ့ပြု၊ ပျက်သဟု ဆင်ခြင်သောရှေ့စိတ်၊ မဇ္ဈိမ သမထနိမိတ်သို့၊ ပြေးဝင်တာကလည်း လက္ခဏာတပါး။

> ယော တဿ ပရိဗန္ဓော၊ တတော စိတ္တံ ဝိသုဇ္ဈတိ၊ ဝိသုဒ္ဓတ္တာ စိတ္တံ မဇ္ဈိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ။ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။ ယဉ္စ ပရိဗန္ဓတော စိတ္တံ ဝိသုဇ္ဈတိ။ ယဉ္စ ဝိသုဒ္ဓတ္တာ စိတ္တံ မဇ္ဈိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ။ ယဉ္စ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။

ယော နီဝရဏသင်္ခါတော ကိလေသဂဏော၊ နီဝရဏဟုဆိုအပ် သော၊ အကြင်ကိလေသာအပေါင်းသည်ကား။ တဿ၊ ထိုစိတ်၏။ ပရိဗန္ဓော၊အနှောက်အယှက်အပိတ်အပင်တည်း။တတော၊ထိုနှောက်ယှက် ပိတ်ပင်သောနီဝရဏ၊ ကိလေသာအညစ်အကြေးမှ။ စိတ္တံ၊ စိတ်သည်။ ဝိသုဇ္ဈတိ၊စင်ကြယ်၏။ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံသမထနိမိတ္တံ၊ မဇ္ဈိမသမထနိမိတ်သို့။ ပဋိပဇ္ဇတိ၊ ရောက်၏။ ပဋိပန္နတ္တာ၊ ရောက်သည်၏အဖြစ်ကြောင့်။စိတ္တံ၊စိတ်သည်။ တတ္ထ၊ ထိုမဇ္ဈိမသမထနိမိတ်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ပရိဗန္ဓတော၊ နှောက်ယှက်ပိတ်ပင်သော နီဝရဏ၊ ကိလေသာအညစ်အကြေးမှ။စိတ္တံ၊ စိတ်သည်။ ယဉ္စဝိသုဇ္ဈတိ၊ အကြင်စင်ကြယ်တာကလည်း လက္ခဏာ

တပါး။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည့်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မဏ္ဍိမံသမထနိမိတ္တံ၊ မဏ္ဍိမသမထနိမိတ်သို့။ ယဉ္စ ပဋိပဇ္ဇတိ၊ အကြောင်း ရောက်ထာကလည်းလက္ခဏာတပါး။ ပဋိပန္နတ္တာ၊ ရောက်သည့်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ တတ္ထ၊ ထိုမဏ္ဍိမသမထနိမိတ်သို့။ ယဉ္စ ပက္ခန္ဒတိ၊ အကြောင်းပြေးဝင်တာကလည်းလက္ခဏာတပါး။

> ဘင်္ဂါနုပဿနာ ဉာဏဿ ပဋိပဒါဝိသုဒ္ဓိအာဒိ။ အာဒိဿ ဣမာနိ တီဏိ လက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏဿ၊ ဘင်္ဂဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊ အကျင့်၏ စင်ကြယ်ချင်းသည်ကား။ အာဒိ၊ အစတည်း။ အာဒိဿ၊ အစ၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ဣမာနိတီဏိ၊ ဤသုံးပါးတို့တည်း။

> တေန ဝုစ္စတိ ဘင်္ဂါနုပဿနာဉာဏံ အာဒိကလျာဏဉ္စေဝ ဟောတိ၊ တိလက္ခဏာသမ္ပန္နဉ္စ။

တေန၊ ထို့ကြောင့်။ ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်္ဂဉာဏ်သည်။ အာဒိကလျာဏဉ္စေဝ၊ အစ၏ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တိလက္ခဏာသမ္ပန္နဉ္စ၊ သုံးပါးသော လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

> ဘင်္ဂါနုပဿနာ ဉာဏဿ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ၊ မဇ္ဈဿ ကတိ လက္ခဏာနိ။ မဇ္ဈဿ တီဏိ လက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏဿ၊ ဘင်္ဂဉာဏ်၏။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာကို ပွါးချင်းသည်ကား။ မဇ္ဈေ၊ အလယ်တည်း။ မဇ္ဈဿ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ကတိ၊ အဘယ်မျှတို့နည်း။ မဇ္ဈဿ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ တီဏိ၊ သုံးပါးတို့တည်း။

နှောက်ယှက်ပိတ်ပင်သော နီဝရဏ၊ ကိလေသာ အညစ်အကြေးမှ၊ စင်ကြယ်သောစိတ်ကို၊ သုခ်သင်ရှင်းလင်းဘွယ် မရှိသည့်၏အဖြစ်ကြောင့်၊ စင်ကြယ်စေရန်၊ တဖန်သုခ်သင်ရှင်းလင်းချင်း၌၊ ကြောင့်ကြမှု မပြု၊ စင်ကြယ်သောစိတ်ကို၊ အညစ်အကြေးမရှိပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူရှုတာကလည်းလက္ခဏာတပါး။ ယုတ်သောအတို့အစ၊ လွန်

သောအဘို့အစု၊နှစ်ခုတို့သို့၊မရောက်စေရ၊အညီအမျှ၊သမထသို့ ရောက်သည့်၏အဖြစ်ကြောင့်၊ သမထသို့ရောက်သောစိတ်ကို၊ တဖန်အညီအမျှတပါး၊ တည်ထားချင်း၌၊ ကြောင့်ကြမှုမပြု၊သမထသို့ရောက်သောစိတ်ကို၊ မယုတ်မလွန်ပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူရှုတာကလည်း လက္ခဏာတပါး။အနုသယ-ပရိယုဋ္ဌာန်၊ဘဝတဖန်၊ခန္ဓာနာမ်ရုပ်၊ ခြုပ်ငြိမ်းသောခဏ၊သမထသို့ရောက်သည့်၏အဖြစ်ကြောင့်သာလျှင်လည်း၊ ရုံခါမငြိမ်း၊ကိမ်းယှဉ်ရောနှော၊ ဆက်ဆံသောကိလေသာကို ပယ်စွန့်၍၊ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းထင်သောစိတ်ကို၊ တဖန်ကိလေသာအဖေါ်ကင်း၊တကိုယ်တည်းချင်းထင်စေချင်း၌၊ကြောင့်ကြမှုမပြု၊ ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းထင်သောစိတ်ကို၊အဖေါ်မရှိပြီဟု၊အညီအညွတ်ပြု၊ လျစ်လျူရှုတာကလည်းလက္ခဏာတပါး။

ဝိသုဒ္ဓံ စိတ္တံ အဇ္ဈုပေက္ခတိ၊သမထပဋိပန္နံ အဇ္ဈုပေက္ခတိ၊ ဧကတ္တုပဋ္ဌာနံ အဇ္ဈုပေက္ခတိ။ယဉ္စ ဝိသုဒ္ဓံ စိတ္တံ အဇ္ဈုပေက္ခတိ၊ ယဉ္စ သမထပဋိပန္နံ အဇ္ဈုပေက္ခတိ၊ ယဉ္စ ဧကတ္တုပဋ္ဌာနံ အဇ္ဈုပေက္ခတိ။

ဝိသုဒ္ဓံ၊စင်ကြယ်သော။စိတ္တံ၊ စိတ်ကို။အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ သမထပဋိပန္နံ၊ သမထသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ဧကတ္တုပဋ္ဌာနံ၊ ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းထင်သော။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ဝိသုဒ္ဓံ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စအဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူရှုတာကလည်းလက္ခဏာတပါး။သမထပဋိပန္နံ၊ သမထသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စအဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူရှုတာကလည်း လက္ခဏာတပါး။ ဧကတ္တုပဋ္ဌာနံ၊ ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းထင်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စအဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူရှုတာကလည်းလက္ခဏာတပါး။

ဘင်္ဂါနုပဿနာ ဉာဏဿ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ၊ မဇ္ဈဿ ဣမာနိ တီဏိ လက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏာသ၊ ဘင်ဉာဏ်၏။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာကိုပွါးချင်းသည်ကား။မဇ္ဈေ၊အလယ်တည်း။မဇ္ဈသ၊ အလယ်၏။ လက္ခဏာနီ၊ လက္ခဏာတို့သည်ကား။ ဠာဟောနိတိကာ၊ ဤသုံးပါးတို့တည်း။

တေန ဝုတ္တံ ဘင်္ဂါနုပဿနာ ဉာဏံ မဇ္ဈေကလျာဏဥ္စေဝ ဟောတိ၊ တိလက္ခဏသမ္ပန္နဥ္စ။

တေန၊ ထို့ကြောင့်။ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်ဉာဏ်သည်။ မဇ္ဈေကလျာဏဥ္စ၊ အလယ်၏ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တိလက္ခဏသမ္ပန္နဥ္စ၊ သုံးပါးသော လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။ဝုတ္တံ၊ဆိုအပ်၏။

ဤသို့ ဘင်္ဂါနုပဿနာဉာဏ်၊ တဘက်ကမ်းရောက်သော ယောဂီပုဂ္ဂိုလ်၏ ဘင်ဉာဏ်၊ ထင်ပုံ-မြင်ပုံ-သိပုံ-မှတ်ပုံ-ရှုပုံ-အညီအညွတ်ရှု၍ နေပုံ-ကိလေသာကိုပယ်ပုံ-ကိလေသာကို ပယ်သောကိစ္စနှင့် ပြည့်စုံပုံ-ဘာဝနာပြုစင်ပုံ-ဘာဝနာညစ်ကြေးပုံ-ဘာဝနာပြီးဆုံးပုံ-ဘာဝနာမပြီးဆုံးပုံ၊အလုံးစုံကို၊ အသေအချာမှတ်သို့ရာကား။

တဘက်ကမ်းရောက်သော၊ ဘင်ဉာဏ်နှင့် ပြည့်စုံသော၊ ယောဂီပုဂ္ဂိုလ်ဟူသည်ကား။ ယုတ်လည်းမယုတ်၊လွန်လည်းမလွန်၊ အညီအမျှ၊ ဝီရိယထောက်ပင့်သောအတိုင်း ဖြစ်သော၊ ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ကောင်းစွာအညီအညွတ်ရှု၍သာနေ၏၊

ထင်ပုံ–မြင်ပုံ–သိပုံ–မှတ်ပုံ–ရှုပုံ–အညီအညွတ်ရှု၍ နေပုံကား။

ဥပလက္ခဏာ။ မြင်သောခဏ၊ မြင်–မြင်ဘယ်ဟု အမှတ်ပြုသဖြင့်၊ ပျက်သဟု-ရှုသောဌာန၊ ဒွါရ၊အာရုံ၊ဝိညာဏ်၊ဖဿ၊ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာက ငါးပါး။ တပါးပါးက အာရုံထင်၊ ပျက်သဟုရှုမြင်ပုံကစိတ်၊အာရုံတချက်၊ စိတ်တချက်၊ ခဏချင်းစက်အောင်၊ ပျက်သဟု–ပျက်သဟု၊အမှတ်ပြုသဖြင့်၊ မပြတ်ရှုသောဉာဏ်အစဉ်၊ ရေပွက်လို၊ တံလျှပ်လို၊ အပျက်ကိုသာမြင်၍၊အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်းမလွတ်၊ သိမှတ် ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာအညီအညွတ်ရှု၍သာနေ၏။

အညီ အညွတ်ရှု၍ နေသော ကာလ၊ ကိလေသာကို ပယ်သော ကိစ္စ၊ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျပြီဟု၊ ဝိပဿနာဉာဏ်အား ရှေးရှု ထင်အောင်၊ ရှေးကာလက ဆောင်၍ပြသော၊ ပါဠိဟာရိယပညာ၊ ကိလေသာကိုပယ်သောကိစ္စမရှိသောအလို၊ ဝိပဿနာပညာနှင့် အသိ လက္ခဏာတူသော အလိုအားဖြင့်၊ ဝိပဿနာပညာက၊ ကိလေသာကို ပယ်သောကိစ္စ လွန်လည်းလွန်၏။ ကိလေသာကို ပယ်လည်း ပယ်၏။ ဝိပဿနာပညိန္ဒြေ၊ဘာဝနာချိန်ကျလည်းကျ၏၊

တထာ ပဂ္ဂဟိတံ စိတ္တံ သာရုကံ အဇ္ဈုပေက္ခတိ ဥပေက္ခာ ဝသေန။ ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

တထာပဂ္ဂဟိတံ၊ ယုတ်လည်းမယုတ်၊ လွန်လည်းမလွန်၊ အညီအမျှ၊ ဝိရိယ ထောက်ပင့်သော အတိုင်း ဖြစ်သော။ စိတ္တံ၊ ဝိပဿနာစိတ်ကို။ ဥပေက္ခာဝသေန၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်။ သာရုကံ၊ ကောင်းစွာ။ အဇ္ဈုပေက္ခတိ၊ အညီအညွတ်ရှု၏။ ပညာဝသေန၊ ပါဠိ ဟာရိယပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာပညိန္ဒြေသည်။ အဓိမတ္တံ၊ကိလေသာကို ပယ်သောကိစ္စလွန်သည်။ ဟောတိ၊ဖြစ်၏။

ကိလေသာကိုပယ်ပုံ–ကိလေသာကို ပယ်သောကိစ္စနှင့်ပြည့်စုံပု–**ဝိပဿနာပညိန္ဒြေ၊ဘာဝနာချိန်ကျပုံကား။**

ဥပလက္ခဏာ။ မြင်သောခဏ၊ မြင်-မြင်တယ်ဟု အမှတ်ပြုသဖြင့်၊ ပျက်သဟု- ရှုသော ဌာန၊ ဥ္ခ၊ရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာက–ငါးပါး၊ တပါးပါးက အာရုံထင်၊ ပျက်သဟု ရှုမြင်ပုံကစိတ်၊အာရုံတချက်၊ စိတ်တချက်၊ ခဏချင်းစက် အောင်၊ ပျက်သဟု-ပျက်သဟု၊ အမှတ်ပြုသဖြင့်၊ မပြတ်ရှုသောဉာဏ် အစဉ်၊ရေပွက်လို၊ တံလျှပ်လို၊ အပျက်ကိုသာမြင်၍၊ အလိုလိုထင် အောင်၊ထိုထိုအာရုံ၊တပြိုတည်းမလွတ်၊သိမှတ်ဝတ်ပြုသော၊ ဝိပဿနာ စိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ ကောင်းစွာ အညီ အညွတ်ရှု၍ နေသော ကာလ၊ ဝိပဿနာစိတ်၊ ကိလေသာမှ လွတ်၏။ ဝိပဿနာစိတ်၊ကိလေသာကလွတ်မှ၊ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန် ကျ၏။ ဝိပဿနာပညိန္ဒြေ၊ဘာဝနာချိန်ကျမှ၊ ကိလေသာကိုပယ်သော ကိစ္စ၊ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျပြီဟု၊ ဝိပဿနာဉာဏ်အား

ဈေးရှုထင်အောင်၊ ဈေးကာလကဆောင်၍ပြသော၊ ပါဋိဟာရိယပညာ ကိလေသာကိုပယ်သောကိစ္စမရှိသောအလို၊ဝိပဿနာပညာနှင့်၊ အသိ လက္ခဏာတူသော အလိုအားဖြင့်၊ ဝိပဿနာပညာက၊ ကိလေသာကို ပယ်သောကိစ္စ လွန်လည်း လွန်၏။ ကိလေသာကို ပယ်လည်းပယ်၏။ ဝိပဿနာပညာပြိုင်ငြော်၊ ဘာဝနာချိန်ကျလည်းကျ၏။

ဥပေက္ခာဝသေန နာနတ္တကိလေသေဟိ စိတ္တံ ဝိမုစ္စတိ၊
ဝိမောက္ခဝသေန ပညာဝသေန ပညိဋ္ဌိယံ အဓိမတ္တံ ဟောတိ။

ဥပေက္ခာဝသေန၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်။ နာနတ္တ ကိလေသေဟိ၊ အထူးထူးသောကိလေသာတို့မှ။ စိတ္တံ၊ ဝိပဿနာစိတ် သည်။ဝိမုစ္စတိ၊ လွတ်၏။ ဝိမောက္ခဝသေန၊ လွတ်သောအလိုအားဖြင့်။ ပညာဝသေန၊ ပါဋိဟာရိယပညာအလိုအားဖြင့်။ ပညိဋ္ဌိယံ၊ ဝိပဿနာ ပညိန္ဒြေသည်။ အဓိမတ္တံ၊ ကိလေသာကို ပယ်သော ကိစ္စ လွန်သည်။ ဟောတိ၊ ဖြစ်၏။

ဘာဝနာကိုပွါးပုံ-ဘာဝနာကို ပွါးသောကိစ္စနှင့် ပြည့်စုံပုံ-**ဘာဝနာ ပြီးဆုံးပုံကား**။

ဥပလက္ခဏာ။မြင်သောခဏာ၊မြင်-မြင်တယ်ဟု အမှတ်ပြုသဖြင့်၊ ပျက် သဟု-ရှုသောဌာန၊ ဒွါရ၊အာရုံ၊ဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြ သောကာလ၊ ခဏ္ဍက ငါးပါး၊ တပါးပါးက အာရုံထင်၊ ပျက်သဟုရှု မြင်ပုံကစိတ်၊ အာရုံတချက်၊ စိတ်တချက်၊ခဏချင်းစက်အောင်၊ပျက်သ ဟု-ပျက်သဟု၊အမှတ်ပြုသဖြင့်၊မပြတ်ရှုသောဉာဏ်အစဉ်၊ ရေပြွက်လို၊ တံလျှပ်လို၊အပျက်ကိုသာမြင်၍၊အလိုလိုထင်အောင်၊ ယိုတိုအာရုံ၊ တပြို တည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တု ပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍နေသော ကာလ၊ ဝိပဿနာစိတ်၊ ကိလေသာမှလွတ်သည်၏ အဖြစ်ကြောင့်၊ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသောသမာဓိ-ပညာအားဖြင့်နှစ်ပါး၊ ဈာန်ငြော်အားဖြင့်ငါးပါး။ ထို ၇-ပါးသောတရားတို့သည်၊ ကိလေသာမှ လွတ်သောကိစ္စ တူကြ ကုန်၏။ကိလေသာမှလွတ်သောကိစ္စတူကြသောအနက်သဘောကြောင့်၊ ယောဂီပုဂ္ဂိုလ်၏ဉာဏ်အား၊ လေးပါးသော ဘာဝနာတို့သည်၊ ပြည့်စုံ ချင်းသို့ရောက်ကြကုန်၏။

> ဝိမုတ္တတ္တာ တေဓမ္မာ ဧကရသာ ဟောန္တိ။ ဧကရသဋ္ဌေန ဘာဝနာ။

ဝိမုတ္တတ္တာ၊ ကိလေသာမှ လွတ်သည်၏ အဖြစ်ကြောင့်။ တေဓမ္မာ၊ ထို ၇-ပါးသောတရားတို့သည်။ ဧကရသာ၊ ကိလေသာမှ လွတ်သော ကိစ္စတူကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ ဧကရသဋ္ဌေန၊ ကိလေသာမှလွတ်သောကိစ္စတူကြသောအနက်သဘောကြောင့်။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်၏။ ဉာဏဿ၊ ဉာဏ်အား။ ဘာဝနာ၊ လေးပါးသော ဘာဝနာတို့သည်။ ပါရိပူရိံ၊ ပြည့်စုံချင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

> ဘင်္ဂါနုပဿနာဉာဏဿ သမ္ပဟံသနာ ပရိယောသာနံ။ ပရိယောသာနဿ ကတိ လက္ခဏာနိ။ ပရိယောသာနဿ စတ္တာရိ လက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏဿ၊ ဘင်ဉာဏ်၏။ သမ္ပဟံသနာ၊ ဘာဝနာ၏ ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။ ပရိယောသာနဿ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ကတိ၊ အဘယ်မျှတို့နည်း။ ပရိယောသာနဿ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ စတ္တာရိ၊ လေးပါးတို့တည်း။

ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာ နှစ်ပါးတို့တွင်၊ သမာဓိက ပရိယုဋ္ဌာန်ကိလေသာကိုငြိမ်းသောကိစ္စ-သမထ။ ပညာကအနုသယကိလေသာကိုပယ်သောကိစ္စ-ဝိပဿနာ။ ဤသမထ၊ ဤဝိပဿနာတရား နှစ်ပါးတို့၏ တပါးသည်တပါးကို မလွန်ကြသော အနက်သဘောကလည်း၊ ဘာဝနာပြီးဆုံးသော လက္ခဏာ တပါး။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ ဣန္ဒြေ ငါးပါးတို့တွင်၊ သဒ္ဓိန္ဒြေက—အသဒ္ဓိယကိလေသာမှ လွတ်သောကိစ္စ၊ ဝိရိယိန္ဒြေက—ကောသဇ္ဇကိလေသာမှ လွတ်သော ကိစ္စ၊ သတိန္ဒြေက - ပမာဒကိလေသာမှလွတ်သောကိစ္စ၊ သမာဓိန္ဒြေက- ဝိက္ခေပကိလေသာမှ လွတ်သောကိစ္စ၊ ပညိန္ဒြေက-မောဟကိလေသာမှ လွတ်သောကိစ္စ။ ဤသို့ ဣန္ဒြေငါးပါးတို့၏ ကိလေသာမှ လွတ်သောကိစ္စ တူကြသော အနက်သဘောကလည်း၊ ဘာဝနာပြီးဆုံးသော လက္ခဏာ တပါး။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ—ပညာအားဖြင့် နှစ်ပါး၊ ဣန္ဒြေအားဖြင့် ငါးပါး။ ထို ၇-ပါးသော တရားတို့၏၊ ကိုယ်စီ ကိုယ်င၊

ကိလေသာမှ လွတ်သောကိစ္စ တူမျှအောင် ဝိရိယ ရွက်ဆောင်သော အနက်သဘောကလည်း၊ ဘာဝနာ ပြီးဆုံးသော လက္ခဏာ တပါး။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့် ၅-ပါး။ ထို ၇-ပါးသောတရားတို့၏၊ ဥပါဒ်ခဏကို-ဌီခဏက၊ ဌီခဏကို-ဘင်ခဏက၊ အလေ့အလာ တွင်သော အလိုအားဖြင့်၊ မှီဝဲသောအနက်သဘောကလည်း၊ ဘာဝနာပြီးဆုံးသော လက္ခဏာတပါး။

တတ္ထ ဇာတာနံ ဓမ္မာနံ အနတိဝတ္တနဋ္ဌေန သမ္ပဟံသနာ၊
ဣန္ဒြိယာနံ ဧကရသဋ္ဌေန သမ္ပဟံသနာ၊ တဒုပဂဝိရိယဝါဟနဋ္ဌေန သမ္ပဟံသနာ၊ အာသေဝနဋ္ဌေန သမ္ပဟံသနာ။

တတ္ထ၊ ထိုဝိပဿနာစိတ္တုပ္ပါဒ်၌။ ဇာတာနံ၊ ဖြစ်ကြကုန်သော။ ဓမ္မာနံ၊ သမာဓိ-ပညာတရားနှစ်ပါးတို့၏။ အနတိဝတ္တနဋ္ဌေန၊ တပါးသည်တပါးကိုမလွန်သော အနက်သဘောကြောင့်လည်း။ သမ္ပဟံသနာ၊ ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။ ဣန္ဒြိယာနံ၊ ဣန္ဒြေ ၅-ပါးတို့၏။ ဧကရသဋ္ဌေန၊ ကိလေသာမှ လွတ်သောကိစ္စ တူကြသော အနက် သဘောကြောင့်လည်း။ သမ္ပဟံသနာ၊ ဘာဝနာပြီးဆုံးသော လက္ခဏာ တပါး။ တဒုပဂဝိရိယဝါဟနဋ္ဌေန၊ ထို ၇-ပါးသော တရားတို့၏၊ ကိုယ်စီ ကိုယ်ငှ၊ ကိလေသာမှ လွတ်သော ကိစ္စတူမျှအောင် ဝိရိယရွက်ဆောင်သော အနက် သဘော ကြောင့်လည်း။ သမ္ပဟံသနာ၊ ဘာဝနာ ပြီးဆုံးသော လက္ခဏာတပါး။ အာသေဝနဋ္ဌေန၊ မှီဝဲသောအနက် သဘောကြောင့်လည်း။ သမ္ပဟံသနာ၊ ဘာဝနာပြီးဆုံးသော လက္ခဏာတပါး။

ဘင်္ဂါနုပဿနာဉာဏဿ သမ္ပဟံသနာ ပရိယောသာနံ၊
ပရိယောသာနဿ ဣမာနိ စတ္တာရိ လက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏဿ၊ ဘင်ဉာဏ်၏။ သမ္ပဟံသနာ၊ ဘာဝနာ၏ ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။ ပရိယောသာနဿ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း။

တေန ဝုစ္စတိ ဘင်္ဂါနုပဿနာဉာဏံ ပရိယောသာန
ကလျာဏဉ္စေဝ ဟောတိ၊ စတုလက္ခဏာသမ္ပန္နဉ္စ။

တေန၊ ထို့ကြောင့်။ ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်ဉာဏ်သည်။ ပရိယောသာန ကလျာဏဉ္စေဝ၊ အဆုံး၏ကောင်းချင်းနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ စတုလက္ခဏာသမ္ပန္နဉ္စ၊ ၄-ပါးသော လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

ဘာဝနာဖြူစင်ပုံ—ဘာဝနာညစ်ကြေးပုံကား။

ထိုလေးပါးသော ဘာဝနာတို့တွင်၊ တပါးတပါးသော ဘာဝနာသည်ကား၊ သံကိလေသဘာဝနာ ဝေါဒါနဘာဝနာအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာ ၂-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို၊ မပြုချင်းသည်ကား၊ သံကိလေသဘာဝနာမည်၏။ သမာဓိ-ပညာ ၂-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို ပြုချင်းသည်ကား၊ ဝေါဒါန ဘာဝနာမည်၏။ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော ဣန္ဒြေ ၅-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို၊ မပြုချင်းသည်ကား၊ သံကိလေသဘာဝနာမည်၏။ ဣန္ဒြေ ၅-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို၊ ပြုချင်းသည်ကား၊ ဝေါဒါန ဘာဝနာမည်၏။ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊ ဝီရိယ ၇-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို၊ မပြုချင်းသည်ကား၊ သံကိလေသဘာဝနာမည်၏။ ဝီရိယ ၇-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည့်၏အဖြစ်ကို၊ ပြုချင်းသည်ကား၊ ဝေါဒါန ဘာဝနာမည်၏။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ အာသေဝနာ ၇-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည့်၏ အဖြစ်ကို၊ မပြုချင်းသည်ကား၊ သံကိလေသဘာဝနာမည်၏။ အာသေဝနာ ၇-ပါးတို့၏၊ ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည့်၏ အဖြစ်ကို၊ ပြုချင်းသည်ကား၊ ဝေါဒါနဘာဝနာမည်၏။

> သံကိလေသ ဝေါဒါနေသူတိ သမာဓိပညာနံ သမရသ တာယ အကရဏံ ဘာဝနာယ သံကိလေသော၊ ကရဏံ ဝေါဒါနံ။ တထာ သေသေသုပိ။

သံကိလေသဝေါဒါနေသူတိ၊ သံကိလေသ ဝေါဒါနေသု ဟူသည်ကား။ သမာဓိပညာနံ၊ သမာဓိ-ပညာ ၂-ပါးတို့၏။ သမရသတာယ၊

ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည်၏အဖြစ်ကို။ အကာရဏံ။ မပြုချင်းသည်ကား။ ဘာဝနာယ၊ ဘာဝနာ၏။ သံကိလေ သော၊ ညစ်ကြေး ချင်းတည်း။ သမာဓိပညာနံ၊ သမာဓိ-ပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို။ ကရဏံ၊ ပြုချင်းသည်ကား။ ဘာဝနာယ၊ ဘာဝနာ၏။ ဝေါဒါနံ၊ ဖြူစင်ချင်းတည်း။ သေသေသု၊ အကြွင်းတို့၌လည်း။ တသာ၊ ထိုအတူတည်း။

ဘာဝနာပြီးဆုံးပုံ—ဘာဝနာမပြီးဆုံးပုံကား။

ထိုသံကိလေသဘာဝနာ-ဝေါဒါနဘာဝနာ -နှစ်ပါးတို့တွင်၊ ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့မရောက်သော၊ သံကိလေသ ဘာဝနာ၌၊ ထိုထိုအဖြစ်ကို။ ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သော၊ဝေါဒါန ဘာဝနာ၌၊ ထိုထိုအကျိုးဂုဏ်အင်၊ အာနိသင်ကို။ဝိပဿနာမရှုမီ-မရှုမီ ရှေးအဘို့ကာလက၊ ပါဋိဟာရိယဉာဏ်ဖြင့်၊ ဥပလက္ခဏာ။ မြင်သော ခဏာ၊ မြင်-မြင်တယ်ဟုအမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဌာန၊ ဒွါရ၊ အာရုံ၊ဝိညာဏ်၊ဖဿ၊ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာက—ငါးပါး၊တပါးပါးကအာရုံထင်၊ပျက်သဟု ရှုမြင်ပုံကစိတ်၊ အာရုံတချက်၊ စိတ်တချက်၊ ခဏာချင်းစက်အောင်၊ ပျက်သဟု-ပျက်သဟု၊ အမှတ်ပြုသဖြင့်၊ မပြတ်ရှုသော ဉာဏ်အစဉ် ရေပြွက်လို၊ တံလျှပ်လို၊ အပျက်ကိုမမြင်မူ၍ အလိုလိုမထင်ချင်းသည်ကား၊ သံကိလေသ ဘာဝနာမည်၏။ညစ်ညူးချင်းကြောင့်၊ ဘာဝနာပြီးဆုံးချင်းသို့မရောက်ဟု—ရှုကြည့်၍၊ ရေပြွက်လို၊ တံလျှပ်လို၊ အပျက်ကိုသာမြင်၍၊ အလိုလိုထင်ချင်းသည်ကား၊ ဝေါဒါန ဘာဝနာမည်၏။ ဖြူစင်ချင်းကြောင့်၊ ဘာဝနာပြီးဆုံးချင်းသို့ရောက်၏ဟု- ရှုကြည့်၍။ညစ်ညူးချင်းကြောင့်၊ပြီးဆုံးချင်းသို့မရောက်သော၊ သံကိလေသ ဘာဝနာကိုပယ်ထား၍၊ ဖြူစင်ချင်းကြောင့်၊ပြီးဆုံးချင်းသို့ရောက်သော၊ ဝေါဒါနဘာဝနာကိုသာပြီးစေတတ်သော၊ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဣန္ဒြေအားဖြင့် ၅-ပါး၊ ထို၇-ပါးသောတရားတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူကြသောအကြင်အခြင်းအရာအားဖြင့်၊ အချင်းချင်း၊ တပါးသည်တပါးကို မလွန်ချင်းအစရှိကုန်သော၊ အကြင်—လေးပါးသောအခြင်းအရာ၊ ဘာဝနာတို့သည်ဖြစ်ကြကုန်၏။ ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့

မရောက်သော၊ သံကိလေသဘာဝနာကိုပယ်ထား၍၊ ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သော၊ ဝေါဒါနဘာဝနာကိုသာ ပြီးစေတတ်သော၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဈာန်ဖြေ အားဖြင့် ၅-ပါး၊ ထို ၇-ပါးသောတရားတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူကြဖသော ထိုအခြင်းအရာအားဖြင့်၊ဘာဝနာ၏ ပြီးဆုံးချင်းသို့ရောက်သည်၏အဖြစ်ကြောင့်၊ ဘာဝနာပြီးဆုံးချင်းသို့ ရောက်၏ဟူသည်လည်း ဝိပဿနာမရူမိ-မရူမိ၊ ဈေးအဘို့ကာလက၊ ထိုပါဠိဟာရိယညာဏ်ဖြင့်သာလျှင်၊ သုဓ်သင်၍ ပြီးဆုံးသည်၏အဖြစ်ကြောင့်၊ ဤသို့ ဘာဝနာပြီးဆုံးသောအရာ၌၊ သုဓ်သင်၍ ပြီးဆုံးချင်းသည်ကား၊ ဘာဝနာ၏ပြီးဆုံးချင်းပင်တည်းဟု၊ မဆိုသော်လည်းဆိုသလို၊ ထို ၄-ပါးသောအခြင်းအရာ၊ဘာဝနာတို့သည်၊ အကြင့်ကြောင့်၊ ပြီးဆုံးကြကုန်၏။ ထို့ကြောင့်၊ ၇-ပါးသောတရားတို့၏၊ တပါးသည်တပါးကို မလွန်ခြင်းအစရှိသော၊ ဘာဝနာပြီးဆုံးသောအားဖြင့်၊ကိလေသာအညစ် အကြေးမတင်၊စင်ကြယ်ချင်းကို ပြုတတ်သော၊ ညာဏ်၏ကိစ္စပြီးဆုံးသော အလိုအားဖြင့်၊ ဘာဝနာ၏ပြီးဆုံးချင်းကို၊သိအပ်၏ဟုဆို။

ဧဝမေတေသု သံကိလေသဝေါဒါနေသု၊ တံတံ အာဒီနဝံ ဒေါသံ အာနိသံသံ ဂုဏံ၊ ပုရေတရံ ပါဠိဟာရိယဉာဏေန ဒိသွာ ယထာ အညမညာနတိဝတ္တနာဒယော ဟောန္တိ၊ တထာ ဘာဝနာယ သမ္ပဟံသိတတ္တာ တေနေဝ ဉာဏေန ဝိသောဓိတတ္တာ ဝိသောဓနေ ဥေတ္တ သမ္ပဟံသနံ တေ အာကာရာ ယသ္မာ နိပ္ဖန္နာ၊တသ္မာ ဓမ္မာနံ အနတိဝတ္တနာဒိဘာဝ သာဓနေန ပရိယောဒါပကဿ ဉာဏဿ ကိစ္စနိပ္ဖတ္တိဝသေန သမ္ပဟံသနာ ဝေဒိတဗ္ဗာ။

ဧဝံ၊ ဤသို့။ ဧတေသု သံကိလေသဝေါဒါနေသု၊ ထိုသံကိလေသ ဘာဝနာ-ဝေါဒါနဘာဝနာ ၂-ပါးတို့၌။ တံတံအာဒီနဝံဒေါသံ၊ ထိုထို အပြစ်ကို။ တံတံ အာနိသံသံဂုဏံ၊ ထိုထိုအကျိုးဂုဏ်အင် အာနိသင်ကို။ ပုရေတရံ၊ ရှေးဦးစွာ။ ပါဠိဟာရိယဉာဏေန၊ ပါဠိဟာရိယညာဏ်ဖြင့်။ ဒိသွာ၊ ရှုကြည့်၍။ ယထာ၊ အကြင်အခြင်းဖြင့်။ အညမညာနတိဝတ္တနာဒယော၊ အချင်းချင်း တပါးသည် တပါးကို မလွန်ချင်းအစရှိ

ကုန်သော။ ယေ အာကာရာ၊ အကြောင်း-၄-ပါးသောအခြင်းအရာ ဘာဝနာ၊ တို့သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဘာဝနာယ ဘာဝနာ၏။ သမ္ပဟံသိတတ္တာ၊ ပြီးဆုံးသည်၏အဖြစ်ကြောင့်။ တေနေဝ ဉာဏေန၊ ထိုပါဠိဟာရိယ ဉာဏ်ဖြင့်သာလျှင်။ ဝိသောဓိတတ္တာ၊ သုတ် သင်၍ ပြီးဆုံးသည်၏အဖြစ်ကြောင့်။ ဧတ္ထ၊ ဤသို့ ဘာဝနာပြီးဆုံးရာ၌။ ဝိသောဓနံ၊ သုတ်သင်၍ ပြီးဆုံးချင်းသည်ကား။ သမ္ပဟံသနံ၊ ဘာဝနာ၏ ပြီးဆုံးချင်းမင်တည်း။ ဣတိ၊ ဤသို့။ အဝုတ္တမ္ပိ၊ မဆိုသော်လည်း။ ဝုတ္တံ ဝိယ၊ ဆိုသကဲ့သို့။ တေ အာကာရာ၊ ထို ၄-ပါးသော အခြင်းအရာ ဘာဝနာ တို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။ နိပ္ဖန္နာ၊ ပြီးဆုံးကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဧမ္ဗာနံ၊ ၄-ပါးသော တရားတို့၏။ အနတိဝတ္တနာဒိဘာဝ သာဓနေန၊ တပါးသည် တပါးကို မလွန်ချင်း အစရှိသော ဘာဝနာ ပြီးဆုံးသောအားဖြင့်။ ပရိယောဒါပကဿ၊ ကိလေသာ အညစ်အကြေး မတင်၊ စင်ကြယ်ချင်းကို ပြုတတ်သော။ ဉာဏဿ၊ ဉာဏ်၏။ ကိစ္စနိပ္ဖတ္တိ ဝသေန၊ ကိစ္စပြီးဆုံးသောအလိုအားဖြင့်။ သမ္ပဟံသနာ၊ ဘာဝနာ၏ ပြီးဆုံး ချင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤသည်ကား။ ဘင်္ဂဉာဏ်တဘက်ကမ်းရောက်သော ယောဂီပုဂ္ဂိုလ် ၏ ဘင်္ဂဉာဏ်ထင်ပုံ၊ မြင်ပုံ၊ သိပုံ၊ မှတ်ပုံ၊ ရှုပုံ၊ အညီအညွတ်ရှု၍နေပုံ၊ ကိလေသာကိုပယ်ပုံ၊ ကိလေသာကိုပယ်သောကိစ္စနှင့်ပြည့်စုံပုံ၊ ဘာဝ နာကိုပွါးပုံ၊ ဘာဝနာကိုပွါးသောကိစ္စနှင့် ပြည့်စုံပုံ၊ ဘာဝနာဖြူစင်ပုံ၊ ဘာဝနာညစ်ကြေးပုံ၊ ဘာဝနာပြီးဆုံးပုံ၊ ဘာဝနာမပြီးဆုံးပုံ ၊ အလုံးစုံ ကို၊အသေအချာမှတ်ဘွိရာစကားရပ်၊ ဤတွင်၍အပြီးသတ်။

တဘက်ကမ်းရောက်သော ဘင်္ဂဉာဏ် ပစ္စုပ္ပန်ကာလ သင်္ခါရတို့ ၏ပျက်သောခဏကို၊ ပျက်သဟု ရှုချင်းသို့ တဘက်ကမ်းရောက်သော် လည်း၊ အတိတ်ဟု၊ အနာဂတ်ဟု၊ ပစ္စုပ္ပန်ဟု၊ ကာလကိုမရှု၊ ဒိဋ္ဌမျက် မှောက်ရောက်သောသင်္ခါရတို့၏၊ ပျက်သောခဏကို၊ ပျက်သဟုရှု သော၊ပစ္စုပ္ပန်အာရုံနောက်သို့အစဉ်တိုက်၊ အပျက်လက္ခဏာ၊အတူပါ ၍လိုက်သောကြောင့်သာလျှင်၊ အတိတ်အနာဂတ်သင်္ခါရတို့၏ အပျက် ၂–ရပ်ကို၊ ထပ်တူဆောင်သောဉာဏ တကြိမ်တည်း၊ ရှုသဖြင့်ပြီးသော နည်းအလို၌၊ ဤသို့ ခပ်သိမ်းဥဿုံ အလုံးစုံသော သင်္ခါရတို့၏

ကုန်သော သဘောကို ကုန်သဟု၊ ကင်းသောသဘောကို ကင်းသဟု၊ ပျက်သောသဘောကို ပျက်သဟု၊ ခြုပ်သောသဘောကို ခြုပ်သဟု၊ အာရုံ ပြုသော ဘင်္ဂဉာဏ်ကို၊ အဖန် တလဲလဲ မှီဝဲ၍ အဖန်တလဲလဲ၊ ပွါးများ၊ အဖန်တလဲလဲ ကြိမ်ဖန်များစွာ၊ အလေ့အလာပြုသော ထို ယောဂီ ပုဂ္ဂိုလ်အား၊ အလုံးစုံသော ဘဝ၊ အလုံးစုံသော ယောနိ၊ အလုံးစုံသောဂတိ၊ အလုံးစုံသောဌီတိ၊ အလုံးစုံသော သတ္တာဝါသတို့၌၊ ခဏ ခဏ ပျက်ကြကုန်သော သင်္ခါရတို့သည်၊ ဘေးကြီးဖြစ်၍ ထင် ကြကုန်၏။

ထင်ပုံကား။

> တဿ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတေ နိဗ္ဗတ္တနကသင်္ခါရာပိ ဧဝမေဝ နိရုဇ္ဈိဿန္တီတိ ပဿတော ဧတသ္မိံ ဌာနေ ဘယတုပဋ္ဌာန ဉာဏံ နာမ ဥပ္ပဇ္ဇတိ။

အတီတာ၊ အတိတ် ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ခြုပ်ပျက်ကြကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ခြုပ်ပျက်ကြကုန်ဆဲ။ အနာဂတေ၊ အနာဂတ်၌။ နိဗ္ဗတ္တနကသင်္ခါရာပိ၊ ဖြစ်လတံ့သောသင်္ခါရတို့သည်လည်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ နိရုဇ္ဈိဿန္တိ၊ ခြုပ်ပျက်ကြကုန်လတံ့။ ဣတိ၊ ဤသို့။ ပဿတော၊ ရှုသော။ တဿယောဂီနော၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဧတသ္မိံ ဌာနေ၊ အပျက်ကိုပင်၊ ဘေးဟုထင်သောဤဌာန၌။ ဘယတုပဋ္ဌာနဉာဏံ နာမ၊ ဘယတုပဋ္ဌာနဉာဏ်အမည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

> ဘယတုပဋ္ဌာနဉာဏံ ပန ဘာယတိ နဘာယတီတိ နဘာယတိ၊ တဉှိ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတာ နိရုဇ္ဈိဿန္တီတိ, တီရဏမတ္တမေဝ ဟောတိ၊ တသ္မာ။

ဘယတုပဋ္ဌာနဉာဏံ ပန၊ ဘေးထင်သော ဉာဏ်သည်ကား။ ဘာယတိ၊ ကြောက်သလော။ နဘာယတိ၊ မကြောက်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆတေပိ၊ မေးအပ်သော်လည်း။ နဘာယတိ၊ မကြောက်။

ဟိယသ္မာ၊ အကြင့်ကြောင့်။ အဿဇ္ဇမသာ ဘယတုပဋ္ဌာန ဉာဏဿ၊ ဤဘေးထင်သော ဉာဏ်အား။ အတီတာ၊ အတိတ် ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ခြုပ်ပျက်ကြကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ခြုပ် ပျက်ကြကုန်ဆဲ။ အနာဂတာ၊ အနာဂတ် ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈိဿန္တိ၊ ခြုပ်ပျက်ကြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ တီရဏာမတ္တမေဝ၊ ပိုင်းခြားရုံမျှသာလျှင်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တံဘယတုပဋ္ဌာနဉာဏံ၊ ထိုဘေးထင်သော ဉာဏ်သည်။ နဘာယတိ၊ မကြောက်။

ဥပမာမည်သည်ကား။ မျက်စိအမြင်ရှိသော ယောကျ်ား၊ မြို့တံခါး၌၊ မီးကျီးတွင်း ၃-တွင်းတို့ကို ကြည့်ရှုဆင်ခြင် မြင်သည်ရှိသော်၊ မိမိကားမကြောက်။ သက်သက်၊ ဤမျက်စိအမြင်ရှိသော ယောကျ်ားအား၊ အကြင်အကြင်ရဟာန်းရှင်လူ၊ ခပ်သိမ်းသောသူတို့သည်၊ ဤမီးကျီးတွင်း တို့၌ ကျရောက်ကုန်သည်ဖြစ်အံ့၊ ထိုထိုရဟာန်းရှင်လူ၊ ခပ်သိမ်းသော သူတို့သည်၊ အတိုင်းမသိသောဆင်းရဲကို၊ ခံစားကြရကုန်လတ္တံ့။ ဤသို့ ကြောက်မက်ဘွယ်ဝတ္ထုကို၊ ကြောက်မက်ဘွယ်ဝတ္ထုဟု၊ဟုတ်သော အတိုင်း ပိုင်းခြားရုံမျှသာဖြစ်သကဲ့သို့။ ဥပမာတနည်းသော်ကား။မျက်စိ အမြင်ရှိသော ယောကျ်ား၊ ရှားနှစ်တံကျဉ်၊ သံတံကျဉ်၊ ရွှေတံကျဉ်၊ အစဉ်အတိုင်း ထားသော၊ တံကျဉ် ၃-ချောင်းကို၊ ကြည့်ရှု ဆင်ခြင် မြင်သည်ရှိသော်၊ မိမိကားမကြောက်။ သက်သက်၊ ဤမျက်စိအမြင် ရှိသော ယောကျ်ားအား၊ အကြင်အကြင် ရဟာန်းရှင်လူ ခပ်သိမ်းသော သူတို့သည် ဤတံကျဉ်တို့၌ ကျရောက်ကုန်သည်ဖြစ်အံ့၊ ထိုထိုရဟာန်း ရှင်လူ၊ ခပ်သိမ်းသောသူတို့သည်၊ အတိုင်းမသိသောဆင်းရဲကို၊ ခံစား ကြရကုန်လတ္တံ့။ဤသို့ကြောက်မက်ဘွယ်ဝတ္ထုကို၊ ကြောက်မက်ဘွယ် ဝတ္ထုဟု၊ ဟုတ်သောအတိုင်း ပိုင်းခြားရုံမျှသာဖြစ်သကဲ့သို့။ ထို့အတူ၊ ဘေးထင်သောဉာဏ်သည်၊ မိမိကားမကြောက်။ သက်သက်၊ ဤဘေး ထင်သော ဉာဏ်အား၊ မီးကျီးတွင်း ၃-တွင်းနှင့်လည်းတူကြကုန်သော၊ တံကျဉ် ၃-ချောင်းနှင့်လည်းတူကြကုန်သော၊ ၃-ပါးသော ဘဝတို့၌၊ အတိတ်ဖြစ်သော သင်္ခါရတို့သည်၊ ခြုပ် ပျက်ကြကုန်ပြီ။ ပစ္စုပ္ပန် ဖြစ်သော သင်္ခါရတို့သည်၊ ခြုပ်ပျက်ကြကုန်ဆဲ။ အနာဂတ်ဖြစ်သော

သင်္ခါရတို့သည်၊ ချုပ်ပျက်ကြကုန်လတံ့။ ဤသို့ကြောက်မက်ဘွယ် ဝဋ္ဋကို၊ ကြောက်မက်ဘွယ်ဝဋ္ဋဟု၊ ဟုတ်သောအတိုင်း ပိုင်းခြား ရှုမှုသာဖြစ်၏။

ယထာ နာမ စက္ခုမာ ပုရိသော နဂရဒွါရေ ဌိတော အင်္ဂါရကာသုယော ဩလောကယမာနော သယံ န ဘာယတိ၊ ကေဝလဉ္စသ ယေ ယေ ဧတ္ထ နိပတိဿန္တိ သဗ္ဗေ အနပ္ပကံ ဒုက္ခမနုဘဝိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။ ယထာ ဝါ ပန စက္ခုမာ ပုရိသော ခဒိရသူလံ၊ အယောသူလံ၊ သုဝဏ္ဏသူလန္တိ ပဋိပါဋိယာ ဌပိတံ သူလတ္တယံ ဩလောကယမာနော သယံ န ဘာယတိ၊ ကေဝလဉ္စသ ယေ ယေ ဣမေသု သူလေသု နိပတိဿန္တိ သဗ္ဗေ အနပ္ပကံ ဒုက္ခမနုဘဝိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။ ဧဝမေဝ ဘယတုပဋ္ဌာနဉာဏံ သယံ န ဘာယတိ။ ကေဝလဉ္စသ အင်္ဂါရကာသုတ္တယသဒိသေသု သူလတ္တယသဒိသေသု စ တီသု ဘဝေသု အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတာ နိရုဇ္ဈိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။

ယထာနာမ၊ ဥပမာမည်သည်ကား။ စက္ခုမာ၊ မျက်စိအမြင်ရှိ သော။ ပုရိသော၊ ယောကျ်ားသည်။ နဂရဒွါရေ၊ မြို့တံခါး၌။ ဌိတော အင်္ဂါရကာသုယော၊ မီးကျီးတွင်း ၃-တွင်းတို့ကို။ ဩလောကယမာ နော၊ ကြည့်ရှုဆင်ခြင်မြင်သည်ရှိသော်။ သယံ၊ မိမိသည်။ န ဘာယတိ၊ မကြောက်။ ကေဝလံ၊ သက်သက်။ အဿဣမဿစက္ခုမတောပုရိ သဿ၊ ဤမျက်စိအမြင်ရှိသော ယောကျ်ားအား။ ယေယေသဗ္ဗေ၊ အကြင်အကြင် ရဟန်းရှင်လူခပ်သိမ်းသော သူတို့သည်။ ဧတ္ထ၊ ဤမီး ကျီးတွင်းတို့၌။ နိပတိဿန္တိ၊ ကျရောက်ကုန်သည်ဖြစ်အံ့။ တေတေ သဗ္ဗေ၊ ထိုထိုရဟန်းရှင်လူခပ်သိမ်းသောသူတို့သည်။ အနပ္ပကံ၊ အတိုင်း မသိသော။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိဿန္တိ၊ ခံစားကြရကုန်လတံ့။ ဣတိ၊ ဤသို့။ တီရဏမတ္တမေဝ၊ ပိုင်းခြားရှုမှုသာလျှင်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ယထာဝါပန၊ ဥပမာတနည်းသော်ကား။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ခဒိရသူလံ၊ ရှားနှစ် တံကျဉ်။ အယောသူလံ၊ သံတံကျဉ်။ သုဝဏ္ဏသူလံ၊ ရွှေတံကျဉ်။ ဣတိ၊

ဤသို့။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ထပိတံ၊ ထားအပ်သော။သုလက္ခယံ၊ တံကျဉ် ၃–ချောင်းကို။ ဩလောကယမာနေ၊ ကြည့်ရှုဆင်ခြင် မြင်သည်ရှိသော်။ သယံ၊ မိမိသည်။ နဘာယတိ၊ မကြောက်။ ကေဝလံ၊ သက်သက်။ အသဏ္ဍမသဏ္ဍကျွမတော ပုရိသဿ၊ ဤမျက်စိအမြင်ရှိသောယောကျ်ားအား။ ယေယေသင္ခေ၊အကြင်အကြင်ရုပ်နာမ်လူ ခပ်သိမ်းသောသူတို့သည်။ ဣမေသုသုလေသု၊ဤတံကျဉ်တို့၌၊နိပတိဿန္တိ၊ ကျရောက်ကုန်သည်ဖြစ်အံ့။ တေတေသင္ခေ၊ ထိုထိုရုပ်နာမ်လူခပ်သိမ်းသောသူတို့သည်။ အနပ္ပကံ၊ အတိုင်းမသိသော။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိဿန္တိ၊ ခံစားကြရကုန်လတံ့။ ဣတိ၊ ဤသို့။ တီရဏမတ္တမေဝ၊ ပိုင်းခြားရုံမျှသာလျှင်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘယတုပဋ္ဌာနဉာဏံ၊ ဘေးထင်သောဉာဏ်သည်။ သယံ၊ မိမိသည်။ နဘာယတိ၊ မကြောက်၊ ကေဝလံ၊ သက်သက်။ အသဏ္ဍမသဘယတုပဋ္ဌာနဉာဏဿ၊ ဤဘေးထင်သောဉာဏ်အား။ အင်္ဂါရကာသုဏ္ဍယသဒိသေသု၊ မီးကျီးတွင်း ၃-တွင်းနှင့်လည်းတူကြကုန်သော။ သူလက္ခယသဒိသေသုစ၊ တံကျဉ် ၃-ချောင်းနှင့်လည်းတူကြကုန်သော။ တိသုဘဝေသု၊ သုံးပါးသောဘဝတို့၌။ အတီတာ၊ အတိတ်ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျက်ကြကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ပျက်ကြကုန်ဆဲ။ အနာဂတာ၊ အနာဂတ်ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ပျက်ကြကုန်လတံ့။ ဣတိ၊ ဤသို့။ တီရဏမတ္တမေဝ၊ ပိုင်းခြားရုံမျှသာလျှင်။ ဟောတိ၊ ဖြစ်၏။

ယသ္မာ ပနဿ ကေဝလံ သဗ္ဗဘဝ-ယောနိ-ဂတိ-ဋ္ဌိတိ-နိဝါသဂတာ သင်္ခါရာ ဗျသနာပန္နာ သပ္ပဋိဘယာ ဟုတွာ ဘယတော ဥပဋ္ဌဟန္တိ၊ တသ္မာ ဘယတုပဋ္ဌာနန္တိ ဝုစ္စတိ။

ပန၊ စင်စစ်သော်ကား။ သဗ္ဗဘဝ-ယောနိ-ဂတိ-ဋ္ဌိတိ-နိဝါသဂတာ၊ အလုံးစုံသောဘဝ။ အလုံးစုံသော ယောနိ၊အလုံးစုံသောဂတိ၊ အလုံးစုံသော ဋ္ဌိတိ၊ အလုံးစုံသောနိဝါသ၌တည်ကြကုန်သော။သင်္ခါရာ၊ သင်္ခါရတို့သည်။ သပ္ပဋိဘယာ၊ ကြောက်မက်ဘွယ်သောဘေးနှင့်တကွ။ဗျသ

နာပန္နာ၊ ပျက်စီးချင်းသို့ရောက်ကြကုန်သည်။ ဟုဝွာ၊ ဖြစ်၍။ ယာသွာ၊ အကြင့်ကြောင့်။ ကေဝလံ၊ သက်သက်။ ဘယတော၊ ဘေးဟု။ အဿဇ္ဇမဿဉာဏသ၊ ဤဉာဏ်အား။ ဥပဒ္ဓဟန္တိ၊ ထင်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တံဉာဏံ၊ ထိုဉာဏ်ကို။ ဘယတုပဋ္ဌာနန္တိ၊ ဘေးထင်သောဉာဏ်ဟု။ ဝုတ္တံ၊ ဆိုအပ်၏။

ဇဝံဘယတုပဋ္ဌာနေ ပနဿ အယံ ပါဠိ။ အနိစ္စတော မနသိကရောတော ကိံ ဘယတော ဥပဋ္ဌာတိ။ ဒုက္ခတော မနသိကရောတော ကိံ ဘယ‌တော ဥပဋ္ဌာတိ။ အနတ္တတော မနသိကရောတော ကိံ ဘယတော ဥပဋ္ဌာတိ။ အနိစ္စတော မနသိကရောတော နိမိတ္တံ ဘယတော ဥပဋ္ဌာတိ။ ဒုက္ခတော မနသိကရောတော ပဝတ္တံ ဘယတော ဥပဋ္ဌာတိ။ အနတ္တတော မနသိကရောတော နိမိတ္တဉ္စ ပဝတ္တဉ္စ ဘယတော ဥပဋ္ဌာတီတိ။

အယံ၊ ဤဆိုလတံ့သည်ကား။ အဿဇ္ဇမဿဥပဋ္ဌာနဉာဏဿ၊ ဤဘေးထင်သောဉာဏ်၏။ ဇဝံ၊ ဤသို့။ ဘယတုပဋ္ဌာနေပန၊ ဘေးထင်ရာ၌ကား။ အာဂတာ၊ လာသော။ ပါဠိ၊ ပါဠိတည်း။ ကတမာပါဠိ၊ အဘယ်ပါဠိနည်း။ အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား။ ကိံ၊ အဘယ်သည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်သနည်း။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိကရောတော၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား။ ကိံ၊ အဘယ်သည်ကား။ ဘယတော ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်သနည်း။ အနတ္တတော၊ အနတ္တဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ ကိံ၊ အဘယ်သည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်သနည်း။ အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ နိမိတ္တံ၊ နိမိတ်သည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်၏။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား ပဝတ္တံ၊ ပဝတ္တသည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်၏၊ အနတ္တတော၊ အနတ္တဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ နိမိတ္တဉ္စ၊ နိမိတ်သည်၎င်း။ ပဝတ္တဉ္စ၊ ပဝတ္တသည်၎င်း။

ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်၏။ ဇာတိအယံ၊ ဤသည်ကား။ ပါဠိ၊ ပါဠိတည်း။

ထိုပါဠိ၌၊ **နိမိတ်ဟူသည်ကား**။ ကိုယ်မှုအပြုအပြင်အစီအရင်၊ နှုတ်မှု အပြုအပြင်အစီအရင်၊ စိတ်မှု အပြုအပြင် အစီအရင်၊ ငါဟုထင်သော၊ သင်္ခါရနိမိတ်ပင်တည်း။ ဤနိမိတ်ဟူသော အမည်သည်လည်း၊ အတိတ် သင်္ခါရ၊ အနာဂတ်သင်္ခါရ၊ ပစ္စုပ္ပန်သင်္ခါရတို့၏ အမည်ပင်တည်း။ အနိစ္စဟု၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည်ကား၊ သင်္ခါရတို့၏ သေချင်းကိုသာလျှင်၊ တွေ့မြင်ရ၏။ ထို့ကြောင့်၊ ဤယောဂီပုဂ္ဂိုလ်အား နိမိတ်သည်ကား၊ ဘေးဟုထင်၏။

> တတ္ထ နိမိတ္တန္တိ သင်္ခါရနိမိတ္တံ။ အတီတာနာဂတ ပစ္စုပ္ပန္နာနံ သင်္ခါရာနမေဝေတံ အဓိဝစနံ။ အနိစ္စတော မနသိကရောန္တဿ ဟိ သင်္ခါရာနံ မရဏမေဝ ပဿတိ။ တေနဿ နိမိတ္တံ ဘယတော ဥပဋ္ဌာတိ။

တတ္ထတိဿံပါဠိယံ၊ ထိုပါဠိ၌။ နိမိတ္တန္တိ၊ နိမိတ္တံဟူသည်ကား။ သင်္ခါရနိမိတ္တံ၊ သင်္ခါရနိမိတ်တည်း။ ဧတံနိမိတ္တန္တိနာမံ၊ ဤနိမိတ်ဟူသော အမည်သည်လည်း။ အတီတာနာဂတ ပစ္စုပ္ပန္နာနံ၊ အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော။ သင်္ခါရာနမေဝ၊ သင်္ခါရတို့၏သာလျှင်။ အဓိဝစနံ၊ အမည်တည်း။ အနိစ္စတော၊ အနိစ္စဟု။ မနသိကရောန္တဿဟိ၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်သည်ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ မရဏမေဝ၊ သေချင်းကိုသာလျှင်။ ပဿတိ၊ တွေ့မြင်ရ၏။ တေန၊ ထို့ကြောင့်။ အဿဣမဿယောဂိနော၊ ဤယောဂီပုဂ္ဂိုလ်အား။ နိမိတ္တံ၊ နိမိတ်သည် ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်၏။

ပဝတ္တဟူသည်ကား။ ဘဝအလျဉ်ဘဝင်အစဉ်၊ ငါဟုထင်သော၊ ရူပဘဝပဝတ္တိ၊ အရူပဘဝပဝတ္တိတည်း။ ဒုက္ခဟု နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည်ကား၊ ချမ်းသာဟု ခေါ် ဆိုပညတ်သမုတ်အပ်သော် လည်း၊ ရူပဘဝပဝတ္တိ၊ အရူပဘဝပဝတ္တိ၊ ငါဟုထင်သောဘဝအလျဉ် ဘဝင်အစဉ်၏၊ ဥပါဒ်ဌီဘင်အစဉ်မပြတ်၊ နှိပ်စက်အပ်သည်၏အဖြစ်ကို သာလျှင်တွေ့မြင်ရ၏။ ထို့ကြောင့်၊ ဤယောဂီပုဂ္ဂိုလ်အား၊ ပဝတ္တသည် ကား၊ ဘေးဟုထင်၏။

ပဝတ္တန္တိ ရူပါရူပဘဝပဝတ္တိံ၊ ဒုက္ခတော မနသိကရောတော ဟောတိ သုခသမ္မတာယပိ ရူပါရူပဘဝပဝတ္တိယာ အဘိဇ္ဈပဋိပီဠနဘာဝမေဝ ပဿတိ။ တေနဿ ပဝတ္တံ ဘယတော ဥပဋ္ဌာတိ။

ပဝတ္တန္တိ၊ ပဝတ္တံဟူသည်ကား။ ရူပါရူပဘဝပဝတ္တိံ၊ရူပဘဝပဝတ္တိ-အရူပဘဝပဝတ္တိတည်း။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိကရောတော ဟောတိ၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်သည်ကား။ သုခသမ္မတာယပိ၊ ချမ်းသာဟု ခေါ်ဆိုပညတ် သမုတ်အပ်သော်သည်း။ ရူပါရူပဘဝပဝတ္တိယာ၊ ရူပဘဝပဝတ္တိ-အရူပဘဝပဝတ္တိ၏။အဘိဇ္ဈပဋိပီဠနဘာဝမေဝ၊ ငါဟု ထင်သော၊ဘဝအလျဉ် ဘဝင်အစဉ်၊ ဥပါဒ်-ဌီ-ဘင်၊အစဉ်မပြတ်၊ နှိပ်စက်အပ်သည်၏အဖြစ်ကိုသာလျှင်။ ပဿတိ၊ တွေ့မြင်ရ၏။ တေန၊ ထို့ကြောင့်။အဿ၊ဣမဿယောဂိနော၊ ဤယောဂီပုဂ္ဂိုလ်အား။ ပဝတ္တံ၊ ပဝတ္တသည်ကား။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်၏။

အနုတ္တတော မနသိကရောတော ပန ဥဘယံပေတံ သုညဂါမံ ဝိယ၊မရီစိ-ဂန္ဓဗ္ဗနဂရာဒီနိ ဝိယ စ၊ ရိတ္တံ-တုစ္ဆံ-သုညံ-အသာမိကံ-အပရိဏာယကံ ပဿတိ။ တေနဿ နိမိတ္တဉ္စ ပဝတ္တဉ္စ ဥဘယံ ဘယတော ဥပဋ္ဌာတီတိ။ ။ဘယတုပဋ္ဌာနဉာဏံ နိဋ္ဌိတံ။

အနုတ္တတော၊ အနတ္တဟု။ မနသိကရောတော ပန၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည်ကား။ ဧတံပိ ဥဘယံ၊ ထိုနိမိတ္တ-ပဝတ္တ-နှစ်ပါးစုံကိုလည်း။ သုညဂါမံဝိယ၊ လူနေမရှိသော ရွာဆိုး ရွာပျက်ကဲ့သို့။ မရီစိ-ဂန္ဓဗ္ဗနဂရာဒီနိဝိယ စ၊ တံလျှပ်-နတ်မြို့စသည်တို့ကဲ့သို့။ ရိတ္တံ၊ ကင်းသည်ကိုသာလျှင်။ပဿတိ၊ တွေ့မြင်ရ၏။တုစ္ဆံ၊ အချည်းနှီးကိုသာလျှင်။ပဿတိ၊ တွေ့မြင်ရ၏၊ သုညံ၊ ဆိတ်သည်ကိုသာလျှင်။ ပဿတိ၊ တွေ့မြင်ရ၏။ အသာမိကံ၊ အရှင်မရှိသည်ကိုသာလျှင်။ ပဿတိ၊ တွေ့မြင်ရ၏။ အပရိဏာယကံ၊ ကြီးမှူးသူတစုံတယောက်၊ အစောင့်အရှောက် မရှိသည်ကိုသာလျှင်။ ပဿတိ၊တွေ့မြင်ရ၏။ တေန၊ ထို့ကြောင့်။ အဿ၊ဣမဿ ယောဂိနော၊ ဤယောဂီပုဂ္ဂိုလ်အား။ နိမိတ္တဉ္စ၊ နိမိတ်သည်၎င်း။ပဝတ္တဉ္စ၊

ပဝတ္တသည်ရင်း။ ဥဘယံ၊ နှစ်ပါးစုံ။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌာတိ၊ ထင်၏။

ဣတိ ဆုဒံ၊ ဤသည်ကား။ ဘယတုပဋ္ဌာနဉာဏ်၊ ဘေးထင်သောဉာဏ် သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

အတိတ်ဖြစ်သောသင်္ခါရတို့၏၊ ပျက်သော သဘောက ဘယ၊ ဘေး ထင်သောဝတ္ထု၊ ပျက်သောသဘော-ဘေးဟုရှုတာက၊ ဘေးထင်သော ဉာဏ်။ ပစ္စုပ္ပန်ဖြစ်သော သင်္ခါရတို့၏၊ ပျက်သော သဘောက ဘယ၊ ဘေးထင်သောဝတ္ထု၊ ပျက်သောသဘော-ဘေးဟုရှုတာက၊ ဘေးထင် သောဉာဏ်။ အနာဂတ်ဖြစ်သောသင်္ခါရတို့၏၊ ပျက်သောသဘောက ဘယ၊ ဘေးထင်သောဝတ္ထု၊ ပျက်သော သဘော-ဘေးဟု ရှုတာက၊ ဘေးထင်သောဉာဏ်။

(ဥပစာအားဖြင့်ဆိုလတံ့သောစကားကို၊ တတ်-ဆိုဘို့စကား၊ အပ်-ဆိုဘို့စကား၊ ရာ-ဆိုဘို့စကား၊ ကျမှားသည်မထင်လင့်)

ရှေးရှေးကိုယ်မှု-နှုတ်မှု-စိတ်မှု၊ အပြုအပြင်အစီအရင်၊ ငါထင်တာက နိမိတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါထင်သောနိမိတ္တသဘော၊ ဘေးဟု ရှုတာကဘေးထင်သောဉာဏ်။ ယခုယခု ကိုယ်မှု-နှုတ်မှု-စိတ်မှု၊ အပြု အပြင်အစီအရင်၊ ငါထင်တာကနိမိတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါထင် သော နိမိတ္တသဘော၊ ဘေးဟုရှုတာက ဘေးထင်သောဉာဏ်။ နောင် နောင် ကိုယ်မှု-နှုတ်မှု-စိတ်မှု၊အပြုအပြင်အစီအရင်၊ ငါထင်တာကနိမိတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါထင်သောနိမိတ္တသဘော၊ ဘေးဟုရှုတာက ဘေးထင်သောဉာဏ်။ ရှေးရှေးဘဝအလျဉ် ဘဝင်အစဉ်၊ ငါ၏ချမ်းသာ မှတ်ထင်တာက ပဝတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါ၏ချမ်းသာမှတ်ထင် သောပဝတ္တသဘော၊ ဘေးဟုရှုတာကဘေးထင်သောဉာဏ်။ ယခုယခု ဘဝအလျင်ဘဝင်အစဉ်၊ ငါ၏ချမ်းသာမှတ်ထင်တာကပဝတ္တ၊ ဘေးထင် သောဝတ္ထု၊ ငါ၏ချမ်းသာမှတ်ထင်သော ပဝတ္တသဘော၊ ဘေးဟုရှု တာကဘေးထင်သောဉာဏ်။ နောင်နောင်ဘဝအလျင်ဘဝင်အစဉ်၊ ငါ ၏ချမ်းသာ မှတ်ထင်တာကပဝတ္တ၊ ဘေးထင်သောဝတ္ထု၊ ငါ၏ချမ်း သာမှတ်ထင်သော ပဝတ္တသဘော၊ ဘေးဟုရှုတာက ဘေးထင်သော

ဉာဏ်။ ဤသို့ ၃-ပါး ၃-ပါးသော ဝဋ္ဋကုန်အောင်၊ ၃-ပါး ၃-ပါးသော ရှုမြင်ပုံကို၊ ဘင်္ဂဉာဏ်အလိုအားဖြင့်၊ အကြားအကြားကာလ၊ ဘဝ အလျင်ဘဝင်အစဉ်၊ ပဝတ္တပင်ခြားသော်လည်း၊ ဘေးအလားတူ၊ မှု တရခု၊ ကိုယ်မှု-နှုတ်မှု-စိတ်မှုအပြုအပြင် အစီအရင်၊ သင်္ခါရနိမိတ် တရတရထင်သောကာလ၊ ပျက်သောခဏကို၊ ပျက်သဟုရှုပြီးမှ၊ ရှေး ကာလခဏကလည်း၊ ပျက်ပြီးသောသဘောဘေး၊ ယခုကာလခဏက လည်း၊ ပျက်ဆဲသောသဘောဘေး၊ နောက်ကာလခဏကလည်း၊ ပျက် လတံ့သော သဘောဘေးဟု၊ ရှုသောဉာဏ်သည်၊ ဘေးထင်သော ဉာဏ်မည်၏။ ထိုဘေးထင်သောဉာဏ်ကို၊ အဖန်တလဲလဲမှီဝဲ၊ အဖန် တလဲလဲပွါးများ၊ အဖန်တလဲလဲကြိမ်ဖန်များစွာ အလေ့အလာပြုသော၊ ထိုယောဂီပုဂ္ဂိုလ်အား၊ အလုံးစုံသောဘဝ၊ အလုံးစုံသောယောနိ၊ အ လုံးစုံသောဂတိ၊ အလုံးစုံသောဋ္ဌိတိ၊ အလုံးစုံသော သတ္တာဝါသတို့၌၊ အပြစ်ရှိချင်းတူမျှသည့်၏ အဖြစ်ကြောင့်၊ အပြစ်မှစောင့်ရှောက်သော ဌာန၊ တခုမျှမထင်။ အပြစ်ကိုပယ်ဖျောက်၍၊ စောင့်ရှောက်ချင်း၌၊ ပုံးအောင်းရာဌာန၊ တခုမျှမထင်၊ အပြစ်ကိုပယ်ဖျောက်၍၊ စောင့် ရှောက်ချင်း၌၊ လာရောက်ရာဌာန၊ တခုမျှမထင်၊ အပြစ်ကိုပယ် ဖျောက်၍၊ စောင့်ရှောက်ချင်း၌၊ အပြစ်၏ကျွတ်လွတ်ရာဌာန၊ တခုမျှ မထင်။ အလုံးစုံသောဘဝ၊ အလုံးစုံသောယောနိ၊ အလုံးစုံသောဂတိ၊ အလုံးစုံသောဋ္ဌိတိ၊ အလုံးစုံသောနိဝါသတို့၌ တည်ကြကုန်သော၊ သင်္ခါရတို့တွင်၊ တခုသောသင်္ခါရကိုမျှ၊ ငါ၌စွာဟု၊ တဏှာဂါဟ၊ တောင့်တမဖြစ်။ တခုသောသင်္ခါရကိုမျှ၊ ငါဖြစ်၏ဟု၊ မာနဂါဟ၊ မှတ် ထင်မဖြစ်။ တခုသောသင်္ခါရကိုမျှ၊ ငါ့အလိုဟု၊ ဒိဋ္ဌိဂါဟ၊သုံးသပ်မဖြစ်။ အပြစ်ဟုရှုလျှင်၊ဉာဏ်အတွင်းဝင်သော၊နေတံမမ၊ပဟာယကကြောင့်၊ အနုပ္ပါဒစင်စစ်၊ ငါ၌စွာဟု၊ တဏှာဂါဟ၊ တောင့်တမဖြစ်။ အပြစ်ဟု ရှုလျှင်၊ဉာဏ်အတွင်းဝင်သော၊ နေသောဟမသို့၊ ပဟာယကကြောင့်၊ အနုပ္ပါဒစင်စစ် ငါဖြစ်၏ဟု၊ မာနဂါဟ၊ မှတ်ထင်မဖြစ်။ အပြစ်ဟုရှုလျှင်၊ ဉာဏ်အတွင်းဝင်သော၊ နမေသောအတ္တာ၊ ပဟာယကကြောင့်၊ အနုပ္ပါဒ စင်စစ်၊ ငါ့အလိုဟု၊ ဒိဋ္ဌိဂါဟ၊ သုံးသပ်မဖြစ်။

တသာ တံ ဘယတုပဋ္ဌာနဉာဏံ အာသေဝန္တဿ, ဘာ ဝေန္တဿ,ဗဟုလီကရောန္တဿ, သဗ္ဗဘဝ-ယောနိ-ဂတိ-ဋ္ဌိတိ-

သင္ကာပါသေသု နေဝတာဏံ, နလေဏံ, နဂတိ, နပဋိသရဏံ ပညာယတိ၊သဗ္ဗဘဝ-ယောနိ-ဂတိ-ဌိတိ-နိဝါသဂတေသု သန္ဓါ ရေသု ဧကောသန္ဓါရေပိပဏ္ဏနာ ဝါ ပရာမာသော ဝါ န ဟောတိ။

တံဘယတုပဋ္ဌာနညာဏံ၊ ထိုဘေးထင်သောညာဏ်ကို။ အာသေ ဝန္တူသ၊ အဖန်တလဲလဲမှိဝဲသော။ ဘာဝန္တူသ၊ အဖန်တလဲလဲပွါး များသော။ ဗဟုလီကရောန္တူသ၊ အဖန်တလဲလဲကြိမ်ဖန်များစွာအလေ့ အလာပြုသော။ တဿယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။ သဗ္ဗဘဝ- ယောနိ-ဂတိ-ဌိတိ-သင္ကာပါသေသု၊ အလုံးစုံသောဘဝ၊ အလုံးစုံသော ယောနိ၊ အလုံးစုံသောဂတိ၊ အလုံးစုံသောဌိတိ၊ အလုံးစုံသောသင္ကာဝါ သတို့၌။ တာဏံ၊ စောင့်ရှောက်ရာဌာနသည်။ နေဝပညာယတိ၊ မထင်။ လေဏံ၊ ပုံးအောင်းရာဌာနသည်။ နပညာယတိ၊ မထင်။ ဂတိ၊ လာရောက်ရာဌာနသည်။ နပညာယတိ၊ မထင်။ ပဋိသရဏံ၊ ကျွတ် လွတ်ရာဌာနသည်။ နပညာယတိ၊ မထင်။ သဗ္ဗဘဝ-ယောနိ-ဂတိ- ဌိတိ-နိဝါသဂတေသု၊ အလုံးစုံသောဘဝ၊ အလုံးစုံသောယောနိ၊ အလုံး စုံသောဂတိ၊ အလုံးစုံသောဌိတိ၊ အလုံးစုံသောနိဝါသတို့၌တည်ကြကုန် သော။ သန္ဓါရေသု၊ သန္ဓါရတို့တွင်။ ဧကောသန္ဓါရေပိ၊ တခုသော သန္ဓါ ရမျှကိုလည်း။ ပဏ္ဏနာဝါ၊ တောင့်တချင်းသည်လည်း။ နဟောတိ၊ မဖြစ်။ ပရာမာသောဝါ၊သုံးသပ်ချင်းသည်လည်း။နဟောတိ၊မဖြစ်။

မင်းတို့မည်သည်ကား။ မြွေတို့ကို၊ကိုင်စေ-ယူစေ-ဘမ်းယူစေ၍၊ ကိုင်သော,ယူသော,ဘမ်းယူသော ခိုးသူကို မြွေကိုက်၍ သေစေကုန် အံ့။ စစ်သည်ရဲမက်၊ ချီတက်ပိတ်ဆို့၊ မြို့ပျက်သောကာလ၊ တဘက် စစ်သည်သို့၊ ပစ်ချကုန်အံ့။ တဘက်စစ်သည်ကို၊ လွှမ်းမိုးနှိပ်စက်၊တိုက် ဖျက်ခြင်းငှါ မစွမ်းနိုင်ခဲ့သော်၊ ကောင်းသောဘောဇဉ်ကိုစား၍၊ မြတ် သောအိပ်ရာထက်သို့တက်၍၊မိမိကိုယ်ကိုမြွေကိုက်စေ၍၊တဘက်ရန်သူ မင်းတို့၏၊ အလိုနိုင်ငံသို့၊မလိုက်ရကုန်မှို၊ တင်ကြို၍၊ မိမိအလိုအားဖြင့် သေလင့်ကုန်အံ့။ဤသို့ရည်ရွယ်မိုင်းခြား၊စိတ်၌ထား၍၊ မြွေတို့ကို၊ နေရာ ပေးသူ၊ အိပ်ရာပေးသူ၊ကျွေးမွေးသူနှင့်၊ မွေးမြူကြကုန်၏။ အသက်ရှည် ချင်းကိုအလိုရှိ၏။ သေချင်းကိုအလိုမရှိ။ ချမ်းသာချင်းကိုအလိုရှိ၏။ ဆင်းရဲချင်းကိုအလိုမရှိ။ ဤသို့သဘောရှိသော၊ အကြင်ခိုးသူဖြစ်သော

ယောက်ျားကို အဆောတလျင်သေစေချင်း၌ အလိုမရှိကုန်။ ရှည်မြင့်စွာ သောနေ့ ညဉ့်ပတ်လုံး၊ ဆင်းရဲငြို ငြင်ပင်ပန်းချင်းသို့ရောက်၍သေလတံ့။ ဤသို့သာလျှင်အလိုရှိကြကုန်သော၊ မင်းတို့သည်ကား။ အသက်ရှည်ချင်း ကိုအလိုရှိ၏၊ သေချင်းကိုအလိုမရှိ။ ချမ်းသာချင်းကိုအလိုရှိ၏၊ ဆင်းရဲချင်း ကိုအလိုမရှိ။ ဤသို့သဘောရှိသော ထိုခိုးသူဖြစ်သော ယောက်ျားကို၊ ဤသို့ပြောဆိုကြကုန်၏။ အဘယ်သို့ပြောဆိုကြကုန်သနည်း။ ဟော့–ကွဲ့ ယောက်ျား၊ သင်ယောက်ျားသည်၊ ဤ၄–ကောင်သောမြွေတို့ကို၊ ထချိန် ကျ၊ ထစေအပ်ကုန်၏၊ ရေချိုးချိန်ကျ၊ ရေချိုးအပ်ကုန်၏။ ကျွေးမွေးချိန်ကျ၊ ကျွေးမွေးအပ်ကုန်၏။ အိပ်ချိန်ကျ၊ အိပ်စေအပ်ကုန်၏။ ဟော့-ကွဲ့ ယောက်ျား၊ သင်ယောက်ျား၏ပြုမူပုံကို၊ အလိုမကျချင်းကြောင့်၊ ဤ ၄–ကောင်သော မြွေတို့တွင်၊ တကောင်ကောင်သည်၊ အကြင်အခါကာလ၊ ဒေါသစိတ် ထွက်၊ ပျက်သည်ဖြစ်လတံ့။ ထိုသို့ဒေါသစိတ်ထွက်၊ ပျက်ချင်းကြောင့်၊ ဟော့-ကွဲ့ ယောက်ျား၊ သင်ယောက်ျားသည်၊ သေချင်းသို့သော်လည်း ရောက်သည်ဖြစ်လတံ့။ သေလောက်ရုံမျှ၊ ဆင်းရဲငြို ငြင်၊ ပင်ပန်းချင်းသို့ သော်လည်းရောက်သည်ဖြစ်လတံ့။ ဤသို့ပြောဆိုကြကုန်၏။ ပြောဆိုကြ ကုန်ပြီး၍၊ ထိုယောက်ျားအား၊ ဤ ၄–ကောင်သောမြွေတို့ကို၊ လုပ်ကျွေး မွေးမှုရန်၊ ဝန်ခံစေ၍၊ ၄–ဌာနထားကုန်သော၊ ၄–ကောင်သောမြွေတို့ အား၊ ဤယောက်ျားကား၊ သင်တို့၏အလုပ်အကျွေးတည်းဟု၊ ပြောကြား ကြကုန်၏။ ပြောကြားကြသောကာလ၊ ပဌမမြွေတကောင်သည်ကား၊ ထွက်၍လာလတ်၍၊ ထိုယောက်ျား၏လကျာဘက်ခြေသို့အစဉ်သျှောက် သဖြင့်၊ ရှေးရှုတက်၍၊ လကျာဘက်လက်ကို၊ လက်ကောက်ဝတ်က၊ ပခုံးစွန်းကျအောင်ရစ်ပတ်၍၊ လကျာဘက်နားရင်း၌၊ ပါးပျဉ်းကိုပြု၍၊ သူ-သူ့ ဟုပြုလျက်အိပ်၏။ ဒုတိယမြွေတကောင်သည်ကား၊ ထွက်၍လာ လတ်၍၊ ထိုယောက်ျား၏၊ လက်ဝဲဘက်ခြေသို့၊ အစဉ်သျှောက်သဖြင့်၊ ရှေးရှုတက်၍၊ လက်ဝဲဘက်လက်ကို၊ လက်ကောက်ဝတ်က၊ ပခုံးစွန်း ကျအောင်ရစ်ပတ်၍၊ လက်ဝဲဘက်နားရင်း၌၊ ပါးပျဉ်းကိုပြု၍၊ သူ့-သူ့ ဟု ပြုလျက်အိပ်၏။ တတိယမြွေတကောင်သည်ကား၊ ထွက်၍လာလတ်၍၊ ထိုယောက်ျား၏ရှေ့အဘို့ဖြင့်ရှေးရှုတက်၍၊ ဝမ်းကိုရစ်ပတ်၍ ရေမျို လည်ဘင်းအရင်း၌၊ ပါးပျဉ်းကိုပြု၍၊ သူ-သူ့ ဟုပြုလျက်အိပ်၏။ စတုတ္ထ မြွေတကောင်သည်ကား၊ ထွက်၍လာလတ်၍၊ ထိုယောက်ျား၏နောက်

အဘို့ဖြင့်ဖွေးရှုတက်၍၊ လည်ကိုရစ်ပတ်၍၊ဦးခေါင်းထက်၌၊ပါးပျဉ်းကို
ပြု၍၊သူ့-သူ့ဟုပြုလျက်အိပ်၏။ဤသို့၄-ကောင်သောမြွေတို့သည်၊ကိုယ်
၌တည်သည်ဖြစ်ကြကုန်သည်ရှိသော်၊ထို ယောကျ်ား၏ အကျိုးကို လို
လားသော၊ တယောက်သော ယောကျ်ားသည်ကား၊ ထိုယောကျ်ားကို
တွေ့မြင်၍၊ဟေ့ ကွဲ့ယောကျ်ား၊သင်သည်ကားအဘယ်ကိုရထားသနည်း
ဟုမေး၏၊ မေးသောကာလ၊ဟေ့-ကွဲ့ယောကျ်ား၊ လက်၌လက်ကောက်
ကဲ့သို့၊လက်ရုံး၌လက်ရုံးတောင်ကဲ့သို့၊ ဝမ်း၌စလွယ်ကဲ့သို့၊ နား၌နား
သွယ်ပန်းကဲ့သို့၊ လည်၌ ပုလဲသွယ်ကဲ့သို့၊ ဦးခေါင်း၌ မကိုဋ်ကဲ့သို့၊
အလင်္ကာထူးအချိုသာဖြစ်ကုန်သော၊ ဤ ၄-ကောင်သောမြွေတို့ကို၊
မင်းကငါ့အားပေးအပ်ကုန်ပြီဟု၊ ပြောကြားသောကာလ၊ အကျိုးကိုလို
လားသောထိုယောကျ်ားက ပြောကြားလေ၏။ အဘယ်ကဲ့သို့ပြောကြား
လေသနည်း။ ဟေ့ကွဲ့-ဟဲ့ငမိုက်ကန်း၊ မင်းကနှစ်သက်ချင်းကြောင့်၊
ဤသို့သဘောရှိသော၊ အလင်္ကာအဆင်တန်ဆာကို၊ ငါ့အားပေး၏ဟု၊
သင်မထင်မှတ်လင့်။ သင်သည်ကား၊ မင်း၏နှောင်,ကျယ်,ချုပ်ထား၊
ခိုးသူယောကျ်ား။ သင်ခိုးသူယောကျ်ားသည်၊ ဤ၄-ကောင်သောမြွေ
တို့ကို၊လုပ်ကျွေးမွေးမြူချင်း၌လည်း ခဲယဉ်းကုန်၏။ မွေ,ပိုက်,ထုပ်တင်၊
သုမ်သင်ချင်း၌လည်း ခဲယဉ်းကုန်၏။ တကောင်က ထလိုသည်ရှိသော်၊
တကောင်က ရေချိုးလို၏။ တကောင်က ရေချိုးလိုသည် ရှိသော်၊
တကောင်ကစားလိုခဲ့၏။ တကောင်ကစားလိုခဲ့သော်၊ တကောင်ကအိပ်
လိုခဲ့၏။ဤ ၄-ကောင်သောမြွေတို့တွင်၊ တကောင်ကောင်သည်၊ အလိုမ
ပြည့်သည်ဖြစ်အံ့၊ ထိုအလိုမပြည့်သောမြွေတကောင်က၊ ထိုခဏ၌သာ
လျှင်၊သင်ငမိုက်ကန်းကို ကိုက်သတ်သည်ဖြစ်လတံ့။ ဤသို့ ဟုတ်တိုင်း
မှန်စွာပြောကြားရာမှ၊ ခိုးသူယောကျ်ားက၊ ဟေ့-ကွဲ့ယောကျ်ား၊ ဤသို့
ဖြစ်သည်ရှိသော်၊ ချမ်းသာချင်း၏ အကြောင်းရှိသည်ပင်မဟုတ်လော
ဟုမေး၏။ မေးသောကာလ၊ ဟုတ်၏။ ချမ်းသာချင်း၏ အကြောင်း
ရှိသည်ဧကန်၊ အမှန်ပင်ဖြစ်၏။ မင်းချင်း ယောကျ်ားတို့၏၊ ပျံ့လွင့်
သည့်၏အဖြစ်ကိုသိ၍၊ ထွက်ပြေးမှုကား၊ ချမ်းသာချင်း၏ အကြောင်း
တည်းဟု၊ ပြောဆိုပြီး၍၊ သင်သည်ကား၊ ထွက်ပြေးမှုကို၊ ပြုသင့်ပြု
ထိုက်၊ ပြုအပ်သောသူတည်း။ ထိုထွက်ပြေးမှုကို၊ ယခုသင်ပြုလောဟု
ဆို၏။ ထိုစကားကိုကြား၍၊ခိုးသူယောကျ်ားသည်လည်း၊ လက်ဝဲဘက်

လက်ဖြင့်၊ လက်ျာဘက် လက်ကိုရစ်ပတ်၍၊ လက်ျာဘက် နားရင်း၌၊ ပါးပျဉ်းကိုပြု၍အိပ်သောမြွေ၏ကိုယ်ကို၊စမ်းသပ်သကဲ့သို့၊ တဖြေးဖြေး၊ ထိုမြွေကိုပယ်ချ၍၊ ထို့အတူ၊ ကြွင်းသောမြွေတို့ကိုလည်းပယ်ချ၍၊ ထိုမြွေတို့၏ ဘေးကြောင့်၊ ထွက်ပြေး၏။ ထွက်ပြေးသော ကာလ၊ ထို ၄-ကောင်သောမြွေတို့သည်လည်း၊ ဤယောကျ်ားကို၊ငါတို့အား၊မင်းက အလုပ်အကျွေးပေးအပ်ထားသည်တကားဟု၊ ထိုယောကျ်ားကို၊ အစဉ် တစိုက် အမှီလိုက်ကြကုန်၏။ ထိုယောကျ်ားသည်လည်း၊ လာခဲ့သော လမ်းကို၊ ပြန်တလှည့်လှည့်၊ ဤသို့လိုက်ပုံမလိုက်ပုံဟု၊ကြည့်၍ကြည့်၍၊ ပြေးသည်ရှိသော်၊ ထိုယောကျ်ားသည်ပြေးပြီဟု၊ မင်းကကြားသည်ဖြစ်၍၊ အဘယ်သူသည်ကား၊ ထိုယောကျ်ားကို၊ အစဉ်တစိုက်၊ အမှီလိုက်၍၊ သတ်ချင်း၄ါ စွမ်းနိုင်မည်နည်းဟု၊ ရှာဖွေသည်ရှိသော်၊ ရန်သူဖြစ်သော၊ သူသတ်ယောကျ်ား ၅-ယောက်တို့ကိုရ၍၊အမောင်တို့၊သွားကြလေကုန်၊ ထိုယောကျ်ားကို၊ အစဉ်တစိုက်၊ အမှီလိုက်၍၊သတ်ကြလေကုန်ဟု စေလွှတ်၏။ စေလွှတ်သောကာလ၊ ထိုယောကျ်ား၏အကျိုးကို၊ လိုလား ကြကုန်သော၊ ယောကျ်ားတို့သည်၊ ထိုအကြောင်းကို သိ၍၊ ပြောကြားကြကုန်၏။ ပြောကြားသော ကာလ၊ ထိုယောကျ်ားသည် လည်း၊အတိုင်းထက်အလွန် ကြောက်ရကား၊ ပြေးသည်ထက် ပြေး၏။ ရှေးဦးစွာ ၄-ကောင်သောမြွေတို့သည်၊ အစဉ်တစိုက်၊ အမှီလိုက်ကြကုန်သော်လည်း၊ ထိုမှ ဤမှ၊ လှည့်ပတ် ရှာဖွေ၊ ပြေးခဲ့လေ၏။ ယခု ရန်သူဖြစ်သော၊ သူသတ်ယောကျ်ား ၅-ယောက်တို့သည်၊ အစဉ်တစိုက်၊ အမှီလိုက်ကြကုန်သော်လည်း၊ ပြေးသည်ထက် ပြေး၏။ ဤသို့သော နည်းဖြင့် ထိုယောကျ်ားကို၊ ဘမ်းယူချင်း၄ါ မတတ်ကောင်း၊ ဖြားယောင်းသဖြင့် သော်ကားတတ်ကောင်း၏။ ထို့ကြောင့်၊ ငယ်သော ကာလမှစ၍၊ အတူစား၍၊အတူသောက်၍၊ ချစ်ကျွမ်းဝင်သော၊ သူလျှို သူသတ်ယောကျ်ားကို၊ စေလွှတ်ဟု၊ အမတ်တို့စကား ကြားသောမင်း သည်လည်း၊ မရရအောင်ရှာဖွေ၍၊ ၆-ယောက်မြောက်သော၊ အတွင်း သူလျှို၊ သူသတ်ယောကျ်ားကိုလည်း စေလွှတ်၏။ ထိုယောကျ်ားသည် လည်း၊ လာခဲ့သောလမ်းကို၊ ပြန်တလှည့်လှည့်၊ ဤသို့လိုက်ပုံမလိုက်ပုံ ဟု၊ ကြည့်ခဲ့ပြန်သော်၊ ခြေရာကို နမ်း၍ နမ်း၍၊လျင်သော အဟုန်ဖြင့်၊ ပြေးလာ ကြကုန်သော၊ ၄-ကောင်သော မြွေတို့ကိုလည်း တွေ့မြင်ရ

သည်ဖြစ်၍။ ရန်သူဖြစ်သော၊ သူသတ်ယောက်ျား ၅-ယောက်ဘို့ကို လည်း၊ တွေ့မြင်ရသည်ဖြစ်၍။ ဟော့-ကွဲ့အမောင်ယောက်ျား၊ ပြန်သာ ပြန်ခဲ့၊ မပြေးလင့်။ သားခယားနှင့်တကွ၊ ငါးပါးအာရုံ၊ ကာမဂုဏ်တို့ ကိုခံစားလျက်၊ ချမ်းသာစွာ၊ သင်နေရသည်ဖြစ်လတံ့။ ဤသို့ပြောဆို၍ လာသော၊ ၆-ယောက် မြောက်သော၊ အတွင်း သူလျှို၊ သူသတ် ယောက်ျားကိုလည်း၊ တွေ့မြင်ရသည်ဖြစ်၍။ အတိုင်းထက်အလွန်၊ထိုမှ ဤမှ၊ ပြေးရပြန်သော်၊ ပစ္စန္တရာဇ်တိုင်းစွန်၌၊ ရွာရှုဖြစ်သော၊ တခုသော ၆-အိမ်ရှိသော၊ရွာပျက်ကိုတွေ့မြင်ခဲ့၏။ တွေ့မြင်သောကာလ၊ အိပ်ချိန် နေချိန်၊ တအိမ်တအိမ်သို့ ပြေးဝင်ခဲ့၏။ ပြေးဝင်သောကာလ၊ အိပ်နေ ရာအလျှင်း၊ ကင်းသော အိမ်သာလျှင်ထင်၏။ အိပ်နေရာမပြီး၊ အချည်း နှီးသောအိမ်သာလျှင်ထင်၏။ အိပ်နေရာဆို၊ မသိမသိပ်၊ ဆိပ်သောအိမ် သာလျှင်ထင်၏။ ဤသို့ ပြေးဝင်ပြီးသော၊ အိမ်စဉ်မပြတ်၊ လှည့်လည် ပတ်၍၊ တအိမ်တအိမ်၌၊ သောက်ဘွယ်ရှိသည်ဖြစ်လတံ့၊ သောက်အံ့။ စားဘွယ်ရှိသည်ဖြစ်လတံ့၊ စားအံ့ဟု၊ လက်ကိုသွင်း၍၊ အိုးအင်ခွက်ဖုံး၊ သုံးသပ်ခဲ့၏။ သုံးသပ်သောကာလ၊ စားသောက်ဘွယ်အလျှင်း၊ ကင်း သော အိုးအင်ခွက်ဖုံးသာလျှင်ထင်၏။ စားသောက်ဘွယ်မပြီး၊ အချည်း နှီးသော အိုးအင် ခွက်ဖုံးသာလျှင်ထင်၏။ စားသောက်ဘွယ်ဆို၊ မသိ မသိပ်၊ ဆိတ်သောအိုးအင် ခွက်ဖုံးသာလျှင် ထင်၏။ ဤသို့ အိမ်စဉ်မ ပြတ်၊ လှည့်လည်ပတ်၍၊ စားဘွယ် သောက်ရန် လှန်ကာ လှော်ကာ၊ ရှာပါသော်လည်း၊ တစုံတခုကိုမျှ၊ မရသည်ဖြစ်၍၊ ရွာအလယ်၌၊ ထိုင် နေနားသော ထိုယောက်ျားကို၊ အကျိုးလိုလား၊ ယောက်ျားတို့သည်၊ အပ၌ ဖြစ်သော၊ အကြောင်းကိုသိ၍။ ဟော့-ကွဲ့ ယောက်ျား၊ ခိုးသား ၆-ယောက်၊ ယခုဤရွာသို့လာရောက်ကြ၏။ ဤအိမ်၌ ဤသူ့ကိုတွေ့မြင် ရ၏။ ထိုသူ့ကိုဘမ်းမှုလည်းဘမ်း၏။ သတ်မှုလည်းသတ်၏။ သင်မသိ လောဟု၊ပြောကြားကြကုန်၏။ ပြောကြားသောကာလ၊ ထိုမှဤမှ၊ ပြေးရ ပြန်သော်၊ တခုသော ရေပင်လယ်ကို တွေ့မြင်ခဲ့၏။ ဤမှာဘက်၌၊မငြိမ်း မဌေ-ဘေးရှိ၏။ ထိုမှာဘက်၌၊ ငြိမ်း၏-ဌေ၏၊ ဘေးမရှိ။ လူးလာပြန်ခေါက်၊ ထိုမှာဘက်သို့၊ ကူးရောက်ချင်ဌါ၊ တံတားမရှိ၊ လှေမရှိ။ မရှိသည်ကို ထား၊ အကယ်၍သော်ကား၊ ထိုယောက်ျားသည်၊ ရေပင်လယ်ကို ကူး တက်၍၊ ထိုမှာဘက်သို့ ရောက်ပါသော်ကား၊ ၄-ကောင်သောမြွေတို့

သည်လည်း၊ ယနေ့၊ မွမွညက်ညက်၊ ထိုယောက်ျား၏ အသက်ကို ကိုက်၍၊ စွန့်ချင်း၌ါစွမ်းနိုင်ကုန်သည်ဖြစ်လျက်၊ ထိုအခွင့်ကို၊ ငါတို့ယခု၊ မရအပ်သည်၊ ဖြစ်ပြီတကားဟု၊ ကြံမှိုင်ကြကုန်သည်ဖြစ်၍။ ရန်သူဖြစ်သော၊ သူသတ်ယောက်ျား၊ ၅-ယောက်တို့သည်လည်း၊ယနေ့ ဝိုင်းဝန်း၍၊ ထိုယောက်ျား၏ အင်္ဂါကြီးငယ်တို့ကိုဖြတ်၍၊ မင်းရှေ့ထံမှောက်၊ ရောက်ပါသော်ကား၊ အရာအထောင်၊ ဆုလက်ဆောင်ကို၊ ရချင်း၌ါ စွမ်းနိုင်ကုန်သည်ဖြစ်လျက်၊ ထိုအခွင့်ကို၊ ငါတို့ယခု၊ မရအပ်သည်၊ ဖြစ်ပြီတကားဟု၊ ကြံမှိုင်ကြကုန်သည်ဖြစ်၍။ ၆-ယောက် မြောက်သော၊ အတွင်းသူလျှို၊ သူသတ် ယောက်ျားသည်လည်း၊ ဖလ်အဆင်းနှင့် တူသော၊ ဓားသံလျက်ဖြင့်၊ ထိုယောက်ျား၏ဦးခေါင်းကိုဖြတ်၍၊ စစ်သူကြီး အရာကို၊ ရချင်း၌ါစွမ်းနိုင်သည်ဖြစ်လျက်၊ ထိုအခွင့်ကို၊ ငါယခု၊ မရအပ်သည်၊ ဖြစ်ပြီတကားဟု၊ ကြံမှိုင်သည်ဖြစ်၍။ ၆-ယောက်သောခိုးသူယောက်ျားတို့သည်လည်း၊ ယနေ့ ထိုယောက်ျားအား၊ အထူးထူးအပြားပြား၊ ၃၂-ပါးသော ကံကြမ္မာကိုပြု၍၊ များစွာသောဥစ္စာကို၊ ဆောင်စေချင်း၌ါ၊ စွမ်းနိုင်ကုန်သည်ဖြစ်လျက်၊ ထိုအခွင့်ကို၊ငါတို့ယခု၊မရအပ်သည်၊ ဖြစ်ပြီတကားဟု၊ ကြံမှိုင်ကြကုန်သည်ဖြစ်၍။ မင်း၏အာဏာဖြင့်၊ တစုံတယောက်၊ ရောက်သော၌ာန၊ ထိုအရပ်မှ၊ ပြန်ချင်း၌ါလည်း၊ မဝံ့ကြကုန်သည်ဖြစ်၍၊ ထိုအရပ်၌သာလျှင်၊ သွေ့ခြောက်၍၊ သေချင်းတို့သို့၊ ရောက်ခွင့်သင့်ကြကုန်သည်ဖြစ်လျက်။ ဤမှာဘက်မှ၊ ရေပင်လယ်ကိုကူးတက်၍၊ ထိုမှာဘက်သို့၊ ရောက်သော်ကား၊ မရောက်သေး၊ မရောက်သေးသော်လည်း၊ မတွေး-မခေါ်- မမျှော်-မဆ၊ ဒိဋ္ဌကေန်၊ ဘေးရှိ၏၊ဘေးမရှိဟု၊ဆန့်ကျင်ဘက်ဉာဏ်၊ ထိုယောက်ျားအား အမှန်ဖြစ်၏။ ဖြစ်ပုံကား၊ရေပင်လယ်ကား၊ကျယ်ကား ကျယ်၏။ ကျယ်သော်လည်း၊၄-ကောင်သောမြွေ၊ သူသတ်ယောက်ျား ၅-ယောက်၊ အတွင်းသူလျှိုသူသတ်ယောက်ျား၊ ၆-ယောက်သော ခိုးသူယောက်ျား၊ရှိသော အလိုအားဖြင့်၊ ဤမှာဘက်၌ မငြိမ်းမဧ-ဘေးရှိ၏။၄-ကောင်သောမြွေ၊ သူသတ်ယောက်ျား ၅-ယောက်၊အတွင်းသူလျှို သူသတ်ယောက်ျား၊ ၆-ယောက်သော ခိုးသူယောက်ျား၊ မရှိသော အလိုအားဖြင့်၊ ထိုမှာဘက်၌၊ ငြိမ်း၏-ဧ၏၊ ဘေးမရှိဟု၊ မတွေး-မခေါ်-မမျှော်-မဆ၊ ဒိဋ္ဌကေန်၊ ဘေးရှိ၏၊ ဘေးမရှိဟု ဆန့်ကျင်ဘက်ဉာဏ်၊ အမှန်ဖြစ်၏။

ဤသည်ကား၊ အနက်အဓိပ္ပါယ်၊ သိလွယ်စေချင်း၌၊ ပြသော ဥပမာ စကားတည်း။ ။ဤသည်ကား၊ ဤဥပမာစကား၌၊ ပြသောအနက် တည်း။ ။ကဋ္ဌမုခမြွေ၊ ပူတိမုခမြွေ၊ အဂ္ဂိမုခမြွေ၊ သတ္ထမုခမြွေ၊ ၄-ကောင်တို့သည်ကား၊ ၄-ပါးသော မဟာဘုတ်တို့၏ အမည်တည်း။ ကဋ္ဌမုခမြွေသည်ကား၊ ပထဝီဓာတ်၏ အမည်တည်း။ပူတိမုခမြွေသည် ကား၊ အာပေါဓာတ်၏အမည်တည်း။ အဂ္ဂိမုခမြွေသည်ကား၊ တေဇော ဓာတ်၏ အမည်တည်း။ သတ္ထမုခမြွေသည်ကား၊ ဝါယောဓာတ်၏ အမည်တည်း။ ထိုလေးကောင်သော မြွေတို့တွင်၊ ကဋ္ဌမုခမြွေ ကိုက်သောသူ၏ ကိုယ်သည်၊ ကြမ်းထမ်းသကဲ့သို့၊ ထို့အတူ၊ ပထဝီ ဓာတ်ပျက်ချင်းကြောင့်လည်း၊ ကြမ်းထမ်း၏။ ပူတိမုခမြွေကိုက်သောသူ ၏ကိုယ်သည်၊ယိုစီးသကဲ့သို့၊ထို့အတူ၊ အာပေါဓာတ်ပျက်ချင်းကြောင့် လည်း၊ ယိုစီး၏။ အဂ္ဂိမုခမြွေကိုက်သောသူ၏ ကိုယ်သည်၊ လောင် ကျွမ်းသကဲ့သို့၊ ထို့အတူ၊ တေဇောဓာတ် ပျက်ချင်းကြောင့်လည်း၊ လောင်ကျွမ်း၏။သတ္ထမုခမြွေကိုက်သောသူ၏ ကိုယ်သည်၊အပိုင်းအပိုင်း ပြတ်သကဲ့သို့၊ ထို့အတူ၊ ဝါယောဓာတ်ပျက်ချင်းကြောင့်လည်း၊ အပိုင်း အပိုင်းပြတ်၏။ ။ဤသို့ပျက်သဟု-ပျက်သဟု၊ မပြတ်ရှုသော၊ ဘာဂ် ဉာဏ်အလိုအားဖြင့်၊ ပျက်သောသဘော-ဘေးဟုရှုချင်းကြောင့်၊ ဘေး ထင်သော ထိုယောဂီပုဂ္ဂိုလ်အား၊ ၄-ပါးသော မဟာဘုတ်တို့သည်၊ ၄-ကောင်သောမြွေတို့ကဲ့သို့၊ အပြစ်ကြီးအထူအထယ်၊ အစုသဘွယ် ဖြစ်၍ ထင်ကြကုန်၏။

ရန်သူဖြစ်သော၊ သူသတ်ယောက်ျား ၅-ယောက်တို့သည်ကား၊ ၅- ပါးသောခန္ဓာတို့၏ အမည်တည်း။ ခန္ဓာတို့၏ သူသတ်ယောက်ျားနှင့် တူသည်၏အဖြစ်ကို၊ ၂-ပါးသောအခြင်းအရာတို့ဖြင့်သိအပ်၏။ အခြင်း အရာ ၂-ပါးဟူသော်ကား။ ခန္ဓာတို့သည်ကား၊ ခန္ဓာတို့ချင်းချင်း၊ သတ် သောကြောင့်လည်း၊ သူသတ်ယောက်ျားနှင့်တူသော အခြင်းအရာလည်း တပါး။ ရှိသောခန္ဓာ၌၊ သူသတ်ယောက်ျား အမည်ထင်သောကြောင့် လည်း၊ သူသတ်ယောက်ျားနှင့် တူသော အခြင်းအရာလည်းတပါး။ ခန္ဓာတို့မည်သည်ကား၊ ခန္ဓာအားဖြင့် ၅-ပါး၊ ရုပ်နာမ်အားဖြင့် ၂-ပါး။ ထို-၂-ပါးတို့တွင်၊ ရုပ်သည် ရုပ်ကို လည်း သတ်၏။ နာမ်ကိုလည်း

သတ်၏။ ထို့အတူ၊ နာမ်သည် နာမ်ကိုလည်းသတ်၏။ ရုပ်ကိုလည်း သတ်၏။

အဘယ်သို့ ရုပ်သည် ရုပ်ကိုသတ်သနည်း။ ။ပထဝီဓာတ်သည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊သုံးပါးသောဓာတ်တို့ကို၊ ယူ၍သာလျှင်ပျက်၏။ အာပေါဓာတ်သည်၊ ပျက်သော်ကား မိမိချည်း မပျက်။ မိမိမှတပါး၊ သုံးပါးသောဓာတ်တို့ကို၊ ယူ၍သာလျှင် ပျက်၏။ တေဇောဓာတ်သည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသော ဓာတ်တို့ကို၊ ယူ၍သာလျှင်ပျက်၏။ ဝါယော ဓာတ်သည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသော ဓာတ်တို့ကို၊ ယူ၍သာလျှင်ပျက်၏။ ဤသို့ ရုပ်သည်ရုပ်ကိုသာလျှင်သတ်၏။

အဘယ်သို့ရုပ်သည်နာမ်ကိုလည်းသတ်သနည်း။ ။ရူပက္ခန္ဓာသည်၊ ပျက်သော်ကားမိမိချည်းမပျက်၊ မိမိမှတပါး၊ လေးပါးသောနာမက္ခန္ဓာတို့ကိုယူ၍သာလျှင်ပျက်၏။ ဤသို့ ရုပ်သည်နာမ်ကိုလည်းသတ်၏။

အဘယ်သို့နာမ်သည် နာမ်ကိုသတ်သနည်း။ ။ဝေဒနက္ခန္ဓာသည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသောနာမက္ခန္ဓာတို့ကို၊ ယူ၍သာလျှင်ပျက်၏။ သညက္ခန္ဓာသည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသောနာမက္ခန္ဓာတို့ကို၊ ယူ၍သာလျှင် ပျက်၏။ သင်္ခါရက္ခန္ဓာသည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသောနာမက္ခန္ဓာတို့ကို၊ ယူ၍သာလျှင် ပျက်၏။ ဝိညာဏက္ခန္ဓာသည်၊ ပျက်သော်ကား မိမိချည်းမပျက်။ မိမိမှတပါး၊ သုံးပါးသောနာမက္ခန္ဓာတို့ကို၊ ယူ၍သာလျှင်ပျက်၏။ ဤသို့ နာမ်သည်နာမ်ကို သာလျှင်သတ်၏။

အဘယ်သို့နာမ်သည် ရုပ်ကိုလည်းသတ်သနည်း။ ။စုတိမနေ သေသောခဏ၊ လေးပါးသော နာမက္ခန္ဓာတို့သည်၊ ပျက်သော်ကား၊ မိမိတို့ချည်းမပျက်။ မိမိတို့မှတပါး၊ ဟဒယဝတ္ထု ရုပ်ကို ယူ၍သာလျှင် ပျက်ကြကုန်၏။ ဤသို့ နာမ်သည် ရုပ်ကိုလည်းသတ်၏။ ။ဤသို့ ခန္ဓာတို့သည်ကား၊ ခန္ဓာတို့ချင်းချင်း သတ်သောကြောင့်လည်း၊ သူသတ် ယောက်ျားနှင့်တူသည်မည်၏၊

အဘယ်သို့ ရှိသောခန္ဓာ၌၊ သူသတ်ယောက်ျား အမည် ထင်သော ကြောင့်လည်း၊သူသတ်ယောက်ျားနှင့်တူသည်မည်သနည်း။ ။အကြင်

ခန္ဓာဝ္ဒခန္ဓာရှိ၏။ ထိုခန္ဓာဝ္ဒ၊ ဖြတ်ချင်း၊ ပြတ်ချင်း၊သတ်ချင်း၊နှောင့်ယှက်ချင်း စသည်ဖြစ်၏။ ဤသို့ ရှိသောခန္ဓာဝ္ဒ၊ သူသတ်ယောက်ျား အနေည့်ထင် သောကြောင့်လည်း၊ သူသတ်ယောက်ျားနှင့် တူသည်မည်၏။ ဤသို့ ပျက်သဟု–ပျက်သဟု၊မပြတ်ရှုသော၊ ဘင်္ဂဉာဏ်အလိုအားဖြင့်၊ပျက် သောသဘော-ဘေးဟု ရှုချင်းကြောင့်၊ ဘေးထင်သော ထိုယောဂီ ပုဂ္ဂိုလ်အား၊ငါးပါးသောခန္ဓာတို့သည်၊ သူသတ်ယောက်ျားငါးယောက် တို့ကဲ့သို့၊ အပြစ်ကြီးအထုအထယ်၊ အရသာဉ္စယ်ဖြစ်၍ထင်ကြကုန်၏။

ခြောက်ယောက်မြောက်သော၊ အတွင်းသူလျှိုသူသတ်ယောက်ျား မည်သည်ကား၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၏အမည်တည်း။ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၏ သူသတ်ယောက်ျားနှင့် တူသည်၏ အဖြစ်ကို၊ နှစ်ပါးသောအခြင်းအရာတို့ဖြင့်သိအပ်၏။ အခြင်းအရာ နှစ်ပါးဟူသော်ကား။ ဝိပဿနာပညာဦးခေါင်းပြတ်ကျသော အခြင်းအရာလည်းတပါး။ ယောနိသို့ကပ်ရောက်သောအခြင်းအရာလည်းတပါး။ ထိုနှစ်ပါးတို့တွင်၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၏၊ ဝိပဿနာပညာ ဦးခေါင်းပြတ်ကျချင်း ကြောင့်၊ သူသတ်ယောက်ျားနှင့်တူသည်၏ အဖြစ်ကို၊ အဘယ်သို့ သိအပ်သနည်း။ ။မြင်သောခဏ၊ မျက်စိကလည်းကြည်၊ အဆင်း ကလည်းထင်၊ စက္ခုဝိညာဏ် ကလည်း မြင်၊ ဖဿကလည်း တွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံပေါင်း ဆုံကြသောကာလ၊ နှစ်သက် ဘွယ်ရှိသော အဆင်းသည်၊ မျက်စိဝ္ဒထင်သည်ရှိသော်၊ ထိုနှစ်သက် ဘွယ်ရှိသောအဆင်းကိုအာရုံပြု၍၊ လောဘဖြစ်၏။ ဤသို့ နန္ဒီရာဂ၊ ပရိ ယုဋ္ဌာန်လောဘ၊ဖြစ်ကာမျှဖြင့်၊ဝိပဿနာပညာ ဦးခေါင်းပြတ်ကျသည် မည်၏။ ။ကြားသောခဏ၊ နားကလည်းကြည်၊ အသံကလည်းထင်၊ သောတဝိညာဏ်ကလည်းကြား၊ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား။ ငါးပါးစုံပေါင်းဆုံကြသောကာလ၊ နှစ်သက်ဘွယ်ရှိသော အသံ သည်၊ နားဝ္ဒထင်သည်ရှိသော်၊ ထိုနှစ်သက်ဘွယ်ရှိသောအသံကို အာရုံ ပြု၍၊ လောဘဖြစ်၏။ ဤသို့ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၊ဖြစ်ကာမျှ ဖြင့်၊ ဝိပဿနာပညာ ဦးခေါင်းပြတ်ကျသည်မည်၏။ ။နံသောခဏ၊ နှာကလည်းကြည်၊ အနံ့ကလည်းထင်၊ ဃာနဝိညာဏ်ကလည်းနံ၊ဖဿ ကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံ ပေါင်းဆုံကြသော ကာလ၊ နှစ်သက်ဘွယ်ရှိသော အနံ့သည်၊ နှာဝ္ဒထင်သည်ရှိသော်၊ ထို

နှစ်သက်ဘွယ်ရှိသောအနံ့ကိုအာရုံပြု၍၊ လောဘဖြစ်၏။ ဤသို့ နန္ဒိရာဂ၊ ပရိယုဋ္ဌာန်လောဘ၊ ဖြစ်ကာမျှဖြင့်၊ ဝိပဿနာ ပညာဦးခေါင်းပြတ်ကျသည်မည်၏။ ။စားသောခဏ၊ လျှာကလည်း ကြည်၊ အရသာ ကလည်းထင်၊ ဇိဝှါဝိညာဏ်ကလည်းစား၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ငါးပါးစုံ ပေါင်းဆုံကြသောကာလ၊ နှစ်သက်ဘွယ်ရှိသော အရသာသည်၊ လျှာ၌ထင်သည်ရှိသော်၊ ထိုနှစ်သက်ဘွယ်ရှိသော အရသာကို၊ အာရုံပြု၍၊ လောဘဖြစ်၏။ ဤသို့ နန္ဒိရာဂ၊ ပရိယုဋ္ဌာန်လောဘ၊ ဖြစ်ကာမျှဖြင့်၊ ဝိပဿနာပညာ ဦးခေါင်းပြတ်ကျသည်မည်၏။ ။ထိသောခဏ၊ကိုယ်ကလည်း ကြည်၊ အတွေ့ကလည်းထင်၊ ကာယဝိညာဏ်ကလည်း ထိ၊ ဖဿကလည်း တွေ့၊ ဝေဒနာကလည်း ခံစား၊ငါးပါးစုံပေါင်း ဆုံကြသောကာလ၊ နှစ်သက်ဘွယ်ရှိသော အတွေ့သည်၊ ကိုယ်၌ထင်သည် ရှိသော်၊ ထိုနှစ်သက်ဘွယ် ရှိသော အတွေ့ကို၊အာရုံပြု၍၊လောဘဖြစ်၏။ဤသို့ နန္ဒိရာဂ၊ပရိယုဋ္ဌာန်လောဘ၊ ဖြစ်ကာမျှဖြင့်၊ ဝိပဿနာပညာ ဦးခေါင်းပြတ်ကျသည် မည်၏။ ။ သိသောခဏ၊ မနောကလည်းကြည်၊ သဘောကလည်းထင်၊ မနောဝိညာဏ်ကလည်းသိ၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံပေါင်းဆုံကြသော ကာလ၊နှစ်သက်ဘွယ်ရှိသောသဘောသည်၊ မနော၌ ထင်သည်ရှိသော်၊ ထိုနှစ်သက်ဘွယ်ရှိသော သဘောကို၊ အာရုံပြု၍၊ လောဘဖြစ်၏။ဤသို့ နန္ဒိရာဂ၊ ပရိယုဋ္ဌာန်လောဘ၊ ဖြစ်ကာမျှဖြင့်၊ ဝိပဿနာပညာ ဦးခေါင်းပြတ်ကျသည်မည်၏။ ဤသို့ နန္ဒိရာဂ၊ ပရိယုဋ္ဌာန်လောဘ၏၊ ဝိပဿနာပညာ ဦးခေါင်း ပြတ်ကျချင်းကြောင့်၊ သူသတ်ယောက်ျားနှင့် တူသည်၏ အဖြစ်ကိုသိအပ်၏။

အဘယ်သို့ နန္ဒိရာဂ၊ပရိယုဋ္ဌာန်လောဘ၏ ယောနိသို့ ကပ်ရောက်ချင်းကြောင့်၊ သူသတ် ယောက်ျားနှင့် တူသည်၏ အဖြစ်ကို သိအပ်သနည်း။

မြင်သောခဏ၊ မျက်စိ ကလည်း ကြည်၊ အဆင်း ကလည်း ထင်၊ စက္ခုဝိညာဏ်ကလည်းမြင်၊ဖဿကလည်းတွေ့၊ဝေဒနာကလည်းခံစား၊ ငါးပါးစုံပေါင်းဆုံကြသောကာလ၊ မျက်စိကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ မျက်စိ၌တပ်မက်ရာကျ၊ တဏှာနှသယ။အဆင်းကို၊ ဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ အဆင်း၌တပ်မက်ရာကျ၊

တဏှာနုသယ။ မြင်ချင်းကို၊ ဟုတ်သောအတိုင်း၊ မသိမမြင်သည့်ရှိသော် မြင်ချင်း၌ တပ်မက်ရာကျ၊ တဏှာနုသယ။ တွေ့ချင်းကို၊ ဟုတ်သော အတိုင်း၊ မသိမမြင်သည့်ရှိသော်၊ တွေ့ချင်း၌ တပ်မက်ရာကျ၊ တဏှာ နုသယ။ ခံစားချင်းကို၊ ဟုတ်သောအတိုင်း၊ မသိမမြင်သည့် ရှိသော်၊ ခံစားချင်း၌တပ်မက်ရာကျ၊ တဏှာနုသယ။ ။ဤသို့ တပ်မက်သော အလေ့ သဘော ရှိသည်ဖြစ်၍၊ တွေဝေသော အလေ့သဘော ရှိသည် ဖြစ်၍၊ ဘဝတဖန်နှင့်ယှဉ်သောအလေ့သဘောရှိသည်ဖြစ်၍၊ တပ်မက် နှစ်သက်ဘွယ်ဟု ရှုသောအလေ့သဘောရှိသည်ဖြစ်၍၊ နေသောထိုသူ့ အား၊ ဥပါဒါန်တရား ၄-ပါးတို့၏အာရုံဖြစ်ကုန်သော၊ ၅-ပါးသော ခန္ဓာ တို့သည်၊ နောင်တဖန် အသစ်၊ ဘဝဖြစ်သောအလိုအားဖြင့်၊ တိုးပွါး ချင်းသို့ ရောက်ကြကုန်၏။ တပ်မက်ရာကျ၊ တဏှာနုသယသည်လည်း၊ တဖန်အသစ်၊ ဘဝကိုဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ပီတိဖြင့် နှစ်သက်တတ်သော၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘနှင့်တကွဖြစ်၏။ထိုထို အာရုံဘုံဘဝသို့၊ ရှေ့ရှုနှစ်သက်တတ်သောအလေ့သဘောရှိ၏။ ထိုတပ် မက်ရာကျ၊ တဏှာနုသယသည်လည်း၊ ထိုသူ့အားတိုးပွါးခဲ့၏။

ကြားသောခဏ၊နားကလည်းကြည် အသံကလည်းထင်၊ သောတ ဝိညာဏ်ကလည်းကြား၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံပေါင်းဆုံကြသောကာလ၊နားကိုဟုတ်သောအတိုင်း၊မသိ မမြင် သည့်ရှိသော်၊နား၌တပ်မက်ရာကျ၊ တဏှာနုသယ။ အသံကိုဟုတ်သော အတိုင်း၊ မသိမမြင်သည့်ရှိသော်၊ အသံ၌တပ်မက်ရာကျ၊ တဏှာနုသယ။ ကြားချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည့်ရှိသော်၊ ကြားချင်း၌ တပ်မက်ရာကျ၊ တဏှာနုသယ။ တွေ့ချင်းကို ဟုတ်သောအတိုင်း၊ မသိ မမြင်သည့်ရှိသော်၊ တွေ့ချင်း၌ တပ်မက်ရာကျ၊ တဏှာနုသယ။ ခံစား ချင်းကို ဟုတ်သော အတိုင်း၊ မသိမမြင်သည့်ရှိသော်၊ ခံစားချင်း၌ တပ် မက်ရာကျ၊ တဏှာနုသယ။ ဤသို့ တပ်မက်သော အလေ့ သဘော ရှိသည်ဖြစ်၍၊ တွေဝေသော အလေ့သဘောရှိသည်ဖြစ်၍၊ ဘဝတဖန် နှင့်ယှဉ်သောအလေ့သဘောရှိသည်ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟု၊ ရှုသောအလေ့သဘောရှိသည်ဖြစ်၍၊ နေသောထိုသူ့အား၊ဥပါဒါန်တရား ၄-ပါးတို့၏အာရုံဖြစ်ကုန်သော၊ ငါးပါးသောခန္ဓာတို့သည်၊ နောင်တဖန် အသစ်၊ ဘဝဖြစ်သောအလိုအားဖြင့်၊ တိုးပွါးချင်းသို့ ရောက်ကြကုန်၏။

တပ်မက်ရာကျ၊ တဏှာနုသယသည်လည်း၊ တဖန်အသစ်၊ ဘဝကိုဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ပီတိဖြင့် နှစ်သက်တတ်သော၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန် လောဘနှင့်တကွ ဖြစ်၏။ ထိုထိုအာရုံဘုံဘဝသို့၊ ရှေးရှု နှစ်သက်တတ်သော အလေ့သဘောရှိ၏။ ထို တပ်မက်ရာကျ၊ တဏှာနုသယသည်လည်း၊ ထိုသူ့အားတိုးပွါးခဲ့၏။

နံသောခဏ၊ နှာကလည်းကြည်၊ အနံ့ကလည်းထင်၊ ဃာနဝိညာဏ်ကလည်းနံ၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်း ခံစား၊ ငါးပါးစုံပေါင်းဆုံကြသော ကာလ၊ နှာကို ဟုတ်သော အတိုင်း၊ မသိ မမြင်သည်ရှိသော်၊ နှာ၌ တပ်မက်ရာကျ၊ တဏှာနုသယ။ အနံ့ကို ဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ အနံ့၌တပ်မက်ရာကျ၊ တဏှာနုသယ။ နံချင်းကိုဟုတ်သောအတိုင်း၊ မသိ မမြင်သည်ရှိသော်၊ နံချင်း၌ တပ်မက်ရာကျ၊ တဏှာနုသယ။ တွေ့ချင်းကို ဟုတ်သော အတိုင်း၊ မသိ မမြင်သည်ရှိသော်၊ တွေ့ချင်း၌ တပ်မက်ရာကျ၊ တဏှာနုသယ။ ခံစားချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ ခံစားချင်း၌တပ်မက်ရာကျ၊ တဏှာနုသယ။ ဤသို့ တပ်မက်သောအလေ့ သဘောရှိသည်ဖြစ်၍၊ တွေ့ဝေသောအလေ့သဘောရှိသည်ဖြစ်၍၊ ဘဝတဖန်နှင့်ယှဉ်သောအလေ့သဘောရှိသည်ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟု ရှုသောအလေ့သဘောရှိသည်ဖြစ်၍၊ နေသောထိုသူအား၊ ဥပါဒါန်တရား ၄-ပါးတို့၏အာရုံဖြစ်ကုန်သော၊ ငါးပါးသောခန္ဓာတို့သည်၊ နောင်တဖန်အသစ်၊ ဘဝဖြစ်သောအလိုအားဖြင့်၊ တိုးပွါးချင်းသို့ ရောက်ကြကုန်၏။ တပ်မက်ရာကျ၊ တဏှာနုသယသည်လည်း၊ တဖန်အသစ်၊ ဘဝကိုဖြစ်စေတတ်သောအလေ့သဘောရှိ၏။ ပီတိဖြင့်နှစ်သက်တတ်သော၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘနှင့်တကွဖြစ်၏။ ထိုထိုအာရုံဘုံဘဝသို့၊ ရှေးရှုနှစ်သက်တတ်သောအလေ့သဘောရှိ၏။ ထိုတပ်မက်ရာကျ၊ တဏှာနုသယသည်လည်း၊ ထိုသူ့အားတိုးပွါးခဲ့၏။

စားသောခဏ၊ လျှာကလည်းကြည်၊ အရသာကလည်းထင်၊ ဇိဝှါဝိညာဏ်ကလည်းစား၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ငါးပါးစုံပေါင်းဆုံကြသောကာလ၊ လျှာကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ လျှာ၌တပ်မက်ရာကျ၊ တဏှာနုသယ။ အရသာကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ အရသာ၌တပ်မက်ရာကျ၊

တဏှာနှသယ။ စားချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည့်ရှိသော်၊ စားချင်း၌တပ်မက်ရာကျ၊ တဏှာနုသယ။ တွေ့ချင်းကိုဟုတ်သော အတိုင်းမသိမမြင်သည့်ရှိသော်၊ တွေ့ချင်း၌တပ်မက်ရာကျ၊ တဏှာနုသယ။ ခံစားချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည့်ရှိသော်၊ ခံစားချင်း၌တပ်မက်ရာကျ၊ တဏှာနုသယ။ ဤသို့ တပ်မက်သောအလေ့သဘော ရှိသည့်ဖြစ်၍၊ တွေဝေသောအလေ့သဘောရှိသည့်ဖြစ်၍၊ ဘဝတဖန်နှင့် ယှဉ်သော အလေ့သဘောရှိသည့်ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟု ရှုသောအလေ့သဘော ရှိသည့်ဖြစ်၍၊ နေသောထိုသူ့အား၊ ဥပါဒါန်တရား ၄-ပါးတို့၏အာရုံဖြစ်ကုန်သော၊ ငါးပါးသောခန္ဓာတို့သည်၊ နောင်တဖန် အသစ်၊ ဘဝဖြစ်သောအလိုအားဖြင့်၊ တိုးပွါးချင်းသို့ရောက်ကြကုန်၏။ တပ်မက်ရာကျ၊ တဏှာနုသယ သည့်လည်း၊ တဖန်အသစ်၊ ဘဝကို ဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ပီတိဖြင့် နှစ်သက်တတ်သော၊ နန္ဒိရာဂ၊ ပရိယုဋ္ဌာန်လောဘနှင့်တကွဖြစ်၏။ ထိုထိုအာရုံ ဘုံဘဝသို့၊ ရှေးရှုနှစ်သက်တတ်သောအလေ့သဘောရှိ၏။ ထိုတပ်မက်ရာကျ၊ တဏှာ နုသယသည့်လည်း၊ ထိုသူ့အားတိုးပွါးခဲ့၏။

ထိုသောခဏ၊ ကိုယ်ကလည်းကြည်၊ အတွေ့ကလည်းထင်၊ ကာယ ဝိညာဏ်ကလည်းထိ၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ ငါး ပါးစုံပေါင်းဆုံကြသောကာလ၊ ကိုယ်ကိုဟုတ်သောအတိုင်း၊ မသိမမြင် သည့်ရှိသော်၊ ကိုယ်၌တပ်မက်ရာကျ၊ တဏှာနုသယ။ အတွေ့ကိုဟုတ် သောအတိုင်း၊ မသိမမြင်သည့်ရှိသော်၊ အတွေ့၌တပ်မက်ရာကျ၊ တဏှာ နုသယ။ ထိချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည့်ရှိသော်၊ ထိချင်း၌ တပ်မက်ရာကျ၊ တဏှာနုသယ။ တွေ့ချင်းကိုဟုတ်သောအတိုင်း၊ မသိ မမြင်သည့်ရှိသော်၊ တွေ့ချင်း၌တပ်မက်ရာကျ၊ တဏှာနုသယ။ ခံစားချင်း ကို ဟုတ်သောအတိုင်း၊ မသိမမြင်သည့်ရှိသော်၊ ခံစားချင်း၌တပ်မက်ရာ ကျ၊ တဏှာနုသယ။ ဤသို့ တပ်မက်သော အလေ့သဘောရှိသည့် ဖြစ်၍၊ တွေဝေသော အလေ့သဘောရှိသည့်ဖြစ်၍၊ ဘဝတဖန်နှင့်ယှဉ်သော အလေ့သဘောရှိသည့်ဖြစ်၍၊ တပ်မက်နှစ်သက်ဘွယ်ဟုရှုသော အလေ့ သဘောရှိသည့်ဖြစ်၍၊ နေသောထိုသူ့အား၊ ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော၊ ငါးပါးသောခန္ဓာတို့သည်နောင်တဖန်အသစ်၊ ဘဝ ဖြစ်သောအလိုအားဖြင့်၊ တိုးပွါးချင်းသို့ရောက်ကြကုန်၏။ တပ်မက်ရာကျ၊

တဏှာနှသယသည်လည်း၊ တဖန်အသစ်၊ ဘဝကိုဖြစ်စေတတ်သော အလေ့သဘောရှိ၏။ ပီတိဖြင့်နှစ်သက်တတ်သော၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန် လောဘနှင့်တကွဖြစ်၏။ထိုထိုအာရုံဘုံဘဝသို့၊ ရှေ့ရှုနှစ်သက်တတ်သော အလေ့သဘောရှိ၏။ ထိုတပ်မက်ရာကျ၊ တဏှာနှသယသည်လည်း၊ ထိုသူ့အားတိုးပွါးခဲ့၏။

သိသောခဏ၊ မနောကလည်းကြည်၊သဘောကလည်းထင်၊မနော ဝိညာဏ်ကလည်းသိ၊ ဖဿကလည်းတွေ့၊ ဝေဒနာကလည်းခံစား၊ငါး ပါးစုံပေါင်းဆုံကြသောကာလ၊ မနောကိုဟုတ်သောအတိုင်း၊ မသိမမြင် သည်ရှိသော်၊ မနော၌တပ်မက်ရာကျ၊ တဏှာနှသယ။ သဘောကို ဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ သဘော၌တပ်မက်ရာကျ၊ တဏှာနှသယ။ သိချင်းကိုဟုတ်သောအတိုင်း၊ မသိမမြင်သည်ရှိသော်၊ သိချင်း၌ တပ်မက်ရာကျ၊ တဏှာနှသယ။ တွေ့ချင်းကို ဟုတ်သော အတိုင်း၊ မသိမမြင်သည်ရှိသော်၊ တွေ့ချင်း၌တပ်မက်ရာကျ၊ တဏှာ နှသယ။ ခံစားချင်းကို ဟုတ်သောအတိုင်းမသိမမြင်သည်ရှိသော်၊ခံစား ချင်း၌ တပ်မက်ရာကျ၊ တဏှာနှသယ။ ဤသို့ တပ်မက်သောအလေ့ သဘောရှိသည်ဖြစ်၍၊ တွေဝေသော အလေ့သဘောရှိသည်ဖြစ်၍၊ဘဝ တဖန်နှင့် ယှဉ်သော အလေ့သဘောရှိသည်ဖြစ်၍၊ တပ်မက် နှစ်သက် ဘွယ်ဟု၊ ရှုသော အလေ့သဘောရှိသည်ဖြစ်၍၊ နေသော ထိုသူ့အား၊ ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော၊ ငါးပါးသော ခန္ဓာတို့ သည်၊ နောင်တဖန်အသစ်၊ ဘဝဖြစ်သောအလိုအားဖြင့်၊ တိုးပွါးချင်းသို့ ရောက်ကြကုန်၏။ တပ်မက်ရာကျ၊ တဏှာနှသယသည်လည်း၊ တဖန် အသစ်၊ ဘဝကိုဖြစ်စေတတ်သော အလေ့သဘောရှိ၏။ပီတိဖြင့်နှစ်သက် တတ်သော၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘနှင့် တကွဖြစ်၏။ ထိုထိုအာရုံ ဘုံဘဝသို့၊ ရှေ့ရှုနှစ်သက်တတ်သော အလေ့သဘောရှိ၏။ ထိုတပ်မက် ရာကျ၊ တဏှာနှသယသည်လည်း၊ ထိုသူ့အား တိုးပွါးခဲ့၏။ ။ဤသို့ တပ်မက်ရာကျ၊ တဏှာနှသယ၊ တဖန်အသစ်၊ ဖြစ်စေသော ထိုဘဝ သည်လည်း၊ ကာလအားဖြင့် ၃-ပါး။ တောင်းတသော ကာလလည်း တပါး။အားထုတ်သောကာလလည်းတပါး။ရသောကာလလည်းတပါး။ ထို ၃-ပါးတို့တွင်၊ တပ်မက်ရာကျ၊ တဏှာနှသယ၊ အသစ်အသစ်ကျ သော ခဏသည်ကား၊ တောင်းတသောကာလမည်၏။ တစုံတခု၊ ကံပြု

ဖသော ခဏခဏသည်ကား၊ အားထုတ်သောကာလမည်၏။ ပဋိသန္ဓေ နေသော ခဏခဏသည်ကား၊ ရသောကာလမည်၏။ ဤသို့ ပဋိသန္ဓေ နေသော ခဏခဏ၊ ရသောကာလ၊ ထိုဘဝသည်လည်း၊ ယောနိအား ဖြင့် ၄-ပါး။ အဏ္ဍဇယောနိလည်းတပါး။ ဇလာဗုဇ ယောနိလည်း တပါး။ သံသေဒဇယောနိလည်းတပါး။ ဩပပါတိက ယောနိလည်း တပါး။ ထို ၄-ပါးတို့တွင်၊ အဥ၌ ပဋိသန္ဓေနေသော၊ သတ္တဝါမျိုးသည် ကား၊ အဏ္ဍဇယောနိမည်၏။ အမိဝမ်း၌ ပဋိသန္ဓေနေသော သတ္တဝါမျိုး သည်ကား၊ ဇလာဗုဇယောနိမည်၏။အညှိ၌ ပဋိသန္ဓေနေသောသတ္တဝါ မျိုးသည်ကား၊ သံသေဒဇ ယောနိမည်၏။ ၁၅-နှစ် အသွင်အပြင်၊ ကိုယ်ထင်ဖြစ်သော သတ္တဝါမျိုးသည်ကား၊ ဩပပါတိက ယောနိမည် ၏။ ဤ ၄-ပါးသော ယောနိကို၊ ပဋိသန္ဓေကစုတိကျအောင်၊ ရွက်ဆောင် ခွင့်သင့်၊ ဖင့်မနှေးလည်း၊ နည်းပေးသွန်သင်၊ အမည်တင်၍၊ စီရင်တတ် သော၊ ထိုနန္ဒီရာဂ၊ ပရိယုဋ္ဌာန် လောဘသည်လည်း၊ စီရင်ချင်း၌၊ ယောနိသို့သာ ကပ်ရောက်လာ၏။ ထိုနန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘ၏၊ ယောနိသို့ကပ်ချင်းလျှင် အကြောင်းရင်း ရှိကုန်သော၊ မင်းမှဖြစ်သော ဘေး၊ ခိုးသူမှ ဖြစ်သောဘေး အစရှိကုန်သော၊ ၂၅-ပါးသောဘေး။ ဦးခေါင်းကိုဖြတ်ချင်း၊ ခြေလက်ကိုဖြတ်ချင်းအစရှိကုန်သော၊ ၃၂-ပါး သောကံ ကြမ္မာတို့သည်လည်း၊အစေခံချင်း၌၊ ယောနိသို့သာ၊ လာကြ ကုန်၏။ဤသို့ နန္ဒီရာဂ၊ပရိယုဋ္ဌာန်လောဘ၏၊ယောနိသို့ ကပ်ရောက်ချင်း ကြောင့်၊ သူသတ်ယောက်ျားနှင့်တူသည်၏ အဖြစ်ကိုသိအပ်၏။ ဤသို့ ပျက်သဟု-ပျက်သဟု၊ မပြတ်ရှုသော၊ ဘင်္ဂဉာဏ် အလိုအားဖြင့်၊ ပျက်သော သဘော-ဘေးဟု ရှုချင်းကြောင့်၊ဘေးထင်သော၊ ထိုယောဂီ ပုဂ္ဂိုလ်အား၊ နန္ဒီရာဂ၊ ပရိယုဋ္ဌာန်လောဘသည်၊ ၆-ယောက်မြောက် သော၊ အတွင်း သူလျှို သူသတ်ယောက်ျားကဲ့သို့၊ အပြစ်ကြီးအထု အထယ်၊ အစုသဘွယ်ဖြစ်၍ထင်၏။

ဆိတ်သောရွာမည်သည်ကား၊ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန၊ အဇ္ဈတ္တိကာ ယတန ၆-ပါးတို့၏အမည်တည်း။ ထို ၆-ပါးတို့တွင်၊

စက္ခာယတနကို မျက်စိဟု၊ အကယ်၍ ဆင်ခြင်သည်ဖြစ်အံ့၊ ငါ-ငါ့ ဥစ္စာအလျှင်း၊ကင်းသောမျက်စိသာလျှင်ထင်၏။ငါ-ငါ့ဥစ္စာမပြီး၊အချည်း

နှိုး သောမျက်စိသာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာဆို၊ မသိမသိပ်၊ ဆိတ်သော မျက်စိသာလျှင်ထင်၏။

သောတာယတနကို နားဟု၊ အကာယ်၍ ဆင်ခြင်သည့်ဖြစ်အံ့၊ငါ-ငါ့ ဥစ္စာအလျှင်း၊ကင်းသောနားသာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာမပြီး၊အချည်းနှီး သောနားသာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာဆို၊မသိမသိပ်၊ဆိတ်သော နားသာ လျှင် ထင်၏။

ဃာနာယတနကို နှာဟု၊အကာယ်၍ ဆင်ခြင်သည့်ဖြစ်အံ့၊ ငါ-ငါ့ဥစ္စာ အလျှင်း၊ ကင်းသော နှာသာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာမပြီး၊ အချည်းနှီး သောနှာသာလျှင် ထင်၏။ ငါ-ငါ့ဥစ္စာဆို၊ မသိမသိပ်၊ ဆိတ်သောနှာသာ လျှင် ထင်၏။

ဇိဝှါယတနကို လျှာဟု၊ အကာယ်၍ ဆင်ခြင်သည့်ဖြစ်အံ့၊ ငါ-ငါ့ ဥစ္စာအလျှင်း၊ကင်းသောလျှာသာလျှင်ထင်၏။ငါ-ငါ့ဥစ္စာမပြီး၊အချည်းနှီး သော လျှာသာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာဆို၊ မသိမသိပ်၊ ဆိတ်သောလျှာ သာလျှင်ထင်၏။

ကာယာယတနကို ကိုယ်ဟု၊ အကာယ်၍ဆင်ခြင်သည့်ဖြစ်အံ့၊ငါ-ငါ့ ဥစ္စာအလျှင်း၊ ကင်းသော ကိုယ်သာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာ မပြီး၊ အချည်းနှီးသော ကိုယ်သာလျှင်ထင်၏။ ငါ-ငါ့ ဥစ္စာဆို၊ မသိမသိပ် ဆိတ်သောကိုယ်သာလျှင်ထင်၏။

မနာယတနကို စိတ်ဟု၊ အကာယ်၍ဆင်ခြင်သည့်ဖြစ်အံ့၊ ငါ-ငါ့ ဥစ္စာအလျှင်း၊ ကင်းသောစိတ်သာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာမပြီး အချည်း နှီးသောစိတ်သာလျှင်ထင်၏။ ငါ-ငါ့ဥစ္စာဆို၊ မသိမသိပ်၊ဆိတ်သောစိတ် သာလျှင်ထင်၏။

ဤသို့ ပျက်သဟု-ပျက်သဟု၊ မပြတ်ရှုသော၊ဘင်ဉာဏ်အလိုအားဖြင့် ပျက်သောသဘော–ဘေးဟုရှုချင်းကြောင့်၊ ဘေးထင်သောထိုယောဂီ ပုဂ္ဂိုလ်အား၊ အဇ္ဈတ္တိကာယတန ၆-ပါးတို့သည်၊ ဆိတ်သောရွာကဲ့သို့၊ အပြစ်ကြီးအထု အထယ်၊ အစုသဘွယ်ဖြစ်၍ထင်ကြကုန်၏၊

ခြောက်ယောက်သော ခိုးသူယောကျ်ားမည်သည်ကား၊ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယ တန။ ဗာဟိရာယတန ၆-ပါးတို့၏အမည်တည်း။ ထို ၆-ပါးတို့တွင်၊

မျက်စိသည်၊ နှစ်သက်ဘွယ်သောအဆင်း၊ မနှစ်သက်ဘွယ်သော အဆင်းတို့ဖြင့်၊ ဝိပဿနာစိတ်၊ ကုသိုလ်ထုပ်၊ ဥစ္စာကိုလည်းလုယူ၏။ အားထုတ်သောသူ၊ လူကိုလည်းသတ်၏။

နားသည်၊ နှစ်သက်ဘွယ်သောအသံ၊ မနှစ်သက်ဘွယ်သောအသံ တို့ဖြင့်၊ ဝိပဿနာစိတ်၊ ကုသိုလ်ထုပ်၊ဥစ္စာကိုလည်းလုယူ၏။ အားထုတ် သောသူ၊ လူကိုလည်းသတ်၏။

နှာသည်၊ နှစ်သက်ဘွယ်သောအနံ့၊ မနှစ်သက်ဘွယ်သော အနံ့တို့ ဖြင့်၊ ဝိပဿနာစိတ်၊ ကုသိုလ်ထုပ်၊ ဥစ္စာကိုလည်းလုယူ၏။ အားထုတ် သောသူ၊ လူကိုလည်းသတ်၏။

လျှာသည်၊ နှစ်သက်ဘွယ်သောအရသာ၊ မနှစ်သက်ဘွယ်သောအ ရသာတို့ဖြင့်၊ ဝိပဿနာစိတ်၊ ကုသိုလ်ထုပ်၊ ဥစ္စာကိုလည်းလုယူ၏။ အားထုတ်သောသူ၊ လူကိုလည်းသတ်၏။

ကိုယ်သည်၊ နှစ်သက်ဘွယ်သောအတွေ့၊ မနှစ်သက်ဘွယ်သောအ တွေ့တို့ဖြင့်၊ ဝိပဿနာစိတ်၊ကုသိုလ်ထုပ်၊ဥစ္စာကိုလည်းလုယူ၏။ အား ထုတ်သောသူ၊ လူကိုလည်းသတ်၏။

စိတ်သည်၊ နှစ်သက်ဘွယ်သောသဘော၊ မနှစ်သက်ဘွယ်သော သဘောတို့ဖြင့်၊ ဝိပဿနာစိတ်၊ ကုသိုလ်ထုပ်၊ ဥစ္စာကိုလည်းလုယူ၏။ အားထုတ်သောသူ၊ လူကိုလည်းသတ်၏။

ဤသို့ ပျက်သဟ-ပျက်သဟ၊ မပြတ်ရှုသောဘင်္ဂဉာဏ် အလိုအား ဖြင့်၊ ပျက်သောသဘော-ဘေးဟုရှုချင်းကြောင့်၊ ဘေးထင်သော ထို ယောဂီပုဂ္ဂိုလ်အား၊ဗာဟိရာယတန၆-ပါးတို့သည်၊၆-ယောက်သောခိုး သူယောကျ်ားတို့ကဲ့သို့၊ အပြစ်ကြီးအထုအထယ်၊ အစုသဘွယ် ဖြစ်၍ ထင်ကြကုန်၏။

နှောင်-ကျယ်-ချုပ်ထား၊နိုးသူယောကျ်ားမည်သည်ကား။ယောဂီ ပုဂ္ဂိုလ်၏ အမည်တည်း။ ရေပင်လယ် မည်သည်ကား၊ ကာမောဃ၊ ဘဝေါဃ၊ဒိဋ္ဌောဃ၊အဝိဇ္ဇောဃ၊၄-ပါးသောဩဃတို့၏အမည်တည်း။ မငြိမ်းမဧး၊ ဘေးရှိသော ဤမှာဘက်မည်သည်ကား၊ သက္ကာယခေါ်ဆို၊ မိမိကိုယ်၏ အမည်တည်း။ ငြိမ်း၏-ဧး၏၊ ဘေးမရှိသော၊ ထိုမှာဘက် မည်သည်ကား၊နိဗ္ဗာန်၏အမည်တည်း။ လူးလာပြန်ခေါက်၊ နိဗ္ဗာန်ခေါ်ဆို

ထိုမှာဘက်သို့၊ ကူးရောက်ချင်း၌၊ တံတားမရှိ၊ လှေမရှိ။ မရှိသည့်ကိုထား၊ အကယ်၍သော်ကား၊ ယောက်ျားယောဂီ၊ ထိုပုဂ္ဂိုလ်သည်၊ ဩဃလေးသွယ်၊ ရေပင်လယ်ကိုကူးတက်၍၊ နိဗ္ဗာန်ခေါ်ဆို၊ ထိုမှာဘက်သို့၊ ရောက်ပါသော်ကား။ ဘဝ ၃-ပါး၊ ယောနိ ၄-ပါး၊ ဂတိ ၅-ပါး၊ ဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါး၊ မဟာဘုတ် ၄-ပါး၊ ခန္ဓာ ၅-ပါး၊ အဇ္ဈတ္တိကာယတန ၆-ပါး၊ ဗာဟိရာယတန ၆-ပါးတို့သည်၊ သွားလှည့်တဖန်၊ ပြန်လှည့်မကြွင်း၊ မရှိချင်းသက်သက်၊ ပျောက်ပျက်ချင်းတို့သို့၊ ရောက်ခွင့်သင့်ကြကုန်သည်ဖြစ်လျက်၊ သက္ကာယခေါ်ဆို၊ မိမိကိုယ် ဤမှာဘက်မှ၊ ဩဃလေးသွယ်၊ ရေပင်လယ်ကိုကူးတက်၍၊ နိဗ္ဗာန်ခေါ်ဆို၊ ထိုမှာဘက်သို့ရောက်သော်ကားမရောက်သေး။ မရောက်သေးသော်လည်း၊ မတွေး, မခေါ်, မမျှော်, မဆ၊ ဒိဋ္ဌေကန်၊ ဘေးရှိ၏၊ ဘေးမရှိဟု၊ ဆန့်ကျင်ဘက်ဉာဏ်၊ ထိုယောဂီပုဂ္ဂိုလ်အားအမှန်ဖြစ်၏။ ဖြစ်ပုံကား။ ဘဝ ၃-ပါး၊ ယောနိ ၄-ပါး၊ ဂတိ ၅-ပါး၊ ဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါး၊ မဟာဘုတ် ၄-ပါး၊ ခန္ဓာ ၅-ပါး၊ အဇ္ဈတ္တိကာယတန ၆-ပါး၊ ဗာဟိရာယတန ၆-ပါး၊ ရှိသောအလိုအားဖြင့်၊ သက္ကာယခေါ်ဆို၊ မိမိကိုယ်ဤမှာဘက်၌ မငြိမ်းမဇေး၊ ဘေးရှိ၏။ ဘဝ ၃-ပါး၊ ယောနိ ၄-ပါး၊ ဂတိ ၅-ပါး။ ဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါး၊ မဟာဘုတ် ၄-ပါး၊ ခန္ဓာ ၅-ပါး၊ အဇ္ဈတ္တိကာယတန ၆-ပါး၊ ဗာဟိရာယတန ၆-ပါး၊ မရှိသောအလိုအားဖြင့်၊ နိဗ္ဗာန်ခေါ်ဆို၊ ထိုမှာဘက်၌၊ ငြိမ်း၏-ဇေး၏၊ ဘေးမရှိဟု၊ မတွေး, မခေါ်, မမျှော်, မဆ၊ ဒိဋ္ဌေကန်၊ ဘေးရှိ၏၊ ဘေးမရှိဟု၊ ဆန့်ကျင်ဘက်ဉာဏ်၊ ထိုယောဂီပုဂ္ဂိုလ်အား၊ အမှန်ဖြစ်၏။ ဒိဋ္ဌေကန်၊ ဘေးရှိ၏၊ ဘေးမရှိဟု၊ ဆန့်ကျင်ဘက်ဉာဏ်သည်၊ ထိုယောဂီပုဂ္ဂိုလ်အား၊ အမှန်ဖြစ်သည်ရှိသော်၊ အာဒီနဝဉာဏ်ဖြစ်သည်မည်၏။

စတ္တာရော မဟာဘူတာ ဃောရဝိသအာသိဝိသာ ဝိယ။ ပဉ္စက္ခန္ဓာ ဥက္ခိတ္တာသိကဝဓကာ ဝိယ။ နန္ဒိရာဂေါ အန္တရစရဝဓကော ဝိယ။ ဆအဇ္ဈတ္တိကာယတနာနိ သုညဂါမော ဝိယ။ ဆဗာဟိရာယတနာနိ ဂါမဃာတကစောရာ ဝိယ။ နိရဿာဒါ၊ နိရသာ၊ မဟာအာဒီနဝရာသိဘူတာ ဟုတွာ ဥပဋ္ဌဟန္တိ။ ဧဝမေဝါယံ ယောဂါဝစရော ဘဂ်ါနုပဿနာဝသေန သဗ္ဗ သင်္ခါရေသု ဘယတော ဥပဋ္ဌိတေသု သမန္တတော နိရသံ၊ နိရဿာဒံ၊

အာဒိန္နဝမေဝ ပဿတိ။ တသေ္မိံ ပဿတော အာဒိန္နဝဉာဏံ
နာမ ဥပ္ပန္နံ ဟောတိ။ ယံ သန္ဓာယ ဇာနံ ဝုတ္တံ။

စတ္တာရော မဟာဘူတာ၊ လေးပါးသော မဟာဘုတ်တို့သည်။ ဃောရဝိသ အာသိဝိသာ ဝိယ၊ ကြမ်းသောအဆိပ်ရှိသောမြွေ၊ လျင်သော အဆိပ် ရှိသောမြွေ ၄-ကောင် တို့ကဲ့သို့။ နိရဿာဒါ၊ သာယာဘွယ် ကင်းကုန်သည်ဖြင်၍။ နိရသာ၊ အရသာ ကင်းကုန်သည်ဖြစ်၍။ မဟာ အာဒိန္နဝရာသိဘူတာ၊ အပြစ်ကြီးအထုအထယ်၊ အစုသဘွယ်တို့သည်။ ဟုတ္ဂွာ၊ ဖြစ်၍။ ဥပဒဟန္တိ၊ ထင်ကြကုန်၏၊ ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာ တို့သည်။ ဥက္ခိတ္တာသိကဝဓကာ ဝိယ၊ သူသတ်ယောကျ်ား ၅-ယောက်တို့ကဲ့သို့။ နိရဿာဒါ၊ သာယာဘွယ် ကင်းကုန်သည်ဖြစ်၍။ နိရသာ၊ အရသာကင်းကုန်သည်ဖြစ်၍။မဟာအာဒိန္နဝရာသိဘူတာ၊ အပြစ်ကြီးအထုအထယ်၊အစုသဘွယ်တို့သည်။ဟုတ္ဂွာ၊ ဖြစ်၍။ ဥပဒဟန္တိ၊ ထင်ကြကုန်၏။ နန္ဒိရာဂေါ၊ နန္ဒီရာဂ-ပရိယုဋ္ဌာန် လောဘသည်။ အန္တရဝဓကော ဝိယ၊ အတွင်းသူလျှိုသူသတ်ယောကျ်ားကဲ့သို့။ နိရဿာဒေါ၊ သာယာဘွယ် ကင်းသည် ဖြစ်၍။ နိရသော၊ အရသာကင်းသည် ဖြစ်၍။ မဟာ အာဒိန္နဝ ရာသိဘူတော၊ အပြစ်ကြီး အထုအထယ်၊ အစုသဘွယ်သည်။ ဟုတ္ဂွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်၏။ ဆအဇ္ဈတ္တိကာယတနာနိ၊ အဇ္ဈတ္တိကာယတန ၆-ပါးတို့သည်။ သုည ဂါမော ဝိယ၊ ဆိတ်သောရွာကဲ့သို့။ နိရဿာဒါ၊ သာယာဘွယ်ကင်းကုန်သည်ဖြစ်၍။ နိရသာ၊ အရသာကင်းကုန်သည်ဖြစ်၍။ မဟာအာဒိန္နဝရာသိဘူတာ၊ အပြစ်ကြီးအထုအထယ်၊အစုသဘွယ်တို့သည်။ဟုတ္ဂွာ၊ ဖြစ်၍။ ဥပဒဟန္တိ၊ ထင်ကြကုန်၏။ ဆဗာဟိရာယတနာနိ၊ ဗာဟိရာယတန ၆-ပါးတို့သည်။ ဂါမဃာတကစောရာ ဝိယ၊ ၆-ယောက်သော ခိုးသူယောကျ်ားတို့ကဲ့သို့။နိရဿာဒါ၊သာယာဘွယ်ကင်းကုန်သည်ဖြစ်၍။နိရသာ၊ အရသာကင်းကုန်သည်ဖြစ်၍။ မဟာအာဒိန္နဝရာသိဘူတာ၊ အပြစ်ကြီး အထုအထယ်၊ အစုသဘွယ်တို့သည်။ ဟုတ္ဂွာ၊ ဖြစ်၍။ဥပဒဟန္တိ၊ ထင်ကြကုန်၏။ဧဝမေဝ၊ ဤသို့သာလျှင်။ အယံယောဂါဝစရော၊ ဤယောဂီပုဂ္ဂိုလ်သည်။ဘင်္ဂါနုပဿနာဝသေန၊ပျက်သဟု-ပျက်သဟု၊ မပြတ်ရှုသော ဘင်္ဂဉာဏ်အလိုအားဖြင့်။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံ

သောသဒ္ဒါ ရတ္တိသည်။ ဘယတော၊ ဘေးဟု။ ဥပဋ္ဌိတေသု၊ ထင်ကုန်သည်ရှိသော်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ နိရသံ၊ အရသာကင်းသော။နိရဿာဒံ၊ သာယာဖွယ်ကင်းသော။ အာဒီနဝမေဝ၊ အပြစ်ကိုသာလျှင်။ပဿတိ၊ မြင်၏။ ဧဝံ၊ ဤသို့။ ပဿတော၊ မြင်သော။ တဿယောဂိနော၊ထိုယောဂီပုဂ္ဂိုလ်အား။အာဒီနဝဉာဏံနာမ၊ အာဒီနဝဉာဏ်အမည်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ယံအာဒီနဝဉာဏံ၊ အကြင် အာဒီနဝဉာဏ်ကို။ သန္ဓာယ၊ ရည်၍။ ပဉ္စဒသဝိဓံ၊ ၁၅-ပါးအပြားရှိသော။ ဒွါဒသဝါရပဋိမဏ္ဍိတံ၊ ၁၂-ပါးသော ဝါရတို့ဖြင့် တန်ဆာဆင်အပ်သော။ တဿေဝအာဒီနဝဉာဏဿ၊ ထိုအာဒီနဝဉာဏ်၏သာလျှင်။ ဣဒံပဒဘာဇနံ၊ ဤပဒဘာဇနီကို။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ်၌။ ဝုတ္တံ၊ ဆိုအပ်၏။ ကထံဝုတ္တံ၊ အဘယ်သို့ဆိုအပ်သနည်း။

ကထံ၊ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ ဘယန္တိ။ နိမိတ္တံ ဘယန္တိ။ အာယူဟနာ ဘယန္တိ။ ပဋိသန္ဓိ ဘယန္တိ။ ဂတိ ဘယန္တိ။ နိဗ္ဗတ္တိ ဘယန္တိ။ ဥပပတ္တိ ဘယန္တိ။ ဇာတိ ဘယန္တိ။ ဇရာ ဘယန္တိ။ ဗျာဓိ ဘယန္တိ။ မရဏံ ဘယန္တိ။ သောကော ဘယန္တိ။ ပရိဒေဝေါ ဘယန္တိ။ ဥပါယာသော ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ။ အပ္ပဝတ္တံ။ ပ။ အနုပါယာသော ခေမန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ။ ပဝတ္တံ။ ပ။ ဥပါယာသော ဘယံ၊ အနုပါယာသော ခေမန္တိ သန္တိပဒေ ဉာဏံ။ဥပ္ပါဒေါ ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။ ပဝတ္တံ။ ပ။ ဥပါယာသော ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။ အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ။ အပ္ပဝတ္တံ။ပ။အနုပါယာသော သုခန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ။ ပဝတ္တံ။ပ။ ဥပါယာသော ဒုက္ခံ၊ အနုပါယာသော သုခန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ သာမိသန္တိ ဘယ တုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ။ ပ။ ဥပါယာသော သာမိသန္တိ

ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အနုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေ ဉာဏံ။ အပ္ပဝတ္တံ။ပ။ အနုပါယာသော နိရာမိသန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ သာမိသံ၊ အနုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေ ဉာဏံ။ ပဝတ္တံ။ပ။ ဥပါယာသော သာမိသံ၊ အနုပါယာသော နိရာမိသန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ။ပ။ ဥပါယာသော သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။ အပ္ပဝတ္တံ။ ပ။ အနုပါယာသော နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။ ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။ ပဝတ္တံ။ပ။ ဥပါယာသော သင်္ခါရာ၊ အနုပါယာသော နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနာ ပဋိသန္ဓိ၊ ဉာဏံ အာဒီနဝေ ဣဒံ။ ။

အနုပ္ပါဒံ အပ္ပဝတ္တံ၊ အနိမိတ္တံ သုခန္တိ စ။
အနာယူဟနာ အပ္ပဋိသန္ဓိ၊ ဉာဏံ သန္တိပဒေ ဣဒံ။ ။

ဣဒံ အာဒီနဝေ ဉာဏံ၊ ပဉ္စဋ္ဌာနေသု ဇာယတိ။
ပဉ္စဋ္ဌာနေ သန္တိပဒေ၊ ဒသဉာဏေ ပဇာနာတိ။
ဒွိန္နံ ဉာဏာနံ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတီတိ။ ။

တံ ဉာတဋ္ဌေန ဉာဏံ၊ ပဇာနနဋ္ဌေန ပညာ၊ တေန ဝုစ္စတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏန္တိ၊ ကထံ၊ ဘယတုပဋ္ဌာနေ ပညာ။ပ။အာဒီနဝေ ဉာဏံ ဟူ၍။ ဧဝံ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

အာဒီနဝဉာဏ်သည်ကား ၂—ပါး။ ၂-ပါးဟူသော်ကား၊ အာဒီနဝဉာဏ်လည်းတပါး။ သန္တိပဒဉာဏ်လည်းတပါး။ ထို ၂ ပါးတို့တွင်၊ ဘေးရှိ၏ ဟုထင်သောပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ဘေးမရှိဟု ထင်သော ပညာသည်၊ သန္တိပဒဉာဏ်မည်၏။ သန္တိပဒဉာဏ်၏ ဝတ္ထုကား ၁၅-ပါး၊ ၁၅—ပါးဟူသော်ကား။ အနုပ္ပါဒ- အပ္ပဝတ္တ-အနိမိတ္တ— အနာယူဟန- အပ္ပဋိသန္ဓိ- အဂတိ- အနိဗ္ဗတ္တိ- အနုပပတ္တိ- အဇာတိ-

အဇရာ-အဗျာဓိ-အမတ–အသောက-အပရိဒေဝ-အနုပါယာသ။ ဤသို့ သင်္ခတပဒဉာဏ်၏ ဝတ္ထုကား ၁၅-ပါး။ နိဗ္ဗာန်ဘေးမရှိ။ အာဒီနဝဉာဏ်၏ ဝတ္ထုကား ၁၅-ပါး။ ၁၅-ပါးဟူသော်ကား၊ ဥပ္ပါဒ-ပဝတ္တ-နိမိတ္တ-အာယူဟန-ပဋိသန္ဓိ-ဂတိ-နိဗ္ဗတ္တိ-ဥပပတ္တိ-ဇာတိ-ဇရာ–ဗျာဓိ-မရဏ-သောက–ပရိဒေဝ-ဥပါယာသ။ ဤသို့ အာဒီနဝဉာဏ်၏ဝတ္ထုကား ၁၅-ပါး။ သံသရာဘေးရှိ၏။ ဘေးရှိသော သံသရာကား၊ ဘဝစက်။

ဘဝစက်ကိုသိအပ်သည်ကား ၆-ပါး။ ၆-ပါးဟူသော်ကား၊ ပဘဝအားဖြင့် သိအပ်သည်လည်းတပါး။ ကိစ္စအားဖြင့် သိအပ်သည်လည်းတပါး၊ ဝါရဏအားဖြင့် သိအပ်သည်လည်းတပါး။ ဥပမာအားဖြင့်သိအပ်သည်လည်းတပါး၊ ဂမ္ဘီရအားဖြင့် သိအပ်သည်လည်းတပါး။ နယအားဖြင့်သိအပ်သည်လည်းတပါး။ ထို ၆-ပါးတို့တွင်၊ နယဟူသည်ကား ၄-ပါး။ ၄–ပါးဟူသော်ကား၊ ဧကတ္တနည်းလည်းတပါး။ နာနတ္တနည်းလည်းတပါး။ အဗျာပါရနည်းလည်းတပါး။ ဧဝံဓမ္မတာနည်းလည်းတပါး။ ထို ၄-ပါးတို့တွင်၊ မျိုးစေ့-အညွန့်– အရွက်-အရိုး– ပင်စည်–အကိုင်း–အခက်-ရွက်နု–ရွက်ရင့်–ရွက်ရော်စသည်တို့၏ အဖြစ်ဖြင့်၊ မျိုးစေ့-သစ်ပင်၊ အစဉ်ပြတ်သကဲ့သို့၊ ထို့အတူ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏၊ စသည်တို့၏အဖြစ်ဖြင့်၊ အကြောင်းအကျိုးစပ်၊ အစဉ်မပြတ်သော နည်းသည်ကား၊ ဧကတ္တနည်းမည်၏။ ဤဧကတ္တနည်းကို၊ အမှန်ရှုသောသူသည်ကား၊ အကြောင်း၏ အကျိုးနှင့်စပ်သောအလိုအားဖြင့်၊ အကြောင်းအကျိုးစပ်၊အစဉ်မပြတ်သည်ကို၊ မပြတ်ဟုရှုချင်းကြောင့်၊ ဥစ္ဆေဒဒိဋ္ဌိကိုပယ်၏။ အမှားရှုသောသူသည်ကား၊ အကြောင်း၏ အကျိုးနှင့် စပ်သောအလိုအားဖြင့်၊ အကြောင်းအကျိုးစပ်၊အစဉ်မပြတ်သည်ကို၊ထိုဝိညာဏ်တခုတည်းသည်သာလျှင်၊ တဘဝမှ တဘဝသို့၊ ပြေးသွားသောနည်း၊ ထိုဝိညာဏ်တခုတည်းသည်သာလျှင်၊ တဘဝမှတဘဝသို့၊ ပြောင်းရွှေ့သောနည်းဖြင့်၊ တပေါင်းတည်းပြု၊ တခုတည်းသော အယူကြောင့်၊ သဿတ ဒိဋ္ဌိကို ယူ၏။ **(ဧကတ္တနည်း)**။

။ အဝိဇ္ဇာသင်္ခါရစသည်တို့၏၊ မိမိအကြောင်း မိမိအကျိုးအားလျော်စွာ၊အသီးအသီး၊သဘောလက္ခဏာကို ပိုင်းခြားသောနည်းသည်ကား၊ နာနတ္တနည်းမည်၏။ ဤနာနတ္တနည်းကို၊ အမှန်ရှုသောသူသည်ကား။ အကြောင်း အကြောင်း၊ အဟောင်း အဟောင်းထက်၊

အသစ်အသစ်အကျိုးဖြစ်သဟုရှုချင်းကြောင့်၊ သဿတ ဒိဋ္ဌိကိုပယ်၏။ အမှားရှုသောသူသည်ကား၊ တခုတည်းသောသန္တာန်၌၊ ကျသောအကြောင်း အကျိုးကို၊ ဧကတ္တနယအကြောင်း၊ ယခုဘဝဧကတ္တအကျိုး၊ နှစ်မျိုးသန္တာန်ပြားသကဲ့သို့၊ တယောက်သောသူကားသေ၏။ တယောက်သောသူကား ဖြစ်၏။ သေသောသူကား၊ သတ္တဝါတယောက်၊ အဟောင်းပျောက်ချင်းသို့ရောက်သောသူ၊ ဖြစ်သောသူကား၊ သတ္တဝါတယောက် အသစ် ဖြစ်ချင်းသို့ ရောက်သောသူ၊ မတူသောအယူကြောင့်၊ ဥစ္ဆေဒ ဒိဋ္ဌိကိုယူ၏။(**နာနတ္တနည်း**)။ ။အဝိဇ္ဇာက၊ ငါသည် သင်္ခါရတို့ကိုဖြစ်စေအပ်ကုန်၏။ သင်္ခါရတို့က၊ ငါတို့သည်၊ ဝိညာဏ်ကို ဖြစ်စေအပ်၏။ ဤသို့ အကြောင်းက၊ အကျိုးကို ပြုလိုတောင့်တ၊ မကြောင့်ကြသော နည်းသည်ကား၊ အဗျာပါရနည်းမည်၏။ ဤအဗျာပါရနည်းကို၊ အမှန်ရှုသောသူသည်ကား၊ တရားသဘောကိုပယ်ထား၍၊ပုဂ္ဂိုလ်- သတ္တဝါ- ငါ-သူတပါး-ပြုတတ်သောသူ၊ငါတလုမရှိဟုရှုချင်းကြောင့်၊အတ္တဒိဋ္ဌိကို ပယ်၏။ အမှားရှုသောသူသည်ကား၊ အကြောင်းက၊ အကျိုးကို၊ ပြုလို တောင့်တ၊ မကြောင့်ကြသော်လည်း၊ တောက်သောမီးကား၊ အလေ့ အားဖြင့်၊ အထက်သို့သာတက်သကဲ့သို့၊ တိုက်သောလေကား၊ အလေ့ အားဖြင့် ဘီလာသာ သွားသကဲ့သို့၊ထို့အတူ၊ အကြောင်းကား၊ အလေ့ အားဖြင့်၊ မှားယွင်းချင်းမရှိ၊ အကျိုး၏အကြောင်းဟု၊ ကောင်းသော အသိအမြင်ကိုသာ၊ မသက်ဘဲ၍၊ ဘာသာရိုးရိုး၊ အကျိုးဖြစ်ကောင်း၊ အကြောင်းမပြုသောအယူကြောင့်၊ အကြိယဒိဋ္ဌိကို ယူ၏။(**အဗျာပါရနည်း**)။ ။အဝိဇ္ဇာ အကြောင်း အားလျော်စွာ၊ သင်္ခါရ အကျိုးသာဖြစ်သင့်သောနည်း။ သင်္ခါရ အကြောင်းအားလျော်စွာ၊ ဝိညာဏ်သာ အကျိုးဖြစ်သင့်သောနည်းကို အစဉ်မှီးသဖြင့်၊မိမိအကြောင်းအားလျော် စွာ၊ မိမိအကျိုးသာ ဖြစ်သင့်သော နည်းသည်ကား၊ ဧဝံဓမ္မတာနည်း မည်၏၊ ဤဧဝံဓမ္မတာနည်းကို၊ အမှန်ရှုသော သူသည်ကား၊ နို့ရည် အကြောင်းအားလျော်စွာ၊နို့ခမ်းသာအကျိုးဖြစ်သကဲ့သို့၊နှမ်းအကြောင်း အားလျော်စွာ၊ ဆီသာအကျိုးဖြစ်သကဲ့သို့၊ ထို့အတူ၊ မိမိအကြောင်း အားလျော်စွာ၊ မိမိအကျိုးသာ ဖြစ်သဟုရှုချင်းကြောင့် အဟေတုကဒိဋ္ဌိ ကိုလည်းပယ်၏။ အကြိယဒိဋ္ဌိကိုလည်းပယ်၏။ အမှားရှုသောသူသည် ကား။ မိမိအကြောင်းအားလျော်စွာ၊ မိမိအကျိုးသာဖြစ်သင့်သော၊

သဘောကိုမယူမူ၍၊တစုံတခုသောအကြောင်းကြောင့်၊ တစုံတခုသော အကျိုးမဖြစ်၊ ဖြစ်သင့်သောသဘောမှ၊ဖြစ်သောသဘော၊ မြဲသောအယူကြောင့်၊ အဟေတုကဒိဋ္ဌိကိုလည်းယူ၏။ နိယတဝါဒကိုလည်းယူ၏။ (**ဧဝံဓမ္မတာနည်း**)။ ။ဤသို့ နယအားဖြင့်သိအပ်သည်လည်းတပါး။

ဂမ္ဘီရဟူသည်ကား ၄—ပါး။ ၄—ပါးဟူသော်ကား၊ အတ္ထဂမ္ဘီရလည်း ၁—ပါး။ ဓမ္မဂမ္ဘီရလည်း တပါး။ ဒေသနာဂမ္ဘီရလည်း တပါး။ ပဋိဝေဓဂမ္ဘီရလည်းတပါး။ ထို ၄-ပါးတို့တွင်၊ဇာတိကြောင့်ဖြစ်သော ဇရာမရဏ၊ အင်္ဂါအားဖြင့် ၁၂-မျိုး၊ အကျိုးအကြောင်း၊တပေါင်းတည်း ဖြစ်ခွင့်ရသောခဏ၊ ဘဝကိုအား ထုတ်သော ကာလမှစ၍၊ ဇရာမရဏ ဖြစ်ရာဌာန ကျအောင်၊ ဘဝအသနှေးခြားသော်လည်း၊ ဥပ္ပန္နက—ခဏ အဆက်ဆက်၊ တပေါင်းတည်းပင် ဖြစ်သော်လည်း၊ မိမိအကြောင်း၊မိမိ အကျိုးအားလျော်စွာ အနုပ္ပန္နက—မိမိအကြောင်းမှ—အထက်အထက်၊ တက်တက်လာသော—ဥပါဒိက-အဆင့်ဆင့်၊ ဖြစ်ခွင့်လာသော-ဇရာမရဏအကျိုးသဘော၊ ဇာတိကြောင့်ဖြစ်သော ဇရာမရဏအကျိုးသဘော။ အသိခက်သောကြောင့်အလွန်နက်၏။

(ဇရာမရဏဿ ဇာတိပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော ဂမ္ဘီရော။ အစရှိသောအတ္ထဂမ္ဘီရကို၊ဥပ္ပန္နတိက်-ဥပ္ပန္နပုဒ်-အနုပ္ပန္နပုဒ်-ဥပါဒိပုဒ်-အရ ယုတ္တိရှိ မရှိ၊ညှိနိုင်သော်မှ၊ အသိပေါ်ကြမည်။ ဇာတိပစ္စယာ၊ သမ္ဘူတံဟုတ္ဝာ၊သဟိတဿ အတ္တနော ပစ္စယာနုရူပဿ ဥဒ္ဒံဥဒ္ဒံ အာဂတဘာဝေါအဋ္ဌော။ ။သမ္ဘူတဋ္ဌောစ၊သမုဒါဂတဋ္ဌောစ၊ ဋီကာဝါကျ၊ပြသည်ကိုရှု။)

ဘဝကြောင့်ဖြစ်သော ဇာတိ။ အင်္ဂါအားဖြင့် ၁၂—မျိုး၊ အကျိုး အကြောင်း၊ တပေါင်းတည်း ဖြစ်ခွင့်ရသောခဏ၊ ဘဝကိုအားထုတ်သောကာလမှစ၍၊ ဇာတိဖြစ်ရာဌာနကျအောင်၊ ဘဝအသနှေးခြားသော်လည်း၊ ဥပ္ပန္နက—ခဏအဆက်ဆက်၊ တပေါင်းတည်းပင်ဖြစ်သော်လည်း၊ မိမိအကြောင်းမိမိအကျိုးအားလျော်စွာ၊ အနုပ္ပန္နက—မိမိ အကြောင်းမှ-အထက်အထက်၊ တက်တက်လာသော-ဥပါဒိက-အဆင့်ဆင့်၊ ဖြစ်ခွင့်လာသော—ဇာတိအကျိုးသဘော၊ ဘဝကြောင့်ဖြစ်သော ဇာတိအကျိုးသဘော၊ အသိခက်သောကြောင့်အလွန်နက်၏။

ဥပါဒါန်ကြောင့်ဖြစ်သော ဘဝ။အင်္ဂါအားဖြင့် ၁၂—မျိုး၊ အကျိုး အကြောင်း၊တပေါင်းတည်းဖြစ်ခွင့်ရသောခဏ၊ ဘဝကိုအားထုတ်သော

ကာလမှစ၍၊ဘဝဖြစ်ရာ ဌာနကျအောင်၊ ဘဝအသင်္ချေ ခြားသော်လည်း၊ ဥပနိဿယ-ခဏအဆက်ဆက်၊ တပေါင်းတည်းပင် ဖြစ်သော်လည်း၊ မိမိအကြောင်း၊ မိမိအကျိုးအား လျော်စွာ၊ အနန္တရ-မိမိအကြောင်းမှ-အထက်အထက်၊ တက်တက်လာသော-ဥပါဒိက-အဆင့်ဆင့်၊ ဖြစ်ခွင့်လာသော ဘဝအကျိုးသဘော။ ဥပါဒါန်ကြောင့်ဖြစ်သော ဘဝအကျိုးသဘော။ အသိခက်သောကြောင့်အလွန်နက်၏။

တဏှာကြောင့်ဖြစ်သော ဥပါဒါန်။ အင်္ဂါအားဖြင့် ၁၂-မျိုး၊ အကျိုးအကြောင်း၊ တပေါင်းတည်း ဖြစ်ခွင့်ရသော ခဏ၊ ဘဝကိုအား ထုတ်သောကာလမှစ၍၊ ဥပါဒါန်ဖြစ်ရာ ဌာနကျအောင်၊ ဘဝအသင်္ချေ ခြားသော်လည်း၊ ဥပနိဿယ-ခဏအဆက်ဆက်၊ တပေါင်းတည်းပင်ဖြစ်သော်လည်း၊ မိမိအကြောင်း၊ မိမိအကျိုးအားလျော်စွာ၊ အနန္တရ-မိမိအကြောင်းမှ-အထက်အထက်၊ တက်တက်လာသော-ဥပါဒိက-အဆင့်ဆင့်၊ ဖြစ်ခွင့်လာသော၊ ဥပါဒါန်အကျိုးသဘော၊ တဏှာကြောင့်ဖြစ်သောဥပါဒါန်အကျိုးသဘော။အသိခက်သောကြောင့်အလွန်နက်၏။

ဝေဒနာကြောင့်ဖြစ်သော တဏှာ။ အင်္ဂါအားဖြင့် ၁၂-မျိုး၊ အကျိုးအကြောင်း၊ တပေါင်းတည်းဖြစ်ခွင့်ရသောခဏ၊ ဘဝကိုအား ထုတ်သောကာလမှစ၍၊ တဏှာဖြစ်ရာဌာနကျအောင်၊ ဘဝအသင်္ချေ ခြားသော်လည်း၊ ဥပနိဿယ-ခဏအဆက်ဆက်၊ တပေါင်းတည်းပင်ဖြစ်သော်လည်း၊ မိမိအကြောင်း၊ မိမိအကျိုးအားလျော်စွာ၊ အနန္တရ-မိမိအကြောင်းမှ-အထက်အထက်၊ တက်တက်လာသော-ဥပါဒိက-အဆင့်ဆင့်၊ ဖြစ်ခွင့်လာသော၊ တဏှာအကျိုးသဘော။ ဝေဒနာကြောင့်ဖြစ်သောတဏှာအကျိုးသဘော။ အသိခက်သောကြောင့်အလွန်နက်၏။

ဖဿကြောင့်ဖြစ်သော ဝေဒနာ။အင်္ဂါအားဖြင့် ၁၂-မျိုး၊ အကျိုးအကြောင်း၊တပေါင်းတည်းဖြစ်ခွင့်ရသောခဏ၊ ဘဝကိုအားထုတ်သော ကာလမှစ၍၊ ဝေဒနာဖြစ်ရာဌာနကျအောင်၊ ဘဝ အသင်္ချေ ခြားသော်လည်း၊ ဥပနိဿယ-ခဏ အဆက်ဆက်၊ တပေါင်းတည်းပင် ဖြစ်သော်လည်း၊ မိမိအကြောင်း၊ မိမိအကျိုးအားလျော်စွာ၊ အနန္တရ-မိမိအကြောင်းမှ၊ အထက်အထက်၊ တက်တက်လာသော-ဥပါဒိက-အဆင့်

ဆင့်၊ဖြစ်ခွင့်လာသော၊ ဝေဒနာအကျိုးသဘော။ ဖဿကြောင့်ဖြစ်သော ဝေဒနာအကျိုးသဘော။ အသိခက်သောကြောင့် အလွန်နက်၏။

သဠာယတနကြောင့်ဖြစ်သော ဖဿ။အင်္ဂါအားဖြင့် ၁၂-မျိုး၊ အကျိုးအကြောင်း၊ တပေါင်းတည်းဖြစ်ခွင့်ရသောခဏ၊ ဘဝကိုအားထုတ်သောကာလမှစ၍၊ ဖဿဖြစ်ရာဌာနကျအောင်၊ဘဝအသချိုးခြားသော်လည်း၊ဥပ္ပန္နက-ခဏအဆက်ဆက်၊တပေါင်းတည်းပင်ဖြစ်သော်လည်း၊ မိမိအကြောင်း၊ မိမိအကျိုးအားလျော်စွာ၊ အနုပ္ပန္နက-မိမိအကြောင်းမှ၊ အဆက်အထက်၊ တက်တက်လာသော-ဥပါဒိက-အဆင့်ဆင့်၊ ဖြစ်ခွင့်လာသော၊ဖဿအကျိုးသဘော။သဠာယတနကြောင့်ဖြစ်သော ဖဿအကျိုးသဘော။ အသိခက်သောကြောင့်အလွန်နက်၏။

နာမ်ရုပ်ကြောင့်ဖြစ်သော သဠာယတန။ အင်္ဂါအားဖြင့် ၁၂-မျိုး၊ အကျိုးအကြောင်း၊ တပေါင်းတည်း ဖြစ်ခွင့်ရသောခဏ၊ ဘဝကိုအားထုတ်သောကာလမှစ၍၊ သဠာယတန ဖြစ်ရာဌာနကျအောင်၊ ဘဝအသချိုးခြားသော်လည်း၊ ဥပ္ပန္နက-ခဏ အဆက်ဆက်၊ တပေါင်းတည်းပင်ဖြစ်သော်လည်း၊ မိမိအကြောင်း၊ မိမိအကျိုးအားလျော်စွာ၊ အနုပ္ပန္နက-မိမိအကြောင်းမှ၊ အထက်အထက်၊ တက်တက်လာသော-ဥပါဒိက-အဆင့်ဆင့်၊ ဖြစ်ခွင့်လာသော၊ သဠာယတနအကျိုးသဘော။ နာမ်ရုပ်ကြောင့်ဖြစ်သော သဠာယတနအကျိုးသဘော။ အသိခက်သောကြောင့် အလွန်နက်၏။

ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်။ အင်္ဂါအားဖြင့် ၁၂-မျိုး၊ အကျိုးအကြောင်း၊ တပေါင်းတည်းဖြစ်ခွင့် ရသောခဏ၊ ဘဝကိုအားထုတ်သောကာလမှစ၍၊ နာမ်ရုပ်ဖြစ်ရာဌာနကျအောင်၊ ဘဝအသချိုးခြားသော်လည်း၊ ဥပ္ပန္နက-ခဏအဆက်ဆက်၊ တပေါင်းတည်းပင် ဖြစ်သော်လည်း၊ မိမိအကြောင်း၊ မိမိအကျိုးအားလျော်စွာ၊ အနုပ္ပန္နက-မိမိအကြောင်းမှ၊ အထက်အထက်၊ တက်တက်လာသော-ဥပါဒိက-အဆင့်ဆင့်၊ ဖြစ်ခွင့်လာသော၊ နာမ်ရုပ်အကျိုးသဘော။ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်အကျိုးသဘော။ အသိခက်သောကြောင့် အလွန်နက်၏။

သင်္ခါရကြောင့်ဖြစ်သောဝိညာဏ်။ အင်္ဂါအားဖြင့် ၁၂-မျိုး၊ အကျိုးအကြောင်း၊တပေါင်းတည်း ဖြစ်ခွင့်ရသောခဏ၊ ဘဝကိုအား

ထုတ်သော ကာလမှစ၍၊ ဝိညာဏ်ဖြစ်ရာ ဌာနကျအောင်၊ ဘဝအသနေ့်ခြားသော်လည်း၊ ဥပ္ပန္နက-ခဏာအဆက်ဆက်၊ တပေါင်းတည်းပင်ဖြစ်သော်လည်း၊ မိမိအကြောင်း၊ မိမိအကျိုးအားလျော်စွာ၊ အနုပ္ပန္နက-မိမိအကြောင်းမှ အထက်အထက်၊ တက်တက်လာသော-ဥပါဒိက-အဆင့်ဆင့်၊ ဖြစ်ခွင့်လာသော၊ ဝိညာဏ်အကျိုးသဘော။ သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်အကျိုးသဘော။ အသိခက်သောကြောင့်အလွန်နက်၏။

အဝိဇ္ဇာကြောင့်ဖြစ်သောသင်္ခါရ။ အင်္ဂါအားဖြင့် ၁၂-မျိုး၊အကျိုးအကြောင်း၊တပေါင်းတည်း ဖြစ်ခွင့်ရသောခဏ၊ဘဝကိုအားထုတ်သောကာလမှစ၍၊ သင်္ခါရဖြစ်ရာဌာနကျအောင်၊ ဘဝအသနေ့်ခြားသော်လည်း၊ ဥပ္ပန္နက-ခဏာအဆက်ဆက်၊ တပေါင်းတည်းပင် ဖြစ်သော်လည်း၊ မိမိအကြောင်း၊ မိမိအကျိုးအားလျော်စွာ၊ အနုပ္ပန္နက-မိမိအကြောင်းမှ၊ အထက်အထက်၊ တက်တက်လာသော၊ ဥပါဒိက-အဆင့်ဆင့်၊ ဖြစ်ခွင့်လာသော၊ သင်္ခါရအကျိုးသဘော။ အဝိဇ္ဇာကြောင့်ဖြစ်သောသင်္ခါရအကျိုးသဘော။ အသိခက်သောကြောင့် အလွန်နက်၏။ **(အဿဂမ္ဘီရ)**။

ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ဖြစ်သောခဏခဏ၊ သင်္ခါရ၏ အကြောင်းသတ္တိ၊ အခိုက်အတန့် ကျကျလာသော အဝိဇ္ဇာ၏၊ သင်္ခါရအား ကျေးဇူးပြုသော၊ အကြောင်းပစ္စည်းသဘော၊ အသိခက်သောကြောင့် အလွန်နက်၏။ ။မြင်သောခဏ-ကြားသောခဏ-နံသော ခဏ-စားသော ခဏ-ထိသောခဏ-သိသောခဏ၊ ဝိညာဏ်၏ အကြောင်းသတ္တိ၊ အခိုက်အတန့်ကျကျလာသော သင်္ခါရ၏၊ ဝိညာဏ်အားကျေးဇူးပြုသော၊အကြောင်းပစ္စည်းသဘော၊အသိခက်သောကြောင့် အလွန်နက်၏။ ။ညွတ်သောခဏ-ဘောက်ပြန်သောခဏ-နာမ်ရုပ်၏ အကြောင်းသတ္တိ၊ အခိုက်အတန့် ကျကျလာသော၊ ဝိညာဏ်၏ နာမ်ရုပ်အား ကျေးဇူးပြုသော၊အကြောင်းပစ္စည်းသဘော၊ အသိခက်သောကြောင့် အလွန်နက်၏။ ။မျက်စိကြည်သောခဏ-နားကြည်သောခဏ-နှာကြည်သောခဏ-လျှာကြည်သော ခဏ-ကိုယ်ကြည်သောခဏ-မနောကြည်သောခဏ၊သဠာယတန၏ အကြောင်းသတ္တိ၊ အခိုက်အတန့်ကျကျလာသော၊

နာမ်ရုပ်၏၊ သဠာယတနအား ကျေးဇူးပြုသော၊ အကြောင်းပစ္စည်းသ သဘော၊အသိခက်သောကြောင့် အလွန်နက်၏။ ။မျက်စိဖြင့် မြင်ချင်း ၏၊ အဆင်းနှင့်တွေ့သောခဏ-နားဖြင့်ကြားချင်း၏၊ အသံနှင့် တွေ့သော ခဏ-နှာဖြင့်နံချင်း ၏၊ အနံ့နှင့်တွေ့သောခဏ·လျှာဖြင့် စားချင်း၏၊ အရ သာနှင့်တွေ့သောခဏ-ကိုယ်ဖြင့် ထိချင်း၏၊အတွေ့နှင့် တွေ့သောခဏ- မနောဖြင့်သိချင်း၏၊ သဘောနှင့် တွေ့သောခဏ၊ ဖဿ၏အကြောင်း သတ္တိ၊ အခိုက်အတန့် ကျကျလာသော သဠာယတန၏၊ ဖဿအား ကျေးဇူးပြုသော၊ အကြောင်းပစ္စည်းသဘော၊ အသိခက်သောကြောင့် အလွန်နက်၏။ ။ချမ်းသာသောခဏ၊ ဆင်းရဲသောခဏ–ချမ်းသာ ဆင်းရဲ မဟုတ်သောခဏ၊ ဝေဒနာ၏အကြောင်းသတ္တိ၊ အခိုက်အတန့် ကျကျလာသောဖဿ၏၊ ဝေဒနာအား ကျေးဇူးပြုသော အကြောင်း ပစ္စည်းသဘော၊ အသိခက်သောကြောင့် အလွန်နက်၏။ ။တပ်မက် သောခဏခဏ၊ တဏှာ၏အကြောင်းသတ္တိ၊ အခိုက်အတန့်ကျကျလာ သောဝေဒနာ၏၊ တဏှာအားကျေးဇူးပြုသော အကြောင်း ပစ္စည်း သဘော၊ အသိခက်သောကြောင့်အလွန်နက်၏။ ။စွဲလမ်းသောခဏ ခဏ၊ ဥပါဒါန်၏အကြောင်းသတ္တိ၊အခိုက်အတန့်ကျကျလာသောတဏှာ ၏၊ ဥပါဒါန်အား ကျေးဇူးပြုသော အကြောင်းပစ္စည်းသဘော၊ အသိ ခက်သောကြောင့် အလွန်နက်၏။ ။ကုသိုလ်စေ၊ အကုသိုလ်စေ၊ စေတနာဖြစ်သော ခဏခဏ၊ ဘဝ၏အကြောင်းသတ္တိ၊ အခိုက်အတန့် ကျကျလာသောဥပါဒါန်၏၊ဘဝအားကျေးဇူးပြုသောအကြောင်းပစ္စည်း သဘော၊အသိခက်သောကြောင့် အလွန်နက်၏။ ။အကြောင်း ဆယ် မျိုး၊ အကျိုးဆယ်ပါး၊တပါးပါးသဘော၊ ဖြစ်သောခဏခဏ၊ ဇာတိ၏ အကြောင်းသတ္တိ၊ အခိုက်အတန့် ကျကျလာသောဘဝ၏၊ ဇာတိအား ကျေးဇူးပြုသော အကြောင်း ပစ္စည်းသဘော အသိခက်သောကြောင့် အလွန်နက်၏။ ။အကြောင်းဆယ်မျိုး၊ အကျိုးဆယ်ပါး၊ တပါးပါး သဘော၊ တည်သောခဏ-ပျက်သောခဏ၊ ဇရာမရဏ၏ အကြောင်း သတ္တိ၊အခိုက်အတန့်ကျကျလာသော ဇာတိ၏၊ ဇရာမရဏအား ကျေး ဇူးပြုသောအကြောင်းပစ္စည်းသဘော၊ အသိခက်သောကြောင့် အလွန် နက်၏။(ဓမ္မဂမ္ဘီရ)။

ဘဝစက်ရဟတ်၊ ပဋိစ္စသမုပ္ပါဒ်ကို၊ အချို့သောသုတ်၌၊ အနုလောမ အားဖြင့်ဟော၏။ အချို့သောသုတ်၌၊ ပဋိလောမအားဖြင့်ဟော၏။ အချို့ သောသုတ်၌၊ အနုလောမ–ပဋိလောမအားဖြင့် ဟော၏။ အချို့သော သုတ်၌၊ အလည်မှစ၍၊ အနုလောမအားဖြင့်လည်းဟော၏။ ပဋိလောမ အားဖြင့်လည်းဟော၏။အချို့သောသုတ်၌၊ အစပ် ၃-ပါး၊ အလွှား ၄-ချ၊ ပြု၍ဟော၏။ အချို့သောသုတ်၌၊ အစပ် ၂–ပါး၊ အလွှား ၃–ချ၊ ပြု၍ ဟော၏။ အချို့သောသုတ်၌၊ အစပ်တပါး၊ အလွှား ၂–ချ၊ ပြု၍ဟော၏။ ဤသို့ဟောအပ်၊ ဘဝစက်ရဟတ်၊ ပဋိစ္စသမုပ္ပါဒ်၌၊ သဗ္ဗညုတဉာဏ် တော်မှတပါး၊ အသီးအခြား၊ သူတပါးတို့၏ဉာဏ်သည်၊ ထောက်တည် ရာကိုမရ၊ ဝေနေယျတို့၏အသိဉာဏ်အားလျော်သော၊ ထိုထိုအကြောင်း ဖြင့်၊ ဝေနေယျတို့၏၊ အသိဉာဏ်အား လျော်သော၊ ထိုထိုအကျိုးကို၊ ဟောတော်မူချင်းကြောင့်၊ဘဝစက်ရဟတ်၊ပဋိစ္စသမုပ္ပါဒ်၏၊ပြောဟော သော ဒေသနာ၊ ဝေဝစနာသဘော၊ အသိခက်သောကြောင့် အလွန် နက်၏။ ။(**ဒေသနာဂမ္ဘီရ**)။

အဝိဇ္ဇာ၏၊ မသိသောသဘော၊ မမြင်သောသဘော၊ သစ္စာကိုမထိုး ထွင်းသောသဘော၊ အသိခက်သောကြောင့်အလွန်နက်၏။ ။သင်္ခါရ ၏၊ပြုပြင်စီရင်သော သဘော၊ အားထုတ်သောသဘော၊ ရာဂနှင့်တကွ ဖြစ်သောသဘော၊ ရာဂကင်းသောသဘော၊ အသိခက်သောကြောင့် အလွန်နက်၏။ ။ဝိညာဏ်၏၊ ဆိတ်သောသဘော၊ ကြောင့်ကြကင်း သော သဘော၊ ပြောင်းရွှေ့ချင်းကင်းသော သဘော၊ ဘဝနှစ်ရပ်၊ စပ်သောပဋိသန္ဓေသဘော၊ ထင်ရှားဖြစ်သောသဘော၊အသိခက်သော ကြောင့် အလွန်နက်၏။ ။နာမ်ရုပ်၏၊ တူသောဖြစ်ချင်းသဘော၊ ဝေ ဘန်အပ်သော သဘော၊ မဝေဘန်အပ်သော သဘော၊ ညွတ်သော သဘော၊ ဖောက်ပြန်သောသဘော၊ အသိခက်သောကြောင့် အလွန် နက်၏။ ။သဠာယတန၏၊ အစိုးရသောသဘော၊ လောကသဘော၊ ဒွါရသဘော၊ ခေတ္တသဘော၊ အာရုံရှိသောသဘော၊ အသိခက်သော ကြောင့် အလွန်နက်၏။ ။ဖဿ၏၊ တွေ့သောသဘော၊ ခတ်သော သဘော၊ပေါင်းဆုံသောသဘော၊ စည်းဝေးသောသဘော၊ အသိခက် သောကြောင့် အလွန်နက်၏။ ။ဝေဒနာ၏၊ အာရုံ၏အရသာကိုခံစား သောသဘော၊ချမ်းသာသောသဘော၊ ဆင်းရဲသောသဘော၊ ချမ်းသာ

ဆင်းရဲမဟုတ်သော သဘော၊ နိဿတ္တ-နိဇ္ဇီဝသဘော၊ ခိုးသော သဘော၊အသိခက်သောကြောင့် အလွန်နက်၏။ ။တဏှာ၏၊နှစ်သက် သောသဘော၊ မျှို၍ငြိုးဆုံးသောသဘော၊ ရေအယဉ်ကဲ့သို့ စီးသော သရိတာသဘော၊ နွယ်ကဲ့သို့ ရစ်ပတ်သောလတာသဘော၊ မြစ်ကဲ့သို့ မျှောယူသော နဒီသဘော၊ ကျယ်ဝန်းသောတဏှာ သမုဒ္ဒရာသဘော၊ အလိုပြည့်နိုင်ခဲသောသဘော၊အသိခက်သောကြောင့်အလွန်နက်၏။ ။ ဥပါဒါန်၏၊ မြဲမြံစွာယူသောသဘော၊စွဲလမ်းသောသဘော၊ များသော အားဖြင့် နှလုံးသွင်းသောသဘော၊ များသောအားဖြင့် သုံးသပ်သော သဘော၊ လွန်နိုင်ခဲသောသဘော၊ အသိခက်သောကြောင့် အလွန် နက်၏။ ။ဘဝ၏၊အားထုတ်သောသဘော၊ ပြုပြင်စီရင်သောသဘော၊ ၄-ပါးသောယောနိ၊ ၅-ပါးသောဂတိ၊ ၇-ပါးသောဌိတိ၊ ၉-ပါးသော သတ္တာဝါသတို့၌၊ ပစ်ချသောသဘော၊ အသိခက်သောကြောင့် အလွန် နက်၏။ ။ဇာတိ၏၊ အစဖြစ်သောသဘော၊ အစဉ်ဖြစ်သောသဘော၊ သက်ဝင်သကဲ့သို့ ဖြစ်သော သဘော၊ အသစ်အသစ်ဖြစ်သောသဘော၊ ထင်စွာဖြစ်သောသဘော၊ အသိခက်သောကြောင့် အလွန်နက်၏။ ။ ဇရာမရဏ၏၊ ကုန်သောသဘော၊ ကင်းသောသဘော၊ ပျက်သော သဘော၊ ဘောက်ပြန်သောသဘော၊ အသိခက်သောကြောင့် အလွန် နက်၏။ (**ပဋိဝေဓဂမ္ဘီရ**)။

(ဤသို့ဂမ္ဘီရအားဖြင့် သိအပ်သည်လည်းတပါး။)

ဥပမာဟူသည်ကား ၁၂-ပါး။ထို ၁၂-ပါးတို့တွင်၊အဝိဇ္ဇာသည်ကား၊ သဘာဝ လက္ခဏာ-သာမညလက္ခဏာအလိုအားဖြင့်၊ တရားသဘော ကို၊ မသိမမြင်ချင်းကြောင့်၊ ကန်းသောသူနှင့်တူ၏။ ။အဝိဇ္ဇာကြောင့် ဖြစ်သောသင်္ခါရသည်ကား၊ ကန်းသောသူ၊ လည်းချော်သည်နှင့်တူ၏။ သင်္ခါရကြောင့်ဖြစ်သောဝိညာဏ်သည်ကား၊လည်းချော်သောသူ၊ လိမ့် ကျသည်နှင့်တူ၏။ဝိညာဏ်ကြောင့် ဖြစ်သောနာမ်ရုပ်သည်ကား၊ လိမ့် ကျသောသူ၊ အိုင်းအမာဖြစ်သည်နှင့်တူ၏။ နာမ်ရုပ်ကြောင့် ဖြစ်သော သဠာယတနသည်ကား၊ဖြစ်သောအိုင်းအမာ၊အဖူးပေါက်သည်နှင့်တူ၏။ သဠာယတနကြောင့် ဖြစ်သောဖဿသည်ကား၊ အဖူးပေါက်သောအိုင်း အမာ၊ ခတ်မိသည်နှင့်တူ၏။ ဖဿကြောင့်ဖြစ်သော ဝေဒနာသည်ကား၊ ခတ်မိသော အိုင်းအမာ၊ နာသည်နှင့်တူ၏။ ဝေဒနာကြောင့် ဖြစ်သော

တဏှာသည်ကား၊ နာသောအိုင်းအမာကို၊ ကုစားလိုသောသူနှင့်တူ၏။ တဏှာကြောင့်ဖြစ်သော ဥပါဒါန်သည်ကား၊ ကုစားလိုသောသူ၊ မသင့်သောဆေးကို ကိုင်ယူသည်နှင့် တူ၏။ ဥပါဒါန်ကြောင့်ဖြစ်သော ဘဝသည်ကား၊ ကိုင်ယူသောသူ၊ မသင့်သောဆေးကို သုတ်လိမ်းသည်နှင့် တူ၏။ ဘဝကြောင့် ဖြစ်သော ဇာတိသည်ကား၊ သုတ်လိမ်းသောသူ၊ အိုင်းအမာ၊ ပြုရယူး၊ ဖူးယောင်သည်နှင့်တူ၏။ ဇာတိကြောင့် ဖြစ်သော ဇရာမရဏသည်ကား၊ ပြုရယူး၊ ဖူးယောင်သော အိုင်းအမာ၊ ကွဲပေါက်သည်နှင့်တူ၏။

(ဤသို့ဥပမာအားဖြင့်သိအပ်သည်လည်းတပါး။)

ဝါရဏ ဟူသည် ကား ၁၄-ပါး။ထို ၁၄-ပါးတို့တွင်၊အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်-ဆိုသောစကား၊ ငါပြုတတ်သောသူဟု၊ ရူမှားဘွယ်ကို ပယ်မြစ်၏။ ။သင်္ခါရကြောင့်ဝိညာဏ်ဖြစ်-ဆိုသောစကား၊ ငါပြောင်းရွှေ့တတ်သောသူဟု၊ ရူမှားဘွယ်ကိုပယ်မြစ်၏။ ။ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်-ဆိုသော စကား၊ ငါဟု-သူမိုက်တို့ကြံအပ်သော၊ နာမ်ရုပ်ဝတ္ထု၏၊ နာမ်ဟု-ရုပ်ဟု၊ နှစ်ခုကွဲသည်ကိုမြင်ချင်းကြောင့်၊ တခဲတည်းဟု၊ ထင်မှားဘွယ်ကိုပယ်မြစ်၏၊ ။နာမ်ရုပ်ကြောင့် သဠာယတနဖြစ်-ဆိုသောစကား၊ ငါမြင်၏ဟု၊ ရူမှားဘွယ်ကို ပယ်မြစ်၏။ ငါကြား၏ဟု၊ ရူမှားဘွယ်ကိုပယ်မြစ်၏။ ငါနံ၏ဟု၊ ရူမှားဘွယ်ကို ပယ်မြစ်၏။ ငါစား၏ဟု၊ ရူမှားဘွယ်ကိုပယ်မြစ်၏။ ငါထိ၏ဟု၊ ရူမှား ဘွယ်ကိုပယ်မြစ်၏။ ငါသိ၏ဟု၊ ရူမှားဘွယ်ကိုပယ်မြစ်၏။ ။သဠာယတနကြောင့် ဖဿဖြစ်-ဆိုသောစကား၊ ငါတွေ့၏ဟု၊ ရူမှားဘွယ်ကို ပယ်မြစ်၏။ ။ဖဿကြောင့်ဝေဒနာဖြစ်-ဆိုသောစကား၊ ငါခံစား၏ဟု၊ရူမှားဘွယ်ကိုပယ်မြစ်၏။ ။ဝေဒနာကြောင့်တဏှာဖြစ်-ဆိုသော စကား၊ ငါတပ်မက်၏ဟု၊ ရူမှားဘွယ်ကိုပယ်မြစ်၏။ ။တဏှာကြောင့် ဥပါဒါန်ဖြစ်—ဆိုသောစကား၊ ငါစွဲလမ်း၏ဟု၊ ရူမှားဘွယ်ကို ပယ်မြစ်၏။ ။ဥပါဒါန်ကြောင့်ဘဝဖြစ်-ဆိုသောစကား၊ငါဖြစ်၏ဟု ရူမှားဘွယ်ကိုပယ်မြစ်၏။ ။ဘဝကြောင့်ဇာတိဖြစ်—ဆိုသောစကား၊ ငါမွေးဖွါး၏ဟု၊ ရူမှားဘွယ်ကိုပယ်မြစ်၏။ ဇာတိကြောင့် ဇရာမရဏဖြစ်—ဆိုသောစကား၊ ငါအို၏၊ ငါသေ၏ဟု၊ ရူမှားဘွယ်ကိုပယ်မြစ်၏။

(ဤသို့ ဝါရဏအားဖြင့်သိအပ်သည်လည်းတပါး။)

ကိစ္စဟူသည်ကား၊ အစုံအစုံအားဖြင့် ၁၂-ပါး။ ထို ၁၂-ပါးတို့တွင်၊ အဝိဇ္ဇာသည်ကား၊ ဂ-ပါးသော ဝတ္ထုတို့၌၊ သတ္တဝါတို့ကိုလည်း တွေဝေစေ၏။ သင်္ခါရတို့အားလည်း ကျေးဇူးပြု၏။ ။သင်္ခါရတို့သည်ကား၊ ပြုပြင်စီရင်အပ်သော ဝတ္ထုကိုလည်း ပြုပြင်စီရင်ကြကုန်၏။ ဝိညာဏ်အားလည်း ကျေးဇူးပြုကြကုန်၏။ ။ဝိညာဏ်သည်လည်း၊ အာရုံကိုလည်းသိ၏။ နာမ်ရုပ်အားလည်း ကျေးဇူးပြု၏။ ။နာမ်ရုပ်သည်လည်း၊ အချင်းချင်းကိုလည်းထောက်ပင့်၏။ သဠာယတနအားလည်း ကျေးဇူးပြု၏။ ။သဠာယတနသည်လည်း၊မိမိအာရုံ၌လည်းဖြစ်၏။ ဖဿအားလည်း ကျေးဇူးပြု၏။ ။ဖဿသည်လည်း၊ အာရုံကိုလည်းတွေ့၏။ ဝေဒနာအားလည်း ကျေးဇူးပြု၏။ ။ဝေဒနာသည်လည်း၊ အာရုံ၏အရသာကိုလည်း ခံစား၏။ တဏှာအားလည်း ကျေးဇူးပြု၏။ ။တဏှာသည်လည်း၊ တပ်မက် နှစ်သက်အပ်သော အာရုံ၏ သဘောကိုလည်း တပ်မက်နှစ်သက်၏၊ ဥပါဒါန်အားလည်း ကျေးဇူးပြု၏။ ။ဥပါဒါန်သည်လည်း၊ စွဲလမ်းအပ်သော၊ အာရုံ၏ သဘောကိုလည်းစွဲလမ်း၏။ ဘဝအားလည်း ကျေးဇူးပြု၏။ ။ဘဝသည်လည်း၊ ၅-ပါးသော ဂတိတို့၌လည်းပစ်ချ၏။ ဇာတိအားလည်းကျေးဇူးပြု၏။ ။ဇာတိသည်လည်း၊ ခန္ဓာတို့ကိုလည်း အသစ်အသစ်ဖြစ်စေ၏။ ဇရာမရဏအားလည်း ကျေးဇူးပြု၏။ ။ဇရာမရဏသည်လည်း၊ အသစ်အသစ် ဖြစ်သော ခန္ဓာတို့၏၊ ရင့်သောသဘော၊ပျက်သောသဘောကိုလည်းဖြစ်စေ၏။ ဘဝတပါး၊ ထင်ရှားဖြစ်ချင်း၄၊ သောကစသည်တို့အားလည်း ကျေးဇူးပြု၏။

(ဤသို့ ကိစ္စအားဖြင့် သိအပ်သည်လည်းတပါး။)

ပဘဝဟူသည်ကား၊ ၁၁-ပါး။ ထို ၁၁-ပါးတို့တွင်၊ အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရသည်ကား၊ သမုဒယ သစ္စာမှ စဖြစ်သော၊ သမုဒယသစ္စာမည်၏။ ။သင်္ခါရကြောင့် ဖြစ်သော ဝိညာဏ်သည်ကား၊ သမုဒယသစ္စာမှစဖြစ်သော၊ ဒုက္ခသစ္စာမည်၏။ ။ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်သည်ကား၊ ဒုက္ခသစ္စာမှစဖြစ်သော၊ ဒုက္ခသစ္စာမည်၏။ ။နာမ်ရုပ်ကြောင့် ဖြစ်သော သဠာယတနသည်ကား၊ ဒုက္ခသစ္စာမှစဖြစ်သော ဒုက္ခသစ္စာမည်၏။ ။သဠာယတနကြောင့်ဖြစ်

သော ဖဿသည်ကား၊ ဒုက္ခသစ္စာမှုစဖြစ်သော၊ဒုက္ခသစ္စာမည်၏။ ။ ဖဿကြောင့် ဖြစ်သောဝေဒနာသည်ကား၊ ဒုက္ခသစ္စာမှ စဖြစ်သော၊ ဒုက္ခသစ္စာမည်၏။ ။ဝေဒနာကြောင့် ဖြစ်သော တဏှာသည်ကား၊ ဒုက္ခသစ္စာမှုစဖြစ်သော၊ သမုဒယသစ္စာမည်၏။ ။တဏှာကြောင့်ဖြစ်သော ဥပါဒါန်သည်ကား၊သမုဒယသစ္စာမှ စဖြစ်သော၊ သမုဒယသစ္စာမည်၏။ ။ဥပါဒါန်ကြောင့် ဖြစ်သော ဘဝသည်ကား၊ ကမ္မဘဝ-ဥပပတ္တိ ဘဝအလိုအားဖြင့်၊ သမုဒယသစ္စာမှ စဖြစ်သော၊ ဒုက္ခသစ္စာလည်းမည်၏။ သမုဒယသစ္စာလည်းမည်၏။ ။ဘဝကြောင့် ဖြစ်သော ဇာတိသည်ကား၊ သမုဒယသစ္စာမှ စဖြစ်သော၊ဒုက္ခသစ္စာမည်၏။ ။ ဇာတိကြောင့်ဖြစ်သော ဇရာမရဏသည်ကား၊ဒုက္ခသစ္စာမှုစဖြစ်သော၊ ဒုက္ခသစ္စာမည်၏။

(ဤသို့ပဘဝအားဖြင့် သိအပ်သည်လည်းတပါး။ ။ဤသို့သိသင့်သည့်အားလျော်စွာ၊ဘဝစက်ကိုသိအပ်သည်ကား၆-ပါး။)

အဝိဇ္ဇာသည်ကား ဖြစ်သော သဘော-ပျက်သော သဘောရှိချင်းကြောင့်၊ မဖြစ်မပျက်သော၊ ဓုဝသဘောမှလည်းဆိတ်၏။ ညစ်ညူးစေတတ်၊ ညစ်ညူးစေအပ်သော သဘောရှိချင်းကြောင့်၊ တင့်တယ်သော၊ သုဘသဘောမှလည်းဆိတ်၏။ ဖြစ်ချင်းပျက်ချင်းဖြင့်၊ မပြတ်နှိပ်စက်သော သဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခသဘောမှလည်း ဆိတ်၏။ မိမိအလိုအားဖြင့်၊ ငါတကားဟု ဖြစ်သည်မရှိ၊ အကြောင်းတပါးနှင့် စပ်၍ ဖြစ်သော သဘောရှိချင်းကြောင့်၊ အလိုသို့လိုက်သော၊ အတ္တသဘောမှလည်းဆိတ်၏။

သင်္ခါရသည်လည်း ဖြစ်သော သဘော-ပျက်သော သဘောရှိချင်းကြောင့်၊ မဖြစ်မပျက်သော၊ ဓုဝ သဘောမှလည်းဆိတ်၏။ ညစ်ညူးစေတတ်၊ညစ်ညူးစေအပ်သောသဘောရှိချင်းကြောင့်၊ တင့်တယ်သော၊ သုဘသဘောမှလည်းဆိတ်၏။ဖြစ်ချင်းပျက်ချင်းဖြင့်မပြတ်နှိပ်စက်သော သဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခသဘောမှလည်းဆိတ်၏။ မိမိအလိုအားဖြင့်၊ ငါတကားဟု-ဖြစ်သည်မရှိ၊ အကြောင်းတပါးနှင့် စပ်၍ ဖြစ်သော သဘောရှိချင်းကြောင့်၊ အလိုသို့လိုက်သော၊ အတ္တသဘောမှလည်းဆိတ်၏။

ဝိညာဏ်သည်လည်း၊ဖြစ်သောသဘော-ပျက်သောသဘောရှိချင်းကြောင့်၊ မဖြစ်မပျက်သော၊ ရူပသဘောမှလည်းဆိတ်၏။ ညစ်ညူးစေတတ်- ညစ်ညူးစေအပ်သော သဘောရှိချင်းကြောင့်၊ တင့်တယ်သော၊ သုဘသဘောမှလည်းဆိတ်၏။ ဖြစ်ချင်းပျက်ချင်းဖြင့်၊ မပြတ်နှိပ်စက်သော သဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခ သဘောမှလည်းဆိတ်၏။ မိမိအလိုအားဖြင့်၊ ငါတကားဟု-ဖြစ်သည်မရှိ၊ အကြောင်းတပါးနှင့် စပ်၍ဖြစ်သောသဘောရှိချင်းကြောင့်၊ အလိုသို့ လိုက်သော၊ အတ္တသဘောမှလည်းဆိတ်၏။

နာမ်ရုပ်သည်လည်း၊ဖြစ်သော သဘော-ပျက်သော သဘောရှိချင်းကြောင့်၊ မဖြစ်မပျက်သော၊ ရူပသဘောမှလည်းဆိတ်၏။ ညစ်ညူးစေတတ်-ညစ်ညူး စေအပ်သော သဘောရှိချင်းကြောင့်၊ တင့်တယ်သော၊ သုဘသဘောမှလည်း ဆိတ်၏။ ဖြစ်ချင်း ပျက်ချင်းဖြင့်၊ မပြတ်နှိပ်စက်သောသဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခသဘောမှလည်းဆိတ်၏။ မိမိ အလိုအားဖြင့်၊ ငါတကားဟု-ဖြစ်သည်မရှိ၊ အကြောင်းတပါးနှင့် စပ်၍ဖြစ်သော သဘောရှိချင်းကြောင့်၊ အလိုသို့ လိုက်သော၊ အတ္တသဘောမှလည်းဆိတ်၏။

သဠာယတနသည်လည်း၊ဖြစ်သော သဘော-ပျက်သော သဘောရှိချင်းကြောင့်၊ မဖြစ်မပျက်သော၊ ရူပသဘောမှလည်းဆိတ်၏။ ညစ်ညူးစေတတ်- ညစ်ညူးစေအပ်သောသဘောရှိချင်းကြောင့်၊ တင့်တယ်သော၊ သုဘသဘောမှလည်းဆိတ်၏။ ဖြစ်ချင်းပျက်ချင်းဖြင့်၊ မပြတ်နှိပ်စက်သော သဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခသဘောမှလည်းဆိတ်၏။ မိမိအလိုအားဖြင့်ငါတကားဟု-ဖြစ်သည်မရှိ၊အကြောင်းတပါးနှင့် စပ်၍ဖြစ်သောသဘောရှိချင်းကြောင့်၊ အလိုသို့ လိုက်သော၊ အတ္တသဘောမှလည်းဆိတ်၏။

ဖဿသည်လည်း၊ ဖြစ်သောသဘော-ပျက်သော သဘောရှိချင်းကြောင့်၊ မဖြစ်မပျက်သော၊ ရူပသဘောမှလည်းဆိတ်၏။ ညစ်ညူးစေတတ်-ညစ်ညူးစေအပ်သော သဘောရှိချင်းကြောင့်၊ တင့်တယ်သော၊ သုဘ သဘောမှလည်းဆိတ်၏။ ဖြစ်ချင်းပျက်ချင်းဖြင့်၊ မပြတ်နှိပ်စက်သော သဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခသဘောမှလည်း

ဆိုတ်၏။ မိမိအလိုအားဖြင့် ငါတကားဟု-ဖြစ်သည်မရှိ၊ အကြောင်း တပါးနှင့် စပ်၍ ဖြစ်သော သဘောရှိချင်းကြောင့်၊ အလိုသို့လိုက်သော၊ အဗျာကတသဘောမှလည်းဆိုတ်၏။

ဝေဒနာသည်လည်း၊ ဖြစ်သောသဘော-ပျက်သော သဘောရှိချင်း ကြောင့်၊ မဖြစ်မပျက်သော၊ ရူပသဘောမှလည်းဆိုတ်၏။ ညစ်ညူး စေတတ်-ညစ်ညူးစေအပ်သောသဘောရှိချင်းကြောင့်၊တင့်တယ်သော၊ သုဘ သဘောမှလည်းဆိုတ်၏။ ဖြစ်ချင်းပျက်ချင်းဖြင့်၊ မပြတ် နှိပ်စက် သော သဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခ သဘောမှလည်း ဆိုတ်၏။ မိမိအလိုအားဖြင့်၊ ငါတကားဟု-ဖြစ်သည်မရှိ၊ အကြောင်း တပါးနှင့်စပ်၍ဖြစ်သော သဘောရှိချင်းကြောင့်၊ အလိုသို့လိုက်သော၊ အဗျာကတသဘောမှလည်းဆိုတ်၏။

တဏှာသည်လည်း၊ ဖြစ်သောသဘော ပျက်သော သဘောရှိချင်း ကြောင့်၊ မဖြစ်မပျက်သော၊ ရူပသဘောမှလည်းဆိုတ်၏။ ညစ်ညူး စေတတ်-ညစ်ညူးစေအပ်သော သဘောရှိချင်းကြောင့်၊ တင့်တယ် သော၊ သုဘသဘောမှလည်း ဆိုတ်၏၊ ဖြစ်ချင်းပျက်ချင်းဖြင့်၊ မပြတ် နှိပ်စက်သော သဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခသဘောမှ လည်းဆိုတ်၏။မိမိအလိုအားဖြင့်၊ငါတကားဟု-ဖြစ်သည်မရှိ၊အကြောင်း တပါးနှင့်စပ်၍ ဖြစ်သောသဘောရှိချင်းကြောင့်၊ အလိုသို့ လိုက်သော၊ အဗျာကတသဘောမှလည်းဆိုတ်၏။

ဥပါဒါန်သည်လည်း၊ ဖြစ်သောသဘော- ပျက်သောသဘောရှိ ချင်းကြောင့်၊ မဖြစ်မပျက်သော၊ ရူပသဘောမှလည်းဆိုတ်၏။ညစ်ညူး စေတတ်-ညစ်ညူးစေအပ်သောသဘောရှိချင်းကြောင့်၊တင့်တယ်သော၊ သုဘသဘောမှလည်းဆိုတ်၏။ဖြစ်ချင်းပျက်ချင်းဖြင့်မပြတ်နှိပ်စက်သော သဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခသဘောမှလည်းဆိုတ်၏။ မိမိအလိုအားဖြင့်၊ ငါတကားဟု-ဖြစ်သည်မရှိ၊အကြောင်းတပါးနှင့် စပ် ၍ဖြစ်သောသဘောရှိချင်းကြောင့်၊ အလိုသို့လိုက်သော၊ အဗျာကတသဘော မှလည်းဆိုတ်၏။

ဘဝသည်လည်း၊ ဖြစ်သောသဘော- ပျက်သောသဘောရှိချင်း ကြောင့်၊ မဖြစ်မပျက်သော၊ ရူပသဘောမှလည်း ဆိုတ်၏။ ညစ်ညူး

စေတတ်–ညှစ်ညူးစေအပ်သောသဘောရှိချင်းကြောင့်တင့်တယ်သော၊ သုဘသဘောမှလည်း ဆိတ်၏။ ဖြစ်ချင်းပျက်ချင်းဖြင့်၊ မပြတ်နှိပ်စက်သောသဘောရှိချင်းကြောင့်၊ချမ်းသာသော၊ သုခသဘောမှလည်းဆိတ်၏။မိမိအလိုအားဖြင့်၊ ငါတကားဟု-ဖြစ်သည်မရှိ၊ အကြောင်းတပါးနှင့်စပ်၍ဖြစ်သော သဘော ရှိချင်းကြောင့်၊ အလိုသို့ လိုက်သော၊ အတ္တသဘောမှလည်းဆိတ်၏။

ဇာတိသည်လည်း၊ ဖြစ်သောသဘော-ပျက်သောသဘော ရှိချင်းကြောင့်၊ မဖြစ်မပျက်သော၊ ဓူဝသဘောမှလည်းဆိတ်၏။ ညှစ်ညူးစေတတ်-ညှစ်ညူးစေအပ်သော သဘောရှိချင်းကြောင့်၊ တင့်တယ်သော၊ သုဘသဘောမှလည်း ဆိတ်၏။ ဖြစ်ချင်းပျက်ချင်းဖြင့်၊ မပြတ်နှိပ်စက်သောသဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခသဘောမှလည်းဆိတ်၏။မိမိအလိုအားဖြင့်၊ငါတကားဟု-ဖြစ်သည်မရှိ၊အကြောင်းတပါးနှင့် စပ်၍ဖြစ်သောသဘော ရှိချင်းကြောင့်၊အလိုသို့လိုက်သော၊အတ္တသဘောမှလည်းဆိတ်၏။

ဇရာမရဏသည်လည်း၊ ဖြစ်သောသဘော–ပျက်သော သဘောရှိချင်းကြောင့်၊ မဖြစ်မပျက်သော၊ ဓူဝသဘောမှလည်းဆိတ်၏။ ညှစ်ညူးစေတတ်– ညှစ်ညူးစေအပ်သော သဘောရှိချင်းကြောင့်၊ တင့်တယ်သော၊ သုဘသဘောမှလည်းဆိတ်၏။ ဖြစ်ချင်း ပျက်ချင်းဖြင့်၊ မပြတ်နှိပ်စက်သော သဘောရှိချင်းကြောင့်၊ ချမ်းသာသော၊ သုခသဘောမှလည်းဆိတ်၏။မိမိအလိုအားဖြင့်၊ငါတကားဟု-ဖြစ်သည်မရှိ၊အကြောင်းတပါးနှင့် စပ်၍ဖြစ်သောသဘောရှိချင်းကြောင့်၊ အလိုသို့လိုက်သော၊ အတ္တသဘောမှလည်းဆိတ်၏။ ။ဤသို့ အင်္ဂါအားဖြင့် ၁၂–ပါး၊ဆိတ်သောအားဖြင့်၊ဘဝစက်ကိုသိအပ်သည်လည်းတပါး။

(ဇာတိ၏၊ ဖြစ်သောသဘော ပျက်သောသဘောကို။ ဇရာမရဏ၏၊ ဖြစ်သောသဘော ပျက်သောသဘောကို။ ယံကိဉ္စိသမုဒယဓမ္မံ၊သဗ္ဗံ တံ နိရောဓ ဓမ္မံ၊ ဟူသော သုတ်ပုဒ်ဖြင့်သိကြပါကုန်။)

အဝိဇ္ဇာအစရှိသောအကြောင်းတို့ကြောင့်၊သင်္ခါရအစရှိသောအကျိုးတို့၏၊ မပြတ်ဖြစ်ချင်းသည်ကား။

ဓမ္မာနုဉ္စ ပဋိပါဒို၊ ဓေတုအာယတနာဒနစ။
အဗောစ္ဆိန္နံ ဝတ္တမာနံ၊ သံသာရောတိပဝုစ္စတိ။ ။

ဆိုသောကြောင့်၊ ဘဝစက်လည်းမည်၏။ သံသရာလည်းမည်၏။ ထိုဘဝစက်သည်လည်း။ အဝိဇ္ဇာအစရှိသော အကြောင်းမှတပါး၊ သံသရာကိုပြုတတ် သောသူမှလည်းကင်း၏။ ဝိညာဏ်အစရှိသော အကျိုးမှ တပါး၊ ချမ်းသာဆင်းရဲကို ခံစားတတ်သောသူမှလည်းကင်း၏။ ဤသို့ ပြုတတ်သောသူ၊ ခံစားတတ်သောသူမှ ကင်းသောအားဖြင့်၊ ဘဝစက် ကို သိအပ်သည်လည်းတပါး။

အကြောင်း၏လည်း၊ အကျိုးနှင့်စပ်ချင်းကြောင့်၊ အကျိုး၏လည်း၊ အကြောင်းနှင့်စပ်ချင်းကြောင့်၊ မသိအပ်သောအစ– ရှိသောအားဖြင့်၊ ဘဝစက်ကိုသိအပ်သည်လည်းတပါး။

အဝိဇ္ဇာအကြောင်း၏လည်း၊သင်္ခါရအကျိုးနှင့်စပ်ချင်းကြောင့်၊ ဇရာ မရဏအကျိုး၏လည်း၊ အဝိဇ္ဇာအကြောင်းနှင့်စပ်ချင်းကြောင့်၊ ပြီးဆုံး ချင်းမရှိသောအားဖြင့်၊ ဘဝစက်ကိုသိအပ်သည်လည်းတပါး။

ဇရာမရဏအကျိုး၏၊ သောကစသည် တို့ဖြင့်ပြီးသော၊ အဝိဇ္ဇာအ ကြောင်းနှင့်စပ်၍၊ မရပ်မတည်၊ အဖန်တလဲလဲလည်သောအားဖြင့်၊ဘဝ စက်ကိုသိအပ်သည်လည်းတပါး။

ဂဏ္ဍဝေါဝဗန္ဓော၊ ဟူသောပါဠ်အလို၊ မြွေဦးခေါင်းကို၊ ကိုင်သော သူ၏လက်ရုံးကို၊ မြွေကိုယ်ရစ်ပတ်သကဲ့သို့။ မုစ္စတောစမောက္ခော ဟောတိ၊ ဟူသောပါဠ်အလို၊ မြွေဦးခေါင်းကို ဖြတ်သောသူ၏လက်ရုံး၊ မြွေကိုယ်အရစ်အပတ်မှ လွတ်သကဲ့သို့၊ ထို့အတူ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ဟူသောပါဠ်အလို၊အဝိဇ္ဇာကို၊ ဖြစ်စေသောသူ၏စိတ်၊ မင်္ဂသို့ မတက်။ ဘဝစက်တရားကိုယ်၊ နှောက်ရှက်ပိတ်ပင် သောအားဖြင့်၊ အဝိဇ္ဇာယတွေဝ၊ အသေသဝိရာဂနိရောဓာ၊ သင်္ခါရနိရောဓော၊ဟူသော ပါဠ်အလို၊ အဝိဇ္ဇာကို၊ မဖြစ်စေသောသူ၏စိတ်၊ မင်္ဂသို့တက်။

ဘဝစက်တရားကိုယ်၊ အနှောက်-အရှက်-အပိတ်အပင်-မှ လွတ် သောအားဖြင့်၊အဝိဇ္ဇာပဓာနကို သိအပ်သည်လည်းတပါး။ဤသို့ အဝိဇ္ဇာ ပဓာနအားဖြင့်၊ ဘဝစက်ကား၊အင်္ဂါ ၁၂-ပါး။ တပါးတပါး၊ ဘေး

ကားအဖုံဖုံ၊ အလုံးစုံကို၊အကုန်မကြွင်း၊ ရှင်းလင်းသုမ်သင်သောအခြင်းအရာ၊ ဘဝစက်အင်္ဂါဟူသမျှ၊ အဝိဇ္ဇာဖြစ်ချက်က-တပါတည်းသာ ပါသောကြောင့်၊ တန္တာကုလကဇာတာ၊ရက်ကန်းထွေးကဲ့သို့၊ ဘဝစက်ရှုပ်ထွေး၊တရှုပ်ထွေးတည်း ရှုပ်ထွေးသောငါသည်။ ဂုဏကုဏ္ဍိကဇာတာ၊စာပေါင်းသိုက်ကဲ့သို့၊ ဘဝစက်ရှုပ်ထွေး၊ တရှုပ်ထွေးတည်း ရှုပ်ထွေးသောငါသည်။ မုဉ္ဇပဗ္ဗဇဘူတာ၊ ပြိတ်မြက်-ဖြူဆံမြက်ကဲ့သို့၊ ဘဝစက်ရှုပ်ထွေး၊ တရှုပ်ထွေးတည်း ရှုပ်ထွေးသောငါသည်။ အပါယံ၊ချမ်းသာချင်း-စီးပွါးချင်းမှကင်းသော။ဒုဂ္ဂတိံ၊ပုထုဇန်လူ၊သူတို့၏သွား၊ရောက်ရာဖြစ်သော။ ဝိနိပါတံ၊ အလိုကင်းလျက်လည်း၊ ငြင်းပယ်မရ၊ ကျရာဖြစ်သော။သံသာရံ၊သံသရာဘေးကို။နာတိဝတ္တတိ၊မလွန်နိုင်ဟု အောက်ကျနောက်ကျ၊ စိတ်ကလည်းချ၍မနေဘဲ။ သမာဓိပဝရသိလာယံ၊သမာဓိမြတ်၊ ကျောက်နဝရတ်၌။ သုနိသိတေန၊ ကောင်းစွာသွေးအပ်သော။ ဉာဏာသိနာ၊ မဂ်ဉာဏ်သံလျက်၊ ဓားလက်နက်ဖြင့်။ ဣဒံဘဝစက္ကံ၊ ဤဘဝစက်ကို။အပဒါလေတွာ၊ မပေါက်မခွဲမူ၍။ အသနိဝိစက္ကမိဝ၊ မိုးကြိုးစက်ကဲ့သို့။နိစ္စနိမ္မဒ္ဒနံ၊ နေ့ရောညဉ့်ပါအခါမစဲ၊ အမြဲ၊တနှိပ်စက်ထဲနှိပ်စက်သော။ သံသာရဘယံ၊ သံသရာဘေးကို။ အတီတော၊ လွန်မြောက်ဘူးသော။ ကောစိ၊ တစုံတယောက်သောသူသည်။ သုပိနန္တေရေပိ၊ အိပ်မက်အတွင်း၌သော်လည်း။ နအတ္ထိ၊မရှိ-ဟုမဂ်အသိကလည်းပေါ်သောကြောင့်။ ဣဒဥ္စိဘဝစက္ကံ၊ ဤဘဝစက်သည်သာလျှင်။ အတိဂမ္ဘီရတော-အတိဂမ္ဘီရတာ၊ အသိခက်ခဲ၊ အလွန်နက်နဲသည်၏အဖြစ်ကြောင့်။ အဂါဓံ၊ ထောက်ရာတည်ရာမရှိ။ ဣဒဥ္စိဘဝစက္ကံ၊ ဤဘဝစက်သည် သာလျှင်။ နာနာနယဂဟဏတော-နာနာနယဂဟဏတာ၊ အထူးထူးသောနည်း၊ ရှုပ်မပြီးသော၊ တောအုပ်ကြီးသည်၏ အဖြစ်ကြောင့်။ ဒုရဘိယာနံ၊ ကျွတ်လွတ်ထွက်ပေါက်၊ မဂ်သို့ရောက်နိုင်ခဲ၏၊ ဆိုသော်လည်း၊ အနည်းနည်းအပြားပြား၊ဘဝစက်ကား အင်္ဂါ ၁၂-ပါး၊ တပါးတပါးကို၊ ဘေးဟုရှုကြည့်သော အလိုအားဖြင့်၊ ရှုကြည့်သော ပညာသည်ကား၊ ဝိပဿနာ-ဘာဝနာတင်ချက်၊ ရင့်ကျက်ချင်းကြောင့်၊ နေပက္ကပညာလည်းမည်၏။ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ဆောင်ရွက်ပြချင်းကြောင့်၊ ပါဋိဟာရိယပညာလည်းမည်၏။ ဤသို့ ပညာထက်သန်၊ ပါဋိဟာရိယဉာဏ်ဖြင့်၊ ယခုယခု၊ အသစ်

အသစ်၊ ဖြစ်သောသဘောသည်ကား၊ ရှေးအကြောင်း ၅-ပါးနှင့်၊ ယခု အကျိုး ၅-ပါး၊ ပေါင်းဆုံကြသောကာလ၊ ခဏခဏ၊ အဝိဇ္ဇာ-သင်္ခါရ-တဏှာ-ဥပါဒါန်-ဘဝ-ရှေးအကြောင်း ၅-ပါးတို့၏၊ ဖြစ်သောသဘော ကြောင့်။ ဝိညာဏ်- နာမ်ရုပ်- သဠာယတန- ဖဿ-ဝေဒနာ-ယခုအကျိုး ၅-ပါးတို့၏၊ဖြစ်သောသဘောဟု၊မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အား ထင်အောင်၊ ရှေးကာလကပြု၍၊ ရှုသောကာလ၊ ခဏခဏ၊ ဖြစ်သော သဘောသည်ကား၊ ဘေးရှိ၏။ဤသို့ ဘေးရှိ၏ဟု ထင်သောပညာသည်၊ အာဒီနဝဉာဏ်မည်၏။ အာဒီနဝဉာဏ်ကား၊ ဝတ္ထုအားဖြင့် ၁၅-ပါး ထင်အောင်၊ ယခုယခု၊ အသစ်အသစ်၊ မဖြစ်သောသဘောသည်ကား၊ ရှေးအကြောင်း၅-ပါးနှင့်၊ ယခုအကျိုး ၅-ပါး၊ ပေါင်းဆုံကြသောကာလ၊ ခဏခဏ၊ အဝိဇ္ဇာ-သင်္ခါရ-တဏှာ-ဥပါဒါန်-ဘဝ-ရှေးအကြောင်း ၅-ပါးတို့၏၊ မဖြစ်သောသဘောကြောင့်၊ ဝိညာဏ်-နာမ်ရုပ်-သဠာ ယတန-ဖဿ-ဝေဒနာ-ယခုအကျိုး ၅-ပါးတို့၏၊ မဖြစ်သောသဘောဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြု၍၊ ရှု သောကာလ၊ ခဏခဏ၊ မဖြစ်သောသဘောသည်ကား၊ ဘေးမရှိ။ဤသို့ ဘေးမရှိဟုထင်သောပညာသည်၊သန္တိပဒဉာဏ်မည်၏။ သန္တိပဒဉာဏ် ကား၊ ဝတ္ထုအားဖြင့် ၁၅-ပါးထင်အောင်၊ နောင်အမေးကား။ ကထံ။ ဘယတုပဋ္ဌာနေပညာ၊အာဒီနဝေဉာဏံ။ ။ကထံ။ခေမတုပဋ္ဌာနေပညာ၊ သန္တိပဒေဉာဏံ။ ။ဘယတုပဋ္ဌာနေပညာ၊ဘေးရှိ၏ဟုထင်သောပညာ သည်။အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ တံဉာဏံ၊ ထို ဉာဏ်သည်။ကထံဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ။ခေမတုပဋ္ဌာနေ ပညာ၊ဘေးမရှိဟုထင်သောပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင် သောဉာဏ်မည်၏။ တံဉာဏံ၊ထိုဉာဏ်သည်။ကထံဟောတိ၊အဘယ်သို့ ဖြစ်သနည်း။

(အမေးပုစ္ဆာပါဠိ၊ အစုံမရှိသော်လည်း၊အဖြေပါဠိ၊အစုံရှိသောကြောင့်၊ အစုံမေး သည်ဟုမှတ်။)

(ဇာတိပစ္စယာ ဇရာမရဏံ၊ အသတိ ဇာတိယာ နတ္ထိ ဇရာမရဏံ၊ ဟူသောပါဠ်အလို၊ ဖြစ်သောသဘောရှိချင်းကြောင့်၊ ပျက်သောသ ဘောရှိ၏။ဖြစ်သောသဘောမရှိသော်၊ ပျက်သောသဘောမရှိဟု၊ သမ္မ သနဉာဏ်၊ သုံးသပ်အပ်သော၊ ဖြစ်သောသဘော၊ ပျက်သောသဘော

၂-ပါးတို့တွင်၊ဘင်္ဂဉာဏ်ကား၊ပျက်သောသဘောကို၊ ပျက်သဟု-ရှု၏။ ဘယဉာဏ်ကား၊ပျက်သောသဘောကို၊ ဘေးဟု-ရှု၏။ အာဒီနဝဉာဏ်ကား၊ပျက်သောသဘော-ဘေးဟူသည်ကား၊ ဖြစ်သောသဘော-ဘေး ရှိ၏ဟုရှု၏။ မပျက်သောသဘော-ဘေးမရှိဟူသည်ကား၊ မဖြစ်သော သဘော-ဘေးမရှိဟုရှု၏။ ဤသို့ရှုသော။ဥပ္ပါဒေါဘယံ၊အနုပ္ပါဒေါခေမံ။ ဟူသောပါဠိအလို၊ အဓိပ္ပါယ်ကိုချုပ်သောအားဖြင့်၊ ၁၅-ပါးသော ဝတ္ထုတို့၏အရ၊ ကောက်ချက်ထုတ်ပုံကို ဖွင့်ပြဟန်ကား။ ။ဥပ္ပါဒေါ ဘယန္တိ သင်္ခါရာနံ ဥပ္ပါဒေါ အခေမဋ္ဌေန ဘယဝတ္ထုတာယ ဘယံ။ ဥပ္ပါဒမူလကဥ္စ သပ္ပဝတ္တံ သပ္ပဝတ္တုကန္တိ သပ္ပဗျာသနံ။ ပဝတ္တံ ဘယန္တိ အာဒီသုပိ ဧသေဝနယော။ ။(**မဟာဋီကာ**)၊ ။ယခုအခါ၊ပေထက်တင် သော အက္ခရာပျက်ချက်ကို၊သိအပ်သော အနက် မပျက်အောင်၊ ပြင် ထားသည်၊မှားသည်မဟုတ်လင့်။ ။ဥပ္ပါဒေါ ဘယန္တိ၊ ဥပ္ပါဒေါဘယံဟူ သည်ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ဥပ္ပါဒေါ၊ဖြစ်သောသဘောသည် ကား။ အခေမဋ္ဌေန၊ ဘေးရှိသောအနက်ကြောင့်။ ဘယဝတ္ထုတာယ၊ ဘေး၏ တည်ရာဝတ္ထု ရှိသည်၏ အဖြစ်ကြောင့်။ ဘယံ၊ ဘေးရှိ၏။ ဟိ၊ အကြင့်ကြောင့်။ ဥပ္ပါဒမူလကံ၊ ဖြစ်ချင်းအရင်း ဝတ္ထု ရှိသော။ ဘယံ၊ ဘေးသည်။ သပ္ပဝတ္တံ၊ ရောက်အပ်သောအဆုံးရှိ၏။ဟိ၊ အကြင့်ကြောင့်။ ဥပ္ပါဒမူလကံ၊ ဖြစ်ချင်းအရင်းဝတ္ထု ရှိသော။ ဘယံ၊ ဘေးသည်။ သပ္ပ ဝတ္ထုကံ၊ ရောက်အပ်သောဝတ္ထုအဆုံးရှိ၏။ ဇာတိ၊ ထို့ကြောင့်။ ဥပ္ပါဒ မူလကံ၊ ဖြစ်ချင်းအရင်းဝတ္ထု ရှိသော။ ဘယံ၊ ဘေးသည်။ သပ္ပဗျာသနံ၊ ရောက်အပ်သောဝတ္ထု၊ ပျက်စီးချင်းအဆုံးရှိ၏။ (အညေပုဒ်အနက်ထင် အောင်ပေးသည်)။ ပဝတ္တံဘယန္တိအာဒီသုပိ၊ ပဝတ္တံဘယံ၊ ဤသို့အစ ရှိသောဝတ္ထုတို့၌လည်း၊ ဧသေဝနယော၊ ဤနည်းကဲ့သို့သောနည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။)

ပျက်သောသဘော- ဘေးရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သော သဘောကြောင့်၊ ယခုအကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သောသဘော-ဘေးရှိ၏ဟု၊ မရှုမိက၊ ရှုသော ကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ ခဏခဏ၊ ဖြစ်သောသဘောသည်ကား- ဘေးရှိ၏။ ဤသို့ ဘေးရှိ၏ ဟု ထင်သော ပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ။မပျက်သော

သဘော-ဘေးမရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ သမ္ပါရိတရား တို့၏၊ မဖြစ်သောသဘောကြောင့်၊ ယခုအကျိုး ၅-ပါး၊ သမ္ပါရိတရား တို့၏၊ မဖြစ်သော သဘော-ဘေးမရှိဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အား ထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏ ခဏ၊ မဖြစ်သောသဘောသည်ကား၊ ဘေးမရှိ။ ဤသို့ ဘေးမရှိဟုထင်သော ပညာသည်၊ သန္တိပဒဉာဏ်မည်၏။

ဥပ္ပါဒေါဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။
အနုပ္ပါဒေါခေမန္တိ သန္တိပဒေ ဉာဏံ။

ဥပ္ပါဒေါ၊ဖြစ်သော သဘောသည်ကား။ ဘယံ၊ဘေးရှိ၏။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟုထင်သောပညာသည်။ အာဒီနဝေ ဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ အနုပ္ပါဒေါ၊မဖြစ်သော သဘော သည်ကား။ ခေမံ၊ဘေးမရှိ။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေး မရှိဟု ထင်သောပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ် မည်၏။

(ယောဂီပုဂ္ဂိုလ်၏အသိဉာဏ်၊ လျင်မြန်သော ပုဒ်အနက်ကိုသာဆိုသည်၊ မဆို သော်လည်းကြွင်းသော ဒုက်ပုဒ်၊ ကောက်ချက်ထုတ်ပုံ၊ အာရုံရှိပြီ။)

ပျက်သော သဘော-ဘေးရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ သမ္ပါရိတရားတို့၏၊ ဖြစ်သော သဘောကြောင့်၊ ယခုအကျိုး ၅-ပါး၊ သမ္ပါရိတရားတို့၏၊ ဘဝအလျဉ်-ဘဝင်အစဉ်၊ မပြတ်သောသဘော— ဘေးရှိ၏ဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏခဏ၊ ဘဝအလျဉ်-ဘဝင်အစဉ်၊ မပြတ်သော သဘောသည်ကား၊ဘေးရှိ၏။ ဤသို့ ဘေးရှိ၏ဟုထင်သော ပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ။မပျက်သော သဘော-ဘေးမရှိ ဟူသည်ကား၊ ရှေးအကြောင်း ၅—ပါး၊ သမ္ပါရိတရားတို့၏ မဖြစ်သော သဘောကြောင့်၊ ယခုအကျိုး ၅—ပါး၊ သမ္ပါရိတရားတို့၏၊ ဘဝအလျဉ် ဘဝင်အစဉ်၊ ပြတ်သော သဘော-ဘေးမရှိဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍။ ရှုသောကာလ၊ ခဏခဏ၊ ဘဝအလျဉ်—ဘဝင်အစဉ်၊ ပြတ်သော သဘောသည်ကား၊ ဘေးမရှိ။ ဤသို့ ဘေးမရှိဟုထင်သောပညာသည်၊ သန္တိပဒဉာဏ်မည်၏။

ပဝတ္တံ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။
အပ္ပဝတ္တံခေမန္တိ သန္တိပဒေ ဉာဏံ။

ပဝတ္တံ၊ အစဉ်မပြတ်သော သင်္ခါရသည်ကား။ ဘယံ၊ ဘေးရှိ၏။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ဘေးရှိ၏ဟုထင်သော ပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ အပဝတ္တံ၊ အစဉ်ပြတ်သော သင်္ခါရသည်ကား။ ခေမံ၊ ဘေးမရှိ။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေ ပညာ၊ ဘေးမရှိဟုထင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန် ထင်သော ဉာဏ်မည်၏။

ပျက်သော သင်္ခါရ—ဘေးရှိဟူသည်ကား၊ ရှေးအကြောင်း ၅—ပါး၊ ဟေတုဖလသန္ဓိရတရား။ ယခုအကြောင်း ၅—ပါး၊ဖလဟေတုသန္ဓိရတရား။ ယခုအကြောင်း ၅—ပါး၊ ဟေတုဖလ သန္ဓိရတရားတို့၏၊ ဖြစ်သော သင်္ခါရကြောင့်၊ ယခုအကျိုး ၅—ပါး၊ ဟေတုဖလ သန္ဓိရတရား။ ယခုအကျိုး ၅-ပါး၊ ဖလဟေတုသန္ဓိရတရား။ နောင်အကျိုး ၅-ပါး၊ ဟေတုဖလသန္ဓိရတရားတို့၏၊ ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်၊အစီအရင်၊ ငါထင်သော သင်္ခါရ-ဘေးရှိ၏ဟု၊မရှုမိက၊ ရှုသော ကာလ၊ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ရှုသောကာလ၊ ခဏ ခဏ၊ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်၊အစီအရင်၊ငါထင်သောသင်္ခါရ သည်ကား၊ ဘေးရှိ၏။ဤသို့ ဘေးရှိ၏ဟုထင်သောပညာသည်၊အာဒီနဝ ဉာဏ်မည်၏။ ။မပျက်သော သင်္ခါရ-ဘေးမရှိဟူသည်ကား၊ ရှေးအ ကြောင်း ၅-ပါး၊ဟေတုဖလသန္ဓိရတရား။ယခုအကြောင်း ၅-ပါး၊ ဖလ ဟေတုသန္ဓိရတရား။ယခုအကြောင်း ၅-ပါး၊ဟေတုဖလသန္ဓိရတရား တို့၏၊ မဖြစ်သောသင်္ခါရကြောင့်၊ယခုအကျိုး၅-ပါး၊ဟေတုဖလသန္ဓိ ရတရား။ ယခုအကျိုး ၅-ပါး၊ ဖလဟေတုသန္ဓိရတရား။ နောင်အကျိုး ၅-ပါး၊ ဟေတုဖလ သန္ဓိရတရားတို့၏၊ ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြု အပြင်၊ အစီအရင်၊ ငါမထင်သော သင်္ခါရ-ဘေးမရှိဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသော ကာလ၊ ခဏခဏ၊ ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်၊ အစီအရင်၊ ငါမထင်သော သင်္ခါရသည်ကား၊ ဘေးမရှိ။ ဤသို့ ဘေးမရှိဟု ထင်သော ပညာသည်၊ သန္တိပဒဉာဏ်မည်၏။

နိမိတ္တံ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။
အနိမိတ္တံ ခေမန္တိ သန္တိပဒေ ဉာဏံ။

ပျက်သော သင်္ခါရ- ဘေးရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ သင်္ခါရ တရားတို့၏၊ ဖြစ်သောသင်္ခါရကြောင့်၊ ယခုအကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဘဝအလျဉ်-ဘဝင်အစဉ်၊ မပြတ်သော သင်္ခါရ— သင်္ခါရဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ရှေး ကာလက ပြ၍၊ ရှုသောကာလ၊ခဏခဏ၊ ဘဝအလျဉ်-ဘဝင်အစဉ်၊ မပြတ်သောသင်္ခါရသည်ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟုထင်သော ပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ။မပျက်သောသင်္ခါရ-ဘေးမရှိ ဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သော သင်္ခါရကြောင့်၊ ယခုအကျိုး ၅-ပါး၊သင်္ခါရတရားတို့၏၊ ဘဝအလျဉ်- ဘဝင်အစဉ်၊ ပြတ်သောသင်္ခါရ- နိဗ္ဗာန်ဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အား ထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏ ခဏ၊ ဘဝအလျဉ်-ဘဝင်အစဉ်၊ ပြတ်သောသင်္ခါရသည်ကား၊နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟုထင်သောပညာသည်၊ သန္တိပဒဉာဏ်မည်၏။

ပဝတ္တံ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အပ္ပဝတ္တံ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ပဝတ္တံ၊ အစဉ်မပြတ်သော သင်္ခါရ သည်ကား။သင်္ခါရာ၊ သင်္ခါရ တို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟုထင်သော ပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ အပ္ပဝတ္တံ၊

အစဉ်ပြတ်သောသဘောသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဇာတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးမရှိဟုထင်သော ပညာသည်။ သန္တိပဒေ ဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

ပျက်သော သဘော-ဘေးရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ ဟေတုဖလသန္ဓိရတရား။ ယခုအကြောင်း ၅-ပါး၊ ဖလဟေတုသန္ဓိရတရား။ ယခုအကြောင်း ၅-ပါး၊ ဟေတုဖလ သန္ဓိရ တရားတို့၏၊ ဖြစ်သော သဘောကြောင့်၊ ယခုအကျိုး ၅-ပါး၊ ဟေတုဖလ သန္ဓိရတရား။ ယခုအကျိုး ၅-ပါး၊ ဖလဟေတု သန္ဓိရတရား။ နောင်အကျိုး ၅-ပါး၊ ဟေတုဖလ သန္ဓိရတရားတို့၏၊ ကိုယ်မှု-နှုတ်မှု- စိတ်မှု-အပြုအပြင်- အစီအရင်၊ ငါထင်သောသဘော-သန္ဓိရဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ရှေးကာလက ပြု၍၊ ရှုသောကာလ၊ ခဏခဏ၊ ကိုယ်မှု- နှုတ်မှု- စိတ်မှု- အပြုအပြင်- အစီအရင်၊ ငါထင်သော သဘောသည်ကား၊ သန္ဓိရ။ ဤသို့ ဘေးရှိ၏ဟုထင်သောပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ။မပျက်သောသဘော-ဘေးမရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ ဟေတုဖလ သန္ဓိရတရား။ ယခုအကြောင်း ၅-ပါး၊ ဖလဟေတုသန္ဓိရတရား။ ယခုအကြောင်း ၅-ပါး၊ ဟေတုဖလသန္ဓိရတရားတို့၏၊မဖြစ်သောသဘောကြောင့်၊ ယခုအကျိုး ၅-ပါး၊ ဟေတုဖလသန္ဓိရတရား။ ယခုအကျိုး ၅-ပါး၊ ဖလဟေတုသန္ဓိရတရား။ နောင်အကျိုး ၅-ပါး၊ ဟေတုဖလသန္ဓိရတရားတို့၏၊ ကိုယ်မှု-နှုတ်မှု-စိတ်မှု-အပြုအပြင်-အစီအရင်၊ငါမထင်သောသဘော—နိဗ္ဗာန်ဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အား ထင်အောင်၊ ရှေးကာလကပြု၍၊ ရှုသောကာလ၊ ခဏခဏ၊ ကိုယ်မှု--နှုတ်မှု- စိတ်မှု-အပြုအပြင်- အစီအရင်၊ ငါမထင်သောသဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟု ထင်သောပညာသည်၊ သန္တိပဒဉာဏ်မည်၏။

နိမိတ္တံ သန္ဓိရာတိ ဘယတုပဋ္ဌာနေပညာ အာဒီနဝေဉာဏံ။
အနိမိတ္တံ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

နိမိတ္တံ၊ ငါထင်သော သဘော သည်ကား။ သန္ဓိရာ၊ သန္ဓိရ တို့တည်း။ ဇာတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ဘေးရှိ၏ဟု ထင်သော ပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။အနိမိတ္တံ၊

ငါမထင်သော သင်္ခါရသည်ကား။ နိဗ္ဗာန်၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးမရှိဟုထင်သော ပညာသည်။ သန္တိပဒေ ဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

ပျက်သော သင်္ခါရ- ဘေးရှိ ဟူသည်ကား၊ ယခုအကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သောသင်္ခါရကြောင့်၊ ယခုအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ အားထုတ်သော သင်္ခါရ-သင်္ခါရဟု၊ မရူမိကာ၊ ရှုသော ကာလ၊ ဉာဏ်အား ထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသော ကာလ၊ခဏခဏ၊ အားထုတ်သောသင်္ခါရသည်ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟုထင်သောပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ။မပျက်သော သင်္ခါရ- ဘေးမရှိဟူသည်ကား၊ ယခုအကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သော သင်္ခါရကြောင့်၊ ယခု အကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ အားမထုတ်သော သင်္ခါရ- နိဗ္ဗာန်ဟု၊ မရူမိကာ၊ ရှုသော ကာလ၊ ဉာဏ်အားထင်အောင်၊ရှေးကာလက ပြ၍၊ ရှုသော ကာလ၊ခဏခဏ၊ အားမထုတ်သောသင်္ခါရသည်ကား၊နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟုထင်သောပညာသည်၊ သန္တိပဒဉာဏ်မည်၏။

အာယူဟနာ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။ အနာယူဟနာ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

အာယူဟနာ၊ အားထုတ်သော သင်္ခါရသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟု ထင်သောပညာသည်။ အာဒီနဝေဉာဏံ၊အပြစ်ထင်သောဉာဏ်မည်၏။ အနာယူဟနာ၊ အားမထုတ်သော သင်္ခါရသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးမရှိဟု ထင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သော ဉာဏ်မည်၏။

ပျက်သော သင်္ခါရ-ဘေးရှိဟူသည်ကား၊ ယခုအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သောသင်္ခါရကြောင့်၊ နောင်အကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဘဝ ၂-ရပ်၊ စပ်သောသင်္ခါရ-သင်္ခါရဟု၊ မရူမိကာ၊ ရှုသောကာလ၊ဉာဏ်အားထင်အောင်၊ရှေးကာလကပြ၍၊ ရှုသော ကာလ၊ခဏခဏ၊ဘဝ ၂-ရပ်၊ စပ်သော သင်္ခါရသည်ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟုထင်သော ပညာသည်၊အာဒီနဝ ဉာဏ်မည်၏။ ။

မပျက်သော သဘော-ဘေးမရှိဟူသည်ကား၊ ယခုအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သော သဘောကြောင့်၊ နောင်အကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဘဝ ၂–ရပ်၊ မစပ်သော သဘော-နိဗ္ဗာန်ဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏခဏ၊ဘဝ ၂-ရပ်၊ မစပ်သော သဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟု ထင်သော ပညာသည်၊ သန္တိပဒဉာဏ် မည်၏။

ပဋိသန္ဓိ သင်္ခါရာတိ ဘယတုပဋ္ဌာနေပညာ အာဒီနဝေ ဉာဏံ။ အပ္ပဋိသန္ဓိ နိဗ္ဗာနန္တိ သန္တိပဒေဉာဏံ။

ပဋိသန္ဓိ၊ ဘဝ ၂–ရပ်၊ စပ်သော သဘောသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟု ထင်သော ပညာသည်။အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ အပ္ပဋိသန္ဓိ၊ ဘဝ ၂–ရပ်၊ မစပ်သော သဘောသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးမရှိဟုထင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

ပျက်သော သဘော–ဘေးရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သော သဘောကြောင့်၊ ယခုအကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊လာသော သဘော-ရောက်သော သဘော–သင်္ခါရဟု၊မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏခဏ၊လာသောသဘော-ရောက်သောသဘောသည်ကား၊သင်္ခါရ။ဤသို့ ဘေးရှိ၏ဟုထင်သောပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ။မပျက်သော သဘော-ဘေးမရှိဟူသည်ကား၊ရှေးအကြောင်း ၅–ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သော သဘောကြောင့်၊ ယခုအကျိုး ၅–ပါး၊ သင်္ခါရတရားတို့၏၊ မလာသော သဘော–မရောက်သော သဘော–နိဗ္ဗာန်ဟု၊ မရှုမိက၊ ရှုသော ကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏခဏ၊ မလာသော သဘော–မရောက်သောသဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟုထင်သော ပညာသည်၊ သန္တိပဒဉာဏ်မည်၏။

ဂတိ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။
အဂတိ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ဂတိ၊လာသောသဘော-ရောက်သောသဘောသည်ကား။သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟု ထင်သောပညာသည်။ အာဒီနဝေဉာဏံ၊အပြစ်ထင်သော ဉာဏ်မည်၏။ အဂတိ၊မလာသောသဘော-မရောက်သောသဘောသည်ကား၊နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ခေမတုပဋ္ဌာနေပညာ၊ဘေးမရှိဟုထင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

ပျက်သော သဘော—ဘေးရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သော သဘောကြောင့်၊ ယခုအကျိုး ၅—ပါး၊ သင်္ခါရတရားတို့၏၊ အသစ်အသစ်ဖြစ်သော သဘော—သင်္ခါရဟု၊မရူ မိက၊ ရူသောကာလ၊ ဉာဏ်အားထင်အောင်၊ရှေးကာလကပြ၍၊ရူသော ကာလ၊ခဏခဏ၊ အသစ်အသစ်ဖြစ်သော သဘောသည်ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟု ထင်သောပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ။ မပျက်သော သဘော—ဘေးမရှိဟူသည်ကား၊ရှေးအကြောင်း ၅—ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သော သဘောကြောင့်၊ ယခုအကျိုး ၅—ပါး၊ သင်္ခါရတရားတို့၏၊ အသစ်အသစ်မဖြစ်သော သဘော—နိဗ္ဗာန်ဟု၊ မရူ မိက၊ ရူသောကာလ၊ ဉာဏ်အားထင်အောင်၊ရှေးကာလကပြ၍၊ရူသော ကာလ၊ခဏခဏ၊အသစ်အသစ်မဖြစ်သော သဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟုထင်သောပညာသည်၊ သန္တိပဒဉာဏ်မည်၏၊

နိဗ္ဗတ္တိ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီန ဝေဉာဏံ။အနိဗ္ဗတ္တိ နိဗ္ဗာနန္တိ သန္တိပဒေဉာဏံ။

နိဗ္ဗတ္တိ၊ အသစ်အသစ်ဖြစ်သော သဘောသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟု ထင်သောပညာသည်။အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ အနိဗ္ဗတ္တိ၊ အသစ်အသစ် မဖြစ်သောသဘောသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန် တည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးမရှိဟုထင်သော ပညာသည်။သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

ပျက်သောသဘော-ဘေးရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သော သဘောကြောင့်၊ ယခုအကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊ ကျသော သဘော-သင်္ခါရဟု၊ မရှုမိက၊ ရှုသော ကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏ ခဏ၊ ကျသောသဘောသည်ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟုထင် သောပညာသည်၊ အာဒီနဝဉာဏ် မည်၏။ ။မပျက်သော သဘော ဘေးမရှိဟူသည်ကား၊ ရှေးအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သောသဘောကြောင့်၊ ယခုအကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊ မကျသော သဘော-နိဗ္ဗာန်ဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အား ထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ ခဏ ခဏ၊ မကျသော သဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟုထင်သော ပညာသည်၊ သန္တိပဒဉာဏ်မည်၏။

ဥပ္ပါဒပဝတ္တံ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အနုပ္ပါဒ အပ္ပဝတ္တံ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ဥပ္ပါဒပဝတ္တံ၊ ကျသောသဘောသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ ပညာ၊ ဘေးရှိ၏ဟုထင်သောပညာသည်။ အာဒီနဝေ ဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ အနုပ္ပါဒ အပ္ပဝတ္တံ၊ မကျသော သဘောသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေ ပညာ၊ ဘေးမရှိဟုထင်သော ပညာသည်။ သန္တိပဒေ ဉာဏံ၊ နိဗ္ဗာန် ထင်သောဉာဏ်မည်၏။

ပျက်သောသဘော-ဘေးရှိဟူသည်ကား၊ ယခုအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သော သဘောကြောင့်၊ နောင်အကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သောသဘော-သင်္ခါရဟု၊ မရှုမိက၊ ရှုသော ကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏ ခဏ၊ ဖြစ်သော သဘောသည်ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟုထင် သော ပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ။မပျက်သော သဘော- ဘေးမရှိဟူသည်ကား၊ ယခုအကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သောသဘောကြောင့်၊ နောင်အကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သောသဘော-နိဗ္ဗာန်ဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်

အောင်၊ ဈေးကာလကပြ၍၊ ရှုသောကာလ၊ခဏခဏ၊ မဖြစ်သော သဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟုထင်သော ပညာသည်၊ သန္တိပဒဉာဏ်မည်၏။

ဇာတိ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။
အဇာတိ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ဇာတိ၊ ဖြစ်သောသဘောသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟုထင်သောပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ အဇာတိ၊ မဖြစ်သော သဘောသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေ ပညာ၊ ဘေးမရှိဟုထင်သောပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင် သောဉာဏ်မည်၏။

ပျက်သော သဘော–ဘေးရှိ ဟူသည်ကား၊ အကြောင်း ၁၀–မျိုး၊ အကျိုး ၁၀–ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သော သဘောကြောင့်၊ အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ အိုသော သဘော-သင်္ခါရဟု၊ မရူမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ဈေးကာလကပြ၍၊ ရှုသောကာလ၊ ခဏခဏ၊ အိုသောသဘောသည် ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟုထင်သော ပညာသည်၊ အာဒီနဝ ဉာဏ်မည်၏။ ။မပျက်သော သဘော– ဘေးမရှိ ဟူသည်ကား၊ အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သော သဘောကြောင့်၊ အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရား တို့၏၊ မအိုသောသဘော- နိဗ္ဗာန်ဟု၊ မရူမိက၊ ရှုသောကာလ၊ ဉာဏ် အားထင်အောင်၊ဈေးကာလကပြ၍၊ရှုသောကာလ၊ ခဏခဏ၊မအိုသော သဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟုထင်သော ပညာသည်၊ သန္တိပဒဉာဏ်မည်၏။

ဇရာ သင်္ခါရာတိ ဘယတုပဋ္ဌာနေပညာ အာဒီနဝေဉာဏံ၊
အဇရာ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ဇရာ၊ အိုသော သဘောသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟုထင်သောပညာသည်။

အာဒိနုဝေညာဏံ၊ အပြစ်ထင်သော ဉာဏ်မည်၏။ အဇ္ဈော၊ မအိုသော
သဘောသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ခေမတောပဋ္ဌာနေ
ပညာ၊ ဘေးမရှိဟုထင်သောပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်
သောဉာဏ်မည်၏။

ပျက်သောသဘော–ဘေးရှိဟူသည်ကား၊ အကြောင်း ၁၀–မျိုး၊
အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သော သဘောကြောင့်၊
အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ နာသော
သဘော-သင်္ခါရဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊
ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏ ခဏ၊ နာသောသဘောသည်
ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟု ထင်သော ပညာသည်၊ အာဒိနဝ
ဉာဏ်မည်၏။ ။မပျက်သော သဘော–ဘေးမရှိ ဟူသည်ကား၊ အ
ကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သော
သဘောကြောင့်၊ အကြောင်း ၁၀-မျိုး၊အကျိုး ၁၀-ပါး၊ သင်္ခါရတရား
တို့၏၊ မနာသောသဘော နိဗ္ဗာန်ဟု၊ မရှုမိက၊ရှုသောကာလ၊ဉာဏ်အား
ထင်အောင်၊ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏခဏ၊ မနာသောသ
ဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟုထင်သော ပညာသည်၊သန္တိ
ပဒဉာဏ်မည်၏။

ဗျာဓိ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။
အဗျာဓိ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ဗျာဓိ၊ နာသောသဘောသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။
ဣတိ၊ဤသို့။ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟု ထင်သောပညာသည်။
အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ အဗျာဓိ၊ မနာသောသ
ဘောသည်ကား။နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ဣတိ၊ဤသို့။ခေမတောပဋ္ဌာနေပညာ၊
ဘေးမရှိဟု ထင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သော
ဉာဏ်မည်၏။

ပျက်သော သဘော--ဘေးရှိ ဟူသည်ကား၊ အကြောင်း ၁၀–မျိုး၊
အကျိုး ၁၀–ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သော သဘောကြောင့်၊ အ
ကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ သေသောသ
ဘော-သင်္ခါရဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ရှေး

ကာလကပြ၍၊ ရှုသောကာလ၊ ခဏခဏ၊ သေသောသဘောသည်ကား သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟုထင်သောပညာသည်၊ အာဒီနဝဉာဏ်မည် ၏။ ။မပျက်သော သဘော– ဘေးမရှိ ဟူသည်ကား၊ အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သောသဘော ကြောင့်၊ အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏ မသေသောသဘော–နိဗ္ဗာန်ဟု၊ မရူမိက၊ ရှုသောကာလ၊ ဉာဏ်အား ထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ ခဏခဏ၊ မသေသော သဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟု ထင်သော ပညာသည်၊ သန္တိပဒဉာဏ်မည်၏။

မရဏံ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အမတံ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

မရဏံ၊ သေသောသဘောသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟု ထင်သောပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သော ဉာဏ်မည်၏။ အမတံ၊ မသေသော သဘောသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေ ပညာ၊ ဘေးမရှိဟုထင်သောပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင် သောဉာဏ်မည်၏။

ပျက်သောသဘော–ဘေးရှိဟူသည်ကား၊ အကြောင်း ၁၀–မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ဖြစ်သောသဘောကြောင့်၊ ဒုက္ခ နှင့်တွေ့ကြုံမိသောသူ၏၊ စိုးရိမ်သော သဘော- သင်္ခါရဟု၊ မရူမိက၊ ရှုသောကာလ၊ဉာဏ်အားထင်အောင်၊ရှေးကာလကပြ၍၊ရှုသောကာလ၊ ခဏခဏ၊ စိုးရိမ်သောသဘောသည်ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟု ထင်သောပညာသည်၊အာဒီနဝဉာဏ်မည်၏။ ။မပျက်သော သဘော- ဘေးမရှိဟူသည်ကား၊ အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊သင်္ခါရ တရားတို့၏၊မဖြစ်သောသဘောကြောင့်၊ ဒုက္ခနှင့် တွေ့ကြုံမိသောသူ၏၊ မစိုးရိမ်သောသဘော–နိဗ္ဗာန်ဟု၊ မရူမိက၊ ရှုသောကာလ၊ ဉာဏ်အား ထင်အောင်၊ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏခဏ၊ မစိုးရိမ်သော သဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟုထင်သောပညာသည်၊ သန္တိပဒဉာဏ်မည်၏။

သောကော သင်္ခါရေတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အသောကော နိဗ္ဗာနန္တိ သန္တိပဒေဉာဏံ။

သောကော၊ စိုးရိမ်သောသဘောသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟုထင်သောပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ အသောကော၊ မစိုးရိမ်သောသဘောသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးမရှိဟု ထင်သောပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

ပျက်သောသဘော—ဘေးရှိဟူသည်ကား၊ အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သောသဘောကြောင့်၊ ဒုက္ခနှင့်တွေ့ကြုံသောသူ၏၊ ငိုကြွေးသောသဘော-သင်္ခါရဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ ခဏခဏ၊ ငိုကြွေးသောသဘောသည်ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟု ထင်သောပညာသည်၊ အာဒီနဝဉာဏ်မည်၏။ ။မပျက်သောသဘော ဘေးမရှိဟူသည်ကား၊ အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သောသဘောကြောင့်၊ ဒုက္ခနှင့်တွေ့ကြုံသောသူ၏၊ မငိုမကြွေးသောသဘော-နိဗ္ဗာန်ဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အား ထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ ခဏခဏ၊ မငိုမကြွေး သောသဘောသည်ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟု ထင်သောပညာ သည်၊ သန္တိပဒဉာဏ်မည်၏။

ပရိဒေဝေါ သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အပရိဒေဝေါ နိဗ္ဗာနန္တိ သန္တိပဒေဉာဏံ။

ပရိဒေဝေါ၊ ငိုကြွေးသောသဘောသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့ တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟုထင်သော ပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သော ဉာဏ်မည်၏။ အပရိ ဒေဝေါ၊ မငိုမကြွေးသော သဘောသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးမရှိဟုထင်သောပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

ပျက်သော သဘော-ဘေးရှိဟူသည်ကား။ အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ ဖြစ်သောသဘောကြောင့်၊ဒုက္ခနှင့်တွေ့ကြုံမိသောသူ၏၊ ပုလောင်ပင်ပန်းသော သဘော-သင်္ခါရဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ ရှေးကာလကပြ၍၊ ရှုသောကာလ၊ခဏခဏ၊ ပုလောင် ပင်ပန်းသော သဘောသည်ကား၊ သင်္ခါရ။ ဤသို့ ဘေးရှိ၏ဟုထင်သော ပညာသည်၊ အာဒီနဝဉာဏ် မည်၏။ ။မပျက်သော သဘော-ဘေးမရှိဟူသည်ကား၊ အကြောင်း ၁၀-မျိုး၊ အကျိုး ၁၀-ပါး၊ သင်္ခါရတရားတို့၏၊ မဖြစ်သော သဘော ကြောင့်၊ဒုက္ခနှင့်တွေ့ကြုံမိသောသူ၏၊ မပုလောင်မပင်ပန်းသောသဘော နိဗ္ဗာန်ဟု၊ မရှုမိက၊ ရှုသောကာလ၊ဉာဏ်အားထင်အောင်၊ရှေးကာလက ပြ၍၊ရှုသောကာလ၊ခဏခဏ၊ မပုလောင် မပင်ပန်းသောသဘောသည် ကား၊ နိဗ္ဗာန်။ ဤသို့ ဘေးမရှိဟုထင်သော ပညာသည်၊ သန္တိပဒ ဉာဏ်မည်၏။

ဥပါယာသော သင်္ခါရာတိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ အနုပါယာသော နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ဥပါယာသော၊ ပုလောင်ပင်ပန်းသောသဘောသည်ကား။သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးရှိ၏ဟု ထင်သောပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ်မည်၏။ အနုပါယာသော၊ မပုလောင်မပင်ပန်းသော သဘောသည်ကား။နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ခေမတုပဋ္ဌာနေပညာ၊ ဘေးမရှိဟုထင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သောဉာဏ်မည်၏။

ဤသို့ အာဒီနဝဉာဏ်သည် ကား၊ အာဒီနဝဉာဏ်-သန္တိပဒဉာဏ် အလိုအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ ပျက်သောသဘော-ဘေးရှိ သော ဝတ္ထုကို၊ ဘေးရှိ၏ဟု၊ အာဒီနဝဉာဏ်ဖြင့်၊ ယောဂီပုဂ္ဂိုလ်ရှု၏။ မပျက်သော သဘော-ဘေးမရှိသောဝတ္ထုကို၊ ဘေးမရှိဟု၊ သန္တိပဒ ဉာဏ်ဖြင့်၊ ယောဂီပုဂ္ဂိုလ်ရှု၏။ အာဒီနဝဉာဏ်-သန္တိပဒဉာဏ် ၂-ပါး၊ တို့၌ လိမ်မာသော၊ယောဂီပုဂ္ဂိုလ်၏၊ အာဒီနဝဉာဏ်၊ တဘက်ကမ်းသို့ ရောက်၏။ အကြင်အခါကာလ၊ ပျက်သော သဘော-ဘေးရှိသောဝတ္ထု ကို၊ သင်္ခါရဟု၊ အာဒီနဝဉာဏ်ဖြင့်၊ ယောဂီပုဂ္ဂိုလ်၊ တရှုတည်းရှု၏။

အကြင်အခါ ကာလ၊ မပျက်သော သဘော-ဘေးမရှိသောဝဋ္ဋကို၊ နိဗ္ဗာန်ဟု၊ သန္တိပဒဉာဏ်ဖြင့်၊ ယောဂီပုဂ္ဂိုလ်၊ တရှုတည်းရှု၏။ ထိုအခါ ကာလ၊ တဘက်ကမ်းရောက်သော၊ ယောဂီပုဂ္ဂိုလ်၏အာဒီနဝဉာဏ် ဧကတ္တသို့ ရောက်၏။

ရောက်ပုံကား။

အတီတာနုဓာဝနံ စိတ္တံ ဝိက္ခေပါနုပတိတံ၊ တံ ဝိဝဇ္ဇယိတွာ ဧကဋ္ဌာနေ သမာဒဟတိ။ ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။ အနာဂတပဋိကင်္ခနံ စိတ္တံ ဝိကမ္ပိတံ၊ တံ ဝိဝဇ္ဇယိတွာ တတ္ထေဝ အဓိမောစေတိ။ ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။ လီနံ စိတ္တံ ကောသဇ္ဇာနုပတိတံ၊ တံ ပဂ္ဂဏှိတွာ ကောသဇ္ဇံ ပဇဟတိ။ ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။ အတိပဂ္ဂဟိတံ စိတ္တံ ဥဒ္ဓစ္စာနုပတိတံ၊ တံ ဝိနိဂ္ဂဏှိတွာ ဥဒ္ဓစ္စံ ပဇဟတိ။ ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။ အဘိနတံ စိတ္တံ ရာဂါနုပတိတံ၊ တံ သမ္ပဇာနော ဟုတွာ ရာဂံ ပဇဟတိ။ ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။ အပနတံ စိတ္တံ ဗျာပါဒါနုပတိတံ၊ တံ သမ္ပဇာနော ဟုတွာ ဗျာပါဒံ ပဇဟတိ။ ဧဝမ္ပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။ ဣမေဟိ ဆဟိ ဌာနေဟိ ပရိသုဒ္ဓံ စိတ္တံ ပရိယောဒါတံ ဧကတ္တဂတံ ဟောတိ။

အတီတာနုဓာဝနံ၊ အတိတ်သို့ပြေးသွားသော။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပါနုပတိတံ၊ ပျံ့လွင့်ရောက်ကျ၏။ တံ၊ ထိုအတိတ်ကို။ ဝိဝဇ္ဇယိတွာ၊ ကြဉ်ချင်းကြောင့်။ ဧကဋ္ဌာနေ၊ ပစ္စုပ္ပန်ကာလ၊ ဘေးရှိ၏-ဘေးမရှိဟုရှု၊ တခုသောဌာန၌။ သမာဒဟတိ၊ တည်၏။ ဧဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အနာဂတပဋိကင်္ခနံ၊ အနာဂတ်ကိုအလိုရှိသော။ စိတ္တံ၊ စိတ်သည်။ ဝိကမ္ပိတံ၊ တုန်လှုပ်၏။ တံ၊ ထိုအနာဂတ်ကို။ ဝိဝဇ္ဇယိတွာ၊ ကြဉ်ချင်းကြောင့်။ တတ္ထေဝ၊ ထိုပစ္စုပ္ပန်ကာလ၊ ဘေးရှိ၏-ဘေးမရှိဟုရှု၊ တခုသောဌာန၌ သာလျှင်။ အဓိမောစေတိ၊ နှလုံးသွင်း၏။ ဧဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ လီနံ၊ တွန့်သော။ စိတ္တံ၊ စိတ်သည်။ ကောသဇ္ဇာနုပတိတံ၊ ပျင်းရောကျ၏။ တံ၊ ထိုတွန့်သည်ကို။ ပဂ္ဂဏှိတွာ၊ အားပေးချီးမြှောက်၊ ထောက်ပင့်ချင်းကြောင့်။ ကောသဇ္ဇံ

ကောသဇ္ဇကို။ ပဇဟာတိ၊ ပယ်စွန့်၏။ ဝေမို၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိကွေပံ၊ ပျံ့လွင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အတိပဂ္ဂဟိတံ၊ အားတက်လွန်းသော၊ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓစ္စာနုပတိတံ၊ ပျံ့လွင့်ရာကျ၏။ တံ၊ ထိုအားတက်လွန်းသည်ကို။ ဝိနိဂ္ဂဏှိတွာ၊ နှိပ်ချင်းကြောင့်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စကို။ ပဇဟာတိ၊ ပယ်စွန့်၏။ ဝေမို၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိကွေပံ၊ ပျံ့လွင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အဘိဏာတံ၊ ညွတ်လွန်းသော။ စိတ္တံ၊ စိတ်သည်။ ရာဂါနုပတိတံ၊ ရာဂဖြစ်ရာကျ၏။ တံ၊ ထိုညွတ်လွန်းသည်ကို။ သမ္ပဇာနော၊ ဆင်ခြင်သည်။ ဟုတွာ၊ ဖြစ်ချင်းကြောင့်။ ရာဂံ၊ ရာဂကို။ ပဇဟာတိ။ ပယ်စွန့်၏။ ဝေမို၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိကွေပံ၊ ပျံ့လွင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အပဏာတံ၊ မညွတ်လွန်းသော။ စိတ္တံ၊ စိတ်သည်။ ဗျာပါဒါနုပတိတံ၊ ဒေါသဖြစ်ရာကျ၏။ တံ၊ ထိုမညွတ်လွန်းသည်ကို။ သမ္ပဇာနော၊ ဆင်ခြင်သည်။ ဟုတွာ၊ ဖြစ်ချင်းကြောင့်။ ဗျာပါဒံ၊ ဒေါသကို။ ပဇဟာတိ၊ ပယ်စွန့်၏။ ဝေမို၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိကွေပံ၊ ပျံ့လွင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ ဣမေဟိဆဟိဌာနေဟိ၊ ဤ ၆-ပါးသော ဌာနတို့ဖြင့်။ ပရိသုဒ္ဓံ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ်သည်။ ပရိယောဒါတံ၊ ပြိုးပြိုးပြက်၊ တသက်လက်ဖြူစင်သည်ဖြစ်၍။ ဧကတ္တဂတံ၊ ကိလေသာ အပေါင်း၊ တကိုယ်တည်းချင်းသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ကတမံ တံ ဧကတ္တံ၊ ဝယလက္ခဏုပဋ္ဌာနေကတ္တံ၊ ဝယ လက္ခဏုပဋ္ဌာနေကတ္တဉ္စ ဝိပဿကာနံ။

တံဧကတ္တံ၊ ထိုဧကတ္တသည်။ ကတမံ၊ အဘယ်နည်း။ ဝယလက္ခဏုပဋ္ဌာနံ၊ အပျက်လက္ခဏာထင်ချင်းသည်ကား။ ဧကတ္တံ၊ ဧကတ္တတည်း။ ဝယလက္ခဏုပဋ္ဌာနံ၊ အပျက်လက္ခဏာထင်ချင်းသည်ကား။ ကတမေသာနံ၊ အဘယ်ပုဂ္ဂိုလ်တို့၏။ ဧကတ္တံ၊ ဧကတ္တနည်း။ ဝယလက္ခဏုပဋ္ဌာနံ၊ အပျက် လက္ခဏာ ထင်ချင်းသည်ကား။ ဝိပဿကာနံ၊ ဝိပဿနာကို အားထုတ်ကုန်သော ယောဂီပုဂ္ဂိုလ်တို့၏၊ ဧကတ္တံ၊ ဧကတ္တတည်း။

ဝယလက္ခဏ ပဋ္ဌာနေကတ္တ၊ တခုသောဤဌာနဖြင့်၊ ကိလေသာ အပေါင်း၊ တကိုယ်တည်းချင်းသို့ ရောက်သော၊ ဘေးရှိ၏- ဘေး မရှိဟု၊ ရှုသော နောက်စိတ် သည်ကား၊ နှောင့်ရှက် ပိတ်ပင်သော

နိဝရဏ၊ ကိလေသာ အညစ်အကြေးမှ၊ မစင်ကြယ်သေးသော်လည်း၊ အခြားမဲ့ပြု၊ ဘေးရှိ၏- ဘေးမရှိဟု၊ ဆင်ခြင်သောရှေ့စိတ်၏၊ ပရိကံလာသော အလိုအားဖြင့်၊ ဘေးရှိ၏-ဘေးမရှိဟု၊ ရှုသောနောက်စိတ်၏ ဥပ္ပါဒက္ခဏ၊ အကျင့်၏ စင်ကြယ်ချင်းသို့၊ ပြေးဝင်သည်လည်းဖြစ်၏။ တတြမဇ္ဈုပေက္ခာ၏ ကိစ္စအလိုအားဖြင့်၊ ဘေးရှိ၏- ဘေးမရှိဟု၊ ရှုသောနောက်စိတ်၏ ဋ္ဌိတိက္ခဏ၊ ဥပေက္ခာကို ပွါးသည်လည်းဖြစ်၏။ ဉာဏ်၏ကိစ္စပြီးဆုံးသောအလိုအားဖြင့်၊ ဘေးရှိ၏-ဘေးမရှိဟု၊ ရှုသောနောက်စိတ်၏ ဘင်္ဂက္ခဏ၊ ဘာဝနာပြီးဆုံးသည်လည်းဖြစ်၏။

ဈာနဿ ကော ပနေ အာဒိ ကော မဇ္ဈေ ကိ ပရိယောသာနံ။ ပဌမဿ ဈာနဿ ပဋိပဒါ ဝိသုဒ္ဓိ အာဒိ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ သမ္ပဟံသနာ ပရိယောသာနံ။

ဈာနဿ ပနေ၊ အာဒိ၊ မဇ္ဈေ၊ ပရိယောသာနံ ဤသုံးပါး၊ သို့...

ဈာမိနာ ဧကေန ဌာနေန ဧကတ္တဂတံ စိတ္တံ၊ ပဋိပဒါ ဝိသုဒ္ဓိ ပက္ခန္ဒဉ္စေဝ ဟောတိ ဥပေက္ခာနုဗြူဟိတဉ္စ၊ ဉာဏေန စ သမ္ပဟံသိတံ။

ဈာမိနာ ဧကေန ဌာနေန၊ ဝယလက္ခဏပဋ္ဌာနေကတ္တ၊ တခုသော ဤဌာနဖြင့်။ ဧကတ္တဂတံ၊ ကိလေသာအပေါင်း၊ တကိုယ်ထည်းချင်းသို့ ရောက်သော။ စိတ္တံ၊ စိတ်သည်။ ပဋိပဒါဝိသုဒ္ဓိ ပက္ခန္ဒဉ္စေဝ၊ အကျင့်၏ စင်ကြယ်ချင်းသို့ ပြေးဝင် သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပေက္ခာနုဗြူဟိတဉ္စ၊ ဥပေက္ခာကိုပွါးသည်လည်း။ဟောတိ၊ ဖြစ်၏။ ဉာဏေန– ဉာဏသကိစ္စနိပ္ဖတ္တိဝသေန၊ ဉာဏ်၏ ကိစ္စပြီးဆုံးသော အလိုအားဖြင့်။ သမ္ပဟံသိတဉ္စ၊ ဘာဝနာပြီးဆုံးသည်လည်း။ ဟောတိ၊ ဖြစ်၏။

အာဒိနဝါနုပဿနာဉာဏဿ၊ ကော အာဒိ။ ကိံ မဇ္ဈေ။ ကိံ ပရိယောသာနံ။ အာဒိနဝါ နုပဿနာဉာဏဿ ပဋိပဒါ ဝိသုဒ္ဓိအာဒိ၊ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ၊ သမ္ပဟံသနာ ပရိယောသာနံ။

အာဒိနဝါနုပဿနာဉာဏဿ အာဒိနဝဉာဏ်၏။ ကော၊ အဘယ်သည်ကား။ အာဒိ၊ အစနည်း။ ကိံ၊ အဘယ်သည်ကား။ မဇ္ဈေ၊ အလယ်နည်း။ ကိံ၊ အဘယ်သည်ကား။ ပရိယောသာနံ၊ အဆုံးနည်း။ အာဒိနဝါ နုပဿနာဉာဏဿ၊ အာဒိနဝ ဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊ အကျင့်၏ စင်ကြယ်ချင်းသည်ကား။ အာဒိ၊ အစတည်း။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာကို ပွါးချင်းသည်ကား။ မဇ္ဈေ၊ အလယ်တည်း။ သမ္ပဟံသနာ၊ ဘာဝနာ၏ ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။

အာဒီနဝါ နုပဿနာ ဉာဏာသ ပဋိပဒါ ဝိသုဒ္ဓိ အာဒိ။
အာဒိဿ ကတိ လက္ခဏာနိ။ အာဒိဿ တိဏိ လက္ခဏာနိ။

အာဒီနဝါ နုပဿနာ ဉာဏာသ၊ အာဒီနဝဉာဏ်၏။ပဋိပဒါ ဝိသုဒ္ဓိ၊ အကျင့်၏ စင်ကြယ်ချင်းသည်ကား။ အာဒိ၊ အစတည်း။ အာဒိဿ၊ အစ၏။ လက္ခဏာနိ၊ လက္ခဏာ တို့သည်ကား။ ကတိ၊ အဘယ်မျှ တို့နည်း။ အာဒိဿ၊ အစ၏။ လက္ခဏာနိ၊ တက္ခဏာတို့သည်ကား။ တိဏိ၊ သုံးပါးတို့တည်း။

စိတ်ညစ်ကြေးတာက- ကိလေသာ။ အာရုံမထင်-မြေးရှက်ပိတ်ပင် တာက- နီဝရဏ။ နီဝရဏဟု ဆိုအပ်သော၊ အကြင်ကိလေသာ အပေါင်းက၊ ဘေးရှိ၏- ဘေးမရှိဟု၊ ရှုသော နောက်စိတ်၏၊ ရှုခွင့် ပျက်ကွက်၊ အနှောင့်-အရှက်- အပိတ်-အပင်၊ နှောင့်ရှက် ပိတ်ပင်သော နီဝရဏ၊ ထိုကိလေသာအညစ်အကြေးမှ၊ အခြားမဲ့ပြု၊ဘေးရှိ၏–ဘေး မရှိဟု၊ဆင်ခြင်သောရှေ့စိတ်၊စင်ကြယ်တာကလည်းလက္ခဏာတပါး။ ။ စင်ကြယ်သည်၏ အဖြစ်ကြောင့်၊ အခြားမဲ့ပြု၊ ဘေးရှိ၏- ဘေးမရှိဟု၊ ဆင်ခြင်သော ရှေ့စိတ်၊ မဇ္ဈိမ သမထနိမိတ်သို့ ရောက်ထာကလည်း လက္ခဏာ တပါး။ ။ယုတ်သော အဘို့အစု၊ လွန်သော အဘို့အစု၊ နှစ်ခုတို့သို့၊ မရောက်ချင်းကြောင့်- မဇ္ဈိမ။ အနုသယ-ပရိယုဋ္ဌာန်–ဘဝ တဖန်–ခန္ဓာနာမ်ရုပ်–ဖြူ ်သောနိဗ္ဗာန် အထူးနှင့်တကွ၊ ဆန့်ကျင်ဘက် ဖြစ်သော နီဝရဏ၊ ကိလေသာ အကုသိုလ်တရားတို့၏– ငြိမ်းချင်း ကြောင့်–သမထ။ ယောဂီပုဂ္ဂိုလ်၏၊ မဂ်–ဖိုလ်–နိဗ္ဗာန် ၃–တန်သော သုခ၊ ရသောအထူးတို့၏၊ အကြောင်းဖြစ်ချင်းကြောင့်-နိမိတ္တ။ ဤမဇ္ဈိမ သမထနိမိတ် မည်သည်ကား။ ယုတ်သောအဘို့အစု၊ လွန်သောအဘို့ အစုနှစ်ခုတို့သို့၊ မရောက်စေရ၊ အညီအမျှဖြစ်သော၊ ဘေးရှိ၏-ဘေးမရှိ ဟု၊ရှုသောနောက်စိတ်၏၊သင္ခါရုပေက္ခာအင်္ဂါ၊ဝိပဿနာ သမာဓိ သာတည်း။ ဤဝိပဿနာ သမာဓိဖြင့်၊ တည်သည်၏အဖြစ်သို့ ရောက်ကတည်းက၊ နှိုချိနှိုချဉ်၊ အစဉ်သဖြင့်၊ တဆင့်ထက်တဆင့်၊ ရင့်ကျက်သောနှိုချဉ် ကို၊ ထိုနှိုချိုကိုပင်၊ နှိုချဉ်ဆိုရသော၊ တစဉ်တည်း ရင့်ကျက်သော နည်းဖြင့်၊ ထိုဘေးရှိ၏–ဘေးမရှိဟု၊ ရှုသောနောက်စိတ်၏၊ အခြားမဲ့ပြု၊ ဘေးရှိ၏–ဘေးမရှိဟု၊ ဆင်ခြင်သောရှေ့စိတ်၊ မဇ္ဈိမသမထနိမိတ်သို့

ရောက်သည်မည်၏။ ရောက်သည်၏ အဖြစ်ကြောင့်၊ ထိုမဇ္ဈိမသမထ နိမိတ်သို့၊ ပြေးဝင်သည်မည်၏၊ ဤသို့ ဘေးရှိ၏-ဘေးမရှိဟု၊ ရှုသော နောက်စိတ်၏အခြားမဲ့ပြု၊ ဘေးရှိ၏-ဘေးမရှိဟု၊ ဆင်ခြင်သောရှေ့စိတ်၊ မဇ္ဈိမသမထနိမိတ်သို့ပြေးဝင်တာကလည်းလက္ခဏာတပါး။

ယော တဿ ပရိဗန္ဓော တတော စိတ္တံ ဝိသုဇ္ဈတိ။ ဝိသုဒ္ဓတ္တာ စိတ္တံ မဇ္ဈိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ၊ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။ ယဉ္စ ပရိဗန္ဓတော စိတ္တံ ဝိသုဇ္ဈတိ။ ယဉ္စ ဝိသုဒ္ဓတ္တာ စိတ္တံ မဇ္ဈိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ။ ယဉ္စ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။

ယောနီဝရဏသင်္ခါတော ကိလေသဂဏော၊ နီဝရဏဟု ဆိုအပ်သော အကြင် ကိလေသာ အပေါင်းသည်ကား။ တဿ၊ ထိုစိတ်၏။ ပရိဗန္ဓော၊ အနှောင့်-အရှက်-အပိတ်-အပင်တည်း။ တတော၊ ထိုနှောင့် ရှက်ပိတ်ပင်သောနီဝရဏ၊ကိလေသာအညစ်အကြေးမှ။စိတ္တံ၊စိတ်သည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်၊ မဇ္ဈိမံသမထနိမိတ္တံ၊ မဇ္ဈိမသမထနိမိတ်သို့။ ပဋိပဇ္ဇတိ၊ ရောက်၏။ ပဋိပန္နတ္တာ၊ ရောက်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ တတ္ထ၊ ထိုမဇ္ဈိမသမထနိမိတ်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ပရိဗန္ဓတော၊ နှောင့်ရှက်ပိတ်ပင်သောနီဝရဏ၊ ကိလေသာ အညစ် အကြေးမှ။ စိတ္တံ၊ စိတ်သည်။ ယဉ္စဝိသုဇ္ဈတိ၊ အကြင်စင်ကြယ် တာကလည်း လက္ခဏာ တပါး။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏ အဖြစ် ကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံသမထနိမိတ္တံ၊ မဇ္ဈိမသမထနိမိတ်သို့။ ယဉ္စပဋိပဇ္ဇတိ၊ အကြင် ရောက်တာကလည်း လက္ခဏာ တပါး။ ပဋိပန္နတ္တာ၊ ရောက်သည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ တတ္ထ၊ ထိုမဇ္ဈိမသမထနိမိတ်သို့။ ယဉ္စပက္ခန္ဒတိ၊ အကြင်ပြေးဝင်တာကလည်း လက္ခဏာတပါး။

အာဒိနုဝါနုပဿနာဉာဏာဿ ပဋိပဒါဝိသုဒ္ဓိ အာဒိ။ အာဒိဿ ဣမာနိ တီဏိ လက္ခဏာနိ။

အာဒိနုဝါနုပဿနာဉာဏာဿ၊ အာဒိနုဝဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊ အကျင့်၏ စင်ကြယ်ချင်းသည်ကား။အာဒိ၊အစတည်း။အာဒိဿ၊အစ၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ဣမာနိတီဏိ၊ဤသုံးပါးတို့တည်း။

တေန ဝုစ္စတိ အာဒီနဝါနုပဿနာဉာဏံ၊ အာဒိကလျာဏဋ္ဌေဝ ဟောတိ၊ တိလက္ခဏာသမ္ပန္နဥ္စ။

တေန၊ ထို့ကြောင့်။ အာဒီနဝါနုပဿနာဉာဏံ၊ အာဒီနဝဉာဏ်သည်။ အာဒိကလျာဏဋ္ဌေဝ၊ အစ၏ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တိလက္ခဏာသမ္ပန္နဥ္စ၊ သုံးပါးသော လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

အာဒီနဝါနုပဿနာဉာဏဿ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ။ မဇ္ဈဿ ကတိ လက္ခဏာနိ။ မဇ္ဈဿ တီဏိ လက္ခဏာနိ။

အာဒီနဝါနုပဿနာဉာဏဿ၊ အာဒီနဝဉာဏ်၏။ ဥပေက္ခာနုဗြူဟ နာ၊ ဥပေက္ခာကို ပွါးချင်းသည်ကား။ မဇ္ဈေ၊ အလယ်တည်း။ မဇ္ဈဿ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ကတိ၊ အဘယ်မျှတို့ နည်း။ မဇ္ဈဿ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ တီဏိ၊ သုံးပါးတို့တည်း။

နှောင့်ရှက် ပိတ်ပင်သော နီဝရဏ၊ ကိလေသာ အညစ် အကြေးမှ စင်ကြယ်သောစိတ်ကို၊ သုဓ်သင် ရှင်းလင်းဘွယ်၊ မရှိသည်၏ အဖြစ် ကြောင့်၊ စင်ကြယ်စေရန်၊ တဖန်သုဓ်သင်ရှင်းလင်းချင်းငှါ၊ ကြောင့်ကြမှု မပြု၊ စင်ကြယ်သောစိတ်ကို၊ အညစ်အကြေးမရှိပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူရှုတာ ကလည်း လက္ခဏာတပါး။ ။ယုတ်သောအဘို့အစု၊ လွန်သောအဘို့အစု၊ နှစ်ခုတို့သို့၊ မရောက်စေရ၊ အညီအမျှ၊ သမထသို့ ရောက်သည်၏ အဖြစ်ကြောင့်၊ သမထသို့ ရောက်သောစိတ်ကို၊ တဖန် အညီအမျှတပါး၊ တည်ထားချင်းငှါ၊ ကြောင့်ကြမှုမပြု၊ သမထသို့ရောက် သောစိတ်ကို၊ မယုတ်မလွန်ပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူရှုတာက လည်းလက္ခဏာ တပါး။ ။အနုသယ-ပရိယုဋ္ဌာန်၊ ဘဝတဖန်-ခန္ဓာ နာမ်ရုပ်-ခြုံငြိမ်းသောခဏ၊ သမထသို့၊ ရောက်သည်၏အဖြစ်ကြောင့် သာလျှင်လည်း၊ ရုံခါမငြိမ်း၊ ကိမ်းယှဉ်ယောနှော၊ ဆက်ဆံသောကိလေ သာကိုပယ်စွန့်၍၊ ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းထင်သော စိတ်ကို၊ တဖန်ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းထင်စေချင်းငှါ၊ ကြောင့်ကြမှုမပြု၊ ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းထင်သော

စိတ်ကို၊ အဖော်မရှိပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူရှုဟာကလည်း လက္ခဏာတပါး။

ဝိသုဒ္ဓံ စိတ္တံ အဇ္ဈုပေက္ခတိ။ သမထပဋိပန္နံ အဇ္ဈုပေက္ခတိ။ ဧကတ္တုပဋ္ဌာနံ အဇ္ဈုပေက္ခတိ။ ယဉ္စ ဝိသုဒ္ဓံ စိတ္တံ အဇ္ဈုပေက္ခတိ။ ယဉ္စ သမထ ပဋိပန္နံ အဇ္ဈုပေက္ခတိ။ ယဉ္စ ဧကတ္တုပဋ္ဌာနံ အဇ္ဈုပေက္ခတိ။

ဝိသုဒ္ဓံ၊ စင်ကြယ်သော၊ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ သမထ ပဋိပန္နံ၊ သမထသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏၊ ဧကတ္တုပဋ္ဌာနံ၊ ကိလေသာအဖော်ကင်း၊ တကိုယ်တည်းချင်းထင်သော။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ဝိသုဒ္ဓံ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စ အဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူရှုတာကလည်း လက္ခဏာတပါး။ သမထ ပဋိပန္နံ၊ သမထသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စ အဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူရှုတာကလည်း လက္ခဏာတပါး။ ဧကတ္တုပဋ္ဌာနံ၊ ကိလေသာအဖော်ကင်း၊ တကိုယ်တည်းချင်းထင်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စ အဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူရှုတာကလည်း လက္ခဏာတပါး။

အာဒီနဝါနုပဿနာ ဉာဏဿ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ၊ မဇ္ဈဿ ဇာမာနိ တီဏိ လက္ခဏာနိ။

အာဒီနဝါနုပဿနာ ဉာဏဿ၊ အာဒီနဝဉာဏ်၏။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာကိုပွါးချင်းသည်ကား။ မဇ္ဈေ၊ အလယ်တည်း။ မဇ္ဈဿ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ဇာမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။

တေန ဝုစ္စတိ အာဒီနဝါနုပဿနာဉာဏံ၊ မဇ္ဈေကလျာဏဉ္စေဝ ဟောတိ၊ တိလက္ခဏသမ္ပန္နဉ္စ။

တေန၊ ထို့ကြောင့်။ အာဒီနဝါနုပဿနာဉာဏံ၊ အာဒီနဝဉာဏ်သည်ကား။ မဇ္ဈေကလျာဏဉ္စေဝ၊ အလယ်၌ ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တိလက္ခဏသမ္ပန္နဉ္စ၊ သုံးပါးသောလက္ခဏာနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဇာတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ အာဒီနဝါနုပဿနာဉာဏ်၊ တဘက်ကမ်း ရောက်သော ယောဂီပုဂ္ဂိုလ်၏၊ အာဒီနဝဉာဏ်-ထင်ပုံ-မြင်ပုံ။ သိပုံ-မှတ်ပုံ။ ရှုပုံ-အညီအညွတ်ရှု၍နေပုံ။ ကိလေသာကိုပယ်ပုံ-ကိလေသာကို ပယ်သော ကိစ္စနှင့်ပြည့်စုံပုံ။ ဘာဝနာကိုပွါးပုံ-ဘာဝနာကိုပွါးသောကိစ္စနှင့် ပြည့်စုံပုံ။ ဘာဝနာဖြူစင်ပုံ-ဘာဝနာညစ်ကြေးပုံ။ ဘာဝနာပြီးဆုံးပုံ။ ဘာဝနာ မပြီးဆုံးပုံ။အလုံးစုံကို**အသေအချာမှတ်ဘို့ရာကား**။

တဘက် ကမ်းရောက်သော၊ အာဒီနဝဉာဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်ဟူသည်ကား။ ယုတ်လည်းမယုတ်၊ လွန်လည်းမလွန်၊ အညီအမျှ၊ဣန္ဒြိယထောက်ပင့်သော အတိုင်းဖြစ်သော၊ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍သာ နေ၏။

ထင်ပုံ-မြင်ပုံ- သိပုံ-မှတ်ပုံ- ရှုပုံ-အညီအညွတ်ရှု၍ နေပုံကား။ ဥပလက္ခဏာ၊ နည်းဖြင့်ပြသော၊ ဖြစ်သော သဘောသည်ကား-သင်္ခါရ။ မဖြစ်သော သဘောသည်ကား-နိဗ္ဗာန်။ ဤသို့ ဘေးရှိ၏-ဘေးမရှိဟု၊ ရှုသောဉာဏ်အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပြိုင်တည်း မလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍သာနေ၏။ အညီအညွတ် ရှု၍နေသောကာလ၊ ကိလေသာကို ပယ်သောကိစ္စ၊ ဝိပဿနာပညာ၊ ဘာဝနာချိန်ကျပြီဟု၊ ဝိပဿနာ ဉာဏ်အား ရှေ့ရှု ထင်အောင်၊ ရှေးကာလက-ဆောင်၍ပြသော၊ ပါဠိဟာရိယပညာ၊ ကိလေသာကို ပယ်သောကိစ္စမရှိသော အလို၊ ဝိပဿနာပညာနှင့်၊ အဘိလက္ခဏာ တူသော အလိုအားဖြင့်၊ ဝိပဿနာပညာက၊ ကိလေသာကို ပယ်သော ကိစ္စ၊ လွန်လည်းလွန်၏။ ကိလေသာကို ပယ်လည်းပယ်၏။ ဝိပဿနာ ပညိန္ဒြေ၊ ဘာဝနာချိန်ကျလည်းကျ၏။

တထာ ပဂ္ဂဟိတံ စိတ္တံ သာရကံ အဇ္ဈုပေက္ခတိ ဥပေက္ခာ ဝသေန။ ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

တထာပဂ္ဂဟိတံ၊ ယုတ်လည်းမယုတ်၊ လွန်လည်းမလွန်၊ အညီအမျှ၊ ဣန္ဒြိယ ထောက်ပင့်သောအတိုင်း ဖြစ်သော၊ စိတ္တံ၊ ဝိပဿနာစိတ်ကို၊

ဥပေက္ခါဝသေန၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်။ သာဓုကံ၊ ကောင်းစွာ။ အဇ္ဈုပေက္ခတိ၊ အညီအညွတ်ရှု၏။ ပညာဝသေန၊ ပါဠိဟာရိယ ပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာ ပညိန္ဒြေသည်။ အဓိမတ္တံ၊ ကိလေသာကိုပယ်သော ကိစ္စလွန်သည်။ ဟောတိ၊ ဖြစ်၏။

ကိလေသာကို ပယ်ပုံ-ကိလေသာကို ပယ်သောကိစ္စနှင့် ပြည့်စုံပုံ-
ဝိပဿနာ ပညိန္ဒြေ ဘာဝနာ ချိန်ကျပုံ ကား။

ဥပလက္ခဏာ၊ နည်းဖြင့် ပြသော၊ ဖြစ်သော သဘောသည်ကား-သင်္ခါရ။ မဖြစ်သော သဘောသည်ကား-နိဗ္ဗာန်။ ဤသို့ ဘေးရှိ၏-ဘေးမရှိဟု၊ ရှုသောဉာဏ်အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပြိုင်တည်းမလွတ်၊ သိမှတ်ဝတ်ပြုသော၊ ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာအညီအညွတ်ရှု၍ နေသော ကာလ၊ ဝိပဿနာစိတ်၊ ကိလေသာမှလွတ်၏။ ဝိပဿနာစိတ်—ကိလေသာက လွတ်မှ၊ ဝိပဿနာ ပညိန္ဒြေ၊ ဘာဝနာ ချိန်ကျ၏။ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျမှ၊ ကိလေသာကို ပယ်သောကိစ္စ၊ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျပြီဟု၊ဝိပဿနာ ဉာဏ်အား ဈေးရှု ထင်အောင်၊ ဈေးကာလက၊ ဆောင်၍ပြသော၊ ပါဠိဟာရိယ ပညာ၊ ကိလေသာကို ပယ်သောကိစ္စ မရှိသောအလို၊ ဝိပဿနာ ပညာနှင့်၊ အသိလက္ခဏာ တူသောအလိုအားဖြင့်၊ ဝိပဿနာပညာက၊ကိလေသာကို ပယ်သောကိစ္စ လွန်လည်းလွန်၏။ ကိလေသာကို ပယ်လည်းပယ်၏၊ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျလည်းကျ၏။

ဥပေက္ခါ ဝသေန နာနတ္တကိလေသေဟိ စိတ္တံ ဝိမုစ္စတိ၊
ဝိမောက္ခဝသေန ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

ဥပေက္ခါဝသေန၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်။ နာနတ္တကိလေသေဟိ၊ အထူးထူးသောကိလေသာတို့မှ။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဝိမုစ္စတိ၊ လွတ်၏။ ဝိမောက္ခဝသေန၊ လွတ်သောအလိုအားဖြင့်။ ပညာဝသေန၊ ပါဠိဟာရိယပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာ ပညိန္ဒြေသည်။ အဓိမတ္တံ၊ ကိလေသာကို ပယ်သောကိစ္စ လွန်သည်။ ဟောတိ၊ ဖြစ်၏။

ဘာဝနာကို ပွါးပုံ–ဘာဝနာကို ပွါးသောကိစ္စနှင့် ပြည့်စုံပုံ–
ဘာဝနာပြီးဆုံးပုံကား။

ဥပလက္ခဏာ၊ နည်းဖြင့်ပြသော၊ ဖြစ်သော သဘော သည်ကား–သမ်ိဒါရ။ မဖြစ်သော သဘောသည်ကား- နိဗ္ဗာန်။ ဤသို့ ဘေးရှိ၏–ဘေးမရှိဟု၊ ရှုသော ဉာဏ်အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်း မလွတ်၊ သိမှတ်ဝတ်ပြုသော၊ ဝိပဿနာစိတ်ကို၊ တကြမရှုတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍ နေသောကာလ၊ ဝိပဿနာစိတ်၊ ကိလေသာမှ လွတ်သည်၏ အဖြစ်ကြောင့်၊ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး။ ဈာန်ကြေ အားဖြင့် ၅-ပါး။ ထို ၇-ပါးသော တရားတို့သည်၊ ကိလေသာမှ၊ လွတ်သောကိစ္စ၊ တူကြကုန်၏။ ကိလေသာမှ၊ လွတ်သောကိစ္စ၊ တူကြသောအနက်သဘောကြောင့်၊ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား၊ လေးပါးသော ဘာဝနာတို့သည်ပြည့်စုံချင်းသို့ ရောက်ကြကုန်၏။

> ဝိမုတ္တတ္တာ တေ ဓမ္မာဧကရသာ ဟောန္တိ၊ ဧကရသဋ္ဌေန ဘာဝနာ။

ဝိမုတ္တတ္တာ၊ ကိလေသာမှလွတ်သည်၏အဖြစ်ကြောင့်။ တေဓမ္မာ၊ထို ၇-ပါးသောတရားတို့သည်။ ဧကရသာ၊ ကိလေသာမှ၊ လွတ်သောကိစ္စ တူကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ ဧကရသဋ္ဌေန၊ ကိလေသာမှ၊ လွတ်သောကိစ္စ၊ တူကြသော အနက် သဘောကြောင့်။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်၏။ ဉာဏဿ၊ ဉာဏ်အား။ ဘာဝနာ၊ ၄-ပါးသော ဘာဝနာတို့သည်။ ပါရိပူရိံ၊ ပြည့်စုံချင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

> အာဒိနဝါနုပဿနာဉာဏဿ သမ္ပဟံသနာ ပရိယောသာနံ။ ပရိယောသာနဿ ကတိ လက္ခဏာနိ။ ပရိယောသာနဿ စတ္တာရိ လက္ခဏာနိ။

အာဒိနဝါနုပဿနာဉာဏဿ၊ အာဒိနဝဉာဏ်၏။ သမ္ပဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။ ပရိယောသာနဿ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ကတိ၊ အဘယ်မျှတို့နည်း။ ပရိယောသာနဿ၊ အဆုံး၏၊ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ စတ္တာရိ၊ လေးပါးတို့တည်း။

ဝိပဿနာ စိတ္တုပ္ပါဒ်၌ ပါသော၊ သမာဓိ-ပညာ ၂-ပါးတို့တွင်၊ သမာဓိက-ပရိယုဋ္ဌာန်ကိလေသာကိုငြိမ်းသောကိစ္စ-သမထ။ ပညာက-အနုသယ ကိလေသာကို ပယ်သောကိစ္စ- ဝိပဿနာ။ ဤသမထ၊ ဤဝိပဿနာတရား ၂-ပါးတို့၏၊ တပါးသည် တပါးကို မလွန်ကြသော အနက်သဘောကလည်း၊ ဘာဝနာပြီးဆုံးသော လက္ခဏာ တပါး။ ။ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊ ဣန္ဒြေ ၅- ပါးတို့တွင်၊ သဒ္ဓိန္ဒြေက-အသဒ္ဓိယ ကိလေသာမှ လွတ်သောကိစ္စ၊ ဝိရိယိန္ဒြေက- ကောသဇ္ဇ ကိလေသာမှလွတ်သောကိစ္စ။ သတိန္ဒြေက-ပမာဒ ကိလေသာမှ လွတ်သောကိစ္စ။ သမာဓိန္ဒြေက- ဥဒ္ဓစ္စကိလေသာမှ လွတ်သောကိစ္စ၊ ပညိန္ဒြေက-မောဟကိလေသာမှ လွတ်သောကိစ္စ။ ဤသို့ ဣန္ဒြေ ၅-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ တူကြသော အနက် သဘောကလည်း၊ ဘာဝနာ ပြီးဆုံးသော လက္ခဏာ တပါး။ ။ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊သမာဓိ-ပညာအားဖြင့် ၂-ပါး။ဣန္ဒြေအားဖြင့် ၅-ပါး။ ထို ၇-ပါးသောတရားတို့၏၊ ကိုယ်စီကိုယ်င၊ကိလေသာမှ လွတ်သော ကိစ္စ တူမျှအောင်၊ ဝိရိယရွက်ဆောင်သော အနက် သဘောကလည်း၊ ဘာဝနာ ပြီးဆုံးသော လက္ခဏာ တပါး။ ။ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး။ ဣန္ဒြေအားဖြင့် ၅-ပါး။ထို ၇-ပါးသောတရားတို့၏၊ ဥပါဒ်ခဏကို ဌီခဏက။ ဌီခဏကို-ဘင်ခဏက၊ အလေ့အလာတွင်သော အလိုအားဖြင့်၊ မှီဝဲသော အနက် သဘောကလည်း၊ ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။

> တတ္ထ ဇာတာနံ ဓမ္မာနံ အနတိဝတ္တနဋ္ဌေန သမ္ပဟံသနာ။ ဣန္ဒြိယာနံ ဧကရသဋ္ဌေန သမ္ပဟံသနာ။ တဒုပဂဝိရိယဝါဟနဋ္ဌေန သမ္ပဟံသနာ၊ အာသေဝနဋ္ဌေန သမ္ပဟံသနာ။

တတ္ထ၊ ထိုဝိပဿနာစိတ္တုပ္ပါဒ်၌။ ဇာတာနံ၊ ဖြစ်ကြကုန်သော။ဓမ္မာနံ၊ သမာဓိ- ပညာတရား ၂-ပါးတို့၏။ အနတိဝတ္တနဋ္ဌေန၊ တပါးသည် တပါးကို မလွန်သော အနက်သဘောကြောင့်လည်း။ သမ္ပဟံသနာ၊ ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။ ဣန္ဒြိယာနံ၊ ဣန္ဒြေ ၅-ပါးတို့၏။ ဧကရသဋ္ဌေန၊ ကိလေသာမှ လွတ်သောကိစ္စ တူကြသော အနက် သဘောကြောင့်လည်း။ သမ္ပဟံသနာ၊ ဘာဝနာပြီးဆုံးသော လက္ခဏာ

တပါး။ တဒုပဂ ဝီရိယ ဝါဟနဋ္ဌေန၊ ထို ၇-ပါးသော တရားတို့၏၊ ကိုယ်စီကိုယ်င၊ ကိလေသာမှ လွတ်သောကိစ္စ တူမျှအောင်၊ ဝီရိယ ရွက်ဆောင်သောအနက်သဘောကြောင့်လည်း။ သမ္ဗဟုံသနာ၊ ဘာဝနာ ပြီးဆုံးသော လက္ခဏာတပါး။ အာသေဝနဋ္ဌေန၊ မှီဝဲသော အနက် သဘောကြောင့်လည်း။ သမ္ဗဟုံသနာ၊ ဘာဝနာပြီးဆုံးသောလက္ခဏာ တပါး။

အာဒိနဝါနုပဿနာဉာဏာသ သမ္ဗဟုံသနာ ပရိယောသာနံ။
ပရိယောသာနဿ ဇူမာဒိ စတ္တာရိ လက္ခဏာနိ။

အာဒိနဝါ နုပဿနာ ဉာဏဿ၊ အာဒိနဝဉာဏ်၏။ သမ္ဗဟုံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။ ပရိ ယောသာနဿ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့ သည်ကား။ ဇူမာဒိစတ္တာရိ၊ ဤလေးပါးတို့တည်း။

တေန ဝုစ္စတိ အာဒိနဝါနုပဿနာ ဉာဏံ ပရိယောသာန
ကလျာဏဥ္စေဝ ဟောတိ၊စတုလက္ခဏာသမ္ပန္နဥ္စ။

တေန၊ ထို့ကြောင့်။ အာဒိနဝါ နုပဿနာဉာဏံ၊ အာဒိနဝဉာဏ် သည်။ပရိယောသာနကလျာဏဥ္စေဝ၊အဆုံး၏ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ စတုလက္ခဏာသမ္ပန္နဥ္စ၊ လေးပါးသော လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘာဝနာမြစ်ပုံ-ဘာဝနာညစ်ကြေးပုံကား။

ထိုလေးပါးသော ဘာဝနာတို့တွင်၊ တပါးတပါးသော ဘာဝနာ သည်ကား၊ သံကိလေသ ဘာဝနာ- ဝေါဒါန ဘာဝနာအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ ဝိပဿနာ ဓိတ္တပုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာ ၂-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို၊ မပြုချင်းသည်ကား၊ သံကိလေသ ဘာဝနာမည်၏။ သမာဓိ- ပညာ ၂-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို ပြုချင်းသည်ကား၊ ဝေါဒါနဘာဝနာမည်၏။ ဝိပဿနာ ဓိတ္တပုပ္ပါဒ်၌ ပါသော၊ ဣန္ဒြေ ၅-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည် ၏အဖြစ်ကို၊ မပြုချင်းသည်ကား သံကိလေသဘာဝနာမည်၏။ ဣန္ဒြေ

၅–ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ ပြုချင်းသည်ကား၊ ဝေါဒါနဘာဝနာမည်၏။ ဝိပဿနာ မိစ္ဆာပြုပြါဒ်၌ပါ သော၊ ဝီရိယ ၇–ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ မပြုချင်းသည်ကား၊ သံကိလေသ ဘာဝနာမည်၏။ ဝီရိယ ၇-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ ပြုချင်းသည်ကား၊ ဝေါဒါန ဘာဝနာမည်၏။ ဝိပဿနာမိစ္ဆာပြုပြါဒ်၌ပါ သော၊ အာသေဝနာ ၇-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှ သည်၏အဖြစ်ကို၊ မပြုချင်းသည်ကား၊ သံကိလေသ ဘာဝနာမည်၏။ အာသေဝနာ ၇ ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ ပြုချင်းသည်ကား၊ ဝေါဒါနဘာဝနာမည်၏။

> သံကိလေသ ဝေါဒါနေသုတိ သမာဓိ ပညာနံ သမရသ တာယ အကရဏံ ဘာဝနာယ သံကိလေသော၊ ကရဏံ ဝေါဒါနံ၊ တထာ သေသေသုပိ။

သံကိလေသ ဝေါဒါနေသုတိ၊ သံကိလေသ ဝေါဒါနေသု ဟူသည် ကား။ သမာဓိပညာနံ၊ သမာဓိ ပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို။ အကရဏံ၊ မပြု ချင်းသည်ကား။ ဘာဝနာယ၊ ဘာဝနာ၏။ သံကိလေသော၊ ညစ်ကြေး ချင်းတည်း။ သမာဓိပညာနံ၊ သမာဓိပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို။ ကရဏံ၊ ပြုချင်း သည်ကား။ ဘာဝနာယ၊ ဘာဝနာ၏။ ဝေါဒါနံ၊ ဖြူစင်ချင်းတည်း။ သေသေသုပိ၊ အကြွင်းတို့၌လည်း။ တထာ၊ ထိုအတူတည်း။

ဘာဝနာပြီးဆုံးပုံ–ဘာဝနာမပြီးဆုံးပုံကား။

ထိုသံကိလေသဘာဝနာ-ဝေါဒါနဘာဝနာ ၂–ပါးတို့တွင်၊ ညစ်ညူး ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ မရောက်သော၊ သံကိလေသ ဘာဝနာ၌၊ ထိုထိုအပြစ်ကို။ ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သော၊ ဝေါဒါန ဘာဝနာ၌၊ ထိုထိုအကျိုးဂုဏ်အင်၊ အာနိသင်ကို။ဝိပဿနာ မဂ္ဂမိ-မဂ္ဂမိ၊ ရှေးအတွင့် ကာလက၊ ပါဠိဟာရိယ ဉာဏ်ဖြင့်=ဥပလက္ခဏာ နည်းဖြင့် ပြသော၊ ဖြစ်သော သဘောသည်ကား-သမ်ါရ။ မဖြစ်သော သဘော သည်ကား-နိဗ္ဗာန်။ ဤသို့ ဘေးရှိ၏- ဘေးမရှိဟု၊ ရှုသောဉာဏ်အစဉ်၊

အလိုလို မထင်ချင်းသည်ကား၊ သံကိလေသဘာဝနာမည်၏။ ညစ်ညူးချင်းကြောင့်၊ ဘာဝနာပြီးဆုံးချင်းသို့မရောက်ဟု—ရှုကြည့်၍။ ဖြစ်သောသဘောသည်ကား- သင်္ခါရ။ မဖြစ်သောသဘောသည်ကား- နိဗ္ဗာန်။ ဤသို့ ဘောႏှိ၏-ဘောမရှိဟု၊ ရှုသောဉာဏ်အစဉ်၊ အလိုလိုထင်ချင်းသည်ကား၊ ဝေါဒါနဘာဝနာမည်၏။ ဖြူစင်ချင်းကြောင့်၊ ဘာဝနာပြီးဆုံးချင်းသို့ ရောက်၏ဟု—ရှုကြည့်၍။ ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့ မရောက်သော၊ သံကိလေသဘာဝနာကိုပယ်ထား၍။ ဖြူစင်ချင်းကြောင့် ပြီးဆုံးချင်းသို့ ရောက်သော၊ ဝေါဒါနဘာဝနာကို သာပြီးစေတတ်သော၊ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး။ ဈာန်ေ အားဖြင့် ၅-ပါး။ ထို ၇-ပါးသောတရားတို့၏၊ ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသောအကြင်အခြင်းအရာအားဖြင့်၊ အချင်းချင်း၊ တပါးသည် တပါးကို မလွန်ချင်းအစရှိကုန်သော၊ အကြင် ၄-ပါးသောအခြင်းအရာ၊ ဘာဝနာတို့သည် ဖြစ်ကြကုန်၏။ ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့ မရောက်သော၊ သံကိလေသဘာဝနာကို ပယ်ထား၍။ဖြူစင်ချင်းကြောင့် ပြီးဆုံးချင်းသို့ရောက်သော၊ ဝေါဒါန ဘာဝနာကိုသာပြီးစေတတ်သော၊ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာအားဖြင့် ၂—ပါး။ ဈာန်ေ အားဖြင့် ၅—ပါး။ ထို ၇—ပါးသောတရားတို့၏၊ ကိလေသာမှ လွတ်သော ကိစ္စ၊ တူကြသော ထိုအခြင်း အရာအားဖြင့်၊ ဘာဝနာ၏ ပြီးဆုံးချင်းသို့ ရောက်သည်၏အဖြစ်ကြောင့်။ ဘာဝနာပြီးဆုံးချင်းသို့ရောက်၏ ဟူသည်လည်း၊ ဝိပဿနာ မဂ္ဂဝီ-မဂ္ဂဝီ၊ ရှေးအဘို့ကာလက၊ ထိုပါဠိဟာရိယ ဉာဏ်ဖြင့်သာလျှင်၊ သုမ်သင်၍ ပြီးဆုံးသည်၏ အဖြစ်ကြောင့်။ ဤသို့ ဘာဝနာပြီးဆုံးသောအရာ၌၊ သုမ်သင်၍ပြီးဆုံးချင်းသည်ကား၊ ဘာဝနာ၏ ပြီးဆုံးချင်းပင်တည်းဟု၊မဆိုသော်လည်း ဆိုသလို၊ ထို ၄-ပါးသော အခြင်းအရာ ဘာဝနာတို့သည်၊ အကြင့်ကြောင့်၊ ပြီးဆုံးကြကုန်၏။ ထို့ ကြောင့် ၇—ပါးသော တရားတို့၏၊ တပါးသည် တပါးကို မလွန်ချင်း အစရှိသော၊ ဘာဝနာပြီးဆုံးသော အားဖြင့်၊ကိလေသာ အညစ်အကြေး မတင်၊စင်ကြယ်ချင်းကို ပြုတတ်သော၊ ဉာဏ်၏ ကိစ္စပြီးဆုံးသောအလို အားဖြင့်၊ ဘာဝနာ၏ ပြီးဆုံးချင်းကို၊ သိအပ်၏ဟုဆို။

ဧဝမေတေသု သံကိလေသဝေါဒါနေသု တံတံ အာဒီနဝံ ဒေါသံ၊ အာနိသံသံ ဂုဏံ၊ ပုရေတရံ ပါဠိဟာရိယဉာဏေန

ဒိသွာ၊ ယထာ အညမညာနတိဝတ္တနာဒယော ဟောန္တိ၊ တထာ ဘာဝနာယ သမ္ပဟံသိတတ္တာ၊ တေနေဝ ဉာဏေန ဝိသော ဓိတတ္တာ၊ဝိသောဓနေဥဇ္ဇု သမ္ပဟံသနံ၊ တေအာကာရာ ယသ္မာ နိပ္ဖန္နာ။ တသ္မာ ဓမ္မာနံ အနတိဝတ္တနာဒိ ဘာဝသာဓနေန ပရိ ယောဒါပကဿ ဉာဏဿ ကိစ္စနိပ္ဖတ္တိဝသေန သမ္ပဟံသနာ ဝေဒိတဗ္ဗာ။

ဧဝံ၊ ဤသို့။ ဧတေသု သံကိလေသဝေါဒါနေသု၊ ထိုသံကိလေသ ဘာဝနာ ဝေါဒါနဘာဝနာ ၂-ပါးတို့၌။ တံတံအာဒီနဝံဒေါသံ၊ ထိုထို အပြစ်ကို။ တံတံအာနိသံသံဂုဏံ၊ ထိုထိုအကျိုးဂုဏ်အင်၊ အာနိသင်ကို။ ပုရေတရံ၊ ရှေးဦးစွာ။ ပါဠိဟာရိယဉာဏေန၊ ပါဠိဟာရိယဉာဏ်ဖြင့်။ ဒိသွာ၊ရှုကြည့်၍။ ယထာ၊ အကြင်အခြင်းဖြင့်။ အညမညာနတိဝတ္တနာ ဒယော၊ အချင်းချင်းတပါးသည်တပါးကို မလွန်ချင်း အစရှိကုန်သော။ ယေအာကာရာ၊ အကြင်လေးပါးသော အခြင်းအရာ ဘာဝနာတို့သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။တထာ၊ ထိုအခြင်းဖြင့်။ဘာဝနာယ၊ ဘာဝနာ၏။ သမ္ပဟံသိတတ္တာ၊ ပြီးဆုံးသည်၏ အဖြစ်ကြောင့်။ တေနေဝဉာဏေန၊ ထိုပါဠိဟာရိယဉာဏ်ဖြင့်သာလျှင်။ ဝိသောဓိတတ္တာ၊ သုတ်သင်၍ပြီးဆုံး သည်၏အဖြစ်ကြောင့်။ ဧတ္ထ၊ ဤသို့ဘာဝနာပြီးဆုံးရာ၌။ ဝိသောဓနံ၊ သုတ်သင်၍ ပြီးဆုံးချင်းသည်ကား။ သမ္ပဟံသနံ၊ ဘာဝနာ၏ ပြီးဆုံးချင်း ပင်တည်း။ ဣတိ၊ ဤသို့။ အဝုတ္တမ္ပိ၊မဆိုသော်လည်း။ ဝုတ္တံဝိယ၊ဆိုသလို။ တေအာကာရာ၊ ထို ၄-ပါးသောအခြင်းအရာ ဘာဝနာတို့သည်။ယသ္မာ၊ အကြင့်ကြောင့်။ နိပ္ဖန္နာ၊ ပြီးဆုံးကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ဓမ္မာနံ ၇-ပါးသောတရားတို့၏။ အနတိဝတ္တနာဒိဘာဝသာဓနေန၊ တပါးသည် တပါးကို မလွန်ချင်း အစရှိသော ဘာဝနာပြီးဆုံးသော အားဖြင့်။ ပရိယောဒါပကဿ၊ ကိလေသာအညစ်အကြေးမတင်၊စင်ကြယ်ချင်းကို ပြုတတ်သော။ ဉာဏဿ၊ ဉာဏ်၏။ကိစ္စနိပ္ဖတ္တိဝသေန၊ ကိစ္စပြီးဆုံးသော အလိုအားဖြင့်။ သမ္ပဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤသည်ကား။ အာဒီနဝဉာဏ် တဘက်ကမ်းရောက်သော ယောဂီ ပုဂ္ဂိုလ်၏၊ အာဒီနဝဉာဏ်၊ ထင်ပုံ-မြင်ပုံ။ သိပုံ-မှတ်ပုံ။ ရှုပုံ-အညီ

အညွတ်ရှု၍နေပုံ။ ကိလေသာကိုပယ်ပုံ-ကိလေသာကို ပယ်သောကိစ္စနှင့်ပြည့်စုံပုံ။ ဘာဝနာကိုပွါးပုံ-ဘာဝနာကို ပွါးသောကိစ္စနှင့်ပြည့်စုံပုံ။ ဘာဝနာပြုစင်ပုံ-ဘာဝနာ ညစ်ကြေးပုံ။ဘာဝနာပြီးဆုံးပုံ-ဘာဝနာ မပြီးဆုံးပုံ။ အလုံးစုံကို၊ အသေအချာ မှတ်တို့ရာစကားရပ်၊ ဤတွင်ရွေ့ အပြီးသတ်။

သော ဧဝံ သဗ္ဗသင်္ခါရေ အာဒီနဝတော ပဿန္တော သဗ္ဗဘဝ–ယောနိ- ဂတိ-ဝိညာဏဋ္ဌိတိ- သတ္တာဝါသဂတေ သဘေဒကေ သင်္ခါရဂတေ နိဗ္ဗိန္ဒတိ၊ ဥက္ကဏ္ဍတိ၊ နာဘိရမတိ။

သော၊ ထိုအာဒီနဝဉာဏ် တဘက်ကမ်းရောက်သောယောဂီပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ သဗ္ဗသင်္ခါရေ၊ အလုံးစုံသောသင်္ခါရတို့ကို။ အာဒီနဝတော၊ အပြစ်ဟု။ ပဿန္တော၊ တရှုတည်း ရှုသည်ဖြစ်၍။ သဗ္ဗဘဝ-ယောနိ- ဂတိ- ဝိညာဏဋ္ဌိတိ- သတ္တာဝါသဂတေ၊ အလုံးစုံသောဘဝ၊ အလုံးစုံသောယောနိ၊ အလုံးစုံသောဂတိ၊ အလုံးစုံသောဝိညာဏဋ္ဌိတိ၊ အလုံးစုံသော သတ္တာဝါသသို့ ကျရောက်သော။ သဘေဒကေ၊ ပျက်စီးသောသဘောရှိသော။ သင်္ခါရဂတေ၊ သင်္ခါရအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဥက္ကဏ္ဍတိ၊ ပျင်းရိ၏။ နာဘိရမတိ၊ မမွေ့မလျော်မပျော်။

ဥပမာမည်သည်ကား၊ စိတ္တကုန့်တောင်ခြေ၌၊ မွေ့လျော်ပျော်ပါးသော၊ ရွှေဟင်္သာမင်းသည်ကား၊ မစင်ကြယ်သော၊ ခွန်းစဏ္ဍားရွာတံခါးတွင်း၌၊ မမွေ့မလျော်မပျော်။ ဟိမဝန္တာမြိုင်၊ ဒိုင်ကြီးခုနစ်ဒိုင်တို့၌ သာလျှင်၊ မွေ့လျော်ပျော်သကဲ့သို့။ ထို့အတူ၊ ဤယောဂီပုဂ္ဂိုလ်ဟင်္သာမင်းသည်လည်း၊ ကောင်းစွာ ထင်မြင်အပ်သော၊ အပြစ်ရှိသည်ဖြစ်၍၊ ပျက်သော သဘောရှိသော သင်္ခါရအပေါင်း၌၊ မမွေ့မလျော်မပျော်။ ဘာဝနာ၌မွေ့လျော်သည်၏အဖြစ်ဖြင့်၊ မွေ့လျော်ချင်းနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့်။မြင်သောခဏ၊မြင်-မြင်တယ်ဟု၊အမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဌာနကို။ကြားသောခဏ၊ကြား-ကြားတယ်ဟုအမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဌာနကို။ နံသောခဏ၊ နံ-နံတယ်ဟု၊ အမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဌာနကို။ စားသောခဏ၊ စား-စားတယ်ဟု၊ အမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဌာနကို။ ထိသောခဏ၊ ထိ-ထိတယ်ဟုအမှတ်ပြုသဖြင့်၊ ပျက်သဟု ရှုသောဌာနကို။ သိသောခဏ၊ သိ-သိတယ်ဟု၊

အမှတ်ပြုသဖြင့်၊ ပျက်သဟုရှုသောဉာဏ်ကို။ အနိစ္စတော၊ မမြဲဟုရှုသောဉာဏ်၏။ နိစ္စတော၊ မြဲသဟုမရှု။ ဒုက္ခတော၊ ဆင်းရဲဟုရှုသောဉာဏ်၏။ သုခတော၊ ချမ်းသာသဟုမရှု။ အနတ္တတော၊ အလိုမကျ အစိုးမရဟုရှုသောဉာဏ်၏။ အတ္တတော၊ အလိုကျအစိုးရသဟုမရှု။ ငြီးသာငြီးငွေ့၏၊ မတပ်မက်။ ခြုံသာခြုံစေ၏၊ မဖြစ်စေ။ တဖန်တဖန်စွန့်သာစွန့်၏။ အသစ်အသစ်လျှ၊ ဘပဂယှ။ ဤအနုပဿနာ ၇-ပါးတို့၌သာလျှင် မွေ့လျော်၏၊

> သေယျထာပိ နာမ စိတ္တကူဋပဗ္ဗတပါဒါဘိရတော သုဝဏ္ဏရာဇဟံသော အသုစိမှိ စဏ္ဍာလဂါမဒွါရအာဝါဋေ နာဘိရမတိ။ သတ္တသု မဟာသရေသုယေဝ ရမတိ။ ဧဝမေဝ အယံ ယောဂီ ရာဇဟံသော သုပရိဒိဋ္ဌာဒီနဝေ သဘောဒကေ သင်္ခါရဂတေ နာဘိရမတိ။ ဘာဝနာရာမတာယ ရတိယာ သမန္နာဂတတ္တာ သတ္တသု အနုပဿနာသုယေဝ ရမတိ။

သေယျထာပိနာမ၊ ဥပမာမည်သည်ကား။ စိတ္တကူဋပဗ္ဗတပါဒါဘိရတော၊ စိတ္တကုဋ်တောင်ခြေ၌ မွေ့လျော်ပျော်ပါးသော။ သုဝဏ္ဏရာဇဟံသော၊ ရွှေဟင်္သာမင်းသည်ကား။ အသုစိမှိ၊ မစင်ကြယ်သော။ စဏ္ဍာလဂါမဒွါရအာဝါဋေ၊ ဒွန်းစဏ္ဍားရွာ တံခါးတွင်း၌။ နာဘိရမတိ၊ မမွေ့ မလျော် မပျော်။ သတ္တသု မဟာသရေသုယေဝ၊ ဟိမဝန္တာမြိုင်၊ အိုင်ကြီး ခုနစ်အိုင်တို့၌သာလျှင်။ ရမတိယထာ၊ မွေ့လျော်ပျော်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အယံယောဂီရာဇဟံသော၊ ဤယောဂီပုဂ္ဂိုလ်ဟင်္သာမင်းသည်လည်း။ သုပရိဒိဋ္ဌာဒီနဝေ၊ ကောင်းစွာမြင်အပ်ပြီးသော အပြစ်ရှိသော။ သဘောဒကေ၊ ပျက်သောသဘောရှိသော။ သင်္ခါရဂတေ၊ သင်္ခါရအပေါင်း၌။ နာဘိရမတိ၊ မမွေ့မလျော်မပျော်။ ဘာဝနာရာမတာယ၊ ဘာဝနာ၌ မွေ့လျော်သည်၏ အဖြစ်ဖြင့်။ ရတိယာ၊ မွေ့လျော်ချင်းနှင့်။ သမန္နာဂတတ္တာ၊ ပြည့်စုံသည်၏အဖြစ်ကြောင့်။ သတ္တသုအနုပဿနာသုယေဝ၊ ခုနစ်ပါးသောအနုပဿနာတို့၌သာလျှင်။ ရမတိ၊ မွေ့လျော်၏။

ရွှေချိုင့်၌ ထည့်လှောင်ထားသော ခြသေ့မင်းသည်ကား၊ ရွှေချိုင့်၌ မမွေ့မလျော်မပျော်။ ယူဇနာသုံးထောင်အပြန့်ကျယ်သော၊ ဟိမဝန္တာ တောင်၌သာလျှင်၊ မွေ့လျော်ပျော်သကဲ့သို့။ ထို့အတူ၊ ဤယောဂီ

ပုဂ္ဂိုလ်ခြင်္သေ့မင်းသည်လည်း။ ၃-ပါးအပြားရှိသော၊ သုဂတိဘုံဘဝ- ဘုံဌာနန၌လည်း၊ မမွေ့မလျော်မပျော်။မြင်သောခဏ၊ ကြားသောခဏ၊ နံသောခဏ၊စားသောခဏ၊ ထိသောခဏ၊ သိသောခဏ ဒွါရ-အာရုံ- ဝိညာဏ်-ဖဿ-ဝေဒနာ၊ ပေါင်းဆုံကြသောကာလ။ ရုပ်ဟုထင်သော ရူပနိမိတ်ကို။ ဝေဒနာဟုထင်သောဝေဒနာနိမိတ်ကို။ သညာဟု ထင် သော သညာနိမိတ်ကို။သင်္ခါရဟုထင်သော သင်္ခါရနိမိတ်ကို ဝိညာဏ် ဟု ထင်သော ဝိညာဏနိမိတ်ကို။အနိစ္စဘဲ၊ မမြဲဟု၊နိစ္စသညာ-သဿတ ဒိဋ္ဌိကိုပယ်ခွါ၍၊ အနိမိတ္တာနုပဿနာဖြင့်သာ ရှု၏။ဒုက္ခဘဲ၊ ဆင်းရဲဟု။ ပဏ္ဏနာသညာ-တဏှာပဏိဓိကို ပယ်ခွါ၍၊ အပ္ပဏိဟိတာနုပဿနာ ဖြင့်သာရှု၏။ အနတ္တဘဲ၊ အလိုမကျအစိုးမရဟု၊အတ္တနိဝေသသညာ- အတ္တဒိဋ္ဌိကိုပယ်ခွါ၍၊ သုညတာနုပဿနာဖြင့်သာရှု၏။ ဤ၃-ပါးသော အနုပဿနာတို့၌သာလျှင် မွေ့လျော်၏။

ယထာ စ သုဝဏ္ဏပဥ္ဇရေ ပက္ခိတ္တော သီဟော မိဂရာဇာ
နာဘိရမတိ၊ တိယောဇနသဟဿဝိတ္ထတေ ပန ဟိမဝန္တေ
ယေဝ ရမတိ။ ဧဝမယံ ယောဂီ သီဟော တိဝိဓေ သုဂတိ
ဘဝေပိ နာဘိရမတိ။ တီသု ပန အနုပဿနာသုယေဝ ရမတိ။

သုဝဏ္ဏပဥ္ဇရေ၊ ရွှေချိုင့်၌။ ပက္ခိတ္တော၊ ထည့်လှောင်သော။ သီဟော မိဂရာဇာ၊ ခြင်္သေ့မင်းသည်ကား။ သုဝဏ္ဏပဥ္ဇရေ၊ ရွှေချိုင့်၌။ နာဘိ ရမတိ၊ မမွေ့မလျော်မပျော်။ တိယောဇန သဟဿ ဝိတ္ထတေ ပန၊ ယူဇနာ သုံးထောင် အပြန့်ကျယ်သော။ ဟိမဝန္တေ ယေဝ၊ ဟိမဝန္တာ တောင်၌သာလျှင်။ ရမတိယထာ၊ မွေ့လျော်ပျော်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အယံယောဂီသီဟော၊ ဤယောဂီပုဂ္ဂိုလ် ခြင်္သေ့မင်းသည် လည်း။ တိဝိဓေ၊ သုံးပါး အပြားရှိသော။ သုဂတိ ဘဝေပိ၊ သုဂတိ ဘုံဘဝ- ဘုံဌာန၌လည်း။ နာဘိရမတိ၊ မမွေ့မလျော်မပျော်။ တီသုပန အနုပဿနာသုယေဝ၊ သုံးပါးသော အနုပဿနာတို့၌သာလျှင်။ ရမတိ၊ မွေ့လျော်၏။

အလုံးစုံ ဖြူသော၊ အမြီး- နှာမောင်း- ခြေလေးချောင်း- သို့အိမ် တွဲလျောင်း၊ ပေါင်းအင်္ဂါ ၇-ပါးမြေ၌တည်သော၊ လူယောင်ဖန်ဆင်းချင်း အစရှိသော တန်ခိုးနှင့်ပြည့်စုံသော၊ ကောင်းကင်သို့ပျံသွားသော၊ ဆဒ္ဒန်

ဆင်မင်းသည်ကား၊ မြို့လယ်၌ မမွေ့ မလျော်မပျော်။ ဟိမဝန္တာမြိုင်၊ ဆဒ္ဒန်အိုင်၌ သာလျှင်၊ မွေ့လျော် ပျော်သကဲ့သို့။ ထို့အတူ၊ ဤယောဂီ ပုဂ္ဂိုလ် ဆင်မင်း သည့်လည်း၊ အလုံးစုံသော သင်္ခါရအပေါင်း၌ မမွေ့ မလျော်မပျော်။ မပျက်သော သဘော -ဘေးမရှိဟူသည်ကား၊ ဖော်အ ကြောင်း ၅-ပါး၊ သင်္ခါရတရားတို့၏ မဖြစ်သောသဘောကြောင့်၊ ယခု အကျိုး ၅-ပါး၊ သင်္ခါရတရားတို့၏ မဖြစ်သော သဘော-ဘေးမရှိဟု၊ မရှုမိက၊ ရှုသောကာလ၊ ဉာဏ်အားထင်အောင်၊ရှေးကာလက ပြ၍။ ရှုသော ကာလ၊ခဏ ခဏ၊ မဖြစ်သော သဘောသည်ကား- ဘေးမရှိ။ ချမ်းသာသော သဘောရှိ၏။ သုံးသပ်အပ်သော သဘောမရှိ။ နိဗ္ဗာန်။ ဤသို့ အစရှိသော ဉာဏ်အစဉ်၊ ရှုနည်းထင်၍၊ တမြင်တည်းမြင်သော နိဗ္ဗာန်၌သာလျှင် မွေ့လျော်၏။ ထိုနိဗ္ဗာန်သို့၊ ညွတ်သော- ကိုင်းသော- ရှိုင်းသောစိတ်သာ၊ ရှံခါမလစ်၊ တဖြစ်တည်းဖြစ်၏။

ယထာ စ သဗ္ဗသေတော-သတ္တပ္ပတိဋ္ဌော-ဣဒ္ဓိမာ-ဝေဟာ သင်္ဂမော ဆဒ္ဒန္တော နာဂရာဇာ နဂရမဇ္ဈေ နာဘိရမတိ။ ဟိမ ဝတိ ဆဒ္ဒန္တ ဒဟဂဟနေယေဝ ရမတိ။ ဧဝမေဝ အယံ ယောဂိဝရ ဝါရဏော သဗ္ဗသ္မိမ္ပိ သင်္ခါရဂတေ နာဘိရမတိ။ အနုပ္ပါဒေါ ခေမန္တိ အာဒိနာ နယေန ဒိဋ္ဌေ သန္တိပဒေယေဝ ရမတိ။ တန္နိန္နတပ္ပေါဏတပ္ပဗ္ဘာရမာနသော ဟောတိတိ။

နိဗ္ဗိဒါနုပဿနာဉာဏံ နိဋ္ဌိတံ။

သဗ္ဗသေတော၊ အလုံးစုံဖြူသော။ သတ္တပ္ပတိဋ္ဌော၊ အင်္ဂါ ၇-ပါးမြေ၌ တည်သော။ ဣဒ္ဓိမာ၊ တန်ခိုး နှင့် ပြည့်စုံသော။ ဝေဟာသင်္ဂမော၊ ကောင်းကင်သို့ ပျံသွားသော။ ဆဒ္ဒန္တော နာဂရာဇာ၊ ဆဒ္ဒန် ဆင်မင်း သည်ကား။ နဂရမဇ္ဈေ၊ မြို့အလယ်၌။ နာဘိရမတိ၊ မမွေ့ မလျော် မပျော်။ ဟိမဝတိ ဆဒ္ဒန္တဒဟဂဟနေယေဝ၊ ဟိမဝန္တာမြိုင်၊ ဆဒ္ဒန် အိုင်၌သာလျှင်။ ရမတိယထာ၊ မွေ့လျော်ပျော်သကဲ့သို့။ ဧဝမေဝ၊ ဤ အတူသာလျှင်။ အယံယောဂိဝရဝါရဏော၊ ဤယောဂီပုဂ္ဂိုလ်ဆင်မင်း သည်လည်း။ သဗ္ဗသ္မိံ၊ အလုံးစုံသော။ သင်္ခါရ ဂတေပိ၊ သင်္ခါရ အပေါင်း၌လည်း။ နာဘိရမတိ၊ မမွေ့မလျော်မပျော်။ အနုပ္ပါဒေါ၊ မဖြစ် သောသဘောသည်ကား။ ခေမံ၊ဘေးမရှိ။ ဣတိ အာဒိနာ နယေန၊ ဤသို့

အစရှိသောနည်းဖြင့်။ ဒိဋ္ဌေ၊ တမြင်တည်းမြင်သော။ သန္တိပဒေယေဝ၊ နိဗ္ဗာန်၌သာလျှင်။ ရမတိ၊ မွေ့လျော်၏။ တန္နိန္န-တပ္ပေါဏ-တပ္ပဗ္ဘာရမာနသော၊ ထိုနိဗ္ဗာန်သို့ညွတ်သော ကိုင်းသော- ရှိုင်းသောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဣတိဣဒံ၊ ဤသည်ကား။ နိဗ္ဗိဒါနုပဿနာဉာဏံ၊ နိဗ္ဗိဒါနုပဿနာဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

နိဗ္ဗိဒါဉာဏ်သည်ကား၊ အခိုက်အတန့်အားဖြင့် သုံးပါး။ သုံးပါးဟူသော်ကား။ ဘယဉာဏ်လည်းတပါး။ အာဒီနဝဉာဏ်လည်း တပါး။ နိဗ္ဗိဒါဉာဏ်လည်းတပါး။ထိုသုံးပါးတို့တွင်၊ အလုံးစုံသောသင်္ခါရတို့ကို၊ ဘေးဟူ၍၊ ဘေးထင်သော အခိုက်အတန့် သည်ကား၊ ဘယဉာဏ်မည်၏။ ထိုအလုံးစုံသော သင်္ခါရတို့၌ သာလျှင်၊ အပြစ်ဟူ၍၊ အပြစ်ထင်သောအခိုက်အတန့်သည်ကား၊ အာဒီနဝဉာဏ်မည်၏။ ထိုအလုံးစုံသော သင်္ခါရတို့၌သာလျှင်၊ ငြီးငွေ့သော အခိုက်အတန့် သည်ကား၊ နိဗ္ဗိဒါဉာဏ်မည်၏။

ဣမိနာ ပန နိဗ္ဗိဒါ ဉာဏေန ဣမဿ ကုလ ပုတ္တဿ နိဗ္ဗိန္ဒန္တဿ ဥက္ကဏ္ဌန္တဿ အနဘိရမန္တဿ သဗ္ဗဘဝ-ယောနိ-ဂတိ- ဝိညာဏဋ္ဌိတိ- သတ္တာဝါသေသု သဘေဒကေသု သင်္ခါရေသု ဧကသင်္ခါရေပိ စိတ္တံ န သဇ္ဇတိ၊ န လဂ္ဂတိ၊ န ဗဇ္ဈတိ။ သဗ္ဗသ္မာ သင်္ခါရဂတာ မုဉ္စိတုကာမံ နိဿရိတုကာမံ ဟောတိ။ အထဿ ဧဝံ သဗ္ဗသင်္ခါရေသု ဝိဂတာလယဿ သဗ္ဗသ္မာ သင်္ခါရဂတာ မုဉ္စိတုကာမဿ ဥပ္ပဇ္ဇတိ မုဉ္စိတုကမျတာဉာဏန္တိ။

မုဉ္စိတုကမျတာဉာဏံ နိဋ္ဌိတံ။

ဣမိနာ ပန နိဗ္ဗိဒါဉာဏေန၊ ဤနိဗ္ဗိဒါဉာဏ်ဖြင့်သော်ကား။နိဗ္ဗိန္ဒန္တဿ၊ တငြီးငွေ့တည်း ငြီးငွေ့သော။ ဥက္ကဏ္ဌန္တဿ၊ တပျင်းရိတည်း ပျင်းရိသော။ အနဘိရမန္တဿ၊ မမွေ့မလျော်မပျော်သော။ ဣမဿ ကုလ ပုတ္တဿ၊ ဤအမျိုးကောင်းသမီး၊ ဤအမျိုးကောင်း သား၏။ စိတ္တံ၊ စိတ်သည်။သဗ္ဗဘဝ-ယောနိ-ဂတိ-ဝိညာဏဋ္ဌိတိ-သတ္တာဝါသဂတေသု၊ အလုံးစုံသော ဘဝ-အလုံးစုံသော ယောနိ-အလုံးစုံသော ဂတိ-အလုံးစုံ

သောဝိညာဏဋ္ဌိတိ–အလုံးစုံသော သတ္တာဝါသသို့ကျရောက်ကုန်သော။ သဘောဒကေသု၊ ပျက်စီးသော သဘောရှိကုန်သော။ သင်္ခါရေသု၊ သင်္ခါရတို့တွင်။ ဧကသင်္ခါရေပိ၊ တခုသော သင်္ခါရမျှ၌လည်း။ စိတ္တံ၊ စိတ်သည်။ နသဇ္ဇတိ၊ မကပ်။ နလဂ္ဂတိ၊ မငြိ။ နဗဇ္ဈတိ၊ မဖွဲ့မချည်။ သဗ္ဗသ္မာ သင်္ခါရဂတာ၊ အလုံးစုံသောသင်္ခါရအပေါင်းမှ။မုစ္စိတုကာမံ၊ လွတ်လိုသောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗသ္မာသင်္ခါရဂတာ၊ အလုံးစုံသော သင်္ခါရအပေါင်းမှ။ နိဿရိတုကာမံ၊ ကျွတ်လွတ် ထွက်မြောက်လိုသော စိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ အထတသ္မိံ ကာလေ၊ ထိုအခါ၌။ ဧဝံ၊ ဤသို့။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသောသင်္ခါရတို့၌။ ဝိဂတာလယဿ၊ ငဲ့ကွက်သောစိတ်မှကင်းသော။ သဗ္ဗသ္မာသင်္ခါရဂတာ၊ အလုံးစုံသောသင်္ခါရအပေါင်းမှ။ မုစ္စိတုကာမဿ၊ လွတ်လိုသောစိတ်ရှိသော။ အဿဆမဿကုလပုတ္တဿ၊ ဤအမျိုးကောင်းသမီး၊ ဤအမျိုးကောင်းသားအား။ မုစ္စိတုကမျတာဉာဏံ၊ မုစ္စိတုကမျတာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဇာတိဇာဒိ၊ ဤသည်ကား။ မုစ္စိတုကမျတာဉာဏံ၊ မုစ္စိတုကမျတာဉာဏ်သည်။ နိဋ္ဌိတံ၊ပြီးပြီ။

အနတ္တဘဲ—အစိုးမရချင်းအမြဲဟု၊ ရှုသောပဋိသင်္ခါဉာဏ်၏၊ အာရုံဖြစ်သောအစိုးမရသောသဘော၊ သင်္ခါရ၏အရ-အနတ္တ။ အနတ္တ၏အရ-ခန္ဓပဥ္စက။ ခန္ဓပဥ္စက၏အရ—ရုပ်-ဝေဒနာ—သညာ—သင်္ခါရ—ဝိညာဏ်။ ရုပ်—ဖောက်ပြန်သောခဏ၊ ဖောက်ပြန်သောရုပ်က၊ အရှင်ဖြစ်တတ်သောသူမှ၊ ကင်းသဖြင့်ဆိတ်ရာကျသောကြောင့်၊ ငါ့အလိုဟုပြုရာမကျ-အနတ္တ။ ။ဝေဒနာ-ခံစားသောခဏ၊ခံစားသောဝေဒနာက၊ ခံစားတတ်သောသူမှ၊ ကင်းသဖြင့်ဆိတ်ရာကျသောကြောင့်၊ ငါ့အလိုဟုပြုရာမကျ-အနတ္တ။ ။သညာ—မှတ်သောခဏ၊ မှတ်သောသညာက၊ မှတ်နေတတ်သောသူမှ၊ ကင်းသဖြင့်ဆိတ်ရာကျသောကြောင့်၊ငါ့အလိုဟုပြုရာမကျ—အနတ္တ။ ။သင်္ခါရ—ပြုပြင်စီရင်သောခဏ၊ပြုပြင်စီရင်သောသင်္ခါရက၊ ပြုတတ်သောသူမှ၊ ကင်းသဖြင့် ဆိတ်ရာကျသောကြောင့်၊ ငါ့အလိုဟုပြုရာမကျ—အနတ္တ။ ။ဝိညာဏ်—အာရုံပြုသောခဏ၊ အာရုံပြုသောဝိညာဏ်က၊ ဆောက်တည်တတ်သောသူမှ၊ ကင်းသဖြင့် ဆိတ်ရာကျသောကြောင့်၊ ငါ့အလိုဟုပြုရာမကျ—အနတ္တ။သာမိ—နိဝသိ-ကာရက-ဝေဒကာဓိဋ္ဌာယဝိရဟိတတာယ၊ အရှင်ဖြစ်တတ်သောသူမှကင်းသည့်၏အဖြစ်၊မှတ်နေတတ်သောသူမှ ကင်းသည့်၏အဖြစ်၊ ပြုတတ်သောသူမှကင်းသည့်၏အဖြစ်၊ ခံစားတတ်သောသူမှကင်းသည့်၏အဖြစ်၊ ဆောက်တည်တတ်သောသူမှ ကင်းသည့်၏အဖြစ်ဖြင့်။ သုညတော၊ ဆိတ်ရာကျသောကြောင့်။ အနတ္တာတိ၊ ငါ့အလိုဟု၊ ပြုရာမကျ–အနတ္တဟု။ ပဿတိ၊ ရှု၏။

အနတ္တဘဲ-အစိုးမရချင်းအမြဲဟု၊ ရှုသောပဋိသင်္ခါဉာဏ်၏၊အာရုံဖြစ်သောအစိုးမရသောသဘော၊ သင်္ခါရ၏အရ—အနတ္တ။ အနတ္တ၏အရ—ခန္ဓပဥ္စက။ ခန္ဓပဥ္စက၏အရ—ရုပ်-ဝေဒနာ—သညာ—သင်္ခါရ—ဝိညာဏ်။ ရုပ်-ဖောက်ပြန်သောခဏ၊ ဖောက်ပြန်သောရုပ်က၊ အရှင်ဖြစ်တတ်သောသူက-မဟုတ်ရာကျသောကြောင့်၊ငါ့အလိုဟုပြုရာမကျ-အနတ္တ။ ။ဝေဒနာ—ခံစားသောခဏ၊ ခံစားသောဝေဒနာက၊ ခံစားတတ်သော

သူက—မဟုတ်ရာကျသောကြောင့်၊ ငါ့အလိုဟုပြုရာမကျ-အနတ္တ။ ။သညာ—မှတ်သောခဏ၊ မှတ်သောသညာက၊မှတ်နေတတ်သောသူက-မဟုတ်ရာကျသောကြောင့်၊ ငါ့အလိုဟုပြုရာမကျ-အနတ္တ။ ။သင်္ခါရ—ပြုပြင်စီရင်သောခဏ၊ ပြုပြင်စီရင်သောသင်္ခါရက၊ပြုတတ်သောသူက-မဟုတ်ရာကျသောကြောင့်၊ငါ့အလိုဟုပြုရာမကျ—အနတ္တ။ ။ဝိညာဏ်-အာရုံပြုသောခဏ၊ အာရုံပြုသောဝိညာဏ်က၊ ဆောက်တည်တတ်သောသူက-မဟုတ်ရာကျသောကြောင့်၊ ငါ့အလိုဟုပြုရာမကျ-အနတ္တ။သယဉ္စ၊ ဝိမ ဝိသုဒ္ဓိမဂ်လည်း။ အသာမိကာဝါဒိတာယ၊ အရှင် ဖြစ်တတ်သောသူက မဟုတ်သည်၏အဖြစ်၊ မှတ်နေတတ်သောသူက မဟုတ်သည်၏အဖြစ်၊ ပြုတတ်သောသူက မဟုတ်သည်၏အဖြစ်၊ ခံစားတတ်သောသူက မဟုတ်သည်၏အဖြစ်၊ ဆောက်တည်တတ်သော သူက မဟုတ်သည်၏အဖြစ်ဖြင့်။အနတ္တတော၊ ငါ့အလိုဟုပြုရာမကျသောကြောင့်။အနတ္တာတိ၊ အနတ္တဟု။ ပဿတိ၊ ရှု၏။

ဧဝဉှိ ပဿတာနေန တိလက္ခဏံ အာရောပေတွာ သင်္ခါရာ ပရိဂ္ဂဟိတာနာမ ဟောန္တိ။ပ။ဧဝမယံ ယောဂါဝစရော တိလက္ခဏာရောပနေန သင်္ခါရေ အားဝိဇ္ဈိတွာ ဒုဗ္ဗလေ ကတွာ ပုန နိစ္စ သုခ သုဘအတ္တာကာရေန ဥပဋ္ဌာတုံ အသမတ္ထတံ ပါပေတွာ သုရက္ခံ ရက္ခတိ။ ပ။ ဧတ္တာဝတာ တဿ ဥပ္ပန္နံ ဟောတိ ပဋိသင်္ခါဉာဏံ ယံ သန္ဓာယ ဝုတ္တံ။ အနိစ္စတော မနသိကရောတော ကိံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ။ ဒုက္ခတော မနသိကရောတော ကိံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ။ အနတ္တတော မနသိကရောတော ကိံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ။ အနိစ္စတော မနသိကရောတော နိမိတ္တံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ၊ ဒုက္ခတော မနသိကရောတော ပဝတ္တံ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတိ။ အနတ္တတော မနသိကရောတော နိမိတ္တဉ္စ ပဝတ္တဉ္စ ပဋိသင်္ခါဉာဏံ ဥပ္ပဇ္ဇတီတိ။

ပဋိသင်္ခါနုပဿနာဉာဏံ နိဋ္ဌိတံ။

ဧဝဉှိ—ဧဝံဧဝ၊ ဤသို့လျှင်၊ အနိစ္စဟု—ဒုက္ခဟု—အသုဘဟု—အနတ္တဟု။ ပဿတော၊ ရှုသော။ အနေနယောဂိနာ၊ ဤယောဂီ ပုဂ္ဂိုလ်သည်။ တိလက္ခဏံ၊ သုံးပါးသော လက္ခဏာသို့။ အာရောပေတွာ၊ တင်၍။

သင်္ခါရာ၊ သင်္ခါရ တို့သည်။ ပရိဂ္ဂဟိတာနာမ၊ သိမ်းဆည်း အပ်ပြီး သည်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့-အနိစ္စဟု- ဒုက္ခဟု-အသုဘဟု-အနတ္တဟု။ ပဿမာနေ၊ ရှုသော။ အယံယောဂါ ဝစရော၊ ဤယောဂီပုဂ္ဂိုလ်သည်။ တိလက္ခဏာရောပနေန၊ သုံးပါး သော လက္ခဏာသို့တင်သော အားဖြင့်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အာဝိဇ္ဈိတွာ၊ ညက်ညက်ကျေအောင် ပတ်ပတ်မွှေ၍။ ဒုဗ္ဗလေကတွာ၊ အားနည်းအောင်ပြု၍။ ပုန၊တဖန်။ နိစ္စသုခ သုဘအတ္တာကာရေန၊ နိစ္စ အခြင်းအရာ၊ သုခအခြင်းအရာ၊ သုဘအခြင်းအရာ၊ အတ္တအခြင်းအရာ အားဖြင့်။ ဥပဋ္ဌာတုံ၊ ထင်ချင်းငှါ။ အသမတ္ထတံ၊ မစွမ်းနိုင်သည်၏ အဖြစ်သို့။ ပါပေတွာ၊ ရောက်စေ၍။ သုမုတ္တုံ၊ ကောင်းစွာလွတ်အောင်။ မုဉ္စိတု-မုဉ္စိတွာ အတိက္ကမတိ၊ လွတ်၍လွန်၏။ ဧတ္တာဝတာ-ဧတ္တာဝန္တေန၊ ဤသို့-လွတ်၍ လွန်ကာမျှဖြင့်။ တဿယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ် အား။ ပဋိသင်္ခါဉာဏံ၊ ပဋိသင်္ခါဉာဏ်သည်။ ဥပ္ပန္နံဟောတိ၊ ထင်စွာ ဖြစ်၏။ ယံ၊ အကြင်ပဋိသင်္ခါဉာဏ်ကို။ သန္ဓာယ၊ရည်၍။ အနိစ္စတော။ ပ၊ ဉာဏံဥပ္ပဇ္ဇတီတိ၊ ဉာဏံဥပ္ပဇ္ဇတိဟူသော။ ဗုဒ္ဓိပုတ္တာဝိသုဒ္ဓိနံ၊ ဤအမေးအဖြေကို။ ဝုတ္တံ၊ ဆိုအပ်၏။ အနိစ္စတော၊ အနိစ္စဟု။ မနသိ ကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ ကိံ၊ အဘယ်ကို။ ပဋိသင်္ခါ-ပဋိသင်္ခါယဇာနိတွာ၊ သိ၍။ ဉာဏံ၊ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်သနည်း။ ဒုက္ခတော၊ဒုက္ခဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ ကိံ၊အဘယ်ကို။ ပဋိသင်္ခါ-ပဋိသင်္ခါယဇာနိတွာ၊ သိ၍။ဉာဏံ၊ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်သနည်း။ အနတ္တတော၊အနတ္တဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ ကိံ၊အဘယ် ကို။ ပဋိသင်္ခါ-ပဋိသင်္ခါယဇာနိတွာ၊သိ၍။ဉာဏံ၊ဉာဏ်သည်။ဥပ္ပဇ္ဇတိ၊ ဖြစ်သနည်း။ အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်း သော ယောဂီပုဂ္ဂိုလ်အား။ နိမိတ္တံ၊ ဆယ်ပါးသော အနိစ္စာနုပဿနာ ဉာဏ်၏၊ အာရုံဖြစ်သော သင်္ခါရနိမိတ္တကို။ ပဋိသင်္ခါ-ပဋိသင်္ခါယ ဇာနိတွာ၊ သိ၍။ ဉာဏံ၊ ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ ပဝတ္တံ၊ ၂၅-ပါးသော ဒုက္ခာနုပဿနာ ၇-ပါးသောအသုဘာနုပဿနာ ဉာဏ်၏၊ အာရုံဖြစ်သော သင်္ခါရပဝတ္တကို။ ပဋိသင်္ခါ-ပဋိသင်္ခါယ

ဓာနိတ္တွာ၊ ဿိ၍။ ဉာဏံ၊ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အနတ္တတော၊ အနတ္တဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ နိမိတ္တဥ္စ ပဝတ္တဥ္စ၊ ငါးပါးသော အနတ္တာနုပဿနာဉာဏ်၏၊ အာရုံဖြစ် သောသင်္ခါရနိမိတ္တ ပဝတ္တ ၂-ပါးစုံကို။ပဋိသင်္ခါ-ပဋိသင်္ခါယ ဓာနိတ္တွာ၊ ဿိ၍။ ဉာဏံ၊ ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဣတိဣဒံ၊ ဤသည်ကား။ ပဋိသင်္ခါနုပဿနာဉာဏံ၊ ပဋိသင်္ခါဉာဏ် သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

ငါးပါး-ငါးပါးသောခန္ဓာသည်ကား၊ တဝန်တဝန်မည်၏။ တဝန် တဝန်ကိုဆောင်သောသူသည်ကား၊ပုဂ္ဂိုလ်တယောက် တယောက်မည် ၏။ သတ္တဝါ အပေါင်းသည်ကား၊ သတ္တလောက မည်၏။ တည်ရာဘုံ အပေါင်း သည်ကား၊ ဩကာသ လောကမည်၏။ သတ္တလောက- ဩကာသလောက ၂-ပါးအပေါင်းသည်ကား၊ သင်္ခါရလောကမည်၏။ ထို့ကြောင့်၊ သင်္ခါရသည်ကား၊ သတ္တသင်္ခါရ—သုညသင်္ခါရအားဖြင့်— ၂—ပါးပြားသတည်း။ ထို ၂—ပါးတို့တွင်၊ပုဂ္ဂိုလ်တယောက်တယောက် သည်ကား၊ သတ္တသင်္ခါရမည်၏။ ရုပ်—ဝေဒနာ—သညာ—သင်္ခါရ— ဝိညာဏ်အပေါင်းသည်ကား၊ သုညသင်္ခါရမည်၏။ ထို ၂-ပါးတို့တွင်၊ သတ္တသင်္ခါရသည်ကား၊ တိတ္ထိတို့သည်၊ ကြံဆအပ်သောအလိုအားဖြင့်၊ နိစ္စလည်းမည်၏။ သုခလည်းမည်၏။ သုဘလည်းမည်၏။ အတ္တလည်း မည်၏။ ထိုအတ္တသည်ကား၊ အဇ္ဈတ္တ-ဗဟိဒ္ဓအားဖြင့် ၂-ပါး။ထို ၂-ပါး တို့တွင်၊ အဇ္ဈတ္တသည်ကား၊ အတ္တမည်၏။ ဗဟိဒ္ဓသည်ကား၊ အတ္တနိယ မည်၏။ ထို ၂-ပါးတို့တွင်၊ အတ္တသည်ကား၊ သကအတ္တ-ပရအတ္တ အားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ မိမိ၏ကိုယ်သည်ကား၊ သက အတ္တမည်၏။သူတပါးတို့၏ကိုယ်သည်ကား၊ပရအတ္တမည်၏။ အတ္တနိယ သည်လည်း၊ သကအတ္တနိယ-ပရအတ္တနိယအားဖြင့် ၂-ပါး။ ထို ၂-ပါး တို့တွင်၊မိမိ၏ဥစ္စာသည်ကား၊သကအတ္တနိယမည်၏။သူတပါးတို့၏ဥစ္စာ သည်ကား၊ ပရအတ္တနိယမည်၏။ သုညသင်္ခါရ၌၊ သုညသည်ကား၊ ပရမတ္ထသုည-သင်္ခါရသုညအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ နိဗ္ဗာန် သည်ကား၊ ပရမတ္ထတရား၊ ခန္ဓာ ၅-ပါးမှဆိတ်ချင်းကြောင့်၊ ပရမတ္ထ သုညမည်၏။ ရုပ်-ဝေဒနာ-သညာ-သင်္ခါရ- ဝိညာဏ်အပေါင်းသည်

ကား၊ သတ္တသန္တါနမှဆိတ်ချင်းကြောင့်၊ သန္တါနသုညမည်၏။ ။ပဋိ သန္တါဉာဏ်နှင့် ပြည့်စုံသော၊ ယောဂီပုဂ္ဂိုလ်သည်ကား၊ ထို သန္တါန သုညကိုသာလျှင်၊ အနိစ္စဟုရှု၍နိစ္စကိုလွှန်ပုံ။ အနိစ္စဟုရှု၍၊နိစ္စကိုလွှန်ပုံ ၏အခြားမဲ့၊ ဒုက္ခဟုရှု၍သုခကိုလွှန်ပုံ။ ဒုက္ခဟုရှု၍၊ သုခကိုလွှန်ပုံ၏ အခြားမဲ့၊ အသုဘဟုရှု၍သုဘကိုလွှန်ပုံ။ အသုဘဟုရှု၍၊ သုဘကိုလွှန် ပုံ၏အခြားမဲ့၊ အနတ္တဟုရှု၍ အတ္တကိုလွှန်ပုံ။ ခပ်သိမ်းဥဿုံ အလုံးစုံ၊ သန္တါနအပေါင်းသည်ကား၊ဆိတ်၏ဟု-သိမ်းဆည်းဆင်ခြင်ပြီး၍၊တဖန်၊ အတ္တသုည-အတ္တနိယသုည၊ ဒွိကောဋိကသုညတကို၊သိမ်းဆည်း၏။

သော ဇဝံ ပဋိသန္တါနုပဿနာ ဉာဏေန သဗ္ဗေ သန္တါရာ သုညာတိ ပရိဂ္ဂဟေတွာ၊ ပုန သုညမိဒံ အတ္တေန ဝါ အတ္တနိ ယေန ဝါတိ ဒွိကောဋိကံ သုညတံ ပရိဂ္ဂဏှာတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ဇဝံ၊ ဤသို့။ ပဋိသန္တါ နုပဿနာ ဉာဏေန၊ ပဋိသန္တါဉာဏ်ဖြင့်။သဗ္ဗေသန္တါရာ၊ အလုံးစုံသောသန္တါရတို့ သည်ကား။ သုညာ၊ ဆိတ်ကုန်၏။ ဣတိ၊ ဤသို့။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း ဆင်ခြင်ပြီး၍။ ပုန၊ တဖန်။ ဣဒံ သန္တါရဂတံ၊ ဤသန္တါရ အပေါင်းသည်ကား။ အတ္တေနဝါ၊ မိမိမှလည်း။ သုညံ၊ ဆိတ်၏။ အတ္တနိ ယေနဝါ၊ မိမိ၏ဥစ္စာမှလည်း။ သုညံ၊ ဆိတ်၏။ ဣတိ၊ ဤသို့။ ဒွိကောဋိကံ၊ နှစ်ဘက် အစွန်း ရှိသော။ သုညတံ၊ သုညတကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

သော ဇဝံ နေဝ အတ္တာနံ န ပရံ ကိဉ္စိ အတ္တနော ပရိက္ခာ ရဋ္ဌာနေ ဌိတံ ဒိသွာ ပုန။ နာဟံကွစနိ။ ကဿစိ ကိဉ္စနတသ္မိံ။ နစ မမ ကွစနိ။ ကိသ္မိံစိ ကိဉ္စနတတ္ထိတိ ယာ ဧတ္ထ စတု ကောဋိကာ သုညတာ ကထိတာ။ တံ ပရိဂ္ဂဏှာတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ ဇဝံ၊ ဤသို့။ အတ္တာနံ၊ မိမိကို။ နေဝ ဒိသွာ၊ မတွေ့-မမြင်—မထင်သည်ဖြစ်၍။ အတ္တနော၊ မိမိ၏။ ပရိက္ခာရ ဋ္ဌာနေ၊ အခြံအရံ၏ အရာ ဌာနဌ။ ဌိတံ၊ တည်သော။ ကိဉ္စိ၊ တစုံ တယောက်သော။ ပရံ၊ သူတပါးကို။ နဒိသွာ၊ မတွေ့မမြင်-မထင်သည် ဖြစ်၍။ ပုန၊ တဖန်။ နာဟံ ကွစနိ။ ပ။ ကိဉ္စနတတ္ထိတိ၊ ကိဉ္စနတတ္ထိ

ဟူသော။ ဧတ္ထ ဋ္ဌမသတ္တိဘုံဘောဟိတာပါရာရေ၊ ဤသုညတ အစိအရင်၌။ စတုကောဋိကာ၊ အစွန်း ၄-ဘက်ရှိသော။ ယာသုညတာ၊ အကြင် သုညတကို။ ကထိတာ၊ ဆိုအပ်၏။ တံ၊ ထိုအစွန်း ၄-ဘက်ရှိသော သုညတကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

(အဟံ၊ ငါသည်။ ကွစနိ၊ တစုံတခု၌။ အတ္တနော၊ မိမိ၏။ အတ္တာနံ၊ ကိုယ်ကို။ နပဿာမိ၊ မတွေ့-မမြင်-မထင်။ ကဿစိ၊ တစုံတယောက် သော။ ပရဿ၊ သူတပါး၏။ ကိဉ္စနတသ္မိံ ကိဉ္စနဘာဝေ၊ တစုံတခု၏ အဖြစ်၌။ ဥပနေတဗ္ဗံ၊ သုံးဆောင်အပ်သော။ အတ္တနော၊ မိမိ၏။ အတ္တာနံ၊ ကိုယ်ကို။ နပဿာမိ၊ မတွေ့-မမြင်-မထင်။ ကွစနိ၊ တစုံတခု၌။ ပရဿ၊ သူတပါး၏။ အတ္တာနံ၊ ကိုယ်ကို။ နပဿာမိ၊ မတွေ့-မမြင်-မထင်။ မမ၊ ငါ၏။ ကိသ္မိံစိ ကိဉ္စနတာ ကိဉ္စနဘာဝေ၊ တစုံတခု၏အဖြစ်၌။ ဥပနေ တဗ္ဗော၊ သုံးဆောင်အပ်သော။ ပရဿ၊ သူတပါး၏။ အတ္တာ၊ ကိုယ်သည်။ နစအတ္ထိ၊ ရှိလည်းမရှိ။) (**သာဓကနက်**)

တစုံတခုသော အရာဌာန၌၊ မိမိကိုယ်ကိုလည်း၊ မတွေ့-မမြင်-မထင်။ သူတပါး၏၊ တစုံတခုသောအရာဌာန၌၊ သုံးဆောင်အပ်သော၊ မိမိ၏ကိုယ် ကိုလည်း၊ မတွေ့-မမြင်-မထင်။ အစ်ကို၏ အရာဌာန၌၊ အစ်ကိုကို။ ညီ၏အရာဌာန၌၊ ညီကို။ အပေါင်း အဖော်၏အရာဌာန၌၊ အပေါင်းအဖော် ကို။ အခြံအရံ၏ အရာဌာန၌၊ အခြံအရံကို။ အမှတ်ပြု၍။ သူတပါး၏၊ တစုံတခုသော အရာဌာန၌၊ သုံးဆောင်အပ်သော၊ မိမိ၏ကိုယ်ကိုလည်း၊ မတွေ့-မမြင်-မထင်။ တစုံတခုသောအရာဌာန၌၊ သူတပါး၏ ကိုယ်ကို လည်း၊ မတွေ့-မမြင်-မထင်။ မိမိ၏၊ တစုံ တခုသော အရာဌာန၌၊ သုံးဆောင်အပ်သော၊ သူတပါး၏ကိုယ်ကိုလည်း၊ မတွေ့-မမြင်-မထင်။ အစ်ကို၏အရာဌာန၌၊ အစ်ကိုကို။ ညီ၏အရာဌာန၌၊ ညီကို။ အပေါင်း အဖော်၏ အရာဌာန၌၊ အပေါင်း အဖော်ကို။ အခြံအရံ၏ အရာဌာန၌၊ အခြံအရံကို။ အမှတ်ပြု၍။ မိမိ၏၊ တစုံတခုသောအရာဌာန၌၊ သုံးဆောင် အပ်သော၊ သူတပါး၏ကိုယ်ကိုလည်း၊ မတွေ့-မမြင်-မထင်။ ဤသို့ယောဂီ ပုဂ္ဂိုလ်သည်ကား၊ တစုံတခုသောအရာဌာန၌၊ မိမိ၏ကိုယ်ကိုလည်း၊ မတွေ့-မမြင်-မထင်။ သူတပါး၏တစုံတခုသော အရာဌာန၌၊ သုံးဆောင် အပ်သော၊ မိမိ၏ကိုယ်ကိုလည်း၊ မတွေ့-မမြင်-မထင်။ တစုံ တခုသော အရာဌာန၌၊ သူတပါး၏ ကိုယ်ကိုလည်း၊ မတွေ့-မမြင်-မထင်။ မိမိ၏၊

တစုံတရသောအရာဌာန၌၊ သုံးဆောင်အပ်သော၊ သူတပါး၏ ကိုယ်ကိုလည်း၊ မတွေ့-မမြင်- မထင်။ အကြင့်ကြောင့်၊ မတွေ့-မမြင်-မထင်။ ထို့ကြောင့်၊အစွန်း ၄-ဘက်ရှိသော၊ သုညတကို၊ သိမ်းဆည်းပြီးသည် မည်၏။

ဧဝံ၊ ဤသို့။ စတု ကောဋိကံ၊ အစွန်း ၄-ဘက်ရှိသော။ သုညတံ၊ သုညတကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း ဆင်ခြင်ပြီး၍။ ပုန၊ တဖန်။ ဆဟိ၊ ၆–ပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။သုညတံ၊ သုညတကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

မျက်စိသည်ကား၊ မိမိမှလည်းဆိတ်၏။ မိမိ ဥစ္စာမှလည်း ဆိတ်၏။ မြဲသော သဘော နိစ္စမှလည်းဆိတ်၏။ မပြောင်း မရွေ့သော သဘော ဓုဝမှလည်းဆိတ်၏။ ဖြစ်ကတည်းက၊ ဘယ်အခါကာလမှမပျက်သော သဘော– သဿတ မှလည်း ဆိတ်၏။ မဖောက်ပြန်သော သဘော အဝိပရိဏာမဓမ္မမှလည်း ဆိတ်၏။ ။နားသည်ကား။ နှာသည်ကား။ လျှာသည်ကား။ ကိုယ်သည်ကား။ စိတ်သည်ကား။ မိမိမှလည်းဆိတ်၏။ မိမိ၏ ဥစ္စာမှလည်း ဆိတ်၏။ မြဲသော သဘော–နိစ္စမှလည်းဆိတ်၏။ မပြောင်းမရွေ့သော သဘော–ဓုဝမှလည်းဆိတ်၏။ ဖြစ်ကတည်းက၊ ဘယ်အခါကာလမှ မပျက်သော သဘော–သဿတမှလည်း ဆိတ်၏။ မဖောက်ပြန်သောသဘော-အဝိပရိဏာမဓမ္မမှလည်းဆိတ်၏။ ။စက္ခုဝိညာဏ်-မြင်ချင်းသည်ကား။ မိမိမှလည်းဆိတ်၏။ မိမိ၏ဥစ္စာမှလည်း ဆိတ်၏။ မြဲသောသဘော–နိစ္စမှလည်းဆိတ်၏။ မပြောင်းမရွေ့သော သဘော–ဓုဝမှလည်းဆိတ်၏။ ဖြစ်ကတည်းက၊ ဘယ်အခါကာလမှ မပျက်သော သဘော–သဿတမှလည်း ဆိတ်၏။ မဖောက်ပြန်သောသဘော-အဝိပရိဏာမဓမ္မမှလည်းဆိတ်၏။ ။သောတဝိညာဏ်-ကြားချင်းသည်ကား။ ဃာနဝိညာဏ်-နံချင်းသည်ကား။ ဇိဝှါဝိညာဏ်-စားချင်းသည်ကား။ ကာယဝိညာဏ်-ထိချင်းသည်ကား။မနောဝိညာဏ်-သိချင်းသည်ကား။ မိမိမှလည်းဆိတ်၏။ မိမိ၏ဥစ္စာမှလည်းဆိတ်၏။ မြဲသော သဘော-နိစ္စမှလည်းဆိတ်၏။ မပြောင်းမရွေ့သောသဘော-ဓုဝမှလည်း ဆိတ်၏။ ဖြစ်ကတည်းက၊ ဘယ်အခါကာလမှ မပျက်သောသဘော-သဿတမှလည်းဆိတ်၏။မဖောက်ပြန်သော သဘော-အဝိပရိဏာမဓမ္မမှလည်းဆိတ်၏။ ။မျက်စိဖြင့်မြင်ချင်း၏၊ အဆင်းနှင့်တွေ့သော-စက္ခု

သမ္ဖဿသည်ကား။ မိမိမှလည်း ဆိတ်၏။ မိမိ၏ဥစ္စာမှလည်း ဆိတ်၏။ မြဲသောသဘော-နိစ္စမှလည်းဆိတ်၏။ မပြောင်းမလွဲသောသဘော-ဓုဝမှလည်းဆိတ်၏။ ဖြစ်ကတည်းက၊ ဘယ်အခါကာလမှမပျက်သောသဘော-သဿတမှလည်းဆိတ်၏။ မဖောက်ပြန်သော သဘော-အဝိပရိဏာမဓမ္မမှလည်းဆိတ်၏။ ။နားဖြင့်ကြားချင်း၏၊ အသံနှင့်တွေ့သော-သောတသမ္ဖဿသည်ကား။ နှာဖြင့်နံချင်း၏၊ အနံ့နှင့်တွေ့သော-ဃာနသမ္ဖဿသည်ကား။ လျှာဖြင့်စားချင်း၏၊ အရသာနှင့်တွေ့သော - ဇိဝှါသမ္ဖဿသည်ကား။ ကိုယ်ဖြင့်ထိချင်း၏၊ အတွေ့နှင့်တွေ့သော–ကာယသမ္ဖဿသည်ကား။ စိတ်ဖြင့်သိချင်း၏၊ သဘောနှင့်တွေ့သော–မနောသမ္ဖဿသည်ကား၊ မိမိမှလည်းဆိတ်၏။ မိမိ၏ဥစ္စာမှလည်းဆိတ်၏။ မြဲသောသဘော-နိစ္စမှလည်းဆိတ်၏။ မပြောင်းမလွဲသောသဘော-ဓုဝမှလည်းဆိတ်၏။ ဖြစ်ကတည်းက၊ ဘယ်အခါကာလမှ မပျက်သောသဘော–သဿတမှလည်းဆိတ်၏။ မဖောက်ပြန်သောသဘော အဝိပရိဏာမဓမ္မမှလည်းဆိတ်၏။

(ဇရာမရဏ–တိုင်အောင်၊နည်းကို ဆောင်လေ)

ဧဝံ၊ ဤသို့။ ဆဟိ၊ ၆-ပါးကုန်သော၊ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ သုညတံ၊ သုညတကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းဆင်ခြင်ပြီး၍။ ပုန၊ တဖန်။ အဋ္ဌဟိ၊ ၈-ပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ သုညတံ၊ သုညတကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

ရုပ်သည်ကား၊ မြဲသောသဘော–နိစ္စ၊ အနှစ်သာရအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ မပြောင်းမလွဲသော သဘော–ဓုဝ၊ အနှစ်သာရအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ ချမ်းသာသော သဘော-သုခ၊ အနှစ်သာရအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ ငါ့အလိုဟု ပြုသောသဘော-အတ္တ၊ အနှစ်သာရအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ မြဲသောသဘော–နိစ္စအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ မပြောင်းမလွဲသောသဘော-ဓုဝအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ ဖြစ်ကတည်းက၊ ဘယ်အခါကာလမှမပျက်သောသဘော သဿတအား

ဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ မဘောက်ပြန်သောသဘော-အဝိပရိဏာမဓမ္မအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ ။ဝေဒနာသည်ကား။ သညာသည်ကား။ သင်္ခါရ တို့သည်ကား။ ဝိညာဏ် သည်ကား။ မြဲသောသဘော-နိစ္စ၊ အနှစ်သာရအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ မပြောင်းမလွှဲသောသဘော-ဓုဝ၊ အနှစ်သာရအားဖြင့်လည်း၊ အနှစ်မဟုတ်၊ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ ချမ်းသာသောသဘော-သုခ၊ အနှစ်သာရအားဖြင့်လည်း။ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ ငါ့အလိုဟု-ပြုသောသဘော-အတ္တ၊ အနှစ်သာရအားဖြင့်လည်း၊ အနှစ်မဟုတ်။အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ မြဲသောသဘော-နိစ္စအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ မပြောင်းမလွှဲသောသဘော-ဓုဝအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ ဖြစ်ကတည်းက၊ ဘယ်အခါကာလမှမပျက်သောသဘော-သဿတအားဖြင့်လည်း။ အနှစ်မဟုတ်။ အနှစ်မရှိ။ အနှစ်မှအပသာဖြစ်၏။ မဘောက်ပြန်သောသဘော-အဝိပရိဏာမဓမ္မအားဖြင့်လည်း၊ အနှစ်မဟုတ်။ အနှစ်မရှိ၊ အနှစ်မှအပသာဖြစ်၏။

ဝိ၊ ဤသို့။ အဋ္ဌဟိ၊ ၈-ပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ သုညတံ၊ သုညတကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းဆင်ခြင်ပြီး၍။ ပုန၊ တဖန်။ ဒသဟိ၊ ဆယ်ပါးကုန်သော။အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ သုညတံ၊ သုညတကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

ရူပံ၊ ရုပ်ကို။ ရိတ္တတော၊ ကင်းသဟု။ ပဿတိ၊ ရှု၏။ တုစ္ဆတော၊ အချည်းနှီးဟု။ ပဿတိ၊ ရှု၏။ သုညတော၊ ဆိတ်သဟု။ ပဿတိ၊ ရှု၏။ အနတ္တတော၊ အလိုမကျဟု။ ပဿတိ၊ ရှု၏။ အနိဿရိယတော၊ အစိုးမရဟု။ ပဿတိ၊ ရှု၏။ အကာမကာရိယတော၊ အလိုမကျဘဲပြုသဟု။ ပဿတိ၊ ရှု၏။ အလဗ္ဘနီယတော၊ မရအပ်ဟု။ ပဿတိ၊ ရှု၏။အဝသဝတ္တကတော၊ အလိုသို့မလိုက်တတ်သဟု။ ပဿတိ၊ ရှု၏။ ပရတော၊ တပါးဟု။ ပဿတိ၊ရှု၏။ ဝိဝိတ္တတော၊ ဆိတ်သဟု။ ပဿတိ၊ရှု၏။ ။ ဝေဒနံ၊ ဝေဒနာကို။ သညံ၊ သညာကို။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ဝိညာဏံ၊ ဝိညာဏ်ကို။ ရိတ္တတော၊ ကင်းသဟု။ ပဿတိ၊ ရှု၏။ တုစ္ဆတော၊ အချည်းနှီးဟု။ ပဿတိ၊ ရှု၏။ သုညတော၊ ဆိတ်သဟု။

ပဿတိ၊ ရှု၏။ အနတ္တတော၊ အလိုမကျဟု။ ပဿတိ၊ ရှု၏။ အနိဿ
ရိယတော၊ အစိုးမရဟု။ ပဿတိ၊ ရှု၏။ အကာမကာရိယတော၊
အလိုမကျဘဲပြုသဟု။ ပဿတိ၊ ရှု၏။ အလဗ္ဘနီယတော၊ မရအပ်ဟု။
ပဿတိ၊ ရှု၏။ အဝသဝတ္တကတော၊ အလိုသို့ မလိုက်တတ်သဟု။
ပဿတိ၊ ရှု၏။ ပရတော၊ တပါးဟု။ ပဿတိ၊ ရှု၏။ ဝိဝိတ္တတော၊
ဆိတ်သဟု။ ပဿတိ၊ ရှု၏။

ဧဝံ၊ ဤသို့။ ဒသဟိ၊ ၁၀-ပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာ
တို့ဖြင့်။ သုညတံ၊ သုညတကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း ဆင်ခြင်
ပြီး၍၊ ပုန၊ တဖန်။ ဒွါဒသဟိ၊ ၁၂-ပါးကုန်သော။ အာကာရေဟိ၊အခြင်း
အရာတို့ဖြင့်။ သုညတံ၊ သုညတကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

ရူပံ၊ ရုပ်သည်ကား။ နသတ္တော၊ သတ္တဝါလည်းမဟုတ်။ န ဇီဝေါ၊
ဇီဝလည်းမဟုတ်။ နနရော၊ လူအိုလူကြီးလည်းမဟုတ်။ နမာဏဝေါ၊
လူပျို လူငယ်လည်းမဟုတ်။ နဣတ္ထီ၊ မိန်းမလည်းမဟုတ်။ နပုရိသော၊
ယောကျ်ားလည်းမဟုတ်။ နအတ္တာ၊ မိမိလည်းမဟုတ်။ နအတ္တနိယံ၊
မိမိ၏ ဥစ္စာလည်းမဟုတ်။ နအဟံ၊ ငါလည်းမဟုတ်။ နမမ၊ ငါ၏ဥစ္စာ
လည်းမဟုတ်။ နအညဿ၊ သူတပါး၏ ဥစ္စာလည်းမဟုတ်။ နကဿစိ၊
တစုံ တယောက်သော သူ၏ဥစ္စာလည်းမဟုတ်။ ။ဝေဒနာ၊ ဝေဒနာ
သည်ကား။ သညာ၊ သညာသည်ကား။ သင်္ခါရာ၊သင်္ခါရတို့သည်ကား။
ဝိညာဏံ၊ ဝိညာဏ်သည်ကား။ နသတ္တော၊ သတ္တဝါလည်းမဟုတ်။
နဇီဝေါ၊ ဇီဝလည်းမဟုတ်။ နနရော၊ လူအို လူကြီးလည်း မဟုတ်။
နမာဏဝေါ၊ လူပျိုလူငယ်လည်းမဟုတ်။ နဣတ္ထီ၊ မိန်းမလည်းမဟုတ်။
နပုရိသော၊ ယောကျ်ားလည်း မဟုတ်။ နအတ္တာ၊ မိမိလည်း မဟုတ်။
နအတ္တနိယံ၊ မိမိ၏ဥစ္စာလည်းမဟုတ်။ နအဟံ၊ ငါလည်းမဟုတ်။ နမမ၊
ငါ၏ဥစ္စာလည်းမဟုတ်။ နအညဿ၊ သူတပါး၏ ဥစ္စာလည်းမဟုတ်။
နကဿစိ၊ တစုံတယောက်သောသူ၏ ဥစ္စာလည်းမဟုတ်။

ဧဝံ၊ ဤသို့။ ဒွါဒသဟိ၊ ၁၂-ပါးကုန်သော။ အာကာရေဟိ၊ အခြင်း
အရာတို့ဖြင့်။ သုညတံ၊ သုညတကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း
ဆင်ခြင်ပြီး၍။ ပုန၊ တဖန်။ ဒွါစတ္တာလီသာယ၊ ၄၂-ပါးသော။ အာကာ
ရေဟိ၊ အခြင်းအရာတို့ဖြင့်။ သုညတံ၊ သုညတကို။ ပရိဂ္ဂဏှာတိ၊
သိမ်းဆည်း၏။

ရူပံ၊ရုပ်ကို။အနိစ္စတော၊မမြဲဟု။ပဿတိ၊ရှု၏။ဒုက္ခတော၊ ဆင်းရဲဟု။ ပဿတိ၊ ရှု၏။ ရောဂတော၊ ရောဂါဟု။ ပဿတိ၊ ရှု၏။ ဂဏ္ဍတော၊ အိုင်းအမာဟု။ ပဿတိ၊ ရှု၏။ သလ္လတော၊ မြှားဟု။ ပဿတိ၊ ရှု၏။ အဃတော၊ မကောင်းဟု။ ပဿတိ၊ ရှု၏။ အာဗာဓတော၊ အနာဟု။ ပဿတိ၊ ရှု၏။ ပရတော၊ တပါးဟု။ ပဿတိ၊ ရှု၏။ ပလောကတော၊ ပျက်စီးသဟု။ ပဿတိ၊ ရှု၏။ ဤတိတော၊ များစွာပျက်စီးသဟု။ပဿတိ၊ ရှု၏။ ဥပဒ္ဒဝတော၊ နှိပ်စက်သဟု၊ပဿတိ၊ရှု၏။ ဘယတော၊ ဘေးဟု။ ပဿတိ၊ရှု၏။ဥပသဂ္ဂတော၊ အပြစ်မပြတ်၊ငြိကပ်သဟု။ ပဿတိ၊ ရှု၏။ စလတော၊ တုန်လှုပ်သဟု။ ပဿတိ၊ ရှု၏။ ပဘင်္ဂုတော၊ ပျက်စီးချင်းသို့ ရောက်သော အလေ့သဘောဟု။ ပဿတိ၊ ရှု၏။ အဓုဝတော၊ မမြဲဟု။ ပဿတိ၊ ရှု၏။အတာဏတော၊အစောင့်အရှောက်မရှိဟု။ ပဿတိ၊ ရှု၏။ အလေဏတော၊ ပုန်းအောင်းရာမရှိဟု။ ပဿတိ၊ ရှု၏။ အသရဏတော-အသရဏီဘူတတော၊ကိုးကွယ်ရာမဟုတ်ဟု။ပဿတိ၊ ရှု၏။ ရိတ္တတော၊ ကင်းသဟု။ ပဿတိ၊ ရှု၏။ တုစ္ဆတော၊ အချည်းနှီးဟု။ ပဿတိ၊ ရှု၏။ သုညတော၊ ဆိတ်သဟု။ ပဿတိ၊ ရှု၏။ အနတ္တတော၊အလိုမကျဟု။ ပဿတိ၊ ရှု၏။ အနဿာဒတော၊ မသာယာအပ်ဟု။ပဿတိ၊ ရှု၏။ အာဒီနဝတော၊ အပြစ်ဟု။ ပဿတိ၊ ရှု၏။ ဝိပရိဏာမ ဓမ္မတော၊ ဖောက်ပြန်သောသဘောဟု။ ပဿတိ၊ ရှု၏။ အသာရကတော၊ အနှစ်မရှိဟု။ ပဿတိ၊ ရှု၏။ အဃမူလတော၊ မကောင်းမှု၏၊ အကြောင်းရင်းမူလဟု။ ပဿတိ၊ ရှု၏။ ဝဓကတော၊ သတ်သဟု။ ပဿတိ၊ ရှု၏။ ဝိဘဝတော၊ ဖြစ်ပြီးမှကင်းသဟု။ ပဿတိ၊ ရှု၏။ သာသဝတော၊ အာသဝေါနှင့်နှီးသဟု။ ပဿတိ၊ ရှု၏။ သင်္ခတတော၊ အကြောင်းပစ္စည်း၊တပေါင်းတည်း ပြုပြင်စီရင်အပ်သဟု။ပဿတိ၊ရှု၏။မာရာမိသတော၊ မာရ်မင်း၏ အစာဟု။ ပဿတိ၊ ရှု၏။ ဇာတိဓမ္မတော၊ ဖြစ်တတ်သော သဘောဟု။ ပဿတိ၊ရှု၏။ ဇရာဓမ္မတော၊ အိုတတ်သောသဘောဟု။ပဿတိ၊ရှု၏။ ဗျာဓိဓမ္မတော၊နာတတ်သောသဘောဟု။ပဿတိ၊ရှု၏။မရဏဓမ္မတော၊ သေတတ်သောသဘောဟု။ ပဿတိ၊ ရှု၏။ သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသဓမ္မတော။ စိုးရိမ်ချင်း၏ အကြောင်းသဘော၊ ငိုကြွေးချင်း၏အကြောင်းသဘော၊ ကိုယ်ဆင်းရဲချင်း၏ အကြောင်းသဘော၊ စိတ်ဆင်းရဲချင်း၏ အကြောင်းသဘော၊ စိတ်ပင်ပန်းချင်း၏

အကြောင်းသဘောဟု။ ပဿတိ၊ ရူပ၏။ သမုဒယတော၊ဖြစ်သဟု။ ပဿတိ၊ ရူပ၏။ အတ္ထင်္ဂမတော၊ ချုပ်သဟု။ပဿတိ၊ ရူပ၏။ အနုဿာဒတော၊ မသာယာအပ်ဟု။ ပဿတိ၊ ရူပ၏။ အာဒီနဝတော၊ အပြစ်ဟု။ ပဿတိ၊ ရူပ၏။ နိဿရဏတော၊ ကျွတ်အပ်-လွတ်အပ်-ကျွတ် လွတ် အပ်သဟု။ ပဿတိ၊ ရူပ၏။ ဝေဒနံ၊ ဝေဒနာကို။ သညံ၊ သညာကို။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ဝိညာဏံ၊ ဝိညာဏ်ကို။ အနိစ္စတော၊မမြဲဟု။ ပဿတိ၊ ရူပ၏။ ဒုက္ခတော၊ ဆင်းရဲဟု။ ပဿတိ၊ ရူပ၏။ ရောဂတော၊ ရောဂါဟု။ ပဿတိ၊ ရူပ၏။ ဂဏ္ဍတော၊ အိုင်းအမာဟု။ ပဿတိ၊ ရူပ၏။ သလ္လတော၊ မြားဟု။ ပဿတိ၊ ရူပ၏။ အဃတော၊ မကောင်းဟု။ ပဿတိ၊ ရူပ၏။ အာဗာဓတော၊ အနာဟု။ ပဿတိ၊ ရူပ၏။ ပရတော၊ တပါးဟု။ ပဿတိ၊ ရူပ၏။ ပလောကတော၊ ပျက်စီးသဟု။ ပဿတိ၊ ရူပ၏။ ဤတိတော၊ များစွာပျက်စီးသဟု။ ပဿတိ၊ ရူပ၏။ ဥပဒ္ဒဝတော၊ နှိပ်စက်သဟု။ ပဿတိ၊ ရူပ၏။ ဘယတော၊ ဘေးဟု။ ပဿတိ၊ ရူပ၏။ ဥပသဂ္ဂတော၊ အပြစ်မပြတ်၊ ငြိကပ်သဟု။ ပဿတိ၊ ရူပ၏။ စလတော၊ တုန်လှုပ်သဟု။ ပဿတိ၊ ရူပ၏။ ပဘင်္ဂုတော၊ ပျက်စီးချင်းသို့ ရောက် သော အလေ့သဘောဟု။ ပဿတိ၊ ရူပ၏။ အဓုဝတော၊ မမြဲဟု။ ပဿတိ၊ ရူပ၏။ အတာဏတော၊ အစောင့်အရှောက် မရှိဟု။ ပဿတိ၊ ရူပ၏။ အလေဏတော၊ ပုန်းအောင်းရာ မရှိဟု။ ပဿတိ၊ ရူပ၏။ အသရဏတော—အသရဏီဘူတတော၊ ကိုးကွယ်ရာမဟုတ်ဟု။ ပဿတိ၊ ရူပ၏။ရိတ္တတော၊ကင်းသဟု။ပဿတိ၊ရူပ၏။ တုစ္ဆတော၊ အချည်းနှီးဟု။ ပဿတိ၊ ရူပ၏။ သုညတော၊ ဆိတ်သဟု။ ပဿတိ၊ ရူပ၏။ အနတ္တတော၊ အလိုမကျဟု။ ပဿတိ၊ ရူပ၏။ အနဿာဒတော၊ မသာယာ အပ်ဟု။ ပဿတိ၊ ရူပ၏။ အာဒီနဝတော၊ အပြစ်ဟု။ ပဿတိ၊ ရူပ၏။ ဝိပရိဏာမဓမ္မတော၊ ဖောက်ပြန်သော သဘောဟု။ ပဿတိ၊ ရူပ၏။ အသာရကတော၊ အနှစ်မရှိဟု။ ပဿတိ၊ ရူပ၏။ အဃမူလတော၊ မကောင်းမှု၏ အကြောင်းရင်း မူလဟု။ ပဿတိ၊ ရူပ၏။ ဝဓကတော၊ သတ်သဟု။ ပဿတိ၊ ရူပ၏။ ဝိဘဝတော၊ ဖြစ်ပြီးမှကင်းသဟု။ ပဿတိ၊ ရူပ၏။ သာသဝတော၊ အာသဝေါနှင့်နှီးသဟု။ ပဿတိ၊ ရူပ၏။ သင်္ခတတော၊ အကြောင်းပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင် အပ်သဟု။ ပဿတိ၊ ရူပ၏။ မာရာမိသတော၊ မာရ်မင်း၏အစာဟု။ ပဿတိ၊ ရူပ၏။ ဇာတိ

ဓမ္မတော၊ ဖြစ်တတ်သော သဘောဟု။ ပဿတိ၊ ရှု၏။ ဇရာဓမ္မတော၊ အိုတတ်သောသဘောဟု။ ပဿတိ၊ ရှု၏။ ဗျာဓိဓမ္မတော၊ နာတတ်သော သဘောဟု။ ပဿတိ၊ ရှု၏။ မရဏဓမ္မတော၊ သေတတ်သောသဘော ဟု။ ပဿတိ၊ ရှု၏။ သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသ ဓမ္မတော၊ စိုးရိမ်ချင်း၏ အကြောင်းသဘော၊ ငိုကြွေးချင်း၏အကြောင်း သဘော၊ ကိုယ်ဆင်းရဲချင်း၏ အကြောင်းသဘော၊ စိတ်ဆင်းရဲချင်း၏ အကြောင်းသဘော၊ စိတ်ပင်ပန်းချင်း၏အကြောင်းသဘောဟု။ပဿတိ၊ ရှု၏။ သမုဒယတော၊ ဖြစ်သဟု။ ပဿတိ၊ ရှု၏။ အတ္ထင်္ဂမတော၊ ချုပ်သဟု။ ပဿတိ၊ ရှု၏။ အနဿာဒတော၊ မသာယာ အပ်ဟု။ ပဿတိ၊ ရှု၏။ အာဒီနဝတော၊ အပြစ်ဟု။ ပဿတိ၊ ရှု၏။ နိဿ ရဏတော၊ ကျွတ်အပ်—လွတ်အပ်—ကျွတ်လွတ် အပ်သဟု။ ပဿတိ၊ ရှု၏။

အတ္တကို-မိမိဆို၏။မိမိဆိုတာ-ငါ့ကိုသာ ကျ၏။အတ္တနိယကို-မိမိ၏ ဥစ္စာဆို၏။ မိမိ၏ ဥစ္စာဆိုတာ-သူ့ကိုသာ ကျ၏။ ရုပ်-ဝေဒနာ-သညာ- သင်္ခါရ-ဝိညာဏ် အပေါင်းသည်ကား-သင်္ခါရ။ သင်္ခါရကို-သင်္ခါရဟု၊ ရှုသည် ရှိသော်၊ သင်္ခါရ၌၊ ငါ့ကိုလည်း-မတွေ့-မမြင်-မထင်။ သူ့ကို လည်း-မတွေ့-မမြင်-မထင်။ သင်္ခါရ-သင်္ခါရ ပင်တည်း။ သင်္ခါရ၌၊ ငါထင်တို့ အရိပ် နိမိတ်၊ သူထင်တို့ အရိပ်နိမိတ်၊ မရှိဘိတ်ပိတ်၊ ငါမှ သူမှဆိတ်သည်ပင်တည်းဟု၊ ဤသို့လည်းရှု၍၊ သဗ္ဗေသင်္ခါရာ၊ အနိစ္စာ- ဒုက္ခာ—အနတ္တာဟု၊ သုံးပါးသော လက္ခဏာသို့ တင်၍၊ သင်္ခါရကို၊ သိမ်းဆည်းဆင်ခြင်သည်ရှိသော်၊ သင်္ခါရ၌၊ အပြစ်ဟုရှုသူ၊ ငါတလူမျှ မရှိသောကြောင့်၊ သင်္ခါရ၌၊ အပြစ်ကိုလည်းမဆို။ အပြစ်ကိုလိုသော၊ စိတ်နှလုံး၊ မုံးသည်ကိုလည်းပယ်စွန့်၍၊ သင်္ခါရ၌၊ ငါ့ဥစ္စာဟု၊ သူတလူမျှ မရှိသောကြောင့်။ သင်္ခါရ၌၊ ငါ့ဥစ္စာဟု၊ ယူချင်းငှါလည်း မဖြစ်၊ ချစ်သည် ကိုလည်း ပယ်စွန့်၍။ သင်္ခါရ၌၊ မုံးသည်လည်း မဖြစ်၊ ချစ်သည်လည်းမဟူ၊ လျစ်လျူကိစ္စ၊ အညီအမျှပြုသောဉာဏ်မျိုး၊အကျိုး ကိုလည်းမလို၊ အပြစ်ကိုလည်းမရှု၊ တတြမဇ္ဈတ္တုပေက္ခာ-အာဝဇ္ဇနု ပေက္ခာ-ဝိပဿနုပေက္ခာ၊ တူရာဌာန၊ သင်္ခါရ၌၊ ငါဟူ၍မျှလည်းမယူ၊ သူဟူ၍မျှလည်းမယူ၊ တူမျှသောစိတ်နှလုံး၊ မချစ်မမုံးဟု၊ ဤသို့လည်း ရှုသော။ သင်္ခါရ၌၊ ငါဟူ၍မျှလည်းမယူ၊ သူဟူ၍မျှလည်းမယူ၊ တူမျှ

သောစိတ်နှလုံး၊ မချစ်မရှုံးဟု၊ ဤသို့လည်းသိသော။ ထိုယောဂီပုဂ္ဂိုလ်၏၊ စိတ်သည်ကား၊ ၃-ပါးသောဘဝ၊ ၄-ပါးသော ယောနိ၊ ၅-ပါးသော ဂတိ၊ ၇-ပါးသော ဝိညာဏဋ္ဌိတိ၊ ၉-ပါးသော သတ္တာဝါသတို့၌၊ ရှုလည်းရှုမဝံ့၊ ရွံ့လည်းရွံ့သည်ဖြစ်၍၊ တွန့်လည်းတွန့်၏ ကွေ့လည်း ကွေ့၏။ နောက်သို့လည်း ဆုတ်၏။ စန့်လည်းမစန့်။ မပြန့်မနှံ့လည်းတူ၊ လျစ်လျူသည်မှုလည်းဖြစ်၍တည်၏။ စက်ဆုပ်ရွံရှာသော အခြင်းအရာ သည်မှုလည်း၊ ဖြစ်၍တည်၏။ ဤသို့တည်သော၊ စိတ်နှင့်ပြည့်စုံသော၊ ထိုယောဂီပုဂ္ဂိုလ်အား၊ သင်္ခါရုပေက္ခာဉာဏ်သည်၊ ဖြစ်သည်မည်၏။

ဧဝံ သုညတော ဒိသွာ တိလက္ခဏံ အာရောပေတွာ သင်္ခါရေ ပရိဂ္ဂဏှန္တော ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သင်္ခါရေသု ဥဒါသိနော ဟောတိ မဇ္ဈတ္တော။ အဟန္တိ ဝါ မမန္တိ ဝါ န ဂဏှာတိ။ ပ။ တဿ ဧဝံ ပဿတော ဧဝံ ဇာနတော တီသု ဘဝေသု-စတူသု ယောနီသု-ပဉ္စသု ဂတီသု-သတ္တသု ဝိညာဏဋ္ဌိတီသု-နဝသု သတ္တာဝါသေသု စိတ္တံ ပတိလီယတိ ပတိကုဋတိ ပတိဝတ္တတိ နသမ္ပသာရီယတိ ဥပေက္ခာ ဝါ ပါဋိကူလျတာ ဝါ သဏ္ဌာတိ။ ပ။ ဣစ္စဿ သင်္ခါရုပေက္ခာဉာဏံ နာမ ဥပ္ပန္နံ ဟောတိ။

ဧဝံ၊ ဤသို့။ သုညတော၊ ဆိတ်သဟု။ ဒိသွာ၊ ရှု၍။ တိလက္ခဏံ၊ သုံးပါးသော လက္ခဏာသို့။ အာရောပေတွာ၊ တင်၍။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ပရိဂ္ဂဏှန္တော၊ သိမ်းဆည်း ဆင်ခြင်သည်ရှိသော်။ ဘယဉ္စ၊ ကြောက်ချင်းမုံးချင်းကိုလည်း။ ဝိပ္ပဟာယ၊ ပယ်စွန့်၍။ နန္ဒိဉ္စ၊ ချစ်နှစ်သက်ချင်းကိုလည်း။ ဝိပ္ပဟာယ၊ ပယ်စွန့်၍။ သင်္ခါရေသု၊ သင်္ခါရတို့၌။ ဥဒါသိနော မဇ္ဈတ္တော၊ အညီအမျှသည်။ ဟောတိ၊ ဖြစ်၏။ အဟံ၊ ငါ။ ဣတိဝါ၊ ဤသို့လည်း။ န ဂဏှာတိ၊ မယူ။ မမ၊ ငါ့ဥစ္စာ။ ဣတိဝါ၊ ဤသို့လည်း။ န ဂဏှာတိ၊ မယူ။ ဧဝံ၊ ဤသို့။ ပဿတော၊ ရှုသော။ ဧဝံ၊ ဤသို့။ ဇာနတော၊ သိသော။ တဿယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်ကား။ တီသုဘဝေသု၊ သုံးပါးသော ဘဝတို့၌။ စတူသုယောနီသု၊ လေးပါးသော ယောနိတို့၌။ ပဉ္စသုဂတီသု၊ ငါးပါးသော ဂတိတို့၌။ သတ္တသု ဝိညာဏဋ္ဌိတီသု၊ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့၌။ နဝသုသတ္တာဝါ

သေသု၊ ကိုးပါးသောသတ္တာဝါသတို့၌။ပဋိလီယတိ၊ တွန့်၏။ ပဋိကုဋတိ၊ ကွေ့၏။ ပဋိဝဋ္ဋတိ၊ နောက်သို့ဆုတ်၏။ နသမ္ပသာရိယတိ၊ မစန့်။ ဥပေက္ခာဝါ၊ ဥပေက္ခာသည့်မူလည်း။ ဟုတွာ၊ ဖြစ်၍။ သဏ္ဌာတိ၊ တည်၏။ ပါဋိကူလျတာဝါ၊ စက်ဆုပ်ရွံရှာသော အခြင်းအရာသည့်မူ လည်း။ ဟုတွာ၊ ဖြစ်၍။ သဏ္ဌာတိ၊ တည်၏။ ဣတိ၊ဤသို့။ အသဿဏမသဿ ယောဂိနော၊ ဤယောဂီပုဂ္ဂိုလ်အား။ သင်္ခါရုပေက္ခာဉာဏံ၊ သင်္ခါရု ပေက္ခာဉာဏ်သည်။ဥပ္ပန္နံနာမ၊ဖြစ်သည် မည်သည်။ဟောတိ၊ဖြစ်၏။

ကိလေသာသည်ကား။ ပယ်အပ်သော ကိလေသာ၊ မပယ်အပ် သောကိလေသာအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ မပယ်အပ်သော ကိလေသာသည်ကား၊ အတိတ် ကိလေသာ-အနာဂတ် ကိလေသာ- ပစ္စုပ္ပန် ကိလေသာအားဖြင့် ၃-ပါး။ ထို ၃-ပါးတို့တွင်၊ ဖြစ်ပြီးသော ကိလေသာသည်၊ အတိတ်ကိလေသာမည်၏။ ဖြစ်လတံ့သော ကိလေ သာသည်၊ အနာဂတ်ကိလေသာမည်၏။ ဖြစ်ဆဲသော ကိလေသာသည်၊ ပစ္စုပ္ပန်ကိလေသာမည်၏။ ထို ၃-ပါးတို့တွင်၊ အတိတ် ကိလေသာကို၊ ဖြစ်ပြီးသောကြောင့်၊ မပယ်အပ်။ အနာဂတ်ကိလေသာကို၊ ဖြစ်လတံ့ သောကြောင့်၊ မပယ်အပ်။ ပစ္စုပ္ပန်ကိလေသာကို၊ ဖြစ်ဆဲသောကြောင့်၊ မပယ်အပ်။ပယ်အပ်သော ကိလေသာသည်ကား၊ ဥပါဒ်-ဌီ-ဘင်၊ရှိသည် လည်းမဟုတ်၊ ဖြစ်သည်လည်းမဟုတ်၊ တည်သည်လည်း မဟုတ်၊ ပျက်သည်လည်းမဟုတ်၊ ဖြစ်ပြီးလည်းမဟုတ်၊ ဖြစ်လတံ့လည်းမဟုတ် ဖြစ်ဆဲလည်းမဟုတ်၊ ကာလဝိမုတ်၊အသစ်အသစ်ဖြစ်ချင်း၄ါထိုက်သော ဥပ္ပန္နာရဟကိလေသာတည်း။ဤဥပ္ပန္နာရဟကိလေသာကို၊ ပယ်အပ် သော ကိလေသာဟုဆို။ ထိုပယ်အပ်သော ကိလေသာသည်လည်း၊ တပါးတပါးသော ကိလေသာ၌၊ ယခုအသစ်အသစ်၊ ဖြစ်ခွင့်ရှိသော ကိလေသာ။ နောင်အသစ်အသစ်၊ ဖြစ်ခွင့်ရှိသော ကိလေသာအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ ယခုအသစ်အသစ်၊ဖြစ်ခွင့်ရှိသော ကိလေသာ ကို၊ ဝိပဿနာဉာဏ်၊ တဒင်္ဂပဟာန်အားဖြင့် ပယ်၏။ ကိလေသာ အကြွင်းရှိ၏။ နောင်အသစ်အသစ်၊ ဖြစ်ခွင့်ရှိသော ကိလေသာကို၊ မဂ်ဉာဏ်၊ သမုစ္ဆေဒပဟာန်အားဖြင့် ပယ်၏။ ကိလေသာအကြွင်းမရှိ။ ဤသို့ ဝိပဿနာဉာဏ်၊ တဒင်္ဂပဟာန်အားဖြင့်ပယ်၍၊ ကိလေသာ

အကြွင်းရှိပုံကို။ မဂ်ဉာဏ်၊ သမုစ္ဆေဒပဟာန်အားဖြင့်ပယ်၍၊ ကိလေသာ အကြွင်းမရှိပုံကို။ ဝိပဿနာဉာဏ်နှင့်ပြည့်စုံသော၊ ယောဂီပုဂ္ဂိုလ်ဟူသမျှ၊ သိကြကုန်၏ဟု၊ သတိပဋ္ဌာန်၌ဆို၏။

ဆိုပုံကား။

> စက္ခုံ ပဇာနာတိ၊ ရူပေ စ ပဇာနာတိ။ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

စက္ခုဉ္စ၊ မျက်စိ ကိုလည်း။ ပဇာနာတိ၊ သိ၏။ ရူပေစ၊ အဆင်းတို့ကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ၊ ထိုစက္ခု-ရူပါရုံ ၂-ပါးစုံကို။ ပဋိစ္စ၊ စွဲ၍။ ယဉ္စသံယောဇနံ၊ အကြင် သံယောဇဉ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဉ္စသံယောဇနံ၊ ထိုသံယောဇဉ် ကိုလည်း။ ပဇာနာတိ၊ သိ၏။ ယထာစယေနကာရဏေန၊ အကြင် စက္ခု-ရူပါရုံ ၂-ပါးစုံကို၊ မသိသော အကြောင်းကြောင့်။ အနုပ္ပန္နဿ၊ မဖြစ် သေးသော။ သံယောဇနဿ၊ သယောဇဉ်၏။ ဥပ္ပါဒေါ၊ ဖြစ်ချင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စကာရဏံ၊ ထိုမသိသောအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏၊ ယထာစ ယေနကာရဏေန၊ အကြင်စက္ခု-ရူပါရုံ ၂-ပါးစုံကို၊ သိသောအကြောင်းကြောင့်။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ သံယောဇနဿ၊ သံယောဇဉ်၏။ ပဟာနံ၊ ပယ်ချင်းသည်။ ဟောတိ၊ဖြစ်၏။တဉ္စကာရဏံ၊ ထိုသိသော အကြောင်းကိုလည်း။ပဇာနာတိ၊ သိ၏။ ယထာစယေနကာရဏေန၊ အကြင် တဒင်္ဂပဟာန် အကြောင်းကြောင့်။ ပဟီနဿ၊ ယခု အသစ် အသစ်၊ ဖြစ်ခွင့်ရှိသော ကိလေသာကို ပယ်အပ် ပြီးသော။ သံယောဇနဿ သံယောဇဉ်၏။ အာယတိံ၊ နောင် အသစ် အသစ်၊ ဖြစ်ခွင့်ရှိသော ကိလေသာသည်။ အဂ္ဂ မဂ္ဂေန ဥပရိမဂ္ဂေန၊ အထက် မဂ်ဖြင့်။ အနုပ္ပါဒေါ၊ မဖြစ်ချင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စကာရဏံ၊ ထိုတဒင်္ဂပဟာန်အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

(မြင်သောခဏ၊ စက္ခု-ရူပါရုံ ၂-ပါးစုံကို၊ သိပုံ။ မြင်သောခဏ၊ စက္ခု-ရူပါရုံ ၂-ပါးစုံကို၊ မသိပုံ။ မြင်သောခဏ၊ မသိသောအကြောင်းကို၊ သိပုံ။ မြင်သောခဏ၊ သိသော အကြောင်းကို၊ သိပုံ။ မြင်သောခဏ၊ ဝိပဿနာဉာဏ်၊ တဒင်္ဂပဟာန် အားဖြင့် ပယ်၍၊ ကိလေသာ အကြွင်းရှိပုံ။ မြင်သော ခဏ၊ မဂ်ဉာဏ် သမုစ္ဆေဒ ပဟာန်အားဖြင့် ပယ်၍၊ ကိလေသာအကြွင်းမရှိပုံ။ တဒင်္ဂပဟာန်အကြောင်းကိုသိပုံ။ အလုံးစုံကို ကုန်စင်အောင် အနက် ပေးသည်။ နိဿျများ၌၊ ကုန်စင်အောင် အနက် မပေး။)

ဤသို့ တပါးတပါးသော ကိလေသာ၌၊ ယခုအသစ်အသစ်ဖြစ်ခွင့် ရှိသောကိလေသာကို၊ ဝိပဿနာဉာဏ်၊ တဒင်္ဂပဟာန်အားဖြင့်ပယ်၏။ ကိလေသာ အကြွင်း ရှိ၏။ ကိလေသာ အကြွင်းရှိသောကြောင့်၊ ယခု လက်ရှိ၊ မိမိ အတ္တဘော၌၊ မဆိုက် မရောက်သော၊ ဒူရေ နိဗ္ဗာန်ကို၊ မျက်မှောက်မပြုသောအလိုအားဖြင့်၊ မတွေ့မမြင်။ နောင်အသစ်အသစ်၊ ဖြစ်ခွင့်ရှိသော ကိလေသာကို၊ မဂ်ဉာဏ်၊ သမုစ္ဆေဒ ပဟာန်အားဖြင့် ပယ်၏။ ကိလေသာအကြွင်းမရှိ။ ကိလေသာအကြွင်းမရှိသောကြောင့်၊ ယခုလက်ရှိ၊ မိမိအတ္တဘော၌၊ ဆိုက်ရောက်သော၊ သန္တိကေနိဗ္ဗာန်ကို၊ မျက်မှောက်ပြုသော အလိုအားဖြင့်၊ တွေ့မြင်၏။

တွေ့မြင်ပုံကား။ သင်္ခါရ၌၊ ငါဟူ၍မျှလည်းမယူ။ သူဟူ၍မျှလည်း မယူ။တူမျှသောစိတ်နှလုံး၊ မချစ်မမုန်းသော ယောဂီ ပုဂ္ဂိုလ်၏၊ထိုသင်္ခါရုပေက္ခာဉာဏ်သည်ကား၊ ဇေကတ္တနည်း အလိုအားဖြင့်၊ ပရိကံသို့ ဆိုက်၏။ပရိကံသည်ကား၊ ဥပစာသို့ဆိုက်၏။ ဥပစာသည်ကား၊အနုလုံသို့ ဆိုက်၏။အနုလုံ သည်ကား၊ ဂေါတြဘူသို့ ဆိုက်၏။ ဂေါတြဘူသည်ကား၊မဂ်သို့ဆိုက်၏။ ဤသို့ မဂ်သို့ဆိုက်သော၊ ထိုသင်္ခါရုပေက္ခာဉာဏ်သည်ကား၊ ဆိုက်သော မဂ်ဖြင့်၊ ယခု လက်ရှိ၊ မိမိ အတ္တဘော၌၊ ဆိုက်ရောက်သော-သန္တိကေ နိဗ္ဗာန်ကို၊ မျက်မှောက်ပြုသော အလိုအားဖြင့်၊ တွေ့မြင်သည်မည်၏။ ဤသို့ တွေ့မြင်သည်ရှိသော်၊ ဘဝအသချေ်ကမလာပ်၊ ယခုထက်တိုင်၊ အစဉ်မပြတ်စပ်သော၊ အလုံးစုံသော သင်္ခါရ-ပဝတ္တကို၊ စွန့်လွှတ်၍၊ နိဗ္ဗာန်သို့ သာလျှင်၊ ပြေးဝင်သည် မည်၏။

မတွေ့မမြင်ပုံကား။ သင်္ခါရ၌၊ ငါဟူ၍မျှလည်း မယူ၊ သူဟူ၍မျှ လည်းမယူ၊ တူမျှသောစိတ်နှလုံး၊ မချစ်မမုန်းသော ယောဂီ ပုဂ္ဂိုလ်၏၊

ထိုသင်္ခါရုပေက္ခာ ဉာဏ်သည်ကား၊ ကြောက်ခြင်းနှင့် အလိုအားဖြင့်၊ ပရိကံသို့ မဆိုက်။ ပရိကံသည်လည်း၊ ဥပစာသို့ မဆိုက်။ ဥပစာ သည်လည်း၊ အနုလုံသို့ မဆိုက်။ အနုလုံသည်လည်း၊ ဂေါတြဘူသို့မဆိုက်။ ဂေါတြဘူ သည်လည်း၊ မဂ်သို့ မဆိုက်။ ဤသို့ မဂ်သို့ မဆိုက်သော၊ ထိုသင်္ခါ ရုပေက္ခာဉာဏ် သည်ကား၊ မဆိုက်သော မဂ်ဖြင့်၊ ယခု လက်ရှိ၊ မိမိ အတ္တဘောဝ်၌၊ မဆိုက်မရောက်သော-ဒုရေနိဗ္ဗာန်ကို၊ မျက်မှောက် မပြု သော အလိုအားဖြင့်၊ မတွေ့မမြင်သည် မည်၏။ ဤသို့မတွေ့မမြင်သည် ရှိသော်၊ အဖန်တလဲလဲ၊ ဘဝအသန္တိကမလပ်၊ ယခုထက်တိုင် အစဉ် မပြတ် စပ်သော၊ သင်္ခါရ အာရုံရှိသည်ဖြစ်၍ သာလျှင်နေ၏။ ဤသို့နေ သော၊ ထိုသင်္ခါရုပေက္ခာ ဉာဏ်သည်ကား၊ နံ့းစကော၌၊ မုန့်ညက်ကို ဆင့်သကဲ့သို့၊ တဖွါးဖွါး။ ဖါတ်အပ်သောဝါဂွမ်းစိုင်ကို၊ ဖါတ်သကဲ့သို့၊ တဖွါးဖွါး။ အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့်၊ သင်္ခါရကို သိမ်းဆည်း ဆင်ခြင်၍၊ ကြောက်ချင်း မုံးချင်းကိုလည်း၊ ပယ်စွန့်၍။ ချစ် နှစ်သက်ချင်းကိုလည်း၊ ပယ်စွန့်၍။ သင်္ခါရကိုရှေးချယ် စိစစ်ရာ၌၊ အညီအမျှဖြစ်၍ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ ဤသုံးပါးသော အနုပဿနာအလိုအားဖြင့်တည်၏။ တည်ပုံကား။ ရံခါ၊ အနိစ္စဟု နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား၊ သင်္ခါရတရား၊ ကုန်သော အားဖြင့်ထင်ရှား၏။ ရံခါ၊ ဒုက္ခဟုနှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား၊ သင်္ခါရတရား၊ ဘေးအားဖြင့်ထင်ရှား၏။ ရံခါ၊ အနတ္တဟုနှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား၊ သင်္ခါရတရား၊ ဆိတ်သောအားဖြင့်ထင်ရှား၏။

တံ ပနေတံ သစေ သန္တိပဒံ နိဗ္ဗာနံ သန္တတော ပဿတိ၊ သဗ္ဗံ သင်္ခါရ ပဝတ္တံ ဝိဿဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ။ နောစေ နိဗ္ဗာနံ သန္တတော ပဿတိ၊ ပုနပ္ပုနံ သင်္ခါရာရမ္မဏ မေဝ ဟုတွာ ပဝတ္တတိ။ ပ။ တယိဒံ သုပ္ပဏ္ဏေ ဝိဋ္ဌံ ဝဠမာနံ ဝိယ နိပ္ပဋိတကပ္ပါသံ ဝိဟဋမာနံ ဝိယ နာနပ္ပကာရတော သင်္ခါရေ ပရိဂ္ဂဟေတွာ၊ ဘယဉ္စ နန္ဒိဉ္စ ပဟာယ သင်္ခါရဝိစိနနေ မဇ္ဈတ္တံ ဟုတွာ တိဝိဓာနုပဿနာ ဝသေန တိဋ္ဌတိ။ ပ။ အနိစ္စတော မနသိကရောတော ခယတော သင်္ခါရာ ဥပဋ္ဌဟန္တိ။ ဒုက္ခတော မနသိကရောတော ဘယတော သင်္ခါရာ ဥပဋ္ဌဟန္တိ။ အနတ္တ တော မနသိကရောတော သုညတော သင်္ခါရာ ဥပဋ္ဌဟန္တိ။

တံပနေတံ-တံပန ဧတံသင်္ခါရုပေက္ခာဉာဏံ၊ထိုသင်္ခါရုပေက္ခာဉာဏ်သည်ကား။ သန္တိပဒံ၊ ငြိမ်းအေးသောသဘော၊ မိမိအတွက်သဘော၌၊ မဂ်ဖြင့်ဆိုက်ရောက်သော။နိဗ္ဗာနံ၊သန္တိကောနိဗ္ဗာန်ကို။ သန္တတော၊ငြိမ်းအေးသဟု။ သစေပဿတိ၊အကယ်၍တွေ့မြင်သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့တွေ့မြင်သည်ရှိသော်။ သဗ္ဗံ၊ အလုံးစုံသော။ သင်္ခါရပဝတ္တံ၊ သင်္ခါရ-ပဝတ္တကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်၍။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်သို့သာလျှင်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ နိဗ္ဗာနံ၊ ဒုရေနိဗ္ဗာန်ကို။ သန္တတော၊ ငြိမ်းအေးသဟု။ နောစေပဿတိ၊ အကယ်၍မတွေ့မမြင်သည်ဖြစ်အံ့။ ဧဝံသတိ၊ဤသို့မတွေ့မမြင်သည်ရှိသော်။ပုနပ္ပုနံ၊အဖန်တလဲလဲ။သင်္ခါရာရမ္မဏမေဝ၊သင်္ခါရအာရုံရှိသည်သာလျှင်။ ဟုတွာ၊ဖြစ်၍။ပဝတ္တတိ၊ ဖြစ်၏။ပ။ တယိဒံတံဇာဒိသင်္ခါရုပေက္ခာဉာဏံ၊ထိုသင်္ခါရုပေက္ခာဉာဏ်သည်ကား။သုပ္ပဂ္ဂေ၊မနက်စောစော၌။ ပိဋ္ဌံ၊ မုန့်ညက်ကို။ ဝဋ္ဋယမာနံဝိယ၊ ဆင့်သကဲ့သို့။ နိပ္ပန္နတကပ္ပါသံ၊ ဖါဘ်အပ်သောဝါဂွမ်းစိုင်ကို။ ဝိဟာဋ္ဋမာနံဝိယ၊ ဖါတ်သကဲ့သို့။နာနပ္ပကာရတော၊ အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းဆင်ခြင်၍။ဘယဉ္စ၊ ကြောက်ချင်း မုံးချင်းကိုလည်း။ပဟာယ၊ ပယ်စွန့်၍။ နန္ဒိဉ္စ၊ ချစ်နှစ်သက်ချင်းကိုလည်း။ပဟာယ၊ ပယ်စွန့်၍။သင်္ခါရဝိစိနနေ၊ သင်္ခါရကိုရွေးချယ်စိစစ်ရာ၌။ မဇ္ဈတ္တံ၊အညီအမျှသည်။ ဟုတွာ၊ဖြစ်၍။တိဝိဓာနုပဿနာဝသေန၊ သုံးပါးသောအနုပဿနာအလိုအားဖြင့်။ တိဋ္ဌတိ၊ တည်၏။ အနိမိတ္တတော၊ အနိမိတ္တဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ သင်္ခါရာ၊သင်္ခါရတို့သည်။ခယတော၊ ကုန်သဟု။ဉပဒဟန္တိ၊ ထင်ကုန်၏။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဘယတော၊ ဘေးဟု။ ဉပဒဟန္တိ၊ ထင်ကုန်၏။ အနတ္တတော၊ အနတ္တဟု။ မနသိကရောတော၊နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။သင်္ခါရာ၊သင်္ခါရတို့သည်။သုညတော၊ ဆိတ်သဟု။ ဉပဒဟန္တိ၊ ထင်ကုန်၏။

ဧဝံ အဓိဂတသင်္ခါရုပေက္ခဿ ပန ဣမဿ ကုလပုတ္တဿ ဝိပဿနာ သိခါပတ္တာ ဝုဋ္ဌာနဂါမိနီ ဟောတိ။ဝုဋ္ဌာနံ ဂစ္ဆတီတိ ဝုဋ္ဌာနဂါမိနီ။

၉၀၀၊ ဤသို့။ အဓိဂတသင်္ခါရုပေက္ခဿပန၊ ရအပ်ပြီးသော သင်္ခါရုပေက္ခာဉာဏ် ရှိသော။ ဈာမဿကုလပုတ္တဿ၊ ဤအမျိုးကောင်းသား၊ ဤအမျိုးကောင်း သမီး၏။ ဝိပဿနာ၊ ဝိပဿနာသည်။ သိခါပတ္တာ၊ အထွတ်အထိပ်သို့ရောက်သည်။ဟုဟွာ၊ဖြစ်၍။ ဝုဋ္ဌာနဂါမိနီ၊ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်သည်။ ဟောတိ၊ ဖြစ်၏။ ဝုဋ္ဌာနံ၊ မဂ်သို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာမည်၏။

သင်္ခါရုပေက္ခာဉာဏ်သည်ကား၊ ဒုက္ခာပဋိပဒါဒန္ဓာဘိညာ၊ဒုက္ခာပဋိပဒါခိပ္ပါဘိညာ၊ သုခါပဋိပဒါဒန္ဓာဘိညာ၊ သုခါပဋိပဒါခိပ္ပါဘိညာအားဖြင့် ၄–ပါး။ ထို ၄-ပါးတို့တွင်၊ အစမှ၊ မဂ်ကိုရချင်း၌၊ ကိလေသာကို ပယ်ခွါသည်ရှိသော်၊ ဆင်းရဲသဖြင့်၊ ကိလေသာကို ပယ်ခွါချင်း၌၊ စွမ်းနိုင်သည်ဖြစ်၍၊အကျင့်၏ဆင်းရဲချင်းကြောင့်၊ဒုက္ခာပဋိပဒါ။ကိလေသာကို ပယ်ခွါ၍၊ ဝိပဿနာပရိဝါသ်ကို၊ မဂ်ထင်ရှားဖြစ်ပေါ်လာအောင်၊ နှေးစွာပြုသည်ဖြစ်၍၊ အသိ၏ နှေးချင်းကြောင့်-ဒန္ဓာဘိညာ။ ဤအင်္ဂါ ၂–ပါးနှင့်ပြည့်စုံသော၊ သင်္ခါရုပေက္ခာဉာဏ်သည်ကား။ ဒုက္ခာပဋိပဒါဒန္ဓာဘိညာ မည်၏။ ။အစမှ၊ မဂ်ကိုရချင်း၌၊ ကိလေသာကို ပယ်ခွါသည်ရှိသော်၊ဆင်းရဲသဖြင့်၊ကိလေသာကိုပယ်ခွါချင်း၌စွမ်းနိုင်သည်ဖြစ်၍၊ အကျင့်၏ဆင်းရဲချင်းကြောင့်-ဒုက္ခာပဋိပဒါ။ကိလေသာကို ပယ်ခွါ၍၊ဝိပဿနာပရိဝါသ်ကို၊မဂ်ထင်ရှားဖြစ်ပေါ်လာအောင်၊လျင်စွာပြုသည်ဖြစ်၍၊ အသိ၏လျင်ချင်းကြောင့်-ခိပ္ပါဘိညာ။ ဤ အင်္ဂါ ၂-ပါး နှင့်ပြည့်စုံသော၊ သင်္ခါရုပေက္ခာဉာဏ်သည်ကား၊ ဒုက္ခာပဋိပဒါခိပ္ပါဘိညာ မည်၏။ ။အစမှ၊ မဂ်ကိုရချင်း၌၊ ကိလေသာကိုပယ်ခွါသည်ရှိသော်၊ ချမ်းသာသဖြင့်၊ ကိလေသာကို ပယ်ခွါချင်း၌၊ စွမ်းနိုင်သည် ဖြစ်၍၊ အကျင့်၏ ချမ်းသာချင်းကြောင့်-သုခါပဋိပဒါ။ ကိလေသာကိုပယ်ခွါ၍၊ ဝိပဿနာပရိဝါသ်ကို၊ မဂ်ထင်ရှားဖြစ်ပေါ်လာအောင်၊ နှေးစွာပြုသည် ဖြစ်၍၊ အသိ၏ နှေးချင်းကြောင့်–ဒန္ဓာဘိညာ။ ဤအင်္ဂါ ၂-ပါးနှင့်ပြည့်စုံသော၊ သင်္ခါရုပေက္ခာဉာဏ်သည်ကား၊ သုခါပဋိပဒါဒန္ဓာဘိညာ မည်၏။ ။အစမှ၊ မဂ်ကိုရချင်း၌၊ ကိလေသာကို ပယ်ခွါသည် ရှိသော်၊ ချမ်းသာသဖြင့်၊ကိလေသာကိုပယ်ခွါချင်း၌၊စွမ်းနိုင်သည်ဖြစ်၍အကျင့်၏ချမ်းသာချင်းကြောင့်-သုခါပဋိပဒါ။ကိလေသာကိုပယ်ခွါ၍၊ဝိပဿနာပရိဝါသ်ကို၊ မဂ်ထင်ရှားဖြစ်ပေါ်လာအောင်၊ လျင်စွာပြုသည်ဖြစ်၍၊

ဧဝမ္ပိ စိတ္တံ နဝိက္ခေပံ ဂစ္ဆတိ။ ဆမေဟိ ဆဟိ ဌာနေဟိ ပရိသုဒ္ဓံ
စိတ္တံ ပရိယောဒါတံ ဧကတ္တဂတံ ဟောတိ။

အတီတာနုဓာဝနံ၊ အတိတ်သို့ ပြေးသွားသော။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပါနုပတိတံ၊ ပျံ့လွင့်ရာကျ၏။ တံ၊ ထိုအတိတ်ကို။ ဝိဝဇ္ဇယိတွာ၊ ကြဉ်ချင်းကြောင့်။ ဧကဋ္ဌာနေ၊ ပစ္စုပ္ပန်ကာလ၊ မချစ်မမုံးဟုရှု-တခုသော ဌာန၌။ သမာဒဟတိ၊ တည်၏။ ဧဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အနာဂတပဋိကင်္ခနံ၊ အနာဂတ်ကိုအလိုရှိသော။ စိတ္တံ၊ စိတ်သည်။ ဝိကမ္ပိတံ၊ တုန်လှုပ်၏။ တံ၊ ထိုအနာဂတ်ကို။ ဝိဝဇ္ဇယိတွာ၊ ကြဉ်ချင်းကြောင့်။ တတ္ထေဝ၊ ထိုပစ္စုပ္ပန်ကာလ၊ မချစ်မမုံးဟုရှု၊ တခုသောဌာန၌။ အဓိမောစေတိ၊ နှလုံးသွင်း၏။ ဧဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ လီနံ၊ တွန့်သော။ စိတ္တံ၊ စိတ်သည်။ ကောသဇ္ဇာနုပတိတံ၊ ပျင်းရာကျ၏။ တံ၊ ထိုတွန့်သည်ကို။ ပဂ္ဂဏှိတွာ၊ အားပေးချီးမြှောက်၊ ထောက်ပင့် ချင်းကြောင့်။ ကောသဇ္ဇံ၊ ကောသဇ္ဇကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဧဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့် ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အတိပဂ္ဂဟိတံ၊ အားတက် လွန်းသော။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓစ္စာနုပတိတံ၊ ပျံ့လွင့်ရာကျ၏။ တံ၊ ထိုအားတက် လွန်းသည်ကို။ဝိနိဂ္ဂဏှိတွာ၊ နှိပ်ချင်းကြောင့်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဧဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့် ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အဘိနတံ၊ ညွတ်လွန်းသော။ စိတ္တံ၊ စိတ်သည်။ ရာဂါနုပတိတံ၊ ရာဂ ဖြစ်ရာ ကျ၏။ တံ၊ ထိုညွတ်လွန်း သည်ကို။ သမ္ပဇာနော၊ ဆင်ခြင်သည်။ ဟုတွာ၊ဖြစ်ချင်းကြောင့်။ ရာဂံ၊ ရာဂကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဧဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ပျံ့လွင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ အပနတံ၊ မညွတ် လွန်း သော။စိတ္တံ၊ စိတ်သည်။ ဗျာပါဒါနုပတိတံ၊ ဒေါသဖြစ်ရာကျ၏။ တံ၊ ထို မညွတ်လွန်းသည်ကို။ သမ္ပဇာနော၊ ဆင်ခြင်သည်။ ဟုတွာ၊ ဖြစ်ချင်း ကြောင့်။ဗျာပါဒံ၊ ဒေါသကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဧဝမ္ပိ၊ ဤသို့လည်း။ စိတ္တံ၊စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ချင်းသို့။ နဂစ္ဆတိ၊ မရောက်။ ဆမေဟိ ဆဟိဌာနေဟိ၊ ဤ ၆-ပါးသောဌာနတို့ဖြင့်။ ပရိသုဒ္ဓံ၊ စင်ကြယ်သော။

စိတ္တံ၊ စိတ်သည်။ ပရိယောဒါတံ၊ ဖြူးဖြူးဖြက်၊ တလက်လက် ဖြူစင်သည်ဖြစ်၍။ ဧကတ္တဂတံ၊ ကိလေသာ အဖေါ်ကင်း၊ တကိုယ်တည်းချင်းသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ကတမံ တံ ဧကတ္တံ။ ဝယလက္ခဏုပဋ္ဌာနေကတ္တံ။ ဝယလက္ခဏုပဋ္ဌာနေကတ္တဉ္စ ဝိပဿကာနံ။

တံဧကတ္တံ၊ ထို ဧကတ္တ သည်ကား။ ကတမံ၊ အဘယ်နည်း။ ဝယလက္ခဏုပဋ္ဌာနံ၊ အပျက် လက္ခဏာ ထင်ချင်းသည်ကား။ ဧကတ္တံ၊ ဧကတ္တတည်း။ ဝယလက္ခဏုပဋ္ဌာနံ၊ အပျက်လက္ခဏာ ထင်ချင်းသည်ကား။ ကတမေသာနံ၊ အဘယ် ပုဂ္ဂိုလ်တို့၏။ ဧကတ္တံ၊ ဧကတ္တနည်း။ ဝယလက္ခဏုပဋ္ဌာနံ၊ အပျက်လက္ခဏာ ထင်ချင်းသည်ကား။ ဝိပဿကာနံ၊ ဝိပဿနာကိုအားထုတ်ကုန်သော ယောဂီပုဂ္ဂိုလ်တို့၏။ ဧကတ္တံ၊ ဧကတ္တတည်း။

ဝယ လက္ခဏု ပဋ္ဌာနေကတ္တ၊ တခုသော ဤဌာနဖြင့်၊ ကိလေသာ အဖေါ်ကင်း၊ တကိုယ်တည်းချင်းသို့ရောက်သော၊ မချစ်မမုန်းဟု-ရှုသော နောက်စိတ်သည်ကား၊ နှောက်ရှက်ပိတ်ပင်သော နီဝရဏ၊ ကိလေသာ အညစ်အကြေးမှ၊ မစင်ကြယ် သေးသေးသော်လည်း။ အခြားမဲ့ပြု၊ မချစ်မမုန်းဟု-ဆင်ခြင်သော ရှေ့စိတ်၏၊ ပရိကံလာသော အလိုအားဖြင့်၊ မချစ်မမုန်းဟုရှုသော နောက်စိတ်၏-ဥပ္ပါဒက္ခဏာ၊ အကျင့်၏ စင်ကြယ်ချင်းသို့ ပြေးဝင်သည်လည်းဖြစ်၏။ တတြမဇ္ဈတ္တု ပေက္ခာ၏ ကိစ္စအလိုအားဖြင့်၊ မချစ် မမုန်းဟုရှုသောနောက်စိတ်၏-ဌီတိက္ခဏာ၊ ဥပေက္ခာကို ပွါးသည်လည်းဖြစ်၏။ ဉာဏ်၏ ကိစ္စပြီးဆုံးသော အလိုအားဖြင့်၊ မချစ် မမုန်းဟုရှုသောနောက်စိတ်၏-ဘင်ကျဏာ၊ ဘာဝနာပြီးဆုံးသည်လည်းဖြစ်၏။

ဣမိနာ ဧကေန ဌာနေန ဧကတ္တဂတံ စိတ္တံ ပဋိပဒါဝိသုဒ္ဓိ ပက္ခန္ဒဉ္စေဝ ဟောတိ ဥပေက္ခာ နုဗြူဟိတဉ္စ။ ဉာဏေန စ သမ္ပဟံသိတံ။

ဣမိနာဧကေနဌာနေန။ ဝယလက္ခဏုပဋ္ဌာနေ ကတ္တ၊ တခုသောဤဌာနဖြင့်။ ဧကတ္တဂတံ၊ ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းသို့ရောက်သော။ စိတ္တံ၊ စိတ်သည်။ ပဋိပဒါဝိသုဒ္ဓိပက္ခန္ဒဉ္စေဝ၊ အကျင့်၏

စင်ကြယ်ချင်းသို့ ပြေးဝင် သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပေက္ခာနုဗြူဟိတဉ္စ၊ ဥပေက္ခာကိုပွါးသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဉာဏေနစ ဉာဏဿ ကိစ္စနိပ္ဖတ္တိဝသေန၊ ဉာဏ်၏ကိစ္စပြီးဆုံးသော အလိုအားဖြင့်။ သမ္ပဟံသိတဉ္စ၊ ဘာဝနာပြီးဆုံးသည်လည်း။ ဟောတိ၊ ဖြစ်၏။

> သင်္ခါရုပေက္ခာဉာဏဿ ကော အာဒိ။ ကိံ မဇ္ဈေ။ ကိံ ပရိယောသာနံ။ သင်္ခါရုပေက္ခာဉာဏဿ ပဋိပဒါဝိသုဒ္ဓိ အာဒိ။ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ။ သမ္ပဟံသနာ ပရိယောသာနံ။

သင်္ခါရုပေက္ခာဉာဏဿ၊ သင်္ခါရုပေက္ခာဉာဏ်၏။ ကော၊ အဘယ်သည်ကား။ အာဒိ၊ အစနည်း။ ကိံ၊ အဘယ် သည်ကား။ မဇ္ဈေ၊ အလယ်နည်း။ ကိံ၊ အဘယ်သည်ကား။ ပရိယောသာနံ၊ အဆုံးနည်း။ သင်္ခါရုပေက္ခာ ဉာဏဿ၊ သင်္ခါရုပေက္ခာ ဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊ အကျင့်၏စင်ကြယ်ချင်းသည်ကား။ အာဒိ၊ အစတည်း။ ဥပေက္ခာ နုဗြူဟနာ၊ ဥပေက္ခာကို ပွါးချင်းသည်ကား။ မဇ္ဈေ၊ အလယ်တည်း။ သမ္ပဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။

> သင်္ခါရုပေက္ခာဉာဏဿ ပဋိပဒါဝိသုဒ္ဓိ အာဒိ။ အာဒိဿ ကတိလက္ခဏာနိ။ အာဒိဿ တီဏိ လက္ခဏာနိ။

သင်္ခါရုပေက္ခာဉာဏဿ၊ သင်္ခါရုပေက္ခာဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊ အကျင့်၏စင်ကြယ်ချင်းသည်ကား။ အာဒိ၊ အစတည်း။ အာဒိဿ၊ အစ၏။ လက္ခဏာနိ၊ လက္ခဏာ တို့သည်ကား။ ကတိ၊ အဘယ်မျှ တို့နည်း။ အာဒိဿ၊ အစ၏။ လက္ခဏာနိ၊ လက္ခဏာတို့ သည်ကား။ တီဏိ၊ သုံးပါးတို့တည်း။

စိတ်ညစ်ကြေးတာက-ကိလေသာ။ အာရုံမထင်၊ မြေးရှက်ပိတ်ပင်တာက-နီဝရဏ။ နီဝရဏဟုဆိုအပ်သော၊ အကြင်ကိလေသာအပေါင်းက၊ မချစ်မရုံးဟုရှုသောနောက်စိတ်၏၊ ရှုခွင့်ပျက်ကွက်၊ အနှောင့်-အရှက် အပိတ်-အပင်။ နှောင့်ရှက်ပိတ်ပင်သောနီဝရဏ၊ ထိုကိလေသာအညစ်အကြေးမှ၊ အခြားမဲ့ပြု၊ မချစ်မရုံးဟု-ဆင်ခြင်သောရှေ့စိတ်၊ စင်ကြယ်တာကလည်း—လက္ခဏာတပါး။ ။စင်ကြယ်သည်၏ အဖြစ်ကြောင့်၊ အခြားမဲ့ပြု၊ မချစ်မရုံးဟု—ဆင်ခြင်သောရှေ့စိတ်၊ မဇ္ဈိမသမထနိမိတ်သို့ရောက်ထာကလည်း—လက္ခဏာတပါး။ ။ယုတ်သော အဘို့အစု၊

လွန်သောအတိုအရ နှစ်ခုတို့သို့ မရောက်ချင်းကြောင့်-မဇ္ဈိမ။ အနုသယ-ပရိယုဋ္ဌာန်-ဘဝတဖန်-ခန္ဓာနာမ်ရုပ်-ခြုမ်သော နိဗ္ဗာန် အထူးနှင့်တကွ၊ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏ၊ ကိလေသာ အကုသိုလ် တရားတို့၏၊ ငြိမ်းချင်းကြောင့်-သမထ။ ယောဂီပုဂ္ဂိုလ်၏၊ မဂ်-ဖိုလ်-နိဗ္ဗာန်၊ သုံးတန်သောသုခ၊ ရသောအထူးတို့၏၊ အကြောင်း ဖြစ်ချင်းကြောင့်—နိမိတ္တ။ ဤမဇ္ဈိမသမထနိမိတ်မည်သည်ကား။ ယုတ်သောအတိုအရ၊ လွန်သောအတိုအရ၊ နှစ်ခုတို့သို့၊ မရောက်စေရ၊ အညီအမျှဖြစ်သော၊ မချစ်မမုံးဟုရှုသောနောက်စိတ်၏၊ သဏ္ဍာန်တိအင်္ဂါ၊ ဝိပဿနာ သမာဓိသာတည်း။ ဤဝိပဿနာသမာဓိဖြင့်၊ တည်သည်၏အဖြစ်သို့ ရောက်ကတည်းက။ နှီချို-နှီချဉ်၊ အစဉ်သဖြင့်၊တဆင့်ထက်တဆင့်၊ ရင့်ကျက်သောနှီချဉ်ကို။ ထိုနှီချိုကိုပင်၊ နှီချဉ်ဆိုရသော၊ တစဉ်တည်းရင့်ကျက်သောနည်းဖြင့်။ ထို—မချစ်မမုံးဟု—ရှုသောနောက်စိတ်၏၊ အခြားမဲ့ပြု၊ မချစ်မမုံးဟု—ဆင်ခြင်သော ရှေ့စိတ်၊ မဇ္ဈိမသမထ နိမိတ်သို့ ရောက်သည် မည်၏။ ရောက်သည်၏အဖြစ်ကြောင့်၊ ထိုမဇ္ဈိမသမထနိမိတ်သို့၊ ပြေးဝင်သည်မည်၏။ ဤသို့ မချစ်မမုံးဟု-ရှုသောနောက်စိတ်၏၊ အခြားမဲ့ပြု၊ မချစ်မမုံးဟု-ဆင်ခြင်သောရှေ့စိတ်၊ မဇ္ဈိမသမထနိမိတ်သို့၊ပြေးဝင်တာကလည်း-လက္ခဏာတပါး။

> ယော တသ္မ ပရိဗန္ဓော၊ တတော စိတ္တံ ဝိသုဇ္ဈတိ။ ဝိသုဒ္ဓတ္တာ စိတ္တံ မဇ္ဈိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ။ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။ ယဉ္စ ပရိဗန္ဓတော စိတ္တံ ဝိသုဇ္ဈတိ။ ယဉ္စ ဝိသုဒ္ဓတ္တာ စိတ္တံ မဇ္ဈိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ။ ယဉ္စ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။

ယောနီဝရဏသင်္ခါတော ကိလေသဂဏော၊ နီဝရဏဟုဆိုအပ်သော အကြင်ကိလေသာ အပေါင်းသည်ကား။ တသ္မ၊ ထိုစိတ်၏။ ပရိဗန္ဓော၊ အနှောင့်-အရှက်-အပိတ်-အပင်တည်း။ တတော၊ ထိုနှောင့်ရှက်ပိတ်ပင်သောနီဝရဏ၊ ကိလေသာအညစ်အကြေးမှ။ စိတ္တံ၊ စိတ်သည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံသမထနိမိတ္တံ၊ မဇ္ဈိမသာမထနိမိတ်သို့။ ပဋိပဇ္ဇတိ၊ ရောက်၏။ ပဋိပန္နတ္တာ၊ ရောက်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။

တတ္ထ၊ ထိုမဇ္ဈိမသမထနိမိတ်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ပရိဗြူဟော၊ နှောင့်ရှက်-ပိတ်ပင်သောနီဝရဏ၊ ကိလေသာအညစ်အကြေးမှ။ စိတ္တံ၊ စိတ်သည်။ ယဉ္စဝိသုဇ္ဈတိ၊ အကြင် စင်ကြယ်တာကလည်း–လက္ခဏာ တပါး။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံသမထနိမိတ္တံ၊ မဇ္ဈိမသမထနိမိတ်သို့။ ယဉ္စပဋိပဇ္ဇတိ၊ အကြင် ရောက်ထာကလည်း-လက္ခဏာတပါး။ ပဋိပန္နတ္တာ၊ရောက်သည်၏အဖြစ် ကြောင့်။စိတ္တံ၊စိတ်သည်။ တတ္ထ၊ထိုမဇ္ဈိမသမထနိမိတ်သို့။ ယဉ္စပက္ခန္ဒတိ၊ အကြင်ပြေးဝင်တာကလည်း-လက္ခဏာတပါး။

သင်္ခါရုပေက္ခာဉာဏဿ ပဋိပဒါဝိသုဒ္ဓိ အာဒိ။ အာဒိဿ
ဣမာနိ တီဏိ လက္ခဏာနိ။

သင်္ခါရုပေက္ခာဉာဏဿ၊ သင်္ခါရုပေက္ခာဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊ အကျင့်၏စင်ကြယ်ချင်းသည်ကား။ အာဒိ၊ အစတည်း။ အာဒိဿ၊အစ၏။ လက္ခဏာနိ၊ လက္ခဏာ တို့သည်ကား။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့ တည်း။

တေန ဝုစ္စတိ သင်္ခါရုပေက္ခာဉာဏံ အာဒိကလျာဏဉ္စေဝ
ဟောတိ တိလက္ခဏာသမ္ပန္နဉ္စ။

တေန၊ ထို့ကြောင့်။ သင်္ခါရုပေက္ခာဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ် သည်။ အာဒိကလျာဏဉ္စေဝ၊ အစ၏ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။တိလက္ခဏာသမ္ပန္နဉ္စ၊ သုံးပါးသောလက္ခဏာနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

သင်္ခါရုပေက္ခာ ဉာဏဿ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ။
မဇ္ဈဿ ကတိ လက္ခဏာနိ။ မဇ္ဈဿ တီဏိ လက္ခဏာနိ။

သင်္ခါရုပေက္ခာဉာဏဿ၊ သင်္ခါရုပေက္ခာဉာဏ်၏။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာကိုပွါးချင်းသည်ကား။ မဇ္ဈေ၊ အလယ်တည်း။ မဇ္ဈဿ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ကတိ၊ အဘယ်မျှတို့ နည်း။ မဇ္ဈဿ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ တီဏိ၊ သုံးပါးတို့တည်း။

နှောင့်ယှက် ပိတ်ပင်သော နီဝရဏ၊ ကိလေသာ အညစ် အကြေးမှ၊ စင်ကြယ်သော စိတ်ကို၊ သုဂ်သင်ရှင်းလင်းဘွယ် မရှိသည်၏အဖြစ်ကြောင့်၊ စင်ကြယ်စေရန်၊ တဖန်သုဂ်သင်ရှင်းလင်းချင်း၌၊ကြောင့်ကြမှုမပြု၊ စင်ကြယ်သောစိတ်ကို၊ အညစ်အကြေးမရှိပြီဟု၊အညီအညွတ်ပြု၊ လျစ်လျူ ရှုတာကလည်း-လက္ခဏာတပါး။ ။ယုတ်သော အတ္တိ အစ၊ လွန်သောအတ္တိအစ၊ နှစ်ခုတို့သို့ မရောက်စေရ၊ အညီအမျှ သမထသို့ ရောက်သည်၏ အဖြစ်ကြောင့်၊ သမထသို့ ရောက်သောစိတ်ကို၊ တဖန် အညီ အမျှတပါး၊ တည်ထားချင်း၌၊ ကြောင့်ကြမှုမပြု၊ သမထသို့ ရောက်သောစိတ်ကို၊ မယုတ်မလွန်ပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူ ရှုတာကလည်း၊ လက္ခဏာတပါး၊ အနုသယ-ပရိယုဋ္ဌာန်-ဘဝတဖန်-ခန္ဓာ နာမ်ရုပ်—ဖြုဂ်ငြိမ်းသော ခဏ၊ သမထသို့၊ ရောက်သည်၏ အဖြစ်ကြောင့် သာလျှင်လည်း၊ ရှံခါမငြိမ်း၊ ကိမ်း ယှဉ်ယောနှော၊ ဆက်ဆံသော ကိလေသာကို၊ ပယ်စွန့်၍၊ ကိလေသာ အဖေါကင်း၊ တကိုယ်တည်းချင်း ထင်သောစိတ်ကို၊ တဖန်ကိလေသာ အဖေါကင်း၊ တကိုယ်တည်းချင်း၊ ထင်စေချင်း၌၊ ကြောင့်ကြမှုမပြု၊ ကိလေသာ အဖေါကင်း၊ တကိုယ်တည်းချင်း ထင်သောစိတ်ကို၊ အဖေါမရှိပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူရှုတာကလည်း-လက္ခဏာတပါး။

ဝိသုဒ္ဓံ စိတ္တံ အဇ္ဈုပေက္ခတိ၊သမထပဋိပန္နံ အဇ္ဈုပေက္ခတိ၊ ဧကတ္တုပဋ္ဌာနံ အဇ္ဈုပေက္ခတိ။ယဥ္စ ဝိသုဒ္ဓံ စိတ္တံ အဇ္ဈုပေက္ခတိ၊ ယဉ္စ သမထပဋိပန္နံ အဇ္ဈုပေက္ခတိ၊ ယဉ္စ ဧကတ္တုပဋ္ဌာနံ အဇ္ဈုပေက္ခတိ။

ဝိသုဒ္ဓံ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ သမထပဋိပန္နံ၊ သမထသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ဧကတ္တုပဋ္ဌာနံ၊ ကိလေသာ အဖေါကင်း၊ တကိုယ်တည်းချင်း ထင်သော။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ဝိသုဒ္ဓံ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စ အဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူ ရှုတာကလည်း-လက္ခဏာတပါး။ သမထပဋိပန္နံ၊ သမထသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စအဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူ ရှုတာကလည်း-လက္ခဏာ တပါး။ ဧကတ္တုပဋ္ဌာနံ၊

ကိလေသာအပေါ်ကင်း၊ တကိုယ်တည်းချင်းထင်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စ အဇ္ဈတ္တ ပေက္ခတိ၊အကြင်လျစ်လျူရှုတာကလည်း-လက္ခဏာတပါး။

> သင်္ခါရုပေက္ခာဉာဏဿ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ။
> မဇ္ဈဿ ဣမာနိ တိဏိ လက္ခဏာနိ။

သင်္ခါရုပေက္ခာ ဉာဏဿ၊ သင်္ခါရုပေက္ခာဉာဏ်၏။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာကိုပွါးချင်းသည်ကား။ မဇ္ဈေ၊ အလယ်တည်း။ မဇ္ဈဿ၊ အလယ်၏။လက္ခဏာနိ၊လက္ခဏာတို့သည်ကား။ဣမာနိတိဏိ၊ ဤသုံးပါးတို့တည်း။

> တေန ဝုစ္စတိ သင်္ခါရုပေက္ခာဉာဏံ မဇ္ဈေကလျာဏဉ္စေဝ
> ဟောတိ တိလက္ခဏသမ္ပန္နဉ္စ။

တေန၊ ထို့ကြောင့်။ သင်္ခါရုပေက္ခာဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ်သည်။ မဇ္ဈေကလျာဏဉ္စေဝ၊ အလယ်၏ ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏၊ တိလက္ခဏသမ္ပန္နဉ္စ၊ သုံးပါးသော လက္ခဏာနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်၊ အမည်ခံသော၊ သင်္ခါရုပေက္ခာ ဉာဏ်တဘက်ကမ်းရောက်သော၊ ယောဂီပုဂ္ဂိုလ်၏၊ သင်္ခါရုပေက္ခာ ဉာဏ်၊ ထင်ပုံ-မြင်ပုံ။ သိပုံ-မှတ်ပုံ။ ရှုပုံ-အညီအညွတ် ရှု၍နေပုံ။ ကိလေသာကို ပယ်ပုံ-ကိလေသာကို ပယ်သော ကိစ္စနှင့် ပြည့်စုံပုံ။ ဘာဝနာကိုပွါးပုံ-ဘာဝနာကို ပွါးသောကိစ္စနှင့် ပြည့်စုံပုံ။ ဘာဝနာ ဖြူစင်ပုံ-ဘာဝနာညစ်ကြေးပုံ။ ဘာဝနာပြီးဆုံးပုံ-ဘာဝနာ မပြီးဆုံးပုံ။ အလုံးစုံကို၊ **အသေအချာမှတ်ဘို့ရာကား။**

ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်၊ အမည်ခံသော၊ သင်္ခါရုပေက္ခာဉာဏ် နှင့်၊ပြည့်စုံသော ယောဂီပုဂ္ဂိုလ် ဟူသည်ကား၊ ယုတ်လည်း မယုတ်-လွန်လည်းမလွန်၊ အညီအမျှဝီရိယထောက်ပင့်သော အတိုင်းဖြစ်သော၊ ဝိပဿနာစိတ်ကို၊ တဖြဲမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍သာနေ၏။

ထင်ပုံ-မြင်ပုံ။ သိပုံ-မှတ်ပုံ။ ရှုပုံ-အညီအညွတ်ရှု၍နေပုံကား။

ဥပလက္ခဏာနည်းဖြင့် ပြသော သင်္ခါရဉ္စ၊ ငါဟူ၍ မှုလည်းမယူ သူဟူ၍မှုလည်းမယူ၊ တူမျှသောစိတ်နှလုံး၊ မချစ်မမုံး။ ဤသို့ မချစ်မမုံး

ဟုရှုသောဉာဏ်အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ တပြိုတည်း ဖလွှတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ ကောင်းစွာအညီအညွတ်ရှု၍သာနေ၏၊ အညီအညွတ်ရှု ၍ နေသောကာလ၊ ကိလေသာကို ပယ်သောကိစ္စ၊ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျပြီဟု၊ ဝိပဿနာဉာဏ်အား ရှေးရှုထင်အောင်၊ ရှေ့ကာလ က၊ ဆောင်၍ပြသော၊ ပါဋိဟာရိယပညာ၊ ကိလေသာကို ပယ်သော ကိစ္စမရှိသောအလို၊ ဝိပဿနာပညာနှင့်၊ အသိလက္ခဏာ တူသော အလိုအားဖြင့်၊ ဝိပဿနာ ပညာက၊ ကိလေသာကို ပယ်သောကိစ္စ၊ လွန်လည်းလွန်၏၊ ကိလေသာကိုပယ်လည်းပယ်၏။ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျလည်းကျ၏။

တထာပဂ္ဂဟိတံ စိတ္တံ သာရကံ အဇ္ဈုပေက္ခတိ ဥပေက္ခာဝ သေန။ ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

တထာပဂ္ဂဟိတံ၊ ယုတ်လည်းမယုတ်-လွန်လည်းမလွန်၊ အညီအမျှ၊ ဝီရိယ ထောက်ပင့်သော အတိုင်းဖြစ်သော။ စိတ္တံ၊ ဝိပဿနာစိတ်ကို။ ဥပေက္ခာဝသေန၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်။ သာရကံ၊ ကောင်းစွာ။ အဇ္ဈုပေက္ခတိ၊ အညီအညွတ်ရှု၏။ ပညာဝသေန၊ ပါဋိ ဟာရိယ ပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာ ပညိန္ဒြေသည်။ အဓိမတ္တံ၊ ကိလေသာကိုပယ်သောကိစ္စလွန်သည်။ ဟောတိ၊ ဖြစ်၏။

ကိလေသာကိုပယ်ပုံ-ကိလေသာကို ပယ်သော ကိစ္စနှင့် ပြည့်စုံပုံ—

ဝိပဿနာပညိန္ဒြေဘာဝနာချိန်ကျပုံကား။

ဥပလက္ခဏနည်းဖြင့်ပြသောသင်္ခါရဋ္ဌ၊ ငါဟူ၍မှုလည်းမယူ၊ သူဟူ ၍မှုလည်းမယူ၊ တူမျှသောစိတ်နှလုံး၊ မချစ်မရုံး။ ဤသို့ မချစ်မရုံးဟု- ရှုသော ဉာဏ်အစဉ်၊ အလိုလို ထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်း မလွှတ်၊ သိမှတ်ဝတ်ပြုသော၊ ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ ကောင်းစွာအညီအညွတ်ရှု၍နေသောကာလ၊ ဝိပဿနာ စိတ်-ကိလေသာမှလွတ်၏။ ဝိပဿနာစိတ်-ကိလေသာကလွတ်မှ၊ မဂ်သို့ ဆိုက်သော သင်္ခါရုပေက္ခာဉာဏ်၏၊ အာဂမနီယဌာန၊ ဝိပဿနာပရိ ဝါသ်မှလည်းထ၊ လေးပါးသော အမည်ကိုလည်းရ၊ မဂ်ထင်ရှားဖြစ်ပေါ် လာရာဌာနသို့ လည်းကျ။ ကိလေသာကို ပယ်သောကိစ္စ၊ ဝိပဿနာ

ပညိန္ဒြေ၊ ဘာဝနာချိန်ကျ၏။ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျမှ၊ ကိလေသာကိုပယ်သောကိစ္စ၊ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျပြီဟု၊ ဝိပဿနာဉာဏ်အားရှေ့ရှုထင်အောင်၊ ရှေးကာလက၊ ဆောင်၍ပြသော၊ ပါဠိဟာရိယပညာ၊ ကိလေသာကို ပယ်သော ကိစ္စမရှိသော အလို၊ ဝိပဿနာပညာနှင့်၊ အသိလက္ခဏာတူသော အလိုအားဖြင့်၊ ဝိပဿနာပညာက၊ ကိလေသာကိုပယ်သောကိစ္စလွန်လည်းလွန်၏။ ကိလေသာကိုပယ်လည်းပယ်၏။ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျလည်းကျ၏။

ဥပေက္ခာ ဝသေန နာနတ္တ ကိလေသေဟိ ဝိတ္တံ ဝိမုစ္စတိ။
ဝိမောက္ခဝသေန ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

ဥပေက္ခာဝသေန၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်။ နာနတ္တ ကိလေသေဟိ၊ အထူးထူးသော ကိလေသာတို့မှ။ ဝိတ္တံ၊ ဝိပဿနာစိတ်သည်။ ဝိမုစ္စတိ၊ လွတ်၏။ ဝိမောက္ခဝသေန၊ လွတ်သောအလိုအား ဖြင့်။ ပညာဝသေန၊ ပါဠိဟာရိယ ပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာပညိန္ဒြေသည်။ အဓိမတ္တံ၊ကိလေသာကိုပယ်သောကိစ္စ လွန်သည်။ ဟောတိ၊ ဖြစ်၏။

ဘာဝနာကိုပွါးပုံ-ဘာဝနာကို ပွါးသောကိစ္စနှင့် ပြည့်စုံပုံ-**ဘာဝနာ ပြီးဆုံးပုံကား။**

ဥပလက္ခဏနည်းဖြင့် ပြသောသင်္ခါရ၌၊ ငါဟူ၍မှုလည်းမယူ၊ သူဟူ၍မှုလည်းမယူ၊ တူမှုသောစိတ်နှလုံး၊ မချစ်မမုန်း။ ဤသို့ မချစ်မမုန်းဟု-ရှုသောဉာဏ်အစဉ်၊ အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်း မလွတ်၊ သိမှတ်ဝတ်ပြုသော၊ ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ကောင်းစွာအညီအညွတ်ရှု၍နေသောကာလ။ ဝိပဿနာ စိတ်၊ ကိလေသာမှ လွတ်သည်၏ အဖြစ်ကြောင့်၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော၊သမာဓိ-ပညာအားဖြင့် ၂-ပါး၊ဈာန်္ဂေအားဖြင့် ၅-ပါး။ထို ၇-ပါး သောတရားတို့သည်၊ကိလေသာမှလွတ်သောကိစ္စ၊တူကြကုန်၏။ကိလေ သာမှ လွတ်သောကိစ္စ၊ တူကြသော အနက်သဘောကြောင့်၊ ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်အား၊ လေးပါးသော ဘာဝနာတို့သည်၊ ပြည့်စုံချင်းသို့ ရောက်ကြကုန်၏။

ဝိမုတ္တတ္တာ တေ ဓမ္မာ ဧကရသာ ဟောန္တိ၊ ဧကရသဋ္ဌေန ဘာဝနာ။

ဝိမုတ္တတ္တာ၊ ကိလေသာမှ လွတ်သည်၏ အဖြစ်ကြောင့်။ တေဓမ္မာ၊ ထို ၇-ပါးသောတရားတို့သည်။ ဧကရသာ၊ ကိလေသာမှ လွတ်သော ကိစ္စတူကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧကရသဋ္ဌေန၊ ကိလေသာမှ လွတ်သော ကိစ္စ တူကြသောအနက်သဘောကြောင့်။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်၏။ ဉာဏဿ၊ ဉာဏ်အား။ ဘာဝနာ၊ လေးပါးသော ဘာဝနာတို့သည်။ ပါရိပူရိံ၊ ပြည့်စုံချင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

သင်္ခါရုပေက္ခာဉာဏဿ သမ္ပဟံသနာပရိယောသာနံ။ ပရိယောသာနဿ ကတိ လက္ခဏာနိ။ ပရိယောသာနဿ စတ္တာရိ လက္ခဏာနိ။

သင်္ခါရုပေက္ခာဉာဏဿ၊ သင်္ခါရုပေက္ခာဉာဏ်၏။ သမ္ပဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။ ပရိယောသာနဿ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ကတိ၊ အဘယ်မျှတို့နည်း။ ပရိယောသာနဿ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ စတ္တာရိ၊ လေးပါးတို့တည်း။ ကတမာနိစတ္တာရိ၊ အဘယ် လေးပါးတို့နည်း။

ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာ ၂-ပါးတို့တွင်၊ သမာဓိက-ပရိယုဋ္ဌာန်ကိလေသာကိုငြိမ်းသောကိစ္စ-သမထ။ ပညာက-အနုသယကိလေသာကိုပယ်သောကိစ္စ-ဝိပဿနာ။ ဤသမထ-ဤဝိပဿနာတရား ၂-ပါးတို့၏၊တပါးသည်တပါးကိုမလွန်ကြသော အနက်သဘောကလည်း-ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ ဣန္ဒြေ ၅-ပါးတို့တွင်၊ သဒ္ဓိန္ဒြေက-အဿဒ္ဓိယကိလေသာမှ လွတ်သောကိစ္စ။ ဝီရိယိန္ဒြေက-ကောသဇ္ဇကိလေသာမှလွတ်သောကိစ္စ။ သတိန္ဒြေက-ပမာဒကိလေသာမှလွတ်သောကိစ္စ။ သမာဓိန္ဒြေက-ဝိက္ခေပ ကိလေသာမှလွတ်သောကိစ္စ။ပညိန္ဒြေက-မောဟကိလေသာမှလွတ် သောကိစ္စ။ ဤသို့ ဣန္ဒြေ ၅-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူကြသောအနက်သဘောကလည်း-ဘာဝနာ ပြီးဆုံးသောလက္ခဏာ တပါး။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊သမာဓိ-ပညာအားဖြင့် ၂-ပါး။

ဣန္ဒြေအားဖြင့် ၅-ပါး။ ထို၇-ပါးသောတရားတို့၏၊ ကိုယ်စိတ်ကိုယ်၎၊ ကိလေသာမှ လွတ်သောကိစ္စ တူမျှအောင်၊ ဝိရိယ ရွက်ဆောင်သော အနက်သဘောကလည်း-ဘာဝနာ ပြီးဆုံးသောလက္ခဏာတပါး။ ။ဝိပဿနာ စိတ္တုပ္ပါဒ်၌ ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး။ ဣန္ဒြေအားဖြင့် ၅-ပါး။ ထို ၇-ပါးသောတရားတို့၏၊ ဥပါဒ်ခဏကို-ဌီခဏက။ ဌီခဏကို ဘင်ခဏက၊ အလေ့အလာတွင်သော အလိုအားဖြင့်၊ မှီဝဲသော အနက်သဘောကလည်း—ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။

တတ္ထ ဇာတာနံ ဓမ္မာနံ အနတိဝတ္တနဋ္ဌေန သမ္ပဟံသနာ။ ဣန္ဒြိယာနံ ဧကရသဋ္ဌေန သမ္ပဟံသနာ။ တဒုပဂဝိရိယဝါဟနဋ္ဌေန သမ္ပဟံသနာ။ အာသေဝနဋ္ဌေန သမ္ပဟံသနာ။

တတ္ထ၊ ထိုဝိပဿနာ စိတ္တုပ္ပါဒ်၌။ ဇာတာနံ၊ ဖြစ်ကြ ကုန်သော။ ဓမ္မာနံ၊ သမာဓိပညာတရား ၂-ပါးတို့၏။ အနတိဝတ္တနဋ္ဌေန၊ တပါးသည်တပါးကို၊ မလွန်သော အနက် သဘောကြောင့်လည်း။ သမ္ပဟံသနာ၊ ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။ ဣန္ဒြိယာနံ၊ ဣန္ဒြေ ၅-ပါးတို့၏။ ဧကရသဋ္ဌေန၊ ကိလေသာမှလွတ်သောကိစ္စ တူကြသောအနက်သဘောကြောင့်လည်း။ သမ္ပဟံသနာ၊ ဘာဝနာပြီးဆုံးသောလက္ခဏာတပါး။ တဒုပဂ ဝိရိယဝါဟနဋ္ဌေန၊ ထို ၇-ပါးသော တရား တို့၏၊ ကိုယ်စိတ်ကိုယ်၎၊ ကိလေသာမှ လွတ်သော ကိစ္စတူမျှအောင်၊ ဝိရိယ ရွက်ဆောင်သော၊ အနက် သဘောကြောင့်လည်း။ သမ္ပဟံ သနာ၊ ဘာဝနာပြီးဆုံးသော လက္ခဏာ တပါး။ အာသေဝနဋ္ဌေန၊ မှီဝဲသော အနက် သဘောကြောင့်လည်း။ သမ္ပဟံသနာ၊ ဘာဝနာ ပြီးဆုံးသော လက္ခဏာတပါး။

သင်္ခါရုပေက္ခာ ဉာဏဿ သမ္ပဟံသနာ ပရိယောသာနံ၊ ပရိယောသာနဿ ဣမာနိ စတ္တာရိ လက္ခဏာနိ။

သင်္ခါရုပေက္ခာဉာဏဿ၊ သင်္ခါရုပေက္ခာဉာဏ်၏။ သမ္ပဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။ ပရိယောသာနဿ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း။

တေန ဝုတ္တံ သင်္ခါရုပေက္ခာဉာဏံ ပရိယောသာနကလျာဏဥ္စေဝ ဟောတိ စတုလက္ခဏ သမ္ပန္နဉ္စ။

တေန၊ ထို့ကြောင့်။ သင်္ခါရုပေက္ခာ ဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ်သည်။ ပရိယောသာနကလျာဏဥ္စေဝ၊ အဆုံး၏ ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ စတုလက္ခဏ သမ္ပန္နဉ္စ၊ လေးပါးသော လက္ခဏာနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

ဘာဝနာဖြစ်ပုံ-ဘာဝနာညစ်ကြေးပုံကား။

ထို ၄-ပါးသော ဘာဝနာ တို့တွင်၊ တပါး တပါးသော ဘာဝနာသည်ကား၊ သံကိလေသ ဘာဝနာ-ဝေါဒါန ဘာဝနာအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ ဝိပဿနာ စိတ္တုပ္ပါဒ်၌ ပါသော၊ သမာဓိ-ပညာ ၂-ပါးတို့၏၊ ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ မပြုချင်းသည်ကား-သံကိလေသဘာဝနာမည်၏။ သမာဓိ-ပညာ ၂-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ ပြုချင်းသည်ကား-ဝေါဒါနဘာဝနာမည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ ဈာနင်္ဂ ၅-ပါးတို့၏၊ ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ မပြုချင်းသည်ကား-သံကိလေသ ဘာဝနာ မည်၏။ ဈာနင်္ဂ ၅-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ ပြုချင်းသည်ကား-ဝေါဒါန ဘာဝနာ မည်၏။ ။ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော၊ ဝီရိယ ၇-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ မပြုချင်းသည်ကား-သံကိလေသ ဘာဝနာ မည်၏။ ဝီရိယ ၇-ပါးတို့၏၊ ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ ပြုချင်းသည်ကား-ဝေါဒါန ဘာဝနာမည်၏။ ။ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊ အာသေဝနာ ၇-ပါးတို့၏၊ ကိလေသာမှလွတ်သော ကိစ္စ၊ တူမျှသည်၏အဖြစ်ကို၊ မပြုချင်းသည်ကား-သံကိလေသဘာဝနာ မည်၏။ အာသေဝနာ ၇-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို၊ ပြုချင်းသည်ကား-ဝေါဒါနဘာဝနာမည်၏။

သံကိလေသ ဝေါဒါနေသူတိ သမာဓိပညာနံ သမရသတာယ အကရဏံ ဘာဝနာယ သံကိလေသော၊ ကရဏံ ဝေါဒါနံ။ တထာသေသေသုပိ။

သံကိလေသ ဝေါဒါနေသုတိ၊ သံကိလေသ ဝေါဒါနေသု ဟူသည် ကား။သမာဓိပညာနှံ၊ သမာဓိပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှ လွတ်သောကိစ္စတူမျှသည်၏ အဖြစ်ကို။ အကရဏံ၊ မပြုချင်းသည်ကား။ဘာဝနာယ၊ဘာဝနာ၏။သံကိလေသော၊ ညစ်ကြေး ချင်းတည်း။သမာဓိပညာနှံ၊သမာဓိပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှလွတ်သောကိစ္စ တူမျှသည်၏အဖြစ်ကို။ ကရဏံ၊ ပြုချင်း သည်ကား။ ဘာဝနာယ၊ ဘာဝနာ၏။ဝေါဒါနံ၊ဖြူစင်ချင်းတည်း။သေသေ သုပိ၊ အကြွင်းတို့၌လည်း။ တထာ၊ ထို့အတူတည်း။

ဘာဝနာပြီးဆုံးပုံ—ဘာဝနာမပြီးဆုံးပုံကား။

ထိုသံကိလေသဘာဝနာ-ဝေါဒါနဘာဝနာ ၂-ပါးတို့တွင်၊ ညစ်ညူး ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ မရောက်သော၊ သံကိလေသ ဘာဝနာ၌၊ ထိုထိုအပြစ်ကို။ ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သော၊ ဝေါဒါန ဘာဝနာ၌၊ထိုထိုအကျိုးဂုဏ်အင်၊ အာနိသင်ကို။ ဝိပဿနာ မရှုမီ-မရှုမီ၊ ရှေးအဘို့ကာလက၊ ပါဠိပဟာရိယဉာဏ်ဖြင့်– ဥပလက္ခဏာနည်းဖြင့် ပြသောသဒ္ဒါရ၌၊ငါဟူ၍မျှလည်းမယူ၊ သူဟူ၍မျှလည်းမယူ၊တူမျှသော စိတ်နှလုံး၊ မချစ်မမုံး။ဤသို့ မချစ်မမုံးဟု-ရှုသောဉာဏ်အစဉ်၊အလိုလို ထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်းမလွတ်၊ သိမှတ်ဝတ်ပြုသော၊ ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍နေသောကာလ၊ဝိပဿနာစိတ်၊ ကိလေသာမှလွတ်၏။ ဝိပဿနာစိတ်—ကိလေသာက လွတ်မှ၊ မဂ်သို့ မဆိုက်သော သဒ္ဒါရ ပေက္ခာဉာဏ်၏၊ အနုဂမနီယဌာန၊ ဝိပဿနာပရိဝါသ်မှလည်းမထ၊ လေးပါးသော အမည်ကိုလည်းမရ၊ မဂ်ထင်ရှားဖြစ်ပေါ်လာရာဌာနသို့ လည်းမကျ။ကိလေသာကိုပယ်သောကိစ္စ၊ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာ ချိန်မကျချင်းသည်ကား၊ သံကိလေသဘာဝနာမည်၏။ ညစ်ညူးချင်း ကြောင့်၊ဘာဝနာပြီးဆုံးချင်းသို့မရောက်ဟု-ရှုကြည့်၍။ဥပလက္ခဏာနည်း ဖြင့် ပြသောသဒ္ဒါရ၌၊ ငါဟူ၍မျှလည်းမယူ၊သူဟူ၍မျှလည်းမယူ၊တူမျှ သောစိတ်နှလုံး၊မချစ်မမုံး။ ဤသို့မချစ်မမုံးဟု-ရှုသောဉာဏ်အစဉ်၊အလို လို ထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်းမလွတ်၊သိမှတ်ဝတ်ပြုသော၊ ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ

အညီအညွတ်ရှိ၍နေသောကာလ၊ဝိပဿနာစိတ်၊ ကိလေသာမှလွတ်၏။ ဝိပဿနာစိတ်-ကိလေသာကလွတ်မှ၊ မဂ်သို့ဆိုက်သော သင်္ခါရုပေက္ခာဉာဏ်၏ အာဂမနီယဋ္ဌာန၊ ဝိပဿနာပရိဝါသ်မှလည်းယာ၊ လေးပါးသောအမည်ကိုလည်းရ၊ မဂ်ထင်ရှားဖြစ်ပေါ်လာချာ ဋ္ဌာနသို့လည်းကျ။ ကိလေသာကိုပယ်သောကိစ္စ၊ဝိပဿနာ ပည်ငြွေ၊ ဘာဝနာချိန်ကျချင်းသည်ကား၊ ဝေါဒါနဘာဝနာမည်၏။ ပြုစင်ချင်းကြောင့်၊ဘာဝနာပြီးဆုံးချင်းသို့ ရောက်၏ဟု– ရှုကြည့်၍။ ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့ မရောက်သော၊ သံကိလေသဘာဝနာကိုပယ်ထား၍။ပြုစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သော၊ ဝေါဒါန ဘာဝနာကိုသာပြီးစေတတ်သော၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ ပါသော၊သမာဓိ-ပညာအားဖြင့် ၂-ပါး။ဈာန်ငြွေအားဖြင့် ၅-ပါး။ထို ၇-ပါးသော တရားတို့၏၊တပါးသည် တပါးကိုမလွန်ချင်းအစရှိသော၊ အကြောင်အခြင်းအရာအားဖြင့်၊ လေးပါးသော အခြင်းအရာ၊ အကြောင်ဘာဝနာတို့သည်ဖြစ်ကြကုန်၏။ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့ မရောက်သော၊ သံကိလေသ ဘာဝနာကို ပယ်ထား၍။ ပြုစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ ရောက်သော၊ ဝေါဒါနဘာဝနာကို သာပြီးစေတတ်သော၊ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဈာန်ငြွေအားဖြင့် ၅-ပါး၊ ထို ၇-ပါးသောတရားတို့၏၊ တပါးသည် တပါးကိုမလွန်သော၊ ထိုအခြင်းအရာအားဖြင့်၊ဘာဝနာ၏ပြီးဆုံးချင်းသို့ ရောက်သည်၏အဖြစ်ကြောင့်၊ဘာဝနာပြီးဆုံးချင်းသို့ ရောက်၏ဟူသည်လည်း၊ ထိုပါဠိဟာရိယ ဉာဏ်ဖြင့်သာလျှင်၊ ဝိပဿနာ မရှုမိ-မရှုမိ၊ ရှေးအဘို့ကာလက၊ သုဝ်သင်၍ပြီးဆုံးသည်၏အဖြစ်ကြောင့်၊ဤဘာဝနာပြီးဆုံးသောအရာ၌၊ သုဝ်သင်၍ပြီးဆုံးချင်းသည်ကား၊ ဘာဝနာ၏ပြီးဆုံးချင်းပင်တည်း။ ဤသို့ပင်မဆိုသော်လည်း ဆိုသလို၊ ထိုလေးပါးသော အခြင်းအရာ၊ ဘာဝနာတို့သည်၊ အကြောင့်ကြောင့်၊ ပြီးဆုံးကြကုန်၏။ ထို့ကြောင့်၊ ၇-ပါးသော တရားတို့၏၊ တပါးသည်တပါးကို မလွန်ချင်းအစရှိသော၊ ဘာဝနာပြီးဆုံးသော အလိုအားဖြင့်၊ ကိလေသာအညစ်အကြေးမတင်၊စင်ကြယ်ချင်းကိုပြုတတ်သော၊ဉာဏ်၏ကိစ္စပြီးဆုံးသော အလိုအားဖြင့်၊ ဘာဝနာ၏ပြီးဆုံးချင်းကို၊ သိအပ်၏ဟုဆို။

ဝေမတ္တေသု သံကိလေသဝေါဒါနေသု တံတံ အာဒီနဝံ
ဒေါသံ အာနိသံသံ ဂုဏံ ပုရေတရံ ပါဠိဟာရိယဉာဏေန

ဒိသွာ ယထာ အညမညာနတိဝတ္တနာဒယော ဟောန္တိ၊ တထာ ဘာဝနာယ သမ္ပဟံသိတတ္တာ၊ တေနေဝ ဉာဏေန ဝိသောဓိတတ္တာ ဝိသောဓနဉ္စေတ္ထ သမ္ပဟံသနံ တေအာကာရာ ယသ္မာ နိပ္ဖန္နာ။ တသ္မာ ဓမ္မာနံ အနတိဝတ္တနာဒိဘာဝသာဓနေန ပရိယောဒါပကဿ ဉာဏဿ ကိစ္စနိပ္ဖတ္တိဝသေန သမ္ပဟံသနာ ဝေဒိတဗ္ဗာ။

ဧဝံ၊ ဤသို့။ ဧတေသု သံကိလေသဝေါဒါနေသု၊ ထိုသံကိလေသဘာဝနာ-ဝေါဒါနဘာဝနာ ၂-ပါးတို့၌။ တံတံ အာဒီနဝံဒေါသံ၊ ထိုထိုအပြစ်ကို။ တံတံအာနိသံသံဂုဏံ၊ ထိုထိုအကျိုးဂုဏ်အင်၊အာနိသင်ကို။ ပုရေတရံ၊ ရှေးဦးစွာ။ ပါဠိဟာရိယဉာဏေန၊ ပါဠိဟာရိယဉာဏ်ဖြင့်။ ဒိသွာ၊ ရှုကြည့်၍။ ယထာ၊အကြင်အခြင်းဖြင့်။ အညမညာနတိဝတ္တနာဒယော၊ အချင်းချင်းတပါးသည်တပါးကို မလွန်ချင်း အစရှိကုန်သော။ ယေအာကာရာ၊ အကြင်-လေးပါးသော အခြင်းအရာ၊ ဘာဝနာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဘာဝနာယ၊ ဘာဝနာ၏။ သမ္ပဟံသိတတ္တာ၊ ပြီးဆုံးသည်၏အဖြစ်ကြောင့်။ တေနေဝဉာဏေန၊ ထိုပါဠိဟာရိယဉာဏ်ဖြင့်သာလျှင်။ ဝိသောဓိတတ္တာ၊ သုဓ်သင်၍ ပြီးဆုံးသည်၏အဖြစ်ကြောင့်။ ဧတ္ထ၊ ဤဘာဝနာပြီးဆုံးသောအရာ၌။ ဝိသောဓနံ၊ သုဓ်သင်၍ ပြီးဆုံးချင်းသည်ကား။ သမ္ပဟံသနံ၊ ဘာဝနာ၏ပြီးဆုံးချင်းပင်တည်း။ ဣတိ၊ ဤသို့။အဝုတ္တမ္ပိ၊ မဆိုသော်လည်း။ဝုတ္တံဝိယ၊ဆိုသလို။ တေအာကာရာ၊ထို ၄-ပါးသောအခြင်းအရာ၊ဘာဝနာတို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။နိပ္ဖန္နာ၊ပြီးဆုံးကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဓမ္မာနံ၊ ခုနစ်ပါးသောတရားတို့၏။ အနတိဝတ္တနာဒိဘာဝသာဓနေန၊ တပါးသည်တပါးကို မလွန်ချင်းအစရှိသော၊ ဘာဝနာ ပြီးဆုံးသော အလိုအားဖြင့်။ ပရိယောဒါပကဿ၊ ကိလေသာအညစ်အကြေးမှကင်၊စင်ကြယ်ချင်းကို ပြုတတ်သော။ ဉာဏဿ၊ ဉာဏ်၏။ ကိစ္စနိပ္ဖတ္တိဝသေန၊ ကိလေသာကို ပယ်သောကိစ္စပြီးဆုံးသောအလိုအားဖြင့်။ သမ္ပဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းကို။ ဝေဒိတဗ္ဗာ၊သိအပ်၏။

ဤသည်ကား။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် အမည်ကို ခံသော၊ သင်္ခါရုပေက္ခာဉာဏ် တဘက်ကမ်း ရောက်သော ယောဂီပုဂ္ဂိုလ်၏၊ သင်္ခါရုပေက္ခာဉာဏ်၊ ထင်ပုံ-မြင်ပုံ။ သိပုံ-မှတ်ပုံ။ ရှုပုံ-အညီအညွတ်

ရှုစ်နေပုံ။ ကိလေသာကိုပယ်ပုံ–ကိလေသာကို ပယ်သောကိစ္စနှင့် ပြည့်စုံပုံ–ဘာဝနာကိုပွါးပုံ–ဘာဝနာကိုပွါးသောကိစ္စနှင့်ပြည့်စုံပုံ။ ဘာဝနာပြုစင်ပုံ–ဘာဝနာညစ်ကြေးပုံ။ ဘာဝနာပြီးဆုံးပုံ–ဘာဝနာ မပြီးဆုံးပုံ။ အလုံးစုံကို၊ အသေအချာမှတ်ဘို့ရာစကားရပ်၊ ဤတွင်ရှေ့အပြီးသတ်။

ဝုဋ္ဌာနဂါမိနီဝိပဿနာသည်ကား ၃-ပါး။ ၃–ပါးဟူသော်ကား။ နာနတ္တာနာနတ္တသိတာလည်းတပါး။ ဧကတ္တာဧကတ္တသိတာလည်းတပါး။ အတမ္မယတာလည်းတပါး။ ထို ၃-ပါးတို့တွင်၊မြင်သောခဏ-အဆင်း၌၊ တူမျှသောစိတ်နှလုံး၊ မချစ်မရုံ။ ကြားသောခဏ–အသံ၌၊ တူမျှသောစိတ်နှလုံး၊ မချစ်မရုံ။ နံသောခဏ-အနံ့၌၊တူမျှသောစိတ်နှလုံး၊မချစ်မရုံ။ စားသောခဏ-အရသာ၌၊တူမျှသောစိတ်နှလုံး၊မချစ်မရုံ။ ထိသောခဏ-အတွေ့၌၊ တူမျှသောစိတ်နှလုံး၊မချစ်မရုံ။ ဤသို့ ငါးပါးအာရုံ၊ ကာမဂုဏ်တို့၌၊ မချစ်မရုံးဟု–ရှုသောသင်္ခါရုပေက္ခာဝုဋ္ဌာနဂါမိနီဝိပဿနာသည်ကား၊ မချစ်မရုံးဟု–ရှုသောဉာဏ်၏လည်း၊ အထူးထူးသော သဘော၊ အထူးထူးသော အာရုံနှင့်လည်း စပ်သော သဘောကြောင့်၊ နာနတ္တာနာနတ္တသိတာ-မည်၏။

အတ္ထိ ဘိက္ခဝေ ယာယံ ဥပေက္ခာ ရူပေသု သဒ္ဒေသု ဂန္ဓေသု ရသေသု ဖောဋ္ဌဗ္ဗေသု။ အယံ ဘိက္ခဝေ ဥပေက္ခာ နာနတ္တာ နာနတ္တသိတာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာအယံဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ ရူပေသု၊ အဆင်းတို့၌။ အတ္ထိ၊ ရှိ၏။ သဒ္ဒေသု၊ အသံတို့၌။ အတ္ထိ၊ ရှိ၏။ ဂန္ဓေသု၊ အနံ့တို့၌။ အတ္ထိ၊ ရှိ၏။ ရသေသု၊ အရသာတို့၌။ အတ္ထိ၊ ရှိ၏။ ဖောဋ္ဌဗ္ဗေသု၊ အတွေ့တို့၌။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ဥပေက္ခာ၊ ဤဥပေက္ခာသည်ကား။ နာနတ္တာ နာနတ္တသိတာ၊ နာနတ္တာ နာနတ္တသိတာမည်၏။

အာကာသာနဉ္စာယတနဝေဒနူပေက္ခာ၌၊ တူမျှသောစိတ်နှလုံး၊ မချစ်မရုံး။ ဝိညာဏဉ္စာယတနဝေဒနူပေက္ခာ၌၊ တူမျှသောစိတ်နှလုံး၊ မချစ်မရုံး၊ အာကိဉ္စညာယတနဝေဒနူပေက္ခာ၌၊ တူမျှသောစိတ်နှလုံး၊ မချစ်မရုံး။ နေဝသညာနာသညာယတနဝေဒနူပေက္ခာ၌၊ တူမျှသောစိတ်နှလုံး၊ မချစ်မရုံး။ ဤသို့ လေးပါးသော ဝေဒနူပေက္ခာတို့၌၊ မချစ်မရုံးဟု–

ရှုသော၊ အနုလောမဝုဋ္ဌာနဂါမိနီဝိပဿနာသည်ကား။ အာရုံ၏အရသာကို ခံစားသော ဝေဒနုပေက္ခာ၏လည်း၊ မချစ်မမုန်းသော လက္ခဏာ။ ဝေဒနုပေက္ခာကိုအာရုံပြု၍ဖြစ်သော၊ တမ္ဗယတာတဏှာ၏လည်း၊မချစ်မမုန်းသောလက္ခဏာ၊ တူသောသဘော၊ တူသောအာရုံနှင့်လည်းစပ်သော သဘောကြောင့်၊ ကေဝလာကေဝလသိတာ-မည်၏။

အတ္ထိ ဘိက္ခဝေ ယာယံ ဥပေက္ခာ အာကာသာနဉ္စာယတန နိဿိတာ ဝိညာဏဉ္စာယတန နိဿိတာ အာကိဉ္စညာယတန နိဿိတာ နေဝသညာနာသညာယတနနိဿိတာ။အယံဘိက္ခဝေ ဥပေက္ခာ ကေဝလာ ကေဝလသိတာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာအယံဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အာကာသာနဉ္စာယတနနိဿိတာ၊ အာကာသာနဉ္စာယတနမှီရာသည်။ အတ္ထိ၊ ရှိ၏။ ဝိညာဏဉ္စာ ယတနနိဿိတာ၊ ဝိညာဏဉ္စာယတန မှီရာသည်။ အတ္ထိ၊ ရှိ၏။ အာကိဉ္စညာယတန နိဿိတာ၊ အာကိဉ္စညာယတနမှီရာသည်။ အတ္ထိ၊ ရှိ၏။ နေဝသညာနာသညာယတနနိဿိတာ၊ နေဝသညာနာသညာယတနမှီရာသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံဥပေက္ခာ၊ ဤဥပေက္ခာ သည်ကား။ ကေဝလာ ကေဝလသိတာ၊ ကေဝလာ ကေဝလသိတာမည်၏။

အကြင်လောကီ သင်္ခါရကိုအာရုံပြု၍၊ အနုလုံအဆုံးရှိသော၊ဝုဋ္ဌာနဂါမိနီဝိပဿနာသည်ဖြစ်၏။ ထိုလောကီသင်္ခါရကိုလည်း မှီသော၊ ထိုလောကီ သင်္ခါရနှင့်လည်း စပ်သော၊ တဏှာသည်ကား၊ ထိုလောကီသင်္ခါရတို့နှင့်ကင်း၍မဖြစ်ချင်းကြောင့်၊ တမ္ဗယတာတဏှာမည်၏။

ယေ လောကိယေ သင်္ခါရေ အာရဗ္ဘ အနုလောမပရိယောသာနာ ဝုဋ္ဌာနဂါမိနီဝိပဿနာ ပဝတ္တတိ။ တံနိဿိတာ တပ္ပဋိဗဒ္ဓါ တဏှာ တေဟိ ဝိနာ အပဝတ္တနတော တမ္ဗယာ နာမ။တမ္ဗယာဝ တမ္ဗယတာ။ တမ္ဗယာဝါ တဏှာသမ္ဗယုတ္တခန္ဓာ၊ တေသံ ဘာဝေါ တမ္ဗယတာ၊ သာဧဝ တဏှာ။

ယေလောကိယေသင်္ခါရေ၊အကြင်လောကီသင်္ခါရတို့ကို။အာရဗ္ဘ၊ အာရုံပြု၍။ အနုလောမပရိယောသာနာ၊ အနုလုံအဆုံးရှိသော။ ဝုဋ္ဌာန

ဂါမိနီဝိပဿနာ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်။ ပဝတ္တတိ၊ ဖြစ်၏။ တံ
နိဿိတာ၊ ထိုလောကီသင်္ခါရကိုလည်းမှီသော။ ဘဝပ္ပဋိဗဒ္ဓါ၊ ထိုလောကီ
သင်္ခါရနှင့်လည်းစပ်သော။ တဏှာ၊ တဏှာသည်ကား။ တေဟိ၊ ထို
လောကီသင်္ခါရတို့နှင့်။ ဝိနာ၊ ကင်း၍။ အပဝတ္တနတော၊ မဖြစ်ချင်းကြောင့်။
တမ္မယာ နာမ၊ တမ္မယာမည်၏။ တမ္မယာဝ၊ တမ္မယာသည်သာလျှင်။
တမ္မယတာ၊ တမ္မယတာမည်၏။ ဝါ၊ တနည်း။ တဏှာသမ္ပယုတ္တခန္ဓာ၊
တဏှာသမ္ပယုတ်ခန္ဓာတို့သည်။ တမ္မယာ၊ တမ္မယာမည်ကုန်၏။ တေသံ၊
ထိုတဏှာ သမ္ပယုတ္တ ခန္ဓာ၊ တမ္မယာတို့၏။ ဘာဝေါ၊ အဖြစ်တည်း။
တမ္မယတာ၊ ထိုတဏှာသမ္ပယုတ္တခန္ဓာ၊ တမ္မယာတို့၏ အဖြစ်။ သာဧဝ
တဏှာ၊ ထိုတမ္မယတာမည်သောတဏှာကိုသာလျှင်ရ၏။

တမ္မယတာ တဏှာ မရှိသည်၏ အဖြစ်ကြောင့်၊ အတမ္မယတာ
မည်သော၊ ဂေါတြဘူဝုဋ္ဌာနဂါမိနီဝိပဿနာကိုမှီ၍။ တမ္မယတာတဏှာ
မရှိသည်၏အဖြစ်ကြောင့်၊ အတမ္မယတာ မည်သော၊ ဂေါတြဘူဝုဋ္ဌာန
ဂါမိနီဝိပဿနာသို့ရောက်၍၊ လေးပါးသောအရူပဈာန် ဝေဒနုပေက္ခာ
တို့၌၊ မချစ် မမုန်းဟု-ရှုသော၊ အနုလောမ ဉာဏ်၏လည်း၊ မချစ် မမုန်း
သောလက္ခဏာ။ အာရုံ၏အရသာကိုခံစားသောဝေဒနုပေက္ခာ၏လည်း၊
မချစ်မမုန်းသောလက္ခဏာ။ ဝေဒနုပေက္ခာကိုအာရုံပြု၍ ဖြစ်သော၊ တမ္မ
ယတာတဏှာ၏လည်း၊ မချစ်မမုန်းသောလက္ခဏာ။ အကြင် ဥပေက္ခာ
သည်ကား၊ တူသော သဘော၊ တူသော အာရုံ နှင့်လည်း စပ်သော
သဘောကြောင့်၊ ဧကတ္တာဧကတ္တသိတာမည်၏။ ထိုဧကတ္တာဧကတ္တ
သိတာ မည်သော၊ တမ္မယတာ တဏှာကိုလည်း ပယ်စွန့်သော။ ထို
ဧကတ္တာ ဧကတ္တသိတာမည်သော၊ တဏှာကိုလည်း လွန်သော။ ဂေါတြ
ဘူဝုဋ္ဌာနဂါမိနီဝိပဿနာသည်ကား၊ အတမ္မယတာမည်၏။

အတမ္မယတံ ဘိက္ခဝေ နိဿာယ အတမ္မယတံ အာဂမ္မ
ယာယံ ဥပေက္ခာ ဧကတ္တာ ဧကတ္တသိတာ။ တံ ပဇဟထ တံ
သမတိက္ကမထ။ ။တေန ဝုတ္တံ အဋ္ဌကထာယံ– တမ္မယတာ
နာမ တဏှာ။ တဿာ ပရိယာဒိယနတော ဝုဋ္ဌာနဂါမိနီ
ဝိပဿနာ အတမ္မယတာတိ။

ဘိက္ခဝေ၊ရဟန်းတို့။ အတမ္မယတံ၊ အတမ္မယတာမည်သောဂေါတြ ဘူဝုဋ္ဌာနဂါမိနီ ဝိပဿနာကို။ နိဿာယ၊ မှီ၍။ အတမ္မယတံ၊ အတမ္မယတာမည်သောဂေါတြဘူဝုဋ္ဌာနဂါမိနီဝိပဿနာသို့။ အာဂမ္မ၊ ရောက်၍။ ယာယံဉပေက္ခာ၊ အကြင် ဉပေက္ခာသည်။ ဧကတ္တာ ဧကတ္တသိတာ၊ ဧကတ္တာဧကတ္တသိတာမည်၏။ တံ၊ ထိုဧကတ္တာဧကတ္တသိတာမည်သော တမ္မယတာ တဏှာကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော။ တံ၊ ထို ဧကတ္တာ ဧကတ္တသိတာမည်သော တမ္မယတာတဏှာကို။ သမတိက္ကမထ၊ လွန်ကြကုန်လော။ ။တေန၊ ထို့ကြောင့်။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ တမ္မယတာနာမ။ ပ။ အတမ္မယတာတိ၊အတမ္မယတာ ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ တဏှာ၊ တဏှာသည်ကား၊ တမ္မယတာနာမ၊ တမ္မယတာမည်၏။တဿာ၊ ထိုတဏှာကို။ ပရိယာဒိယနတော၊ ကုန်စေတတ်သောကြောင့်။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၊ ဂေါတြဘူဝုဋ္ဌာနဂါမိနီဝိပဿနာသည်ကား။ အတမ္မယတာနာမ၊ အတမ္မယတာမည်၏။

အဘယ်သို့ပယ်စွန့်သနည်း။ အဘယ်သို့လွန်သနည်း။

ဂေါတြဘုနာသင်္ခါရနိမိတ္တဂ္ဂါဟဿ ပဟာနံ။(**အဋ္ဌကထာ**)

သင်္ခါရနိမိတ္တဂ္ဂါဟောတိယာဒိဿ ကိလေသဿ အပ္ပဟီနတ္တာ ဝိပဿနာသင်္ခါရနိမိတ္တံ နမုဉ္စတိ။ သော ကိလေသော ဒုဗ္ဗလော။ သင်္ခါရနိမိတ္တဂ္ဂါဟဿ အတိက္ကမနံ ဝါ ပဟာနံ။ (**မူလဋီကာ**)

စရိမာနုလောမဉာဏဝဇ္ဈ တဏှာတိကော ကိလေသောတိ ဝုတ္တော။ ပဋိပဒါဉာဏဒဿနဉာဏဒဿနာနိ ဝိယ။ ဂေါတြဘူဉာဏံ ကိလေသာနံ အပ္ပဝတ္တိကရဏဘာဝေန ဝတ္တတိ။ကိလေသ ဝိသယာတိ လဃိနဘာဝေန ပန ပဝတ္တတီတိ ကတွာ ဝုတ္တံ “သင်္ခါရ။ ပ။ ပဟာန” န္တိ။ (**အနုဋီကာ**)

ဂေါတြဘုနာ၊ ဂေါတြဘူဖြင့်။ ယောဂိနော၊ ယောဂီ၏။ သင်္ခါရနိမိတ္တဂ္ဂါဟဿ၊သင်္ခါရနိမိတ်ကို အာရုံပြုသည်၏ အဖြစ်ဖြင့်ယူချင်းကို။ ပဟာနံ၊ ပယ်ချင်း။ (**အဋ္ဌကထာနက်**)

ယာဒိဿ၊ အကြင်သို့သဘောရှိသော။ ကိလေသဿ၊ ကိလေသာကို။ အပ္ပဟီနတ္တာ၊ မပယ်အပ်သည်၏အဖြစ်ကြောင့်။ ဝိပဿနာ၊

ဝိပဿနာသည်။ သင်္ခါရနိမိတ္တံ၊ သင်္ခါရနိမိတ်ကို။ နမုဉ္စတိ၊ မလွှတ်။ သောတာဒိသော၊ ထိုသို့သဘောရှိသော။ ကိလေသော၊ ကိလေသာကို။ ဂေါတြဘုနာ၊ ဂေါတြဘူသည်။ ပဟာတဗ္ဗော၊ ပယ်အပ်သော။ သင်္ခါရနိမိတ္တဂ္ဂါဟောဘိ၊သင်္ခါရနိမိတ်ကို၊ အာရုံပြုသည်၏အဖြစ်ဖြင့်ယူသော၊ တမ္မယတာ တဏှာဂါဟ ဟူ၍။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဝါ၊ တနည်း။ ဂေါတြဘုနာ၊ ဂေါတြဘူဖြင့်။ ယောဂိနော၊ ယောဂီ၏။ သင်္ခါရနိမိတ္တဂ္ဂါဟဿ၊ သင်္ခါရနိမိတ်ကို၊ အာရုံပြုသည့်၏ အဖြစ်ဖြင့်ယူချင်းကို။ အတိက္ကမနံ၊ လွန်ချင်းသည်ကား၊ ပဟာနံ၊ ပယ်ချင်းတည်း။ (**မူလဋီကာနက်**)

စရိမာနုလောမဉာဏဝဏ္ဏ တဏှာတိကော၊ အနုလောမ ဉာဏ်၏ အဆုံး၌ဖြစ်သော၊ ဂေါတြဘူဉာဏ်သည်ပယ်အပ်သော၊ ကာမတဏှာ-ဘဝတဏှာ-ဝိဘဝတဏှာ၊ဤသို့ တမ္မယတာတဏှာသုံးခုတို့၏အပေါင်းကို။ ကိလေသောတိ၊ ကိလေသာဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ပဋိပဒါဉာဏဒဿန ဉာဏ ဒဿနာနိ ဝိယ၊ ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိဉာဏ်,ဉာဏဒဿနဝိသုဒ္ဓိဉာဏ်တို့ကဲ့သို့။ ဂေါတြဘုဉာဏံ၊ ဂေါတြဘူဉာဏ်သည်။ ကိလေသာနံ၊ကိလေသာတို့၏။ အပ္ပဝတ္တိကရဏဘာဝေန၊ မဖြစ်သည်ကို ပြုသည်၏အဖြစ် ဖြင့်။ ကိဉ္စာပိဝတ္တတိ၊ အကယ်၍ကားဖြစ်သင့်၏ရှင့်။ ပနတထာပိ၊ထိုသို့ပင်ဖြစ်သင့်သော်လည်း။ကိလေသ ဝိသယာတိ လင်္ဃနဘာဝေန၊ တမ္မယတာ တဏှာကိလေသာ၏အာရုံကို၊ ချိန်သည်၏ အဖြစ်ဖြင့်။ပဝတ္တတိ၊ဖြစ်၏။ဣတိကတွာ၊ဤသို့နှလုံးပြု၍။သင်္ခါရ။ ပ။ပဟာနန္တိ၊ သင်္ခါရနိမိတ္တဂ္ဂါဟဿ အတိက္ကမနံဝါပဟာနံဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ (**အနုဋီကာနက်**)

ဤသို့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်ကား—သုံးပါး။ သုံးပါးဟူသော်ကား။နာနတ္တာ နာနတ္တသိတာလည်းတပါး။ ဧကတ္တာဧကတ္တသိတာလည်းတပါး။အတမ္မယတာလည်းတပါး။ထိုသုံးပါးတို့၏ **အစဉ်အတိုင်း ဖြစ်ပုံကား။**

> တဿ တံ သင်္ခါရုပေက္ခာဉာဏံ အာသေဝန္တဿ ဘာဝေန္တဿ ဗဟုလီကရောန္တဿ အဓိမောက္ခသဒ္ဓါဗလဝတရာ နိဗ္ဗတ္တတိ။ဝီရိယံ သုပဂ္ဂဟိတံ ဟောတိ၊ သတိသုပဋ္ဌိတာ၊ စိတ္တံ သုသမာဟိတံ၊တိက္ခတရာ သင်္ခါရုပေက္ခာ ဥပ္ပဇ္ဇတိ။တဿ ဒါနိ

မဂ္ဂေါ ဥပ္ပဇ္ဇိဿတီတိ သင်္ခါရုပေက္ခာ သင်္ခါရေ အနိစ္စာတိ ဝါ
ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သမ္မသိတွာ ဘဝင်္ဂံ ဩတရတိ။
ဘဝင်္ဂါနန္တရံ သင်္ခါရုပေက္ခာယ ကတနယေနေဝ သင်္ခါရေ
အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ အာရမ္မဏံ ကုရုမာနံ
ဥပ္ပဇ္ဇတိ မနောဒွါရာဝဇ္ဇနံ။ တတော ဘဝင်္ဂံ အာဝဋ္ဋေတွာ
ဥပ္ပန္နဿ တဿ ကိရိယစိတ္တဿာနန္တရံ အဝီစိကံ စိတ္တသန္တတိံ
အနုပ္ပဗန္ဓမာနံ တထေဝ သင်္ခါရေ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ
ပဌမံ ဇဝနစိတ္တံ ယံ ပရိကမ္မန္တိ ဝုစ္စတိ။ တဒနန္တရံ တထေဝ
သင်္ခါရေ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ ဒုတိယံ ဇဝနစိတ္တံ ယံ
ဥပစာရန္တိ ဝုစ္စတိ။ တဒနန္တရမ္ပိ တထေဝ သင်္ခါရေ အာရမ္မဏံ
ကတွာ ဥပ္ပဇ္ဇတိ တတိယံ ဇဝနစိတ္တံ ယံ အနုလောမန္တိ ဝုစ္စတိ။
ပ။ ဣတော ပရံ ဂေါတြဘုဉာဏံ ဟောတိ။

တံသင်္ခါရုပေက္ခာဉာဏံ၊ ထိုသင်္ခါရုပေက္ခာ ဉာဏ်ကို။ အာသေဝန္တဿ၊ အဖန်တလဲလဲမှီဝဲသော။ ဘာဝေန္တဿ၊ အဖန်တလဲလဲပွါးများသော။ ဗဟုလီကရောန္တဿ၊ အဖန်တလဲလဲ ကြိမ်ဖန်များစွာအလေ့အလာပြုသော။ တဿယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်အား။ အဓိမောက္ခသဒ္ဓါ၊ ဆုံးဖြတ်သောသဒ္ဓါသည်။ ဗလဝတရာ၊ အားကြီးစွာ။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဝီရိယံ၊ ဝီရိယသည်။ သုပဂ္ဂဟိတံ။ ကောင်းစွာထောက်ပင့်သည်။ ဟောတိ၊ ဖြစ်၏။ သတိ၊ သတိသည်။ သုပဋ္ဌိတာ၊ ကောင်းစွာထင်သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တံ၊ စိတ်သည်။ သုသမာဟိတံ၊ ကောင်းစွာတည်သည်။ ဟောတိ၊ ဖြစ်၏။ သင်္ခါရုပေက္ခာ၊ သင်္ခါရုပေက္ခာသည်။ တိက္ခတရာ၊ ထက်စွာ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဿယောဂိနော၊ ထိုယောဂီအား။ ဒါနိ၊ ယခု။ မဂ္ဂေါ၊ မဂ်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်တော့အံ့။ ဣတိ၊ ဤသို့။ အဝတ္တမ္ပိ၊ မဆိုသော်လည်း။ ဝတ္တုံဝိယ၊ ဆိုသလို။ သင်္ခါရုပေက္ခာ၊ သင်္ခါရုပေက္ခာသည်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အနိစ္စာ၊ အနိစ္စ။ ဣတိ ဝါ၊ ဤသို့သော်ရင်း။ ဒုက္ခာ၊ ဒုက္ခ။ ဣတိ ဝါ၊ ဤသို့သော်ရင်း။ အနတ္တာ၊ အနတ္တ။ ဣတိ ဝါ၊ ဤသို့သော်ရင်း။ သမ္မသိတွာ၊ သုံးသပ်၍။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ ဘဝင်္ဂါနန္တရံ၊ ဘဝင်၏အခြားမဲ့။ သင်္ခါရုပေက္ခာယ၊ သင်္ခါရုပေက္ခာသည်။ ကတနယေနေဝ၊ ပြုအပ်သောနည်းဖြင့်သာလျှင်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အနိစ္စာ၊ အနိစ္စ။ ဣတိ ဝါ၊ ဤသို့သော်ရင်း။ ဒုက္ခာ၊ ဒုက္ခ။ ဣတိ ဝါ၊

ဤသို့သော်ငြင်း။ အနန္တာ၊အနန္တ။နာမတိဝါ၊ ဤသို့သော်ငြင်း။ အာရမ္မဏံ ကုရုမာနံ၊ အာရုံပြုသော။ မနောဒွါရာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။တတော၊ ထိုမနောဒွါရာဝဇ္ဇန်းမှ။ ဘဝင်္ဂ၊ ဘဝင်ကို။ အာဝဋ္ဋေတွာ၊ လည်စေ၍။ဥပ္ပန္နဿ၊ ဖြစ်သော။တဿကိရိယစိတ္တဿ၊ ထိုကြိယာစိတ်၏။ အနန္တရံ၊ အခြားမဲ့။ အဝီစိကံ၊ အကြားအပြတ်မရှိသော။ စိတ္တသန္တတိံ၊စိတ်အစဉ်သို့။ အနုပ္ပဗန္ဓမာနံ၊ အစဉ်လိုက်သည် ဖြစ်၍။ တထေဝ၊ထို့အတူသာလျှင်။ သင်္ခါရေ၊ သင်္ခါရတို့ကို။အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ပဌမံဇဝနစိတ္တံ၊ ပဌမဇောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ယံ၊ အကြင်ပဌမဇောစိတ်ကို။ ပရိကမ္မန္တိ၊ ပရိကံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဒနန္တရံ၊ ထိုပရိကံ၏အခြားမဲ့။တထေဝ၊ ထို့အတူသာလျှင်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ဒုတိယံ ဇဝနစိတ္တံ၊ ဒုတိယဇောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ယံ၊အကြင်ဒုတိယ ဇောစိတ်ကို။ ဥပစာရန္တိ၊ဥပစာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဒနန္တရမ္ပိ၊ ထိုဥပစာ၏အခြားမဲ့လည်း။ တထေဝ၊ ထို့အတူသာလျှင်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ တတိယံ ဇဝနစိတ္တံ တတိယဇောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ယံ၊ အကြင် တတိယဇော စိတ်ကို။အနုလောမန္တိ၊ အနုလုံဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ဣဒံတာဝပရံ၊ ဤမှ နောက်၌။ဂေါတြဘုဉာဏ်၊ဂေါတြဘုဉာဏ်သည်။ဟောတိ၊ ဖြစ်၏။

ဝေမေဝါယံ ယောဂါဝစရောပိ ဘဝ ယောနိဂတိဋ္ဌိတိနိဝါ သာနံ ပရတီရဘူတေ နိဗ္ဗာနေ ပတိဋ္ဌာတု ကာမော ဥဒယဗ္ဗယာ နုပဿနာဒိနာ ဝေဂေန ဓာဝိတွာ။ (**အဋ္ဌကထာ**)

အဋ္ဌဟိ ဉာဏေဟိ အနုက္ကမေန အာဟိတဝိသေသံ အနုလောမဉာဏံ နိဗ္ဗာနာရမ္မဏဿ ဉာဏဿ ပစ္စယော ဘဝိတုံ သမတ္ထံ ဇာတန္တိ အာဟ 'ဥဒယဗ္ဗယာနုပဿနာဒိနာ ဝေဂေန ဓာဝိတွာ'တိ။(**ဋီကာ**)

တထေဝါတိ ယထာ အတီတာသု ဒွီသု ဇဝနဝီထီသု သင်္ခါရပေက္ခာ သင်္ခါရေ အနိစ္စာတိဝါ ဒုက္ခာတိဝါ အနတ္တာတိဝါ အာရမ္မဏမကာသိ၊ တထေဝ။ (**ဋီကာ**)

ဤအဋ္ဌကထာဋီကာတို့၏အလို၊ အဓိပ္ပါယ်ဆိုသော်ကား။ ဝိပဿနာဉာဏ်တို့၏၊ အာရုံအားဖြင့်၊ ခန္ဓာ ၅-ပါးပြားသော်လည်း၊ ကာယာနုပဿနာ သတိပဋ္ဌာန်– ဝေဒနာနုပဿနာ သတိပဋ္ဌာန်– စိတ္တာနုပဿနာသတိပဋ္ဌာန်-ဓမ္မာနုပဿနာသတိပဋ္ဌာန်အလိုအားဖြင့်။ ကိုယ်ကို–ကိုယ်ဟုရှုသော၊ကာယာနုပဿနာဇောဝီထိအကြိမ်။ ဝေဒနာကို-ဝေဒနာဟု ရှုသော၊ ဝေဒနာနုပဿနာဇောဝီထိအကြိမ်။ စိတ်ကို–စိတ်ဟုရှုသော၊စိတ္တာနုပဿနာဇောဝီထိအကြိမ်၊ သဘောကို-သဘောဟုရှုသော၊ ဓမ္မာနုပဿနာဇောဝီထိအကြိမ်။ ဤဇောဝီထိ-၄ကြိမ်။ တကြိမ်ကြိမ်၊ ဉာဏ် ၈–ပါး။ တပါးတပါး၌ ဖြစ်သင့်ရကား၊ ဉာဏ် ၈-ပါးကို၊ ဇောဝီထိ၄-ကြိမ်ဖြင့်၊မြှောက်သောသဘော၊ ၃၂-ပါးသော ဇောဝီထိအကြိမ်တို့တွင်၊ သင်္ခါရုပေက္ခာဉာဏ်၊ ဇောဝီထိ ၄-ကြိမ်။ တကြိမ်ကြိမ်သည်၊ သင်္ခါရတို့ကို၊ အနိစ္စ-ဤသို့သော်ငင်း။ ဒုက္ခ-ဤသို့သော်ငင်း။ အနတ္တ-ဤသို့သော်ငင်း။ သုံးသပ်၍၊ ဘဝင်သို့သက်၏။ ဘဝင်၏အခြားမဲ့၊ ဥဒယဗ္ဗယဉာဏ်၊ ဇောဝီထိ ၄-ကြိမ်။တကြိမ်ကြိမ်သည်၊သင်္ခါရတို့ကို၊အနိစ္စ-ဤသို့သော်ငင်း။ဒုက္ခ-ဤသို့သော်ငင်း။အနတ္တ-ဤသို့ သော်ငင်း။ သုံးသပ်၍၊ ဘဝင်သို့သက်၏။ ဘဝင်၏ အခြားမဲ့၊ ဘင်ဉာဏ်ဇောဝီထိ-၄ကြိမ်။တကြိမ်ကြိမ်သည်၊ သင်္ခါရတို့ကို၊အနိစ္စ-ဤသို့သော်ငင်း။ဒုက္ခ-ဤသို့သော်ငင်း။ အနတ္တ-ဤသို့သော်ငင်း၊ သုံးသပ်၍ ဘဝင်သို့သက်၏။ ဘဝင်၏အခြားမဲ့၊ ဘယဉာဏ်ဇောဝီထိ၄–ကြိမ်။ တကြိမ်ကြိမ်သည်၊ သင်္ခါရတို့ကို၊ အနိစ္စ–ဤသို့သော်ငင်း။ဒုက္ခ-ဤသို့သော်ငင်း။ အနတ္တ-ဤသို့သော်ငင်း။ သုံးသပ်၍၊ ဘဝင်သို့သက်၏။ဘဝင်၏အခြားမဲ့၊ အာဒီနဝ ဉာဏ်ဇောဝီထိ၄-ကြိမ်။ တကြိမ်ကြိမ်သည်၊ သင်္ခါရတို့ကို။ အနိစ္စ-ဤသို့သော်ငင်း။ ဒုက္ခ-ဤသို့သော်ငင်း။ အနတ္တ–ဤသို့သော်ငင်း။ သုံးသပ်၍၊ ဘဝင်သို့သက်၏။ ဘဝင်၏အခြားမဲ့၊ နိဗ္ဗိဒါဉာဏ်၊ ဇောဝီထိ၄-ကြိမ်။ တကြိမ်ကြိမ်သည်၊ သင်္ခါရတို့ကို။ အနိစ္စ–ဤသို့သော်ငင်း။ဒုက္ခ-ဤသို့သော်ငင်း။အနတ္တ-ဤသို့သော်ငင်း။ သုံးသပ်၍၊ ဘဝင်သို့သက်၏။ ဘဝင်၏အခြားမဲ့၊ မုဉ္စိတုကမျတာဉာဏ်၊ ဇောဝီထိ ၄-ကြိမ်။ တကြိမ်ကြိမ်သည်၊ သင်္ခါရတို့ကို။ အနိစ္စ-ဤသို့သော်ငင်း။ ဒုက္ခ-ဤသို့သော်ငင်း။ အနတ္တ–ဤသို့သော်ငင်း။ သုံးသပ်၍၊ ဘဝင်သို့ သက်၏။ ဘဝင်၏အခြားမဲ့၊ ပဋိသင်္ခါဉာဏ်၊ဇောဝီထိ၄-ကြိမ်။ တကြိမ်

ကြိမ်သည်၊ သင်္ခါရတို့ကို။အနိစ္စ-ဤသို့သော်၎င်း။ ဒုက္ခ-ဤသို့သော်၎င်း။ အနတ္တ-ဤသို့သော်၎င်း။ သုံးသပ်၍၊ဘဝင်သို့သက်၏။ ဘဝင်၏အခြားမဲ့၊ သင်္ခါရုပေက္ခာဉာဏ်၊ ဇောဝီထိ ၄-ကြိမ်။ တကြိမ်ကြိမ်ဖြစ်ချင်း၌၊ ထိုသင်္ခါရုပေက္ခာဉာဏ်ကို၊ အဖန်တလဲလဲမှီဝဲ၊ အဖန်လဲလဲပွါးများ၊ အဖန်တယဲလဲကြိမ်ဖန်များစွာ၊ အလေ့အလာပြုသော၊ ထိုယောဂီပုဂ္ဂိုလ်အား၊အနိစ္စာသင်္ခါရာဟု၊ဟောတော်မူချင်းသည်ကား-ဘုရား။နိစ္စသညာကိလေသာကား-ပဟာတဗ္ဗ။ အနိစ္စသညာ-ဉာဏ်ပညာကား-ပဟာယက။ ဤသို့ မျက်မှောက်ထင်ထင်၊ မြင်အပ်သော သဘောသည်ကား--တရား။ ပယ်အပ်သည်ကို၊ ပယ်ချင်း၌၊ ရအပ်သည်ကို၊ ရချင်း၌၊ ကောင်းစွာကျင့်ချင်းသည်ကား-သံဃာ။ ဤသို့ ဘုရား-တရား-သံဃာ၊ ရတနာသုံးပါး၊ သုံးဝတ္ထု၌၊ ယုံကြည်မှုရောက်သော၊ဆုံးဖြတ်သောသဒ္ဓါ၊ အားကြီးစွာဖြစ်၏။ဝီရိယလည်း၊ကောင်းစွာထောက်ပင့်၏။သတိလည်း၊ ကောင်းစွာထင်၏။ စိတ်လည်း၊ ကောင်းစွာတည်၏။ သင်္ခါရုပေက္ခာလည်း၊ ထက်စွာဖြစ်၏။ ထိုယောဂီပုဂ္ဂိုလ်အား၊ ယခု မဂ်ဖြစ်တော့အံ့ဟု၊ မဆိုသော်လည်းဆိုသလို၊ သင်္ခါရုပေက္ခာသည်၊ သင်္ခါရတို့ကို။ အနိစ္စ—ဤသို့သော်၎င်း။ ဒုက္ခ—ဤသို့သော်၎င်း။ အနတ္တ—ဤသို့သော်၎င်း။ သုံးသပ်၍၊ ဘဝင်သို့သက်၏။ ဘဝင်၏အခြားမဲ့၊ သင်္ခါရုပေက္ခာသည်၊ ပြုအပ်သောနည်းဖြင့်သာလျှင်၊ သင်္ခါရတို့ကို။ အနိစ္စ—ဤသို့သော်၎င်း။ ဒုက္ခ-ဤသို့သော်၎င်း။အနတ္တ-ဤသို့သော်၎င်း။ အာရုံပြုသော မနောဒွါရာဝဇ္ဇန်းဖြစ်၏။ မနောဒွါရာဝဇ္ဇန်းမှ၊ ဘဝင်ကို လည်စေ၍ဖြစ်သော၊ ထိုမနောဒွါရာဝဇ္ဇန်းကိရိယာစိတ်၏အခြားမဲ့၊ အကြားအပြတ်မရှိသောစိတ်အစဉ်သို့၊ အစဉ်တစိုက်လိုက်၍၊ လွန်ပြီးကုန်သော၊ ၇၂—ပါးသော ဇောဝီထိအကြိမ်တို့တွင်၊ သင်္ခါရုပေက္ခာဉာဏ်၊ ဇောဝီထိ ၄—ကြိမ်။ တကြိမ်ကြိမ်သည်၊ သင်္ခါရတို့ကို၊ အနိစ္စ-ဤသို့သော်၎င်း။ ဒုက္ခ-ဤသို့သော်၎င်း။ အနတ္တ-ဤသို့သော်၎င်း။အာရုံပြုသကဲ့သို့၊ ထို့အတူသာလျှင်၊ သင်္ခါရတို့ကို၊ အနိစ္စ—ဤသို့သော်၎င်း။ ဒုက္ခ—ဤသို့သော်၎င်း။ အနတ္တ-ဤသို့သော်၎င်း။အာရုံပြု၍၊ ပဌမဇောစိတ်ဖြစ်၏။အကြင်-ပဌမဇောစိတ်ကို၊ မဂ်၏အလေ့အလာ၊ မဂ်၏ အပြုအပြင်အစီအရင်၏ အဖြစ်ကြောင့်၊ ပရိကံဟုဆိုအပ်၏။ ထိုပရိကံ၏အခြားမဲ့၊ လွန်ကုန်ပြီးသော၊ ၇၂-ပါးသော၊ ဇောဝီထိအကြိမ်တို့တွင်၊ သင်္ခါရုပေက္ခာဉာဏ်၊ ဇောဝီထိ ၄-

ကြိမ်၊တကြိမ်ကြိမ်သည်၊သင်္ခါရတို့ကို၊ အနိစ္စ—ဤသို့သော်ငှင်း။ဒုက္ခ-ဤသို့သော်ငှင်း။ အနတ္တ—ဤသို့သော်ငှင်း။ အာရုံပြုသကဲ့သို့၊ ထို့အတူသာလျှင်၊ သင်္ခါရတို့ကို၊ အနိစ္စ-ဤသို့သော်ငှင်း။ ဒုက္ခ-ဤသို့သော်ငှင်း။ အနတ္တ—ဤသို့သော်ငှင်း။ အာရုံပြု၍၊ ဒုတိယဇောစိတ်ဖြစ်၏။ အကြင်-ဒုတိယဇောစိတ်ကို၊ မဂ်၏အနီးအပါး၊ မဂ်၏ ရှေ့သွားသည်၏အဖြစ်ကြောင့်၊ ဥပစာဟုဆိုအပ်၏။ ထိုဥပစာ၏အခြားမဲ့၊ လွန်ကုန်ပြီးသော၊ ၃၂-ပါးသော ဇောဝိထိ အကြိမ်တို့တွင်၊ သင်္ခါရုပေက္ခာဉာဏ်၊ ဇောဝိထိ ၄-ကြိမ်၊ တကြိမ်ကြိမ်သည်၊ သင်္ခါရတို့ကို၊ အနိစ္စ—ဤသို့သော်ငှင်း။ ဒုက္ခ—ဤသို့သော်ငှင်း။ အနတ္တ—ဤသို့သော်ငှင်း။ အာရုံပြုသကဲ့သို့၊ ထို့အတူသာလျှင်၊ သင်္ခါရတို့ကို၊ အနိစ္စ—ဤသို့သော်ငှင်း။ ဒုက္ခ—ဤသို့သော်ငှင်း။အနတ္တ—ဤသို့သော်ငှင်း။ အာရုံပြု၍၊ တတိယဇောစိတ်ဖြစ်၏။ အကြင်–တတိယ ဇောစိတ်ကို၊ အောက်၌ဖြစ်ကုန်သော၊ ၈-ပါးသော ဝိပဿနာဉာဏ်တို့အားလည်း၊ မလွဲမချော်သောကိစ္စ ရှိသည်၏အဖြစ်ဖြင့်။ အထက်၌ဖြစ်ကုန်သော ၃၇—ပါးသော ဗောဓိပက္ခိယတရားတို့အားလည်း၊ မလွဲမချော်သောကိစ္စရှိသည်၏ အဖြစ်ဖြင့်။ လျော်စေတတ်သည်၏အဖြစ်ကြောင့်၊ အနုလုံဟုဆိုအပ်၏။ ဗဟိဒ္ဓ—အပသင်္ခါရနိမိတ်ကို၊ အာရုံပြုသည်၏အဖြစ်ဖြင့်ယူသည်ကိုလွန်၍၊နိဗ္ဗာန်သို့ပြေးဝင်သည်၏အဖြစ်၊ ပုထုဇန်တို့၏ အနွယ်ကို ဖြတ်၍၊ အရိယာတို့၏ အနွယ်သို့၊ သက်ဝင်သည်၏အဖြစ်ကြောင့်၊ အနုလုံ၏နောက်က၊ စတုတ္ထဇောစိတ်တဖန်၊ ဂေါတြဘူဉာဏ်ဖြစ်၏။

ဥဒယဗ္ဗယဥာဏ်-ဘင်္ဂဥာဏ်-ဘယဥာဏ်-အာဒီနဝဥာဏ်–နိဗ္ဗိဒါဥာဏ်- မုဥ္စိတုကမျတာဥာဏ်-ပဋိသင်္ခါဥာဏ်-သင်္ခါရုပေက္ခာဥာဏ်-အနုလောမဥာဏ်၊ဤ ၉-ပါးသောဝိပဿနာဥာဏ်သည်ကား၊ ကျင့်သောဥာဏ်၏ အမြင်စင်ကြယ်ချင်းကြောင့်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဉာဏဒဿနဝိသုဒ္ဓိ

သောတာပတ္တိမဂ်— သကဒါဂါမိမဂ်- အနာဂါမိမဂ်-အရဟတ္တမဂ်၊ ဤ ၄-ပါးသော မဂ်တို့၌ရှိသော၊ ပဌမမဂ်ဉာဏ်— ဒုတိယမဂ်ဉာဏ်- တတိယ မဂ်ဉာဏ်- စတုတ္ထမဂ်ဉာဏ်၊ ဤ ၄-ပါးသော မဂ်ဉာဏ်သည်ကား၊ သိသော ဉာဏ်၏အမြင် စင်ကြယ်ချင်းကြောင့်၊ ဉာဏ

ဒဿန ဝိသုဒ္ဓိမည်၏။ ။ဂေါတြဘုဉာဏ်သည်ကား၊ အနိစ္စဟု–ဒုက္ခဟု–အနတ္တဟု–ရှုသောအလိုအားဖြင့်၊ သင်္ခါရ အာရုံကိုမယူချင်းကြောင့်၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဟူသော အရေအတွက်သို့လည်းမရောက်။ နိဗ္ဗာန်ကိုအာရုံပြုသော်လည်း၊ ကိလေသာကိုမကုန်စေချင်းကြောင့်၊ ဉာဏဒဿနဝိသုဒ္ဓိဟူသော အရေအတွက်သို့လည်းမရောက်။ ထို့ကြောင့်၊ စက္ခုဝိညာဏ်၏ရူပါရုံကို။ သောတဝိညာဏ်၏သဒ္ဒါရုံကို။ ဃာနဝိညာဏ်၏ဂန္ဓာရုံကို။ ဇိဝှါဝိညာဏ်၏ရသာရုံကို။ ကာယဝိညာဏ်၏ဖောဋ္ဌဗ္ဗာရုံကို။ အာရုံဟုပြသော၊ စက္ခုဝိညာဏ်၏ ဒဿနကိစ္စကို။ သောတဝိညာဏ်၏သဝနကိစ္စကို။ ဃာနဝိညာဏ်၏ ဃာယနကိစ္စကို။ ဇိဝှါဝိညာဏ်၏သာယနကိစ္စကို။ ကာယဝိညာဏ်၏ဖုသနကိစ္စကို၊ ကိစ္စဟုပြသော၊ ကြိယာမနောဓာတ်ကို၊ ပဉ္စဝိညာဏဓာတ်၏ပဉ္စဒွါရာဝဇ္ဇန်းကိစ္စ၊ အရာဌာနကျ၏ဟူ၍၊ ဆိုအပ်သကဲ့သို့။ ထို့အတူ၊ သောတာပတ္တိမဂ်၏အာရုံကို။ သကဒါဂါမိမဂ်၏အာရုံကို။ အနာဂါမိမဂ်၏အာရုံကို။ အရဟတ္တမဂ်၏အာရုံကို။ နိဗ္ဗာန်ဟုပြသော၊ သောတာပတ္တိမဂ်၏သန္တိကာတဗ္ဗကို။ သကဒါဂါမိမဂ်၏ သန္တိကာတဗ္ဗကို။ အနာဂါမိမဂ်၏ သန္တိကာတဗ္ဗကို။ အရဟတ္တမဂ်၏ သန္တိကာတဗ္ဗကို။ ကိစ္စဟုပြသော၊ ထိုဂေါတြဘုဉာဏ်ကိုလည်း၊ မဂ်၏ မနောဒွါရာဝဇ္ဇန်းကိစ္စ၊ အရာဌာနကျ၏ဟူ၍ ဆိုအပ်၏။ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ ၂-ပါးစုံတို့၏၊ လက္ခဏာ၏မရှိချင်းကြောင့်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိ ၂-ပါးတို့၏ အကြားၶ၌၊တကယ်ပင်တည်း၊ ဝိသုဒ္ဓိဟူ၍လည်းမခေါ်ဝေါ်လောက်။ ထိုသို့ပင်မခေါ်ဝေါ်လောက်သော်လည်း၊ အပြီးအဆုံးဖြစ်သော၊ ဂေါတြဘုဝုဋ္ဌာနဂါမိနီဝိပဿနာ၏၊ ဝိပဿနာ အဘို့ရှိသည်၏အဖြစ်ဖြင့်၊ဝိပဿနာအယဉ်၌၊ ကျသည်၏အဖြစ်ကြောင့်၊ ထိုဂေါတြဘုဉာဏ်သည်လည်း၊ ဝိပဿနာဟူသော အရေအတွက်သို့ ရောက်၏။ ဤသို့ ဝိပဿနာဟူသော အရေအတွက်သို့ရောက်သော၊ ထိုဂေါတြဘုဉာဏ်သည်လည်း၊ဝိပဿနာအပြီးအဆုံးဖြစ်သည်ရှိသော်၊ ခေတ်ကာလကလည်းဌာနမသက်၊မဂ်သို့လည်းမရောက်၊နောက်အဘယ် သို့ပြုရမည်နည်းဟု၊ မမေးသော်လည်းမေး၍ဖြေသလို။ ထို ၄-ပါးသော မဂ်ဉာဏ်တို့တွင်၊ ပဌမ မဂ်ဉာဏ်ကို၊ရှေးဦးစွာပြီးစေလိုသော၊ ယောဂီ ပုဂ္ဂိုလ်သည်ကား၊ တပါးသော ကိစ္စတစုံတခု၊ ပြုအပ်သော မည်သည်

မရှိ။အကြင်ပြုအပ်သောကိစ္စကိုသာလျှင်၊ ဤယောဂီပုဂ္ဂိုလ်သည်၊ပြုအပ်သည်ဖြစ်အံ့၊ ထိုပြုအပ်သော ကိစ္စသည်လည်း၊ အနုလုံ အဆုံးရှိသော ဝိပဿနာကို၊ ဖြစ်စေကတည်းက၊အပြီးအဆုံးကျတော့သည်ပင်တည်း။

> တံ မဂ္ဂဿ အာဝဇ္ဇနဋ္ဌာနိယတ္တာ နေဝ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိံ န ဉာဏဒဿနဝိသုဒ္ဓိံ ဘဇတိ။ အန္တရာ အဗ္ဗောဟာရိကမေဝ ဟောတိ။ ဝိပဿနာသောတေ ပတိတတ္တာ ပန ဝိပဿနာတိ သင်္ချံ ဂစ္ဆတိ။ သောတာပတ္တိမဂ္ဂေါ-သကဒါဂါမိမဂ္ဂေါ-အနာဂါမိမဂ္ဂေါ-အရဟတ္တ မဂ္ဂေါတိ ဣမေသု ပန စတူသု မဂ္ဂေသု ဉာဏံ ဉာဏဒဿနဝိသုဒ္ဓိနာမ။ တတ္ထ ပဌမ မဂ္ဂဉာဏံ တာဝ သမ္ပာဒေတုကာမေန အညံ ကိဉ္စိ ကာတဗ္ဗံ နာမ နတ္ထိ၊ ယဉှိ အနေန ကာတဗ္ဗံ သိယာ။ တံ အနုလောမာဝသာနံ ဝိပဿနံ ဥပ္ပါဒေန္တေန ကတမေဝ။

တံ၊ ထိုဂေါတြဘုဉာဏ်သည်။ မဂ္ဂဿ၊ မဂ်၏။ အာဝဇ္ဇနဋ္ဌာနိယတ္တာ၊ အာဝဇ္ဇန်းကိစ္စ၊ အရာဌာနကျသည်၏ အဖြစ်ကြောင့်။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိံ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့။ နေဝဘဇတိ၊ မကပ်။ ဉာဏဒဿနဝိသုဒ္ဓိံ၊ ဉာဏဒဿနဝိသုဒ္ဓိသို့။ နဘဇတိ၊ မကပ်။ အန္တရာ၊ အကြားး၌။ အဗ္ဗောဟာရိကမေဝ၊ မခေါ်ဝေါ်လောက်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝိပဿနာသောတေ၊ ဝိပဿနာအယဉ်၌။ ပတိတတ္တာ ပန၊ ကျသည်၏အဖြစ်ကြောင့်ကား။ ဝိပဿနာတိသင်္ချံ၊ ဝိပဿနာဟူသော အရေအတွက်သို့။ ဂစ္ဆတိ၊ ရောက်၏။ သောတာပတ္တိမဂ္ဂေါ၊ သောတာပတ္တိမဂ်။ သကဒါဂါမိမဂ္ဂေါ၊ သကဒါဂါမိမဂ်။ အနာဂါမိမဂ္ဂေါ၊ အနာဂါမိမဂ်။ အရဟတ္တ မဂ္ဂေါ၊ အရဟတ္တမဂ်။ ဣတိ၊ ဤသို့။ ဣမေသု ပန စတူသုမဂ္ဂေသု၊ ဤလေးပါးသောမဂ်တို့၌။ ဉာဏံ၊ ဉာဏ်သည်။ ဉာဏဒဿနဝိသုဒ္ဓိ နာမ၊ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ တတ္ထ၊ ထိုလေးပါးသော မဂ်ဉာဏ်တို့တွင်။ ပဌမ မဂ္ဂဉာဏံ၊ ပဌမ မဂ်ဉာဏ်ကို။ တာဝ၊ ရှေးဦးစွာ။ သမ္ပာဒေတုကာမေန၊ ပြီးစေလိုသော။ ယောဂိနာ၊ ယောဂီပုဂ္ဂိုလ်သည်။ အညံ၊ တပါးသော။ ကိဉ္စိ၊ ကိစ္စတစုံတခုသည်။ ကာတဗ္ဗံနာမ၊ပြုအပ်သောမည်သည်။ နတ္ထိ၊ မရှိ။ ယဉှိယံဝေ ကိစ္စံ၊ အကြင်ပြုအပ်သောကိစ္စကိုသာလျှင်။ အနေန ယောဂိနာ၊ ဤယောဂီ ပုဂ္ဂိုလ်သည်။ ကာတဗ္ဗံ၊ ပြုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ တံတဉ္စကိစ္စံ၊

ထိုပြုအပ်သော ကိစ္စသည်လည်း။ အနုလောမာဝသာနံ၊ အနုလုံအဆုံးရှိသော။ ဝိပဿနံ၊ဝိပဿနာကို။ ဥပ္ပါဒေန္တေန၊ဖြစ်စေသဖြင့်။ ကတမေဝ၊ ပြီးတော့သည်သာလျှင်တည်း။

ဤသို့ ဖြစ်ပြီးသောအနုလောမဉာဏ်ရှိသော၊ ဤယောဂီပုဂ္ဂိုလ်၏၊ စတုတ္ထဇောစိတ်သည်ကား၊ ပရိကံ-ဥပစာ-အနုလုံ၊ ဤသုံးကြိမ်သော အနုလောမဉာဏ်တို့သည်လည်း၊ မိမိ မိမိအစွမ်းအားလျော်စွာ၊ ထူထဲသောကိလေသာမောဟတမ၊ မထူမပါးသော-ကိလေသာမောဟတမ၊ ပါးသော-လွှာသောကိလေသာမောဟတမ၊နိဗ္ဗာန်ကိုဖုံးအုပ်၍ကျသော၊ သုံးဌာန အမိုက်မှောင်ကိုလည်းပယ်၍၊ ကွယ်စေအပ်ပြီးသည် ရှိသော်၊ အလုံးစုံသောသင်္ခါရအပေါင်းတို့၌၊ ပြေးဝင်မှုလည်းမပြေးဝင်။ တည်မှုလည်းမတည်။ နှလုံးသွင်းမှုလည်း နှလုံးမသွင်း။ ကပ်မှုလည်းမကပ်။ ငြိမှုလည်း မငြိ။ ဖွဲ့မှုလည်းမဖွဲ့။ကြာဘက်မှ၊ မိုးယိုရေပေါက်၊တွန့်ဆုတ်လျောကျသကဲ့သို့၊ တွန့်ဆုတ်လျောကျမှုလည်း တွန့်ဆုတ်လျောကျ၏။ စင်ကျမှုလည်းစင်ကျ၏။ လိမ့်ကျမှုလည်းလိမ့်ကျ၏။ ခပ်သိမ်း ဥဿုံအလုံးစုံ၊ကိုယ်မှုအပြုအပြင်အစီအရင်၊နှုတ်မှုအပြုအပြင်အစီအရင်၊စိတ်မှုအပြုအပြင်အစီအရင်၊ ငါထင်သောနိမိတ္တ။ ခပ်သိမ်းဥဿုံအလုံးစုံ၊ဘဝအလျဉ်-ဘဝင်အစဉ်၊ ချမ်းသာထင်သောပဝတ္တ၊ သင်္ခါရအာရုံသည်လည်း၊နှောင့်ရှက်ပိတ်ပင်သောအားဖြင့်ထင်၏။ထိုအခါကာလ၊ ခပ်သိမ်းဥဿုံအလုံးစုံ၊နိမိတ္တ-ပဝတ္တ၊သင်္ခါရအာရုံသည်လည်း၊ဤယောဂီပုဂ္ဂိုလ်အား၊ နှောင့်ရှက်ပိတ်ပင်သောအားဖြင့်ထင်သည်ရှိသော်၊ အနုလောမဉာဏ်၏၊အာသေဝနအဆုံး၌၊ ကိုယ်မှု အပြုအပြင်အစီအရင်၊နှုတ်မှုအပြုအပြင်အစီအရင်၊စိတ်မှုအပြုအပြင်အစီအရင်၊ ငါထင်သောနိမိတ္တလည်းမရှိသော။ ဘဝအလျဉ်-ဘဝင်အစဉ်၊ ချမ်းသာထင်သောပဝတ္တလည်းမရှိသော။ နောင်အသစ်အသစ်၊ အကျိုးဖြစ်ချင်း၌မထိုက်သောဝိညာဏ်၏၊ အကြောင်းပစ္စည်း၊သင်္ခါရမှုလည်း ကင်းသော။သင်္ခါရမှုလည်းကင်းချင်းကြောင့်၊ နောင်အသစ် အသစ်၊ အကျိုးဖြစ်ချင်း၌ မထိုက်သော။ ဝိညာဏ်-နာမ်ရုပ်- သဠာယတန-ဖဿ-ဝေဒနာ၊ အကျိုးပဉ္စက၊ ဘဝတဖန်-ခန္ဓာနာမ်ရုပ်၊ ချုပ်သောနိဗ္ဗာန်ကိုလည်း အာရုံပြုသော။ ပုထုဇန်တို့၏အနွယ်၊ ပုထုဇန်တို့၏ အရေအတွက်၊ ပုထုဇန်တို့၏ ဖြစ်ရာဘုံကိုလည်းလွန်သော။ အရိယာတို့၏ အနွယ်၊ အရိယာတို့၏ အရေအတွက်၊

အရိယာတို့၏ ဖြစ်ရာဘုံသို့လည်း သက်သော။ ဘဝ အသင်္ချေ-မှရေတွက်နိုင်ရာက၊ ဘယ်အခါကာလမှမတွေ့မကြုံ၊ ယခုမှတွေ့ကြုံသော နိဗ္ဗာန် အာရုံ၌လည်း၊ ရှေးဦးစွာ လှည့်လည်၊ ရှေးဦးစွာ သုံးဆောင်၊ ရှေးဦးစွာမှတ်သော၊ မဂ်၏ရှေ့က၊အခြားမဲ့၌သာ၊ အနန္တရ-သမနန္တရ-အာသေဝန-ဥပနိဿယ-နတ္ထိ-ဝိဂတ၊ ခြောက်ပါးသော အခြင်း အရာတို့ဖြင့်၊ အားပေး ချီးမြှောက်ထောက်ပင့်သော။ ပစ္စည်းတို့၏အဖြစ်ကိုလည်းပြီးစေသော။ ဝိပဿနာ၏အထွဋ်အထိပ်သို့ ရောက်သည်ဖြစ်၍၊ ဝိပဿနာ၏၊ ဦးထိပ်သဘွယ် ဖြစ်၍လည်း ဖြစ်သော။ ပုထုဇန် တဖန် တခေါက်၊ နောက်ပြန်မရောက်သော၊ ဂေါတြဘူဉာဏ်ဖြစ်၏။

ဧဝံ ဥပ္ပန္န အနုလောမ ဉာဏဿ ပနဿ တေဟိ တီဟိပိ အနုလောမဉာဏေဟိ အတ္တနော ဗလာနုရူပေန ထူလထူလေ သစ္စပဋိစ္ဆာဒကေ တမမှိ အန္တရဓာပိတေ သဗ္ဗသင်္ခါရဂတေသု စိတ္တံ န ပက္ခန္ဒတိ န သန္တိဋ္ဌတိ နာဓိမုစ္စတိ န သဇ္ဇတိ န လဂ္ဂတိ န ဗဇ္ဈတိ ပဒုမပလာသတော ဥဒကံ ဝိယ ပဋိလီယတိ ပဋိကုဋ္ဋတိ ပဋိဝဋ္ဋတိ။ သဗ္ဗံ နိမိတ္တာရမ္မဏမ္ပိ သဗ္ဗံ ပဝတ္တာရမ္မဏမ္ပိ ပလိဗောဓတော ဥပဋ္ဌာတိ။ အထဿ သဗ္ဗသ္မိံ နိမိတ္တပဝတ္တာရမ္မဏေ ပလိဗောဓတော ဥပဋ္ဌိတေ အနုလောမဉာဏဿ အာသေဝနန္တေ အနိမိတ္တံ အပ္ပဝတ္တံ ဝိသင်္ခါရံ နိရောဓံ နိဗ္ဗာနံ အာရမ္မဏံ ကုရုမာနံ၊ ပုထုဇ္ဇနဂေါတ္တံ ပုထုဇ္ဇနသင်္ခံ ပုထုဇ္ဇနဘူမိံ အတိက္ကမမာနံ အရိယဂေါတ္တံ အရိယသင်္ခံ အရိယဘူမိံ ဩက္ကမမာနံ၊နိဗ္ဗာနာရမ္မဏေ ပဌမာဝဇ္ဇန ပဌမာဘောဂ ပဌမသမန္နာဟာရဘူတံ အနန္တရ သမနန္တရာသေဝန ဥပနိဿယ နတ္ထိ ဝိဂတဝသေန ဆဟာကာရေဟိ ပစ္စယဘာဝံ သာဓယမာနံ သိခါပတ္တံ ဝိပဿနာယ မုဒ္ဓဘူတံ အပုနရာဝဋ္ဋကံ ဥပ္ပဇ္ဇတိ ဂေါတြဘူဉာဏံ။

ဧဝံ၊ ဤသို့။ ဥပ္ပန္နအနုလောမ ဉာဏဿ၊ ဖြစ်ပြီးသော အနုလောမဉာဏ်ရှိသော။ အဿ ဣမဿ ပန ယောဂိနော၊ ဤယောဂီပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ တေဟိတီဟိပိ အနုလောမဉာဏေဟိ၊ ထိုအနုလောမဉာဏ်သုံးကြိမ်တို့သည်လည်း။ အတ္တနော ဗလာနုရူပေန၊ မိမိ မိမိ၏

အစွမ်းအားလျော်စွာ။ ထုလထုလေ၊ ထုထဲသေား။ သဗ္ဗပဋိသန္ဓာဒေကော၊ နိရောဓ သဗ္ဗာကိုဖုံးအုပ်သော။ တမမ္ဓိ၊ အမိုက်မှောင်ကို။ အန္တရဓာပိတော၊ ကွယ်စေအပ်ပြီးသည်ရှိသော်။ သဗ္ဗသင်္ခါရဂတေသု၊ အလုံးစုံသောသင်္ခါရတို့၌။ နပက္ခန္ဒတိ၊ မပြေးဝင်။ နသန္တိဋ္ဌတိ၊ မတည်။ နာဓိမုစ္စတိ၊ နှလုံးမသွင်း။ နသဇ္ဇတိ၊ မကပ်။ နလဂ္ဂတိ၊ မငြိ။ နဗဇ္ဈတိ၊ မဖွဲ့။ ပဒုမပလာသတော၊ ကြာဘက်မှ။ ဥဒကံဗိယ၊ ရေစက်ကဲ့သို့။ ပဋိလီယတိ၊ တွန့်ဆုတ်လျော့ကျ၏။ ပဋိကုဋတိ၊ စင်ကျ၏။ ပဋိဝဋ္ဋတိ၊ လိမ့်ကျ၏။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံအလုံးစုံ။ နိမိတ္တာရမ္မဏမ္ပိ၊ နိမိတ္တသင်္ခါရအာရုံသည်လည်းကောင်း။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံအလုံးစုံ။ ပဝတ္တာရမ္မဏမ္ပိ၊ ပဝတ္တသင်္ခါရအာရုံသည်လည်းကောင်း။ ပလိဗောဓတော၊ နှောင့်ယှက်ပိတ်ပင်သောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။ အထတသ္မိံကာလေ၊ ထိုအခါ၌။ သဗ္ဗသ္မိံ၊ ခပ်သိမ်းဥဿုံအလုံးစုံ။ နိမိတ္တ ပဝတ္တာရမ္မဏေ၊ နိမိတ္တ ပဝတ္တသင်္ခါရအာရုံသည်။ အသဿဏုမသဿယောဂိနော၊ ဤယောဂီအား။ ပလိဗောဓတော၊ နှောင့်ယှက် ပိတ်ပင်သောအားဖြင့်။ ဥပဋ္ဌိတေ၊ ထင်သည်ရှိသော်။ အနုလောမဉာဏဿ၊ အနုလောမဉာဏ်၏။ အာသေဝနန္တေ၊ အာသေဝနအဆုံး၌။ အနိမိတ္တံ၊ နိမိတ်လည်းမရှိသော။ အပ္ပဝတ္တံ၊ ပဝတ္တလည်းမရှိသော။ ဝိသင်္ခါရံ၊ သင်္ခါရမှလည်း ကင်းသော။ နိရောဓံ၊ ချုပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏံကုရုမာနံ၊ အာရုံပြုသော။ ပုထုဇ္ဇနဂေါတ္တံ၊ ပုထုဇန်တို့၏အနွယ်ကို။ ပုထုဇ္ဇနသင်္ခံ၊ ပုထုဇန်တို့၏အရေအတွက်ကို။ ပုထုဇ္ဇနဘူမိံ၊ ပုထုဇန်တို့၏ ဖြစ်ရာဘုံကို။ အတိက္ကမမာနံ၊ လွန်သော။ အရိယဂေါတ္တံ၊ အရိယာတို့၏ အနွယ်သို့။ အရိယသင်္ခံ၊ အရိယာတို့၏ အရေအတွက်သို့။ အရိယဘူမိံ၊ အရိယာတို့၏ဖြစ်ရာဘုံသို့။ ဩက္ကမမာနံ၊ သက်သော။ နိဗ္ဗာနာရမ္မဏေ၊ နိဗ္ဗာန်အာရုံ၌။ ပဌမာဝဋ္ဋနပဌမာဘောဂ ပဌမသမန္နာဟာရဘူတံ၊ ရှေးဦးစွာလှည့်လည်၊ ရှေးဦးစွာ သုံးဆောင်၊ ရှေးဦးစွာ မှတ်သော။ အနန္တရ သမနန္တရာသေဝန ဥပနိဿယနတ္ထိဝိဂတဝသေန၊ အနန္တရ-သမနန္တရ-အာသေဝန-ဥပနိဿယ-နတ္ထိ-ဝိဂတတို့၏ အလိုအားဖြင့်။ ဆဟာကာရေဟိ၊ ခြောက်ပါးသောအခြင်းအရာတို့ဖြင့်။ ပစ္စယဘာဝံ၊ ပစ္စည်းတို့၏ အဖြစ်ကို။ သာဓယမာနံ၊ ပြီးစေသော။ သိခါပတ္တံ၊ အထွဋ်အထိပ်သို့ ရောက်သော။ ဝိပဿနာယ၊ ဝိပဿနာ၏။ မုဒ္ဓဘူတံ၊ ဦးထိပ်သဘွယ်

ဖြစ်၍လည်းဖြစ်သော။ အပုနရာဝဋ္ဋကာံ၊ ပုထုဇဉ်တဖန်တခါက်၊ နောက်ပြန်မရောက်သော။ ဂေါတြဘူဉာဏ်၊ ဂေါတြဘူဉာဏ်သည်။ ဥပ္ပန္နတိ၊ ဖြစ်၏။

ဂေါတြဘူဉာဏ်၏ အဆုံး၌၊ ယောဂီ ပုဂ္ဂိုလ်ဟူသမျှ၊ ဆိုက်ရောက်သော မဂ်ဉာဏ်ဖြင့်တည်ကြပုံကား။ မြောင်းကိုချန်၍၊ ထိုမှာဘက်ကမ်း၌တည်လိုသော ယောကျ်ား သည်ကား၊ အဝေး ကတည်းက၊ တဟုန်တည်းပြေးလာ၍၊ မြောင်း၏ ဤမှာဘက်သစ်ကိုင်း၌ ဖွဲ့ချည်၍ ဆွဲသော၊ ကြိုးကိုသော်၎င်း၊ ဒုတ်ကိုသော်၎င်း၊ ကိုင်၍ချန်၍၊ ထိုမှာဘက် ကမ်းသို့ ညွတ်သော–ကိုင်းသော-ရှိုင်းသော ကိုယ်ရှိသည်ဖြစ်၍၊ ထိုမှာဘက် ကမ်း၏ အထက်အတိုင်းသို့ ရောက်သည့်ရှိသော်၊ ထိုကိုင်သောကြိုးကို သော်၎င်း၊ ဒုတ်ကိုသော်၎င်း၊ လွှတ်၍၊ တုန်လှုပ်လျက်၊ ထိုမှာဘက် ကမ်း၌ကျ၍၊ တဖြေးဖြေး တည်သကဲ့သို့။ ထို့အတူ၊ ဘဝ-ယောနိ-ဂတိ-ဌီတိ-နိဝါသတို့၏၊ ထိုမှာဘက် ကမ်းသဘွယ် ဖြစ်၍ ဖြစ်သော နိဗ္ဗာန်၌၊ တည်လိုသော ဤယောဂီ ပုဂ္ဂိုလ်သည်လည်း၊ ဥဒယဗ္ဗယာနုပဿနာ အစရှိသည်ဖြင့်၊ ပေးသောနည်းပြ၊ အဝေး ကတည်းက၊ ဥဒယဗ္ဗယဉာဏ်–ဘင်္ဂဉာဏ်- ဘယဉာဏ်-အာဒီနဝဉာဏ်-နိဗ္ဗိဒါဉာဏ် မုဉ္စိတုကမျတာဉာဏ်-ပဋိသင်္ခါဉာဏ်-သင်္ခါရုပေက္ခာ ဉာဏ်အားဖြင့်၊ ရှစ်ပါးသောဉာဏ်အစဉ်၊ ပြီးဆုံးကုန်အောင်၊ တဟုန်တည်းပြေးလာ၍၊ ယခုလက်ရှိ၊ မိမိ အတ္တဘောတည်းဟူသော၊ ဤမှာဘက် သစ်ကိုင်း၌၊ ဖွဲ့ချည်၍ဆွဲသော၊ ရုပ်ကြိုးသင်္ခါရကိုသော်၎င်း။ ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်၊ လေးပါးတို့တွင်၊ တပါးပါးသော၊ ဒုတ်သင်္ခါရကိုသော်၎င်း၊ အနိစ္စ–ဤသို့သော်၎င်း။ ဒုက္ခ– ဤသို့သော်၎င်း။ အနတ္တ–ဤသို့သော်၎င်း။ ဤသို့ အနုလောမ အာဝဇ္ဇန်းဖြင့် ကိုင်၍။ အနုလောမအာဝဇ္ဇန်းဖြင့် ကိုင်သော၊ ထိုသင်္ခါရကိုမလွှတ်မူ၍ သာလျှင်၊ အနိစ္စ-ဤသို့သော်၎င်း။ ဒုက္ခ-ဤသို့သော်၎င်း။ အနတ္တ-ဤသို့သော်၎င်း။ ဤသို့ ပဌမ အနုလောမ စိတ်ဖြင့်ချန်၍။ ထိုမှာဘက်ကမ်းသို့၊ ညွတ်သော-ကိုင်းသော-ရှိုင်းသော ကိုယ်ရှိသော ယောကျ်ားကဲ့သို့၊ ထို့အတူ၊ အနိစ္စ-ဤသို့သော်၎င်း။ ဒုက္ခ– ဤသို့သော်၎င်း။ အနတ္တ- ဤသို့သော်၎င်း။ ဤသို့ ဒုတိယ အနုလောမစိတ်ဖြင့်၊ နိဗ္ဗာန်သို့၊ ညွတ်သော- ကိုင်းသော- ရှိုင်းသော

စိတ်ရှိသည့်ဖြစ်၍၊ ထိုမှာဘက်ကမ်း၏ အထက်အဘို့သို့ ရောက်သော ယောက်ျားကဲ့သို့။ ထို့အတူ၊ အနိစ္စ-ဤသို့သော်၎င်း။ ဒုက္ခ-ဤသို့သော် ၎င်း။ အနတ္တ-ဤသို့သော်၎င်း၊ ဤသို့ တတိယအနုလောမစိတ်ဖြင့်၊ ယခု ရောက်လတံ့သော နိဗ္ဗာန်နှင့် နီးသည်ဖြစ်၍၊ ထိုတတိယ အနုလောမ စိတ်၏ ချုပ်ချင်းကြောင့်၊ ချုပ်သော တတိယအနုလောမစိတ်၏၊ ထို သင်္ခါရအာရုံကို လွှတ်၍၊ ဂေါတြဘူစိတ်ဖြင့်၊ နောင်အသစ် အသက်၊ အကျိုးဖြစ်ချင်း၌ မထိုက်သောဝိညာဏ်၏၊ အကြောင်းပစ္စည်း၊ သင်္ခါရ မှလည်းကင်းသော၊ ဘဝ-ယောနိ-ဂတိ ဌိတိ-နိဝါသတို့၏၊ ထိုမှာဘက် ကမ်းသဘွယ် ဖြစ်၍လည်း ဖြစ်သော နိဗ္ဗာန်၌၊ အကြင်ယောဂီပုဂ္ဂိုလ် သည်ကျ၏။ ထိုယောဂီ ပုဂ္ဂိုလ် သည်လည်း၊ တကြိမ်တည်း ပြုသော နိဗ္ဗာန်အာရုံ၌၊ အာသေဝန ပစ္စည်းမရသည်၏ အဖြစ်ကြောင့်၊ တုန်လှုပ် သော ထိုယောက်ျားကဲ့သို့၊ ဂေါတြဘူစိတ်ဖြင့်မတည်သေး။ ထိုဂေါတြ ဘူ၏နောက်မှ၊ မဂ်ဉာဏ်ဖြင့်တည်၏။

ယထာဟိ မဟာမာတိကံ လင်္ဃိတွာ ပရတီရေ ပတိဋ္ဌာတု ကာမော ပုရိသော ဝေဂေန ဓာဝိတွာ မာတိကာယ ဩရိမ တီရေ ရုက္ခသာခါယ ဗန္ဓိတွာ ဩလမ္ဗိတံ ရဇ္ဇုံ ဝါ ယဋ္ဌိံ ဝါ ဂဟေတွာ ဥလ္လင်္ဃိတွာ ပရတီရဿ ဥပရိဘာဂံ ပတ္တော တံ မုဉ္စိတွာ ဝေဓမာနော ပရတီရေ ပတိတွာ သဏိကံ ပတိဋ္ဌာတိ။ ဧဝမေဝါယံ ယောဂါဝစရောပိ ဘဝယောနိဂတိဋ္ဌိတိနိဝါသာနံ ပရတီရဘူတေ နိဗ္ဗာနေ ပတိဋ္ဌာတုကာမော ဥဒယဗ္ဗယာ နုပဿ နာဒိနာ ဝေဂေန ဓာဝိတွာ အတ္တဘာဝ ရုက္ခသာခါယ ဗန္ဓိတွာ ဩလမ္ဗိတံ ရူပရဇ္ဇုံ ဝါ ဝေဒနာဒီသု အညတရယဋ္ဌိံ ဝါ အနိစ္စန္တိ ဝါ ဒုက္ခန္တိ ဝါ အနတ္တာတိ ဝါတိ အနုလောမာဝဇ္ဇနေန ဂဟေတွာ တံ အမုဉ္စမာနောဝ ပဌမေန အနုလောမစိတ္တေန ဥလ္လင်္ဃိတွာ ဒုတိယေန ပရတီရနိန္နပေါဏ ပဗ္ဘာရကာယော ဝိယ နိဗ္ဗာနနိန္နပေါဏ ပဗ္ဘာရမာနသော ဟုတွာ တတိယေန ပရတီရဿ ဥပရိဘာဂံ ပတ္တော ဝိယ ဣဒါနိ ပတ္တဗ္ဗဿ နိဗ္ဗာ နဿ အာသန္နော ဟုတွာ တဿ စိတ္တဿ နိရောဓေန တံ သင်္ခါရာရမ္မဏံ မုဉ္စိတွာ ဂေါတြဘူစိတ္တေန ဝိသင်္ခါရေ ပရတီရ

ဘူတေ နိဗ္ဗာနေ ပတတိ၊ ဇောဂရမ္မဏော ပန အလဒ္ဓါသေဝနံ
တာယ ဝေဓမာနော သော ပုရိသော ဝိယ န တာဝ သုပ္ပတိဋ္ဌိ
တော ဟောတိ၊ တတော မဂ္ဂဉာဏေန ပတိဋ္ဌာတိ။

ယထာဟိ၊ ဥပမာမည်သည်ကား။ မဟာမာတိကံ၊ မြောင်းကို။
လင်္ဃိတွာ၊ ခုန်၍။ ပရတီရေ၊ ထိုမှာဘက်ကမ်း၌။ ပတိဋ္ဌာတုကာမော၊
တည်လိုသော။ ပုရိသော၊ ယောကျာ်းသည်။ ဝေဂေန၊ တဟုန်တည်းဖြင့်။
ဓာဝိတွာ၊ ပြေး၍။ မာတိကာယ၊ မြောင်း၏။ ဩရိမတီရေ၊ ဤမှာဘက်
ကမ်း၌။ ရုက္ခသာခါယ၊ သစ်ကိုင်း၌။ ဗန္ဓိတွာ၊ ဖွဲ့၍။ ဩလမ္ဗိတံ၊ ဆွဲသော။
ရဇ္ဇုံ ဝါ၊ ကြိုးကိုသော်၎င်း။ ယဋ္ဌိံ ဝါ၊ ဒုတ်ကိုသော်၎င်း။ ဂဟေတွာ၊
ကိုင်၍။ ဥလ္လင်္ဃိတွာ၊ ခုန်၍။ ပရတီရနိန္နပေါဏပဗ္ဘာရကာယော၊ ထိုမှာ
ဘက်ကမ်းသို့၊ ညွတ်သော- ကိုင်းသော-ရှိုင်းသော ကိုယ်ရှိသည်။
ဟုတွာ၊ ဖြစ်၍။ ပရတီရဿ၊ ထိုမှာဘက် ကမ်း၏။ ဥပရိဘာဂံ၊ အထက်
အဖို့သို့။ ပတ္တော၊ ရောက်သည်ရှိသော်။ တံ၊ ထို ကိုင်သော ကြိုးကို
သော် လည်းကောင်း၊ ဒုတ်ကို သော်လည်းကောင်း။ မုဉ္စိတွာ၊ လွှတ်၍။
ဝေဓမာနော၊ တုန်လှုပ်လျက်။ ပရတီရေ၊ ထိုမှာဘက်ကမ်း၌။ ပတိတွာ၊
ကျ၍။ သဏိကံ၊ တဖြေးဖြေး။ ပတိဋ္ဌာတိ ယထာ၊ တည်သကဲ့သို့။
ဧဝမေဝ၊ ဤအတူသာလျှင်။ ဘဝယောနိဂတိဋ္ဌိတိနိဝါသာနံ၊ ဘဝ-
ယောနိ-ဂတိ-ဋ္ဌိတိ-နိဝါသတို့၏၊ ပရတီရဘူတေ၊ ထိုမှာဘက်ကမ်း
သဘွယ်ဖြစ်၍ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ပတိဋ္ဌာတုကာမော၊ တည်လို
သော။ အယံ ယောဂါဝစရောပိ၊ ဤယောဂီပုဂ္ဂိုလ်သည်လည်း။ ဥဒယဗ္ဗ
ယာနုပဿနာဒိနာ၊ ဥဒယဗ္ဗယဉာဏ် အစရှိသော အဝေးကကတည်းက။
ဝေဂေန၊ တဟုန်တည်းဖြင့်။ ဓာဝိတွာ၊ ပြေး၍။ အတ္တဘာဝရုက္ခသာခါယ၊
အတ္တဘောတည်းဟူသော ဤမှာဘက်သစ်ကိုင်း၌။ ဗန္ဓိတွာ၊ ဖွဲ့၍။ ဩလမ္ဗိ
တံ၊ ဆွဲသော။ ရူပရဇ္ဇုံ ဝါ၊ ရုပ်ကြိုးသင်္ခါရကိုသော်လည်းကောင်း။ ဝေဒနာ
ဒိသု၊ ဝေဒနာစသည်တို့တွင်။ အညတရယဋ္ဌိံ ဝါ၊ တပါးပါးသော ဒုတ်
သင်္ခါရကို သော်လည်းကောင်း။ အနိစ္စံ၊ အနိစ္စ။ ဣတိ ဝါ၊ ဤသို့သော်၎င်း။
ဒုက္ခံ၊ ဒုက္ခ။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ အနတ္တာ၊ အနတ္တ။ ဣတိ ဝါ၊ ဤသို့သော်
၎င်း။ ဣတိ၊ ဤသို့။ အနုလောမာဝဇ္ဇနေန၊ အနုလောမအာဝဇ္ဇန်းဖြင့်။
ဂဟေတွာ၊ ကိုင်၍။ တံ၊ ထိုအနုလောမအာဝဇ္ဇန်းဖြင့်ကိုင်သော သင်္ခါရ

ကို။ အရုဠှမာနေ၁ဝ၊ မလွှတ်ဘဲသာလျှင်။ ပဌမေနအနုလောမစိတ္တေန၊ ပဌမအနုလောမစိတ်ဖြင့်။ ဥလ္လုမ်ိတွာ၊ချန်၍။ပရဂ်ိရနိန္နပေါဏပဗ္ဘာရကာယောဝိယ၊ ထိုမှာဘက်ကမ်းသို့၊ညွတ်သော-ကိုင်းသော-ရှိုင်းသောကိုယ်ရှိသော ယောကျ်ားကဲ့သို့။ ဒုတိယေနအနုလောမစိတ္တေန၊ ဒုတိယအနုလောမစိတ်ဖြင့်။ နိဗ္ဗာနနိန္နပေါဏပဗ္ဘာရမာနသော၊ နိဗ္ဗာန်သို့ညွတ်သော-ကိုင်းသော-ရှိုင်းသောစိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပရတီရဿ၊ ထိုမှာဘက်ကမ်း၏။ ဥပရိဘာဂံ၊အထက်အဘို့သို့။ ပတ္တောဝိယ၊ ရောက်သောယောကျ်ားကဲ့သို့။ တတိယေနအနုလောမစိတ္တေန၊ တတိယအနုလောမစိတ်ဖြင့်။ ဇာဒါနိ၊ ယခု။ ပတ္တဗ္ဗဿ၊ ရောက်လတံ့သော။ နိဗ္ဗာနဿ၊နိဗ္ဗာန်၏။ အာသန္နော၊ အနီးသည်။ ဟုတွာ၊ ဖြစ်၍။ တဿစိတ္တဿ၊ ထိုတတိယအနုလောမစိတ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ တံအာရမ္မဏံ၊ ထိုဖြစ်သော တတိယအနုလောမစိတ်၏ သင်္ခါရ အာရုံကို။ မုဉ္စိတွာ၊ လွှတ်၍။ ဂေါတြဘုစိတ္တေန၊ ဂေါတြဘုစိတ်ဖြင့်။ ဝိသင်္ခါရေ၊ သင်္ခါရမှလည်းကင်းသော။ ပရတီရဘူတေ၊ ထိုမှာဘက်ကမ်းသဘွယ်ဖြစ်၍လည်းဖြစ်သော။ နိဗ္ဗာနေ၊နိဗ္ဗာန်၌။ပတတိ၊ကျ၏။ဧကာရမ္မဏေပန၊တကြိမ်တည်းပြုသော နိဗ္ဗာန်အာရုံ၌။ အလဒ္ဓါသေဝနတာယ၊ ဂရအပ်သောအာသေဝနပစ္စည်းရှိသည်၏အဖြစ်ကြောင့်။ ဝေဓမာနော၊တုန်လှုပ်သော။ သောပုရိသောဝိယ၊ ထိုယောကျ်ားကဲ့သို့။ တာဝ၊ ရှေးဦးစွာ။ နသုပ္ပတိဋ္ဌိတော၊ မတည်သေး။ တတော၊ ထို့နောင်မှ။ မဂ္ဂဉာဏေန၊ မဂ်ဉာဏ်ဖြင့်။ ပတိဋ္ဌာတိ၊ တည်၏။

အဓိပ္ပါယ်ကို ဆိုသောမည်သည်ကား၊ အမှားအမှန် ထင်ရှားသော အခြင်းအရာ၊ ကုန်စင်အောင်ပါမှ၊ လိုအပ်သော အဓိပ္ပါယ်ကိုရသည်။ အမှားအမှန်ကို အဘယ်သို့ သိရမည်နည်းဆိုသော်။ သောတာပတ္တိမဂ်တကြိမ်၊ သကဒါဂါမိမဂ်တကြိမ်၊ အနာဂါမိမဂ်တကြိမ်၊ အရဟတ္တမဂ်တကြိမ်။ ဤလေးကြိမ်သောမဂ်တို့၏၊ ပုဗ္ဗဘာဂ၊ ရှေ့အဘို့ဖြစ်သော ဝိပဿနာဉာဏ်အစဉ်၊ မဂ်ဝင်ပုံထင်သည့်တိုင်အောင်၊ ပရိကံ ၄-ကြိမ်၊ ဥပစာ ၄-ကြိမ်၊ အနုလုံ ၄-ကြိမ်၊ဂေါတြဘု ၄-ကြိမ်၊မဂ် ၄-ကြိမ်ကို၊ တပေါင်းတည်းပြု၍၊ ပရိကံ-ဥပစာ-အနုလုံ-ဂေါတြဘု-မဂ်ဟု အပေါင်းလိုက်တကြိမ်တည်းပြုသော၊ ဤစကားသည်ကား၊ အဋ္ဌကထာကိုမြန်မာ

ပြန်သောအမှန်စကားပင်တည်း။ အဋ္ဌကထာလည်းမများ၊ ဋီကာလည်းမများ၊ **ယူသောသူမှားပုံကား။**

> ပဌမ မဂ္ဂက္ခဏေ ပန နိဗ္ဗာန ဒဿနံ ဒဿနသစ္စံ့ကြိယာ သေသမဂ္ဂက္ခဏေသု ဘာဝနာသစ္စံကြိယာ'တိ သာ ဒုဝိဓာပိ ဉာဓ အဓိပ္ပေတာ။ **(အဋ္ဌကထာ)**
>
> တတော ဝေတံ ဝိညာဏဓာတုနံ ဝိသယံ ဥဒ္ဒေသနတ္တိ ဒဿန ကိစ္စံ ကရောန္တီ ကြိယမနောဓာတု ဝိယ မဂ္ဂဿ အာဝဇ္ဇနဋ္ဌာနိယံ ဝုတ္တံ။ **(ဋီကာ)**

ပဌမမဂ္ဂက္ခဏေပန၊ ပဌမမဂ်ခဏ၌ကား။ နိဗ္ဗာနဒဿနံ၊ နိဗ္ဗာန်ကိုမြင်ချင်းသည်ကား။ ဒဿနသစ္စံကြိယာ၊ ဒဿနသစ္စံကြိယမည်၏။ သေသမဂ္ဂက္ခဏေသု၊ ကြွင်းသော သုံးပါးသော မဂ်ခဏတို့၌။ နိဗ္ဗာနဒဿနံ၊ နိဗ္ဗာန်ကိုမြင်ချင်းသည်ကား။ ဘာဝနာသစ္စံကြိယာ၊ ဘာဝနာသစ္စံကြိယာမည်၏။ (ပဌမမဂ်ခဏ၌၊ သောတာပတ္တိမဂ်ဖြင့်၊ ယောဂီပုဂ္ဂိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ သကဒါဂါမိမဂ်ဖြင့်လည်း တကြိမ်၊ အနာဂါမိမဂ်ဖြင့်လည်းတကြိမ်၊ အရဟတ္တမဂ်ဖြင့်လည်းတကြိမ်၊ ဤ ၃-ကြိမ်ကိုပေါင်း၍၊ ကြွင်းသောသုံးပါးသော မဂ်ခဏတို့၌၊ ဘာဝနာမဂ်ဖြင့်၊ ယောဂီပုဂ္ဂိုလ် နိဗ္ဗာန်ကိုမျက်မှောက်ပြု၏။) ဣတိ၊ ဤသို့။ ဒုဝိဓာပိ၊ ၂-ပါး အပြားရှိသည်လည်းဖြစ်သော။ သာသစ္စံကြိယာ၊ ထို ဒဿနမဂ်အလို၊ ဘာဝနာမဂ်အလိုအားဖြင့်၊ ယောဂီပုဂ္ဂိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုချင်းကို။ ဣဓ၊ ဤအဘိသမယဂါထာ၌။ အဓိပ္ပေတာ၊ လိုအပ်၏။ **(အဋ္ဌကထာနက်)**

ဤအဋ္ဌကထာ၌၊ ဒဿန သစ္စံကြိယာပုဒ်၏ ပရိယာယ်ကို၊ ဋီကာ၌ ဒဿနကိစ္စံပုဒ်ဟု၊ မှတ်ထင်သည်ဖြစ်၍၊ **နိသျရေးမှားပုံကား။**

တတောဝေ၊ ထို့ကြောင့်သာလျှင်။ ဧတံဂေါတြဘုဉာဏံ၊ ထိုဂေါတြဘုဉာဏ်ကို၊ ဝိညာဏဓာတုနံ၊ ဝိညာဏဓာတ်တို့၏။ ဝိသယံ၊ အာရုံကို။ ဥဒ္ဒေသနတ္တိ၊ ညွှန်ပြတတ်သည်ဖြစ်၍။ ဒဿနကိစ္စံ၊ ညွှန်ပြသောကိစ္စကို။ ကရောန္တီ၊ ပြုတတ်သော။ ကြိယမနောဓာတုဝိယ၊ ကြိယမနောဓာတ်

ကဲ့သို့။ မဂ္ဂသာ၊ မဂ်၏။ အာဝဇ္ဇန ဉာဏ်ယံ၊ အာဝဇ္ဇန်းဉာဏ်ရှိ၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဋီကာနက်)

နိသျှမည်သည်ကား၊ ဝိနိစ္ဆယအရာဉာဏ်ကျ၏။ ဝိနိစ္ဆယမည်သည်ကား၊ မှန်သောအရာဉာဏ်ကျ၏။ မှန်သောအရာဉာဏ် နိသျှကို။ အမှားကိုလည်းသိမှု။ အမှန်ကိုလည်းသိမှု။ အဓိပ္ပါယ်ကျဆိုသောမည်သည်ကား၊ အမှားအမှန်ထင်ရှားသောအခြင်းအရာ၊ ကုန်စင်အောင်ပါမှ၊ လိုအပ်သော အဓိပ္ပါယ်ကိုရသည်။ လိုအပ်သော အဓိပ္ပါယ်ကိုရအောင်၊ ဥပမာ-ဥပမေး၊ နိတတ္ထ-နေယျတ္ထ၊ ကုန်စင်အောင်အနက်မပေးမီ၊ ရှေးအဘို့ကာလက၊ ဝိညာဏခေတ္တနံ-ပုဒ်ကိုလည်းထောက်။ ဝိသယံ-ပုဒ်ကိုလည်းထောက်။ ကိစ္စံ-ပုဒ်ကိုလည်းထောက်။ ကြိယမနောဓာတု-ပုဒ်ကိုလည်းထောက်။ ကြိယမနောဓာတု-ပုဒ်ကို ထောက်သော်ကား-ပဉ္စဒွါရာဝဇ္ဇန်း။ ကိစ္စံ-ပုဒ်ကို ထောက်သော်ကား-ငါးဉာဏ်ကိစ္စ၊ ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ။ ငါးဉာဏ်ကိစ္စ သမ္ဗန္ဓကိုထောက်သော်ကား၊ ငါးဉာဏ်သမ္ဗန်၊ ပဉ္စဝိညာဏ်ထည့်။ စက္ခုဝိညာဏသ၊ သောတဝိညာဏသ၊ ဃာနဝိညာဏသ၊ ဇိဝှါဝိညာဏသ၊ ကာယဝိညာဏသ။ ဝိသယံ-ပုဒ်ကိုထောက်သော်ကား-ငါးဉာဏ်ဝိသယ၊ ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံ။ ငါးဉာဏ် ဝိသယ သမ္ဗန္ဓကိုထောက်သော်ကား-ငါးဉာဏ်သမ္ဗန်။ ပဉ္စဝိညာဏ်ထည့်။ စက္ခု ဝိညာဏသ၊ သောတဝိညာဏသ၊ ဃာနဝိညာဏသ၊ ဇိဝှါဝိညာဏသ၊ ကာယဝိညာဏသ။ ပဉ္စဝိညာဏ်ကို ထောက်သော်ကား၊ ဝိညာဏခေတ္တနံ၊ ပဉ္စ ဝိညာဏခေတ်တို့၏-ဟုအနက်ပေး။ ဇောတံ-ပုဒ်ကိုလည်းထောက်။ ဝိသယံ-ပုဒ်ကိုလည်းထောက်။ ကိစ္စံ-ပုဒ်ကိုလည်းထောက်။ မဂ္ဂသာ-ပုဒ်ကိုလည်းထောက်။ အာဝဇ္ဇနဉာဏ်ယံ-ပုဒ်ကိုလည်းထောက်။ အာဝဇ္ဇနဉာဏ်ယံ-ပုဒ်ကိုထောက်သော်ကား၊ မနောဒွါရာဝဇ္ဇန်းဉာဏ်။ မနောဒွါရာဝဇ္ဇန်းဉာဏ်ကိုထောက်သော်ကား၊ သောတာပတ္တိမဂ်၏၊ မနောဒွါရာဝဇ္ဇန်းဉာဏ်-ဝေါဒြဘူတကြိမ်။ သကဒါဂါမိမဂ်၏၊ မနောဒွါရာဝဇ္ဇန်းဉာဏ်-ဝေါဒြဘူတကြိမ်။ အနာဂါမိမဂ်၏ မနောဒွါရာဝဇ္ဇန်းဉာဏ်-ဝေါဒြဘူတကြိမ်။ အရဟတ္တမဂ်၏၊ မနောဒွါရာဝဇ္ဇန်းဉာဏ်-ဝေါဒြဘူတကြိမ်။ ကိစ္စံ-ပုဒ်ကိုထောက်သော်ကား၊ လေးဉာဏ်ကိစ္စ။ သောတာပတ္တိမဂ်၏၊

သစ္ဆိကာတဗ္ဗကိစ္စ။ သကဒါဂါမိမဂ်၏၊ သစ္ဆိကာတဗ္ဗကိစ္စ။ အနာဂါမိမဂ်၏၊သစ္ဆိကာတဗ္ဗကိစ္စ။ အရဟတ္တမဂ်၏၊ သစ္ဆိကာတဗ္ဗကိစ္စ။ဝိသယံ-ပုဒ်ကိုထောက်သော်ကား၊ လေးပါးနဝိသယ။ သောတာပတ္တိမဂ်၏၊နိဗ္ဗာန်အာရုံ။သကဒါဂါမိမဂ်၏၊နိဗ္ဗာန်အာရုံ။ အနာဂါမိမဂ်၏၊နိဗ္ဗာန်အာရုံ။ အရဟတ္တမဂ်၏၊နိဗ္ဗာန်အာရုံ။ လေးကြိမ်ကိုပေါင်း၍၊ အပေါင်းလိုက်တကြိမ်တည်းဖြစ်သော၊ မဂ္ဂသ–ပုဒ်ကိုထောက်သော်ကား၊ ဇောံဂေါတြဘူဉာဏံ၊ လေးကြိမ်ကိုပေါင်း၍၊ အပေါင်းလိုက်တကြိမ်တည်း ဖြစ်သော၊ ထိုဂေါတြဘူဉာဏ်ကို–ဟုအနက်ပေး။

တတောဝေ၊ ထိုကြောင့်သာလျှင်။ စက္ခုဝိညာဏသ၊ စက္ခုဝိညာဏ်၏။ ဝိသယံ၊ရူပါရုံကို။ သောတဝိညာဏသ၊သောတဝိညာဏ်၏။ ဝိသယံ၊သဒ္ဒါရုံကို။ ဃာနဝိညာဏသ၊ဃာနဝိညာဏ်၏။ ဝိသယံ၊ဂန္ဓာရုံကို။ ဇိဝှါဝိညာဏသ၊ ဇိဝှါဝိညာဏ်၏။ ဝိသယံ၊ ရသာရုံကို။ ကာယဝိညာဏသ၊ ကာယဝိညာဏ်၏။ ဝိသယံ၊ ဖောဋ္ဌဗ္ဗာရုံကို။ ဥဒ္ဒေသန္တိ၊ ပြသော။ စက္ခုဝိညာဏသ၊စက္ခုဝိညာဏ်၏။ ဒဿနကိစ္စံ မြင်သောကိစ္စကို။ သောတဝိညာဏသ၊ သောတဝိညာဏ်၏။ သဝနကိစ္စံ၊ ကြားသောကိစ္စကို။ဃာနဝိညာဏသ၊ဃာနဝိညာဏ်၏။ဃာယနကိစ္စံ၊ နံသောကိစ္စကို။ ဇိဝှါဝိညာဏသ၊ ဇိဝှါဝိညာဏ်၏။ သာယနကိစ္စံ၊ စားသောကိစ္စကို။ ကာယဝိညာဏသ၊ ကာယဝိညာဏ်၏။ဖုသနကိစ္စံ၊ ထိသောကိစ္စကို။ ကရောန္တိ၊ ပြုသော။ကြိယမနောဓာတု၊ ကြိယမနောဓာတ်ကို။ ဝိညာဏဓာတူနံ၊ ပဉ္စဝိညာဏဓာတ်တို့၏။ အာဝဇ္ဇနဋ္ဌာနိယာ၊ ပဉ္စဒွါရာဝဇ္ဇန်းကိစ္စ၊အချာဌာနကျ၏ဟူ၍။ ဝုတ္တိဝိယ၊ဆိုအပ်သကဲ့သို့။တထာ၊ထို့အတူ။သောတာပတ္တိမဂ္ဂသ၊ သောတာပတ္တိမဂ်၏။ ဝိသယံ၊ နိဗ္ဗာန်အာရုံကို။သကဒါဂါမိမဂ္ဂသ၊သကဒါဂါမိမဂ်၏။ဝိသယံ၊ နိဗ္ဗာန်အာရုံကို။ အနာဂါမိမဂ္ဂသ၊ အနာဂါမိမဂ်၏။ ဝိသယံ၊ နိဗ္ဗာန်အာရုံကို။ အရဟတ္တမဂ္ဂသ၊ အရဟတ္တမဂ်၏။ ဝိသယံ၊ နိဗ္ဗာန်အာရုံကို။ ဥဒ္ဒေသန္တိ၊ ပြသော။ သောတာပတ္တိမဂ္ဂသ၊ သောတာပတ္တိမဂ်၏။ သစ္ဆိကာတဗ္ဗကိစ္စံ၊ မျက်မှောက်ပြုသော ကိစ္စကို။ သကဒါဂါမိ မဂ္ဂသ၊ သကဒါဂါမိမဂ်၏။ သစ္ဆိကာတဗ္ဗကိစ္စံ၊ မျက်မှောက်ပြုသော ကိစ္စကို။ အနာဂါမိမဂ္ဂသ၊ အနာဂါမိမဂ်၏။ သစ္ဆိကာတဗ္ဗကိစ္စံ၊ မျက်မှောက်ပြု

သောက်ဝွက်ကို။ အရဟတ္တမဂ္ဂဿ၊ အရဟတ္တဖိုလ်၏။ သန္တိကာတဗ္ဗက်စွဲ၊ မျက်မှောက်ပြုသောကိစ္စကို။ ကရောန္တံ၊ ပြုသော။ ဇော်ဂေါတြဘူဉာဏ်၊ လေးကြိမ်ကိုပေါင်း၍၊ အပေါင်းလိုက် တကြိမ်တည်းပြုသော၊ ထိုဂေါ တြဘူဉာဏ်ကို။ မဂ္ဂဿ၊ လေးကြိမ်ကိုပေါင်း၍၊ အပေါင်းလိုက်တကြိမ် တည်းပြုသောမဂ်၏။ အာဝဇ္ဇနဋ္ဌာနိယံ၊ မနောဒွါရာဝဇ္ဇန်းကိစ္စ၊ အရာ ဌာနကျ၏ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ (ဋီကာနက်)

ဤသို့၊ ဥပမာ-ဥပမေယျ၊ နိဂုံး-နေယျတ္ထ၊ ကုန်စင်အောင်အနက်ပေး မှု။ နိသျမည်သည်ကား၊ ဝိနိစ္ဆယအရာဌာနကျ၏။ ဝိနိစ္ဆယမည်သည် ကား၊ မှန်သောအရာဌာနကျ၏။ မှန်သောအရာဌာနနိသျကို၊ အမှားကို လည်းသိမှု၊ အမှန်ကိုလည်းသိမှု။ အဓိပ္ပါယ်ကျဆိုသောမည်သည်ကား၊ အမှားအမှန် ထင်ရှားသော အခြင်းအရာ၊ ကုန်စင်အောင်ပါမှ၊ လိုအပ် သောအဓိပ္ပါယ်ကိုရသည်။ လိုအပ်သော အဓိပ္ပါယ်ကိုရသော်လည်း၊ တပေါင်းတည်းပင် ဖြစ်သေး၏ ဆိုသော်။ ပရိကံ ၄-ကြိမ်၊ ဥပစာ- ၄-ကြိမ်၊ အနုလုံ ၄-ကြိမ်၊ ဂေါတြဘူ ၄-ကြိမ်၊ မဂ် ၄-ကြိမ်ကို၊ တပေါင်းတည်းပြု၍။ ပရိကံ-ဥပစာ-အနုလုံ-ဂေါတြဘူ-မဂ်ဟု၊ အပေါင်း လိုက်တကြိမ်တည်းပြုသော၊ ဤစကားကို၊ အဋ္ဌကထာပင်ဆိုငြားသော် လည်း၊တတ္ထ ပဌမမဂ္ဂဉာဏံ တာဝ သမ္ပာဒေတုကာမေန-ဟူသောအဋ္ဌ ကထာစကားဖြင့်ပင်လျှင်၊ ထိုလေးပါးသောမဂ်ဉာဏ်တို့တွင်၊ ပဌမမဂ် ဉာဏ်ကို၊ ရှေးဦးစွာပြီးစေလိုသော၊ ယောဂီပုဂ္ဂိုလ်သည်၊ ရောက်အပ် သော၊ သောတာပတ္တိမဂ်၏၊ ပုဗ္ဗဘာဂ၊ ရှေးအဘို့ဖြစ်သောဝိပဿနာ ဉာဏ်အစဉ်၊ မဂ်ဝင်ပုံထင်သည် တိုင်အောင်၊ ပရိကံ-ဥပစာ-အနုလုံ- ဂေါတြဘူ-သောတာပတ္တိမဂ်ဟု၊ အသီးအခြား၊ တပါးတည်းပြုသော၊ ဤစကားသည်ကား၊ လိုအပ်သောအဓိပ္ပါယ်ကို၊ မချွေးကြန်၊အမှန်ရသော စကားပင်တည်း။ ပရိကံ-ဥပစာ-အနုလုံဟု-သုံးပါး၊ အဘယ်ကြောင့် အနုလောမဉာဏ်၊ ပြားသနည်းဆိုသော်။ သဒ္ဒါရကို၊ အနိစ္စ-အနိစ္စ- အနိစ္စဟု။ သဒ္ဒါရကို၊ ဒုက္ခ-ဒုက္ခ-ဒုက္ခဟု။ သဒ္ဒါရကို၊ အနတ္တ-အနတ္တ- အနတ္တဟု၊တပါးပါးသောလက္ခဏာကို၊ သုံးကြိမ်ရှုသောအလိုအားဖြင့်၊ ပရိကံတကြိမ်၊ ဥပစာတကြိမ်၊ အနုလုံတကြိမ်၊သုံးကြိမ်အာရုံပြုသော အနုလောမဉာဏ်သည်ကား၊ပဌမအကြိမ်-ပရိကံအမည်ဖြင့်သာထူး၏။

ဒုတိယအကြိမ်–ဥပစာအမည်ဖြင့်သာထူး၏။ တတိယအကြိမ်–အနုလုံ အမည်ဖြင့်သာထူး၏။ ဉာဏ်အားဖြင့် သော်ကား၊ မထူးမပြား၊ အနု လောမဉာဏ်တပါးပင်တည်း။ ထို့ကြောင့်၊ ပရိကံ–ဥပစာ–အနုလုံ–ဂေါတြဘူ၊ ထိုလေးခုသောဉာဏ်တို့တွင်ဟု-မဆိုမူ၍။ ထိုအနုလောမ ဉာဏ်၊ ဂေါတြဘူဉာဏ် ၂-ပါးတို့တွင်၊ အနုလောမဉာဏ်သည်ကား၊ နိဗ္ဗာန်ကိုဖုံးအုပ်သောကိလေသာအမိုက်မှောင်ကို။ ထူထဲသောကိလေ သာအမိုက်မှောင်ကို၊ ပရိကံဖြင့်။ မထူမပါးသော ကိလေသာအမိုက် မှောင်ကို၊ ဥပစာဖြင့်။ ပါးသော-လွှာသောကိလေသာအမိုက်မှောင်ကို၊ အနုလုံဖြင့်၊ ပယ်ချင်း၄ါကားစွမ်းနိုင်၏။ နိဗ္ဗာန်ကိုအာရုံပြုချင်း၄ါကား၊ မစွမ်းနိုင်။ ဂေါတြဘူဉာဏ်သည်ကား၊ နိဗ္ဗာန်ကိုအာရုံပြုချင်း၄ါကား၊ စွမ်းနိုင်၏။နိဗ္ဗာန်ကိုဖုံးအုပ်သော၊ကိလေသာအမိုက်မှောင်ကို၊ ပယ်ချင်း ၄ါကား၊ မစွမ်းနိုင်။ ထို့ကြောင့်၊ နိဗ္ဗာန်ကိုအာရုံပြု၏။ ကိလေသာကို မပယ်ချင်းကြောင့်၊ ထိုဂေါတြဘူ ဉာဏ်ကို၊ သောတာပတ္တိ မဂ်၏၊ အာဝဇ္ဇန်းဟူ၍၊ ဆိုအပ်၏။ထိုဂေါတြဘူဉာဏ်သည်သာလျှင်၊ အာဝဇ္ဇန်း မဟုတ်သည်ဖြစ်လျက်လည်း၊ အာဝဇ္ဇန်းကဲ့သို့၊ သောတာပတ္တိမဂ်၏၊ အာဝဇ္ဇန်း ဌာန၌တည်၍၊ ဤသို့ဖြစ်လေဟု–သောတာပတ္တိ မဂ်အား၊ အမှတ်သညာကို၊ ပေး၍ချုပ်၏။ သောတာပတ္တိမဂ်သည်လည်း၊ ထို ဂေါတြဘူဉာဏ်သည်၊ ပေးအပ်သောအမှတ်သညာကို၊ မလွှတ်မူ၍သာ လျှင်၊ မခြားမပြတ်၊ အစဉ်စပ်သောအလိုအားဖြင့်၊ ထိုဂေါတြဘူဉာဏ် သို့အစဉ်လိုက်သည်ဖြစ်၍။ ဘဝအသင်္ချေ၊ မရေတွက်နိုင်ရာက၊ ဘယ် အခါကာလမှ၊ မဘောက်ထွင်းဘူးသော။ ဘဝအသင်္ချေ၊ မရေတွက်နိုင် ရာက၊ ဘယ်အခါကာလမှ၊ မပေါက်ခွဲဘူးသော၊လောဘခိုး၊ ဒေါသခိုး၊ မောဟခိုးကို၊ ဘောက်ထွင်းပေါက်ခွဲလျက်သာလျှင်ဖြစ်၏။

တတ္ထ အနုလောမံ သစ္စပဋိစ္ဆာဒကံ ကိလေသတမံ ဝိနောဒေတုံ သက္ကောတိ၊ န နိဗ္ဗာနမာရမ္မဏံ ကာတုံ။ ဂေါတြဘူနိဗ္ဗာနမေဝ အာရမ္မဏံ ကာတုံ သက္ကောတိ။ န သစ္စပဋိစ္ဆာဒကံ တမံ ဝိနောဒေတုံ။ ပ။ တေနေဝစေတံ မဂ္ဂဿ အာဝဇ္ဇနန္တိ ဝုစ္စတိ၊ တဒ္ဓိ အနာဝဇ္ဇနမ္ပိ သမာနံ အာဝဇ္ဇနဋ္ဌာနေ ဌတွာ ဧဝံ နိဗ္ဗတ္တာဟီတိ မဂ္ဂဿ သညံ ဒတွာ ဝိယ နိရုဇ္ဈတိ။ မဂ္ဂေါပိ တေန ဒိန္န

သညံ အမုဋ္ဌိတွာဝ အဝိစိသန္တတိဝသေန တံ ဉာဏံ အနုဗန္ဓမာနော အနိဗ္ဗိဒ္ဓပုဗ္ဗံ အပဒါလိတပုဗ္ဗံ လောဘက္ခန္ဓံ ဒေါသက္ခန္ဓံ မောဟက္ခန္ဓံ နိဗ္ဗိဇ္ဈမာနောဝ ပဒါလယမာနောဝ နိဗ္ဗတ္တတိ။

တတ္ထ။ ထိုအနုလောမဉာဏ်-ဂေါတြဘုဉာဏ် ၂-ပါးတို့တွင်။ အနုလောမံ၊ အနုလောမ ဉာဏ်သည်ကား။ သစ္စပဋိစ္ဆာဒကံ၊ နိရောဓ သစ္စာကိုဖုံးအုပ်သော။ ကိလေသတမံ၊ ကိလေသာ အမိုက်မှောင်ကို။ ဝိနောဒေတုံ၊ ပယ်ချင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ နိဗ္ဗာနံ နိဗ္ဗာန်ကို။ အာရမ္မဏံ ကာတုံ၊ အာရုံ ပြုချင်း ငှါကား။ နသက္ကောတိ၊ မစွမ်းနိုင်။ ဂေါတြဘု၊ ဂေါတြဘုဉာဏ်သည်ကား။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ အာရမ္မဏံ ကာတုံ၊ အာရုံ ပြုချင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏၊ သစ္စပဋိစ္ဆာဒကံ၊ နိရောဓသစ္စာကိုဖုံးအုပ်သော။ တမံ၊ ကိလေသာ အမိုက်မှောင်ကို။ ဝိနောဒေတုံ၊ ပယ်ချင်းငှါကား။ နသက္ကောတိ၊ မစွမ်းနိုင်။ တေနေဝစ၊ ထို့ကြောင့် သာလျှင်လည်း။ ဧတံဂေါတြဘုဉာဏံ၊ ထို ဂေါတြဘု ဉာဏ်ကို။ မဂ္ဂဿ၊ သောတာ ပတ္တိမဂ်၏။ အာဝဇ္ဇနန္တိ၊ အာဝဇ္ဇန်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဉ္စိတံဧဝဂေါတြဘုဉာဏံ၊ ထို ဂေါတြဘုဉာဏ်သည်သာလျှင်။ အနာဝဇ္ဇနမ္ပိသမာနံ၊ အာဝဇ္ဇန်းမဟုတ် သည် ဖြစ်လျက်လည်း။ အာဝဇ္ဇနံ ဝိယ၊ အာဝဇ္ဇန်းကဲ့သို့။ မဂ္ဂဿ၊ သောတာပတ္တိမဂ်၏။ အာဝဇ္ဇနဋ္ဌာနေ၊ အာဝဇ္ဇန်းဌာနဝ၌။ ဌတွာ၊ တည်၍။ ဧဝံနိဗ္ဗတ္တာဟိ၊ ဤသို့ဖြစ်လော။ ဉာတိ၊ ဤသို့။ အဝတ္တမ္ပိ၊ မဆိုသော်လည်း။ ဝတ္တံ၊ ဆိုသလို။ မဂ္ဂဿ၊ သောတာပတ္တိမဂ်အား။ သညံ၊ အမှတ် သညာကို။ ဒတွာ၊ ပေး၍။ နိရုဇ္ဈတိ၊ ချုပ်၏။ မဂ္ဂေါပိ၊ သောတာပတ္တိ မဂ်သည်လည်း။ တေန၊ ထိုဂေါတြဘုဉာဏ်သည်။ ဒိန္နသညံ၊ ပေးအပ် သောအမှတ်သညာကို။ အမုဋ္ဌိတွာဝ၊ မလွှတ်မူ၍သာလျှင်။ အဝိစိသန္တ တိဝသေန၊ မခြားမပြတ်၊ အစဉ်စပ်သောအလိအားဖြင့်။ တံဉာဏံ၊ ထို ဂေါတြဘုဉာဏ်သို့။ အနုဗန္ဓမာနော၊ အစဉ်လိုက်သည်ဖြစ်၍။ အနိဗ္ဗိဒ္ဓ ပုဗ္ဗံ၊ မဖောက်ထွင်းဘူးသော။ အပဒါလိတပုဗ္ဗံ၊ မပေါက်ခွဲဘူးသော။ လောဘက္ခန္ဓံ ဒေါသက္ခန္ဓံ မောဟက္ခန္ဓံ၊ လောဘစုံ-ဒေါသစုံ-မောဟ စုံးကို။ နိဗ္ဗိဇ္ဈမာနောဝ ပဒါလယမာနောဝ၊ ဖောက်ထွင်းပေါက်ခွဲ လျက်သာလျှင်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။

နိမိတ္တ-ပဝတ္တ-အဇ္ဈတ္တပဝတ္တ-ဝုဋ္ဌာန အားဖြင့် ၄-ပါးတို့တွင်၊ ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်၊ ခန္ဓပဉ္စက-သင်္ခါရ သည်ကား-နိမိတ္တမည်၏။ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌၊ အနုလောမ ဉာဏ်အဆုံးရှိသော၊ ဝိပဿနာဉာဏ်၊ တဒင်္ဂပဟာန်ဖြင့် ပယ်ချင်းကြောင့်၊ ယခု အသစ်အသစ်၊ ဖြစ်ချင်းငှါထိုက်သော၊ ကိလေသာပင်မရှိ။ ယခုအသစ် အသစ်၊အကျိုးဖြစ်ချင်းငှါ ထိုက်သော၊ ဘဝတဖန်-ခန္ဓာနာမ်ရုပ်ပင် မရှိသော်လည်း၊ မဂ်ဉာဏ်-သမုစ္ဆေဒ ပဟာန်ဖြင့်၊ မပယ်သမျှ ကာလ ပတ်လုံး၊ နောင်အသစ် အသစ်၊ ဖြစ်ချင်းငှါ ထိုက်သော၊ ကိလေသာ သည်ကား-ပဝတ္တမည်၏။ ကိလေသ ပဝတ္တကြောင့်၊ နောင်အသစ် အသစ်၊ အကျိုးဖြစ်ချင်းငှါ ထိုက်သော၊ ဘဝတဖန်-ခန္ဓာနာမ်ရုပ်သည် ကား-အဇ္ဈတ္တပဝတ္တမည်၏။ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌၊ အနုလောမ ဉာဏ်အဆုံးရှိသော၊ ဝိပဿနာဉာဏ်၊ တဒင်္ဂပဟာန်အားဖြင့်ပယ်ချင်း ကြောင့်၊ ယခုအသစ်အသစ်၊ ဖြစ်ချင်းငှါထိုက်သော၊ ကိလေသာပင် မရှိ။ ယခု အသစ်အသစ်၊ အကျိုးဖြစ်ချင်းငှါ ထိုက်သော၊ ဘဝတဖန်-ခန္ဓာနာမ်ရုပ်ပင်မရှိသော်လည်း၊ နောင်အသစ်အသစ်၊ ဖြစ်ချင်းငှါထိုက် သော၊ ကိလေသာကို၊ မဂ်ဉာဏ်-သမုစ္ဆေဒပဟာန်ဖြင့် ပယ်ချင်း ကြောင့်၊အဇ္ဈတ္တပဝတ္တ၊ဘဝတဖန်-ခန္ဓာနာမ်ရုပ်၊ မဖြစ်သော ခြင်းချင်း တို့၏၊ အာရုံမပြုသော၊ သဘောရှိသည်၏ အဖြစ်သို့ရောက်ချင်း။ နောင် အသစ် အသစ်၊ မဖြစ်သော အကျိုး သဘော-ရှိသည်၏ အဖြစ်သို့ ရောက်ချင်းသည်ကား–ဝုဋ္ဌာနမည်၏။

> တဉ္စ သသန္တတိယံ ကိလေသပဝတ္တဘာဝတော တံ နိမိတ္တံ
> အသတိ မဂ္ဂဘာဝနာယ ဥပ္ပဇ္ဇနကဥပါဒိန္နက္ခန္ဓပဝတ္တ ဘာဝ
> တော စ တတော ဝုတ္တံ။ ဝုဋ္ဌဟနဉ္စ နေသံ အာရမ္မဏာကရဏံ
> အာယတိံ အနုပ္ပတ္တိ ဓမ္မတာပါဒနဉ္စ။ (ဋီကာ)

တဉ္စတံပဝတ္တံ၊ထိုပဝတ္တကိုသာလျှင်။သသန္တတိယံ၊မိမိသန္တာန်၌။ ကိလေသ ပဝတ္တဘာဝတော၊ ကိလေသာ၏၊ အစဉ်မပြတ်စပ်သော ပဝတ္တရှိသည်၏ အဖြစ်ကြောင့်။ တံနိမိတ္တံ၊ ထိုကိလေသပဝတ္တကြောင့်။ မဂ္ဂဘာဝနာယ၊ မဂ်ဘာဝနာသည်။ အသတိ၊ မရှိသော်။ ဥပ္ပဇ္ဇနက

ဥပါဒိဏ္ဏကန္တု ပဝတ္တ ဘာဝတောစ၊ နောင်အသစ် အသစ် ဖြစ်ချင်း၄ါ ထိုက်သော အကျိုး ခန္ဓာ၏၊ အစဉ်မပြတ် စပ်သော၊ ပဝတ္တရှိသည်၏ အဖြစ်ကြောင့်လည်း။ တဘာ အနုပ္ပဇ္ဇ ပဝတ္တဟောတိ၊ အနုပ္ပဇ္ဇပဝတ္တ တောဟူ၍။ ဝုတ္တံ၊ဆိုအပ်၏။ ဝုဋ္ဌာနဉ္စနာမ၊ ထချင်းမည်သည်ကား။ နေသံ၊ ထိုကိလေသ ပဝတ္တမှ ထချင်းကြောင့်၊ အနုပ္ပဇ္ဇပဝတ္တ ဘာဝတဖန်-ခန္ဓာ နာမ်ရုပ်၊ မဖြစ်သောခြင်းချင်းတို့၏။ အာရမ္မဏာကရဏံ- အာရမ္မဏာ ကရဏာခမ္မတာပါဒနဥ္စ၊ အာရုံမပြုသော သဘော၊ ရှိသည်၏ အဖြစ်သို့ ရောက်ချင်း သည်လည်း။ ဝုဋ္ဌာနံနာမ၊ ဝုဋ္ဌာနပင်မည်၏။ အာယတိံ အနုပ္ပတ္တိ ခမ္မတာ ပါဒနဥ္စ၊ နောင်အသစ် အသစ်၊ မဖြစ်သော အကျိုး သဘော-ရှိသည်၏ အဖြစ်သို့ ရောက်ချင်း သည်လည်း။ ဝုဋ္ဌာနံနာမ၊ ဝုဋ္ဌာနပင်မည်၏။ (**ဋီကာနက်**)

ဤဋီကာအလို၊ အဓိပ္ပါယ် ဆိုသော်ကား။ မဂ်ထသော ကာလ၊ ဒုဘတောဝုဋ္ဌာန။ ဒုဘတောဝုဋ္ဌာနအရ၊ နိမိတ္တဝုဋ္ဌာန-ပဝတ္တဝုဋ္ဌာနအား ဖြင့် ၂-ပါးတို့တွင်၊ နိမိတ္တမှ ထသည်ကို-နိဗ္ဗာန်ကို-မဂ်-အာရုံပြုသည် ဆိုရမည်၊ မျက်မှောက်ပြုသည် မဆိုရ။ ပဝတ္တမှထသည်ကို-နိဗ္ဗာန်ကို- မဂ်-မျက်မှောက်ပြုသည်ဆိုရမည်။ အဘယ်သို့ဆိုရမည်နည်း၊ ကိလေ သာ ပဝတ္တမှ ထချင်းကြောင့်၊ ကိလေသာ အကြောင်း ကင်းရကား၊ အနုပ္ပဇ္ဇ ပဝတ္တ-မဖြစ်သော အကျိုးသဘော၊ ယောဂီပုဂ္ဂိုလ်၏သန္တာန်၌၊ မဂ်ဖြင့်-အကြောင်းကင်းသော နိဗ္ဗာန်ထင်သည်ကို၊ နိဗ္ဗာန်ကို၊ မဂ်-မျက် မှောက်ပြုသည်ဆိုရမည်၊ အာရုံပြုသည်မဆိုရ၊ အကြောင်းကင်းသော ကြောင့်၊ မဖြစ်သော အကျိုးသဘော၊ ယောဂီပုဂ္ဂိုလ်၏သန္တာန်၌၊ မဂ်ဖြင့် ဆိုက်ရောက်သည်ကို၊ နိဗ္ဗာန်ဟောင်း-ဟုတ်သလော၊ မဟုတ်သလော၊ စောကြောနိုင်သော ဉာဏ်ရှိမှ ပေါ်ရာကာနိဗ္ဗာန်၊ ဆိုက်ရောက်ဟန်ကို၊ အမှန်သိနိုင်ကြမည်။

သဒါ အတ္ထိ နိဗ္ဗာနံ။ (**ကထာဝတ္ထု**)

နိဗ္ဗာနံ နေဝ အတီတံ၊ န အနာဂတံ၊ န ပစ္စုပ္ပန္နံ၊ န ဥပ္ပန္နံ၊ န အနုပ္ပန္နံ၊ န ဥပ္ပါဒနီယံ။ (**မိလိန္ဒပဉှာ**)

မဂ္ဂေန ပတ္တဗ္ဗော၊ န ဥပ္ပါဒေတဗ္ဗော။ **အဋ္ဌကထာ)**

သဒါ၊ အခါခပ်သိမ်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နေဝအတီတံ၊ အတိတ်လည်းမဟုတ်။ နအနာဂတံ၊ အနာဂတ်လည်းမဟုတ်။ နပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်လည်းမဟုတ်။ နဥပ္ပန္နံ၊ ဖြစ်ပြီးသည်လည်းမဟုတ်။ နအနုပ္ပန္နံ၊ မဖြစ်သေးသည်လည်း မဟုတ်။ နဥပ္ပါဒနီယံ၊ ဖြစ်စေအပ်သည်လည်းမဟုတ်။

မဂ္ဂေန၊ မဂ်ဖြင့်။ နိရောဓော၊ နိဗ္ဗာန်သို့။ ပတ္တဗ္ဗော၊ ရောက်အပ်၏။ မဂ္ဂေန၊ မဂ်သည်။ နိရောဓော၊ နိဗ္ဗာန်ကို။ နဥပ္ပါဒေတဗ္ဗော၊ မဖြစ်စေအပ်။

အနုလောမဉာဏ်အဆုံးရှိသော-ဝိပဿနာ ဉာဏ်သည်ကား၊ နိမိတ္တကို အာရုံပြုသည်၏အဖြစ်ကြောင့်၊ နိမိတ္တမှလည်း မထ။ ပဝတ္တ၏ အကြောင်းဖြစ်သော-ကိလေသာကို-မပယ်ချင်းကြောင့်၊ ပဝတ္တမှလည်း မထ။

လောကိယဝိပဿနာဟိ နိမိတ္တာရမ္မဏတ္တာစေဝ ပဝတ္တိ ကာရဏဿစ သမုဒယဿ အသမုစ္ဆိန္ဒနတော၊ နေဝ နိမိတ္တာ န ပဝတ္တာ ဝုဋ္ဌာတိ။

လောကိယဝိပဿနာဟိ၊ အနုလောမဉာဏ်အဆုံးရှိသော-လောကီ ဝိပဿနာသည်ကား။ နိမိတ္တာရမ္မဏတ္တာစေဝ၊ နိမိတ်ကိုအာရုံပြုသည် ၏အဖြစ် ကြောင့်လည်းကောင်း။ ပဝတ္တိ ကာရဏဿ၊ ပဝတ္တ၏ အကြောင်းဖြစ်သော။ သမုဒယဿ၊ သမုဒယကိလေသာကို။ အ သမုစ္ဆိန္ဒနတောစ၊ မပယ်ချင်းကြောင့်လည်းကောင်း။နိမိတ္တာ၊ နိမိတ္တမှ။ နေဝဝုဋ္ဌာတိ၊ မထ။ပဝတ္တာ၊ ပဝတ္တမှ။ နဝုဋ္ဌာတိ၊ မထ။

ဂေါတြဘူဉာဏ် သည်ကား၊ ပဝတ္တ၏ အကြောင်းဖြစ်သော ကိလေသာကို မပယ်ချင်းကြောင့်၊ ပဝတ္တမှမထ။ နိဗ္ဗာန်ကို အာရုံပြုချင်း ကြောင့်၊ နိမိတ္တမှထ၏။ ထိုကြောင့်၊ ဂေါတြဘူဉာဏ်သည်၊ ဧကတော ဝုဋ္ဌာနမည်၏။

ဂေါတြဘူဉာဏံ သမုဒယဿ အသမုစ္ဆိန္ဒနတော ပဝတ္တာ နဝုဋ္ဌာတိ။ နိဗ္ဗာနာရမ္မဏတော ပန နိမိတ္တာ ဝုဋ္ဌာတိတိ ဧကတော ဝုဋ္ဌာနံ ဟောတိ။

ဂေါတြဘုဉာဏံ၊ ဂေါတြဘုဉာဏ်သည်ကား။ ပဝတ္တိကာရဏဿ၊ ပဝတ္တ၏အကြောင်းဖြစ်သော။ သမုဒယဿ၊ သမုဒယကိလေသာကို။ အသမုစ္ဆိန္ဒနတော၊ မပယ်ချင်းကြောင့်။ ပဝတ္တာ၊ ပဝတ္တမှ။ န ဝုဋ္ဌာတိ၊ မထ။ နိဗ္ဗာနာရမ္မဏတော ပန၊ နိဗ္ဗာန်ကိုအာရုံပြုချင်းကြောင့်ကား။ နိမိတ္တာ၊ နိမိတ္တမှ။ ဝုဋ္ဌာတိ၊ ထ၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘုဉာဏံ၊ ဂေါတြဘုဉာဏ်သည်။ ဧကတောဝုဋ္ဌာနံ၊ ဧကတောဝုဋ္ဌာနမည်သည်။ ဟောတိ၊ ဖြစ်၏။

မဂ်ဉာဏ်သည်ကား၊ နိမိတ္တကို အာရုံမပြုသည်၏ အဖြစ်ကြောင့်၊ နိမိတ္တမှလည်းထ၏။ ပဝတ္တ၏အကြောင်းဖြစ်သော ကိလေသာကိုပယ်ချင်းကြောင့်၊ ပဝတ္တမှလည်းထ၏။ ထို့ကြောင့် မဂ်ဉာဏ်သည်၊ ဒုဘတော ဝုဋ္ဌာနမည်၏။

ဣမာနိ စတ္တာရိပိ ဉာဏာနိ အနိမိတ္တာရမ္မဏတ္တာ နိမိတ္တတော ဝုဋ္ဌဟန္တိ။ သမုဒယဿ သမုစ္ဆိန္ဒနတော ပဝတ္တာ ဝုဋ္ဌဟန္တီတိ ဒုဘတော ဝုဋ္ဌာနာနိ ဟောန္တိ။

ဣမာနိ စတ္တာရိပိဉာဏာနိ၊ ဤလေးပါးသောမဂ်ဉာဏ်တို့သည်ကား။ အနိမိတ္တာရမ္မဏတ္တာ၊ နိမိတ္တကိုအာရုံမပြုသည်၏အဖြစ်ကြောင့်။ နိမိတ္တတော၊ နိမိတ္တမှ။ ဝုဋ္ဌဟန္တိ၊ ထကုန်၏။ ပဝတ္တိကာရဏဿ၊ ပဝတ္တ၏ အကြောင်းဖြစ်သော။ သမုဒယဿ၊ သမုဒယကိလေသာကို။ သမုစ္ဆိန္ဒနတော၊ ပယ်ချင်းကြောင့်။ ပဝတ္တာ၊ ပဝတ္တမှ။ ဝုဋ္ဌဟန္တိ၊ ထကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဣမာနိစတ္တာရိပိဉာဏာနိ၊ ဤလေးပါးသော မဂ်ဉာဏ်တို့သည်လည်း။ ဒုဘတောဝုဋ္ဌာနာနိ၊ ဒုဘတောဝုဋ္ဌာနမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

နိမိတ္တ-ပဝတ္တ-၂ပါးစုံမှ၊မဂ်ထပုံကား၊

ကထံ၊ ဒုဘတော ဝုဋ္ဌာန ဝိဝဋ္ဋနေ ပညာ မဂ္ဂေဉာဏံ။ သောတာပတ္တိ မဂ္ဂက္ခဏေ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဝုဋ္ဌာတိ။ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ။ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။ တေန ဝုစ္စတိ ဒုဘတော ဝုဋ္ဌာန ဝိဝဋ္ဋနေ ပညာ မဂ္ဂေဉာဏန္တိ။ အဘိနိရောပနဋ္ဌေန

> သမ္မာသင်္ကပ္ပေါ မိစ္ဆာသင်္ကပ္ပါ။ ပရိဂ္ဂဟဋ္ဌေန သမ္မာဝါစာ မိစ္ဆာဝါစာယ။ သမုဋ္ဌာနဋ္ဌေန သမ္မာကမ္မန္တော မိစ္ဆာကမ္မန္တာ။ ဝေါဒါနဋ္ဌေန သမ္မာအာဇီဝေါ မိစ္ဆာအာဇီဝါ။ ပဂ္ဂဟဋ္ဌေန သမ္မာဝါယာမော မိစ္ဆာဝါယာမာ။ ဥပဋ္ဌာနဋ္ဌေန သမ္မာသတိ မိစ္ဆာသတိယာ။ အဝိက္ခေပဋ္ဌေန သမ္မာသမာဓိ မိစ္ဆာသမာဓိတော ဝုဋ္ဌာတိ။ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ။ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။ တေန ဝုစ္စတိ ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏံ။

ဒုဘတော၊နိမိတ္တ–ပဝတ္တ ၂-ပါးစုံမှ။ဝုဋ္ဌာန၊ ထ၍။ ဝိဝဋ္ဋနေပညာ၊ ထ-နောက်တဖန်၊ အောက်ပြန်မလည်သောပညာသည်။ မဂ္ဂေဉာဏံ၊ မဂ်ဉာဏ်မည်၏။ တံဉာဏံ၊ ထိုမဂ်ဉာဏ်သည်ကား။ ကထံဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ သောတာပတ္တိမဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ် ခဏ၌။ဒဿနဋ္ဌေန၊ မြင်သောအနက်သဘောကြောင့်။သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ မိစ္ဆာဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိမှ။ ဝုဋ္ဌာတိ၊ ထ၏။ တဒနုဝတ္တကကိလေသေဟိစ၊ ထိုမိစ္ဆာဒိဋ္ဌိနှင့်အတူလိုက်၍ဖြစ်သော ကိလေသာတို့မှလည်း။ ဝုဋ္ဌာတိ၊ထ၏။ ခန္ဓေဟိစ၊ခန္ဓာတို့မှလည်း။ ဝုဋ္ဌာတိ၊ ထ၏။ ဗဟိဒ္ဓါစသဗ္ဗနိမိတ္တေဟိ၊ အလုံးစုံသောသင်္ခါရ-အပနိမိတ်တို့မှလည်း။ ဝုဋ္ဌာတိ၊ထ၏။တေန၊ထို့ကြောင့်။ဒုဘတော၊နိမိတ္တ-ပဝတ္တ ၂-ပါးစုံမှ။ ဝုဋ္ဌာန၊ထ၍။ဝိဝဋ္ဋနေပညာ၊ထ-နောက်တဖန်၊ အောက်ပြန်မလည်သော ပညာကို။ မဂ္ဂေဉာဏံ၊ မဂ်ဉာဏ်ဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ အဘိနိရောပနဋ္ဌေန၊ ရှေးရှုထင်သောအနက်သဘောကြောင့်။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပသည်။မိစ္ဆာသင်္ကပ္ပါ၊မိစ္ဆာသင်္ကပ္ပမှ။ဝုဋ္ဌာတိ၊ထ၏။ ပရိဂ္ဂဟဋ္ဌေန၊သိမ်းဆည်းသောအနက်သဘောကြောင့်။ သမ္မာဝါစာ၊ သမ္မာဝါစာသည်။မိစ္ဆာဝါစာယ၊မိစ္ဆာဝါစာမှ။ဝုဋ္ဌာတိ၊ ထ၏။သမုဋ္ဌာနဋ္ဌေန၊ မကောင်းမှုပြုရာမှ ထသော အနက်သဘောကြောင့်။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တသည်။မိစ္ဆာကမ္မန္တာ၊မိစ္ဆာကမ္မန္တမှ။ဝုဋ္ဌာတိ၊ထ၏။ ဝေါဒါနဋ္ဌေန၊ ဖြူစင်သောအနက်သဘောကြောင့်။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝသည်။ မိစ္ဆာအာဇီဝါ၊ မိစ္ဆာအာဇီဝမှ။ ဝုဋ္ဌာတိ၊ ထ၏။ ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက်သောအနက်သဘောကြောင့်။ သမ္မာဝါယာမော၊

သမ္မာဝါယာမသည်။ မိစ္ဆာဝါယာမာ၊ မိစ္ဆာဝါယာမမှ။ ဝုဋ္ဌာတိ၊ထ၏။ ဥပဋ္ဌာနမျှေနှ၊ ထင်သောအနက်သဘောကြောင့်။သမ္မာသတိ၊သမ္မာသတိ သည်။မိစ္ဆာသတိယာ၊ မိစ္ဆာသတိမှ။ ဝုဋ္ဌာတိ၊ ထ၏။ အဝိက္ခေပဋ္ဌေနှ၊ မပျံ့လွင့်သောအနက်သဘောကြောင့်။ သမ္မာသမာဓိ၊ သမ္မာသမာဓိ သည်၊မိစ္ဆာသမာဓိတော၊မိစ္ဆာသမာဓိမှ။ဝုဋ္ဌာတိ၊ထ၏။ တဒနုဝတ္တက ကိလေသေဟိစ၊ ထိုမိစ္ဆာသမာဓိနှင့် အတူလိုက်၍ ဖြစ်ကုန်သော– ကိလေသာတို့မှလည်း။ဝုဋ္ဌာတိ၊ထ၏။ ခန္ဓေဟိစ၊ခန္ဓာတို့မှလည်း။ ဝုဋ္ဌာ တိ၊ ထ၏။ ဗဟိဒ္ဓါစသဗ္ဗနိမိတ္တေဟိ၊ အလုံးစုံသော သင်္ခါရ-အပနိမိတ် တို့မှလည်း။ဝုဋ္ဌာတိ၊ထ၏။ တေန၊ထို့ကြောင့်။ဒုဘတော၊ နိမိတ္တ-ပဝတ္တ ၂-ပါးစုံမှ။ဝုဋ္ဌာန၊ထ၍။ဝိဝဋ္ဋနေပညာ၊ ထ-နောက်တဖန်၊ အောက်ပြန် မလည်သောပညာကို။မဂ္ဂေဉာဏန္တိ၊ မဂ်ဉာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဒုက္ခသစ္စာကို ပိုင်းခြားချင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ချင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုချင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွါးချင်းကိစ္စ၊ ကိစ္စလေးချက်၊နှစ်ပါးစုံမှထသောမဂ်၊ **တပြိုင်နက်ဖြစ်ပုံကား။**

ယထာ ပဒီပေါ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိ ကိစ္စာနိ ကရောတိ၊ ဝဋ္ဋိံ ဈာပေတိ၊ အန္ဓကာရံ ဝိဓမတိ၊ အာ လောကံ ပရိဝိဒံသေတိ၊ သိနေဟံ ပရိယာဒိယတိ၊ ဧဝမေဝ မဂ္ဂဉာဏံ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိ သစ္စာနိ အဘိ သမေတိ၊ဒုက္ခံ ပရိညာဘိသမယေန အဘိသမေတိ၊ သမုဒယံ ပဟာနာဘိသမယေန အဘိသမေတိ၊ မဂ္ဂံ ဘာဝနာဘိသမ ယေန အဘိသမေတိ၊ နိရောဓံ သစ္ဆိကိရိယာဘိသမယေန အဘိ သမေတိ၊ကိံ ဝုတ္တံ ဟောတိ၊နိရောဓံ အာရမ္မဏံ ကရိတွာ စတ္တာ ရိပိ သစ္စာနိ ပါပုဏာတိ ပဿတိ ပဋိဝိဇ္ဈတီတိ။(**အဋ္ဌကထာ**)

ပါပုဏာတီတိ အဓိဂစ္ဆတိ သွာယံ အဓိဂမော ဒဿန ပဋိဝေဓောတိ အာဟ ပဿတိ ပဋိဝိဇ္ဈတီတိ။ (**ဋီကာ**)

ပဒီပေါ၊ မီးသည်။ အပုဗ္ဗံအစရိမံ၊ မရှေးမနှောင်းတပေါင်းတည်း။ ဧကက္ခဏေန၊တပြိုင်နက်သောခဏဖြင့်။ စတ္တာရိကိစ္စာနိ၊လေးပါးသော ကိစ္စတို့ကို။ကရောတိ၊ပြု၏။ ဝဋ္ဋိံ၊ မီးစာကို။ ဈာပေတိယထာ၊ လောင် ကျွမ်းစေသကဲ့သို့။ အန္ဓကာရံ၊ အမိုက်မှောင်ကို။ ဝိဓမတိယထာ၊ ပယ်

ပျောက်သကဲ့သို့။ အာလောကံ၊အလင်းကို။ပဋိဝိဒ်သေတိယထာ၊ပြသကဲ့သို့။ သိနေဟံ၊ဆီကို။ပရိယာဒိယတိယထာ၊ ကုန်စေသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ မဂ္ဂဉာဏံ၊ မဂ်ဉာဏ်သည်။ အပုဗ္ဗံအစရိမံ၊ မရှေးမနှောင်းတပေါင်းတည်း။ ဧကက္ခဏေ၊ တပြိုင်နက်သောခဏဖြင့်။ စတ္တာရိသစ္စာနိ၊ လေးပါးသောသစ္စာတို့ကို။အဘိသမေတိ၊သိ၏။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ပရိညာဘိသမယေန၊ ပိုင်းခြားသောသိချင်းဖြင့်။ အဘိသမေတိ၊သိ၏။ သမုဒယံ၊သမုဒယသစ္စာကို။ ပဟာနာဘိသမယေန၊ ပယ်သောသိချင်းဖြင့်။ အဘိသမေတိ၊ သိ၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာဘိသမယေန၊ ပွါးသောသိချင်းဖြင့်။ အဘိသမေတိ၊သိ၏။ နိရောဓံ၊ နိရောဓသစ္စာကို။ သစ္ဆိကိရိယာဘိသမယေန၊ မျက်မှောက်ပြုသောသိချင်းဖြင့်။ အဘိသမေတိ၊သိ၏။ကိံ၊အဘယ်ကို။ဝုတ္တံ- ဝဏ္ဏကာမေ၊ဆိုလိုသည်။ ဟောတိ၊ဖြစ်သနည်း။နိရောဓံ၊နိဗ္ဗာန်ကို။အာရမ္မဏံကရိတွာ၊ အာရုံပြု၍။ စတ္တာရိပိသစ္စာနိ၊လေးပါးသော သစ္စာတို့သို့လည်း။ပါပုဏာတိ၊ ရောက်၏။ ပဿတိ၊ မြင်၏။ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၏။ဣတိဣဒံဝစနံ၊ ဤသို့သောစကားကို။ ဝုတ္တံ-ဝဏ္ဏကာမေ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

(အဋ္ဌကထာနက်)

ပါပုဏာတီတိ၊ ပါပုဏာတိဟူသည်ကား။ စတ္တာရိပိသစ္စာနိ၊ လေးပါးသောသစ္စာတို့ကိုလည်း။ အဓိဂစ္ဆတိ၊ တပြိုင်နက်ရ၏။ သွာယံအဓိဂမော၊ ထိုရသောသဘောသည်လည်း။ ဒဿနပဋိဝေဓော၊ တပြိုင်နက်မြင်သောသဘောတည်း။ ဣတိ၊ ထို့ကြောင့်။ ပဿတိပဋိဝိဇ္ဈတီတိ ဣဒံဝစနံ၊ ပဿတိပဋိဝိဇ္ဈတိ ဟူသော ဤစကားကို။ အာဟ၊ မိန့်ပြီ။

(ဋီကာနက်)

အဂ္ဂိသ္မိံ သုခမိတိ ဝိပရိတသညံ ပစ္စလဋ္ဌ။ (၁) ။ကာမေသု သုခမိတိ ဝိပရိတသညံ ပစ္စလဋ္ဌုံ။ (၂) ။ဟောန္တိစေဝ ကာဝိ သာတမဏ္ဍာ အဿာဒမဏ္ဍာ ယဒိဒံ ဝဏ္ဏမုခါနံ ကဏ္ဍုဝဏ္ဏဟောတု။ (၃) ။ဟောတိစေဝ သာတမဏ္ဍာ အဿာဒမဏ္ဍာ ယဒိဒံပဉ္စကာမဂုဏော ပဋိစ္စ။(၄) ။ယံ ခေါ အာနန္ဒ ဣမေ ပဉ္စကာမဂုဏေ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ဣဒံ ဝုစ္စတိ ကာမသုခံ။(၅)

အဂ္ဂိသ္မိံ၊မီး၌။ သုခံ၊ ချမ်းသာ။ဉာတိ၊ဤသို့။ ဝိပရီတသညံ၊ ဖောက်ပြန်သောသညာကို။ ပဋ္ဌလဘတ္တ၊ ရပြီ။ ကာမေသု၊ ကိလေသာကာမတို့၌။ သုခံ၊ချမ်းသာ။ဉာတိ၊ ဤသို့။ ဝိပရီတသညံ၊ ဖောက်ပြန်သောသညာကို။ ပဋ္ဌလဘန္တုံ၊ရကုန်ပြီ။ ။ဝဏ္ဏရခါနံ၊ အမာဝတို့၏။ ကဏ္ဍုဝဏာဟောတု၊ ယားချင်းကြောင့်။ယဒိဒံ ယံ ဣဒံ သုခ သောမနဿံ၊အကြင် သုခသညာ-သောမနဿသညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣမေ၊ ဤသုခသညာ-သောမနဿသညာတို့သည်ကား။ ကာစိ၊ အချို့။ သာတမဂ္ဂ၊ သာယာရုံမှုတို့သည်။ ဟောန္တိစေဝ၊ ဖြစ်လည်း ဖြစ်ကြကုန်၏။ အဿာဒမဂ္ဂ၊ နှစ်သက်ရုံမှုတို့သည်။ ဟောန္တိစေဝ၊ဖြစ်လည်း ဖြစ်ကြကုန်၏။ ။ပဉ္စကာမဂုဏာ၊ ငါးပါးသောအာရုံ-ကာမဂုဏ်တို့ကို။ ပဋိစ္စ၊ စွဲ၍။ ယဒိဒံ ယံ ဣဒံ သုခသောမနဿံ၊ အကြင် သုခသညာ-သောမနဿသညာသည်။ ဥပ္ပဇ္ဇတိ·ဖြစ်၏။ အယံ၊ ဤသုခသညာ—သောမနဿသညာသည်ကား။ သာတမဂ္ဂ၊ သာယာရုံမှုသည်။ ဟောတိစေဝ၊ ဖြစ်လည်းဖြစ်၏။ အဿာဒမဂ္ဂ၊ နှစ်သက်ရုံမှုသည်။ဟောတိစေဝ၊ ဖြစ်လည်းဖြစ်၏။ ။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣမေပဉ္စကာမဂုဏာ၊ ဤငါးပါးအာရုံ၊ ကာမဂုဏ်တို့ကို။ ပဋိစ္စ၊ စွဲ၍။ ယံခေါသုခံသောမနဿံ၊ အကြင်သုခသညာ-သောမနဿသညာသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဣဒံ၊ ဤသုခသညာ-သောမနဿသညာကို။ကာမသုခံ၊ ကိလေသာကာမ-သုခသညာတဏှာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(မဂ်ကိစ္စလေးချက်၊ တပြိုင်နက်ကို၊ ဟောတော်မူသော ဌာန၌၊ သုခံ—ပုဒ်၏ အနက်ကို-သုခသညာတဏှာဟု၊ သောမနဿံ·ပုဒ်၏အနက်ကို- သောမနဿသညာ တဏှာဟု၊ အဿာဒံ-ပုဒ်၏အနက်ကို-အဿာဒသညာတဏှာဟုသိစေချင်ငှါ။ထုတ် ပြသောသုတ်—ပုဒ်ငါးခု။)

ယေ တေ စက္ခုဝိညေယျာ ရူပါ အဒိဋ္ဌာ အဒိဋ္ဌပုဗ္ဗာ နစ
ပဿသိ နစ တေ ဟောတိ ပဿေယျန္တိ အတ္ထိ တေ တတ္ထ
ဆန္ဒောဝါ ရာဂေါဝါ ပေမံ ဝါတိ၊ နောဟေတံ ဘန္တေ။

စက္ခုဝိညေယျာ၊ မျက်စိဖြင့်မြင်ကောင်းကုန်သော။ ယေတေရူပါ၊ အကြင်အဆင်းတို့သည်။အဒိဋ္ဌာ၊သင်မြင်လတံ့သည်လည်း မဟုတ်ကုန်။ အဒိဋ္ဌပုဗ္ဗာ၊ သင်မြင်ဘူးသည်လည်းမဟုတ်ကုန်။ နစ ပဿသိ၊ ယခု

သင်မြင်ဆဲလည်းမဟုတ်။ အဟံ၊ ငါသည်။ ပဿေယျံ၊ မြင်လို၏။ ဣတိဧတံစိတ္တမတ္တံ၊ ဤသို့သော စိတ်အကြံမျှလည်း။ တေ၊ သင့်အား။ န စ ဟောတိ၊ဖြစ်လည်းမဖြစ်။ တတ္ထ၊ ထိုအဆင်းတို့၌။ တေ၊ သင့်အား။ ဆန္ဒောဝါ၊အလိုဆန္ဒသည်မူလည်း။ အတ္ထိ၊ ရှိသလော။ ရာဂေါဝါ၊ တပ်သောရာဂသည်မူလည်း။ အတ္ထိ၊ရှိသလော။ ပေမောဝါ၊ချစ်သောတဏှာပေမသည်မူလည်း။အတ္ထိ၊ရှိသလော။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးတော်မူအပ်သည်ရှိသော်။ ဘန္တေ၊ မြတ်စွာဘုရား။ ဧတံဧသောဆန္ဒရာဂပေမော၊ ထိုဆန္ဒရာဂပေမသည်။ မေ၊ အကျွန်ုပ်အား။ နောဟိနတ္ထိ၊ မရှိပါဘုရား။

(ကိလေသာနှင့်မရောနှောသောကြောင့်၊ မပိုင်းခြားအပ်သော၊ဥပ္ပန္နနာရဟခန္ဓာကို၊သိစေချင်းငှါ၊ထုတ်ပြသော သုတ်တစ်ဝ်။)

ကိလေသာသည် ကား၊ အတိတ်ကိလေသာ၊အနာဂတ်ကိလေသာ၊ ပစ္စုပ္ပန်ကိလေသာ၊ ဥပ္ပန္နနာရဟာကိလေသာအားဖြင့် လေးပါး။ ထိုလေးပါးတို့တွင်၊ ဖြစ်ပြီးသော ကိလေသာသည်၊ အတိတ်ကိလေသာမည်၏။ ဖြစ်လတံ့သောကိလေသာသည်၊ အနာဂတ်ကိလေသာမည်၏။ ဖြစ်ဆဲသောကိလေသာသည်၊ ပစ္စုပ္ပန်ကိလေသာမည်၏။ ဖြစ်ချင်းငှါ ထိုက်သောကိလေသာသည် ဥပ္ပန္နနာရဟာကိလေသာမည်၏။ ထိုလေးပါးတို့တွင်၊ အတိတ်ကိလေသာကို၊ ဖြစ်ပြီးသောကြောင့်–မပယ်အပ်၊ အနာဂတ်ကိလေသာကို၊ မဖြစ်သေးသောကြောင့်-မပယ်အပ်၊ပစ္စုပ္ပန်ကိလေသာကို၊ ဖြစ်ဆဲသောကြောင့်–မပယ်အပ်၊ ဥပ္ပန္နနာရဟာကိလေသာကို၊ ဖြစ်ချင်းငှါ ထိုက်သောကြောင့်–ပယ်အပ်၏၊ ထိုဥပ္ပန္နနာရဟာကိလေသာသည်လည်း၊ ရုပ်၏ကိလေသာ၊ဝေဒနာ၏ကိလေသာ၊သညာ၏ကိလေသာ၊ သင်္ခါရ၏ကိလေသာ၊ ဝိညာဏ်၏ကိလေသာအားဖြင့် ငါးပါး၊ထိုငါးပါးတို့တွင်၊ရုပ်၏ကိလေသာကို ပယ်သည်ရှိသော်၊ ရုပ်၌ပယ်၏။ ဝေဒနာ၏ကိလေသာကို ပယ်သည်ရှိသော်၊ ဝေဒနာ၌ပယ်၏။ သညာ၏ကိလေသာကိုပယ်သည်ရှိသော်၊ သညာ၌ပယ်၏။ သင်္ခါရ၏ကိလေသာကိုပယ်သည်ရှိသော်၊ သင်္ခါရ၌ပယ်၏။ ဝိညာဏ်၏ ကိလေသာကိုပယ်သည်ရှိသော်၊ဝိညာဏ်၌ပယ်၏။

ခန္ဓာသည် ကား၊ အတိတ်ခန္ဓာ၊ အနာဂတ်ခန္ဓာ၊ ပစ္စုပ္ပန်ခန္ဓာ၊ ဥပ္ပန္နနာရဟာခန္ဓာအားဖြင့် လေးပါး။ ထိုလေးပါးတို့တွင်၊ ဖြစ်ပြီးသောခန္ဓာ

သည်၊ အတိတ်ခန္ဓာမည်၏။ ဖြစ်လတ္တံ့သောခန္ဓာသည်၊ အနာဂတ်ခန္ဓာမည်၏။ ဖြစ်ဆဲသော ခန္ဓာသည်၊ ပစ္စုပ္ပန် ခန္ဓာမည်၏။ ဖြစ်ချင်းငှါ ထိုက်သောခန္ဓာသည်။ ဥပ္ပန္နာရဟာခန္ဓာမည်၏။ ထိုလေးပါးတို့တွင်၊ ဖြစ်ပြီးသောအတိတ်ခန္ဓာ၊ ဖြစ်လတ္တံ့သောအနာဂတ်ခန္ဓာ၊ ဖြစ်ဆဲသော ပစ္စုပ္ပန်ခန္ဓာကို၊ ကိလေသာနှင့်ရောနှောသောကြောင့်၊မရောနှောအောင် ပိုင်းခြားအပ်၏။ ဥပ္ပန္နာရဟာခန္ဓာကို၊ ဖြစ်ချင်းငှါထိုက်ရုံမျှ ဖြစ်၍၊ ကိလေသာနှင့်မရောနှောသောကြောင့်၊ မပိုင်းခြားအပ်။ မပိုင်းခြားအပ်သော၊ ထိုဥပ္ပန္နာရဟာခန္ဓာသည်လည်း၊ ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်အားဖြင့် ငါးပါး။ ထိုငါးပါးတို့တွင်၊ မပိုင်းခြားအပ်သောရုပ်၊ လွတ်သည်ရှိသော်၊ ပိုင်းခြားအပ်သောရုပ်၌လွတ်၏။ မပိုင်းခြားအပ်သောဝေဒနာ၊ လွတ်သည်ရှိသော်၊ ပိုင်းခြားအပ်သောဝေဒနာ၌လွတ်၏။ မပိုင်းခြားအပ်သော သညာ၊ လွတ်သည်ရှိသော်၊ ပိုင်းခြားအပ်သော သညာ၌လွတ်၏။ မပိုင်းခြား အပ်သောသင်္ခါရ၊ လွတ်သည်ရှိသော်၊ ပိုင်းခြားအပ်သော သင်္ခါရ၌လွတ်၏။ မပိုင်းခြားအပ်သော ဝိညာဏ်၊ လွတ်သည်ရှိသော်၊ ပိုင်းခြားအပ်သောဝိညာဏ်၌လွတ်၏။

လွတ်ပုံကား၊ ပိုင်းခြားအပ်သောရုပ်၌၊ ဆန္ဒရာဂပျောက်၏။ပျောက်သောဆန္ဒရာဂသည်လည်း၊ကုန်သောသဘောရှိသည်ဖြစ်၍၊ အကြောင်းကင်းသောကြောင့်၊ပိုင်းခြားအပ်သောရုပ်၌၊ နောင်အသစ်အသစ်ဖြစ်ချင်းငှါမထိုက်သော၊ အကျိုးသဘောစဉ်းစဉ်း၊ မပိုင်းခြားအပ်သောရုပ်၏၊ လွတ်ချင်းပင်တည်း။ ပိုင်းခြားအပ်သောဝေဒနာ၌၊ ဆန္ဒရာဂပျောက်၏။ ပျောက်သော ဆန္ဒရာဂသည်လည်း၊ ကုန်သော သဘောရှိသည်ဖြစ်၍၊ အကြောင်းကင်းသောကြောင့်၊ပိုင်းခြားအပ်သောဝေဒနာ၌၊ နောင်အသစ်အသစ်ဖြစ်ချင်းငှါမထိုက်သော၊ အကျိုးသဘောစဉ်းစဉ်း၊ မပိုင်းခြားအပ်သောဝေဒနာ၏၊ လွတ်ချင်းပင်တည်း။ ပိုင်းခြားအပ်သောသညာ၌၊ ဆန္ဒရာဂပျောက်၏။ပျောက်သော ဆန္ဒရာဂသည်လည်း၊ ကုန်သောသဘောရှိသည်ဖြစ်၍၊ အကြောင်းကင်းသောကြောင့်၊ ပိုင်းခြားအပ်သောသညာ၌၊နောင်အသစ်အသစ် ဖြစ်ချင်းငှါမထိုက်သော၊အကျိုးသဘောစဉ်းစဉ်း၊ မပိုင်းခြား အပ်သော သညာ၏လွတ်ချင်းပင်တည်း။ ပိုင်းခြားအပ်သော သင်္ခါရ၌၊ ဆန္ဒရာဂပျောက်၏။ ပျောက်သော ဆန္ဒရာဂသည်လည်း၊ ကုန်သောသဘောရှိသည်ဖြစ်၍၊ အကြောင်းကင်းသောကြောင့်၊ပိုင်းခြား

အပ်သောသင်္ခါရ၌၊နှောင်အသစ်အသစ်ဖြစ်ချင်း၌ မထိုက်သော၊အကျိုးသဘောစဉ်းစဉ်း၊ မပိုင်းခြားအပ်သောသင်္ခါရ၏၊ လွတ်ချင်းပင်တည်း။ ပိုင်းခြားအပ်သောဝိညာဏ်၌၊ဆန္ဒရာဂပျောက်၏။ပျောက်သောဆန္ဒရာဂသည်လည်း၊ ကုန်သောသဘောရှိသည်ဖြစ်၍၊ အကြောင်းကင်းသောကြောင့်၊ ပိုင်းခြားအပ်သောဝိညာဏ်၌၊ နှောင်အသစ်အသစ်ဖြစ်ချင်း၌ မထိုက်သော၊ အကျိုးသဘောစဉ်းစဉ်း၊ မပိုင်းခြားအပ်သောဝိညာဏ်၏ လွတ်ချင်းပင်တည်း၊

ပိုင်းခြားအပ်သော၊ ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်၌၊ ဆန္ဒရာဂ၏ပျောက်ချင်းကြောင့်၊ မပိုင်းခြားအပ်သော၊ ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်၊ နှောင်အသစ်အသစ် ဖြစ်ချင်း၌မထိုက်သောအကျိုးသဘော၊ ယောဂီပုဂ္ဂိုလ်၏သန္တာန်၌၊ အကြောင်းကင်းသော နိဗ္ဗာန်ထင်သည်ကို၊ မဂ်ဖြင့် ယောဂီပုဂ္ဂိုလ်၊ နိဗ္ဗာန်ကို—မျက်မှောက်ပြုသည် ဆိုရမည်၊ အာရုံပြုသည်မဆိုရ။ ထို့ကြောင့်။ ။ဣဒံ ရူပဿနိဿရဏန္တိ။ပ။ဣဒံဝေဒနာယနိဿရဏန္တိ။ပ ။ ဣဒံသညာယနိဿရဏန္တိ။ပ။ ဣဒံသင်္ခါရာနံနိဿရဏန္တိ။ ပ။ ဣဒံဝိညာဏဿနိဿရဏန္တိ၊ သစ္ဆိကိရိယာပဋိဝေဓောနိရောဓသစ္စံ-ဟု ဟောတော်မူသည်။

အကြောင်းကင်းသောကြောင့်၊ မဖြစ်သောအကျိုးသဘော၊ ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ဆိုက်ရောက်သည်ကို၊ နိဗ္ဗာန်ဟောင်းဟုတ်သလော၊ မဟုတ်သလော၊ စောကြောနိုင်သော ဉာဏ်ရှိမှ၊ ပေါ်ရာဏ နိဗ္ဗာန်၊ ဆိုက်ရောက်ဟန်ကို၊ အမှန်သိနိုင်ကြမည်။

ယံရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ရူပဿ အဿာဒေါတိ ပဟာနပဋိဝေဓော သမုဒယသစ္စံ။ ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါတိ ပရိညာပဋိဝေဓော ဒုက္ခသစ္စံ။ ယော ရူပသ္မိံ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ ရူပဿ နိဿရဏန္တိ သစ္ဆိကိရိယာ ပဋိဝေဓော နိရောဓသစ္စံ။ ယာ ဣမေသု တီသု ဌာနေသု ဒိဋ္ဌိ-သင်္ကပ္ပေါ ဝါစာ—ကမ္မန္တော—အာဇီဝေါ—ဝါယာမော-သတိ-သမာဓိ—ဘာဝနာ ပဋိဝေဓော မဂ္ဂသစ္စံ။

ရူပံ၊ ရုပ်ကို။ ပဋိစ္စ၊ စွဲ၍။ ယံသုခံသောမနဿံ၊ အကြင်သုခသညာ-သောမနဿသညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသုခ သညာ သောမနဿသညာသည်ကား။ ရူပဿ၊ ရုပ်၏။အဿာဒေါ၊အဿာဒ သညာ တဏှာတည်း၊ ဣတိအယံရူပဿအဿာဒေါ၊ဤရုပ်၏အဿာဒ သညာ တဏှာသည်ကား။ ပဟာနပဋိဝေဓော၊ ပယ်အပ်သော သဘောရှိသည်ဖြစ်၍။သမုဒယသစ္စံ၊ သမုဒယသစ္စာ မည်၏။ ယံရူပံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ဆင်းရဲ။ ဝိပရိဏာမဓမ္မံ၊ဖောက်ပြန်သောသဘော။ အယံ၊ ဤရုပ်၏–မမြဲ–ဆင်းရဲ-ဖောက်ပြန်သော သဘော သည်ကား။ ရူပဿ၊ ရုပ်၏၊ အာဒီနဝေါ၊ အပြစ်တည်း။ ဣတိ အယံရူပဿ အာဒီနဝေါ၊ ဤရုပ်၏အပြစ်သည်ကား။ ပရိညာပဋိဝေဓော၊ ပိုင်းခြားအပ်သော သဘောရှိသည်ဖြစ်၍။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ ရူပသ္မိံ၊ ရုပ်၌။ယောဆန္ဒရာဂဝိနယော၊ အကြင်ဆန္ဒရာဂကိုဖျောက်၏။ ယံဆန္ဒရာဂပဟာနံ၊ အကြင်ဆန္ဒရာဂပျောက်၏။ ဣဒံ၊ ဤသို့ ဆန္ဒရာဂပျောက်ချင်းသည်ကား။ ရူပဿ၊ ရုပ်၏။ နိဿရဏံ၊ လွတ်ချင်းတည်း။ ဣတိဣဒံရူပဿနိဿရဏံ၊ ဤရုပ်၏လွတ်ချင်းသည်ကား။ သစ္ဆိကိရိယာပဋိဝေဓော၊ မျက်မှောက်ပြုအပ်သော သဘောရှိသည်ဖြစ်၍။နိရောဓသစ္စံ၊နိရောဓသစ္စာမည်၏၊ ဣမေသုတီသုဌာနေသု၊ ဒုက္ခ-သမုဒယ-နိရောဓ၊ ဤသုံးဌာနတို့၌။ ယာဒိဋ္ဌိ၊ အကြင်မြင်ချင်း။ ယောသင်္ကပ္ပေါ၊ အကြင်ကြံချင်း။ ယာဝါစာ၊ အကြင်ဆိုချင်း။ ယော ကမ္မန္တော၊ အကြင်ပြုချင်း။ ယောအာဇီဝေါ၊ အကြင်အသက်မွေးချင်း။ ယော ဝါယာမော၊ အကြင်အားထုတ်ချင်း။ ယာသတိ၊ အကြင်ထင်ချင်း။ ယောသမာဓိ၊ အကြင်တည်ချင်း။ အယံ၊ ဤသို့ မြင်ချင်း, ကြံချင်း, ဆိုချင်း, ပြုချင်း, အသက်မွေးချင်း, အားထုတ်ချင်း, ထင်ချင်း, တည်ချင်း သည်ကား။ ဘာဝနာပဋိဝေဓော၊ ပွါးသော သဘောရှိသည်ဖြစ်၍။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာမည်၏။

ယံ ဝေဒနံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ဝေဒနာယ အဿာဒေါတိ ပဟာန ပဋိဝေဓော သမုဒယသစ္စံ။ ယာ ဝေဒနာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ၊ အယံ ဝေဒနာယ အာဒီနဝေါတိ ပရိညာပဋိဝေဓော ဒုက္ခသစ္စံ။ ယော ဝေဒနာယ

ဆန္ဒရာဂ ဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ ဝေဒနာယ နိဿရ
ဏန္တိ သန္တိကြိယာ ပဋိဝေဓော နိရောဓသစ္စံ၊ ယာ ဣမေသု
တီသု ဌာနေသု ဒိဋ္ဌိ-သင်္ကပ္ပေါ- ဝါစာ-ကမ္မန္တော- အာဇီဝေါ-
ဝါယာမော-သတိ- သမာဓိ-ဘာဝနာ ပဋိဝေဓော မဂ္ဂသစ္စံ။

ဝေဒနံ၊ ဝေဒနာကို။ ပဋိစ္စ၊ စွဲ၍။ ယံ သုခံသောမနဿံ၊ အကြင်သုခ သညာ- သောမနဿ သညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသုခ သညာ- သောမနဿ သညာသည်ကား။ ဝေဒနာယ၊ ဝေဒနာ၏။ အဿာဒေါ၊ အဿာဒသညာ-တဏှာတည်း။ ဣတိ အယံ ဝေဒနာယ အဿာဒေါ၊ ဤဝေဒနာ၏အဿာဒ သညာ တဏှာသည်ကား။ ပဟာန ပဋိဝေဓော၊ ပယ်အပ်သော သဘောရှိသည်ဖြစ်၍။ သမုဒယသစ္စံ၊ သမုဒယသစ္စာမည်၏။ ယာဝေဒနာ၊ အကြင်ဝေဒနာသည်။ အနိစ္စာ၊မမြဲ။ ဒုက္ခာ၊ ဆင်းရဲ။ ဝိပရိဏာမ ဓမ္မာ၊ ဖောက်ပြန်သော သဘော။ အယံ၊ ဤဝေဒနာ၏ မမြဲ- ဆင်းရဲ- ဖောက်ပြန်သော သဘောသည်ကား။ ဝေဒနာယ၊ ဝေဒနာ၏။ အာဒီနဝေါ၊ အပြစ်တည်း။ဣတိ အယံ ဝေဒနာယ အာဒီနဝေါ၊ ဤဝေဒနာ၏အပြစ်သည်ကား။ ပရိညာပဋိဝေဓော၊ပိုင်းခြား အပ်သော သဘောရှိသည်ဖြစ်၍။ဒုက္ခသစ္စံ၊ဒုက္ခသစ္စာမည်၏။ဝေဒနာယ၊ ဝေဒနာ၌။ယောဆန္ဒရာဂ ဝိနယော၊အကြင်ဆန္ဒရာဂကို ပျောက်၏။ ယံ ဆန္ဒရာဂ ပဟာနံ၊ အကြင်ဆန္ဒရာဂ ပျောက်၏။ ဣဒံ၊ ဤဆန္ဒရာဂပျောက် ချင်းသည်ကား။ ဝေဒနာယ၊ ဝေဒနာ၏။ နိဿရဏံ၊ လွတ်ချင်းတည်း။ ဣတိဣဒံဝေဒနာယနိဿရဏံ၊ ဤဝေဒနာ၏ လွတ်ချင်းသည်ကား။ သန္တိ ကြိယာပဋိဝေဓော၊ မျက်မှောက်ပြုအပ်သော သဘောရှိသည်ဖြစ်၍။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ဣမေသုတီသု ဌာနေသု၊ ဒုက္ခ-သမု ဒယ-နိရောဓ-ဤသုံးဌာနတို့၌။ ယာဒိဋ္ဌိ၊ အကြင်မြင်ချင်း။ယောသင်္ကပ္ပေါ၊ အကြင်ကြံချင်း။ ယာဝါစာ၊ အကြင်ဆိုချင်း။ ယောကမ္မန္တော၊ အကြင် ပြုချင်း။ ယောအာဇီဝေါ၊ အကြင်အသက်မွေးချင်း။ ယောဝါယာမော၊ အကြင်အားထုတ်ချင်း။ ယာသတိ၊ အကြင်ထင်ချင်း။ ယောသမာဓိ၊ အကြင်တည်ချင်း။ အယံ၊ ဤသို့ မြင်ချင်း, ကြံချင်း, ဆိုချင်း, ပြုချင်း, အသက်မွေးချင်း, အားထုတ်ချင်း, ထင်ချင်း, တည်ချင်းသည်ကား။ ဘာဝနာ ပဋိဝေဓော၊ ပွါးသော သဘောရှိသည်ဖြစ်၍။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာမည်၏။

ယံ သညံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံသောမနဿံ၊ အယံ သညာယ အဿာဒေါတိ ပဟာနပဋိဝေဓော သမုဒယသစ္စံ။ ယာ သညာ အနိစ္စာ- ဒုက္ခာ- ဝိပရိဏာမဓမ္မာ၊ အယံ သညာယ အာဒီနဝေါတိ ပရိညာပဋိဝေဓော ဒုက္ခသစ္စံ။ ယော သညာယ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ။ ဣဒံ သညာယ နိဿရဏန္တိ သစ္ဆိကိရိယာ ပဋိဝေဓော နိရောဓသစ္စံ။ ယာ ဣမေသု တီသု ဌာနေသု- ဒိဋ္ဌိ- သင်္ကပ္ပေါ- ဝါစာ- ကမ္မန္တော- အာဇီဝေါ- ဝါယာမော- သတိ- သမာဓိ- ဘာဝနာပဋိဝေဓော မဂ္ဂသစ္စံ။

သညံ၊ သညာကို။ ပဋိစ္စ၊ စွဲ၍။ ယံသုခံသောမနဿံ၊ အကြင်သုခ သညာ- သောမနဿ သညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသုခ သညာ- သောမနဿ သညာ သည်ကား။ သညာယ၊ သညာ၏။ အဿာဒေါ၊ အဿာဒ သညာ-တဏှာတည်း။ ဣတိအယံ သညာယ အဿာဒေါ၊ဤသညာ၏ အဿာဒသညာ- တဏှာသည်ကား။ ပဟာန ပဋိဝေဓော၊ ပယ်အပ်သော သဘော ရှိသည်ဖြစ်၍။ သမုဒယ သစ္စံ၊ သမုဒယသစ္စာမည်၏။ ယာသညာ၊ အကြင်သညာသည်။ အနိစ္စာ၊မမြဲ။ ဒုက္ခာ၊ ဆင်းရဲ။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်သော သဘော။ အယံ၊ ဤသညာ၏-မမြဲ- ဆင်းရဲ- ဖောက်ပြန်သော သဘော သည်ကား။ သညာယ၊ သညာ၏။ အာဒီနဝေါ၊ အပြစ်တည်း။ ဣတိအယံသညာယ အာဒီနဝေါ၊ ဤသညာ၏အပြစ်သည်ကား။ ပရိညာပဋိဝေဓော၊ ပိုင်းခြား အပ်သော သဘော ရှိသည် ဖြစ်၍။ ဒုက္ခသစ္စံ၊ ဒုက္ခ သစ္စာ မည်၏။ သညာယ၊ သညာ၌။ ယော ဆန္ဒရာဂဝိနယော၊ အကြင် ဆန္ဒရာဂကို ပျောက်၏။ ယံ ဆန္ဒရာဂ ပဟာနံ၊အကြင် ဆန္ဒရာဂ ပျောက်၏။ ဣဒံ၊ ဤဆန္ဒရာဂ ပျောက်ချင်းသည်ကား။ သညာယ၊ သညာ၏။ နိဿရဏံ၊ လွတ်ချင်းတည်း။ ဣတိဣဒံသညာယနိဿရဏံ၊ ဤသညာ၏လွတ်ချင်း သည်ကား။ သစ္ဆိကိရိယာပဋိဝေဓော၊ မျက်မှောက်ပြုအပ်သောသဘော ရှိသည်ဖြစ်၍။ နိရောဓသစ္စံ၊နိရောဓသစ္စာမည်၏။ဣမေသု တီသုဌာနေသု၊ ဒုက္ခ- သမုဒယ- နိရောဓ- ဤသုံးဌာနတို့၌။ ယာဒိဋ္ဌိ၊ အကြင်မြင်ချင်း။ ယောသင်္ကပ္ပေါ၊ အကြင်ကြံချင်း။ ယာဝါစာ၊ အကြင်ဆိုချင်း။ ယော ကမ္မန္တော၊ အကြင်ပြုချင်း။ ယောအာဇီဝေါ၊ အကြင်အသက်မွေးချင်း။

ယော ဝါယာမော၊ အကြင်အားထုတ်ချင်း။ ယာ သတိ၊ အကြင်ထင်ချင်း။ ယော သမာဓိ၊ အကြင်တည်ချင်း။ အယံ၊ ဤသို့ မြင်ချင်း, ကြံချင်း, ဆိုချင်း, ပြုချင်း, အသက်မွေးချင်း, အားထုတ်ချင်း, ထင်ချင်း, တည်ချင်း သည်ကား။ ဘာဝနာပဋိဝေဓော၊ ပွါးသောသဘောရှိသည်ဖြစ်၍။ မဂ္ဂ သစ္စံ၊ မဂ္ဂသစ္စာမည်၏။

ယံ သန္တီရေ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံသောမနဿံ၊ အယံ သန္တီရာနံ အဿာဒေါတိ ပဟာနပဋိဝေဓော သမုဒယသစ္စံ။ ယေ သန္တီရာ အနိစ္စာ- ဒုက္ခာ-ဝိပရိဏာမဓမ္မာ၊ အယံ သန္တီရာနံ အာဒီနဝေါတိ ပရိညာပဋိဝေဓော ဒုက္ခသစ္စံ။ ယော သန္တီရေသု ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ သန္တီရာနံ နိဿရဏန္တိ သစ္ဆိကိရိယာ ပဋိဝေဓော နိရောဓသစ္စံ။ ယာ ဣမေသု တီသုဌာနေသု ဒိဋ္ဌိ- သင်္ကပ္ပေါ- ဝါစာ- ကမ္မန္တော-အာဇီဝေါ- ဝါယာမော- သတိ-သမာဓိ- ဘာဝနာပဋိဝေဓော မဂ္ဂသစ္စံ။

သန္တီရေ၊ သန္တီရတို့ကို။ ပဋိစ္စ၊ စွဲ၍။ ယံသုခံသောမနဿံ၊ အကြင် သုခသညာ- သောမနဿသညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသုခ သညာ- သောမနဿ သညာသည်ကား။ သန္တီရာနံ၊ သန္တီရတို့၏။ အဿာဒေါ၊ အဿာဒ သညာ-တဏှာတည်း။ ဣတိ အယံ သန္တီရာနံ အဿာဒေါ၊ ဤသန္တီရတို့၏အဿာဒသညာတဏှာသည်ကား။ ပဟာန ပဋိဝေဓော၊ ပယ်အပ်သော သဘော ရှိသည်ဖြစ်၍။ သမုဒယ သစ္စံ၊ သမုဒယသစ္စာမည်၏။ ယေ သန္တီရာ၊ အကြင်သန္တီရတို့သည်။ အနိစ္စာ၊ မမြဲကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဝိပရိဏာမ ဓမ္မာ၊ ဖောက်ပြန်သော သဘောရှိကုန်၏။ အယံ၊ ဤသန္တီရတို့၏-မမြဲ-ဆင်းရဲ-ဖောက်ပြန်သော သဘောသည်ကား။ သန္တီရာနံ၊ သန္တီရ တို့၏။ အာဒီနဝေါ၊ အပြစ် တည်း။ ဣတိ အယံ သန္တီရာနံ အာဒီနဝေါ၊ ဤသန္တီရ တို့၏ အပြစ် သည်ကား။ ပရိညာ ပဋိဝေဓော၊ ပိုင်းခြားအပ်သော သဘောရှိသည် ဖြစ်၍။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ သန္တီရေသု၊ သန္တီရတို့၌။ ယော ဆန္ဒရာဂဝိနယော၊ အကြင်ဆန္ဒရာဂကိုဖျောက်၏။ ယံဆန္ဒရာဂပဟာနံ၊ အကြင်ဆန္ဒရာဂပျောက်၏။ ဣဒံ၊ ဤဆန္ဒရာဂ ပျောက်ချင်းသည်ကား။

သင်္ခါရာနံ၊ သင်္ခါရတို့၏။ နိဿရဏံ၊ လွတ်ချင်းတည်း။ ဣတိ ဣဒံ သင်္ခါရာနံ နိဿရဏံ၊ ဤသင်္ခါရတို့၏ လွတ်ချင်း သည်ကား။ သန္တိ ကြိယာ ပဋိဝေဓော၊ ငြိမ်းချုပ်ပြုအပ်သော သဘော ရှိသည်ဖြစ်၍။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ ဣမေသု တီသု ဌာနေသု၊ ဒုက္ခ-သမုဒယ-နိရောဓ-ဤသုံးဌာနတို့၌။ ယာဒိဋ္ဌိ၊ အကြင်မြင်ချင်း။ ယော သင်္ကပ္ပေါ၊အကြင်ကြံချင်း။ယာဝါစာ၊အကြင်ဆိုချင်း။ ယောကမ္မန္တော၊ အကြင်ပြုချင်း။ ယောအာဇီဝေါ၊ အကြင် အသက်မွေးချင်း။ ယော ဝါယာမော၊ အကြင်အားထုတ်ချင်း။ ယာသတိ၊အကြင်ထင်ချင်း။ ယော သမာဓိ၊ အကြင်တည်ချင်း။ အယံ၊ ဤသို့ မြင်ချင်း, ကြံချင်း,ဆိုချင်း, ပြုချင်း,အသက်မွေးချင်း,အားထုတ်ချင်း,ထင်ချင်း,တည်ချင်းသည်ကား။ ဘာဝနာပဋိဝေဓော၊ ပွါးသော သဘောရှိသည် ဖြစ်၍။ မဂ္ဂသစ္စံ၊ မဂ္ဂ သစ္စာမည်၏။

ယံ ဝိညာဏံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံသောမနဿံ၊ အယံ ဝိညာဏဿ အဿာဒေါတိ ပဟာန ပဋိဝေဓော သမုဒယသစ္စံ။ ယံ ဝိညာဏံ အနိစ္စံ-ဒုက္ခံ-ဝိပရိဏာမ ဓမ္မံ၊ အယံ ဝိညာဏဿ အာဒီနဝေါတိ ပရိညာ ပဋိဝေဓော ဒုက္ခသစ္စံ။ ယော ဝိညာဏသ္မိံ ဆန္ဒရာဂ ဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ ဝိညာဏဿ နိဿရဏန္တိ သန္တိကြိယာ ပဋိဝေဓော နိရောဓသစ္စံ။ ယာ ဣမေသု တီသု ဌာနေသု ဒိဋ္ဌိ-သင်္ကပ္ပေါ-ဝါစာ-ကမ္မန္တော-အာဇီဝေါ-

ဝါယာမော-သတိ-သမာဓိ-ဘာဝနာပဋိဝေဓော မဂ္ဂသစ္စံ။

ဝိညာဏံ၊ ဝိညာဏ်ကို။ ပဋိစ္စ၊ စွဲ၍။ ယံသုခံသောမနဿံ၊ အကြင် သုခသညာ-သောမနဿသညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသုခ သညာ-သောမနဿ သညာသည်ကား။ ဝိညာဏဿ၊ ဝိညာဏ်၏။ အဿာဒေါ၊ အဿာဒသညာ-တဏှာတည်း။ ဣတိ အယံ ဝိညာဏဿ အဿာဒေါ၊ဤဝိညာဏ်၏အဿာဒသညာ-တဏှာသည်ကား။ ပဟာန ပဋိဝေဓော၊ ပယ်အပ်သော သဘောရှိသည်ဖြစ်၍။ သမုဒယသစ္စံ၊ သမုဒယသစ္စာမည်၏၊ ယံ ဝိညာဏံ၊အကြင်ဝိညာဏ်သည်။ အနိစ္စံ၊မမြဲ။ ဒုက္ခံ၊ ဆင်းရဲ။ ဝိပရိဏာမ ဓမ္မံ၊ ဖောက်ပြန်သော သဘော။ အယံ၊ ဤဝိညာဏ်၏၊မမြဲ-ဆင်းရဲ-ဖောက်ပြန်သောသဘောသည်ကား။ဝိညာ

ဏဿ၊ ဝိညာဏ်၏။ အာဒီနဝေါ၊ အပြစ်တည်း။ ဇာတိအယံဝိညာဏဿ အာဒီနဝေါ၊ ဤဝိညာဏ်၏ အပြစ်သည်ကား။ ပရိညာ ပဋိဝေဓော၊ ပိုင်းခြားအပ်သော သဘောရှိသည်ဖြစ်၍။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ ဝိညာဏဿ၊ ဝိညာဏ်၌။ ယော ဆန္ဒရာဂ ဝိနယော၊ အကြင်ဆန္ဒရာဂကို ပျောက်၏။ ယံ ဆန္ဒရာဂ ပဟာနံ၊ အကြင်ဆန္ဒရာဂပျောက်၏။ ဣဒံ၊ ဤဆန္ဒရာဂပျောက်ချင်းသည်ကား။ ဝိညာဏဿ၊ ဝိညာဏ်၏။ နိဿရဏံ၊ လွတ်ချင်းတည်း။ ဇာတိ ဣဒံ ဝိညာဏဿ နိဿရဏံ၊ ဤဝိညာဏ်၏လွတ်ချင်းသည်ကား။ သစ္ဆိကိရိယာပဋိဝေဓော၊ မျက်မှောက်ပြုအပ်သောသဘောရှိသည်ဖြစ်၍။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ ဣမေသု တီသု ဌာနေသု၊ ဒုက္ခ-သမုဒယ-နိရောဓ-ဤသုံးဌာနတို့၌။ ယာဒိဋ္ဌိ၊ အကြင်မြင်ချင်း။ ယောသင်္ကပ္ပေါ၊ အကြင်ကြံချင်း။ ယာဝါစာ၊ အကြင်ဆိုချင်း။ ယောကမ္မန္တော၊ အကြင်ပြုချင်း။ ယောအာဇီဝေါ၊ အကြင်အသက်မွေးချင်း။ ယောဝါယာမော၊ အကြင်အားထုတ်ချင်း။ ယာသတိ၊ အကြင်ထင်ချင်း။ ယောသမာဓိ၊ အကြင်တည်ချင်း။ အယံ၊ ဤသို့ မြင်ချင်း,ကြံချင်း, ဆိုချင်း,ပြုချင်း,အသက်မွေးချင်း,အားထုတ်ချင်း,ထင်ချင်း, တည်ချင်းသည်ကား။ ဘာဝနာပဋိဝေဓော၊ ပွါးသောသဘောရှိသည်ဖြစ်၍။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာမည်၏။

ဤသို့ ဒုက္ခသစ္စာကိုပိုင်းခြားချင်းကိစ္စ၊ သမုဒယသစ္စာကိုပယ်ချင်းကိစ္စ၊ နိရောဓသစ္စာကိုမျက်မှောက်ပြုချင်းကိစ္စ၊ မဂ္ဂသစ္စာကိုပွါးချင်းကိစ္စ၊မဂ်ကိစ္စလေးချက်၊ တပြိုင်နက်ဖြစ်ပုံကို၊နေဝနိမိတ္တ နပဝတ္တဝုဋ္ဌာန၊ ဧကတောဝုဋ္ဌာန၊ ဥဘတောဝုဋ္ဌာနအားဖြင့်ပြတော်မူ၏။

တတ္ထ အနုလောမံ သစ္စပဋိစ္ဆာဒကံ ကိလေသတမံ ဝိနောဒေတုံ သက္ကောတိ၊ န နိဗ္ဗာနမာရမ္မဏံ ကာတုံ၊ ဂေါတြဘု နိဗ္ဗာနမေဝ အာရမ္မဏံ ကာတုံ သက္ကောတိ၊ န သစ္စပဋိစ္ဆာဒကံ တမံ ဝိနောဒေတုံ။ ပ။ တေနေဝစေတံ မဂ္ဂဿ အာဝဇ္ဇနန္တိ ဝုစ္စတိ။ တဉှိ အနာဝဇ္ဇနမ္ပိ သမာနံ အာဝဇ္ဇနဋ္ဌာနေ ဌတွာ ဧဝံ နိဗ္ဗတ္တာဟီတိ မဂ္ဂဿ သညံ ဒတွာ ဝိယ နိရုဇ္ဈတိ။ မဂ္ဂေါပိ တေန ဒိန္နသညံ အမုဉ္စိတွာဝ အဝိစိသန္တတိဝသေန တံ ဉာဏံ အနုဗန္ဓ

မာနော အနိဗ္ဗိဒ္ဓပုဗ္ဗံ အပဒါလိတပုဗ္ဗံ လောဘက္ခန္ဓံ ဒေါသက္ခန္ဓံ မောဟက္ခန္ဓံ နိဗ္ဗိဇ္ဈမာနော၀ ပဒါလယမာနော၀ နိဗ္ဗတ္တတိ။ပ။ န ကေဝလဉ္စေသ မဂ္ဂေါ လောဘက္ခန္ဓာဒီနံ နိဗ္ဗိဇ္ဈနမေ၀ ကရောတိ။ အပိစခေါ အနမတဂ္ဂသံသာရဝဋ္ဋ ဒုက္ခသမုဒ္ဒံ သောသေတိ။ သဗ္ဗအပါယဒွါရာနိ ပိဒဟတိ။ သတ္တန္နံ အရိယဓနာနံ သမ္မုခီဘာဝံ ကရောတိ၊ အဋ္ဌင်္ဂိကံ မိစ္ဆာမဂ္ဂံ ပဇဟတိ၊ သဗ္ဗဝေရဘယာနိ ဝူပသမေတိ။ သမ္မာသမ္ဗုဒ္ဓဿ ဩရသပုတ္တဘာဝံ ဥပနေတိ၊ အညေသဉ္စ အနေကသတာနံ အာနိသံသာနံ ပဋိလာဘာယ သံဝတ္တတီတိ ဧဝံ အနေကာနိသံသဒါယကေန သောတာပတ္တိမဂ္ဂေန သမ္ပယုတ္တံ ဉာဏံ သောတာပတ္တိမဂ္ဂေ ဉာဏန္တိ။ ။ပဌမ-မဂ္ဂဉာဏံ နိဋ္ဌိတံ။

တတ္ထ၊ ထိုအနုလောမဉာဏ်, ဂေါတြဘုဉာဏ် ၂-ပါးတို့တွင်။ အနုလောမံ၊ အနုလောမဉာဏ်သည်ကား။ သစ္စပဋိစ္ဆာဒကံ၊ နိရောဓသစ္စာကို ဖုံးအုပ်သော။ကိလေသတမံ၊ ကိလေသာ အမိုက်မှောင်ကို၊ဝိနောဒေတုံ၊ ပယ်ချင်းငှါ။သက္ကောတိ၊ စွမ်းနိုင်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို၊အာရမ္မဏံကာတုံ၊ အာရုံပြုချင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ ဂေါတြဘု၊ ဂေါတြဘုဉာဏ်သည်ကား။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ အာရမ္မဏံကာတုံ၊အာရုံပြုချင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ သစ္စ ပဋိစ္ဆာဒကံ၊ နိရောဓသစ္စာကို ဖုံးအုပ်သော။ တမံ၊ ကိလေသာ အမိုက်မှောင်ကို။ ဝိနောဒေတုံ၊ ပယ်ချင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ တေနေဝစ၊ ထို့ကြောင့်သာလျှင်လည်း။ ဧတံဂေါတြဘုဉာဏံ၊ ထိုဂေါတြဘုဉာဏ်ကို။ မဂ္ဂဿ-သောတာပတ္တိမဂ္ဂဿ၊ သောတာပတ္တိမဂ်၏။ အာဝဇ္ဇနန္တိ၊ အာဝဇ္ဇန်းဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ တဉ္စတံ ဧဝ ဂေါတြဘုဉာဏံ၊ ထိုဂေါတြဘုဉာဏ်သည်သာလျှင်။ အနာဝဇ္ဇနမ္ပိသမာနံ၊ အာဝဇ္ဇန်းမဟုတ်သည် ဖြစ်လျက်လည်း။ အာဝဇ္ဇနံဝိယ၊ အာဝဇ္ဇန်းကဲ့သို့။ မဂ္ဂဿ၊သောတာပတ္တိမဂ်၏။အာဝဇ္ဇနဋ္ဌာနေ၊ အာဝဇ္ဇန်းဌာနဦး။ ဌတွာ၊ တည်၍။ ဧဝံနိဗ္ဗတ္တာဟိ၊ ဤသို့ဖြစ်လော့။ ဣတိ၊ဤသို့။ အဝတွာပိ၊ မဆိုအပ်သော်လည်း။ဝုတ္တံဝိယ၊ဆိုသကဲ့သို့။ မဂ္ဂဿ၊ သောတာပတ္တိမဂ်အား။သညံ၊ အမှတ်သညာကို။ဒတွာ၊ ပေး၍။ နိရုဇ္ဈတိ၊ ချုပ်၏။ မဂ္ဂေါပိ၊ သောတာပတ္တိမဂ်သည်လည်း။ တေန၊ ထိုဂေါတြဘု

ဉာဏ်သည်။ ဗိန္ဒသည့်၊ ပေးအပ်သောအမှတ်သညာကို။ အရုဠ္ဌတွာဝ၊
မလွှတ်မူ၍သာလျှင်။အဝိစိသန္တတိဝသေန၊ မခြားမပြတ်၊အစဉ်ငပ်သော
အလိုအားဖြင့်။ တံဉာဏံ၊ ထိုဂေါတြဘုဉာဏ်သို့။ အနုဗန္ဓမာနော၊ အစဉ်
လိုက်သည်ဖြစ်၍။ အနိမ္မိဒ္ဓပုဗ္ဗံ၊ မဖောက်ထွင်းဘူးသော။ အပဒါလိတ
ပုဗ္ဗံ၊ မပေါက်ခွဲဘူးသော။ လောဘက္ခန္ဓံ ဒေါသက္ခန္ဓံ မောဟက္ခန္ဓံ၊
လောဘစုံး-ဒေါသစုံး-မောဟစုံးကို။ နိဗ္ဗိဇ္ဈမာနော၀ ပဒါလယမာနော
၀၊ဖောက်ထွင်း ပေါက်ခွဲလျက်သာလျှင်။နိဗ္ဗတ္တတိ၊ ဖြစ်၏။ ကေဝလံ၊
သက်သက်။ သေဗသောမဂ္ဂေါ၊ ဤသောတာပတ္တိမဂ်သည်ကား။ လော
ဘက္ခန္ဓာဒိနံ၊ လောဘစုံးစသည်တို့ကို။ နိဗ္ဗိဇ္ဈနမေဝ၊ ဖောက်ထွင်း
ချင်းကိုသာလျှင်။ နကရောတိ၊ ပြုသည်မဟုတ်သေး။ အပိစခေါ၊ စင်စစ်
သော်ကား။ အနမတဂ္ဂသံသာရဝဋ္ဋဒုက္ခသမုဒ္ဒံ၊ မသိအပ်သောအစရှိ
သောသံသရာဝဋ်ဒုက္ခသမုဒ္ဒရာကို။ သောသေတိ၊ ချောက်ခမ်းစေ၏။
သဗ္ဗအပါယဒွါရာနိ၊အလုံးစုံသောအပါယ်တံခါးတို့ကို။ ပိဒဟတိ၊ပိတ်၏။
သတ္တန္နံအရိယဓနာနံ၊ အရိယာတို့၏ဥစ္စာ ၇-ပါးတို့ကို၊ သမုခီဘာဝံ၊
မျက်မှောက်၏အဖြစ်ကို။ ကရောတိ၊ ပြု၏။ အဋ္ဌင်္ဂိကံ၊ အင်္ဂါ၈စ်ပါး
ရှိသော။ မိစ္ဆာမဂ္ဂံ၊ မိစ္ဆာမဂ်ကို။ ပဇဟတိ၊ ပယ်စွန့်၏။ သဗ္ဗဝေရ
ဘယာနိ၊ အလုံးစုံသော ဘေးရန်တို့ကို။ ဝူပသမေတိ၊ ငြိမ်းစေ၏။
သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဩရသပုတ္တဘာဝံ၊ရွှေရင်တော်နှစ်
သားတော်စစ်–သွီးတော်စစ်အဖြစ်သို့။ ဥပနေတိ၊ ရောက်စေသေး၏။
အညေသဥ္စ၊ တပါးလည်းဖြစ်ကုန်သော။ အနေကသတာနံ၊ အရာမက
များကုန်သော။အာနိသံသာနံ၊အာနိသင်တို့ကို။ပဋိလာဘာယ ရချင်းငှါ။
သံဝတ္တတိ၊ ဖြစ်၏။ ဣတိဧဝံ၊ ဤသို့။ အနေကာနိသံသဒါယကေန၊အရာ
မက၊ များသော အကျိုးကို ပေးချင်းငှါစွမ်းနိုင်သော။ သောတာပတ္တိ
မဂ္ဂေန၊ သောတာပတ္တိမဂ်နှင့်။ သမ္ပယုတ္တံဉာဏံ၊ ယှဉ်သောဉာဏ်ကို။
သောတာပတ္တိမဂ္ဂေ ဉာဏန္တိ၊ သောတာပတ္တိ မဂ်ဉာဏ်ဟူ၍။ ဝုစ္စတိ၊
ဆိုအပ်၏။

ဣတိဣဒံ၊ ဤသည်ကား။ ပဌမမဂ္ဂဉာဏံ၊ ပဌမ–မဂ်ဉာဏ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

ဣမဿ ပန ဉာဏဿ အနန္တရံ တဿေဝ ဝိပါကဘူတာနိ ဒွေတိဏိ ဝါ ဖလစိတ္တာနိ ဥပ္ပဇ္ဇန္တိ။

ဣမဿပနဉာဏဿ၊ ဤသောတာပတ္တိမဂ်ဉာဏ်၏ကား။ အနန္တရံ၊ အခြားမဲ့၌။ တဿေဝ၊ ထိုသောတာပတ္တိမဂ်၏သာလျှင်။ ဝိပါကဘူတာနိ၊ အကျိုးဖြစ်၍ ဖြစ်ကုန်သော။ ဒွေတိဏ်ဝါဖလစိတ္တာနိ၊ နှစ်ကြိမ်လည်း သုံးကြိမ်လည်းဖြစ်ကုန်သော သောတာပတ္တိဖိုလ်စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

သောတာပတ္တိမဂ်၏အကျိုး၊ သောတာပတ္တိဖိုလ်စိတ်ဖြစ်သောဟူ၏၊ အဘယ်သို့ဖြစ်သနည်း။ ။

မဂ္ဂေါဟိ နိမိတ္တတော ပဝတ္တတော စ ဝုဋ္ဌဟန္တော ကိလေသေ ပဇဟတီတိ အတ္တနော ခဏေ တံ ပယောဂံ ကရောတိ နာမ။ ဖလက္ခဏေ ပနဿ သော ပယောဂေါ ပဋိပဿဒ္ဓေါ ဝူပသန္တော နာမ ဟောတိ။ (**ဋီကာ**)

ဟိ၊ အကြင့်ကြောင့်။ မဂ္ဂေါ၊ မဂ်သည်ကား။ နိမိတ္တတော စ၊ နိမိတ္တမှ လည်းကောင်း။ ပဝတ္တတော စ၊ ပဝတ္တမှလည်းကောင်း။ ဝုဋ္ဌဟန္တော၊ ထသည်ဖြစ်သော်။ ကိလေသေ၊ ကိလေသာတို့ကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဣတိ၊ ထို့ကြောင့်။ အတ္တနော ခဏေ၊ မိမိဖြစ်သောမဂ်ခဏ၌။ တံပယောဂံ၊ နိမိတ္တ-ပဝတ္တမှထသော ထိုပယောဂကို။ ကရောတိနာမ၊ ပြုသည်မည် ၏။ ဖလက္ခဏေပန၊ ဖိုလ်ခဏ၌ကား။ အဿဣမဿမဂ္ဂဿ၊ ဤမဂ်၏။ သောပယောဂေါ၊ နိမိတ္တ, ပဝတ္တမှထသော ထိုပယောဂသည်။ ပဋိပဿဒ္ဓေါ၊ ငြိမ်းသည်။ ဝူပသန္တောနာမ၊ ငြိမ်းသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ (**ဋီကာနက်**)

သောတာပတ္တိမဂ်သည်ကား။ နိမိတ္တ, ပဝတ္တမှထသော-ပယောဂကိုပြု၏။ သောတာပတ္တိဖိုလ်သည်ကား၊ မဂ်၏နိမိတ္တ-ပဝတ္တမှထသော၊ ပယောဂကို ပြုရသော မည်သည် မရှိ၊ ငြိမ်း၏။ ပယောဂ ငြိမ်းသော သဘောသည်ပင်လျှင်၊ မဂ်၏အကျိုးဖိုလ်ဖြစ်သည်မည်၏။

သောတာပတ္တိမဂ္ဂက္ခဏေ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဝုဋ္ဌာတိ။ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ။ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။ တပ္ပယောဂပဋိပဿဒ္ဓတ္တာ ဥပ္ပဇ္ဇတိ သမ္မာဒိဋ္ဌိ၊ မဂ္ဂဿေတံ ဖလံ။ ပ။ ဥပ္ပဇ္ဇတိ။ သမ္မာသင်္ကပ္ပေါ၊ မဂ္ဂဿေတံ ဖလံ။ ပ။ ဥပ္ပဇ္ဇတိ သမ္မာဝါစာ၊ မဂ္ဂဿေတံ ဖလံ။ ပ။ ဥပ္ပဇ္ဇတိ သမ္မာကမ္မန္တော၊ မဂ္ဂဿေတံ ဖလံ။ ပ။ ဥပ္ပဇ္ဇတိ သမ္မာအာဇီဝေါ၊ မဂ္ဂဿေတံ ဖလံ။ ပ။ ဥပ္ပဇ္ဇတိ သမ္မာအာဇီဝေါ၊ မဂ္ဂဿေတံ ဖလံ။ ပ။ ဥပ္ပဇ္ဇတိ သမ္မာဝါယာမော၊ မဂ္ဂဿေတံ ဖလံ။ ပ။ ဥပ္ပဇ္ဇတိ သမ္မာသတိ၊ မဂ္ဂဿေတံ ဖလံ။ သောတာပတ္တိမဂ္ဂက္ခဏေ အဝိက္ခေပဋ္ဌေန သမ္မာသမာဓိ မိစ္ဆာသမာဓိတော ဝုဋ္ဌာတိ။ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ။ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ၊ တပ္ပယောဂပဋိပဿဒ္ဓတ္တာ ဥပ္ပဇ္ဇတိ သမ္မာသမာဓိ၊ မဂ္ဂဿေတံဖလံ။

သောတာပတ္တိမဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ်ခဏ၌။ ဒဿနဋ္ဌေန၊ မြင်သောအနက်သဘောကြောင့်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ မိစ္ဆာဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိမှ။ ဝုဋ္ဌာတိ၊ ထ၏။ တဒနုဝတ္တကကိလေသေဟိစ၊ ထိုမိစ္ဆာဒိဋ္ဌိနှင့် အတူလိုက်၍ ဖြစ်ကုန်သော– ကိလေသာ တို့မှလည်း။ ဝုဋ္ဌာတိ၊ထ၏။ ခန္ဓေဟိစ၊ ခန္ဓာတို့မှလည်း။ဝုဋ္ဌာတိ၊ထ၏။ ဗဟိဒ္ဓါစသဗ္ဗနိမိတ္တေဟိ၊အလုံးစုံသောသင်္ခါရအပနိမိတ်တို့မှလည်း။ ဝုဋ္ဌာတိ၊ ထ၏။ တပ္ပယောဂပဋိပဿဒ္ဓတ္တာ၊ ထိုမဂ်၏နိမိတ္တ,ပဝတ္တမှ-ထသောပယောဂငြိမ်းသည်၏အဖြစ်ကြောင့်။ အနန္တရ၊ မဂ်၏အခြားမဲ့။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတံသမ္မာဒိဋ္ဌိ ပဋိပဿဒ္ဓိ ပဟာနံ၊ထိုသမ္မာဒိဋ္ဌိ ပဋိပဿဒ္ဓိပဟာန်သည်။ မဂ္ဂဿ၊ မဂ်၏။ ဖလံ၊အကျိုးတည်း။ သမ္မာသင်္ကပ္ပေါ၊သမ္မာသင်္ကပ္ပသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတံသမ္မာသင်္ကပ္ပပဋိပဿဒ္ဓိပဟာနံ၊ထိုသမ္မာသင်္ကပ္ပပဋိပဿဒ္ဓိပဟာန်သည်။မဂ္ဂဿ၊ မဂ်၏။ ဖလံ၊ အကျိုးတည်း။ သမ္မာဝါစာ၊ သမ္မာဝါစာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတံသမ္မာဝါစာပဋိပဿဒ္ဓိပဟာနံ၊ ထိုသမ္မာဝါစာပဋိပဿဒ္ဓိပဟာန်သည်။မဂ္ဂဿ၊မဂ်၏။ဖလံ၊အကျိုးတည်း။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတံသမ္မာကမ္မန္တပဋိပဿဒ္ဓိပဟာနံ၊ ထိုသမ္မာ

ကမ္မန္တပဋိပဿဒ္ဓိပဟာန်သည်။ မဂ္ဂဿ၊ မဂ်၏။ ဖလံ၊ အကျိုးတည်း။ သမ္မာအာဇီဝေါ၊သမ္မာအာဇီဝသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ ဧတံသမ္မာအာဇီဝပဋိပဿဒ္ဓိပဟာနံ၊ ထိုသမ္မာအာဇီဝပဋိပဿဒ္ဓိပဟာန်သည်။ မဂ္ဂဿ၊ မဂ်၏။ ဖလံ၊ အကျိုးတည်း။ သမ္မာဝါယာမော၊ သမ္မာဝါယာမသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ဧတံသမ္မာဝါယာမပဋိပဿဒ္ဓိပဟာနံ၊ ထိုသမ္မာဝါယာမပဋိပဿဒ္ဓိပဟာန်သည်။မဂ္ဂဿ၊မဂ်၏။ဖလံ၊အကျိုးတည်း။ သမ္မာသတိ၊ သမ္မာသတိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတံသမ္မာသတိပဋိပဿဒ္ဓိပဟာနံ၊ ထိုသမ္မာသတိပဋိပဿဒ္ဓိပဟာန်သည်။ မဂ္ဂဿ၊ မဂ်၏။ ဖလံ၊ အကျိုးတည်း။ သောတာပတ္တိမဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ်ခဏ၌။ အဝိက္ခေပဋ္ဌေန၊မပျံ့လွင့်သောအနက်သဘောကြောင့်။သမ္မာသမာဓိ၊သမ္မာသမာဓိသည်။မိစ္ဆာသမာဓိတော၊မိစ္ဆာသမာဓိမှ။ဝုဋ္ဌာတိ၊ ထ၏။တဒနုဝတ္တကကိလေသေဟိစ၊ထိုမိစ္ဆာသမာဓိနှင့်အတူလိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှလည်း။ ဝုဋ္ဌာတိ၊ ထ၏။ ခန္ဓေဟိစ၊ ခန္ဓာတို့မှလည်း။ ဝုဋ္ဌာတိ၊ ထ၏။ ဗဟိဒ္ဓါစသဗ္ဗနိမိတ္တေဟိ၊ အလုံးစုံသော သင်္ခါရအပနိမိတ်တို့မှလည်း။ ဝုဋ္ဌာတိ၊ ထ၏။ တပ္ပယောဂပဋိပဿဒ္ဓတ္တာ၊ ထိုမဂ်၏နိမိတ္တ-ပဝတ္တမှ-ထသော ပယောဂ-ငြိမ်းသည့်၏အဖြစ်ကြောင့်။အနန္တရံ၊ မဂ်၏အခြားမဲ့။သမ္မာသမာဓိ၊ သမ္မာသမာဓိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတံသမ္မာသမာဓိပဋိပဿဒ္ဓိပဟာနံ၊ ထိုသမ္မာသမာဓိပဋိပဿဒ္ဓိပဟာန်သည်။ မဂ္ဂဿ၊မဂ်၏။ဖလံ၊အကျိုးတည်း။

ထို့ကြောင့်၊ **ရတနသုတ်- ဓမ္မဂုဏ်တော်၌**။ ။သမာဓိမာနန္တရိကညမာဟု- ဟုဟောတော်မူ၏။ ။အာနန္တရိကံ၊ မဂ်၏အခြားမဲ့၌ ဖြစ်သော။ အညံ၊ ဖိုလ်ကို။ သမာဓိံ၊ ပယောဂငြိမ်း၏ဟူ၍။ အာဟု၊ ဆိုကြကုန်၏။

ဖလပရိယောသာနေ ပနဿ စိတ္တံ ဘဝင်္ဂံ ဩတရတိ။
တတော ဘဝင်္ဂံ ဥပစ္ဆိန္ဒိတွာ မဂ္ဂပစ္စဝေက္ခဏတ္ထာယ ဥပ္ပဇ္ဇတိ
မနောဒွါရာဝဇ္ဇနံ။ တသ္မိံ နိရုဒ္ဓေ ပဋိပါဋိယာ သတ္တမဂ္ဂပစ္စ
ဝေက္ခဏဇဝနာနိ ဥပ္ပဇ္ဇန္တီတိ။ ပုန ဘဝင်္ဂံ ဩတရိတွာ တေနေ
ဝ နယေန ဖလာဒီနံ ပစ္စဝေက္ခဏတ္ထာယ အာဝဇ္ဇနာဒီနိ ဥပ္ပဇ္ဇန္တိ။
ယေသံ ဥပ္ပတ္တိယာ ဧသ မဂ္ဂံ ပစ္စဝေက္ခတိ၊ ဖလံ ပစ္စဝေက္ခတိ။

> ပဟီနကိလေသေ ပစ္စဝေက္ခတိ။ အဝသိဋ္ဌကိလေသေ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ပစ္စဝေက္ခတိ။ သောဟိ ဣမိနာ ဝတာဟံ မဂ္ဂေန အာဂတောတိ မဂ္ဂံ ပစ္စဝေက္ခတိ၊ အယံ မေ အာနိသံသော ပဋိလဒ္ဓေါတိ ဖလံ ပစ္စဝေက္ခတိ။ ဣမေ နာမ မေ ကိလေသာ ပဟီနာတိ ပဟီနကိလေသေ ပစ္စဝေက္ခတိ၊ ဣမေ နာမ မေ ကိလေသာ အဝသိဋ္ဌာတိ ဥပရိမဂ္ဂတ္တယဝဇ္ဈေ ကိလေသေ ပစ္စဝေက္ခတိ။ အဝသာနေ စ အယံမေ ဓမ္မော အာရမ္မဏတော ပဋိဝိဒ္ဓေါတိ အမတံ နိဗ္ဗာနံ ပစ္စဝေက္ခတိ။ ဣတိ သောတာပန္နဿ အရိယသာဝကဿ ပဉ္စပစ္စဝေက္ခဏာနိ ဟောန္တိ။

ဖလပရိယောသာနေပန၊ ဖိုလ်၏အဆုံး၌ကား။ အဿဣမဿ သောတာပန္နဿ၊ ဤသောတာပန်ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ တတော၊ ထို့နောက်။ ဘဝင်္ဂံ၊ ဘဝင်ကို။ ဥပစ္ဆိန္ဒိတွာ၊ ဖြတ်၍။ မဂ္ဂပစ္စဝေက္ခဏတ္ထာယ၊ မဂ်ကိုဆင်ခြင်ချင်းအကျိုးငှါ။ မနောဒွါရာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံ၊ ထို မနောဒွါရာဝဇ္ဇန်းသည်။ နိရုဒ္ဓေ၊ ချုပ်သည်ရှိသော်။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ သတ္တမဂ္ဂပစ္စဝေက္ခဏဇဝနာနိ၊ မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဇော ၇-ကြိမ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣတိအယံ၊ ဤသည်ကား။ ပစ္စဝေက္ခဏာယ၊ ပစ္စဝေက္ခဏာ၏။ ဧကောဝါရော၊ တကြိမ်။ ပုန၊ တဖန်။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရိတွာ၊ သက်၍။ တေနေဝနယေန၊ ထိုဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။ ဖလာဒီနံ၊ ဖိုလ်စသည်တို့ကို။ ပစ္စဝေက္ခဏတ္ထာယ၊ ဆင်ခြင်ချင်းအကျိုးငှါ။ အာဝဇ္ဇနာဒီနိ၊ အာဝဇ္ဇန်းစသည်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣတိဣမေ၊ ဤသည်တို့ကား။ ပစ္စဝေက္ခဏာယ၊ ပစ္စဝေက္ခဏာ၏။ စတ္တာရောဝါရာ၊ လေးကြိမ်။ ယေသံ၊ အကြင် ပစ္စဝေက္ခဏာငါးကြိမ်တို့၏။ ဥပ္ပတ္တိယာ၊ ဖြစ်ချင်းကြောင့်။ သေသော-သောတာပန္နော၊ ဤသောတာပန် ပုဂ္ဂိုလ်သည်။ မဂ္ဂံ၊ မဂ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဖလံ၊ ဖိုလ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ပဟီနကိလေသေ၊ ပယ်အပ်ပြီးသောကိလေသာတို့ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ အဝသိဋ္ဌကိလေသေ၊ ကြွင်းသော ကိလေသာတို့ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဟိ၊ ဆင်ခြင်ပုံကား။ သော-သောတာပန္နော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။

အဟံ၊ ငါသည်။ ဇာမိနာမဂ္ဂေန၊ ဤမဂ်ဖြင့်။ အာဂတော၀တာ၊ လာခဲ့ပြီ တကား။ ဣတိ၊ ဤသို့။ မဂ္ဂံ၊ မဂ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ အယံအာနိသံ သော၊ ဤအကျိုးကို။ မေ၊ ငါသည်။ ပဋိလဒ္ဓေါဝတာ၊ ရအပ်ပြီတကား။ ဣတိ၊ ဤသို့။ ဖလံ၊ ဖိုလ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဇာမေနာမကိလေသာ၊ ဤ မည်သောကိလေသာတို့ကို။ မေ၊ ငါသည်။ ပဟီနာဝတာ၊ ပယ်အပ်ကုန်ပြီ တကား။ ဣတိ၊ ဤသို့။ ပဟီနကိလေသေ၊ ပယ်အပ်ပြီးသောကိလေသာ တို့ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဇာမေနာမကိလေသာ၊ ဤမည်သော ကိလေသာတို့သည်ကား။ မေ၊ ငါ့အား။ အဝသိဋ္ဌာ ဝတာ၊ ကြွင်းသေးကုန် သည်တကား။ ဣတိ၊ ဤသို့။ ဥပရိမဂ္ဂတ္တယဝဇ္ဈေ၊ အထက်မဂ် သုံးခု သည့် ပယ်အပ်ကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ အဝသာနေစ၊ အဆုံး၌လည်း။ အယံ ဓမ္မော၊ မဖြစ်ဘဲ ဖြစ်သော–ဤသဘောကို။ အာရမ္မဏတော၊ အာရုံပြုသော အားဖြင့်။ မေ၊ ငါသည်။ ပဋိဝိဒ္ဓေါဝတာ၊ ထိုးထွင်းသိမြင် အပ်ပြီတကား။ ဣတိ၊ ဤသို့။ အမတံနိဗ္ဗာနံ၊ အမြိုက် နိဗ္ဗာန်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဣတိ၊ ဤသို့။ သောတာပန္နဿ အရိယ သာဝကဿ၊ သောတာပန် အရိယာ ပုဂ္ဂိုလ်အား။ ပဉ္စ ပစ္စဝေက္ခဏာနိ၊ ပစ္စ ဝေက္ခဏာ ငါးကြိမ် တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။သောတာပတ္တိဖိုလ်ဉာဏ်ပြီး၏။

သုပ္ပဋိပန္နဂဏ်၊ သောတာ ပတ္တိမဂ် ပုဂ္ဂိုလ်-သောတာ ပတ္တိဖိုလ် ပုဂ္ဂိုလ်အစုံ၊ ပဌမပုရိသယုဂ၊ သောတာပန်ကို ဆိုသော စကားရပ်၊ ဤတွင်ရွေ့အပြီးသတ်။

သက္ကရာဇ် ၁၃၀၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄-ရက်နေ့၊ ၃-နာရီ အချိန်တွင်၊ ဓမ္မကထိကပုဂ္ဂိုလ်၊ ဟောရိုးဟောစဉ်၊ မဂ်ဝင်-ဖိုလ်ဝင်၊ နိဗ္ဗာန်သို့ ပို့တင်သည် ဖြစ်၍၊ သာသနာတော်၏၊ ယာဉ်ဖြစ် သော–

ဝိပဿနာဉာဏ်စဉ်ကျမ်းကို၊

သထုံ မင်းကွန်းဇေတဝန် ဆရာတော်၊ ရေးသားစီရင်၊

ဤတွင်ရွေ့ ပြီးသည်။